www.burmeseclassic.com



BURMESE CLASSIC

# ကြိုးစင်ပေါ်မှ ဂဠုန်ဦးစော





ရဲဘော်ကျော်ဆန်း

www.burmeseclassic.com

www.burmeseclassic.com

ခင်မောင်ရင်က မောင်နီကိုမေးခွန်းထုတ်ခြင်း ၂၆၆

လုပ်ကြံရန် ဦးစောအကြံပေးဆိုပုံ ၂၈၇

ဦးစောကံဘာမှမသိဟု အစစ်ခံပုံ ၂၉၅

တရားခံဦးစောရှေ့နေ မစ္စတာကားတစ်တင်နက်

လျှောက်ချက်

ပထမတရားခံ ဦးစော၏ ကျမ်းကိုင်ထွက်ဆိုချက် ၂၉၇

ရှေ့နေချုပ်ကြီး မေးခွန်းထုတ်ခြင်း ၃၀၅

ဒီဇင်ဘာ၅ရက်နေ့ နံနက်၁၀နာရီတွင် ၃၀၆

တရားခံဦးစောအား ရှေ့နေချုပ်ကြီးက ဆက်လက်၍အပြန်အလှန်

မေးခွန်းထုတ်၏

ဦးစောကို [illegible]ဝန်းမေးကြ ၃၁၂

ဦးစောပြောသော ပြည်သိမ်းစီမံကိန်း ၃၁၉

ဝါးရင်းတုတ်ပြသနာ ၃၃၅

တရားခံများလျှောက်လဲချက် တရားခံမောင်စိန်၏အပြော ၃၈၃

ဦးစောနှင့်ကြံရာပါများ ကြိုးဒဏ်ခံယူကြပြီ ၄၁၂

ဦးစောတို့၏ အယူခံမှုကြီး စစ်ပြီ ၄၂၀

ဦးစောထွက်ချက်ကို ယုံကြည်ထိုက်သလဲ ၄၂၅

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အာခြောက်သွားတဲ့ ဦးစောရှေ့နေ | ၄၂၉ |
| အဖိုးတန်ခေါင်းဆောင်ကြီးများ | ၄၃၀ |
| အယူခံမှုအတွက် တရားလိုရှေ့နေချေပလျှောက်လဲချက် | ၄၃၇ |
| ဘာပြောပြော ဦးစောလုပ်ကြံသတဲ့ | ၄၅၆ |
| ဦးစောတရားဝန်ကြီးများထံ စာပေးပုံ | ၄၅၉ |
| ဦးစောအယူခံ | ၄၆၁ |
| စီရင်ချက်ချပြီ | ၄၂၂ |
| ဦးစောတို့ အယူခံလွှာတင်လိုက်ပြီ | ၄၆၆ |
| ဦးစောအလောင်းပြန်ပေးရန်တောင်း | ၄၇၂ |
| ဦးစောနှင့် ကြံရာပါ ၅ဦးတို့အား ကြိုးပေးသတ်လိုက်ပြီ | ၄၈၄ |
| လေပြည်လာ၍ မအေးနိုင်တော့ | ၄၈၅ |


www.burmeseclassic.com

www.burmeseclassic.com

ဤလောကဝယ် လူသားသည်
မစွန်းစမ်း၊ မဆင်ခြင်၊ မသုံးသပ်ဘဲ
လျှပ်တစ်ပျက်
ဆုံးဖြတ်ခြင်းဖြင့် နောင်သောခါ၌
ပူပန်မှု အထွတ်အထိပ်သို့
ရောက်စေ၏။

ပူဇော်တာမ
ကံ့ပွယ်တဆိုတမိန့်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း စည်းရုံးရေးထွက်စဉ် ပန်းစည်းနှင့်အတူတွေ့ရစဉ်။



ဒေါ်ခင်ကြည်နှင့် သားသမီးသုံးယောက် မှတ်တမ်းဓာတ်ပုံ။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com




ဗိုလ်ချုပ်အောင်ဆန်း အိန္ဒိယနိုင်ငံမှ ဧည့်သည်တော်အား
တွေ့ဆုံနှုတ်ဆက်စဉ်။

www.burmeseclassic.com

www.burmeseclassic.com





အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရုပ်ကလာပ်များပြင်ဆင်ထားစဉ်။

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးရယူရန် အင်္ဂလန်ရောက်ဗိုလ်ချုပ်အောင်ဆန်း။



ဗိုလ်ချုပ်အောင်ဆန်း ပြည်သူလူထုနှင့်တွေ့ဆုံစဉ်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း နိုင်ငံရေးသမားဘဝ နေသူရိန်ရုံကြီးတွင် ဟောပြောနေသော မှတ်တမ်းဓာတ်ပုံ။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com

THE PEOPLE

# လှုပ်ကြွသူများ၏လမ်းဆုံးစရင်ချက်









www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်နှင့် အိမ်ထောင်ရေး

တက္ကသိုလ်ခင်မောင်ဇော်

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း နယ်သို့စည်းရုံးရေးဆင်းစဉ်ဟောပြောနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း နယ်သို့စည်းရုံးရေးဆင်းစဥ်ဟောပြောနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



THE NEW LIGHT OF BURMA



[illegible]



**WILY PREMIER OF BURMA**

Mr. U Saw, Prime Minister of Burma, [illegible] in London in November 1941 to discuss [illegible] status for his country. Before he left for home on November [illegible] he said the visit he had achieved was not satisfactory. On January [illegible] it was announced that U Saw had been detained by the British Government, en route to Burma, for negotiating with Japan after war had been declared.

Photo: [illegible]

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းနှင့်မိသားစု အမှတ်တရဓာတ်ပုံ။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း၏ရုပ်အလောင်းကို ဂျူဗလီဟောခန်းမတွင်
ပြင်ဆင်ထားစဉ် ဒေါ်ခင်ကြည်လာရောက်ကြည့်ရှုစဉ်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းနှင့် မိခင်ဒေါ်စုတို့ အမှတ်တရ။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းမိသားစုနှင့် မိခင်ဒေါ်စုတို့ အမှတ်တရ။

www.burmeseclassic.com

www.burmeseclassic.com



အင်းစိန်ထောင်ကြီးတွင် ဦးစောအား ကြိုးပေးရန်
ကြိုးစင်ပေါ်သို့ ခေါ်ဆောင်လာစဉ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစော နိုင်ငံခြားခရီးမှ ပြန်လာစဉ်။

www.burmeseclassic.com

www.burmeseclassic.com



ဂျူနီဦးစော

www.burmeseclassic.com

www.burmeseclassic.com



# ကြိုးစင်ပေါ်မှ ဂဠုန်ဦးစော

ရဲဘော်ကျော်ဆန်း

www.burmeseclassic.com

www.burmeseclassic.com

# ဂဠုန်ဦးစော

## နှင့်

## နိုင်ငံတော် လုပ်ကြံမှု(၅)ဦး အင်းစိန်

## နှင့်

## ရန်ကုန်ထောင်ကြီးတွင် ကြိုးဒဏ်ပေးလိုက်ပြီ....

**အင်းစိန်ထောင်တွင်**

၁၉၄၈ ခုနှစ်၊ မေလ(၈)ရက်နေ့၊ နံနက် ၅ နာရီ ၃၂ မိနစ်၊

(၁) ဂဠုန်ဦးစော

(၂) မှုန်ကြီး

(၃) သက်နှင်း

**ရန်ကုန်ထောင်ကြီးတွင်**

(၁) ခိန်ကြီး

(၂) ရင်ကြီးအောင်

၁၉၄၈ ခုနှစ် မေလ (၈)ရက်၊ နံနက် ၅ နာရီ ၃၂ မိနစ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည် ဦးကျော်ဆန်း(ရဲဘော်ကျော်ဆန်း နန္ဒကျော်ဇင်ဦး) အဖ ဦးလှ(နေပြည်တော်ဆရာလှ) ဒေါ်သန်းရင်တို့မှ မြစ်ဝကျွန်းပေါ် မော်လမြိုင်ကျွန်းမြို့ ဇာတိဖြစ်သည်။

၁၂၉၅၁၊ တန်ကူးလတွင် မြစ်ဝကျွန်းပေါ် မော်လမြိုင်ကျွန်းမြို့ဇာတိဖြစ်သည်။

၁၉၄၅ ခရာဇ်နှစ် မော်ကျွန်းမြို့အလယ်ကျောင်းတွင် သတ္တမတန်းအောင်မြင်သည်။

၁၉၄၈ ခု၊ ဗိုလ်ဖိုးကွန်းတည်ထောင်သော ပြည်သူ့ရဲဘော်ပါတီ ရဲဘော်ဖြူအဖွဲ့တွင် ဗိုလ်သိန်းလွင် ဗိုလ်အောင်နိုင်နှင့်တကွ ပါဝင်သည်။

၁၉၄၅-၅၀ ခုနှစ် မြောင်းမြမြို့တွင် အထက်တန်းပညာသင်ယူအောင်မြင်ပြီး စာရင်းရေး စာရင်းကိုင်ပညာ အော့ဒစ်တန်းအထိ အောင်မြင်ခဲ့သည်။

၁၉၅၁ ခုနှစ်တွင် အိမ်မဲမြို့နိုင်ငံတော် ကောက်ပဲသီးနှံရုံး (SAMB) စပါးဒိုင်တွင် အလုပ်စတင်လုပ်ကိုင်သည်။

၁၉၅၄ ခုနှစ် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာခဲ့ပြီး ဟံသာဝတီ ထရေဒင်ပါတနာရှစ်ကုမ္ပဏီနှင့် ဂျာမနီအေးဂျင့် ပရင်အော်တိုမိုတစ်ဆာဗစ်(ခ်)ကုမ္ပဏီတွင် စာရင်းကိုင်အဖြစ် လုပ်ကိုင်ခဲ့သည်။

၁၉၅၈ ခုနှစ် ဖ-ဆ-ပ-လ သန့်ရှင်းတည်မြဲကွဲသောကာလမှပေါ်ထွက်လာသော ရန်ကုန်ဘဆွေ၏ မီးဒုတ်ဂျာနယ်

www.burmeseclassic.com

www.burmeseclassic.com

သတင်းလုပ်ကိုင်ရာ မြန်မာ့အလင်း ဗမာ့ခေတ်ကြေးမုံသတင်းစာများ သတင်းရေးရာမှ စာပေလောကသို့ ရောက်ရှိသည်။

၁၉၆၂ ခုနှစ်၊ တော်လှန်ရေးကောင်စီတက်လာပြီး ၁၉၆၄ ခုနှစ် ပထမအကြိမ်အလုပ်သမားနေ့ (မေဒေး)ရေနံချောင်းချောက်တွင် ကျင်းပသော ညီလာခံတွင် မင်္ဂလာတောင်ညွန့်မြို့နယ်မှ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ရသည်။

၁၉၇၅ ခုနှစ် (ဒေါ်ဒဂုန်ခင်ခင်လေး)၏ ယုဝတီဂျာနယ် ဒုတိယအကြိမ်ထွက်လာသောအခါ ယုဝတီဂျာနယ်တွင်လည်းကောင်း၊ ကမ္ဘောဇမြင့်လွင်၏ ပျော်တော်ဆက်တွင်လည်းကောင်း၊ အယ်ဒီတာ အဖြစ်ဆောင်ရွက်သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီစာပေလုပ်သားပေါ်လာပြီး ဒုတိယအကြိမ်စာပေလုပ်သားညီလာခံ ကျင်းပသည့်ကွင်း မင်္ဂလာတောင်ညွန့်မြို့နယ်မှ ကိုယ်စားလှယ်အဖြစ်တက်ရောက်ခွင့်ရသည်။

၁၉၅၈ ခုနှစ်မှ ယနေ့တိုင် စာပေလောက လှုပ်ရှားခဲ့ရာတွင် ကဗျာစာပေ၊ ရသစာပေ၊ လျှို့ဝှက်သဲဖို၊ တက်ကျမ်းသမိုင်း၊ ဘာသာရေးနိုင်ငံရေး၊ လူမှုရေး စီးပွားရေးစသည်များ ရေးသားခဲ့ပါသည်။

ယခုအခါ (ရဲအောင်စာပေတိုက်)ဖြင့် စာမျိုးစုံ ထုတ်ဝေလျက် မဂ္ဂဇင်းမျိုးစုံတွင် ဆောင်းပါးမျိုးစုံရေးသားလျက်ရှိပါသည်။

ဦးကျော်ဆန်း(ရဲဘော်ကျော်ဆန်း)
အမှတ်(၂)၊ ချွန်း(၁)လမ်း၊
ပုသိမ်ညွန့်၊ မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com



## အာဇာနည်သုခမိန်

သုခမိန် ပညာရှိ အာဇာနည်ပုဂ္ဂိုလ်မျိုးကား
လွန်စွာရှားရခဲ၏။ ထိုပုဂ္ဂိုလ်မျိုးသည်
နေရာတိုင်းတို့၌ ဖြစ်လေ့မရှိ...

ဓမ္မပဒ (ဗုဒ္ဓဝင်)

www.burmeseclassic.com

www.burmeseclassic.com


ဒီစာအုပ်ကို ဖတ်ပါလို့တော့ မတိုက်တွန်းလိုပါ။
ဒါပေမယ့် ပိုကောင်းတဲ့ မနက်ဖြန်ကို ဖန်တီးချင်ရင်တော့ ဒီစာအုပ်ကို ဖတ်ကြည့်စေချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## မဟာသုတကာရီမယဒေဝသက်ာသစ်

လူမိုက်ဟူသည် မီးတူစင်စစ် ပျက်ကြောင်းဖြစ်၏။
သားချစ် သတိုး နန်းညွန့်ပျိုးသား နေမျိုးနန်းထိုက်
မှတ်ယူလိုက် တော့ သူမိုက်လှေလာမလိုက်နှာနှင့်
ပညာရှိရှင် သူမိုက်သွင်ကို မမြင်ရထိုက် သူမိုက်စကား
မကြားခင်လို သူမိုက်တို့နှင့် ထိုထို တကွ မပေါင်းရလျှင်
ပြောရုံခြင်းမျှ ကင်းရစေသား ဆုလေးပါး ကို သိကြားထံမှာ
ပန်ထွာ အထူးတောင်းကြဖူး၏။

သူမိုက်ချစ်က အပြစ်သည်သာများတတ်စွဲခဲ-
"သြော်... တောင်နန်းမြောက်နန်းအဆောင်ဆောင်
ကြငှန်းနဲ့ အာခေါင်မမြန်းရခင်က အောင်ပန်းညှိုးရရှာတဲ့
အောင်ဆန်းတို့ သေပုံနမြော"

သခင်ကိုယ်တော်မှိုင်း

www.burmeseclassic.com

www.burmeseclassic.com



## အောင်ရာအောင်ကြောင်း

* ဥတ္တမံ-ကိုယ့်ထက်မြတ်သော သူကို အတ္တနိပါတေန ကိုယ်ကို နှိမ့်ချသဖြင့်၊ နိဓ္ဓယေအောင်ရာ၏။

* သူရံ-ရဲရင့်သော သူကို၊ ဘေဒေ-သင်းခွဲသဖြင့်၊ နိဓ္ဓယေ- အောင်ရာ၏။

* နိစံ-ကိုယ့်အောက်နိမ့်သော သူ့ကို အပ္ပကာဒါနေန တစ်စိုးတစ်စိပေးသဖြင့် နိဓ္ဓယေအောင်ရာ၏။

* သမံ-ကိုယ်နှင့်တူသော သူကို၊ ဝါယောမေန လုံ့လပြုသဖြင့်၊ ဇယေ-အောင်ရာ၏။

(လောကနီတိ)

www.burmeseclassic.com

www.burmeseclassic.com



## ကျမ်းကိုးစာရင်း

၁။ ဂဠုန်ဦးစော ၁၉ဝ၅ မှ ၈ မေလ ၁၉၄၈ ခုနှစ်ထိ သတင်းစာက ပြောသော နိုင်ငံတော် လုပ်ကြံမှုကြီး။
၂။ ဦးသိန်းဖေမြင့် ဗိုလ်တထောင်သတင်းစာ၊ ၂၇ ရက် မတ်လ ၁၉၆၆။
၃။ ဒေါက်တာမောင်မောင် နိုင်ငံတော်လုပ်ကြံမှု။
၄။ ပုဂံခေတ်မှသည် မြန်မာ့အာဇာနည် ခေါင်းဆောင်များ။ (ရဲဘော်ကျော်ဆန်း)
၅။ ပြည်သူ့ခေတ်ဂျာနယ်။
၆။ မီးနပ်(စ်) သတင်းဂျာနယ်။
၇။ မော်နီတာဂျာနယ်။
၈။ ဒီလှိုင်းစာစောင်။
၉။ သတင်းစာ။

ဟံသာဝတီ၊ မြန်မာ့အလင်း၊ သူရိယ၊ ဗမာ့ခေတ်၊ အိုးဝေ၊ သမာဓိ၊ စီးပွားရေးရှေ့ဆောင်၊ ပြည်သူ့အာဏာ၊ ဂျာနယ်ကျော်၊ စသည် သတင်းစာများမှ ပြောသော နိုင်ငံတော်လုပ်ကြံမှုကြီး။

ဦးမောင်မောင်ဦး
(ပန်တော်ဆက်အနုပညာမှတ်တမ်းစုံ)

www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူအမှာ

စာရေးသူသည် ခေတ်အဆက်ဆက် စနစ်အမျိုးမျိုးကို တွေ့ကြုံခဲ့ရသည်။ မြင်တွေ့ခဲ့ရသည်။ လူတွေရဲ့ စရိုက်သဘောကိုလည်း ထိတွေ့ခဲ့ရသည်။ စာရေးသူတင်ပြလိုသည်မှာ လူ့ရဲ့ အတ္တစိတ် ပြင်းထန်ပုံ ဖြစ်ပါသည်။ လူတွေသည် ဘုရားဟောတရားနှင့် ဆန့်ကျင်ကာ အတ္တတွေ၊ မာနတွေ၊ လောဘ၊ ဒေါသတွေများခဲ့ကြသည်။ အလုပ်တစ်ခုခုလုပ်ရင် ဒီအပေါ်မှာ အခြေခံပြီးဆောင်ရွက်တဲ့သူက များပါသည်။ ထို့အတွက်ကြောင့် မလုပ်သင့်တာတွေကို လုပ်ခဲ့ကြသည်။ အထူးသဖြင့် အာဏာရရှိရေးကို အခြေခံဆောင်ရွက်ကြသည်။ သို့သော် အာဏာရရှိလျှင် အာဏာကို နိုင်ငံအတွက်၊ အဓိကထား အများပြည်သူအတွက် အသုံးပြုရမည့်အစား မိမိကိုယ်ကျိုးနှင့် မိမိအသိုင်းအဝိုင်း ကောင်းစားရေး၊ အာဏာတည်မြဲရေးအတွက် တရားသည်ဖြစ်စေ၊ မတရားဖြစ်စေ ဇွတ်မှိတ်ဆောင်ရွက်ကြသည်က များပါသည်။

ယခု ဤစာအုပ်ကို ပြုစုရသည့် အဓိကရည်ရွယ်ချက်မှာ မျိုးဆက်သစ်လူငယ်တွေ သမိုင်းပေးတာဝန်များကို ဆက်လက်ဆောင်ရွက်ရာတွင် သင်ခန်းစာယူနိုင်ရန် ဖြစ်ပါသည်။ အခု ကြိုးစင်ပေါ်မှာ အဓိကဇာတ်ဆောင်ဦးစောသည် သူ့ရဲ့လှုပ်ရှားမှုများသည် သူအာဏာရရှိရေးအတွက်သာ နည်းမျိုးစုံနှင့် လှုပ်ရှားဆောင်ရွက်ခဲ့ပြီး ထိုအချိန်က သူ့အနေဖြင့် အာဏာရရှိမှန်း

www.burmeseclassic.com

www.burmeseclassic.com



သိသောအခါ အာဏာကို အကြံဖော်က (လူသတ်၍) ရယူရန် ကြိုးစားခဲ့တော့သည်။ ဒီနိုကရေစီစနစ်ဖြစ်၍ မိမိ၏လုပ်ရပ်ကောင်း တွေ ဆောင်ရွက်ပြီး ပြည်သူလူထုက မိမိအား လက်ခံ၊ ထောက်ခံ မှုခံယူကာ ရွေးကောက်ပွဲဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သော်လည်း အခွင့်ရေးကောင်းကို လက်လွှတ်ပြီး မပြုသင့် မလုပ်ထိုက်သည် ကို လုပ်သည့်အတွက် ကြိုးပေးကွပ်မျက်ခြင်းကို ခံခဲ့ရသည်။

မြန်မာစကားမှာ "လူသေပေမယ့် နာမည်မသေပါစေနဲ့" စကားသည် အလွန်မှန်ကန်ပါသည်။ ဒီစကားသည် လူတို့၏ ပြုမှုဆောင်ရွက်ချက်အပေါ်မှာ မူတည်ပြီး ဖြစ်ပေါ်လာတဲ့ စကား ဖြစ်ပါသည်။ လူသည် မိမိ၏ လုပ်ရပ်များသည် နိုင်ငံအတွက်၊ အများပြည်သူအတွက် စိတ်ရင်းစေတနာကောင်းဖြင့် လုပ်ရပ် ကောင်းများ လုပ်ကိုင်ဆောင်ရွက်ပါက လူပင်သေသွားပါသော် လည်း သူ့ရဲ့လက်ရာ၊ ခြေရာ၊ လုပ်ဆောင်ချက်များ သမိုင်းစာ မျက်နှာပေါ်တွင် ကောင်းစွာ ကမ္ဘာတည်သရွေ့ ရှိနေပြီး မကောင်း တာလုပ်တဲ့ သူ့ရဲ့လုပ်ရပ်သည် နှိုင်းယှဉ်စရာအဖြစ် သမိုင်းစာမျက် နှာတွင် ရှိနေသော်လည်း မကောင်းသော အမည်းစက်ဖြင့် လူအများ အော့တွင် နှလုံးနာခံရသည့်အနေဖြင့်သာ ရှိနေပါသည်။

ဥပမာနှိုင်းယှဉ်ပြရလျှင် ယခု ဒီစာအုပ်ပါအဖြစ်အပျက် တွင် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည် ကိုလိုနီဘဝမှ လွတ်မြောက်၍ မြန်မာတစ်မျိုးသားလုံး လွတ်လပ်ရေးရရှိရေး အတွက် တိုင်းတစ်ပါး သား အုပ်စိုးသူ၏ အဖိနှိပ်ခံဘဝတွင် အန္တရာယ်ပေါင်းစုံကို ရင်ဆိုင်ကာ၊ ဒုက္ခဆင်းရဲမျိုးစုံကို အန်တုကာ ကိုယ်ကျိုးအတွက် လုံးဝမဟုတ်ဘဲ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်ကာ ဆောင်ရွက်ခဲ့သည့် အတွက် လူပင်မရှိတော့သော်လည်း ခေတ်အဆက်ဆက် ကမ္ဘာတည်သရွေ့ အောက်မေ့တသ သတိရနေကြမှာ ဖြစ်ပါသည်။

တစ်ဖက်က ဂျူနီဦးစောသည် ၎င်း၏ယုတ်မာပက်စက်သည့် မကောင်းကျင့်မကောင်းကြံကြောင့် သမိုင်းစာမျက်နှာမှာ ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



တော်လည်း ၎င်းအကြောင်းကို ဖတ်ရတဲ့လူတွေဟာ ရွံရှာဖွယ် မသတီဖွယ် အော့နှလုံးနာဖွယ် ဖြစ်ကြမည်မှာ ဧကန်မလွဲပါ။

ထို့ကြောင့် ယနေ့ မျိုးဆက်သစ် လူငယ်လူရွယ်တွေသည် မလွဲမသွေ နိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် လုပ်ငန်းတွေကို ကျရာတာဝန်၊ ကျရာနေရာမှ ကမ္ဘာ တည်သရွေ့ ဆက်ကာ ဆက်ကာ လက်ဆင့်ကမ်းဆောင်ရွက်နေ ရမှာ ဖြစ်ပါသည်။ သို့ဖြစ်၍ ဤစာအုပ်ကို ဖတ်ရှုပြီး သင်ခန်းစာ ယူနိုင်ပါက စာရေးသူပြုစုရကျိုးနပ်သည်ဟု ခံယူပါသည်။

စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

ဗုဒ္ဓက...

ဤလောက၌ လူသားသည် မစူးမစမ်း မဆင်မခြင် မသုံးသပ်ဘဲ လျှပ်တစ်ပြက် ဆုံးဖြတ်ခြင်းဖြင့် နောင်သောအခါ၌ ပူပန်မှု အတွက်အထိပ်သို့ ရောက်စေသည်။

အကြောင်းတရားတို့၏ ပေါင်းဆုံမှုရလဒ်အန္တိမသည် အကျိုးတရား ဖြစ်လာ၏။ ထိုအကျိုးတရားသည်သာလျှင် လူသားအား ပူပန်မှုဆီသို့ တွန်းပို့စေသည်။

လူသားသည် အလိုရမ္မက်ကြီးသူဖြစ်သည်။ အလိုကြောင့် ရအောင် လုပ်သည်။ လုပ်လို့အောင်မြင်လျှင်မောဟ၊ မအောင်မြင်လျှင် ဒေါသ။

လူမှာ မောဟနှင့် ဒေါသတည်းဟူသော အကြောင်း ကြောင့် လုပ်ကြံမှုကြီးများ၊ လူသတ်ပွဲကြီးများဖြင့် ရာဇဝင် တစ်လျှောက် ပေါ်ပေါက်လာခြင်း ဖြစ်ရသည်ဆိုလျှင် မှားမည် မထင်။

ကမ္ဘာ့ရှေးဟောင်းပုံပြင်များ ပေါ်ထွန်းရာ ရောမပြည်ကြီး တွင် ဂရိနတ်မင်းကြီးဇု (ခေါ်) ဂျူပီတာသည် ခမည်းတော်ထံမှ ထီးနန်းကို လုယူခဲ့သည်။ ၄င်းရောမခေတ်မှာပင် ရိမတ်နှင့် ရိမုလတ် အမြွှာညီနောင်တို့သည် ထီးနန်းစည်းစိမ်အတွက် ညီနောင်ချင်း သွေးချောင်းစီးခဲ့ကြသည်။

ရောမခေတ် ရောမဘုရင်ကြီးနီရိုးသည် ညီတော်၊ နောင် တော်၊ မယ်တော်တို့ကို လက်ဦးမှုယူ၍ လုပ်ကြံသတ်ဖြတ်ပြီး ရာဇပလ္လင်ကို ဖင်မြဲအောင် ကြံဆောင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အီဂျစ်ပြည်မှ ကလီယိုပတ္တရာမင်းသမီးသည် မောင်တော်တော်လမီဘုရင်ကို လုပ်ကြံခဲ့သည်။ ရုရှားပြည်မှ ပီတာဘုရင်ကြီးသည် အစ်မတော်၏ ရင်ခွင်ပိုက်ထီးနန်းကို အဓမ္မနည်းဖြင့် လုယူခဲ့သည်။

(၆) ရာစုနှော မဇ္ဈိမ, ဗုဒ္ဓဂေါတမလက်ထက်တော်တွင်း ရာဇဂြိုဟ်ပြည်ရှင် ဗိမ္ဗိသာရ မင်းကြီးကို သားတော်အဇာတသတ်က သတ်၍ နန်းစည်းစိမ်ကို လုယူခဲ့သည်။ အဇာသတ်ကိုလည်း သူ့သားဖြစ်သူ ဥဒယဘဒ္ဒကသတ်၍ နန်းတက်ပြန်သည်။ ဥဒယဘဒ္ဒကို သူ့သား အနုရုဒ္ဒါ၊ အနုရုဒ္ဓာကို သူ့သားပုဏ္ဏား၊ ပုဏ္ဏားကို သူ့သား နာဒါသကသတ်၍ ထီးနန်းစည်းစိမ်ကို ရယူခဲ့ ကြသည်။ ထို့ကြောင့် ဤရာဇဝင်မင်းဆက်ကို အဖသတ်မင်း ဆက်ဟု ရာဇဝင်ဆရာများက မှတ်တမ်းတင်ခဲ့သည်။

၁၁ ရာစုခေတ်တွင် အင်္ဂလန်၌ ဂျွန်ဘုရင်သည် ခမည်းတော်ကို လုပ်ကြံ၍ ထီးနန်းစည်းစိမ်ကို ယူခဲ့သည်။

၁၉ ရာစုခေတ်တွင် ဩစတြေးယားနိုင်ငံမှ ဖာဒီနန် ဘုရင်ကြီးကို တူတော်ဖရန့်စစ်ဂျိုးဇက်က နန်းချခဲ့သည်။

အရှေ့တိုင်းတရုတ်ပြည် တရုတ်ရာဇဝင်တွင် တစ်ဦးတည်းသော ဧကရီဇူဆီသည် သူ့ကြင်ယာတော် ဘုရင်ကြီးထံမှ ထီးနန်းကို လုပ်ကြံခဲ့သည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင်လည်း မြန်မာအစတကောင်းက ဆိုသည့်အတိုင်း တကောင်းမင်းဆက်တွင် ကံရာဇာကြီး၊ ကံရာဇာငယ်တို့ ညီနောင် နန်းလုကြသည်။

ပညာရှိမျိုးမတ်တို့သာ မရှိခဲ့ကြလျှင် မဏ္ဍာပ်ကို အပြိုင် ထိုးရုံနှင့် ကိစ္စမပြီးဘဲ သွေးချောင်းစီးကြရမည်။ ဤမှစလာသည်မှာ ပုဂံပြည်ရှင် အနော်ရထာသည် နောင်တော်စုက္ကတေကို ဓားချင်းယှဉ် လုပ်ကြံ၍ ပုဂံထီးနန်းကို ရယူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် အလောင်းစည်သူမင်းကြီးကို သားတော်နရသူမင်းသားက မကျန်းမမာဖြစ်နေသော ဖခင်ကိုသေနိုင်ခဲ့သဖြင့် ပါးစပ်ကို အဝတ်ဖြင့် ဖိသတ်၍ နန်းတက်သည်။

နရသီဟပတေ့မင်းကို သားတော်ပြည်စားသီဟသူက အဆိပ်ကျွေးသတ်သည်။ နောင်တော်ဥဇနာကို ဓားစာကျွေးသတ်ခဲ့သည်။

ကုလားကျမင်းသည် နောင်တော်မင်းရှင်စောကို လုပ်ကြံ၍ နန်းစည်းစိမ်ကို ယူခဲ့သည်။

ပုဂံပျက်၍သွားသော် ရှမ်းညီနောင်ဖြစ်သူ နောင်တော်မြင်းစိုင်းနှင့် ရာဇသင်္ကြန်ကို ညီတော်သီဟသူက အဆိပ်ကျွေး၍ အပျောက်ရှင်းခဲ့သည်။

ဟံသာဝတီခေတ်တွင် ရာဇာဓိရာဇ်မင်းကို ဦးရီးတော် မြောင်းမစား လောက်ဖျားက ထီးနန်းရရေးအတွက် ထောင်ထားခဲ့သည်။

ရာဇာဓိရာဇ်မင်း၏သား ဗညားဓမ္မရာဇာနှင့် နောင်တော် ညီတော်တို့ မင်းစည်းစိမ် မက်မောကြသဖြင့် ပုန်ကုန်ကြသည်။

တောင်ငူခေတ်တွင် နန္ဒဘုရင် မင်းဖြစ်လာသောအခါ ပထမဆုံးသူ့ဦးရီးတော် အင်းဝစားက ထောင်ထားသည်။

အနောက်ဘက်လွန်မင်းကြီးကို သားတော်မင်းရဲဒိဗ္ဗက လုပ်ကြံသည်။ တစ်ဖန် ဦးရီးတော်မင်းများက မင်းရဲဒိဗ္ဗကို တော်လှန် ကြရာ ပြည်တွင်းစစ်ကြီး ဖြစ်ခဲ့ရသည်။

မင်းရဲဒိဗ္ဗနောက်တက်လာသောအခါ ဦးရီးတော် သာလွန်မင်းအား သားတော်ရှင်တရိုက်က ဖခမည်းတော်နှင့်အတူ အိပ်ပါရစေဟု ခွင့်တောင်းသော်လည်း ခွင့်မပြု၊ မဟာသွေး၊ မဟာနွယ်များသည် ထီးနန်းစည်းစိမ်ကို ရမည်ဆိုလျှင် ခမည်းတော်ကိုပင် ချမ်းသာမပေးကြ။

သာလွန်မင်း၏ သားတော်မောင်ဖျော်ခေါ် မင်းရဲနန္ဒမိတ်မင်းဖြစ်လာသောအခါ မင်းရဲနန္ဒမိတ်အား ညီတော်ပြည်မင်းက လုပ်ကြံသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်မင်းသည် နောင်တော်ပင်းတလဲမင်းကို ရေချ၍ အစ ဖျောက်ခဲ့သည်။

ကုန်းဘောင်ခေတ် ကုန်းဘောင်ခေတ် ၁၇၆၀-ခုနှစ် တွင် မင်းဖြစ်လာသော နောင်တော်ကြီးမင်းကို ညီတော်မြေဒူး မင်းသားက လုပ်ကြံသည်။

ဦးရီးတော်တောင်ငူစား သတိုးသိင်္ခယာ ထောင် ထားခဲ့ သည်။ စဉ့်ကူမင်းကို ဖောင်းကားစားမောင်မောင်က နန်းချသည်။ ဖောင်းကားစား မောင်မောင်ကို ဦးရီးတော် ဗဒုံမင်း(ခေါ်) ဘိုးတော်က နန်းချသည်။

ဘိုးတော်ကို ညီတော်စည်သာမင်းသားက မဟာသီဟ သူရနှင့် ပူးပေါင်း၍ ပုန်ကန်သည်။

သားတော်တောင်ငူမင်းက လုပ်ကြံရန် ကြံစည်သည်။ ဘကြီးတော်ကို ညီတော်သာယာဝတီမင်းက နန်းချသည်။ သာယာ ဝတီမင်းကို သူတော်စကြာမင်းက လုပ်ကြံသည်။ သားတော် ပြည်စား (မြလေးနှင့်ရှုပ်ခဲ့သူ)က ထောင်ထားသည်။ ပုဂံမင်းကို ညီတော်ကနောင် မင်းသားနှင့် မင်းတုန်းမင်းတို့က တော်လှန်ကြ သည်။

ကတောင်မင်းကို တူတော်လည်းဖြစ်၊ သမက်လည်း ဖြစ်သော မြင်းကွန်းမင်းသားက ခေါင်းဖြတ်သည်။

မင်းတုန်းမင်းကို တူတော်သူပုန်းထိန်မင်းသားက အာခံ သည်။ ဆင်ဖြူမရှင်က လုပ်ကြံသည်။

သီပေါမင်းကို နောင်တော်ညောင်ရမ်းမင်းသားနှင့် ညောင်အုပ် မင်းသားတို့က ထောင်ထားသည်။ စိတ်မချရသော နောင်တော်၊ ညီတော်၊ အစ်မတော်၊ တူတော် ၈၀ကျော်တို့ကို သီပေါမင်း၏ လက်ဦးအောင် လည်မျိုကို ဝါးရင်းတုတ်နှင့် ရိုက်သတ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤကား ကုန်းဘောင်မင်း (၁၁) ဆက်တွင် နိဂုံးအဆုံး သတ်၍ ၂၀ရာစု လွတ်လပ်ရေးအစ ၁၉၄၇-ခုနှစ်တွင် ကမ္ဘာ့သမိုင်း၊ ဗုဒ္ဓဝင်၊ မြန်မာရာဇဝင်တို့ကို လက်လှမ်းမမှီရှာ့ သလား။

နန်းရင်ဝန် စည်းစိမ်အာဏာ ပါဝါလိုမှု၏ အလိုရမ္မက နောက်သို့ တကောက်ကောက်ပါအောင် လိုက်ခဲ့၍ နိုင်ငံတော် လုပ်ကြံမှုကြီးကို မစူးမစမ်းမဆင်ခြင် မသုံးသပ်ပါပဲ လျှပ်တစ်ပြက် ဆုံးဖြတ်လျက် နောင်သောအခါ၌ ပူပန်မှုတို့ အထွတ်အထိပ် ရောက်ခဲ့လေသည်။

ကိုကိုစောဦးစော၊ ဂျွန်စော၏ နိဒါန်းနှင့် နိဂုံးလေ့လာကြပါစို့…။

ရဲဘော်ကျော်ဆန်း

၂၀-၄-၂၀၁၀

www.burmeseclassic.com

www.burmeseclassic.com



## ကြိုးစင်ပေါ်မှ ဂဠုန်ဦးစော

ဦးစောဆိုတာ တစ်ခါက မြန်မာနိုင်ငံရေး ဇာတ်ခုံပေါ်မှာ ကျော်ကြားတဲ့ ပုဂ္ဂိုလ်ထဲမှာ တစ်ဦးအပါအဝင် ဖြစ်ခဲ့ပါတယ်။

ဦးစောဟာ အရာရာ လုံ့လဝီရိယရှိပြီး ထက်မြက်တိုး တက်အောင် ထိုးထွက်နိုင်တဲ့သူလဲ ဖြစ်ပါတယ်။

သူဟာ အင်္ဂလိပ် ကိုလိုနီကို တော်လှန်ဖို့ မျိုးချစ်စိတ်နဲ့ နိုင်ငံရေး အဖွဲ့အစည်းဖြစ်တဲ့ ဂျီစီဘီအေ ဝံသာနုအဖွဲ့ထဲ ဝင်ခဲ့ တယ်။

သူဟာ ခေတ်ပညာ ငါးတန်းလောက်သာ သင်ခဲ့ပေမယ့် ဟိုခေတ်က အိုင်အေဘီအေ၊ ဘီအက်စီ စတဲ့ ဂုဏ်ထူးဘွဲ့ထူးများမှ ဖြစ်နိုင်တဲ့ ရာထူးများဖြစ်တဲ့ သစ်တောရေးဝန်၊ ပညာရေးဝန်နှင့် နန်း ရင်ဝန်ကြီးအထိ ရအောင်ကြိုးစားနိုင်ခဲ့သည်။

သို့ရာတွင် ဦးစောကား ဇာတ်သိမ်းမကောင်းခဲ့ဘူး။ သမိုင်းတွင် အကျည်းတန်ခဲ့ရတယ်။ သူ့သာမဟုတ် တိုင်းပြည်ပါ နစ်နာခဲ့ရတယ်။

ဦးစောဟာ အရာရာ ထက်မြတ်သူ၊ လုံ့လဝီရိယရှိသူ ဖြစ်တဲ့အပြင် ရည်ရွယ်ချက်လည်း ကြီးမားသူဖြစ်တယ်။

ဆရာကြီး ရွှေဥဒေါင်း၏ တစ်သက်တာမှတ်တမ်းထဲမှာ ဦးစော ဟာ စကားပြောကောင်းသူ၊ စည်းရုံးရေးကောင်းသူလို့ မှတ်သားတွေ့ ရှိရတယ်။

သူဟာ ဘာသာသာသနာရေးမှာလဲ စိတ်ဝင်စား ကိုင်းရှိုင်း သူလို့လည်း သိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှခေတ် သစ်တောရေးရာဝန် ဖြစ်စဉ် သူ့လုပ်ပိုင်ခွင့် နယ်ပယ်တွင် ဗြိတိသျှပေါ်လစီကို ဆန့်ကျင်၍ ဘုန်းတော်ကြီး ကျောင်းများအတွက် ပထမတန်းစား နိုင်ငံခြားတင် သစ်တန်ပေါင်း များစွာ လှူဒါန်းခဲ့ပါတယ်။

ပခုက္ကူမြို့ အလယ်တိုက်ရှိ အထင်ကရ အလယ်တိုက် ကျောင်းကြီးကို ဦးစော ဆောက်လုပ်သွားခဲ့တာကို တွေ့ရပါတယ်။

တစ်ဖန် ဦးစောပညာရေးဝန် ဖြစ်စဉ်မှာလည်း မန္တလေးမြို့ မဟာမုနိ အရှေ့ဘက်စောင်းတန်းထိပ်ရှိ မဟာနန္ဒီသေန ရာမ ကျောင်းတိုက်မြေကွက်ကိုလည်း သာသနာ့နယ်မြေအဖြစ် ဦးစော ပင်ဆောင် ရွက်ပေးခဲ့ပါတယ်။

ဦးစောဟာ အရာရာ ထက်မြက်ပြီး လုံ့လဝီရိယ ရှိသူ ဖြစ်တယ် (အတ္တသမ္မာ ပဏိဓိ မိမိကိုယ်ကို အမှန်ထိန်းချုပ် ရပ်တည်မှုနှင့်၊ သပ္ပုရိသူပနိဿယ၊ ပညာရှိ သူတော်ကောင်းများ အမှီသာရရှိပါလျှင် လျှမ်းလျှမ်းတောက် အထွတ်အထိပ် ရောက် နိုင်သူ ဖြစ်ပါတယ်။

နိုင်ငံတော် လုပ်ကြံမှုကြီးတွင် ရှေ့နေချုပ်ဦးထွန်းဖြူက ဦးစောကို အသေးစိတ် ပြန်လှန်မေးရာတွင်-

ဦးစောက ကျွန်တော်ကျောင်းမှာ ငါးတန်းအောင်ပါတယ် ၁၉၇၂-ခုနှစ်မှာ အောင်တန်းရှေ့နေ စာမေးပွဲအောင်တယ် အဲဒီ နှစ်မှာ အောက်တန်းရှေ့နေ စာမေးပွဲနောက်ဆုံး ကျင်းပပါတယ်။

ကျွန်တော် နိုင်ငံရေးထဲဝင်တော့ ဂျီစီဘီအေ ဝံသာနုအဖွဲ့ကို ဝင်ပါတယ်။ အဲဒီအဖွဲ့ကြီး ကွဲသွားတော့ ၂၁ဦးအဖွဲ့မှာ ပါပါတယ်။ ၁၉၂၂-ခုနှစ်မှာပါ။ ၁၉၃၆-ခုနှစ် ရွေးကောက်ပွဲ များ မတိုင်မီမှာ ၂၁ဦးအဖွဲ့နှင့် အခြားနိုင်ငံရေး အဖွဲ့အစည်းများ ပေါင်းကြပြီး ငါးပွင့်ဆိုင်အဖွဲ့ တွဲကြပါတယ်။

၁၉၃၈-ခုနှစ် မျိုးချစ်ပါတီ တည်ထောင်ပါသည်။

ကျွန်တော့်ကို မျိုးချစ်ပါတီ ခေါင်းဆောင်အဖြစ် တင်မြှောက် ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မျိုးချစ်ပါတီဟာ သီးခြားပါတီပါ။ ငါးပွင့်ဆိုင်နှင့် မဆိုင် ပါဘူး အဲဒီအချိန်မှာ ငါးပွင့်ဆိုင်ပါတီလည်း အဖွဲ့ကွဲပါပြီ။

၁၉၂၇-ခုနှစ် ကျွန်တော် ဥပဒေပြု လွှတ်တော်ကို ပထမဆုံး အကြိမ် ရွေးကောက် တင်မြှောက်ခြင်း ခံရပါတယ်။ သာယာဝတီ တောင်ပိုင်း မဲဆန္ဒနယ်က ဖြစ်ပါတယ်။

မြန်မာပြည်နှင့် အိန္ဒိယပြည် ခွဲရေးတွဲရေး ပြဿနာကို အခြေခံတဲ့ ရွေးကောက်ပွဲကြီးမှာ သာယာဝတီ တောင်ပိုင်းကပဲ။ အဲဒီမှာ ရွေးကောက်ခံရတာ ဦးဘဖေကူညီလို့ မဟုတ်ပါဘူး။ အဲဒီအချိန် က ဦးဘဖေနဲ့ ကျွန်တော်ဟာ တစ်ပါတီတည်းပါ။

၁၉၃၆-ခုနှစ်မှာ ကျွန်တော်ကိုယ်တိုင် ကျွန်တော်ဂဠုန် စစ်သူကြီး လို့ ဘွဲ့ခံပါတယ်။ (ဂဠုန်) စစ်သူကြီးလို့ ဂဠုန် အပျော်တမ်းအဖွဲ့ရဲ့ ဗိုလ်ချုပ်ဆိုတဲ့ အဓိပ္ပာယ်ပါ။

ကျွန်တော့် ဌာနချုပ် နှစ်နေရာရှိပါတယ်။ ဖရေဇာလမ်း တူရိယ သတင်းစာတိုက်နှင့် မျက်နှာချင်းဆိုင်မှာ အထွေထွေဌာနချုပ်၊ ကျွန်တော့် ရဲ့ အေဒီလမ်းထိပ်မှာ ပါတီစည်းရုံးဌာနချုပ်ရယ်လို့ ထားပါတယ်။

မှတ်ချက်။ ။ဦးစောကိုယ်တိုင် အစစ်ခံချက်-

ရဲဘော်ကျော်ဆန်း

(၁၅-၁-၂၀၁၂)

www.burmeseclassic.com

www.burmeseclassic.com



## အာဇာနည်သူရဲကောင်း

ရဲရင့်ခြင်းထက် သာလွန်သော
တရားမည်သည်မရှိ။

သူရဲကောင်းသည် လူသတ္တဝါ
အားလုံးကို စောင့်ရှောက်၏။

လောကကြီးတစ်ခုလုံးသည်
သူရဲကောင်း အပေါ်၌ တည်၏။

သူရဲဘောကြောင်သော သူတို့သည်
သူရဲကောင်း၏ အစာတည်း။

အဖ၏လက်ရုံးကို ဆွဲခိုသော
သားသမီးကဲ့သို့

ဤလောကကြီးသည် သူရဲကောင်းတို့၏
သက်ရုံးလက်မောင်းကို ဆွဲခိုနေ၏။

အထက်ပါစာပိုဒ်များသည် "မဟာရဋ္ဌ" လူမျိုးတို့၏ သူရဲကောင်း စစ်သည်တော်ကလေး ရုပ်လုံးအောက်ခြေ၌ ထွင်းထုထားသော "ရဲတင်း" စာတန်းများဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးတစ်ခုလုံးသည် သူ့ရဲကောင်းအပေါ်၌ တည်သည်မှာ မှန်လှပေ၏။

သူ့ရဲကောင်းဆိုသည်မှာ သူကျင်လည်ရာအသိုက်အဝန်းကို စောင့်ရှောက်၏။

သူ့ရဲကောင်းသည် နေရာတိုင်းမှာ ရှိတတ်၏။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးတို့၌ ပေါ်ပေါက်တတ်၏။

သူ့ရဲကောင်းဟူ၍ လူသိများသည်လည်း ရှိ၏။ လူမသိ ရွက်ပုန်းသီးဘဝဖြင့်လည်း တည်နေတတ်၏။ သမိုင်းရာဇဝင်တွင် စာတင်ခဲ့သည်လည်းရှိ၏။ သမိုင်းရာဇဝင်တွင် စာမတင်ခဲ့သည်လည်း ရှိ၏။ ရာဇဝင်မှာ စာတင်သည်ဖြစ်စေ၊ စာမတင်သည် ဖြစ်စေ သူ့ရဲကောင်းသည် သူ့ရဲကောင်းသာ ဖြစ်သည်။

ရဲဘော်ကျော်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



## အာဇာနည်နေ့ တို့မမေ့

ဒါတို့ပြည် ဒါတို့မြေ ဒါငါတို့ပြည်

ငါတို့ဟာ ကျွန် မဟုတ်ဘူး။ ငါတို့မြေပေါ်မှာ ငါတို့ဟာ သခင်၊ သခင် ငါတို့ဟာ ငါတို့ရဲ့မြေကို တစ်လက်မထိပါးတာ ကျူးကျော်တာကို လုံးဝလက်မခံဘူး။ ကျူးကျော်လာတဲ့ အင်္ဂလိပ် ကိုလိုနီနယ်ချဲ့တွေကို မောင်းထုတ်ရမယ်။ တိုက်ထုတ်ရမယ်။

သည်ကြွေးကြော်သံတွေက သူ့ကျွန်မခံလိုတဲ့ ငါတို့ရဲ့ ဘိုးဘေးတိုင်းရင်းသား သူရဲကောင်းကြီးတွေရဲ့ အသံဖြစ်တယ်။

သည်ကြွေးကြော်သံကို ကြားလိုက်ရသည့် တစ်ချိန်တည်းမှာပင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားပြည်သူများဟာ ငါတို့မြေအတွက် ငါတို့အသက် နဲ့ လဲရမယ်ဆိုပြီး ရရာလက်နက် ဆွဲကိုင်၍ သွေးမြေကျသည်အထိ သတ္တိပြောင်မြောက်အောင် တော်လှန်တိုက်ပွဲဝင်ခဲ့ကြတယ်။

ဤသို့သွေးမြေကျ၊ သွေးချောင်းစီးခဲ့ရတာ ဘာကြောင့် ဖြစ်ရတာလဲ။

ငါတို့နိုင်ငံကို အဓမ္မကျူးကျော်မှု မတရားဖိနှိပ်မှု အရင်း ရှင်တို့ရဲ့ ကုပ်သွေးစုပ်မှုတို့ကြောင့် ဖြစ်တယ်။

ဤဖြစ်ရပ်တွေကို ပြန်ပြောရလျှင် ငါတို့ဘိုးဘေးတွေဟာ စိုက်ပျိုးရေးကို အခြေခံတဲ့ သမားရိုးကျ လယ်ယာကိုင်းကျွန်းဖြင့် အသက်မွေးကြသူ လူရိုးများသာဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မြေခွေးနဲ့တူတဲ့ ကိုလိုနီနယ်ချဲ့တွေက ကျူးကျော်ရန် အကြောင်း အမျိုးမျိုး ရန်စပြီး ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ ၁၈၃၄ ဒုတိယ အင်္ဂလိပ်မြန်မာစစ်ပွဲမှာ တို့ဘိုးဘေးတွေ အသက်သွေးချွေး မြေကျခံ ရတယ်။ လက်နက်ချင်းမမျှသဖြင့် အောက်မြန်မာနိုင်ငံကို အသိမ်းခံခဲ့ ရတယ်။

တစ်ဖန်ဦးကောင်းလိမ်ထုတ်မင်းဆက်ပြုတ် (၁၂၄၇) ခုနှစ် မှာ ထီးကျိုးစည်ပေါက် ဖြစ်ရပြီး ငါတို့တစ်နိုင်ငံလုံး နယ်ချဲ့လက် အောက် ကျွန်သဘောက် ကျရောက်ခဲ့ရတယ်။ (ကျွန်သဘောက် ဆိုတာလေး ဘက်ထောက် လက်အုပ်ချီဘုရားထူးရတဲ့ဘဝ။)

မြေကို ယူသည်၊ ငွေကိုယူသည်၊ လူကိုပါယူသည်။ အမျိုး ပျောက်မှာ ခိုးကြောက်ရပါသည်။ ငါတို့ပိုင်ရတနာတွေဖြစ်တဲ့ ရေနံဓာတ် သတ္တု၊ ကျွန်းသစ်မြေပေါ်မြေအောက်မှန်သမျှကို အပိုင် စီးကြတယ်။

ဤမျှနှင့် မကျေနပ်ဘူး။ အိန္ဒိယက ချစ်တီးကုလားတွေ ခေါ်လာပြီး ရိုးသားတဲ့တို့များ လယ်သမားတွေရဲ့ လယ်ယာမြေတွေကို နည်းအမျိုးမျိုးနဲ့ အပိုင်သိမ်း ငွေတိုးချ၊ လယ်ပေါင်ခံ စပါးပေးချေး၊ ဆတိုး။ ဒီနှစ်စပါး ၁၀တင်းချေးလျှင် နောင်နှစ် ၂၀တင်း၊ နောင်တစ်နှစ် တင်း ၄၀ဒီလိုနဲ့ မြန်မာပိုင်ရှင်များ ချစ်တီးကို လယ်ထိုးအပ်ပြီး လယ်ကူလီဘဝ ရောက်လာကြ။

ဤသို့ လယ်သမား အလုပ်သမားများ ဘဝချွတ်ခြုံကျရ သည့် အကျပ်အတည်ကို ကိုလိုနီအစိုးရက သသာမေခေါ် လူခွန်ကောက် ပြန်တယ်။ လူခွန်မဆောင်နိုင်ရင် သူကြီးမင်းရဲ့ ထိတ်တုံးခတ် ထောင်သွင်းအကျဉ်းချခံကြရသည်အထိ ဖြစ်ကြရတယ်။

ဤစနစ်ဆိုးတွေရဲ့ အန္တရာယ်တွေကို မမြင်ရဲမကြည့်ရက်နိုင် တောတဲ့ သူကျွန်မခံလိုသူတွေဟာ နှစ်ပေါင်း (၁၀၀)ကျော် သက် ဆင့်ကမ်း သွေးမြေကျသွေးချောင်းစီးစသည်အထိ တော်လှန်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်ခဲ့ရပြီးမှ ယနေ့လွတ်လပ်ရေးဆိုတဲ့ ကိုယ့်ယာကိုယ်မင်းကိုချင်း ဘဝရရှိလာကြတာ မဟုတ်ပါလား။

ဤသို့ သူ့ကျွန်မခံလိုတဲ့ စိတ်ဓာတ်နှင့် သွေးသွေးအသက် ပေးသွားကြတဲ့ ဘိုးဘေးအာဇာနည်ကြီးတွေကို တို့မမေ့သင့်ဘူး၊ မမေ့အပ်ဘူး။

အထူးသဖြင့် မသမာလူသတ်သမားများရဲ့ လက်ချက်ဖြင့် ကျဆုံးသွားခဲ့ကြရတဲ့၊ နောက်ဆုံးလွတ်လပ်ရေးကို အရယူပေးခဲ့တဲ့ လွတ်လပ်ရေး ဗိသုကာဖခင်ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည် ခေါင်းဆောင်ကြီးတို့ကို ငါတို့မမေ့သင့်ဘူး။

အာဇာနည်နေ့ တို့မမေ့သင့်ဘူး။

ရဲဘော်ကျော်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



## မျိုးချစ်ယောင်ဆောင် ဂျပန်အတုဦးစော

ယခုတော့ ပူးတွဲဖော်ပြပါ ကာတွန်းရုပ်ပုံသည် ဘယ်သူ့ကို သရော်ထားသည်ဟု သိသူအတော်နည်းပါးပေရော့မည်။

လွန်ခဲ့သော အနှစ် ၂၀ ကျော်တုန်းကမူ ကာတွန်းရုပ်ပုံကို မြင်လျှင်မြင်ချင်း ဘယ်သူ့ကို သရော်ထားသည်ဟု တပ်အပ်သိသူများလှပေသည်။

လက်တစ်ဖက်က ဝါးရင်းတုတ်စည်းနှင့် မူဆိုလီနီရဲတင်း ကို ဝှက်လျက်၊ တစ်ဖက်ကား ငွေနှင့်ဓားကို ဝှက်ပြီးလျှင် ဖဆပလ လည်စည်းကိုပတ်၍ အသံလွှင့်ရန် ပြန်လာသူကား ဘယ်သူနည်း။ ဦးစောပင် ဖြစ်ပါသည်။

အခြားဦးစောမဟုတ်ပါ။ ဗိုလ်ချုပ်အောင်ဆန်းတို့ကို လုပ်ကြံသတ်ဖြတ်သွားသော ဂျပန်ဦးစောပါတည်း။

ယခုအခါ ပြည်သူတို့သည် အသတ်ခံကြရသော ဗိုလ်ချုပ် အောင်ဆန်းနှင့် အခြားခေါင်းဆောင်တို့အား သတိရကြ၏။ နောင် လာနောက်သားတို့ကို သူတို့က သိရှိမှတ်မိနေအောင်လည်း ပညာ ပေးလို့ဆော်နေကြ၏။ သို့သော် ပြည်သူတို့သည် လူသတ်ဂိုဏ်း၏ ခေါင်းဆောင်ဦးစောကိုကား သိပ်သတိမရကြတော့ချေ။

ကျွန်တော်တို့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံး လေ သော ခေါင်းဆောင်များကို အမြဲသတိရနေကြရမည်။ ဤကား

www.burmeseclassic.com

www.burmeseclassic.com



အမုန်ပင်လိုအပ်၏။ သို့သော် လူသတ်သမား ဦးစောကိုလည်း မမေ့အပ်ချေ။ အကြောင်းမူကား သူသည် ပုဆိန်ရိုးဖြစ် သောကြောင့်တည်း။ ပြည်သူတို့သည် အခါကာလအားလျော်စွာ ပုဆိန်ရိုးဆိုသည်မှာ ဘယ်သို့သော အသွင်သဏ္ဌာန်ရှိသည်။ ဘယ် သို့သော အမူအရာလက္ခဏာများရှိသည်။ မည်သို့လျှင် ကိုယ့်သွေး တူသားတူချင်းကို ခုတ်ထစ်ဖျက်ဆီးပြီး သွေးမတူ၊ မျိုးမတူသော အရင်းရှင်နယ်ချဲ့သမားကို အလုပ်အကျွေးပြုသည် စသည်ဖြင့် သိနေအပ်ပေသည်။

ထို့ကြောင့် ယနေ့ ၁၉ ကြိမ်မြောက် အာဇာနည်နေ့တွင် ကျွန်တော်သည် ဦးစောအကြောင်း အနည်းငယ်ပြန်ပြောင်းပြောဆိုလိုသည်။

လွန်ခဲ့သော အနှစ် ၂၀ ကျော်ကျော်တုန်းက ဦးစောသည် အာဖရိကတိုက်ရှိ ဗြိတိသျှအကျဉ်းထောင်တစ်ခုမှ လွတ်မြောက်ခဲ့ ပြီး မြန်မာပြည်သို့ ပြန်လာလေသည်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလဆန်းမှာ ဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရခြင်းမတိုင်မီ တစ်နှစ် နှင့် ငါးလကျော်ကာကလ ဖြစ်သည်။

ထိုအချိန်တွင် ဗမာပြည် ကွန်မြူနစ်ပါတီ၏ အာဘော်ဖြစ် သော "ပြည်သူ့အာဏာ" ဂျာနယ်က ပူးတွဲပါ ကာတွန်းရုပ်ပုံ ကို မျက်နှာဖုံးမှာ ထည့်သွင်းဖော်ပြခဲ့လေသည်။

**(အတွဲ-၁၊ အမှတ် ၂၀၊ ၉၊ ဖေဖော်ဝါရီ၊ ၁၉၄၆)**

ထိုကာတွန်းနှင့်အတူ "အကြံကုန်၍ ဆားချက်နေရသော ဂျွန်ကြီးသည်" ဟူသော သခင်သန်းမြိုင်ရေးသည့် မျက်နှာဖုံး ဆောင်းပါးပါလေသည်။

အလယ်ကောင်တွင်ကား "ဖြန့်လုံး၊ ဆွယ်လုံးတို့ကြောင့် နားမယောင်လေနှင့်" ဟူသော သခင်စိုးရေးသည့် ဆောင်းပါး ပါလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစောသည် ၁၉၄၁ ခုနှစ် နိုဝင်ဘာလလောက်က ဘိလပ်သို့သွားခဲ့လေသည်။ သူသည် ၉၁ ဌာနအုပ်ချုပ်ရေးအရ မြန်မာပြည်၏ နန်းရင်ဝန်ကြီး ဖြစ်လေသည်။ ဘိလပ်သို့သွားခြင်းမှာ ဗမာပြည် ဗမာပြန်ရရေးဝါဒအရ သွားခြင်းဖြစ်သည်ဟု ကြွေးဝါကြေညာထားလေသည်။

တို့ဗမာအစည်းအရုံးဝင် သခင်နိုင်ငံရေးသမားများသည် ၉၁ ဌာနအုပ်ချုပ်ရေးအရ ဖြစ်နေသော နန်းရင်းဝန်ကို အင်္ဂလိပ်၏ ရုပ်သေးနန်းရင်းဝန်အဖြစ်ဖြင့်သာ မြင်ကြလေသည်။ ဦးစောအားလည်း ဖက်ဆစ်အကျင့်အကြံများရှိသော၊ ဖြီးလုံးဖြန်းလုံးကောင်း သော၊ တော်လှန်ရေးသမားအထင်ရှိအောင် ဟန်ဆောင်တတ်သော အင်္ဂလိပ်အလိုတော်ရိ တစ်ဦးသာ ဖြစ်သည်ဟု နားလည်ကြလေ သည်။ ဦးစော ဘိလပ်သွားစဉ်က ကျွန်တော်သည် "ဦးစော ဘိလပ်သွား ပြဇာတ်" ဟူသော ပြဇာတ်တစ်ပုဒ်ကိုရေး၍ မြန်မာ့အလင်း သတင်းစာမှာ ထည့်ခဲ့လေသည်။ (ကလောင်အမည်မှာ တစ်ကောင်ကြွက်ဖြစ်၏)။ ထိုပြဇာတ်ဖြင့် ကျွန်တော်သည် ဦးစော၏ အထက်ဖော်ပြပါ သရုပ်မှန်ကို ဖော်ထုတ်တင်ပြခဲ့လေသည်။

စစ်ပြီး၍ မြန်မာပြည်သို့ ဦးစောပြန်ရောက်သောအခါတွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် ဦးစောအား စစ်မဖြစ်မီက သခင်များက မြင်ခဲ့သည့်အတိုင်းပင် မြင်ကြလေသည်။ ထို့မျှမကသေး၊ ဦးစောအား ဗြိတိသျှနယ်ချဲ့သမားများသည် ပုဆိန်ရိုးအဖြစ်သုံးကာ အမျိုးသားလွတ်လပ်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုကို အန္တရာယ်ပြုကောင်းပြုလိမ့်မည်ဟုလည်း ခန့်မှန်းတွက်ချက်မိကြသည်။ ထို့ကြောင့် အမျိုးသားအန္တရာယ် တစ်ရပ်အနေနှင့် ဖော်ထုတ်တင်ပြကာ တိုင်းပြည်ကို သတိပေးထားရန် ဆုံးဖြတ်ခဲ့လေသည်။

၉၊ ဖေဖော်ဝါရီ၊ ၁၉၄၆ နေ့ထုတ် ပြည်သူ့အာဏာဂျာနယ်တွင် သခင်စိုးက ယခင်ဦးစော၊ ယခုဦးစော၊ လာမည့်ဦးစော

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် သံးပိုင်းပိုင်းကာ ဦးစောအန္တရာယ်ကို တင်ပြသွားလေသည်။

သခင်စိုး-

"ဗြိတိသျှအစိုးရသည် အင်္ဂလန်၊ ဂျာမနီ၊ ဂျပန်၊ တ္ဘိရက်၊ အင်ဒိုချိုင်းနားနှင့် အင်ဒိုနီးရှားတိုင်းပြည်များ၌ တိုင်းသူပြည်သား တို့၏ လွတ်လပ်ရေးလုပ်ငန်းများကို ချိုးဖျက်ရန် ရည်ရွယ်ချက်နှင့် ဖက်ဆစ်များနှင့် သူလျှိုများကို ပြန်၍အာဏာပေးခဲ့သလို၊ ယခုလည်း မြန်မာတိုင်းသူပြည်သားတို့၏ လွတ်လပ်ရေးလုပ်ငန်းကိုလည်း အကြမ်းဖက်၍ ဖိနှိပ်ချိုးနှိမ်ရန် ဦးစောကို လွှတ်ပစ်သည် မှာ သေချာနေပေပြီ" ဟု ဝေဖန်သုံးသပ်ခဲ့လေသည်။

**ယခင်ဦးစောနှင့် ပတ်သက်၍**

"ဦးစောသည် ဦးစိန်ဝင်းအစရှိသည့် တကယ့်လယ်ပိုင်ရှင်ကြီးများပါဝင်သည့် မျိုးချစ်ပါတီ၏ ခေါင်းဆောင်ဖြစ်သည်။ ဦးစောသည် ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံပေါ်စဉ်က ကျောင်းသားများ၏ ထကြွမှုကို ငြိမ်းလုပ်၍ ရာထူးဝင်ယူခဲ့သည်။ ဦးစောသည် စွပ်ကျယ်စက်ပိုင်ရှင် ကုလားခနရှင်များနှင့်လည်း စီးပွားရေးစခန်းတွင် လက်တွဲခဲ့ဖူးသည်။ ဦးစော၏ ပါတီဝင်နှင့် အပေါင်းအသင်းများဖြစ်သော ကုလား၊ မြန်မာလယ်ပိုင်ရှင်ကြီးတို့၏ ပယောဂဖြင့် ကုလား၊ မြန်မာလယ်ယာတောင်သူတို့၏ အသက်ရှူပေါက်ဖြစ်သော လယ်သီးစားဥပဒေ ပျက်စီးခဲ့လေပြီ။

ဦးစောဝန်ကြီးချုပ်ဖြစ်စဉ်က လယ်ပိုင်ရှင်များအတွက် လောကီနိဗ္ဗာန်ဖြစ်သော်လည်း လယ်ယာ၊ တောင်သူဆင်းရဲသား များအတွက်မှာမူ လောကငရဲဖြစ်စေသော၊ ကျွန်သံသရာကိုလည်း လည်စေသော "လယ်မြေဝေခြမ်းရေးဥပဒေ" ကို ဖြစ်မြောက် အောင် ကြိုးစားခဲ့လေသည်။

ဦးစော၏ တိုင်းပြည်အား နှိပ်စက်ရန် ထူထောင်ထားသည့် လူမိုက်သင်း ဂဠုန်တပ်သည် လယ်သမားခေါင်းဆောင်များနှင့်

www.burmeseclassic.com

www.burmeseclassic.com



လယ်ယာတောင်သူများကို အရမ်းကာရော ရိုက်နှက်ခဲ့ရာ၌ အတွင်းဝန်ရုံးကို ဗိုလ်အောင်ကျော်နှင့် ကျောင်းသူ၊ ကျောင်းသားများ ဝိုင်းစဉ်က ရိုက်ခဲ့သော ကိုလိုနီနယ်ချဲ့အစိုးရ ပုလိပ်နှင့် နင်လား ငါလား ဖြစ်ခဲ့လေပြီ'' စသည်ဖြင့် ရေးခဲ့လေသည်။

ဦးစောသည် နယ်ချဲ့အလိုတော်ရှိ မြေရှင်လူတန်းစား၏ ကိုယ်စားလှယ်ဖြစ်သော်လည်း တောင်သူလယ်သမား သူပုန်ဂဠုန် အမည်ကို အပိုင်စီးခဲ့သည်။ မြေပိုင်ရှင်ကြီးများထံမှ မြေများကို အစိုးရ အခွန်ဘဏ္ဍာဖြင့် ဝယ်ယူပြီး တောင်သူလယ်သမားတို့အား အရစ်ကျပေးချေသော စနစ်ဖြင့် ပြန်ရောင်းခြင်းကို လယ်မြေဝေခြမ်းရေးဟု ခေါ်တွင်စေသူ ဖြစ်သည်။ ဒိုင်အာခီအုပ်ချုပ်ရေး၊ ၉၁ ဌာနအုပ်ချုပ်ရေး၊ ဒိုမီနီယံပဏာမအုပ်ချုပ်ရေး စသည်ဖြင့် အင်္ဂလိပ်ပေးသမျှ အုပ်ချုပ်ရေးတို့တွင် ကျေနပ်စွာ ပူးပေါင်းဆောင်ရွက်သူ ဗြိတိသျှအလိုတော်ရှိဖြစ်သော်လည်း ''မျိုးချစ်'' ဟူသော အမည်ကို ခံယူလေသည်။ သူကား မျိုးချစ်ယောင်ဆောင် ဂဠုန် အတုပေတည်း။

စစ်ကြီးအပြီး ဗြိတိသျှအကျဉ်းထောင်မှ မြန်မာပြည်သို့ ပြန်ရောက်သောအခါ ဖဆပလကိုပင် ထောက်ခံတော့မယောင်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပင် ပူးပေါင်းတော့မယောင် လေသံပစ်သေးသည်။

ဦးစောက သူ့အိမ်သို့ သတင်းစာဆရာများကို ဖိတ်ကြားပြီး သတင်းစာ ကွန်ဖရင့်ပေး၍ သူ့ကိုယ်ရည်သွေး စစ်အတွင်း အတ္ထုပ္ပတ္တိကို ဇာတ်ဟန်အပြည့်နှင့် ပြောပြပုံကို ပြည်သူ့အာဏာဂျာနယ်၏ အယ်ဒီတာတစ်ဦးအနေဖြင့် တက်ရောက်သော သခင်သန်းမြိုင်က အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

''ဦးစော၏ အိမ်သည် အင်းလျားကန်ဆွယ်တွင် ဆောက် ထား၍ အိမ်ဘေးတွင် စိမ်းလန်းကြည်လင်သော ရေကိုမြင်ရ သဖြင့် ကြည်နူးစရာကောင်းလေသည်။ ကန်ဘေးတွင် အစီအရီ ပေါက်လျက်

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်နယ်ချဲ့သမားသည် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာပြီး စက္ကူဖြူစာတမ်းနှင့်ပရိုဂျက် စီမံကိန်းများဖြင့် မြန်မာပြည်အား ကျွန်ပြန်လုပ်ရန် စိုင်းပြင်းနေချိန်၊ နယ်ချဲ့ဆန့်ကျင်ရေး ပြည်သူလူထုသည် ပြန်လာသော အင်္ဂလိပ်နယ်ချဲ့အား ပို၍ပို၍ ပြင်းထန်လာသော အရှိန်ဖြင့် အုံကြွဆန့်ကျင် ရင်ဆိုင်နေချိန်တွင် ဦးစော ဤစကားကို ပြောခြင်းဖြစ်လေသည်။

ခနရှင်စနစ် နယ်ချဲ့စနစ်သေပြီဟု ပြောပြီးနောက် ဦးစောသည် ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒတို့ထဲမှ ကောင်းတာကိုယူ၍ လုပ်မည်ဟုပင် ပြောလိုက်လေသည်။

ဤကိစ္စနှင့်ပတ်သက်၍ သခင်စိုးက "ဖက်ဆစ်ဝါဒ၊ ခနရှင်စနစ်၊ နယ်ချဲ့စနစ်သေပြီဟု ပြောလိုက်ခြင်းအားဖြင့် တိုင်းသူပြည်သားများကို မှိုင်းတိုက်လိုက်၏။ ဖက်ဆစ်အကြွင်းအကျန် များနှင့် နယ်ချဲ့စနစ်ကို တိုက်ရန်ကျန်သေး၏။ သို့တိုက်ရန် ဗမာ ပြည်သူတို့နှင့် ကမ္ဘာ့သူကမ္ဘာ့သားတို့၏ အရေးအကြီးဆုံးသော တာဝန်များဖြစ်သည်။ ဤတာဝန်ကို သတိမေ့အောင် လုပ်လိုက် ၏။ ဆိုရှယ်လစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒကို ဗမာပြည်နှင့် လျော်ညီ အောင် ကျင့်သုံးမည်ဟု ပြောခြင်းသည် ဟာစ်တလာ၏ အမျိုး သားဆိုရှယ်လစ်ဝါဒကို ဆိုလိုပေသည်" ဟု ရေးခဲ့သည်။

(ပြည်သူ့အာဏာ ၉၊ ဖေဖော်ဝါရီ၊ ၁၉၄၆)

သတင်းစာကွန်ဖရင့်တွင် သခင်သန်းမြိုင်က ဦးစောအား "ဒိုမီနီယံကို လက်ခံသင့်သလား" ဟု မေးလိုက်သောအခါ ဦးစောက "ကျုပ်ဝါဒဟာ ဗမာပြည်ပြန်ရရေးဝါဒပဲ၊ ဒိုမီနီယံ ကို လက်ခံပြီး လက်နက်အဖြစ် ဗမာပြည်ကို ပြန်ရအောင် လုပ် ရမယ်။ အိုင်ယာလန်လိုပေါ့" ဟု ဖြေလိုက်လေသည်။

သခင်သန်းမြိုင်က အောက်ပါအတိုင်း မှတ်ချက်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ထိုသို့ ဖြေခြင်းအားဖြင့် သီချင်းဟောင်းကြီးကို ပြန်ဆိုခြင်းဖြစ်ကြောင်း တွေ့ရ၏။ သီချင်းဟောင်းကား "**ဇွာ ဌာနကို လက်နက်သဖွယ် အသုံးပြုမယ်**"ဆိုသည်ပင်တည်း။ ရှေးက သီချင်းမှာ ရာထူးယူလျက် ဝါးရင်းတုတ်ကစားခြင်းဖြင့် အဆုံး သတ်ခဲ့သည်"။

ဦးစောနှင့်ပတ်သက်၍ သခင်စိုးက အောက်ပါအတိုင်း သတိပေးနှိုးဆော်လိုက်လေသည်။

"ဦးစော၏ ဒုတိယလမ်းဖြစ်သော ဖဆပလအဖွဲ့ချုပ်ကို ငြိမ်းလုပ်ရေးလမ်းသို့ ဦးစောလိုက်လာပါက ထိုအဖွဲ့ချုပ်အတွင်းသို့ ထရိုဂျင်သစ်သားမြင်းရုပ်ကြီး နောက်တစ်ကောင်ဝင်လာရာ ရောက် သောကြောင့် အဖွဲ့ချုပ်အတွင်းသို့ သူမဝင်နိုင်အောင် လူထုကြီးက တားမြစ်ရမည်"။

"ဗမာပြည်သူပြည်သားတို့သည် ယခုဗမာပြည်သို့ ပူပူ နွေးနွေး ရောက်လာသော ဦးစော၏ ခြေလှမ်းကို ရန်သူ၏ခြေလှမ်းကို စောင့်ကြည့်သလို ကြည့်နေရန်၊ သူ့အား အလစ်မပေးဘဲ မာန်စောင်၍ပင် စောင့်ကြည့်နေရန် ကွန်မြူနစ်ပါတီက သတိပေး နှိုးဆော်လိုက်သည်"။

(ပြည်သူ့အာဏာ ၉၊ ဖေဖော်ဝါရီ၊ ၁၉၄၆)

ဤသည်ကား ညီညွတ်နေသော ကွန်မြူနစ်ပါတီ၏ သတိပေးနှိုးဆော်ချက်ပေတည်း။ ရန်သူကို ကြိုတင်ဖော်ထုတ်ပြီး သတိပေးနှိုးဆော်ခဲ့နိုင်၏။ သို့သော် ထို့နောက်မကြာခင်ပင် ကွန်မြူနစ်ပါတီ ကွဲလေတော့သည်။ အလံနီ၊ အလံဖြူ နှစ်ပါတီဖြစ်သွားလေသည်။ ထို့နောက် မကြာမီပင် ဖဆပလနှင့် ကွန်မြူနစ်ကွဲသွားလေသည်။ ရန်သူကိုကြိုတင်ဖော်ထုတ်နိုင်ခဲ့သော်လည်း ရန်သူ၏ ဇူလိုင်လ ၁၉ ရက်နေ့က လုပ်ကြံသတ်ဖြတ်မှုကြီးကို ကား မတားဆီးနိုင်ခဲ့ ချေတကား။

သိန်းဇော်မြင့်

(ဗိုလ်တထောင်သတင်းစာ၊ ၁၉၊ ဇူလိုင်၊ ၁၉၆၆)

www.burmeseclassic.com

www.burmeseclassic.com



## နန်းရင်းဝန်ဦးစော

"မြန်မာပြည် နန်းရင်းဝန် ဦးစောသည် လန်ဒန်မြို့သို့ ၁၉၄၁ ခုနှစ် နိုဝင်ဘာလက လာရောက်၍ သူ၏ တိုင်းပြည် ဒိုမီနီယံ အုပ်ချုပ်ရေးရရှိရေးအတွက် ဆွေးနွေးသည်။ နိုဝင်ဘာလ ၅ ရက်နေ့တွင် သူတိုင်းပြည်သို့ မပြန်မီ သူလာရောက်ရကျိုး မနပ်ခဲ့ပါဟု ထုတ်ဖော်ပြောသွား၏။ ဂျန်နဝါရီလ ၁၈ ရက်နေ့ တွင် ဦးစောအား မြန်မာနိုင်ငံ အပြန်လမ်းခရီးတွင် ထိန်းသိမ်းထားလိုက်ရကြောင်းကို ဗြိတိသျှ အစိုးရက ကြေညာ၏။ ဂျပန်နိုင်ငံနှင့် ဆက်ခြင်းကြောင့် ဖြစ်သည် ဆို၏"

ဟု မြန်မာနိုင်ငံ၏ ပရိယာယ်များသော နန်းရင်းဝန်' ခေါင်းစဉ်တပ်ကာ "ဒုတိယကမ္ဘာစစ်ကြီး" ရုပ်စုံမှတ်တမ်းတွင် အထက်ပါပုံ နှင့် ဖော်ပြခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



## ဖြည့်စွက် ဖတ်ရှုသင့်သော စာအုပ်များ

၁။ တင်မြ၊ သခင် ။ ။ ဘုံဘဝမှာဖြင့်၊ အတွဲ ၅ တွဲ။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၄-၆၈။

၂။ 'မမေ့နိုင်သော ၁၉ ရှုလိုင်'၊ 'ပြန်လည်ထူထောင်ရေး'၊ 'အောင်ဆန်း ကဗျာများ'။ ။ အာဇာနည်နေ့ ကျင်းပရေး ဗဟို ကော်မတီနှင့် ယဉ်ကျေး မှုဝိမာန် ထုတ် အမှတ်တရ စာစောင်များ၊ ၁၉၆၆-၆၇။

၃။ မြန်မာနိုင်ငံစီရင်ထုံးများ။ ။ 'ဦးစောပါ ၉ဦးနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ'၊ တရားလွှတ်တော် ချုပ်၊ ၁၉၄၈။

၄။ ------------- ။ ။ 'ဦးစောပါ ၅ ဦးနှင့် ပြည် ထောင်စု မြန်မာနိုင်ငံ'၊ တရားလွှတ်တော် ချုပ်၊ ၁၉၄၈။

၅။ ဘသောင်း၊ ဗိုလ်မှူး ။ ။ ဗမာ့တော်လှန်ရေး သမိုင်း။ ရန်ကုန်၊ အရုဏ်ဦး စာပေ၊ ၁၉၆၇။

၆။ လှ၊ ဦး၊ လူထု ။ ။ ထောင်နှင့်လူသား။ မန္တလေး၊ လူထုစာအုပ်တိုက်၊ ၁၉၅၇။

www.burmeseclassic.com

www.burmeseclassic.com



၇။ သိမ်းဆွေ၊ ဗိုလ် ။ ။ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ။ ရန်ကုန်၊ ရဲဘော်စာအုပ်တိုက်၊ ၁၉၅၁။

၈။ အောင်သန်း ။ ။ အောင်ဆန်း။ ရန်ကုန်၊ ပုဂံ စာအုပ်တိုက်၊ ၁၉၆၅။

၉။ Ba U, Dr, *My Burma. New York, Taplinger, 1958.*

၁၀။ Collis, Maurice. *Last and First in Burma, London, Faber & Faber, 1956.*

www.burmeseclassic.com

www.burmeseclassic.com



# လန်ဒန်က ဗိုလ်ချုပ်ကို ချီးကျူးပြီ

## ဗိုလ်ချုပ်သည် မိမိကိုယ်မိမိ ယုံကြည်သူဖြစ်သည် ၎င်းလုပ်ကိုင်သမျှ မြန်မာပြည်အတွက်သာဖြစ်သည်ဟု ချီးကျူးရေးခြင်း

## (လန်ဒန်မြို့ ဇူလိုင် ၂၀ ရက်နေ့စွဲ-ရိုက်တာကြေးနန်း)

ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်အနိစ္စရောက်သွားသဖြင့် မြန်မာ့နိုင်ငံရေး လောကကြီးတစ်ခုလုံး ရှုပ်ထွေးသွားနိုင်စရာ အကြောင်း ရှိသည်ဟု ယနေ့ထုတ်ဝေသော 'အော့(ဖ်)ဇားဗား' သတင်းစာတွင် ကမ္ဘာ့အရှေ့ပိုင်း သတင်းထောက် 'အိုအမ်ဂရင်း' က ရေးသားဖော်ပြလေသည်။

၎င်းက ရေးသားရာတွင် ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်သွားခြင်းကြောင့် မည်သို့ဖြစ်မည်ကို မသိနိုင်ပေ။

## တိုင်းပြည်ပြုလွှတ်တော်

ခေါင်းဆောင်ကြီး ကွယ်လွန်အနိစ္စရောက်သွားခြင်းကြောင့် တိုင်းပြည်ပြုလွှတ်တော်၏ လုပ်ငန်းရပ်စဲသွားမည် မဟုတ်ပေ။

သို့ရာတွင် ၎င်း၏ အရင်းခံ သဘောသဘာဝကို မထိခိုက် စေဘဲ နေလိမ့်မည်မဟုတ်ပေ။ ဗိုလ်ချုပ်အောင်ဆန်းသည် အမြော်အမြင် ဉာဏ်ထက်မြက်သူဖြစ်၍ ၎င်းသည် မိမိကိုယ်မိမိ ယုံကြည်သူဖြစ်၍ မြန်မာပြည်သူပြည်သားတို့က ယုံကြည်ကိုးစားသူလည်း ဖြစ်လေသည်။

## မြန်မာပြည်အတွက်

၎င်းသည် ဂျပန်ကိုပင်သုံးသုံး၊ ဗြိတိသျှကိုပင်သုံးသုံး၊ ၎င်းသည် မြန်မာပြည်အတွက် အဓိက ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သူဖြစ်သည်။

## တိုင်းပြည်ကို ပြောသွားပုံ

လွန်ခဲ့သော ၁၀ ရက်လောက်ကပင် လူထုအစည်းအဝေး တစ်ခု၌ ဗိုလ်ချုပ်အောင်ဆန်း ပြောဟောသွားရာ မြန်မာနိုင်ငံသည် နောက် အနှစ်

www.burmeseclassic.com

www.burmeseclassic.com



၂၀ အတွင်း ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေနှင့် ကြီးကျယ်ထွန်းကားသော နိုင်ငံကြီးတစ်ခု ဖြစ်မည့်ပုံကို ကွက်ကွက်ကွင်းကွင်း ပြောဆိုသွားရာ ယခု တိုင်းပြည်ကြီး ပျက်စီးယိုယွင်းနေပုံကို နှိုင်းယှဉ်ပြပြီး နောင် ကောင်းစားမည့်အရေးအတွက် တတ်နိုင်သည့်ဘက်က ဆင်းရဲအပင်ပန်းခံကာ စွန့်စားကြရန် တောင်းပန်သွားကြောင်း။

❖

# အာရှအဖို့ ကြီးလေးစွာ ဆုံးရှုံးခဲ့

## အိန္ဒိယကွန်ဂရက်က ဝမ်းနည်းကြောင်း ဆုံးဖြတ်

## ရိုးရိုးမဟုတ်၊ နိုင်ငံရေး လူသတ်မှုကြီးဖြစ်သည်ဟု ဂန္ဒီဆိုပြီ

(နယူးဒေလီ ဇူလိုင် ၂၀ ရက်နေ့စွဲ-ရိုက်တာကြေးနန်း)

ယနေ့ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်အဖွဲ့ကြီး၏ အလုပ်အမှုဆောင် ကော်မတီက အတည်ပြုလိုက်သော ဆုံးဖြတ်ချက်တစ်ရပ်တွင် ယခုကဲ့သို့ အရေးကြီးသည့် အခါမျိုးတွင် ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်အနိစ္စရောက်ခြင်းသည် မြန်မာနိုင်ငံအဖို့ ဆိုးရွားသော နစ်နာချက်ကြီး ဖြစ်၍ အာရှတိုက်အဖို့ ကြီးလေးသော ဆုံးရှုံးမှုတစ်ရပ် ဖြစ်သည်ဆို၏။

### နိုင်ငံရေး လူသတ်မှု

ဤလုပ်ကြံမှုကြီးသည် ရိုးရိုး လူသတ်မှုမဟုတ်ဘဲ နိုင်ငံရေး အကြံအစည်ရှိသော လူသတ်မှုကြီး ဖြစ်လေသည်။ ဤအမှုမျိုးတို့သည် ကမ္ဘာနှင့်အဝန်းနိုင်ငံရေးကြိုးပမ်းမှုများ၌ တွေ့ကြုံနေကြရလေရာ ဤအခြင်းအရာသည် လူအပေါင်းတို့၏ နောင်ရေးအတွက် နိမိတ်မင်္ဂလာ မကောင်းပေ။

ဂန္ဒီကြီးက အသတ်ခံရသော ခေါင်းဆောင်ကြီးများ၏ သားမယား၊ ဆွေမျိုး၊ ဉာတိနှင့် မြန်မာပြည်အတွက် ဝမ်းနည်းပါကြောင်း ထုတ်ဖော်ပြောကြားသွား၏။

❖

www.burmeseclassic.com

www.burmeseclassic.com



# ကမ္ဘာ့စာရိတ္တပြုပြင်ရေးအဖွဲ့ကြီးကဝမ်းနည်းကြပြီ

## ဤလုပ်ကြံမှုကြီးသည် ဝါဒတိုက်ပွဲကြီး၏ တစ်စိတ်တစ်ဒေသဖြစ်သည်ဟုဆိုခြင်း

(ကော့ဆာမွန်တဂူမြို့ ဇူလိုင် ၂၁ ရက်နေ့စွဲ-ရိုက်တာကြေးနန်း)

ယနေ့ ကမ္ဘာလုံးဆိုင်ရာ စာရိတ္တ ပြုပြင်ရေးဆိုင်ရာ ညီလာခံ၌ ကွယ်လွန်သူ ဗိုလ်ချုပ်အောင်ဆန်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် ဘုရားအာရုံပြု အစည်းအဝေးကို ကျင်းပရာတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် စာရိတ္တပြုပြင်ရေး လုပ်ငန်းကြီး ရင်းနှီးစွာ ဆက်သွယ်နေပုံကို ဖော်ထုတ် ပြောဆိုလေသည်။

လန်ဒန်မြို့တွင် ဗမာပြည် အုပ်ချုပ်ရေးအတွက် ဆွေးနွေးရန် ဗမာကိုယ်စားလှယ်အဖွဲ့ကို ဦးစီး၍လာစဉ်က ဗိုလ်ချုပ်အောင်ဆန်းသည် စာရိတ္တပြုပြင်ရေးလုပ်ငန်းကို စတင်တည်ထောင်ခဲ့သူ ဒေါက်တာဘတ်(က်)မန်း ၏ နေအိမ်သို့ သွားရောက် လည်ပတ်ခဲ့ကြောင်း။

## ဗိုလ်ချုပ်ပြောခဲ့ပုံ

ဂျွန်တင်အေး(လ်) ဘစ်(စ်)တိုးသည် ရန်ကုန်မြို့ ခရစ်ယာန် ဂိုဏ်းချုပ် ထံ လာရောက်လည်ပတ်စဉ်က ဗိုလ်ချုပ်အောင်ဆန်းနှင့် မိတ်ဆွေ ဖြစ်ခဲ့သည်။ စာရိတ္တပြုပြင်ရေးအားဖြင့် လက်နက်စွဲကိုင်၊ လုယက်မှုများ၊ လူမျိုးရေး အဓိကရုဏ်းများနှင့် ငွေစက္ကူတန်ဖိုး ယုတ်လျော့ခြင်းများ၊ ပပျောက်နိုင် ကြောင်းကို သိရှိရသောအခါ ဗိုလ်ချုပ်အောင်ဆန်းက ၎င်းသည် မြန်မာနိုင်ငံ အတွက် ဤအဖြေကို အလိုရှိသည်ဟု ပြောဆိုခဲ့ကြောင်း။

## စစ်သူရဲကောင်း

မြန်မာနိုင်ငံတွင် (၁၄)နံပါတ်နှင့်အတူ တိုက်ခိုက်ခဲ့သော ကာနယ် ဒေးဗစ်ဝပ်ဆင်က ဗိုလ်ချုပ်အောင်ဆန်းသည် စစ်သူရဲကောင်း တစ်ဦးဖြစ်၍ မိတ်ဆွေတစ်ဦးလည်းဖြစ်သည်ဟု ပြောကြားသေးသည်။

## တံစိုးပေး၍မရ

ရန်ကုန်မြို့၌ ဖြစ်ပွားသော လုပ်ကြံမှုမှာ ယခု ကမ္ဘာနှင့်အဝန်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပွားနေသော စစ်ပွဲကြီး၏ တစ်စိတ်တစ်ဒေသ ဖြစ်လေသည်။ ယမန်နေ့က မြန်မာနိုင်ငံတွင် ထူးချွန်သောနိုင်ငံရေးခေါင်းဆောင် အများအပြားကို သုတ်သင်လိုက်ကြပြီဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းတို့၏ အဓိက ဂုဏ်အင်္ဂါမှာ တိုင်းပြည်အတွက် စိတ်အားထက်သန်ခြင်းနှင့် တံစိုးလက်ဆောင်ပေး၍ မရနိုင်ခြင်းပင်ဖြစ်ကြောင်းကို ပြောဆိုလိုက်ကြောင်း။

❖

## ဂျင်းနားက လူသတ်ဝါဒ ရှုတ်ချ

### မြန်မာ့ခေါင်းဆောင်များ လုပ်ကြံခံရ၍ ဝမ်းနည်းပက်လက် ဖြစ်ရသည်ဆိုခြင်း

### (နယူးဒေလီမြို့ ဇူလိုင် ၂၀ ရက်နေ့စွဲ-ရိုက်တာကြေးနန်း)

ပါကစ္စတန် - ဒိုမီနီယံနိုင်ငံ၏ ဘုရင်ခံချုပ်ဟောင်း မိုဟာမက် အလီဂျင်းနားက နယူးဒေလီမြို့၌ မနေ့က ကြေညာချက်တစ်ရပ် ထုတ်ပြန်ရာတွင် မြန်မာခေါင်းဆောင်ကြီးများ အသတ်ခံရကြောင်း ကြားရသောကြောင့် မိမိများစွာ အံ့သြ၍ ဝမ်းနည်းပက်လက် ဖြစ်ရသည်ဟု မြန်မာနိုင်ငံသူ နိုင်ငံသားတို့အား ပြောကြားလိုက်ပါကြောင်း။

ဂျင်းနားက နိုင်ငံရေး ရာဇဝတ်မှု ကျူးလွန်ရေးဝါဒကို မည်သူမျှ ထောက်ခံအားပေးလိမ့်မည် မဟုတ်ကြောင်း၊ တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားသော လူမျိုးတစ်မျိုးအဖို့ မည်သည့် အရာမဆို ရရှိအောင် စွမ်းဆောင်နိုင်ကြောင်း။

ဆက်လက်၍ ဂျင်းနားက မြန်မာနိုင်ငံသူ နိုင်ငံသားတို့အား အေးချမ်းစွာ နေထိုင်ကြရန် မေတ္တာရပ်ခံပြီးနောက် ဤကမ္ဘာမြေပေါ်တွင် လူထု၏ စိတ်ဓာတ်ကို မည်သည့်တန်ခိုးအာဏာကမျှ တော်လှန်နိုင်မည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဟု ဆက်လက်၍ ပြောကြားလိုက်လေသည်။

## နေရှုး၏ သဝဏ်လွှာ

နယူးဒေလီမြို့ အိန္ဒိယကြားဖြတ်အစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပဏ္ဍစ်နေရှုးထံမှ ဇူလိုင်လ ၂၀ ရက်နေ့က ပေးပို့လိုက်သော ကြေးနန်းစာတွင်…

မနေ့ကဖြစ်ပေါ်သည့် စိတ်မကြည်စရာ အဖြစ်အပျက်ကို ကျွန်ုပ်နှင့် တကွ ကျွန်ုပ်အစိုးရကပင် များစွာဝမ်းနည်းကြကြောင်း၊ သင်၏ အစိုးရနှင့် မြန်မာပြည်သူ ပြည်သားများအား အိန္ဒိယအစိုးရကိုယ်စား ကျွန်ုပ်က ပြောကြားလိုက်ရပါသည်။

သင်တို့၏ မြန်မာ့ရာဇဝင်တွင် အရေးကြီးဆုံးသော ယခုလို အခိုက်အတန့်တွင် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသည့် ပညာရှိခေါင်းဆောင်ကြီး ဦးအောင်ဆန်းနှင့် တကွ အခြားခေါင်းဆောင်ကြီးများ အသတ်ခံရခြင်းကို ကျွန်ုပ်များစွာ ဝမ်းနည်းပက်လက် ဖြစ်ပါသည်။ အားလုံးသော အခက်အခဲများကို သတ္တိရှိရှိ ရင်ဆိုင်မည်ဆိုသော သင်တို့၏ အဓိဋ္ဌာန်ကို ကျွန်ုပ်တို့ လက်ခံ၍ အရေးတကယ်ရှိက အစွမ်းကုန် ဝမ်းမြောက်စွာဖြင့် အကူအညီပေးမည် ဖြစ်ပါကြောင်း။

❖

## မြန်မာပြည်ဘုရင်ခံက အသံလွှင့်၍ ဝမ်းနည်းစကား မြွက်ကြားခြင်း

## သူရဲဘော နည်းသူတို့၏ အပြုအမူ

# ဝန်ကြီးများ ဆုံးရှုံးရသည့်အတွက် ဝမ်းနည်းခြင်း

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်၊ စနေနေ့ ည ၇ နာရီ ၁၅ မိနစ်အချိန်တွင် မြန်မာနိုင်ငံတော် အသံလွှင့်ဌာနမှ မြန်မာနိုင်ငံတော် ဘုရင်ခံမင်းကြီးက အောက်ပါအတိုင်း အသံလွှင့်ကြောင်း။

## ဝမ်းနည်းစွာဖြင့် ပြောရတော့မည်

www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင်လ ၁၉ ရက်နေ့ နံနက်က အမှုဆောင်ကောင်စီ အဖွဲ့ဝင် ဝန်ကြီးများ အစည်းအဝေး ကျင်းပနေစဉ် ဝန်ကြီးများသေကြောင်း လုပ်ကြံသည့်အကြောင်းကို မြန်မာပြည်သူ ပြည်သားတို့အား အထူးဝမ်းနည်းစွာဖြင့် ပြောကြားရပါကြောင်း။

နံနက် ၁၀ နာရီခွဲ သာသာလောက်တွင် စက်သေနတ်များ ကိုင်ဆောင်သူတို့သည် အစည်းအဝေးခန်းထဲသို့ ဝင်ရောက်လာ၍ အတွင်းရှိ လူများကို ပစ်ခတ်ကြောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းနှင့် တကွ ဝန်ကြီး သခင်မြ၊ ဝန်ကြီး မန်းဘခိုင်၊ ဝန်ကြီး ဦးဘချို၊ ဝန်ကြီး အပ္ပဒူရာဇဝတ်နှင့် ဝန်ကြီး ဦးဘဝင်း၊ အတွင်းဝန် ဦးအုန်းမောင်နှင့် သက်တော်စောင့် ရဲဘော် မောင်ထွေးတို့ သေဆုံးကြကြောင်း။

မိုင်းပွန်းစော်ဘွားကြီးမှာလည်း ဒဏ်ရာရရှိကြောင်း၊ ဇူလိုင်လ ၂၀ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် ထပ်မံ သေဆုံးသွားသည်။

## သူရဲဘောနည်းသော အပြုအမူ

ဤကဲ့သို့ သူရဲဘောနည်းသူတို့၏ အပြုအမူကြောင့် မြန်မာ့ နိုင်ငံရေး ခေါင်းဆောင်ကြီးများနှင့်တကွ နိုင်ငံအတွက်မရှိလျှင် မပြီးသလောက် အရေးကြီးသော ဝန်ကြီးများ ဆုံးရှုံးသည့်အတွက် ကျွန်ုပ်က များစွာပင် ဝမ်းနည်းကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် ငြိမ်သက် တည်ငြိမ်စွာနေကြလျက် ကွယ်လွန်သူ ခေါင်းဆောင်ကြီး သတ်မှတ်ပေးသွားသည့် ဉာဏ်အမြော်အမြင် ပြည့်စုံသော လွတ်လပ်ရေး လမ်းစဉ်အတိုင်း ဆက်လက် ဆောင်ရွက်သွား ကြရန် ကျွန်ုပ်က နှိုးဆော်လိုက်ပါကြောင်း။

ဝန်ကြီး ဦးအောင်ဇံဝေနှင့် ပျော်ဘွယ်ဦးမြ၊ ဦးဘဂျမ်းတို့မှာ ထိုအစည်းအဝေး တက်ရောက်ကြသော်လည်း ကံကောင်းထောက်မသဖြင့် ဒဏ်ရာ အကြီးအကျယ်မရဘဲ လွတ်မြောက်သွားကြကြောင်း။

❖

www.burmeseclassic.com

www.burmeseclassic.com



## အထူးခုံရုံးတော် ဖွဲ့စည်းရေး အက်ဥပဒေ

### အထူးရာဇဝတ်မှုကြီးများကို စစ်ကြောစီရင်နိုင်ရန် အစိုးရကထုတ်ပြန်လိုက်ပြီ

အထူးခုံရုံးတော်ကို တရားသူကြီးသုံးဦး ခန့်ထားဖွဲ့စည်းမည်။ ခုံတရားသူကြီး သုံးဦးအနက် ဥက္ကဋ္ဌတရားသူကြီးမှာ ဟိုက်ကုတ် လွှတ်တော်ဝန်ကြီး တစ်ဦးဖြစ်ရမည်။

အထူးဖြစ်ပွားသော ရာဇဝတ်မှုကြီးများကို စစ်ကြောစီရင်ရန် အတွက် ခုံရုံးတော် ဖွဲ့စည်းရေး အက်ဥပဒေကို အစိုးရက ထုတ်ပြန် ကြေညာလိုက်သည်။

### အဆိုပါ ဥပဒေပုဒ်မ

ပုဒ်မ(၁)အရ၊ ယခုထုတ်ပြန်သော ဥပဒေသည် ဘုရင်ခံမင်းကြီးက မဖျက်သိမ်းသေးသမျှ ကာလပတ်လုံး အတည်ဖြစ်နေရမည်။

ပုဒ်မ(၃)အရ၊ ယခု ထုတ်ပြန်သည့် အက်ဥပဒေအရ၊ ဘုရင်ခံမင်းကြီးက တရားသူကြီးသုံးဦး ခန့်ထားဖွဲ့စည်းလိမ့်မည်။ ခုံတရား သူကြီးသုံးဦးအနက် ဥက္ကဋ္ဌတရားသူကြီးမှာ ဟိုက်ကုတ်လွှတ်တော် တရားဝန်ကြီးဖြစ်လိမ့်မည်။ ကျန်နှစ်ဦးကို စက်ရှင်တရားသူကြီး နှစ်နှစ်ထက်မနည်း ဆောင်ရွက်ခဲ့ဖူးသော တရားသူကြီးများသော် လည်း ကောင်း၊ သို့မဟုတ် ဟိုက်ကုတ်လွှတ်တော်တွင် ၁၀ နှစ်ကျော် အမှုလိုက်ဖူးသော လွှတ်တော်ရှေ့နေကြီးများမှသော်လည်းကောင်း ရွေးချယ် ခန့်ထားလိမ့်မည်။

ပုဒ်မ(၄)အရ၊ အဆိုပါ ခုံတရားရုံးတော်က ဘုရင်ခံမင်းကြီး ညွှန်ကြားသည့် ရာဇဝတ်မှုများကို စစ်ကြောစီရင်လိမ့်မည်။ အမှုတစ်ခု သည် ဘုရင်ခံမင်းကြီး၏ ယေဘုယျအမိန့်နှင့် သက်ဆိုင်သည်။ အထူး အမိန့်နှင့် ဆိုင်သည်ဆိုသော အချက်ကို အထူးခုံရုံးတော်က ဆုံးဖြတ်ရမည်။ အထူး ခုံရုံးတော်က ဆုံးဖြတ်ချက်ကို မည်သည့်ရုံးတော်ကမှ စောဒက မဝင်ရ။

ပုဒ်မ(၅)အရ၊ တရားခံကို ရုံးတော်သို့ စစ်ကြောစီရင်ရန် တင်သွင်း ခြင်း မရှိသော်လည်း အထူးခုံရုံးတော်က ပြစ်မှုများကို အရေး ယူနိုင်သည်။ တရားခံကို စစ်ကြောရာ၌ ရာဇဝတ်ကျင့်ထုံး၊ ကိုဓဥပဒေအရ ရာဇဝတ် တရားသူကြီးများ စီရင်သည့် ထုံးနည်းကို လိုက်နာ စီရင်ရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

၁။ စစ်ကြောစီရင်မှုများကို မည်သည့်အကြောင်းမျိုးနှင့်မှ အထူးခုံရုံးတော်က ရွှေ့ဆိုင်းပေးရန် တာဝန်မရှိ။ သို့သော်လည်း တရား မှန်ကန်ရေး အတွက် ရွှေ့ဆိုင်းပေးရန်သင့်သည်ဟု ရုံးတော်က ထင်မြင် သဘောအရလျှင် ရွှေ့ဆိုင်းပေးနိုင်သည်။

၂။ အထူးခုံရုံးတော်က သက်သေ တစ်စုံတစ်ယောက်၏ ထွက်ချက်သည် အရာရောက်လိမ့်မည်မဟုတ်ဟု ထင်မြင်လျှင် အဆိုပါ သက်သေမျိုးကို သမ္မန်စာမချမခေါ်ဘဲ နေနိုင်သည်။

ညွှန်ကြားသည့် အချိန်တွင်...

အထူးခုံရုံးတော်က တရားသူကြီး သဘောကွဲလွဲချက်ရှိလျှင် များရာဘက်က အတည်ဖြစ်စေရမည်။ တရားဥပဒေခွင့်ပြုသော မည်သည့် ပြစ်ဒဏ်မျိုးကိုမဆို အထူးခုံရုံးတော်က အမိန့်ချမှတ် စီရင်နိုင်သည်။ အထူး ခုံရုံးတော်သည် ဥက္ကဋ္ဌ တရားသူကြီးက ညွှန်ကြားသည့်အချိန်၌ ရုံးထိုင်ရလိမ့်မည်။ အကယ်၍ တရားသူကြီးတစ်ဦးဦးသည် ဆက်လက်ရုံးထိုင်ခြင်း မပြုနိုင်လျှင် ဘုရင်ခံမင်းကြီးက ၎င်းအစား အခြား တရားသူကြီး တစ်ဦးဦးကို ခန့်ထားနိုင်သည်။ ထိုသို့ ခန့်ထားသည့် တရားသူကြီးက မူလခန့်ထားရင်း တရားသူကြီးကဲ့သို့ပင် ဆက်လက် စစ်ကြောသွားရမည်။

ပုဒ်မ(၇)အရ၊ ခုံရုံးတော်က စစ်ဆေးသောအမှုတွင် တရားခံ တစ်ဦးထက် ပို၍ ပါရှိလျှင် မမာမကျန်းဖြစ်၍သော်လည်းကောင်း၊ အခြား အကြောင်းတစ်စုံတစ်ရာကြောင့်သော်လည်းကောင်း၊ ရုံးတော်သို့ မလာရောက်နိုင်သော် တရားခံကို ခွင့်လွှတ်နိုင်သည်။

## ချမှတ်သော ပြစ်ဒဏ်များ

ပုဒ်မ(၈)အရ၊ ယခု အက်ဥပဒေတွင်ပါရှိသည့် စည်းကမ်းချက်များမှ တစ်ပါး ခုံရုံးတော်က စစ်ဆေးစီရင်သည့်အမှုများ၊ ရုံးတော်က ချမှတ်သည့် ပြစ်ဒဏ်များနှင့် ပတ်သက်သော အယူခံမှုများ၊ အတည်ပြုလုပ်မှုများ၊ စစ်ကြောစီရင်ရေးနှင့် ပတ်သက်၍ အခြားပေါ်ပေါက်သည့် ကိစ္စများကို စက်ရှင်ရုံးတော်ကဲ့သို့ပင် ရာဇဝတ်ကျင့်ထုံး ကိုဒ်ဥပဒေနှင့် အခြား ဥပဒေများနှင့် သက်ဆိုမှု ရှိသလောက် သက်ဆိုင်စေရမည်။ သို့သော်လည်း အထူးခုံရုံးတော်က ဆောင်ရွက်မှုများကို ရာဇဝတ်ကျင့်ထုံး ကိုဒ်ဥပဒေပုဒ်မ ၅၂၆ နှင့်မသက်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



စေရ။ ထို့ပြင် အထူးခုံရုံးတော်က ချမှတ်သည့် ပြစ်ဒဏ်များနှင့် ပတ်သက်၍ သေဒဏ်၊ တစ်သက်တစ်ကျွန်း ဒဏ်နှင့် ငါးနှစ်ကျော်သည့် ထောင်ဒဏ်မှ တစ်ပါး အယူခံခွင့် မရှိစေရဟု ပါရှိလေသည်။

❖

## ခုံသမာဓိအဖွဲ့ ဥက္ကဋ္ဌနှင့် ခုံအဖွဲ့ဝင် တရားသူကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်း

## ဦးကျော်မြင့်

### အထူးခုံရုံးအဖွဲ့၏ ဥက္ကဋ္ဌ (လွှတ်တော်တရားဝန်ကြီး)

နိုင်ငံတော် လုပ်ကြံမှုကြီးကို စစ်ဆေးရန်အတွက် ရွေးချယ် ခန့်ထားခြင်းခံရသော ခုံသမာဓိအဖွဲ့ တရားသူကြီးများ၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည့် ဟိုက်ကုတ်လွှတ်တော် တရားဝန်ကြီး ဦးကျော်မြင့်မှာ အရွယ်အားဖြင့် အသက် ၅၀ နှစ်ရှိပြီး ၁၉၂၃ခုနှစ်မှစ၍ လွှတ်တော်ရှေ့နေကြီးအဖြစ် အမှုများလိုက်ပါခဲ့ပြီးနောက် ၁၉၂၅ ခုနှစ်တွင် ဒုတိယ စမော်ကော် တရားသူကြီးအဖြစ် လေးလခွဲမျှ ခေတ္တဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၂၉ ခုနှစ်တွင် ဒုတိယ စမော်ကော် (Small Cause) တရားသူကြီးအဖြစ် တစ်နှစ်လေးလတိုင်တိုင် ဆောင်ရွက် ခဲ့ပြန်သည်။ ထို့နောက် ၁၉၃၁ ခုနှစ်မှစ၍ ၁၉၄၅ ခုနှစ်တိုင်အောင် ၁၅ နှစ်အတွင်း လွှတ်တော်ရှေ့နေအဖြစ်နှင့် ဆောင်ရွက်လုပ်ကိုင်နေစဉ် ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလမှစ၍ ဟိုက်ကုတ်လွှတ်တော်တွင် အပို တရားဝန်ကြီးအဖြစ် ခန့်အပ်ခြင်း ခံရလေသည်။

### ဦးအောင်သာကျော်

### (ခုံရုံးတရားသူကြီးအဖွဲ့ဝင်၊ စက်ရှင်တရားသူကြီး)

ခုံသမာဓိအဖွဲ့ဝင် တရားသူကြီးတစ်ဦးဖြစ်သည့် ပုသိမ်စက်ရှင်တရားသူကြီး ဦးအောင်သာကျော် (ဘီ၊အေ၊ဘီအယ်)မှာ အသက် ၄၉ နှစ်ရှိလျက် ၁၉၂၂ ခုနှစ်က ဘီလပ်မှ စာမေးပွဲ အောင်မြင်ခဲ့ပြီးနောက် ၁၉၂၃ ခုနှစ်တွင် ဟိုက်ကုတ်လွှတ်တော် ရုံးဝန်ထောက်အဖြစ် တစ်နှစ်ခန့် ဆောင်ရွက်ခဲ့၏။ ၁၉၂၄ ခုနှစ်မှစ၍ ၁၉၂၉ ခုနှစ်အထိ နယ်များတွင် တရားသူကြီးအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ခန့်အပ် ဆောင်ရွက်ခဲ့ပြီး ၁၉၂၉ ခုနှစ်တွင် တစ်ဖန် ရန်ကုန်မြို့သို့ ပြောင်းရွှေ့၍ တတိယ စမော်ကော် (Small Cause) တရားသူကြီးအဖြစ်ဖြင့် စစ်ကြီးဖြစ်ပွားသည့် အချိန်တိုင်အောင် ဆောင်ရွက်ခဲ့သည်။ စစ်အတွင်းက ဗြိတိသျှစစ်တပ်များ ပြန်လည် ဝင်ရောက်လာသည့်အခါတွင် စစ်ဘက်ဌာနရှိ လက်ဖတင်နင် ကာနယ်အဖြစ်ဖြင့် အမှုထမ်းလိုက်ပါခဲ့၏။ မြန်မာပြည်စစ်ဥပဒေ ရုပ်သိမ်းခဲ့ပြီးနောက် စက်ရှင်နှင့် တရားသူကြီးအဖြစ်ဖြင့် ပုသိမ်သို့ ပြောင်းရွှေ့ လုပ်ကိုင်ခဲ့သည်။

## ဦးစိဘူး

## (ခုံရုံးတရားသူကြီးအဖွဲ့ဝင်၊ စက်ရှင်တရားသူကြီး)

ခုံတရားသူကြီးအဖြစ် ဆောင်ရွက်မည့် ဦးစိဘူးမှာ စစ်တွေ ဇာတိဖြစ်၍ ဘီအေ-ဘီအယ်လ် အောင်မြင်ပြီးနောက် ဝန်ထောက်ဘဝမှ စ၍ ၂၃ နှစ်တိုင်တိုင် တရားသူကြီးအဖြစ်ဖြင့် ဆောင်ရွက်ခဲ့၏။ ထိုသို့ တရားသူကြီးအဖြစ်ဖြင့် ခန့်အပ်ဆောင်ရွက်နေစဉ် လုပ်သက် နှစ်နှစ်ခန့် ကြာသောအခါ သထုံမြို့၌ စက်ရှင်တရားသူကြီးအဖြစ်ဖြင့် နှစ်လ ခေတ္တခန့်ခွဲပြီး တစ်ဖန် ဆရာစံ သူပုန်ထစဉ်က ၄င်းသူပုန်မှုကြီးအတွက် အထူး တရားသူကြီးအဖြစ်ဖြင့် ဆောင်ရွက်ခဲ့သေးသည်။ ထို့နောက် ဦးစိဘူးသည် တွဲဖက်တရားသူကြီးအဖြစ်နှင့် ၁၉၃၁ ခုနှစ် ဇွန်လ ၁ ရက်နေ့မှစ၍ ပထမစက်ရှင်တရားသူကြီးအဖြစ်နှင့် ဆောင်ရွက်ခဲ့သည်။

ဂျပန်အစိုးရလက်ထက်တွင် လွှတ်တော်ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့သည်။ အင်္ဂလိပ် ပြန်ဝင်လာသည့်အချိန်မှစ၍ ယခု ၁၉၄၇ ခုနှစ်အထိ ပထမစက်ရှင် တရားသူကြီးအဖြစ်နှင့် ဆောင်ရွက်ခဲ့သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



# လူသတ်လက်သည်

# လူယုတ်မာများ ဖော်ထုတ်ဖမ်းဆီး

**ပုလိပ်အဖွဲ့ကြီးကို ဆီးကြို၍ ပစ်ခတ်သောဦးစော**

## ဦးစောက စ၍ပစ်ခြင်း

သတင်းအရ ဇူလိုင် ၁၉ ရက်နေ့ညနေပိုင်းက ဦးဘမောင်နှင့် လက်နက်ကိုင် အဖွဲ့သားများသည် ၇ မိုင်ရှိ ဦးစောအိမ်သို့ ဦးစောကိုဖမ်းဆီးရန် သွားကြရာ ဦးစော၏ နေအိမ်အနီးချဉ်းကပ်မိကြသောအခါ ခြံတွင်းမှ ဦးစောနှင့်တကွ တပည့်လက်သားများက စတင်၍ တရစပ် ပစ်ခတ်တော့သည်။

## ပုလိပ်များ အကာအကွယ်ယူရ

ယခုအခါ ပုလိပ်အဖွဲ့သည် အကာအကွယ်များ ကိုယ်စီကိုယ်ငှ ယူလိုက်ကြပြီးနောက် ဦးစောတို့ အိမ်ဘက်သို့ပင် ပြန်လည်ပစ်ခတ်ကြရာ ဦးစောတို့ကလည်း ပစ်မြဲပင် ပစ်ခတ်ကြသည်။

## အင်းလျားအတွင်း ဆင်းပြေးရန် ဦးစောကြံ

ထိုသို့ ပုလိပ်တို့က ပစ်ခတ်ကြသောအခါ ဦးစောသည် အနီးရှိ အင်းလျားကန်ကြီးအတွင်းသို့ ဆင်းပြေးကြရန် ကြံရွယ်သည်ဆို၏၊ သို့သော် ပုလိပ်အဖွဲ့တို့က ဦးစောအိမ်ကို အဖက်ဖက်မှ ဝိုင်းရံထားပြီး ဖြစ်ရာ ဦးစောကို တပည့် ၂၀ နှင့်အတူ လက်ရဖမ်းဆီးမိလိုက်တော့၏။

## လက်နက်များတွေ့ခြင်း

ဦးစောတို့အား ဖမ်းဆီးမိသောအခါ လက်နက်ကိုင် ပုလိပ်များသည် ဦးစော၏ နေအိမ်နှင့်တကွ အခြေခံ တန်းလျားများကို တက်ရောက် ရှာဖွေကြရာ သိုဝှက်ထားသော ခေတ်မီလက်နက် စက်သေနတ် အများအပြားကို တွေ့ရှိရသဖြင့် ဦးဘမောင်က သိမ်းဆည်းလိုက်သည်။

## အင်းစိန်ထောင်သို့ပို့လိုက်ပြီ

ထို့နောက် ဦးစောနှင့်တကွ တပည့်လက်သား ၂၀ ကိုပါ ထိုနေ့ ညတွင်းချင်းပင် အင်းစိန် အချုပ်ထောင်ကြီးအတွင်းသို့ ပုလိပ်များ ခြံရံ၍ ပို့ဆောင်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဂျစ်ကားစိမ်းနှင့် လက်နက်များ

ဦးစောအိမ်ဝင်းအတွင်း ပုလိပ်များ ရှာဖွေစဉ်က အစိမ်းရောင် ဂျစ်ကားတစ်စီးကိုလည်းတွေ့ရပြီး ကားပေါ်တွင် စတင်းဂန်း၊ ဘရင်းဂန်းနှင့် လက်ပစ်ဗုံး အများအပြားကိုပါ ဖမ်းဆီးရမိသည်ဆို၏။

## မပူပါနဲ့ မိန်းမရယ်

ဦးစောက ၄င်းအား ဖမ်းဆီးသောအခါ ၄င်း၏ဇနီးသည်အား နိုင်ငံရေးလုပ်ကြံမှု ပေါ်ပေါက်လာတိုင်း မသင်္ကာတဲ့လူတွေကို ဖမ်းတာပါပဲ။ မပူပါနဲ့ဟု မှာကြားသွားသည် ဆို၏။

## ဦးစော၏ တပည့်များ

ဖမ်းဆီးရမိသည့် ဦးစော၏တပည့်များအနက် ရန်ကြီးအောင်၊ ရန်ကြီးနောင်၊ လှတင်နှင့် ကြို့ပင်ကောက် ဦးမောင်ကြီး၏သား သိန်းမောင် တို့လည်း ပါဝင်ကြ၏။

## အခြား နိုင်ငံရေးသမားများကိုပါ ဖမ်းဆီးခြင်း

ဇူလိုင် ၂၀ ရက်နေ့က နောက်ထပ်ဒေါက်တာဗမော်၏ သမက် ဗိုလ်ရန်နိုင်နှင့်တကွ တပည့်ကျော်လွန်းပြေကို ဆိုင်ရာတို့က ဖမ်းဆီးလိုက် ပြီဖြစ်၏။

ထို့ပြင် မဟာဗမာပါတီမှ ပါတီဝင် ၁၁ ဦး၊ သခင်ဂိုဏ်းမှ ၁ဦး တို့ကို လည်း ဖမ်းဆီးလိုက်ပြီဖြစ်ရာ ၄င်းတို့မှာ ဦးသာဂဒိုး၊ ဦးသာဆိုင်၊ ဦးဘုံစွမ်း၊ ဦးသန့်ဇင်၊ သခင်ဗစိန်၊ သခင်ချစ်၊ သခင် ကျော်စိန်၊ သခင်ခင်မောင်၊ သခင်ခ၊ သခင်အေး၊ သခင်ညီ၊ ဦးမြ (စမ်းချောင်း)၊ ဦးစိန် (စည်ပင်သာယာ ရေးရုံး)တို့ဖြစ်သည်။ (ဒေါက်တာဗမော်အား ဖမ်းဆီးလိုက်ပြီဆိုသော သတင်းမှာ မဟုတ်မှန်ဟုဆို၏။)

(နောက်ပိုင်း အဖမ်းခံရသည်။ နောက်ပြန် လွတ်လာသည်။)

www.burmeseclassic.com

www.burmeseclassic.com



## လူတစ်ယောက် မ,မနိုင်သော ယမ်းတောင့်သေတ္တာ

ပုလိပ်အဖွဲ့သားအား ဦးစောတို့က ဆီးကြိုပစ်ခတ်၍ ပုလိပ် အဖွဲ့မှ နေရာယူပြီး တရစပ် ပြန်လည် ပစ်ခတ်လိုက်ရာ ဦးစောတပည့်သုံးယောက် ကျဆုံးသည်ဟု သတင်းရရှိသည်။ ၄င်းပြင်ဝင်းအတွင်း ရှာဖွေရာတွင် တစ်နေရာ၌ စက်သေနတ်များနှင့် လူတစ်ယောက် မ,မနိုင်သော ယမ်းတောင့် သေတ္တာကြီးတစ်လုံးကို တွေ့ရှိရ၍ ပုလိပ်များက သိမ်းဆည်းသွား၏။

## တောကြောင်များ

၁၉-၇-၄၇ နေ့ နံနက် ၁၀နာရီခွဲ အချိန်က ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ မသမာလူသတ်သမားများက ပစ်ခတ် သတ်ဖြတ်သွားသဖြင့် ရန်ကုန်တစ်မြို့လုံး ချောက်ချားနေစဉ် ၄င်းနေ့လယ် ၂ နာရီလောက်တွင် တောမီးလောင် တောကြောင် လက်ခမောင်းခတ်ဆိုသည့်ပမာ မသမာသူ အချို့က ပုဇွန်တောင်ဈေးကို ဝင်ရောက်လုကြသဖြင့် အတော်ကလေး ဆူပူသွားကာ လှုပ်လှုပ်ရွရွ ဖြစ်သွားပြီး ချက်ချင်းဆိုသလို လက်နက်ကိုင် ပုလိပ်များ ချထားလိုက်မှ ငြိမ်သက်သွားတော့သည်ဆို၏။

❖

# ဦးစောအမှုကို မကြာမီ စစ်မည်

## တစ်နှစ်ခန့် စစ်ဆေးရမည်ဟု ယူဆနေကြ

လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ ခုံအဖွဲ့ဝင်များဖြစ်သော စက်ရှင်တရားသူကြီး ဦးစိဘူး၊ ဦးအောင်သာကျော်တို့ထံသို့ စက်တင်ဘာလ ၁၀ရက်နေ့က သံကြိုးရိုက်အကြောင်းကြားခဲ့ရာ စက်ရှင်တရားသူကြီးများမှာ ရန်ကုန်သို့ ၅ ရက်အတွင်း ရောက်ရှိလိမ့်မည် ဖြစ်၏။ စက်ရှင်တရားသူကြီးများ ရောက်ရှိလာပြီးမှ စစ်ဆေးရန် နေရာကို ခုံသဘာပတိဖြစ်သူ ဟိုက်ကုတ်လွှတ်တော် တရားဝန်ကြီး ဦးကျော်မြင့်နှင့် ဆွေးနွေးပြီး ရွေးချယ်ကြမည် ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



## နေရာစီစဉ်ပြီးပြီ

သို့သော် အင်းစိန်ထောင်တွင်း၌ အမှုကြီးကို စစ်ဆေးရန် နေရာ ထိုင်ခင်းများ စီစဉ်ထားပြီးပြီဟူသော သတင်းမှာ ခိုင်လုံသော ဌာနက ကြားသိရလေသည်။ ထို့ပြင် တရားလိုဘက်မှ သက်သေပေါင်း ၁၂၀ ခန့် ပါဝင်ပြီး ဆိုကြောင်း၊ ထို ၁၂၀ ထဲတွင် သက်သေ ၆၀ မှာ အရေးပါ အရာရောက်သော သက်သေများ ဖြစ်သည်ဆို၏။

## တစ်နှစ်ခန့်ကြာမည်

အမှုကြီးကို ယခုရက်အနည်းငယ်အတွင်း စတင်စစ်ဆေးတော့မည် ဆိုသော်လည်း အမှုကြီးပြီးပြတ်အောင် တစ်နှစ်ကျော်ခန့် စစ်ဆေးရလိမ့်မည် ဟုခန့်မှန်းကြရသည်။ **အမှုမှာ လူသတ်မှု၊ လက်နက်မှု၊ အစိုးရကို တော်လှန်ဖြုတ်ချမှု စသည်ဖြင့် အမှု စတင်လိမ့်မည်ဆိုကြောင်း။**

❖

# လုပ်ကြံမှု စစ်ဆေးမည့် အစီအစဉ်

မြန်မာပြည် အမျိုးသား ခေါင်းဆောင်ကြီးများအား လုပ်ကြံမှု ကြီးကို စစ်ဆေးမည့် သမာဓိခုံအဖွဲ့ဝင် တရားသူကြီးများဖြစ်ကြသော ဦးကျော်မြင့်၊ ဦးစိဘူး၊ ဦးအောင်သာကျော်တို့သည် တရားဌာနအတွင်းဝန် မစ္စတာ မက္ကနီးလ်၊ သတင်းစာဘက်ဆိုင်ရာ အရာရှိ ဦးကျော်စိုး၊ သတင်းထောက်များအသင်း ကိုယ်စားလှယ် ဦးအေးဖေတို့နှင့်အတူ ၃-၈-၄၇ နေ့ နံနက် ၁၀ နာရီ ကျော်ကျော်အချိန်တွင် လုပ်ကြံမှုကြီးကို စစ်ဆေးရန် ပြင်ဆင်ထားသည့် အင်းစိန်ထောင်ကြီး အတွင်းရှိသော ခုံသမာဓိရုံးတော် အဆောက်အအုံသို့ သွားရောက်ကြည့်ရှုကြ၏။

လာမည့် အောက်တိုဘာလ ၈ ရက်နေ့ နံနက် ၁၀ နာရီတွင် လုပ်ကြံမှုကြီးကို အင်းစိန်ထောင်ကြီးအတွင်း၌ ထားရှိသော ခုံသမာဓိ ရုံးတော်တွင် စတင် စစ်ဆေးတော့မည်ဖြစ်ရာ ထိုစစ်ဆေးမည့်နေ့တွင် အင်းစိန် ထောင်ကြီး အပြင်ဘက် ပတ်ဝန်းကျင်တစ်ဝိုက်တွင် လက်နက်ကိုင် အစောင့် တပ်သားများ ချထား စောင့်ကြပ်မည်ဖြစ်ကြောင်း။

အစောင့်ချထားမည့် နေရာအတွင်းသို့ အစိုးရထံမှ အသိအမှတ် ပြုသော လက်မှတ်မပါသူများအား ဝင်ရောက်ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



အမှုစစ်ဆေးမည့် ရုံးတော်သည် ယခင် ပဲခူးသူပုန်မှု စစ်ဆေးသည့် ရုံးတော်အဖြစ် အသုံးပြုခဲ့သော အဆောက်အအုံဖြစ်၍ အလျား ပေ ၃၀၀၊ အနံပေ ၆၀ ရှိကြောင်း၊ အဆောက်အအုံ၏ အောက်ထပ်တွင် တရားလို၏ ရှေ့နေများ၊ တရားခံ၏ ရှေ့နေများ၊ နားနေရန် အခန်းနှင့် အမှုလာရောက် နားထောင်သော ဧည့်သည်များ နားနေရာ အခန်းများကိုလည်း ထားရှိပေးထားမည်ဖြစ်ကြောင်း။

အမှုစစ်ဆေးမည့် ရုံးခန်းကိုမူ အဆိုပါအဆောက်အအုံ၏ အပေါ်ထပ်တွင် ပြင်ဆင်ထားကြောင်း၊ အမှုစစ်ဆေးမည့် ခုံသမာဓိ တရားသူကြီးသုံးဦးတို့၏ ထိုင်ခုံကြီးများရှေ့တွင် အစိုးရရှေ့နေနှင့် တရားခံများ ရှေ့နေထိုင်ခုံများ ထားရှိမည်ဖြစ်၏။ ထိုရှေ့နေများ ထိုင်ခုံနောက်တွင် သတင်းထောက်များထိုင်ခုံရှိမည်ဖြစ်ပြီး ထိုနောက်မှ လုပ်ကြံမှုကြီး တရားခံများ ထိုင်ခုံထားရှိမည်။

တရားခံများကို ရှေ့ငါးယောက်တန်း၊ နောက်ငါးယောက်တန်းစသည်ဖြင့် နှစ်တန်းထားရှိ၍ တရားခံ ဦးစောကို ရှေ့တန်းလက်ယာ ဘက်တွင် ကုလားထိုင်တစ်ခုပေး၍ သီးခြားထိုင်စေမည်ဖြစ်၏။ ကျန်တရားခံများကို ခုံရှည်ဖြင့် ထိုင်စေမည်ဖြစ်၏။

ထိုတရားခံများနောက်မှ လက်နက်ကိုင် တပ်သားနှစ်ယောက် စောင့်ကြပ်မည်ဖြစ်၏။

ထို့နောက်မှ အမှုလာရောက် နားထောင်သော ဧည့်သည်များအတွက် နေရာထားရှိမည်။ တရားခံများနှင့် စကားပြောဆိုခြင်းကို မည်သူအားမျှ ခွင့်မပြုပေ။ ရုပ်ရှင်ရိုက်ခြင်း၊ ဓာတ်ပုံရိုက်ခြင်းကိုလည်း ခွင့်မပြုပေ။ သက်ဆိုင်ရာ ပြည်သူ့ပြန်ကြားရေးဌာနမှရိုက်ယူ၍ ထုတ်ပေးမည်ဖြစ်၏။

ခုံသမာဓိရုံးတော် အဆောက်အအုံကို သံဆူးကြိုး ခတ်ထားမည်ဖြစ်၍ အစောင့်တပ်သား ချထားမည် မဟုတ်ပေ။

## အမှုတွင် ဆောင်ရွက်ရသော ပုဂ္ဂိုလ်များ

| | | | |
|---|---|---|---|
| ၁။ | ဦးကျော်မြင့် | (ခုံအဖွဲ့ဥက္ကဋ္ဌ) | တရားဝန်ကြီး။ |
| ၂။ | ဦးစိဘူး | (ခုံအဖွဲ့ဝင်) | တရားသူကြီး။ |
| ၃။ | ဦးအောင်သာကျော် | (ခုံအဖွဲ့ဝင်) | တရားသူကြီး။ |
| ၄။ | ဦးအောင်ချိန် | (တရားလို) | ရဲမင်းကြီး။ |

www.burmeseclassic.com

www.burmeseclassic.com



၅။ ဦးထွန်းဖြူ (အစိုးရရှေ့နေချုပ်ကြီး)
၆။ ဦးမြသိန်း (အကူအညီဝတ်လုံတော်ရကြီးများ)
၇။ ဦးချန်ဖောင်း (အကူအညီဝတ်လုံတော်ရကြီးများ)

## တရားခံဘက်မှ လိုက်ပါဆောင်ရွက်သော ဝတ်လုံများ

၁။ မစ္စတာ ကားတစ်ဘင်နက် (ဘိလပ်မှ တော်ဝင် ဝတ်လုံတော်ကြီး)
၂။ မစ္စတာ ဗာတားနစ် (ဘိလပ်ဝတ်လုံ)
၃။ ဦးစံဝင်း (သာယာဝတီ)
၄။ ဦးသိန်းကျော် (ကြို့ပင်ကောက်)

❖

# ဦးစောပိုင်ပစ္စည်း ပေါင်ခွင့်ရောင်းခွင့်ပြု

## ဖြတ်ထိုးမေးခွန်း မရှိလျှင်

၁၆-၁၀-၄၇နေ့က နိုင်ငံတော် လုပ်ကြံမှုကြီးတွင် အစိုးရ ရှေ့နေချုပ်ကြီးအဖြစ် လိုက်ပါဆောင်ရွက်ရသော ဦးထွန်းဖြူက အကယ်၍ လုပ်ကြံမှုတရားခံများ၏ ရှေ့နေများသည် တရားလိုပြ သက်သေများကို မေးခွန်းမထုတ်လျှင် အမှုကြီးတစ်ခုလုံးသည် ရက်သတ္တသုံးပတ်အတွင်း ပြီးဆုံးသွားဖွယ်ရာ ရှိသည်ဆို၏။

## သက်သေ ၁၃၂ ယောက်စာ

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



အစိုးရသက်သေအဖြစ် လူပေါင်း ၂၀၀ ကို တင်ပြရန်ဖြစ်သော်လည်း ယခုမူ ၁၃၂ ယောက်ကိုသာ တင်ပြတော့ရန် ဆုံးဖြတ်ပြီးပြီ ဖြစ်သည်ဆို၏။

## ပေါင်စေ၊ ရောင်းစေ

ဦးစောအား မိမိ၏ ကာကွယ်ရေး၊ စရိတ်စကများအတွက် သုံးစွဲရန် မိမိပိုင် ပစ္စည်းများကို ပေါင်နှံခြင်းသော် လည်းကောင်း၊ ရောင်းချခြင်းသော် လည်းကောင်း ပြုလုပ်နိုင်သည်ဟု ဗမာအစိုးရက ခွင့်ပြုလိုက်ပြီ။

❖

# လုပ်ကြံမှုကြီး ခုံရုံးတင်ပြီ

တရားခံများမှာ ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မောင်စိန်၊ ရန်ကြီးအောင်၊ သုခ၊ ခင်မောင်ရင်၊ မောင်နီ၊ မှုန်ကြီး၊ ဘညွန့်တို့ ဖြစ်ကြပါသည်။

## ဘုရင်ခံ၏ ခန့်အပ်လွှာ

ရန်ကုန်မြို့ ဟိုက်ကုတ် လွှတ်တော်ရုံးကြီး၏ အခန်းအမှတ် (၇)၌ စက်တင်ဘာလ ၂၄ ရက်နေ့ နံနက် ၁၀ နာရီအချိန်ခန့်တွင် နိုင်ငံတော် လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ ခုံသမာဓိရုံး၌ တရားစွဲဆိုမည် ဟူသော သတင်းအရ နာလို ကြားလိုသော ရှေ့နေ၊ ဝတ်လုံများနှင့် ပရိသတ်များ လူးလာဖြတ်သန်းလျက် စောင့်ဆိုင်းကြည့်ရှုနေကြသည်ကို တွေ့ရ၏။

အမှတ်(၇) နိုင်ငံတော် ခုံသမာဓိရုံးခန်းတွင် အေဝမ်းရုပ်ရှင် ဓာတ်ပုံ ဆရာများ၊ ဆလိုက်မီးထိုးသူများ၊ ရန်ကုန် ကြေးနန်းသတင်း ကိုယ်စားလှယ် အသီးသီးတို့သည် သတ်မှတ်ထားသော တရားသူ ကြီးများ၊ လက်ယာဘက် ခုံဘေးရှိ စင်မြင့်၌ထိုင်လျက် ရှိကြကြောင်း၊ အပြင်လူများသည် နားထောင်ရန် တရားသူကြီး၏ မျက်နှာစာ၊ တရားခံ များ၏ ခုံနေရာအနောက် ခုံတန်းလျား များပေါ်တွင် ထိုင်လျက်ရှိကြ၏။ နေရာမဆံ့၍ အပြင်ဘက်စင်္ကြံမှာလည်း နားထောင်နေသည်ကိုတွေ့ရ၏။

## လက်နက်ကိုင်များ စောင့်နေခြင်း

ခုံတရားသူကြီးသုံးဦး၏ အခန်းနှင့် ခုံသမာဓိရုံးခန်း ပတ်ဝန်းကျင် တစ်ဝိုက်တွင် လက်နက်ကိုင်ပုလိပ်များ စောင့်စေလျက် ခုံသမာဓိ ရုံးခန်းသို့ တရားသူကြီးများသွားရန် လမ်းတစ်ခု သီးသန့်ထားရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရုံးထိုင်သောအချိန်

နံနက် ၁၁ နာရီတိတိအချိန်တွင် ခုံစာရေးကြီးက အော်ဒါဟု ကြွေးကြော်လိုက်သည်နှင့် တစ်ပြိုင်နက် အခန်းတွင်းရှိ လူများအားလုံး မတ်တတ်ရပ်လျက် ရှိနေကြစဉ် ရှေ့ဆုံးမှ တရားမင်းဖြစ်သော သက်သေခံ အထိမ်းအမှတ် လှံတံကိုကိုင်လျက် ခုံသမာဓိအဖွဲ့ ဥက္ကဋ္ဌ တရားဝန်ကြီး ဦးကျော်မြင့်၊ တွဲဖက် တရားသူကြီးများဖြစ်သော ဦးစိဘူး၊ ဦးအောင်သာ ကျော်တို့သည် တရားခုံသို့ ဝင်ရောက်လာလျက် ရောက်ရှိနေသော ဝတ်လုံကြီး များ၏ အရိုအသေခံယူပြီးမှ ထိုင်ကြလေသည်။

## ရှေ့နေချုပ်ကြီးနှင့် ပုလိပ်မင်းကြီး

ခုံတရားကြီး၏ ရှေ့မှောက် မျက်နှာချင်းဆိုင်ခုံတွင် တရား ဌာန အတွင်းဝန်နှင့် ထောင်မင်းကြီးဖြစ်သော မစ္စတာဂျေမက်နေ(လ်)၊ ရန်ကုန် ပုလိပ်မင်းကြီး ဦးအောင်ချိန်၊ ရှေ့နေချုပ်ကြီး ဦးထွန်းဖြူ၊ ရှေ့နေချုပ်ကြီး မစ္စတာ ချွန်ဖောင်း၊ ဦးချန်ထွန်းအောင်၊ လွှတ်တော်ရှေ့နေကြီး များနှင့်အတူ တရုတ်ပြည် သံအမတ်လောင်း ဦးမြင့်သိန်း၊ ကာမားကွန်ဗင့်စစ်တပ်မှ လက်ဖတင်နင်ကာနယ်ဘောတို့ တက်ရောက်လျက် ရှိသည်ကို တွေ့ရ၏။

## ခန့်အပ်ကြောင်း ကြေညာထားခြင်း

နိုင်ငံတော် လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ စစ်ဆေးရန်အလို့ငှာ တရားသူကြီး ဦးကျော်မြင့်အား လုပ်ကြံမှုကြီး စစ်ဆေးရေး ခုံသမာဓိ အက်ဥပဒေပုဒ်မ ၄ အရ၊ အထူးခုံတရားသူကြီး သုံးဦးအနက် ၁၉၄၇ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကာမားဂေဇက်အပိုဒ် ၃၅၆၊ စာမျက်နှာ ၅၇၉ အရ၊ အထူးခုံရုံး ပုဒ်မ ၃ အရ၊ တရားဝန်ကြီး ဦးကျော်မြင့်အား ခုံသမာဓိ နာယကကြီးအဖြစ်လည်းကောင်း၊ ဦးအောင်သာကျော် (ဒီစတြိတ် စက်ရှင် တရားသူကြီး)နှင့် ဦးစိဘူး (ဒီစတြိတ် စက်ရှင်တရားသူကြီး)တို့အား တွဲဖက်ခုံသမာဓိ တရားသူကြီးများ ဖြစ်ကြောင်းကို မြန်မာပြည်ဘုရင်ခံ မင်းကြီးက ခန့်အပ်ကြောင်း အစိုးရ ရှေ့နေချုပ်ကြီးက ဖတ်ကြားအစီရင် ခံသည်။

## ဇူလိုင် ၁၉ ရက်နေ့

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့ နံနက်အချိန်တွင် ရန်ကုန်မြို့ အတွင်းဝန်ရုံးကြီး၌ အောက်ဖော်ပြပါ တရားခံများ၏ လုပ်ကြံမှုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



(၁) ဝန်ကြီး ဦးအောင်ဆန်း၊ (၂) ဝန်ကြီး ဦးဘချို၊ (၃) ဝန်ကြီး သခင်မြ၊ (၄) ဝန်ကြီး ဦးဘဝင်း၊ (၅) ဝန်ကြီး မန်းဘခိုင်၊ (၆) ဝန်ကြီး မစ္စတာ ရာဇတ်၊ (၇) မိုင်းပွန်စော်ဘွားကြီး စောစံထွန်း၊ (၈) အတွင်း ဝန်ကလေး ဦးအုန်းမောင်၊ (၉) အပါးတော်မြဲ မောင်ထွေးတို့အား သေနတ်နှင့် ပစ်သတ် လုပ်ကြံသည့်အတွက် ဤရုံးတော်၌ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၃၀၂-၃၄၊ ၃၀၂-၁၁၄၊ ၃၀၂-၁၀၊ ၃၀၂-၁၂၀(ခ)အရ၊ ရုံးတော်က အရေးယူ စစ်ဆေးလိုပါကြောင်း လျှောက်ထားသည်။

## တရားခံ ၁၀ ဦး

တရာခံများမှာ (၁) ဦးစော၊ (၂) မောင်စိုး၊ (၃) သက်နှင်း၊ (၄) မောင်စိန်၊ (၅) ရန်ကြီးအောင်၊ (၆) သုခ၊ (၇) ခင်မောင်ရင်၊ (၈) မောင်နီ၊ (၉) မှုန်ကြီး၊ (၁၀) ဘညွှန့်တို့ ဖြစ်သည်။

## အရေးယူစစ်ဆေးရန်

ရှေ့နေချုပ်ကြီးက ဆက်လက်၍ ဖတ်ကြားလျှောက်ထားချက်၌ အထက်ပါ ညနေ ၃ နာရီအချိန်တွင် ရန်ကုန်မြို့၊ အေဒီလမ်း၊ အမှတ် ၇ ဦးစောနေအိမ်၌ တရားခံများကို ပုလိပ်များနှင့် တကွရောက် ဖမ်းဆီးရမိသည့် အတွက် ဖော်ပြပါပုဒ်မများအရ အရေးယူစစ်ဆေးရန် လျှောက်ထားကြောင်း ဖြင့် အမှုတွဲကို တရားသူကြီးများအား တင်ပြလေသည်။

## ဝန်ကြီးများအား လုပ်ကြံသူလေးဦး

ဝန်ကြီးများ စည်းဝေးနေသည့်အချိန်တွင် ဖော်ပြပါတရားခံ မောင်စိုး၊ သက်နှင်း၊ မောင်စိန်၊ ရန်ကြီးအောင်တို့သည် ဝန်ကြီးဦးအောင်ဆန်းပါ ကိုးဦး အား သေနတ်ဖြင့် ပစ်သတ်သည့်ပြင် ရန်ကြီးအောင်သည် မောင်ထွေးအား သေနတ်နှင့် အတွင်းဝန်ရုံးအပေါ်၌ ပစ်သတ်ခဲ့သူဖြစ်သည်ဟု လျှောက် ထား၏။

## စစ်ဆေးမည့်နေ့

အဆိုပါ အမှုကြီးမှာ ဝရမ်းအမှုကြီးဖြစ်သည့်ပြင် တနင်္လာ သက်သေပေါင်း ၁၂၀ ခန့် တင်ပြစစ်ဆေးမည်။ တရားခံများကို ထိန်းချုပ်သော

www.burmeseclassic.com

www.burmeseclassic.com



နေရာတွင် စစ်ဆေးရန် လျှောက်ထားချက်အရ၊ လုပ်ကြံမှုကြီး စစ်ဆေးရန် သမာဓိ ခုံရုံးကို အင်းစိန် ဗဟိုထောင်ကြီးအတွင်း၌ စစ်ဆေးရန် နာယက တရားသူကြီးက အမိန့်ချမှတ်လိုက်သည်။

## စစ်ဆေးမည့်နေ့နှင့် သက်သေစာရင်း

စက်တင်ဘာလ ၂၆ ရက်နေ့တွင် တရားလိုပြ သက်သေ ၁၂၀တို့၏ အမည်စာရင်းကို တင်ပြရန်နှင့် အောက်တိုဘာ ၈ ရက်နေ့ နံနက် ၁၀နာရီမှ နေ့လယ် ၁ နာရီ၊ ညနေ ၁ နာရီခွဲမှ ၃ နာရီခွဲ အထိ ခုံတရားရုံးတော်တွင် စစ်ဆေးမည်ဟု အချိန်ပါ ကန့်သတ် ဆုံးဖြတ်ပေးလိုက်သည်။

## တရားခံရှေ့နေ

တရားခံများသည် ရှေ့နေများကို မငှားနိုင်ပါက အစိုးရရှေ့နေ ခေါ်ပေးရန်အတွက် လွှတ်တော်ရှေ့နေချုပ်ကြီးက တာဝန်ယူမည့်အပြင် အစိုးရရှေ့နေများမှ ပါဝင်ကူညီလိမ့်မည်ဖြစ်၏။

❖

# ဦးစောအမှု စတင်စစ်ဆေးသောနေ့

ဖက်ဖူးရောင် ဘန်ကောက်လုံချည်၊ မီးခိုးရောင် သက္ကလတ် အင်္ကျီနှင့် နေကာမျက်မှန်တပ်ကာ ဝင်လာသော ဦးစောမှာ များစွာ ပိန်နေလေပြီ။

ဦးစော ဝင်လာသောအခါ ၎င်း၏အဖွဲ့ဝင်များက အားလုံး မတ်တတ်ရပ်ကာ အလေးပြုကြ၏။

ဗိုလ်ချုပ်နှင့် ပြည်သူ့ခေါင်းဆောင် ဝန်ကြီးများကို လုပ်ကြံသော အမှုကြီးများနှင့် ပတ်သက်၍ ပြည်သူများ နားစွင့်နေသည့် ၎င်းအမှု ကြီးကို စနစ်တကျ စီစဉ်ဆောင်ရွက်ထားသော အင်းစိန်ထောင်ကြီး အတွင်း စတင်၍ (Preliminary) ရှေ့တော်ပြေး ရုံးတင်စစ်ဆေးသည်။

အင်းစိန်ထောင်ကြီး အပြင်ဖက်တွင် အင်းစိန်ရာဇဝတ်ဝန်ကြီး ဦးအောင်စိန်နှင့် ပုလိပ်အဖွဲ့ဝင်များ ထောင်နံရံအတွင်းတွင် ရန်ကုန်ပုလိပ်

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး ဦးအောင်ချိန်နှင့် ပုလိပ်အဖွဲ့က စနစ်တကျ စောင့်ရှောက်နေလေသည်။

ထောင်ကြီးအတွင်းတွင် သံဆူကြိုးများ အဆင့်ဆင့်ကာရံထားကာ ရုံးတည်ရာဌာနကို အထပ်ထပ် စောင့်ရှောက်ကာကွယ်ပေးထားသည့်ပြင် သောင်းကျန်းမှုနှိမ်နင်းရေး တပ်သားများကလည်း ရုံးခန်း၏အထက်အောက် တစ်ဝိုက်တွင် အထူးတလည်စောင့်ရှောက်လျက်ရှိနေကြသည်။

## စစ်ဆေးရာသို့ လာရောက်ကြသူများ

တရားစစ်ဆေးရာသို့ အစိုးရရှေ့နေချုပ်ကြီး ဦးထွန်းဖြူ၊ ဒုတိယ ရှေ့နေချုပ် မစ္စတာ ချွန်ဖောင်း၊ အစိုးရရှေ့နေကြီး ဦးမြသိန်း၊ စုံထောက်မင်းကြီး ဦးထွန်း လှအောင်၊ နယ်ခြားဒေသဆိုင်ရာ အတွင်းဝန် ဦးမြင့်သိန်းတို့အား တွေ့ရှိရ၏။

၄င်းအပြင် ဦးစော၏ဇနီး ဒေါ်သန်းခင်၊ သမီး ဘေဘီစော၊ ယောက္ခမ ဦးလူကလေးတို့လည်း လာရောက် နားထောင်ကြသည်။

## သတင်းစာ ဆရာများ

သတင်းစာ ဆရာများမှာလည်း အထူးစုံလင်ကြကြောင်း၊ နိုင်ငံခြား သတင်းစာဆရာများလည်း တက်ရောက်ကြကာ သတင်းစာဆရာများလည်း အခြားသူများကဲ့သို့ စည်းကမ်းသေဝပ်စွာ သီးသန့်နေရာများတွင် နေရသည်။

❖

# လုပ်ကြံမှု စစ်ဆေးရန် ခုံရုံးကြီး

## အောက်တိုဘာ ၈ ရက်နေ့စစ်ဆေး

ယနေ့ အောက်တိုဘာလ ၈ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ တရားခံများကို အင်းစိန်ထောင်ကြီး အတွင်းရှိ အထူးခုံရုံးတွင် စတင်စစ်ဆေး၏။

www.burmeseclassic.com

www.burmeseclassic.com



## တက်ရောက် နားထောင်သူများ

အမှုစစ်ဆေးသော ရုံးခန်းအတွင်း လာရောက်နားထောင်သူ များမှာ နိုင်ငံခြားနှင့် မြန်မာပြည်အတွင်းရှိ သတင်းစာတိုက် အသီးသီးရှိ သတင်းထောက်ပေါင်း ၄၀ ကျော်နှင့် အထူးဧည့်သည်တော်များ၊ ပြည်သူ့ ပြန်ကြားရေးဌာန အရာရှိများ၊ စစ်ဘက်ဆိုင်ရာအချို့ အရာရှိများ တက်ရောက်နားထောင်ကြသည်။ ဦးစော၏ဇနီး ဒေါ်သန်းခင်၊ သမီး ဘေဘီစောနှင့် ဒေါ်သန်းခင်၏ဖခင် ဦးလူကလေးတို့ကိုတွေ့ရ၏။ ဒေါ်သန်းခင်မှာ ပန်းရောင်နုဘန်ကောက်လုံချည်၊ ပဒုမ္မာအင်္ကျီ အဝါနုရောင်၊ ပဝါကိုလည်း လည်ပင်းပတ်ထားသည်ကို တွေ့ရ၏။

## တရားသူကြီးနှင့် ရှေ့နေများ

ခုံသမာဓိ တရားသူကြီးများဖြစ်ကြသော ဦးကျော်မြင့်၊ ဦးစိဘူး၊ ဦးအောင်သာကျော်တို့နှင့် အစိုးရရှေ့နေချုပ်ကြီးများဖြစ်သော ဦးထွန်းဖြူ၊ ဦးမြသိန်းနှင့် ဦးချန်ဖောင်တို့လည်း နံနက် ၉ နာရီခွဲအချိန်တွင် အင်းစိန်ထောင်ကြီးအတွင်းသို့ ဆိုက်ရောက်လာကြ၏။

## တရားခံများ

မကြာမီ အချိန်အတွင်းမှာပင် လုပ်ကြံမှုကြီး တရားခံများ ဖြစ်သော မောင်စိုး၊ သက်နှင်း၊ စိန်ကြီးခေါ် မောင်စိန်၊ ရန်ကြီးအောင်၊ သုခ၊ ခင်မောင်ရင်၊ မောင်နီခေါ် အနီ၊ မှုန်ကြီးတို့ကို တစ်ယောက်ပြီး တစ်ယောက် လက်နက်ကိုင်ပုလိပ်များ၊ အစောင့်အရှောက်များနှင့် တရားခံများထားရာ ခုံတန်းလျားသို့ ခေါ်ဆောင်လာပြီး လက်ထိပ်ခတ်ထားသည်ကို တွေ့ရ၏။

## တရားခံ အဝတ်အစားများ

အခန်းတွင်းသို့ ဝင်လာသော ရန်ကြီးအောင်မှာ မန္တလေးလုံချည်၊ ပေါ်ပလင်လက်တိုအင်္ကျီ၊ စိန်ကြီးက ပလေကပ်လုံချည်၊ ရက်ဖျင်အင်္ကျီလက်ရှည်၊ မောင်နီမှာ ပလေကပ်လုံချည်၊ ဆွယ်တာလက်ပြတ်အင်္ကျီ၊ ခင်မောင်ရင်ကား ပလေကပ်လုံချည် အစိမ်းကွက်၊ ပေါ်ပလင်လက်ရှည်အင်္ကျီ အသီးသီး ဝတ်ဆင်ထားသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



## ၁-တရားခံ ဦးစော

၁-တရားခံ ဦးစောမှာ လက်ထိတ်မခတ်ဘဲ လက်နက်ကိုင် အစောင့်အရှောက်များ ခြံရံလျက် တရားခွင်သို့ ခေါ်ဆောင်လာသည်ကို တွေ့ရ၏။ ဦးစောမှာ ဘန်ကောက်လုံချည် ရေညှိရောင်၊ မျက်မှန်အနက်၊ သက္ကလတ်အပေါ်အင်္ကျီ မီးခိုးရောင်တို့ကို ဝတ်ဆင်ထားပြီး ဦးစောအတွက် တရားခံများထားရာ အထူးနေရာတွင် သီးသန့်ပေးထားသော ကုလားထိုင်ပေါ်တွင် ဝင်ထိုင်နေသည်ကို တွေ့ရ၏။

## အမှု စစ်ပြီ

သမာဓိခုံရုံးကြီးအတွင်း တရားခံများ၊ အစိုးရရှေ့နေချုပ်များ၊ သတင်းစာဆရာများနှင့် အထူးဧည့်သည်တော်များ စုံညီသည်နှင့် တစ်ပြိုင်နက် ခုံသမာဓိရုံး အထူးတရားသူကြီးသုံးဦး တရားခွင်သို့ ဝင်ရောက်လာပြီး ၎င်းတို့၏ အဆင့်အတန်းအလိုက် အဆောင်အယောင် ဝတ်ရုံနက်ကြီးများ ဝတ်ဆင်ထားကြသည်။

## ရှေ့နေကိစ္စ

တရားခွင်တွင် တရားသူကြီးများ ထိုင်မိကြပြီးနောက် ခုံသမာဓိတရားသူကြီးချုပ် ဦးကျော်မြင့်က မိန့်ခွန်းစကား အနည်းငယ် ပြောကြားပြီး တရားခံများအတွက် ရှေ့နေလိုက်ရန် ကိစ္စနှင့် ပတ်သက်၍ မေးမြန်းရာ…

**ဦးစော။** ။ယခု ခုံရုံးတော်တွင် တရားသူကြီးများအား ရှေ့နေငှားရေးကိစ္စနှင့် ပတ်သက်၍ ပြောကြားရန် အကြောင်းနှစ်ချက် ရှိပါတယ်။ ယခုအမှုတွင် တရားခံ ၁၀ ဦးစလုံးမှာ တရားလို၏ စွဲချက်အရ အမှုတစ်ခုတည်း၊ ပုဒ်မတစ်ခုတည်းဖြစ်၍ မြန်မာပြည်ရှေ့နေ သုံးယောက်နှင့် ဘိလပ်မှဝတ်လုံကြီးတစ်ဦး တွဲဖက်၍ တရားခံဘက်မှ ကာကွယ်ရေးအဖွဲ့တစ်ဖွဲ့ဖွဲ့စည်းကာ ဆောင်ရွက်စေပြီး စစ်ဆေးလိုပါသည်။ အစိုးရက ငှားပေးမည့်ရှေ့နေဆိုလျှင် တရားခံများ လွတ်မြောက်အောင် ကာကွယ်ပေးမှသာလျှင် ရှေ့နေကောင်းဟု ခေါ်ဆိုနိုင်ပါသည်။ တရားခံထောင်ကျအောင်လုပ်မည့် ရှေ့နေမျိုးဆိုလျှင် မလိုချင်ပါ။ ရှေ့နေလိုက်ရမှာလည်း ကြောက်နေပုံရပါတယ်။

**တရားသူကြီးချုပ်။** ။ဦးစောလည်း ရှေ့နေလုပ်ဖူးတဲ့လူပဲ။ ရှေ့နေကစပြီး

www.burmeseclassic.com

www.burmeseclassic.com



နန်းရင်းဝန် ဖြစ်ဖူးတဲ့လူပါ။ တရားခံများအတွက် ရှေ့နေငှားရေးနဲ့ ပတ်သက်ပြီး ရန်ကုန်ရှေ့နေ အသင်းကြီးကို စုံစမ်းကြည့်တဲ့အခါ ရှေ့နေလိုက်လိုတဲ့လူ မတွေ့ရဘူး။ သူတို့အကြောင်း ပြချက်ကတော့ အစိုးရပေးတဲ့ ရှေ့နေနှုန်းနည်းတယ်လို့ ပြောကြတာပဲ။ ဦးစော သဘောကျတဲ့ ရှေ့နေများရှိလျှင်ပြောပါ။ ကျွန်တော် စီစဉ်ပေးပါ့မယ်။ အကယ်၍ အစိုးရပေးတဲ့ ရှေ့နေခနှုန်း နည်းတယ်ဆိုလျှင်လည်း တိုးရအောင် လုပ်ပေးပါ့မယ်။ ဦးစော ထင်သလိုပဲ ရှေ့နေလိုက်ဖို့ အားလုံးက ကြောက်နေကြမယ် မဟုတ်ပါဘူး။

## ရက်ချိန်းရွှေ့ပေးပါ

**ဦးစော။** ။ကျွန်တော့် အစီအစဉ် ဒုတိယအချက်က ဘိလပ်ဝတ်လုံကြီး တစ်ဦး ငှားဖို့ပါပဲ။ ဝတ်လုံငှားသွားတဲ့ မစ္စတာ ဗာတားနစ် လည်း ယနေ့ အောက်တိုဘာ ၈ ရက်နေ့ နံနက် ဘိလပ်မှ ဘီ၊ အို၊ အေ၊ စီ လေယာဉ်ပျံနဲ့ ရောက်လာပါမည်။ ကြေးနန်းလည်း ရပြီးပါပြီ။ ၄-၅-၆ ရက်အတွင်း မစ္စတာ ဗာတားနစ် ရောက်လာတဲ့အခါ အမှုတွဲ အားလုံးကို ဘိလပ်ဝတ်လုံထံ ပို့လိုပါတယ်၊ ဒါကြောင့် အမှုကြီးလည်း ဆက်လက် မစစ်ဆေးသေးဘဲ ၁၄ ရက်လောက် ဆိုင်းထားခွင့်ပြုစေလိုပါတယ်။

**တရားသူကြီးချုပ်။** ။ ဦးစောဆန္ဒအတိုင်း အမှုတွဲကိုလည်း အမြန်ကူပေးစေပါ့မယ်။ ဦးစော တောင်းဆိုတဲ့ရက်ချိန်းရွှေ့ဆိုင်းမှုနဲ့ ပတ်သက်ပြီး အစိုးရရှေ့နေချုပ်ကြီး ဦးထွန်းဖြူနှင့် ခေတ္တတိုင်ပင်ပြီးသော် ဆက်လက်၍-

**တရားသူကြီးချုပ်။** ။ ဘိလပ် ဝတ်လုံ လာမှာ သေချာရဲ့လား။

**ဦးစော။** ။ ဘိလပ်ဝတ်လုံလာမှာ သေချာပါတယ်။ ဒါကြောင့် အမှုကြီးကို ရက်ချိန်းတောင်းတာပါ။

**တရားသူကြီးချုပ်။** ။ သည်ကိစ္စကို လက်ခံနိုင်လောက်အောင် စီစဉ်ပေးပါ့မယ်။ ဒါပေမယ့် ဦးစောနှစ်သက်တဲ့ မြန်မာပြည်မှ ရှေ့နေများ မရှိဘူးလား။ ဘယ်လိုရှေ့နေ လိုချင်တယ်ဆိုတာသာ ပြောပါ၊ တတ်နိုင်သလောက် စီစဉ်ဆောင်ရွက်ပေးပါ့မယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစော။** ။ ကျွန်တော့်ဘက်က လိုက်နိုင်မယ့် ရှေ့နေရှိပါတယ်။ သာယာဝတီဦးစံဝင်း၊ ကြို့ပင်ကောက် ဦးသိန်းကျော်တို့ ဖြစ်ပါတယ်။ ဦးသူငယ်တော့ မမေးရသေးဘူး။ လိုက်လိမ့်မယ်လို့ ထင်ပါတယ်။

**တရားသူကြီးချုပ်။** ။ ကောင်းပါပြီ။ ဦးစော အလိုရှိတဲ့ရှေ့နေ ဦးစံဝင်း နှင့် ဦးသိန်းကျော်တို့ကို ကျွန်တော့်ထံသို့ လွှတ်ပါ။ ကျွန်တော်နှင့် တွေ့ဆုံပြီး စီစဉ်ပေးပါ့မယ်။

## လွတ်လွတ်လပ်လပ် တိုင်ပင်ပါရစေ

**ဦးစော။** ။ တရားခံဘက်ကလိုက်မယ့် ရှေ့နေနဲ့ လွတ်လွတ်လပ်လပ်ဆွေးနွေးတိုင်ပင်ခွင့်ရအောင် စီစဉ်ပေးပါ။

**တရားသူကြီးချုပ်။** ။ သည်ကိစ္စကို တတ်နိုင်သလောက် လိုက်လျောပြီး စီစဉ်ပေးပါ့မယ်။ အမှုရက်ချိန်းကို ၁၄ ရက်ထိ မရွှေ့ဆိုင်းဘဲ ၇ ရက်၊ အောက်တိုဘာလ ၁၅ ရက်နေ့ထိ ရွှေ့ဆိုင်းပေးပါ့မယ်။ သည်အတောအတွင်း မစ္စတာ ဗာတားနစ်ရောက်မှ ကြည့်ပြီး စီစဉ်တာပေါ့။ ထပ်ပြီး ရက်ချိန်းရွှေ့ဖို့ လိုရင်လည်း ရွှေ့ပေးပါ့မယ်။ အမှုမှာ ပွဲဦးထွက်မျှသာ ရှိပါသေးတယ်။ ဘိလပ်က ဝတ်လုံရောက်လာ လို့ သက်သေတွေ ထပ်ပြီး စစ်ဆေးချင်တယ်ဆိုလည်း ခေါ်ပေးရတာပေါ့။ ဦးစော ယခုခေါ်မယ့်ဝတ်လုံဟာ ဦးစောတစ်ယောက်တည်း အတွက်ပဲလား။ တရားခံ အားလုံးအတွက်ရောလား။

**ဦးစော။** ။ အားလုံးအတွက်ပါ။

**တရားသူကြီးချုပ်။** ။ တရားခံ ဘည္ဆန့်မှာ အစိုးရသက်သေ ဖြစ်သွားပြီး ဖြစ်၍ ကျန်တရားခံ ရှစ်ဦးတို့၏ သဘောထားကို မေးရပါလိမ့်မယ်။

## တရားခံများ သဘောထား

ထို့နောက် တရားသူကြီးချုပ်က တရားခံများကို တစ်ယောက်စီ နာမည်ခေါ်၍ ၎င်းတို့ သဘောထားကို မေးမြန်းရာ တရားခံ ရှစ်ဦး အနက်

www.burmeseclassic.com

www.burmeseclassic.com



မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်နှင့် မှုန်ကြီးတို့က ဦးစော သဘောကျ ငှားရမ်းသော ရှေ့နေ၏ ဆောင်ရွက်ချက်ကို သဘောတူကြ၏။ စိန်ကြီး၊ မောင်စိုး၊ ခင်မောင်ရင် သုံးဦးက ရှေ့နေမလို၊ တရားခံ တစ်ဦးဖြစ်သူ သုခက သီးခြားရှေ့နေတစ်ဦး အလိုရှိကြောင်း လျှောက်ထားရာ···

**တရားသူကြီးချုပ်။** ။ ကောင်းပါပြီ။ တရားခံသုခက ရှေ့နေတစ်ယောက် သီးခြား အလိုရှိသည်ကို အစိုးရက တာဝန်ယူ ဆောင်ရွက်ပေးပါ့မယ်။

**ဦးစော။** ။ ယခု တရားခံများမှာ ကျွန်တော့်အိမ်တွင် ဆွေရင်းမျိုးချာပမာ လပေါင်းများစွာ နေထိုင်တဲ့လူများ ဖြစ်ပါတယ်။ ၄င်းလူငယ်များကို ဖမ်းတဲ့အချိန်ကစပြီး ပုလိပ်က ဆွဲထားပါတယ်။ ပုလိပ်က နှိပ်စက်ပြီး မတရား ထွက်ဆိုခိုင်းမည်ကို စိုးရိမ်ရပါတယ်။ ဒါ့ကြောင့် တရားသူကြီးများကို တိုင်တန်းပါတယ်။

**တရားသူကြီးချုပ်။** ။ သည်ကိစ္စကို ဆိုင်ရာဖြင့် မှတ်တမ်း တင်ထားပါ့မယ်။

ထို့နောက် တရားသူကြီးချုပ်က တရားခံများအား ပုလိပ် အညှဉ်းဆဲ ခံရသူများရှိခဲ့လျှင် မတ်တတ်ရပ်ပြပါဟု အမိန့်ရှိလိုက်ရာ ဦးစောအပြင် တရားခံရှစ်ယောက်အနက် မောင်စိုး၊ သက်နှင်း၊ မှုန်ကြီး၊ ရန်ကြီးအောင်တို့က မတ်တတ်ရပ်ပြပြီး ကျန်တရားခံများ ထိုင်မြဲထိုင်နေကြသည်။

## အမှုစစ်ခြင်းကို အောက်တိုဘာ ၁၅ ရက်ရွှေ့ဆိုင်း

ခုံသမာဓိ တရားသူကြီးချုပ်က ၄င်းတို့၏ တိုင်တန်းချက်ကို မှတ်တမ်းတင်ပြီးနောက် လုပ်ကြံမှုကြီးကို အောက်တိုဘာ ၁၅ ရက်နေ့ထိ ရက်ရွှေ့ဆိုင်းလိုက်ပြီး ခုံရုံးတော်ကို နေ့လယ် ၁ နာရီတွင် ရုပ်သိမ်း သည်။

# လုပ်ကြံမှုကြီးကို ဒုတိယအကြိမ်မြောက်စစ်ဆေး

အောက်တိုဘာလ ၁၅ ရက်နေ့တွင် အင်းစိန်ထောင်ကြီးအတွင်းရှိ အထူးခုံသမာဓိရုံးတော်၌ ပြည်သူ့ခေါင်းဆောင်ကြီးများ လုပ်ကြံမှုကြီးကို ဒုတိယအကြိမ်မြောက် ထပ်မံ စစ်ဆေးသည်။ အမှုလာရောက် နားထောင်သူ

www.burmeseclassic.com

www.burmeseclassic.com



ညွှန်သည်တော်များအား အသေအချာ ရှာဖွေပြီးမှ ဝင်ခွင့်ပြု၏။ ပါလာသော ပိုက်ဆံအကြွေများ၊ ငွေစက္ကူများကိုပင် ယူဆောင်သွားခြင်းခွင့်မပြု။ ထောင်အရာရှိတစ်ဦးက အသေအချာရေတွက်ပြီး သိမ်းယူလိုက်သည်။ အမှုစစ်ဆေးချိန်ပြီး၍ အပြန်တွင်မှ သိမ်းယူထားလိုက်သော ငွေများကို ပြန်ပေးသည်။

## တရားခံများ ခွဲခြားထားပြီ

တရားခံများကို ၉ နာရီ ၄၅ မိနစ်တွင် စတင် ထုတ်ယူလာ၏။ တရားခံ မှုန်ကြီး၊ မောင်စိုး၊ သက်နှင်းနှင့် ရန်ကြီးအောင်တို့ကို ပထမ ခေါ်ယူလာပြီး ဦးစောထားရာ ဝက်ခြံတစ်ခုတွင် ထိုင်စေသည်။ တရားခံ အားလုံးပင် သားသားနားနား လုလုပပ ဝတ်ဆင်ထား၏။ သက်နှင်းမှာ ပလေကပ်လုံချည် အဖြူကွက်၊ အသစ်စက်စက် သက္ကလတ် အပေါ်ဖုံး အင်္ကျီကို ဝတ်ဆင်လျက် လည်ပင်းတွင် စိပ်ပုတီးတစ်ကုံး စွပ်ထားသည်ကို တွေ့ရ၏။ ငါးမိနစ်ခန့်ကြာသော် ခင်မောင်ရင်၊ မောင်နီ၊ စိန်ကြီး၊ သုခတို့ လေးယောက်အတွဲကို ဝက်ခြံတစ်ခု၌ သီးသန့် ထိုင်စေသည်။ ၄င်းတရားခံ အားလုံး သပ်ရပ်စွာ ဝတ်စားထားသည်ကိုတွေ့ရ၏။ အချို့သောင်းဘီရှည်နှင့် ကုတ်အင်္ကျီကို ဝတ်ဆင်ကာ လက်ပတ်နာရီ ပတ်ထားသည်ကိုပင် တွေ့ရှိရလေသည်။ ထို့နောက် ၁၀ နာရီတိတိတွင် လက်နက်ကိုင် ပုလိပ်များ ခြံရံလျက် ဦးစောအား လုံချည်အစိမ်းပုပ်ရောင်၊ ပိုးအပေါ်အင်္ကျီကို ဝတ်ဆင်ထားသည်ကို တွေ့ရလေသည်။

## တရားခံဘက်မှ ရှေ့နေများ

ခုံရုံးဥက္ကဋ္ဌ တရားသူကြီးက တရားခံများဘက်မှ ရှေ့နေများ စုံမစုံ မေးရာ ရှေ့နေချုပ်ကြီး ဦးထွန်းဖြူက မစ္စတာ ဗာတားနစ်၊ ဦးစံဝင်း၊ ဦးသိန်းကျော်တို့နှင့် ဦးဘထွန်းတို့ အသင့်ရောက်ရှိနေပြီဖြစ်ကြောင်း ဖြေဆိုလေသည်။ ဥက္ကဋ္ဌ တရားသူကြီး ဦးကျော်မြင့်က ဦးစော ရှေ့နေ ရောက်ပြီလား။

**ဦးစော။** ။ မစ္စတာ ဗာတားနစ် ရောက်လာပါပြီ။

ထို့နောက် တရားသူကြီးချုပ်နှင့် မစ္စတာ ဗာတားနစ်တို့ တိုင်ပင်ကြပြီး မစ္စတာ ဗာတားနစ်မှာ ရှေ့နေလိုင်စင် မရသေးသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဦးစောအတွက် သက်သက်ရှေ့နေလိုက်နိုင်သလောက်လိုက်၍ မလိုက်နိုင်သော နေ့တွင် မလိုက်ဘဲနေနိုင်သော ခွင့်ချက်ဖြင့် ခွင့်ပြုလိုက်၏။ သာယာဝတီ ဦးစံဝင်းနှင့် ဦးသိန်းကျော်တို့အား တရားခံ မောင်စိုး၊ သက်နှင်း၊ မှုန်ကြီးနှင့် ရန်ကြီးအောင်တို့၏ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်စေပြီး တရားခံ သုခက ရှေ့နေမလိုချင်တော့ဟု လျှောက်ထားပြန်သဖြင့် ရှေ့နေ ဦးဘထွန်းမှာ နောက်နေ့များတွင် ရှေ့နေလိုက်ရန် မလိုတော့ကြောင်း ပြောကြား၏။

## စွဲချက်တင်ပြီ

ထို့နောက် ရှေ့နေချုပ်ကြီး ဦးထွန်းဖြူက ဇူလိုင် ၁၉ ရက်နေ့ လုပ်ကြံမှုကြီးကို အစမှအဆုံးတိုင် ရာဇဝင်နှင့် ချီပြောပြီး စွဲချက်တင်လိုက်လေ၏။ လုပ်ကြံမှုကြီး မဖြစ်ပွားမီ ဇူလိုင်လ ၁၈ ရက်နေ့ကပင် ကြံတင်၍ တရားခံများခေါင်းဆောင် ဦးစော မည်သို့မည်ပုံ စီစဉ်သည်။ ၁၉ ရက်နေ့ နံနက်တွင် ခင်မောင်ရင် ခေါင်းဆောင်သော ၃၁၃၃ ထရပ်ကားတစ်စီးက စောစောကပင် အတွင်းဝန်ရုံးသို့ရောက်ရှိပြီး လှည့်လည် သတင်းထောက်လှမ်းရပုံ၊ ထရပ်ကားပေါ်တွင်ပါသော တရားခံ မောင်နီ၊ မှုန်ကြီးနှင့် ဘညွန့်တို့က မည်သို့မည်ပုံ တာဝန်ခွဲဝေ ဝတ္တရား ဆောင်ရွက်ရပုံ၊ ဘညွန့်မှာ လက်ရှိ နန်းရင်းဝန်ကြီး သခင်နုအား ပစ်သတ်ရန် တာဝန်ကျသော်လည်း အကြံ အထမမြောက်ရပုံ၊ ဝန်ကြီး အစည်းအဝေးလုပ်ပြီဖြစ်ကြောင်း ခင်မောင်ရင်က တယ်လီဖုန်းနှင့် သတင်းပေးလိုက်သည်နှင့် တစ်ပြိုင်နက် တရားခံ မောင်စိုး၊ သက်နှင်း၊ မောင်စိန်၊ သုခ၊ ရန်ကြီးအောင်တို့သည် ၁၂-နံပါတ် စစ်သား အဝတ် အစားများ၊ တံဆိပ်များ ဝတ်ဆင်လျက် တော်မီဂန်း၊ စတင်းဂန်းများ ကိုင်ဆောင်ပြီး ဂျစ်ကားနံပါတ် အာစီ-၁၈၁၄ ကို စီးကာ အတွင်းဝန်ရုံးသို့ ရောက်လာပုံ၊ သုခက ကားကို စက်မရပ်ဘဲ အသင့်ပြင်ထားစဉ် မောင်စိုး ခေါင်းဆောင်သော ရန်ကြီးအောင်၊ မောင်စိန်နှင့် သက်နှင်းတို့က ဗိုလ်ချုပ် အခန်းစောင့် မင်းစေမောင်သောင်းစိန်အား တွန်းထိုးပြီး လှေးယောက်သား မောင်စိုး အမိန့်အတိုင်း စတင်းဂန်း၊ တော်မီဂန်းနှင့် ဝင်ရောက်ပစ်ခတ်ပုံတို့ကို အကျယ်တဝင့် ပြောပြသည်။ ထို့ပြင် အတွင်းဝန်ရုံးမှ အဆင်းလှေကားတွင် ဝန်ကြီး မစ္စတာရာဇဝတ်၏ သက်တော်စောင့် မောင်ထွေးအား ရန်ကြီးအောင်က စတင်းဂန်းနှင့် ပစ်လိုက်ပုံ၊ အသင့်စောင့်နေသော ဂျစ်ကားပေါ်သို့ တက်ကြပြီး

www.burmeseclassic.com

www.burmeseclassic.com



၈ မိုင်၊ အေဒီလမ်း၊ ဦးစောအိမ်သို့ ပြန်ကြပုံ၊ 'ဦးစောက နေရာကျရဲ့လား' ဟု မေးသည်တွင် 'အောင်ပြီ အောင်ပြီ' ဟု ကြွေးကြော်ကြပုံများ၊ ညနေ ၃နာရီတွင် ဦးစောအိမ်သို့ ပုလိပ်များ သွားရောက်ဝိုင်းဝန်း ဖမ်းဆီးပုံများကို အကျယ်တဝင့်ပြောပြပြီး တရားခံများအား ပုဒ်မ ၃၀၂၊ ၃၀၂-၃၄၊ ၃၀၂-၁၀၄၊ ၁၁၂၊ ၁၀၉ (သို့) ၃၀၂-၁၂၀(ခ)အရ စစ်ဆေးပါရန် လျှောက်ထားသည်။

## တရားလို ပုလိပ်မင်းကြီး ဦးအောင်ချိန်အား စစ်ဆေးခြင်း

အစိုးရရှေ့နေချုပ်ကြီး ဦးထွန်းဖြူက တရားလို ပုလိပ်မင်းကြီး ဦးအောင်ချိန်အား စစ်ဆေးရန် ခေါ်လိုက်သည်။ ဦးအောင်ချိန်သည် ကျမ်းကျိန်ဆိုပြီး ရှေ့နေချုပ်ကြီး ဦးထွန်းဖြူ မေးသမျှမေးခွန်းများကို အောက်ပါအတိုင်း ဖြေဆိုသည်။

**ရှေ့နေချုပ်ကြီး ဦးထွန်းဖြူ။** ။ သည်အမှုကြီးမှာ တရားလိုဟာ ခင်ဗျားပဲ မဟုတ်လား။

**ဦးအောင်ချိန်။** ။ မှန်ပါတယ်။

**ဦးထွန်းဖြူ။** ။ ဇူလိုင် ၁၉ ရက်နေ့ လုပ်ကြံမှုကြီး ဖြစ်ပွားစဉ်က အတွင်းဝန် ရုံးကြီးတွင် ရှိနေပါသလား။

**ဦးအောင်ချိန်။** ။ အတွင်းဝန်ရုံး အောက်ထပ် အရှေ့တောင်ထောင့်ရှိ ရာဇဝတ်မှု ပုလိပ်မင်းကြီးရုံးခန်းတွင် ရှိနေပါတယ်။

**ဦးထွန်းဖြူ။** ။ အဲသည်နေ့က ဖြစ်ပျက်ပုံတွေကို ဘာသိသလဲ။ ဘာကြားသလဲ။

## ဖြစ်ပုံကိုပြော

လုပ်ကြံမှုကြီးဖြစ်ပွားသော ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီလောက်တွင် အမြောက်ခဲတွေ သွန်ကြဲလိုက်သလို စားပွဲများတွန်း၍ တရွတ်တိုက် ရွှေ့လိုက်သံလို အသံများကြား၍ ရုံးခန်းအတွင်းမှ အပြေးအလွှား ထွက်လာခဲ့ရာ အခန်းအပြင်ဘက်သို့ ရောက်သောအခါ အတွင်းဝန်ရုံး အနောက်ဘက်ခန်းတွင် သေနတ်ပစ်မှုဖြစ်ပွားကြောင်း သိရှိရပါသည်။ ဒါနဲ့ ကျွန်တော်လည်း အခင်းဖြစ်ပွားရာ ဗိုလ်ချုပ်အောင်ဆန်းအခန်းသို့ သွားရောက်ကြည့်ရှုပါသည်။

www.burmeseclassic.com



ဗိုလ်ချုပ်နှင့်တကွ ဝန်ကြီးအချို့မှာ ကြမ်းပြင်ပေါ်တွင် ပက်လက်မှောက်ခုံ လဲနေကြသည်ကို တွေ့ရပါ၍ အခန်းထဲကို ကျွန်ုပ်ကော်ရောက်တော့ မီးခိုးများ မမြင်ရတော့ပါ။ ယမ်းစော်များ ညှော်နေသောအနံ့များ ရပါသေးသည်။ ဗိုလ်ချုပ်အောင်ဆန်း၊ မန်းဘခိုင်၊ အိုင်စီအက်စ် ဦးအုန်းမောင်၊ သခင်မြ၊ မစ္စတာရာဇတ်နှင့် ဦးဘဝင်းတို့ လဲနေကြတာ တွေ့ရပါတယ်။

မိုင်းပွန်စော်ဘွားကြီး စောစံထွန်းမှာ ကော်ဇောပုံကြီးပေါ်တွင် ထိုင်လျက် ထောင့်တစ်ထောင့်တွင် ရှိနေသည်ကို တွေ့မြင်ရပါသည်။ ဝန်ကြီး ဦးဘချို့မှာ အသက်ရှိသေးသော်လည်း သတိမရရှိတော့ပါ။ အခန်းထဲတွင် ဗိုလ်ထွန်းလှ၊ ဦးတင်အုန်းတို့ကို တွေ့မြင်ရပါသည်။ အကျိုးအကြောင်း စုံစမ်းကြည့်သောအခါ ၁၂ နံပါတ် တပ်မတော် အဝတ်အစား၊ တံဆိပ်များ တပ်ဆင်ထားသော လူလေးယောက်သည် သေနတ်များ ကိုင်ဆောင်လာပြီး ဝင်ရောက် ပစ်ခတ်သွားကြောင်း၊ သေနတ်နှင့်ပစ်ပြီး အသင့်စောင့်နေသော ဂျစ်ကားဖြင့် ထွက်ပြေးသွားကြောင်း သိရှိရပါသည်။ ကျွန်တော်လည်း အပြေးဆင်းသွားပြီး ဂျစ်ကားကို ရှာဖွေရာ မတွေ့တော့ပါ။ ဒါနဲ့ ကျွန်တော် လည်း အခန်းထဲပြန်၍ ဝင်ရောက်လာပြီး စုံစမ်းစစ်ဆေး ကြည့်ရှုပါသည်။ အခန်းထဲတွင် စုံထောက်အရာရှိ ဦးဘိုးစိန်နှင့် **'အင်စပက်တော် မစ္စတာဘဲလ်'** တို့ ရောက်လာကြသည်နှင့် အခန်းကို စစ်ဆေးပြီး သက်သေခံပစ္စည်း ပစ်ပြီး ယမ်းတောင့်ခွံများနှင့် ယမ်းတောင့်အချို့တို့ကို တွေ့ရပါသည်။ ထို့ပြင် စတင်းဂန်းမဂ္ဂဇင်းဘောက်စ် တစ်ခုကိုလည်း တွေ့ရသေးသည်။ ထို့နောက် နံနက် ၁၁ နာရီအချိန်လောက်တွင် ပုလိပ်ဌာနချုပ်သို့ တယ်လီဖုန်း ဆက်လိုက် သည်နှင့် လူနာတင်ကားများ ရောက်လာပါတော့သည်။

လူနာနှင့် အလောင်းများကို ၄င်းကားများနှင့် သယ်ဆောင်၍သွားပါ သည်။ မျက်နှာတွင် ဒဏ်ရာရသော မိုင်းပွန်စော်ဘွားကြီး စောစံထွန်းကိုတော့ ဘာနဲ့ သယ်သွားသည်မသိပါ။ ရန်ကုန်မြို့ အလယ်ပိုင်း ရာဇဝတ်ဝန်ထောက် ဦးသန်းဖေ၊ အာအက်စ်အိုင်-ဦးလှဖေ၊ အိုင်ဂျီ အက်စ်အာ-ဒုတိယပုလိပ်မင်းကြီး မစ္စတာဖစ်တို့ ထပ်မံ ရောက်ရှိလာပါသည်။ ထို့နောက် ဒီအက်စ်ပီ-ပုလိပ် ဝန်ထောက် ဦးသိန်းအုန်းအား အမှုကို စုံစမ်းထောက်လှမ်းရန် တာဝန်လွှဲပေးပြီး အတွင်းဝန်ရုံးကြီးမှ မွန်းလွဲ ၁ နာရီအချိန်တွင် ထွက်ခွာလာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေ ၃ နာရီအချိန် ဦးစော၏အိမ်ကို ပုလိပ်များ ဝိုင်းဝန်းစဉ်က လိုက်၍မသွားခဲ့ပါ။ ဒါပေမယ့် အစီရင်ခံစာများအရ အားလုံးပင် သိရှိရပါသည်။ ဇူလိုင်လ ၂၀ ရက်နေ့က ဦးစောအိမ်အနီး အင်းလျားကန်အတွင်းမှ ဘရင်းဂန်းများ၊ တော်မီဂန်းများ၊ သေနတ်များကို စစ်ဆေးရန် စုံထောက်ကျောင်းအုပ်ကြီး ဦးလှဘော်ထံသို့ ပေးပို့ပါသည်။ ယမ်းတောင့်အခွံများကိုလည်း စုံစမ်းစစ်ဆေးရန် နောက်ထပ်ပို့ပါသည်။

## ဂျစ်ကားနံပါတ် သက်သေခံ

ဇူလိုင် ၂၃ ရက်၊ ၂၄ ရက်လောက်မှာ သမာဓိသတင်းစာတိုက် ဦးစိန်မောင်ထံမှ အတွင်းဝန်ရုံး လုပ်ကြံစဉ်က တရားခံများ စီးလာသော ဂျစ်ကားနံပါတ် အာရ်စီ-၁၈၁၄ ကို စာအုပ်ကျောဘက်တွင် မှတ်သားထားသော သက်သေခံပစ္စည်းတစ်ခုရသည်နှင့် ရုံးတော်သို့ တင်ပြပါသည်။

ထိုစာအုပ်မှာ ဂရင်းလေးဘဏ်တိုက်သို့ ငွေသွင်းသော စာအုပ်ဖြစ်၍ သက်သေဦးစိန်မောင်သည် အတွင်းဝန်ရုံးမှ ထွက်လာသော ဂျစ်ကားကို စပတ်လမ်းနှင့် ဒါလဟိုဇီလမ်းထောင့်တွင် တွေ့ရှိပြီး ရေးမှတ်ထားခြင်းဖြစ်ပါသည်။

ထိုအချိန်တွင် ဦးစောရှေ့နေ ဗာတားနစ်က သက်သေခံတာလား၊ သတင်းပေးတာလားဟု ဝင်၍မေးသည်တွင် သက်သေခံကြောင်းဖြင့် ပြန်လည် ဖြေဆိုလေသည်။

ထို့နောက် တင်ပြလာသော သက်သေခံစာအုပ်ကို တရားသူကြီးများရှေ့တွင်ဖြေ၍ မှတ်သားထားသော နံပါတ်ကို အသေအချာကြည့်ရှုပြီး ထိုစာအုပ်ကို သက်သေခံပစ္စည်း အေ(ဝမ်း)အဖြစ် သတ်မှတ်ထားလိုက်ကြောင်း၊ ဦးအောင်ချိန်က ဆက်လက်၍ ထွက်ဆိုသည်မှာ ထိုစာအုပ်ကို ဒုတိယပုလိပ်မင်းကြီးနှင့် ဦးသိန်းအုန်းတို့အား စုံစမ်းရန်လွှဲအပ်ပြီး ဂျစ်ကားနံပါတ် အာရ်စီ-၁၈၁၄ ကို မော်တော်ယာဉ် မှတ်ပုံတင်ဌာနတွင် စုံစမ်းရှာဖွေကြည့်ရာ ၄င်းကားမှာ စမ်းချောင်း၊ ဇလွန်လမ်းနေ ဦးဘအေး၏ကားဖြစ်ကြောင်း သိရလေသည်။ နောက်တစ်နေ့တွင် ထိုဂျစ်ကားကို သွားရောက်သိမ်းဆည်းလိုက်ပါသည်။

ထို့နောက် စီ၊ အိုင်၊ ဂျီ၊ စီအိုင်ဒီရှိ စုံထောက်မင်းကြီး ဦးထွန်းလှအောင်ထံမှရသော စာရွက်လေးရွက်ပါ သက်သေခံပစ္စည်း စာအိတ်ကြီးတစ်အိတ်ကို တင်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဦးစော၏ ထူးဆန်းသော သံခုတင်

အစိုးရရှေ့နေချုပ်ကြီး ဦးထွန်းဖြူက ဦးစော၏ အိမ်မှရသော ကားနံပါတ်များနှင့် ပတ်သက်၍ မေးမြန်းရာ တရားလို ဦးအောင်ချိန်သည် သက်သေခံအဖြစ် တင်ပြထားသော ကားနံပါတ်-ငါးခုကို အသေအချာ ကြည့်ရှုပြီး ၎င်းကားနံပါတ်များမှာ ဦးစောအိမ်မှရသော ကားနံပါတ်များ မှန်ပါသည်။ ၎င်းကားနံပါတ်-ငါးခုနှင့် တစ်ပါတည်း သံခုတင်တစ်လုံးကိုပါ သိမ်းဆည်းခဲ့ပါသည်။

ထို့နောက် သက်သေခံပစ္စည်း နံပါတ်(၂)ဖြစ်သော သံခုတင်ကို တရားသူကြီးများရှေ့သို့ ယူဆောင်လာပြီး ကားနံပါတ်-ငါးခု လျှို့ဝှက်စွာ ထားပုံကို ဆင်ပြကြောင်း၊ ထိုသို့ ဆင်ပြပြီးနောက် သံခုတင်ကို ဓာတ်ပုံ ရိုက်ယူရန် ခုံသမာဓိ ဥက္ကဋ္ဌ တရားသူကြီး ဦးကျော်မြင့်က ခွင့်ပြုသည် နှင့် အမေရိကန် နိုင်ငံခြား သတင်းထောက်တစ်ဦးနှင့် ပြည်သူ့ ပြန်ကြားရေး ဌာနက ဓာတ်ပုံဆရာများ ရိုက်ယူကြတော့ကြောင်း၊ ကားနံပါတ် သံပြား ငါးခုမှာ သံခုတင်ပေါင်တန်းများနှင့် တညီတညွတ်တည်း အံကိုက်ဖောက် ထားသည်ကို တွေ့မြင်ရကြောင်း။

ထို့နောက် ဦးအောင်ချိန်က ဆက်လက် ထွက်ဆိုသည်မှာ ဇူလိုင် ၂၃ ရက်၊ ၂၄ ရက်လောက်တွင် ဦးစောမှတစ်ပါး အခြား တရားခံများထားရာ ဘားလမ်း၊ မြို့မအချုပ်ထောင်သို့ သွားရောက်စစ်ဆေးပါသည်။ တရားခံများကို နှစ်စုခွဲ၍ ထားပါသည်။ တရားခံများအား ဘာများတိုင်ကြားစရာ ရှိပါသလဲဟု မေးမြန်းရာ တိုင်စရာ ဘာမှမရှိဆိုပြီး မတိုင်ကြားကြပါ။

## ကျည်ဆန်များ စစ်ဆေးရေး

အစိုးရရှေ့နေချုပ်ကြီး ဦးထွန်းဖြူက ကျည်ဆန်များကို စစ်ဆေး နိုင်သော ကိရိယာတန်ဆာပလာများ မြန်မာပြည်တွင် ရှိမရှိ မေးမြန်းရာ ဦးအောင်ချိန်က စစ်အတွင်းမှာ ပျက်စီးကုန်၍ မရှိတော့ပါ။ အိန္ဒိယပြည် လောရင့်မေရိုးကုမ္ပဏီ (Lawrence Mayo Co.,) သို့ လေယာဉ် ပုံနှင့်ပို့ရန် မှာကြားပါသည်။ မရပါ။ အင်္ဂလန်(ယူကေ)သို့လည်း မှာကြားပါသည်။ ယမ်းတောင့်များကို စစ်ဆေးရန် နိုင်ငံခြား(အိန္ဒိယ)သို့ ဘာကြောင့် မပို့သလဲဟု

www.burmeseclassic.com

www.burmeseclassic.com



အစိုးရရှေ့နေချုပ်ကြီးက မေးခွန်းထုတ်ရာ ဦးအောင်ချိန်က အောက်ပါအတိုင်း ဖြေဆိုသည်။

ယမ်းတောင့်များကိုမပို့သည်မှာ (၁) ရာသီဥတုအတွက် လေကြောင်းလမ်းခရီး စိတ်မချရ၍လည်းကောင်း၊ (၂) ထိုစဉ်က အိန္ဒိယပြည်တွင် လူမျိုးရေး ရှုပ်ထွေးမှုများကြောင့်လည်းကောင်း၊ (၃) ထိုသက်သေခံပစ္စည်းများမှာ အလွန်အရေးကြီးသော သက်သေခံပစ္စည်းများဖြစ်သည်က တစ်ကြောင်း၊ (၄)နိုင်ငံခြားသို့ တင်ပို့သော အခါတွင် အကောက်ခွန်ဌာနက အရာရှိများက ၎င်းပစ္စည်းများကို ဖွင့်ကြည့်စစ်ဆေးပြီး အစားထိုးမည်၊ ပျောက်ဆုံးမည်များကို စိုးရိမ်သဖြင့်လည်းကောင်း မတင်ပို့ဘဲထားခြင်းဖြစ်ပါသည်။

တရားခံများက ဖြောင့်ချက်ပေးလိုက်သော အခါများတွင် လည်းကျွန်တော်ကိုယ်တိုင် တရားသူကြီးများထံ ပို့ပေးခဲ့ပါသည်။

## ညနေပိုင်း

၁နာရီခွဲအချိန်တွင် ဆက်လက်၍ စစ်ဆေးသည်။ ခုံသမာဓိ ဥက္ကဋ္ဌ တရားသူကြီး ဦးကျော်မြင့် အမိန့်အရ ခုံရုံးရှေ့ဖတ် စာရေးက တရားလို ပုလိပ်မင်းကြီး ဦးအောင်ချိန်၏ ထွက်ဆိုချက်များကို မြန်မာဘာသာဖြင့် ဖတ်ပြသည်။

ထို့နောက် ၁၆-၁၀-၄၇ နေ့တွင် နိုင်ငံခြားသို့ သွားမည် ဖြစ်သော သက်သေ ဗိုလ်ထွန်းလှ၊ ဦးအုန်းခင်၊ ဦးမောင်မောင်နှင့် မောင်တင်အောင်တို့အား နံနက် ၁၀ နာရီအချိန်တွင် စစ်ဆေးမည်ဖြစ်၍ တရားခံများ မေးခွန်းထုတ်လိုက ထုတ်နိုင်ကြောင်း ပြောဆိုပြီး မွန်းလွဲ ၂ နာရီအချိန်တွင် ခုံရုံးတော်ကို ရုပ်သိမ်းလိုက်သည်။

❖

# လုပ်ကြံမှုကြီးစစ်ဆေးသည့် တတိယနေ့

## သက်သေဝန်ကြီး ဦးအောင်ဇံဝေနှင့် ဦးဘဂျမ်းတို့ကိုစစ်ခြင်း

ယနေ့ နိုင်ငံတော် ခေါင်းဆောင်ကြီးများ လုပ်ကြံမှုကြီးကို တတိယ အကြိမ်မြောက် စစ်ဆေးသောနေ့ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာတိုက်အသီးသီးမှ သတင်းထောက်များ၊ အမှုလာရောက်နားထောင်ကြသူများကို ထောင်ဘူးဝတွင် ဆိုင်ရာအရာရှိ များက တစ်ကိုယ်လုံးနှံ့စပ်အောင် အသေအချာရှာဖွေပြီးနောက် ၉ နာရီခွဲလောက်တွင် ခုံသမာဓိရုံ းန်းမအတွင်းသို့ ဝင်ခွင့်ပြုလိုက်၏။

## ဗိုလ်ချုပ်အခန်းပုံစံ

၁၀ နာရီထိုးခါနီးတွင် ဝန်ထောက်ဦးသိန်းအုန်းနှင့် အစိုးရ ရှေ့နေချုပ်ကြီး ဦးမြသိန်းတို့သည် ဗိုလ်ချုပ်နှင့်တကွ ဝန်ကြီးများ စည်းဝေးရာခန်းမဆောင်၏ နမူနာပုံစံ စက္ကူကတ်ပြားနံရံများ၊ သစ်သားဖြင့် ပြုလုပ်ထားသော ကုလားထိုင် အသေးစားကလေးများ၊ စားပွဲငယ်များကို တရားသူကြီးများရှေ့ ခုံရုံးတော်တွင် အသေအချာ ပြင်ဆင်ပြီး ဓာတ်ပုံ ရိုက်ယူသည်။

## သားသားနားနားတရားခံများ

၁၀ နာရီတိတိတွင် ခင်မောင်ရင်၊ စိန်ကြီး၊ သုခ၊ မောင်နီ တို့အား လက်နက်ကိုင်ပုလိပ် အစောင့်အရှောက်များနှင့် ခေါ်ဆောင်လာသည်။ တရားခံအားလုံး ဗိုလ်ဆံတောက်ကို ကော့စမစ်တစ်လိမ်းကာ သစ်လွင်တောက်ပသော အဝတ်အစား သားသားနားနား ဝတ်ဆင်ထားသည်ကို တွေ့ရ၏။ ဦးစောမှာ မျက်မှန်အပြာ၊ ပိုးအင်္ကျီ၊ မန္တလေး လုံချည် အပြာစင်းကို ဝတ်ဆင်လျက် သူ့အတွက် သီးသန့်ထားသော ကုလားထိုင်တွင် ဝင်ရောက်ထိုင်သည်။

အစိုးရရှေ့နေချုပ်ကြီးများနှင့် တရားခံရှေ့နေများ အားလုံး စုံညီပြီးနောက် အမှုကို စတင် စစ်ဆေးသည်။

## ဦးအောင်ဇံဝေထွက်ချက်

သက်သေဝန်ကြီး ဦးအောင်ဇံဝေသည် ကျမ်းကျိန်ဆိုပြီးနောက် ရှေ့နေချုပ်ကြီး၏ မေးခွန်းများကို ဖြေဆိုရာတွင် အချင်းဖြစ်ပွားသော ဇူလိုင် ၁၉ ရက်နေ့က အတွင်းဝန်ရုံး အစည်းအဝေးကျင်းပရာ ဗိုလ်ချုပ်အခန်းတွင် ရှိနေပါသည်။ အချိန်မှာ နံနက် ၁၀ နာရီသာသာလောက်တွင် အစည်းအဝေး စပါသည်။ ကွန်တော့်ဘက်မှ ထိုင်နေသူများမှာ ဝန်ကြီး ဦးဘဂျမ်း၊

www.burmeseclassic.com

www.burmeseclassic.com



ပျော်ဘွယ်ဦးမြ၊ မိုင်းပွန်စော်ဘွားကြီး၊ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် တစ်ဖက်မှ သခင်မြ၊ မစ္စတာ ရာဇတ်၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်းနှင့် မန်းဘခိုင်တို့ ဖြစ်ကြပါသည်။ စားပွဲထိပ်ဆုံးတွင် ဗိုလ်ချုပ်အောင်ဆန်း ထိုင်ပါသည်။

အဖွဲ့အတွင်းဝန် ဦးရွှေဘော်လည်း ရှိပါသည်။ သေနတ်ပစ်မှု မဖြစ်ပွားမီကလေးမှာပင် သယ်ယူပို့ဆောင်ရေးဌာန အတွင်းဝန် ဦးအုန်း မောင်ကိုခေါ်ပြီး သက်ဆိုင်ရာကိစ္စများကို ဆွေးနွေးတိုင်ပင်ခြင်း ဖြစ်ပါသည်။ နောက်မကြာမီ စစ်ဝတ်စစ်စားများနှင့် လူနှစ်ယောက်အခန်းတွင်း ဝင်လာတာ မြင်ရပါသည်။ ၎င်းတို့နောက်မှ လူတစ်ယောက်၊ ပေါင်းသုံးယောက်ဝင်လာ သည် ထင်ပါသည်။ အချိန်မှာ နံနက် ၁၀ နာရီခွဲလောက် ရှိပါသည်။ ကာကီ အစိမ်းယူနီဖောင်းနှင့် ဝရန်တာတစ်ဖက်မှ ဝင်လာကြပါသည်။ ဝင်လာပြီး "မပြေးနဲ့"ဆိုတဲ့ အသံမျိုးလိုလို "မထနဲ့"ဆိုတဲ့ အသံမျိုးလိုလို အော်သံကြား လိုက်ရပါသည်။ မှတ်မိ သလောက်မှာ သေနတ်ပစ်ခါနီး ဗိုလ်ချုပ်-လူဆိုးများနှင့် မျက်နှာချင်း ဆိုင် မတ်တတ်ရပ်လိုက်ပါတယ်။ သေနတ်ပစ် လိုက်တော့ ကျွန်တော်လည်း ကြမ်းပေါ်ဝပ်လိုက်ရပါသည်။ လူဆိုးများ ထွက်သွားပြီးနောက် ထကြည့်ရာ မိုင်းပွန်စော်ဘွားကြီးမှတစ်ပါး အားလုံး သေသလို ဖြစ်နေပါသည်။ ဦးဘဂျမ်းလည်း ကျွန်တော်နှင့်အတူ ဝပ်နေ ပါသည်။ ဦးဘဂျမ်းမှာ လက်ယာဘက်တွင် ဒဏ်ရာရသွားပါသည်။ ဒါနဲ့ ကျွန်တော်နဲ့ ဦးဘဂျမ်း အခန်းတွင်းမှ ထွက်သွားပြီး ၁၀ မိနစ်ခန့်ကြာမှ အခန်းထဲ ပြန်ဝင်လာပါသည်။ ထိုအချိန်တွင် သယ်ဆောင်သွားပြီး ဗိုလ်ချုပ် အောင်ဆန်းမှတစ်ပါး အားလုံး ဒဏ်ရာနှင့်လဲနေသည်ကို တွေ့ရပါသည်။ အခန်းထဲတွင် ဗိုလ်ထွန်းလှနှင့် အခြားသူများ တွေ့ရပါသည်။ ကြမ်းပေါ်တွင် ယမ်းတောင့်များ တွေ့ရပါသည်။ ပစ်ပြီးမပြီး မသိပါ။

ထို့နောက် အစိုးရရှေ့နေချုပ်ကြီး ဦးထွန်းဖြူက ခုံသမာဓိရုံး ဥက္ကဋ္ဌ ဦးကျော်မြင့်အား ဗိုလ်ချုပ်နှင့်တကွ ဝန်ကြီးများ လုပ်ကြံခံရသော အခန်းနမူနာ ပုံစံကို တင်ပြကြောင်း၊ သက်သေ ဦးအောင်ဇံဝေကိုလည်းပြ၍ မေးခွန်းထုတ် သည်။ တရားခံများရှေ့နေ ဦးစံဝင်းနှင့် ဦးသိန်းကျော်တို့လည်း ထကြည့်ကြ သည်။ ရှေ့နေချုပ်ကြီးက လုပ်ကြံခဲ့သော ဝန်ကြီးများ ထိုစဉ်အခါက ထိုင်နေပုံ ကို အသေအချာ လက်ညှိုးထိုးပြသည်။ ထို့နောက် လူသတ်သမားများဝင်လာ

www.burmeseclassic.com

www.burmeseclassic.com



သော တံခါးပေါက်ကို သက်သေ ဦးအောင်ဇံဝေအား ပြစေသည်။ တရားသူကြီးချုပ်က အချင်းဖြစ်ပွားစဉ်က ဦးအောင်ဇံဝေထိုင်သော ကုလားထိုင်ကို လက်ညှိုးထိုး၍ ပြသည်။

ထို့နောက် ဆက်လက်ထွက်ဆိုသည်မှာ လူသတ်သမားများသည် ရုံးခန်းအတွင်းသို့ သုံးလေးလှမ်းခန့် ဝင်လာပါသည်။ ၎င်းတို့၏ လက်ထဲတွင် မဂ္ဂဇင်းဘောက်(စ်)များပါသော သေနတ်များ ကိုင်ဆောင်ထားသည်ကို မြင်ရပါသည်။ ထို့နောက် ရှေ့နေချုပ်ကြီးက ဝန်ကြီးများ ထိုင်နေပုံ အစီအစဉ်ကို မေး၍ ဦးအောင်ဇံဝေက ပုံစံကို လက်ညှိုးညွှန်ပြ ဖြေဆိုသည်။

**ဦးကျော်မြင့်။** ။ဦးစော ဘာမေးလိုသလဲ။ မစ္စတာဗာတားနစ်လည်း မလာသေးဘူး။

**ဦးစော။** ။ဘာမှ မမေးလိုပါ။

**ဦးကျော်မြင့်။** ။ရှေ့နေ အလိုမရှိတဲ့ တရားခံတွေကော ဘာမေးလို သလဲ။

**တရားခံများ။** ။မမေးလိုပါ။

၁၁ နာရီထိုးခါနီးတွင် ဦးစော၏ရှေ့နေ မစ္စတာဗာတားနစ် ရောက်လာ၏။

## ဦးဘဂျမ်းထွက်ချက်

ထို့နောက် ဝန်ကြီးဦးဘဂျမ်း သက်သေတန်းလျားသို့ဝင်၍ ကျမ်းကျိန်သည်။

**ဦးထွန်းဖြူ။** ။အချင်းဖြစ်ပွားသော ဇူလိုင် ၁၉ ရက်နေ့က အတွင်းဝန်ရုံး အစည်းအဝေးခန်းထဲမှာ ရှိပါသလား။

**ဦးဘဂျမ်း။** ။ရှိပါသည်။ ၁၀ နာရီလောက်မှာ အစည်းအဝေး စပါသည်။ အခန်းထဲတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ ဝန်ကြီးများ အစုံအညီ တွေ့ရပါသည်။ ဦးအုန်းမောင် အခန်းထဲဝင်လာပြီး မိနစ်အနည်းငယ်အတွင်းမှာပင် ဝရန်တာဘက် အခန်းတံခါး တွန်းဖွင့်လိုက်သည်ကို မြင်ရပါသည်။ နောက် လူအချို့ အစိမ်းရောင် ကာကီယူနီဖောင်း ဝတ်ပြီး (၁၂)နံပါတ် တပ်မတော်တံဆိပ် ဝတ်ဆင်လျက် လူနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာပါသည်။ ရှေ့ကဝင်လာသူ လက်တွင် တော်မီဂန်းနှင့် ခပ်ဆင်ဆင် တူသော သေနတ်ကို ကိုင်ဆောင်တယ်လို့ ထင်ပါသည်။ သေနတ်ကို မကျွမ်းကျင်လို့ ဘာသေနတ်လဲ အသေအချာ မပြောတတ်ပါ။ လူနှစ်ယောက် ဝင်လာပြီး စားပွဲနှစ်ခုထိပ်မှာ မတ်တတ်ရပ်ပြီး ရှေ့ဆုံးကလူက ဗိုလ်ချုပ်ကို ပစ်ပါသည်။ ကျွန်တော်လည်း ကြမ်းပေါ်လှဲလိုက် ရပါသည်။ သူတို့ဝင်လာ တော့ တစ်ခုခု အော်သံကြားရပါသည်။ ဘယ်လို အော်လိုက်တယ်ဆိုတာ မသိရပါ။ ကျွန်တော် လှဲချတော့ ဦးအောင်ဇံဝေကိုပါ လှဲချမိလျက်သား ဖြစ်သွားပါတယ်။

ပျော်ဘွယ်ဦးမြနှင့် ဦးရွှေဘော် အခန်းတွင်းမှ ထွက်သွား၊ မသွား မသိရပါ။ လူသတ်သမားများ ထွက်သွားမသွား မသိရသဖြင့် လှဲနေရာမှ ချက်ချင်း မထဝံ့သေးပါ။ ဗိုလ်ထွန်းလှ အသံကြားမှ ထပါသည်။ ထလာတော့ ဝန်ကြီးအချို့ လဲနေကြပါသည်။ စော်ဘွား ကြီး၏ မျက်နှာတွင် ဒဏ်ရာရပြီး သွေးများစီးကျလျက်နှင့် မျက်နှာကို အုပ်ပြီး ဗိုလ်ထွန်းလှ အခန်းသို့ ထသွားသည်ကို တွေ့မြင်ရပါသည်။

ထို့နောက် အခန်းပုံစံကိုပြ၍ အသေအချာပြခိုင်းကြောင်း၊ ဒဏ်ရာ ရသော လက်ယာဘက်က လက်သူကြွယ်ကိုပြပြီး ထိုဒဏ်ရာမှာ ကြမ်းပေါ် ဝပ်လှဲလိုက်သည့်အချိန်မှာ ရတဲ့ဒဏ်ရာလို့ ထင်ပါသည်။ နောက် ဗိုလ်ထွန်းလှ က အခန်းတံခါးပိတ်လိုက်တဲ့အတွက် အတွင်းဝန် ဦးရွှေဘော် အခန်းဘက်သို့ သွားပါသည်။ ဦးရွှေဘော်အခန်းမှ ကျွန်တော့်အခန်းသို့အသွား ဝရန်တာတွင် ပုလိပ်မင်းကြီး ဦးအောင်ချိန်ကို တွေ့ပါသည်။ နောက် ဦးအောင်ချိန်တို့ ဗိုလ်ချုပ်အခန်းမှာထားခဲ့ပြီး ကျွန်တော့်အခန်းသို့ ပြန်သွားပါသည်။ လုပ်ကြံ သောနေ့က လူသတ်သမားများဆောင်းသော ဦးထုပ်မှာ အစိမ်းရောင် အဝတ် ဦးထုပ် အပျော့စားပင် ဖြစ်ပါသည်။ အချင်းဖြစ်ပွားပြီးနောက် ပထမဦးဆုံး ရောက်လာသူမှာ ဗိုလ်ထွန်းလှ ဖြစ်ပါသည်။ ဒုတိယဦးအောင်ချိန် ဖြစ်ပါ သည်။ ရုံးတံခါးမကြီး သုံးခုအနက် နှစ်ခုကို ပိတ်ထားပါသည်။ လူသတ် သမား ဘယ်နှစ်ယောက်လာသည်ကို အသေအချာ မသိရပါ။ ကျွန်တော် မြင်တာတော့ ဒါလောက်ပါပဲ။ အခန်းအပြင်ဘက်မှာလည်း အချို့ ရှိကောင်း ရှိလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်မြင့်။ ။မေးစရာရှိ မေးကြပါ။

(တရားခံရှေ့နေနှင့်တကွ တရားခံများက မေးခွန်းမထုတ်ကြပါ။)

## ပုံဆွဲဆရာအား စစ်ဆေးခြင်း

ထို့နောက် လုပ်ကြံမှုဖြစ်ပွားရာ ဗိုလ်ချုပ်အောင်ဆန်းအခန်း ပုံစံ ရေးဆွဲသူ ဦးမြိုင်အား ကျမ်းကျိန်ဆိုပြီး စစ်ဆေးရာ–

ဝန်ကြီးများ အစည်းအဝေးအခန်းမှ ပုံစံကို ကျွန်တော် စတင် ရေးဆွဲပါသည်။ ၄င်းမြေပုံများ ဖြစ်ပါသည်ဆိုပြီး သက်သေခံပစ္စည်းကို တင်ပြသည်။ မြေပုံနှစ်ခုကို တရားခံများ၊ ရှေ့နေများ ကြည့်နိုင်ရန် ပေးသည်။ စက္ကူပေါ်တွင် ရေးဆွဲထားသော ကုလားထိုင်၊ စားပွဲများ တည်နေပုံနှင့် သစ်သားနှင့် လုပ်ထားသော နမူနာ ပုံစံများ တူမတူ ချိန်ကိုက်ကြည့်ကြောင်း၊ မြေပုံမှာ တစ်လက်မ "လေးပေစကေး"နှင့် ရေးဆွဲထားကြောင်း၊ အခန်းမြေပုံ ကို တရားသူကြီးများ၊ ရှေ့နေချုပ်ကြီးများ၊ တရားခံရှေ့နေများ အသေအချာ ကြည့်ရှုလေသည်။ အခန်းရှိသော အချက်အလက်များ၊ တံခါးပေါက်၊ ပြတင်း ပေါက်များ တည်နေပုံကိုမေး၍ ပုံစံမြေပုံကိုဆွဲသူ ဦးမြိုင်က ဖြေဆိုသည်။

မြေပုံတွင် အချင်းဖြစ်ပွားစဉ်က နံရံတွင် သော်လည်းကောင်း၊ ကြမ်းပေါ်တွင် လည်းကောင်း၊ သေနတ်ကျည်ဆံ ထိမှန်သော နေရာများ ကိုပါ အစက်ကလေးများပြ၍ ဖော်ပြရေးဆွဲထားကြောင်း၊ မြေပုံများမှာ လုပ်ကြံမှုကြီးနှင့် ပတ်သက်သော အရေးကြီးသည့် အခန်းများ၊ အဆောက် အအုံများကို ရေးဆွဲထားသော ပုံစံများဖြစ်ကြောင်း၊ ဝန်ကြီးများ အစည်း အဝေးလုပ်ရာ အခန်းပုံစံ၊ ဦးစောအိမ်၊ ခြံဝင်းပုံစံများကို ရေးဆွဲထားသော မြေပုံများဖြစ်ကြောင်း။

ထို့နောက် ခုံရုံးဥက္ကဋ္ဌ တရားသူကြီး ဦးကျော်မြင့်က မေးခွန်း ထုတ်လိုက ထုတ်နိုင်ကြောင်းပြောရာ မည်သူမျှ မေးခွန်းမထုတ်ကြောင်း ဖြေသည်။

(နေ့လယ် ၁၂ နာရီ မိနစ် ၄၀ တွင် ခေတ္တ ရုံးနားသည်။)

## ညနေပိုင်း

www.burmeseclassic.com

www.burmeseclassic.com



မွန်းလွဲ ၁ နာရီခွဲတိတိတွင် တရားသူကြီးများအားလုံး ရုံးထိုင်ကြသည်။ သက်သေတစ်ဦးဖြစ်သူ ဦးဘိုးစ(ဓာတ်ပုံဆရာ)က ကျမ်းကျိန်ဆိုပြီးနောက် ထွက်ဆိုသည်မှာ…

ဇူလိုင်လ ၂၃ ရက်နေ့က အတွင်းဝန်ရုံး လုပ်ကြံမှုကြီး ဖြစ်ပွားရာ ဗိုလ်ချုပ်ရုံးခန်းသို့ သွားရောက် ဓာတ်ပုံရိုက်ယူကြောင်း၊ ဓာတ်ပုံများကို ခုံရုံးတော်သို့ တင်ပြပါကြောင်း၊ ဓာတ်ပုံများကိုကြည့်၍ အစိုးရ ရှေ့နေချုပ်ကြီးက မေးခွန်းထုတ်သမျှကို ဓာတ်ပုံဆရာက ဖြေဆိုသည်။ တရားသူကြီးများကလည်း ဓာတ်ပုံများကို အသေအချာကြည့်ရှုပြီး မရှင်းလင်းသမျှကို မေးခွန်းထုတ်သည်။ ထို့နောက် ခုံရုံးဥက္ကဋ္ဌက မေးစရာရှိပါသလားဟု မေးရာ မည်သူမျှ မဖြေကြပါ။

## ဗိုလ်ထွန်းလှ၏ အစစ်ခံချက်

ဓာတ်ပုံဆရာအား စစ်ဆေးပြီးနောက် လုပ်ကြံမှုကြီးတွင် သက်သေတစ်ဦးဖြစ်သူ အပါးတော်မြဲ ဗိုလ်ထွန်းလှအား စစ်ဆေးသည်။

ဗိုလ်ထွန်းလှ ထွက်ဆိုသည်မှာ မိမိသည် ယခု ပါကစ္စတန်သွားရမည့် မဟာမင်းကြီး၏ တတိယအတွင်းဝန် ဖြစ်ကြောင်း၊ လွန်ခဲ့သော ဇူလိုင် ၁၉ ရက်နေ့က ထုံးစံအတိုင်း နံနက် ၁၀ နာရီ ရုံးတက်ရပါသည်။ ထိုစဉ်အခါက ဗိုလ်ချုပ်၏ အပါးတော်မြဲ ဖြစ်ပါသည်။ ထို့နောက် ပုံစံတွင် ပါရှိသော ၎င်း၏ရုံးခန်းကို ဗိုလ်ထွန်းလှ လက်ညှိုးထိုးပြသည်။

အချင်းဖြစ်ပွားစဉ်က ကျွန်တော့်အခန်းမှာပင် ကျွန်တော်ရှိပါသည်။ ဇူလိုင် ၁၉ ရက်နေ့နံနက်က ဗိုလ်ချုပ်နှင့် အိမ်မှအတူ ထွက်ခဲ့ပါသည်။ ထိုနေ့က ဝန်ကြီးများ အစည်းအဝေး ရှိပါသည်။ ဗိုလ်ချုပ်နှင့်အတူ အစည်းအဝေးခန်းမသို့ ဝင်လိုက်သွားပြီး စာရွက်စာတမ်းများကို ဗိုလ်ချုပ်စားပွဲရှေ့တွင် ချထားပြီး ကျွန်တော့်အခန်းသို့ ပြန်ခဲ့ပါသည်။ နောက် ၁၀ နာရီ ကျော်ကျော်လောက်တွင် ပေါက်ကွဲသံကြီး ကြားရပါသည်။ ထိုအချိန်တွင် လက်ဖတင်နင်သန်းလွင်လည်း အတူရှိနေပါသည်။ အသံကြားတော့ နှစ်ယောက်စလုံး လှဲချလိုက်ပြီး သွားရောက်ကြည့်ရှုကြပါသည်။ ကျွန်တော်လည်း ဗိုလ်ချုပ်အခန်းသို့ ဝင်ကြည့်ရာ မိုင်းပွန်စော်ဘွားကြီးမှာ မျက်နှာ သွေးများကျနေသည်ကို တွေ့ရပါသည်။ စော်ဘွားကြီးက ရေတောင်းသဖြင့် ရေခပ်ပေးပြီး ကြမ်းပေါ်

www.burmeseclassic.com



ကိုတွဲ၍ ထိုင်ခိုင်းပါသည်။ ဗိုလ်ချုပ်အခန်းထဲဝင်တော့ မီးခိုးများနှင့်တကွ ယမ်းညှော်စော် နံနေပါသေးသည်။ အခန်းထဲတွင် မိုင်းပွန်စော်ဘွားကြီးမှ တစ်ပါး အားလုံးလဲနေကြပါသည်။ အခန်းထဲသို့ ရောက်လျှင်ရောက်ချင်း ဝန်ကြီး ဦးအောင်ဇံဝေနှင့် ဦးဘဂျမ်းတို့ကို သတိပြုမိပါ။ ဗိုလ်ချုပ်မှာ ကြမ်းပြင်ပေါ် ခွေလျက်သား ပက်လက်လဲနေပါသည်။ ကုလားထိုင်လည်း ကျွမ်းပြန်နေပါသည်။ ဗိုလ်ချုပ်အနီး ကျွန်တော် ဒူးထောက်ကြည့်နေစဉ် အဆင်းလှေကားမှ သေနတ်သံ နောက်ထပ် ကြားရပါသည်။ ထို့နောက် ကျွန်တော့်အခန်း ပြန်လာပြီး ဆေးရုံနှင့် မီးသတ်ဌာနသို့ သူနာပြုကားကို မှာပါသည်။ နောက် ဗိုလ်ချုပ်အခန်း ပြန်လာတဲ့အခါ ကြမ်းပြင်ပေါ်မှာ ပစ်ပြီးကျည်ဆန်ခွံများကို တွေ့ရပါသည်။ အခန်းထဲသို့ ပထမဦးဆုံး ရောက်ပါသည်။ ကျွန်တော် တယ်လီဖုန်းဆက်ပြီး ပြန်လာသည်အထိ အခန်း တွင်းသို့ မည်သူမျှ မရောက်သေးပါ။ တံခါးပိတ်ထားပါသည်။ နောက်မှ ပုလိပ်မင်းကြီး ဦးအောင်ချိန်နှင့် တွေ့ပါသည်။ ပစ်ပြီးကျည်ဆန်ခွံများအပြင် မပစ်ရသေးသော ကျည်ဆန်နှင့် မဂ္ဂဇင်းယမ်းကပ် တစ်ခုလည်း တွေ့ရပါ သည်။ ထိုနေ့က ဗိုလ်ချုပ်မှာ ဘန်ကောက် လုံချည် အဝါရောင်နှင့် ပိုးအင်္ကျီ ဝတ်ဆင်ထားပါသည်။ အိမ်၌ ခေါင်းသွင်းစဉ်ကလည်း ထိုအဝတ်အစား များကို နောက်ဆုံး တွေ့မြင်လိုက်ရပါသေးသည်။

ဘိလပ်မှအပြန် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် မြန်မာစစ်တပ်က "ကော့တေးပါတီ" လုပ်ပါသည်။ ထိုပါတီတွင် ဗိုလ်ချုပ် လည်း ပါပါသည်။ ပြည်လမ်း ဂျီ-အိုင်-စီသို့ ညနေ ၆ နာရီ ခွဲလောက် ရောက်ကြပါသည်။ ထိုပါတီမှာ မေဂျာကျင်နရယ်ဘာရီချ်အတွက် နှုတ်ဆက်ပွဲ ဖြစ်ပါသည်။ ည ၉ နာရီလောက်တွင် ဗိုလ်ချုပ်ကား ဝက်စလေရထားလုံး အမည်းနံပါတ် အာ-၂၈၄၁ နှင့် ပြန်လာကြပါသည်။

ရှေ့နေချုပ်ကြီးက ကြားဖြတ်မေးခွန်းများ မေးလိုက မေးနိုင်ကြောင်း ပြောပြ၏။

ထို့နောက် ဘိလပ်သို့ ဗိုလ်ချုပ်နှင့် အတူလိုက်သွားပြီး အောင်ဆန်း အက်တလီစာချုပ် ချုပ်ဆိုရန်သွားသည့် အကြောင်းများနှင့် ပတ်သက်၍ တရားသူကြီးက မေးခွန်းထုတ်ကြောင်း၊ မစ္စတာဗာတားနစ်က ကြားဖြတ် မေးသည်မှာ "အချင်းဖြစ်ပွားပြီးသည့်နောက် ပုလိပ်အရာရှိက စစ်ဆေးပါ သလား"

www.burmeseclassic.com

www.burmeseclassic.com



**ဗိုလ်ထွန်းလှ။** ။စစ်ဆေးပါသည်။

**ဗာတားနစ်။** ။မြန်မာလိုလား၊ အင်္ဂလိပ်လား။

**ဗိုလ်ထွန်းလှ။** ။အင်္ဂလိပ်လို စစ်ပါသည်။

**ဗာတားနစ်။** ။အင်္ဂလိပ်လို ရေးမှတ်ထားပါသလား။

**ဗိုလ်ထွန်းလှ။** ။ရေးမှတ်ထားပါသည်။ ဖတ်လည်းဖတ်ပြပါသည်။

**ဗာတားနစ်။** ။ဒါဖြင့် ၄င်းစစ်ချက်ကို ကြည့်လိုပါသည်။

၄င်းနောက် ခုံရုံးဥက္ကဋ္ဌက ၄င်းစစ်ချက်စာတမ်းကိုယူစေပြီး တရားခံ ရှေ့နေများအား ဖတ်စေသည်။

**ဗာတားနစ်။** ။အခန်းထဲ ဝင်လာတဲ့အခါ မီးခိုးများ မြင်ရသေးတယ် ဆိုတာ မှန်ပါသလား။

**ဗိုလ်ထွန်းလှ။** ။မှန်ပါတယ်။

**ဗာတားနစ်။** ။မီးခိုးလုံးကြီးတွေလား။

**ဗိုလ်ထွန်းလှ။** ။မီးခိုးလုံးကြီးမဟုတ်ပါ။ ခပ်ပါးပါးကလေးဖြစ်ပါသည်။

ထို့နောက် တရားခံ ရှေ့နေတစ်ဦးဖြစ်သူ ဦးစံဝင်းကလည်း ကြားဖြတ်မေးခွန်းများ မေးသည်။

## ဦးအုန်းခင် ထွက်ချက်

သက်သေတစ်ဦးဖြစ်သူ ဦးအုန်းခင်က ကျမ်းကျိန် ဝိုပြီး ဇူလိုင်လ ၁၉ ရက်နေ့က ကွျန်တော်လည်း ဘဏ္ဍာရေးဌာန ရုံးဝန်ထောက် တစ်ဦးဖြစ်၍ ရုံးတက်ပါသည်။ နံနက် ၁၀ နာရီခွဲလောက်မှာ ပီဒဗလျူဒီဌာန လှေကားနား မှာ ဦးမောင်မောင်နှင့်အတူ ရှိနေပါသည်။ အနောက်တောင်ထောင့်မှာ ကြောင်လိမ်လှေကား ရှိပါသည်။ စကားပြောနေစဉ် ကလစ်...ကလစ်နှင့် လှေကားဘက်မှ အသံကြားရပါသည်။ အသံကြားလို့ လှည့်ကြည့်ပါသည်။ စစ်သားလို ဝတ်ထားတဲ့ လူလေးယောက် တက်လာတာ တွေ့ရပါသည်။ ကာကီ ယူနီဖောင်းအစိမ်းနှင့် ပခုံးတွင် (၁၂)နံပါတ် တပ်မတော် တံဆိပ်များ တပ်ဆင်ထားပါသည်။ ရှေ့ဆုံးတစ်ယောက်က တော်မီဂန်း၊ နောက်ဆုံးလူက စတင်းဂန်းနှင့် ဖြစ်ပါသည်။ ထို့နောက် သက်သေခံပစ္စည်း များဖြစ်သော သေနတ်များကို စစ်ဆေးကြည့်ရှုကြပါသည်။ သက်သေခံ စစ်သားအင်္ကျီ ကာကီအစိမ်း ဦးထုပ်ကိုလည်း တင်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူလေးယောက်သည် ဗိုလ်ချုပ်အခန်းတွင်းရှိရာသို့ တန်းစီလျှောက်သွားတာ တွေ့ရပါသည်။ နောက်တစ်မိနစ်ခန့်အတွင်းမှာပင် သေနတ်သံများ ကြားရပါသည်။ ကျွန်တော်တို့လည်း ဟိုပြေး သည်ပြေးနှင့် လူစုကွဲသွားကြပါသည်။ ထို့နောက် ရှေ့နေချုပ်ကြီးက မြေပုံကို ပြ၍ ဦးအုန်းခင်နှင့် ဦးမောင်မောင်တို့ မတ်တတ်ရပ် စကားပြောသော နေရာကို လက်ညှိုးညွှန်ပြစေသည်။

**ဦးစံဝင်း။** ။ခင်ဗျားကို ပုလိပ်အရာရှိများက ဘယ်လောက်ကြာမှ စစ်သလဲ။

**ဦးအုန်းခင်။** ။တစ်ပတ်အတွင်း စစ်ပါသည်။ နှစ်ကြိမ် စစ်ပါသည်။ ဗိုလ်ကပြားလိုလို ပုလိပ်အရာရှိပဲ။

**ဦးစံဝင်း။** ။စာနဲ့ ရေးမှတ်ပါသလား။

**ဦးအုန်းခင်။** ။ရေးမှတ်ပါသည်။

ထို့နောက် ပုလိပ်အရာရှိ စစ်ချက်စစ်တမ်းကို တောင်း၍ ဖတ်ကြည့်ပြီး မေးခွန်းများထုတ်သည်။

တရားသူကြီးက အခြားတရားခံများက ဘာမေးလိုပါသလဲဟု မေးရာ တရားခံများက မမေးလိုကြောင်း ဖြေသည်။

## ဦးမောင်မောင် ထွက်ချက်

သက်သေ တစ်ဦးဖြစ်သူ ဦးမောင်မောင်က ကျမ်းကျိန်ပြီး ထွက်ဆိုသည်မှာ ယခု လမကုန်မီ ဘိလပ်သို့ မဟာမင်းကြီးနှင့်အတူ လိုက်ပါသွားရပါသည်။ ၁၉ ရက်နေ့က အတွင်းဝန်ရုံးသို့ အလုပ်ဆင်းရပါသည်။ ဦးအုန်းခင်နှင့် တွေ့ကြပြီး အနောက်တောင်ဘက်က လှေကားနားမှာ စကားပြောနေစဉ် ခြေသံများနှင့်အတူ သံကို သံချင်းထိတဲ့ အသံမျိုး ကြားရပါသည်။ လူလေးယောက် (၁၂) နံပါတ် ယူနီဖောင်းနှင့် တော်မီဂန်း၊ စတင်းဂန်း ကိုင်ဆောင်လာပါသည်။ အဝတ်ဦးထုပ်စိမ်းတွေ ဆောင်းထားလို့ပါပဲ။ ရုံးပေါ်တွင် တင်ပြထားသော ကာကီဦးထုပ်မျိုးပင် ဖြစ်ပါသည်။ ထို့နောက် သေနတ်သံများ ကြားရပါသည်။ စသည်ဖြင့် ထွက်ဆိုသည်။ ထို့နောက် ဦးမောင်မောင်အား တရားခံရှေ့နေ မစ္စတာဗာတားနီက ကြားဖြတ်မေးခွန်း ထုတ်သဖြင့် ထွက်ဆိုသည်မှာ...

www.burmeseclassic.com

www.burmeseclassic.com



ဗာတားနစ်။ ။လှေကားပေါ် သေနတ်ကိုင်လာတာ ထူးဆန်းသလား။
ဦးမောင်မောင်။ ။ထူးဆန်းလို့ပဲ လှည့်ကြည့်တာပါပဲ။
ဗာတားနစ်။ ။ဘယ်လောက် ဝေးဝေးက ဖြတ်လျှောက်သွားသလဲ။
ဦးမောင်မောင်။ ။တစ်လံ ကွာလောက်က ဖြတ်လျှောက်သွားပါတယ်။
ဗာတားနစ်။ ။မျက်နှာတွေကို မြင်လိုက်ရသေးသလား။
ဦးမောင်မောင်။ ။ကောင်းကောင်း မမြင်လိုက်ရပါ။ ကျွန်တော်လည်း အံ့အားသင့်နေပါတယ်။ လူလေးယောက်မှာ ယမ်းတောင့်အသင့်ထည့်ထားပြီး ရယ်ဒီမိတ်သဘောမျိုး လှေကားပေါ် တက်သွားတဲ့အတွက် ဘာအရေးကြီးသလဲဆိုပြီး အံ့အားသင့်သွားတာပါပဲ စသည်ဖြင့် ထွက်ဆိုသည်။

ထို့နောက် ၁၇-၁၀-၄၇ နေ့တွင် ဆက်လက် စစ်ဆေးရန် ဥက္ကဋ္ဌတရားသူကြီးက ရက်ချိန်းပေးပြီး ခုံရုံးတော်ကို ရုပ်သိမ်းလိုက်သည်။

❖

## လုပ်ကြံမှုကြီးစစ်ဆေးသည့် စတုတ္ထနေ့

### ဟိုပြေးသည်ပြေးနဲ့ ကျွန်တော်လည်း အမျိုးသမီးသုံးဦးပုန်းဖို့ နေရာရှာပေးရသည်ဆိုခြင်း ဗိုလ်ချုပ်အခန်းစောင့်ကို တွန်းဝင်ပုံ မျက်မြင်သက်သေထွက်ဆိုချက်

### တရားခံများ

၁၇-၁၀-၁၉၄၇ ခုနှစ် နံနက် ၉ နာရီ မိနစ် ၂၀ အချိန်တွင် ဦးစောနှင့်အတူ ဝက်ခြံတစ်ခု အတွင်း ထိုင်သော တရားခံမှုန်ကြီး၊ မောင်စိုး၊ သက်နှင်းနှင့် ရန်ကြီးအောင် တို့ကို ခုံရုံးတော်ကို ခေါ်လာသည်ကို တွေ့ရသည်။ ၁၀ နာရီ ထိုးခါနီးတွင် တရားခံ ခင်မောင်ရင်၊ စိန်ကြီး၊ သုခ၊ မောင်နီ တို့ကို သီးခြားဝက်ခြံတစ်ခုတွင် ထိုင်စေသည်။ ၁၀ နာရီတိတိတွင် လုပ်ကြံမှုကြီး နံပါတ်(၁) တရားခံ ဦးစော ရောက်လာသည်။ ယနေ့အဖို့ သက္ကလတ်အပေါ်အင်္ကျီ မွဲပြာရောင်၊ မန္တလေးလုံချည် ကြေးနီရောင် အဆင်ကိုစိပ်ကလေးကို ဝတ်ဆင်လာသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



## တရားသူကြီးများနှင့် ရှေ့နေများ

အစိုးရရှေ့နေချုပ်ကြီး ဦးထွန်းဖြူ၊ မစ္စတာအဲလ်ချွန်ဖောင်း၊ ဦးမြသိန်း။ တရားခံများဘက်မှ ရှေ့နေ ဦးစံဝင်း၊ ဦးသိန်းကျော်တို့ကို တွေ့ရ၏။

**ဦးတင်အုန်း၏ ထွက်ချက်။** ။ သက်သေတစ်ဦးဖြစ်သူ ဦးတင်အုန်းက ကျမ်းကျိန်ပြီး ရှေ့နေချုပ် မေးသမျှကို ထွက်ဆိုသည်မှာ အချင်းဖြစ်ပွားသည့်နေ့က ကျွန်တော်လည်း အတွင်းဝန် ဦးရွှေဘော်၏ ရုံးခန်းတွင် ရှိနေပါသည်။ မောင်အောင်မှာ ဦးရွှေဘော်၏ လက်ရေးတို စာရေးဖြစ်ပါသည်။ ထိုစဉ်အခါက ဗိုလ်ချုပ်အခန်းတွင် ဝန်ကြီး အစည်းအဝေးလုပ်နေပါသည်။ နံနက် ၁၀နာရီလောက်က ဖြစ်ပါသည်။ အခန်းတွင် မောင်အောင်နှင့်အတူ ထိုင်နေစဉ် လူသုံး-လေးယောက် ဖြတ်လျှောက်သွားတာ မြင်ရပါသည်။ ခြေသံကြားလို့ လှည့်ကြည့်တာပါ။ တောင်ဘက်မှ မြောက်ဘက်ဝရန်တာကို ဖြတ်သွားနေပါသည်။ ထိုအခါ မောင်အောင်က ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ထိုင်နေပါသည်။

လမ်းလျှောက်သွားသူများမှာ ခေါင်းဘီအစိမ်းများနှင့် သေနတ်ကိုလည်း ကိုင်သွားတာမြင်သဖြင့် မောင်အောင်ကို ပြောပြရာ မောင်အောင်လည်း ဟုတ်တယ်၊ သေနတ်ကိုင်လို့ပါလားဟု ပြောပါသည်။

ဒါနဲ့ ကျွန်တော်တို့လည်း ချက်ချင်းဆိုသလို နေရာမှထပြီး ဝရန်တာမှ ထွက်ကြည့်ရာ ထိုလူများက အခန်းစောင့်ပျာတာကို တွန်းပစ်ပြီး တံခါးကို တွန်းဖွင့် ဝင်သွားတာ တွေ့ရပါသည်။ ပျာတာနာမည်မှာ မောင်သောင်းစိန် ဖြစ်ပါသည်။

အစည်းအဝေး အခန်းတံခါး ဖွင့်သံကြားရပြီးနောက် သေနတ်သံတွေ ကြားရတာပါပဲ။ ဒါနဲ့ ကျွန်တော်တို့လည်း ဦးရွှေဘော်အခန်း ပြန်လာကြပါသည်။ ကျွန်တော့်အရင် မောင်အောင်က ထကြည့်ပါသည်။ ဦးရွှေဘော်အခန်းပြန်ရောက်တော့ မောင်အောင် ရှိ၊ မရှိ သတိမပြုမိပါ။ နောက်အခန်းထဲက လူအချို့ ပြေးထွက်လာတာနဲ့ ကျွန်တော်လည်း ဝန်ကြီး ဦးဘဂျမ်း ရုံးဘက်ကို ကူးသွားပါသည်။ အတွင်းဝန်ရုံး အနောက်တောင်ဘက် အခန်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။

ထိုအချိန် စာရေးတွေဟာ ဟိုပြေး သည်ပြေး ပြေးနေတာတွေ့ရတယ်။ ကျွန်တော်လည်း လှေကားအရင်းနားမှာ အမျိုးသမီး သုံးဦးကို တွေ့ရတာနဲ့ သူတို့ပုန်းဖို့ နေရာရှာဖွေ ပေးခဲ့ပါသည်။ ထို့နောက် ဦးရွှေဘော် အခန်း တည်ရာဌာနကို မြေပုံတွင် ညွှန်ပြရန် တရားသူကြီးချုပ်က အမိန့်ရှိသဖြင့် သက်သေဦးတင်အုန်းက မြေပုံတွင် ညွှန်ပြလေသည်။ မောင်အောင် အခန်းနှင့် ဦးရွှေဘော် အခန်းကြားတွင် အကာအကွယ်ရှိသဖြင့် တစ်ဖက်နှင့် တစ်ဖက် ကောင်းစွာမမြင်ရကြောင်း၊ မြေပုံတွင်ပြ၍ ရှင်းလင်းပြောဆိုကြောင်း။

ထို့နောက် ဆက်လက်ထွက်ဆိုသည်မှာ သေနတ်သံများကြားပြီး ၅ မိနစ်လောက် ကြာတော့မှ ကျွန်တော် ဗိုလ်ချုပ်အခန်း ပြန်လာပါသည်။ ဗိုလ်ချုပ်နှင့် အိုင်စီအက် ဦးအုန်းမောင် ၃-၄ပေလောက် အကွာမှာ လဲနေကြပါသည်။ အသက်မရှိဘူးလို့ ထင်ပါသည်။ သခင်မြမှာ စားပွဲအောက်မှာဝပ်ရင်း သေနေပုံရပါသည်။

ထို့ပြင် ဒီးဒုတ်ဦးဘချို၊ မစ္စတာရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်တို့မှာလည်း အသက်မရှိဘူး ထင်ပါသည်။ အားလုံး လဲနေကြပါသည်။ မိုင်းပွန်းစော်ဘွားကြီး စောစံထွန်းမှာတော့ မျက်နှာသွေးတွေ စီးကျလျက် ထိုင်နေသည်ကို တွေ့မြင်ရပါသည်။ ဦးဘဂျမ်း၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြ၊ ဦးရွှေဘော်တို့ကို အခန်းထဲမှာ မတွေ့ရပါ။ ဒါနဲ့ ကျွန်တော်လည်း စော်ဘွားကြီးကို ရေပေးပြီး လက်ကိုင်ပဝါဖြင့် သုတ်ပေးပါသည်။ နောက် အလောင်းများ သူနာပြုကားများနှင့် တင်သွားတာ တွေ့ရပါသည်။ ဗိုလ်ချုပ်အခန်းတွင်းသို့ အပြင်လူများ ဝင်ခွင့်မပြုရန် မင်းစေနှစ်ယောက်ကို မှာကြား [illegible] ပြန်ဝင်တော့ ပုလိပ်မင်းကြီး ဦးအောင်ချိန်၊ ဦးထွန်း လှအောင်တို့ကို တွေ့ရပါသည်။ နောက် ဦးလှဖေ ရောက်လာပြီး အခန်းတွင်းမှ ယမ်းတောင့်များ ကောက်ယူပြီးတော့ သက်သေအဖြစ် ကျွန်တော် လက်မှတ်ရေးထိုးပါသည်။

ဘိလပ်သို့ လွှန့်ခဲ့သော ဖန်နဝါရီလက မြန်မာပြည်မှ ကိုယ်စားလှယ်တော်ကြီးများ အောင်ဆန်းအက်တလီ စာချုပ်အတွက် သွားကြပြီ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



အက်တလီစာချုပ် လက်မှတ်ရေးထိုးတာကိုလည်း မြင်ခဲ့ပါသည်။ ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဦးတင်ထွဋ်တို့က လက်မှတ်ရေးထိုးပါသည်။ ဦးစောနှင့် သခင်ဗစိန်တို့က လက်မှတ်ရေးထိုးရန် ငြင်းဆိုကြပါသည်။ ထိုစာချုပ်ပုံ နမူနာတစ်ခုကို ကြည့်လိုကြောင်း တရားသူကြီးက တောင်းရာ အစိုးရရှေ့နေချုပ်ကြီးက ပေးပါမည်ဟု ဝန်ခံသည်။

ထို့နောက် တရားသူကြီးက ဘာမေးကြဦးမလဲဟုမေးရာ မည်သူမျှ မေးခွန်းမထုတ်ကြချေ။ ဦးအောင်ချိန် ရောက်လာသောအခါ တယ်လီဖုန်း သွားပြောနေရသဖြင့် ဗိုလ်ထွန်းလှကို မတွေ့ရပါ စသည်ဖြင့် ထွက်ဆိုသွားသည်။

❖

## မော်တော်ကားနံပါတ်အလိမ်တွေ ကျွန်တော်ကိုယ်တိုင်လုပ်ခဲ့တာပါတဲ့

နံနက် ၁၁ နာရီအချိန်တွင် သက်သေတစ်ဦးဖြစ်သူ မောင်အောင် အား စစ်ဆေးပြီးနောက် တရားခံရှေ့နေ ဦးစံဝင်းက ကြားဖြတ်မေးခွန်းများ ထုတ်၍ မေးမြန်းသည်။

### ဦးစော၏ လျှောက်ထားချက်

ထို့နောက် တရားခံများအား မေးခွင့်ပြုသော်လည်း မည်သူမျှ မမေးချေ။ ထိုအချိန်တွင် ၁။ တရားခံဦးစောက ခုံဌက္ကန္ဓ တရားသူကြီးကို လျှောက်ထားသည်မှာ-

**ဦးစော။** ။ယခုအမှုတွင် သက်သေနှစ်မျိုး ခွဲပေးဖို့ သင့်ပါတယ်။ ကျွန်တော့်ရှေ့နေ မစ္စတာဗာတားနစ်ကိုလည်း တစ်ခါတည်းသာ တွေ့ရပါသည်။ ဘယ်လိုဖြစ်နေသလဲ မသိရပါ။ ယနေ့လည်း ယခုတိုင် မလာသေးပါ။

**ဦးကျော်မြင့်။** ။တတ်နိုင်သလောက်တော့ လိုက်လျှော့ပါ့မယ်။ အစိုးရရှေ့နေချုပ်ကြီးကိုလည်း ခွင့်တောင်းထားပါ။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစော။** ။အစိုးရရှေ့နေချုပ်ကြီးကို မေတ္တာရပ်ခံပါရစေ။ အရေးမကြီးတဲ့ သက်သေတွေကို အရင်စစ်ပါ။ ကျွန်တော်လည်း တအုံ့နွေးနွေးနှင့် မနေလိုပါ။ အမြန်အမှုပြီးစေလိုပါတယ်။ အခက်အခဲက ဘိလပ်ကို သံကြိုးရိုက်ဖို့၊ ငွေပို့ဖို့ဆိုရင်များစွာ နှောင့်နှေးပြီး အခက်အခဲနှင့် တွေ့နေရပါတယ်။

**ဦးထွန်းဖြူ။** ။အရေးကြီးတဲ့သက်သေကို အရင်စစ်ရမည်မှာ ထုံးစံအတိုင်း ဖြစ်ပါသည်။ သက်သေစာရင်း အစီအစဉ်အတိုင်း စစ်ရမည်ဖြစ်ပါသည်။ ကျွန်တော့် သဘောကတော့ အစိုးရသက်သေတွေကို အရင်စစ်ဆေးလိုပါတယ်။ မနေ့ကတည်းက ခင်ဗျားရှေ့နေနှင့် တိုင်ပင်ပြီး မောင်ဘညွန့်ကို စစ်ဖို့ ဖြစ်ပါသည်။

**ဦးစော။** ။ဘိလပ်က ဝတ်လုံတွေနဲ့ တိုင်ပင်ပြီး ခုခံဖို့ အသေအချာစီစဉ်ချင်လို့ ရက်ချိန်းတောင်းတာပါ။ ယခုလည်း ဘိလပ်က ဝတ်လုံတစ်ယောက်ယောက်ကို လိုက်လာဖို့ သံကြိုးရိုက်ထားပြီးပါပြီ။ ခုပုံတော့ လိုက်လာဖို့ မလိုတော့သလို ဖြစ်နေပါတယ်။

**ဦးကျော်မြင့်။** ။ယခုအမှုမှာ အစမျှသာ ဖြစ်ပါသေးသည်။ နှောင်တကယ် စစ်မှာပါ။ ဘိလပ်ဝတ်လုံ လိုပါသည်။ သံကြိုးရိုက်ဖို့ ကြန့်ကြာနေမယ်ဆိုလျှင် ကျွန်တော့်လက်ထဲ ထည့်ပါ။ အမြန်ဆုံးရောက်အောင် ရိုက်ပေးပါ့မယ်။ ငွေကြေးကိစ္စလည်း အစိုးရက ချုပ်ချယ်မထားပါဘူး။ ဦးစော သုံးတယ်ဆိုတာကိုတော့ အစိုးရကို အသိပေးရလိမ့်မယ်။

**ဦးစော။** ။အခု ဘဏ်ကငွေထုတ်ဖို့ ကိစ္စမှာလည်း များစွာအခက်အခဲ အခဲ တွေ့နေရပါတယ်။ ကျွန်တော့်မိန်းမ ထုတ်လို့လည်း မရပါ။

**ဦးကျော်မြင့်။** ။ဒါကတော့ သက်ဆိုင်ရာဘဏ်တိုက်က ထုတ်မပေးလို့ ဖြစ်ပါလိမ့်မယ်။ ဘညွန့်ကို ယနေ့ စစ်ပါရစေ။ ခင်ဗျားရှေ့နေ မစ္စတာဗာတားနစ် ပြန်ရောက်လာတဲ့အခါမှာ ထပ်ပြီး စစ်ဆေးချင်တယ်ဆိုရင်လည်း ဘညွန့်ကို ပြန်ခေါ်ပေးပါ့မယ်။ အကယ်၍ ဘိလပ်ဝတ်လုံရောက်လာလို့ ပြန်စစ်ချင်တယ်ဆိုရင်လည်း ပြန်စစ်နိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဖော်ကောင်ဘညွန့်ထွက်ချက်

ထို့နောက် အိုးသည်ကုန်းသား အစိုးရသက်သေ ဘညွန့်အား ကျမ်းကျိန်စေပြီး စစ်မေးရာတွင် ထွက်ဆိုသည်မှာ ကျွန်တော် အင်္ဂလိပ်-မြန်မာ ၁၀တန်းအောင်ပါသည်။ ဇူလိုင် ၁၉ရက်နေ့ ဦးစောအိမ် လာဝိုင်းတော့ ကျွန်တော်လည်း ရှိပါသည်။ ကျွန်တော်နှင့်တကွ အားလုံး အဖမ်းခံရပါသည်။ နောက်တရားသူကြီး တစ်ဦးရှေ့မှာ ကျွန်တော့်သဘောအလျောက် ဖြောင့်ချက် ပေးပါသည်။ မည်သူ တစ်စုံတစ်ယောက်ကမှ တိုက်တွန်းညှဉ်းဆဲ၍ မဟုတ်ပါ။ ဒါနဲ့ ကျွန်တော် အစိုးရသက်သေ ဖြစ်သွားပါသည်။ အမှန်အကန်ကို ထွက်ဆိုပါမည်ဟု အာမခံသည့်အတိုင်း ထွက်ဆိုပါသည်။

## ဂျွန်နှင့် အသိဖြစ်ပုံ

လွန်ခဲ့သောနှစ်က အုတ်ဖိုသို့ ဂျွန်ဦးစော တရားလာဟောစဉ်က စပြီး သိကြပါသည်။ ကျွန်တော် အစည်းအဝေး အကျိုးဆောင် ဖြစ်ပါသည်။ အစည်းအဝေး ပြီးတဲ့အခါ ဦးစောက ကိုဘညွန့်တို့လို ခေတ်ပညာတတ် လူငယ်ကလေးတွေ မျိုးချစ်ပါတီဝင်ရင် မုချကြီးပွားမယ်။ ရန်ကုန်ရောက်တဲ့ အခါလည်း အိမ်ကိုဝင်ခဲ့ပါ။ လွန်ခဲ့တဲ့ ၅နှစ်လ ကုန်လောက်မှာ ကျွန်တော့်မိန်းမ ဒပ်ဖရင်ဆေးရုံမှာ ဆေးလာကုရင်း ကျွန်တော် ရန်ကုန်ရောက်လာပါတယ်။ စမ်းချောင်းမှာ တည်းပါတယ်။ ရန်ကုန်ရောက်ပြီး နောက်တစ်နေ့ ဦးစောအိမ် အလည်သွားပါတယ်။ ဦးစောနဲ့ တွေ့တဲ့အခါ နှုတ်ခွန်းဆက်စကားပြောပြီး ဦးစောက ရန်ကုန်ရောက်တဲ့အခါ သူ့အိမ်မှာအိပ်ရန် ဖိတ်ပါသည်။

နောက် နှစ်ရက်လောက်ကျတော့ ဦးစောအိမ်မှာ တစ်ည၊ နှစ်ည သွားအိပ်ပါသည်။ ထိုစဉ်အခါက ဦးစောအိမ်မှာ တရားခံထဲက ဘယ်သူတွေ တွေ့ပါသလဲဆိုရင် မှုန်ကြီးနဲ့ ဘိုနီမှတစ်ပါး အားလုံးကို တွေ့ပါသည်။ ဦးစောအိမ် တည်းခိုနေစဉ် ကျွန်တော်သိလိုသော နိုင်ငံရေးကိစ္စများ ပြောပါသည်။ ကျွန်တော်လည်း မျိုးချစ်ပါတီ တိုးတက်ကြီးပွားရေးနှင့် ပတ်သက်၍ ဦးစောကို အကြံဉာဏ် ပေးပါသည်။ နောက် ဂျွန်တပ်သားတိုင်း မျိုးချစ် ပါတီဝင်ဖြစ်ရန်၊ ထို့ပြင် ဂျွန်တပ်သားများကို အခွင့်အရေးပေးမှသာလျှင် ဦးစော "လက်သုံး ဝါးရင်းတုတ်"ဟု တိုင်းပြည်က စွပ်စွဲချက်များ ပပျောက် သွားပါလိမ့်မည်ဟု အကြံပေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## သူ့ဝါဒကြိုက်လို့

ထို့ပြင် ဆိုရှယ်လစ်၊ ကွန်မြူနစ်ဝါဒများမှ ကောင်းတာလေး တွေ လုပ်ခွင့်ပြုပါဟုပြောရာ ဦးစောက ခွင့်ပြုပါသည်။ ဦးစောက မြန်မာပြည်တွင် လက်နက်အားကိုး အကောင်းဆုံးပါတီက တိုင်းပြည် အုပ်ချုပ်လိမ့်မည်ဟု ပြောပါသည်။ သည်တော့ ကျွန်တော်က လက်နက်အင်အားစုသည့်အတွက် ပြည်တွင်းစစ်ပွဲ သော်လည်းကောင်း၊ လွတ်လပ်ရေးတိုက်ပွဲ သော်လည်း ကောင်း ဖြစ်ပါလိမ့်မည်။ ဒါကြောင့် ဘယ်လမ်းလိုက်မလဲ မေးရာ လွတ်လပ် ရေး တိုက်ပွဲလမ်းကို လိုက်မယ်တဲ့။ ကျွန်တော်လည်း သူ့ခွင့်ပြုချက်များ သဘော ကျတာနဲ့ မျိုးချစ်ပါတီထဲဝင်ဖို့ ကတိထားလိုက်ပါတယ်။

ဦးစောအိမ်မှာ တစ်ညတည်းခိုပြီး ကျွန်တော်လည်း ပြန်လာ ပါသည်။ တရားခံများအပြင် ထိုစဉ်က ဦးစောအိမ်တွင် ဦးစော၏ ဇနီး ဒေါ်သန်းခင်၊ ခင်မောင်ရင်ဇနီး မခင်လေးနှင့် ကလေးနှစ်ယောက်၊ အစေခံ မလေးတစ်ယောက်၊ ကိုးနှစ်သားရှိ စံမြင့်ဆိုတဲ့ ကောင်လေးတစ်ယောက်၊ ထမင်းချက် ဦးဟန်၊ အခိုင်းအစေ မောင်မြအုန်း၊ ရန်ကြီးနိုင်၊ ကိုဘချော၊ မောင်တင်ရွှေဆိုသူ တံခါးစောင့်၊ မောင်လှထွန်း၊ မောင်ထွန်းရှိန်၊ အုတ်ဖိုဦးရှိန်၊ လက်ပံတန်းကိုရှိန်၊ ကိုထွန်းရင်၊ ဦးစောတပည့် မောင်စိန်မောင်တို့ကို တွေ့ဖူး ပါသည်။ ၄င်းလူများအနက် ယခင်က သိနေသူများမှာ တရားခံ မောင်စိုး၊ အုတ်ဖိုထွန်းရင်တို့ ဖြစ်ပါသည်။

## တာဝန်သုံးခု

နောက် ဦးစောအိမ်နှင့် အိုးသည်ကုန်း ကျွန်တော့်အိမ်ကို ကူးချည် သန်းချည် လုပ်နေပါသည်။ မျိုးချစ်ပါတီထဲ ဝင်ပြီးတဲ့နောက် တာဝန်သုံးခု ယူရန် ဖြစ်ပါသည်။ ပထမတာဝန်မှာ လက်နက်ရရှိရေး၊ ဒုတိယတာဝန်မှာ ခဲယမ်းမီးကျောက်ရရှိရေး၊ တတိယတာဝန်မှာ ဆန် စီမံကိန်းကို ဖျက်ဆီးပြီး ငွေကို တစ်နည်းနည်းဖြင့် မရအရယူရန် ဖြစ်ပါသည်။

## သစ္စာဆိုရပုံ

ဦးစောအိမ်ရောက်ပြီး ဘုရားကျောင်းဆောင်တွင် သစ္စာဆိုရ ပါသည်။ (၁) ဂျူနီစစ်သူကြီးနှင့်တကွ ဂျူနီတပ်သားများအပေါ် သစ္စာ

www.burmeseclassic.com

www.burmeseclassic.com



မဖောက်ပါ၊ (၂) တိုင်းပြည်ကြီးအတွက် အသက်စွန့်ပါမည်။ စသည့် အဓိပ္ပာယ်မျိုး ဖြစ်သည်။ ကျွန်တော်နှင့်တကွ အဲသည်နေ့က ငနီ၊ မှုန်ကြီး၊ မောင်ဝင်းတင်၊ လက်ပံတန်း ကိုဘမောင်တို့ ဖြစ်ပါသည်။ မောင်ဝင်းတင်မှာ အိုးသည်ကုန်း ဂုံညင်းတန်းရွာက ဖြစ်ပါသည်။ ကျွန်ုပ်သည် နိုင်ငံတော်အတွက် ဖောက်ပြန်မိသောကြောင့် လူ့ပြည်တွင် မနေလိုတော့ဘဲ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ပါသည်ဟု နေ့စွဲမပါသော စာရွက်တွင် ကိုယ့်လက်ရေးဖြင့် ကိုယ်ရေးပြီး လက်မှတ်ရေးထိုးရပါသည်။ ၄င်းစာရွက်များကို ဦးစောကိုယ်တိုင် သိမ်းထားပါသည်။

## ၁၈ ရက်နေ့ အရောက်ပြန်ခဲ့

ဦးစောအိမ်သို့ ဇူလိုင်လ ၁၈ ရက်နေ့အရောက် နောက်နေ့ အဖမ်းခံရတာပါပဲ။ အိုးသည်ကုန်းက လာစဉ်က တရားခံစိန်ကြီးနှင့် ဦးရှိန် တို့လည်း ပါလာပါသည်။ ဦးစောက ၁၈ ရက်နေ့ ညနေ ရောက်အောင် ပြန်လာခဲ့ပါဆိုသဖြင့် ပြန်လာခဲ့ခြင်း ဖြစ်ပါသည်။ ၁၆-၇-၄၇ ရက်နေ့ ဦးစောအိမ်မှ အိုးသည်ကုန်းသို့ ထွက်သွားစဉ် စိန်ကြီးနှင့် အုတ်ဖိုကိုထွန်းရင် တို့အတူ ပါပါသည်။ အပြန်မှာ ဦးရှိန်မှာ ခါးကိုက်လို့ ကျန်ရစ်ခဲ့သည်ဟု သိရှိရပါသည်။

## ခေါင်းဆောင်တွေသတ်

ဇူလိုင် ၁၆ ရက်နေ့က ဘာမှ မပြောပါ။ ဇူလိုင် ၁၅ ရက်နေ့ တွင် ဦးစောက ပြောသည်မှာ ရှေ့ဆက်ပြီး နိုင်ငံရေးလုပ်ဖို့မှာ ကျန်တဲ့ ခေါင်းဆောင်တွေ လျှောက်သတ်မှ ဖြစ်နိုင်တော့မှာပဲဟု ပြောပါသည်။ ထိုစဉ် တရားခံမောင်စိုးလည်း ရှိပါသည်။ ဦးစောက သည်လိုပြောလိုက် တော့ ကျွန်တော်က သည်လို လျှောက်သတ်မယ်ဆိုရင် လွန်လွန်းအားကြီး တယ်။ ဒါကြောင့် ပထမနယ်ခွဲသမားကို ချိန်ပါ။ ဗိုလ်ချုပ်သော်လည်းကောင်း၊ သူ့နောက်လိုက်များသော် လည်းကောင်း၊ လာကာကွယ်ကောင်း ကာကွယ်ပါ လိမ့်မည်။ သည်လိုအခါကျမှ တိုင်းပြည်ကို ပြပါ။ သည်လို အကြံပေး လိုက်တော့ ဦးစောက မင်းအကြံ ကောင်းတယ်ဆိုပြီး သဘောတူသွား ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ညနေပိုင်း

မွန်းလွဲ ၁ နာရီခွဲအချိန် ရုံးပြန်တက်ချိန်တွင် ဘညွန့်က ဇူလိုင်လ ၁၈ ရက်နေ့ ဦးစော ဒုတိယဝယ်တဲ့ ဂျစ်ကားနှင့် ပြန်လာသောအခါ ဦးစောနှင့် တွေ့ပါသည်။ ဘာမှမပြောပါ။ ည ၉ နာရီလောက်မှာ ကျွန်တော်တည်းခိုသော ဦးစောခြံအတွင်း သံဖြူဗိုလ်တဲကလေးတွင် အိပ်နေစဉ် လူတစ်ယောက် လာနှိုးပါသည်။ ၎င်းတဲကလေးတွင် ကျွန်တော်၊ မောင်စိုး၊ သက်နှင်း၊ သုခ၊ မောင်စိန်၊ အုတ်ဖိုကိုထွန်းရင်၊ ပေါင်း ခြောက်ယောက်နေကြပါသည်။ ဒါနဲ့ ကျွန်တော်လည်း ဦးစောရှိရာ သူ့အိမ်ကြီးသို့ လိုက်သွားပါသည်။ ဟိုရောက်တော့ မောင်စိုး၊ သက်နှင်း၊ မောင်စိန်၊ သုခတို့ တွေ့ရပါသည်။ ဦးစောတို့က ကိုဘညွန့် နေကောင်းသလားလို့ မေးပါသည်။

အိုးသည်ကုန်းက ပြန်အလာ ကျွန်တော် ခရီးပန်းလို့ နေမကောင်းဘူးဟု ပြန်ပြောပါသည်။ နောက် ဦးစောက မနက်ဖြန် စနေနေ့၊ အတွင်းဝန်ရုံးက ဝန်ကြီးများ အစည်းအဝေးဖြစ်မှာ သေချာသည်ဟု ပြောပါသည်။ ထို့နောက် သူ့ရှေ့တွင် ထိုင်နေသော တရားခံ လေးယောက်ကို လက်ညှိုးထိုးပြီး သူတို့လေးယောက်ကတော့ အပေါ်ထပ်ကိုတက်ပြီး ပစ်ဖို့ တာဝန်ယူပြီးပါပြီ။

## သခင်နုကို သတ်ဖို့

ကိုဘညွန့် သခင်နုကိုကော သိရဲ့လား၊ သိပါသည်။ ရုံးခန်းကော သိရဲ့လား၊ သိပါသည်။ ရုံးခန်း ဘယ်နားမလဲမေးလို့ ပြောပြရပါသည်။ နံနက် မင်း ခင်မောင်ရင်တို့ ကားနှင့်လိုက်သွားပါ။ သခင်နု ရှိမရှိ အခန်းထဲဝင်ကြည့်၊ သခင်နုတွေ့ရင် ရစ်ဝဲရစ်ဝဲနှင့် စောင့်ပါ။ နောက် မောင်စိန်တို့ ဂျစ်ကားနှင့် ရောက်လာပါလိမ့်မည်။ မင်းက ဂျစ်ကားနားစောင့်နေ၊ အပေါ်ထပ်က သေနတ်သံကြားပြီးလျှင် မင်းကလည်း သေနတ်တစ်လက်ဆွဲပြီး သခင်နုကို ပစ်ပါ။ ဂျစ်ကားမှာ ဦးစော အိမ်က မောင်စိန်နှင့် အခြားတရားခံများ စီးလာသည့် ဂျစ်ကားကို ဆိုလိုပါသည်။ သခင်နုပစ်ပြီး ဂျစ်ကားပေါ် အမြန်တက် ပြေးရန် လာပြောပါသည်။ ကျွန်တော်လည်း ဦးစော အိမ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း လိုက်နာပါမည်ဟု ကတိပေးလိုက်ပါသည်။ နောက် ကျွန်တော်တို့ ငါးယောက်စလုံး သံဖြူဗိုလ်တဲကလေးသို့ ပြန်ကြပါသည်။

## ထိုနေ့နံနက်

နောက်တစ်နေ့ ၁၉ ရက်နေ့ မိုးလင်းတော့ နံနက် ၈နာရီခွဲ လောက် ဦးစောအိမ် သွားပါသည်။ ခင်မောင်ရင်မှာ ဦးစောပိုင် ဖိုဆင် ထရပ်ကားနား ရပ်နေသည်ကို တွေ့ရပါသည်။ ကားမှာ ထွက်ရန် အသင့်ပြင်ဆင်ပြီး ဖြစ်ပါသည်။ ဦးစောထွက်လာပြီး ခင်မောင်ရင်ကို တိုးတိုး ပြောပါသည်။ ဘိုနီကိုလည်း ပြောပါသည်။ ဘာတွေပြောသည် မသိပါ။ ခင်မောင်ရင်နှင့် ဘိုနီမှာ အတူနေထိုင်ပါသည်။ မှုန်ကြီးလည်း ရောက်လာပါသည်။ မှုန်ကြီးကိုလည်း ဦးစောက တိုးတိုးတိတ်တိတ် မှာကြားပါသည်။

ကျွန်တော့်ကိုတော့ ဦးစောက ငါ မင်းကို ညက မှာထားသည့် အတိုင်းပေါ့ဟု ပြောပါသည်။ ခင်မောင်ရင်နှင့် ကျွန်တော်မှာ မှုန်ကြီးကို မှာကြားစဉ် ကားပေါ်ရောက်နေပါပြီ။ နောက် မှုန်ကြီးနှင့် ဘိုနီစက်နှိုးပြီး ကားပေါ်တက်လာကြပါသည်။ ကားနံပါတ်ကတော့ သတိမထားမိပါ။ ဦးစောအိမ်ကထွက်လာတော့ ၉ နာရီလောက် ရှိပါသည်။ ဒါလဟိုဇီ လမ်းနှင့် ၄၁ လမ်းထိပ်တွင် ကားကို အတွင်းဝန်ရုံးဘက် မျက်နှာမူပြီး ရပ်လိုက်ပါသည်။ ကားရပ်ပြီး ခင်မောင်ရင်၊ မှုန်ကြီးတို့ကားပေါ်က ဆင်းသွားကြပါသည်။ မောင်နီက ကားပေါ် ကျန်ရစ်ပါသည်။ နောက် ကျွန်တော်တို့ အတွင်းဝန်ရုံးကြီး တောင်ဘက်ပေါက်က ဝင်လာကြပါသည်။ ကျွန်တော်လည်း နောက်က လိုက်သွားပါသည်။

## အတွင်းဝန်ရုံးအရောက်

နောက် အတွင်းဝန်ရုံးထဲရောက်တော့ ခင်မောင်ရင်နှင့် မှုန်ကြီး ဘယ်ရောက်သွားသည် မသိတော့ပါ။ ကျွန်တော်လည်း ဝန်ကြီးများ အစည်း အဝေးလုပ်ရာ အခန်းမကြီးတောင်ဘက် သခင်နုရုံးခန်းကို သွားကြည့်ပါသည်။ မှန်တံခါးနှစ်ခုအနက် အနောက်ဘက်တံခါး ပွင့်နေပါသည်။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တဲ့အခါ လူတစ်ယောက်ခေါင်းပိုင်းပဲ မြင်ရပါသည်။ သခင်နုနဲ့တော့ ဆင်ဆင်တူပါသည်။ နောက်တစ်ခေါက်ပြန်ကြည့်တော့ နောက်ပိုင်းကျောဘက်ကို မြင်ရပါသည်။ အဲလ်ပတ် ကားအင်္ကျီ ဝတ်ထားပါသည်။ သည်အခါကျမှ သခင်နုမဟုတ်မှန်း သိပါသည်။ ဒါနဲ့ ကျွန်တော်လည်း လက်ဖက်ရည်တစ်ခွက် ဝယ်သောက်ပါသည်။

**ဦးကျော်မြင့်။** ။သူရိယတိုက် အောက်ကဆိုင်လား။

**ဘညွန့်။** ။မဟုတ်ပါဘူး။ (ဝိုင်းရယ်ကြသည်။)

(၁၀)နာရီလောက်ထိ ဦးစောအိမ်က ဂျစ်ကားမရောက်သေးပါ။ ဒါနဲ့ ကျွန်တော်လည်း ထရပ်ကားဆီ ပြန်လာပါသည်။ မောင်နီကို မတွေ့ပါ။ ခင်မောင်ရင်တော့ တွေ့ပါသည်။

## ဖုန်းဆက်ပြီးပြီ

ကားပြန်ရောက်တော့ ခင်မောင်ရင်က ဦးစော ခိုင်းလိုက်သည့်အတိုင်း တယ်လီဖုန်းဆက်ပြီးကြောင်း၊ ဂျစ်ကားတော့ လာမလာ မပြောတတ်ကြောင်း ပြောပါသည်။ ကျွန်တော်လည်း ကားပေါ်တက်ထိုင်နေပါသည်။ နောက် ခင်မောင်ရင်က ကျွန်တော့်ပခုံးပုတ်ပြီး ဟာ… လာပြီ… လာပြီလို့ ပြောတာနဲ့ လှည့်ကြည့်လိုက်တော့ ဂျစ်ကား အဝင်လမ်းက ဝင်လာကာ။ အတွင်းဝန်ရုံးထဲကို ရောက်နေပါပြီ။ ထိုစဉ် အခါက ၄င်းဂျစ်ကားကို ဦးစော အိမ်က ဂျစ်ကားမှန်း တတ်အပ်မသိသေးပါ။ တူတော့ တူပါသည်။ အတွင်းဝန်ရုံး အဆောက်အအုံ ဆင်ဝင်အနီး တစ်မိနစ်လောက် ရပ်နေပါသေးသည်။ နောက်မှ ဝင်သွားပါသည်။ နောက်နှစ်မိနစ်၊ သုံးမိနစ် အကြာမှာ ဂျစ်ကားလေး ခပ်မှန်မှန် မောင်းထွက်လာသည်ကို တွေ့ရ ပါသည်။ နောက် ခေတ္တ မျက်ခြည်ပြတ်သွားပါသေးသည်။ နောက် ကျွန်တော်တို့ ထရပ်ကားရှေ့ ဖြတ်မောင်းသွားမှ ပြန်တွေ့ပါသည်။ ဂျစ်ကားထဲ လူငါး ယောက်၊ ခြောက်ယောက် ပါလာပါသည်။ ဘယ်သူဘယ်ဝါ မသိပါ။ တစ်နာရီ မိုင် ၃၀ နှုန်းလောက် မောင်းပြေးတာ တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဟိုပြေးသည်ပြေးနှင့်

ဂျစ်ကားထဲကလူက ဘာဝတ်ထားသည်ကို သတိမထားမိပါ။ လူတွေလည်း အတွင်းဝန်ရုံးထဲ ဟိုပြေးသည်ပြေး ဖြစ်နေတာ တွေ့ရပါသည်။ ကျွန်တော်တို့ ကားထဲက မောင်နီနှင့် မှုန်ကြီး မရောက်လာ သေးသည့်အတွက် သုံးမိနစ်လောက် ကြာအောင်စောင့်မှ မောင်နီ ရောက်လာပါသည်။ မှုန်ကြီး တော့ မတွေ့ရပါ။ ကျွန်တော်တို့လည်း ခင်မောင်ရင်ကို ကားမောင်းနိုင်းဖို့ ပြောပါတယ်။ မှုန်ကြီး ဘယ်မှာကျန်ခဲ့တယ်ဆိုတာ ခင်မောင်ရင်လည်း မပြောပါ။ ၁၁ နာရီနီးပါးလောက်ပဲ ထင်သည်။ အဲသည်နေ့က မိုးအုံ့၍ အချိန်အတိအကျ မသိပါ။ နောက် အေဒီလမ်း ဦးစောအိမ်သို့ ပြန်ခဲ့ကြပါသည်။

## အောင်ပြီ၊ အောင်ပြီ

ဦးစောအိမ် ဆင်ဝင်ဘေးမှာ ကားကိုရပ်လိုက်ပြီး ကားပေါ်မှ ဆင်းပါသည်။ ဂျစ်ကားလေးက အိမ်ရှေ့ဆင်ဝင်အောက်တွင် ရပ်ထားသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့ ကားပေါ်ကဆင်းတော့ ဦးစော၊ မောင်စိုး၊ သုခ၊ ရန်ကြီးအောင်၊ မောင်စိန်တို့က အောင်ပြီလို့ အိမ်အပြင်ဘက်မှာ အော်နေတာ တွေ့ရပါသည်။ ကျွန်တော်လည်း နယူးကလင်ဒါ ခေတ်သစ် ပြောင်းသွားပြီလို့ ပြန်အော်လိုက်ပါတယ်။ ဒါနဲ့ ဦးစောက သခင်နု ဘယ့်နှယ်လဲလို့ အင်္ဂလိပ်လို မေးပါသည်။ ကျွန်တော်လည်း သခင်နုနဲ့ မတွေ့ဘူးလို့ မြန်မာလို ပြန်ဖြေပါသည်။

## ငါးမျှားနေသူ

အဲဒါကို ဦးစောအိမ်မှာ လူတွေ စုစု စုစုဖြစ်နေတော့ ပြည်လမ်းဘက်ကိုက် ၁၀၀ လောက်အကွာမှာ လူတစ်ယောက် ငါးမျှားနေတာ တွေ့ရပါသည်။ အဲသည်လိုထိုင်ပြီး ငါးမျှားနေတဲ့အနားမှာ မိုးကာအင်္ကျီဝတ်ထားတဲ့ လူနှစ်ယောက်က ကျွန်တော်တို့အိမ်ဘက် စိုက်ကြည့်နေပါသည်။ ငါးမျှားတဲ့ လူကလည်း သံဘူးထဲက စီးကရက်ညှိသောက်တာ မြင်ရလို့ ကျွန်တော်က သည်လူတွေဟာ စုံထောက်တွေနဲ့တူတယ်။ လာ···အိမ်ထဲဝင်ကြစို့ဆိုပြီး အိမ်ထဲဝင်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အရက်နှင့် ညှော်ခံ

နောက် ဦးစောက အရက်ထားတဲ့ ဗီရိုထဲက အရက်ပုလင်း ထုတ်ပြီး အရက်သောက်ကြပါသည်။ ဂျစ်ကားနှင့် ပါသွားသူများသည် သူတို့ ပြုလုပ်ခဲ့သည်များကို ဝမ်းမြောက်ဝမ်းသာ ပြန်လှန် ပြောဆိုနေကြပါသည်။ ဘာတွေ ပြောဆိုနေသည်ကိုတော့ မသိပါ။ နောက် ကျွန်တော်တို့ ပြန်ရောက်ပြီး တစ်နာရီလောက်ကြာတော့ ဦးစောအိမ် နောက်ဖေးခန်းမှာ ထမင်းစားကြပါသည်။

ညနေ ၂ နာရီလောက်မှာ ဦးစောအိမ်ကို ပုလိပ် လာဝိုင်းပါသည်။ ကျွန်တော်နှင့်တကွ တရားခံများအားလုံး အဖမ်းခံရပါသည်။ ဂျစ်ကားနှင့် ပြန်ရောက်လာသူများကို အိမ်မှာ တွေ့တဲ့အခါ အရပ်ဝတ် အရပ်စားများ ဝတ်ထားသည်ကို တွေ့ရပါသည်။

## ဦးစောကားများ

ကျွန်တော်တို့ ထရပ်ကားကို ဂျစ်ကားဖြတ်သွားတဲ့အခါ ဦးစောအိမ်ကကားနှင့် အလွန်တူသော ကားပဲဟု စွပ်စွဲပါတယ်။ ဦးစောမှာ ဇူလိုင် ၁၉ ရက်နေ့က ဖိုဆင်ထရပ်ကားတစ်စီး၊ ဂျစ်ကားနှစ်စီး၊ ပေါင်း သုံးစီး အပြင်မှာလည်း ရှိပါသည်။ ကားရုံထဲမှာလည်း ကားရှိသေးတယ်လို့ သိရပါသည်။ ကားနံပါတ်တွေတော့ သတိမထားမိပါ။ ကျွန်တော်တို့ ကားရှေ့က ဖြတ်သွားတဲ့ ဂျစ်ကားကို ကျွန်တော် ၁၅ ကြိမ်လောက် စီးဖူးပါတယ်။

## (၁၂)နံပါတ်တံဆိပ်

ရှေ့နေချုပ်ကြီးက (၁၂)နံပါတ် စစ်တပ်တံဆိပ်ကိုပြ၍ မောင်ဘညွန့်သည်တံဆိပ်ကို မြင်ဖူးသလားဟု ကြားဖြတ်မေးရာ ကျွန်တော်သည် တံဆိပ် မြင်ဖူးပါတယ်။ မောင်စိန်နှင့် အတူသွား၍ ခြောက်စုံ ဆူးလေဘုရားလမ်းက ကုလားဆိုင်တစ်ဆိုင်မှာ ဝယ်ဖူးပါသည်။ ဘာလုပ်ဖို့ ဘယ်သူ့အတွက် ဝယ်သည် မသိရပါ။ နောက် ဦးစောအိမ် ပြန်ခဲ့ပါသည်။ ခြေသေ့တံဆိပ် သက်သက် ဝယ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## သည်ဂျစ်ကားပဲ

ဦးစောနှင့် စ၍ သိလျှင်သိချင်း မျက်လုံးတွင် ဒဏ်ရာရရှိပြီး ဖြစ်ကြောင်း သိရပါသည်။ ဦးစောကလည်း ကျွန်တော် သူ့အိမ်ရောက်ပြီး ၁၀ရက်လောက်အကြာမှ ပြောဖူးပါသည်။ သူပြောတာက ယခုလို နိုင်ငံရေး ခေါင်းဆောင်အချင်းချင်း သည်လောက် ညစ်ပတ်လိမ့်မယ် မထင်လို့ သူ ယခုလိုခံရကြောင်း ပြောပါသည်။ ဦးစောအိမ် ဆင်ဝင်အောက်တွင် ရပ်ထားသော ဂျစ်ကားမှာ ဒါလဟိုဇီလမ်းတွင် ကျွန်တော်တို့ ထရပ်ကားရှေ့မှ ဖြတ်သွားသော ဂျစ်ကားပဲလို့ အတတ်စွဲဆိုနိုင်ပါသည်။

## ကျွန်တော် လုပ်ဖူးတယ်

အိုးသည်ကုန်းမှ ကျွန်တော် စီးလာတဲ့ ဂျစ်ကားမှာ အမိုးမရှိပါ။ ၄င်းဂျစ်ကားမှာ အမိုးရှိပါသည်။ ကျွန်တော်တို့အိမ်ထဲ အရက်သောက် နေစဉ် ခင်မောင်ရင်က ဂျစ်ကားဘော်ဒီမှာ ဆေးအဖြူနှင့် အာရ်ဂျီ- ၉၈၃၁ လို့ရေးတာ တွေ့ရပါသည်။ ၄င်းနံပါတ်မှာ ထိုဂျစ်ကား၏ နံပါတ်အမှန် ဖြစ်ပါသည်။ ယခင်ကလည်း မမှန်နံပါတ်များ အသုံးပြုပြီးလျှင် နံပါတ်အမှန်ကို ပြန်တပ် ပါသည်။ ကျွန်တော် ကိုယ်တိုင်လည်း လုပ်ခဲ့ဖူးပါသည်။ ဦးစောအိမ်ရောက်ပြီး မကြာမီ ဖြစ်မှုတစ်ခုကျူးလွန်ရန်အတွက် လုပ်ခဲ့ဖူးခြင်းဖြစ်ပါသည်။

ထို့နောက် ဦးစံဝင်းက ဦးစောနှင့် တွေ့ဆုံတိုင်ပင်ရန် ခွင့်တောင်းရာ တရားသူကြီးက သည်ကိစ္စမှာ ထောင်အရာရှိများနှင့်သာ သက်ဆိုင်ပါသည်။ သို့သော် ရှေ့နေချုပ်ကြီးကို တတ်နိုင်သလောက်ကူညီရန် ပြောပေးပါမည် ဆိုပြီး… ၂၀-၁၀-၄၇ နေ့ တနင်္လာနေ့သို့ ချိန်းဆိုလိုက်သည်။

❖

www.burmeseclassic.com

www.burmeseclassic.com



## မယားသည်ကို တရားပြသည့် ဦးစော

**အမှုမစစ်သည့် တနင်္ဂနွေနေက**
**ဦးစောမှာ သက်သတ်လွတ်စားပြီး ဘုရားကို ဆီမီးပူဇော်ခြင်း**
**အပြင်ဘက်ရှိ မယားသည်ကိုလည်း တရားနှင့် ဖြေပါတော့ဟု မှာကြားခြင်း**

နိုင်ငံတော် လုပ်ကြံမှုကြီးကို ၁၅-၁၀-၄၇ နေ့က အင်းစိန်ထောင်တွင် ဆက်လက် စစ်ဆေးခဲ့ပြီး ၁၈ နှင့် ၁၉ ရက်နေ့များတွင် ရုံးပိတ်ရက်ဖြစ်သည်။ ၂၀ ရက်နေ့တွင် အမှုကို စစ်ဆေးမည်ဖြစ်ရာ ရုံးပိတ်ရက်ဖြစ်သော ၁၉ ရက် တနင်္ဂနွေနေ့က ထောင်တွင်း၌ ဦးစော လုပ်ကိုင်နေပုံမှာ-

**တရားကျသော ဂဠုန်**

၁၉-၁၀-၄၇၊ တနင်္ဂနွေနေ့က ဦးစောမှာ သက်သတ်လွတ်စား၍ ဘုရားကို ဆီမီးများထွန်းညှိ ပူဇော်နေသည်ကို တွေ့ရသည်။

**ဒေါ်သန်းခင် မကျန်းမာ**

ဦးစော၏ ဇနီး ဒေါ်သန်းခင်မှာလည်း မကျန်းမာသဖြင့် ပိန်ချုံးနေသည်။ နိုင်ငံတော် ပြည်သူ့ခေါင်းဆောင်ကြီးများ လုပ်ကြံမှု တရားခံများကို ၂၀-၁၀-၄၇ နေ့က အင်းစိန်ထောင်အတွင်း အထူးခုံအဖွဲ့ ရုံးခန်းတွင် အထူးခုံအဖွဲ့က ဆက်လက် စစ်ဆေးကြားနာသည်။

❖

## လုပ်ကြံမှုကြီးစစ်ဆေးသည့် ပဥ္စမနေ့

**ဖော်ကောင်ဘညွှန့်၏ ဆက်လက်ထွက်ဆိုချက်များ**

၂၀-၁၀-၄၇ ဤနေ့ကား နိုင်ငံတော် ပြည်သူ့ခေါင်းဆောင်ကြီးများ လုပ်ကြံမှုကြီးကို အင်းစိန်ထောင်အတွင်းရှိ ခုံသမာဓိရုံးတော်တွင် ငါးကြိမ်မြောက် ဆက်လက် စစ်ဆေးသောနေ့ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အစိုးရသက်သေ ဖော်ကောင်ဘညွန့်ကို ဆက်လက် စစ်ဆေးရမည့် နေ့ဖြစ်ရာ ၉ နာရီ ၁၅ မိနစ်တွင် တရားခံ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်နှင့် မှုန်ကြီးတို့ကို တရားခံများထားရာ ဝက်ခြံကလေးအတွင်းသို့ ခေါ်ဆောင်လာသည်ကို တွေ့ရသည်။

## သက်သေခံပစ္စည်း

၁၀ နာရီမတိုင်မီ ၁၀ မိနစ်အလိုတွင် အစိုးရရှေ့နေ ဦးမြသိန်း ပထမဆုံး ရုံးခန်းအတွင်း ရောက်လာသည်။ ၁၀ နာရီ ၅မိနစ်တွင် အစိုးရရှေ့နေချုပ်ကြီးနှင့် တရားခံ ရှေ့နေများဖြစ်သော ဦးစံဝင်း၊ ဦးသိန်းကျော်တို့ ရောက်လာကြသည်။ တရားခံ ခင်မောင်ရင်တို့ လူ သိုက်လည်း သက်ဆိုင်ရာ ဝက်ခြံအတွင်း ရောက်ရှိကြပြီဖြစ်၏။ ထိုနေ့က ဦးစောရှေ့နေ ဗတားနစ် ရုံးတက်လာသည်ကို တွေ့ရ၏။ လုပ်ကြံမှုကြီးတွင် အရေးပါ အရာရောက်သော သက်သေခံပစ္စည်းများ စုံလင်လေပြီ။

## သက်နှင်း ဝမ်းကိုက်နေ၍

သက်နှင်း ဝမ်းကိုက်နေသဖြင့် အမှုကို နားမထောင်ဘဲ အိပ်နေနိုင်ကြောင်း ခွင့်ပြုသည်။ သက်နှင်းကမူ အမှုကို နားထောင်လိုကြောင်းပြောသဖြင့် တရားခံ ဝက်ခြံတွင် ထိုင်မြဲ ထိုင်နေသည်။ လုပ်ကြံမှုကြီး၏ ၁-တရားခံ ဦးစောလည်း ဝက်ခြံအတွင်း ကုလားထိုင်တွင် ထိုင်နေသည်။

## ကုန်သည်ဘဝကို နှစ်သက်ခြင်း

ဘညွန့်ကို တရားသူကြီးက စစ်ဆေး၍ ထွက်ဆိုသည်မှာ ၁၉၃၇ ခုနှစ်၊ မတ်လက ကျွန်တော် ၁၀ တန်း အောင်ပါသည်။ အသက် ၁၉နှစ်ရှိပါပြီ။ ၁၉၃၈ ခု မေလတွင် မင်းလှမြို့ရုံးတွင် ရုံးစာရေး လုပ်ပါသည်။ ဂျပန်ခေတ် ထိုရုံးမှာပင် စာရေးကြီးဖြစ်၏။ အင်္ဂလိပ်မပြေးမီ လေး-ငါးလ လောက်မှာ ရှေ့ဖတ်စာရေးကြီး ရာထူးကို ရပါသည်။ အင်္ဂလိပ်ပြန်ရောက်သော ၁၉၄၅ ခုတွင် ထိုရုံးမှာပင် စာရေးကြီးဖြစ်၍ ၁၉၄၆ စက်တင်ဘာ၊ အောက်တိုဘာလောက်တွင် ကုန်သည်အလုပ်ကို လုပ်လိုသဖြင့် လခစား အလုပ်မှထွက်ပြီး အိုးသည်ကုန်းတွင် ကုန်သည်အလုပ် လုပ်ပါသည်။ ဦးစော နှင့်တွေ့တော့လည်း ကုန်သည်ပါပဲ။ ကျောင်းသားဘဝ ၁၉၃၆ ခုနှစ်လောက်

www.burmeseclassic.com

www.burmeseclassic.com



ကပင် နိုင်ငံရေးကို ဝါသနာပါခဲ့ပါသည်။ အစိုးရအလုပ်က ထွက်တော့လည်း အိုးသည်ကုန်းတွင် နိုင်ငံရေးအလုပ်များ လုပ်ခဲ့ပါသည်။ ပါတီ အစွဲအလမ်း တော့ မရှိပါ။ ဦးစော တရားဟောစဉ်ကလည်း ဝါသနာပါ၍ သွားနားထောင် ပါသည်။

ဦးစောနှင့်တွေ့ပြီး မျိုးချစ်ပါတီဝင်မှသာလျှင် တိုင်းကျိုးပြည်ကျိုး ဆောင်နိုင်လိမ့်မယ်လို့ ယူဆတဲ့အတွက် မျိုးချစ်အဖွဲ့ထဲ ဝင်တာပါ။ အခြား ပါတီများက မျိုးချစ်ပါတီကို အမြစ်ကလှန်တော့မယ်ဆိုတာကို ကျွန်တော် သိပါတယ်။ ဒါကြောင့် ဦးစောရဲ့ အမျိုးသားဝါဒကို လုံးဝ ဖျက်ဆီးပစ်ဖို့ မတော်ဘူးလို့ ကျွန်တော် ယူဆပါတယ်။ ဆိုရှယ်လစ်နိုင်ငံ တည်ဆောက် သော်လည်း မျိုးချစ်ပါတီ ရှိသင့်ပါသည်။ မျိုးချစ်အတွက် လူငယ်အင်အား စုပေးလိုပါသည်။ ဆိုရှယ်လစ်၊ ကွန်မြူနစ်မှ ကောင်းနိုးရာရာ ဝါဒကလေး များကိုလည်း သွင်းပေးဖို့ ဦးစောကလည်း သဘောတူပါသည်။ ဦးစောက လူမှာ အတန်းအစား မသင့်မတင့် မဖြစ်ရဘူး။ လူသာမဟုတ် နတ်များ တောင်မှ အတန်းအစားရှိကြတယ်။ ကျွန်တော်ကလည်း လူထုအတန်းအစား ခွဲမှုအတွက် မသင့်မတင့် ဖြစ်မှုကို လက်ခုပ်တီးပေးရ၏။ လူထုကလည်း မမုန်းဘူး။ ဒါမှ လူထုကို ကျွန်တော်တို့ဘက်ပါအောင် ဆွဲဆောင်ယူနိုင် ပေလိမ့်မယ်လို့ ပြောပါသည်။

## လက်နက်များ ထုတ်ယူပါသည်

ကျွန်တော့်အတွက် တာဝန်ကျသော ဝတ္ထုရားသုံးခုအနက် နှစ်ခု ကတော့ ဆောင်ရွက်ပြီးပါပြီ။ လက်နက် စုဆောင်းရေး၊ ခဲယမ်းမီးကျောက် စုဆောင်းရေးတို့တွင် ဂျစ်ကားနံပါတ်လိမ်များ သုံးစွဲခဲ့ပါသည်။ ဇွန်လ ၂၄ ရက်နေ့က ဗိုလ်တထောင် အေ-အို-ဒီမှာ ဘရင်းဂန်း ၂၀၀ ကို လော်လီ နှင့် တင်ခဲ့ပြီး ဦးစောအိမ်ကို ယူခဲ့ပါသည်။ နောက် ကျွန်တော်ကိုယ်တိုင် ဖြန့်ဖြူးရပါသည်။ ပြည်လမ်း ၁၆ မိုင်၊ ၁၇ မိုင်မှ ရှိင်ဖယ်ကျည်ဆန် တစ်သိန်းကို သွား၍သယ်ယူရပါသည်။ ဘယ်အတွက် ထိုမျှများပြားသော ကျည်ဆန်၊ လက်နက်များ စုဆောင်းရသည်ကို ဦးစောကလည်း ဘာမျှ မပြောပါ။

www.burmeseclassic.com

www.burmeseclassic.com



## အထူး ဝတ္တုရားတစ်ခု

ဇူလိုင် ၁၆ ရက်နေ့ နံနက် ၈ နာရီခွဲလောက်မှာ ဦးစောအိမ်သို့ ဧည့်သည်နှစ်ဦးနှင့်တွေ့ပြီး နာရီဝက်လောက်ကြာမှ ပြန်သွားပါသည်။ ကျွန်တော်နှင့် မောင်စိုးလည်း အိမ်ရှေ့မှာ ထိုင်နေပါသည်။ ဒါနဲ့ ဦးစော ပြုံးပြုံးနဲ့ရောက်လာပြီး နိုင်ငံရေး ရှေ့ဆက်လုပ်ရမှာဖြင့် အခြားခေါင်းဆောင်တွေ သတ်ပစ်မှဖြစ်တော့မှာပဲလို့ ပြောပါသည်။ ကျွန်တော်ကလည်း သည်လိုဆိုရင် အဖျက်ဝါဒကျူးလွန်းသည်ဟု ပြောပြပါသည်။ အိုးသည်ကုန်းက ကျွန်တော် ပြန်ရောက်လာတော့မှ ဦးစောက သူ့အကြံကို ဖွင့်ပြောပြခြင်းဖြစ်ပါသည်။ ယခုလို ဦးအောင်ဆန်းနှင့် ဝန်ကြီးများ လုပ်ကြံရန်ကိစ္စမှာ ကျွန်တော့်အတွက် အထူးဝတ္တုရားတစ်ခုလို့ ဦးစောက ပြောပါသည်။

## သခင်နုကို သတ်ရန်

အဲသည်လို ဦးစော ခေါင်းဆောင်များ လုပ်ကြံရန် သူ့အကြံတွေ ဖွင့်ပြောတော့ ကျွန်တော်လည်း အံ့အားသင့်သွားပါသည်။ ကျွန်တော်လည်း သခင်နုကိုသတ်ရန် တာဝန်ခံခဲ့ပေမယ့် စိတ်မပါသေးပါ။ ချီတုံချတုံ ဖြစ်နေသေးပါသည်။ ၁၉ ရက်နေ့နံနက် အတွင်းဝန်ရုံး ရောက်တော့မှ ဦးစော ခိုင်းတဲ့အတိုင်းလုပ်ရန် ဆုံးဖြတ်လိုက်ပါသည်။ ဦးစော အကြံပေးခိုင်းစေသမျှ ငြင်းပယ်လိမ့်မည် မဟုတ်ပါ။ အကြောင်းကတော့ အတူတူပါလာတဲ့ အဖော်တွေ သက်ာမကင်းဖြစ်မှာစိုးလို့ပါ။ အကယ်၍ သခင်နုကိုတွေ့ရင် သတ်မှာပါပဲ။ ထိုအချိန်တွင် ဘညွန့်က မိခင်နှင့် ရည်စားကြား ဗျာများသောသားလို ဥပမာပေးကြောင်း၊ ကိုယ့်တိုင်းပြည်အတွက် ဦးစောခိုင်းတဲ့အတိုင်း လုပ်မှသာလျှင် ဖြစ်နိုင်တော့မည်ထင်ပြီး အင်မတန်ချစ်တဲ့ သခင်နုကိုပင် သတ်ဖို့ ဆုံးဖြတ်ခြင်းဖြစ်ပါသည်။

## ဦးစောအတွက် သော့ချက်

ဦးစော ခိုင်းစဉ်က ဘယ်ဝန်ကြီးကို သတ်ပစ်ရမည် မသိပါ။ အမှုဆောင်ဝန်ကြီးများ အစည်းအဝေးကို ဝင်ပစ်ခိုင်းကြောင်းသာ သိပါသည်။ ဘုရားဆောင်တွင် သစ္စာဆို၍ ကျမ်းကျိန်စာ ရေးရသည်မှာ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



သစ္စာဖောက်ခဲ့သော် ဖျောက်ဖျက်ပစ်ရန် ဦးစောအတွက် သော့ချက်ပဲ ထင်ပါသည်။

ဇူလိုင် ၁၉ ရက်နေ့ ထရပ်ကားနှင့် ဦးစောအိမ်မှ မထွက်မီ ရန်ကြီးအောင်ကို ထင်းပုံများတွင် ထိုင်နေတာ မြင်ခဲ့ပါသည်။ နောက် လုပ်ကြံပြီး ပြန်လာတော့ အောင်ပြီလို့ အော်တဲ့အထဲမှာ ရန်ကြီးအောင်ကို ဝရန်တာမှာ တွေ့မြင်ရပါသည်။ ဦးစော သေနတ်ပစ်ခံရသည့်ကိစ္စနှင့် ပတ်သက်ပြီး ဘယ်သူဘယ်ဝါပစ်တယ်လို့ မပြောဖူးပါ။ ကျွန်တော်တို့ ထရပ်ကားရှေ့က ဂျစ်ကားလေး ဖြတ်မောင်းသွားပြီး နာရီဝက်နီးပါး လောက်မှာ ဦးစော အိမ်ပြန်ရောက်တယ်လို့ ထင်ပါတယ်။

❖

## ၂၁-၁၀-၄၇ ဘညွန့် ဆက်လက်ဖွင့်ချပြန်ပြီ

**ခင်မောင်ရင်မေး။** ။ကျွန်တော် ဦးစောကို သိပ်ကြောက်ရတယ်ဆိုတာ ကိုဘညွန့် ခင်ဗျား သိတယ်မဟုတ်လား။

**ဘညွန့်ဖြေ။** ။မင်းတို့လို လူတစ်ယောက်အတွက် ခြောက်လုံးပြူး တစ်လက် သုံးရုံးပေါ့ဟု ဦးစောက ပြောပါသည်။

## ဗာတားနစ် ကြားဖြတ်မေး

ဦးစောအိမ်ထဲ အဲသည်နေ့ ညနေ ပုလိပ်များ လာဝိုင်းတော့ သံဖြူ ဗိုလ်တဲလေးမှာ ရှိပါတယ်။ တံခါးစောင့် တစ်ဦးဖြစ်တဲ့ မောင်တင်ရွှေက ပုလိပ်တွေ လာဝိုင်းပြီဟု ပြောပါသည်။

**ဗာတားနစ်။** ။ခင်ဗျားကို ဖမ်းပြီးတဲ့နောက် ဘယ်လောက်ကြာမှ အပြင်ကို ခေါ်သွားကြသလဲ။

**ဘညွန့်။** ။နောက်ထပ် ၁ နာရီခွဲလောက်ကြာမှ အခြားကားနှင့် တင်သွားပါသည်။

**ဗာတားနစ်။** ။လက်ထိပ်ခတ် ခေါ်သွားသလား။

**ဘညွန့်။** ။မခတ်ပါ။ ဦးစောနှင့် ပေါင်း ၁၈ ယောက်ကို အင်းစိန် ထောင် ခေါ်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗာတားနစ်။ ။ထောင်ထဲမှာ အတူတူ ထားသလား။

ဘညွန့်။ ။ဇူလိုင် ၂၂ ရက်နေ့အထိ အတူတူ ထားပါသည်။ နောက် ဦးစောကို ခေါ်သွားပါသည်။ ယခု တရားစစ်ဆေးနေသော ခုံရုံး အဆောက်အအုံပင် ဖြစ်ပါသည်။ အခြားတရားခံများ မရှိပါ။ အင်းစိန်ထောင်အတွင်း နေစဉ်အခါက ပုလိပ်က မစစ်ဆေးပါ။ တစ်ခါတစ်ခါ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ ခေါ်ခေါ်သွားပါသည်။ ကျွန်တော့် ခေါ်စစ်တော့ ဇူလိုင် ၂၃ ရက်နေ့ ညနေ ၅ နာရီလောက် ထောင်မှူးက ဘူး၀ခေါ်သွားရာ ဟိုမှာ ကျွန်တော်တို့ လူပေါင်းရှစ်ယောက်နှင့် သွားဆုံပါသည်။

ကျွန်တော်၊ ကိုစိုး၊ သက်နှင်း၊ ခင်မောင်ရင်၊ သုခ၊ မောင်စိန်၊ မောင်လှထွန်း၊ မောင်ထွန်းရှိန်တို့ ဖြစ်ပါသည်။ အစစ်အဆေး မခံရသေးပါ။ ကျွန်တော်တို့အားလုံးကို ကြိုးတုပ်ပြီး ရန်ကုန်မြို့မ အချုပ်ထောင်သို့ ပို့ပါသည်။ ဇူလိုင် ၂၅ ရက်နေ့ နံနက်အထိ အစစ်မခံရသေးပါ။ နောက် ပုလိပ်မင်းကြီးရုံး ခေါ်သွားပါသည်။ အခန်းတွင်းရှိ ပုလိပ်အရာရှိနှစ်ယောက်၊ သုံးယောက်ရှေ့တွင် ကျွန်တော် တစ်ယောက်တည်း လက်ထိတ်မခတ်ဘဲ ခေါ်သွားပါသည်။ ၎င်းတို့ ရာထူး အဆင့်အတန်းမှာ ကြယ်နှစ်ပွင့်ရှိသူတစ်ဦး ပါပါသည်။

ထိုအတောအတွင်း အရာရှိတစ်ယောက်က ကျွန်တော့်ပါးစပ်ကို ဖွင့်ပြီး လျှာကို အမျိုးမျိုး စစ်ဆေးပါသည်။ ကျွန်တော့် စိတ်အထင်တော့ အင်္ဂလိပ်စကား တတ်မတတ် စမ်းတာနဲ့တူပါသည်။ နောက် အင်္ဂလိပ်လို ဘယ်နှစ်တန်း အောင်သလဲဟု မေးပါသည်။ ကျွန်တော်ကလည်း တောသားမို့ ရေးတတ်၊ ဖတ်တတ်ရုံတော့ တတ်ပါသည်ဟု ပြန်ဖြေပါသည်။ အမှုအတွက်တော့ ဘာမှ မစစ်ဆေးသေးပါ။ နောက် အချုပ်ခန်းသို့ ပြန်ပို့ပါသည်။ ဒါပေမယ့် ကျွန်တော်တို့ မူလအခန်းတော့ မဟုတ်ပါ။ သီးခြားသီးသန့်အခန်းတွင် ထားပါသည်။

## ကျွန်တော် စိတ်တိုလာပြီ

ကျွန်တော့်ကို ဇူလိုင် ၃၀ ရက်နေ့ကျတော့ ကျောက်တံတား ရဲစခန်း ကားနဲ့ခေါ်သွားပြီး ဟိုကျတော့ အမှုစစ်မေးပြီး ခဲနှင့် ရေးယူပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက် ပုလိပ်အရာရှိသုံးယောက် လာပါသည်။ သူတို့ တစ်တွေကပါ သုံး-လေးယောက် ပြုမေးတော့ ကျွန်တော်လည်း စိတ်တိုလာပြီး ခင်ဗျားတို့ မေးတာတွေ ဘာမှမပြောဘူးလို့ ပြန်ပြောလိုက်တော့ သူတို့လည်း စဉ်းစားနေကြပါသည်။ နောက် ကျွန်တော်က တစ်ဦးဦးထံ ပို့ပါ။ ခင်ဗျားတို့ မေးတာတွေ မဖြေနိုင်ဘူးလို့ ပြောပါသည်။ ကျွန်တော်ထွက်ဆိုမယ့် ဖြောင့်ချက်တွေဟာ အလွန် အရေးကြီးတဲ့ ဖြောင့်ချက် တွေဖြစ်သောကြောင့် တရားသူကြီးထံပို့ပါလို့ ပြောတာပါ။ နောက် အချုပ်ခန်းကို ပြန်ပို့ပါသည်။ နောက် ဩဂုတ်လ ၁ ရက်နေ့မှာ ဆပ်အင်စပိတ်တော်တစ်ယောက် ကျွန်တော့်ကို ပုလိပ်မင်းကြီးရုံးရှိ ၅-နံပါတ် တရားသူကြီးထံ ဖြောင့်ချက်ပေးရန် ခေါ်သွားပါသည်။

## ဘယ်သူမှ လက်ဖက်ရည်မတိုက်

အချိန်ကတော့ နံနက် ၇ နာရီခွဲလောက် ရှိပါသည်။ တရားသူကြီးလည်း ရောက်နေပါပြီ။ တရားသူကြီးက မင်းကို ဘာဖြစ်လို့ သည်ခေါ်လာသလဲ သိရဲ့လားမေးတော့ ကျွန်တော် *ဖြောင့်ချက်ပေးချင်လို့ ပြန်ပြောမိပါ*သည်။ ထိုအချိန်က ပုလိပ်များ မရှိပါ။ သက်သေနှစ်ယောက်တော့ ရှိပါသည်။ ဖြောင့်ချက်မပေးမီ စဉ်းစားရန် တရားသူကြီးက တစ်နာရီအချိန် ပေးပါသည်။ ကျွန်တော်လည်း လာကတည်းက ဖြောင့်ချက်ပေးရန် စိတ်ဆုံးဖြတ်ပြီး ဖြစ်ပါသည်။ ဖြောင့်ချက်ပေးခါနီးမှာ ဘယ်သူကမှ လက်ဖက်ရည်မတိုက်ပါ။ ကျွန်တော့်လက်ထဲတွင် ထိုစဉ်က ငွေ ၂၆ဝိ/ရှိလို့ ဝယ်စားချင်တာ ဝယ်စားနိုင်ပါသည်။

ဘညွန့်မှာ အမှုကြီးတွင် ဓာတ်လိုက်ဖြစ်၍ ဗတာနှစ်နှင့် တရားခံ ရှေ့နေများ ကြားဖြတ်မေးခွန်းထုတ်သမျှကို စိတ်ရှည်လက်ရှည် ပြန်လည် ဖြေကြားရန် ခုံရုံးတော်ဥက္ကဋ္ဌက ပြောကြောင်း၊ ဖြောင့်ချက် ပေးရန်အသွားတွင် ကိုယ်တွင် ဒဏ်ရာများ ရှိမရှိ တရားသူကြီးက မစစ်ဆေးပါ။ ပုလိပ်ညှဉ်းဆဲသည်လို့လည်း ကျွန်တော်က မတိုင်ပါ။

**ဦးစံဝင်း။** ။ဇူလိုင်လ ၁၉ ရက်နေ့က ၄၁ လမ်းထိပ်မှာ မြင်လိုက်တဲ့ ဂျစ်ကားမှာ အမှတ်အသား ထူးထူးခြားခြား ရှိသလား။

www.burmeseclassic.com

www.burmeseclassic.com



**ဘညွန့်။** ။ထူးထူးခြားခြား အမှတ်အသားတော့ မရှိပါ။ သေးက မြင်လိုက်ရပါသည်။ ထူးခြားတာကတော့ ဂျစ်မှာ ကြယ်ဖြူ ဆေးရေးထားတာ မှတ်မိပါသည်။

ဖြောင့်ချက်မပေးမီ ကိုစိုး၊ ကိုသက်နှင်း၊ သုခ၊ မောင်စိန်တို့နှင့် အတူနေပါသည်။

**ဦးစံဝင်း။** ။ ၁၈ ရက်နေ့ညက ဦးစောက ခေါ်တွေ့တာ ဘယ်နေရာမှာလဲ။

**ဘညွန့်။** ။ အိမ်ရှေ့ ဝရန်တာမှာ ဖြစ်ပါသည်။ ဦးစောအသံကတော့ ထုံးစံအတိုင်းပါပဲ။ စုစုပေါင်း ဦးစောပါ ခြောက်ယောက် ဖြစ်ပါသည်။ ကျွန်တော်သွားတော့ ဦးစောက အခြားလူလေးယောက်ကို ဘာမျှ မပြောတော့ပါ။ အဲသည် လူလေးယောက်ကလည်း ဘာမှ မပြောပါ။

**ဦးစံဝင်း။** ။အောင်ပြီ၊ အောင်ပြီ၊ အော်တော့ သည်လူစုအပြင် အခြားသူများ ရှိသေးသလား။

**ဘညွန့်။** ။ရှိကောင်း ရှိမှာပါပဲ။ ရှိရင်လည်း တစ်ယောက်နှစ်ယောက် အိမ်သားထဲကပါ။ ထိုစဉ်အခါက အင်းလျားကန်အနီးတွင် ငါးမျှားနေသူနှင့် စုံထောက်နှင့်တူသူမှာ မိုးကာအင်္ကျီတော့ ဝတ်ထား ပါသည်။ ဘယ်လိုဘယ်ပုံလည်း မသိပါ။

တရားသူကြီးက တရားခံများအား မေးခွန်းပြုရာ…

## ခင်မောင်ရင် မေးခွန်း

**ခင်မောင်ရင်။** ။ဦးစောအိမ်တွင် ရင်းရင်းနှီးနှီး နေသူဖြစ်၍ ဦးစောကို ဘယ်လောက် ကျွန်တော်ကြောက်ရတယ်ဆိုတာ ကိုဘညွန့် သိပါသလား။

**ဘညွန့်။** ။ ဦးစောခိုင်းလိုက်ရင် ခင်ဗျား ပျာပျာသလဲနှင့် အလွန် ကြောက် ချစ်ရိုသေတဲ့ သဘောမျိုး မြင်တွေ့ရပါသည်။

**ခင်မောင်ရင်။** ။ ဂျွန်စစ်သူကြီးနှင့်တကွ တိုင်းပြည်အပေါ် သစ္စာဖောက် ခဲ့ရင် ကိုယ့်ကိုယ်ကိုယ် သတ်သေပါ့မယ်လို့ သစ္စာဆိုရတာ ခင်ဗျား သိပါသလား။

www.burmeseclassic.com

www.burmeseclassic.com



**ဘညွန့်။** ။ ဦးစောနှင့်တကွ တစ်အိမ်သားလုံး သစ္စာကျိန်ဆိုရတာ ကျွန်တော် သိပါသည်။

**ခင်မောင်ရင်။** ။ အဲသည် ကျမ်းကျိန်စာတွေ ဘယ်သူ သိမ်းထားသလဲ။

**ဘညွန့်။** ။ ဦးစော သိမ်းထားပါသည်။

**ခင်မောင်ရင်။** ။ ဦးစောခိုင်းတာ မလုပ်ရင် ဦးစောက ဘယ်လိုလုပ်မယ် ကြားဖူးပါသလဲ။

**ဘညွန့်။** ။ ပြောဖူးပါသည်။ သည်လို သစ္စာဖောက်ခဲ့တဲ့ကောင် ပစ်သတ်ဖို့ အလွယ်ကလေး၊ ခြောက်လုံးပြူးတစ်လက် ဆုံးရှုံးပဲရှိမယ်လို့ ပြောပါသည်။

## နောက်တရားခံ ဘိုနီက မေးသည်မှာ

**ဘိုနီ။** ။ကိုဘညွန့်နှင့် ကျွန်တော် ဘုရားကျောင်းဆောင်မှာ ခင်ဗျား နှင့်အတူ သစ္စာဆိုရတာ မှန်ပါသလား။

**ဘညွန့်။** ။မှန်ပါတယ်။

**ဘိုနီ။** ။ရက်စွဲမပါဘဲ သစ္စာဆိုတဲ့စာ ရေးရတာ သိပါသလား။

**ဘညွန့်။** ။သိပါသည်။

**ဘိုနီ။** ။အကယ်၍ ဦးစောခိုင်းတာ မလုပ်ရင် ဘယ်လိုဖြစ်မယ်။ ဆိုတာကို ဘညွန့် သိပါသလား။ သေချိုင်းမရွေး သတ်မယ် ဆိုတာ သိပါသလား။

**ဘညွန့်။** ။ ခြောက်လုံးပြူးတစ်လက် ဆုံးရှုံးရှိတာပေါ့လို့ ပြောပါသည်။

**သုခ။** ။ သစ္စာဆိုစဉ်က ဘယ်သူတိုင်ပေးရသလဲ။

**ဘညွန့်။** ။ ကိုသုခ တိုင်ပေးပါသည်။

**သုခ။** ။ ဘယ်သူက တိုင်ပေးခိုင်းလို့လဲ။

**ဘညွန့်။** ။ ဦးစောက ခိုင်း၍ ဖြစ်ပါသည်။

တရားခံ မောင်စိန်က ဘာမှ မမေးလိုကြောင်း ပြောဆိုသည်။ နောက် စာရေးကြီးက မောင်ဘညွန့် တရားသူကြီးရှေ့တွင် ဖြောင့်ဆိုချက်

www.burmeseclassic.com

www.burmeseclassic.com



များကို မြန်မာလိုဖတ်ပြကြောင်း၊ တရားသူကြီးရှေ့တွင် ဘညွန့်ထွက်ဆိုသော ဖြောင့်ချက်မှာ လက်နက်ထုတ်ပုံများပါရှိပြီး မြန်မာ လက်နှိပ်စက်တစ်လုံးဖြင့် လျှောက်လွှာ ၂၂ မျက်နှာရှိကြောင်း၊ ထို့နောက် မွန်းလွဲ ၁ ချက်တီးတွင် ခေတ္တရုံးဆင်းလိုက်သည်။

## ညနေပိုင်း

မွန်းလွဲ ၂ နာရီတွင် ရုံးပြန်တက်ပြီးနောက် အစိုးရသက်သေ မောင်ဘညွန့်အား ဆက်လက်စစ်ဆေးရာ မောင်စိန်နှင့် ကျွန်တော် သွားဝယ်သော (၁၂)နံပါတ်တံဆိပ်မှာ တရားသူကြီးလက်တွင် ယခု ကိုင်ပြသော တံဆိပ်မျိုး ဖြစ်ပါသည်။

**ဦးစံဝင်း။** ။ ယခု မောင်ဘညွန့် ထွက်ဆိုချက်မှာ သခင်နုကို သတ်ဖို့ ဆုံးဖြတ်တယ်လို့ ပြောတယ်။ တရားသူကြီးရှေ့ ဖြောင့်ချက်မှာတော့ သခင်နုကို ကျွန်တော့်နိုင်ငံရေးဆရာမို့ မသတ်ရက်ပါဘူးလို့ ဖြောင့်ချက်ပေးတယ်။ ဘယ်ဟာ မှန်သလဲ။

**ဘညွန့်။** ။ ဖြောင့်ချက်လည်း မှန်တယ်။ ထွက်ဆိုချက်လည်း မှန်တယ်။ ဖြောင့်ချက်ပေးစဉ်က ကျွန်တော့်စိတ်မှာ ပေါ်လာတဲ့ တစ်စိတ် တစ်ဒေသကို ပြောတာပါ။ လုပ်ကြံမှုကြီးဖြစ်ပွားတဲ့ ၁၉ ရက်နေ့ကတော့ သတ်ဖို့ ဆုံးဖြတ်ရိုး မှန်ပါသည်။

**ဦးစံဝင်း။** ။ အောက်တိုဘာလ ၁၇ ရက်နေ့က သခင်နုနဲ့ ဆင်ဆင်တူတဲ့ လူတစ်ယောက် တွေ့တယ်လို့ ထွက်ဆိုတယ် မဟုတ်လား။

**ဘညွန့်။** ။ ပထမ ဝင်ဝင်ချင်းတော့ သခင်နုနဲ့ တူတဲ့ လူကို သခင်နု အစစ်လို့ပဲ ထင်မိပါသည်။ နောက်မှ မဟုတ်မှန်း သိပါသည်။ ဖြောင့်ချက်ပေးစဉ်ကလည်း မေးသူမရှိဘဲ ကျွန်တော် ပြောတာကိုသာ တရားသူကြီးက ရေးမှတ်ပါသည်။

**ဦးစိဘူး။** ။ မောင်ဘညွန့် ဂျစ်ကားနံပါတ်ရေးခဲ့ဖူးသလား၊ ဘယ်က ရတဲ့ သံပြားတွေလဲ။

**ဘညွန့်။** ။ သည်သံပြားတွေဟာ ဦးစောအိမ်ထဲက ကောက်လေးတွေ ယူလာတာပါပဲ။ ဘယ်ကရတယ် မပြောတတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကား အလိမ် နံပါတ်ပြားတစ်ခုကို ကျွန်တော်ကိုယ်တိုင် လက်နှင့် ရေးခဲ့ဖူးပါတယ်။

ရှေ့နေချုပ်က ဖြောင့်ချက်တွင် လက်မှတ် ရေးထိုးသည်မှာ မှန်မမှန် မေးရာ ဘည္ဖွန့်က မှန်ကြောင်းဝန်ခံသည်။ တရားသူကြီးက ကျွန်တော့်တွင် ဒဏ်ရာရှိမရှိ မစစ်ဆေးသည်မှာ ကျွန်တော့်မှာ ထိုစဉ်က ရုပ်အင်္ကျီတို့နှင့် လုံချည်ဝတ်ထားသည့်ပြင် အညှဉ်းဆဲ မခံရကြောင်း ထွက်ဆိုထားပြီး ဖြစ်သော ကြောင့် ဖြစ်သည်။

ထို့နောက် ခုံရုံးဥက္ကဋ္ဌ တရားသူကြီး ဦးကျော်မြင့်က ရုံးတော်တွင် ဘည္ဖွန့်၏ ထွက်ဆိုချက်များကို မြန်မာဘာသာဖြင့် ဖတ်ပြသည်။

## သည်လူနှစ်ယောက်ပါပဲ

၃ နာရီ ၅ မိနစ်တွင် လုပ်ကြံမှုကြီးအတွက် သက်သေတစ်ဦး ဖြစ်သူ ဦးထင်ပေါ်အား ကျမ်းကျိန်ပြီး ဆက်လက် စစ်ဆေးရာ...

**ဦးထွန်းဖြူ။** ။အတွင်းဝန်ရုံး ရောက်ဖူးသလား။

**ဦးထင်ပေါ်။** ။လွန်ခဲ့တဲ့ ဝါခေါင်လဆန်း ၂ ရက်နေ့မှာ ကိစ္စတစ်ခု ရှိလို့ သည်တစ်ခေါက်ပဲ ရောက်ဖူးပါသည်။ ကျွန်တော်နှင့်အတူ ဦးတင်မောင်လည်း ပါပါသည်။ ကိုတင်မောင်က အိမ်နေရာ ကိစ္စအတွက် ကုလားစာရေးကြီးတစ်ယောက်နှင့် သွားတွေ့ကြပါတယ်။ နံနက် ၁၀ နာရီကျော်ကျော်လောက် ရှိပါပြီ။ ကျွန်တော်တို့ သူရိယတိုက်ဘက် စပါတ်လမ်းအပေါက်က အတွင်းဝန်ရုံးထဲ ဝင်ကြပါသည်။ ရုံးပေါ်တက်သော လှေကားမှာ သစ်သားကြောင်လိမ် လှေကားလေး ဖြစ်ပါသည်။ နောက်တောင်ဘက်ကို လျှောက်သွား ပါသည်။ ဆင်ဝင်ကို ကျော်သွားပြီးတဲ့နောက် ကိုတင်မောင်က ဗိုလ်ချုပ် အခန်း ခင်ဗျား သိသလား၊ ဟောသည်အခန်းပဲလို့ ပြပါသည်။ ဗိုလ်ချုပ် အခန်း လွန်လာတာနဲ့ ရဲဘော် သုံး-လေးယောက် ကျွန်တော်တို့နှင့် မျက်နှာချင်းဆိုင် ဝင်လာကြတာ တွေ့ရသည်။ ၎င်းရဲဘော် များမှာ စစ်ဝတ်စစ်စား ကာကီအစိမ်းများနှင့် ခြသေ့ံတံဆိပ်များ တပ်ဆင် ထားကြပါသည်။ သူတို့၏ ခေါင်းပေါ်မှာလည်း ဦးထုပ်အစိမ်း ဆောင်းထား ပါသည်။ သူတို့လက်ထဲမှာလည်း သေနတ်တွေကိုင်လာတာ မြင်ရတော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကိုတင်မောင် ရဲဘော်တွေကလည်း လက်နက်တွေ ကိုင်လာရသလားလို့ မေးတော့ ကိုတင်မောင်က ထုံးစံမရှိဘူး မကိုင်ရဘူးလို့ ပြောပါသည်။

သည်တော့ ကျွန်တော်လည်း ကြက်သီးထသွားပါသည်။ ၁၀ပေ အကွာလောက်ရောက်တော့မှ သူတို့က လှမ်းကြည့်ပြီး ကျွန်တော်တို့အနီး ပွတ်လျှောက်သွားတာနဲ့ ကျွန်တော်တို့လည်း သူတို့ကို လိုက်ကြည့်ပါသည်။ နောက် သူတို့တစ်တွေ ဗိုလ်ချုပ်အခန်းထဲ ဝင်သွားတာ တွေ့ရပါသည်။ နောက် ဝေါခနဲအသံ ကြားရပြီး သူတို့လိုပဲ ကာကီအစိမ်းဝတ်တဲ့ ကောင်လေး တစ်ယောက် ထွက်လာတာ တွေ့ရပါသည်။ အဲ့သည်ကောင်လေး လက်ထဲမှာ တော့ သေနတ်မပါပါဘူး။ တွန်းလွှတ်လိုက်လို့ ထွက်လာရတဲ့သဏ္ဌာန် ယိုင်တိယိုင်ထိုး ထွက်လာပါသည်။

နောက် ဒုတိယအချက် ဝေါခနဲအသံ ကြားရတာပါပဲ။ ထိုအခါက ဗိုလ်ချုပ်အခန်း အနီးအနားမှာ အခြားသူမတွေ့ပါ။ ဝရန်တာမှာတော့ အရပ်ဝတ် အရပ်စားနှင့် လူတစ်ယောက် မှီထိုင်နေတာ တွေ့ရပါသည်။ ထိုသူ့ကိုတော့ ကျွန်တော် မမှတ်မိပါ။

## ဟောသည် သေနတ်ကတော့

ရဲဘော်များ ကိုင်လာသော လက်နက်များအနက် သက်သေ တင်ပြထားသော စတင်းဂန်းကိုကိုင်၍ ဟောသည်က အငယ်ကောင် ကလေး ကိုင်တာ၊ တော်မီဂန်းကို တစ်ဖန်ကိုင်၍ ဟောသည်က အကြီးကောင်တွေ ကိုင်တာ၊ အဲသည် ရဲဘော်တွေအနက် နှစ်ယောက်ကို မှတ်မိပါသည်။ တရားသူကြီးက တရားခံများကို ထစေကာ လက်ညှိုးထိုးပြစေသဖြင့် မောင်စိုး၊ ရန်ကြီးအောင်ကို ပြသည်။ လုပ်ကြံမှုကြီး ဖြစ်ပွားပြီး ၁၄ ရက်လောက်ကျတော့ အချုပ်ထောင်ကြီးအတွင်းမှာ လူစီတန်းပြပြီး လူရွေးရပါတယ်။ ထိုစဉ်က လူသုံးယောက်ပြပါသည်။ သုံးယောက်အနက် နှစ်ယောက် မှန်ပါသည်။ မြေပုံဆွဲဆရာကိုလည်း အဲသည် ရဲဘော်တွေကို မြင်တဲ့နေရာကို ပြရပါသေးတယ်။

**ဗာတားနှစ်။** ။ခင်ဗျားကို ပုလိပ်အရာရှိများ စစ်ဆေးပါသလား။

**ဦးထင်ပေါ်။** ။စစ်ပါသည်၊ ထွက်ချက်ကိုလည်း ရေးမှတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဗာတာားနစ်။** ။အချင်းဖြစ်ပွားပြီး ဘယ်လောက်ကြာမှာ စစ်ဆေးသလဲ။

**ဦးထင်ပေါ်။** ။ နှစ်ရက်၊ သုံးရက်လောက်အကြာမှာ စစ်ဆေးပါသည်။ စသည်ဖြင့် ထွက်ဆို၏။

## ဦးထင်ပေါ်နှင့်အတူ လိုက်ပါလာသူ ဦးတင်မောင်အား ဆက်လက်စစ်ဆေး

ဇူလိုင် ၁၉ ရက်နေ့ ၁၀ နာရီခွဲလောက်မှာ ဦးထင်ပေါ်နှင့် အတူ အတွင်းဝန်ရုံးသို့ သွားကြပါသည်။ အနောက်မြောက်ဘက် ကြောင်လိမ်လှေကားမှတက်၍ ဝရန်တာမှ တောင်ဘက်သို့ လျှောက်သွားပါသည်။ ကျွန်တော်တွေ့ချင်တဲ့ လူတစ်ယောက်အခန်းကို လိုက်ရှာနေပါသည်။ နောက် စစ်သားတွေနဲ့တူသူ သုံး-လေးယောက် လမ်း လျှောက်လာတာ တွေ့ရပါသည်။ နောက် သေနတ်သံတွေ ကြားရပါသည်ဟု ထွက်ဆိုသည်။

**ဦးစံဝင်း။** ။ ခင်ဗျားကို ဘယ်အချိန်မှာ ပုလိပ်စစ်သလဲ။

**ကိုတင်မောင်။** ။ ဘယ်နေ့ဘယ်ရက် စစ်တယ်လို့ မမှတ်မိပါ။ ၃-၈-၄၇ နေ့ဆိုတာ မှန်ပါလိမ့်မယ်လို့ ထွက်ဆိုကြောင်း၊ ထို့နောက် ၄ နာရီထိုးပြီဖြစ်၍ ၂၁-၁၀-၄၇ ရက်နေ့ ဆက်လက်စစ်ဆေးရန် ချိန်းဆိုလိုက်သည်။

❖

# လုပ်ကြံမှုကြီးစစ်ဆေးသည့် ဆဋ္ဌမနေ့

## ၂၁-၁၀-၄၇ (နံနက်ပိုင်း) မျက်မြင်သက်သေများ အသီးသီးထွက်ဆိုကြခြင်း

၁၀ နာရီထိုးချိန်တွင် တရားခံများ ရှေ့နေ မစ္စတာဗာတာားနစ်၊ ဦးစံဝင်း၊ ဦးသိန်းကျော်တို့ တရားခွင် ရောက်လာကြ၏။ တရားခံ ခင်မောင်ရင်တို့လူစုလည်း ဆိုင်ရာဝက်ခြံအတွင်းသို့ ရောက်ရှိနေ၏။ အစိုးရရှေ့နေချုပ်ကြီး ဦးထွန်းဖြူ၊ မစ္စတာအဲလ်ချွန်ဖောင်း၊ ဦးမြသိန်းတို့လည်း ၁၀ နာရီထိုးတွင် မိမိတို့ဆိုင်ရာ ကုလားထိုင်တွင် အသင့်ရောက်ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## အခန်းစောင့် ထွက်ဆိုချက်

တရားခံများ၊ ရှေ့နေများ စုံညီသည်နှင့် တစ်ပြိုင်နက် တရားသူကြီးများ စတင် ရုံးထိုင်တော့သည်။ ထို့နောက် တရားလိုသက်သေ တစ်ဦးဖြစ်သူ ဗိုလ်ချုပ်အခန်းစောင့် မောင်သောင်းစိန်အား ကျမ်းကျိန်စေပြီး အစိုးရ ရှေ့နေချုပ်ကြီးက မေးခွန်းထုတ်၍ ထွက်ဆိုသည်မှာ လုပ်ကြံမှုကြီးဖြစ်ပွားသော စနေနေ့က ကျွန်တော် အတွင်းဝန်ရုံးသို့ ၈ နာရီလောက် ရောက်ပါသည်။ ကျွန်တော့်အလုပ်မှာ ဗိုလ်ချုပ်အောင်ဆန်း အခန်းပေါက်ကို စောင့်ရပါသည်။ ထိုနေ့က ဝတ္တရားအတိုင်း တံခါးပေါက်မှာ စောင့်နေပါသည်။ ဗိုလ်ချုပ်အခန်းမှာ တံခါးပေါက် သုံးပေါက်ရှိသည့်အနက် နှစ်ပေါက်ပိတ်ထားပါသည်။

ကျွန်တော် စောင့်ရသည့် တံခါးပေါက်မှာ အခန်းထဲ ဝန်ကြီးအစည်းအဝေးရှိလျှင် အပြင်ဘက် ကန့်လန့်ထိုးပြီး ပိတ်ထားရပါသည်။ အစည်းအဝေးမရှိလျှင် ဖွင့်ထားပါသည်။ ထိုနေ့နံနက်ကလည်း ထုံးစံအတိုင်း ပိတ်ထားပါသည်။ နံနက် ၁၀ နာရီနှင့် ၁၁ နာရီအကြားတွင် လူလေးယောက် ဝရန်တာကို တောင်ဘက်က လျှောက်လာပါသည်။ သူတို့ဝတ်ထားတာက တော့ ကာကီယူနီဖောင်း အစိမ်းရောင်နှင့် ခြသေ့်တံဆိပ် ဝတ်ဆင်ထားပါသည်။ ရုံးတော်တွင် တင်ပြထားသော တံဆိပ်အတိုင်း ဖြစ်ပါသည်။

သူတို့လက်မှာလည်း သေနတ်ပြောင်းတိုတွေ ကိုင်လာပြီး အစည်းအဝေးလုပ်တဲ့ အခန်းတံခါးကို လာဖွင့်လို့ ကျွန်တော်က ဝင်တားတော့ လူတစ်ယောက်က သေနတ်နှင့် ချိန်ပါသည်။ တစ်ယောက်က ကျွန်တော့်ကို တွန်းထုတ်လိုက်လို့ ယိုင်သွားပါသည်။ နောက် သူတို့ လေးယောက်စလုံး အခန်းထဲ ဝင်သွားပါသည်။ သူတို့လေးယောက်အနက် တစ်ယောက်ကို မှတ်မိပါသည်။ ထို့နောက် ရှေ့နေချုပ်ကြီးက တရားခံများကို မတ်တတ်ရပ်ပြစေရာ တရားခံ ဝက်ခြံအတွင်းရှိ တရားခံများထဲတွင် မရှိဖြစ်နေရာ ခုံရုံးဥက္ကဋ္ဌ တရားသူကြီးက သက်နှင်းကို ခေတ္တလာရန် ထောင်ပိုင်အရာရှိများသို့ ပြော၏။

## ဦးထုပ်အစိမ်းများ ဆောင်ထားခြင်း

ကျွန်တော်မှတ်မိသူမှာ ကျွန်တော် အခန်းတွင်းဝင်စဉ်က သေနတ်နှင့် ချိန်သူ ဖြစ်ပါသည်။ နောက် အချုပ်ခန်းထဲတွင် လူစီတန်း ပြစဉ်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



မှတ်မိသူကို ဆွဲပြခဲ့ပါသည်။ နောက် မြေပုံဆွဲဆရာလာတော့လည်း ကျွန်တော် ထိုင်တဲ့နေရာ လိုက်ပြပါသည်။ ထိုနေ့က လူသတ်သမားခေါင်းတွင် ဦးထုပ် အစိမ်း ဆောင်းထားပါသည်။

## ဗိုလ်ချုပ် မတ်တတ်ရပ်လိုက်သည်

သူတို့ အခန်းထဲဝင်တော့ ကျွန်တော်လည်း ဝင်လိုက်သွားပါသည်။ စားပွဲထိပ်တွင် ဗိုလ်ချုပ် မတ်တတ်ရပ်သည်ကို မြင်ရပါသည်။ နောက် လူသတ်သမားများက အော်လိုက်သည့်အသံ ကြားရပြီး သေနတ်နှင့် ဗိုလ်ချုပ်ကို ပစ်လိုက်တာနှင့် ကျွန်တော် ထွက်ပြေးလာရာ အခန်း ပေါက်တွင် ချော်လဲပါ သည်။ အဲသည်နေ့က ကျွန်တော် စပို့ရှပ်အစိမ်း၊ ကာကီဘောင်းဘီအစိမ်း ဝတ်ထားပါသည်။

## သတင်းထောက် ထွက်ဆိုချက်

တရားခံထဲမှ မောင်သောင်းစိန် မှတ်မိသည်ဆိုသော ဝမ်းကိုက် နေသူ သက်နှင်း မလာသေးသဖြင့် ခေတ္တစောင့်ဆိုင်းနေကြရသဖြင့် တရားလို သတင်းထောက်တစ်ဦးဖြစ်သူ စီးပွားရေး သတင်းထောက် မောင်သန်းအား ကျမ်းကျိန်စေပြီး စစ်ဆေးသည်တွင် ၄င်းကထွက်ဆိုသည်မှာ ဇူလိုင် ၁၉ရက် စနေနေ့ ၁၀ နာရီမှာ ကျွန်တော် အတွင်းဝန်ရုံး ဗိုလ်ချုပ်အခန်းအနီးရှိ သတင်း ထောက်များအခန်းတွင် ရှိနေပါသည်။ ထိုအခန်းထဲတွင် မြန်မာ့အလင်း သတင်းစာမှ ကိုသန်းညွန့်၊ ရန်ကုန်သတင်းစာမှ ကိုကျော်ညွန့်တို့နှင့်အတူ ထိုင်စကား ပြောနေပါသည်။ နောက် ကိုသန်းညွန့် အခန်းတွင်းမှ ထွက်သွား ပါသည်။ ၁၀ နာရီခွဲလောက်ကျတော့ ဗိုလ်ချုပ်အခန်းဘက်မှ သေနတ်သံများ ကြားရတော့ ကိုကျော်ညွန့်နှင့် ကျွန်တော် ဦးထုပ်မိုးကာယူပြီး ထွက်လာ ပါသည်။ ထို့နောက် ရှေ့နေချုပ်ကြီးက မြေပုံပြ၍ မေးသည်။ သက်သေ မောင်သန်းက မြေပုံကိုကြည့်၍ ဖြေဆိုသည်မှာ ကျွန်တော်လည်း အခန်းတွင်းမှ ထွက်၍ လက်ယာဘက်ကွေ့လျှောက်ပြီး လှေကားဘက်သို့ လျှောက်လာ ပါသည်။

ထိုအချိန်တွင် မစ္စတာ ဗာတားနစ်က သည်သက်သေမြေပုံ မကြည့်ဖို့ တတ်ဘူး ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**တရားသူကြီး။** ။ကြည့်တတ်ပါတယ်။ သတင်းထောက်ပဲ။

## ရှေ့ဆုံးကလူဟာ အငယ်ဆုံးပဲ

အခန်းထောင့်ရောက်တော့ နောက်က မပြေးနဲ့လို့ အော်သံ ကြားတာနဲ့ လှည့်ကြည့်လိုက်တော့ (၁၂)နံပါတ် ယူနီဖောင်းနှင့် လူသုံး-လေးယောက် တွေ့ပါသည်။ ရှေ့ဆုံးကလူကတော့ စတင်းဂန်းနှင့် နောက်လူတွေကတော့ သေနတ်ဒင်ကြီးတွေနဲ့ ရှေ့ဆုံးကလူဟာ အငယ်ဆုံးပဲ။ မပြေးနဲ့ဆိုတော့ ကျွန်တော်လည်း ကြမ်းပေါ်ဝပ်လိုက်ရပါသည်။ နောက် မစ္စတာ ရာဇတ်၏ အပါးတော်မြဲ ဦးချစ်ဆွေ အခန်းထဲမှ၊ မစ္စတာရာဇတ်၏ သက်တော်စောင့် မောင်ထွေး ပြေးထွက်လာတော့ ရှေ့ဆုံးက အငယ်ဆုံးဟာ စတင်းဂန်းနဲ့ ဖမ်းပစ်လိုက်ပါတယ်။ မောင်ထွေး လဲကျသွားပါသည်။ သည်လောက် ရက်ရက်စက်စက်ပစ်လိုက်တော့ သည်လူကို ထပြီး နယ်လုံးရကောင်းမလား၊ မှတ်မိအောင် အသေအချာ ကြည့်ထားမှပဲဟု အောက်မေ့ပြီး ထိုသူ မျက်နှာကို စိုက်ကြည့်လိုက်ပါတယ်။

## ရန်ကြီးအောင် ဆွဲပြခြင်း

ရှေ့နေချုပ်ကြီးက တရားခံများကို ထစေပြီး လူရွေးပြခိုင်းရာ ရန်ကြီးအောင်ကို ပြသည်။ ကိုထွေးကို ပစ်ပြီးတော့ အဲ့သည်လူဟာ ကျွန်တော့်ကို သေနတ်နဲ့ချိန်တာနဲ့ ကျွန်တော် သတင်းထောက်ပါ ခင်ဗျားလို့ ပြောလိုက်တဲ့အတွက် လွတ်သွားပါသည်။ နောက် ဗိုလ်ချုပ်တို့ လုပ်ကြံခံရကြောင်း ဗိုလ်ထွန်းလှထံမှ ကြားရပါသည်။ အခင်းဖြစ်ပွားပြီး ၁၀ ရက်လောက်ကြာတော့ ဘားလမ်း အချုပ်ထောင်မှာ လူစီတန်းပြလို့ မှတ်မိတဲ့လူကို ရွေးပြရပါသည်။ လူညှက်ညှက် ရန်ကြီးအောင်ကိုပင် ဆွဲပြခဲ့ပါသည်။

## မေးခွန်းထုတ်

ဗာတားနစ်က ကြားဖြတ်မေးခွန်းထုတ်သည်မှာ…

**ဗာတားနစ်။** ။ပုလိပ်က စစ်ပါသလား။

**မောင်သန်း။** ။စစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဗာတားနစ်။** ။စာနဲ့ ရေးယူသလား။

**မောင်သန်း။** ။မရေးဘူး၊ Type နဲ့ ရိုက်တယ်။

**ဗာတားနစ်။** ။ခင်ဗျား ကြမ်းပေါ်မှာ ထိုအချိန်က ဝပ်နေသလား၊ မှောက်နေသလား။

**မောင်သန်း။** ။မှောက်နေပါသည်။

**ဗာတားနစ်။** ။အဲသည်လိုအချိန်မှာ အသက်နားနီးလွန်းလို့ သေနတ် နဲ့ ချိန်ထားတော့ ဘုရားတပြီး ကြောက်မနေဘူးလား။

**မောင်သန်း။** ။မကြောက်ပါဘူး။ စစ်တိုက်လာတဲ့ စစ်သားတစ် ယောက်ပါ။ ကျွန်တော် ဗမာ့တပ်မတော်တွင် ခုနစ် လလောက် အမှုထမ်းခဲ့ဖူးပါသည်။

**ဗာတားနစ်။** ။စစ်သားဆိုတော့ လက်ထဲ လက်နက် မရှိတဲ့ အခါမှာ မျက်စိရှေ့ ပစ်သတ်လိုက်တာလည်း မြင်ရတယ်၊ ကိုယ့် လည်း ချိန်ထားတယ်ဆိုတော့ ကြောက်နေမှာပေါ့။

**မောင်သန်း။** ။မကြောက်ပါဘူး၊ ကျွန်တော့်စိတ်ကိုက ကြောက် တဲ့စိတ် မရှိလို့ပါ။

**ဦးစိဘူး။** ။မင်း ကြမ်းပေါ်မှာ မှောက်နေရင်း ဘယ်လိုလုပ် မြင်နိုင် မလဲ။

**မောင်သန်း။** ။မှောက်နေပေမယ့် အသေအချာ ခေါင်းထောင် ကြည့်နေလို့ မြင်ရပါသည်ဟု ထွက်ဆို၏။

## ဇူလိုင် ၁၉ ရက်နေ့က လုပ်ကြံမှုကြီးတွင် ပါဝင်သော တရားခံများကို မျက်မြင်သက်သေများက ဆွဲပြခြင်း

တရားသူကြီးချုပ်က မေးခွန်းထုတ်လိုသူများရှိက ထုတ်နိုင် ကြောင်း ပြောသဖြင့် ဦးစံဝင်းက အနည်းငယ် မေးခွန်းထုတ်သည်။ ထို့နောက် မစ္စတာ ဗာတားနစ်က ဆက်လက် မေးခွန်းထုတ်သည်မှာ...

**ဗာတားနစ်။** ။ပုလိပ်အစစ်ခံစဉ်က သူတို့လက်ထဲ သေနတ်ကိုင် ထားလို့ သူတို့ကိုင်လာတဲ့ သေနတ်တွေဟာ ဘာ

www.burmeseclassic.com

www.burmeseclassic.com



သေနတ်တွေ ဆိုတာကြောက်လို့ အသေအချာ မသိရပါဘူးလို့ပြောတာ မှန်သလား။

**မောင်သန်း။** ။မှန်ပါတယ်။ သည်အတိုင်းပဲ ထွက်ခဲ့ပါတယ်။ ရှေ့ဖတ်စာရေးကြီးသည် မောင်သန်း၏ ထွက်ချက်များကို တစ်ဖန်ဖတ်ပြသည်။ ဖတ်ပြပြီး ဦးစံဝင်းက မေးခွန်းထုတ်၍ ထွက်ဆိုသည်မှာ မောင်ထွေးကို ပစ်သတ်ပြီး ၁၀ မိနစ်လောက်အကြာမှာ ဗိုလ်ထွန်းလှနှင့် တွေ့ပါသည်။ လူမှတ်မိတဲ့အကြောင်း ဘယ်သူမှ မပြောပါ။ အဲသည်အချိန်က ကျွန်တော် အဖြစ်အပျက်ကိုတော့ ဗမာ့ခေတ် သတင်းထောက် ဦးကိုကိုလေးကိုတော့ ပြောဖူးပါသည်။ မြန်မာ့အလင်း သတင်းထောက် ကိုသန်းညွန့် ထွက်သွားသည်ကို သတိမထားမိပါ။ စကားလည်း မပြောလိုက်ပါ။ စသည်ဖြင့် ထွက်ဆို၏။

## ဝမ်းကိုက်သည့် သက်နှင်း

ထို့နောက် ဝမ်းကိုက်သည့် တရားခံသက်နှင်း တရားခွင်သို့ ရောက်လာသဖြင့် ရှေ့နေကြီးက မောင်သောင်းစိန်အား တရားခံများကို မတ်တတ်ရပ်ပြစေပြီး ပြခိုင်းရာ မောင်သောင်းစိန်က သက်နှင်းကို လက်ညှိုးညွှန်ပြပြီး အခန်းဝတွင် ကျွန်တော့်ကို သေနတ်နှင့်ချိန်သူမှာ ထိုသူပင်ဖြစ်ကြောင်း သက်နှင်းကို ညွှန်ပြလေသည်။ မောင်သောင်းစိန်ကို ဦးစံဝင်းက မေးခွန်းထုတ်ရာ ထိုစဉ်အခါက ကျွန်တော် ဗိုလ်ချုပ် မင်းစေပါ။ ယခု သခင်နုရဲ့ မင်းစေခေါင်းဆောင် လုပ်ရပါသည်။

အချင်းဖြစ်ပွားတဲ့နေ့က ကျွန်တော် အခန်းအပြင်ဘက် ခွေးခြေလေးပေါ်မှာ ထိုင်နေပါသည်။ ၁၀ နာရီလောက် ဝန်ကြီးများ ဝင်လာကြပါသည်။ လူသတ်သမားများ မလာမီ ဝရန်တာမှာ အင်္ကျီ လုံချည် ခပ်နွမ်းနွမ်းနှင့် လူတစ်ယောက် မယောင်မလည် လုပ်နေတာ တွေ့ရပါသည်။ အဲသည်လူ ရောက်နေတာ လူသတ်သမားများ မလာမီ ၁၀ မိနစ်လောက် စောရောက်နေပါသည်။ ၁၅ မိနစ်လောက်အတွင်း လူနှစ်ယောက် ဖြတ်လျှောက်သွားပါသည်။ သည်လူနှစ်ယောက်ကတော့ မရပ်ဘဲ တောင်ဘက်လျှောက်သွားပါသည်။ ကျွန်တော် မှတ်မိလိုက်တဲ့ တရားခံကို အလျင်တစ်ခါမျှ မမြင်ဖူးပါ။ လူစီတန်းပြစဉ်က တန်းစီထိုင်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## မှတ်မိလို့သာ ဆွဲပြတာပါ

ကျွန်တော် ဆွဲပြစဉ်က အဲ့သည်လူခေါင်းတွင် ပတ်တီးစည်းထားတာ တွေ့ရပါသည်။ လူစီတန်းပြစဉ်က လူပေါင်း ၂၀ ကျော်၊ ၂၅ ယောက်လောက် ရှိပါသည်။ ထိုနေ့က ဘယ်သတင်းထောက်နှင့်မှ မတွေ့ပါ။ လူမှတ်မိ တဲ့ အကြောင်းကိုလည်း ဘယ်သူမှ မပြောပြပါ။ နှစ်ရက်လောက်ကြာတော့ ပုလိပ်အစစ်ဆေး ခံရပါသည်။ ကျွန်တော့် ထွက်ချက်ကို Type ရိုက်ယူထားပါသည်။ လူသတ်သမားများ ဗိုလ်ချုပ် အခန်းထဲ ဝင်သွားသည်ကိုသာ မြင်လိုက်ရပါသည်။ ကျွန်တော်လည်း ထွက်ပြေးလို့ သူတို့ ပြန်ထွက်လာတာ မမြင်ရပါ။

ဥက္ကဋ္ဌတရားသူကြီးက မေးခွန်းထုတ်၍ ထွက်ဆိုသည်မှာ ထိုစဉ်အခါက မစ္စတာရာဇတ် မင်းစေ ကုလားတစ်ယောက်လည်း ရှိပါသည်။ ကျွန်တော် အဲသည်လူတွေ အခန်းထဲအဝင်မှာ မဝင်ရအောင်တားတော့ ကုလားမင်းစေကလည်း ကျွန်တော့် နောက်က ဝင်တားပါသည်။ လူသတ်သမား တစ်ယောက်က ကျွန်တော်တို့ကို တွန်းပစ်လိုက်တော့ သူကနောက်က ကျွန်တော့်ကို ဖေးမထားသဖြင့် ကျွန်တော်တို့ လဲကျမသွားပါ။ နောက်သူလည်း ဘယ်ရောက်သွားသည် မပြောတတ်ပါ။ အချုပ်ခန်းထဲတွင် လူဆွဲပြစဉ်က သက်နှင်းကို ဆွဲပြသည်မှာ ခေါင်းတွင် ပတ်တီးစည်းထား၍ မဟုတ်ပါ။ သူ့ကို အသေအချာ မှတ်မိ၍သာ ဆွဲပြခြင်း ဖြစ်ပါသည် စသည်ဖြင့် ထွက်ဆို၏။

## သုခဆိုတာ သူပါပဲ

လုပ်ကြံမှုကြီး၏ သက်သေတစ်ဦးဖြစ်သူ ကိုအုန်းက ထွက်ဆိုသည်မှာ ကျွန်တော် ကာကွယ်ရေးဌာနတွင် အလုပ်လုပ်ပါသည်။ ထိုနေ့က အလုပ်သို့ ၉ နာရီခွဲလောက်တွင် ရောက်ပါသည်။ ကျွန်တော့် အရာရှိမှာ ကာနယ်ကျော်ဝင်း ဖြစ်ပါသည်။ ၁၀ နာရီလောက် ကာနယ်ကျော်ဝင်း အလာကို စောင့်နေပါသည်။ ၁၀ နာရီခွဲလောက်မှာ ကျွန်တော့်ခေါင်း အပေါ်ထပ်အခန်းက "ဝုန်း…ဝုန်း"ဆိုတဲ့ အသံကြီး ကြားလိုက်ရပါတယ်။ ကျွန်တော့်အထင်တော့ တိုက်ပြိုသလားပဲ။ အဲသည်အချိန်မှာ ကာနယ်ကျော်ဝင်း မရောက်သေးပါ။ ထိုနေ့က ကျွန်တော် ဗိုလ်ချုပ်ကို ဂရုမပြုမိပါ။ ဝုန်းဝုန်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အသံကြားတော့ တစ်စုံတစ်ခု ပြိုကျသလားလို့ ဟိုဟိုသည်သည် ကြည့်မိပါသည်။

နောက် ၁၀ မိနစ်၊ ၁၅ မိနစ်လောက်ကြာတော့ ဂျစ်ကားလေး တစ်စင်း ဝင်လာပြီး လှေကားရင်းမှာ ရပ်တာ မြင်ရပါတယ်။ လှေကားရင်း အတွင်းဝန်ရုံး ဆင်ဝင်အောက်ဖြစ်ပါသည်။ နှစ်မိနစ်၊ သုံးမိနစ်လောက် ကြာတော့ အစိမ်းရောင်ယူနီဖောင်းနှင့် လူလေးယောက် လှေကားမှ ဆင်း လာတာ မြင်ရပါသည်။ အဲသည်လူလေးယောက်မှာ သေနတ်တိုများ လူစေ့ ကိုင်ထားသည်ကို တွေ့ရပါသည်။ သေနတ်တွေမြင်တာနဲ့ ကျွန်တော်လည်း ထွက်ပြေးတာပါပဲ။ လှေကားပေါ်က ဆင်းလာတဲ့ လူတွေကို မမှတ်မိ တော့ပါ။ ကာကီယူနီဖောင်းအစိမ်း ဝတ်ထားသော ဒရိုင်ဘာကိုတော့ မှတ်မိပါသည်။

ထို့နောက် တရားခံများကို ထပြစေရာ တရားခံ သုခကို လက်ညှိုး ညွှန်ပြသည်။ အဲသည် ဒရိုင်ဘာကို အလျင်က မသိပါဘူး။ လူသတ်သမား လေးယောက် လှေကားပေါ်က ဆင်းလာသည်မှာ မှန်မှန်ပင် တန်းစီ ဆင်းလာ ပါသည်။ သူတို့ ဘယ်ကဆင်းလာကြသည် မသိပါ။ ဝုန်းဝုန်းအသံ ကြားရပြီး ဆင်းလာတဲ့လူတွေဟာ ဘယ်သူတွေလည်း မသိပါ။ ဝုန်းဝုန်းအသံဟာ သည်သေနတ်သံတွေနဲ့ ပစ်တဲ့အသံဆိုတာ ရိပ်မိလို့ ကျွန်တော် ထွက်ပြေး တာပါ။ အချင်းဖြစ်ပွားပြီးနောက် ၁၀ ရက်၊ ၁၅ ရက်လောက်အကြာမှ ပုလိပ်မင်းကြီး အချုပ်ခန်းမှာ လူ ၃၀ ယောက်ထဲမှာ ဒရိုင်ဘာ သုခကို ဆွဲပြခဲ့ပါတယ်။

## ညနေပိုင်း

မွန်းလွဲ ၁ နာရီနှင့် ၁၅ မိနစ်တွင် တရားသူကြီးများ ပြန်လည် ရုံးထိုင်ပြီးနောက် လုပ်ကြံမှုကြီး မျက်မြင်သက်သေတစ်ဦးဖြစ်သူ ပုလိပ် အမှုထမ်း မောင်ထွေးအား ဆက်လက် စစ်ဆေး၍ ထွက်ဆိုသည်မှာ နေ့ရက် တော့ အသေအချာ မမှတ်မိပါ။ စနေနေ့တော့ စနေနေ့ပါပဲ။ အဲသည်နေ့ အတွင်းဝန်ရုံးကြီး အနောက်ဘက် ဆင်ဝင်အနီးမှာ နံနက် ၈ နာရီက ၁၁ နာရီ အထိ လက်ပြဝတ္တရား ကျပါသည်။ ၁၀ နာရီ ကျော်ကျော်လောက်မှာ ယူနီဖောင်းအစိမ်းနှင့် ခြေသေ့တံဆိပ် တပ်ဆင်ထားတဲ့ လူငါးယောက် ဂျစ်ကား

www.burmeseclassic.com

www.burmeseclassic.com



နှင့် စပါတ်လမ်းဘက် အပေါက်ကဝင်လာပြီး ဆင်ဝင်အောက်မှ တောင်ဘက်သို့ ချိုးသွားပါသည်။

သူတို့ဝင်သွားပြီး သုံးမိနစ်လောက်ကြာတော့ ဝေါဝေါနှင့် အသံကြားရပါသည်။ ပေါက်ကွဲတဲ့အသံမျိုး ကြားရပါသည်။ ဘယ်နေရာက အသံလည်း သေချာစွာ မသိရပါ။ ကျွန်တော် လက်ပြ ဝတ္တရားကျနေတာ စပါတ်လမ်းဘက် အဝင်အဝမှာ ဖြစ်ပါသည်။ မြေပုံဆွဲတဲ့ အရာရှိလာတော့လည်း ကျွန်တော် ရပ်နေတဲ့နေရာကို လိုက်ပြပါသည်။ သက်သေတစ်ဦးဖြစ်သူ မောင်အုန်းကို ကျွန်တော် သိပါသည်။ ဘယ်သူ့ မင်းစေလည်းတော့ မပြောတတ်ပါ။

ကျွန်တော် ရပ်နေသောနေရာနှင့် လေးငါးပေလောက်အကွာမှာ ရပ်နေတာ တွေ့ရပါသည်။ အပေါ်ထပ်က ပစ်သံတွေ ကြားရပြီးနောက် အဲသည် ဂျစ်ကားသည် စက်မရပ်ဘဲ ကျွန်တော် ဂျူတီကျတဲ့ လှေကားထိပ်မှာ ရပ်ထားပါသည်။ အပြင်ကိုထွက်ရန် သုံးလေးခါလောက် လက်ပြပါသည်။ ဒါပေမယ့် မထွက်ပါ။ ဒါနှင့် ကျွန်တော် သူ့ထံသွားပြီး ပြောမယ်ကြံတော့ လူလေးယောက် ဆင်းလာတာ မြင်ရပါသည်။

လူဘယ်နှစ်ယောက်လည်း မသိပါ။ ယူနီဖောင်းအစိမ်းနှင့် သေနတ်ကိုကိုင်ပြီး ဆင်းလာတာတွေ့ရပါသည်။ အသံလည်း ကြားထားပြီး ဖြစ်လေတော့ သည်လူတွေပစ်တဲ့ အသံပဲဆိုပြီး အတွင်းဝန်ရုံးရှိ ပုလိပ်ဌာနကိုတိုင်ရန် ပြေးသွားပါသည်။ သူတို့ ဆင်းမလာမီ ဂျစ်ကား ထဲမှာ လူတစ်ယောက် တည်းသာ ဖြစ်ပါသည်။ ဂျစ်ကားအဝင်အထွက် အခါခါ လက်ပြရတဲ့အတွက် ကားမောင်းတဲ့လူကို ကျွန်တော် မှတ်မိပါသည်ဆိုပြီး တရားခံများအနက် ရုပ်အကျီအပြာနှင့် သုခကို ညွှန်ပြ၏။

ဂျစ်ကားမောင်းသူ၏ လက်ယာဘက်တွင် ထိုင်လိုက်သူမှာ ပခုံးတွင် ခြင်္သေ့တံဆိပ်နှင့် ကြယ်နှစ်ပွင့်တပ်ထားသည်ကို တွေ့ရပါသည်။

## ပုလိပ်သက်သေမှုပါ

ထိုအချိန်တွင် ဗာတားနစ်က တရားသူကြီး ခင်ဗျား၊ ယခုသက်သေဟာ မေးခွန်းကိုသာမဖြေဘဲ အပိုတွေပါ ထွက်ဆိုပါသည်။ အလွန် စေ့စပ်သေချာလွန်းသည်ဟု ပြောဆိုရာ…

www.burmeseclassic.com

www.burmeseclassic.com



**ဥက္ကဋ္ဌတရားသူကြီးက။** ။မစ္စတာ ဗာတားနစ် ယခု သက်သေဟာ ပုလိပ် အမှုထမ်းဖြစ်ကြောင်း သတိပေး လိုက်ရာ ဗာတားနစ်လည်း ပြန်ထိုင်သွားရတော့၏။

**ဦးဘဝင်း။** ။ကားပေါ်ကလူတွေ ဦးထုပ်ဆောင်းမဆောင်း ပုလိပ်စစ်စဉ်က ထွက်ဆိုခဲ့ဖူးသလား။

**မောင်ထွေး။** ။မမှတ်မိပါဟု ထွက်ဆိုခဲ့ပါသည်။ အချင်းဖြစ်ပွားသည့် ညနေ ၅ နာရီလောက်မှာ ကျွန်တော့်ကို ပုလိပ်အရာရှိများ စစ်ပါသည်။

## ထူးဆန်းသောအသံ

ထို့နောက် လုပ်ကြံမှုကြီးတွင် သက်သေတစ်ဦးဖြစ်သူ စုံထောက်အရာရှိ ဦးဖိုးစိန်က ထွက်ဆိုသည်မှာ အချင်းဖြစ်ပွားသည့် နေ့ ၁၀ နာရီ ၄၅ မိနစ်တွင် စုံထောက်မင်းကြီးရုံး အစည်းအဝေးရှိ၍ သွားပါသည်။ ဟိုရောက်ပြီး ငါးမိနစ်လောက်ကြာမှ အနောက်ဘက်ဆောင် လောက်က ထူးခြားသောအသံများကြားရပါသည်။ ဒါနှင့် ကျွန်တော် နှင့် စီ-အိုင်-အိုရုံးက လူတစ်ယောက် ဝရန်တာမှ ထွက်ကြည့်ကြပါသည်။ အဲသည်လို အနောက်ဘက်ဆောင်မှာ ထွက်ကြည့်နေတဲ့အချိန်မှာ ဒုတိယအကြိမ် အသံထပ်ကြားရပါသည်။ ဒါနဲ့ ကျွန်တော်တို့လည်း စက်သေနတ်သံများ ဖြစ်ရမယ်လို့ ယူဆပြီး အနောက်ဘက်သို့ သွားရောက်ကြည့်ရှုရန် အောက်ဘက်သို့ ဆင်းခဲ့ကြရာ လူတွေအများကြီး တွေ့ရပါသည်။ လူသုံး-လေးယောက် ဂျစ်ကားနှင့်လာပြီး သေနတ်နှင့်ပစ်သွားသည်ဟု သိရပါသည်။ အဲသည်အချိန်မှာ မစ္စတာဘ(စ်) ဝိုင်ယာလက်ကားကလေးနှင့် ရောက်လာသဖြင့် ပုလိပ်ဌာန အသီးသီးကို ဂျစ်ကားများ အသွားအလာ သတိပြု ရှာဖွေရန် သတင်းပို့လိုက်ပါသည်။ အချိန်ကတော့ ၁၁ နာရီလောက် ထိုးပါပြီ။

## ခွေလဲနေသော မောင်ထွေး

နောက် ကျွန်တော် အပေါ်တက်သွားတော့ အလယ်လှေကားမှာ မစ္စတာရာဇတ်ရဲ့ သက်တော်စောင့် မောင်ထွေး ခွေလဲနေတာ တွေ့ရပါသည်။ ကျွန်တော် ဖြတ်သွားတော့ ကျွန်တော့်ကို သက်သက် ပစ်သွားတာပဲဟု မောင်ထွေးက ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



နောက် ဗိုလ်ချုပ်အခန်းသွားတော့ သွေးတွေ အခန်းထဲက ဝရန်တာဘက် စီးကျလာတာ တွေ့ရပါသည်။ ဒါနဲ့ စေ့ထားတဲ့ တံခါးမှ ချောင်းကြည့်လိုက်တော့ ဗိုလ်ချုပ်နှင့်တကွ ဝန်ကြီးအချို့ ကုလားထိုင်ပေါ်တွင်လည်းကောင်း၊ ကြမ်းပေါ်တွင် လည်းကောင်း ပိုးလိုးပက်လက် သေနေတာ တွေ့ရပါသည်။ အဲသည်အချိန်မှာ ဦးထွန်းလှအောင်နှင့် ဦးဘမောင်တို့ တွေ့ရပါသည်။ အခန်းတံခါးပေါက်အနီးတွင် မပစ်ရသေးသော မက္ကဇင်းဘောက်(စ်) ယမ်းကပ် တစ်ခုပစ်ပြီးသား ယမ်းတောင့် ခွံများ၊ ကျည်ဆန်များ တွေ့ရပါသည်။ ကျွန်တော် ထိုစဉ်က ကောက်ယူခဲ့သော ကျည်ဆန်တွေကို ဦးထွန်းလှအောင်ထံ ပို့ရပါသည်။ ရုံးတော်တွင် တင်ပြထားသော သက်သေခံပစ္စည်း ကျည်ဆန်မျိုးတွေပင် ဖြစ်ပါသည်။ ကျည်ဆန်များ ကောက်ယူစဉ်က စာရင်း မလုပ်ပါ။

ကျွန်တော် ကောက်ယူခဲ့သော ကျည်ဆန်များမှာ (၄၅)ဘိုနှင့် တော်မီဂန်း ကျည်များ၊ (၃၈)ဘို့ စတင်းဂန်းကျည်များ ဖြစ်ပါသည်။ မက္ကဇင်းကပ်အတွင်းမှ မပစ်ရသေးသော (၃၈)ဘို့ကျည်ဆန် ၂၈ တောင့်လည်း တွေ့ရပါသည်။ ကောက်ယူရရှိခဲ့သော ယမ်းတောင့် အခွံများကို နမ်းကြည့်တော့ ယမ်းစော်နံ့ပါသေးသည်။ ကျွန်တော် ကောက်ရသမျှကို အလယ်ပိုင်း ရာဇဝတ်ဝန် ဦးသန်းဖေလက်သို့ ပေးအပ်လိုက်ပါသည်။ ယမ်းကပ်ကို ကျွန်တော်ကိုယ်တိုင် ကောက်ယူရာ ရုံးတော်တွင် သက်သေအဖြစ် တင်ပြထားသော ကျည်ဆန်ယမ်းကပ်ပင် ဖြစ်ပါသည်။

## ကျည်ဆန်များ သိမ်းထားပုံ

ထို့နောက် တရားလိုသက်သေ တစ်ဦးဖြစ်သူ ရဲဘက်ဌာန ရာဇဝတ်ဝန်ကြီး ဦးသန်းဖေအား စစ်ဆေးသဖြင့် ထွက်ဆိုသည်မှာ လွန်ခဲ့သော အောက်တိုဘာလက ရာထူးပြောင်းလဲပါသည်။ လုပ်ကြံမှုကြီး ဖြစ်ပွားသော ဇူလိုင် ၁၉ ရက်နေ့က ၁၁ နာရီလောက်မှာ အတွင်းဝန်ရုံး ဗိုလ်ချုပ်အခန်းသို့ သွားရာ ရောက်နှင့်ပြီးဖြစ်သော ဦးဘိုးစိန်က ကောက်ယူရရှိသော ပစ်ပြီး ကျည်ဆန်ခွံများ၊ မပစ်ရသေးသော ကျည်ဆန်ယမ်းကပ် တစ်ခု၊ ကျွန်တော့်အား အပ်ပါသည်။ နောက် ဗိုလ်တထောင်ဂါတ် စာရေးထံ အပ်ထားပါသည်။ ၄င်းဂါတ်စာရေးမှာ မောင်အေးဖေ ဖြစ်ပါသည်။ ထိုကျည်ဆန်များ စာရင်းကို

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးစိန် စာရင်းလုပ်ပြီးဖြစ်၍ ကျွန်တော် စာရင်းလုပ်ရန် မလိုတော့ပါ။ ဂါတ်စာရေး လက်အပ်တော့ ကျွန်တော့်ရှေ့မှာပင် စာရင်းလုပ်ပါသည်။ စသည်ဖြင့် ထွက်ဆို၏။

## လူထုအင်အားစုရန်

နောက် သက်သေတစ်ဦးဖြစ်သူ မောင်ရှိန်အား စစ်ဆေးသဖြင့် ထွက်ဆိုသည်မှာ ဦးစော ဝန်ကြီးချုပ်ဖြစ်စဉ်က ကွယ်လွန်သူ ကျွန်တော့် ဦးလေး လက်ပံတန်းနေ ဦးဘိုမှာ ဂဠုန်ဗိုလ် ဖြစ်ပါသည်။ ထိုအခါကစ၍ ဦးစောနှင့် သိကျွမ်းခဲ့ပါသည်။ လက်ပံတန်းမှာပင် ဦးစောကို တွေ့ပါသည်။ ကျွန်တော့် ဦးလေးနှင့် ဦးစော စကားပြောပါသည်။ ကျွန်တော်နှင့် မပြောပါ။ လွန်ခဲ့တဲ့ လေး-ငါးလလောက်မှာ ဦးမှတ်ကြီး လက်ပံတန်းမှာ ဂဠုန်ဗိုလ် ဖြစ်ပါသည်။ ဦးစောက မီးရထားလမ်း အနောက်ဘက်မှာ ဂဠုန်အစည်းအရုံး ရှိသေးသလားလို့ မေးလိုက်တယ်လို့ ဦးမှတ်ကြီးက ပြောပါသည်။ နောက် ဇွန်လလောက်မှာ ဦးစော အိမ်ရောက်လာပြီး နှစ်ည၊ သုံးညအိပ်ပါသည်။

ဦးစောက ဖ-ဆ-ပ-လဟာ လူထုအင်အားနှင့် တက်သွားသည်။ ငါတို့ လူထုအင်အား စုရမယ်လို့ ပြောပါသည်။ သည်တော့ ကျွန်တော်က လည်း လက်ပံတန်းပြန်ပြီး ယခင်က အဖွဲ့ဝင်တွေ စုံစမ်းဦးမယ်လို့ ပြောပါ သည်။ ကျွန်တော့်ဦးလေးလည်း ဂျပန်လက်ထက်မှာ သေပါသည်။ ဦးစောက မင်းလည်း ငွေဘယ်လောက် ထည့်နိုင်ဦးမလဲမေးတော့ ကျွန်တော်က အိမ်ပြန် စုစပ်ပါဦးမယ်လို့ ပြောပါတယ်။ ဦးစောက သေသေချာချာပြောပါ။ လေး- ငါးရာ ထက်တော့ မနည်းပါနဲ့လို့ ပြောပါသည်။ နောက် နှစ်ရက်၊ သုံးရက် ကြာတော့ ကျွန်တော် ပြန်ခဲ့ပါသည်။ ဦးစောအိမ်အနီးက ရေကန်ထဲမှာ ဆောက်ထားတဲ့ ဘုရားကျောင်းဆောင်သို့ ဘုရားရှိခိုးရန် ဦးစောနှင့်အတူ ရောက်ဖူးပါသည်။ နောက် ဇွန်လ၁၈ရက်နေ့မှာ ဦးစောအိမ် နောက်တစ်ခေါက် ပြန်လာရာ ဦးစောက အဲသည်နေ့ညမှာ ဘယ့်နှယ်လဲ လူစုလို့ရသလားမေး တော့ ကျွန်တော်က ယခုအချိန်သည် လယ်ထွန်ချိန်ဖြစ်တယ်လို့ ပြောပါသည်။ နောက် ကျွန်တော်က ရန်ပုံငွေ ၂၀၀/ ထည့်ပါသည်။ ပြီးတော့ ဦးစောက မင်းအေးအေး အိပ်ချင်ရင် ကန်ဟိုဘက် ပြည်လမ်းဘေးက တဲလေးထဲမှာ သွားအိပ်လို့ ပြောပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## သစ္စာဆိုရပါသည်

ကျွန်တော် နံနက်ကားစီးဖို့ လွယ်တဲ့အတွက် သွားအိပ်ပါသည်။ အဲ့သည်နေ့ညက ဦးစောက မင်းအိမ်ပြန်ရောက်ရင် လူတွေဘာတွေစု၊ မင်းလည်း သစ္စာမဖောက်နဲ့ဆိုပြီး ဦးစောနှင့်အတူ ကျောင်းဆောင်သို့ သွားပြီး မျိုးချစ်ပါတီကို သစ္စာမဖောက်ပါဟု သစ္စာဆိုရပါသည်။

**ဦးစိဘူး။** ။ဘယ်လို သစ္စာ ဆိုရသလဲ။

**မောင်ရှိန်။** ။ငါးပါးသီလခံပြီး သစ္စာဆိုရပါသည်။ သစ္စာဆိုပြီးတော့ မျိုးချစ်ပါတီအဖွဲ့ကို စည်းမဖောက်ပါလို့ စာရွက်တစ်ရွက်ပေါ်မှာ လက်မှတ်ရေးထိုးရပါသည်။

နောက်တစ်နေ့ နံနက်ကျတော့ ၈ နာရီထိုးသည့်တိုင် ပြည်ဘက်သို့သွားသည့်ကား မလာတာနဲ့ ပြန်အိပ်ပျော်သွားပါသည်။ နံနက် ၁၀ နာရီလောက်မှာ အုတ်ဖိုကိုရှိန်ကြီးက ကျွန်တော့်ကို လာနှိုးပါသည်။ နှိုးပြီး ဦးစောတို့ဘက်ကမ်းက ခေါ်နေကြောင်း ပြောပါသည်။ ကျွန်တော်လည်း ဟိုဘက်ကမ်းကို လှေနှင့်ကူးပြီး ဦးစောအိမ် သွားပါသည်။ ဦးစောက မင်း မပြန်ဖြစ်သေးဘူးလား မေးပါသည်။ ဦးစောအပြင် အိမ်ထဲမှာ လူလေး-ငါးယောက် တွေ့ပါသည်။ ၄င်းလူများအနက် တရားခံ မောင်စိုးတစ်ယောက်သာ သိပါသည်။ သူတို့အသံတွေတော့ ကြားပါသည်။ ဘာတွေပြောသည် မသိပါ။

မခင်လေးကို ဦးစောအိမ်တွင် မြင်ဖူးပါသည်။ ဦးစောအိမ်သားတစ်ဦးလို့ ထင်ပါသည်။ ဦးစောက နက်ဖြန်မှပဲ ဘူတာရုံကို ကားနဲ့ ပို့ရမှာပဲဟု ပြောနေစဉ် နောက်ဖေးက ထမင်းစားခေါ်နေပြီဟု ဦးစောက ပြောပါသည်။ ကျွန်တော်လည်း သွားပါသည်။ ထမင်းပွဲမှာ ကျွန်တော်သိတဲ့လူ ကိုစိုး၊ ကိုဘညွန့်၊ ကိုစိန်သုံးယောက် ထမင်းပွဲမှာ ထိုင်နေတာ တွေ့ရပါသည်။ ကျွန်တော်မသိတဲ့ လူနှစ်ယောက်လည်း ပါပါသည်။ ထမင်းစားပြီး ကျွန်တော်လည်း ဟိုဘက်ကမ်းက တဲကလေး ပြန်လာခဲ့ပါသည်။ နောက်နာရီပြန် တစ်ချက်၊ နှစ်ချက်တွင် လာဖမ်းပါသည်။ အားလုံး ၁၈ ယောက် အဖမ်းခံရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ပုလိပ် ကြောက်ရလို့

အချုပ်ထောင်တွင် လာစစ်စဉ်က ပုလိပ်အရာရှိသုံးယောက်က မင်းလုံချည် မီးရှို့တယ်ဆိုပြီး ဇက်ပိုးရိုက်ပါသည်။ နောက်ပြာပုံပြခိုင်းပါသည်။ နောက် ၁၀ ရက်လောက်ကြာတော့ ကျွန်တော် ဦးစောအိမ်လိုက်သွားပြီး ပြာပုံပြရပါသည်။ ဦးစောအိမ်ရောက်စဉ်က တွေ့ဖူး မြင်ဖူးတဲ့ ပြာပုံကို ပြပါသည်။ ထိုနေရာတွင် ပြာပုံနှစ်ခု၊ သုံးခုရှိပါသည်။ ကျွန်တော် ပြလိုက်တဲ့ပြာပုံဟာ ဘာကို မီးရှို့တဲ့ ပြာပုံဆိုတာ မသိပါ။ ပုလိပ်ရိုက်လို့ ကြောက်လို့ လိုက်ပြရတဲ့ ပြာပုံဖြစ်ပါသည်။

ထို့နောက် ရုံးဆင်းခါနီးတွင် သက်သေ ကိုရှိန်က ကျွန်တော့်ကို စတီးဝပ်အချုပ်ထောင်သို့ မပို့ပါနဲ့ ထောင်မှာပဲထားပါ။ ပုလိပ်က ညှဉ်းဆဲမည်ကို ကြောက်ပါသည်။

**ဥက္ကဋ္ဌတရားသူကြီး။** ။ဘာဖြစ်လို့လဲ၊ ပုလိပ်က ရိုက်မှာကြောက်လို့လား။ ထောင်မှာထားရင်ကော မညှဉ်း ဆဲနိုင်ဘူးလား၊ ခင်ဗျားကို ပုလိပ်က ညှဉ်းဆဲရင် မနက် ကျွန်တော့်ကို တိုင်ပါ။ ကျွန်တော် အရေးယူကာ စစ်ဆေးပါမည်။

## ဝင်ရှာတာ လွန်လွန်းတယ်

ဦးစောရှေ့နေ မစ္စတာဗာတားနစ်က တရားသူကြီးခင်ဗျာ၊ ကျွန်တော်များ တရားခံများဘက်မှ ရှေ့နေများကို အလွန်ရှာဖွေပါသည်။ ဖောင်တိန်ချွတ်ရှာ၊ ဖိနပ်ချွတ်ရှာနှင့် သည်းမခံနိုင်လောက်အောင် ရှာဖွေပါသည်။ မနက် အကယ်၍ ကျွန်တော်မလာရင် အဲသည်လိုရှာတာ သည်းမခံနိုင်လို့ပဲ မှတ်ပါ ခင်ဗျား။

**တရားသူကြီး။** ။ဒါကတော့ မစ္စတာ ဗာတားနစ် သဘောအရ ဆုံးဖြတ် နိုင်ပါသည်။ အစကတည်းက ခွင့်ပြုထားပြီးဖြစ်သည်။

(ထို့နောက် ရုံးဆင်းလိုက်သည်။)

❖

www.burmeseclassic.com

www.burmeseclassic.com



## လုပ်ကြံမှုကြီးစစ်ဆေးသည့် သတ္တမနေ့

အင်းစိန်ထောင်ကြီးအတွင်း ခုံသမာဓိရုံးတော်တွင် လူထုခေါင်းဆောင်ကြီးများ လုပ်ကြံမှုကို ၂၂-၁၀-၄၇ နေ့တွင် (၇)ကြိမ်မြောက် ဆက်လက် စစ်ဆေးသောနေ့ ဖြစ်၏။

### တစ်နေ့တစ်မျိုး လဲနေခြင်း

တရားခံများအားလုံး မိမိတို့၏ ဆိုင်ရာဝက်ခြံများတွင် အသီးသီး ရောက်ရှိနေကြ၏။ နံပါတ် (၁)တရားခံ ဦးစောမှာ လုံချည်ကို တစ်နေ့ တစ်မျိုးလဲကာ ဝတ်ဆင်လျက်ရှိ၏။ ထိုနေ့တွင် တရားရေးဌာန အတွင်းဝန် ဦးသောင်းစိန် တက်ရောက် နားထောင်သည်ကို တွေ့ရ၏။

### ဗာတားနှစ် ရောက်လာခြင်း

ဦးစောရှေ့နေ မစ္စတာ ဗာတားနှစ်မှာ ၁၀ နာရီ ၁၀ မိနစ်တွင် ရုံးခန်းတွင်းဝင်လာသဖြင့် မနေ့ကစစ်ဆေး၍ မပြီးမပြတ်သေးသော သက်သေ ကိုရှိန်ကို ကျမ်းကျိန်စေပါသည်။

### မကန့်ကွက်လိုကြပါ

သက်သေမောင်ရှိန် ကိုစ္စနှင့်ပတ်သက်၍ အစိုးရရှေ့နေချုပ် ကြီးနှင့် ဗာတားနှစ်တို့ တစ်ယောက်တစ်ပြန် အခြေအတင်ပြောဆိုပြီး နောက်ပုလိပ်ထံတွင် ကိုရှိန်ထွက်ဆိုခဲ့သော ထွက်ချက်များကို စာရေးကြီးက ပြန်ဖတ်ပြပါသည်။

ရှေ့နေချုပ်ကြီးက သက်သေကိုရှိန်မှာ ပုလိပ်ထံတွင် ထွက်ဆိုခဲ့သော ထွက်ချက်နှင့် ယခုစစ်ဆေးရာတွင် ထွက်ဆိုချက်များမှာ မကိုက်ညီသဖြင့် ပုဒ်မ(၁၅၄)အရ တစ်ဖက်မှ တင်ပြသော သက်သေတစ်ဦး အဖြစ် ပြန်လှန်မေးခွန်းထုတ်ရန် ရုံးတော်သို့ ခွင့်ပန်ကြားရာ တရားခံ ရှေ့နေ မစ္စတာ ဗာတားနှစ်နှင့် ဦးစံဝင်းတို့က ကန့်ကွက်ကြပါသည်။

ရှေ့နေမပါသော တရားခံလေးဦးတို့ကို မေးရာ တရားခံများက မကန့်ကွက်လိုကြောင်း ထွက်ဆိုကြ၏။ ကိုရှိန်က ထွက်ဆိုသည်မှာ အင်းစိန်

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှာ လေး-ငါးရက်ထားပြီးတော့ စတီးဝပ် အချုပ်ထောင်ကို ခေါ်သွားပါသည်။ လူမြင်လျှင် မှတ်မိသော ရာဇဝတ်အုပ်တစ်ယောက်က ထွက်ချက်ကို ရေးယူမှာပဲ။ ရက်ပေါင်း ၂၅ ရက်လောက်ကြာမှ ကျောက်တံတားဌာနမှ ကျွန်တော့်ကို စစ်ဆေးပြီး စာနှင့်ရေးမှတ်ပါသည်။ ထိုရာဇဝတ်အုပ်ကို မြင်လျှင် မှတ်မိပါသည်။ ရေးတာတွေလည်းပြန်ဖတ်မပြပါ။ မင်းအမှုက သည်လောက် အရေးမကြီးပါဘူးလို့ လာပြောပါသည်။

နောက် ဦးစောအိမ်တွင် မျိုးချစ်ပါတီအရေးနှင့် ပတ်သက်၍ တိုင်ပင်ကြောင်း၊ ရန်ပုံငွေထည့်ရန် အရေးနှင့် ဘုရားကျောင်းဆောင်တွင် သစ္စာဆိုရပုံများကို ပုလိပ်ထံတွင် ထွက်ဆိုခဲ့ကြောင်း မှန်မမှန်ဖတ်ပြရာ ကိုရှိန်က မှန်ကန်ကြောင်း ဝန်ခံသည်။

## ပုလိပ်ကို ကြောက်လို့ပါ

ဇူလိုင် ၁၈ ရက်နေ့ ညနေ ၅ နာရီခွဲအချိန်တွင် ဦးစောလက်သို့ ငွေ ၂၀၀ိ/ ပေးအပ်ကြောင်းမှာလည်း မှန်ပါသည်။ နောက်တစ်နေ့ နံနက် ၁၂ နာရီတွင် သုခလာခေါ်၍ ဦးစောအိမ် လှေနှင့်လိုက်သွားပါသည်ဟု ထွက်ဆိုချက်မှာ မမှန်ပါ။ ပုလိပ်ကြောက်လို့သာ ထွက်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ကိုသုခလာ ခေါ်တယ်လို့တော့ လုံးဝ မပြောခဲ့ပါ။ ကျွန်တော် အိပ်ပျော်နေစဉ် ကိုရှိန်ကြီးက လာနှိုးပြီး ပြောတာပါ။

## ကျွန်တော် မပြောရပါ

ဦးစောအိမ်ရောက်တော့ ဦးစော၊ သက်နှင်း၊ သုခ၊ ခင်မောင်ရင်၊ ဘညွန့် စသည့် အမည်များကိုသာ ဖော်ထုတ်ပြောခဲ့ပါသည်။ ဦးစောထွက်လာသဖြင့် ကျွန်တော်အခန်းတွင် ဝင်ဖို့ မလိုတော့ပါ။ ကိုစိုးတို့ အခန်းမှာ အရက်သောက်နေတယ် ပြောရခြင်းမှာ ကြောက်လို့ မဟုတ်တဲ့နှင့် ထွက်ဆိုခြင်း ဖြစ်ပါသည်။ အိမ်ထဲက လူသံတွေ ကြားတယ် ဆိုတာ ကျွန်တော် မပြောပါ။ မောင်နီက အခန်းထဲဝင်ဖို့ ခေါ်တယ် ဆိုတာ မမှန်ပါ။ ဘညွန့် အရက်ခွက် လှမ်းပေးတယ်ဆိုတာ မမှန်ပါ။ ထမင်းပွဲရောက်မှ ဘညွန့်က မေးခြင်း ဖြစ်ပါသည်။ စသည်ဖြင့် ထွက်ဆို၏။

❖

www.burmeseclassic.com

www.burmeseclassic.com



# လုပ်ကြံမှုကြီးနေ့က အတွင်းဝန်ရုံးက ထွက်လာတာ အာရ်စီ–၁၈၁၄ ဂျစ်ကားပါတဲ့

## ဂျစ်ကားနံပါတ် ထွက်ဆိုသူ၏ထွက်ချက်

လုံချည်တွေ မီးရှို့ထားတဲ့ ပြာပုံကို ဦးစောအိမ်မှာ တစ်ခါ လိုက်လံပြရပါသည်။ နောက်တစ်ကြိမ် ပေကြိုးတွေ၊ ဘာတွေနဲ့ တစ်ကြိမ်သွားရပါသေးသည်။

ပြာပုံမှယူခဲ့သော သက်သေခံပစ္စည်း အစအနများကိုပြရာ မီးအကုန်မလောင်သေးသော အစိမ်းရောင်အဝတ်အစတစ်စကို ကိုရှိန်က ထောက်ပြ၏။ ကျွန်တော်တို့ အချုပ်ခန်းသို့နေစဉ် ဆရာဝန် လာကြည့်ပါသည်။ အရိုက်ခံရတဲ့ အကြောင်း တိုင်ပေမယ့် သူက အရေးမယူ ဂရုမစိုက်ပါ။ အရိုက်ခံရပြီး နောက်တစ်နေ့ တိုင်ပါသည်။

## ကျမ်းတိုက်စစ်လို့ မှန်တာထွက်ခြင်းပါ

**မစ္စတာဗာတားနစ်။** ။ပုလိပ်အရာရှိ မင်းကို စစ်ဆေးတဲ့အခါက ကျမ်းတိုက်သေးသလား။

**ကိုရှိန်။** ။ကျမ်းမတိုက်ပါ။

**ဗာတားနစ်။** ။ရုံးမှာတော့ ကျမ်းကျိန်ရသေးသလား။

**ကိုရှိန်။** ။ကျိန်ဆိုရပါသည်။ ဒါကြောင့် မှန်တဲ့အတိုင်း ထွက်ဆိုပါသည်။

## ဂျစ်ကားနံပါတ် မှတ်ထားပုံ

ထို့နောက် လုပ်ကြံမှုကြီးဖြစ်သည့်နေ့က လူသတ်သမားများ စီးလာသော ဂျစ်ကားနံပါတ်ကို ရေးမှတ်ထားသူ ဦးစိန်မောင်အား ကျမ်းကျိန်စစ်ဆေးရာ ဇူလိုင် ၁၉ ရက်နေ့ လုပ်ကြံမှုကြီး ဖြစ်ပွားစဉ်က ကျွန်တော် ကုန်သည်လမ်း ဂရင်လေးဘဏ် (Grindlay Bank)တိုက်မှ ပြန်လာပါသည်။ ကျွန်တော်တို့ သမာဓိသတင်းစာတိုက်ရှေ့မှာ (၄၅)လမ်း ရှိပါသည်။ စပါတ်လမ်းနှင့်

www.burmeseclassic.com



ဒါလဟိုဇီ လမ်းထောင့် ရောက်တော့ သေနတ်သံလိုလို တိုက်ပြိုသံလိုလို အသံမျိုး ကြားလိုက်ရပါသည်။

ကျွန်တော်လည်း အတွင်းဝန်ရုံးဘက် စောင့်ကြည့်နေတဲ့အခါ အတွင်းဝန်ရုံး ဆင်ဝင်အောက်က ဂျစ်ကားတစ်စီး တောင်ဘက်ပေါက်က စပါတ်လမ်းဘက် ထွက်လာပြီး ဒါလဟိုဇီလမ်းဘက်အချိုး ရောက်လာပါသည်။ သေနတ်သံကြားရတယ်။ သည်ဂျစ်ကားဟာ ထူးခြားလိမ့်မယ် ထင်ပြီး ၄င်းဂျစ်ကား နံပါတ် အာရ်စီ ၁၈၁၄ ကို ဂရင်လေးဘဏ်တိုက် ငွေသွင်းစာအုပ် ကျောဘက်မှာ ရေးမှတ်ထားလိုက်ပါသည်။

'ဂျစ်ကား၏ အရှေ့ဘက်တွင် လူနှစ်ယောက်၊ အနောက်ဘက်တွင် ဘယ်နှစ်ယောက်ထိုင်သည် မသိပါ။ ရှေ့ဘက်တွင် ဒရိုင်ဘာ၊ လက်ယာဘက်မှ ထိုင်သူ (၁၂)နံပါတ်တပ် တံဆိပ်ယူနီဖောင်း၊ ကာကီအစိမ်း ဝတ်ထားပါသည်။ သေနတ်တစ်လက်ကို ကိုင်ထားပါသည်။ သစ်သားသေနတ်ဒင်ကို ချိုင်းညှပ်ထားပြီး ပြောင်းဝကို အောက်စိုက်ထားပါသည်။

ကျွန်တော်လည်း သတင်းစာတိုက်သို့ ပြန်လာပါသည်။ ထိုနေ့က အတွင်းဝန်ရုံးတွင် ဘာဖြစ်သည်မသိပါ။ တိုက်ရောက်တော့ သမာဓိ သတင်းစာ တိုက်အုပ် ဦးဘကလေးကို ငွေသွင်းပြီးကြောင်း ပြပါသည်။ ငွေသွင်းဖြတ်ပိုင်းမှာ ဇူလိုင် ၁၉ ရက်နေ့ နေ့စွဲဖြင့် ဖြစ်ပါသည်။ ကျွန်တော် ဂျစ်ကားနံပါတ် မှတ်လာခဲ့ကြောင်း ဦးဘကလေးအား ပြောပြပါသည်။

နေ့လယ် ၁ နာရီခွဲတိတိတွင် ကားနံပါတ်မှတ်မိသူ သမာဓိ ဦးစိန်မောင်အား ဆက်လက် စစ်ဆေးရာ ကျွန်တော်မြင်လိုက်ရသော ဂျစ်ကား လေးမှာ အမိုးပါပါသည်။ ကားအရောင်မှာ စစ်ကားအရောင် သို့သော် အရောင်လွင့်နေပါသည်။

ကျွန်တော် မှတ်သားထားလိုက်တာ အာရ်စီ ၁၈၁၄ မှာ ကား ရှေ့ဘောင်တွင် ချိတ်ထားသောနံပါတ် ဖြစ်ပါသည်။ ကားနောက် နံပါတ် ကိုတော့ သတိမထားမိပါ။ သုံး-လေးရက်ကြာတော့ (၄၃)လမ်းနှင့် ဒါလ ဟိုဇီလမ်းထောင့် လက်ဖက်ရည်ဆိုင်တွင် မြင်လျှင် မှတ်မိသော မိတ်ဆွေ တစ်ယောက်နှင့်တွေ့ပြီး ဂျစ်ကားနံပါတ် မှတ်မိကြောင်း ပြောပြပါသည်။ သူက ခင်ဗျား သည်မှာ ခဏစောင့်နေဆိုပြီး ထွက်သွားပါသည်။ မှာက် နာရီဝက်လောက်ကြာတော့ ထိုလူ ပြန်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း လက်ဖက်ရည်သောက်ရင်း စောင့်နေပါ သည်။ ဗိုင်ယာလက်ကားတစ်စီး ရောက်လာပြီး မြန်မာရာဇဝတ်အုပ် တစ်ယောက်က ကျွန်တော့်ကို ခေါ်သွား၍ ပုလိပ်မင်းကြီးရုံး လိုက်သွားပါသည်။ ပုလိပ်မင်းကြီးက စစ်ဆေးပါသည်။ ကားနံပါတ် မှတ်သားထားသော ငွေသွင်းစာအုပ်လည်း ပါလာပါသည်။ ပုလိပ်မင်းကြီးက စာအုပ်ကိုထားရန် ပြောသော်လည်း ထိုနေ့က ငွေသွင်းပြီးကြောင်း တိုက်အုပ် ဦးဘကလေးအား ငွေသွင်းဖြတ်ပိုင်း မပေးရသေးသည့်အတွက် မထားခဲ့ နိုင်ပါ။

ထိုနေ့က ငွေသွင်းဖြတ်ပိုင်းမှာ ၁၉၄၇ ခုနှစ်၊ ဇူလိုင် ၂၃၊ ၂၄ တစ်ရက်ရက် ဖြစ်ပါလိမ့်မည်။ နောက်တစ်နေ့ကျမှ ရာဇဝတ်အုပ် တစ်ယောက် တိုက်ကိုလာပြီး ဦးဘကလေးထံ ခွင့်တောင်း၍ ငွေစာအုပ်ကို သိမ်းယူသွားပါသည်။

**မစ္စတာဗာတားနစ်။** ။ ထိုနေ့က ခင်ဗျားတွေ့ရတဲ့ ဂျစ်ကားမျိုး ရန်ကုန်မှာ ရှိသလား။

**ဦးစိန်မောင်။** ။ သည်ကားမျိုး အများကြီး ရှိပါသည်။ ဗိုလ်ချုပ်တို့ အပစ်ခံရတဲ့ အကြောင်းကို ဇူလိုင် ၁၉ ရက်နေ့ နေ့လယ် ၁ ချက်ခွဲလောက်မှာ ကျွန်တော်တို့တိုက်က သတင်းထောက် ပြန်လာသဖြင့် သိရပါသည်။

**ဗာတားနစ်။** ။ ဗိုလ်ချုပ်တို့ ပစ်သတ်ခံရတဲ့ အကြောင်းကြားတော့ ခင်ဗျားမှတ်မိတဲ့ ဂျစ်ကားနံပါတ်နှင့်ပတ်သက်၍ ဘယ်လို များ စိတ်တွင် ထူးခြားပါသလဲ။

**ဦးစိန်မောင်။** ။ ငါ မှတ်ထားတဲ့ ဂျစ်ကားလေးပဲ ဖြစ်လိမ့်မယ်လို့ တွေးမိပါသည်။ သမာဓိတိုက်မှာ ၁၉၄၇၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ကစ၍ အလုပ်ဝင်ပါသည်။ ဦးစောမရှိမီက ဦးဘကလေး တိုက်အုပ်ဖြစ်ပါသည်။

ဦးဘကလေး ထွက်ပြီးနောက် ဦးစော သူရိယတွင် တိုက်အုပ် ဖြစ်ပါသည်။

ပုလိပ်မင်းကြီးနဲ့တွေ့ပြီးတော့ နောက် နှစ်ရက်လောက် အကြာမှာ ဦးလှဖေ လာစစ်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစံဝင်း။ ။ ဘဏ်မှာ ငွေသွင်းပြီးမှ ဂျစ်ကားကို တွေ့တာလား၊ ဘယ်အချိန်လောက် ခြားသလဲ။

ဦးစိန်မောင်။ ။ နာရီဝက်လောက် ကွာပါသည်။ နောက် ကျွန်တော်လည်း သမာဓိ သတင်းစာတိုက် ပြန်လာတာပဲ။ ဂျစ်ကားနံပါတ် မှတ်ခဲ့တဲ့အကြောင်း သတင်းထောက်တွေကို မပြောပါ။ ဦးဘကလေးနှင့် လက်ဖက်ရည်ဆိုင်တွင် တွေ့သူကိုသာ ပြောပါသည်။ ဂျစ်ကားကို တွေ့လျှင် တွေ့ချင်း ရေးမှတ်ထားခြင်း ဖြစ်ပါသည်။

ဦးထွန်းဖြူ။ ။ ဂျစ်ကားနံပါတ်ကို ရပါလျက် ဘာကြောင့် ခင်ဗျား ဂါတ်ကို မတိုင်သလဲ။

ဦးစိန်မောင်။ ။ ကျွန်တော် မှတ်ထားတဲ့ ဂျစ်ကား နံပါတ်ကလည်း မသေချာလို့ မှတ်ထားခြင်း ဖြစ်ပါသည်။ တပ်အပ်သေချာ မစွပ်စွဲနိုင်တဲ့အတွက် မတိုင်ကြားခြင်း ဖြစ်ပါသည်။

တရားသူကြီးဦးကျော်မြင့်။ ။ဦးဘကလေးနှင့် ဘယ်နေ့က တွေ့သလဲ။

ဦးစိန်မောင်။ ။အောက်တိုဘာလ ၁၈ ရက်နေ့၊ စနေနေ့က အိပ်ရာပေါ်မှာ နေမကောင်းနေစဉ် တွေ့ရပါသည်။ စသည်ဖြင့် ထွက်ဆို၏။

ထို့နောက် သက်သေတစ်ဦးဖြစ်သူ သောင်းကျန်းမှုနှိမ်နင်းရေးတပ်မှ အမှုထမ်းတစ်ဦးဖြစ်သူမောင်ကျင်မောင်က ကျမ်းကျိန်ဆိုပြီးထွက်ဆိုသည်မှာ…

ဇူလိုင်လ ၁၉ ရက်နေ့ မွန်းလွဲတစ်ချက်တီးလောက်မှာ ဦးစောအိမ် သွားပိုင်းစဉ်က ကျွန်တော်လည်း ပါပါသည်။ ထိုစဉ်က ကျွန်တော့်မှာ ခြံအပြင်ဘက်မှာ တာဝန်ကျပါသည်။ ဦးစော အိမ်ပေါက်ဝ တဲကလေးထဲ ခုတင်ပေါ် အိပ်နေတဲ့လူက စောင်ခြုံထဲမှနေပြီး သေနတ်တစ်ချက်ပစ်ပါသည်။

ဦးစံဝင်း။ ။ သူ အိပ်နေတဲ့နေရာနှင့် ဘယ်လောက်ဝေးသလဲ။

မောင်ကျင်မောင်။ ။ ၁၅ ပေလောက် ဝေးပါသည်။ ကျွန်တော်ပစ်ပြီးတဲ့နောက် အိမ်အတွင်းဘက်မှ နောက်ထပ် ပစ်သံများ ကြားရပါသည်။ သူ့ကို ကျွန်တော် စမပစ်ပါ။ သူကသာ စပစ်၍ ကျွန်တော်က ပြန်ပစ်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရာဇဝတ်ကြပ် ရဲဘော်မင်းနိုင် ကျမ်းကျိန်ထွက်ဆို သည်မှာ…

ဇူလိုင်လ ၁၉ ရက်နေ့ နေ့လယ်လောက် ဦးစောအိမ် သွားပိုင်းစဉ်က ကျွန်တော်လည်း လိုက်သွားရပါသည်။ တစ်နာရီလောက်ကြာတော့ သေနတ်သံ နှစ်ချက် အပြင်ဘက်က ကြားရပါသည်။ ကျွန်တော်လည်း ဝပ်ပြီး အကာ အကွယ် ယူနေပါသည်။ နောက် ကားဂိုထောင်ထဲက လူတစ်ယောက် သေနတ်ကိုင်ပြီး ယမ်းထောင့်ထိုးတာ မြင်ရလို့ ကျွန်တော်က ဖမ်းပစ်လိုက်ရာ လက်ကိုမှန်ပြီး လဲကျသွားပါသည်။ အပစ်ခံရတဲ့လူ လဲသွားသည့်နေရာကို လိုက်ပြပါသည်။

ကျွန်တော် ပစ်လိုက်သဖြင့် လက်ပြတ်သွားသူမှာ တရားခံ မှူန်ကြီး ဖြစ်ပါသည်။

(ထိုနေ့ ညနေ ၃ နာရီခွဲတွင် ရုံးဆင်းလိုက်၏။)

❖

## လုပ်ကြံမှုကြီးစစ်ဆေးသည့် အဋ္ဌမနေ့

### (၂၄-၁၀-၄၇) ဦးစောအိမ် ဘုရားကျောင်းဆောင်အောက် ရေထဲမှ လက်နက်များ ငုပ်ယူသူ ကိုယ်တွေ့ထွက်ချက်

၂၃-၁၀-၄၇ နေ့ နံနက် ၉ နာရီခွဲတွင် တရားခံ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်၊ မှူန်ကြီးတို့လူသိုက် ၄င်းတို့၏ နေရာတွင် ရောက်နေကြ၏။ ဝမ်းကိုက်နေသော တရားခံသက်နှင်းလည်း ယနေ့ တွေ့ရှိ ရ၏။

၁၀ နာရီ ထိုးခါနီးတွင် တရားခံ စိန်ကြီး၊ သုခ၊ ဘိုနီတို့ ဆိုင်ရာဝက်ခြံအတွင်းသို့ ရောက်လာကြ၏။ ခင်မောင်ရင် မတွေ့ရချေ။ ၁၀ နာရီတိတိတွင် တရားခံဦးစောမှာ ဘန်ကောက်လုံချည်အစိမ်း၊ ပေါ်ပလင် ရှပ်အင်္ကျီအပြာစင်း၊ ပိုးအပေါ်အင်္ကျီ၊ မျက်မှန်အပြာကို တပ်ဆင်လျက် ဝက်ခြံအတွင်းရှိ ၄င်းနေရာသို့ ရောက်လျှင်ရောက်ချင်း မိမိရှေ့နေ ဦးသိင်း ကိုခေါ်၍ တိုးတိုးတိတ်တိတ် တိုင်ပင်နေသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



တရားလို၊ တရားခံ ရှေ့နေများ စုံညီပြီးနောက် ၁၀ နာရီ ၄ မိနစ်တွင် တရားခံ ခင်မောင်ရင်မှာ သွေးစုနာပေါက်၍ ရုံးသို့ မလာနိုင်ကြောင်း တိုင်တန်းရာ ခုံရုံးတော်ဥက္ကဋ္ဌက ခွင့်ပြု၏။ တရားခံ သက်နှင်းအားလည်း နေမကောင်းသေးက သွားရောက် နားနေနိုင်ရန် ခွင့်ပြုသဖြင့် သက်နှင်းလည်း ပြန်လည် ထွက်သွားလေသည်။

ထို့နောက် သက်သေတစ်ဦးဖြစ်သူ သောင်းကျန်းမှု နှိမ်နင်းရေးတပ်မှ မောင်စိုးသိမ်းက ကျမ်းကျိန်ထွက်ဆိုသည်မှာ ဇူလိုင်လ ၂၀ရက်နေ့ နံနက် ၁၁ နာရီမှ နောက်နေ့ နံနက် ၁၁ နာရီအထိ ဦးစောအိမ်တွင် တာဝန်ဝတ္တရားကျပါသည်။

## ရေထဲဆင်းရှာခြင်း

ဗိုလ်စောသောင်း အမိန့်အရ··· ဦးစောအိမ် ဘုရားစင်ဘေး ရေထဲတွင် ဆင်း၍ ရှာပါသည်။ တော်မီဂန်း နှစ်လက်နှင့် ကျည်ဆန်လေးသေတ္တာ တွေ့ရှိပါသည်။ ကျွန်တော်တို့ တပ်အုပ် ကိုစောသောင်းအား ပေးလိုက်ပါသည်။ ထိုစဉ်အခါက ရဲဘော်ကိုတင်မောင်နှင့် အခြားရဲဘော်နှစ်ယောက်၊ သုံးယောက် ရေထဲဆင်းကြ ပါသေးသည်။ ရဲဘော်ကိုတင်မောင်လည်း တော်မီဂန်း နှစ်လက်၊ စတင်းဂန်း တစ်လက်၊ ယမ်းသေတ္တာလေးသေတ္တာ ရပါသည်။

**ဦးစံဝင်း။** ။ရှာတဲ့လူတွေဟာ သောင်းကျန်းမှုနှိမ်နင်းရေး တပ်သားတွေပဲလား။

**မောင်စိုးသိမ်း။** ။ရေထဲ အဝတ်ချွတ် ရှာရတဲ့အတွက် ဘယ်သူတွေပါသလဲ မသိပါ။ လက်နက်တွေ ရှာတွေ့လျှင် တွေ့ချင်း ရာဇဝတ်ဝန် မစ္စတာဂျပ်က စာရင်းလုပ်ပါသည်။ လက်နက် ရှာဖွေပြီးနောက် ၂၀ ရက်လောက်အကြာ ဂါတ်မှာ အစစ်ခံရပါသည်။

ထို့နောက် သက်သေတစ်ဦးဖြစ်သူ သောင်းကျန်းမှု နှိမ်နင်းရေးတပ်မှ မောင်တင်မောင်က ထွက်ဆိုသည်မှာ ဗိုလ်ချုပ်တို့ လုပ်ကြံခံရပြီး နောက်တစ်နေ့မှာ ဦးစောအိမ်သို့ သွားရောက် စောင့်ရှောက်ကြရပါသည်။

ထိုနေ့ညနေ ၄ နာရီခွဲလောက်တွင် လက်နက်များ ရေထဲတွင် ဆောက်ထားသော ဘုရားကျောင်းဆောင် အနောက်ဘက် ရေထဲတွင် ရှာရပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ယမ်းသေတ္တာလေးလုံး တွေ့ရပါသည်။ ဗိုင့်(၃၀၃) ဖြစ်ပါသည်။ စတင်းဂန်းတစ်လက်၊ တော်မီဂန်းနှစ်လက် တွေ့ပါသည်။ ရွှံ့တွေပေနေ၍ မမှတ်မိတော့ပါ။

ကျွန်တော်နှင့်အတူ ရဲဘော် ကိုစိုးသိမ်းလည်း ရှာပါသည်။ ဦးစောအိမ်သို့ မြေပုံဆွဲအရာရှိလာတော့ ကျွန်တော်တို့ ရေငုပ်တဲ့နေရာကို ပြလိုက်ပါတယ်။ ကိုစိုးသိမ်းလည်း ယမ်းသေတ္တာလေးလုံး၊ တော်မီဂန်း နှစ်လက်ရကြောင်း သိရပါသည်။

**ဦးစံဝင်း။** ။မြေပုံဆွဲတဲ့လူကို ဘယ်လောက်ကြာမှ လိုက်ပြရသလဲ။

**တင်မောင်။** ။၁၀၊ ၁၅ ရက်လောက်ကြာမှ လိုက်ပြရပါသည်။

**ဦးစံဝင်း။** ။ပုလိပ်အရာရှိ လာစစ်ဆေးသလား။

**တင်မောင်။** ။ကာကီယူနီဖောင်း၊ ကြယ်ပွင့်နှင့် ကုလား တစ်ယောက် တော့ လာစစ်ပါသည်။

**ဦးစံဝင်း။** ။မင်းတို့အပြင် အခြားလူတွေ၊ ရေထဲဆင်း ရှာသေးသလား၊ အနီးမနားမှာ အင်္ဂလိပ်အရာရှိ မြင်သလား။

**တင်မောင်။** ။မြင်ပါသည်။ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်လျှင် ငွေ ၂၀/ စီ ဆုပေးသွားပါသေးသည်။

**ဦးထွန်းဖြူ။** ။မင်းတို့ လက်နက်တွေရှာပြီး ပြန်သွားတဲ့နောက် တစ်စုံ တစ်ယောက်က လာမေးသေးသလား။

**တင်မောင်။** ။ပုလိပ်မင်းကြီးရုံးက ရက်ချိန်းပေးပါသည်။ ဒါပေမယ့် မောင်စိုး သိမ်းသွားတာနှင့် ပြီးသွားပါသည်ဟု ထွက်ဆို၏။

ထိုနေ့တွင် တရားခွင်၌ သက်သေခံပစ္စည်းအဖြစ် တော်မီဂန်း လေးလက်၊ စတင်းဂန်းသုံးလက် တင်ပြထားသည်ကို တွေ့ရ၏။

❖

www.burmeseclassic.com

www.burmeseclassic.com



# ဘယ်သေနတ်က ကျည်ဆန်တွေလဲ
# ကျဆုံးသောဝန်ကြီးများ ကိုယ်တွင်းမှရသော
# ကျည်ဆန်များ

## ကျည်ဆန်ပါရဂူ စုံထောက်ကျောင်းအုပ်ကြီး၏ ထွက်ဆိုချက်များ

၁၉၃၅ ခုနှစ်မှစ၍ စုံထောက်ကျောင်းအုပ်ကြီး ဖြစ်ပါသည်။ အမှုအခင်း အမျိုးမျိုးတွင် လက်နက်ကျည်ဆန်များအတွက် သက်သေခံခဲ့ဖူးပါသည်။ ဇူလိုင် ၂၁ ရက်နေ့တွင် မစ္စတာဆင်းထံမှ စုံစမ်းစစ်ဆေးရန် လက်နက်အချို့ ရရှိခဲ့ပါသည်။ ၎င်းလက်နက်များမှာ ရာဇဝတ် ဝန်ကြီး မစ္စတာ ဂျပ်ထံမှ အမှာစာနှင့်တကွ ပေးပို့လိုက်ခြင်း ဖြစ်ပါသည်။

## ကျည်ဆန်များ ဘယ်မှာလဲ

မစ္စတာဆင်း လာပို့သော သေနတ်များမှာ တော်မီဂန်းလေးလက်၊ စတင်းဂန်းနှစ်လက်၊ ၎င်းအနက် စတင်းဂန်းတစ်လက်၏ နံပါတ်မှာ မထင်မရှား ဖြစ်နေပါသည်။ ထို့ပြင် စက်သေနတ် အသေးစား တစ်လက်လည်း ပါပါသည်။ မစ္စတာဂျပ်က ဗိုလ်တထောင်ဌာနတွင် ရှိကြောင်း အကြောင်းကြားသဖြင့် သွားယူပါသည်။ ချိပ်တံဆိပ် ရိုက်နှိပ်ထားသော ယမ်းတောင့်များ ထည့်ထားသည့် ယခု ခုံရုံးတော်တွင် သက်သေခံပစ္စည်းအဖြစ် တင်ပြထားသော သံဘူးနှစ်လုံးပင် ဖြစ်ပါသည်။ ထို့နောက်မှ ပစ်ပြီး ယမ်းတောင့်ခွံ၊ မပစ်ရသေးသော ယမ်း တောင့်ခွံ ကျည်ဆန်များကို စားပွဲပေါ် သွန်ချပြီး အမျိုးအစားခွဲ၍ ပြောပြထွက်ဆို၏။

## အခန်းကို စစ်ဆေးရပုံ

အတွင်းဝန်ရုံးသို့ ဇူလိုင်လ ၂၃ ရက်နေ့တွင်သွား၍ ဗိုလ်ချုပ်နှင့် ဝန်ကြီးများ လုပ်ကိုင်ခဲ့ရသောအခန်းကို သွားရောက်စစ်ဆေးကြည့်ရှုပါသည်။ နံရံတွင် သေနတ်ကျည်ဆန်များ ထိမှန်ထားသည်ကိုလည်း စစ်ဆေးရပါသည်။ ဓာတ်ပုံများလည်း ကျွန်တော် ညွှန်ကြားသည့် အတိုင်း ရိုက်ကူးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝန်ကြီးများကိုယ်မှ ကျည်ဆန်များ

လုပ်ကြံမှုကြီးဖြစ်ပွားသော ဗိုလ်ချုပ်တို့၏ အခန်းနံရံ စားပွဲ ကုလားထိုင်များ၊ ကြမ်းပေါ်တွင် ကျည်ဆန်ထိမှန်သော နေရာပေါင်း ၄၁ နေရာ ဖြစ်ပါသည်။ ၂၂ ပေါက်မှာ တော်မီဂန်းကျည်ဆန်ဖြစ်၍ ထိမှန်သော အပေါက် ၁၉ ပေါက်မှာ စီအမ်အယ်လ်ပ္ပိုင့်(၃၈) စတင်းဂန်း ကျည်ဆန် အပေါက်များ ဖြစ်ပါသည်။

ကျဆုံးသော ခေါင်းဆောင်ကြီးများ၏ အလောင်းများမှ ရသော ကျည်ဆန်စုစုပေါင်း ကျည်ဆန်ခြောက်ခု ရရှိခဲ့သည်။ နှစ်ခုမှာ မစ္စတာ ရာဇတ် ကုတ်အင်္ကျီအတွင်းမှရ၍ ၄င်းကျည်မှာ ပွိုင့်(၄၅) တော်မီဂန်း ကျည်ဆန်များ ဖြစ်ပါသည်။

ဝန်ကြီး ဦးဘဝင်းနှင့် ဒီးဒုတ်ဦးဘချို ဦးခေါင်းခွံ၊ ဦးအုန်းမောင် ကိုယ်တွင်းမှရရှိသော ကျည်ဆန်မှာလည်း တော်မီဂန်း ကျည်ဆန်ပင် ဖြစ်ပါသည်။

စစ်ဆေးပုံမှာ သက်သေအဖြစ် တင်ပြထားသော ယမ်းတောင့် ခွံများ၊ ကျည်ဆန်ထိမှန်သော နေရာများနှင့် တူမတူ စစ်ဆေးရသော သေနတ်တစ်လက်စီကို ပစ်ခတ် စမ်းသပ်ကြည့်ရှုရပါသည်။

ကျွန်တော် စုံစမ်းစစ်ဆေး ရရှိသည်မှာ ဗိုလ်ချုပ်အခန်း မှရသော သေနတ်ကျည်ဆန် အခွံများသည် ယခု ရုံးတော်တွင် တင်ပြထားသော သက်သေခံပစ္စည်း၊ စတင်းဂန်း၊ တော်မီဂန်း သေနတ်များဖြင့် ပစ်လိုက်သော ယမ်းတောင့်ခွံများပင်ဖြစ်သည်ဟု ယူဆပါသည်။

ထို့နောက် တရားသူကြီးချုပ်က အောက်တိုဘာလ ၂၇ ရက် နေ့ နံနက် ၁၀ နာရီသို့ ရွှေ့ပြောင်းချိန်းဆိုလိုက်၏။

အောက်တိုဘာလ ၂၇ ရက်နေ့တွင် စုံထောက်ကျောင်းအုပ် ကြီး ဦးလှဘော်က ဦးစောအိမ်မှ တွေ့ရသော လက်နက်များသည် လူသတ်သမားများ အသုံးပြုသော သေနတ်များဖြစ်ကြောင်းကို အကျိုး အကားဖြင့် ရှင်းပြသည်။

ဥက္ကဋ္ဌတရားသူကြီး။ ။ ယမ်းတောင့်များကို စစ်ဆေးလို့ ပြီးလား။

www.burmeseclassic.com

www.burmeseclassic.com



ဦးလှဘော်။ ။စစ်ဆေး၍ တွေ့ရှိပါပြီ။ ယခု ယမ်းတောင့်သည် စတင်းဂန်း နံပါတ်-၂၂၈၄၇ကို စမ်းသပ်ပြီး ကြည့်သော ယမ်းတောင့်နှင့် တစ်ထေရာတည်းပင် ဖြစ်ပါသည်။ ထိုစတင်းဂန်းကို စမ်းသပ်ကြည့်သည့်အခါ ဗိုလ်ချုပ်အခန်းထဲတွင် ကျည်ဆန်ထိထားသော နေရာတစ်ခုနှင့် တစ်ထေရာတည်း တူနေပါသည်။ ဓာတ်ပုံရိုက်သည့် နေရာတစ်ခုကို ပြသည်။

နောက်ထပ်တွေ့ရသည့် ကျည်ဆန်နှစ်ခုသည်လည်း ထိုစတင်းဂန်းမှထိမှန်သော နေရာများနှင့်တူနေပါသည်။ ပထမဓာတ်ပုံ တစ်ခုပေါ်တွင် ကျည်ဆန်ထိသည့် ၁-၂-၃ နေရာများ၏ ကျည်ဆန်ဖင်နေရာများသည် ထိုသေနတ်၏ မောင်း'ပင်'ရိုက်ထားသည်ကို တွေ့ရပါသည်။

ယမ်းတောင့်ကို ပစ်လိုက်ပြီး ပြန်၍ထုတ်လိုက်သည့် ''အီဂျက်တာ''[၁]* ခေါ်သည့် နေရာက "U" ယူပုံသဏ္ဍာန် ကလေးကိုလည်း ယမ်းတောင့်ခွံ၌ပင် တွေ့ရပါသည်ဟု ဦးလှဘော်က စတင်းဂန်းသေနတ်ကို အစိတ်အပိုင်းဖြစ်အောင် ဖြုတ်၍ တရားဝန်ကြီးများအား ''ယူ''အမှတ်အသားကလေးပင် ပြသေး၏။ နံပါတ်(၁၀)နှင့် နံပါတ်(၁၁) ပြထားသည့် မျဉ်းပြိုင်အမှတ်များသည်လည်း ''ယူ''စတင်းဂန်းပင်ဖြစ်သဖြင့် ထိုယမ်းတောင့် အခွံများကို ရုံးတော်သို့ သက်သေခံအဖြစ် တင်ပြထားပါသည်။

## ထင်မြင်ချက် ပေးရမည်ဆိုလျှင်

ကျွန်တော်၏ ထင်မြင်ချက်များကို ပေးရမည်ဆိုလျှင် ထိုယမ်းတောင့်ခွံများသည် ယခု သက်သေခံအဖြစ် တင်ပြထားသော စတင်းဂန်းနှင့်သာ ပစ်ရမည်ဖြစ်ပါသည်။ ယမ်းတောင့်ခွံ နှစ်ခုသည်လည်း ထိုစတင်းဂန်းနှင့်သာ ပစ်ရပေမည်။ ယမ်းတောင့်နှစ်တောင့်မှာ မောင်ထွေး၏အနားမှ တွေ့ရသော ယမ်းတောင့်နှစ်ခု ဖြစ်ပါသည်။

သက်သေခံအဖြစ် တင်ပြထားသော တော်မီဂန်း ယမ်းတောင့်တစ်ခုကိုယူပြီး ယမ်းတောင့်ဖင်ကို ဓာတ်ပုံ ရိုက်ကူးထားပါသည်။ သက်သေခံအဖြစ် တင်ပြထားသော ယမ်းတောင့် ၁၊ ၂၊ ၃ တို့တွင် တော်မီဂန်းမှ အီဂျက်တာခေါ်သည့် အရာက အမှတ်အသားပြသည့် အမှတ်အသားပါရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စမ်းကြည့်သည့် တော်မီဂန်း ယမ်းတောင့်ဖင်နှင့် တစ်ပုံစံတည်း တူနေပြန်ပါသည်။ အချို့ ယမ်းတောင့်ခွံများတွင် တော်မီဂန်းအိတ်ကပ်က တိုက်တာခေါ်သည့် အရာကြောင်း အမှတ်အသားလေးများ ဖြစ်နေသည်မှာလည်း ကျွန်တော် စမ်းကြည့်သည့် ယမ်းတောင့်ခွံများနှင့် တူနေပါသည်။

အထက်ပါ အကြောင်းအရာများကြောင့် ကျွန်တော်၏ အယူ အဆကို ပြောရလျှင် ထိုယမ်းတောင့်များမှာ သက်သေခံအဖြစ် တင်ပြထားသည့် တော်မီဂန်းနှင့်သာ ဖြစ်ရပေမည်။

## သက်သေခံပစ္စည်းချင်းမတူ

ကျွန်တော်သည် အီးစီ အမှတ်အသားရှိသော ယမ်းတောင့် ငါးတောင့် စမ်းကြည့်ပါသည်။ အမှတ်အသားရှိသော ယမ်းတောင့်ခြောက်တောင့်ကို ပစ်ခတ်စမ်းသပ် ကြည့်ပါသည်။ သက်သေခံပစ္စည်း တင်ပြထားသော တော်မီဂန်း ယမ်းတောင့်ခွံ ကိုးတောင့်အနက် အီးစီ အမှတ်အသားနှင့် ယမ်းတောင့်ခြောက်တောင့် တွေ့ပါသည်။ အီဂျက်တာကြောင့် ဖြစ်ပေါ်သော အမှတ်အသားများသည် ကျွန်တော် ပစ်ကြည့်သော ယမ်းတောင့်ကဲ့သို့ပင် ဖြစ်ပါသည်။

ထိုယမ်းတောင့် နှစ်မျိုးအနက် တစ်မျိုးနှင့်တစ်မျိုး မတူကြပါ။ ယမ်းတောင့်တစ်မျိုးမှာ ကြေးနီနှင့် လုပ်ထားသည်။ တစ်ခုမှာ အလွှိုင်ခေါ် သတ္တုတစ်မျိုးနှင့် လုပ်ထားပါသည်။ မောင်းရိုက်သည့်အခါတွင် ကြေးယမ်းတောင့်သည် ပိုပြီး နူးညံ့၍ ပိုပြီး အရာထင်ပါသည်။ အလွှိုင်သတ္တုမှာ အတော်မာသဖြင့် ပိုပြီး မထင်ချေ။

သို့ရာတွင် သဏ္ဌာန်အားဖြင့် အားလုံးလိုလိုပင် တူလှပေသည်။ ကျွန်တော်သည် တော်မီဂန်း နံပါတ်-၂၂၆၆၂၃၆ကို ယမ်းတောင့် ၁၀ တောင့်နှင့် စမ်းကြည့်ရာ ထိုယမ်းတောင့်ခွံများကို ရုံးတော်သို့ သက်သေခံအဖြစ် တင်ပြထားပါသည်။ အချင်းဖြစ်ပွားရာ အခန်းမှရသော ယမ်းတောင့်လေးတောင့်အနက် တစ်တောင့်ကို ကျွန်တော် စမ်းသပ်ကြည့်ပါသည်။ ထိုယမ်းတောင့်များကို ဓာတ်ပုံရိုက်ပြီး ရုံးတော်သို့ သက်သေခံအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တင်ပြထားသော ယမ်းတောင့်များ၏ သဏ္ဍာန်များသည် အလွန်ပင် တူနေပါသည်။

## တတိယ တော်မီဂန်း

တတိယတော်မီဂန်း နံပါတ်-၁၃၈၁၆၄ ကို ကျွန်တော် ရှစ် ချက် ပစ်စမ်းကြည့်ပါသည်။ ယမ်းတောင့်အခွံတစ်ခုနှင့် ယမ်းတောင့် လေးတောင့် ရုံးတော်သို့ တင်ပြပါသည်။ သက်သေခံအဖြစ် တင်ပြထားသော ယမ်းတောင့်ခွံများအနက် တစ်ခုကို ကျွန်တော် စမ်းကြည့်ပါသည်။ ခတ်ပုံရိုက်ကူးထားသည့် ယမ်းတောင့်ခွံများတွင် "အီ ဂျက်တာ" အရာများဖြင့် ပြုလုပ်ထားသဖြင့် တစ်ခုနှင့်တစ်ခု တူနေ သည်ကို တွေ့ရပါသည်။ ယမ်းတောင့်ခွံ သဏ္ဍာန်များမှာလည်း တစ်ခုနှင့်တစ်ခု တူလှသည်ကို တွေ့ရပါသည်။

ကျွန်တော့်ဆန္ဒ ပြောရမယ်ဆိုလျှင် ထိုယမ်းတောင့်များသည် တော်မီဂန်း နံပါတ်-၁၃၈၁၆၄ နှင့်သာ ပစ်ခတ်ရမည် ဖြစ်ပါသည်။ ကျွန်တော်သည် မီးလောင်ထားသည့် အဝတ်အစအနများကို ရရှိပါသည်။ ဦးသိန်းအုန်း လာရောက်ပေးပို့သည့်အတိုင်း ကျွန်တော် ကြည့်ရှုစစ်ဆေးရာ အစိမ်းရောင်ရှိသော အကွက်ကလေးများနှင့် ချည်စများကို တွေ့ရှိရပါသည်။

ဇူလိုင်လ ၂၉ ရက်နေ့က ဦးသိန်းအုန်းထံမှ မီးလောင်ထားသော အဝတ်စများကို ရရှိပြန်ပါသည်။ ထိုပစ္စည်းများသည် နံပါတ်(၁၂) စစ်တပ်မှ ခြင်္သေ့တံဆိပ် ချည်ထိုးထားသလို အဝတ်စမျိုး ဖြစ်ပါသည် ဟု ပြောဆို၍ နံပါတ်(၁၂) စစ်တပ်မှ ခြင်္သေ့တံဆိပ်တစ်ခုကို သက်သေ ခံအဖြစ် တင်ပြပါသည်။ စစ်ဆေးသည့် ကိရိယာစုံလျှင် သေသူများ ထံမှရသော ကျည်ဆန်ကို စစ်ဆေးနိုင်ပါသည်။

မိမိသည် ခြင်္သေ့ တံဆိပ်ကလေးတစ်ခုကို ၃/ ပေး၍ ဝယ်ယူခဲ့ပါသည်။

ဥက္ကဋ္ဌ တရားသူကြီးက ဦးလှဘော်၏ အစစ်ခံချက်များကို ပြန်လည်ဖတ်ပြပြီးနောက် ဦးလှဘော်အား ပြန်ခွင့်ပြုလိုက်၏။

❖

www.burmeseclassic.com

www.burmeseclassic.com



## လုပ်ကြံမှုကြီးစစ်ဆေးသည့် နဝမနေ့

နံနက် ၉ နာရီခွဲလောက် အစိုးရ ရှေ့နေချုပ်ကြီးနှင့် တရားခံ ရှေ့နေများ ရောက်ရှိနေကြပြီ ဖြစ်၏။

တရားခံ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်၊ မှုန်ကြီးတို့ကို နံနက် ၉ နာရီ ၄၀ တွင် ပုလိပ်အစောင့်အရှောက်ဖြင့် ခေါ်ဆောင်လာပြီး ၎င်းတို့၏ ဝက်ခြံအတွင်း ရောက်ရှိနေကြပြီ ဖြစ်သည်။

တရားခံ မောင်စိုးနှင့် သက်နှင်းတို့မှာ ပလေကပ်လုံချည် အစိမ်းကွက်ဆင်တူ၊ ရန်ကြီးအောင်၊ မှုန်ကြီးတို့မှာ ပလေကပ်လုံချည် အနီကွက်ဆင်တူ ဝတ်လာကြသည်ကို တွေ့ရ၏။ သက်နှင်းမှာ လက်တွင် စိပ်ပုတီးကိုကိုင်လျက် အမြဲ ပုတီးစိပ်နေသည်ကို တွေ့ရ၏။

၁၀ နာရီထိုးရန် ၅ မိနစ်အလိုတွင် စိန်ကြီး၊ သုခ၊ ခင်မောင်ရင်နှင့် ဘိုနီတို့ဆိုင်ရာ ဝက်ခြံအတွင်းသို့ ခေါ်ဆောင်လာသည်ကို တွေ့ရ၏။ ၎င်းတို့ကလည်း အသစ်စက်စက် ပလေကပ်လုံချည်များ ဝတ်လာသည်ကို တွေ့ရပေသည်။ တရားခံ ဦးစောသည်လည်း ၎င်း၏ ရှေ့နေ မစ္စတာ ဗာတားနစ်နှင့် တီးတိုးတိုင်ပင်နေသည်ကို တွေ့ရ၏။

## ဦးစောအိမ် စောင့်ကြည့်ရသည့် စုံထောက်ထွက်ဆိုချက်

ဦးစောအိမ်ကို စောင့်ကြည့်ရသူ ရာဇဝတ်ကြပ် မောင်ကျော် စိန်က ကျမ်းကျိန်၍ ထွက်ဆိုသည်မှာ ဇူလိုင် ၁၆ ရက်နေ့က စုံထောက် မင်းကြီး ဦးထွန်းလှအောင် အမိန့်အရ ဦးစောအိမ် ကားအဝင်အထွက် မှတ်သားရန် တာဝန်ကျသဖြင့် သွားရပါသည်။ ဇူလိုင် ၁၈ ရက်၊ ၁၉ ရက်များတွင်လည်း သွားရပါသည်။

ဦးစောအိမ်နှင့် မျက်နှာချင်းဆိုင် အေဒီလမ်း ခြားနေသော မစ္စတာခန်းအိမ် ဂိတ်ပေါက်မှ သွားစောင့်ကြည့်ပါသည်။ နောက် ၍ နေရာကောင်းသော ရေတွင်းအနီးမှ ဦးစောတံခါးကို စောင့်ကြည့် နေသည်။ မစ္စတာခန်းအိမ်မှ ကိုစိုးမြင့်နှင့် ကိုလှတင်တို့လည်း ရှိပါသည်။ ကိုလှတင် က သူတို့လည်း ဦးစောအိမ် စောင့်ကြည့်ရကြောင်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကားအဝင်အထွက်

နံနက် ၈ နာရီခွဲလောက် ဦးစော အိမ်ထဲမှ လူလေး-ငါးယောက်ခန့် အာရ်အေ-၃၁၂၃ ထရပ်ကားတစ်စီး ထွက်လာပြီး ပြည် လမ်းဘက်ကို သွားပါသည်။ ထရပ်ကားပေါ်မှလူကို တစ်ခုခုပေးပါသည်။ နောက် ၁၀နာရီ ၅ မိနစ်တွင် အာရ်စီ-၁၈၁၄ ဂျစ်ကားတစ်စီး လူငါးယောက်နှင့် ပြည်လမ်း ဘက် ထွက်သွားတာ မြင်ရပါသည်။ ၁၁ နာရီတိတိတွင် အာရ်စီ-၁၈၁၄ ဂျစ်ကားပြန်လာပြီး ဦးစောအိမ်ထဲ တောက်လျှောက် ဝင်သွားပါသည်။ ဂျစ်ကားအဝင် တံခါးဖွင့်ပေးတာ ကြာလို့ ကားပေါ်ကလူတွေ ဆူပူသွားတဲ့ အသံလည်း ကြားလိုက်ရပါသည်။

နောက် ငါးမိနစ်လောက်ကြာတော့ ပထမထွက်သွားတဲ့ ထရပ်ကား ပြန်ဝင်လာပါသည်။ ထရပ်ကားပေါ်က လူက တံခါးစောင့်ကို နောက် မင်းသား လာဖွင့်ခိုင်းတောင် မဖွင့်နဲ့ဟု မှာသွားပါသည်။ နောက် မွန်းလွဲ ၁ နာရီ လောက်မှာ လူနှစ်ယောက် တံခါးနားကပ်လာတော့ တံခါးစောင့်က ညနေ ၄ နာရီမှ လာခဲ့ပါဟု မှာကြားသံ ကြားရပါသည်။

## ဦးစောအိမ် စောင့်ကြည့်ရပုံ

ညနေ ၃ နာရီ မိနစ် ၂၀ လောက်မှာ ထရပ်ကားတစ်စီးနှင့် သောင်းကျန်းမှု နှိမ်နင်းရေးတပ်သား ၂၀ လောက် ဦးစောအိမ် လာဝိုင်း ပါသည်။ ရာဇဝတ်ဝန်ကလေး ဦးစိုးရင်၊ ရာဇဝတ် ဝန်ကြီး မစ္စတာ ဂျပ်တို့လည်း ပါပါသည်။ လူတွေ ဖမ်းနေစဉ် ညနေ ၅ နာရီလောက်မှာ စတေးရှင်ဝက်ဂွန်း ကားတစ်စီး ရောက်လာပါသည်။

ဦးစောအိမ်က အဖြစ်အပျက်များကို စောင့်ကြည့်ပြီး ရေးမှတ် ထားသည်များကို ဦးစိုးရင်သို့ ပေးရပါသည်။ ၄င်းမှတစ်ဆင့် စုံထောက် မင်းကြီး ဦးထွန်းလှအောင်သို့ ပေးရပါသည်။ ထိုနေ့က ညနေ ၅ နာရီ လောက် ဦးစောအိမ်သို့ ဦးထွန်းလှအောင် ရောက်လာပါသည်။

အစီရင်ခံစာမှာ ခဲတံနှင့် ရေးထား၍ စာမှာ မှုန်နေလွန်းသဖြင့် သက်သေ အောင်ကျော်စိန်ကိုယ်တိုင် ဖတ်ပြရ၏။ ဦးစောအိမ် တံခါးစောင့်မှာ မြန်မာပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဗာတားနစ်။** ။ခင်ဗျားအလုပ်က စောင့်ကြည့်ရတာပဲလား၊ အခြားအပြင် ဘာများ လုပ်ရသေးသလဲ။

**အောင်ကျော်စိန်။** ။ဘာမျှ မလုပ်ရပါ။ စောင့်၍သာ ကြည့်ရပါတယ်။ ကျွန်တော့်ကို ပုလိပ်အရာရှိက လာရောက်မေးမြန်း ပြီး အစစ်ခံချက်ကို တိုက်ရိုက်ယူပါသည်။ ဦးစောသည် အာရ်အေ- ၃၁၂၃ မော်တော်ကားထွက်ခါနီး တံခါးဝနားမှာ မော်တော်ကားပေါ်က လူတစ်ယောက်အား တစ်စုံတစ်ခု ပေးလိုက်သည်ကို တွေ့လိုက်ရသည်။

**ဗာတားနစ်။** ။မင်း ပုလိပ်ကို အစစ်ခံစဉ်တုန်းက ဦးစော နာမည် လုံးဝ မပါပါလား။

**အောင်ကျော်စိန်။** ။ကျွန်တော် ဖြစ်တဲ့အချိန်တုန်းက ချက်ချင်း ရေးပြီးတင်လို့ မေ့ချင်မေ့မှာပင် ဖြစ်ပါသည်။

**ဗာတားနစ်။** ။ဦးစောကို ကားဘေးမှာ မြင်သလား။ ရှေ့မှာ မြင်သလား။

**အောင်ကျော်စိန်။** ။ဦးစောကို မြင်တော့ မြင်လိုက်တာပဲ။ ဘယ်နေရာရယ်လို့ တတ်အပ် မပြောနိုင်ပါ။

**ဗာတားနစ်။** ။ခင်ဗျား ရေးထားတဲ့စာထဲမှာ ဦးစောက ဒရိုင်ဘာကို စာပေးလိုက်တယ်လို့ ဆိုထားတယ်။ ဖြေစမ်းပါ။

**အောင်ကျော်စိန်။** ။ကျွန်တော် ဖြူဖြူအရာဝတ္ထုကို မြင်လိုက်သဖြင့် စာဆိုပြီး ရေးမှတ်လိုက်ခြင်း ဖြစ်ပါသည်။

**ဗာတားနစ်။** ။ခင်ဗျား ထင်တယ်ဆိုပြီး ရေးလျှင် ဦးစော မြင်တာလည်း ထင်လို့ပေါ့။

**အောင်ကျော်စိန်။** ။ကျွန်တော်ရှိတဲ့ နေရာနဲ့ ဦးစောရှိတဲ့ နေရာဟာ ပေ ၅၀ လောက် ဝေးပါသည်။ ဦးစောကို ကျွန်တော် ဝန်းထရံရှိ သစ်ပင်တွေကြားမှ မြင်လိုက်ရသော်လည်း ဦးစောက ကျွန်တော့်ကို မမြင်နိုင်ပါ။ ကားသံမကြားလျှင် ကျွန်တော် ရေတွင်းပေါင် ပေါ်တွင် ထိုင်လေ့ရှိပါသည်။ ကားသံကြားလျှင် ဦးစောခြံသို့ အရောက် လာပြီး ချောင်းကြည့်ပါသည်။

❖

www.burmeseclassic.com

www.burmeseclassic.com



# ဦးစောအိမ် အမြဲ စောင့်ကြည့်နေရသူများ၏ စိတ်ဝင်စားဖွယ် ထွက်ဆိုချက်များ

စုံထောက်မင်းကြီး ဦးထွန်းလှအောင်က ကျမ်းကျိန်ထွက်ဆိုသည်မှာ ဇူလိုင် ၁၇ ရက်နေ့မှစပြီး စုံထောက် အရာရှိ အောင်ကျော်စိန်အား ဦးစောအိမ် စောင့်ကြည့်ရန် တာဝန်ပေးထားပါသည်။ နောက်တစ်နေ့တွင် သူ မြင်ကြား သိသမျှကို အစီရင် ခံစေပါသည်။ ဇူလိုင် ၁၉ ရက်နေ့ နံနက် ၉ နာရီအချိန်တွင် မြန်မာပြည် ပုလိပ်မင်းကြီး ဦးဘမောင် အခန်းတွင် ရှိနေပါသည်။ နံနက် ၁၀ နာရီခွဲလောက်မှာ အတွင်းဝန်ရုံး အနောက်ဘက်ဆောင်မှ တုန်ဟည်း ပေါက်ကွဲသံများ ကြားရပါသည်။

ပုလိပ်မင်းကြီး ဦးဘမောင်၊ ဦးအောင်ချိန်တို့လည်း ရှိပါသည်။ အသံကြားတော့ ကျွန်တော်လည်း ကျွန်တော့်ကားဆီသွားပြီး အနောက် ဘက်လှေကားဆီသို့ သွားပါသည်။ ဗိုလ်ချုပ်အခန်းသို့ သွားပါသည်။

လုပ်ကြံမှုကြီးဖြစ်ပွားရာ ဗိုလ်ချုပ်အခန်းတွင် စုံစမ်းစစ်ဆေး ပြီးနောက် ကြမ်းပေါ်မှ တော်မီဂန်းနှင့် စတင်းဂန်းပစ်ပြီး ယမ်းတောင့် နှစ်ခုကို ကောက်ယူ ပြီးကြည့်ရာ ယမ်းနံ့နံနေသေးသဖြင့် ယခုပင် လတ်လတ်ဆတ်ဆတ် ပစ်လိုက် သော ယမ်းတောင့်ခွံများဖြစ်ကြောင်း သိရပါသည်။ နောက် ဦးဘိုးစိန်အား ယမ်းတောင့်ခွံများ အားလုံး ကောက်ယူပြီး ဂါတ်ပို့ရန် ညွှန်ကြားပါသည်။

ပုလိပ်မင်းကြီး ဦးကာစီ ရုံးခန်းသို့ သွားကြပါသည်။ ကပ္ပတိန် ခန်းက တယ်လီဖုန်းဖြင့် စကားပြောပါသည်။ ကပ္ပတိန်ခန်းမှာ ဦးစော အိမ်အနီးတွင် ရှိပါသည်။

ကပ္ပတိန်ခန်းက တယ်လီဖုန်းနှင့် အလွန်အရေးကြီးတဲ့ သတင်း ပေးရန်ရှိတယ်လို့ ပြောတော့ ကျွန်တော်က အတွင်းဝန်ရုံးသို့ အမြန်လာရန် ပြောပါသည်။ နာရီဝက်ကြာတော့ မစ္စတာခန်း ရောက်လာပါသည်။ တံခါးဝတွင် သူနှင့်တွေ့ပြီး ဘာသတင်း အရေးကြီးလို့လဲ မေးတော့ လုပ်ကြံမှု ကြီးနှင့် ပတ်သက်၍ ကပ္ပတိန်ခန်းက အရေးကြီးတဲ့ သတင်း လာပေး ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစောအိမ် ဝိုင်းရန် အမိန့်ပေးပြီး ညနေ ၃ နာရီခွဲလောက်မှာ ကျွန်တော်လည်း လိုက်သွားပါသည်။ ဟိုရောက်တော့ ဦးစောနှင့်အိမ်က လူတွေ ဖမ်းပြီးတော့ ကားပေါ်တင်နေတာ တွေ့ရပါသည်။ ကားနှစ် စီးမှာ ဆင်ဝင်အောက်တွင် ရပ်ထားသည်ကို တွေ့ရပါသည်။ ကား တစ်စီးမှာ အာရ်စီ-၉၈၃၁ ဖြစ်ပါသည်။ ဆေးအဖြူနှင့် ရေးထားသည်မှာ မခြောက် သေးပါ။ ကားဘန်ကာတွင် ကားနံပါတ်ပြားကို ဝိုင်ယာကြိုးနှင့် ချည်ထား ပါသည်။ အခြား ဂျစ်ကားတစ်စီးမှာ ဂျင်နရယ်နံပါတ်- ၁၆၇ ဖြစ်ပါသည်။ ဂိုထောင်ထဲတွင် ဆလွန်းကားတစ်စီး တွေ့ရပါသည်။ ဖို့ဆင်ထရပ်ကား တစ်စီးလည်း တွေ့ရပါသည်။ ၄င်းကားနံပါတ်မှာ မိတ္ထီလာ-၁၈၃ ဖြစ်ပါ သည်။

ထို့နောက် သက်သေခံအဖြစ် ရုံးတော်က သိမ်းယူထားသော ဦးစောအိမ်မှ ဂျစ်ကားများကို ဆင်းကြည့်ကြ၏။

ဦးထွန်းလှအောင်က ကျွန်တော် သွားရောက်ကြည့်စဉ်က ဂျစ်ကားမှာ စပယ်ယာဘီး မရှိပါ။ စစ်ဆေးပြီးနောက် ရာဇဝတ်ကြပ် မောင်ကျော်စိန်၊ မောင်လှတင်တို့ကို အခေါ်လွှတ်လိုက်ပါသည်။ သူတို့ နှင့်အတူ အခြားသူ တစ်ယောက်လည်း ပါပါသည်။

ဦးစောအိမ် ဝိုင်းပြီးနောက် အချို့ နိုင်ငံရေးခေါင်းဆောင်များ အိမ်ကိုလည်း ဝိုင်းရှာပါသေးသည်။ ဘယ်အတွက် ဝိုင်းရှာသည်ကို မပြောနိုင်ပါ။ လုပ်ကြံမှုကြီးနှင့် ပတ်သက်၊ မပတ်သက်လည်း မပြော နိုင်ပါ။

**ဗာတားနှစ်။** ။ဦးစော သေနတ်ပစ်ခံရတဲ့အကြောင်း သိပါသလား။

**ဦးထွန်းလှအောင်။** ။သိပါသည်။ ထိုစဉ်က ရန်ကုန်တွင် ရှိပါသည်။

**ဗာတားနှစ်။** ။ဦးစော သေနတ်ပစ်ခံရလို့ ဘယ်သူတွေကို တရား စွဲဆိုသေးသလဲ။

**ဦးထွန်းလှအောင်။** ။ကျွန်တော်ဟာ ပုလိပ် သပိတ်ဖြစ်နေလို့ အလုပ်ရှုပ် ဝတ္တရား ကျနေပါတယ်။ သည်အမှုကို ကျွန်တော် မသိပါ။ ယခုအချိန်ထိ ကာကွယ်ရေးပုဒ်မနှင့် လူ ၂၀၀လောက်သာ ဖမ်းဆီး ထား ပါသည်ဟု ထွက်ဆိုသွား၏။

www.burmeseclassic.com

www.burmeseclassic.com



**တရားသူကြီး။** ။ဦးထွန်းလှအောင် နတ်များအကြောင်း ဘာသိပါသလဲ။

**ဦးထွန်းလှအောင်။** ။နတ်များ ပသသည့်အတွက်ဆိုလျှင် တစ်ခုခု စွန့်စွန့်စားစားလုပ်ပြီး အောင်မြင်ရန် နတ်တင်တတ်ပါသည်။

## ဦးစောအိမ်ရှေ့မှသက်သေ

မစ္စတာခန်းက ကျွန်တော်နေသောအိမ်မှာ အေဒီလမ်း ဦးစော အိမ်နှင့် မျက်နှာချင်းဆိုင် ဖြစ်ပါသည်။ ဇူလိုင် ၁၈ ရက်နေ့ညနေ ၇ နာရီလောက်မှာ စုံထောက်မင်းကြီး ဦးထွန်းလှအောင်နှင့် သွားတွေ့ပါသည်။ အေ-အိုင်-ဒီမှ လက်နက်များ ပျောက်ဆုံးကြောင်း ပြောပြပြီး ဦးစောအိမ်ကို ဂရုစိုက်ကြည့်ရန် ပြောပါသည်။

အိမ်ပြန်ရောက်တော့ အိမ်မှာနေတဲ့ မောင်လှတင်၊ မောင်စိုးမြင့်ကို ဦးစောအိမ် ဂရုစိုက်ကြည့်ရန် မှာထားပါသည်။

ဇူလိုင် ၁၉ ရက်နေ့ နံနက် ၇ နာရီခွဲလောက်မှာ သူတို့နှစ်ယောက်၊ စုံထောက်ဘက် လူတစ်ယောက် ဦးစော အိမ်ရှေ့တည့်တည့် ခြံစည်းရိုးမှ ချောင်းကြည့်နေတာ တွေ့ရပါသည်။

နံနက် ၁၀ နာရီသာသာလောက်မှာ လှတင် ကျွန်တော့်ထံ လာ၍ အာရ်စီ-၁၈၁၄ ဂျစ်ကားတစ်စီး လူလေး-ငါးယောက်နှင့် ထွက်သွားကြောင်းနှင့် ဦးစော ခြံဝထွက်လာပြီး တံခါးစောင့်ကို တစ်စုံတစ်ခု တီးတိုးမှာကြားပြီး ပြန်ဝင်သွားကြောင်း ပြောပါသည်။ နောက် ၁၁ နာရီလောက်မှာ ကျွန်တော့် ကားနှင့် ရန်ကုန်သို့ အလုပ်သွားရန် ထွက်လာတော့ ပြည်လမ်းဘက်မှ ဂျစ်ကားကလေး အမြန် ပြန်ဝင်လာသည်ကို တွေ့ရပါသည်။

ဦးစော ခြံဝင်းတံခါးမှာ ပြည်လမ်းနှင့် ပိုနီးပါသည်။ ဂျစ်ကားမှာ အရှိန်ပြင်းလွန်းသဖြင့် မတိုက်မိရန် ကျွန်တော့်ကားကို ရပ်ထားရပါသည်။ ဦးစောခြံဝင်းထဲ ဝင်မသွားမီ ဂျစ်ကားပေါ်မှာ လူလေးယောက် ထိုင်သွားသည်ကို မြင်လိုက်ရပါသည်။

ဂျစ်ကားဒရိုင်ဘာမှာ ကျောပြောင်နှင့်ဖြစ်ပြီး ဂျစ်ကားအမိုးဘက်တွင် အဝတ်စအနီ အဖြူကလေး ချည်ထားသည်ကို မှတ်မိပါသည်။ ဂျစ်ကားမှာ ဦးစောအိမ်ထဲ ဝင်သွားသည်ကို တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ဦးစောအိမ်ရှေ့ပိုင်းကို မြင်နိုင်လောက်တဲ့ ပြည်လမ်းဘက်သို့ အမြန်မောင်းသွားပါသည်။ ဦးစောအိမ်နှင့် ကိုက်၁၅၀လောက်ကွာပါသည်။ ဟိုရောက်တော့ အိမ်ရှေ့ရပ်ထားတဲ့ ဂျစ်ကားကလေးမှာလူစုဝိုင်းနေသည်ကို တွေ့ရပါသည်။

လှတင်က ဦးစောမှာ ထိုနေ့က ဘောင်းဘီတိုအနက်၊ ရှပ်လက်တိုအဖြူ ဝတ်ထားကြောင်း ပြောပြသဖြင့် ထိုလူစုထဲတွင် ဦးစော ပါကြောင်းသိရပါသည်။ တစ်မိနစ်လောက် ရပ်ကြည့်ပြီးနောက် ကျွန်တော် အလုပ်ရုံးသို့သွားပါသည်။ ရုံးရောက်ပြီးနောက် ၁၂ နာရီလောက်မှာ ဝန်ကြီးများအသတ်ခံရကြောင်း ကြားသိရပါသည်။

## အရေးကြီးသောသတင်း

လူသတ်သမားများ စီးလာသည်မှာလည်း ဂျစ်ကားဖြစ်၍ ဦးစောအိမ်မှ ထွက်သွားသော ဂျစ်ကားကို မသင်္ကာဖြစ်လာပါသည်။ နောက်ဦးထွန်းလှအောင်အိမ်သို့သွားပါသည်။ အိမ်တွင်မတွေ့ပါ။နောက် တယ်လီဖုန်းနှင့် ဆက်ပြောတော့ အတွင်းဝန်ရုံးသို့ ချက်ချင်း လိုက်သွားပါသည်။ ဟိုရောက်တော့ ကျွန်တော် မြင်သမျှ ကြားသမျှကို ပြောပြပါသည်။

နောက် ဦးထွန်းလှအောင်က အိမ်ပြန်သွားရန် ပြောသဖြင့် ကျွန်တော်အိမ်သို့ မွန်းလွဲ ၂ နာရီလောက် ပြန်လာပါသည်။ နောက်များမကြာမီဦးစောအိမ်ကို ပုလိပ်များ ဝိုင်းကြပါသည်။ ပုလိပ်များရောက်ပြီး ၁၀ မိနစ်လောက်ကြာတော့ ကျွန်တော့်ကို သက်သေအဖြစ် လိုက်ကြည့်ရန် ခေါ်သဖြင့်ဦးစော အိမ်သို့ လိုက်သွားရပါသည်။

ကျွန်တော်နှင့်အတူ ထမင်းချက်ကိုမင်းတင်လည်း ပါသွားပါသည်။ **ဦးစောအိမ်တွင်** တွေ့ရသောကားမှာ နံနက် ၁၀ နာရီက တွေ့လိုက်ရသော **ဂျစ်ကားပင်** ဖြစ်ပါသည်။ ဦးစောအိမ်မှ ရှာဖွေတွေ့ရှိရသော သက်သေခံ**ပစ္စည်းများကို** ကျွန်တော် လက်မှတ်ရေးထိုးပါသည်။

## ဆေးမခြောက်သေး

ဂျစ်ကားတွင် လောလောဆယ် ဆေးဖြင့် ရေးထားသော နံပါတ်မှာ မခြောက်သေးဘဲ ဂျစ်ကားရှေ့ဘန်ကာတွင် နံပါတ်သံပြား ဝိုင်ယာကြိုးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ချည်ထားပြီး ကျွန်တော့်မျက်စိရှေ့တွင် ပုလိပ်အရာရှိက စက်နှိုးကြည့်ရာ အမိုးနှင့် ဂျစ်ကားမှာ စက်ကောင်းကြောင်း တွေ့ရ၏။ သိမ်းယူရရှိသော စာရင်းတွင် စတင်းဂန်းတစ်လက်နှင့် စက်သေနတ် အငယ်စားတစ်လက်ပင် ရရှိပါသည်။ ဇူလိုင် ၁၉ ရက်နေ့ ညနေ ၅ နာရီလောက်မှာ ဦးစောအိမ်တွင် ဦးထွန်းလှအောင်ကို တွေ့ရပါသည်။

ထို့နောက် သက်သေခံဂျစ်ကားကို ဟုတ်မဟုတ်ကြည့်ရန် လိုက်ပြကာ မစ္စတာခန်းက ဇူလိုင်၁၉ရက်နေ့က ဦးစောအိမ်တွင် တွေ့ရသော ဂျစ်ကားပင် ဖြစ်ကြောင်း နံပါတ်မှာ အာရ်ဘီ-၈၉၃၁ ပင် ဖြစ်သည်။

## ဗာတားနစ်၏ ကြားဖြတ်မေးခွန်းများ

**ဗာတားနစ်။** ။ခင်ဗျား အပေါက်က ထွက်လာတော့ လမ်းဟာ လျှောဆင်းသွားတယ် မဟုတ်လား။

**မစ္စတာခန်း။** ။မှန်ပါသည်။ ကျွန်တော်ကား စက်နှိုးပြီး ဝင်လာသံကို ကြားသဖြင့် ရပ်လိုက်ပါသည်။ ကားရပ်တဲ့ နေရာက အေဒီလမ်းပေါ် ကားရှေ့ဘီး ရောက်နေပါပြီ။ ထိုနေရာမှာပင် ဂျစ်ကားလေး ဦးစော ခြံဝင်းထဲ ဝင်သွားသည်ကို မြင်ရပါသည်။ သိချင်တာနဲ့ ပြည်လမ်းဘက်ကနေပြီး ပြန်ကြည့်ပါတယ်။

**ဗာတားနစ်။** ။ဦးစောအိမ်ထဲ ဝင်သွားတဲ့ ဂျစ်ကားမှာ စစ်ဘက်က စစ်ကားလိုပဲ ဆေးသုတ်ထားတယ် မဟုတ်လား။ အဲသည် ဂျစ်ကားမျိုးလည်း အများကြီး မြင်ဖူးတယ် မဟုတ်လား။

**မစ္စတာခန်း။** ။ဆေးရောင် တူပါသည်။ ၎င်းဂျစ်မျိုး အများကြီးမြင်ဖူးပါသည်။ ၎င်းဂျစ်ကားကို ဒုတိယအကြိမ် တွေ့ရတဲ့ အချိန်မှာ ၃ နာရီခွဲအချိန် ဖြစ်ပါသည်။ ဖလက်မအရှည်ရှိသော အဝတ်နီစလေးများကြောင့် မှတ်မိပါသည်။ ဘယ်အတွက် အဝတ်နီစလေးများ ချည်ထားသည် မသိပါ။

**ဗာတားနစ်။** ။မစ္စတာခန်း၊ ခင်ဗျား တယ်ပြီး မှတ်ဉာဏ်ကောင်းတဲ့ လူပါလား။

www.burmeseclassic.com

www.burmeseclassic.com



**မစ္စတာခန်း။** ။မှတ်ဉာဏ်ကောင်းသည် မကောင်းသည်ကို ဖြေဖို့မလို့ပါ။ ကျွန်တော့်ကို ကျွန်တော် သတိကောင်းတယ်လို့လည်း မဆိုပါ။

ထို့နောက် မစ္စတာခန်းအား စစ်ဆေးသော ပုလိပ်အရာရှိကို ခေါ်ပြရန် မစ္စတာ ဗာတားနစ်က တရားသူကြီးထံ ခွင့်တောင်းသည်။ ရာဇဝတ်ဝန်ကလေး ဦးသိန်းအုန်းအားခေါ်ပြရာ သက်သေ မစ္စတာခန်းက ထိုပုလိပ်အရာရှိဖြစ်ကြောင်း ထွက်ဆို၏။

**ဗာတားနစ်။** ။ပုလိပ်အရာရှိ လာစစ်ဆေးစဉ်က ထွက်ဆိုချက်ရှိပါသလား။

**မစ္စတာခန်း။** ။ကျွန်တော်လည်း ထွက်ဆိုချက် ကော်ပီတစ်ခုရထားပါသည်။ လွန်ခဲ့တဲ့ ရက်သတ္တ နှစ်ပတ်လောက်က ထိုကော်ပီ ပျောက်သွားပါပြီ။ ထိုအမှုကြီးကို တစ်နေ့ သက်သေခံရမည်ကို သိ၍ ထွက်ဆိုချက် ကော်ပီတစ်ရွက် တောင်းထားခြင်း ဖြစ်ပါသည်။

**ဗာတားနစ်။** ။သည်လို နောက်တစ်ကြိမ် လာစစ်ဦးမယ်ဆိုတာ သိလို့ ထွက်ချက်ကို သိမ်းထားတယ်ဆိုတာတော့ နောက်တစ်ခါ လာစစ်တော့ မှားပြီး ထွက်မိမှာစိုးလို့ပေါ့။

**မစ္စတာခန်း။** ။မှန်ပါသည်။ ထိုထွက်ချက် စာတမ်းမပျောက်သွားမီ အကြိမ်ကြိမ် ဖတ်ထားပါသည်။ ကလောသွားနေရာ လွန်ခဲ့သော နှစ်ရက်လောက်မှ ပြန်လာပါသည်။ ကျွန်တော့် အိမ်တွင် မြန်မာစာရေးရာတွင် လှတင်မှာ ကူညီသူ ဖြစ်ပါသည်။ စသည်ဖြင့် ထွက်ဆို၏။

## တပ်စုမှူးထွက်ချက်

သောင်းကျွန်းမှ နိမ်နင်းရေးတပ်မှ သက်သေတစ်ဦးဖြစ်သူ တပ်စုမှူး ဗိုလ်စောသောင်းအား စစ်ဆေးရာ လေ့ကျင့်ခန်းသင်တန်းတက်ရာတွင် ဖိနပ်ပေါက်သဖြင့် ယူနီဖောင်း မဝတ်လာနိုင်တော့ပါ။ ဦးစောအိမ်တွင် ဂျူတီရှိစဉ်က တပ်စုတွင် လူ ၃၀ ပါပါသည်။ ဦးစောအိမ်ရောက်တော့ အဆောင့်တွေချထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက် ရာဇဝတ်ဝန်လေး ဦးစိုးရင် ရောက်လာပြီး ပုလိပ်များနှင့် အတူ ကူညီရှာဖွေရန် ပြောပါသည်။ ဘုရားကျောင်းဆောင်အနီး ရေစပ်တွင် ကျည်ဆန်နှစ်တောင့်ကစ၍ရသဖြင့် ကျွန်တော်တို့ ရဲဘော်များကို ရေထဲဆင်း၍ ရှာဖွေခိုင်းပါသည်။ ဘုရားကျောင်းဆောင်အနီး ရှာဖွေသူများမှာ ရဲဘော် တင်မောင်၊ မောင်စိုးသိမ်း၊ မောင်လှတို့ ဖြစ်ပါသည်။ မောင်လှက ဘာမှမရပါ။

ရဲဘော်တင်မောင်က တော်မီဂန်းနှစ်လက်၊ စတင်းဂန်းတစ် လက်နှင့် ယမ်းတောင့်သေတ္တာ လေးသေတ္တာရရှိပါသည်။ မောင်စိုး သိမ်းက တော်မီဂန်းနှစ်လက်နှင့် ပွိုင့်၃၀၃ယမ်းတောင့် လေးသေတ္တာ ရရှိပါသည်။

သူတို့လက်နက်များ ဆင်းရှာစဉ် ကျွန်တော်က ကမ်းစပ်မှာ ရပ်ကြည့် နေပါသည်။ သူတို့ လက်နက်တွေ့တော့ ကျွန်တော့်ကို အပ်ပါသည်။ ကျွန်တော်က အနီးတွင်ရှိသော ရာဇဝတ်ဝန်လေး ဦးစိုးရင်ကို အပ်ပါသည်။

ထိုစဉ်အခါက အင်္ဂလိပ်အရာရှိ မေဂျာဂျပ်လည်း ရှိပါသည်။ လက်နက်တွေရတော့ အဲသည်အရာရှိက ရဲဘော်လေးတွေကို ဆုပေး ပါသည်။

**ဦးစံဝင်း။** ။ရေငုပ်တဲ့လူ ဘယ်လောက်များသလဲ။

**ဗိုလ်စောသောင်း။** ။သုံးဖွဲ့ခွဲ၍ ရေထဲဆင်းရှာပါသည်။ အားလုံးရဲဘော် များ ဖြစ်ကြပါသည်။ စသည်ဖြင့် ထွက်ဆို၏။

**မစ္စတာဆင်း၏ထွက်ချက်။** ။ထို့နောက် စုံထောက်ဌာန မစ္စတာဆင်းက ဦးစောအိမ်သို့ ညနေ ၃ နာရီလောက် ရောက်ပါ သည်။ ရာဇဝတ်ဝန်လေး ဦးစိုးရင်ကို ရှာဖွေရရှိသော လက်နက်များအတွက် စာရင်းလုပ်ရန် ကူညီရပါသည်။

## ရေငုပ်ရှာရခြင်း

လက်နက်များကို စာရင်း လုပ်ပြီးနောက် အင်စပက်တော် မစ္စတာ ဦးဘွန်ခိုင်က လက်မှတ်ရေးထိုးပါသည်။ ထို့နောက် သက်သေခံပစ္စည်း ဖြစ်သော စက်သေနတ် အငယ်စားတစ်လက်၊ (ဆပ်ဗ်ရင်းဂန်း) တစ်လက်နှင့် စတင်းဂန်းတစ်လက်ကို နံပါတ်များတိုက်ကြည့်ပြီး မှန်ပါသည်။ ထိုလက်နက် များက ထိုနေ့က ရှာဖွေရရှိသော လက်နက်များ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စတင်းဂန်းနံပါတ်မှာ အာရ်စီ-၄၁၁၅၇ ဖြစ်၍ စက်သေနတ် အသေးစားနံပါတ်မှာ စီအမ်အယ်လ်ဘီ-၃၀၁၄၅၆ ဖြစ်ပါသည်။ လက်နက်များတွင် ရေးထားသည့်နံပါတ်များကို ဥက္ကဋ္ဌ တရားသူကြီး ကိုယ်တိုင်ကိုင်၍ ဖတ်ပြ၏။

ထိုအချိန်တွင် ဥက္ကဋ္ဌ တရားသူကြီးက သေနတ်များ၏ နံပါတ်ကို မှတ်ရင်း သည်သေနတ်တွေ အစိုးရအပ်လျှင် ဆုငွေ ၃၀၀/တော့ ရမှာပဲဟု အသောလေး ဖောက်လိုက်ရာ (ဝိုင်းရယ်ကြ၏။)

ယမ်းတောင့်မပါသော သေနတ်ပင်ဖြစ်သော်လည်း ပြောင်းဝကို ကိုယ့်ဘက်တည့်တည့် လှည့်ထားသည်လို မခံလိုကြချေ။ အသည်းတယားယား ဖြစ်နေကြ၏။

## ဗာတားနစ်မေးခွန်း

**ဗာတားနစ်။** ။ခင်ဗျား ဂျပန်များ ထွက်သွားပြီးနောက် မြန်မာပြည်သို့ ဘယ်အချိန် ပြန်ရောက်သလဲ။

**မစ္စတာဆင်း။** ။ဂျပန်များ မြန်မာပြည်မှ ထွက်ခွာသွားသောနှစ် ၁၉၄၆ ခုနှစ်မှာပင် ပြန်ရောက်ပါသည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီလတွင် မြန်မာပြည်အစိုးရ စုံထောက်ဘက်တွင် ပြန်လည် အမှုထမ်းပါသည်။

**ဗာတားနစ်။** ။ယခု ရုံးတော်တွင် သက်သေခံပစ္စည်း တင်ပြထားသော သေနတ်မျိုး ဒါပဲရှိသလား။ အခြားသော မရှိနိုင်ဘူးလား။

**မစ္စတာဆင်း။** ။ရှိတော့ အမြောက်အမြား ရှိပါလိမ့်မည်။ နံပါတ်တူတဲ့ သေနတ်တော့ မဟုတ်ပါ။

## လက်နက်များ အပ်ရသူ၏ထွက်ဆိုချက်

ထို့နောက် သက်သေတစ်ဦးဖြစ်သူ ရန်ကုန် လက်နက်ကိုင် ပုလိပ်အဖွဲ့မှ အမှုထမ်းမောင်သိန်းက ထွက်ဆိုသည်မှာ ဇူလိုင် ၁၉ ရက်နေ့ ညနေမှာ ကျွန်တော်တို့ ဦးစောအိမ်သို့ သွားကြရပါသည်။ ရာဇဝတ်ဝန် ဦးစိုးရင်က ရှာဖွေရရှိသော လက်နက်များ စာရင်းနှင့် လက်နက်များကို ရန်ကုန် အချုပ်ထောင်သို့ သွားရောက်ပို့ခိုင်းသဖြင့် သက်ဆိုင်ရာ အရာရှိ

www.burmeseclassic.com



ဦးမောင်မောင်ထံ သွားရောက်ပေးအပ်ရာ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုး ယူလိုက်ပါသည်။

ကျွန်တော်နှင့်အတူ ပုလိပ်အမှုထမ်း ၁၅ ယောက်လည်း ပါသွားပါသည်။ လက်နက်တွေပေးအပ်ပြီး အားလုံး ပြန်လာကြပါသည်။

ထို့နောက် နေ့ပိုင်း ရုံးချိန်တွင် မြို့မ အချုပ်ထောင် ပုလိပ်အင်စပက်တော်က ကျမ်းကျိန်၍ ထွက်ဆိုသည်မှာ ဇူလိုင် ၁၉ ရက်နေ့ ည ၁၁ နာရီ ၁၅ မိနစ်တွင် ဆပ်အင်စပက်တော် မောင်သိန်းသည် သေနတ်များလာအပ်သဖြင့် လက်ခံလိုက်ပါသည်။

၂၀ ရက်နေ့ ညနေ ၇ နာရီလောက်တွင် မစ္စတာဂျပ်ကတော်မီဂန်းလေးလက်၊ စတင်းဂန်းတစ်လက် လာရောက်အပ်နှံပါသည်။

ထို့နောက် ရေးမှတ်ထားသော ဒိုင်ယာရီကိုကြည့်၍ တော် မီဂန်း၊ စတင်းဂန်း နံပါတ်များကို တိုက်ကြည့်သည်။ နောက်တစ်နေ့ မစ္စတာဂျပ်က အပ်ထားသော လက်နက်အားလုံးကို လက်မှတ်ရေးထိုးပြီး ပြန်ယူသွားပါသည်။

## အနှိပ်စက်ခံရကြောင်း မတိုင်ပါ

အင်းစိန်ထောင်မှ တရားခံများကို မြို့မ အချုပ်ထောင်တွင် လာရောက် ပို့ထားပါသည်။ ဦးစောတော့ မပါလာပါ။ ကျွန်တော်၏ဝတ္တရားမှာ နံနက်တိုင်း တရားခံများထားရာ အခန်းများကို လှည့်ကြည့်ရပါသည်။ တရားခံများ လုံခြုံရေးအတွက် ဖြစ်ပါသည်။ တရားခံများကလည်း သူတို့ အနှိပ်စက်ခံရကြောင်း မတိုင်ကြပါ။ မနေ့က သက်သေထွက်ဆိုသွားသော မောင်ရှိန်ကို သိပါသည်။ သူကလည်း မတိုင်ကြားပါ။ အကယ်၍ ပုလိပ်က နှိပ်စက်ညှဉ်းပန်းကြောင်းတိုင်လျှင် ကျွန်တော့်တာဝန်မှာ အရေးယူရန် ဖြစ်ပါသည်။

**ဦးစံဝင်း။** ။အချုပ်ခန်းတွင် တရားခံသက်နှင်း ခေါင်းပေါက်သွားစဉ်က ခင်ဗျားက ပရုတ်ဆီ ပေးဖူးတယ်ဆိုတာ မှန်ပါသလား။

**ဦးမောင်မောင်။** ။ဒါကို ကျွန်တော် သတိမထားမိပါ။ ကျွန်တော့် တာဝန်မှာ တရားခံများ နေမကောင်းလျှင် ဆရာဝန် ခေါ်ပေးရန်ဖြစ်ကြောင်း ထွက်ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



## တရားသူကြီး ဦးဘကြိုင်

နံနက် ၁၁ နာရီမှာ ဦးစောအိမ်သို့သွားရာ တရားခံ ခင်မောင်ရင်က သဘော်ာဆေးဘူးတစ်ဘူး၊ အဝါတစ်ဘူး၊ အဖြူတစ်ဘူး ပြပါတယ်။ ဒေါ်သန်းခင်၏ အိပ်ခန်းမှာ ထားပါသည်။

စုတ်တံကို ခင်မောင်ရင်ကပင် ဗီရိုအံဆွဲထဲမှ ဖွင့်ပြီး ပေးလို့ရပါတယ်။ နောက်တစ်ကြိမ် ဩဂုတ်လ ၄ ရက်နေ့ ဦးစောအိမ်သို့ နံနက် ၁၁ နာရီ ၁၅ မိနစ်ရောက်ရာ မောင်ထွန်းရှိန်က ဦးစောအိမ်ဝင်း အတွင်း ကမ်းနဖူးနဲ့ ကိုက် ၄၀ အကွာ ကားနံပါတ်ပြားတစ်ခု ရရှိတာယ်လို့ ပြပါတယ်။

ရေဝန်ဘက်ဌာနမှ မစ္စတာ ပတ်(စ်)ကိုးလ်အား ပြောတော့ သူဆင်းငုပ်ရာ အာရ်ဘီ-၉၈၃၁ ဆေးအဝါနဲ့ နံပါတ်ပြား တစ်ခုကို ရပါတယ်။ ဩဂုတ်လ ၅ ရက် နေ့လယ် ၂ နာရီ ၁၀ မိနစ်မှာ သွားရပါသေးတယ်။ တရားခံ ရန်ကြီးအောင်နှင့် တွေ့ပါတယ်။ ရန်ကြီးအောင် က နံပါတ်ပြားတစ်ခု ရရှိတဲ့နေရာကို ပြပါတယ်။

ပတ်(စ်)ကိုးလ်ပင် ရေထဲငုပ်ယူပေး၍ အာရ်အေ-၃၁၂၃ ဆေးဖြူနှင့် နံပါတ်ပြားတစ်ခုကို ရပါတယ်။ နောက် ဩဂုတ်လ ၁၂ ရက်နေ့ ဦးစောအိမ်သို့ နေ့လယ် ၁ နာရီ ၅၀ မိနစ် ရောက်ပါတယ်။

အင်ဂျင်နီယာတပ်မှ လက်ဖ်တင်နင်ကိုးလ်ဆင်က နံပါတ်ပြားတစ်ခုကိုပြပြီး ရာဇဝတ်ဝန်ထောက် ဦးသိန်းအုန်းအား ပေးပါတယ်။ ၄င်းနံပါတ်မှာ တစ်ဖက်က အာရ်စီ-၁၈၁၄၊ အခြားတစ်ဖက်က အာရ် ဘီ-၄၁၄၀ ပါပါတယ်။

**ဗတ်ဘာနစ်။** ။ရှာဖို့အမိန့် ဘယ်ကရသလဲ။ ဘယ်လို အမိန့်လဲ။

**ဦးဘကြိုင်။** ။အင်းစိန် ဒိစတြိတ် တရားသူကြီးထံမှ ရပါတယ်။ ၄င်းအမိန့်ထဲမှာ ပစ္စည်းရှာဖွေသော ပုလိပ်များနှင့် လိုက်ဖို့ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရမယ်လို့ ပါတယ်။

**ဗတ်ဘာနစ်။** ။ရှေးအခါက ပုလိပ်များနှင့် လိုက်ဖူးပါသလား။

**ဦးဘကြိုင်။** ။အထက်ထက်ကလည်း ပုလိပ်များနှင့် ရှာဖွေရန် လိုက်ဖူးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## တိုင်ပင်ပြီး အမိန့်ပေးပါတယ်

ဦးထွန်းလှအောင်က ဆက်လက် ထွက်ဆိုသည်မှာ ကျွန်တော်တို့ တိုင်ပင်ပြီးနောက် ၄င်းနေ့မှာပင် တစ်ခါတည်း ဦးစောရဲ့အိမ်ကို ဝိုင်းဖမ်းဖို့ အမိန့်ပေးပါတယ်။ ဝိုင်းထဲအထိ ကျွန်တော် မလိုက်ပါ။ ထိုညနေက ၅နာရီခွဲလောက်ကျမှ ဦးစောအိမ်ကို သွားပါတယ်။ ထိုအခါ ဦးစောနဲ့ အခြားဖမ်းထားတဲ့ လူတွေကို မော်တော်ကား၊ လော်လီတွေပေါ်မှာတင်ပြီးကြပါပြီ။ ပစ္စည်းအချို့ကို ဖမ်းထားတာ တွေ့၍ ကျွန်တော် စစ်ဆေးကြည့်ပါတယ်။

ဂျစ်ကားတစ်စီးမှာ အမိုးမရှိပါ။ အမိုးပါသော ဂျစ်ကားနံပါတ်မှာ အာရ်ဘီ-၉၈၃၁ နံပါတ်ပြားကို ကားရှေ့မှာ ကြိုးနဲ့ချည်ထားပါတယ်။ ဆေးဖြူသုတ်ထားပါတယ်။ ဆေးတွေဟာ မခြောက်သေးပါဘူး။

နောက် ဂျစ်ကားမှာ အမိုးမပါ။ နံပါတ် မတွေ့ရပါ။ ဆေးနီနဲ့ ဂျင်နရယ် နံပါတ်-၁၆၇ ကို တွေ့ရပါတယ်။ ကားရုံထဲမှာ ဆလွန်းကားကြီး တစ်စီး၊ ဖို့ဆင်ထရပ်ကားတစ်စီးကို တွေ့ရပါတယ်။ ထရပ်ကားနံပါတ်မှာ မိတ္ထီလာ-၁၈၃ ဖြစ်ပါတယ်။

## တရားသူကြီးများ ကားများကြည့်ရှုခြင်း

ထိုအချိန်တွင် တရားသူကြီးများသည် ထောင်ထဲ၌ရှိသော ဂျစ်ကားနှစ်စီးနှင့် ထရပ်ကားတစ်စီးကို ရုံးမှဆင်း၍ ကြည့်ရှု စစ်ဆေးကြသည်။

## တရားခံများ ဖြောင့်ချက်များ ဖတ်ပြပြီ

ဖြောင့်ချက်ယူသော တရားသူကြီး အသီးသီးက အစုံအလင် ထွက်ဆိုကြခြင်း၊ အမှုကြီးစစ်ဆေးနေစဉ် တရားခံ မှုန်ကြီးက ဝမ်းကိုက်သည်ဆိုကာ ရှေ့နေမှတစ်ဆင့် ခွင့်တောင်း၍ ခွင့်ပြုချက်အရ မှုန်ကြီးကို ခေါ်ယူသွား၏။

## တရားသူကြီး ဦးအောင်ချိန် ထွက်ဆိုချက်

ရှေ့နေချုပ်ကြီး ဦးအောင်ချိန် ထွက်ဆိုသည်မှာ...

ဩဂုတ်လ ၈ ရက်နေ့ ၁ နာရီ ၁၅ မိနစ်တွင် ဘားလမ်း ချုပ်ခန်း၌ လူစီတန်းပြရာ၌ ကြိုးကြပ်ရပါသည်။ ထိုအခါ မသင်္ကာသူများမှာ

www.burmeseclassic.com

www.burmeseclassic.com



မောင်စိုး၊ သက်နှင်း၊ မောင်စိန်၊ ရန်ကြီးအောင်၊ သုခတို့ ဖြစ်ပါသည်။ ၄င်းတရားခံငါးဦးအား အခြားသူများနှင့်အတူ တန်းစီ ပြစေပါသည်။

ပထမဦးစွာ ဦးထင်ပေါ်ဆိုတဲ့ သက်သေကို ပြစေပါတယ်။ သက်သေများကို ဘားလမ်း အချုပ်ခန်းနှင့် မျက်နှာချင်းဆိုင်ရှိ လက်ဖက်ရည်ဆိုင်မှာ ထားပါတယ်။ ဘားလမ်းအချုပ်ခန်းထဲကို အပြင်က မမြင်နိုင်အောင် တံခါးများကို ပိတ်ထားစေပါတယ်။

သက်သေဦးထင်ပေါ်က ရှေးဦးစွာ မောင်စိုး၊ နောက် မောင်သောင်းစိန်၊ နောက် ရန်ကြီးအောင်ကို ပြပါတယ်။ နောက်သက်သေမောင်သောင်းစိန်က မသင်္ကာသူ သက်နှင်းကို ဆွဲပြပါတယ်။ ထို့နောက် သက်သေမင်းစေ မောင်အုန်းမောင်က ဒရိုင်ဘာသုခကို ဆွဲပြပါတယ်။ သက်သေမောင်သန်း (စီးပွားရေး)က မသင်္ကာသူ ရန်ကြီးအောင်ကို ဆွဲပြပြီး နောက်ဆုံးသက်သေ မောင်ထွေးက မသင်္ကာသူ ဒရိုင်ဘာ သုခကို ဆွဲပြပါတယ်။

**ရှေ့နေချုပ်ကြီး။** ။သည်လို မသင်္ကာသူများကို ပြတုန်းက သက်သေများနှင့် မသင်္ကာသူများရဲ့ ထွက်ဆိုချက်ကို ရေးမှတ်ယူရသေးသလား။

**ဦးအောင်ချိန့်။** ။ရေးမှတ်ယူရပါတယ်။ သက်နှင်းကို ထိုင်ပြီး ပြချင်ပါတယ်ဆိုလို့ နောက် ထပ်မံ တန်းစီပြသစေရပါသေးတယ်။ ထိုသို့ ပြသခြင်းမှာ တရားမျှတ၍ နည်းလမ်းကျပါတယ်။ သက်နှင်းရဲ့ ခေါင်းမှာ ပတ်တီးစည်းလာတာကို သတိထားမိပါတယ်။ စီတန်းပြသတုန်း ပုလိပ်အရာရှိများ၊ ပုလိပ်သားများကို အခန်းတွင်းမှ ထွက်ခိုင်းပါတယ်။

## မျက်နှာမှာလည်း ဒဏ်ရာမမြင်မိပါ

ဗာတားနစ်နှင့် ဦးစံဝင်းကမေး၍ ပြောကြားသည်မှာ မောင်စိုး၏ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး မတွေ့ရပါ။ ရိုလျှင်မှတ်ထားပါ့မယ်။ ဆွဲတဲ့လူကို ဆွဲပြသော သက်သေကို တစ်စုံတစ်ရာ မမေးမြန်းပါ။ သက်နှင်းက ကျွန်တော့်အား ဘာမှ မတိုင်တန်းပါ။ မျက်နှာမှာလည်း ဒဏ်ရာ မမြင်မိပါ။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစိဘူး။** ။စီတန်းပြတာ ဘယ်လောက် ကြာသလဲ။ ပုလိပ်ရှိသလား။ ဘယ်သူက တိုင်ကြားသေးသလဲ။

**ဦးအောင်ချိန်။** ။၁ နာရီ ၁၅ မိနစ်မှ ၂ နာရီ ၄၅ မိနစ်ထိ ကြာပါတယ်။ ပုလိပ်မရှိ၊ မသင်္ကာသူ တစ်ဦးတစ်ယောက်မျှ ဝိုလိပ်ညွှဦးဆဲတဲ့အကြောင်း မတိုင်ကြားကြပါ။

## ဖြောင့်ချက် ယူရပါတယ် တရားသူကြီး ဦးလှကျော်

ယခင် (၅)နံပါတ် တရားသူကြီး၊ ယခု အရှေ့ပိုင်းတရားသူကြီး ဦးလှကျော် ထွက်ဆိုသည်မှာ တရားခံ ဘညွှန့်၊ ရန်ကြီးအောင်၊ သုခ၊ မောင်စိန်၊ မောင်နီ၊ ခင်မောင်ရင်။ မှုန်ကြီးနဲ့ သက်နှင်းတို့၏ ထွက်ဆိုချက်များကိုလည်း မှတ်ယူရပါသည်။ ၄င်းတို့နှစ်ယောက်၏ ထွက်ချက်များမှာ ဥပဒေအရ ဖြောင့်ချက် မဟုတ်ပါ။

**ရှေ့နေချုပ်ကြီး။** ။ရန်ကြီးအောင်နှင့် မောင်စိန်တို့၏ ထွက်ချက်များကို ရယူသေးတယ် မဟုတ်လား။

**ဦးလှကျော်။** ။မှတ်ယူရပါတယ်။

**ဗတားနစ်။** ။သည်ထွက်ချက်များကို ရုံးတော်ကို လက်မခံသင့်ပါ။

**ဥက္ကဋ္ဌ။** ။ရုံးတော်က လက်မခံသေးပါ။ စဉ်းစားရပါမည်။

**ရှေ့နေချုပ်ကြီး။** ။ဖြောင့်ချက်ပေးတဲ့ လူတွေကို ရှာဖွေကြည့်သေးသလား။

**ဦးလှကျော်။** ။ကျွန်တော့်ရှေ့ကို ခေါ်ယူလာတဲ့ လူများကို ဒဏ်ရာ ရှိမရှိ၊ လက်နက် ရှိမရှိ ရှာပါတယ်။ သူတို့အားလည်း ဖြောင့်ချက်ပေးဖို့ရန် အချိန် နှစ်နာရီစီ ပေးပါသေးတယ်။ သူတို့ကိုယ်၌ ဒဏ်ရာ မတွေ့ရတော့မှ သူတို့ဘာသာသူတို့ ဖြောင့်ချက်ပေးတယ်လို့ ကျေနပ်စွာ ယူဆပါတယ်။ ထိုအခါက ဘယ်တရားခံမျှ မတိုင်တန်းပါ။ မောင်မှုန် တစ်ယောက်ရဲ့ လက်ယာလက်လက်မောင်း၊ လက်ယာဘက်ခါး၊ လက်ယာဘက်ပေါင်မှာ ဒဏ်ရာတွေ့ပါတယ်။

သူ့အား မေးမြန်းတော့ ဦးစောအိမ်ကို ပုလိပ်များ လာဝိုင်းတော့ ပုလိပ်များ သေနတ်နဲ့ပစ်လို့ ထိမှန်တဲ့ဒဏ်ရာများ ဖြစ်ပါတယ်။ ဗိုက်က

www.burmeseclassic.com

www.burmeseclassic.com



အနောက်ရှတ်က ငယ်ငယ်တုန်းက သစ်ပင်ပေါ်က လိမ့်ကျတုန်းက အနာဖြစ်ပါတယ်။

## ဖြောင့်ချက်ပေးကြပြီး ရန်ကြီးအောင်၏ဖြောင့်ချက်

ရန်ကြီးအောင်က တရားခံ ဦးစောနှင့် တူဝရီးတော်ပါသည်။ အုတ်ဖိုသို့ ဦးစော လာစဉ် မိမိသည် ဦးစောနှင့် အပြန်လိုက်သွားပါသည်။ ဦးစော၏အိမ်၌ အခြားလူများတွေ့ရပါသည်။ အတူနေပါသည်။ ရန်ကြီးအောင်က ဦးစောခေါ်လာ၍ ဦးစော အိမ်ဝင်းထဲမှာ နေပါသည်။ ကျွန်တော်တို့အား သုခတိုင်ပေးသော သစ္စာကို လိုက်ဆိုရပါသည်။

ကျွန်တော့်အား ဦးစောကိုယ်တိုင် သေနတ်ပစ် သင်ပေးပါသည်။ ကိုဘညွန့် ကာကီအဝတ်အစားနှင့် လော်လီကားတစ်စီးစာ ဘရင်းဂန်းများ ယူလာပါသည်။ ကျွန်တော် အမဲဆီသုတ်ပြီး သေတ္တာတွင်ထည့်ပြီး အိမ်မှာ ထားရပါသည်။

သေတ္တာ ၁၅ လုံးခန့်ကို မောင်စိန်က လော်လီနှင့်မောင်းပြီး ယူသွားပါသည်။ နောက် ယမ်းတောင့်သေတ္တာ ၁၈လုံးကို ကိုဘညွန့် ယူလာ၍ ဦးစောအိမ်ဝင်းထဲရှိ ရေကန်ထဲသို့ ချထားလိုက်ပါသည်။

ဇူလိုင် ၁၉ ရက်နေ့ နံနက်စောစော ဦးစောက ကျွန်တော့်ကို လာနှိုးပြီး စစ်ဝတ်စစ်စားများ ဝတ်ပေးပါသည်။ စတင်းဂန်းတစ်လက်ကိုလည်း ပေးပါသည်။ ကိုစိုးက ကျွန်တော့်အင်္ကျီ ပခုံးမှာ ခြသေ့်တံဆိပ် တပ်ဆင်ပေးပါသည်။

ကိုစိုး၊ ကိုသက်နှင်း၊ ကိုမှုန်၊ ကိုသုခတို့မှာလည်း စစ်ဝတ် စစ်စားနှင့် တွေ့ရပါသည်။ ကိုစိုး၊ သက်နှင်း၊ ကိုမှုန်တို့မှာ တော်မီဂန်းတစ်လက်စီနှင့် တွေ့ရပါတယ်။ ကျွန်တော့်ကို ခေါ်ပါသည်။ ကိုစိုးက ငါပစ်ခိုင်းလျှင် ပစ်ဟုပြောပြီး ဂျစ်ကားနှင့် ဇူလိုင် ၁၉ ရက်နေ့ နံနက် ၁၀ နာရီတွင် ဦးစောအိမ်မှ ထွက်ခဲ့ပါသည်။

ဦးစောက Good Luck လို့ အင်္ဂလိပ်လို ပြောပါသည်။ အတွင်းဝန်ရုံးကြီးရောက်တော့ ဗိုလ်ချုပ်အခန်းတွင်းသို့ ကိုစိုးနှင့် ကိုမှုန်က အလျှင်ဝင်ပြီး ဝန်ကြီးများကို ပစ်ပါသည်။ ကျွန်တော် စားပွဲခုံအောက်တွင် ဝင်ပုန်းနေသော ဝန်ကြီးများကို ဒူးထောက်ပစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ ထွက်လာသောအခါ လှေကားကြီးနားတွင် ခြောက်လုံးပြူးနှင့် လူတစ်ယောက်တွေ့၍ သေနတ်တစ်ချက်ဆွဲရာ နှစ်ချက်၊ သုံးချက် ထွက်သွားပါသည်။ ထိမှန်မမှန် သတိမထားမိပါ။

ဆင်းလာကြပြီး ဂျစ်ကားနှင့် အိမ်သို့ ပြန်လာကြပါသည်။ လမ်းမှာပင် အင်္ကျီများချွတ်ကြပါသည်။ အိမ်ရောက်တော့ ဦးစောက "နေရာကျရဲ့လား"ဟု မေးရာ ကိုစိုးက အားလုံး ပြန်ပြောပါသည်။

## သုခဖြောင့်ချက်

ကျိုက်လတ် ဆိုရှယ်လစ်ပါတီတွင် ဝင်ရောက် လုပ်ကိုင်ပါသည်။ နောက် ကျိုက်လတ် မျိုးချစ်အဖွဲ့တွင် တွဲဖက်အတွင်းရေးမှူး ဝင်လုပ်ပါသည်။ ဦးစောက စာရေးခေါ်၍ သက်နှင်းနှင့် ကျွန်တော် ဦးစောအိမ်သို့ လာကြပါသည်။ ဦးစောက ကျွန်တော်တို့ကို ခေါ်ပြီး သစ္စာဆိုခိုင်းပါသည်။ နောက်ကျိုက်လတ်သို့ ပြန်သွားရာ ဘရင်းဂန်း ၁၅ လက်ပါသော သေတ္တာနှစ်လုံး ရပါသည်။ နောက်ဦးစောအိမ်သို့ ပြန်လာပါသည်။ ဦးစော၏အိမ်တွင်နေစဉ် ဘရင်းဂန်းများကို သံစည်ထဲတွင် ထည့်သည်ကို မြင်ရပါသည်။

ဦးစောက ကျွန်တော့်အား မနက်ဖြန် ဂျစ်ကားမောင်းပြီးသည် လူတွေနဲ့ အတွင်းဝန်ရုံးကြီးသို့ သွားပြီး ဝန်ကြီးများကို ပစ်ရမည်ဟု ပြောပြီး အိပ်ရပါသည်။

နောက်တစ်နေ့ နံနက်မှာပင် စစ်ဝတ်စစ်စား ဝတ်ဆင်စေ၍ ခြသေ့်တံဆိပ်များကို အခြားသူများက တပ်ဆင်ကြသည်။ ကျွန်တော်က မတပ်ရပါ။ ဦးစောက ဘညွန့်လာလျှင် တော်မီဂန်းတစ်လက် ပေးရမည်ဟုဆို၍ တော်မီဂန်းတစ်လက်ကို ပေးလိုက်ပါသည်။

အခြားသူများ ပစ်သော သေနတ်သံကြားပြီးနောက် ဆင်းလာသောအခါ မိမိဂျစ်ကားနှင့် ဦးစော အိမ်သို့ ခေါ်လာရသည်။ ကန်တော်ကြီးနားကျတော့ ကားမောင်းနှေးသည်ဆို၍ မောင်စိန်က ဝင်၍ မောင်းပါသေးသည်။ လမ်းတွင် အဝတ်များ လဲကြပါသည်။ အိမ်ရောက်တော့ ကိုစိုးက အကုန်အစင် ဦးစောအား ပြောပြပါသည်။ ဦးစောက ကျွန်တော်တို့ကို "နမ်း"ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



## မောင်စိန်၏ ဖြောင့်ချက်

တရားခံ မောင်စိန်၏ ဖြောင့်ချက် အကျဉ်းချုပ်မှာ ဂျပန်ခေတ်က ဘီ၊ ဒီ အေ တပ်မတော်မှာ တစ်လ စစ်သားလုပ်ဖူးပါသည်။ မမာ၍ ထွက်ရပါသည်။ အင်္ဂလိပ် ရောက်လာတော့ ဦးစောက ကျွန်တော့်ကို ခေါ်ခိုင်း၍ ရန်ကုန်သို့ လိုက်ရပါသည်။ ဦးစောအိမ်၌ ရန်ကြီးအောင်၊ ကိုစိုး၊ ခင်မောင်ရင်၊ ကိုသက်နှင်း၊ ကိုဘညွန့်တို့ကို တွေ့ရပါသည်။ ထို့နောက် ဘညွန့်နှင့်အတူ ဘရင်းဂန်းများ၊ ယမ်းတောင့်များ ထုတ်ယူပုံအကြောင်းစုံကို ဖြောင့်ဆို၏။

ထို့နောက် ဇူလိုင် ၁၉ ရက်နေ့ ဝန်ကြီးများအား လုပ်ကြံရန် ဦးစောက ကျွန်တော်၊ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်တို့အား ပြောပါသည်။ ဘညွန့်က သခင်နုကိုပစ်ရန် ပြော၍ ထွက်လာကြပြီး ဝန်ကြီးများကို ပစ်ခတ်ပါသည်။ ကျွန်တော်က တော်မီဂန်းနှင့် ပစ်ပါသည်။ ပြန်ဆင်းတော့ ရန်ကြီးအောင်က လှေကားနားမှာ လူတစ်ယောက်ကို ပစ်ပါသည်။

နောက် ပြန်လာကြပြီး လမ်းမှာ အင်္ကျီများလဲပါသည်။ ဦးစော အိမ်သို့ ရောက်သောအခါ နေရာကျရဲ့လား မေးရာ ကိုစိုးက အောင်ပြီလို့ အော်ရာ ဦးစောကလည်း အောင်ပြီလို့ အော်ပါသည်။ နောက် ကျွန်တော်တို့ကို ဦးစောက နမ်းပါသည်။ ကျွန်တော်တို့လဲသော အဝတ်အစားများကို လူ တစ်ယောက် ယူသွားပါသည်။ သေနတ်များကို အခြား လူတစ်ယောက်က သိမ်းသွားပါသည်။

နောက်ထပ် နာရီဝက်ခန့် ကြာသောအခါ ခင်မောင်ရင်တို့ ထရပ် ကားနှင့် ရောက်လာကြပါသည်။

## မောင်နီ၏ဖြောင့်ချက်

မောင်နီခေါ် အနီ၏ဖြောင့်ချက် အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

မိမိသည် ဘညွန့်နှင့်အတူ ဘရင်းဂန်းများ၊ ခဲယမ်းမီးကျောက် များကို စစ်တပ်မှာ သွားရောက် ထုတ်ယူရပါသည်။ ဇူလိုင် ၁၉ ရက်နေ့

www.burmeseclassic.com

www.burmeseclassic.com



နံနက် ၈ နာရီက ခင်မောင်ရင် လာခေါ်၍ ဦးစောအိမ်သို့ ရောက်ပြီး ခင်မောင်ရင်က အင်္ကျီဝတ်ခိုင်းပါသည်။ မိုးကာ ဦးထုပ်ဆောင်း၊ မိုးကာ အင်္ကျီဝတ်၊ ခြောက်လုံးပြူးကိုင်ပြီး ခင်မောင်ရင်၏ ထရပ်ကားနှင့် လိုက်သွားပါသည်။ ခင်မောင်ရင်က မိမိအား အတွင်းဝန်ရုံးသို့ ခေါ်သွားပြီး ထွက်ပေါက်ဝမှာ မိမိအား စောင့်ခိုင်းထားပါသည်။ မိမိအား အပေါက်ပိတ်ထားသူကို သေနတ်ပြပြီး အဖွင့်ခိုင်းရမည်ဟု ပြောပါသည်။

ထို့နောက် အိမ်က ဂျစ်ကားတွင် စစ်ဝတ်စစ်စားနှင့် ကိုစိုးတို့ကို တွေ့ပါသည်။ နောက်သေနတ်သံများ ကြားရပြီး ဂျစ်ကား ပြန်ထွက်လာသောအခါ ထွက်ပေါက်မှ မိမိသည် ဂျစ်ကားပေါ်သို့ တက်မည်လုပ်သည်။ မတက်ရပါ။ ထိုအခါ ကိုစိုး၏ လက်ထဲ၌ တော်မီဂန်းကို တွေ့ရပါသည်။ နောက် ခင်မောင်ရင်၏ ကားနှင့် ပြန်လာကြပါသည်။ စသည်ဖြင့် ဖြောင့်ဆို၏။

## ခင်မောင်ရင်၏ဖြောင့်ချက်

တရားခံ ခင်မောင်ရင်၏ ဖြောင့်ဆိုချက် အကျဉ်းချုပ်မှာ မိမိသည် ဦးစော၏ဇနီး ဒေါ်သန်းခင်၏ တူဖြစ်ကြောင်း၊ ဦးစောအိမ်မှာ ခိုင်းထားသော သူငယ်မ မခင်လေးနှင့် အိမ်ထောင်ကျပါသည်။ ထို့နောက် ဦးစော ဂျစ်ကားကို မောင်းရပါသည်။

နောက် ဦးစော သေနတ်ပစ်ခံရသည်။ ၄င်းပြင် ဦးစော ပညာရေးဝန်ကြီးဖြစ်လာပုံ၊ အပါးတော်မြဲ စာရေးဆိုသူနှင့် မော်လမြိုင် ဘက်မှ ကလေးမများ ခေါ်ယူလာရပုံ၊ မေဂျာယန်းဆိုသူထံမှ သေနတ် များရပုံ၊ မေဂျာယန်းအိမ်သို့သွားပြီးနောက် သေနတ်ပစ်သင်ပုံ၊ ရင်မောင်၊ တင်တင်ထွန်း၊ ရင်ဖေ၊ ကြင်ဝင်းတို့နှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းအား သတ်ရန် ဦးစောက ခိုင်းပါသည်။ မိမိတို့လည်း သွားကြပါသည်။

သို့သော် မသတ်ဖြစ်ပါ။ နောက် သေနတ်လက်နက်များကို ကာနယ်လန်(ပ်)ဆိုသူနှင့် ကပ္ပတိန် ဗီဗီယန်းတို့ထံမှရပုံတို့ကို ဖြောင့်ဆို၏။

ဘရင်းဂန်းများနှင့် ယမ်းတောင့်များကို ရေလုံ၊ လေလုံ သေစည်များ၌ထည့်ပြီး ကန်ထဲချထားပါသည်။ ကပ္ပတိန်ဗီဗီယန်းက ကားဖြင့်

www.burmeseclassic.com



ဦးစောနှင့် မိမိတို့ကို တစ်ညမှာ ဘီဂင်ဒက်လမ်းသို့ မောင်းသွားပြီး လက်နက်များထားသော တိုက်ကိုပြပြီး မည်သို့မည်ပုံလုပ်ပြီး ယူရမည်ကို ကပ္ပတိန်ဗီဗီယန်းက ညွှန်ကြားပြသ ပြောဆိုသည့် အကြောင်းကိုလည်း ဖြောင့်ဆို၏။

ဇူလိုင်လ ၁၉ ရက်နေ့ နံနက်တွင် ဗိုလ်ချုပ်တို့ အစည်းအဝေးရှိမရှိကြည့်ရန် ဦးစောက မိမိအား ခိုင်းပါသည်။ မောင်နီအားလည်း ဦးစောက မှာပါသေးသည်။ မိမိအားလည်း အစည်းအဝေးရှိလျှင် တယ်လီဖုန်းဖြင့် ပစ်စတန်ရင်းရပြီဟု ပြောရန် ဦးစောက ပြောပါသည်။ တခြားသူများကိုလည်း ဝန်ကြီးများအား ပစ်သတ်ရန် ဦးစောက မှာကြားပါသည်။ မှာသည့်အတိုင်း လိုက်နာဆောင်ရွက်ရပါသည်ဟု ဖြောင့်ဆို၏။

နောက် မိမိပြန်လာသောအခါ ဦးစောက အောင်ပြီဟေ့ဟု အော်ပါသည်။

ထိုအခါ ကိုစိုး၊ သက်နှင်း၊ ကိုသုခ၊ ရန်ကြီးအောင်၊ ကိုစိန် တို့မှာ အဝတ်လဲထားပြီး ကားနံပါတ်ပြားကို ဦးစောက လွှင့်ပစ်ရန် ပြောသဖြင့် လူတစ်ယောက်က ရေကန်ထဲသို့ လွှင့်ပစ်ပါသည်။ ပုလိပ်များ လာဖမ်းတော့ တော်မီဂန်းနှင့် စတင်းဂန်းများကို ဘုရားကျောင်းဆောင်ပေါ်မှ ရေထဲသို့ ပစ်ချလိုက်ပါသည်။ ၄င်းအမှု မဖြစ်ပွားမီ ပုလိပ်အသင်း အတွင်းရေးမှူး ဦးစိုးမင်းသည် ဦးစောထံ လာပြီး တွေ့ဆုံဖူးပါသည်။ နောက် ပုလိပ်အသင်း ဥက္ကဋ္ဌ ဦးဝမ်းမောင်လည်း ဦးစောအိမ်သို့ လာပါသည်။ ရှည်လျားစွာ ဖြောင့်ချက်ကို ဖတ်ပြ၏။

## သက်သေခံ ပစ္စည်းအဖြစ်

အဆိုပါ တရားခံလေးဦးတို့၏ ဖြောင့်ဆိုချက်များကို ရုံးတော်က သက်သေခံပစ္စည်းအဖြစ် လက်ခံလိုက်သည်။ မှန်ကြီး၊ သက်နှင်းတို့၏ ထွက်ချက်မှာ သူများအပေါ်၌ စွပ်စွဲခြင်းမပြုဘဲ မိမိတို့၏အကြောင်းများကိုသာ ဖော်ပြသည်ဖြစ်၍ ရုံးတော်က ဖတ်ကြားပြီး သက်သေခံပစ္စည်းအဖြစ် လက်ခံလိုက်သည်။

**ရှေ့နေချုပ်ကြီး။** ။၄င်းဖြောင့်ဆိုချက်များကို ဟုတ်မှန်သည့်အတိုင်း ရုံးမှတ်ထားပါသလား။

www.burmeseclassic.com

www.burmeseclassic.com


**ဦးလှကျော်။** ။မှတ်ပါတယ်။

ဗာတားနစ်က မေးမြန်းခြင်းမပြု၊ ဦးစံဝင်းက မေး၍ ထွက်ဆိုသည်မှာ...

**ဦးလှကျော်။** ။ဘညွန့်၏ ဖြောင့်ဆိုချက်ကို ဩဂုတ်လ ၁ ရက်၊ ရန်ကြီးအောင်၏ ဖြောင့်ဆိုချက်ကို ဩဂုတ်လ ၂ ရက်မှာ ယူပါသည်။ ရန်ကြီးအောင်က မိမိအား ဘာမျှ မမေးမြန်းပါ။ ဖြောင့်ချက်ပေးသော တရားခံများမှာ ပုဒ်မ၅နှင့် ဖမ်းထားသည်ဖြစ်၍ ရမန်လည်း မပေးရပါ။ သာမန်အမှုမျိုးဆိုလျှင် ဖြောင့်ချက်ယူပြီးလျှင် ထိုတရားခံများကို ထောင်ကြီးသို့ ပို့ရပါသည်။

ယခုအမှုတွင် ရမန်ပေးရန် အကြောင်းမပေါ်ပေါက်ပါ။ ဖြောင့်ချက်ပေးစဉ်ကရှိသော သက်သေများကို ပုလိပ်အား အခေါ်ခိုင်း၍ သက်သေများမှာလည်း ဂုဏ်သရေရှိ သက်သေများဖြစ်သည်ဟု မိမိကျေနပ်မိပါကြောင်း၊ တရားခံ၏ လုံခြုံရေးကို ကြည့်ပြီး တရားခံများ၏ ဖြောင့်ချက်ကိုယူရန် နံနက် စောစော ၆ နာရီလောက် မိမိထံ ခေါ်လာစေပါသည်။

သူတို့အား နှစ်နာရီ စဉ်းစားစေပြီး ၈ နာရီကျမှ ဖြောင့်ချက်ကို ယူပါသည်။ လူသိနတ်ကြား ဖြစ်မှာစိုး၍ ပုလိပ်မင်းကြီး အထက် ရုံးထပ် (အထက်လွှတ်တော်) အခန်းထဲ၌ ဖြောင့်ချက်ယူပါသည်။ အားလုံး ခုနစ်ရက်၊ ရှစ်ရက်လောက်ကြာသည်ဟု ထွက်ဆို၏။

## မီးရှို့ထားသောနေရာ တရားသူကြီး ဦးဘကြိုင်

အပို အထူးအာဏာရ တရားသူကြီး ဦးဘကြိုင် (အင်းစိန်)ကို စစ်ဆေး၍ ထွက်ဆိုသည်မှာ ဇူလိုင်လ ၂၉ ရက်နေ့က အေဒီလမ်း ဦးစောအိမ်သို့ သွားရပါသည်။ ဦးစောအိမ်မှာ သက်သေ မောင်ရှိန်ကလေးကို တွေ့ပါသည်။ မောင်ရှိန်ကလေးက သူကိုယ်တိုင် လုံချည်များကို မီးရှို့ထားသောနေရာ ပြချင်တယ် ဆို၍ သူကြီး ဦးဘဖေနှင့်အတူ လိုက်ကြည့်ပါသည်။

မောင်ရှိန်က ဦးစော၏ မီးဖိုနှင့် ပေ ၃၀ ခန့်ရှိ ကုံကော်ပင် အောက် ခေါ်သွားပြီး ပြာပုံကိုပြပါသည်။ ပြာပုံထဲမှ မီးလောင်စ အရောင်အစိမ်းစ ကလေးကို မိမိ သိမ်းယူပြီး ဦးသိန်းအုန်းထံပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(မီးလောင်သော အစိမ်းစကိုပြရာ ဟုတ်မှန်ကြောင်းပြော၏။)

ထိုအခါ ရန်ကြီးအောင်နှင့် တင်ရွှေတို့လည်း ရှိပါသည်။ ရန်ကြီးအောင်ကပြ၍ ကုတ်ရှပ်အင်္ကျီနှစ်ထည်နှင့် ဦးထုပ်ငါးလုံးကို ဘုရားကျောင်းဆောင် အနောက်တောင်ဘက်ရှိ ရေထဲမှ ရပါသည်။

မောင်အေးက နှစ်လုံး၊ မောင်အောင်ဟိန်းက နှစ်လုံး၊ မောင် သိန်းလွင်က တစ်လုံး ရေငုပ်ပြီး ရှာခဲ့ပါသည်။ နောက်ဆုံး ဦးထုပ် တစ်လုံးနှင့် အတူ အုတ်ခဲတစ်လုံး ပါလာပါသည်။ ၄င်းသူတို့က သောင်းကျန်းမှုနှိမ်နင်းရေး တပ်သားများဖြစ်ကြပါသည်။ မောင်တင်ရွှေက မော်တော်ကား နံပါတ်ပြားရှိသော နေရာကိုပြ၍ နံပါတ်အာရ်အေ-၃၁၂၃ ကို တပ်သားတစ်ယောက် ဆင်းယူရရှိပါသည်။

ဇူလိုင် ၃၀ ရက်နေ့မှာ တစ်ဖန် သွားသောအခါ မောင်စိန်မောင်ဆိုသူနှင့်တွေ့၍ သူက (၁၂)နံပါတ် စစ်တပ်ပခုံးတံဆိပ်ကို မီးရှို့ပါသည်ဆိုပြီး ဦးစောအိမ်က မီးဖိုထဲမှာ လိုက်ပြရာ မီးလောင်စ ပခုံးတပ် ခြင်္သေ့တံဆိပ်တစ်ခု ရရှိပါသည်။

❖

## ဗိုလ်ချုပ်အလောင်းကို စစ်ဆေးရသော ဆရာဝန်ကြီး ဒေါက်တာဘသန်း၏ ထွက်ဆိုချက်များ

ဇူလိုင် ၁၉ ရက်နေ့ မွန်းတည့်ချိန်လောက်မှာ ကျွန်တော်သည် ခွဲစိတ်ကုသသော အခန်းမှာ အလုပ်များနေပါသည်။ နောက် ဆရာဝန်ကြီး ဒေါက်တာမင်းစိန် လာခေါ်သဖြင့် အပြင်လူနာများ ဆေးခန်းသို့ လိုက်သွားပါသည်။ ဟိုရောက်တော့ ဗိုလ်ချုပ်အောင်ဆန်းအလောင်းကို တွေ့ရပါသည်။ ထို့ပြင် သခင်မြ၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မစ္စတာ ရာဇတ်နှင့် ဦးအုန်းမောင်တို့ အလောင်းများကို တွေ့ရပါသည်။

၄င်းဝန်ကြီးများမှာ သေဆုံးနေပြီဖြစ်၍ ဘာမှ မတတ်နိုင်ပါ။ သို့ဖြစ်၍ အသက်မသေသေးသော ဒီးဒုတ်ဦးဘချို၊ မိုင်းပွန်းစော်ဘွား ကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



မောင်ထွေးတို့ထံ အရေးတကြီး သွားပါသည်။ ဒီးဒုတ်ဦးဘချိုမှာ ထိုနေ့ မွန်းလွဲ ၁ နာရီ ၃၈ မိနစ်တွင် သေဆုံးပါသည်။ စော်ဘွားကြီးမှာ နောက်တစ်နေ့ ၁၂ နာရီမှ သေဆုံးပါသည်။

## ဗိုလ်ချုပ်

နောက် ဗိုလ်ချုပ်အလောင်းကို ရင်ခွဲစစ်ဆေးပါသည်။ သေနတ်ကျည်ဆန် ဒဏ်ရာများမှာ နောက်စေ့ဘက်မှ လည်းကောင်း၊ နားရွက်မှ လည်းကောင်း၊ မေးရိုးတွင် လည်းကောင်း၊ လက်မောင်းတွင် လည်းကောင်း၊ နံဘေးတွင်လည်းကောင်း၊ လက်မတွင်လည်းကောင်း၊ ရင်အုံ နှင့် ပေါင်တွင် လည်းကောင်း၊ ကျောဘက်တွင်လည်းကောင်း စုစုပေါင်း ဒဏ်ရာ ၁၃ ချက်မျှ ရှိသည်ကို တွေ့ရပါသည်။

၎င်းဒဏ်ရာများမှာ အားလုံး သေနတ်ကျည်ဆန် ဒဏ်ရာများသာ ဖြစ်ပါသည်။ အသည်းမှာ နှစ်လက်မမျှ ကွဲနေပါသည်။

ကျောက်ကပ်ကိုလည်း ထိမှန်ပါသည်။ နံရိုးများသည် ကျိုးသွားပါသည်။ အစာအိမ်လည်း ထိမှန်သွားကြောင်း တွေ့ရပါသည်။ အသည်းနှလုံးကိုလည်း ထိမှန်ပါသည်။

## ဝန်ကြီး ဦးဘဝင်း

ဝန်ကြီး ဦးဘဝင်းအလောင်းတွင် ရရှိသောဒဏ်ရာများမှာ လက်ယာဘက် ရင်အုံတွင်လည်းကောင်း၊ လက်ဝဲဘက် ရင်အုံတွင်လည်းကောင်း၊ အစာအိမ်တွင်လည်းကောင်း၊ ကျောဘက်တွင် လည်းကောင်း၊ လက်ယာဘက် ပေါင်တွင်လည်းကောင်း၊ ဒူးခေါင်းတွင် လည်းကောင်း စုစုပေါင်း ရှစ်ချက် တွေ့ရှိရပါသည်။ ၎င်းဒဏ်ရာများမှာ သေနတ်ကျည်ဆန်မှရသော ဒဏ်ရာများ ဖြစ်ပါသည်။

ထို့နောက် သေနတ်ကျည်ဆန်ဝင်ပုံ၊ ကိုယ်တွင်းမှ ဖောက်ထွက်သွားပုံတို့ကို အသေအချာ ရှင်းလင်းထွက်ဆိုၡ်။ ရင်ကိုခွဲကြည့်ရာ အသည်းမှာ ကွဲနေပါသည်။ အစာအိမ်လည်း ပေါက်သွားပါသည်။ ၎င်းဦးဘဝင်း ကိုယ်တွင်းမှ ကျည်ဆန်နှစ်တောင့် တွေ့ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝန်ကြီး သခင်မြ

ဝန်ကြီး သခင်မြကိုယ်တွင် ဒဏ်ရာနှစ်ချက်သာ တွေ့ပါသည်။ ပထမအချက်မှာ ဘယ်ဘက်လက်မောင်းရင်းတွင် ထိပါသည်။ ဒုတိယအချက်မှာ လက်ယာဘက်လက်ပြင်မှ ကိုယ်တွင်းသို့ ဝင်သွားသော ဒဏ်ရာဖြစ်ပါသည်။ ၄င်းဒဏ်ရာမှာ အဆုတ်နှစ်ခုစလုံးကို ထိုးဖောက် သွားပါသည်။

## ဝန်ကြီး မန်းဘခိုင်

ဝန်ကြီး မန်းဘခိုင်၏ အလောင်းကို ခွဲစိတ် စစ်ဆေးရာ ခေါင်းတွင် ဒဏ်ရာတစ်ချက်၊ ကျောဘက်ကျကျမှ ဘယ်ဘက်လက် ပြင်တွင်တစ်ချက်၊ လက်ယာဘက်ပေါင်တွင်တစ်ချက်၊ ချိုင်းအောက်တွင် တစ်ချက်၊ စုစုပေါင်း ၁၅ ချက် ထိမှန်ကြောင်း တွေ့ရှိပါသည်။ ၄င်း ဒဏ်ရာအားလုံးမှာ သေနတ် ထိမှန်သော ဒဏ်ရာများ ဖြစ်ပါသည်။

## ဝန်ကြီး ဦးရာဇတ်

ဝန်ကြီး မစ္စတာရာဇတ်အလောင်းကို ခွဲစိတ်ကြည့်ရှု စစ်ဆေးရာ ဒဏ်ရာများမှာ လက်ဝဲဘက်တွင် လည်းကောင်း၊ လက်ဝဲဘက် လက်မောင်းတွင်လည်းကောင်း စုစုပေါင်း ဒဏ်ရာ ခြောက်ချက် ရရှိသည်ကို တွေ့ရပါသည်။ ဒဏ်ရာအားလုံးမှာ သေနတ်ကျည်ဆန် ထိမှန်သောဒဏ်ရာများဖြစ်ပါသည်။ ရင်ခွဲစစ်ဆေးရာတွင် တွေ့ရှိရသော အသည်းနှလုံး၊ အဆုတ်၊ အစာအိမ်များ ဒဏ်ရာရရှိပုံကို အသေးစိတ် ရှင်းလင်း ထွက်ဆိုသည်။ ကိုယ်တွင်းမှ ကျည်ဆန်နှစ်ခု ရရှိပါသည်။

## အိုင်၊ စီ၊ အက်(စ်) ဦးအုန်းမောင်

ဦးအုန်းမောင် အလောင်းကိုလည်း ရင်ခွဲစစ်ဆေးရာ တွေ့ရှိရသော ဒဏ်ရာများမှာ လက်ဝဲရင်အုံတွင်တစ်ချက်၊ နံညွန့်တွင်တစ်ချက်၊ အောက်နှုတ်ခမ်းတွင် တစ်ချက်၊ နဖူးတွင် တစ်ချက်၊ လက်ဝဲလက်ညှိုးတွင် တစ်ချက် စုစုပေါင်း သေနတ်ဒဏ်ရာငါးချက် တွေ့ရှိပါသည်။ ထို့နောက် ကျည်ဆန်များ၊ ဝင်ပုံထွက်ပုံများကို ရှင်းလင်းထွက်ဆိုရာ နှုတ်ခမ်းမှ ဝင်သွားသော ကျည်ဆန်မှာ နဖူးမှ ပေါက်ထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ရင်ခွဲစစ်ဆေးရာတွင်လည်း အသည်းနှလုံးနှင့် အစာအိမ်သို့ပင် ထိမှန်ထားကြောင်း တွေ့ရ၏။ သေဆုံးရခြင်းမှာ ဦးနှောက်ထွက်၍ လည်းကောင်း၊ အသည်းနှလုံး၊ အဆုတ်၊ အစာအိမ်ကို ထိမှန်သဖြင့် လည်းကောင်း သေဆုံးရခြင်း ဖြစ်ပါသည်။

## ဒီးဒုတ်ဦးဘချို

ဇူလိုင် ၁၉ ရက်နေ့က ဒီးဒုတ်ဦးဘချိုမှာ အသက်မသေသေး သော်လည်း သတိမရတော့ပါ။ သို့သော် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ အချိန် တွင် သေဆုံးပါသည်။ ဒီးဒုတ်ဦးဘချို အလောင်းကိုလည်း ခွဲစိတ်ကြည့်ရှုရာ ရရှိသော ဒဏ်ရာများမှာ လက်ယာဘက် ဝမ်းဗိုက်တွင်တစ်ချက်၊ လက်ယာ ဘက် လက်မောင်းတွင် တစ်ချက်၊ လက်ယာဘက် ပေါင်တွင် တစ်ချက်၊ လက်ယာဘက်နားသယ်တွင် တစ်ချက် စုစုပေါင်း ငါးချက် ထိမှန်သွား ပါသည်။

## မောင်ထွေး

မောင်ထွေးအလောင်းကို ရင်ခွဲစစ်ဆေးရာ မောင်ထွေး ကိုယ်ပေါ်၌ တွေ့ရှိရသော ဒဏ်ရာများမှာ ဒိုင်ရယ်မီတာ လက်မဝယ်သာ ရှိပါသည်။ ဘယ်ဘက်ရင်အုံမှဝင်၍ ကျောဘက်သို့ ပေါက်ထွက်သွားပါသည်။ စုစုပေါင်း ဒဏ်ရာလေးချက်မျှရရှိကြောင်း တွေ့ရှိရပါသည်။ ၄င်းဒဏ်ရာများမှာ ကျည်ဆန်အဝင်နှင့်အထွက်ရရှိသော ဒဏ်ရာများ ဖြစ်ပါသည်။ ကျည်ဆန်မှာ အစာအိမ်၊ အဆုတ်၊ ကျောက်ကပ်နှင့် အသည်းနှလုံးကို ဖောက်သွားပါ သည်။

## မိုင်းပွန်စော်ဘွားကြီး

ဇူလိုင်လ ၂၀ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် မိုင်းပွန်စော်ဘွားကြီး စောစံထွန်း၏အလောင်းကို ရင်ခွဲ၍ စစ်ဆေးကြည့်ရာ စော်ဘွားကြီး ကိုယ်တွင် ဒဏ်ရာနှစ်ခုသာ တွေ့ရပါသည်။ မေးရိုးတွင် လက်ယာဘက်မှဝင်၍ လက်ဝဲ ဘက်လည်ပင်းမှ ဖောက်ထွက်သွားသော ဒဏ်ရာများပင် တွေ့ရှိရပါသည်။ သေဆုံးရခြင်းမှာလည်း ၄င်းဒဏ်ရာကြောင့်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဝန်ကြီး ဦးဘဝင်း

ရှေ့နေချုပ်ကြီး ဦးထွန်းဖြူက မေးခွန်းထုတ်သဖြင့် ဆက်လက်ထွက်ဆိုသည်မှာ ဝန်ကြီး ဦးဘဝင်းကိုယ်တွင် ထိမှန်ထားသော ဒဏ်ရာများမှာ သေနတ်ဒဏ်ရာ တစ်မျိုးတည်းဖြင့် ထိမှန်ထားသော ဒဏ်ရာများ မဟုတ်ပါ။ ၄င်းပြင် အလောင်းများမှရရှိသော ကျည်ဆန်ခြောက်လုံးကို ကျွန်တော့်စာရေး မောင်ချစ်မောင်ကို သေချာစွာ ချိတ်ပိတ် ထုပ်စေပြီး ရရှိပုံစာ အညွှန်းနှင့်တကွ၊ ပုလိပ်မင်းကြီးထံ ပို့စေပါသည်။ ၄င်းကျည်ဆန်များမှာ တစ်ပုံစံတည်းဖြစ်၍ တစ်ထုပ်တည်းထုပ်၍ ပေးပို့လိုက်ပါသည်။

## ဒေါက်တာ ဒက်တားထွက်ချက်

ထို့နောက် သက်သေတစ်ဦးဖြစ်သူ လက်ထောက်ဆရာဝန် ဒက်တားက ထွက်ဆိုသည်မှာ ဇူလိုင် ၁၉ ရက်နေ့က ဆေးရုံကြီးတွင် အပြင် လူနာဆေးပေးခန်း တာဝန်ကျနေစဉ် နေ့ ၁၁ နာရီလောက်မှာ မီးသတ်လူနာတင်ကားနှင့် မန္တတာရာဇတ်၊ ဦးအုန်းမောင်၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဝင်းတို့ အလောင်းများကို အပ်ပါသည်။ မွန်းလွဲ ၂ နာရီလောက်မှာ ဒီးဒုတ်ဦးဘချိုအလောင်းကို လက်ခံစစ်ဆေးပါသည်။ နောက် ရင်ခွဲရုံသို့ ပို့ပါသည်။ ဒဏ်ရာပြင်းထန်စွာရသော ဒီးဒုတ်ဦးဘချိုကို ဒေါက်တာ ဦးဘပုက ကုသပါသည်ဟု ထွက်ဆို၏။

## တရားခံမှုန်ကြီး ဒဏ်ရာကုသော ဆရာဝန်၏ထွက်ချက်

လုပ်ကြံမှုကြီးတွင် သက်သေတစ်ဦးဖြစ်သူ အင်းစိန်ဆေးရုံမှ ဒေါက်တာဦးရွှေဝိုင်းက ကျမ်းကျိန်ထွက်ဆိုသည်မှာ ဇူလိုင် ၁၉ ရက် နေ့က လက်ယာဘက်လက်တွင် ဒဏ်ရာရရှိသူ တရားခံမောင်မှုန် ညနေ ၆ နာရီလောက်တွင် ဆေးရုံရောက်လာပါသည်။ ဒဏ်ရာမှာ လက်မောင်းကျိုးသွားသော ဒဏ်ရာဖြစ်ပါသည်။ တင်ပါးမှာလည်း မှန်ကွဲစများ ထိမှန်ထားသလို အပေါက်ကလေးတွေနှင့် ဒဏ်ရာတစ်ခု တွေ့ပါသည်။ လက်မှဒဏ်ရာမှာ အရိုးရော အသားပါ ကြေကွဲသွားသောဒဏ်ရာ ဖြစ်ပါသည်။ ၄င်းဒဏ်ရာမှာ မီးလောင်ရာမရှိ၍ ခပ်လှမ်းလှမ်းမှပစ်သော ဒဏ်ရာပင် ဖြစ်ပါသည်။ အကွာအဝေးကိုတော့ မပြောနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ကျည်ဆန်ပို့ရသော သက်သေထွက်ချက်

ထို့နောက် သက်သေတစ်ဦးဖြစ်သူ ဆေးရုံစာရေးကြီး ဦးချစ်က ကျမ်းကျိန်၍ ထွက်ဆိုသည်မှာ လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ အလောင်းများမှ ရရှိသော ကျည်ဆန်ခြောက်လုံးကို စာအိတ်တစ်လုံးတွင် ချိပ်တံဆိပ်ပိတ်ပြီး ပုလိပ်မင်းကြီးထံ ပို့ပါသည်။

မစ္စတာရာဇတ်ကိုယ်မှ နှစ်လုံး၊ ဦးအုန်းမောင်ကိုယ်မှတစ်လုံး၊ ဦးဘချိုကိုယ်မှတစ်လုံး၊ ဦးဘဝင်းကိုယ်မှ နှစ်လုံး ပေါင်းခြောက်လုံး ရရှိပါသည်။ ပို့စဉ်အခါက ကျည်ဆန်များကိုရသော အလောင်းအမည် နှင့် ပူးတွဲ၍ တစ်ထုပ်စီထုပ်ပါသည်။ ကျည်ဆန်ထုပ်ကို မင်းစေ မောင်တင်လှိုင်နှင့် ပုလိပ်မင်းကြီးထံ ပို့ပါသည်။ ဇူလိုင် ၂၃ ရက်နေ့ တွင် ပို့ပါသည်။

## ကားနံပါတ်ပြား ရေငုပ်ယူသူ၏ ထွက်ချက်

သက်သေ အာပတ်စကိုးက ကျမ်းကျိန်ထွက်ဆိုသည်မှာ ကျွန်တော် အေဒီလမ်း ဦးစောအိမ်သို့ ဩဂုတ်လ ၄ ရက်နေ့ ၁၀ နာရီ ရောက်ပါသည်။ ဦးစောအိမ်မှာရှိသော ပုလိပ်အရာရှိများက ရေထဲဆင်းငုပ်၍ ပစ္စည်းရှာခိုင်းပါသည်။ ရေငုပ်ရမည့်နေရာကို လူတစ်ယောက်က လှေနှင့်လှော်၍ နေရာပြပါသည်။ ထိုနေရာ ရေငုပ်ရှာဖွေရာ အာရ်ဘီ-၉၈၃၀ နံပါတ်သံပြားတစ်ခု ရပါသည်။

ထိုသံပြားမှာ ယခုရုံးတော်တွင် တင်ပြထားသော သံပြား ဖြစ်ပါသည်။

နောက် ဩဂုတ်လ ၅ ရက်နေ့ ၉ နာရီလောက်ကိုရောက်တော့ လူတစ်ယောက် ကမ်းပေါ်ကနေပြီး နံပါတ်ဖလိပ်ပစ်တဲ့ပုံပြလို့ ငုပ်ရှာ တော့ ကားနံပါတ်ပြား အာရ်အေ-၃၁၂၃ ရရှိပါ၍ ရုံးတော်တွင် အာရ်အေ-၃၁၂၃ မှာ သံပြားနှစ်ခုဖြစ်နေရာ တရားသူကြီးက ၄င်း ငုပ်ယူရသော ကားနံပါတ်ပြားကို အရွေးခိုင်းသဖြင့် သက်သေက ဝိုင်ယာကြိုးမပါသော သံပြားကို ရွေးပြလိုက်သည်။

**ဗာတားနစ်။** ။ဦးစောခြံထဲ ခင်ဗျားသွားတော့ ဘယ်သူတွေ တွေ့သလဲ။

www.burmeseclassic.com

www.burmeseclassic.com



**အာပတ်စကိုး။** ။ဟိုမှာ ပုလိပ်ယူနီဖောင်းနှင့် လူအစိတ် သုံးဆယ်လောက် ရှိပါသည်။ လက်နက်ကိုင် ပုလိပ်များဖြစ်၍ ဦးစောခြံကို အစောင့်ကျနေသော ပုလိပ်များ ဖြစ်ပါသည်။

## ဦးစောအိမ် စောင့်ကြည့်ရသူ၏ ထွက်ချက်

ဦးစော အိမ်ရှေ့အိမ်မှ စောင့်ကြည့်ရသူ သက်သေ မောင်လှ တင်က ကျမ်းကျိန်ထွက်ဆိုသည်မှာ ကျွန်တော် အေဒီလမ်း မစ္စတာခန်းအိမ်တွင် နေပါသည်။ ဇူလိုင် ၁၈ ရက်နေ့ ညနေ ၇ နာရီခွဲလောက်မှာ ကပ္ပတိန်ခန်းက မင်း မနက်ကို ဦးစောအိမ် ကားအဝင်အထွက် မောင်စိုးမြင့်နှင့် အတူ ကြည့်ရမည်ဟု ပြောပါသည်။ နောက်နေ့နံနက်ကျတော့ ဦးစောအိမ်နှင့် မျက်နှာချင်းဆိုင် ရေတွင်းအနီးမှ စောင့်ကြည့်နေကြပါသည်။

ကျွန်တော်နှင့် မောင်စိုးမြင့်တို့ဟာ နံနက် ၈ နာရီလောက်မှစ၍ ချောင်းကြည့်နေပါသည်။ နောက် နာရီဝက်လောက်ကြာတော့ စုံထောက်ဘက်မှ လူတစ်ယောက် ထပ်မံ ရောက်ရှိပါတယ်။ ၈ နာရီ ခွဲလောက်မှာ ဦးစောခြံဝင်းအတွင်း ကားဂိုထောင်နားတွင် ထရပ်ကား တစ်စီး ရပ်ထားပါသည်။ နောက် မောင်စိုးမြင့်က ဟော ဦးစော လာပြီ၊ ကားပေါ်က လူတစ်ယောက်ကို တစ်ခုခု ပေးနေတယ်ဆိုသဖြင့် လှမ်းကြည့်လိုက်ရာ လူတစ်ယောက်က ကားနောက်ပိုင်းမှ တက်သွားသည်ကို မြင်လိုက်ရပါသည်။

ဦးစောကို နှစ်ခါ မြင်ဖူးပါသည်။ ထိုစဉ်အခါက ဦးစောမှာ ရှပ်အဖြူ၊ ဘောင်းဘီနက်ပြာ ဝတ်ထားသည်ကို တွေ့မြင်ရပါသည်။ နောက် ၅ မိနစ်၊ ၁၀ မိနစ်လောက်ကြာတော့ ထရပ်ကားနံပါတ် အာရ်အေ-၃၁၂၃ ထွက်လာတာ မြင်ရပါသည်။ နောက်ပိုင်းက မိုးကာအုပ်ထားသဖြင့် လူ ဘယ်လောက် ပါသည် မသိပါ။ ရှေ့ပိုင်းမှာ လူနှစ်ယောက် မြင်ရပါသည်။

နောက် နံနက် ၁၀ နာရီလောက်မှာ ဦးစော ခြံဝင်းအတွင်းမှ အာရ်စီ-၁၈၁၄ ဂျစ်ကားထွက်လာသည်ကို မြင်တွေ့ရပါသည်။ လူလေး-ငါးယောက် မိုးကာအင်္ကျီများ ဝတ်ထားပြီး ကားပေါ်ပါသွားသည်ကို တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက် ငါးမိနစ်လောက်ကြာတော့ ဦးစော ခြံဝသို့ ထွက်လာပြီး မျက်လုံးက ဟိုကြည့်သည်ကြည့် တံခါးစောင့်ကို တစ်စုံတစ်ရာ တီးတိုးမှာကြားနေသည်ကို တွေ့မြင်ရပါသည်။ နောက် ဦးစောက တစ်မိနစ်မှာကြားပြီးနောက် သူ့အိမ်ဘက် ပြန်သွားပါသည်။

နောက် ၁၀ နာရီ ၅ မိနစ်လောက် အိမ်ပြန် ဆေးလိပ်သောက်ရင်း မစ္စတာခန်းကို မြင်သမျှ တွေ့သမျှ ပြောပြပါသည်။ နောက် ကျွန်တော်လည်း ကိုယ့်နေရာကိုယ်ပြန်ပြီး ဆက်လက် ချောင်းကြည့်ပါသည်။ ၁၁ နာရီလောက်မှာ ထွက်သွားတဲ့ ဂျစ်ကားလေးဟာ ရေးကြီးသုတ်ပျာနဲ့ ပြန်ဝင်လာသည်ကို တွေ့မြင်ရပါသည်။

ခြံဝင်းဝတွင် မြန်မြန်တံခါးဖွင့်မပေးကောင်းလားဆိုပြီး ဂျစ်ကားပေါ်က လူတစ်ယောက်က ကြိမ်းမောင်းသံ ကြားရပါသည်။ နောက် ငါးမိနစ်လောက်ကြာတော့ ထရပ်ကား ၃၁၂၃ ရေးကြီး သုတ်ပျာနဲ့ ပြန်ဝင်လာပါသည်။ ခြံတံခါးဖွင့်ပေးပြီး ကားအဝင်မှာ ကားပေါ်ပါတဲ့ လူတစ်ယောက်က ဘယ်သူလာလာ ဖွင့်မပေးနဲ့ဟု ပြောသံကြားလိုက်ရပါသည်။

ကျွန်တော် ထိုနေ့ မွန်းလွဲ နာရီပြန် ၁ ချက်ထိ စောင့်ကြည့်ပါသည်။ နောက်ထပ် ဦးစောခြံဝင်းထဲသို့ ဘာကားမှ အဝင်အထွက် မရှိတော့ပါ။ ဂျစ်ကားဝင်လာတဲ့အချိန်တွင် မစ္စတာခန်း ကားနှင့်အထွက် နှင့် ကြုံကြိုက်နေရာ သူ့ကားကို ဘရိတ်အုပ်ပြီး ရပ်လိုက်သည်ကို မြင်ရပါသည်။

ထိုနေ့က မစ္စတာခန်း အလုပ်မှ ၂ နာရီခွဲလောက် ပြန်လာပါသည်။ ၃ နာရီလောက်တွင် လက်နက်ကိုင် ပုလိပ်များ လော်ရီကားနှင့် ရောက်ရှိလာပြီး ဦးစောအိမ်ကို ဝိုင်းဝန်းကြပါသည်။ နောက် ဦးထွန်းလှအောင်ခေါ်သဖြင့် ကျွန်တော့် အစီရင်ခံစာတွင် သက်သေအဖြစ် လက်မှတ်ရေးထိုးရပါသည်။ ဂျစ်ကားလေးလည်း ဦးစောအိမ် ဆင်ဝင်အောက်တွင် ရပ်ထားသည်ကို တွေ့ရပါသည်။ ထရပ်ကားကိုတော့ ကျွန်တော် ချောင်းကြည့်စဉ် ၁၁ နာရီ၊ ၁၂ နာရီလောက်မှာ ကားဂိုထောင်ထဲသွင်းတာ မြင်ရပါသည်။ မနက်ကမြင်ရသော ဂျစ်ကားမှာ ညနေမြင်ရတော့ အာရုံစီမဟုတ်တော့ဘဲ အာရုံဘီဖြစ်နေသည်ကို တွေ့ရပါသည်။

ထို့နောက် ထောင်ဝင်းအတွင်းရှိ ဦးစောအိမ်မှ သိမ်းယူထားသော ဂျစ်ကားကို သက်သေ မောင်လှတင်အား သွားရောက်ကြည့်ရှုစေပါသည်။

www.burmeseclassic.com



ဂျစ်ကားကိုကြည့်ပြီး ဆက်လက်ထွက်ဆိုသည်မှာ ထိုနေ့က ဦးစောအိမ် အဝင်အထွက်တွင် တွေ့ရသော ဂျစ်ကားမှာ အမိုးနှင့် ဖြစ်ပါသည်။ ဩဂုတ်လ ၁၂ ရက်နေ့က ဦးစောအိမ် ဂျစ်ကားသိမ်းစဉ်က သက်သေအဖြစ် လက်မှတ် ရေးထိုးပါသည်။

## စွဲချက်တင်ရန် လျှောက်လွှာတင်တော့မည်

**ဦးထွန်းဖြူ။** ။ယခု လာမည့် တနင်္လာနေ့တွင် ယခု လုပ်ကြံမှုကြီး တရားခံများအား စွဲချက်တင်ရန် လျှောက်လွှာတင်သွင်းဖို့ စိတ်ကူးထားပါသည်။

**တရားသူကြီး။** ။လျှောက်လွှာ မတင်မီ အမှုကြီး စုံစမ်းစစ်ဆေးရသော ပုလိပ်အရာရှိ ဦးသိန်းအုန်းကို စစ်ဆေးရန် လိုပါ သေးသည်။

ယနေ့ လုပ်ကြံမှုကြီး၏ (၁၃)ကြိမ်မြောက် စစ်ဆေးသောနေ့ ဖြစ်၏။ ၎င်းနေ့တွင် ဦးစော၊ ဗာတားနစ် ဦးစံဝင်းတို့ ဆွေးနွေးတိုင်ပင်ကြသေး၏။ ထို့နောက် တရားသူကြီးများ၊ အစိုးရရှေ့နေချုပ်ကြီး၊ တရားခံ ရှေ့နေများ စုံညီသည်နှင့် အမှုကို ဆက်လက် စစ်ဆေးကြလေသည်။

## ကားဖြုတ်မေးခွန်း

**ဦးဘအေး၏ထွက်ချက်။** ။ထို့နောက် သက်သေတစ်ဦးဖြစ်သူ ဦးဘအေး က ကျမ်းကျိန်ထွက်ဆိုသည်မှာ ကျွန်တော် စမ်းချောင်း ဇလွန်လမ်းတွင် နေပါသည်။ ကျွန်တော် ဂျစ်ကား တစ်စီးဝယ်ပြီး လွန်ခဲ့တဲ့ ဩဂုတ်လ ၆ ရက်နေ့က ပြန်ရောင်းလိုက်ပါသည်။ ကားနံပါတ် အာရ်စီ–၁၈၁၄ ဖြစ်ပါသည်။ ကားလိုင်စင်ကို ဇူလိုင်လ ၈ ရက် ၁၉၄၇ က ယူပါသည်။ ကားပျက်နေ၍ ပြင်ရန် ဖြစ်ပါသည်။ ၎င်းကားကို လိုင်စင်ယူပြီး သုံး၊ လေးရက်ကြာတော့ ရှိန္ဒသိမ်းကုမ္ပဏီက ဝယ်ယူပါသည်။

ကားနံပါတ်ချင်းတူနေလို့ အဖမ်းခံရပါသည်။ တာတော့ မသိပါ။ ဩဂုတ်လ ၆ ရက်နေ့မှာ ဒါလဟိုဇီလမ်းက ကုလားတစ်ယောက်ကို ၁၅၀၀ ကျပ်နှင့် ရောင်းလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## လက်ညှိုးနှင့်ရေးသော နံပါတ်

သက်သေခံ တင်ပြထားသော ကားသုံးစီးအနက် ၎င်းရောင်းလိုက်သော ဂျစ်ကားကိုလိုက်၍ ပြစေရာ…

ဂျစ်ကားကို ရွေးပြပြီး အပြန်တွင် ဆက်လက်ထွက်ဆိုသည်မှာ ကျွန်တော် ရောင်းလိုက်သော ဂျစ်ကားမှာ အမိုးမပါသော ဂျစ်ကားနံပါတ် အာရ်စီ-၁၈၁၄ ပင် ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင် ကားမောင်းတတ်ပါသည်။ ပြင်တော့ မပြင်တတ်ပါ စစ်ဘက်မှ စစ်ကားများကို ဝယ်၍ ပြင်ဆင်ပြီး ပြန်ရောင်းပါသည်။ ၎င်းဂျစ်ကားတွင်ပါသော နံပါတ် အာရ်စီ-၁၈၁၄ မှာ ကျွန်တော်ကိုယ်တိုင် လက်ညှိုးနှင့်ရေးသော နံပါတ်ပင်ဖြစ်ပါသည်။ အခုလည်း ဤအတိုင်းရှိပါသည်။

## လှပ်ကြဲမှုကြီး၏ အမှုစစ်ဆေးရေး ရာဇဝတ်ဝန်ကလေး ဦးသိန်းအုန်းထွက်ချက်

ထို့နောက် လှပ်ကြဲမှုကြီးတွင် အမှုစစ်ဆေးရေးအရာရှိ ရာဇဝတ်ဝန်ကလေး ဦးသိန်းအုန်းက ကျမ်းကျိန်ထွက်ဆိုသည်မှာ ကျွန်တော်သည် ၁၉၄၇ ဇူလိုင် ၂၂ ရက်နေ့မှစ၍ လှပ်ကြဲမှုကြီးကို စုံစမ်းစစ်ဆေးရန် တာဝန်ကျပါသည်။ ထိုတာဝန်ကို ကျွန်တော့်အား လွှဲပေးမီ အင်စပိတ်တော် ဦးလှဖေ ကိုင်ပါသည်။ တာဝန်ကျပြီးနောက် ၂၂ ရက်နေ့တွင် ဦးစောအိမ် သွားရပါသည်။ ထိုနေ့တွင် ရာဇဝတ်ဝန်ကလေး ဦးစိုးရင်က ဂျစ်ကားနံပါတ် အာရ်ဘီ-၉၈၃၁ ကားကို ကျွန်တော့်လက်သို့ လွှဲအပ်ပါသည်။ ၎င်းဂျစ်ကားမှာ ယခုထောင်တွင်းရှိ အမိုးနှင့် ဂျစ်ကားဖြစ်ပါသည်။

ဦးစော အိမ်ဆင်ဝင်အောက်မှ သိမ်းယူခဲ့စဉ်က ဂျစ်ကား ဘယ်ဘက် အမိုးတွင် ရှန့်နီစကလေး ချည်ထားသည်ကို တွေ့ရပါသည်။ ထိုသို့ ချည်ထားခြင်းမှာ နတ်ပသသည့် ကိစ္စပင် ဖြစ်ပါသည်။ ထိုနေ့မှာပင် ဂျစ်ကားကို မောင်းပြီး ကန်တိုမင့်ဌာန ဂိုထောင်အတွင်း ထည့်ထားလိုက်ပါသည်။

အမှုနှင့် ပတ်သက်သော သက်သေအချို့ကိုလည်း ကျွန်တော် စစ်ဆေးရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက် အချိန်မရတာနဲ့ ထိုနေ့မှာပင် ရန်ကုန်သို့ ခေါ်ဆောင်လာပါသည်။ ထိုစဉ်က သူတို့ကို ပုဒ်မ ၅နှင့် ဖမ်းထားခြင်းဖြစ်ပါသည်။ ခင်မောင်ရင်မှတစ်ပါး သူတို့အားလုံးကို မြို့မအချုပ်တွင် ထားပါသည်။ ခင်မောင်ရင်ကိုတော့ ကြည့်မြင်တိုင် အိုးဘိုဂါတ်တွင် ထားပါသည်။

ဇူလိုင် ၂၃ ရက်နေ့နံနက်မှာ ရန်ကုန်ဆေးရုံကြီးမှ ဗိုလ်ချုပ်တို့အတွက် ဆေးစာများနှင့်တကွ ၄င်းတို့ အလောင်းပေါ်တွင်မှ ရရှိသော ချိပ်ပိတ်ထားသည့် ကျည်ဆန်များကို စာရေးမောင်တင်မြင့်ထံမှ ရရှိပါသည်။ ဦးလှဘော်သို့ ပေးလိုက်ပါသည်။

ဇူလိုင် ၂၄ ရက်နေ့မှာ တရားခံရန်ကြီးအောင်၊ ဘိုနီနှင့် ဦးစောအိမ်မှ အဖမ်းခံရသူများကို အင်းစိန် ထောင်မှတစ်ဆင့် ရန်ကုန်မြို့မ အချုပ်ခန်းသို့ ပို့ပါသည်။ ဇူလိုင် ၂၆ ရက် နေ့တွင် တရားခံမှုန်ကြီးကို အင်းစိန်ဆေးရုံမှာ တွေ့ရပါသည်။ မှုန်ကြီးကို လည်း ထိုနေ့မှာပင် ရန်ကုန်သို့ ခေါ်ဆောင်လာပါသည်။

ဇူလိုင်လ ၂၉ ရက်နေ့မှာ သက်သေမောင်ရှိန်ကို မြို့မအချုပ်ခန်းမှ ဦးစောအိမ်သို့ ခေါ်သွားပါသည်။ သက်သေပစ္စည်းတစ်ခုကို ပြမည်ဆို၍ ခေါ်သွားခြင်း ဖြစ်သည်။ သူတို့ခေါ်သွားခြင်းမှာ သူ့စိတ်နှင့်သူ့ကိုယ် ခေါ်ပါဆို၍ ခေါ်သွားခြင်းဖြစ်ပါသည်။

သက်သေ မောင်ရှိန်ပြသော ပြာပုံမှရရှိသည့် အဝတ်စများကို တရားသူကြီး ဦးဘကြိုင် ရှေ့မှာပင် သိမ်းယူထားပါသည်။ ထိုစဉ်အခါက အရပ်လူကြီး ဦးဘဓလည်း ရှိပါသည်။

ပြာပုံမှရသော အဝတ်စများကို စုံထောက်ကျောင်းအုပ်ကြီး ဦးလှဘော်ထံ ပေးပို့ပါသည်။ ဇူလိုင်လ ၂၉ ရက်နေ့မှာ သက်သေ မောင်ရှိန်နှင့်အတူ တင်ရွှေနှင့် ရန်ကြီးအောင်တို့လည်း ဦးစောအိမ် ခေါ်သွားပါသည်။

## သူတို့သဘောအရ

သူတို့ကို စစ်ဆေးတဲ့အခါမှာ သူတို့က ဦးစောအိမ် ပို့ပါဆိုလို့ ခေါ်သွားရခြင်း ဖြစ်ပါသည်။ သက်သေ ရန်ကြီးအောင် လိုက်ပြသဖြင့် ကာကီအဝတ်စိမ်း ဦးထုပ်ငါးလုံးနှင့် အုတ်ခဲတစ်လုံးရပါသည်။ သက်သေ

www.burmeseclassic.com

www.burmeseclassic.com



တင်ပြထားသော ဦးထုပ်များ ဖြစ်ပါသည်။ မောင်တင်ရွှေ လိုက်ပြသဖြင့် အာရ်အေ-၃၁၂၃ လို့ရေးထားတဲ့ ကားနံပါတ်တစ်ခု ရပါသည်။ တင်ရွှေနှင့် ရန်ကြီးအောင်တို့မှာ ဦးစောအိမ်တွင် နေထိုင်ကြသူများ ဖြစ်ပါသည်။

နောက် ဇူလိုင် ၃၀ ရက်နေ့မှာ စိန်မောင်ခေါ်သွားပါသည်။ တရားသူကြီး ဦးဘကြိုင်ရှေ့မှာပင် ဦးစောအိမ်နောက်ဖေး မီးဖိုတွင်းမှ (၁၂) နံပါတ်တံဆိပ် ခြသေ့်ရုပ်နှင့် တံဆိပ်များ၊ မီးရှို့ထားသော ပြာပုံကို ပြပါသည်။ ရရှိသော အဝတ်စနှင့် ပြာများကိုလည်း စစ်ဆေးကြည့်ရှုနိုင်ရန် ဦးလှဘော်ထံသို့ ပို့လိုက်ပါသည်။

## တရားသူကြီး ခေါ်ရခြင်း

ဖြောင့်ချက်ပေးသော တရားခံများအတွက် ၃၁ ရက်နေ့မှ တရားသူကြီးတစ်ယောက် အလိုရှိကြောင်း အရေးပိုင်ထံ စာတင်ပါသည်။ ဇူလိုင် ၃၁ ရက်နေ့တွင် ဦးစောအိမ်ကို ခင်မောင်ရင် ခေါ်သွားပါသည်။ ခင်မောင်ရင် လိုက်ပြသဖြင့် ဆေးဘူးနှစ်ဘူးနှင့် စုတ်တံ တစ်ခုကို ဒေါ်သန်းခင် အိပ်ခန်းအတွင်းမှ ရပါသည်။ ထိုအချိန်ကလည်း တရားသူကြီး ဦးဘကြိုင် ရှိနေပါသည်။

## ဘညွန့်ကို ပထမ

ဩဂုတ်လ ၁ ရက်နေ့တွင် တရားသူကြီးထံ ဖြောင့်ချက်ပေးရန် မောင်ဘညွန့်ကို ပို့ပါသည်။ ဩဂုတ်လ ၂ ရက်နေ့မှာ ရန်ကြီးအောင်နှင့် သုခတို့ကို ပို့ပါသည်။ ဩဂုတ်လ ၄ ရက်၊ ၅ ရက်တွင် သက်နှင်း၊ မှူးကြီး၊ မောင်စိန်၊ ဘိုနီတို့ကို ပို့ပါသည်။ ဩဂုတ်လ ၆ ရက်နေ့တွင် ခင်မောင်ရင်တို့ကို ပို့ပါသည်။ ထိုစဉ်က တရားခံများကို တစ်ဦးစီ ခွဲပို့ရခြင်းမှာ တရားသူကြီး တစ်ဦးတည်းသာ စစ်ချက်ယူလျှင် ကောင်းမည်ဟုထင်၍ တရားသူကြီးတစ်ဦးတည်း စစ်ဆေးခြင်း ဖြစ်ပါသည်။

## လူစီတန်းပြစဉ်က

ဩဂုတ်လ ၈ ရက်နေ့မှာပင် အရေးပိုင်ထံ တရားသူကြီးတစ်ယောက် လူစီတန်းပြရာတွင် တာဝန်ယူပါသည်။ တရားခံ မောင်စိုး၊

www.burmeseclassic.com

www.burmeseclassic.com


စိန်ကြီး၊ သုခ၊ ရန်ကြီးအောင်တို့ကို ရွေးပြရန် ဖြစ်ပါသည်။ ရွေးရမည့် သက်သေများမှာ ဦးထင်ပေါ်၊ မောင်သောင်းစိန်၊ မောင်သန်း၊ မောင် သိန်းနှင့် မောင်အုန်းတို့ ဖြစ်ပါသည်။

## ကားနံပါတ် အာရ်စီ-၁၈၁၄

ဦးဘအေးပိုင် အာရ်စီ-၁၈၁၄ ကားကို ဩဂုတ်လ ၁ ရက် နေ့မှာ ကုလားတစ်ယောက် (ဆန်တော့တူးမား)ဆိုသူထံမှ သိမ်းယူခဲ့ ပါသည်။ တီအင်ဟယူဂျာရှေ့မှ သိမ်းယူခဲ့ခြင်း ဖြစ်ပါသည်။ ဖို့ဆင် ထရပ်ကားကိုလည်း ထိုနေ့မှာပင် စုံထောက် အရာရှိများထံမှတစ်ဆင့် သိမ်းယူလိုက်ပါသည်။

၄င်းကားကို စုံထောက်အရာရှိ ရာဇဝတ်ဝန်လေး ဦးစိုးရင်က ပထမ သိမ်းထားပါသည်။ ဩဂုတ်လ ၁၂ ရက်နေ့မှာပင် ဦးစောအိမ်မှ အမိုး မပါသော ဂျစ်ကားနံပါတ် ဂျင်နရယ်-၁၆၇ ကို သိမ်းယူ လိုက်ပါသည်။ မောင်လှတင်နှင့် မောင်မင်းဒင်တို့ရှေ့မှာ ဖြစ်ပါသည်။

## သက်သေခံ သေနတ်များ

ဩဂုတ်လ ၄ ရက်နေ့ မောင်ထွန်းရှိန်က သူ့ကို ဦးစောအိမ် ပို့ပါဆို၍ ခေါ်လာရာ ဦးဘကြိုင်ရှေ့တွင် လိုက်ပြသဖြင့် အာရ်ဘီ- ၉၈၃၁ ကို ငုပ်ယူရရှိပါသည်။ ဩဂုတ်လ ၁၂ ရက်နေ့တွင် အာရ်စီ- ၁၈၁၄၊ အာရ်ဘီ-၄၅၄၀ ပါသော နံပါတ်နှစ်ဖက် ရေးထားသော ကားနံပါတ်ပြားကို သိမ်းယူရရှိပါသည်။

နောက် စက်တင်ဘာလ ၃ ရက်နေ့တွင် စုံထောက် ကျောင်းအုပ် ကြီးထံမှ သက်သေခံပစ္စည်း သေနတ်များနှင့် ယမ်းတောင့်ခွံများကို သွားရောက် ယူရပါသည်။

စုစုပေါင်း သေနတ်ခုနစ်လက် ပါဝင်ပါမည်။ ဦးစောအိမ်အနီး ရေကန်အတွင်းမှ ငုပ်ယူရရှိသော သေနတ်များမှာ လိုင်စင်မရှိသော သေနတ် များဖြစ်ကြောင်း ဆိုင်ရာမှ စုံစမ်းသိရှိရပါသည်။ ဦးစောအိမ်မှ သိမ်းယူရရှိ သော စတင်းဂန်းတစ်လက်နှင့် သေနတ်အငယ်စားလေး တစ်လက်မှာမူ လိုင်စင်ရှိပါသည်။

ထို့နောက် ဦးစောအိမ်နှင့် ခြံကို မြေပုံဆွဲရန် ညွှန်ကြားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗာတားနစ်။ ။၁၉ ရက်နေ့ ပုလိပ်ဝိုင်းစဥ်က ခင်ဗျား ပါသေးသလား။

ဦးသိန်းအုန်း။ ။ပါမသွားပါ။ ကျွန်တော် စစ်ဆေးရသော သက်သေများ မှာ ဇူလိုင်လ ၂၂ ရက် မောင်လှတင်၊ မောင်စိုးမြင့်၊ ဦးမင်းဒင်တို့ကို ပထမ ဦးစောအိမ်မှာ မေးပြီးနောက် မစ္စတာ ခန်းအိမ်တွင် စစ်ပါသည်။ ၂၅ ရက်နေ့မှာ မစ္စတာခန်းကို စစ်ဆေး ပါသည်။ လှတင်၊ စိုးမြင့်နှင့် မင်းဒင်တို့ကို စစ်ချက်မပေးပါ။ မစ္စတာ ခန်းကိုတော့ သူကတောင်း၍ နောက်ထပ် စစ်ချက်တစ်စောင် ရိုက်ပေးပါသည်။ ခန်းစစ်ချက် တစ်ခုတည်း ကိုသာ ပေးပါသည်။

ဇူလိုင်လ ၃၀ ရက်နေ့မှာ မောင်အုန်းကို စစ်ဆေးပါသည်။ ဩဂုတ်လ ၁၄ ရက်နေ့မှာ မောင်အေးဖေ၊ မောင်စုတို့ကို စစ်ဆေးပါသည်။ ထိုနေ့မှာပင် စုံထောက်မင်းကြီး ဦးထွန်းလှအောင်ကို စစ်ပါသည်။

ဩဂုတ်လ ၁၇ ရက်နေ့မှာ လက်ဖတင်နင်ကိုးဆင်နှင့် ရေငုပ် ရှာဖွေသူများ၊ ၂၀ ရက်နေ့တွင် ၁-တရားခံ ဦးစော၊ ၂၅ ရက်နေ့မှာ မစ္စတာဆင်း၊ ၂၆ ရက်နေ့မှာ ဦးအောင်ဖဝေနှင့် မောင်ကျော်စိန်၊ ၂၈ ရက် နေ့တွင် ရာဇဝတ်ဝန် ဦးစိုးရင်၊ စက်တင်ဘာလ ၈ ရက်နေ့တွင် ဗိုလ်ထွန်းလှ၊ ဦးသန်းဖေ၊ ၂ ရက်နေ့တွင် စိုးသိန်း၊ တင်မောင်နှင့် ဗိုလ်စောသောင်း၊ ၅ ရက်နေ့တွင် မစ္စတာဂျပ်၊ ၆ ရက်နေ့တွင် ဌာန အင်စပိတ်တော် ဦးမောင်မောင်နှင့် စာရေး မောင်တင်မြင့်၊ ၁၀ ရက်တွင် ရာဇဝတ်အုပ် မောင်သိန်း၊ ၁၃ ရက်နေ့တွင် ကျင်မောင်နှင့် မင်းနိုင်တို့ကို စစ်ဆေးပါသည်။

ကျွန်တော့် အကူအညီအဖြစ် ဦးလှဖေ၊ ဦးနွတ်၊ ဦးကိုကိုကြီး၊ ဦးသန်းကြွယ်တို့လည်း ပါပါသည်။

## ဗာတားနစ်၏ မေးခွန်း

ဗာတားနစ်။ ။မစ္စတာခန်းကို စစ်ပြီးနောက် ထပ်တွေ့သေးသလား။

ဦးသိန်းအုန်း။ ။တွေ့ပါသေးသည်။ ဦးစောအိမ်မှာသော်လည်းကောင်း၊ သူ့အိမ်မှာသော် လည်းကောင်း တွေ့ပါသည်။

ဗာတားနစ်။ ။ခန်းကို ဘယ်နှကြိမ် စစ်သလဲ။

ဦးသိန်းအုန်း။ ။တစ်ကြိမ်ပဲ စစ်ပါသည်။ ရန်ကြီးအောင်နှင့်မောင်တင်ရွှေ တို့ကို စစ်တဲ့ အခါရှိက သူတို့ ဦးစောအိမ်မှာ သက်သေခံ

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်း ရှိတဲ့နေရာ ပြလိုသည်ဆို၍ ခေါ်သွားခြင်း ဖြစ်ပါသည်။ ဦးထုပ်များ ရေထဲမှ ဆယ်ယူစဉ်ကလည်း ကျွန်တော် ပါပါသည်။ ဦးထုပ်များ ငုပ်စဉ်က နှစ်လုံးတစ်ကြိမ်၊ နှစ်လုံးတစ်ကြိမ်နှင့် နောက်ဆုံးတစ်လုံးမှာ အုတ်ခဲတစ်လုံး နှင့်အတူ ရရှိပါသည်။

**ဦးစံဝင်း။** ။တရားခံ ရန်ကြီးအောင်ကို စစ်ဆေးရသလား။

**ဦးသိန်းအုန်း။** ။ကျွန်တော် မစစ်ဆေးရပါ။ မစ္စတာခန်းကို စစ်ဆေးသော နေ့မှာ ဇူလိုင် ၂၅ ရက်နေ့ ဖြစ်ပါသည်။ ၁၄ ရက်နေ့ ဖြစ်ရခြင်းမှာ ကော်ပီအကူးမှား၍ ဖြစ်ပါသည်။

ထို့နောက် မစ္စတာခန်းကို စစ်ဆေးစဉ်က မူလကော်ပီစာရွက်ကို ရုံးတော်သို့ တင်ပြစေပါသည်။ မူလကော်ပီတွင် ဇူလိုင် ၂၅ ရက်နေ့ မှာပင် ဖြစ်ပါသည်။ တစ်တရားခံ ဦးစော၏ရှေ့နေ မစ္စတာဗာတားနစ်က အစိုးရသက်သေ မောင်ဘညွန့်၏ ဖြောင့်ချက်ကို ကော်ပီတစ်ခု တောင်း သဖြင့် တရားသူကြီးက ပေးခွင့်ပြုသည်။

**ဗာတားနစ်။** ။မစ္စတာခန်း စစ်ဆေးစဉ်က အောက်က ကာဗွန် ရိုက် သလား။

**ဦးသိန်းအုန်း။** ။ကာဗွန်ခံ မရိုက်ပါ။ တစ်ရွက်စီ သတ်သတ်ရိုက်ပါ သည်။

## ပထမဖြောင့်ချက်ပေးသူ

**တရားသူကြီး။** ။ဘယ်သူကစပြီး ဖြောင့်ချက်ပေးချင်ပါတယ်လို့ ပြော သလဲ။

**ဦးသိန်းအုန်း။** ။ဇူလိုင် ၂၅ ရက်နေ့မှာ ခင်မောင်ရင်၊ စိန်ကြီးက စ၍ ဖြောင့်ချက်ပေးလိုကြောင်း ပြောပါသည်။ နောက် အခြား တရားခံများ ဖြောင့်ချက်ပေးနိုင်အောင်လည်း အမြန်ဆုံး စီစဉ်ပါသည်။ အထက်အရာရှိများကိုလည်း အမြန် အစီရင်ခံပါသည်။

ထိုအချိန်တွင် တိုင်းပြည် အခြေအနေလည်း အတော်ဆိုးနေပါ သည်။ ဖြောင့်ချက်မပေးမီက ခင်မောင်ရင်က လမ်းမတော်ရုံးမှာ၊ မောင်စိန်

www.burmeseclassic.com



က တောင်လုံးပြန့်ဌာနမှာ ရှိပါသည်။ အခြားတရားခံများမှာ မြို့မအချုပ်တွင် ရှိပါသည်။

တရားခံများကို ပုဒ်မ(၅)နှင့်သာ ဖမ်းထားပါသည်။ ရုံးတော်က အမိန့်ထုတ်မှ စက်တင်ဘာလ ၂၅ ရက်နေ့ကျမှ ၄င်းတို့ လုပ်ကြံမှုနှင့် အမှုဖွင့်ပါသည်။ ယခုအမှုကြီးမှာ လုပ်ကြံမှုကြီးဖြစ်၍ ရိုးရိုးအမှုနှင့် မတူပါ။ ဦးလှဖေ၊ ဦးကိုကိုကြီးတို့၏ စစ်ချက်များရှိပါသည်။ ယခု အမှုကြီးတွင် တစ်စုံတစ်ခုဖြစ်ပြီး ပျောက်သွားလျှင် ကျွန်တော့်တာဝန်ဖြစ်၍ လုံခြုံသော နေရာတွင် သိမ်းဆည်းထားပါသည်ဟု ထွက်ဆို၏။

❖

## အကြံကြီးတဲ့ ဘဏ်ကြီးရှင် ဦးစော

### လုပ်ကြံမှုကြီးမှာ ထင်ရှားနေပါသဖြင့် ဘဏ်ကြီးရှင်ဦးစောနှင့် လူသတ်သမားတို့အား စွဲချက်များတင်ရန် အစိုးရရှေ့နေချုပ်ကြီးက လျှောက်ထားလိုက်ခြင်း

လုပ်ကြံမှုကြီးကို ၃-၁၁-၄၇ နေ့ နံနက်က အင်းစိန်ထောင်ကြီး အတွင်း ခုံရုံးတော်က ဆက်လက်စစ်ဆေးရာ ပထမဆုံး လုပ်ကြံမှုကြီး ဖြစ်ပွားပြီးသည့်နောက် တရားခံများကို စစ်ဆေးရသူ ရာဇဝတ် ဝန်ထောက် ဦးသိန်းအုန်းအား ဆက်လက် စစ်ဆေးသည်။

ရာဇဝတ်ဝန်ထောက် ဦးသိန်းအုန်းက တရားခံများကို စစ်ဆေးရပုံ များကို ထွက်ဆို သွားပြီးသည့်အခါ အစိုးရရှေ့နေချုပ်ကြီး ဦးထွန်းဖြူက အမှုမှာ အားလုံး ထင်ရှားသလောက် ဖြစ်နေပြီဖြစ်၍ တရားခံများအပေါ် စွဲချက်တင်ပါရန် ခုံရုံးတော်သို့ အောက်ပါအတိုင်း လျှောက်တင်သည်။

### စွဲချက်တင်ပါတော့

ကျွန်တော် အခု ရုံးတော်သို့ လျှောက်တင်ပါ့မယ်။ ရာဇဝတ် ကျင့်ထုံးပုဒ်မ (၂၅၂)အရ ရုံးတော်က သက်သေများအားလုံးကို မစစ် ဆေးရသော်လည်း ခိုင်လုံတဲ့ သက်သေများကို စစ်ဆေးပြီးနောက် တရားခံ များအား စွဲချက်တင်ရန် ကျွန်တော် ပုဒ်မများနဲ့တကွ တင်သွင်းလိုတယ်ဟု

www.burmeseclassic.com

www.burmeseclassic.com


ဦးထွန်းဖြူက လျှောက်ထားရာ တရားခံရုံးတော် ဥက္ကဋ္ဌ ဦးကျော်မြင့်က ပထမတရားခံ ဦးစောရှေ့နေ မစ္စတာဗာတားနစ်အား မည်သို့ လျှောက်ထားလိုသလဲဟု မေးမြန်းရာ မစ္စတာ ဗာတားနစ်က ဦးထွန်းဖြူ ယခု လျှောက်ထားတဲ့အတိုင်းပါပဲ ဖြေကြားပြီးနောက် ဦးထွန်းဖြူက ဆက်လက်၍…

အခု အမှုကြီးမှာ တရားခံ တစ်ဦးဖြစ်တဲ့ ဘညွန့်ဟာ အမှုဖြစ်ပွားပုံကို ဖြောင့်ဆိုခဲ့ပြီး ဖြစ်ပါတယ်။

၄င်းနောက် တရားခံ ခင်မောင်ရင်၊ သုခ၊ မောင်စိန်(ခ)စိန်ကြီး၊ ဘိုနီ(ခ)မောင်နီတို့ ဖြောင့်ချက်ထပ်ပေးကြပါသေးတယ်။ အဲသည် ဖြောင့်ချက်တွေအရ မောင်စိန်ဟာ သည်လုပ်ကြံမှုကြီးမှာ ကိုယ်ထိလက်ရောက် ပါဝင်နေတဲ့လူ ဖြစ်ပါတယ်ဟု လျှောက်ထားရာ ဦးကျော်မြင့်ကသည် အမှုမှာ မောင်စိန်ကတော့ တိုက်ရိုက်ကြီး ဖြောင့်ဆိုထားပါတယ်။ ခင်မောင်ရင်ကတော့ အတွင်းဝန်ရုံးကို လုပ်ကြံဖို့သွားစဉ်က ဘယ်လို သွားရတယ်ဆိုတာကို ဖြောင့်ချက် ပေးပြီးပြီပဲ။ သုခကတော့ အတွင်းဝန်ရုံးကို လုပ်ကြံဖို့သွားစဉ်က သူကိုယ်တိုင် ကားမောင်းပို့ရပုံတွေကို လျှောက်ထား ဖြောင့်ဆိုပြီးပြီပဲဟု ပြောသည်။

## အမှုကတော့ မှန်နေပါပြီ

ထိုအခါ ဦးထွန်းဖြူက သည်လိုဖြောင့်ချက်တွေကို အခြေပြုပြီးတော့ ခုံရုံးတော်က စွဲချက်တင်ရန် ဖြစ်ပါတယ်။ တရားခံ ရန်ကြီးအောင်က ဖြောင့်ချက်ပေးပြီး ဖြစ်ပေမယ့် သူက ပြန်ရုပ်သိမ်းတဲ့ သဘောမျိုး ဖြစ်နေပါတယ်။ ဒါပေမယ့် သည့်ပြင် ဖြောင့်ချက်တွေကို ထောက်ချင့်ခြင်းအားဖြင့် ဤအမှုကြီးဟာ အမှုမှန် ပေါ်နေပါပြီ။

## သူတို့ထွက်ချက်လည်း သည်လို

တရားခံ စိန်ကြီးရဲ့ ဖြောင့်ချက်အရမှာလည်း သူဟာ သူ ကိုယ်တိုင် လုပ်ကြံမှု ဖြစ်ပွားတဲ့နေ့က ဦးစောအိမ်မှာ ရှိနေပါတယ်ဆိုတာ ထင်ရှားနေပါတယ်။ နောက်ပြီး စိန်ကြီးက လူသတ်မှု ကျူးလွန်ရာမှာ ကိုယ်တိုင်ပါဝင်တယ်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မင်းစေ မောင်သောင်းစိန်ကလည်း စိန်ကြီးကို မှတ်မိပါတယ်ဆိုတာနဲ့ပဲ ထင်ရှားနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## မောင်နီကလည်း

မောင်နီက ထွက်ဆိုရာမှာလည်း စိန်ကြီးဟာ လူသတ်မှုမှာ ပါဝင်နေတယ်ဆိုတာ ထင်ရှားနေပါတယ်။

## မှုန်ကြီးအတွက်ကတော့

တရားခံ မှုန်ကြီးအတွက်ကတော့ တရားခံ ခင်မောင်ရင်နဲ့ မောင်နီတို့ရဲ့ ထွက်ချက်အရပဲ သည်အမှုကြီးနဲ့ပတ်သက်ပြီး စွဲချက်တင်ဖို့ ဖြစ်ပါတယ်။

## ကူညီအားပေးသူ

ထိုအခါ ဦးကျော်မြင့်က ဦးထွန်းဖြူအား မှုန်ကြီးအတွက်ဟာ စက္ကရီတေရီရဲ့ရုံးကို ပါသွားတာ ဘယ်သူ့အတွက်လဲဟု မေးမြန်းရာ ဦးထွန်းဖြူက စိန်ကြီးထွက်ဆိုချက်အရပဲ မှုန်ကြီးဟာ ဟိုနေ့က ဗိုလ်ချုပ်အောင်ဆန်း အခန်းရှေ့ကနေပြီး အတွင်းဝန်ရုံးအတွင်း ဂျစ်ကား မောင်းဝင်လာစဉ် ခေါင်းညိတ်ပြပါသေးတယ်လို့ ပါနေပြီးသားပဲ။ သည်တော့ မှုန်ကြီးဟာ သည်အမှုမှာ ကူညီအားပေးသူတစ်ယောက် ဖြစ်ပါတယ်။ ဦးစောအိမ် ပုလိပ်များ ဝိုင်းစဉ်ကလည်း မှုန်ကြီးကပဲ ခုခံသေးတာ ထင်ရှားပါတယ်။

## ဉာဏ်ကြီးရှင် ဦးစော

ပထမတရားခံ ဦးစောအဖို့မှာတော့ လုပ်ကြံမှုကြီးမှာ ခေါင်းဆောင်ပြီး ဉာဏ်ကြီးရှင်တစ်ဦး ဖြစ်ပါတယ်။ ဦးစောဟာ ဘညွှန့်ရဲ့ ဖြောင့်ဆိုချက်များအပြင် သည့်ပြင် ငါးယောက်တို့ရဲ့ ဖြောင့်ချက်ပေးတာများကို အပထားပြီး စဉ်းစားရမယ်ဆိုရင် လုပ်ကြံမှုကြီး ဖြစ်ပွားပြီးတဲ့နောက် လေးနာရီကြာ အချိန်မှာ ဦးစောကို သူ့နေအိမ်အတွင်းမှာပဲ လူသတ်သမားများနဲ့ အတူ ပေါင်းစည်းမိပါတယ်။ သည်တော့ ဦးစောဟာ ပူးပေါင်းကြံစည်တဲ့ နေရာမှာ ခေါင်းဆောင် ကြံစည်သူ ဖြစ်ပါတယ်။ သည်တော့ ဦးစောဟာ လုပ်ကြံမှုမှာ ပါဝင်နေတယ်ဆိုတာ ထင်ရှားပါတယ်။

## လက်နက်တွေက အထင်အရှား

သည်နောက် လုပ်ကြံတဲ့နေရာမှာသုံးတဲ့ သေနတ်တွေကို ဦးစော ဘုရားကျောင်းဆောင်နားကပဲ ရထားပြီး ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## သည်ပုဒ်မတွေနဲ့ ဦးစောကို

ဒါကြောင့် အမှုမှာ ထင်ရှားနေတော့ ဦးစောကို ၃၀၂-၁၂၀(ခ)၊ ၃၀၂-၁၀၉ အရ စွဲချက်တင်ရပါ့မယ်။ နောက် တခြား ဖြောင့်ချက်တွေကြောင့်လည်း ဦးစောမှာ လုပ်ကြံမှုကို ကြံစည်သူ၊ အနီးအပါးက အားပေးသူ၊ လုပ်ကြံမှု ကြံစည်စဉ်က ဦးအောင်ဆန်းတို့ကို သတ်ရန် ရည်ရွယ်ကြံစည်ခြင်း ဖြစ်ပါတယ်။

## မောင်စိုးကတော

မောင်စိုးကတော့ ၃၀၂-၁၂၀(ခ)၊ ၃၀၂-၃၄ အရ စွဲချက်တင်ရပါ့မယ်။

## သက်နှင်း၊ မောင်စိန်

သက်နှင့်နှင့် မောင်စိန်ကိုတော့ ၃၀၂-၁၂၀(ခ)၊ ၃၀၂-၃၄ အရ စွဲချက်တင်ရပါ့မယ်။

## မောင်ထွေး သတ်သူ

ရန်ကြီးအောင်ကိုတော့ မောင်ထွေးကို အသေအချာသတ်သူ ဖြစ်သဖြင့် ၃၀၂-၁၂၀(ခ)၊ ၃၀၂-၃၄ အရ စွဲချက်တင်ရပါ့မယ်။

## သုခ၊ မှန်ကြီး၊ မောင်နီ

သူတို့သုံးဦးကိုလည်း ၃၀၂-၁၂၀(ခ)၊ ၃၀၂-၁၀၉ တို့အရ စွဲချက်တင်ဖို့ လျှောက်ထားပါတယ်ဟု ရှေ့နေချုပ်ကြီးက လျှောက်တင်ရာ ဦးစောရှေ့နေ ဗာတားနစ်က ကျွန်တော့်ဆီကို လျှောက်ထားချက် ပေးပို့ရာမှာ တရားခံ ဘညွန့်ရဲ့ ဖြောင့်ချက်ကော်ပီကို ယခုတိုင်မရရှိသေးသည့်အတွက် တရားခံဘညွန့်ရဲ့ ထွက်ဆိုချက် ဖြောင့်ချက်ကော်ပီ ကို ပေးပါဟု တောင်းဆိုရာ ဦးကျော်မြင့်က တရားခံများ၏ ဖြောင့်ချက်များ စစ်ဆေးရသူ ဦးသိန်းအုန်းအား ခေါ်ယူစစ်ဆေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ရှိပါလိမ့်မယ်

ထိုအခါ ဦးသိန်းအုန်းက တရားခံ ဘညွန့်ကို ရာဇဝတ် မောင်သန်းကြွယ် စစ်ဆေးပါသည်။ ဘညွန့်ရဲ့ ထွက်ချက်တွေ အကြမ်းရေးထားတဲ့ ကော်ပီကို ဒုတိယပုလိပ်မင်းကြီး ဦးဘမောင်သို့ ပေးထားပါတယ်။ အဲသည် ကော်ပီ ဦးဘမောင်ဆီမှာ ရှိပါတယ်။

**ဦးကျော်မြင့်။** ။အဲသည် ကော်ပီ အကြမ်းရေးထားတဲ့ ဟာကို အခု ချက်ချင်း ယူပေးပါဟု ပြောရာ…

**ဦးသိန်းအုန်း။** ။ဒုတိယပုလိပ်မင်းကြီး ဦးဘအေးက ခုံရုံးတော်က အမှု စစ်ဆေးနေဆဲ အချိန်မှီ လာပို့နိုင်မယ် မထင်ပါ။ သို့သော် ကြိုးစားပြီးတော့ ရောက်အောင်ပို့ပါ့မယ်။ ပြန်ဖြေကြားသော်လည်း ဦးကျော်မြင့်က ယခု ညနေ ၃ နာရီ ထိုးနေပြီ ဖြစ်သည့်အတွက် သည်ကော်ပီကို ဗာတားနစ်ယူထားပြီး နောက်နေ့မှ လျှောက်လဲတာပေါ့ဟုဆိုပြီး နောက်တစ်နေ့အထိ ရွှေ့ဆိုင်းကာ ရုံးဆင်းလိုက်တော့ကြောင်း။

ဦးသိန်းအုန်းက စာရွက်များမှာ အရေးကြီးသော စာရွက်များ ဖြစ်၍ ဒုတိယ ပုလိပ်မင်းကြီးထံ အပ်နှံထားပါသည်။ ယနေ့အဖို့ တင်ပြရန် အချိန်မမီတော့ပါဟု တင်ပြသောအခါ နက်ဖြန်ခါ နိဝင်ဘာ ၄ ရက်နေ့တွင် ယင်းထွက်ချက်များ ယူခဲ့ရန် တရားသူကြီးက မှာကြား၏။

❖

## နှစ်ဦးနှစ်ဖက် စွဲချက်တင်သင့် မတင်သင့် အချီအချ လျှောက်လဲချက်များ ပေးကြလေပြီ

ဤနေ့ကား နိုင်ငံတော် ပြည်သူ့ခေါင်းဆောင်များ လုပ်ကြံမှုကြီးကို အင်းစိန်ထောင်ကြီးအတွင်းရှိ ခုံသမာဓိရုံးတော်တွင် (၁၄)ကြိမ်မြောက် ဆက်လက် စစ်ဆေးသောနေ့ ဖြစ်၏။

မပြီးပြတ်သေးသော လုပ်ကြံမှုကို စုံစမ်းစစ်ဆေးရသူ ရာဇဝတ်ဝန်ကလေး ဦးသိန်းအုန်းသည် မစ္စတာ ဗာတားနစ်အလိုရှိသော အစိုးရ

www.burmeseclassic.com



သက်သေ မောင်ဘညွန့်၏ မူလ ပုလိပ်အစစ်ခံစဉ်က အစစ်ခံချက်များနှင့် တကွ ရောက်ရှိလာကာ ရုံးတော်သို့ တင်ပြလေသည်။

## ယုံကြည်ရန် မရှိပါ

မစ္စတာ ဗာတားနစ်က ဤအမှုကြီးမှာ အလွန်အရေးကြီးသော အမှုကြီး ဖြစ်ပါသည်။ ထိုအမှုကြီးတွင် ဘညွန့်၏ ဖြောင်ဆိုချက်မှာ အလွန် အရေးကြီးသော ဖြောင့်ချက်ဖြစ်ပါသည်။ ဘညွန့်မှာ သခင်နုကိုသတ်ရန် တာဝန်ကျသူ ဖြစ်ပါသည်။ ဘညွန့်၏ထွက်ချက်တွင် သခင်နုကို သူ၏ နိုင်ငံရေး ဆရာဖြစ်၍ မသတ်လိုကြောင်း ဂါတ်တွင် ထွက်ဆိုပြီး ရုံးတွင်မူ သတ်ရန် သူ့စိတ်ကိုသူ ဆုံးဖြတ်ပါသည်။ သို့သော် မတွေ့၍ မသတ်ရပါဟု ဆိုပါသည်။ ရှေ့နောက် မညီမညွတ် ထွက်ဆိုသွားပါသည်။ သို့ဖြစ်၍ ဘညွန့်၏ ဖြောင့်ချက်ကို ယုံကြည်ရန် မရှိပါ။

**တရားသူကြီး။** ။ဘညွန့်မှာ ဖို့ဆင်ထရပ်ကားနှင့်အတူ လိုက်ပါသွားသူ ဖြစ်၍ လုပ်ကြံမှုကြီးတွင် ကြံရာပါတစ်ယောက်ဖြစ်သည်။

**ဗာတားနစ်။** ။မှန်ပါသည်။ ဘညွန့်နှင့်တကွ တရားခံများကို ထောင်တွင် အချုပ်နှင့် ထားခဲ့ပါသည်။ ထို့နောက် တရားခံများကို တစ်ဦးစီ၊ နှစ်ဦးစီ လူခွဲ၍ ထုတ်သွားပြီး စစ်ဆေးသည်ကိုထောက်သော် တရားခံများအား တစ်မျိုးတစ်ဖုံ ထွက်ဆိုကြရအောင် လုပ်နိုင်မည်ဖြစ်ပါ သည်။ ထို့ပြင် ဘညွန့်၏ဖြောင့်ဆိုချက်များကို အခြားတရားခံများက ငြင်းပယ်ဖို့ သင့်ပါသည်။ ဘညွန့်ကို ပုလိပ်က နေရာတကာ ခေါ်သွားခြင်း၊ ဘညွန့်မှာ ခေတ်ပညာတတ် တစ်ယောက်ဖြစ်၍ ဘာမဆိုလုပ်ရဲသူ ဖြစ်ပါသည်။

ဘရင်းဂန်း သေနတ်များ ခိုးယူရာတွင်လည်း ဤအမှုကြီးနှင့် သက်ဆိုင်သင့်ပါသည်။ သို့ဖြစ်၍ ဘညွန့်၏ ထွက်ဆိုချက်များမှာ မှန်သည်ဟု မယူဆစေလိုပါ။ ယခုအမှုမှာ အလွန်အရေးကြီးသော အမှုကြီး ဖြစ်ပါသည်။ နောက်ထပ် သက်သေများကလည်း ဘယ်လို ထွက်ဆိုကြမည် မသိပါ၊ ထူးခြားသော အချက်အလက်များကို ပြရန် ခဲယဉ်းပါသည်။

စွဲချက်တင်ရန် ပြထားသော ပုဒ်မများနှင့် ပတ်သက်၍ ပုဒ်မ ၁၂၀(ခ)နှင့် မည်သို့မျှ မဆီလျော်ပါဟု ယူဆပါသည်။ တရားခံများ အပေါ်တွင်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လဲပြီးနောက် အထက်ဖော်ပြပါအကြောင်းအချက်တို့ ထောက်ဆ၍ အမိန့်ချရာတွင် ဆင်ခြင်စဉ်းစားသင့်ပါသည်။

## ဦးစံဝင်း လျှောက်လဲချက်

ထို့နောက် တရားခံ မောင်စိုး၊ သက်နှင်း၊ မှုန်ကြီးတို့၏ ရှေ့နေ ဦးစံဝင်းက ရုံးတော်သို့ လျှောက်လဲချက်ပေးသည်မှာ ကျွန်တော်၏ တရားခံ တစ်ဦးဖြစ်သူ မှုန်ကြီးမှာ ယခု အမှုကြီးတွင် ကြံရာပါလည်း မဟုတ်ပါ။ ပါဝင်ကူညီသူလည်း မဟုတ်။ ဘညွန့်၏ ဖြောင့်ချက်ထဲတွင် မှုန်ကြီးနှင့် ပတ်သက်၍ စွဲထားခြင်းလည်း မရှိပါ။ ခင်မောင်ရင်၊ စိန်ကြီးတို့၏ ဖြောင့်ဆို ချက်တွင်သာလျှင် မှုန်ကြီးကို စွပ်စွဲထားပါ၍ ၎င်းတို့နှစ်ဦး၏ စွပ်စွဲချက်နှင့် စွဲချက်မတင်သင့်ပါဟု လျှောက်လဲတော့၏။

## မင်းတို့ ဘာပြောလိုသလဲ

ထို့နောက် ဥက္ကဋ္ဌ တရားသူကြီးက မောင်စိန်၊ သုခ၊ ခင်မောင် ရင်နှင့် မောင်နီတို့အား အစိုးရရှေ့နေချုပ်ကြီး ဦးထွန်းဗြူက ပုဒ်မမည်၍ မည်မျှနှင့် စွဲချက်တင်ရန် လျှောက်လဲချက်ပေးထားသည်။ မင်းတို့ ဘာပြောလို သလဲဟု မေးသည်တွင် တရားခံ စိန်ကြီးနှင့် သုခတို့က ဘာမျှ မပြောလို ကြောင်း ပြောပြကြ၏။ ခင်မောင်ရင်ကမူ ကြံစည်မှုတွင် လုံးဝ မပါပါ။ အားပေးကူညီမှုတွင်သာပါကြောင်း ပြောပြ၏။

တရားခံ ဘိုနီခေါ် မောင်နီကမူ သူ့မှာ ဘုမသိ၊ ဘမသိနှင့် လိုက်ရပါသည်။ ကြံစည်မှုတွင် လုံးဝ မပါပါ။ ကြံစည်ဖို့ကို မဆို ထားနှင့် ဦးစောအနီးသို့ပင် မသွားဝံ့ပါ။ တရားသူကြီးထဲတွင် ဖြောင့် ချက်ပေးသည်မှာ အမှန်အကန်အတိုင်း ထွက်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ခင်မောင်ရင်ကလည်း သူသည် ဦးစောကို အလွန်ကြောက်ရသူဖြစ်၍ သူ ခိုင်းသမျှကို လိုက်လုပ် ရပါသည်။ တရားသူကြီးထံတွင် ဖြောင့်ဆို ချက်ပေးခဲ့သည်မှာ အမှန်အတိုင်း ဖြစ်ပါသည်ဟု တင်ပြ၏။

## ရှေ့နေချုပ်ကြီး လျှောက်လဲချက်

ထို့နောက် ရှေ့နေချုပ်ကြီးက ကျုန့်တရားခံများဖြစ်ကြသော ဦးစော၊ မောင်စိုး၊ သက်နှင်းနှင့် ရန်ကြီးအောင်တို့အတွက် ထပ်မံ လျှောက်လဲပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ရင်၏ ဖြောင့်ချက်တွင် ဇူလိုင် ၁၇ ရက်နေ့က ဦးစောက ဝန်ကြီး အစည်းအဝေး ရှိမရှိ စုံစမ်းသည်ဟု ပါရှိပါသည်။

ဘညွန့်ကလည်း ဦးစောက ဗိုလ်ချုပ်ကို သတ်ပစ်မှသာလျှင် နိုင်ငံရေး ဆက်လုပ်နိုင်မည်ဟု ထွက်ဆိုထားပါသည် စသည်ဖြင့် လျှောက်လဲ၏။

## လုပ်ကြံမှုကြီး စွဲချက်တင်ပြီ

တရားသူကြီးက တရားခံများအား အပြစ်ရှိမရှိ မေးမြန်းရာ တရားခံ ဘိုနီက ပါဏာတိပါတကံ ထိုက်မထိုက် ဥက္ကဋ္ဌ တရားသူကြီးသို့ ပြန်လှန် လျှောက်ထားသည်။

ထို့နောက် ၁၂ နာရီ မိနစ် ၄၀ အချိန်တွင် ၁-တရားခံ ဦးစော အပေါ် စွဲချက်တင်သည်မှာ ခုံသမာဓိရုံးတော် တရားသူကြီးများဖြစ်သော

၁။ ဦးကျော်မြင့်၊ ဦးအောင်သာကျော်၊ ဦးစိဘူးတို့က ၁-တရားခံဖြစ်သူ အဘ ဦးဘိုးကြူး၏သား ဦးစောသည် ဇူလိုင်လ ၁၈ရက်၊ ၁၉ ရက်နေ့က ဗိုလ်ချုပ်နှင့်အတူ ဘုရင်ခံ အမှုဆောင် ဝန်ကြီးများအား လုပ်ကြံရန်နှင့် သခင်နုအား သတ်ရန် သဘောတူခဲ့သည်။ သဘောတူ ကြံစည်ခဲ့သည့်အတိုင်း လည်း ဇူလိုင် ၁၉ ရက်နေ့က ဗိုလ်ချုပ်နှင့်တကွ ဝန်ကြီးများ အသတ်ခံရသဖြင့် မောင်မင်းအပေါ်တွင် ရာဇသတ်ပုဒ်မ ၁၂၀(ခ) အရ လည်းကောင်း၊ ပုဒ်မ ၃၀၂အရ လည်းကောင်း ဤခုံ သမာဓိရုံးတော်က စွဲချက်တင်လိုက်သည်။

၂။ မောင်မင်းသည် ဇူလိုင် ၁၈ ရက်၊ ၁၉ ရက်က အေဒီလမ်း အိမ်နံပါတ်(၇)မှ ဗိုလ်ချုပ်အောင်ဆန်းအား သတ်ရန် တရားခံ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်နှင့် စိန်ကြီးတို့ကို အားပေးကူညီခဲ့သဖြင့် ဤခုံသမာဓိ ရုံးတော်မှ မောင်မင်းအပေါ်တွင် ပုဒ်မ ၃၀၂- ၁၀၉ အရ ဤရုံးတော်မှ စွဲချက်တင်လိုက်သည်။

၃။ ထို့ပြင် မောင်မင်းသည် ဇူလိုင် ၁၉ ရက်နေ့က အတွင်းဝန် ရုံးတွင် ဝန်ကြီးမန်းဘခိုင်ကို သတ်ရာ၌ တရားခံ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်တို့ကို အားပေးကူညီခဲ့သည့်အတွက် လူသတ်မှု ပုဒ်မ ၃၀၂

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံမှုကြီး အားပေးကူညီမှု ပုဒ်မ ၁၀၉ အရ မောင်မင်းအား ဤခုံသမာဓိရုံးတော်က စွဲချက်တင်ပြီးဖြစ်၍ ဤရုံးတော်တွင် စစ်ဆေးရပေလိမ့်မည်။

**တရားသူကြီး။** ။တရားခံ ဦးစော ဘယ်လိုသဘောရသလဲ။ ၄င်း စွဲချက်အတိုင်း အပြစ်ရှိသလား၊ မရှိဘူးလား။

**ဦးစော။** ။စွဲချက်သုံးခုစလုံးတွင် အပြစ်မရှိပါ။ (အင်္ဂလိပ်လို ပြောသည်)

**ဥက္ကဋ္ဌ တရားသူကြီး။** ။ယခု ရုံးတော်မှ စစ်ပြီးသော သက်သေများအနက် ဘယ်သက်သေကို ပြန်လည် စစ်ဆေးလိုပါသလဲ။ ဦးစောကသော် လည်းကောင်း၊ ဦးစောရှေ့နေ မစ္စတာ ဗာတားနစ်ကသော် လည်းကောင်း ပြောပါ။

**ဦးစံဝင်း။** ။ပြန်လည် စစ်ဆေးလိုသော သက်သေများစာရင်း လုပ်နေပါပြီ။

**ဗာတားနစ်။** ။ဘိလပ်မှ ဝတ်လုံ ဟင်နရီကား တစ်ဘင်းနက် လာမည်ဖြစ်၍ အမှုကြီးကို ဆက်လက် မစစ်ဆေးသေးဘဲ ရက်သတ္တ နှစ်ပတ်မျှ ဆိုင်းပေးစေလိုပါသည်။

**ဥက္ကဋ္ဌ တရားသူကြီး။** ။သည်ကိစ္စ နောက်မှပြောပါ။ တတ်နိုင်သလောက် လိုက်လျောပေးပါ့မယ်။

## တရားခံမောင်စိုး

မင်းလှမြို့နေ အဘ ဦးလူကလေး၏သား တရားခံ မောင်စိုးသည် ဇူလိုင် ၁၈၊ ၁၉ ရက်နေ့များက အေဒီလမ်းနေအိမ်မှ ပြစ်မှု ကျူးလွန်ရန် သဘောတူခဲ့ပြီးနောက် ဗိုလ်ချုပ်နှင့်တကွ ဝန်ကြီးများ အသတ်ခံရသည့်အတွက် ပုဒ်မ ၁၂၀(ခ)နှင့် ပုဒ်မ ၃၀၂ တို့ဖြင့် ဇူလိုင် ၁၉ ရက်နေ့က မောင်မင်းသည် သက်နှင်း၊ မောင်စိန်၊ ရန်ကြီးအောင်တို့နှင့်အတူ အတွင်းဝန်ရုံးတွင် ဗိုလ်ချုပ် နှင့်တကွ အမှုဆောင်ဝန်ကြီးများကို ပစ်သတ်သဖြင့် လူသတ်မှုပုဒ်မ ၃၀၂-၃၄ တို့ဖြင့် မောင်မင်းအား ဤရုံးတော်မှ စွဲချက်တင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဇူလိုင် ၁၉ ရက်နေ့က မောင်မင်းသည် သက်နှင်း၊ ရန်ကြီးအောင်၊ မောင်စိန်တို့နှင့်အတူ အတွင်းဝန်ရုံးတွင် ဝန်ကြီး မန်းဘခိုင်နှင့် အမှုဆောင်ဝန်ကြီးများအား သတ်သဖြင့် ပုဒ်မ ၃၀၂-၃၄ တို့ဖြင့် ဤရုံးတော်မှ မောင်မင်းအား ထိုပုဒ်မအရ တရားစစ်ဆေး စီရင်လိမ့်မည်။

**ဥက္ကဋ္ဌ တရားသူကြီး။** ။ထိုပုဒ်မများအရ မောင်မင်းအပေါ်တွင် အပြစ်ရှိသလား။

**မောင်စိုး။** ။မရှိပါ။

**ဥက္ကဋ္ဌ။** ။မောင်စိုး ဘယ်သက်သေတွေကို ပြန်လည် စစ်ဆေးလိုပါသလဲ။ မောင်မင်း ခေါ်လိုက ခေါ်ပါ။ မောင်မင်းရှေ့နေ ခေါ်လိုက ခေါ်ပါ။

## တရားခံ သက်နှင်း

အဘ ဦးကျော်အေး၏သား နံပါတ် (၃)တရားခံ သက်နှင်းမှာလည်း ပြစ်မှုကျူးလွန်ရာတွင် (၂)တရားခံ မောင်စိုးကဲ့သို့ပင်ဖြစ်၍ စွဲချက်တင်သော ပုဒ်မများမှာလည်း အတူတူပင် ဖြစ်သည်။ ထို့ကြောင့် ၎င်းပုဒ်မများအရ အပြစ်ရှိမရှိမေးရာ မရှိကြောင်းပင် လျှောက်ထားဖြေဆို၏။

## ရန်ကြီးအောင်(ခ)လှထွန်း

အဘဦးထွန်း၏သား တရားခံ ရန်ကြီးအောင်အတွက်မှာလည်း မောင်စိုး၊ သက်နှင်းတို့ကဲ့သို့ပင် စွဲချက်သုံးချက်ဖြင့် ပုဒ်မတစ်မျိုးတည်းပင် ဖြစ်ပေသည်။ သို့သော်လည်း မောင်ထွေးသတ်မှုတစ်ခု ပိုနေသဖြင့် လူသတ်မှု ပုဒ်မ ထပ်မံ၍ တင်ရပြန်သည်။ ဥက္ကဋ္ဌတရားသူကြီးက မောင်မင်းတွင် အပြစ် ရှိ၊ မရှိ မေးရာ မရှိကြောင်း ငြင်းဆိုဖြေကြားသည်။

## တရားခံ စိန်ကြီး

ကြို့ပင်ကောက်မြို့နေ အဘဦးမောင်ကြီး၏သား တရားခံ စိန်ကြီးခေါ် မောင်စိန်မှာလည်း လုပ်ကြံမှုကြီးတွင် တရားခံ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်တို့ကဲ့သို့ စွဲချက်တင်ပုဒ်မများ ထပ်တူထပ်မျှ ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



**တရားသူကြီး။** ။ခုံရုံးတော်က မောင်မင်းအပေါ် စွဲချက် သုံးချက်ဖြင့် ပုဒ်မများ တပ်ထားသည်။ မောင်မင်း ဘယ်လိုသဘော ရသလဲ။ အပြစ်ရှိသလား မရှိဘူးလား။

**စိန်ကြီး။** ။ဦးစောကို ကြောက်နေရ၍ သူခိုင်းသမျှ လုပ်ရပါသည်။ ပြန်လည် စစ်ဆေးရန် သက်သေများလည်း မခေါ်လိုပါ။

## တရားခံ သုခ

ကျိုက်လပ်မြို့နေ အဘ ဦးမော်၏သား ဒရိုင်ဘာ တရားခံ သုခမှာ လုပ်ကြံမှုကြီးတွင် ဦးစော၊ ဘိုနီ၊ ခင်မောင်ရင်၊ မှုန်ကြီးတို့ ကဲ့သို့ပင် ခုံရုံးတော်က စွဲချက်သုံးချက် ပုဒ်မတပ်ထားပါသည်။

**တရားသူကြီး။** ။အပြစ် ရှိ၊ မရှိ မေးရာ…

**သုခ။** ။ဦးစောကို ကြောက်ရ၍ ခိုင်းသမျှ လုပ်ရပါသည်။

## တရားခံ ခင်မောင်ရင်

အဘဦးမြရင်၏သား ခင်မောင်ရင်မှာလည်း ဦးစော၊ သုခ၊ ဘိုနီ၊ မှုန်ကြီးတို့ကဲ့သို့ပင် ပုဒ်မတူ စွဲချက်တူပင် တပ်ထားသည်။

တရားသူကြီး၏ အပြစ်ရှိမရှိ မေးခွန်းကို အပြစ်ရှိမည် မထင်ပါ။ ဦးစောကို ကြောက်ရ၍သာ လုပ်ရပါသည်။ သက်သေများကို လည်း ပြန်မခေါ်လိုတော့ပါဟု ဖြေ၏။

## တရားခံ မှုန်ကြီး

တရားခံ မှုန်ကြီးအတွက်မှာလည်း တရားခံ ဦးစော၊ ခင်မောင် ရင်၊ ဘိုနီတို့ကဲ့သို့ပင် လုပ်ကြံမှုကြီးတွင် အတူပါဝင်သဖြင့် စွဲချက်တူ ပုဒ်မတူပင် တပ်ထားပါသည်။ အထက်ပါ စွဲချက်နှင့် ပတ်သက်၍ မောင်မင်းတွင် အပြစ် ရှိ၊ မရှိ မေးရာ မရှိကြောင်း ဖြေဆိုလေသည်။

## မောင်နီ

တရားခံ မောင်နီမှာလည်း ဦးစော၊ သုခ၊ ခင်မောင်ရင်၊ မှုန်ကြီး တို့ကဲ့သို့ပင် လုပ်ကြံမှုကြီးတွင် စွဲချက်သုံးခုနှင့် ရုံးတော်မှ ပုဒ်မအတူတူပင် တပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌ။ ။မောင်မင်းတွင် အပြစ် ရှိ၊ မရှိ မေးရာတွင် မောင်နီက…

မောင်နီ။ ။တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော် အနည်းငယ် လျှောက်ထားပါရစေ။

တရားသူကြီး။ ။အပြစ် ရှိမရှိ ဖြေပါ။ နောင် လျှောက်ထားလိုသမျှ လျှောက်ထားနိုင်ခွင့် ပြုပါလိမ့်မည်။

မောင်နီ။ ။အနည်းငယ်မျှ လျှောက်ထားခွင့်ပြုပါ။ သုံး၊လေးခွန်းမျှသာ လျှောက်ထားပါမည်။

တရားသူကြီး။ ။ကောင်းပြီ၊ ကောင်းပြီ။ ခင်ဗျား ဘာများပြောလိုပါသလဲ ပြောပါ။

## ပါဏာတိပါတကံဆိုတာ

မောင်နီ။ ။တရားသူကြီးမင်း ခင်ဗျား။ ပါဏာတိပါတကံကို ကျူးလွန်ရာ၌ သူ့အသက်ကို သတ်ရန် စိတ်ပါရပါမည်။ ကိုယ်တိုင်လည်း သတ်ရပါမည်။ အသတ်ခံရသူလည်း သေရပါမည်။ သို့ဖြစ်၍ ဤအမှု တွင် ဘုရား ကျွန်တော်မျိုးအတွက် ပါဏာတိပါတကံ ထိုက်မထိုက် စဉ်းစား တော်မူပါ။ အကယ်၍ ပိုးမွှားတစ်ကောင်ကို မသိဘဲ နင်းမိ၍ သေခဲ့သော် ပါဏာတိပါတကံ ထိုက်မထိုက် စဉ်းစားတော်မူပါ။

## စစ်ဗိုလ်အပြစ်လား၊ စစ်သားအပြစ်လား

တရားသူကြီးမင်း ခင်ဗျား။ စစ်တပ်ကြီးတစ်ခုမှာ ရန်သူစစ်တပ်ကြီးနှင့် ရင်ဆိုင်တွေ့ကြုံနေပါတယ်။ စစ်ဗိုလ်လုပ်သူက ပစ်-ပစ်ဟု အမိန့်ပေးသဖြင့် တစ်ဖက်တွင် သေကြပါသည်။ ထိုသို့ သေဆုံးခြင်းမှာ စစ်ဗိုလ်အပြစ်လား၊ စစ်သားအပြစ်လား၊ တရားသူကြီးမင်း စဉ်းစားတော်မူပါ။

တရားသူကြီး။ ။ကောင်းပြီ။ ဒါဖြင့် အပြစ်မရှိဘူးလို့ ဆိုလိုတာလား။

မောင်နီ။ ။ဟုတ်ပါတယ်။

## စွဲချက်နှင့် ပုဒ်မတူသူများ

လုပ်ကြံမှုကြီးတွင် ၁-တရားခံ ဦးစောခေါင်းဆောင်သူ၊ သုခ ဒရိုင်ဘာ၊ ခင်မောင်ရင် တယ်လီဖုန်းဆက်သူ၊ ဘိုနီ အတွင်းဝင်ရှုံး တံခါးစောင့်၊

www.burmeseclassic.com

www.burmeseclassic.com



မှန်ကြီး ဗိုလ်ချုပ်အောင်ဆန်းအခန်း ခေါင်းညိတ်ပြသူ၊ ၄င်းတရားခံများအတွက် လူသတ်မှုပုဒ်မ ၃၀၂-၁၂၀(ခ) ပူးပေါင်း ကြံစည်မှု၊ ပုဒ်မ ၃၀၂ ဗိုလ်ချုပ် သတ်မှုတွင် ပါဝင်မှု၊ ပုဒ်မ ၁၀၉ အားပေးကူညီမှု ပုဒ်မနှင့် တွဲဖက်ထားပြီး ဝန်ကြီးမန်းဘခိုင် သတ်မှု ပုဒ်မ ၃၀၂နှင့် အားပေးကူညီမှု ပုဒ်မ ၁၀၉ ပါ ပူးတွဲတပ်ထားသည်။

တရားခံ မောင်စိုး၊ သက်နှင်း၊ စိန်ကြီးတို့အတွက်မှာ ပုဒ်မ ၃၀၂-၁၂၀(ခ) ၃၂၀-၃၄ လုပ်ကြံမှုတွင် ရည်ရွယ်ချက်တူ ပါဝင်ခဲ့ခြင်း တို့ဖြင့် ပူးတွဲတပ်ထားသည်။ တရားခံ ရန်ကြီးအောင်အတွက်မှာ တရားခံ မောင်စိုး၊ သက်နှင်း၊ စိန်ကြီးတို့တပ်သည့် ပုဒ်မအပြင် မောင်ထွေးသတ်မှု အတွက် ပုဒ်မ ၃၀၂ လူသတ်မှုပါ ပူးတွဲထားသည်။

## ရက်ရွှေ့ဆိုင်းခြင်း

ထို့နောက် ဥက္ကဋ္ဌ တရားသူကြီးက ဘယ်နဲ့လဲ ရှေ့နေချုပ်ကြီး။ တရားခံရှေ့နေ မစ္စတာဗာတားနစ်က ခုံရုံးတော်ကို ရက်သတ္တ နှစ်ပတ်မျှ ရွှေ့ဆိုင်းခွင့် တောင်းပါသည်။ ဘယ်လို သဘောရသလဲ။

**ရှေ့နေချုပ်ကြီး။** ။၁၄ ရက်ဆိုလျှင် နိဝင်ဘာလ ၁၈ ရက် အင်္ဂါနေ့ ဖြစ်နေပါသည်။ သို့ဖြစ်၍ နိုဝင်ဘာလ ၁၇ ရက် တနင်္လာနေ့သို့ ရွှေ့ဆိုင်းလိုပါသည်။

**တရားသူကြီး။** ။ဘယ်နှယ့်လဲ မစ္စတာ ဗာတားနစ် ကျေနပ်ရဲ့လား။ ၁၃ ရက် ရပါသည်။

**ဗာတားနစ်။** ။ကျေနပ်ပါသည်။

**တရားသူကြီး။** ။ကောင်းပြီ။ ဤရုံးတော်ကို နိုဝင်ဘာလ ၁၇ ရက် တနင်္လာနေ့သို့ ချိန်းဆိုလိုက်ပါသည်။ ထို ရုံးပိတ်ရက်များအတွင်း မစ္စတာ ဗာတားနစ်လည်း ကျွန်တော့်ကို တွေ့လိုလျှင် ဟိုက်ကုတ်ရုံးတော်မှာ လည်းကောင်း၊ နေအိမ်တွင် လည်းကောင်း လာရောက် တွေ့ဆုံနိုင်ပါသည်။ ထို့နောက် တရားခံများက နောက်ထပ် ပြန်လည် စစ်ဆေးလိုသော သက်သေ ၂၂ ယောက် စာရင်းကို တရားသူကြီးထံ တင်သွင်း၏။

www.burmeseclassic.com

www.burmeseclassic.com



## ကျေနပ်စရာကောင်းသည်ဟု မဆိုနိုင်ပါ

**ရှေ့နေချုပ်ကြီး။** ။ယခု အမှုကြီးကို ရွှေ့ဆိုင်းဖို့ လုပ်နေပုံဟာ များစွာ ကျေနပ်စရာ ကောင်းတယ်လို့ မဆိုနိုင်ပါ။ ကား တစ်ဘင်နက်ထံမှဆိုပြီး ဘာအကြောင်းမှ ရေရေရာရာ မရကြပါ။ ဘင်နက် ထံမှ ပြန်စာဆိုတာကို ကျွန်တော် ရမလားလို့ မျှော်လင့်နေပါတယ်။ ၄င်းပြင် ယခုတရားလိုပြ သက်သေများကို ပြန်လှန် မေးခွန်းထုတ်ဖို့ ခေါ်ထားရာ အချို့ သက်သေများဟာ ဦးစောကို ထိခိုက်အောင် ထွက်ဆိုကြသည့် သက်သေများ မဟုတ်ကြပါ။ ထိုကဲ့သို့သော သက်သေများကို မစ္စတာ ဗာတားနစ်နဲ့ ပြီးနိုင်ပါတယ်။

**ဥက္ကဋ္ဌ။** ။မစ္စတာဗာတားနစ်၊ သည်တော့ ခင်ဗျား တစ်ယောက်တည်း နဲ့ကော မပြီးနိုင်ဘူးလား၊ သည်လို သက်သေများကို ဘင်နက် မပါဘဲ မစစ်ဆေးနိုင်ဘူးလား။

## သူ မလာမချင်း

**မစ္စတာဗာတားနစ်။** ။ဘီလပ်က ဝတ်လုံရဲ့ ဩဝါဒက ယခု အမှုမှာ သူ မလာမချင်း ကျွန်တော်က အမှုလိုက်နိုင်ပါ တယ်။ နို့ပြီးတော့လည်း ဘီလပ်က ဝတ်လုံကလည်း သည်အမှုကို လိုက်မယ် လို့ လက်ခံထားပြီး ဖြစ်ပါတယ်။ သည်အမှုလိုက်မှာမို့ အခြား အမှုများကို ဘီလပ်ဝတ်လုံက လက်မခံဘဲ လွှဲထားပြီလို့ ယူဆရပါတယ်။ သို့အတွက် ဘီလပ်က ဝတ်လုံရဲ့ ဩဝါဒကို ကျွန်တော်က မနာခံဘဲလုပ်ရင် ကျွန်တော် စည်းဖောက်ရာကျမယ်လို့ ယူဆပါတယ်။

## စည်းဖောက်တယ်လို့ မဆိုနိုင်ဘူး

**ဥက္ကဋ္ဌ။** ။ဒါကတော့ စည်းဖောက်တယ်လို့ မဆိုနိုင်ပါဘူး။ ဘာဖြစ်လို့ လဲဆိုတော့ ဘီလပ်က ဝတ်လုံဟာ သည်အမှုကို လက်ခံလိုက်ပြီ ဆိုတဲ့အကြောင်း လက်ဆုပ်လက်ကိုင် ပြနိုင်တဲ့ သက်သေမရှိသေးပါ။ တကယ် လာမယ်လို့ ပြောနိုင်ရအောင် သက်သေ ဘာရှိသလဲ။ သည်တော့ ရှေ့နေ ချုပ်ကြီးရဲ့ အကြံပေးချက်အရ ဗာတားနစ်က ပြန်လှန် မေးခွန်းထုတ်နေ ပါလား။

www.burmeseclassic.com

www.burmeseclassic.com



**ဗာတားနစ်။** ။ရှေ့နေချုပ်ကြီးက သည်အမှု၌ ကျွန်တော်တို့က ဘယ်လို ကာကွယ်ထုချေမယ်ဆိုတာကို တင်ကြိုပြီး သိချင်လို့ ပြောတာနဲ့ တူပါတယ်။ (ထိုအခါ ထောင်ထဲမှ ကြေးနန်း တစ်စောင်ရောက်လာ၍ ရုံးတော်အား ရှေ့နေချုပ်ကြီးက ဖတ်ပြကြောင်း။

အဆိုပါ ကြေးနန်းမှာ ဘိလပ်မြို့ မစ္စတာဂျီ (ဦးစောနှင့် ညီအစ်ကိုတော်သူ)ထံမှ ဗမာပြည်အစိုးရထံသို့ ရိုက်ကြားသော နိုဝင်ဘာ ၁၅ ရက်နေ့ ကြေးနန်းဖြစ်၏။

## ဘိလပ်မှ ကြေးနန်း

ဘိလပ်ရှေ့နေအတွက် ရှေ့နေခွင့်မရောက်လာ၍ လေယာဉ်ပျံစီးဖို့ နေရာ ပေးထားခြင်းကို ယခု ပယ်ဖျက်လိုက်ပြီး နောက် လေယာဉ်ပျံတွင် နေရာရဖို့ စီမံရဦးမည်။ ၆ ရက်လောက် ကြာပါဦးမည်။ နေရာရ၍လာသော် လေယာဉ်ပျံ ခရီး ၄ ရက်ကြာချေဦးမည်။ သို့ အတွက် အနည်းဆုံး ၁၀ ရက်မျှ ရက်ရွှေ့ဆိုင်းလိုသည်။ နိုဝင်ဘာလ ၂၇ ရက်နေ့လောက်မှ ဝတ်လုံ ရောက်ရှိစရာရှိသည်။

**ရှေ့နေချုပ်ကြီး။** ။ထိုကြေးနန်းစာအရ ၇ ရက်လောက် ရက်ချိန်းပေးရန် သင့်ပါတယ်။

**ဥက္ကဋ္ဌ။** ။ရက်ချိန်း ပေးရမလား။

**ရှေ့နေချုပ်ကြီး။** ။တရားသူကြီးများရဲ့ သဘောအတိုင်းပါ ခင်ဗျား။

**ဦးစိဘူး။** ။အကယ်၍ ထိုနေ့ရက်အတွင်း မရောက်လာလျှင် မစ္စတာ ဗာတားနစ်က အမှုကို ဆက်လက် စစ်ဆေးသွားဖို့ သဘောတူ ဝန်ခံတစ်ခုပေးပါလား။

**ဗာတားနစ်။** ။ထိုနေ့မှ မလာဘူးဆိုလျှင် ကျွန်တော်ကိုယ်တိုင် အမှု လိုက်ပါတော့မည်။

**ဥက္ကဋ္ဌ။** ။ဒါဖြင့် ယခုအမှုကို ဘယ်နေ့ချိန်းရမည်ဆိုသည့် အကြောင်း ကိုဆွေးနွေးရန် ယခု ကြာသပတေးနေ့ (၂၀-၁၁-၄၇)နေ့ နံနက် ၁၀နာရီ ဟိုက်ကုတ်ရှိ ကျွန်ုပ်ရုံးခန်းသို့ လာကြပါ။ ထိုအခါမှ

www.burmeseclassic.com

www.burmeseclassic.com



ဗာတားနစ် လည်း ဘီလပ်မှ ရွှေနေ ဘယ်နေ့လောက် ရောက်မည်ဆိုတဲ့ အကြောင်း ပြောနိုင်တယ်။ သည်တော့မှ ရက်ချိန်းပေးတာပေါ့။

❖

## ရွှေဆိုင်းထားရာမှ လုပ်ကြံမှုကြီး ဆက်စစ်ဆေး

### အဝတ်အစား အသစ်များနှင့်

နိုဝင်ဘာလ ၁၇ ရက်နေ့တွင် နိုင်ငံတော်လုပ်ကြံမှုကြီးကို အင်းစိန် ထောင်ကြီး အတွင်းရှိ ခုံတရားသူကြီး အဖွဲ့ရုံးတွင် စစ်ဆေးပြီးနောက် ရွှေ့ဆိုင်း လာခဲ့ရာ လုပ်ကြံမှုကြီးကို နိုဝင်ဘာလ ၂၄ ရက် နေ့မှစ၍ အမှုကို ဆက်လက် စစ်ဆေးပါသည်။ ထိုသို့ စစ်ဆေးရာတွင် အရေးမပါသည်များ အကြောင်း အရာ ထပ်နေသည်များ ချန်လှပ်ထားခဲ့ပါသည်။ တနင်္လာနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်စစ်ဆေးကြောင်း တရားသူကြီးစုံ၊ တရားလို၊ တရားခံ စုံများ၏ ရှေ့နေစုံ တက်ရောက်ကြ၏။ တရားခံများသည် အဝတ်သစ်၊ အစားသစ်များနှင့် တက်ရောက်ကြသည်။ အချို့ တရားခံများမှာ လက်ပြတ် စွပ်ကျယ်ကိုပင် ဝတ်ဆင်ထားသည်ကို တွေ့ရ၏။

မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်၊ မှုန်ကြီးတို့ လေးဦး ထားသော ဝက်ခြံနှင့်ကပ်လျက်ရှိသော မောင်စိန်၊ ခင်မောင်ရင်၊ သုခ၊ မောင်နီတို့ လေးဦးနေရသော ဝက်ခြံထဲတွင် လက်နက်ကိုင်ပုလိပ်နှစ်ယောက် ချထား သည်ကို ထူးခြားစွာ တွေ့ရ၏။ ပုလိပ်တစ်ယောက်က တရားခံ မောင်စိန် ထိပ်မှ ကပ်၍ ထိုင်နေသည်ကို တွေ့ရ၏။

### တရားလို ပြန်ခေါ်သက်သေ ဦးလှကျော်

တရားခံရှေ့နေ ဦးစံဝင်းက ခေါ်ထားသော သက်သေစာရင်း၌ ပါသော အရှေ့ပိုင်းရာဇဝတ်ဝန် တရားသူကြီး ဦးလှကျော်အား ရှေးဦးစွာ အပြန်အလှန် မေးခွန်းထုတ်သည်။

**ဦးစံဝင်း။** ။မောင်ဘညွှန့်၏ ဖြောင့်ချက်ကို ဘယ်လောက်ကြာ ယူရ သလဲ။

www.burmeseclassic.com

www.burmeseclassic.com



**ဦးလှကျော်။** ။နံနက် ၈နာရီမှ ညနေ၄နာရီ ၅နာရီထိ ကြာတယ်။ ၁၂နာရီလောက်မှာ ထမင်းစားဖို့ ၁၅မိနစ်လောက် ခေတ္တရပ်ထားတယ်။ ဘညွန့်လည်း ရုံးမှာပဲ ထမင်းစားပါတယ်။ ပြန်ခေါ် မသွားပါ။ ဖြောင့်ချက်ပေးတုန်းကရှိကြတဲ့ သက်သေတွေကို ယခင်က တစ်ယောက်မှ မသိပါ။ သက်သေနှစ်ယောက်အပြင် အခြားသူများ မရှိပါ။ ဘညွန့်က တော်လှန်မှုနှင့် ပတ်သက်၍ ဖြောင့်ချက်ယူရန် ကျွန်တော့်အား ခေါ်ပါတယ်။

## ပြန်ပြီးထွက်ဆိုဖို့ မလိုပါ

**ဥက္ကဋ္ဌ။** ။ဦးစံဝင်းမေးတဲ့ မေးခွန်းတွေဟာ ရုံးစာတွဲထဲမှာ ပါပြီးသား ဖြစ်တယ်။ လာပြီး မကြည့်ဘဲကိုး။ ရုံးစာတွဲထဲမှာ ပါပြီးသားတွေကို ပြန်ပြီးထွက်ဆိုဖို့ မလိုတော့ပါဘူး။

## ဆက်လက်၍ ဦးလှကျော်က ထွက်ဆိုသည်မှာ

**ဦးလှကျော်။** ။ထွက်ဆိုချက်များကို တစ်ယောက်ပြီးတစ်ယောက် မပြီးမချင်း ဆက်လက် ယူနေပါသည်။ သက်နှင်း၍ ဒဏ်ရာ တစ်စုံတစ်ရာ မရှိပါ။

**ဗတားနစ်။** ။မောင်စိန်မောင်နှင့် ရန်ကြီးအောင်တို့ ဖြောင့်ချက်ပေးဖို့ ခေါ်လာသေးသလား။

**ဦးလှကျော်။** ။ခေါ်လာပါတယ်။ သူတို့ရဲ့ ဖြောင့်ချက်ကိုလည်းရေးမှတ်ထားပါတယ်။

**ဗတားနစ်။** ။ထိုဖြောင့်ချက်တွေကို ယူပြီးနောက် အရှေ့ပိုင်း တရားသူကြီးရာထူးကို တိုးပေးတယ် မဟုတ်လား။

**ဦးလှကျော်။** ။ဟုတ်ပါတယ်။

**ဗတားနစ်။** ။သည်လို ရာထူးတိုးပေးတာမျိုးတွေဟာ တစ်သီတစ်တန်းကြီး ရှိပါသေးတယ်။

## ဘယ်လို ရာထူးလဲ

**ရှေ့နေချုပ်ကြီး။** ။ရန်ကုန်မှာ အရှေ့ပိုင်း တရားသူကြီး ရာထူးဟာဘယ်လို ရာထူးမျိုးလဲ။

www.burmeseclassic.com

www.burmeseclassic.com



**ဦးလှကျော်။** ။သည်ရာထူးမျိုးကို ဝတ်လုံတွေအတွက် သီးသန့်ထားတဲ့ ရာထူးဖြစ်ပါတယ်။ လွန်ခဲ့သော အောက်တိုဘာလ ၁၆ ရက်နေ့မှာ ဝတ်လုံတော်ရ ဦးစိန်ဒိုင် ပင်စင်ယူ၍ ကျွန်တော့်အား ခန့်ထားခြင်း ဖြစ်ပါတယ်။ ကျွန်တော်ကလည်း ဝတ်လုံတော်ရ ဖြစ်ပါတယ်။ ကျွန်တော်ဟာ တရားသူကြီးတွေထဲမှာ အမှုထမ်း အရင့်ဆုံး ဖြစ်ပါတယ်။

## တရားသူကြီး ဦးအောင်ချိန်

**ဦးစံဝင်း။** ။မသက်ာတဲ့လူ ဘယ်နှယောက်ကို ဆွဲပြမယ်လို့ မူလက သိထားပါသလား။

**ဦးအောင်ချိန်။** ။မသိပါဘူး။ သက်သေ ဦးထင်ပေါ်က ဆွဲပြတဲ့လူကို ကျွန်တော်က ခေါ်ထားပါတယ်။ နောက်တစ်ယောက်ကို ဆွဲပြလည်း ကျွန်တော်က ခေါ်သွားပါတယ်။ သို့ပေမယ့် ထိုလူဟာ မသက်ာတဲ့ လူတွေထဲက မဟုတ်လို့ သူ့ကိုမမေးဘဲ လွှတ်လိုက်ပါတယ်။ အဲသည်လူကလည်း နောက်ဆုံးမှ ဆွဲပြတဲ့လူပါ။ လူစီတန်းပြတာဟာ ထိုင်ပြရတာလည်း ရှိပါတယ်။ ယခင်က ၁၀ ကြိမ်လောက် ထိုင်ပြီးပြတာ တွေ့ဖူးပါတယ်။

**ဦးစံဝင်း။** ။သက်နှင်းက ထိုင်ပြီး ပြချင်တယ်ဆိုလို့ ထိုင်ပြစေရသလား။

**ဦးအောင်ချိန်။** ။ဟုတ်ပါတယ်။ အခြား တရားခံများကတော့ အထူးမပြောကြပါဘူး။ တစ်ယောက်က ထိုင်ပြစေချင်တယ် ပြောတော့ အခြားလူတွေကိုလည်း ထိုင်ပြစေပါတယ်။

## အားလုံး အတူတူ

**ရှေ့နေချုပ်ကြီး။** ။သက်နှင်းက ထိုင်ပြပါရစေ ဆိုတုန်းက တရားခံတွေနဲ့ လူတွေဟာ ဘယ်လိုနေကြသလဲ။

**ဦးအောင်ချိန်။** ။အားလုံးအတူတူ ရောနှောပြီး နေကြပါတယ်။ သူတို့လည်း ကြိုက်တဲ့နေရာမှာ ပြကြလို့ ပြောပါတယ်။

**ဥက္ကဋ္ဌ။** ။အခြား မသက်ာတဲ့လူတွေက ကန့်ကွက်ကြသေးသလား။

**ဦးအောင်ချိန်။** ။မကန့်ကွက်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



## ထို့နောက် ပုံဆွဲဆရာ ဦးမြိုင်

ဦးစံဝင်းကမေး၍ ဦးမြိုင်က ထွက်ဆိုသည်မှာ သက်သေတွေ ခေါ်ပြတဲ့ နေရာကို ရေးဆွဲရပါတယ်။ သည်သက်သေတွေကိုလည်း တစ်ယောက်မှ မသိပါ။ သည်လူတွေကို ပြရင်လည်း တစ်ယောက်မှ မှတ်မိမယ် မဟုတ်ပါ။

❖

# ခေတ်ဟောင်း နိုင်ငံရေး

## ဝန်ကြီး ဦးအောင်ဇံဝေက ဖြေ

နိဝင်ဘာလ ၂၅ ရက်နေ့ အင်္ဂါနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်လုပ်ကြံမှုကြီးကို အင်းစိန်ထောင်ကြီးအတွင်း ခုံတရားသူကြီးများ ရုံး၌ ဆက်လက်၍ ကြားနာစစ်ဆေးလေသည်။ ပထမဦးစွာ ရန်ကုန် ပုလိပ်မင်းကြီး ဦးအောင်ချိန်အား ပထမတရားခံ ဦးစော၏ ရှေ့နေ မစ္စတာ ဗာတားနစ်က ပြန်လှန် မေးခွန်းထုတ်၏။

**ဗာတားနစ်။** ။ဦးအောင်ချိန် ခင်ဗျား ရန်ကုန်တက္ကသိုလ်မှ ဘီအေ အောင်တယ် မဟုတ်လား။

**ဦးအောင်ချိန်။** ။ဟုတ်ပါတယ်။

**ဗာတားနစ်။** ။ပုလိပ်ဘက်ကို ဘယ်တုန်းက ဝင်သလဲ။

**ဦးအောင်ချိန်။** ။၁၉၂၈ ခုနှစ်က ဝင်ပါတယ်။ သည်လုပ်ကြံမှုကြီး၌ ကျွန်တော်က အရပ်ရပ် ကြီးကြပ်ရပါတယ်။ အရေးကြီးတဲ့ကိစ္စ ပေါ်ပေါက်လာတိုင်း ကျွန်တော့်အား အစီရင်ခံကြပါတယ်။ ဦးသိန်းအုန်းဟာ အမှုစုံစမ်း ထောက်လှမ်းရတဲ့ အရာရှိပါ။ ဇူလိုင် ၁၉ ရက်နေ့ ဗိုလ်ချုပ်တို့ သတ်သွားတဲ့နေရာကိုရောက်တော့ လူသတ်သမားများဟာ ဂျစ်ကားနဲ့ ထွက်သွားတယ်လို့ သိရပါတယ်။ နံပါတ်ကိုတော့ မသိသေးပါ။ နံပါတ်ကိုရဖို့ ကိစ္စဟာ သည်အမှုမှာ အရေးကြီးတဲ့ အရာတစ်ခု ဖြစ်တယ်လို့ ယူဆပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဗာတားနစ်။** ။သည်အမှုပေါ်အောင် ဖော်နိုင်သူများအား ဆုပေးမယ်လို့ ဆိုတာ မှန်ပါသလား။

**ဦးအောင်ချိန်။** ။သတင်းစာထဲမှာ ကြော်ငြာပြီးပါပြီ။ ဆုများပေးမယ် ဆိုတာ မှန်ပါတယ်။

(မစ္စတာ ဗာတားနစ်က မြန်မာ့ခေတ် သတင်းစာပါ ကြော်ငြာကို သက်သေသို့ လှမ်းပေး၏။)

ဦးအောင်ချိန်က ဆက်လက် ထွက်ဆိုသည်မှာ…

ဤကြော်ငြာကို မြန်မာပြည် ပုလိပ်မင်းကြီးက ထည့်ခြင်း ဖြစ်ပါသည်။

**ဗာတားနစ်။** ။ဦးစိန်မောင် (သမာဓိ)ကို ဂျစ်ကားနံပါတ်နှင့် ပတ်သက်လို့ မေးတာ ဘယ်နေ့လောက်ကလဲ။

**ဦးအောင်ချိန်။** ။ဇူလိုင် ၂၃-၂၄ ရက်နေ့လောက်က စစ်ပါတယ်။ ဒါပေမယ့် ဦးသိန်းအုန်းထံမှ တရားခံတွေရဲ့ ထွက်ချက်ကို ရပြီးနောက်မှလား၊ မရောက်ခင်လား သတိမထားမိပါ။ ကိုစိန်မောင် ဂျစ်ကားနံပါတ်ကိုပြောတော့ ကျွန်တော် စိတ်ဝင်စားပါတယ်။ သည်နံပါတ်ကိုရတော့ နံပါတ်နှင့် ကားရှင်ကို သတိရပါတယ်။ ဒုတိယ ပုလိပ်မင်းကြီးအား သည်နံပါတ်နှင့် ဂျစ်ကားပိုင်ရှင်ကို ရှာဖွေခိုင်းပါတယ်။ သည်နံပါတ်နှင့်ကားကို သိမ်းဖို့မခိုင်းပါ။ မခိုင်းတာလည်း အကြောင်းရှိပါတယ်။

ဥက္ကဋ္ဌ တရားသူကြီးက မေး၍ ထွက်ဆိုသည်မှာ…

**ဦးအောင်ချိန်။** ။နံပါတ်နှင့်ကားရှင် ဒရိုင်ဘာတို့ ဘာလုပ်တယ်၊ ဘယ်သွားတယ်ဆိုတာကို ဒုတိယ ပုလိပ်မင်းကြီးနှင့် စုံထောက်ဘက်အား စုံစမ်းထောက်လှမ်းစေပါတယ်။

ပုလိပ်မင်းကြီး ဦးအောင်ချိန်အား ဆက်လက် စစ်ဆေး၍ ထွက်ဆိုသည်မှာ…

**ဦးအောင်ချိန်။** ။ထိုကားနံပါတ် အာရ်စီ-၁၈၁၄ ကို တွေ့ပြီဆိုတဲ့သတင်းကို ဦးစိန်မောင် (သမာဓိ)နှင့် မတွေ့မီက ရှိပါတယ်။ သည်သတင်းတစ်ခုတည်းနှင့် အရေးကြီးတယ်လို့ မယူ ဆပါ။ ဦးစိန်မောင်က

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကားနံပါတ်ကို သိတယ်ဆိုတဲ့ သတင်းကို ပုလိပ် သတင်းပေးများထံမှ ကျွန်တော် ရပါတယ်။

**ဗတားနစ်။** ။အာရ်စီ-၁၈၁၄ ဂျစ်ကားရှင်ဟာ သည်အမှုမျိုး မကျူးလွန်နိုင်ဘူးလို့ ဘာကို ထောက်ထားပြီး ပြနိုင်ပါသလဲ။

**ဦးအောင်ချိန်။** ။နံပါတ် အာရ်စီ-၁၈၁၄ ရဲ့ ဂျစ်ကားရှင် အစစ်ဟာ သည်လုပ်ကြံမှုကြီးနှင့် ဘယ်လိုမှ မပတ်သက်တဲ့အကြောင်း ဒုတိယပုလိပ်မင်းကြီးရဲ့ စုံထောက်ဘက်မှ အစီရင်ခံစာ အစုံအလင်ရလို့ ကျေနပ်စွာ သိရပါတယ်။

**ဗတားနစ်။** ။သည်ကားရှင်က မလုပ်ပေမယ့် အခြားသူများ ငှားပြီး မလုပ်နိုင်ဘူးလား။

**ဦးအောင်ချိန်။** ။ကျွန်တော်က စိတ်ကိုရှင်းရှင်းထားပြီး စုံစမ်းထောက်လှမ်းကြည့်ရှုပြီးထားလို့ သည်ကားကို ငှားပြီး လုပ်ကြံမှုကို ကျူးလွန်ခြင်း မဟုတ်နိုင်ဟု ကျွန်တော် ကောင်းစွာ ကျေနပ်မိပါတယ်။

**ဗတားနစ်။** ။သတင်းပေးတဲ့သူများ ဆုငွေများ ထုတ်ပေးပြီးပြီလား။

**ဦးအောင်ချိန်။** ။မပေးရသေးပါ။ နိုင်ငံရေးခေါင်းဆောင် အချို့ဟာ အကျဉ်းခံနေရပါသေးတယ်။

**ဦးစိဘူး။** ။ဦးစောခြံအနီး ရေကန်ထဲက အာရ်စီ-၁၈၁၄ နံပါတ်ပြားကို တွေ့တဲ့အကြောင်း ဘယ်နေ့မှ သိရသလဲ။

**ဦးအောင်ချိန်။** ။၁၂-၈-၄၇ နေ့မှာ သိရပါတယ်။

**ဦးစိဘူး။** ။ကိုစိန်မောင်(သမာဓိ)ကို ပုလိပ်က ဘယ်နေ့က စစ်ဆေးပါသလဲ။

**ဦးအောင်ချိန်။** ။ဩဂုတ်လ ၁ ရက်နေ့မှာ ဦးသိန်းအုန်း စစ်ဆေးပါတယ်။

**ဥက္ကဋ္ဌ။** ။အာရ်စီ-၁၈၁၄ အစစ်ဖြစ်တဲ့ ဂျစ်ကားကို ဘာလို့ ချက်ချင်း မသိမ်းစေတာလဲ။

**ဦးအောင်ချိန်။** ။ကျွန်တော်က စုံစမ်းထောက်လှမ်း ကြည့်ချင်သေးလို့ပါ။ အကယ်၍ တစ်ခါတည်း ဖမ်းလိုက်မယ် ဆိုရင် ကားရှင်က ဖမ်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ပြင်ဆင်မှုတွေ လုပ်ထားမှာစိုးလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဗာတားနစ်။ ။သည်ဂျစ်ကားပိုင်ရှင် ဦးဘအေးရဲ့အကြောင်း နောက်ဆုံးသတင်းကို ရတဲ့နေ့ဟာ တရားခံများက ဖြောင့်ချက်ပေးတဲ့နေ့၊ အလျှင်လား၊ နောက်လား။

ဦးအောင်ချိန်။ ။ဖြောင့်ချက်ပေးနေတုန်း သိရတယ်ထင်ပါတယ်။ သတင်းကိုလည်း ပါးစပ်နဲ့ ပြောလို့ ရတာပါ။ ရေးမထားပါဘူး။

## နိုင်ငံရေးသဘော

ဗာတားနစ်။ ။ယခု လုပ်ကြံမှုကြီးမှာ နိုင်ငံရေးသဘော ပါတယ်လို့ ဆိုချင်သလား။

ဦးအောင်ချိန်။ ။နိုင်ငံရေး၏ သဘောတစ်ခုပါတယ်လို့ ဆိုပါတယ်။

ဦးစိဘူး။ ။အာရ်စီ-၁၈၁၄ ဂျစ်ကားဟာ မောင်းမရဘူးဆိုလို့ မဖမ်းတာလား။

ဦးအောင်ချိန်။ ။လုပ်ကြံမှုကြီး ဖြစ်ပွားတုန်းက ထိုကားဟာ မောင်းမရပါ။

## ပြန်ခေါ်သက်သေ ဦးအောင်ဇံဝေ

ဝန်ကြီး ဦးအောင်ဇံဝေအား ဗာတားနစ်က မေးမြန်း၍ ထွက်ဆိုသည်မှာ…

ဗာတားနစ်။ ။နိုင်ငံရေးထဲဝင်တာ ဘယ်လောက်ကြာပြီလဲ။

ဦးအောင်ဇံဝေ။ ။အနှစ် ၃၀ လောက် ရှိပါပြီ။

ဗာတားနစ်။ ။၁၉၄၆ ခုနှစ်တုန်းက ဆာပေါ်ထွန်း ခေါင်းဆောင်သော အစိုးရ ရှိတယ်မဟုတ်လား။

ဦးအောင်ဇံဝေ။ ။ဆာပေါ်ထွန်း ခေါင်းဆောင်သလား မသိဘူး။ အဲသည်တုန်းက ဘုရင်ခံအမှုဆောင် ဝန်ကြီးအဖွဲ့ တစ်ခုရှိတာ သိတယ်။ ဆာပေါ်ထွန်းဟာ ဝန်ကြီးတစ်ဦး ဖြစ်ပါတယ်။

ဗာတားနစ်။ ။ဦးအေး၊ ဦးလွန်းနှင့် ဦးဘအုန်းတို့ သုံးယောက်ဟာ မျိုးချစ်ပါတီက ဟုတ်တယ်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်ဇံဝေ။ ။သူတို့တစ်တွေဟာ စစ်မဖြစ်မီက ဟုတ်ကြပါတယ်။

ဗဟတ္တနစ်။ ။မေလမှ ဦးဘအုန်းနဲ့ ဦးအေးတို့ဟာ အမှုဆောင်ဝန်ကြီး အဖွဲ့က နုတ်ထွက်ကြတယ် မဟုတ်လား။

ဦးအောင်ဇံဝေ။ ။နုတ်ထွက်ကြပါတယ်။ကွယ်လွန်သူ ဗိုလ်ချုပ်အောင်ဆန်း ဟာ ထိုအခါက အမှုဆောင်အဖွဲ့ဝင် မဟုတ်ပါ။

ဗဟတ္တနစ်။ ။ဩဂုတ်လ၊ စက်တင်ဘာလလောက် ရောက်တော့ သပိတ်တွေ တစ်ခုပြီးတစ်ခု ပေါ်လာတယ်မဟုတ်လား။ ပုလိပ်များလည်း သပိတ်မှောက်ကြတယ် မဟုတ်လား။

ဦးအောင်ဇံဝေ။ ။ဟုတ်ပါတယ်၊ ထိုအခါမှာ တစ်နိုင်ငံလုံး မငြိမ်မသက် ဖြစ်၊ မဖြစ် မပြောနိုင်ပါ။ လုံခြုံမှုမရှိ ဆိုတာလည်း မပြောနိုင်ပါ။ ဒါပေမယ့် သပိတ်တွေ မှောက်နေကြတဲ့အတွက် အစိုးရရဲ့ အုပ်ချုပ်မှုဟာ ပျက်ပြားနေပါတယ်။ စက်တင်ဘာလကျတော့ အမှုဆောင် ဝန်ကြီးအဖွဲ့ အားလုံးဟာ နုတ်ထွက်သွားကြပါတယ်။

## နိုင်ငံရေးအဖွဲ့ ဘယ်နှစ်ဖွဲ့ရှိသလဲ

ဗဟတ္တနစ်။ ။၁၉၄၇ ခုနှစ် ဧပြီလ တိုင်းပြည်ပြုအမတ် ရွေးကောက် ပွဲကျတော့ နိုင်ငံရေးအဖွဲ့ ဘယ်နှစ်ဖွဲ့ရှိသလဲ။

ဦးအောင်ဇံဝေ။ ။ကျွန်တော်က နိုင်ငံရေးပါတီကို စိတ်ဝင်စားသူ မဟုတ် ပါ။ လွန်ခဲ့တဲ့ ရွေးကောက်ပွဲတုန်းက ဖဆပလနှင့် ကွန်မြူနစ်ဆိုတဲ့ နိုင်ငံရေးနှစ်ဖွဲ့သာ ဝင်ရောက် အရွေးခံကြပါတယ်။ ဖဆပလ ခေါင်းဆောင်က ဗိုလ်ချုပ်အောင်ဆန်းဖြစ်၍ ကွန်မြူနစ်ခေါင်းဆောင်က သခင် သန်းထွန်း ဖြစ်ပါတယ်။ ထိုရွေးကောက်ပွဲတုန်းက မဲရုံတွေမှာ လက်နက်ကိုင် ပုလိပ်တွေနဲ့ အစောင့်ထားရမယ်ဆိုတဲ့ အကြောင်းကို ကျွန်တော် သတိမထား မိပါ။

ဥက္ကဋ္ဌ။ ။သည်လိုပဲ ပါလီမန်မှာ ကပ္ပတိန် ဂမ်းမားက ပြောဖူးပါတယ် သို့သော်လည်း ထိုစကားမဟုတ်ဘူးလို့ ဆိုတယ်။

ဗဟတ္တနစ်။ ။ဦးစောဟာ မျိုးချစ်ပါတီအဖွဲ့မှာ ခေါင်းဆောင်လား။

www.burmeseclassic.com

www.burmeseclassic.com



**ဦးအောင်ဇံဝေ။** ။ကျွန်တော်ဟာ ပါတီနိုင်ငံရေးကို သိပ်ဂရုမစိုက်တော့ မပြောနိုင်ပါ။ စစ်မဖြစ်ခင်ကတော့ ဦးစောဟာ မျိုးချစ်ပါတီရဲ့ ခေါင်းဆောင်ပါ။

**ရှေ့နေချုပ်ကြီး။** ။ဗိုလ်ချုပ်အောင်ဆန်းဟာ သခင်သန်းထွန်းနှင့် မယားညီအစ်ကို တော်တယ်ဆိုတာ သိပါသလား။

**ဦးအောင်ဇံဝေ။** ။သိပါတယ်။

## ပြန်ခေါ်သက်သေ ဦးတင်အုန်း

**ဦးစံဝင်း။** ။မင်းစေ မောင်သောင်းစိန်ကို တွန်းတာ မြင်တယ်ဆိုတာ ဘယ်နှယောက် တွန်းသလဲ။

**ဦးတင်အုန်း။** ။ဘယ်နှယောက် တွန်းတယ်ဆိုတာ မမြင်ရပါဘူး။ ရိုပ်ခနဲမြင်လိုက်ရတာပါပဲ။ အချင်းဖြစ်ပွားပြီး နောက်တစ်နေ့ (တနင်္ဂနွေ)နေ့တွင် ပုလိပ်မင်းကြီး၊ ဒုတိယပုလိပ်မင်းကြီး ရုံးခန်းထဲမှာ ဦးလှဖေက စစ်ဆေး အရေးယူသွားပါတယ်။

## ပြန်ခေါ်သက်သေ ကိုရှိန်ကလေး

**ဗတားနစ်။** ။ရုံးကို ဘယ်က လာသလဲ။

**ကိုရှိန်ကလေး။** ။မြို့မ အချုပ်ထောင်မှ လာပါတယ်။ ယခုအထိ အချုပ်နဲ့ပါ။ ကျွန်တော့်ကို တစ်ယောက်တည်း သီးခြားထားပါတယ်။ အခြား အချုပ်ခံနေရတဲ့ လူတွေနဲ့ စကားမပြောရဘူး၊ အချုပ်ခံနေရစဉ် သားမယားတွေနဲ့ တွေ့ချင်တဲ့အကြောင်း လျှောက်ချင်တယ်လို့ ပြောဖူးပါတယ်။

**ဦးစံဝင်း။** ။ကိုစိုး၊ သက်နှင်း၊ ရန်ကြီးအောင်တို့ကို မြင်သေးသလား။

**ကိုရှိန်ကလေး။** ။အလျင်က မြင်ရပါတယ်။ သက်နှင်းခေါင်းမှာ ပတ်တီးစည်းထားတာ၊ သက်နှင်းကို တွဲသွားတာ မြင်ရပါတယ်။ ဤကဲ့သို့ ပတ်တီးနဲ့ မြင်ရတာ ၁၅ ရက်လောက် ကြာတယ်။ ပုလိပ်တွေက တွဲသွားတာတော့ တစ်ခါပဲ မြင်တယ်။ ကိုစိုးက ဟိုဘက်ခန်းကနေပြီး အရိုက်ခံရတဲ့အကြောင်း ဆရာဝန်ကို တိုင်ကြားသံ ကြားရတယ်။ ကိုယ်တိုင်

www.burmeseclassic.com



တော့ မတိုင်ပါ။ ရန်ကြီးအောင်က ရေချိုးထွက်ရင်း ဖြတ်သွားတော့ သူလည်း အရိုက်ခံရတယ်လို့ ကျွန်တော့်အား ပြောသွားပါတယ်။ ဘယ်သူရိုက်တယ်လို့ သူတို့က မပြောဖူးပါ။

**ဦးစံဝင်း။** ။ခင်ဗျားနဲ့ ဘယ်သူတွေကို (၈)မိုင်က ဟိုတယ်သို့ ခေါ်သွားသေးသလဲ။

**ကိုရိုက္ကလေး။** ။ဖမ်းပြီးနောက် တစ်လကျော်ကျော်ကြာတော့ ကျွန်တော်ရယ်၊ ရန်ကြီးအောင်ရယ်၊ အခြားသူတွေကို (၈)မိုင်မှာရှိတဲ့ဟိုတယ်ကို ခေါ်သွားပါတယ်။ ရာဇဝတ်အုပ် သုံးယောက်၊ လေးယောက်က ခေါ်သွားပါတယ်။ နာမည် မသိပါ။ လူမှတ်မိပါတယ်။ ဟိုတယ်မှာ ထမင်းကျွေးပါတယ်။ ကျွန်တော်ရယ်၊ ရန်ကြီးအောင်၊ တင်ရွှေ၊ အခြား တစ်ယောက်၊ ရန်ကြီးနိုင်၊ ရာဇဝတ်အုပ်တစ်ယောက်က ဝယ်ကျွေး ပါတယ်။ ကျွေးပြီးပြီးတော့ အချုပ်သို့ ပြန်ခေါ်သွားပါတယ်။ ဘာမှ မပြောပါ။

**ရွှေနေချုပ်ကြီး။** ။သက်နှင်းရဲ့ ပတ်တီးကိုမြင်တာ အချုပ်ခန်းရောက်ပြီး ဘယ်နှရက်လောက် ကြာမှလဲ။

**ကိုရိုက္ကလေး။** ။၁၅ ရက်လောက်ကြာမှ မြင်ပါတယ်။

**ရွှေနေချုပ်ကြီး။** ။ဆရာဝန်ကို သိလား။

**ကိုရိုက္ကလေး။** ။မသိပါဘူး။ အချုပ်ခန်း လာနေကျ ဆရာဝန်ဖြစ်ပါတယ်။ ရန်ကြီးအောင်က ကျွန်တော့်ကို တိုင်တုန်းက ပုလိပ်အရာရှိ မရှိပါ။ အနားကပ်ပြီး တိုးတိုးကလေး ပြောသွားပါတယ်။ ပုလိပ်နောက် ၁၀ တောင် ကွာလောက် ဝေးပါတယ်။ ရန်ကြီးအောင်က နှစ်မိနစ်လောက်ရပ်ပြီး ပြောဆိုသွားပါတယ်။

**ရွှေနေချုပ်ကြီး။** ။ဟိုတယ်သွားတာ ဘယ်တော့လောက်ကလဲ။

**ကိုရိုက္ကလေး။** ။ဘားလမ်း အချုပ်ထောင်ရောက်ပြီး တစ်လလောက် ကြာတော့ ခေါ်သွားပါတယ်။ ကျွန်တော်နဲ့ အတူတူ ဝင်စားတဲ့ လူတစ်ယောက်၊ နှစ်ယောက်ဟာ ရာဇဝတ်အုပ်က ခေါ်လာတဲ့ လူတွေပါ။ အရပ်ဝတ် အရပ်စားနဲ့ပါ။ မမှတ်မိပါဘူး။ ဦးစောခြံထဲက မီးလောင်ထားတဲ့ ပြာပုံကိုပြပြီး သွားစားကြပါတယ်။ ရန်ကြီးအောင်ကိုတော့

www.burmeseclassic.com

www.burmeseclassic.com



သတ်သတ်ခေါ်လာပါတယ်။ အခြားလူတွေကိုလည်း ခြံထဲမှအပြန် ခေါ်လာပြီး ပြောပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးစောခြံနဲ့ ဟိုတယ် ဘယ်လောက်ဝေးသလဲ။

**ကိုရှိန်ကလေး။** ။(၁)မိုင်သာသာ (၁)မိုင်လောက် ဝေးပါတယ်။ အနီးအနားမှာ အခြား ထမင်းဆိုင် ရှိမရှိ မသိပါ။

သက်သေ မောင်ရှိန်ကလေးက ဆက်လက် လျှောက်ထားသည်မှာ...

ဦးစော၏ ရန်ပုံငွေထည့်ရုံလောက်နဲ့ အချုပ်ခံနေရပါတယ်။ သည်အမှုနှင့် ပတ်သက်လို့ အချုပ်သို့မထားဘဲ စစ်ဆေးပါ။

**ဥက္ကဋ္ဌ။** ။ပြည်ထဲရေးကို လျှောက်ပါ။

## စုံထောက် အင်စပိတ်တော်ဆန့်ဆိန်

ပြန်ခေါ် သက်သေစုံထောက် အင်စပိတ်တော် ဆန့်ဆိန်အား မစ္စတာဗာတားနစ်က မေး၍ ဖြေကြားသည်မှာ ဦးစောခြံသို့ အချင်း ဖြစ်ပွားပြီးနောက် ညနေ(၅)နာရီခွဲတွင် ရောက်သည်မှာ ပထမအကြိမ် ဖြစ်ကြောင်း၊ ဘာကိစ္စနှင့် မသိပါ။ ဦးစိုးရင်ထံမှ တယ်လီဖုန်းနှင့် ခေါ်၍ သွားရပါသည်။

## ဗိုလ်စောသောင်း (သောင်းကျန်းမှု နှိမ်နင်းရေးတပ်)

သောင်းကျန်းမှု နှိမ်နင်းရေးတပ်မှ ဗိုလ်စောသောင်းအား ဆက်လက် စစ်ဆေးသည်။

**ဗာတားနစ်။** ။ဦးစောခြံထဲမှာ အရပ်ဝတ် အရပ်စားနဲ့ လူတွေကော တွေ့သေးသလား။

## အမိန့်နှင့် ဝင်ခွင့်ပြုတယ်

**ဗိုလ်စောသောင်း။** ။နှစ်ယောက်၊ သုံးယောက် တွေ့ပါတယ်။ ဘယ်သူတွေလည်း မပြောနိုင်ပါ။ ဘယ်တုန်းက ရောက်နေသလဲ မသိပါ။ ကျွန်တော်တွေ့တုန်းက မြန်မာလည်းပါတယ်။ ကုလား

www.burmeseclassic.com



လည်းပါတယ်။ သေသေချာချာ မပြောနိုင်ပါ။ ကျွန်တော်တို့ တာဝန်က ခြံနှင့်အိမ်ကို စောင့်ဖို့ပါပဲ။ ခြံထဲမှာ ဘယ်သူမှ မဝင်ရဘူးလို့ အမိန့်ရှိပါတယ်။ ဒါပေမယ့် အထက်လူကြီးက ဝင်ခွင့်ပြုတဲ့လူကိုတော့ ဝင်စေပါတယ်။ တစ်ခါက စုံထောက်ဘက်က ဦးစိုးရင်နှင့် ဆန့်ဆိန်တို့ ရှိကြပါတယ်။ သူတို့အမိန့်နဲ့ ဝင်ခွင့်ပြုရပါတယ်။ ဦးစောခြံထဲသို့ တပ်သားများ (၁၂)နာရီမှာ လူချင်းလဲ၊ (၂)နာရီခွဲအချိန်လောက်မှာ ရှာဖွေကြပါတယ်။ ကျွန်တော်တို့ နံနက်(၁၀)နာရီခွဲ ရောက်တော့ ဦးစိုးရင် ရောက်နှင့်နေပါပြီ။ ဦးစိုးရင်တို့က ရှာနေတာ တွေ့ရပါတယ်။

**ရှေ့နေချုပ်ကြီး။** ။လူချင်းလဲတုန်းက အခြားတပ်က ဘယ်နှယောက်ရှိသလဲ။

**မိုလ်စောသောင်း။** ။လူသုံးယောက် ရှိလိမ့်မယ်။ ၄င်းပြင် ပုလိပ်များ၊ လက်နက်ကိုင် ပုလိပ်များ ရှိပါလိမ့်မယ်။ ဦးစော ခြံပေါက်ဝမှာ လက်နက်ကိုင်ပုလိပ် ဝဝတစ်ယောက် ထားရှိပါတယ်။

## ဘားလမ်းအချုပ်ခန်းအုပ် ဦးမောင်မောင်

**ဦးစံဝင်း။** ။သက်နှင်းကို အင်းစိန်ထောင်မှ ခေါ်လာတော့ ဒဏ်ရာမရှိဘူးလား။

**ဦးမောင်မောင်။** ။မရှိပါဘူး။ အမှုစုံစမ်းတဲ့ အရာရှိတွေက သက်နှင်းကို နှစ်ခါ၊ သုံးခါ ထုတ်သွားကြပါတယ်။ ဘယ်တော့ ပြန်ပို့တယ်။ ကောင်းကောင်း မမှတ်မိပါဘူး။ မောင်စိုးနဲ့ ရန်ကြီးအောင်တို့ကိုလည်း ထုတ်သွားကြပါသေးတယ်။ နေ့စဥ် မှတ်တမ်းတော့ ရေးမှတ်ထားပါတယ်။ အနာပတ်တဲ့ ပတ်တီးကို သက်နှင်းခေါင်းမှာ သတိမထား၊ မမြင်မိပါ။ အချုပ်ခံနေရတဲ့ လူတွေဟာ ခေါင်းမှာ ပဝါတို့၊ လုံချည်တို့နဲ့ပတ်ပြီး ထွက်လာတတ်ကြတာတော့ သတိထားမိပါတယ်။ ဆရာဝန်တစ်ယောက်ဟာ ညနေ ၃ နာရီ လောက်မှာ အချုပ်ထောင်သို့ နေ့တိုင်းလာပြီး စစ်ပါတယ်။ တစ်ခါတလေ ကျွန်တော် လိုက်သွားပါတယ်။ ကျွန်တော် မရှိရင် မလိုက်ပါဘူး။ သက်နှင်းခေါင်းမှာ အနာပတ်ထားတဲ့ အဝတ်စကိုလည်း သတိမထားမိဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ဗာတားနစ်။** ။ခင်ဗျား ဝတ္ထုရေးရာမှာ နေ့စဉ် နံနက်တိုင်း ဖတ်ရတယ် မဟုတ်လား။

**ဦးမောင်မောင်။** ။ဟုတ်ပါတယ်။ နေ့စဉ်ပေါ်မှာ လက်မှတ်ထိုးပြီး ပုလိပ်မင်းကြီးထံသို့ စာစောင်ပို့ရပါတယ်။ ဂါတ်စာရေးက နေ့စဉ်ကို ရေးမှတ်ရတဲ့လူပါ။ အချုပ်ထောင်ရဲ့ အဖြစ်အပျက်အားလုံးကို နေ့စဉ် မှတ်သားထားရပါတယ်။ အချုပ်ထောင်သို့ တရားခံတစ်ယောက်ကို လာပို့ရင် သူ့ကို တစ်ကိုယ်လုံး ရှာရပါတယ်။ ဒဏ်ရာတွေ့ရင် နေ့စဉ်ထဲမှာ ရေးမှတ်ရပါတယ်။ ဆရာဝန်ကလည်း ဒဏ်ရာကို ဆေးကုရလို့ရှိရင် လည်း သူဟာ ဆေးစာအုပ်ထဲမှာ ရေးမှတ်ထားရပါတယ်။ ကျွန်တော် ဖတ်ရပါတယ်။ ဆေးစာအုပ်ထဲမှာ ဘာဒဏ်ရာလဲလို့ စုံစမ်းရပါတယ်။ ရှုလိုင်လမှာ တာဝန်ကျတဲ့ ဆရာဝန်ဟာ ဒေါက်တာပေါ ဖြစ်ပါတယ်။

## တိုင်ကော မတိုင်ဘူးလား

**ရှေ့နေချုပ်ကြီး။** ။သက်နှင်းက သူ့အနာနဲ့ပတ်သက်ပြီး တိုင်ဖူးသလား။

**ဦးမောင်မောင်။** ။မတိုင်ဖူးပါ။

**ဦးစိဘူး။** ။အချုပ်ထောင်ထဲက လူတိုင်းကို တွေ့ဖို့ လိုသလား။

**ဦးမောင်မောင်။** ။မလိုပါဘူး။ ထိုအခါက နေ့စဉ် လူတစ်ရာကျော်လောက်ရှိပါတယ်။ လူတိုင်းကိုကြည့်ဖို့ မဖြစ်နိုင်ပါ။

## စုံထောက်ကျောင်းအုပ်ကြီး ဦးလှဘော်

စုံထောက်ကျောင်းအုပ်ကြီး ဦးလှဘော်အား ဗာတားနစ်က မေး၍ ထွက်ဆိုသည်မှာ…

**ဗာတားနစ်။** ။စတင်းဂန်းသေနတ်ကို စက်နဲ့လုပ်သလား၊ လက်နဲ့ လုပ်သလား။

**ဦးလှဘော်။** ။စတင်းဂန်းတွေကို တစ်ခုစီ၊ တစ်ခုစီ လက်နဲ့ လုပ်သလား ကျွန်တော် မပြောတတ်ပါ။ စတင်းဂန်းသေနတ်မှာရှိတဲ့ အပိုင်းတွေကို ဘယ်လိုသတ္တုမျိုးနဲ့ လုပ်ထားသလဲ၊ ကျွန်တော် ကြည့်ရှုခြင်း မပြုပါ။

www.burmeseclassic.com

www.burmeseclassic.com



ဗာတားနစ်။ ။စတင်းဂန်း သေနတ်ပစ္စည်းတစ်ခုကို သိန်းသိန်းချီပြီး စက်နဲ့လုပ်ခဲ့ရလို့ရှိရင် ပစ္စည်းများ အပြစ်အနာ ပါတတ်တယ် မဟုတ်လား။

ဦးလှဘော်။ ။ဥပမာ မောင်းရိုက်တံကို စက်နဲ့ သိန်းသန်းချီပြီး ထုတ်လုပ်ရစေကာမူ ၄င်းမောင်းရိုက်တံကို တစ်ခုစီ၊ တစ်ခုစီ သွေးယူရပါတယ်။ ဒါကြောင့် စတင်းဂန်းတစ်ခုရဲ့ အပြစ်အနာအဆာဟာ အခြားတစ်ခုနဲ့ မတူတတ်ပါ။ မောင်းရိုက်တံဆိုတာ မချွန်ရပါဘူး။ စက်နဲ့ထိပြီး တုံးပေးရပါတယ်။

ဗာတားနစ်။ ။သည်လို မောင်းရိုက်တံနဲ့ ပစ်ကြည့်တဲ့အခါ ခဲတ်ပုံတွင် ပြထားသလို တစ်ထေရာတည်း အမှန်ချင်း တူတတ်သလား။

ဦးလှဘော်။ ။တူတတ်ပါတယ်။ စတင်းဂန်း သန်း ၁၀၀ ကျော်နဲ့ ပစ်ကြည့်ရလျှင် တစ်ချက်တလေတော့ တူချင် တူပါလိမ့်မယ်။

ဗာတားနစ်။ ။ယခင်က စတင်းဂန်း သေနတ်နဲ့ ဘယ်နှခါ စမ်းပစ်ကြည့်ဖူးပါသလဲ။

ဦးလှဘော်။ ။ရာဇဝတ်မှုများနှင့် ပတ်သက်၍ စတင်းဂန်းများစွာကို စမ်းသပ်ခဲ့ဖူးပါတယ်။ ၁၉၄၅ ခုနှစ်က စပြီး စမ်းသပ်ခဲ့ဖူးပါတယ်။ ယခင်က စမ်းသပ်ပြီး ရိုက်ကူးထားတဲ့ ခဲတ်ပုံတွေနဲ့ ယခုပုံတွေ နှိုင်းယှဉ်မကြည့်ခဲ့ပါ။

## စစ်ကြီးအတွင်း စတင်းဂန်း ဘယ်နှစင်းထုတ်သလဲ

ဗာတားနစ်။ ။စစ်ကြီးအတွင်း စတင်းဂန်း ဘယ်နှစင်း ထုတ်တယ်လို့ဆိုတာ သိသလား။

ဥက္ကဋ္ဌ။ ။သူ ဘယ်လိုလုပ်ပြီး သိပါ့မလဲ။

ဦးစိဘူး။ ။သက်သေအား မိုးပေါ်က ကြယ်တွေကို ရေတွက်းတာနဲ့ တူနေမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



**ဦးလှဘော်။** ။စတင်းဂန်းနဲ့ ပစ်တဲ့အမှုပေါင်း ၁၂ မှုလောက် အတွက် စစ်ဆေးခဲ့ဖူးပါတယ်။ ဘယ်နှလက်လို့ မမှတ်မိပါဘူး။ သို့သော် နှစ်ဒါဇင်၊ သုံးဒါဇင်လောက်တော့ ပိုမယ်မထင်ဘူး။

**ရှေ့နေချုပ်ကြီး။** ။အလက်သန်း ၁၀၀ ကျော် ပစ်လို့မှ တစ်ချက်တလေ တူမယ်ဆိုတာ ဘယ်လို သဘောလဲ။

**ဦးလှဘော်။** ။ကျွန်တော် ပစ်ကြည့်တဲ့ သေနတ်တွေကို တွက်ချက်ပြီး ပြောရခြင်း ဖြစ်ပါတယ်။ ဥပမာ သိန်းထီ ဂဏန်းဟာ ၅၅၅၅၅၅ လို့ထွက်တော့ ထွက်တတ်ပါလိမ့်မယ်။ နို့ပေမယ့် တစ်ခါ လောက်သာ ထွက်တယ်လို့ ဆိုလိုပါတယ်။

**ဦးစံဝင်း။** ။တော်မီဂန်း ဘယ်နှလက်လောက် စစ်ဆေးဖူးပါသလဲ။

**ဦးလှဘော်။** ။နည်းပါတယ်။ ခြောက်လက်မှ ၁၂ လက်အထိ စစ်ဆေး ကြည့်ဖူးပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ခင်ဗျားရဲ့ အထက်က အဖြေများဟာ တော်မီဂန်း သေနတ်လည်း သည်အတိုင်းပဲလို့ ဆိုလိုပါသလား။

**ဦးလှဘော်။** ။အတူတူပါပဲလို့ ဖြေရပါ့မယ်။

## အရေးကြီးသော ရာဇဝတ်မှု

အမှုစစ်ဆေးသူ ရာဇဝတ်ဝန်ထောက် ဦးသိန်းအုန်းကို မစ္စတာ ဗာတားနစ်က စစ်မေးသည်။

**ဗာတားနစ်။** ။ယခုအမှုကို ဘယ်လိုခေါ်သလဲ။

**ဦးသိန်းအုန်း။** ။"အရေးကြီးတဲ့ ရာဇဝတ်မှုလို့ ခေါ်ရမှာပဲ" အမှု ဒိုင်ယာရီကို ကော်ပီနှစ်ခုနဲ့သာ ထားပါတယ်။

**ဗာတားနစ်။** ။ပုလိပ်လက်စွဲ ဥပဒေအရဆိုလျှင် ဘယ်နှခု လုပ်ရသလဲ။

**ဦးသိန်းအုန်း။** ။စစ်မဖြစ်ခင်တုန်းက သုံးခုလုပ်ပါတယ်။ အခုတော့ စက္ကူရှားလို့၊ ပုံစံရှားလို့ နှစ်ခုသာ လုပ်ပါတယ်။ တစ်ခုကို ပုလိပ်မင်းကြီးထံ ပို့ရပါတယ်။ လက်ခံကော်ပီကို အမှုစစ်တဲ့ အရာရှိဆီမှာ ထားရပါတယ်။ သည်အမှုဟာ အရေးကြီးဆန်းကြယ်လို့ အမှုလိုက်တဲ့ အရာရှိ

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ ညတိုင်း တွေ့ဆုံပြီး အမှုလိုက်ကြတာ ခရီးဘယ်လောက် ရောက်ပြီလဲလို့ တိုင်ပင်ဆွေးနွေးကြပါတယ်။ ကျွန်တော်တစ်ယောက်တည်းသာ ဒိုင်ယာရီကို ရေးရပါတယ်။ လက်အောက်အရာရှိများက မရေးကြပါ။ သူတို့ စစ်ဆေးလာတဲ့ သက်သေထွက်ချက်တွေကို ကျွန်တော့်ထံသို့ တင်ပို့ကြပါတယ်။

**ဗာတားနစ်။** ။လုပ်ကြံမှုထဲမှာ ပါတယ်ဆိုတဲ့ ကားနံပါတ်ဟာ အာရ်စီ-၁၈၁၄ လို့ ဘယ်တော့မှ သိသလဲ။

**ဦးသိန်းအုန်း။** ။ဇူလိုင် ၂၅ ရက်နေ့မှာ ကြားသိပါတယ်။ သည်အမှုကို စုံစမ်းထောက်လှမ်းဖို့ ဝတ္တရားကို ပုလိပ်မင်းကြီးက ပေးအပ်လို့ ဇူလိုင် ၂၂ ရက်နေ့ကစပြီး လုပ်ပါတယ်။

**ဗာတားနစ်။** ။ခင်ဗျား အလျှင်က စုံစမ်းတဲ့ အရာရှိ ဦးလှဖေထံမှ ဒိုင်ယာရီ ရသလား။

**ဦးသိန်းအုန်း။** ။ရပါတယ်။ ဦးစိုးရင်ထံမှ ဘာမှမရပါ။ ပုလိပ်မင်းကြီးအား နေ့တိုင်း သည်အမှုနဲ့ ပတ်သက်လို့ ပြောပြရတယ်။ ယခုအမှုက အရေးကြီးတဲ့အတွက် ပုလိပ်မင်းကြီးက အချုပ် ဖြစ်ပါတယ်။ ပုလိပ်မင်းကြီးရဲ့ အမိန့်အရ သည်အမှုကို လိုက်တယ်လို့ ပထမတင်တဲ့ ဒိုင်ယာရီထဲမှာ ရေးခဲ့ပါတယ်။ စုံထောက်အရာရှိတွေက သည်အမှုမှာ ကျွန်တော့်အား ကူညီကြပါတယ်။ သူတို့ရဲ့ ဒိုင်ယာရီ ကိုတော့ ကျွန်တော့်ထံ မတင်ကြပါ။

❖

www.burmeseclassic.com

www.burmeseclassic.com



# ဘီလပ်ဝတ်လုံကြေးနန်း

## ဦးစောနှင့် ဗာတားနစ်တို့ လှုပ်လှုပ်ရှရှ ဆွေးနွေးခြင်း

## အစိုးရရှေ့နေချုပ်ကြီးက အမှု ရက်ရွှေ့ဆိုင်းရေး ကိစ္စအတွက် ကန့်ကွက်ကြောင်းနှင့် ထပ်မံလျှောက်ထားခြင်း

နိုင်ငံတော် လုပ်ကြံမှုကြီးကို နိုဝင်ဘာ ၂၆ ရက်နေ့ နံနက် ၁၀ နာရီ အချိန်မှာ အင်းစိန်ထောင်ကြီးအတွင်း ခုံတရားသူကြီးများက ဆက်လက် စစ်ဆေးသည်။

ရုံးမတက်မီ တရားခံဘက်မှ ရှေ့နေများနှင့် တရားခံတို့သည် အတော်ကြာ တိုင်ပင်ကြသည်ကို တွေ့ရ၏။ ခင်မောင်ရင်တို့ လူစုကား အတော်ပင် ငြိမ်သက်လျက်ရှိသည်ကို တွေ့ရ၏။ ဗာတားနစ်နှင့် တရားခံ ဦးစောသည် ဘီလပ်ဝတ်လုံကိစ္စနှင့် ပတ်သက်၍ လှုပ်လှုပ်ရှရှ ပြောဆို ဆွေးနွေးကြသည်။

ဗာတားနစ်က အင်္ဂါနေ့ညနေက ကားတစ်ဘင်နက်ထံမှ ကြေးနန်း တစ်စောင်ရကြောင်း၊ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဆက်ဆက် ထွက်ပါမည်ဟု ဖော်ပြပါရှိပါသည်။ မြန်မာပြည်ဆိုင်ရာ အစိုးရကလည်း ထိုနေ့တွင် ထွက်နိုင် ရန် လေယာဉ်ပျံ၌ နေရာရဖို့ စီစဉ်ပြီးဖြစ်ကြောင်း၊ သို့ပါ၍ ရက်ရွှေ့ဆိုင်းပေးဖို့ ထပ်မံလျှောက်ထားပေးဖို့ မှာကြားကြောင်း ပြောသည်။

## နောက်ထပ် အထူးပြောရန်မလို

အစိုးရ ရှေ့နေချုပ်ကြီးက ၄င်းကိစ္စနှင့် ပတ်သက်၍ နောက်ထပ် အထူးပြောရန် မရှိပါ။ အမှုရွှေ့ဆိုင်းရေး ကိစ္စကို ကန့်ကွက်ကြောင်း၊ ဘီလပ်မှ ဝတ်လုံက ဒီဇင်ဘာလ ၂ ရက်နေ့ ၇လာမည်ဆိုသော်လည်း လမ်းခရီး၌ ဘယ်လို အနှောင့်အယှက်မျိုးနှင့် တွေ့ရမည်ကို မသိနိုင်ပါ။ သို့အတွက် ရက်ရွှေ့ဆိုင်းခြင်းကို ကန့်ကွက်ကြောင်း လျှောက်ထား၏။

၄င်းနောက် အမှုကို ဆက်လက် စစ်ဆေးရာ ရှေ့ဦးစွာ ဗိုလ်ချုပ် အခန်းစောင့် မင်းစေမောင်သောင်းစိန်ကို တရားခံဘက်မှ ရှေ့နေဦးပင်းက မေးခွန်းထုတ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစံဝင်း။** ။လူသတ်သမားများဟာ ဘယ်လို လာကြသလဲ။ တစ်ယောက်စီလား၊ ရင်ပေါင်တန်းလား။

**မောင်သောင်းစိန်။** ။ဘယ်လို လာကြသလဲဆိုတာ ကျွန်တော် သတိမထားမိပါ။ ရုတ်တရက် ချိန်တဲ့လူနဲ့ ကျွန်တော့်ကို တွန်းတဲ့လူ နှစ်ယောက်အနက် ဘယ်သူဟာ အရပ်မြင့်တယ်ဆိုတာ သတိမရတော့ပါ။ ပုလိပ်ထံမှာ ထွက်ဆိုတုန်းက သေနတ်နဲ့ ချိန်ရွယ်တဲ့လူဟာ အရပ်အမြင့်ဆုံးလို့ ဆိုခဲ့ပါလိမ့်မယ်။ ယခု စဉ်းစားကြည့်တော့ သေနတ်နဲ့ ရွယ်တဲ့လူဟာ တွန်းပစ်တဲ့လူထက် အရပ်မြင့်တာကို သတိရလာပါတယ်။

ဦးစံဝင်းက တရားခံ မောင်စိုးနှင့် သက်နှင်းကို မတ်တတ်ရပ်ပြစေပြီး မောင်သောင်းစိန်အားပြောရာ သက်သေက မောင်စိုးဟာ သက်နှင်းထက် မြင့်တယ်လို့ ပြောပါသည်။

**ဗာတားနစ်။** ။သူတို့က တွန်းပြီးတဲ့နောက် မင်း အထဲရောက်သွားသေးသလား။

**မောင်သောင်းစိန်။** ။သူတို့ရဲ့နောက်က အပေါက်ဝအထိပင် လိုက်မိပါသေးတယ်။

**ဗာတားနစ်။** ။ပုလိပ်ထံအစစ်ခံတုန်းက သည်လူတွေဟာ ဗိုလ်ချုပ်တို့ကို သေနတ်နဲ့ ချိန်ရွယ်တယ်ဆိုတဲ့အကြောင်း မထွက်ဆို ပါလား။

**မောင်သောင်းစိန်။** ။ပုလိပ်က ကျွန်တော့်ကို မမေးလို့ မထွက်ဆိုရပါ။

**ဗာတားနစ်။** ။မင်းကို ပုလိပ်က မစစ်ဆေးမီက သက်နှင်းနှင့် သုခရဲ့ ဓာတ်ပုံတွေကို ဟံသာဝတီ သတင်းစာထဲမှာ ပါနေတာ တွေ့ရပါသလား။

**မောင်သောင်းစိန်။** ။ကျွန်တော်တော့ မမြင်ရပါ။ ၄င်း သတင်းစာများကို ဦးစံဝင်းက ပြသရာ မောင်သောင်းစိန်က သက်နှင်းရဲ့ ပုံက ယခု တရားခံပုံနှင့် မတူပါ။ သုခပုံက သုခနှင့် တူပါတယ်ဟု ထွက်ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



**ဗတားနစ်။** ။သေနတ်နဲ့ချိန်တော့ မင်း ကြောက်သလား။

**မောင်သောင်းစိန်။** ။လက်နက်မရှိတော့ ကြောက်ရတာပေါ့။ လန့်ပြီးတော့ မအော်မိပါ။ လူသိအောင်လည်း မအော်မိပါ။ အချင်း ဖြစ်ပွားတဲ့နေ့က နေ့လယ် ၁ နာရီထိုးပြီးမှ ရုံးမှပြန်ပါတယ်။ ပုလိပ်အရာရှိ တွေကို တွေ့တယ်။ အခြားလူတွေကို တွေ့သလား၊ မတွေ့ဘူးလား မမှတ်မိ တော့ပါ။ ဗိုလ်ထွန်းလှကိုတော့ မြင်မိပါတယ်။

**ဗတားနစ်။** ။ရုံးကပြန်တော့ ဘယ်ရောက်သွားသလဲ။ ဘယ်သူနဲ့ နေသလဲ။

**မောင်သောင်းစိန်။** ။ရုံးဝင်းထဲမှ ရှိနေတဲ့ တန်းလျားကို ပြန်ပါတယ်။ တန်းလျားမှာ အခြားလူတွေ ၁၀၀ လောက်၊ ၂၀၀ လောက် ရှိကြပါတယ်။ အဲသည်နေ့က ပုလိပ်ကို ပြောရမှန်း သတိမရဘူး။ မသင်္ကာတဲ့လူတွေကို စီတန်းမပြခင် တရားခံတွေနဲ့ မတွေ့ဖူးပါ။ မမြင်ဖူးပါ။ စီတန်းထားတော့ ကျွန်တော်က လူတွေကို တစ်ဆုံး လျှောက်ကြည့်ပါတယ်။ နောက်ပြန်လှည့်လာတော့မှ သေနတ်နဲ့ ချိန်တဲ့လူကို တစ်တန်းတည်း စီထား ပါတယ်။

**ဗတားနစ်။** ။သေနတ်နဲ့ ချိန်တယ်ဆိုတဲ့လူ ဆောင်းလာတဲ့ ဦးထုပ် ကိုယူပြီး ဘယ်လို ဆောင်းထားတယ်ဆိုတာ ဆောင်းပြ စမ်းပါ။

**မောင်သောင်းစိန်။** ။သည်ဦးထုပ်ကို မဆောင်းချင်ဘူး။ (ဗတားနစ်က ခေါင်းမှာ ဆောင်းပြတော့မှ သက်သေက အဲသည် လိုပါပဲဟု ဖြေသည်) အခြားလူတွေက ရိုးရိုးပဲ ဆောင်းကြပါတယ်။

**ဗတားနစ်။** ။အချင်းမဖြစ်ပွားမီက ဗိုလ်ချုပ်ရုံးမှာ အလုပ်လုပ်တာ ဘယ်လောက်ကြာပြီလဲ။

**မောင်သောင်းစိန်။** ။တစ်နှစ်လောက် ကြာပါပြီ။ ကုလားမင်းစေဆိုတဲ့ လူက အလျှင်ကတည်းက အလုပ်လုပ်နေပါတယ်။ သူက မန္တလေးရာဇဝတ်ရဲ့ ပျာတာ ဖြစ်နေပါတယ်။ သည်နေ့ ၁၉-၇-၄၇ နေ့ကျမှ သူလိုက်လာပါတယ်။ တစ်ခါတလေ သူ့ကိုမြင်ရပါတယ်။ ဗိုလ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



အခန်းပေါက်စောင့်ဖြစ်တာ သုံးလသာ ရှိပါသေးတယ်။ ထိုအတွင်း ဝန်ကြီး အစည်းအဝေး ဘယ်နှကြိမ်လုပ်တယ် သတိမရပါ။ ထိုကုလားမင်းစေဟာ မြန်မာလို မတတ်ပါ။

**ဗာတားနစ်။** ။သူ မြန်မာလို မတတ်တာ ဘယ်လို သိသလဲ။

**မောင်သောင်းစိန်။** ။သူ့ကို ကျွန်တော် မြန်မာလို ပြောတော့ သူက မြန်မာလို ပြန်မပြောနိုင်ပါ။ ကျွန်တော်လည်း ကုလား စကား နည်းနည်းတတ်၍ ပြောဖူးပါတယ်။ သူ့နာမည်ကို မသိပါ။

**ရှေ့နေချုပ်ကြီး။** ။တရားခံရှေ့နေက သူ့နာမည်ကို သိချင်လို့ရှိရင် သူ့ရဲ့ နာမည်ကို ကျွန်တော် မေးပေးပါ့မယ်။

**ဗာတားနစ်။** ။အချင်းဖြစ်ပွားပြီးနောက် ပုလိပ်တွေ ရောက်လာတော့ ကြောက်စိတ် ပျောက်သွားသေးလား။

**မောင်သောင်းစိန်။** ။ပျောက်သွားပါတယ်။

**ဗာတားနစ်။** ။မောင်သောင်းစိန် ဆွဲပြတဲ့လူဟာ ဘယ်နေရာမှာ စီတန်းပြီး ပြသလဲ။

**မောင်သောင်းစိန်။** ။လူတွေရဲ့ အလယ်လောက်မှာ ဖြစ်ပါတယ်။

❖

## လုပ်ကြံမှုကြီးစစ်ရက် ရက်ရွေးဆိုင်းရန် သဘောမတူ

ယခုအမှုသည် ၁၉၄၈ ခု၊ ဇန်နဝါရီလ ၄ ရက် မတိုင်မီ ပြီးစီး နိုင်စရာ အကြောင်းရှိပါ၍ နောက်ထပ် ရွေးဆိုင်းရသော်လည်း နှောင့်နှေးမည် မဟုတ်ပါကြောင်း မစ္စတာ ဗာတားနစ်က လျှောက်လဲသည်။

### ဦးစိန်မောင် (သမာဓိ)

**ဗာတားနစ်။** ။ခင်ဗျား ဂျစ်ကားနံပါတ်ကို ရေးထားတာဟာ ဘာ ရည်ရွယ်ချက်နဲ့လဲ။

**ဦးစိန်မောင်။** ။သည်ဂျစ်ကားဟာ သေနတ်သံကြားပြီး ထွက်လာတဲ့ ကားဖြစ်လို့ မသင်္ကာသဖြင့်မှတ်လိုက်တာပါ။ သည်ကား

www.burmeseclassic.com

www.burmeseclassic.com



နံပါတ်ကို အရေးကြုံလာတဲ့အခါမှာ ဖြေနိုင်အောင်လို့ မှတ်ထားလိုက်တာပါ။

**ဗာတားနစ်။** ။နေ့လယ်ကျတော့ သတင်းထောက်တွေက ခင်ဗျားကို ဖိုလ်ချုပ်တို့ အသတ်ခံရတဲ့အကြောင်းသိတော့ ဘာကြောင့် ပုလိပ်ကို မတိုင်သလဲ။

**ဦးစိန်မောင်။** ။ကျွန်တော် မှတ်လိုက်တဲ့ ဂျစ်ကားလား။ ဘယ်ကားလဲလို့ မပြောနိုင်သေးလို့ပါ။

**ဗာတားနစ်။** ။ဆုငွေပေးမယ်ဆိုတဲ့ ကြော်ငြာတွေ့သလား။

**ဦးစိန်မောင်။** ။ကြော်ငြာကို မတွေ့ပါ။ သို့သော် လက်ဖက်ရည်ဆိုင်ကျမှ ကြော်ငြာပါ ဆုငွေအကြောင်း ကြားရပါတယ်။

**ဗာတားနစ်။** ။ဆုငွေကြော်ငြာကို ကြားတော့ ပုလိပ်ကို သတင်းပေးဖို့ စိတ်ကူးမိသလား။

**ဦးမောင်စိန်။** ။ဆုငွေကို စိတ်မစွဲပါဘူး။ အရေးပေါ်ပေါက်တော့ ပုလိပ်အရာရှိကြီးများအား သတင်းပေးမည်လို့သာ စိတ်ထဲမှာ ထားလိုက်ပါတယ်။ လက်ဖက်ရည်ဆိုင်မှာ သူတို့က ဆုငွေကြော်ငြာ ဖတ်နေတော့ ကျွန်တော်က ကားနံပါတ် ကျွန်တော် မှတ်ထားတယ်လို့ ဝင်ပြောလိုက်ပါတယ်။ သည်လူတွေကို စာရေးတွေလို့ ထင်မိပါတယ်။ သူတို့ဟာ ပုလိပ်သတင်းပေးဖြစ်တယ်လို့ မသိပါ။ သူတို့ထဲမှ လူတစ်ယောက်က ပုလိပ်မင်းကြီးထံ တယ်လီဖုန်းနှင့်ပြောပြီး ပြန်လာစာယ်လို့ ပြောတော့မှ ပုလိပ်သတင်းပေးဖြစ်မှန်း သိရပါတယ်။

**ဗာတားနစ်။** ။လက်ဖက်ရည်ဆိုင်ထဲက လူတွေက ခင်ဗျားနဲ့ ဆုငွေတစ်ဝက်စီယူရအောင်ဆိုလို့ သည်သတင်း ပေးတာလား။

**ဦးစိန်မောင်။** ။မဟုတ်ပါဘူး။

**ဦးစိဘူး။** ။ခင်ဗျားရဲ့ မေးခွန်းအတိုင်း ဟုတ်တယ်လို့ သက်သေသာမက ပေးမလားဟု ဗာတားနစ်အားမေးရာ မဖြေချေ။

**ဦးစံဝင်း။** ။အချင်း ဖြစ်ပွားတဲ့နေ့ ၁၉-၇-၄၇ နေ့က သတင်းထောက်တွေ ပြောတဲ့အခါ ခင်ဗျား မှတ်ထားတဲ့ ဂျစ်ကားပဲလို့ တစ်ထစ်ချ ပြောနိုင်သလား။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစိန်မောင်။** ။ဆက်သွယ်နေတယ်လို့သာ ထင်ပါတယ်။ သည်ကား ပဲလို့ တစ်ထစ်ချ မပြောနိုင်ပါ။

**ဦးစံဝင်း။** ။ခင်ဗျား အတွင်းဝန်ရုံးကြီး အဝမှာရှိနေတဲ့အခါ ဂျစ်ကား အာရ်စီ-၁၈၁၄ အပြင် အခြားကားများကိုကော မြင်မိသေး သလား။

**ဦးစိန်မောင်။** ။ရုံးထဲက ဂျစ်ကားတွေကို မမြင်မိပါ။ အခြားဘတ်စ်ကား များသာ ဒါလဟိုဇီလမ်းဘက်က သွားနေကြတာ သတိ ထားမိပါတယ်။ ထိုအပေါင်ဝမှာ ကျွန်တော် ၁၀ မိနစ်၊ ၁၅ မိနစ်လောက် ရပ်နေပါတယ်။

**ဦးစံဝင်း။** ။သတင်းထောက်တွေက ဗိုလ်ချုပ်တို့ သတ်သွားတဲ့အကြောင်း ဂျစ်ကားနဲ့ စစ်ဝတ်စစ်စားနဲ့လူတွေက ပစ်သွားတယ်ဆိုတဲ့ အကြောင်းတွေကို သတင်းစာတိုက်ထဲမှာ ပြောနေကြတော့ ခင်ဗျားက ဂျစ်ကားနံပါတ် မှတ်လာတဲ့အကြောင်း ဘာလို့ မပြောသလဲ။

**ဦးစိန်မောင်။** ။ကျွန်တော်က ဦးဘကလေးအား ပြောပြပြီးဖြစ်၍ သူတို့ အား မပြောတော့ပါ။ ဦးဘကလေးက သတင်းထောက်များ ကို ပြောပြတယ်လို့ ထင်မိပါတယ်။

## ရန်ကုန် အင်စပိတ်တော် ဦးဘိုးစိန်

ဦးဘိုးစိန်အား မေး၍ ထွက်ဆိုသည်မှာ···

**ဦးဘိုးစိန်။** ။ဇူလိုင် ၁၉ ရက်နေ့က ဗိုလ်ချုပ်ကို ဂျစ်ကားစီးပြီး စစ်ဝတ် စစ်စားနဲ့ လူတွေက ပစ်သွားတယ်ဆိုတဲ့ သတင်းကို ဝိုင်ယာ လက်ကားမှ အသံလွှင့်ရပါတယ်။ ၁၀ မိနစ်လောက် ကြာပါတယ်။ ထိုနေ့က ပုလိပ်များသို့ အသံလွှင့်ပါတယ်။ ထိုနေ့က ဝါယာလက်ကား ဘယ်နှစ်စီး ပျက်နေတယ် မသိပါ။ သည်လိုသတင်းကို ဒုတိယပုလိပ်မင်းကြီးအား ပြောဖို့ လိုမယ်မထင်လို့ မပြောမိတာပါ။ ထိုအခါ ဘယ်သူမှ အမှုကို စုံစမ်း မထောက်လှမ်းရသေးပါ။ အချင်းဖြစ်ပွားတဲ့နေ့က ရုံးကြီးသို့ ရောက်သွားတော့ တွေ့ရတဲ့ လူတိုင်းကပဲ စစ်ဝတ်စစ်စားနဲ့ လူတွေ ဂျစ်ကားနဲ့လာပြီး ဗိုလ်ချုပ် တို့ကို ပစ်သွားတယ်လို့ ပြောနေကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သက်တော်စောင့် မောင်ထွေး၏အလောင်းကို အပြင်ဘက် ၁၀ ပေလောက်အကွာမှာ တွေ့ပါတယ်ဟု ထွက်ဆို၏။

(ရွှေနေချုပ်ကြီးက ဘီလပ်ရွှေနေ ကားတစ်ဘင်နက်ထံ ကြေးနန်းရရှိကြောင်း ပြောပြသည်။)

မစ္စတာ ဗာတားနစ်က ဘီလပ်မှ ဝတ်လုံ ကားတစ်ဘင်နက်ထံမှ ရောက်လာသော ကြေးနန်းအကြောင်းနှင့် ပတ်သက်၍ ပြောကြားသည်မှာ ဘီလပ်မှဝတ်လုံ ကားတစ်ဘင်နက်သည် ဒီဇင်ဘာလ ၅ ရက်နေ့မှ ထွက်လာနိုင်မည်။ ၁၀ရက်နေ့လောက်မှ ရောက်မည်ဖြစ်ကြောင်း ပါရှိပါသည်။

**ဦးစောထံ** ရောက်သောကြေးနန်းသည် ဒီဇင်ဘာလ ၂ ရက် နေ့တွင် ထွက်လာမည်ဟု **ပါရှိ**၏။ သို့အတွက် ယခုအမှု၌ မိမိ၏ အခြေအနေမှာ အလွန်ပင် **ခက်နေပါ**သည်။ ဘင်နက်မလာမချင်း၊ သူ့ ထံမှ ဘာလုပ်ရမည်ဟု ဩဝါဒမရမချင်း မိမိ ဘယ်လိုစခန်းသွားရမည်ကို မသိပါ။ သို့အတွက် ရက်ချိန်းပေးဖို့ လျှောက်ထားရကြောင်း၊ ယခုအမှုကြီးသည်လည်း ၁၉၄၈ခု ဇန်နဝါရီလ ၄ ရက်နေ့မတိုင်မီ ပြီးစီးနိုင်စရာ အကြောင်းရှိပါ၍ နောက်ထပ် ရွှေ့ဆိုင်းရသော်လည်း နှောင့်နှေးမည် မဟုတ်ကြောင်းနှင့် လျှောက်လဲလေသည်။

## ရက်ရွှေ့ဆိုင်းရန် မဖြစ်နိုင်

ရွှေနေချုပ်ကြီးက နောက်ထပ်အမှုကို ရက်ရွှေ့ဆိုင်းရန် မဖြစ်နိုင်၍ ကန့်ကွက်ပါသည်။ ဒီဇင်ဘာလ ၅ ရက်နေ့၊ သို့မဟုတ် ၅ ရက်မတိုင်မီ အခြားနေ့ကိုပင် ကန့်ကွက်ကြောင်း၊ ဘင်နက်ထံမှ ကြေးနန်းသည်လည်း ဘယ်နေ့အထိ ရွှေ့ဆိုင်းပေးရမည်ဟု မပါရှိပါ။ ၎င်းပြင် နောက်ထပ်ရက်ချိန်း မတောင်းဘူးဟု အာမခံချက်လည်း မပါရှိပါ။

ယခုအမှုကို မရပ်မနားဘဲ ဆက်လက်၍ စစ်ဆေးသွားစေကာမူ ဇန်နဝါရီလကုန်သည့်တိုင်အောင် ပြီးစီးနိုင်မည် မထင်ပါ။ မစ္စတာ ဗာတားနစ်က ဇန်နဝါရီလ ၄ ရက်မတိုင်မီ ပြီးစီးစရာရှိသည်ဟု ပြောခြင်းသည် အဘယ်ကဲ့သို့ ထွက်ချင်သည် မသိနိုင်ပါ။ သက်သေများကို စစ်ဆေးရသည်မှာ အလွန်ကြာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် အပြန်အလှန် မေးခွန်းထုတ်ခြင်း၊ ခေါ်ယူစစ်ဆေးခြင်းတို့ကိုလုပ်လျှင် အလွန်ကြာပါဦးမည်။ ယခုအမှု၌ ကားတစ်ဘင်နက် မလာသေးဘဲ အမှုကို ဆက်လက် ကြားနာစစ်ဆေးသွားသော်လည်း ဘင်နက်လာသောအခါ စစ်ပြီး သက်သေများကို ခေါ်ယူလိုက ခေါ်ပိုင်ခွင့် ရှိပါသည်။ တရားသူကြီးကလည်း ခွင့်ပြုမည်။ သို့ဖြစ် ပါ၍ ယခုအမှုကြီးကို ဆက်လက် စစ်ဆေးရုံသာ ရှိပါသည်။

## တရားရုံးသို့ ပြန်ကြားရန်

ခုံတရားသူကြီးများက တရားခွင်တွင် အချင်းချင်း တိုင်ပင်ပြီးလျှင် ဥက္ကဋ္ဌ ဦးကျော်မြင့်က ယခုအမှုကို ရွှေ့ဆိုင်းရန် သဘောမတူကြောင်း၊ ဇန်နဝါရီလ ၄ ရက်နေ့နောက် ကျွန်ုပ်၏ အခြေအနေသည် ဘယ်လိုဖြစ်မည် မသိပါ။ သို့အတွက် ယခုအမှုကို ဆက်လက်စစ်ဆေးမည်။ ကျွန်ုပ်တို့က မည်သည့်စာ မည်သည့်ကြေးနန်းကိုမှ အသိအမှတ်မပြုပါ။ တရားရုံးသို့ ယခုအမှုကို ရွှေ့ဆိုင်းရန် အကြောင်းမရှိကြောင်း ပြန်ကြားရန် အမိန့်ချမှတ်လိုက်လေသည်။

## ပေးသင့်တဲ့ သတင်းကိုသာ ရာဇဝတ်ဝန် ဦးသန်းဖေ

**ဗာတားနစ်။** ။ဗိုလ်တထောင်ဂါတ်ထဲမှာ ရေဒီယိုသတင်းယူသောစက် ရှိသလား။

**ဦးသန်းဖေ။** ။ရှိပါတယ်။ ရေဒီယိုမှပေးသော သတင်းကို သက်ဆိုင်ရာ အရာရှိအား ပေးရပါတယ်။ သို့သော် ပေးသင့်တဲ့သတင်းကိုသာ ပေးပါတယ်။ လုပ်ကြံမှုသတင်းကို အလုပ်ကျနေတဲ့ အရာရှိထံ ပေးတယ်လို့ ယူဆပါတယ်။

## မောင်သန်း (စီးပွားရေး သတင်းထောက်)

**ဗာတားနစ်။** ။အချင်းဖြစ်ပွားတဲ့ နေ့တုန်းက သတင်းထောက် ဘယ်နှယောက် ရှိသလဲ။

www.burmeseclassic.com

www.burmeseclassic.com



**မောင်သန်း။** ။စီးပွားရေးတိုက်မှာ သတင်းထောက်သုံးယောက် ရှိပါတယ်။ ကိုတင်အေး၊ ကိုစိုးသူနဲ့ ကျွန်တော် ဖြစ်ပါတယ်။

ဇူလိုင်လ ၁၉ ရက်နေ့ နောက်ကျတော့ သူတို့နဲ့ မတွေ့တော့ပါ။ အချင်းဖြစ်ပွားပြီးတဲ့နောက် အယ်ဒီတာချုပ် ဦးအုန်းမြင့်ကို လမ်းပေါ်မှာ တွေ့ပါတယ်။ သိမ်ကြီးဈေးနားမှာ တွေ့ပါတယ်။ စီးပွားရေးကတော့ မော်တင်လမ်းမှာ ရှိပါတယ်။ သတင်းစာတိုက်ရောက်တော့ တာဝန်ခံအယ်ဒီတာ ဦးစံမြင့်အား ဖြစ်ပွားတဲ့သတင်းကို ပေးပါတယ်။ ကိုယ်တွေ့အဖြစ်အပျက်ကိုလည်း ပြောပြပါတယ်။ ထိုအကြောင်းတွေကို ထိုနေ့ စနေနေ့ ညနေမှာပဲ အထူး သတင်းစာတွင် ထုတ်လိုက်ပါတယ်။ မောင်ထွေးကို ပစ်တဲ့လူကို မှတ်မိပါတယ်လို့ အယ်ဒီတာနှစ်ဦးအား မပြောမိပါ။

မောင်ထွေး အခန်းပေါက်ဝသို့ လူသတ်သမားလေးယောက် လာကြပုံမှာ ရှေ့ဆုံးကတစ်ယောက်၊ နောက်ကသုံးယောက်က တစ်ယောက်၊ နောက်တစ်ယောက် လိုက်လာပါတယ်။ ရှေ့ဆုံးကလူနဲ့ ကျွန်တော်နဲ့ ရှစ်ပေခန့်ဝေးပါတယ်။ ရှေ့ဆုံးကလူကို ကြည့်မိတယ်။ အခြားလူတွေကိုတော့ စစ်ဝတ်စစ်စားနဲ့ တွေ့ရတယ်။ မမှတ်မိပါ။ ရှေ့ဆုံးကလူကပဲ မောင်ထွေးကို သေနတ်နဲ့ ပစ်ပါတယ်။

**ဗာတားနစ်။** ။ပစ်လှဲလိုက်တာက ကြောက်လို့လား။

**မောင်သန်း။** ။ရန်မူမှာစိုးလို့ အကာအကွယ်ယူပြီး လှဲလိုက်ပါတယ်။ ကိုထွေးကိုပစ်တဲ့လူဟာ အခြားလူများထက် အရပ်မြင့်တယ်။ အဲသည်လူက ကျွန်တော့်ကို သေနတ်နဲ့ချိန်လို့ သူ့မျက်နှာကို ကြည့်မိပါတယ်။ အဲသည်လူဟာ ဦးထုပ်ကို နဖူးထိအောင် ဆောင်းထားတယ်။ သည်တရားခံတွေရဲ့ အချုပ်ခန်းရှေ့က ကွမ်းယာဆိုင်ကနေပြီး ကြည့်တယ်ဆိုတာ မဟုတ်ပါဘူး။

(ရှေ့နေချုပ်ကြီးက မေး၍ ဖြေကြားသည်မှာ…)

**မောင်သန်း။** ။တရားခံများကို မှတ်မိတဲ့အကြောင်းကို မပြောရခြင်းဟာ ကျွန်တော့်အသက်ကို ရန်ရှာမှာစိုးလို့ ဖြစ်ပါတယ်။

တိုင်းပြည်က မငြိမ်မသက် ဖြစ်တဲ့အခါ ဖြစ်ပါတယ်။ စစ်ဆေးတဲ့အခါရှိမှသာ ပြောမယ်လို့ စိတ်ပိုင်းထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## တိုက်လည်း တိုက်ဖူးပါတယ်

**ရှေ့နေချုပ်ကြီး။** ။သတင်းထောက်လုပ်ကာ ဘယ်လောက်ကြာပြီလဲ။

**မောင်သန်း။** ။သည် ၂၅-၁၁-၄၇ နေ့ထိ ဆိုရင် သတင်းထောက်လုပ်တာ ကိုးလရှိပါပြီ။

**ဦးအောင်သာကျော်။** ။မြန်မာ့တပ်မတော်မှာ ဘယ်လောက်ကြာကြာ အမှုထမ်းဖူးခဲ့သလဲ။

**မောင်သန်း။** ။လေးလလောက် ကြာပါတယ်။ သင်တန်းတက်ဖူးပါတယ်။ တိုက်လည်း တိုက်ဖူးပါတယ်။

**ဗာတားနစ်။** ။လုပ်ကြံမှုမှာ တရားခံတွေကိုမိအောင် သတင်းပေးနိုင်တဲ့လူကို ဆုငွေပေးမယ်ဆိုတဲ့ ကြော်ငြာကို သိသား။

**မောင်သန်း။** ။ကျွန်တော် ပုလိပ်ကစစ်ပြီးမှ သတင်းစာထဲက ဆုငွေကြော်ငြာအကြောင်း ကြားသိရပါတယ်။ သို့သော် မကြည့်မိပါဘူး။ ပုလိပ်က မစစ်ခင်က ထိုကြော်ငြာကို မကြားမိပါ။

## ကြောင်လိမ်လှေကားမှ

နိုဝင်ဘာလ ၂၇ ရက်နေ့ ကြာသပတေးနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်လုပ်ကြံမှုကြီးကို အင်းစိန်ထောင်ကြီးအတွင်းရှိ ခုံတရားသူကြီးများရုံး၌ ဆက်လက် ကြားနာစစ်ဆေးလေသည်။

**ဦးစံဝင်း။** ။မြေဝယ်ဖို့ ကုလားက ဘယ်ကလဲ။

**ဦးတင်မောင်။** ။အတွင်းဝန်ရုံးကပါ။ ဘယ်မှာနေတယ် မသိပါ။ လွှစ္စလမ်းမှာနေတဲ့ ကုလားတစ်ယောက်က သူ့ အကြောင်းကို ပြောပြလို့သိပါတယ်။ လွှစ္စလမ်း ကုလားဟာ ရာမန်နာသန် ဖြစ်ပါတယ်။ အတွင်းရုံးက ကုလားနာမည်ကို သူပေးလိုက်တာက နာရာသန်ဂန်၊ အထက်တန်းစာရေး၊ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဌာနလို့ ဆိုပါတယ်။ အချင်းဖြစ်ပြီးအရက် ၂၀ လောက်ကြာတော့ သန်ဂန်က ကျွန်တော့်ထံလာပြီး မြေယာအကြောင်း ပြောပြတော့ မဝယ်ဖြစ်ပါ။ စလင်းလမ်းမှာရှိတဲ့ သခြားမြေကွက်

www.burmeseclassic.com

www.burmeseclassic.com



ကိုသာ ဝယ်ဖြစ်ပါတယ်။ အရက် ၂၀ လောက် ကြာပါပြီ။ ကာကွယ်ရေး ဌာနကို မူလက မသိပါ။

## သူ့ကိစ္စမှာလည်း ကျွန်တော်ပါတာပဲ

**ဦးစံဝင်း။** ။ဦးထင်ပေါ်က ဘယ်ကိုပါသွားတာလဲ။

**ဦးတင်မောင်။** ။ဦးထင်ပေါ်က ညက ကျွန်တော့်ကို လာခေါ်လို့ ထိုနေ့က အတူတူသွားပါတယ်။ သူ့ကိစ္စမှာလည်း ကျွန်တော်ပါတာပဲ။ ကျွန်တော့်ကိစ္စမှာလည်း သူပါတာပဲ။ ဦးထင်ပေါ်ရဲ့ကိစ္စက မြို့နယ်စီပယ်ရုံးမှာ ပြီးစီးတော့ ကျွန်တော်က သူ့ကို ကျွန်တော့်ကိစ္စ ရှိတယ် ဆိုပြီး ခေါ်သွားတာပဲ။ အတွင်းဝန်ရုံးကြီးပေါ်ရောက်တော့ ဘယ်သူမှ ရင်ဆိုင် တွေ့မိတယ် မထင်ဘူး။ မင်းစေအချို့ အခန်းဝမှာ ရှိကြတာကိုသာ သတိ ထားမိပါတယ်။ ဗိုလ်ချုပ်ရုံးခန်းပေါက် ရောက်တော့လည်း မင်းစေကို မကြည့် မိဘူး။ နာမည်စာတန်းကိုသာ မော့ပြီး ကြည့်သွားတယ်။ ဗိုလ်ချုပ် အခန်းဝ လွန်တော့ ဦးထင်ပေါ်က လက်နက်ကိုင်တဲ့လူတွေအကြောင်းကို လှမ်းပြော ပါတယ်။ နောက်သေနတ်သံ (ဝေါ)လို့ ကြားတော့ လန့်သွားပြီး နောက်ထပ် (ဝေါ)လို့ သေနတ်သံကြားတော့ ဦးထင်ပေါ်နှင့် ကျွန်တော်တို့ တောင်ဘက်ကို သုတ်သုတ်ဆင်းသွား ကြပါတယ်။ ကြောင်လိမ်လှေကားမှဆင်းပြီး ဝင်းထရဲ့ ဘက် သွားကျော်တက်ပြီး ဒါလဟိုဇီလမ်းဘက် ပလက်ဖောင်းပေါ်မှာ ထိုင်နေကြပါတယ်။

## လူနာတင်ကားလာတာ မြင်တော့

**ဗာတားနစ်။** ။နောက် ရုံးထဲ ပြန်လာသေးသလား။

**ဦးတင်မောင်။** ။ကြည့်ပါတယ်။ လူနာတင်ကား ဝင်လာတာ မြင်တော့ ကျွန်တော်တို့ စပါတ်လမ်းဘက်ပေါက်မှ ပြန်ဝင်လာပြီး ကြည့်ကြပါတယ်။ စပါတ်လမ်းဘက်က ထွက်ပေါက်မှာ ထိုနေ့က ဖွင့်ထား ပါတယ်။ လူနာတင်ကားပေါ်ကိုတင်တဲ့ အလောင်းတွေကိုသာ မြင်ရပါတယ်။ ရုံးမှပြန်လာတော့ လမ်းမှာ ဆေးရုံထဲ ဝင်ကြည့်ကြပါသေးတယ်။ အိမ်ရောက် တော့ ညနေလောက် ရှိပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



**ဗာတားနှစ်။** ။မနေ့က (၂၆-၁၁-၄၇)နေ့က ရုံးကို ဦးထင်ပေါ်နှင့် အတူတူ လာကြသလား။

**ဦးတင်မောင်။** ။အတူတူ လာကြပါတယ်။ ဦးထင်ပေါ်ကို မနေ့က စစ်တာ သိပါတယ်။

**ဗာတားနှစ်။** ။ဦးတင်မောင် အင်္ဂလိပ်စာတတ်သလား။

**ဦးတင်မောင်။** ။တတ်ပါတယ်။ ၁၀ တန်းအောင်ပါတယ်။ အင်္ဂလိပ်လိုရေးထားတဲ့ ပုလိပ်ထံ ထွက်ဆိုချက်ထဲမှာ ပြေးတယ်ဆိုတာ ခပ်သုတ်သုတ်သွားတယ်လို့ ဆိုလိုပါတယ်။ ပလက်ဖောင်းပေါ်မှာ ရောက်ကြတော့ ဒါလဟိုဇီလမ်းနှင့် စပါတ်လမ်းဘက်ပေါက်ကို မြင်ရတယ်။ စပါတ်လမ်းဖက်က ရုံးပေါက်ကိုလည်း မြင်ရတယ်။ ဝင်းခြံကိုလည်း မြင်ရတယ်။ ထိုအခါ ဝင်းထဲမှ ကားတွေ သွားတာ လာတာ ရှိ၊ မရှိ သတိမထားမိပါ။

မိအောင် သတင်းပေးသူအား ဆုငွေ ၁၀၀၀ဝိ/- ပေးမယ်ဆိုတဲ့ ကြော်ငြာကို ရာဇဝတ်ပုလိပ်မင်းကြီးက ထည့်ထားတယ် မဟုတ်လား။

**ဗာတားနှစ်။** ။စိတ်ထဲမှာ ရှုပ်နေသလား။

**ဦးတင်မောင်။** ။အတွင်းဝန်ရုံးထဲမှာ ဘာဖြစ်နေတယ်ဆိုတာ သတိမပြုမိပါ။ သစ်ပင်အောက်မှာ လူတွေ ၅၀ ခန့်လောက်ရှိပါတယ်။ မရောက်ခင် ငါးယောက်၊ ၁၀ ယောက်လောက် ရှိနေပါတယ်။ သစ်ပင်အောက်မှာ ထိုင်နေကြစဉ် သေနတ်နဲ့ပစ်တဲ့ လူတွေဟာ ဘယ်ရောက်သွားသလဲ။ ခေါင်မိုးပေါ်များ တက်သွားကြသလားလို့ ကြည့်နေမိပါတယ်။

## ထပ်မံ၍ ထွက်ဆိုကြပုံ

ဖမ်းထားသူများ ၂၀၀ သာ ရှိတော့သည်။

ကြောက်တာမဟုတ်ဘူး။ အစောင့်က သတိပေး၍ ကြက်သီးထခြင်းဖြစ်တယ်လို့ သက်သေတစ်ဦးက ထွက်ဆို။

## ဦးထွန်းလှအောင် (စုံထောက်မင်းကြီး)

စုံထောက်မင်းကြီး ဦးထွန်းလှအောင်မှာ နေထိုင်မကောင်း လျှက်နှင့် လာရောက်ပြီး အစစ်ခံလေသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဗာတားနစ်။** ။မစ္စတာခန်း (သက်သေ)ကိုသိတာ ဘယ်လောက် ကြာပြီလဲ။

**ဦးထွန်းလှအောင်။** ။၁၀ နှစ်လောက် ရှိပါပြီ။ သူ့ထံသို့ သွားလည်ဖူးပါသည်။

**ဗာတားနစ်။** ။ပုလိပ်မင်းကြီးထံ ပေးသည်ဆိုတဲ့ စာရွက်ထဲမှာ မှတ်ထားတဲ့ လင်းစဒေါင်းလမ်းထိပ်က "စွပ်ပရား" ခေါ် ကိုပြားကြီးဆိုတာ သည်အမှုနဲ့ ပတ်သက်သလား။

**ဦးထွန်းလှအောင်။** ။မပတ်သက်ပါဘူး။ သူ့ကို ကာကွယ်ရေး ပုဒ်မနှင့် ခေတ္တသာလျှင် ဖမ်းထားပါတယ်။ သည်အမှုကို စုံထောက်ဘက်ကလည်း စုံစမ်းထောက်လှမ်းရပါတယ်။ တစ်ခါတုန်းက စုံထောက်ဘက်က ဘရင်းဂန်းပျောက်တဲ့ အမှုနဲ့ ယမ်းတောင့်ပျောက်တဲ့ အမှုနှစ်မှုကိုလည်း ထောက်လှမ်းစုံစမ်းနေပါတယ်။ မည်သူ၏ အမိန့်နဲ့ မဟုတ်ဘဲ လုပ်ကြံမှုကြီးကို စုံထောက်ဘက်က စုံစမ်းထောက်လှမ်းခဲ့ပါတယ်။ အင်းစိန်ပုလိပ်ကလည်း စုံစမ်းပါတယ်။

**ဗာတားနစ်။** ။သည်လုပ်ကြံမှုကြီးနှင့်ပတ်သက်၍ တရားခံတစ်ယောက်။

**ဦးထွန်းလှအောင်။** ။ဟုတ်ပါသည်။ သည်ကြော်ငြာထားတဲ့ အကြမ်းစာကို တွေ့မြင်ပါတယ်။ ရာဇဝတ်ကြပ် မောင်ကျော်စိန် အပြင် အခြားအရာရှိ တစ်စုကိုလည်း ဦးစောရဲ့အိမ် စောင့်ကြည့်အကဲခတ်ကြဖို့ ပြောပါတယ်။ သည်အရာရှိတစ်ခုကို သေနတ် ယမ်းတောင့်အမှုများအတွက် အစောင့်ခိုင်းထားပါတယ်။ အခြား နိုင်ငံရေးခေါင်းဆောင်များရဲ့ အိမ်ကိုလည်း ထုံးစံအတိုင်း စောင့်ကြည့် ခိုင်းထားပါတယ်။ အခုအမှုအတွက်တော့ အထူးစေခိုင်းပါတယ်။

**ဗာတားနစ်။** ။၁၉၄၆ ခုနှစ်က တရားခံ ဦးစောအား မြေနီကုန်းရပ်မှာ သေနတ်နဲ့ အပစ်ခံရတုန်းက ခင်ဗျား ဘယ်မှာလဲ။

**ဦးထွန်းလှအောင်။** ။ရန်ကုန် ပုလိပ်အဖွဲ့မှာ အထူးဝတ္တရားနဲ့ ဖြစ်ပါတယ်။ ကျွန်တော့်ကို ပုလိပ်သပိတ်ကိစ္စတွေနဲ့ ပတ်

www.burmeseclassic.com

www.burmeseclassic.com



သက်လို့ တာဝန်ချထားပါ၍ ရာဇဝတ်မှု စုံစမ်းခြင်းနဲ့ မဆိုင်ပါ။ ထို အခါက မစ္စတာရိန်း(စ်)ဆိုသူက ရန်ကုန်ပုလိပ်မင်းကြီး ဖြစ်ပါတယ်။ မစ္စတာ ကာတားက ဒုတိယပုလိပ်မင်းကြီး ဖြစ်ပါတယ်။

**ဦးစံဝင်း။** ။ပုဒ်မ၅နှင့် ဖမ်းထားတဲ့လူ ဘယ်နှယောက်ရှိသလဲ။

**ဦးထွန်းလှအောင်။** ။နိုင်ငံရေးအဖွဲ့ အသီးသီးမှ လူပေါင်း ၂၀၀ ကျော်လောက် ရှိပါတယ်။

## မင်းစေမောင်အုန်း

**ဦးစံဝင်း။** ။မသင်္ကာတဲ့ လူတွေကို တန်းစီမပြခင်က သုခတ်ပုံ သတင်းစာထဲ မြင်ဖူးသလား။

**မောင်အုန်း။** ။မမြင်ဖူးပါ။ (၄င်း ဟံသာဝတီ သတင်းစာတွင် ပါသော သုခတ်ပုံကို သတင်းစာထဲမှာ ဆွဲပြပြီး သုခနှင့် တူသလားမေးရာ တူသည်ဟု ဖြေ၏။)

**ဦးစံဝင်း။** ။ဆုငွေပေးတဲ့ ကြော်ငြာထွက်လာတာ သိလား။

**မောင်အုန်း။** ။မသိပါဘူး။ ယူနီဖောင်းနဲ့ လက်နက်ကိုင်လာတဲ့ လူတွေကို မြင်ပြီးနောက် ကျွန်တော်၏ အရာရှိအခန်းထဲ ဝင်သွားပြီး ရုံးဆင်းမှ ပြန်ထွက်လာပါတယ်။ အချင်းဖြစ်ပွားပြီးနောက် အခြားသူများအား မပြောမိပါ။ ကျွန်တော့်ရဲ့အရာရှိ ကာနယ်ကျော်ဝင်းကိုသာ ပြောပါတယ်။ မြင်လိုက်ရတဲ့ ဒရိုင်ဘာရဲ့ ပုံသဏ္ဍာန်ကိုတော့ မပြောပြမိပါ။ ပုလိပ်တွေ လာကြ၊ သွားကြတာတော့ မြင်မိပါတယ်။ လူချင်းမတွေ့ရပါ။ ပုလိပ်အရာရှိ ဦးသိန်းအုန်းက ကျွန်တော်တို့ရုံးမှာ လာပြီးစစ်ပါတယ်။ အခြားတစ်ယောက်လည်း လာပါတယ်။ အချင်းဖြစ်ပွားတုန်းက အခြားကားများ မရှိကြပါ။ ဆင်ဝင်အောက်မှာ သည်ဂျစ်ကားတစ်စီးသာ ရှိပါတယ်။ အခြားကားတွေက ရုံးအတွင်းဘက် မြေကွက်မှာ ရပ်ထားပါတယ်။ လက်နက်ကိုင် လူတစ်စု အပြင် အခြားလူများဟာ လှေကားကြီးပေါ်မှ ဆင်းတာ၊ တက်တာ မမြင်မိပါ။

ထိုအချိန်မှာ ရုံးချိန်ဖြစ်၍ အလုပ်လုပ်နေကြပြီ ဖြစ်ပါတယ်။ အသွားအလာ မရှိကြပါ။ ကာနယ်ကျော်ဝင်းသာ ရုံးနောက်ကနေပါ တယ်။

www.burmeseclassic.com

www.burmeseclassic.com



## လမ်းပြပုလိပ်ကို သိသလား

**ဗာတားနစ်။** ။ရုံးထဲမှာ လမ်းပြပုလိပ် မောင်ထွေးကို သိသလား။

**မောင်အုန်း။** ။သိပါတယ်။ လက်နက်ကိုင် လူဆိုးများ ရုံးလှေကားမှ ဆင်းလာတဲ့အခါမှာ မောင်ထွေးကို သတိမထားမိပါ။ ရုံးပေါ်က အသံကြီးတွေကြားလို့ ဂရုစိုက်နေရတာနဲ့ မောင်ထွေးနဲ့ ဂျစ်ကား မောင်းတဲ့လူနဲ့ ဘာဖြစ်ကြတယ် ဂရုမထားမိပါ။ လက်နက်ကိုင် လူလေးယောက် ဆင်းလာတာနဲ့ ကြောက်လို့ ထွက်ပြေးသွားပါတယ်။ ပုလိပ် အစစ်ခံချက်ထဲ၌ လက်နက်ကိုင် လူလေးယောက် ဆင်းလာပြီး ဂျစ်ကားနဲ့ လိုက်သွားတယ်လို့ပါရှိရင် ထိုစကားကို ကျွန်တော် ထွက်မိလို့ ဖြစ်မှာပေါ့။ သတိမရတော့ဘူး။

**ဗာတားနစ်။** ။ဂျစ်ကားထဲက ကားသမားကိုတော့ လှေကားအဆင်းမှာ ရပ်ထားလို့ မြင်လိုက်ရတယ် မဟုတ်လား။

**မောင်အုန်း။** ။ဟုတ်ပါတယ်။ စနေနေ့နောက်ပိုင်း မောင်ထွေးကို မြင်ရုံ မြင်ရပါတယ်။ စကားမပြောမိပါဘူး။ ပုလိပ် လာမစစ်ခင်က မောင်ထွေးနဲ့ စကားမပြောဖူးပါ။

**ဗာတားနစ်။** ။ကာနယ်ကျော်ဝင်းဟာ ဘယ်တော့လောက်မှ ရောက်လာသလဲ။

**မောင်အုန်း။** ။မိုလ်ချုပ်တို့ကို ပစ်တဲ့ ကိစ္စပြီးနောက် လူတွေ ရုံးရုံး ဖြစ်နေတုန်း ကာနယ်ကျော်ဝင်းလည်း ရုံးသို့ ရောက်လာပါတယ်။ တန်းစီပြတုန်းက တရားသူကြီးအား ကျွန်တော်က ဂျစ်ကား မောင်းတဲ့လူကို မြင်၍ ပြနိုင်ပါတယ်လို့ ပြောပါတယ်။ သည်လို ပြောပြီးမှ သူက အပြခိုင်း၍ ဆွဲပြပါတယ်။

## အရှေ့လား၊ အနောက်လား ရှင်းပြစမ်းပါ

**ဗာတားနစ်။** ။ရုံးမှာ ထွက်ဆိုသွားတုန်းက ဂျစ်ကားဟာ အနောက်ဘက် မောင်းလာတယ်လို့ ဆိုတယ်။ တန်းစီပြတုန်းက တရားသူကြီးထံ ဂျစ်ကားဟာ အရှေ့ဘက်က ဝင်လာပြီး လှေကားရှေ့မှာ ရပ်တယ်

www.burmeseclassic.com

www.burmeseclassic.com



လို့ ထွက်ဆိုတယ်။ ရှင်းပြပါ။

**မောင်အုန်း။** ။အရှေ့ဘက်က လာတယ်လို့ပြောတာ မှန်ပါတယ်။ ရုံးတော်မှာ ထွက်ဆိုတုန်းက အနောက်ဘက်လို့ ပြောတာက ကျွန်တော်ရဲ့ နောက်ကလာလို့ အနောက်လို့ ပြောတာပါ။ အနောက်အရပ်လို့ပြောတာ မဟုတ်ပါ။

ရုံးတော်က မေး၍ ဖြေကြားသည်မှာ...

ကာနယ်ကျော်ဝင်းကို မျှော်တုန်းက စပါတ်လမ်းဘက် (အနောက်) ကို မျှော်၍ မျက်နှာမူနေပါတယ်။ စသည်ဖြင့် ထွက်ဆို၏။

## ဦးထင်ပေါ်

**ဦးစံဝင်း။** ။အချင်းဖြစ်ပွားတဲ့နေ့ ၁၉-၇-၄၇ နေ့က အတွင်းဝန်ရုံးကြီးပေါ်သို့ တက်သွားပြီး ဗိုလ်ချုပ်အခန်း ပရောက်မီ ဝရန်တာမှာ လူဘယ်နှယောက် တွေ့ရသလဲ။

**ဦးထင်ပေါ်။** ။အချို့ကိုတော့ တွေ့ပါတယ်။ အခန်းဝရပ်နေတဲ့ လူကိုတွေ့ပါတယ်။ လူချင်း ဖြတ်ပြီးသွားတဲ့ လူကို မတွေ့ပါ။ အဖော် ကိုတင်မောင်နှင့်အတူယှဉ်ပြီး လျှောက်သွားပါတယ်။ ဗိုလ်ချုပ်အခန်းဝရောက်တော့ ကိုတင်မောင်ကပြလို့ ကျွန်တော်ရပ်ပြီး ကြည့်နေပါတယ်။ ကိုတင်မောင်နှင့် ကျွန်တော် နှစ်တောင်ကွာတယ်။ သည်လူတွေဟာ ရှေ့ဆင့်နောက်ဆင့် ကပ်လျက်လာကြတယ်။ ကျွန်တော် ဆွဲပြတဲ့လူက အရပ်အမြင့်ဆုံး၊ သူက ရှေ့ကလာတယ်။ ကျွန်တော်ဆွဲပြတဲ့ လူနောက်နားက ကပ်လျက် လိုက်လာတယ်။ သူတို့ တောင်ဘက်ထောင့်နားက လာကတည်းက ကျွန်တော်မြင်ပါတယ်။ သူတို့ရဲ့ မျက်နှာကိုလည်း ကြည့်မိပါတယ်။

ကျွန်တော့်မှာ အစောင့်တစ်ခုရှိတယ်။ ကိုတင်မောင်က ရုံးပေါ်ကို လက်နက်ကိုင် မတက်ရဘူးလို့ပြောတော့ ကျွန်တော် ကြက်သီးထမိပါတယ်။ သည်တော့ သူတို့ကို နည်းနည်း အာရုံပြုမိတယ်။ သူတို့ဟာ ကျွန်တော်နှင့် ပေ၂၀လောက်ကွာပါတယ်။

**ဦးစံဝင်း။** ။ဗိုလ်ချုပ်အခန်းဝက သူငယ်ကို သတိထားမိသေးသလား။

www.burmeseclassic.com

www.burmeseclassic.com



**ဦးထင်ပေါ်။** ။သတိမထားမိဘူး။ စစ်ဝတ်စစ်စားနဲ့ လက်နက်ကိုင် တစ်စု ကို ကျွန်တော် မျက်ခြည်မပြတ် ကြည့်နေတယ်။ ဗိုလ်ချုပ် အခန်းထဲ ဝင်သည့်တိုင်အောင် လှည့်ကြည့်တယ်။ သည်တော့ သေနတ်သံ ကြားပြီး သူငယ်ကလေးတစ်ယောက် ယိုင်တိုင် တိုင်နဲ့ အပေါက်ဝမှာ လဲကျ သွားတယ်။ နောက် သေနတ်သံတစ်ချက် ကြားတော့ ကျွန်တော်တို့ နှစ်ယောက်ဟာ တောင်ဘက်မှာရှိတဲ့ ဘေးလှေကားမှ ဆင်းပြေးကြပါတယ်။ ရုံးဝင်းအပြင်ဘက်ရောက်အောင် ပြေးပါတယ်။ ဘယ်လမ်းကို ရောက်သွား တယ် မသိပါ။

**ဦးစံဝင်း။** ။ရန်ကုန်နေတာ ဘယ်လောက်ကြာပြီလဲ။

**ဦးထင်ပေါ်။** ။အနှစ် ၃၀ ကြာပါပြီ။ သည်နေရာကိုတော့ မကျွမ်းကျင် ပါဘူး။ ဘောပွဲလည်း မရောက်ဘူး။ မြင်းပွဲလည်း မရောက်ဘူးပါ။ သစ်ပင်ရိပ်အောက်မှာ ကျွန်တော်တို့နှင့် အခြားသူတွေ စုရုံး ပြောဆိုနေကြပြီးနောက် ရုံးထဲ ပြန်ဝင်ကြည့်ကြတယ်။ အလောင်းတွေကို မြင်ရတယ်။ နောက် အရှေ့ဘက်အပေါက်က ထွက်လာပြီး ဘတ်(စ်)ကား စီးပြီး ကြည့်မြင်တိုင် ပြန်တယ်။

**ဦးစံဝင်း။** ။ဘတ်(စ်)ကားကို ဘေးက တက်သလား၊ အနောက်က တက်သလား။

**ဦးထင်ပေါ်။** ။သတိမထားမိပါ။ သည်လိုမေးမယ်ဆိုတာ သိရင် အလျင် ကတည်းက စုံစမ်းပြီး လာမှာပါ။ ကြည့်မြင်တိုင် ကမ်းနား ဈေး ကားဆိပ်မှာ ဆင်းပါတယ်။

**ဥက္ကဋ္ဌ။** ။ဦးစံဝင်းအား ဘာကြောင့် မေးရသလဲဟု မေး၏။

**ဦးစံဝင်း။** ။ကျွန်တော့် အမှုသည်က ထိုသက်သေများ ထိုနေ့က ရုံးတွင် မရှိဟု ပြောလို့ မေးရပါသည်။

**ဦးစံဝင်း။** ။လက်နက်နဲ့ လူတွေကို မှတ်မိကြောင်း ဘယ်သူတွေကို ပြောမိသေးသလဲ။

**ဦးထင်ပေါ်။** ။ကိုတင်မောင်ကို နှစ်ကြိမ် ပြောမိပါတယ်။ အခြားသူများ ကို မပြောမိပါ။

**ဦးစံဝင်း။** ။လူစီတန်းမပြရသေးခင် တရားသူကြီးက ဘာမေးသလဲ။

www.burmeseclassic.com

www.burmeseclassic.com



**ဦးထင်ပေါ်။** ။ကျွန်တော်က နှစ်ယောက်လောက်တော့ ပြချင်ပါတယ်လို့ ပြောပါတယ်။ သည်လို ပြောပြီးတဲ့ နောက် မှတ်မိတဲ့ လူနှစ်ယောက်ကို ဆွဲပြပါတယ်။ မှားပြီး ဆွဲပြတဲ့လူကိုတော့ နောက်ဆုံးကျမှ ပြပါတယ်။ လူစီတန်းပြထားတဲ့ လူတွေကို တစ်ခါတည်း လက်နဲ့ဆွဲပြီး ပြလိုက်ပါတယ်။ အဲသည်တုန်းက လူတွေဟာ ထိုင်နေကြပါတယ်။

**ဦးစံဝင်း။** ။မောင်စိုးကို ဆွဲပြတုန်းက သူ့မှာ မုတ်ဆိတ်တွေ ရှိသလား။

**ဦးထင်ပေါ်။** ။နှုတ်ခမ်းတစ်ဝိုက်မှာ မည်းနေတာ တွေ့ပါတယ်။ မောင်စိုးကို ပြပြီးတော့ လူတစ်ယောက်ကိုမှားပြီး ဆွဲပြတယ်။ နောက်မှ ရန်ကြီးအောင်ကို ဆွဲပြတယ်ဆိုတာ မဟုတ်ပါ။ လူမှားဆွဲတာ နောက်ဆုံး ဖြစ်ပါတယ်။

## ချောင်းကြည့်နေတာ ဟုတ်သလား

**ဦးစံဝင်း။** ။ခင်ဗျား ဆွဲမပြခင် မောင်စိုးနှင့် ရန်ကြီးအောင်တို့ကို အချုပ်ခန်းအပြင်ဘက် ကွမ်းယာဆိုင်က ချောင်းကြည့်နေတယ်ဆိုတာ ဟုတ်သလား။

**ဦးထင်ပေါ်။** ။မဟုတ်ပါဘူး။ ရောက်လည်း မရောက်ပါဘူး။ သည်လူနှစ်ယောက်ကိုလည်း တစ်ခါမှမမြင်ဖူးပါဘူး။ လက်နက်နဲ့ လူလေးယောက်ဟာလည်း ဦးထုပ်ကို နဖူးပေါ်ရောက်အောင် ဆောင်းထားကြပါတယ်။

**ဦးစံဝင်း။** ။ဟိုနေ့က လူလေးယောက်ကိုမြင်တော့ ကြောက်သွားသေးသလား။

**ဦးထင်ပေါ်။** ။ကြောက်တာ မဟုတ်ဘူး။ ကျွန်တော့်အစောင့်က သတိပေးတဲ့အတွက် ကြက်သီးထခြင်း ဖြစ်ပါတယ်။

**ဗာတာနှစ်။** ။အချင်းဖြစ်ပွားပြီးနောက် ခင်ဗျားတို့ ဘယ်ဘက် အပေါက်က ထွက်သွားသလဲ။

**ဦးထင်ပေါ်။** ။တောင်ဘက်ဝင်းခြံကိုကျော်ပြီး အပြင်ဘက် လွတ်ကြပါတယ်။ ပြေးတော့ မပြေးပါ။ သုတ်သုတ်သွားကြပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အခြားလူများက ပြေးကြပါတယ်။ သူတို့လည်း ခြံကို ကျော်ပြီး ထွက်ကြပါတယ်။

**ဇာတာနစ်။** ။ပုလိပ်ထံမှာ အစစ်ခံထားတာက သေနတ်သံကို ကြားလျှင်ကြားချင်း နှစ်ယောက်သား ဆင်းပြေးကြတယ်လို့ ဆိုတယ်။ ဟုတ်သလား။

**ဦးထင်ပေါ်။** ။သည့်အတိုင်း မဟုတ်ပါဘူး။ ရုံးပြင်ဘက်ကိုလည်း ပြေးပြီး ထွက်သွားတယ်လို့ အစစ်ခံသလား မပြောတတ်ပါ။ သတိမရပါ။

**ဇာတာနစ်။** ။ကိုတင်မောင်နဲ့သိတာ ဘယ်လောက်ကြာပြီလဲ။

**ဦးထင်ပေါ်။** ။တစ်နှစ်လောက် ရှိပါပြီ။ ရင်းရင်းနှီးနှီး သိကြပါတယ်။ မြန်မာသတင်းစာများကို မှန်မှန် မဖတ်ပါဘူး။ အချင်းဖြစ်ပွားပြီးနောက် သတင်းစာများကို မဖတ်ပါ။ စိတ်ရှုပ်လွန်းလို့ ဖတ်မိရင် ဝေဖန်မိမယ်။ သူများ သိသွားမယ်။ သူများ သိသွားရင် သက်သေလိုက်ရမှာ စိုးလို့ မယားကိုတောင် မပြောမိဘူး။ အချင်းဖြစ်ပွားပြီးနောက် လေးရက်၊ ငါးရက်အတွင်း သတင်းစာတွေကို မဖတ်မိဘူး။ ကျွန်တော့်နာမည် ပါလာတယ် ဆိုတော့မှ ကျွန်တော် သတင်းစာကို ဖတ်ကြည့်ပါတယ်။

**ဇာတာနစ်။** ။သည့်အမှုမှာ တရားခံကို ဖော်နိုင်ရင် ဆုငွေပေးမယ်ဆိုတာ သိပါသလား။

**ဦးထင်ပေါ်။** ။မကြားမိပါဘူး။

**ရှေ့နေချုပ်ကြီး။** ။ခင်ဗျား ရပ်ရွာထဲမှာ ဘာလဲ။

**ဦးထင်ပေါ်။** ။ကျွန်တော်ဟာ သမဝါယမအသင်းဥက္ကဋ္ဌ၊ ဘာသာရေးအသင်းမှာ ဒုတိယဥက္ကဋ္ဌ၊ ကျောင်းကော်မတီမှာလည်း ဒုတိယဥက္ကဋ္ဌ ဖြစ်ပါတယ်။

**ဇာတာနစ်။** ။ခင်ဗျား မြေတွေကို ဘယ်သူ့နာမည်နဲ့ ထားသလဲ။

**ဦးထင်ပေါ်။** ။ကျွန်တော့်မယား နာမည်နဲ့ထားပါတယ်။ အကြောင်းကတော့ ကျွန်တော့်မယားက အများကြီး ဝယ်ပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com



# ဦးစောအိမ်မှ သေနတ်သံ

## လူတစ်ယောက်ကို ထိမှန်သည်ဆိုခြင်း

## စုံစမ်းကြည့်တော့ လူတစ်ယောက် သေနတ်နဲ့ပစ်မည် ကြံတဲ့အတွက် သူကို သေနတ်နဲ့ ပစ်ရတယ်လို့ သိရပါတယ်

နိုဝင်ဘာလ ၂၈ ရက်နေ့ သောကြာနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော် လုပ်ကြံမှုကြီးကို ဆက်လက်၍ စစ်ဆေးသည်။ ရှေ့ဦးစွာ ရန်ကုန်မြို့ လက်ထောက်ပုလိပ်မင်းကြီး ဦးဘအေးအား ရှေ့နေချုပ်ကြီးက စစ်မေး၍ ဦးဘအေးက ထွက်ဆိုသည်မှာ···

## လက်ထောက် ပုလိပ်မင်းကြီး ဦးဘအေး

**ဦးဘအေး။** ။တရားလိုပြ သက်သေလမ်းပြ ပုလိပ်မောင်ထွေး နံပါတ်-၂၀၄၉ သိပါသည်။ သူသည် အိန္ဒိယ၊ ပါကစ္စတန်သို့ ပါသွားပါသည်။ ပုလိပ်အဖွဲ့မှ အောက်တိုဘာလ ၂၇ နေ့တွင် နုတ်ထွက်သွားပါသည်။ လျှောက်လွှာမတင်ပါ။

**ဗာတားနစ်။** ။ပုလိပ်တစ်ယောက်က နုတ်ထွက်မယ်ဆိုရင် နှစ်လကြိုတင် အကြောင်းကြားရမယ် မဟုတ်လား။

**ဦးဘအေး။** ။ပုလိပ်လက်စွဲ ဥပဒေအရ ဟုတ်ပါတယ်။ ယခုတော့ သည်လိုမဟုတ်ပါ။ မောင်ထွေးကို ပါကစ္စတန် မင်းကြီးရုံးက အောက်တိုဘာလ ၂၂ ရက်နေ့က တောင်းတဲ့အတွက် နို့တစ်စာတွေ၊ ထွက်စာတွေကို မတောင်းတော့ဘဲ ပေးလိုက်ရပါတယ်။ အခြားအစိုးရဌာနတွေက ပုလိပ်တွေကို လိုချင်ရင်လည်း လက်စွဲဥပဒေကို ဖယ်ထားရပါတယ်။ မောင်ထွေးဟာ သည်အမှုမှာ သက်သေပါတာကို ကျွန်တော် လုံးလုံးမသိပါ။ သို့အတွက် ရှေ့နေချုပ်ကြီးနဲ့ ပုလိပ်မင်းကြီးအား ထိုအကြောင်းကို အကြောင်းမကြားပါ။ ကျွန်တော်က အုပ်ချုပ်ရေးမှူးသာ ဆိုင်ပါတယ်။ ရုံးသမ္မန်စာများကို ဘယ်လို ထုတ်ပေးတယ် မသိပါ။

**ဦးစံဝင်း။** ။ဒါဖြင့် သမ္မန်စာကို ဘယ်ဌာနနဲ့ ဆိုင်သလဲ။

**ဦးဘအေး။** ။ဒုတိယ ပုလိပ်မင်းကြီးနဲ့ ဆိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## စုံထောက်ဘက် ရာဇဝတ်အုပ် ဦးကိုကိုကြီး

ရှေ့နေချုပ်ကြီးက မေး၍ ထွက်ဆိုသည်မှာ…

**ဦးကိုကိုကြီး။** ။မူလအာရ်ဘီ-၁၈၁၄ ရဲ့ ဂျစ်ကားပိုင်ရှင် ဦးဘအေးသည် ယခု လားရှိုးဘက်သို့ အရောင်းအဝယ်ကိစ္စနှင့် သွားရာ တစ်လကြာလျှင် ပြန်လာမည်ဟု ပြောပါသည်။

**ဦးစံဝင်း။** ။တရားခံ မောင်စိုးနဲ့ သက်နှင်းကို သိသလား။

**ဦးကိုကိုကြီး။** ။သိပါတယ်။

(သက်သေဦးဘအေးရုံးသို့ လာသည့်အကြောင်း၊ သက်သေခံ ရုံသာ လာခြင်းဖြစ်ကြောင်း၊ အမှုနှင့် ပတ်သက်၍ သူ့အား ထပ်မံ စစ်ဆေးရန် သက်သေစာရင်း၌ ပါသည်ဖြစ်၍ နောက် မေးမြန်းနိုင်ပါ ကြောင်း ရှေ့နေချုပ်ကြီးက ရှင်းပြ၏။)

(တရားလိုပြသက်သေ ဝန်ကြီး ဦးဘဂျမ်းအား တရားခံဘက် မှ မလိုတော့ဟုဆို၍ မပြတော့ချေ။)

## ဦးစောအိမ် ဝိုင်းရှာစဉ်က

ယခင် စုံထောက်ဘက် ရာဇဝတ်ဝန် မစ္စတာဂျပ်အား ရှေ့နေ ချုပ်ကြီးက မေး၍ ထွက်ဆိုသည်မှာ…

**မစ္စတာဂျပ်။** ။မိမိသည် ရာဇဝတ်ဝန် (စုံထောက်)ဖြစ်သည်။ တရားခံ ဦးစောအိမ် ဝိုင်းရှာစဉ်က မိမိရှိကြောင်း၊ ထိုအခါက ရှာဖွေရမည့်သူများ၏ လုံခြုံရေးကို စီမံဖို့ တာဝန်ယူရပါသည်။ လုံခြုံရေး အတွက် သောင်းကျန်းမှု နှိမ်နင်းရေးတပ်များ၏ အကူအညီကို ရယူရပါ သည်။ ဦးစောခြံဝင်းထဲ၌ တပ်သားများကို နေရာချထား စောင့်ရှောက်စေ ပါသည်။ ဦးစိုးရင်ဆိုသော ပုလိပ်အရာရှိက ရှာဖွေသောသူများကို အုပ်ချုပ် ရသူ ဖြစ်ပါသည်။ ဤကဲ့သို့ စီစဉ်ပြီး နောက်ထပ် အမိန့်ကို စောင့်မျှော် နေပါသည်။ ဦးစောအိမ်မှာ ရှာဖွေရရှိသော လက်နက်များကို မိမိ မြင်ရပါ သည်။ တော်မီဂန်းလေးလက်နှင့် စတင်းဂန်းများကို ရန်ကုန်အချုပ်ခန်းကြီး သို့ ယူသွားပြီး အပ်ပါတယ်။ အင်စပိတ်တော်၊ ဦးမောင်မောင်က လက်မှတ် ထိုးပြီး ယူလိုက်ပါတယ်။ နောက်နေ့ကျတော့ ဦးမောင်မောင်ထံမှ တော်မီဂန်း

www.burmeseclassic.com

www.burmeseclassic.com



လေးလက်၊ စတင်းဂန်းနှင့် အခြားစက်သေနတ် အငယ်စားနှစ်လက်ကိုလည်း ယူသွားပါသည်။ ၄င်းတို့ကို စုံထောက်ကျောင်းအုပ်ကြီး ဦးလှဆော်ထံ ယူသွားပါသည်။

**ရှေ့နေချုပ်ကြီး။** ။ဦးစောအိမ်သွားတိုင်း အစောင့်တွေ မြင်ပါသလား။

**မစ္စတာဂျုပ်။** ။ဦးစောအိမ်ထဲ အခွင့်မရှိတဲ့လူ မဝင်ရအောင် အစောင့်များ ချထားတာကို ကျွန်တော်သွားတိုင်း မြင်ပါတယ်။

## သေနတ်သံတစ်ချက်

**ဗာတားနှစ်။** ။ဦးစော အိမ်နောက်ဖေးက မီးဖိုကို သိသလား။

**မစ္စတာဂျုပ်။** ။သိပါတယ်။ ၁၉ ရက်နေ့က ကျွန်တော်ရဲ့ ဦးထုပ်ကို ထားဖို့ သွားတယ်။ ကြည့်ရအောင်တော့ မသွားပါ။ မီးဖိုထဲမှာ ချက်ပြုတ်နေတာ တွေ့ရပါတယ်။ ညနေ ၄ နာရီကျော်မှာ ဦးစောအိမ်ဝင်းထဲမှ သေနတ်သံတစ်ချက် ကြားရတာကို သတိထားမိပါတယ်။ စုံစမ်းကြည့်တော့ လူတစ်ယောက်ကို သေနတ်မှန်တယ်လို့ သိရပါတယ်။

**ဗာတားနှစ်။** ။သည်လူ (မှန်ကြီး)ကို မှန်သလား။

**မစ္စတာဂျုပ်။** ။သည်လူကို မမြင်ပါ။

**ဗာတားနှစ်။** ။သေနတ်ပစ်မှုကို စုံစမ်းရတဲ့လူ ဘယ်သူလဲ။

**မစ္စတာဂျုပ်။** ။အင်စပိတ်တော် ဦးဘွန်ခိုင်၊ သူလည်း စုံထောက်ဘက်က ပဲ။ ကျွန်တော်တို့ဘက်ကတော့ မဟုတ်ဘူး။ သောင်းကျန်းမှု နှိမ်နင်းရေးတပ် ဗိုလ်တထောင်က စာရေးပြီး ကျွန်တော့်ထံ အစီရင်ခံစာကိုလည်း ရာဇဝတ် ပုလိပ်မင်းကြီးထံ တင်ပါတယ်။ စုံစမ်းကြည့်တော့ လူတစ်ယောက်က သေနတ်နဲ့ ပစ်မယ်ကြံလို့ သူ့ကို သေနတ်နဲ့ ပစ်ရတယ်လို့ သိရပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com



# မှားခဲ့သမျှ သတိတရားရပုံ ထွက်ဆို

## ဗိုလ်ချုပ်တို့လုပ်ကြံလျှင် တိုင်းပြည်ဟာ ဆုတ်ယုတ်လာလိမ့်မည်

သူတို့အဖွဲ့ဟာလည်း ထိန်းသိမ်းလို့ ရမယ်မဟုတ်ဘူး။ အစိုးရဖွဲ့လို့လည်း ရမှာမဟုတ်ဘူး။ သည်တော့မှ ကျွန်တော်တို့အဖွဲ့ကဝင်ပြီး အစိုးရသစ်ဖွဲ့ကာ ထိန်းသိမ်းရလျှင် တိုင်းပြည်မှာ ကျွန်တော်တို့ဘက်ယိမ်းလာမယ်လို့ ယူဆမိပါတယ်ဟု မောင်ဘညွန့်က ထွက်ဆို၏။

**ဦးဘကြိုင် (အင်းစိန်မြို့ အထူးအာဏာရ ရာဇဝတ်တရားသူကြီး)**

ဦးစံဝင်းက မေး၍ ထွက်ဆိုသည်မှာ…

**ဦးဘကြိုင်။** ။ပထမတရားခံ ဦးစောရဲ့ ခြံထဲမှာ သက်သေခံ ပစ္စည်းတွေကိုပြတဲ့သက်သေကို ကျွန်တော် မသိပါ။ ကားနံပါတ်ပြား အာရ်အေ-၃၁၂၃ ကိုပြတဲ့ ရန်ကြီးအောင်က ကမ်းပေါ်မှ ရေထဲကို လက်ညှိုးထိုးပြီး အကွာအဝေးကို ပြတယ်။ ရေငုပ်သမား ပတ်(စ်)ကိုးက ရေထဲဆင်းပြီး ရေနက်ထဲမှာ မြုပ်သွားတယ်။ ပတ်(စ်) ကိုးလက်ထဲမှာ ဘာမှ မပါဘူး။ မိနစ် ၂၀၊ ၂၅ လောက် ရေထဲမှာ ငုပ်ပြီး ရှာပါတယ်။ ရေငုပ်သမား အဝတ်အစားနဲ့ ဆင်းငုပ်တာ ပလုံစီ တက်နေတာကို ကြည့်ပြီး ဘယ်နေရာရောက်နေတယ်ဆိုတာ သိရပါတယ်။

**ဥက္ကဋ္ဌ။** ။ဇူလိုင် ၂၉ ရက်နေ့တုန်းက မောင်တင်ရွှေက ပြလို့ ရေထဲမှ သံပြား အာရ်အေ-၃၁၂၃ ရတယ်လို့ ဆိုတယ်။

**ဦးဘကြိုင်။** ။မှန်ပါတယ်၊ **နံပါတ်တူ သံပြားနှစ်ပြား** ရပါတယ်။

**ဗာတားနစ်။** ။သက်သေပုလိပ် မောင်ထွေးဟာ ရုံးကို သက်သေခံရန် မလာနိုင်ဘူးလို့ ဆိုပါတယ်။

**ဦးမြသိန်း။** ။ဗိုလ်ထွန်းလှက ခေါ်တယ်လို့ ကြားပါတယ်။

**ဥက္ကဋ္ဌ။** ။မောင်ထွေး ပါကစ္စတန် ပါသွားတဲ့အကြောင်း သက်သေပြပါ။

www.burmeseclassic.com

www.burmeseclassic.com



## စုံထောက် မောင်ကျော်စိန်

**ဗတ်တားနစ်။** ။ဦးစောခြံကို စောင့်တဲ့လူက ညနေကျမှ အစီရင်ခံစာကို ရေးရသလား။

**မောင်ကျော်စိန်။** ။ကြည့်ရင်း ရေးလိုက်၊ ရေးရင်း မှတ်လိုက်ပါတယ်။ အစီရင်ခံစာများကို စုံထောက်မင်းကြီးရဲ့ အပါးတော်ဝန်ထောက် ဖိုဒ်ထံ တင်ရပါတယ်။

## ဘာမှမဖြစ်လို့ ရေးမှတ်မထားပါ

**ဗတ်တားနစ်။** ။ဇူလိုင် ၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၅ မိနစ်မှာ ဂျစ်ကားနံပါတ်-၁၈၁၄ နဲ့ ဦးစောရဲ့ တပည့်ငါးယောက် ခြံထဲက ထွက်လာတယ်လို့ မှတ်ထားတာဟာ ဦးစောရဲ့ တပည့်အထင်နဲ့ ရေးတာလား။

**မောင်ကျော်စိန်။** ။ဦးစော ခြံထဲကဆိုတော့ ဦးစောရဲ့တပည့်လို့ ထင်ပါတယ်။ မောင်လှတင်လည်း မြင်ပါတယ်။

**ဗားတားနစ်။** ။နောက် ၁၁ နာရီမှာ ဂျစ်ကား အာရ်စီ-၁၈၁၄ ဝင်လာတယ်လို့ မှတ်ထားတာ တွေ့ရတယ်။ နံနက် ၁၀ နာရီ ၅ မိနစ်နှင့် ၁၁ နာရီကြား ဘာဖြစ်လို့ ဘာမှရေးထားတာ မတွေ့ရသလဲ။

**မောင်ကျော်စိန်။** ။ဘာမှမမြင်လို့ ရေးမှတ် မထားတာပါ။

**ဗားတားနစ်။** ။ဇူလိုင် ၁၆ ရက်နေ့ ငါးမျှားပြီး ဦးစောအိမ်သို့ ကြည့်သေးသလား။

**မောင်ကျော်စိန်။** ။ပြည်လမ်းဘက်က ရေစပ်မှာ ကျွန်တော် ငါးမျှားချင်ယောင်ဆောင်ပြီး ဦးစောအိမ်ကို ကြည့်နေပါတယ်။ ၁၇ ရက်နေ့က ဦးစောအိမ်ရှေ့ ဝင်းပြင်ဘက်မှာ ကူလီလိုသွားပြီး ကြည့်နေပါတယ်။ ၁၈ ရက်နေ့က မစ္စတာခန်းရဲ့ မာလီကုလားနှင့်အတူ အပေါက်ဝမှာ မြက်နုတ်ရင်း ဦးစောရဲ့ အိမ်ဘက်ကို ကြည့်နေပါတယ်။ ဇူလိုင်လ ၁၉ ရက်နေ့က နံနက် ၇ နာရီမှာ မစ္စတာခန်းရဲ့ အိမ်ကို ရောက်ပါတယ်။ ဦးထွန်းလှအောင်ထံမှာစာပါတယ်။ ၄င်းစာနဲ့ မစ္စတာခန်ကို ၁၈ရက် နေ့က ပထမအကြိမ်တွေ့ပါတယ်။ ၁၉ ရက်နေ့ နံနက် ၇ နာရီလာတော့ ဂိတ်ပေါက်မှာပဲ နေပါသေးတယ်။ နောက် ခြံဝင်းအတွင်း ရေတွင်း

www.burmeseclassic.com

www.burmeseclassic.com



ဘက်က လူသံကြားလို့ သွားတော့မှ လူတင်တို့ကို တွေ့ပါတယ်။ ထိုနေ့က မစ္စတာခန်းအိမ်က လူလည်း စောင့်နေမယ်လို့ ကျွန်တော်လည်းမသိပါ။

**ဥက္ကဋ္ဌ။** ။ငါးမျှားနေတဲ့ နေရာသွားတာ ဘယ်တော့လဲ။

**မောင်ကျော်စိန်။** ။ထရပ်ကားတစ်စင်း နံနက် ၁၁ နာရီ ၅ မိနစ်မှာ ဦးစောရဲ့ ဝင်းထဲဝင်သွားပြီးတော့ ဦးစောအိမ်နဲ့ မျက်နှာချင်းဆိုင်ရှိ ကျွန်းဆွယ်လို နေရာသွားပြီး ကုလား ငါးမျှားတဲ့ အပိုကိုယူပြီး ငါးမျှားချင်ယောင်ဆောင်၍ ဦးစော အိမ်ဘက်သို့ ကြည့်နေပါတယ်။ ၁၀ မိနစ်လောက်ကြာတယ်။

## မိုးကာအင်္ကျီ ဝတ်ထားတယ်

**ဦးစိဘွား။** ။ငါးမျှားသွားတုန်းက ဘယ်အင်္ကျီ ဝတ်ထားသလဲ။

**မောင်ကျော်စိန်။** ။မိုးရွာနေလို့ ပုလိပ်မိုးကာအင်္ကျီဟောင်းကို ဝတ်ထားပါတယ်။

**ဥက္ကဋ္ဌ။** ။ဘာမြင်လိုက်ရသလဲ။

**မောင်ကျော်စိန်။** ။အိမ်အပြင်ဘက် လူတစ်ယောက်ကို မြင်လိုက်ရပါတယ်။ သည်လူဟာ အိမ်ပေါ်တက်သွားပါတယ်။

**ဗတားနစ်။** ။သည်ကျွန်းဆွယ်ကို သွားတာ ဘယ်က ဖြတ်သွားရသလဲ။

**မောင်ကျော်စိန်။** ။အေဒီလမ်းနှင့် ပြည်လမ်းထောင့်မှာရှိတဲ့ အိမ်ဝင်းထဲက ဖြတ်သွားပြီး အုတ်လှေကားကို ကျော်သွားရတယ်။ အိမ်ရှေ့မှ တက်သွားတဲ့လူဟာ လုံချည်နဲ့ ဘယ်သူလဲ မသိပါဘူး။ ၁၉ရက်နေ့ညနေ ပုလိပ်တွေဝိုင်းဖမ်းတော့ ဦးစောအိမ်ကို ရောက်သွားပါတယ်။

## ကားအဝင်အထွက်ကိုသာ

**ဗတားနစ်။** ။ဦးစောကို တွေ့ရင်ကော ရေးမှတ်ရမယ် မဟုတ်လား။

**မောင်ကျော်စိန်။** ။မဟုတ်ပါဘူး၊ ဒါက အရေးမကြီးပါဘူး။ ကျွန်တော့်ရဲ့ ဝတ္တရားက ကားအဝင်အထွက်ကိုသာ မှတ်ရတယ်။ ဒါပေမယ့် ထူးထူးဆန်းဆန်း တွေ့ရင်လည်း ရေးမှတ်ထားရပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဗဟတားနစ်။ ။ဥပမာ ဦးစောက ဂျစ်ကားထဲက လူတွေအားသေနတ် လေးလက်ပေးတာ မြင်ရင်ကော ရေးမလား။

မောင်ကျော်စိန်။ ။ရေးမှတ်မှာပါပဲ။ ဂိတ်ပေါက်စောင့်နဲ့ ဦးစော စကား ပြောတာ မြင်တာလောက်တော့ ရေးမယ်မဟုတ်ဘူး။

ဦးစံဝင်း။ ။ပုလိပ်က ဘယ်တော့လာပြီး စစ်သလဲ။

မောင်ကျော်စိန်။ ။အချင်း ဖြစ်ပွားပြီးနောက် သုံးပတ်လောက်ကြာတော့ စစ်ပါတယ်။ ဦးသိန်းအုန်းက စစ်ပါတယ်။ ပုလိပ် အမှုထမ်းတာ ၁၉၄ဝပြည့်နှစ်ကပါ။ အင်္ဂလိပ် ပြန်ဝင်လာလို့ ၁၉၄၆ ခုနှစ်မှ ရာဇဝတ်ကြပ် ဖြစ်ပါတယ်။

## မောင်လှတင်

ဗဟတားနစ်။ ။ဇူလိုင် ၁၉ ရက်နေ့နံနက် မှတ်ထားတဲ့ အကြောင်းတွေ ကို ညနေကျမှ စဉ်းစားပြီး ရေးသလား။

မောင်လှတင်။ ။မဟုတ်ပါဘူး။ မြင်မြင်ချင်း ရေးပါတယ်။ အထင်နဲ့ ရေးတာလည်း မပါပါဘူး။

ဗဟတားနစ်။ ။ဘက်ဖို့ဒ်ထရပ်၊ ရေးထားတာ သိလို့လား။

မောင်လှတင်။ ။ဘက်ဖို့ဒ် အမျိုးအစားလို့ ထင်လို့ ရေးတာပါ။ အခြား ကားမျိုးကို မပြောနိုင်ဘူး။ ချက်ပလက်၊ ဘီအိတ်ကိုသာ ပြောနိုင်ပါတယ်။ အစီရင်ခံစာပါ။ အခြား အချက်အလက်များလည်း မှန်ပါ တယ်။ စိတ်ကူးနဲ့ရေးတာ မဟုတ်ပါဘူး။

## မစ္စတာခန်း

ဗဟတားနစ်။ ။အလုပ်ကို ဘာနာမည်နဲ့ လုပ်သလဲ။

မစ္စတာခန်း။ ။"ဘားမားတိုင်းယမ်း ကော်မာရှယ်၊ ကော်ပိုရေးရှင်း" အမည်နဲ့ အရောင်းအဝယ် လုပ်ပါတယ်။ အစုစပ်နှစ်ဦးနဲ့ လုပ်ပါတယ်။ ကျွန်တော်နဲ့ ရာမာလင်ဂန် ချစ်တီးယားနဲ့အတူ ဖြစ်ပါတယ်။ အရင်းငွေ ဘယ်မျှရှိသလဲ မပြောလိုပါ။ ဦးစော အိမ်ထဲက ဂျစ်ကားသိမ်း တုန်းက ကျွန်တော်ရဲ့ ထမင်းချက် မင်းဒင်နှင့် ကျွန်တော်ပါပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗာတားနှစ်။　　။စစ်အတွင်းက ဒေရာဒွန်းမြို့ရှိ စစ်ပညာသင်ကျောင်းကြီးသို့ လူတွေအများကြီး တိုးတယ်ဆိုတာ သိသလား။

မစ္စတာခန်း။　　။သိပါတယ်။ သူတို့ကို ယာယီ ရာထူးပေးထားပါတယ်။ ကျွန်တော်က မူလ စစ်ဗိုလ်ရာထူးနဲ့ပင် သင်တန်းတက်ပါတယ်။ စစ်တပ်မှ ကျွန်တော့်တာသာ နုတ်ထွက်ပါတယ်။ ဦးထွန်းလှအောင်ကို သိတာ ၁၀ နှစ်လောက်ရှိပါပြီ။ ရင်းရင်းနှီးနှီး သိပါတယ်။ လှတင်က ကျွန်တော့်မိန်းမနဲ့ မောင်တစ်ဝမ်းကွဲ တော်ပါတယ်။ စိုးမြင့်ဟာ တစ်ဝမ်းကွဲတွေ ဖြစ်ပါတယ်။

## ကျွန်တော့်ရဲ့ လူပါ

ဗာတားနှစ်။　　။လှတင်ဟာ ကုမ္ပဏီက လူလား။

မစ္စတာခန်း။　　။ကျွန်တော်ရဲ့လူပါ၊ ကျွန်တော်ရဲ့စာတွေကို သူက ရေးသားပေးပါတယ်။ ကုမ္ပဏီထံ ဗမာလိုလာတဲ့ စာတွေကို သူ့အား ဗမာလို ပြန်စေပါတယ်။ ကျွန်တော်ရဲ့ ကုမ္ပဏီမှာ ကျွန်တော်က ကြီးကြပ်အုပ်ချုပ်ပါတယ်။

ဗာတားနှစ်။　　။ခင်ဗျားရဲ့ အိမ်ဝင်းထဲမှာ ဇူလိုင် ၁၈၊ ၁၉ ရက်နေ့က စုံထောက်တစ်ယောက်ရှိတယ်ဆိုတာ ခင်ဗျား သိသလား။

မစ္စတာခန်း။　　။၁၈ ရက်နေ့ နံနက်က သိပါတယ်၊ သည်လူက ကာနယ်ထွန်းလှအောင်ထံမှစာ ကျွန်တော့်ထံ ယူလာတယ်။ သည်စာထဲမှာ စုံထောက်နဲ့ မိတ်ဆက်ပေးတယ်။ ညနေကျတော့ သူ့ထံ လာတွေ့ဖို့လည်း ပါတယ်။ ညနေကျတော့ သူ့အိမ်ကို သွားပါတယ်။

ဗာတားနှစ်။　　။သည် ဦးစောရဲ့အိမ်ကို စောင့်ကြည့်ရတဲ့ကိစ္စကို စိတ်ဝင်စားသလား။

မစ္စတာခန်း။　　။စုံထောက်ဘက်က လုပ်ရတဲ့ကိစ္စကို ကျွန်တော် အထူးစိတ်ဝင်စားသူ ဖြစ်ပါတယ်။ စုံထောက်ဝတ္ထုများကို ဖတ်ဖို့ အထူးဝါသနာပါပါတယ်။

ဥက္ကဋ္ဌ။　　။စစ်တပ်ထဲတုန်းက စစ်စုံစမ်းရေးရုံးမှာ ပါဖူးသလား။

မစ္စတာခန်း။　　။ကျွန်တော်ကိုယ်တိုင် ပါတယ်။ ထိုရုံးမှာ ကော်ဆိုတဲ့ ထွက်ချက် မိတ္တူတစ်စောင်ကို ထိုသူအား ပေးရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ သက်သေတစ်ယောက်ဟာ စစ်ရုံး၌ တစ်စုံတစ်ရာ ထွက်ဆိုခဲ့သည် ဆိုသော် ထိုထွက်ဆိုချက်ကို အိန္ဒိယက စစ်တပ်လက်စွဲ ဥပဒေအရ မိတ္တူ တစ်စောင်ကို တောင်းခွင့်ရှိပါတယ်။

## ပြန်ခေါ်သက်သေ ဘညွန့်

အစိုးရသက်သေ ဖြစ်သွားသူ မောင်ဘညွန့်ကို ဗာတားနစ်က ရုံးတော်သို့ ခေါ်ထားပြီး လျှောက်ထားသည်မှာ မောင်ဘညွန့်သည် ဘရင်းဂန်းကိစ္စနှင့် သက်ဆိုင်သူ ဖြစ်ပါတယ်။ ယခုအမှုတွင် ဘယ်လိုများ သက်ဆိုင်သလဲလို့ တွေးမိပါသည်။

**ဥက္ကဋ္ဌ။** ။ဘညွန့်လည်း သည်လုပ်ကြံမှု၌ ကြံစည်တဲ့အထဲမှ ပါဝင်နေသူဖြစ်တယ်လို့ ယူဆတယ်။

**ဗာတားနစ်။** ။သည်လိုဆိုရင် သူ့ကို အပြန်အလှန်စစ်ဆေးဖို့ကို ကျွန်တော့်ရဲ့ ဝတ်လုံကြီးလာတော့မှ မေးမြန်းရလျှင် ကောင်းမည် ထင်ပါတယ်။ ဘညွန့်ရဲ့ ဖြောင့်ချက်ကော်ပီကို မရသေးပါ။

**ဥက္ကဋ္ဌ။** ။ကော်ပီကို ဗမာတိုက်နဲ့ ရိုက်ရပါတယ်။ ဗမာတိုက်က သည်ရုံးမှာမရှိတော့ ဟိုက်ကုတ်မှာ သွားငှားရပါတယ်။ ရပြန်တော့လည်း တယ်မကောင်းပါ။ ကြာနေပါတယ်။ ကော်ပီကူးခပေးပြီး ယခု ယူနိုင်ပါတယ်။ ငွေကိုတော့ နောက်မှ ပေးတာပေါ့။

**ဗာတားနစ်။** ။ဦးစော ခြံဝကကြည့်လျှင် ဘယ်အထိ မြင်နိုင်သလဲ။

**ဘညွန့်။** ။သံဖြူရုံက အမိုးမက ဆေးဖြူသုတ်ထားတဲ့ နံရံအထိ မြင်နိုင်တယ်။

**ဗာတားနစ်။** ။နိုင်ငံရေး ဝါသနာပါတဲ့လူဟာ နိုင်ငံရေး ခေါင်းဆောင်ထံ ဝင်နိုင်၊ ထွက်နိုင်တယ် မဟုတ်လား။

**ဘညွန့်။** ။ဟုတ်ပါတယ်။

**ဗာတားနစ်။** ။ဖြောင့်ချက်ပေးဖို့ ဘယ်တော့ စိတ်ကူးပေါက်လာသလဲ။

**ဘညွန့်။** ။ဇူလိုင် ၂၅ ရက်နေ့ညနေမှာ ကျွန်တော့်အား ပုလိပ်ရုံးကြီးသို့ ခြေကျင် အချုပ်နဲ့ ခေါ်သွားတော့ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်လိုက်တဲ့ ပုလိပ်အရာရှိတွေဟာ အဝတ်နက်ကို လက်မောင်းမှာပတ်ပြီး မျက်စိ မျက်နှာမကောင်းတဲ့ အမူအရာတွေကို မြင်ရပါတယ်။ ဦးကျော်ငြိမ်းကို အလိုမရှိ။ ဦးအောင်ချိန်ကို အလိုမရှိလို့ အော်နေကြတဲ့ ပုလိပ်တွေကိုယ်တိုင်က စိတ်ပြောင်းသွားတာ တွေ့ရတော့ နိုင်ငံရဲ့ အခြေအနေဟာ ကျွန်တော် ယူဆသလို မဟုတ်ကြဘူးဆိုတာ နားလည်ပါတော့တယ်။

## ဝမ်းနည်းတဲ့ အထိမ်းအမှတ်

**ဦးစိဘူး။** ။အဝတ်မည်းတွေ ပတ်ထားတာကို ဘယ်လို ယူဆပါသလဲ။

**ဘညွှန့်။** ။ဝမ်းနည်းတဲ့ အထိမ်းအမှတ်လို့ ယူဆပါတယ်။ ဝန်ကြီးတွေ အသတ်ခံရလို့ ဝမ်းနည်းနေကြတယ်လို့ ယူဆပါတယ်။

**ဗတားနစ်။** ။ပုလိပ်ရုံးကြီးမှ အချုပ်ခန်းကို ပြန်လာတော့ အခြားလူတွေနဲ့ တွေ့သေးသလား။

**ဘညွှန့်။** ။မတွေ့ပါဘူး။ ဖြောင့်ချက်မယူခင်လည်း မတွေ့ပါဘူး၊ အခြား တရားခံတွေနဲ့လည်း အတူတူ မနေရပါ။

**ဗတားနစ်။** ။အောက်တိုဘာလ ၂၀ရက်နေ့က ရုံးတော်မှာ မောင်ဘညွှန့်က အခြားတရားခံတွေနဲ့ အချုပ်ခန်းထဲမှာ နေရတယ်လို့ ထွက်ဆိုခဲ့တယ် မဟုတ်လား။

**ဘညွှန့်။** ။ကျွန်တော် ပြောတာက ဇူလိုင်လ ၂၅ ရက်နေ့ မတိုင်မီ တရားခံတွေနဲ့ အတူတူနေပါတယ်။ သည့်နောက်မှ ကျွန်တော့်ကို အခြားခွဲထားပါတယ်။

**ဗတားနစ်။** ။လက်ပတ် အနက်ကို မြင်ရလို့ စိတ်ပြောင်းလာတဲ့ အကြောင်းကို ဘယ်သူ့ကို ပြောသေးသလဲ။

**ဘညွှန့်။** ။ဘယ်သူနဲ့မှ မတွေ့လို့ မပြောတာပါ။ ဇူလိုင် ၂၅ ရက်နေ့ နောက် ကျွန်တော့်ထံ စားစရာကို အခန်းထဲ လာပို့ပါတယ်။ ဇူလိုင်လ ၁၉ ရက်နေ့က အင်းစိန်ထောင်သို့ အတူတူ ခေါ်သွားပါတယ်။ ၂၀ ရက်နေ့ကျတော့ ဦးစောတစ်ယောက်တည်းကိုသာ အခြား တစ် နေရာသို့ ခေါ်သွားပါတယ်လို့ သတိထားမိပါတယ်။ အတူတူ နေကြ တုန်းက အခြား

www.burmeseclassic.com



တရားခံတွေနဲ့ စကားပြောပါတယ်။ ဦးစောအိမ်မှာ အဖမ်းခံရတဲ့ လူတွေနဲ့ အတူတူ နေကြပါတယ်။

## လှမ်းကြည့်မိတယ်

ဗာတားနစ်။ ။မောင်ဘညွန့်ကို ဖမ်းကတည်းက ဦးအောင်ချိန်ကို ဖြစ်စေ၊ ဦးထွန်းလှအောင်ကိုဖြစ်စေ၊ တွေ့သေးသလား။

ဘညွန့်။ ။ထောင်မှ အချုပ်ခန်းသို့ ခေါ်သွားတဲ့နေ့မှာ ကိုခင်မောင်ရင်က ဦးထွန်းလှအောင်ပဲလို့ ပြောတော့ လှမ်းကြည့်မိပါတယ်။

ဗာတားနစ်။ ။ပုလိပ်မင်းကြီး ဦးအောင်ချိန်ကိုမြင်လျှင် မှတ်မိပါ့မလား။

ဘညွန့်။ ။ဇူလိုင် ၂၄ ရက်နေ့မှာ သူလာပြီး တရားခံတွေကို လျှောက်ကြည့်လို့ မြင်ဖူးပါတယ်။ တစ်ပတ်၊ တစ်ပတ်လာ တတ်ပါတယ်။ အစားအသောက်ညံ့တာကို ကျွန်တော်တို့ တိုင်ကြပါတယ်။

ဗာတားနစ်။ ။အမှုအကြောင်းနဲ့ ပတ်သက်လို့ ပုလိပ်မင်းကြီးက ဘာမေး သေးသလဲ။

ဘညွန့်။ ။ဘာမှ မမေးပါဘူး။

ဗာတားနစ်။ ။မောင်ဘညွန့်တို့မှာ စားလို့ မရဘူးလား။

ဘညွန့်။ ။ပုလိပ်အစောင့်ကို ငွေပေးပြီး အဝယ်ခိုင်းလို့ ကျွန်တော် စားရပါတယ်။

ဦးစံဝင်း။ ။ဦးကျော်ငြိမ်းတို့ ဦးအောင်ချိန်တို့ အလိုမရှိလို့ အော်တဲ့လူတွေက ဘယ်သူတွေလဲ။

ဘညွန့်။ ။ကျွန်တော် ဆိုလိုတာက ပုလိပ်တွေထဲက အော်ကြပြီး၊ သည်ပုလိပ်တွေ လက်မောင်းမှာ အဝတ်နက်စည်းပြီး နေကြတာကို မြင်ရတာ ဆိုလိုပါတယ်။ ဘယ်သူဘယ်ဝါရယ်လို့ ပုဂ္ဂိုလ်စွဲ ပြောတာ မဟုတ်ပါဘူး။

ဗာတားနစ်။ ။ဇူလိုင်လ ၂၅ ရက်နေ့ကျတော့ ရေချိုးရသေးသလား။

www.burmeseclassic.com

www.burmeseclassic.com


**ဘညွန့်။** ။ကျွန်တော့်ကို မိန်းမ အချုပ်ခန်းထဲမှာထားလို့ အထဲမှာပဲ ရေချိုးရပါတယ်။

**ဗတားနစ်။** ။ဘယ်အရာရှိတွေနဲ့ စကားပြောမိသေးသလဲ။

**ဘညွန့်။** ။ဖြောင့်ချက်မပေးမီ ဘယ်ပုလိပ် အရာရှိနဲ့မှ ကျွန်တော် စကားမပြောရပါဘူး။ "အခန်းဝမှာ ဘယ်သူမှ စကားမပြောရ" လို့ စာဆွဲထားပါတယ်။

**ဗတားနစ်။** ။ဖြောင့်ချက်ပေးပြီးတော့ ဘယ်မှာ နေရသလဲ။

**ဘညွန့်။** ။အလျင်က အချုပ်ခန်းထဲမှာ နေရပါတယ်။ သည်အခါမှာ ဦးစောအိမ်မှာ အတူတူ အဖမ်းခံရတဲ့ ညီတော်သူ မောင် သိန်းဖေနဲ့ အတူတူ နေရပါတယ်။ သူနဲ့ တစ်လကျော်ကျော်လောက် အတူတူ နေရပါတယ်။ ယခု သူ ဘယ်ရောက်သွားသလဲ မသိပါ။ ထို့နောက် ကျွန်တော့်ကို ရန်ကုန်ထောင်ကြီးသို့ ပို့ပါတယ်။ မောင်သိန်း ဖေက အချုပ်ခန်းမှာ ကျန်ရစ်ခဲ့ပါတယ်။ ရန်ကုန်ထောင်ကြီးထဲမှာလည်း အခန်းထဲမှာ တစ်ယောက်တည်း ထားပါတယ်။ ကျွန်တော်က အစွန်ဆုံး အခန်းမှာ၊ ခင်မောင်ရင်က ကျွန်တော့်ဘေးအခန်းမှာ ရှိပါတယ်။ ကျွန်တော်တို့ အခန်း အောက်နားက အခန်းထဲမှာ မောင်စိန်၊ သုခ၊ မောင်နီ၊ ရန်ကြီးအောင်တို့ ရှိပါတယ်။

**ဗတားနစ်။** ။အခန်းတွေကို ဖွင့်ထားသလား။

**ဘညွန့်။** ။အမြဲ ပိတ်ထားပါတယ်။

**ဗတားနစ်။** ။အချင်းဖြစ်ပွားတဲ့ နေ့က ဂျစ်ကား မောင်းသွားတော့ နောက်က ကြည့်လိုက်သေးသလား။

**ဘညွန့်။** ။မျက်စိတစ်ဆုံး ကြည့်လိုက်ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ဦးကျော်ငြိမ်း အလိုမရှိ၊ ဦးအောင်ချိန် အလိုမရှိဆိုတာ ဘယ်သူတွေလဲ။

**ဘညွန့်။** ။ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းနဲ့ ပုလိပ်မင်းကြီး ဦးအောင်ချိန်တို့ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ရှေ့နေချုပ်ကြီး။** ။ဇူလိုင် ၂၅ ရက်နေ့ ပုလိပ်ရုံးကြီးသို့ သွားတော့ လက်ပတ် အနက်ဖြစ်လို့ တိုင်းပြည်အခြေအနေဟာ ကျွန်တော်တို့ ထင်သလို မဟုတ်ဘူးဆိုတာ ဘာလဲ။

**ဘညွန့်။** ။ဗိုလ်ချုပ်တို့ကို လုပ်ကြံပြီးလျှင် လူထုဟာ ကျွန်တော်တို့ ဘက် ပါလာလိမ့်မယ်လို့ ယူဆခဲ့တယ်။ ဒီ ၂၅ ရက်နေ့ကျတော့ အကဲခတ်ရသမျှ ကျွန်တော့်ရဲ့ တွက်ကိန်းနဲ့ မကိုက်တာ တွေ့ရပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ဦးစောထံကို နိုင်ငံရေး ဝါသနာပါသူ တစ်ယောက်က တွေ့ချင်တယ်ဆိုရင် ဝင်နိုင်ပါသလား။

**ဘညွန့်။** ။ဂိတ်ပေါက်ဝမှာ လူတစ်ယောက်က မေးပြီး ဘယ်သူ ဘယ်ဝါက ဦးစောနဲ့ တွေ့ချင်တယ်လို့ဆိုတော့ ဦးစောက တွေ့ခွင့်ပြုမှ တွေ့ရပါတယ်။

**ဦးအောင်သာကျော်။** ။သတင်းစာတွေ ဖတ်ရသလား။

**ဘညွန့်။** ။သတင်းစာကို အင်းစိန်ထောင်ထဲမှာ ဇူလိုင်လ ၂၀ ရက်နေ့မှာပဲ ဖတ်ရလို့ သခင်နု အစိုးရ အပြောင်းအလဲ သိရပါတယ်။ တစ်ခါတလေ အစောင့်ပုလိပ်တွေနဲ့ စကားပြောရင်း အခြား နိုင်ငံရေး သတင်းများကိုလည်း သိရပါတယ်။

## ကျွန်တော့် ထင်ကြေးကတော့

**ဦးစိဘူး။** ။ခင်ဗျားတို့ရဲ့ ပထမအကြံအစည်ဆိုတာ ဘာအကြံအစည်လဲ။

**ဘညွန့်။** ။ကျွန်တော်ရဲ့ ထင်ကြေးက ဗိုလ်ချုပ်ပေါ်မှာ ဘာသာရေးနဲ့ ပုလိပ်တွေနဲ့ ပတ်သတ်ပြီး ပြောထားတဲ့စကားနဲ့ တိုင်းပြည်က ငြိုငြင်နေကြတဲ့အခါမှာ ကျွန်တော်တို့က ဗိုလ်ချုပ်တို့ကို လုပ်ကြံရလို့ရှိရင် တိုင်းပြည်က ဆူပွက်လာလိမ့်မယ်။ သူတို့အဖွဲ့ဟာလည်း ထိန်းသိမ်းလို့ရမယ် မဟုတ်ဘူး။ အစိုးရအဖွဲ့ကိုလည်း ဖွဲ့ဖြစ်မယ် မဟုတ်ဘူး။ သည်တော့မှ ကျွန်တော်တို့ အဖွဲ့က ဝင်ပြီး အစိုးရသစ်ဖွဲ့ပြီး ထိန်းသိမ်းရလျှင် တိုင်းပြည်က ကျွန်တော်တို့ဘက် ယိမ်းလာမယ်လို့ ယူဆမိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## သိချင် သတင်းစာဖတ်

**ဦးစီဘူး။** ။ခင်ဗျားတို့ အကြံအစည် လွဲပြီဆိုတာ ဘယ်လောက်မှာ သိသလဲ။

**ဘညွန့်။** ။၂၅ ရက်နေ့ ညနေက တွေ့ရ၊ မြင်ရ၊ ကြားရတာတွေလည်း ပါတယ်။ လမ်းပေါ်က သတင်းစာရောင်းတဲ့ လူငယ်တွေ "လုပ်ကြံမှုကြီးမှာ လူသတ်သမား လူမသမာတွေဟာ ဘယ်သူတွေလဲ သိချင်ရင် သတင်းစာဖတ်လို့" အော်ဟစ်ရောင်းကြတယ်။ တစ်ခါ တလေ ကျွန်တော့်နာမည် အော်သံကိုပါ ကြားရတော့ ကျွန်တော် မှားပြီဆိုတာ သိပါတယ်။ စသည်ဖြင့် ထွက်ဆို၏။

❖

# ဂျစ်ကားအတွက် သံပြားဖောက်ပေးရပုံ ဦးစောကိုယ်တိုင် ခိုင်းပါသည်ဟု

## ကမာရွတ်မှ ပန်းပဲသမား မောင်စိန်အေးက ပြော

နိုဝင်ဘာ ၂၈ ရက်နေ့ နံနက်တွင် လုပ်ကြံမှုကြီးကို အောက်ပါ အတိုင်း ဆက်လက် စစ်ဆေးသည်။

ရာဇဝတ်အုပ် ဦးစိုးရင်ကို ရှေ့နေချုပ်ကြီးက မေး၍ ထွက်ဆို သည်မှာ…

## ဦးစိုးရင်၏ ထွက်ချက်

ဇူလိုင်လ ၁၉ ရက်နေ့ ညနေ ၃ နာရီခန့်လောက်မှာ ဦးစော အိမ်ရှာဖို့ အမိန့်ရတာနဲ့ ရောက်သွားပါတယ်။ မစ္စတာဂျပ်ရဲ့ ရဲဘော် ၅၀၊ စုံထောက် အရာရှိနှစ်ယောက်၊ သက်သေ မစ္စတာခန်းနှင့် သူ့အိမ်က ဗမာတစ်ယောက် လည်း ပါကြပါတယ်။ ရဲဘော်တွေက အိမ်ပတ်ဝန်းကျင်ကို စောင့်ခိုင်းထား ပါတယ်။ ဇူလိုင် ၁၉ ရက်နေ့ အိမ်ဝင်းထဲနဲ့ အိမ်ဖြူကလေးကို ရှာတာနဲ့ ညနေ ၆ နာရီ ကျော်သွားပါတယ်။ ခြံထဲမှာ ရှာဖို့ အချိန်မရပါ။ ၄င်းနေ့မှာပင်

www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကားတစ်စီး အာရ်ဘီ-၉၈၃၁ ကို အိမ်ရှေ့ဆင်ဝင်အောက်မှာ သိမ်းထားပါသေးတယ်။ ည ၁၀ နာရီမှာ လက်နက်ကိုင် ပုလိပ်တစ်စု ရာဇဝတ်ကြပ်မောင်သိန်းက ခေါင်းဆောင်ပြီး ထရပ်ကားနဲ့ ဦးစောအိမ် ရောက်လာလို့ ဖမ်းထားတဲ့ လက်နက် တွေကို အချုပ်ခန်းကြီးထဲ ပို့စေပါတယ်။ ညကျတော့ သောင်းကျန်းမှု နှိမ်နင်းရေးတပ်က ရဲဘော်တွေနဲ့ အင်းစိန်လက်နက်ကိုင် ပုလိပ်များကို ဦးစောရဲ့ အိမ်ဝင်းထဲမှာ အစောင့်ချထားခဲ့ပါတယ်။ စုံထောက် အရာရှိ နှစ်ယောက်လည်း ညအိပ်ကြပါတယ်။ ကန်ဘက်က အင်းစိန် လက်နက်ကိုင်ပုလိပ်တွေက စောင့်ကြပ်ကြပါတယ်။ နောက်တစ်နေ့ ၂၀ ရက်၊ နံနက် ၇ နာရီ ဦးစောအိမ် ရောက်တော့လည်း အစောင့်အရှောက်တွေ ရှိကြပါတယ်။ နံနက်ပိုင်း ဝင်းထဲမှာရှာ၍ နေ့လယ် ရေထဲက ဘုရားကျောင်းဆောင်အောက်မှာ ရှာတယ်။ ရဲဘော်ထဲက ရေငုပ်ခိုင်းပါတယ်။ နံပါတ်-၃၀၃ ယမ်းတောင့် ရှစ်သေတ္တာ၊ တော်မီဂန်း လေးလက်၊ စတင်းဂန်း တစ်လက်၊ ရိုင်ဖယ်တစ်လက် တွေ့ရပါတယ်။ နာရီပြန် ၁ ချက်ကစ၍ ငုပ်ရာ ၃ နာရီမှာ ပထမတွေ့ပါတယ်။ နောက်ဆုံး ၅ နာရီမှာ တွေ့ပါသည်။ ဦးစောအိမ်သို့ ၁၉ ရက်နေ့မှ ၂၅ ရက်နေ့တိုင် နေ့တိုင်း သွားရပါတယ်။ ၂၆ ရက်နေ့ နံနက်ကျတော့ သာယာဝတီနဲ့ ပြည်သို့ သွားရပါတယ်။

**ဗာတားနစ်။** ။ဦးစောအိမ် ရှာဖို့ အမိန့် ဘယ်လိုရသလဲ။

**ဦးစိုးရင်။** ။၁၉ ရက်နေ့ နာရီပြန် ၂ ချက်ကျော်မှာ နှုတ်နဲ့ အမိန့်ပေးလို့ ရပါတယ်။ ဦးသိန်းအုန်းက ကျွန်တော့်ကို စစ်ပြီး ရေးမှတ်သွားပါတယ်။ အေဒီလမ်းနှင့် နီးနီးမှာ လက်ဖက်ရည်ဆိုင် ရှိပါတယ်။

**ဦးစိဘူး။** ။မစ္စတာခန်း မြင်သော သူ့ခြံထဲက လူကိုဖြစ်စေ အစက သိဖူးသလား။

**ဦးစိုးရင်။** ။မသိပါဘူး။ သူတို့ရဲ့ အကြောင်းကိုလည်း ဘယ်သူကမှ ပြောမပြဖူးပါ။ မစ္စတာခန်းရဲ့အိမ်ကို သွားရတာက အခြားအိမ်မှာ သက်သေမရှိလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစိဘူး။** ။လက်ဖက်ရည်ဆိုင်က သက်သေကို ဘာကြောင့် မခေါ်တာလဲ။

**ဦးစိုးရှင်။** ။ကုလားဆိုင်ထဲမှာ ဗမာတစ်ယောက် တွေ့လို့ ခေါ်တော့ သူက ဦးစောအိမ်ဖြစ်လို့ မလိုက်ပါရစေနဲ့ဆိုပြီး ငြင်းပါတယ်။ အင်္ဂလိပ်ကပြားတစ်ယောက်ကို တွေ့တော့လည်း အစေခံတွေ မရှိပါ။ သူတစ်ယောက်တည်း ကလေးတွေနဲ့မို့ မလိုက်နိုင်ကြောင်း ငြင်းပါတယ်။

## တုန်လှုပ်ချောက်ချားသွားတယ်

သမာဓိ သတင်းစာတိုက်ပိုင်ရှင် ဦးဘကလေးကို စစ်ဆေး၍ ထွက်ဆိုသည်မှာ...

**ဦးဘကလေး။** ။ဇူလိုင် ၁၉ ရက်နေ့မှာ ၆၂/၄၅ လမ်းထဲမှာရှိတဲ့တိုက်မှာ ရှိတယ်။ ၁၀ နာရီခွဲလောက်မှာ ကားဘီးပေါက်သံလို ကြားရတယ်။ ဒီတော့ အောက်ကိုဆင်းလာတယ်။ စာရင်းကိုင် မောင်စိန်မောင်ဟာ တော်တော်လေးကြာတော့ ဘဏ်တိုက်မှ ငွေသွင်းပြီး ပြန်လာတယ်။ မောင်စိန်မောင်က အတွင်းဝန်ရုံးထဲက ပစ်ခတ်သံတွေ ကြားရတယ်။ နောက်ပြီးတော့လည်း ဂျစ်ကားတစ်စီး ထွက်လာတာ မြင်ရတယ်။ ဘဏ်မှာ ငွေသွင်းတဲ့စာအုပ် ကျောဘက်မှာ နံပါတ်ကို ရေးမှတ်တယ်ဆိုပြီး ကျွန်တော့်ကို မှတ်ထားတဲ့ နံပါတ်ပြပါတယ်။ ဒီဘဏ်သွင်းတဲ့ စာအုပ်ကို ၁၀ရက်လောက်ကြာတော့ ပုလိပ်က သိမ်းသွားပါတယ်။

**ဦးစိဘူး။** ။ပထမ တရားခံ ဦးစောနဲ့ သိကြသလား။

**ဦးဘကလေး။** ။ခင်ပါတယ်။ သူရိယတိုက် ဒါရိုက်တာ အဖွဲ့မှာ ကျွန်တော်နဲ့ အတူတူ ပါကြပါတယ်။

**ဗာတာနစ်။** ။ပုလိပ်က စစ်ဆေးသလား။ တယ်လီဖုန်းရှိသလား။

**ဦးဘကလေး။** ။စစ်ပြီး ရေးယူသွားပါတယ်။ ကျွန်တော့်ရုံးမှာ ယခုတိုင် တယ်လီဖုန်း မရှိပါ။ ကျွန်တော် သတင်းစာဘက် မလိုင်ပါဘူး။ အုပ်ချုပ်ရေးဘက်ကပါ။

**ဥက္ကဋ္ဌ။** ။ဦးဘကလေး အလျင်က နိုင်ငံရေးမှာ ပေါင်းရှက်ဖူးသလား။ စစ်ဖြစ်တုန်းက မြို့တော်ဝန် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com


ဦးဘကလေး။ ။နိုင်ငံရေး ဆောင်ရွက်ဖူးပါတယ်။ မြို့တော်ဝန် နှစ်ကြိမ် လုပ်ဖူးပါတယ်။

ဥက္ကဋ္ဌ။ ။ဝန်ကြီးတွေကို သတ်ဖြတ်သွားတယ်ဆိုတုန်းက ခင်ဗျား စိတ်ထဲက ဘယ်လို ဖြစ်သွားသလဲ။

ဦးဘကလေး။ ။တုန်လှုပ် ချောက်ချားသွားပါတယ်။ ဘယ်လိုဖြစ်လာဦးမလဲဆိုတာ မသိလို့ တုန်လှုပ်ချောက်ချားခြင်း ဖြစ်ပါတယ်။

## ဒေါက်တာဘပု ထွက်ဆိုချက်

ဆေးရုံကြီး လက်ထောက် ဆရာဝန်ကြီး ဒေါက်တာဘပု ထွက်ဆိုချက်မှာ...

ဇူလိုင် ၁၉ ရက်နေ့ နံနက် ၁၁ နာရီအချိန်တွင် ဦးအောင်ဆန်း၏ အလောင်းနှင့် ဒဏ်ရာများဖြင့် မသေသေးသော မောင်ထွေးတို့ကို ဆေးရုံသို့ ယူလာရာ ဒေါက်တာလှရွှေနှင့် ကျွန်တော်တို့ ပထမ စစ်ဆေးကြည့်ရှုပြီး မောင်ထွေး၏ ဒဏ်ရာများကို ကြည့်ရှုပါသည်။ မောင်ထွေးက သတိရသေး၍ စကားပြောနိုင်ပါသည်။ သူ့နာမည်ကို ပြောပါသည်။ အတွင်းလူနာခန်းထဲသို့ ယူသွားပြီး ကုသပေးပါတယ်။ ထိုနေ့ ၂ နာရီ လောက်မှာ သေဆုံးပါတယ်။ ၎င်း၏အလောင်း၌ ကွင်းနံပါတ်-၃၀ ကို တပ်လိုက်ပါသည်။ ဦးအောင်ဆန်း၏ အလောင်းကိုလည်း ကွင်းနံပါတ် တပ်လိုက်ကြောင်း သခင်မြ၏ အလောင်းနှင့်မန်းဘခိုင်တို့၏ အလောင်းကိုလည်း လက်ခံရပါသည်။ ဒဏ်ရာနှင့် စော်ဘွားကြီး စောစံထွန်းကိုလည်း လက်ခံရပါသည်။ သတိရပါသည်။ ဒဏ်ရာကြောင့် စကားမပြောနိုင်ပါ။ နောက်တစ်နေ့ နံနက် ၁၀ နာရီမှာ စော်ဘွားကြီး အနိစ္စရောက်ပါတယ်။ သူ့အလောင်းမှ ကွင်းနံပါတ် ၉ ကို တပ်လိုက်ပါတယ်။

## ပုလိပ်မောင်သိန်းလွင် ထွက်ဆိုချက်

သက်သေပုလိပ် မောင်သိန်းလွင်ကို စစ်ဆေး၍ ထွက်ဆိုသည်မှာ...

www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင်လ ၁၉ ရက်နေ့မှာ အေဒီလမ်း ဦးစောအိမ်ကို ဦးသိန်းနှင့် အတူပါသွားပါတယ်။ ဦးစော၏ အိမ်ဝင်းထဲမှာ ဘုရားကျောင်းဆောင် အနီးရှိ ရေထဲမှာ ငုပ်ရပါသည်။ အခြား ပုလိပ်နှစ်ယောက်လည်း ရေငုပ်ကြ ပါသေးတယ်။ သူတို့က ဦးထုပ်နှစ်လုံးစီ ရေထဲက ရကြပါတယ်။ ကျွန်တော် က ဦးထုပ်တစ်လုံးနဲ့ အုတ်တစ်ချပ် ရပါတယ်။ သံပြားပေါ်မှာ အာရ်အေ-၃၁၂၃ ရေးထားတာ တွေ့ရပါတယ်။

**လက်နက်ကိုင် ပုလိပ်အမှုထမ်း အောင်ဟိန်**

**အောင်ဟိန်အား စစ်ဆေး၍ ထွက်ဆိုသည်မှာ…**

ဇူလိုင် ၂၃ ရက်နေ့က ဦးစောအိမ် ရေစပ်နားကို စောင့်ရ ပါတယ်။ တရားခံတစ်ယောက် ဦးထုပ်တွေ ရှိတယ်ဆိုလို့ ပြတဲ့နေရာကို ကျွန်တော့်အား ရေငုပ်ရှာရန် လူကြီးများကပြော၍ ငုပ်ရပါတယ်။ အခြားနှစ်ယောက်နဲ့ ငုပ်တော့ ကျွန်တော်က ပထမဦးစွာ ရေထဲမှ ဦးထုပ်နှစ်လုံး ရပါတယ်။ မောင်အေးက နောက်ထပ်နှစ်လုံး ရေထဲမှ ရပါတယ်။ အခြားတစ်ယောက်က ဦးထုပ်တစ်လုံးနဲ့ အုတ်ခဲတစ်ချပ် ရပါတယ်။ တရားခံတစ်ယောက်က နေရာကိုပြလို့ ငုပ်ရပါတယ်။

**ဦးစံဝင်း။** ။မောင်အေးဆိုတာ အခု ဘယ်မှာလဲ။

**အောင်ဟိန်။** ။မောင်အေးဟာ လက်နက်ကိုင် ပုလိပ်အဖွဲ့ထဲက ထွက် ပြေးပါတယ်။ နိုင်ငံဝင်ဘာလ အတွင်းမှာပင် ထွက်ပြေး ပါတယ်။

**ဦးစံဝင်း။** ။ဦးထုပ်ကို ဘယ်လောက်ကြာကြာ ငုပ်ယူရသလဲ။

**အောင်ဟိန်။** ။ငုပ်ငုပ်ချင်းတွေ့ရပါတယ်။ ဦးထုပ်တွေဟာ သဲတွေ ဖုံးနေပါတယ်။ အစောင့်တွေကို နေ့စဉ် လဲပါတယ်။ သည်လို ဦးထုပ်တွေကို အရပ်သားတွေကော တပ်သားတွေပါ ဆောင်းကြပါ တယ်။

(ရေထဲမှငုပ်ရသော သံပြားကိုပြရာ ဟုတ်ကြောင်းဖြေ၏။)

**ဦးစံဝင်း။** ။ဦးထုပ်နဲ့ အုတ်ချပ်ကို ဘယ်နေရာမှာ တွေ့သလဲ။

**အောင်ဟိန်း။** ။ဘုရားကျောင်းနောက် တစ်လံအကွာတွင်ရှိသော ရေထဲ မှ တွေ့ရပါတယ်။ ဒုတိယအကြိမ် ငုပ်မှ တွေ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါငုပ်လျှင် ၃၅ စက္ကန့်လောက် ကြာပါတယ်။ ဦးထုပ်ပေါ်မှာ အုတ်ချပ်ကို ကပ်လျက် တွေ့ရပါတယ်။ ချည်မထားပါ။ နံပါတ်ပြား တွေ့သောနေရာမှာ ရေစပ်နှင့် သုံးတောင်လောက်မှာ ဖြစ်ပါတယ်။ ရေဟာ ဒူးဆစ်မြုပ်ဖြစ်ပါတယ်။ တရားခံတစ်ယောက် ပြတဲ့နေရာကို ရှာရာမတွေ့ပါ။ အခြားတစ်နေရာမှာရှာတော့ သံပြား တွေ့ပါတယ်။

## သံပြားဖောက်ပေးရသော ပန်းပဲ

သက်သေ ပန်းပဲသမား စိန်အေးကို စစ်ဆေး၍ ထွက်ဆိုသည်မှာ…

BURMESE CLASSIC

လွန်ခဲ့သော တပေါင်းလက အေဒီလမ်းရှိ ပထမ တရားခံဦးစော၏အိမ်သို့ ရောက်ပါတယ်။ ဂျစ်ကားဘေးက သံပြားကို ချုံးပေးဖို့ ပန်းပဲအလုပ်ရုံမှာ ဦးစောက လာအပ်လို့ လုပ်ပေးရပါတယ်။ လုပ်ပြီး ဦးစောအိမ် ယူသွားပြီး အပေါက်ကလေးတွေ ဖောက်ပေးရပါတယ်။ သည်အခါမှာ ဦးစောက သံပြားနှစ်ပြား၊ သုံးပြားကို အပေါက်ဖောက်ဖို့ ခိုင်းပါသည်။ ၄င်းသံပြားတွေကို ထောင့်မှာ နှစ်ပေါက်စီ ပေါင်းလေးပေါက် ဖောက်ပေးရပါတယ်။ အရှည်နှစ်ပေကျော်ရှိပါလိမ့်မည်။ ဗျက်သုံးလက်မလောက်ရှိပါလိမ့်မယ်။ ဘာကြောင့် ဖောက်ခိုင်းသည်မသိပါ။

(သက်သေ သံပြားပြရာ သူ ဖောက်ပေးသော သံပြား ဖြစ်ကြောင်း ထွက်ဆို၏။)

**ဗာတားနစ်။** ။အခြားသံပြားတစ်ချပ်ပေါ်က အပေါက်တွေဟာလည်း မညီမညွတ်ဘူး မဟုတ်လား။

**စိန်အေး။** ။မညီညွတ်ပါဘူး။ အကြောင်းက ရှိရင်းစွဲအပေါက်ကို ကျွန်တော်က ချဲ့ပေးရလို့ ကျယ်နေပါတယ်။

## ဦးစောကိုယ်တိုင် ခိုင်းပါတယ်

**ဥက္ကဋ္ဌ။** ။ဦးစောကိုယ်တိုင် ခိုင်းသလား။

**စိန်အေး။** ။ခိုင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဗာတားနစ်။** ။သည့်သံပြားတွေကို တပေါင်းလနောက် တွေ့ရသေးသလား။

**စိန်အေး။** ။မတွေ့ရပါ။ ခုမှ တွေ့ရပါတယ်။ အပေါက် ဖောက်ရတဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောမိပါဘူး။ ပန်းပဲအလုပ်ကို လုပ်နေသည်မှာ ၁၀ လလောက် ရှိပါသည်။ အလျင်ကလဲ မီးရထားဘူတာရုံတွေမှာ အပေါက် လိုက်ဖောက်ပေးဖူးပါတယ်။ ဗိုလ်ချုပ်တို့ သေပြီးတစ်လလောက်ကြာမှ ပုလိပ်က လာစစ်ပါတယ်။ စာနဲ့ ရေးယူပါတယ်၊ သံပြားဟာ သုံးပေလောက်ရှိပါတယ်။ နှစ်ခု၊ သုံးခုကို အနည်းငယ် ဖြတ်ပြီးမှ ဖောက်ရပါတယ်။

**ဦးစံဝင်း။** ။သံဖောက်ဖို့ စို့ ဘယ်နှခု ယူသွားသလဲ။

**စိန်အေး။** ။မမှတ်မိပါဘူး။ စို့ကို လုပ်ယူရင် ရပါတယ်။ ပုလိပ်ထံမှာ အစစ်ခံတုန်းက သံပြားကို လွန်နဲ့ဖောက်တယ်လို့ ဆိုမိပါတယ်။ ကျွန်တော်က ဂျစ်ကားဘေးက သံပြားနဲ့ ရောနေလို့ ယောင်မှားထွက်ဆိုမိပါတယ်။

BURMESE CLASSIC

❖

## တရားခံများကို မရိုက်ရပါဟုဆိုခြင်း

ဒီဇင်ဘာလတစ်ရက် တနင်္လာနေ့ နံနက်(၁၀)နာရီအချိန်တွင် တရားလိုပြသက်သေများကို ဆက်လက်စစ်ဆေးသည်။

### အင်စပိတ်တော် မစ္စတာဘဲလ်

အင်စပိတ်တော် မစ္စတာဘဲလ်အား စစ်ဆေးရာ ဇူလိုင်လ ၁၉ ရက်နေ့ နံနက်က အတွင်းဝန်ရုံး အနောက်မြောက်ဘက်မှာရှိသော ရုံးခန်း၌ ထိုင်နေစဉ် ရုံးကြီးပြိုကျသလား အောက်မေ့ရသော အသံကြီးကို ကြားရသည်။ ၎င်းနောက် ပုလိပ်မောင်ထွေး ပြေးလာတာ တွေ့ရပါသည်။ သူက အနောက်ဘက်ရုံးကြီးမှာ အချင်းဖြစ်ပွားကြောင်းပြော၍ သွားကြလို့ ဂျစ်ကားတစ်စီး ဆင်ဝင်အောက် အနောက်ဘက်ထွက်ပေါက်သို့ မောင်းထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်ကို မြင်ရပါသည်။ နံပါတ်ကိုတော့ သတိမထားမိပါ။ အရောင်က စစ်ကားရောင် အစိမ်းပုပ် ဖြစ်ပါသည်။ ဆင်ဝင်အောက် ရောက်သောအခါ ရုံးအပေါ်ထပ်မှာ ပစ်ခတ်သွားကြတယ်လို့ ကျွန်တော် သိရပါသည်။ ဂျစ်ကား ထဲမှာ လူဘယ်နှယောက်ပါသည် မမြင်နိုင်ပါ။ လှေကားကြီးမှ တက်သွားရာ ဝရန်တာမှာ လဲနေသော လူတစ်ယောက်ကို မသေသေးဘဲနှင့် တွေ့ရ ပါသည်။ ထိုသူသည် မစ္စတာရာဇတ်၏ သက်တော်စောင့်ဟု နောက်မှ သိရပါသည်။ ဆေးရုံသို့ လူနာတင်ကားလွှတ်ရန် တယ်လီဖုန်း ဆက် ပါသည်။ သူတို့ကိုလည်း ဆေးရုံသို့ တင်ပို့လိုက်ပါသည်။

**ဦးစိဘူး။** ။ဒဏ်ရာနှင့် လူထံမှ ပစ်ပြီးသား ယမ်းတောင့် တွေ့သေး သလား။

**မစ္စတာဘဲလ်။** ။လူနာကို ဆေးရုံပို့ရန် စိတ်ဝင်စားနေ၍ အခြားအရာ ကို မကြည့်မိပါ။ လူနာတင်ကားပေါ်မှာ လူနာကို တင်ပြီးတော့ ပြန်တက်လာသော အင်စပိတ်တော် ဦးဘိုးစိန်ကို တွေ့၍ ဗိုလ်ချုပ်အခန်းထဲဝင်ကြတော့ လူတွေဟာ သေသူသေ၊ ဒဏ်ရာ ရသူရ တွေ့ရပါတယ်။ ကြမ်းပေါ်မှာ ပစ်ပြီးသား ယမ်းတောင့်ခွံတွေ အများကြီး တွေ့ရပါတယ်။ ၄င်းအပြင် စတင်းဂန်း သေနတ်က ယမ်းတောင့်အပြည့်နဲ့ မဂ္ဂဇင်းတစ်ခု ကောက်ရပါသည်။

**ဗာတားနစ်။** ။ရုံးကို ပြန်သွားပြီးနောက် ခင်ဗျားအား တိုင်ကြားသေး သလား။

**မစ္စတာဘဲလ်။** ။ကျွန်တော်တို့ ဂါတ်ဌာနမဟုတ်လို့ တိုင်ချက်ယူတဲ့ စာအုပ်လည်း မရှိပါဘူး။ ထိုနေ့က အလုပ်များ နေ၍ ည ၇ နာရီမှ ရုံးခန်းသို့ပြန်ရောက်ပါသည်။ အရှေ့ဘက် ဆင်ဝင် မရောက်မီ မောင်ထွေးကို ကျွန်တော် တွေ့ရသည်။ မောင်ထွေးက ဟိန္ဒူစတန်စကားနဲ့ ပြောပါသည်။

**ဗာတားနစ်။** ။ဘာပြောသလဲ။

**မစ္စတာဘဲလ်။** ။မောင်ထွေးက ပျာပျာသလဲ ပြောတဲ့အတွက် ဘာ ပြောတယ်ဆိုတာ မမှတ်မိပါ။

www.burmeseclassic.com

www.burmeseclassic.com



## မောင်တင်ညွန့်

သက်သေ ရန်ကုန်မီးသတ်ဘက်ဌာန သူနာပြုဘက်က မောင်တင်ညွန့်ကို စစ်မေး၍ ထွက်ဆိုသည်မှာ...

ဇူလိုင် ၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၅၀ မိနစ် အတွင်းဝန်ရုံးထဲ၌ လူနာများ ရှိတယ်ဆိုတဲ့ တယ်လီဖုန်းသတင်းရတော့ လူနာတင်ကားနဲ့ထွက်သွားပါသည်။ ရောက်သွားတော့ ပထမဦးစွာ မောင်ထွေးကို တွေ့၍ ကပ်နဲ့တင်ပြီး ကားထဲသို့ ပို့ပါသည်။ ဗိုလ်ချုပ်အခန်းထဲ၌လည်း လူနာတွေ အတုံးအရုံးတွေ့တော့ အံ့အားသင့်သွားပါသည်။ အခန်းထဲမှာ ဗိုလ်ထွန်းလှနဲ့ အခြားလူတွေကိုလည်း တွေ့ပါသည်။ ဗိုလ်ထွန်းလှက ဗိုလ်ချုပ်ကို ကြည့်စမ်းပါဆိုလို့ ကျွန်တော် သွေးစမ်းကြည့်တော့ လက်တွေဟာ နွေးနေပါသေးတယ်။ ဒါနဲ့ ကျွန်တော်ရဲ့မိုးကာကို ဗိုလ်ချုပ်အား ခြုံပေးပြီး ပွေ့လာပါသည်။ မောင်ထွေးနဲ့ ဗိုလ်ချုပ်နှစ်ယောက်ကို တင်ပြီး ဆေးရုံကို အမြန်ဆုံး ပို့လိုက်ပါသည်။ မီးသတ်မှ နောက်ထပ် တစ်စီးနှင့် အားလုံး သုံးစီးလာကြပါသည်။ ရုံးကျတော့ လူနာတွေကော လူသေတွေပါ ကပ်နဲ့တင်ခိုင်းပြီး ကျွန်တော်ကိုယ်တိုင် ခေါင်းဆောင်၍ ယူသွားပါသည်။ ဆေးရုံကျတော့ ဆရာဝန်အား အပ်ပါသည်။

BURMESE CLASSIC

## နှိပ်စက်ခြင်းမပြု၊ ဦးခေါင်းမှ သွေးကျပုံမမြင်

ဒီဇင်ဘာလ ၂ ရက်၊ အင်္ဂါနေ့ နံနက် ၁၀ နာရီတွင် လုပ်ကြံမှုကြီးကို ဆက်လက်၍ စစ်ဆေးရာ ရန်ကုန်မြို့ မော်တော်ယာဉ် ပုလိပ် ရာဇဝတ်ဝန် မစ္စတာဘွတ်ကို ရှေ့နေချုပ်ကြီးက မေး၍ ထွက်ဆို သည်မှာ...

ဂျစ်ကားအတွက် မှတ်ပုံတင်ခ ငွေ ၁၆ ကျပ်ကို တရားခံ ဦးစောအမည်နှင့် အင်းစိန် ငွေတိုက်မှာ ချလံနံပါတ်-၁၀၈၊ ၁၃-၃-၄၇ အရ သွင်းသွားပုံအကြောင်း ထွက်ဆို၏။ ၎င်းချလန်ကို ရန်ကုန်မြို့ မော်တော်ယာဉ်ရုံးကြီးသို့ အင်းစိန်က ပို့ရပါကြောင်း၊ ထိုအခါကျမှ ပုလိပ်မင်းကြီးရုံးက ထိုဂျစ်ကားကို မှတ်ပုံတင်နံပါတ်တစ်ခု ပေးပါသည်။ ၎င်းဂျစ်ကားအား အာရ်တီ-၉၈၃၁ နံပါတ် ပေးလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ရှေ့နေချုပ်ကြီး။** ။နံပါတ်မရခင် ကားရှင်သည့် ကားကို ချလန်အရ အသုံး ပြုနိုင်ပါသလား။

**မစ္စတာဘွတ်။** ။အသုံးပြုနိုင်ပါတယ်။

## စုံထောက်အရာရှိ ဦးကိုကိုကြီး

ယခုအမှု၌ ကျွန်တော် ဦးသိန်းအုန်းကို ကူညီရပါသည်။ ၂၆-၇-၄၇ နေ့က တရားခံသက်နှင်းကို လမ်းမတော်ဂါတ်မှာ စစ်ပါ သည်။

**ဦးစံဝင်း။** ။မောင်စိုးကို စစ်ရသေးသလား။

**ဦးကိုကိုကြီး။** ။အခြား အရာရှိနှစ်ယောက် စစ်တုန်း ကျွန်တော်လည်း ရောပြီး မေးပါတယ်။ သူ့ကို နှိပ်စက်တယ် ဆိုတာ မဟုတ်ပါဘူး။ လက်ထိတ်ကို နောက်ပြန်ခတ်ပြီး ရိုက်တယ် ဆိုတာလည်း မဟုတ်ပါဘူး။ (ဦးသိန်းကျော်က ကျောမှ ဒဏ်ရာကို ပြသည်။) ထိုဒဏ်ရာ များကို ကျွန်တော် မသိပါ။ ဦးခေါင်းက သွေးကျတယ် ဆိုတာလည်း ကျွန်တော် မမြင်ပါ။

**ဦးစံဝင်း။** ။တရားခံ သက်နှင်းကို သုံးကြိမ်ရိုက်တယ်တဲ့။

**ဦးကိုကိုကြီး။** ။မဟုတ်ပါဘူး။ သက်နှင်းကို လမ်းမတော်ဂါတ်မှာ စစ်ပါ သည်။ ကျောက်တံတားဌာနမှာ လက်နက်မှုနဲ့ ခေါ်စစ် ပါတယ်။ သက်နှင်းကို တရားသူကြီး ဦးလှကျော်ထံ ဖြောင့်ချက်ယူဖို့ ကျွန်တော် ခေါ်သွားပါတယ်။ သူ့ကို ခြောက်ထပ်သို့ ခေါ်သွားပါတယ်။ မှုန်ကြီးက ဖြောင့်ချက်ပေးတုန်းဖြစ်၍ အခြားသို့ ခေါ်သွားရတာပါ။

**ဦးစံဝင်း။** ။တရားသူကြီး ရှိတဲ့ ငါးထပ်ကလည်း အခြား အခန်းတွေ ရှိတယ် မဟုတ်လား။

**ဦးကိုကိုကြီး။** ။ရှိပါတယ်။ တရားသူကြီးက သူတို့ရဲ့ ဖြောင့်ချက်တွေ ဟာ ဘာမှ အသုံးမဝင်ဘူးလို့ ကျွန်တော့်ကို မပြောဖူးပါ။ ဘယ်သူကမှလည်း ကျွန်တော့်ကို မပြောဖူးပါ။

**ဦးစံဝင်း။** ။ဦးလှကျော်ထံ ခေါ်သွားတုန်းက သက်နှင်းကိုယ်မှာ ဒဏ်ရာ မရှိဘူး မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ဦးကိုကိုကြီး။** ။မရှိပါဘူး။ မှန်ကြီးရဲ့ဒဏ်ရာကို ပတ်တီးစည်းထားပါတယ်။ ဖြောင့်ချက်ပေးပြီး အချုပ်ခန်း ခေါ်သွားတော့ သက်နှင်းခေါင်းနှင့် မှန်ကြီးအနာက သွေးကျတယ်ဆိုတာ မဟုတ်ပါဘူး။

**ဦးစံဝင်း။** ။ဆူးလေဘုရားလမ်းပေါ်မှာ သူတို့ကို ကားပေါ်က ဆင်းပြေးကြ၊ ပြေးရင်း ငါက မင်းတို့ကို ပစ်သတ်ဝံ့တယ်ဆိုပြီး ပဲခူးမှာ ပစ်သတ်ခံရတဲ့ စောရန်နောင်ရဲ့ ဓာတ်ပုံကိုပင် ပြသေးတယ်လို့ သက်နှင်းက ပြောတယ်။

**ဦးကိုကိုကြီး။** ။မပြောရပါဘူး၊ ဓာတ်ပုံကိုလည်း မပြရပါဘူး။

**ဦးစံဝင်း။** ။ရန်ကြီးအောင်ကိုလည်း ရိုက်တယ်လို့ ဆိုတယ်။

**ဦးကိုကိုကြီး။** ။မရိုက်ပါဘူး။

**ဦးစံဝင်း။** ။ရန်ကြီးအောင်ကို သတ်ဖို့ တယ်လီဖုန်းနဲ့ အမိန့်ရပြီလို့ ပြောသလား။

**ဦးကိုကိုကြီး။** ။မဖြစ်နိုင်ပါဘူး၊ မဟုတ်လည်း မဟုတ်နိုင်ပါဘူး။ သူ့ ပါးစပ်ထဲ ခြောက်လုံးပြူးထည့်ပြီး ပြောရမယ်လို့ မပြောရပါဘူး။ စီးကရက်မီးနဲ့လည်း မတို့ရပါဘူး။ အခြား သက်သေတွေကိုလည်း စစ်ရပါသေးတယ်။

**ဗတ်တားနစ်။** ။စောရန်နောင်ဟာ အမှုနဲ့ဆိုတာ သိသလား။

**ဦးကိုကိုကြီး။** ။သတင်းစာထဲမှာ ဖတ်ရှုရပါတယ်။ မသိပါ။ ဘယ်သတင်းရယ်လို့တော့ မမှတ်မိပါ။ စောရန်နောင်ရဲ့ ဓာတ်ပုံကို သတင်းစာတွေထဲမှာ အားလုံး ပါပါတယ်။

**ရှေ့နေချုပ်ကြီး။** ။မှန်ကြီး ဖြောင့်ချက်ပေးနေတုန်း သက်နှင်းကို ခြောက်ထပ်ခေါ်သွားတယ်၊ ငါးထပ်မှာလည်း အခန်းတွေရှိတယ်ဆိုတာ ဘာအကြောင်း ရှိလို့လဲ။

**ဦးကိုကိုကြီး။** ။ငါးထပ်မှာ တရားခံတွေကိုစောင့်ဖို့ ပုလိပ် မရှိပါဘူး။ ခြောက်ထပ်မှာသာ မူလက စီမံထားတဲ့အတိုင်း အစောင့်ရှိလို့ ခေါ်ယူထားရခြင်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစိဘူး။** ။တရားခံ မောင်စိုးပြတဲ့ ဒဏ်ရာနဲ့ အမာရွတ်ဟာဘာလဲ၊ အမှုမဖြစ်ခင်ကလား၊ အမှုဖြစ်ပြီးမှလား။

**ဦးကိုကိုကြီး။** ။ကျွန်တော် သတိမထားမိပါဘူး။

## မော်တော်ယာဉ် ရာဇဝတ်ဝန် မစ္စတာဘွတ် အစစ်ခံချက်

ဆက်လက်၍ ထွက်ဆိုသည်မှာ…

ဝီလီဂျစ်ကား အာရ်တီ-၉၈၃၁ ဟာ အေဒီလမ်းနေ ဦးစော အမည်နဲ့ စာအုပ်ထဲမှာ မှတ်ပုံထင်ထားပါတယ်။ ၎င်းကို ၁၉၄၇ မေလ ၁၁ ရက်နေ့မှာ မှတ်ပုံတင်ထားပါတယ်။ ဝီလီဂျစ်ကား အာရ်စီ-၁၈၁၄ကို မူလက ဇလွန်လမ်း ကိုဘအေးအမည်နဲ့ မှတ်ပုံတင်ထားပါတယ်။ ၎င်းကားကို ၁၉၄၇ ဇူလိုင်လ ၈ ရက်နေ့မှာ မှတ်ပုံတင်ပါတယ်။

၎င်းနောက် ထိုကားကို ဒါလဟိုဇီလမ်း၊ စွတ်မတာ အမည်နဲ့ ၂၇-၈-၄၇ နေ့တွင် မှတ်ပုံတင်ပါတယ်။ အာရ်တီ-၄၁၄၀ ဆိုတဲ့ ချက်ပလက် ထရပ်ကားကို မကွေးမြို့ စာတိုက်ဝန်ထောက် အမည်နဲ့ မှတ်ပုံတင်ပါတယ်။ ၂၄-၄-၄၇ နေ့မှာ မှတ်ပုံတင်ပါတယ်။ လက် အပြောင်းအလွဲ မရှိပါ။

အာရ်အေ-၃၁၂၃ ဆိုတဲ့ ဖို့(စ်)ဘတ်(စ်)ကားကို ဒေါ်အမာဂျန်း (၁၂၃ လမ်း) အမည်နဲ့ ၁၀-၄-၄၇ နေ့မှာ မှတ်ပုံတင်ထားပါတယ်။ လက်အလွဲအပြောင်း မရှိပါ။ မိတ္ထီလာ-၁၈၃ ဆိုတဲ့ ဖို့ဆင်ထရပ်ကား ဟာ ဗီအင်ဒီဆိုင်း (မိတ္ထီလာမြို့)အမည်နဲ့ ၂၆-၇-၄၆ ရက်နေ့မှာ မှတ်ပုံတင်ထားပါတယ်။

၎င်းကားကို နန်ဂျီရှန်ဂျီ၊ ဘားမားလီမိတက်အား ၄-၇-၄၆ ရက်နေ့မှာ ရောင်းပါတယ်။ ဂျင်နရယ်-၁၆၇ ဆိုတဲ့ နံပါတ်ဟာ ကျွန်တော်တို့ရဲ့ စာအုပ်ထဲမှာ မရှိပါဘူး။ စာအုပ်ထဲမှာရှိတဲ့ ဂျင်နရယ် နောက်ဆုံး နံပါတ်ဟာ ၅၉ ဖြစ်ပါတယ်။

**ဦးထွန်း။** ။ဂျင်နရယ်နံပါတ်ကို ထုတ်ပေးတဲ့ အခြားရုံး ရှိသေးသလား။

**မစ္စတာဘွတ်။** ။ဂျင်နရယ်နံပါတ်ကို နယ် တခြားရုံးတွေက ထုတ်ပေးကောင်း ထုတ်ပေးပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



## မရမ်းကုန်းအရပ် အုန်းဘိုးဟန်

ငှင်းကိုမေး၍ ထွက်ဆိုသည်မှာ…

ဇူလိုင် ၂၀ ရက်နေ့က ပုလိပ်များ လာခေါ်၍ ဦးစောအိမ်သို့ မောင်သိန်းကြွယ်ဆိုသူနှင့် လိုက်သွားပါတယ်။ နေ့လယ် ၂ နာရီလောက်မှာ ဦးစောအိမ်ထဲမှာ ယမ်းထောင့်သေတ္တာ အစရှိသော သက်သေခံပစ္စည်းများကို ပုလိပ်များ ရှာဖွေတွေ့သည့်အကြောင်း သက်သေ ထွက်ဆိုသွားပါသည်။

## သက်သေတံတားလေး အရပ်လူကြီး ဦးဘဇံ

သက်သေ ဦးမှိန် (ချော်တွင်းကုန်း)မှ ဆယ်အိမ်ခေါင်းကို စစ်မေး၍…

ဦးစောအိမ်တွင် ရှာဖွေစဉ်က သက်သေလိုက်ရသည့်အကြောင်း၊ ရှာဖွေစဉ် တွေ့ရသော သံခုတင်ကိုလည်း ပြသပြောဆိုသည်။

**ဥက္ကဋ္ဌ။** ။သည်ခုတင်ကို မြင်တုန်းက ဘယ်လိုလဲ။

**ဖြေ။** ။သံခုတင်ပေါ်တွင် သံပြားမရှိဘဲ ပျဉ်ပြားခင်းထားတာ တွေ့ရပါတယ်။

(သက်သေ ဟာမိုဆင်ကို စစ်ဆေးရာတွင်လည်း အထက်ပါအတိုင်း ထွက်ဆို၏။)

(ပုလိပ်ဓာတ်ပုံဘက်ဆိုင်ရာ ရာဇဝတ်အုပ် ကိုစောရှိန်ကို စစ်ဆေး၍…

ဦးစောအိမ်မှ ရရှိသော သံခုတင်ကို ရုံးတော်၌ ဓာတ်ပုံ ရိုက်ကူးရကြောင်း ထွက်ဆို၏။)

## သက်သေရစ်ဒတ်(ဘောက်ထော်)

ငှင်းအား စစ်မေး၍ ထွက်ဆိုသည်မှာ…

ဖို့ဆင်ထရပ် မိတ္တီလာ-၁၈၃ ပါသော ဂျစ်ကားကို ပထမ တရားခံ ဦးစောအား ၁၉၄၆ ခု၊ ဒီဇင်ဘာလတုန်းက ၃၀၀၀ိ/နှင့် ရောင်းလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားဖိုးငွေ ၃၀၀၀ိ/ကို မရသေးပါဘူး။ ထိုလ ကပင် ထရပ်ကားကို ဦးစောထံ ပို့ပေးလိုက်ပါသည်။

နန်ဂျီရှန်ဂျီ လီမိတက်တွင် ကျွန်တော်ကလည်း အစုစပ်ဝင်တဲ့ လူတစ်ယောက်ဖြစ်ပါတယ်။ ၎င်းကားလည်းပါသော ကား-၁၀၀ ကို နန်ဂျီ ရှန်ဂျီ အမည်နဲ့ မိတ္ထီလာစစ်တပ်မှာ တင်သွင်းပြီး ဝယ်ယူခဲ့ပါတယ်။ ဦးစောက ငွေမပေးသေးလို့ ဖို့ဆင်ထရပ်ကား နန်ဂျီရှန်ဂျီ အမည်နဲ့ပင် ရှိပါသေးတယ်။ ရုံးမှာ သက်သေပြထားသော ကားဖြစ်ပါသည်။

## ဗိုလ်တထောင်ဂါတ်စာရေး မောင်အေးဖေ

၎င်းအား စစ်မေး၍ ထွက်ဆိုသည်မှာ…

ဇူလိုင်လ ၁၉ ရက်နေ့ ၁၁ နာရီကျော်လောက်မှာ ပုလိပ်ရုံးကြီးရှိ အလုပ်ဝတ္တရားကျနေသော ပုလိပ်အရာရှိတစ်ယောက်က တယ်လီဖုန်းနှင့် လုပ်ကြံမှုကြီးဖြစ်ပွားသည့် အကြောင်းကိုပြော၍ ၎င်းပြောပြချက်ကို ပထမ တိုင်ချက်တွင် ရေးမှတ်ထားပါသည်။

နေ့လယ် ၁ နာရီ ၃၀ မိနစ်မှာ အလယ်ပိုင်း ရာဇဝတ်ဝန် ဦးသန်းဖေက ကိုယ်တိုင် ပစ္စည်းယူလာ၍ စာအုပ်ထဲတွင် မှတ်သားထား လိုက်ပါသည်။

၎င်းဝန်ထောက်၏ ရှေ့မှာ စီးကရက်ဘူးထဲထည့်၍ ချိပ် တံဆိပ် ရိုက်နှိပ်ပြီး ပိတ်လိုက်ပါသည်။ ၎င်းစီးကရက်သံဘူးကို အခြား စားရေးအား လွှဲအပ်ပေးခဲ့ပါသည်။

၎င်းထံမှ အင်းစိန်စုံထောက် ကျောင်းအုပ်ကြီး ဦးလှဘော်က လာယူသွားတယ်လို့ ကြားရပါတယ်။

## ဗိုလ်တထောင်စာရေး မောင်စု

၎င်းက ထွက်ဆိုသည်မှာ…

ဂါတ်စာရေး မောင်အေးဖေထံမှ ချိပ်ပိတ်ထားသော စီးကရက် ဘူးကို ယူထားရှိကြောင်း၊ ၎င်းအပြင် အင်စပိတ်တော် ဦးလှဖေက အခြား ပစ္စည်းများကို လာပေးအပ်ပါတယ်။ စာရင်းစာအုပ်ထဲတွင် ရေးမှတ်ထား

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ၎င်းတို့ကိုလည်း အခြား စီးကရက်သံဘူးထဲမှာထည့်ပြီး ဦးလှဖေ ရှေ့မှာပင် ချိပ်ပိတ်လိုက်ပါသည်။ ၂၁-၇-၄၇ နေ့ ညမှာ အင်းစိန် စုံထောက် ကျောင်းအုပ်ကြီး ဦးလှဘော်လာပြီး နှစ်ဘူးကို ကျွန်တော့်ရှေ့မှာ ဖောက်ပြီး စာရင်းနှင့် ကိုက်ယူသွားပါသည်။

## မြို့မစုံထောက် ရာဇဝတ်အုပ် ကိုနွတ်

၎င်းကို စစ်ဆေး၍ ထွက်ဆိုသည်မှာ...

ကျွန်တော်က ယခု လုပ်ကြံမှုကြီးတွင် ဦးသိန်းအုန်း၊ ဦးလှဖေ တို့ကို ကူညီရပါတယ်။ ၂၈-၇-၄၇ နေ့က သက်သေ မောင်ရှိန်ကလေး ကျောက်တံတားဂါတ်မှာ စစ်ပါတယ်။ သူ၏ အစစ်ခံချက်ကို ကျွန်တော် ရေးယူပါတယ်။ သူ့အား ဖတ်ပြရာ သူက မှန်သည်ဟု ဝန်ခံပါသည်။ သူ့အလိုအလျောက် ထွက်ဆိုပါသည်။

**ဦးစံဝင်း။** ။သက်နှင်းနှင့် မှုန်ကြီးကို စစ်ရသေးသလား။

**ဦးနွတ်။** ။သူတို့ကို မစစ်ရပါ။ ဘုန်းကြီးလမ်းကို ခေါ်မသွားရပါ။ သူတို့ကို ရိုက်တယ်ဆိုတာလည်း လုံးဝ မမှန်ပါ။

**ဦးစံဝင်း။** ။ဟိုမှာ သုံးရက် ထမင်းမကျွေးဘဲ ထားတယ်ဆိုတာ ဟုတ် သလား။

**ကိုနွတ်။** ။မဟုတ်ပါဘူး။ ၄-၈-၄၇ နေ့က သူတို့နှစ်ယောက်ကို ရုံးကြီးသို့ ဖြောင့်ချက်ယူရန် အခြားအရာရှိ နှစ်ယောက်နှင့် အတူ ခေါ်သွားပါသည်။ သူတို့နှစ်ယောက်က ဖြောင့်ချက်မပေးလို့ အခြားရုံးခန်းတစ်ခုကို ခေါ်သွားပြီး ရိုက်တယ်ဆိုတာလည်း မဟုတ်ပါ။ သူတို့ကို အချုပ်ခန်း ပြန်ခေါ်လာတော့ သက်နှင်းခေါင်းပေါ်မှာလည်း ဒဏ်ရာနဲ့ မှုန်ကြီး ဒဏ်ရာကလည်း သွေးထွက်နေပြီဆိုတာ မဟုတ်ပါ။ ရန်ကြီးအောင် ကိုလည်း မရိုက်ပါဘူး။ စီးကရက်မီးနဲ့လည်း မတို့ရပါဘူး။

**ဥက္ကဋ္ဌ။** ။ရန်ကြီးအောင်ကို ဘုန်းကြီးလမ်းဂါတ်သို့ ခေါ်သွားဖူးသလား။

**ကိုနွတ်။** ။၂၇-၇-၄၇ နေ့က ခေါ်သွားပြီး သူ၏ ထွက်ဆိုချက်ကို ယူပါတယ်။ နောက်ပြီး ပြန်ခေါ်လာပါတယ်။ အခြား အရာရှိ တစ်ယောက်လည်း ရှိတယ်လို့ ထင်ပါတယ်။ သက်နှင်းနှင့် မှုန်ကြီး၊ ကိုကို

www.burmeseclassic.com

www.burmeseclassic.com



သန်းကျော်လား၊ ဦးကိုကိုကြီးလား မသိ။ တစ်ဦးဦးက စစ်ဆေးတော့ ကျွန်တော်ရှိပါတယ်။ ဘုန်းကြီးလမ်း ဂါတ်လား၊ ကျောက်တံတား ဂါတ်လား မမှတ်မိပါ။

## မြို့မစုံထောက် ရာဇဝတ်အုပ် ဦးသန်းကျော်

၄င်းကို စစ်ဆေး၍ ထွက်ဆိုသည်မှာ…

ယခု ဗိုလ်တထောင်ဌာနမှာ ဌာနအုပ် ဖြစ်ပါတယ်။ သည် အမှုကို ကူညီရပါတယ်။ သက်သေအချို့ကိုလည်း စစ်ဆေးရပါတယ်။ သက်သေခံ တင်ပြထားသော ဦးစောအိမ်မှ သံခုတင်ကို သိမ်းတော့ ကျွန်တော်ကိုယ်တိုင် သိမ်းပါသည်။

**ဦးစံဝင်း။** ။ရန်ကြီးအောင်က ပြောတယ်။ ဦးသန်းကျော်က လက်ဖက်ရည်တို့၊ မုန့်တို့ ကျွေးတယ်လို့ ပြောတယ်။

**ဦးသန်းကျော်။** ။ကျွန်တော်ကိုယ်တိုင် မတိုက်ရပါ။ သူ့ထံသို့ သက်သက် သွားတာလည်း မဟုတ်ပါဘူး။ ဘားလမ်း အချုပ်ခန်းကို နေ့တိုင်း ကျွန်တော် သွားကြည့်ပါတယ်။ ပုလိပ်ရုံးကြီးသို့ သူ့အား ဖြောင့်ချက် ယူရန် ကျွန်တော် ခေါ်ထုတ်သွားပါတယ်။ သူ့အား ဖြောင့်ချက်ပေးရင် အစိုးရသက်သေ လုပ်ပေးမည်လို့လည်း မပြောမိပါ။ မှုန်ကြီးကို ကျွန်တော် စစ်ပါတယ်။ တရားခံသုံးယောက်ကို ဘယ်သူမှ ရိုက်တာ မမြင်ပါ။

## ရက်ချိန်းတောင်းခြင်း

တရားခံရှေ့နေ ဗာတားနစ် တက်ရောက်ခြင်းမပြု။

ဒီဇင်ဘာလ ၃ ရက်နေ့ နံနက် ၁၀ နာရီတွင် အင်းစိန်ထောင်ကြီးအတွင်း၌ လုပ်ကြံမှုကြီးကို ဆက်လက်စစ်ဆေးရာ တရားခံ အစုံ အလင် တက်ရောက်ကြကြောင်း။

## မော်တော်ကားပြင်ဆရာ မောင်လှတင် ထွက်ဆိုချက်

ရှေ့နေချုပ်ကြီးက စစ်မေးသဖြင့်…

**ရှေ့နေချုပ်ကြီး။** ။ဇလွန်လမ်းက ဦးဘအေးကို သိသလား။

www.burmeseclassic.com

www.burmeseclassic.com



**မောင်လှတင်။** ။၁၀လလောက်က စပြီး သိပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ဘယ်လို ကားများကို ပြင်နိုင်းပါသလဲ။

**မောင်လှတင်။** ။ဂျစ်ကားများပါပဲ။

**ရှေ့နေချုပ်ကြီး။** ။ဦးဘအေးက ကားဘယ်နှစီး အပ်ဖူးသလဲ။

**မောင်လှတင်။** ။ငါးစီး ရှိပါပြီ။

**ရှေ့နေချုပ်ကြီး။** ။ဦးဘအေးက အာရ်စီ-၁၈၁၄ ဂျစ်ကား အပ်ဖူးသလား။

**မောင်လှတင်။** ။အပ်ဖူးပါတယ်။

**ရှေ့နေချုပ်ကြီး။** ။နောက် ဘာပြုသေးသလဲ။

**မောင်လှတင်။** ။အဲဒီကားကို လုပ်ကြံမှုကြီး မဖြစ်မီ ၁၅ ရက်လောက်က ဝယ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ဘယ်မှာ သွားဝယ်သလဲ။

**မောင်လှတင်။** ။သမိုင်း ရှိန့်သန်းကုမ္ပဏီမှာဝယ်ပြီး အလုပ်ရုံမှာ အားလုံး ဖြုတ်ပြင်ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ဝယ်လာပြီး ဘယ်လောက်ကြာ ပြင်ရသလဲ။

**မောင်လှတင်။** ။လုပ်ကြံမှုကြီး ဖြစ်ပြီးနောက် ၁၀ ရက်လောက် အထိ ပြင်ရပါတယ်။

**ဦးစိဘူး။** ။ကားပြင်ပြီးတော့ ဘယ်လောက် တန်သလဲ။

**မောင်လှတင်။** ။၁၅၀၀၊ ၁၄၀၀ ကျပ်လောက် တန်ပါတယ်။

(ထောင်တွင်းရှိ ဂျစ်ကား ပြသရာ မောင်လှတင်က ဟုတ်မှန်ကြောင်း ဖြေဆို၏။)

**ဦးစံဝင်း။** ။ကားငါးစီးနောက် ဘာကားများ ပြင်ရသေးသလဲ။

**မောင်လှတင်။** ။မမှတ်မိပါ။

**ဦးစံဝင်း။** ။ဒီကားနံပါတ် မှတ်မိသလို အခြားကားတွေကိုတော့ မမှတ်မိ ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



မောင်လှတင်။ ။မမှတ်မိပါ။ဒီကားနံပါတ်တောင် ဦးဘအေးက လုပ်ကြံမှုကြီး ကားနံပါတ်နဲ့ တူနေကြောင်း လာပြောလို့ သိရတယ်။

ဦးစံဝင်း။ ။ဦးဘအေး လာပြောတဲ့ရက် မှတ်မိသလား။

မောင်လှတင်။ ။မမှတ်မိပါ။ ရာဇဝတ်အုပ် ဦးကိုကိုကြီး မစစ်ဆေးမီ သုံး-လေးရက်လောက်ပါပဲ။

ဦးစံဝင်း။ ။နံပါတ် ဘယ်တုန်းက ပြင်သလဲ။

မောင်လှတင်။ ။လုပ်ကြံမှုမဖြစ်ခင်ကဘဲ နံပါတ်ကို တွေ့ရပါတယ်။

ဥက္ကဋ္ဌ။ ။ဇိုလ်ချုပ် လုပ်ကြံတဲ့နေ့က ကားဘယ်လိုရှိသလဲ၊ ဘယ်လို အခြေအနေမှာလဲ။

မောင်လှတင်။ ။အင်ဂျင်တင်ပြီး ဘော်ဒီ မတင်ရသေးပါ။

ဦးစံဝင်း။ ။နံပါတ်ကို လုပ်ကြံမှုမဖြစ်ခင် ပြင်သလား။

မောင်လှတင်။ ။ဟုတ်ပါတယ်။ ဦးဘအေးကပဲ နံပါတ်ကို လက်ညှိုးနဲ့ ဆေးခွက်ထဲ နှိုက်ရေးထားကြောင်း ပြောပါတယ်။

ဦးစံဝင်း။ ။ဦးဘအေး အိမ်နဲ့ နီးသလား။

မောင်လှတင်။ ။ကျွန်တော်က ကမာရွက်မှာ နေပါတယ်။

ဦးစံဝင်း။ ။ဦးဘအေး အခု အိမ်မှာ ရှိသလား။

မောင်လှတင်။ ။လားရှိုးသွားမယ် ပြောတယ်။

ဦးစံဝင်း။ ။တစ်နှစ်အတွင်း ကားဘယ်လောက် ပြင်ဖူးသလဲ။

မောင်လှတင်။ ။ကားမျိုးစုံ ၁၅ စီး။ အစီး ၂၀ လောက် ပြင်ဖူးပါတယ်။

ဦးစံဝင်း။ ။ဦးဘအေး ကား ဘယ်နှစ်စီးရှိသလဲ။

မောင်လှတင်။ ။အာရ်စီ-၁၈၁၄ကို မပြင်မီ နှစ်စီး၊ ပြင်ပြီးနောက် သုံးစီး၊ ပေါင်း ငါးစီးပါ။

ဦးစံဝင်း။ ။ခင်ဗျား ပြောတယ်။ ဒီကားနံပါတ်နဲ့တူလို့ အကြောက် တယ်ဆိုတာ ဘာလဲ။

www.burmeseclassic.com



**မောင်လှတင်။** ။ဦးဘအေး အတွက်သာ စိုးရိမ်တာပါ။ ကျွန်တော်က ဘာမှ ကြောက်စရာမရှိပါ။

❖

## ကားနံပါတ်ပြား တွေ့သည်ဆိုခြင်း

### ရန်ကုန်စုံထောက် အင်စပိတ်တော် ဦးလှဖေ

ငင်းက ထွက်ဆိုသည်မှာ ဇူလိုင်လ ၁၉ ရက်နေ့ ၁၂ နာရီ ၄၅ မိနစ်မှာ အတွင်းဝန်ရုံးကြီးသို့ ရောက်ပါတယ်။ ဒုတိယ ပုလိပ်မင်းကြီး ဦးဘမောင်ထံမှ ဒီလုပ်ကြံမှုကြီးကို လက်ခံစစ်ဆေးရမယ်လို့ အမိန့်ရ တာနဲ့ သွားရပါတယ်။ ပထမဦးစွာ ဗိုလ်ချုပ်အခန်းကိုသွားတော့ အတွင်းဝန်ကလေး ဦးတင်အေးကို တွေ့ပါတယ်။ ကျွန်တော်နဲ့ ရာဇဝတ် အုပ် မောင်ခင်မောင် ပါပါတယ်။ ဦးတင်အုန်းက ဗိုလ်ချုပ် အခန်းတံခါးကို ဖွင့်ပြီး ကျွန်တော် တို့အား အတွင်းဘက်သို့ ပြသပါတယ်။ အခန်းထဲမှာ လူတွေ မတွေ့ရတော့ ပါ။ ကုလားထိုင်တွေဟာ ဖရိုဖရဲ ဖြစ်ပြီး သွေးကွက်တွေကို တွေ့ရပါတယ်။ အခန်းထဲမှာ လျှောက်ကြည့်ပြီး စစ်ဆေးတော့ ပစ်ပြီး တော်မီဂန်း ယမ်း တောင့် ၁၄ ခုနဲ့ ပစ်ပြီးသည့် တော်မီဂန်းခဲသုံးခု၊ ပစ်ပြီးသား စတင်းဂန်း ယမ်းတောင့် ၁၄ ခု၊ ငင်းခဲ တစ်ခုကို တွေ့ရပါတယ်။ ငင်းအပြင် ဒန်သတ္တုခဲ ကလေးတွေ ရှစ်ခုကိုလည်း တွေ့ရပါတယ်။ ဘာတွေမှန်း မသိပါ။ ငင်းကို ဗိုလ်တထောင် ဂါတ်စာရေးလက် အပ်ပါသည်။

**ရှေ့နေချုပ်ကြီး။** ။သက်သေစာရင်းမှာ ဂျမဒါ-ရမ်ဒါရီဆိုတာ ဘယ် သူလဲ။

**ဦးလှဖေ။** ။ထိုနေ့နံနက်က မစ္စတာရာဇတ်နဲ့ လိုက်ပါသွားတဲ့ ကုလား ဖြစ်ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။သူ့ကို ဘာပြုလို့ သက်သေအဖြစ်နဲ့ မပြသလဲ။

**ဦးလှဖေ။** ။သူက တုန်လှုပ်ချောက်ချားနေလို့ အမှုကိုလည်း ဘာမှ ကျကျနန မပြောနိုင်ပါဘူး။ ၂၂-၇-၄၇ နေ့ကျတော့

www.burmeseclassic.com

www.burmeseclassic.com


ဦးသိန်းအုန်းအား အမှုကိုလွှဲပါတယ်။ သူ့ကိုလည်း ကူညီရပါတယ်။ ပျော့ဖွယ် ဦးမြကိုလည်း စစ်ရပါတယ်။ အခြား ဝန်ကြီးနဲ့ အခြားသက်သေများကိုလည်း စစ်ရပါတယ်။ တရားခံ ဦးစောရဲ့အိမ်ကို လေး-ငါးခေါက် ရောက်ပါတယ်။ ရောက်တိုင်း အိမ်ဝင်းအတွင်းမှာ အစောင့် ၂၀၊ ၂၅ ယောက် တွေ့ရပါတယ်။ ဦးစောအိမ်မှာ စောင့်ရတဲ့ လက်နက်ကိုင် ပုလိပ် လေး-ငါးယောက်ကိုလည်း ၂၉-၉-၄၇ နေ့က စစ်ဆေးရ ပါတယ်။ ၄င်းပုလိပ်တွေဟာ ယခု အမှုမှာ တရားလိုပြ သက်သေများ ဖြစ်ပါတယ်။

**ဗာတားနစ်။** ။ခပ်သုတ်သုတ် သွားတယ်ဆိုတာ အင်္ဂလိပ်လို ဘယ်လို ပြန်မလဲ။

**ဦးလှဖေ။** ။အင်္ဂလိပ် (...) ပြန်လို့ ရပါ့မယ်။

**ဗာတားနစ်။** ။ဦးထင်ပေါ်ရဲ့ အစစ်ခံချက်ထဲမှာ သေနတ်သံ ကြားကြားချင်း ကျွန်တော်တို့ ဆင်းပြေးတယ်ဆိုတဲ့စကားကို ဘယ်လို ပြန်မလဲ။

**ဦးလှဖေ။** ။(...)လို့ အင်္ဂလိပ်လို ပြန်ပါ့မယ်။

**ဗာတားနစ်။** ။ဦးလှဖေရဲ့ အစစ်ခံချက်ထဲမှာ (....)ဆိုတာ ဘယ်လို ပြန်မလဲ။

**ဦးလှဖေ။** ။အတွင်းဝန်ရုံးထဲမှာ ကျွန်တော်တို့ ထွက်ပြေးသွားတယ်လို့ ဘာသာပြန်ပါ့မယ်။

## လက်နက်ကိုင်ပုလိပ် စောထွန်းစိန်

၄င်းက ထွက်ဆိုသည်မှာ...

ဇူလိုင်လ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အတွင်း အေဒီလမ်းရှိ ပထမ တရားခံ ဦးစောရဲ့အိမ်မှာ စောင့်ရပါတယ်။ ကျွန်တော့်ရဲ့ လူ လေးယောက်ကို အိမ်အရှေ့ဘက်က မီးတိုင်နားမှာ ချထားပါတယ်။ လူအဝင်အထွက် မရှိရအောင် စောင့်ပါတယ်။

**ဗာတားနစ်။** ။ကန်ထဲမှာ လှေနဲ့ ဖြတ်သွားရင်း ဘာလုပ်မလဲ။

**စောထွန်းစိန်။** ။မြင်တာပေါ့။ လှေသမားကို ဖမ်းမှာပေါ့။

**ဦးစံဝင်း။** ။စောင့်တဲ့ည နှစ်ညစလုံးပဲ အစောင့်ကျသလား။

www.burmeseclassic.com

www.burmeseclassic.com



**စောထွန်းစိန်။** ။အစောင့်ကျပါတယ်၊ သုံးယောက်အိပ်ရင် တစ်ယောက်က စောင့်ရပါတယ်။ တစ်ယောက်ကို နှစ်နာရီကျ စောင့်ရပါတယ်။ ကျွန်တော် အိပ်ရတဲ့အခါ အိပ်၊ ကြည့်ရတဲ့အခါ ကြည့်ရပါတယ်။ ကျွန်တော် လူလေးယောက်အပေါ်မှာ လူကြီးဖြစ်၍ မစောင့်ရပါ။

## ပုလိပ် စောမြရွှေ

ပုလိပ်တစ်ရစ်ရ စောမြရွှေက ထွက်ဆိုသည်မှာ ၁-၈-၄၇ က ၃-၈-၄၇ အထိ ဦးစောအိမ်မှာ ခြောက်ယောက်နှင့်အတူ စောင့်ကြပ်ရပါတယ်။ ကျွန်တော်က လူကြီးလုပ်ရပါတယ်။ ရေချိုးဆိပ်နှင့် အိမ်ရှေ့မှာ နှစ်ယောက်ချထားပါတယ်။ အပြင်လူမဝင်ရန်၊ လှေနဲ့ လူမလာရန် စောင့်ရသည်။ ယခုတိုင် ဦးစော အိမ်ဝင်းအတွင်းမှာ စောင့်လျက်ရှိပါသည်။

## စာသင် စောသန်းစိန်

၄င်းက စစ်ဆေး၍ ထွက်ဆိုသည်မှာ...

ကျွန်တော့်အောက်မှာ လူခြောက်ယောက်နဲ့ ဦးစောအိမ်ကို ၁၁-၈-၄၇ နေ့မှ ၁၂-၈-၄၇ နေ့အထိ စောင့်ရပါသည်။ ၁၂ ရက်နေ့က ရေကန်ထဲမှ အင်္ဂလိပ် စစ်ဗိုလ်နဲ့ ကုလားတွေ လှေနဲ့ လာရှာတော့ ကားနံပါတ်ပြားတစ်ခုကို တွေ့မြင်ရပါတယ်။ နံပါတ် မမှတ်မိပါ။

## မရမ်းကုန်းမှ မောင်တင်မောင်

၄င်းက ထွက်ဆိုသည်မှာ...

ဩဂုတ်လ ၄ ရက်နေ့က တရားသူကြီး ဦးဘကြိုင်နဲ့အတူ ဦးစောအိမ်ကိုရှာဖွေဖို့ လိုက်သွားရာ ရေထဲမှ ကားနံပါတ်ပြား အာရ်ဘီ-၉၈၃၁ ကို ရှာဖွေတွေ့ရှိရပါသည်။ နောက်တစ်ခါ ဦးဘကြိုင်နှင့် လိုက်သွားပြီး နံပါတ်ပြားတစ်ချပ်ရတာ ကျွန်တော် မြင်ရပါတယ်။

**ဗာတဘားနစ်။** ။မရမ်းကုန်းမှာနေတာ ဘယ်လောက် ကြာပြီလဲ။

www.burmeseclassic.com

www.burmeseclassic.com



**မောင်တင်မောင်။** ။ခြောက်လလောက် ရှိပါပြီ။ ဦးဘကြိုင် ဘာအရာ ရှိလဲ မသိပါ။ ကိုယ်တိုင် ရာထူးကိုရေးပြီး လက်မှတ် ထိုးတာကို မြင်တော့မှ သိရပါတယ်။

❖

## တရားခံ မောင်စိုးက

### မေးတိုင်း မဟုတ်ပါဟု ဖြေဆိုကြခြင်း

နိုင်ငံတော် လုပ်ကြံမှုကြီးကို ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဆက်လက်စစ်ဆေးရာ လုပ်ကြံမှုကြီးတွင် ပါဝင်သော တော်မီကန်း၊ စတင်းဂန်း၊ နံပါတ်ပြားများလည်း တင်ပြထား၏။ ခုံရုံးစတင်ဖွင့်သည်နှင့် တစ်ပြိုင်နက် ခုံသမာဓိ တရားသူကြီး ဉက္ကဋ္ဌက တရားခံ မောင်စိုးကို စတင်စစ်ဆေးလေသည်။

**မောင်စိုး။** ။မင်းလှမြို့တွင် မွေးဖွားပါသည်။ အဘမှာ ဦးလူကလေး ဖြစ်၍ အသက် ၄၁နှစ်ရှိကြောင်း ဖြေဆို၏။

**ဉက္ကဋ္ဌ။** ။၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့ နံနက်ပိုင်း ၁၀ နာရီခွဲခန့် အချိန်လောက်တွင် စစ်ဝတ်စစ်စားနှင့် လူသတ်သမားလေးဦး စက်သေနတ်များကို ကိုင်ဆောင်ပြီး အတွင်းဝန်ရုံးတွင် ဝန်ကြီး ဗိုလ်ချုပ် အောင်ဆန်းနှင့် အခြား ဝန်ကြီးများကို ပစ်ခတ်သတ်ဖြတ်ကြောင်း သက်သေ ထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။ဒါ မဟုတ်ပါဘူး။ ပုလိပ်က သက်သက်ဆင်ပြီး လုပ်ထားတာပါ။

**ဉက္ကဋ္ဌ။** ။ပစ်ခတ်လို့ ရရှိတဲ့ဒဏ်ရာကြောင့် ဝန်ကြီးများ သေဆုံးရတယ်လို့ သက်သေထွက်ချက် ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။မဟုတ်ပါဘူး။

**ဉက္ကဋ္ဌ။** ။လူသတ်သမားများဟာ ဝန်ကြီးများကို ပစ်သွားပြီး ထွက်လာစဉ် အပါးတော်မြဲ မောင်ထွေးကို တွေ့ရှိသဖြင့် လူသတ်

www.burmeseclassic.com

www.burmeseclassic.com



သမားများက ပစ်ခတ်သွားတယ်လို့ သက်သေထွက်ချက်ရှိတယ်၊ ဘာပြောလိုသလဲ။

**မောင်စိုး။** ။မဟုတ်ပါဘူး။

**ဥက္ကဋ္ဌ။** ။လူသတ်သမားများဟာ ပစ်သွားပြီး အတွင်းဝန်ရုံး အလယ်ဘူးဝမှာ စက်နှိုးပြီး ရပ်ထားတဲ့ ဂျစ်ကားပေါ် တက်ပြီး စပါတ်လမ်းဘက် မောင်းထွက်ပြေးတယ်လို့ သက်သေ ထွက်ချက် ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။ဒါလည်း မဟုတ်ပါ။

**ဥက္ကဋ္ဌ။** ။အတွင်းဝန်ရုံး စပါတ်လမ်းဘက်ပေါက်က စစ်ဝတ်စစ်စားနှင့် ဂျစ်ကား အာရ်စီ-၁၈၁၄ ထွက်ပြေး မောင်းနှင်လာကြောင်းကို သမာဓိသတင်းစာတိုက် စာရင်းကိုင် မောင်စိန်မောင်က မြင်ကြောင်း ထွက်ဆိုထားတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။မဟုတ်ပါဘူး။

**ဥက္ကဋ္ဌ။** ။ထိုနေ့ နံနက် ၈ နာရီခွဲအချိန်လောက်တွင် ဖို့ဆင်ထရပ်ကား အာရ်အေ-၃၁၂၃ သည် တရားခံ ဦးစောအိမ်ဝင်းအတွင်းမှ ထွက်သွား၍ နံနက် ၁၁ နာရီ ၅ မိနစ်တွင် ထိုအိမ်ဝင်းထဲသို့ ပြန်ဝင်သွားကြောင်း၊ ၄င်းနောက် ပုလိပ်များလာ၍ ဝိုင်းသည့်တိုင်အောင် ထိုခြံအတွင်းမှ မထွက်ဘဲရှိကြောင်း သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။မဟုတ်ပါဘူး။

**ဥက္ကဋ္ဌ။** ။ထိုနေ့တွင် သတင်းပေးချက်အရ ဦးစော၏အိမ်ကို ညနေ ၃ နာရီလောက်တွင် သက်သေ မစ္စတာဂျပ်နှင့် ဦးစိုးရင်တို့ ကြီးမှူးသော ပုလိပ်အဖွဲ့ဝင်များနှင့် သောင်းကျန်းမှု နှိမ်နင်းရေး တပ်သားများ ဦးစော၏ အိမ်နှင့်ခြံကို ဝိုင်းကြရာ သင်နှင့် အခြားတွဲဖက်တရားခံ ရှစ်ဦးနှင့် ထိုအိမ်တွင်ရှိသော သက်သေ ဘညွန့်နှင့် မောင်ရှိန်၊ ထွန်းရွှေ ရန်ကြီးအောင်၊ စိန်မောင်နှင့် အခြားသူများကို တစ်ချိန်တည်း တွေ့ရှိ ဖမ်းဆီး၍ အင်းစိန်ထောင်ကြီးသို့ ပို့ရကြောင်း သက်သေထွက်ချက် ရှိတယ်၊ ဘာပြောလိုသလဲ။

www.burmeseclassic.com

www.burmeseclassic.com



**မောင်စိုး။** ။မဟုတ်ပါဘူး။ လာဖမ်းတာတော့ မှန်ပါတယ်။

**ဥက္ကဋ္ဌ။** ။ငှင်းနေ့ ညနေ ၅ နာရီခွဲအချိန်တွင် တရားခံ ဦးစော၏အိမ်ဆင်ဝင်အောက်တွင် အာရ်ဘီ-၉၈၃၁ မှတ်သားထားသော သက်သေခံပစ္စည်း ၂ ဖြစ်သည့် ဂျစ်ကားကို သက်သေခံစာတမ်း ၂(ဈ)အရ ပုလိပ်အရာရှိတို့က သိမ်းဆည်းကြောင်း၊ ထိုသို့ သိမ်းဆည်းသောအခါ ထိုကား၏ရှေ့တွင် လည်းကောင်း၊ နောက်တွင် လည်းကောင်း ရေးသားထားသော နံပါတ်များကို ဆေးအဖြူအသစ်နှင့် ရေးထားကြောင်း၊ ထိုကား၏ ရှေ့၌ရှိသော လေကာမှန်ပေါင်တွင်လည်း နတ်များပသရန် အသုံးပြုသော ရှံနီ၊ ရှံဖြူ စများလည်း တွေ့ရှိရကြောင်း သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။မဟုတ်ပါဘူး။ မဖမ်းခင်ကတည်းက ကားတွင် ရှံစတွေ မမြင်မိပါ။

**ဥက္ကဋ္ဌ။** ။နောက်တစ်နေ့ ဇူလိုင် ၂၀ ရက်နေ့တွင် သက်သေ ဦးစိုးရင်ကြီးမှူးသော သောင်းကျန်းမှု နှိမ်နင်းရေးတပ်သားများသည် ဦးစောအိမ်အနီးရှိ ဘုရားကျောင်းဆောင်အနီးရှိ ရေကန်တွင် ငုပ်၍ ရှာသောအခါ သက်သေခံပစ္စည်းအမှတ် ၁၁-၁၄ ဖြစ်သော တော်မီဂန်း လေးလက်နှင့် အမှတ် ၁၅ ဖြစ်သော စတင်းဂန်းတစ်လက်ကို ရေထဲ၌ တွေ့ရှိကြောင်း သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။မဟုတ်ပါဘူး။

**ဥက္ကဋ္ဌ။** ။အတွင်းဝန်ရုံး ဝန်ကြီးများကို ပစ်ခတ်သွားသော အခန်းထဲမှ ကောက်ယူရရှိသော သက်သေခံပစ္စည်း ၆ ဟု မှတ်သားထားသည့် ယမ်းတောင့်ခွံများနှင့် ကျည်ဆန်များကို အင်စပိတ်တော် ဦးဘိုးစိန်မှတစ်ဆင့် သက်သေ ဦးသန်းဖေ ဗိုလ်တထောင်ဌာနသို့ ယူသွား၍ ဂါတ်စာရေး သက်သေ မောင်အေးဖေထံ ပေးအပ်ခဲ့ကြောင်း သက်သေ ထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။မဟုတ်ပါဘူး။

**ဥက္ကဋ္ဌ။** ။သက်သေခံပစ္စည်း ၆(က)တွင် ပါဝင်သော ယမ်းတောင့်များ၊ သက်သေခံအမှတ် ၁၁ မှ ၁၅ အထိ သေနတ်မှ

www.burmeseclassic.com

www.burmeseclassic.com



အစမ်းပစ်ကြည့်သော ယမ်းတောင့်ခွံများနှင့် သက်သေခံစာတန်းအမှတ် ယူဗွီ၊ ဒဗလျူတွင်ပါရှိသော ဓာတ်ပုံများ၌ ဖော်ပြထားသည့်အတိုင်း နှိုင်းယှဉ်ကြည့်ရှုစစ်ဆေးရာ သက်သေ ဦးလှဘော်က သက်သေခံ အမှတ် ၆ နှင့် ၆(က)တွင်ပါရှိသော ယမ်းတောင့်ခွံများသည် သက်သေခံ ပစ္စည်း ၁၁၊ ၁၂ နှင့် ၁၄၊ ၁၅ ဖြစ်သော သေနတ်များမှ ပစ်သော ယမ်းတောင့်ခွံ ဖြစ်သည်ဟု ထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။မဟုတ်ပါဘူး။

**ဥက္ကဋ္ဌ။** ။၁၉၄၇ ခု ဇူလိုင်လ ၂၉ ရက်နေ့တွင် သင်နှင့်အတူ ဖမ်းထားသော ရန်ကြီးအောင်ဆိုသူ ပြသည့် ဦးစောအိမ်အနီးရှိ ဘုရားကျောင်းဆောင်အနီး ရေထဲမှ ယခု သက်သေခံ အမှတ် ၄ ခုံရုံးရှေ့တွင် ရှိသော ဦးထုပ်ငါးလုံးနှင့် အုတ်တစ်ချပ်ကို တွေ့ရှိသည်ဟု သက်သေ ထွက်ချက် ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။မဟုတ်ပါဘူး။

**ဥက္ကဋ္ဌ။** ။ဇူလိုင် ၃၀ ရက်နေ့တွင် သင်နှင့်အတူ အဖမ်းခံရသော မောင်စိန်ဆိုသူက လိုက်ပြ၍ ဦးစောအိမ် မီးဖိုခန်းအတွင်းရှိ မီးဖိုတစ်ခုမှ သက်သေခံပစ္စည်း အမှတ် ၂၄ ဖြစ်သော မီးလောင် ထားသည့် အဝတ်တစ်စနှင့် ၁၂ အမှတ် (တ) ပခုံးတပ်တံဆိပ် အပိုင်းအစ တစ်ခု တွေ့ရှိ၍ သိမ်းဆည်းထားကြောင်း သက်သေထွက်ချက် ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။မဟုတ်ပါဘူး။

**ဥက္ကဋ္ဌ။** ။ဩဂုတ်လ ၁၂ ရက်နေ့ သက်သေ စစ်ဗိုလ် ဗိုလ်ဆင်ကြီးမှူး၍ သက်သေ ဂျပ်ဆင်နှင့် ကတ်ချာဘီတို့သည် အဆိုပါ ဘုရားကျောင်းဆောင်မှ ၂၂လံဝေးကွာသော သက်သေခံအမှတ်(င) မြေပုံတွင် (  )ဟု မှတ်သားထားသောနေရာမှ သက်သေခံပစ္စည်း မော်တော်ကား နံပါတ်သံပြားကို ရေထဲမှရရှိကြောင်း၊ ၄င်းနံပါတ်ပြားတွင် အာရ်စီ-၁၈၁၄ တစ်ဖက်ရေးသားထားသည် တွေ့ရကြောင်း ထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌ။ ။၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့နံနက် လူသတ်သမားများ အသုံးပြုသော ဂျစ်ကားသည် အာရ်စီ-၁၈၁၄ ဆိုသော နံပါတ်ကို လိမ်၍တပ်ထားကြောင်း၊ ထိုနံပါတ် အမှန်ရှိသော ဂျစ်ကားမှာ သက်သေ ဦးဘအေးက ပိုင်ကြောင်း၊ အချင်းဖြစ်သောနေ့တွင် ဦးဘအေး၏ ဂျစ်ကားသည် စက်ပျက်နေသဖြင့် မောင်းနှင်၍ မရကြောင်း သက်သေ ထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

မောင်စိုး။ ။ဦးစောအိမ်မှ ဂျစ်ကားမှာ နံပါတ် မတပ်ပါ။ ဦးဘအေး၏ ဂျစ်ကား ထိုနေ့က စက် ပျက်မပျက် မသိပါ။

ဥက္ကဋ္ဌ။ ။သက်သေခံ အမှတ်(၁)ဖြစ်သော ကားနံပါတ်ပြားအပြင် သက်သေခံအမှတ်၁(က)၊ ၁(ခ)၊ ၁(ဂ)၊ ၁(ဃ)ဖြစ်သော သံပြားများကိုလည်း ဦးစောအိမ်အနီး ရေထဲမှ သော်လည်းကောင်း၊ အိမ်ထဲမှ သော်လည်းကောင်း တွေ့ရှိ သိမ်းဆည်းထားကြောင်း၊ ၄င်း နံပါတ်ပြားများအနက် သက်သေခံပစ္စည်း ၁(က)၊ ၁(ခ)၊ ၁(ဂ)တို့သည် ဦးစောအိမ် အတွင်း အခန်းတစ်ခန်းထဲမှရရှိသော သက်သေခံပစ္စည်း အမှတ်(၂) သံခုတင်မှ ဖြုတ်ထားသော သံပြားများဖြစ်ကြောင်း သက်သေထွက်ချက် ရှိတယ်။ ဘာပြောလိုသလဲ။

မောင်စိုး။ ။မဟုတ်ပါဘူး။

ဥက္ကဋ္ဌ။ ။ထိုသံပြားများအနက် သက်သေခံ(၁)နှင့် ၁(ဃ)ကို သက်သေ မောင်စိန်အေးက တရားခံ ဦးစော စေခိုင်းချက်အရ အပေါက် ဖောက်ပေးရကြောင်း၊ အခြားသက်သေပစ္စည်းများတွင်ရှိသော အပေါက်များကို ချဲ့ပေးရကြောင်း ထွက်ဆိုထားတယ်။ ဘာပြောလိုသလဲ။

မောင်စိုး။ ။မဟုတ်ပါဘူး။

ဥက္ကဋ္ဌ။ ။သက်သေဘညွှန့်က ၁၉၄၇ ခု ဇူလိုင်လ ၁၈ ရက်နေ့ ည ၉ နာရီအချိန်လောက်တွင် သင်နှင့် ဦးစောအိမ်၌ သင်နှင့် တွဲဖက်တရားခံများဖြစ်သော ဦးစော၊ သက်နှင်း၊ သုခ၊ မောင်စိန်တို့သည် နောက်တစ်နေ့တွင် အတွင်းဝန်ရုံးကြီး၌ ဦးအောင်ဆန်း အစရှိသော အစိုးရ ဝန်ကြီးများကို လုပ်ကြံရန် သဘောတူကြောင်း ထွက်ဆိုချက် ရှိတယ်။ ဘာပြောလိုသလဲ။

www.burmeseclassic.com

www.burmeseclassic.com



**မောင်စိုး။** ။မဟုတ်ပါဘူး။

**ဥက္ကဋ္ဌ။** ။တွဲဖက် တရားခံများဖြစ်သော ရန်ကြီးအောင်၊ သုခ၊ မောင်စိန်၊ ခင်မောင်ရင်တို့က ၎င်းတို့၏ ဖြောင့်ချက်များတွင် ဇူလိုင် ၁၉ ရက်နေ့နံနက်က ဦးအောင်ဆန်းနှင့် အဖွဲ့ဝင် ဝန်ကြီးများကို သေနတ်နှင့်ပစ်ခတ်ရာ၌ ပါဝင်ကြောင်း ထွက်ဆိုထားတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။မဟုတ်ပါဘူး။ မတရား ပြောတာပါ။

**ဥက္ကဋ္ဌ။** ။သက်သေ ဦးထင်ပေါ်က ဇူလိုင် ၁၉ ရက်နေ့တွင် ၎င်းတွေ့ရှိလိုက်သော လူသတ်သမားများအနက် အသင်သည် တစ်ယောက်ဖြစ်ကြောင်း ထွက်ဆိုချက် ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။မဟုတ်ပါဘူး။ မတရား ပြောတာပါ။

**ဥက္ကဋ္ဌ။** ။၁၉၄၇ ခု ဩဂုတ်လ ၈ ရက်နေ့ မြို့မအချုပ်ခန်း၌ လူစီတန်းပြရာတွင် သက်သေ ဦးထင်ပေါ်က မိမိ တွေ့ရှိရသော လူသတ်သမားသည် အသင် ဖြစ်သည်ဆို၍ သင့်အား ဆွဲပြကြောင်း သက်သေထွက်ချက် ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။ဆွဲပြတာ မှန်ပါတယ်။ မှတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေလည်း မရိတ်ရသေးဘူး။ ပုလိပ်တွေက မတရား ညွှန်ပြလို့ ဆွဲပြတာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက်နေ့တွင် ဦးစော၏အိမ် ဆင်ဝင်အောက်မှ သိမ်းဆည်းသွားသည့် အာရ်ဘီ-၉၈၃၁ နံပါတ်ရေးသားထားသော ဂျစ်ကားတွင် အမိုးမရှိကြောင်း သက်သေထွက်ချက် ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။ဦးစောအိမ်က ဂျစ်ကား အမိုးရှိကြောင်း သိပါတယ်။ ဦးဘအေး ဂျစ်ကားအမိုး ရှိမရှိ မသိပါ။

**ဥက္ကဋ္ဌ။** ။ဇူလိုင် ၁၉ ရက်နေ့ နံနက် ၁၀ နာရီ ၅ မိနစ်တွင် ဦးစော၏ဝင်းထဲမှ ထွက်သွား၍ ၁၁ နာရီတွင် ပြန်ဝင်လာသော ဂျစ်ကား၌ လေကာမှန်ပေါင်ဘေး၌ ရွှံ့စိုရွှံ့ဖြူစများရှိကြောင်း သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

www.burmeseclassic.com

www.burmeseclassic.com



**မောင်စိုး။** ။မဟုတ်ပါဘူး၊ ဘယ်အခါမှ တပ်မထားပါဘူး။

**ဥက္ကဋ္ဌ။** ။ထိုနေ့က ဂျစ်ကားသည် ဦးစောအိမ်ဝင်းထဲသို့ ပြန်ရောက်ပြီးနောက် တရားခံ ခင်မောင်ရင် နံပါတ်အသစ်များ ရေးထားသေးသည်ဟု သက်သေထွက်ချက် ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။ဒါတွေ ကျွန်တော်ဘာမှ မသိပါဘူး။

**ဥက္ကဋ္ဌ။** ။လွန်ခဲ့တဲ့ ဇွန်လအတွင်းမှာ သက်သေဘညွန့် ဦးစောအိမ်သို့ သွားရောက် တည်းခိုသည့်အချိန်၌ အသင် ရှိကြောင်း သက်သေထွက်ချက် ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။တွေ့တော့တွေ့တယ်၊ ဘယ်လဆိုတာတော့ မသိပါ။

**ဥက္ကဋ္ဌ။** ။ဦးစောအိမ်ရှိ သံဖြူရုံကလေးတွင် ဘညွန့်နှင့် ထွန်းရင်၊ သက်နှင်း၊ သုခ၊ မောင်စိန်တို့နှင့် အတူတကွနေကြတာ သက်သေထွက်ချက် ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။မှန်ပါတယ်။

**ဥက္ကဋ္ဌ။** ။အသင်၏ အပေါ်၌ ထွက်ဆိုသော သက်သေများနှင့် အသင့်ကို ငြိတွယ်သော ဖြောင့်ချက်များပေးသည့် တွဲဖက် တရားခံများနှင့် ပတ်သက်၍ ပြောစရာ ရှိသလား။

**မောင်စိုး။** ။နည်းနည်း ရှိပါတယ်။ သက်သေ ဘညွန့်သည် ကျွန်တော်နှင့်အတူ မြို့မ အချုပ်ခန်းတွင် ရှိကတည်းက ကျုပ်တို့ ဖြောင့်ချက်ပေးပြီ။ ခင်ဗျားတို့လည်း ပေးပါ။ ဦးစောအပေါ်မှာ ပုံချပြီး ဖြောင့်ချက်ပေးရင် အားလုံး လွတ်မယ်လို့ ပြောတယ်။ သည်တုန်းကတည်းက ကျွန်တော် ထွက်မည်လို့ ပြောတယ်။ အဲသည်အချိန်က ကျွန်တော် ငြင်းခဲ့ပါတယ်။ ဘညွန့်က ပုလိပ်တွေဟာ အမှုဆင်တယ်လို့ ပြောပါတယ်။

**ဥက္ကဋ္ဌ။** ။ခင်ဗျား သက်သေအကြောင်း ဘာပြောချင်သလဲ။

**မောင်စိုး။** ။ပုလိပ်ဆင်တာပဲ။ ပုလိပ်များဟာ ကျွန်တော့်ကိုလည်း သည်အတိုင်း ပြောပါတယ်။ ကိုစိုးကြီး ခင်ဗျားလည်း အသက်ကြီးပြီ။ သည်ကိစ္စမှာ ကျွန်တော်တို့ဟာ မော်တော်ကားနှင့်တူပြီး ဦးစောဟာ ကားမောင်းသူနဲ့ တူတယ်။ ကားတိုက်မိရင် ကားမောင်းသူဟာ အပြစ်

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်လို့ ကျွန်တော့်ကိုပြောပြီး တိုက်တွန်းပါတယ်။ ကျွန်တော် နားမထောင်လို့ ခွဲထားပါတယ်။ ဒါတင် မကသေးဘူး။ ဖြောင့်ချက်ပေးတဲ့ တရားခံများက ရိုက်နှက်ကြောင်း ပြောပြပါတယ်။ အခြား သက်သေ ထွက်ချက်တွေလည်း ပုလိပ်များ အမှုဆင်လို့ မတရားထွက်တာ ဖြစ်တယ်။ ပုလိပ်များက ကျွန်တော့်ကိုလည်း ရိုက်နှိက်ပါတယ်။ အခြား တွဲဖက် တရားခံများက ကျုပ်တို့ကို ပုလိပ်ရိုက်လို့ မခံနိုင်တာနဲ့ ဖြောင့်ချက်ပေးလိုက်ပြီ။ ရုံးကျမှ မှန်ရာထွက်မယ်လို့ ပြောတယ်။

**ဥက္ကဋ္ဌ။** ။ဦးစောအိမ်မှာ သိမ်းဆည်းထားသည့် ဖို့ဆင်ထရပ်ကား၌ တပ်ထားသော အာရ်အေ-၃၂၁၃ မှာ နံပါတ်အမှန် မဟုတ်ကြောင်း၊ ထိုနံပါတ် အမှန်မှာ ဒေါ်မာဂျန်ပိုင်ကားဖြစ်ကြောင်း သက်သေထွက်ချက် ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိုး။** ။ဦးစောအိမ်မှ ဖို့ဆင်ထရပ်ကားမှာ အဆိုပါနံပါတ် တစ်ခါမှ တပ်ထားတာ မတွေ့ပါ။ ဒေါ်မာဂျန်ကား ဖြစ်ကြောင်း ကျွန်တော် မသိပါ။

**ဥက္ကဋ္ဌ။** ။မောင်စိုး အထူး လျှောက်ထားစရာ ရှိပါသလား။

**မောင်စိုး။** ။ကျွန်တော့်ကို အင်းစိန်ထောင်ထဲမှ ဘားလမ်းအချုပ်ထောင်သို့ ခေါ်သွားပြီးနောက် ရှစ်ရက်လောက်ကြာသောအခါ ကျောက်တံတားဌာနသို့ ထုတ်၍ ပုလိပ်အရာရှိများက စစ်ဆေးပါသည်။ ယခု တရားခံတွေထဲမှာ ကျွန်တော်ဟာ နောက်ဆုံးပိတ် အစစ်ခံရသူ ဖြစ်ပါတယ်။ ကျွန်တော့်ကို စစ်ဆေးတော့ အမှုနှင့်ပတ်သက်ပြီး မင်း ဘာသိသလဲဟုမေးသည်ကို ကျွန်တော်က ဘာမှမသိပါ။ ထိုအခါ ရန်ကြီးအောင်ကို ကျွန်တော့်ထံ ခေါ်လာလို့ ၄င်းတွင် ဒဏ်ရာများ တွေ့ရပါသည်။ နောက် ခင်မောင်ရင်နှင့် ဘညွန့်တို့ရှိသော အခန်းသို့ ကျွန်တော့်အား ခေါ်သွားပါသည်။ သူတို့၌လည်း ဒဏ်ရာများ ရှိကြပါသည်။ နောက် ကိုသက်နှင်းနှင့် ကိုသုခတို့ရှိရာသို့ ခေါ်သွားပါသည်။ သူတို့မှာလည်း ရပ်ပျက်ဆင်းပျက် ဖြစ်နေပါသည်။ နောက် မောင်နီဆီ ခေါ်သွားပါသည်။ မောင်နီ မျက်နှာမှာလည်း ဒဏ်ရာတွေနှင့် တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တွေ့ရသော အခြားတရားခံ အသီးသီးတို့ကလည်း ကျွန်တော့်အား ပြောပြကြသည်မှာ ကျွန်တော်တော့ဖြင့် အရိုက်အနှက် ခံရ၍ သူတို့ပြောခိုင်းသည့်အတိုင်း ပြောခဲ့ရပါပြီ။ ဦးလေးလည်း အနှာ မခံနိုင်တော့ သူတို့ပြောသလိုပဲ ပြောပါတော့ဟု ပြောကြပါသည်။ ကျွန်တော်က ငါလည်း ဘာမှမသိဘူး။ ဘာမှလည်း မပြောတတ်ဘူးဟု ပြောရာ ဘုန်းကြီးလမ်း ဂါတ်တဲမှာ ကျွန်တော့်အား ဦးကိုကိုကြီးက ရိုက်နှက်ပါသည်။ ဦးကိုကိုကြီး က လက်မောင်းလောက်ရှိသော ဝါးရင်းတုတ်နှင့် ဖက်ဆစ်ဆန်ဆန် ကျွန်တော့် အား လုံချည်၊ အင်္ကျီချွတ်၍ လက်များကို နောက်မှာ လက်ထိပ်ခတ်ထားပြီး ကြမ်းပေါ်မှာလှိမ့်ပြီး ရိုက်နှက်ပါသည်။ ထိုအခါ ကိုနွှတ်က အနားတွင် လက်နှိပ်စက်နှင့် ရှိပါသည်။

ကျွန်တော့်ကို တစ်နာရီနီးနီး ရိုက်ပါသည်။ သည်တော့ ရိုက်နေ တုန်း ကျွန်တော် သတိလစ်သွားပါသည်။ ကျွန်တော့်ခေါင်းမှာ ပေါက်ပြဲ သွေးကျတော့ ရိုက်နှက်ခြင်း ရပ်စဲသွားပါသည်။ ခုတောင် အမာရွတ် ရှိပါသေးသည်။ ဒါနဲ့ အနှာမခံနိုင်တော့သဖြင့် ခင်ဗျားတို့ ပြောစေချင် သလိုသာ ရေးကြပါ။ ကျွန်တော် သဘောတူပါသည်ဟု ပြောလိုက်ရ၏။

ဒါနဲ့ ကျောက်တံတားဂါတ်ကို ကျွန်တော့်အား ပြန်ခေါ်သွား ပါသည်။ ည ၈ နာရီလောက် ရောက်ပါသည်။ ကျွန်တော့်အား ညစာ မကျွေးဘဲ ပလိန်းကိတ်တစ်ချပ်နဲ့ လက်ဖက်ရည် တစ်ခွက်ကိုသာ ကျွေးပါ သည်။

၄င်းနောက် ကျွန်တော့်အား ပြောစမ်းပါဟု စေခိုင်း၍ ကျွန် တော်က မပြောတတ်ပါဘူးဟု ဆိုသောအခါ ခင်မောင်ရင်၊ ဘညွှန့်တို့၏ ထွက်ချက် များကို ဖတ်ပြပါသည်။

သည်အခါ ကျွန်တော့်မှာ မူးဝေနေသဖြင့် ကြားတစ်ချက် မကြား တစ်ချက် ဖြစ်နေပါသည်။ ကျွန်တော့်အား သူတို့က ကွမ်းရွက်များခြေ၍ ရှူစေလျက် ပန်ကာဖွင့်၍ ပေးကြပါသည်။ အဲသည်အတိုင်း စစ်ဆေးကြရာ ည ၁၂ နာရီထိုးမှ ပြီးပါသည်။

ကျွန်တော်က ဘားလမ်းအချုပ်ခန်း ပြန်ပို့ပါဟုပြောရာ အချိန် မရှိဘူးဆို၍ အခန်းကလေးတစ်ခုထဲမှာ ရေစိုနေသော သံမံတလင်းပေါ် တစ်ညလုံး ထားပါသည်။ ကျင်ကြီးကျင်ငယ်ကိုတောင် ထပြီး မစွန့်နိုင် ပါဘူး။ ကိုသက်နှင်းနှင့် ကိုသုခတို့က ကျွန်တော့်အား သုံး-လေးရက် လောက် တွဲပြီးပို့ကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ဘားလမ်း အချုပ်ခန်းသို့ ပြန်ပို့ပါသည်။ ညနေ ရေချိုးထွက်လာသောအခါ ပုဒ်မ၅နှင့် အချုပ်ခံနေရသော လူကြီးလူကောင်းများအား ပုလိပ်ရိုက်သည့်အကြောင်း ဒဏ်ရာပြပြီး တိုင်ပါသည်။ စာနှင့်လည်းရေး၍ တိုင်ပါသည်။ စာနှင့် ရေးတိုင်သူများမှာ မောင်နီ၊ ခင်မောင်ရင်၊ ကိုသက်နှင်း၊ မောင်မှုန်တို့ ဖြစ်ပါသည်။

၎င်းစာထဲတွင် ရိုက်နှက်သည့်အကြောင်း၊ ရိုက်နှက်လို့ မဟုတ်မမှန် ထွက်ဆိုရကြောင်း ပါရှိပါသည်။

သည်နေ့မှာပဲ မင်း ရေးထားတဲ့အတိုင်း ထွက်ဆိုပါ။ မင်းကို လွှတ်တော့မယ်။ ရုံးမှာလိုက်၍ တရားသူကြီးရှေ့မှာ ဖြောင့်ချက်ပေးပါဟု ကျွန်တော့်အား ပြောပါသည်။ ခင်ဗျားတို့ ပေးထားတဲ့ စာရွက် လေး-ငါးရွက်ကို ကျွန်တော် မမှတ်မိနိုင်။ ခင်ဗျားတို့က ဘေးကဖတ်ပြပါ။ ကျွန်တော် ဟုတ်ပါသည်ဟု ပြောပါမည်ဟု ပြောပါသည်။

သည်လိုတော့ မဖြစ်နိုင်ဘူး။ ဖြောင့်ချက်ပေးတဲ့ နေရာမှာ ပုလိပ် မလိုက်ရဘူး။ ရေးထားတဲ့ စာရွက်နှစ်ရွက်ကို နှစ်ရက်၊ သုံးရက် ပေးထားမယ်။ ဖတ်ပြီး မှတ်ထားပါဟု ဦးကိုကိုကြီးက ပြောပါသည်။ တို့က မင်းတို့တစ်တွေကို လုပ်ချင်သည်မဟုတ်၊ ဦးစောကိုသာ လုပ်ချင်သည်ဟု ပြောပါသည်။

နို့ပေမယ့် မစစ်ခင်ပင် သည်ကောင်ကြီး (ဦးစော) သေမှာပဲ။ ယခုလည်း လုံချည်ထဲမှာ ချေးတွေပါနေပြီဟု ပြောသေးသည်။ နောက်စာရွက်ပေးထားပြီး နောက်နှစ်ရက်လောက်ကြာတော့ ကျွန်တော့်ထံသို့ ဦးကိုကိုကြီး လာကြည့်ပါသည်။ ကျွန်တော်က ဒါတွေကို အကုန်မမှတ်မိနိုင်ဘူး။ မှတ်မိသလောက် ပြောပါမည်ဟု ကျွန်တော်ကပြောတော့ ကျွန်တော့်ကို ခေါ်မသွားပါဘူး။

သည်တော့ ဦးကိုကိုကြီးက ဘားလမ်းအချုပ်ခန်းမှူး ဦးမောင်မောင်အား သည်ကောင်တွေကို ဘီလပ်အစာ မကျွေးနဲ့တော့ဟု ပြောသဖြင့် ကျွန်တော်တို့လည်း ထိုနေ့ကစ၍ အခြား အကျဉ်းသားများနှင့်အတူ စားရပါသည်။ ပြောစရာ မရှိတော့ပါ။

❖

www.burmeseclassic.com

www.burmeseclassic.com



# ဦးစောက စာနှင့်ရေး၍ ဖြေဆိုမည်

## အမှုသည်ဦးစော ကျမ်းကိုင်ပါရစေ့မယ်ဟု ဗာတားနစ်က လျှောက်လဲကြောင်း

ခုံသမာဓိ တရားသူကြီးက တရားလိုပြ သက်သေများ စစ်ဆေးပြီးပြီဖြစ်သည့်အတွက် အဲသည်စွပ်စွဲချက်တွေကို ဦးစောဘယ်လို ဖြေချင်သလဲမေးရာ–

ဦးစော။ ။စာနဲ့ရေးပြီး ဖြေပါရစေ။

ဥက္ကဋ္ဌ။ ။ရေးပြီးသား ရှိသလား။

ဦးစော။ ။အသင့်မရှိပါ။ ကျွန်တော့်ရှေ့နေက သက်သေ ၅၀ ကျော် ထွက်ဆိုသွားတာကို ကြည့်ပြီး ဖြေဆိုချင်ပါတယ်။ အရေးကြီးတဲ့ ကိစ္စဖြစ်လို့ ရက်ချိန်းပေးစေချင်ပါတယ်။

ဥက္ကဋ္ဌ။ ။သက်သေတွေ နေ့တိုင်း ထွက်ဆိုနေတာပဲ။ ခုအချိန်ဟာ အရေးကြီးလို့ အချိန်ကုန် မခံနိုင်ဘူး။

ဦးစံဝင်း။ ။မစ္စတာ ဗာတားနစ် ခါးနာနေလို့ပါ။

ဥက္ကဋ္ဌ။ ။ခါးနာရင် ရုံးကို ဖြစ်စေ၊ ခင်ဗျားကိုဖြစ်စေ အကြောင်းကြားဖို့ ကောင်းတယ်။ ခုတော့ ဘာမှမသိရဘူး။

ဦးစော။ ။မနေ့က ဗာတားနစ် နေမကောင်းကြောင်း ပြောသွားပါတယ်။

ဦးစံဝင်း။ ။သူ့မော်တော်ကားပျက်လို့ ကျွန်တော့် မော်တော်ကား စောင့်နေတယ်။ ကျွန်တော့် မော်တော်ကားလည်း မကောင်းဘူး။

(ဥက္ကဋ္ဌ မစ္စတာ ဗာတားနစ်အား ခေါ်ရန် ဦးသိန်းကျော်အား ၄င်း၏ကားနှင့် လွှတ်လိုက်သည်။)

ဥက္ကဋ္ဌ။ ။ရက်တွေ ရွှေ့ဆိုင်းဖို့ မကောင်းတော့ဘူး။

ဦးစော။ ။တနင်္လာနေ့ ရွှေ့ဆိုင်းရင် ကြားနှစ်ရက် ရှိပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌ။ ။ဦးစံဝင်း၊ ခင်ဗျားတို့ သက်သေစာရင်း တင်နိုင်မလား။

ဦးစံဝင်း။ ။သက်သေစာရင်း စာရွက်နှစ်ရွက် ဦးသိန်းကျော် ယူသွားလို့ပါ။

ဥက္ကဋ္ဌ။ ။ခင်ဗျားတို့ဟာက ဘယ်လိုလဲဗျာ။ ဘီလပ်က ဝတ်လုံအလာကို စောင့်နေသလို ဖြစ်နေတယ်။

ဦးစော။ ။သည်အတိုင်းဆိုရင် ဘီလပ်ဝတ်လုံလာလည်း မထူးပါဘူး၊ သူ့ကို စောင့်နေတာ မဟုတ်ပါ။

ဥက္ကဋ္ဌ။ ။ကဲ…သည်စွဲချက်တွေကို ဦးစော ငြင်းဆိုမလား။

ဦးစော။ ။ဟုတ်ကဲ့။

ဥက္ကဋ္ဌ။ ။ပြစ်ဆင်ချက် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂ အရ ကျမ်းကျိန်မလား။

ဦးစော။ ။သည် ဥပဒေအတွက်ကို ကျွန်တော်တို့ မတိုင်ပင်ရသေးလို့ ဥပဒေကိုလည်း မနေ့ကမှ သိရပါတယ်။

ထို့နောက် တရားသူကြီးက ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂ ကို ပြန်လည် ဖတ်ပြသည်မှာ…

"တရားခံ တစ်ဦးတစ်ယောက်သည် ယင်းကိုယ်တိုင်အတွက် သက်သေခံအဖြစ် အစစ်ခံနိုင်သည်။ ကျမ်းကျိန်နိုင်သည်။ သူ၏ ထွက်ချက်သည် သူ့အပေါ်မှာသော် လည်းကောင်း၊ အခြား တရားခံအတွက်သော်လည်းကောင်း ရုံးတော်က အသုံးပြုနိုင်သည်။ ရုံးတော်က သက်သေခံရန် အတင်းအကျပ် အမိန့်မပေးနိုင်။ တရားခံ အစစ်ခံနိုင်ခွင့်ရှိသော်လည်း အစစ်မခံလိုလျှင် တရားလိုက မစဉ်းစားနိုင်။ ရုံးတော်ကသာ စဉ်းစားနိုင်သည်။ သက်သေခံသည် တရားခံကို လက်ရှိ အမှုနှင့် မသက်ဆိုင်သည့် လွန်ခဲ့သော အဖြစ်အပျက် အနာအဆာများကို မမေးနိုင်။ တရားခံဖြစ်စေ၊ ကျမ်းကိုင် ထွက်ဆိုသော တရားခံသက်သေအား မေးမြန်းနိုင်ခွင့်ရှိကြောင်း။

ဥက္ကဋ္ဌ။ ။သည်အကြောင်းကို မနေ့ကတည်းက ပေးထားလျက်နဲ့ မပြီးပြတ်သေးဘူး။ ဒါဖြင့် သက်သေတော်းရလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစော။** ။ဒါကြောင့် တနင်္လာနေ့ကို ရွှေ့ဆိုင်းရန် တောင်းဆိုတာပါ။

**ဥက္ကဋ္ဌ။** ။ဦးစောပြောတာ၊ လိုချင်တာတွေကို မှတ်တမ်းတင်ထားပါတယ်။

ထို့နောက် ဥက္ကဋ္ဌက ၂- တရားခံမောင်စိုး၊ ၃-တရားခံသက်နှင်း၊ ၄-တရားခံရန်ကြီးအောင်၊ ၅- တရားခံမှုန့်ကြီးတို့အား စွပ်စွဲချက်ကို ငြင်းမငြင်း၊ ကျမ်းကိုင်မကိုင် ပြောကြားသည်။

**မောင်စိန်။** ။မငြင်းပါဘူး၊ ဦးစောခိုင်းလို့ လုပ်ရပါတယ်။ ကျမ်းမကိုင်ဘဲ အစစ်ခံချင်ပါတယ်။ ကျန်တရားခံများကလည်း ကျမ်းမကိုင်ဘဲ အစစ်ခံကြပါမည်ဟု ထွက်ဆိုကြသည်။

(ထိုအတောအတွင်း ဦးသိန်းကျော်နှင့် ဗာတားနစ်တို့ ရောက်လာကြသည်။)

**ဗာတားနစ်။** ။ဘိလပ်ဝတ်လုံ မစ္စတာကာတစ်ဘင်နက်မှာ စနေနေ့ နေ့လယ် ၁၂ နာရီတွင် ရောက်ပါမည်။

**ဥက္ကဋ္ဌ။** ။ခင်ဗျားတို့ ရက် ၂၀ လောက် အချိန်အတောအတွင်းမှာ ဘာလုပ်နေကြသလဲ။

**ဗာတားနစ်။** ။ကျွန်တော် ဂျစ်ကားနဲ့ ချလန်တွေကိုလည်း သုံးသပ်ချင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ခင်ဗျား အမှုသည်က ကျမ်းကိုင်မကိုင် သေသေချာချာ မပြောသေးဘူး။

**ဗာတားနစ်။** ။ကျွန်တော့်ရဲ့ အမှုသည် ကျမ်းကိုင်စေပါ့မယ်။

**ဥက္ကဋ္ဌ။** ။ဦးစော ဘယ်လိုလဲ။ ကျမ်းကိုင်ဖို့ သေချာပလား။

**ဦးစော။** ။ကျမ်းကိုင်ပါ့မယ်။

**ဗာတားနစ်။** ။၄၈ နာရီ ရွှေ့ဆိုင်းပေးပါ။

**ဥက္ကဋ္ဌ။** ။ရှေ့နေချုပ်ကြီး ဘယ်လို သဘောထားသလဲ။

**ရှေ့နေချုပ်ကြီး။** ။ဥပဒေပုဒ်မ ကျင့်ထုံး ၂၅၆ အရ အမှုသည်များအား အခွင့်အရေးပေးခဲ့သည်မှာ လုံလောက်ပါပြီ။ စသည်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဉပဒေကိုးကား၍ တရားခံရှေ့နေတောင်းဆိုသော ရက်ချိန်းကို ကန့်ကွက်ကြောင်း လျှောက်ထား၏။ ဥက္ကဋ္ဌက ရက်ချိန်းတောင်းဆိုသော ပြဿနာကို မေးမြန်းခြင်း မပြုတော့ဘဲ ထိုနေ့ နေ့လယ် ၁၂ နာရီတွင် အမှုစစ်ဆေးခြင်းကို ရပ်ဆိုင်းလိုက်သည်။ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက် ၁၀ နာရီတွင် ကျမ်းမကိုင်ဘဲ ထွက်ဆိုကြမည့် တရာခံများအား စစ်ဆေးရန် ရုံးတော်သို့ ချိန်းဆိုလိုက်၏။

❖

## ထုတ်ဖော်ဝန်ခံပြီ

### ဦးအောင်ဆန်းတို့ ပစ်စော်ရာတွင် စတင်မီကန်းသုံးလက်၊ စတင်းဂန်းတစ်လက်ကို အသုံးပြုကြပါတယ်ဟု ထွက်ဆို၏

ဒီဇင်ဘာလ ၅ ရက်နေ့ နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများအား လုပ်ကြံမှုကြီးကို ဆက်လက်စစ်ဆေးရာ ဥက္ကဋ္ဌ တရားသူကြီးကမေး၍ တရားခံမောင်စိန်က ထွက်ဆိုသည်မှာ...

**မောင်စိန်။** ။ကြို့ပင်ကောက်မြို့တွင် နေထိုင်၍ အဘ ဦးမောင်ကြီး၏ သားဖြစ်ပြီး အသက် ၂၀နှစ်ဟု ဖြေ၏။

**ဦးစိဘူး။** ။၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့ဖြစ်စေ၊ မတိုင်မီ ဖြစ်စေ၊ တွဲဖက် တရားခံများနှင့် လက်ရှိ အစိုးရ ပျက်စီးစေလိုတဲ့ သဘောနဲ့ ဝန်ကြီးများအား လုပ်ကြံသတ်ဖြတ်တယ်ဆိုတာ မှန်သလား။

**မောင်စိန်။** ။ကျွန်တော် ရှင်းပါရစေ။ ကြံစည်တယ်ဆိုတာ မဟုတ်ပါ။ သက်သေဘညွန့်နဲ့ ၁၆ ရက်နေ့က အိုးသည်ကုန်းသွားပြီး ၁၈ ရက်နေ့ ဦးစောအိမ် ပြန်ရောက်ပါတယ်။ ၄င်းည ၈ နာရီခွဲအချိန်လောက်တွင် ကျွန်တော့်ကိုခေါ်ပြီး ဦးစောထံ သွားရာ ဦးစောက အမိန့်ပေးပါတယ်။ ဦးစောက နက်ဖြန် ၁၉ ရက်နေ့မှာ ဝန်ကြီး အစည်းအဝေးရှိတယ်။ မင်းတို့သွားပြီး လုပ်ကြံရမယ်။ အားလုံး စီစဉ်ပြီးပြီလို့ ပြောပါတယ်။ ထိုအခါ ဦးစောနှင့် ကျွန်တော် အပြင် တရားခံ ကိုစိုး၊ သက်နှင်း၊ ကိုသွယ်၊ သက်သေ ကိုဘညွန့်တို့ ရှိပါတယ်။ ဦးစော အမိန့်ပေးသည်မှာ ဗိုလ်ချုပ်ကို ကိုစိုးနှင့် -

www.burmeseclassic.com

www.burmeseclassic.com



ရန်ကြီးအောင်က သေနတ်နှင့်ပစ်ရန်၊ ငှင်းပြင် ကျွန်တော်နှင့် ကိုသက်နှင်းက အခြား ဝန်ကြီးများကို သေနတ်နှင့် ပစ်ရန်ဟု တာဝန် ခွဲခြားပေးပါတယ်။ ကိုဘညွန့်က သခင်နုကို ပစ်ရမယ်။ သူ့အတွက် မင်းတို့ ဂျစ်ကားပေါ်မှာ သေနတ်အပိုတစ်လက် ယူသွားရမယ်လို့ အမိန့်ပေးပါတယ်။ သည်အမိန့်ကို ဘာမှပြန်မပြောဘဲ ကျွန်တော် လက်ခံ ခဲ့ပါတယ်။

**ဦးစိဘူး။** ။ထိုကဲ့သို့ အကြံအစည်များ ဆောင်ရွက်ရန် တွဲဖက်တရားခံများဖြစ်သူ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်နှင့်အတူ ၁၉ ရက် နံနက် ၁၀ နာရီခွဲအချိန်မှာ ဝန်ကြီးများ အစည်းအဝေးခန်းထဲသို့ အတင်းဝင်ပြီး သေနတ်ကိုယ်စီ ဆွဲကိုင်ပြီး ပစ်တယ်ဆိုတာ မှန်ပါ သလား။

**မောင်စိန်။** ။မှန်ပါတယ်။

**ဦးစိဘူး။** ။ထိုကဲ့သို့ ပစ်ခတ်၍ ရရှိသော ဒဏ်ရာများ ကြီးကျယ်သောကြောင့် ဗိုလ်ချုပ်၊ သခင်မြ၊ ဦးဘချို၊ ဦးဘဝင်း၊ မစ္စတာ ရာဇတ်၊ မန်းဘခိုင်၊ စော်ဘွားကြီး စောစံထွန်း၊ အတွင်းဝန် ဦးအုန်း မောင်နှင့် သက်တော်စောင့် မောင်ထွေးတို့ သေဆုံးသွားကြောင်း ထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။ပြောစရာ မရှိပါ။

**ဦးစိဘူး။** ။အသင်တို့သည် ထိုကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်း အခန်းထဲ၌ ပစ်ခတ်ပြီးမှ ထွက်လာကြရာ မောင်ထွေးကို အခန်းဝ၌ တွေ့ရှိသဖြင့် သင်တို့အထဲမှ ရန်ကြီးအောင်ဆိုသူက သေနတ်နှင့် ပစ်ခတ်သဖြင့် မောင်ထွေး သေဆုံးရသည်ဟု သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။ပြောစရာ မလိုပါ။

**ဦးစိဘူး။** ။ထိုကဲ့သို့ မောင်ထွေးကို ပစ်ပြီးနောက် တရားခံ မောင်စိုး၊ သက်နှင်းနှင့် ရန်ကြီးအောင်တို့သည် အတွင်းဝန်ရုံးကြီး အနောက်ဘက်တန်း ဘူးဝရှိ လှေကားမှ ဆင်းကြပြီးလျှင် စက်နှိုးလျက် သွားရန် အသင့် စောင့်နေသော ဂျစ်ကားတစ်စီးပေါ်သို့ တက်စီး၍ မောင်နှင် ပြီးလျှင် စပါတ်လမ်းဘက်အပေါက်မှ ထွက်သွားကြောင်း သက်သေ ထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

www.burmeseclassic.com

www.burmeseclassic.com



**မောင်စိန်။** ။မှန်ပါတယ်။

**ဦးစိဘူး။** ။၎င်းဂျစ်ကားကို သင်နှင့် တွဲဖက်တရားခံ သုခ မောင်းတယ်ဆိုတာ မှန်သလား။

**မောင်စိန်။** ။မှန်ပါတယ်။

**ဦးစိဘူး။** ။အဆိုပါ စပါတ်လမ်းဘက် အပေါက်ဝသို့ ရောက်သောအခါ တွဲဖက်တရားခံ မောင်နီကိုတွေ့၍ မောင်နီက အတူလိုက်ရန် ဂျစ်ကားကို တားသော်လည်း အသင်တို့ ဂျစ်ကားမရပ်ဘဲ အတင်း မောင်းသွားသည်ဆိုတာ မှန်သလား။

**မောင်စိန်။** ။မှန်ပါတယ်။

**ဦးစိဘူး။** ။ထိုကဲ့သို့ အတင်း မောင်းသွားပြီး ဒါလ်ဟိုဇီလမ်းနှင့် စပါတ်လမ်းထောင့်ကိုရောက်သောအခါ သက်သေမောင်စိန်မောင်က သင်တို့စီးလာသော ဂျစ်ကား အတွင်းဝန်ရုံးမှ ထွက်လာသည်ကို မြင်ရ ကြောင်း၊ ၎င်းအပြင် ဒါလ်ဟိုဇီလမ်း အရှေ့ဘက်သို့ မောင်းနှင်သွား သည်ကိုလည်း မြင်ရကြောင်း၊ မသင်္ကာသဖြင့် ၎င်း၏ ကားနံပါတ်ကို မိမိ ကိုင်လာသော ငွေသွင်းစာအုပ် သက်သေခံ(၁)ဖြစ်သော နံပါတ် အာရ်စီ-၁၈၁၄ ကို ရေးမှတ်ထားသည်ဟု သက်သေထွက်ချက်ရှိသည်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။သက်သေကိုစိန်မောင် ရေးမှတ်ထားသည်။ မထားသည်ကို မသိပါ။ ကျွန်တော်တို့ စီးလာသော ကားနံပါတ် အာရ်စီ-၁၈၁၄ တပ်ထားတာ မှန်ပါတယ်။

**ဦးစိဘူး။** ။သင်တို့၏ အဆိုပါ ဂျစ်ကားသည် အသင်နှင့် ဆိုခဲ့သော တွဲဖက်တရားခံ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်၊ သုခ တို့နှင့်အတူ တစ်တရားခံ ဦးစောခြံဝင်းအတွင်းမှ ၎င်းနေ့နံနက် ၁၀ နာရီ ၅ မိနစ်အချိန်လောက်တွင် ထွက်သွားပြီးနောက်၊ ၎င်း နံနက် ၁၁ နာရီ ၅ မိနစ်လောက်တွင် ထိုတရားခံ ဦးစော၏အိမ်အတွင်းသို့ ပြန်ဝင်သွားကြောင်း သက်သေထွက်ချက်ဆိုတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။နာရီအချိန်တော့ မမှတ်မိပါ။ မနက် အချိန်ဆိုတာနဲ့ သွားတာ ပြန်တာတော့ မှန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစီဘူး။** ။အသင်တို့သည် ထိုကဲ့သို့ ပြန်ရောက်ရာ ဦးစောကို အိမ်၌ တွေ့သဖြင့် အသင်တို့၏ အကြံအစည် အောင်မြင်ခဲ့ကြောင်းကို ပြောပြပြီး အသင်တို့နှင့် ဦးစောက ""အောင်ပြီ အောင်ပြီ""ဟု အော်ဟစ်ကြသည်ဟု သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။မပြောလိုပါ။ မှန်ပါတယ်။

**ဦးစီဘူး။** ။ဇူလိုင် ၁၉ ရက်နေ့ နံနက် ၈ နာရီခွဲ အချိန်လောက်တွင် ဦးစော ခြံထဲမှ အာရ်အေ-၃၁၂၃ နံပါတ်တပ်ထားသော ဖို့ဆင်ထရပ်ကားတစ်စီးတွင် တွဲဖက်တရားခံ ခင်မောင်ရင်၊ မောင်နီ၊ မှုန်ကြီးနှင့် သက်သေဘညွန့်တို့ စီး၍ အတွင်းဝန်ရုံးကြီးအနီးသို့ သွားကြ သည်ဟု သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။ပြောစရာ မရှိပါ။

**ဦးစီဘူး။** ။အသင်တို့သည် ဦးစောအိမ်သို့ ပြန်ရောက်ပြီး ဦးစောနှင့် အကျိုးအကြောင်း ပြောဆိုနေခိုက် အဆိုပါ အာရ်အေ-၃၁၂၃ ဖို့ဆင်ထရပ်ကားနှင့် တွဲဖက်တရားခံ ခင်မောင်ရင်၊ မောင်နီ၊ မှုန်ကြီးနှင့် သက်သေ ဘညွန့် ပြန်ရောက်ကြောင်း သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။မှန်ပါတယ်၊ ပြောစရာ မရှိပါ။

**ဦးစီဘူး။** ။ဖို့ဆင်ထရပ်ကား အာရ်အေ-၃၈၂၃ ပြန်ရောက်၍ ဦးစောက သက်သေ ဘညွန့်ကို မင်းကော အောင်မြင်ခဲ့သလားလို့ မေးသည်ဟု သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။မှန်ပါတယ်။

**ဦးစီဘူး။** ။ထိုအခါ ဘညွန့်က သခင်နုကို မတွေ့ကြောင်း ပြန်ပြောသည်ဟု သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။မှန်ပါတယ်။

**ဦးစီဘူး။** ။အာရ်စီ-၁၈၁၄ ဂျစ်ကားနှင့် အာရ်အေ-၃၁၂၃ ဖို့ဆင်ကားတို့သည် ဦးစော၏ခြံထဲသို့ ပြန်ရောက်ပြီးနောက် ဇူလိုင်လ ၁၉ ရက်နေ့ ညနေ ၂ ချက်တီးကျော်အချိန်တွင် ပုလိပ်များ ခြံကို

www.burmeseclassic.com



ဝိုင်းဝန်းရှာဖွေသောအခါ ၄င်းကားများကို ဦးစောအိမ်နှား၌ တွေ့ရ သည်ဟု သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။မှန်ပါတယ်။

**ဦးစိဘူး။** ။၄င်းနေ့ ညနေ ၇ နာရီခွဲအချိန်တွင် ဦးစော၏ အိမ်ဆင်ဝင် အောက်တွင်ရှိသော နံပါတ် အာရ်အေ-၉၈၃၁ မှတ်သား ထားသော သက်သေခံပစ္စည်း ဂျစ်ကားကို သက်သေခံစာတမ်း ရှာဖွေ ပုံစံ( )အရ ပုလိပ်အရာရှိက ဖမ်းဆီးသည်။ ထိုသို့ ဖမ်းဆီးစဉ်က ကားရှေ့တွင် လည်းကောင်း၊ ကားနောက်တွင် လည်းကောင်း၊ ရေးသား ထားသော နံပါတ်များမှာ ဆေးဖြူအသစ်နှင့် ရေးသားထားကြောင်းနှင့် ထိုကား၏ ရှေ့၌ရှိသော လေကွယ်၊ မှန်ပေါင်တွင်လည်း နတ်များပသရာတွင် အသုံးပြုသော ရုံးနီ ရုံးဖြူစမျိုး တွေ့ရှိရကြောင်း သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။မှန်ပါတယ်။

**ဦးစိဘူး။** ။ဇူလိုင် ၁၉ ရက်နေ့ နေ့လယ် ၃နာရီတွင် သက်သေ မစ္စတာ ဂျပ်နှင့် ဦးစိုးရင်တို့ ကြီးမှူးသော ပုလိပ် အဖွဲ့ဝင်များနှင့် သောင်းကျန်းမှု နှိမ်နင်းရေးတပ်သားများ ဦးစောအိမ်နှင့် ခြံကိုဝိုင်းကြရာ သင်နှင့် အခြား တွဲဖက်တရားခံများအပြင် သက်သေ ဘညွန့်၊ မောင်ရှိန်၊ ထွန်းရွှေ၊ ရန်ကြီးအောင်၊ စိန်မောင်နှင့် အခြားလူများကို တစ်ချိန်တည်း တွေ့ရှိ ဖမ်းဆီးပြီး အင်းစိန်ထောင်ကြီးသို့ ပို့ရကြောင်း၊ သက်သေ ထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။မှန်ပါတယ်။

**ဦးစိဘူး။** ။နောက်နေ့ ဇူလိုင်လ ၂၀ရက်နေ့တွင် သက်သေ ဦးစိုးရင် ကြီးမှူးသော သောင်းကျန်းမှု နှိမ်နင်းရေးတပ်သား များသည် ဦးစောအိမ် ဘုရားကျောင်းဆောင်နား၊မှ ရေထဲငုပ်၍ ရှာရသော တော်မီဂန်းလေးလက်၊ စတင်းဂန်းတစ်လက်ကို ရှာဖွေတွေ့ရကြောင်း သက်သေ ထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။ကျွန်တော်တို့ ဦးအောင်ဆန်းကို ပစ်ခတ်ရာတွင် တော်မီဂန်း သုံးလက်နှင့် စတင်းဂန်းတစ်လက် အသုံးပြုကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၄င်းနောက် ထိုသေနတ်များကို ရေထဲပစ်ချသည်မှာ မှန်ပါတယ်။ သို့သော် ဘယ်နှစ်လက်ဆိုတာ မသိပါ။ ဦးစိုးရင်တို့ ရေထဲမှ ရှာဖွေ၍ ရသည်ကို မသိပါ။

**ဦးစိဘူး။** ။အတွင်းဝန်ရုံး ဝန်ကြီးများ လုပ်ကြံသော အခန်းမှပစ်ပြီး ချက်ချင်း ကောက်ယူရရှိသော ယမ်းတောင့်ခွံများ၊ ကျည်ဆန်များကို သက်သေ အင်စပိတ်တော် ဦးဘိုးစိန်ထံမှ သက်သေ ဦးသန်းဖေထံသို့ ပေးအပ်ကြောင်း သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။ကျွန်တော်တို့ ပစ်ခတ်တယ်ဆိုတာ မှန်ပါတယ်။ ယမ်းတောင့်ခွံများ ကျခဲ့တာလည်း မှန်ပါတယ်။ သို့သော် ဦးဘိုးစိန် ကောက်ယူတာ ကျွန်တော်မသိပါ။

**ဦးစိဘူး။** ။ထိုနည်းအတူ အက်သေခံ ယမ်းတောင့်ခွံများနှင့် ကျည်ဆန်များကို ထိုအခန်းမှ သက်သေ ဦးလှဖေက အချင်းဖြစ်ပြီး ချက်ချင်း ကောက်ယူ၍ ဗိုလ်တထောင်ဌာနသို့ သက်သေ မောင်စုအား ပေးအပ်သည်ဟု ထွက်ဆိုချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။ပြောစရာ မရှိပါ။

**ဦးစိဘူး။** ။ရန်ကြီးအောင်က ပြ၍ ဦးစော အိမ်ဝင်းထဲရှိ ဘုရားကျောင်းဆောင်အနီးမှ ဦးထုပ်ငါးလုံးကို တွေ့ရှိ၍ သက်သေခံပစ္စည်းအဖြစ် တင်ပြထားတယ်။ ဘာပြောမလဲ။

**မောင်စိန်။** ။ကျွန်တော်တို့သည် ဗိုလ်ချုပ်ကို သွားရောက် ပစ်စဉ်က ရုံးတော်တွင် ယခု တင်ပြထားသော ဦးထုပ်အမျိုးအစား ဆောင်းထားပါတယ်။ ၄င်းဦးထုပ်များကို ပုလိပ်က ရေထဲမှ ရ၊ မရ မသိပါ။

**ဦးစိဘူး။** ။ဇူလိုင် ၃၀ ရက်နေ့တွင် သင်နှင့်အတူ အဖမ်းခံရသော မောင်စိန်မောင်က ပြ၍ ဦးစော မီးဖိုခန်းထဲရှိ မီးဖိုတစ်ခုမှ သက်သေခံပစ္စည်း အမှတ်-၂၄ ဖြစ်သော မီးလောင်ထားသော အဝတ်စများနှင့် ၁၂-မှတ် တံဆိပ်တပ် ပခုံးတပ်တံဆိပ် အပိုင်းတစ်ခု တွေ့ရှိသည်ဟု သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

www.burmeseclassic.com

www.burmeseclassic.com



**မောင်စိန်။** ။ကျွန်တော်တို့ ဝန်ကြီးများ သတ်စဉ်က ၁၂-နံပါတ် အမှတ်တံဆိပ်များ ဝတ်ဆင်ထားပါသည်။ ကျွန် တော်တို့ ဦးစောအိမ်ပြန်ရောက်ပြီးမှ တံဆိပ်များကို မီးရှို့ပစ်ပါတယ်။ မီးလောင်စများကို ပုလိပ်သိမ်းဆည်းသည်၊ မသိမ်းဆည်းသည် မသိပါ။

**ဦးစိဘူး။** ။ဩဂုတ်လ ၁၂ရက်နေ့ သက်သေ စစ်ဗိုလ် ဗိုလ်ဆင်ကြီးမှူး၍ မစ္စတာ ဂျပ်ဆင်နှင့် ကတ်ချာဘီတို့သည် အဆိုပါ ကျောင်းဆောင်အနီးမှ မော်တော်ကားနံပါတ် သံပြားကို လည်းကောင်း ရေထဲမှ ရကြောင်း၊ ၄င်းသံပြားတွင် အာရ်စီ-၁၈၁၄ ဟု တစ်ဖက်တွင် ရေးသားထားသည်ကို တွေ့ရကြောင်း သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။ကျွန်တော်တို့ အသုံးပြုသော ဂျစ်ကားနံပါတ် အာရ်စီ-၁၈၁၄ မမှန်သော နံပါတ်ဖြစ်သဖြင့် ရေထဲ သို့ ပစ်ချပါတယ်။ စစ်ဗိုလ်က ရှာတွေ့၊ မတွေ့ မသိပါ။

**ဦးစိဘူး။** ။၁၉၄၇ ဇူလိုင်လ ၁၉ ရက်နေ့ နံနက်တွင် အသင်တို့ အသုံးပြုသော ဂျစ်ကားအာရ်စီ-၁၈၁၄ ဆိုသော နံပါတ်ကို လိမ်၍ တပ်ထားကြောင်း၊ ထိုနံပါတ်မှာ အမှန်ရှိသော ဂျစ်ကားမှာ သက်သေ ဦးဘအေးပိုင် ဖြစ်ကြောင်း၊ အချင်းဖြစ်သောနေ့တွင် ဦးဘအေး၏ ဂျစ်ကားသည် စက်ပျက်၍ မောင်းနှင်မရကြောင်း၊ သက်သေထွက်ချက် ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။ဦးဘအေး ဂျစ်ကား ပျက်၊ မပျက်မသိပါ။ သည်နေ့ အာရ်စီ-၁၈၁၄ နံပါတ် လိမ်တပ်သွားတာ မှန်ပါတယ်။

**ဦးစိဘူး။** ။ဦးစောအိမ်မှ သိမ်းဆည်းသွားသော ဖို့ဆင်ထရပ်ကား၌လဲ တပ်ထားသော နံပါတ် အာရ်အေ-၃၁၂၃ မှာ နံပါတ်မှန်မဟုတ်ကြောင်း၊ ထိုနံပါတ်မှန်ရှိသော ကားမှာ ရန်ကုန်မြို့၊ ၁၂၃ လမ်း၊ အိမ်နံပါတ်၉၈နေ ဒေါ်မာဂျန်ပိုင် ဖို့ဆင်ထရပ်ကားဖြစ်ကြောင်း သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။ဇူလိုင် ၁၉ ရက်နေ့တွင် အသုံးပြုသော ဖို့ဆင်ထရပ်ကား နံပါတ်မှာ နံပါတ်လိမ်ဖြစ်သည် ဆိုသည်မှာ မှန်သည်။ ဒေါ်မာဂျန်ကားအကြောင်း ကျွန်တော်မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစိဘူး။** ။သက်သေခံပစ္စည်း ကားနံပါတ် သံပြားအပြင် သက်သေခံ သံပြားများကိုလည်း ဦးစော၏အိမ်အနီး ရေထဲမှလည်းကောင်း၊ အိမ်ထဲမှ လည်းကောင်း တွေ့ရှိသိမ်းဆည်းကြောင်း၊ ၎င်းသံပြားများသည် ဦးစောအိမ်အတွင်း အခန်းတစ်ခန်းမှရသော သက်သေခံပစ္စည်း သံခုတင်မှ ဖြုတ်ထားသော သံပြားများဖြစ်ကြောင်း သက်သေထွက်ဆိုချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။သံပြားများကို သံခုတင်မှ ဖြုတ်မဖြုတ် မသိပါ၊ သံပြားများကို ဦးစောအိမ်အနီး သရက်ပင်အောက်မှ ကောက်ယူအသုံးပြုပါတယ်။

**ဦးစိဘူး။** ။ရုံးရှေ့ရှိ သံခုတင်ကို ဦးစောအိမ် အခန်းတစ်ခန်းမှ တွေ့ရှိ၍ သိမ်းဆည်းထားကြောင်း သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။ပြောစရာ မရှိပါ။

**ဦးစိဘူး။** ။၎င်းသံခုတင်နှင့်အတူ သက်သေပျဉ်ပြားကြီးများကိုလည်း တွေ့ရှိ သိမ်းဆည်းထားကြောင်း သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။ပြောစရာ မရှိပါ။

**ဦစိဘူး။** ။အထက်ပါ ပြောခဲ့သော သံပြားများအနက် သက်သေခံ သံပြားများကို အပေါက် ဖောက်ပေးရကြောင်း သက်သေရှိတယ်။ ဘာပြောမလဲ။

**မောင်စိန်။** ။ပြောစရာ မရှိပါ။

**ဦးစိဘူး။** ။သက်သေ ဘညွန့်က ၁၉၄၇ ခု ဇူလိုင်လ ၁၈ ရက်နေ့ ည ၉ နာရီအချိန်လောက်တွင် ဦးစောအိမ်၌ တွဲဖက်တရားခံ ဦးစော၊ သက်နှင်း၊ သုခ၊ မောင်စိုးတို့သည် နောက်တစ်နေ့ အတွင်းဝန်ရုံး၌ ဦးအောင်ဆန်း အစရှိသော ဝန်ကြီးများကို လုပ်ကြံရန် သဘောတူကြောင်း ထွက်ဆိုထားတယ်။ ဘာပြောမလဲ။

**မောင်စိန်။** ။ကျွန်တော် သဘောတူတယ် ဆိုခြင်းမှာ မမှန်ပါ။ ဦးစော အမိန့်ပေးသည်ကို နာခံရခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစိဘူး။** ။၄င်း ဇူလိုင် ၁၉ ရက်နေ့ သင်တို့စီးသော ဂျစ်ကားသည် ဦးစော၏ အိမ်ဝင်းထဲသို့ ပြန်ရောက်ပြီးနောက် တွဲဖက်တရားခံ ခင်မောင်ရင်က ဆေးနှင့် နံပါတ်သစ်များ ထပ်မံရေးသည်ဟု သက်သေ ထွက်ချက် ရှိသည်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။မှန်ပါတယ်။

**ဦးစိဘူး။** ။၁၉၄၇ ဇူလိုင်လ ၃၁ ရက်နေ့တွင် ဦးစောအိမ် အတွင်း အခန်းတစ်ခုထဲရှိ ဗီရိုပေါ်မှ သက်သေခံပစ္စည်း၊ ဆေးဘူး နှစ်ဘူးနှင့် အံဆွဲထဲမှ စုတ်တံတစ်ချောင်း တွေ့ရှိသိမ်းဆည်းထားကြောင်း သက်သေထွက်ချက် ရှိတယ်။ ဘာပြောလိုသလဲ။

**မောင်စိန်။** ။ဘာမှ မပြောလိုပါ။

**ဦးစိဘူး။** ။သင်သည် သက်သေ ဦးလှကျော်၏ရှေ့၌ ဤရုံးတွင် ဖတ်ပြ ခဲ့သော ဖြောင့်ချက်များပေးခဲ့တယ်ဆိုတာ သက်သေထွက်ချက် ရှိတယ်။ ဘာပြောမလဲ။

**မောင်စိန်။** ။မှန်ပါတယ်။

**ဦးစိဘူး။** ။အချင်း မဖြစ်မီ ၁၀ ရက်လောက်က သက်သေ ဘညွန့်နှင့် အတူ သက်သေခံ ပစ္စည်းအမှတ် ၁၂-တပ် ခြသေ့်တံဆိပ် ခြောက်စုံ အသင့်ဝယ်ယူကြောင်း ဘညွန့်က ထွက်ဆိုသည်။ ဘာပြောလို သလဲ။

**မောင်စိန်။** ။ဝယ်ယူပါသည်။

**ဦးစိဘူး။** ။ဘာပြောချင်သေးသလဲ၊ ပြောချင်တာ ပြောနိုင်တယ်။

**မောင်စိန်။** ။ကျွန်တော့် အဖြစ်အပျက်ကို အစက ပြောပါရစေ။ ကျွန်တော် ပထမ ဦးစောနဲ့ မသိပါ။ ကွယ်လွန်ပြီး ကျွန်တော့် အဖေ အပေါ်မှာသာ ကျေးဇူးရှိပါတယ်။ ဦးစောဟာ အချင်းမဖြစ်မီ သုံးလ လောက်က တရားဟောရန် ကြို့ပင်ကောက်ကို လာပါတယ်။ ထိုအခါက သူ့ကို ပထမဆုံး တွေ့ဖူးပါတယ်။

ကျွန်တော့်ရဲ့ အမေက ဦးစောကျေးဇူး ကျွန်တော့် အဖေအပေါ် မှာရှိကြောင်း ပြောဖူးပါတယ်။ ကျွန်တော်နဲ့ ဦးစော တွေ့တဲ့အခါ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပါတယ်။ ကျွန်တော်က မလိုက်ချင်ပါ။ ကျွန်တော့် အမေက မလိုက်ရင် မကောင်းဘူးဆိုလို့ လိုက်ခဲ့ပါတယ်။

ဦးစောအိမ် လာရောက်နေထိုင်ခြင်းမှာ ဦးစောကို ကြည်ညို၍ လည်းမဟုတ်။ ဂျွန်အဖွဲ့ဝင်လည်း မဟုတ်၊ ဦးစောက ကျွန်တော့် မိဘများ အား ပြုစုခဲ့သောကျေးဇူးကို ဆပ်လိုခြင်းကြောင့် ဖြစ်ပါတယ်။

ကျွန်တော်ဟာ ဂျွန်တပ်သားလည်း မဟုတ်ပါ။ ကျွန်တော် ဦးစော အိမ်ရောက်တော့ ပထမဦးဆုံး ကျွန်တော့်ကို သန္တာရေ တိုက်ပါတယ်။ ဒုတိယ သေတမ်းစာ ရေးခိုင်းပါတယ်။

အဲသည်အချိန်ကစပြီး ဦးစော ခိုင်းသမျှလုပ်မယ်လို့ ကျွန်တော် ဆုံးဖြတ်လိုက်ပါတယ်။ သို့ပေမယ့် လူသတ်ဖို့ ကိစ္စကိုတော့ မစဉ်းစား မိပါ။ ကျွန်တော်နဲ့ ကိုဘညွန့် ဇူလိုင် ၁၈ ရက်နေ့ အိုးသည်ကုန်းမှ ပြန်ရောက် လာပြီး ကျွန်တော့်အား ထိုညက ခေါ်ပြောမှပင် လူသတ်ရမည့် ကိစ္စအကြောင်း ကျွန်တော် သိရပါတယ်။

သည်တုန်းက ကျွန်တော် ငြင်းရန် ဆန္ဒရှိပေမယ့် ငြင်းလို့ရှိလျှင် ဦးစောက ကျွန်တော့်ကို သတ်မှာ သေချာစွာ သိရလို့ပါ။ သည်လို သိရခြင်းဟာလည်း အလျှင်လုပ်ခဲ့တဲ့ ကိစ္စတွေကို လုပ်စဉ်က ကျွန်တော် တို့ကို ဦးစော ပြောခဲ့ဖူးပါတယ်။

သည်ကိစ္စတွေကို တစ်စုံတစ်ယောက် ဖောက်ပြန်ခဲ့ရင် သတ်ပစ် ရန် အလွယ်ကလေးလို့ ဦးစောက ပြောဖူးပါတယ်။ ဒါကြောင့် ကျွန်တော် မငြင်းဘဲ ဦးစောပေးတဲ့ အမိန့်ကို နာခံခဲ့ရပါတယ်။

သို့ပေမယ့် စီစဉ်တဲ့ ကိစ္စကို သွယ်ဝိုက်တဲ့နည်း တစ်နည်းနဲ့ ဖျက်ရန် သည်နေ့ညက ကျွန်တော် ကြံရွယ်ပါတယ်။ နောက်တစ်နေ့ မနက် ၁၀ နာရီ လောက်မှာ ကားကို ကိုသုခမောင်းပြီး သွားကြပါတယ်။

## ကျွန်တော့်အကြံ လုံးဝမပါ

ကားကို ပြည်လမ်းမှ တက္ကသိုလ်ဝင်းထဲ ဖြတ်မောင်းပြီး ဟံသာဝတီ အဝိုင်းကြီးမှ ရန်ကုန်သွားတဲ့ ပြည်လမ်းကို ပြန်ထွက်ပြီး မောင်းခဲ့တယ်။ လမ်းမှာ ကားမှောက်စေအောင် ကိုသုခ ကြိုးစားပါ သေးတယ်၊ မအောင် မြင်ခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



အတွင်းဝန်ရုံး ရောက်တဲ့အခါမှာ အပေါ်ထပ်ကို ကျွန်တော်တို့ ကြောင်လိမ်လှေကားမှ တက်ရပါတယ်။ သည်လိုမတက်မီ လှေကား အောက်မှာ ကားကို ပြန်ကွေ့ထားရန် ကျွန်တော် ပြောပါတယ်။

ကိုသက်နှင်းက ပြန်မကွေ့ရဘူး။ အမိန့်အတိုင်း လုပ်ရမယ် ပြောလို့ ကျွန်တော်လည်း နောက်ထပ်ပြီး မပြောတော့ပါ။ ဒါကြောင့် သည်အမှုကြီးမှာ ကျွန်တော်ရဲ့ အကြံဉာဏ် လုံးဝ မပါရပါ။ မလုပ်ရင် ကျွန်တော် အသက်ခံ ရမယ်ဆိုတာ သိလို့ လုပ်ရပါတယ်။

**ဥက္ကဋ္ဌ။** ။အသင် တွဲဖက် တရားခံများဖြစ်သော ခင်မောင်ရင်၊ ရန်ကြီး အောင်၊ သုခ၊ မောင်နီတို့၏ ဖြောင့်ချက်ထဲမှာ လုပ်ကြံမှုကို အသင်နှင့် အတူ လုပ်ကြံတယ်လို့ ထွက်ဆိုထားတယ်။ ဘာပြောမလဲ။

**မောင်စိန်။** ။မပြောလိုတော့ပါ။

ခုံသမာဓိ ဥက္ကဋ္ဌက တရားခံသက်နှင်းကို ဆက်လက် စစ်ဆေး မေးမြန်းရာ…

**သက်နှင်း။** ။ကျိုက်လပ်မြို့နေ အဘဦးဘိုးကျော်၏သား အသက် ၄၀ဖြစ် ကြောင်း ထွက်ဆို၏။

တရားသူကြီး ဦးအောင်သာကျော်က ဥက္ကဋ္ဌမှ မောင်စိုး မေးမြန်း သည့် အချက်အလက်များအတိုင်း မေးမြန်းရာ သက်နှင်းက မသိပါ။ မဟုတ်ပါဟု ဖြေကြားချက် မောင်စိုး ထွက်ချက်အတိုင်း ထွက်ဆို၏။

**ဥက္ကဋ္ဌ။** ။နောက်ပြီး ဘာပြောလိုသလဲ။

**သက်နှင်း။** ။အချုပ်ထောင် ရေချိုးသွားစဉ်က တွေ့တော့ ဘညွန့်က ပုလိပ်ရိုက်လို့ သေရတော့မယ်။ ခင်ဗျားတို့ ဖြောင့်ချက်ပေး လိုက်ပါ။ ဦးစောကိုသာ ပုံချပါလို့ပြောတော့ ကျွန်တော်က လူတစ်ဖက်သား ကို မဟုတ်တာ မပြောချင်ပါဘူးလို့ ပြောပါတယ်။

သည်ကိစ္စနဲ့ ပတ်သက်ပြီး လူကြီးလူကောင်းတစ်ဦးကို စာရေး တိုင်ဖူးပါတယ်။ လူကြီးလူကောင်း အမည်ကိုတော့ မဖော်လိုသေးပါ။ မောင်စိုး၊ မှုန်ကြီး၊ မောင်စိန်၊ ခင်မောင်ရင်၊ မောင်နီတို့နှင့် ရဲမောင်၊ တင်ရွှေ၊ ထွန်းရှိန်တို့နှင့်အတူ ပုလိပ်က ရိုက်ကြကြောင်း ထိုလူကြီး လူကောင်းတစ်ယောက်ကို တိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး သက်သေမောင်သောင်းစိန်က ၄င်းအား ခွဲပြရာတွင်လည်း ပုလိပ်က ညွှန်ကြားလို့ မတရားပြခြင်း ဖြစ်ပါသည်။ အဲသည်အချိန်မှာ ကျွန်တော့်ခေါင်း၌ ပတ်တီးစည်းမထားပါ။

ထို့နောက် ရှေ့နေချုပ်ကြီးက သက်နှင်း၏ ဖြောင့်ချက်ကို ဖတ်ပြ၏။

**ဥက္ကဋ္ဌ။** ။သင့်အား ဩဂုတ်လ ၄ ရက်နေ့က တရားသူကြီး ရှေ့မှောက်တွင် ဖြောင့်ချက်ပေးရာ၌ ဦးစောအိမ်တွင် ငါးပါးသီလခံယူပြီး သစ္စာဆိုရပုံ၊ လက်မှတ်ရေးထိုးထားသော သက်သေခံပစ္စည်းရှိတယ်။ ဘာပြောချင်သလဲ။

**သက်နှင်း။** ။သည်စာဟာ ကျွန်တော်မသိဘဲ ရေးထားခြင်းဖြစ်ပါတယ်။ တရားသူကြီးကို ကျွန်တော့်အား ပုလိပ်ရိုက်ကြောင်း ပြောတာကိုလည်း ရေးမထားပါ။

ထို့နောက် ရှေ့နေချုပ်ကြီးက သက်နှင်း ဖြောင့်ချက်ပေးသော အချက်များကို ဖော်ပြ၍ ၄င်း၏ ထွက်ဆိုချက်များ ဆန့်ကျင်နေပုံကို ပြောကြား၏။

**ဥက္ကဋ္ဌ။** ။ဦးစောက ဗဟိုဌာနချုပ် အေဒီလမ်းတွင် ငှားရမ်းထားမည်ဆို၍ ဦးစောအိမ်တွင် စောင့်နေရာ အဖမ်းခံရသည်ဟု မောင်သက်နှင်းက ဖြောင့်ချက်ပေးထားတယ်။ ရှင်းပါ။

**သက်နှင်း။** ။ဖြောင့်ချက်ယူတဲ့ တရားသူကြီးက ဘာအကြောင်းကြောင့် ဦးစောအိမ်မှာ ရှိသလဲမေးတော့ ကျွန်တော်က ဦးစောဟာ ဂျူန့်တပ်ဖွဲ့ချုပ်အတွက် အေဒီလမ်းမှာ ငှားထားမယ်။ ရောက်တဲ့အခါ ကြည့်သွားပါလို့ ပြောတာနဲ့ ကျွန်တော် စောင့်နေတုန်း ပုလိပ်ဖမ်းသွားတယ်လို့ တရားသူကြီးကို ပြန်ပြောပါတယ်။ တရားသူကြီးက ဘယ်လိုရေးတယ် မသိပါ။ တရားသူကြီး ကိုယ်တိုင်ပဲ အပြင်ထွက်ပြီး ပုလိပ်အရာရှိ ဦးကိုကိုကြီးကို ခေါ်အပ်လိုက်တာပါပဲ။

**ဥက္ကဋ္ဌ။** ။နောက်ထပ် ဘာများ လျှောက်ထားလိုသလဲ။

**သက်နှင်း။** ။နောက်ထပ် ပြန်ခေါ်သည့် တရားလိုသက်သေတွေရဲ့ ထွက်ချက်နဲ့ ပြောစရာ မရှိပါ။ ကျွန်တော့်ကို ရိုက်နှက်သည့်အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တိုင်ချုပ်ပါသည်။ ဘားလမ်းအချုပ်ခန်းတွင် ခြောက်ရက်ကြာသောအခါ ဦးကိုကို ကြီးနှင့် မောင်နွတ်တို့သည် ည ၉ နာရီလောက်မှာ ကျွန်တော့်အား ကျောက်တံတားဌာနသို့ ခေါ်သွားပါသည်။ နောက် ဦးကိုကိုကြီးက ရိုက်နှက်ပါသည်။

နောက် ကျွန်တော့်အား အတွင်းဝန် ဦးရွှေဘော်၊ ညောင်ရွှေစော်ဘွားကြီး၊ ဗိုလ်ထွန်းလှတို့အကြောင်းများ မေးပါသည်။ မင်းတို့ကို ဗိုလ်ထွန်းလှက အတွင်းဝန်ရုံးထဲသို့ ကားနဲ့ ဦးဆောင်ပြီး ခေါ်သွားတယ် မဟုတ်လားလို့ မေးပါသည်။

ကျွန်တော်က ဗိုလ်ထွန်းလှအကြောင်း မသိဘူးလို့ပြောတော့ ရိုက်ပါတယ်။ ညောင်ရွှေစော်ဘွားကြီးက ဖြူဖြူဝဝတရုတ်လို ဘောင်းဘီဝတ်တယ်။ ဦးစောအိမ်ကို လာတယ်ဆိုတာ မတွေ့ဘူးလားဟု မေးပါသည်။ ကျွန်တော်က မသိပါ။ မမြင်ဖူးပါဟုပြောတော့ ရိုက်ပါသည်။ အတွင်းဝန် ဦးရွှေဘော်အကြောင်းမေးတော့ မသိဘူးပြောတာနဲ့ ကျွန်တော့်ကို ရိုက်၍ ခေါင်းကွဲပြီး လဲသွားပါတယ်။

နောက် သတိရတော့ စောရန်နောင် သေနေတဲ့ ဓာတ်ပုံကို ပြပါသည်။ မင်းတို့ကို မေးမရရင် သူ့လိုပဲ မင်းတို့တစ်တွေကို သတ်ပစ်ဖို့ အခွင့်ရှိတယ်။ အေးအေးဆေးဆေးနှင့် မေးမရလျှင် သည်လိုလုပ်မယ်လို့ ပြောပါတယ်။

ဦးကိုကိုကြီး ပြောသည်မှာ တို့ အစီအစဉ်အတိုင်းဆိုရင် မင်းကို သုခကဲ့သို့ အပြင်က သေနတ်ကိုင်သူအဖြစ်နဲ့ စောင့်ခိုင်းဖို့ စီစဉ်ထားတယ်။ ကျွန်တော်က ဘာမှမသိရကြောင်းပြောတော့ လက်ထိပ်ခတ်ပြီး ကျွန်တော့်ကို ကားပေါ်တင်၍ ခေါ်သွားပါတယ်။

ဆူးလေ ဘုရားလမ်းထောင့်ရောက်တော့ မင်းလက်ထိပ်ကို ဖြုတ်၍ ဆင်းပြေးလို့ ပြောပါတယ်။ ကျွန်တော့်ဘေးက စတင်းဂန်းနှင့် ပုလိပ်နှစ်ယောက်က ချိန်ပြီး ပါလာကြတော့ ကျွန်တော်က သည်လိုတော့ ဆင်းမပြေးနိုင်ပါဘူးလို့ ပြောပါသည်။ သည်တော့ မင်းကို ဓာတ်ပုံထဲကလို လုပ်ရမယ်လို့ ပြောပါတယ်။

ကျွန်တော်က ခင်ဗျားတို့ ခိုင်းသလို ထွက်ဆိုမည်ပြောတော့ ကျောက်တံတားဌာနသို့ ပြန်ခေါ်သွားပါသည်။ နောက်တော့ သွေးစွန်း

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ အပေါ်အင်္ကျီကိုချွတ်ပြီး သူတို့ ပြောစေလိုသော စကားများကို ဖတ်၍ ကျွန်တော်က ခေါင်းညိတ်ရပါသည်။ ကိုနွတ်က လက်နှိပ်စက်နှင့် ရိုက်ယူပါတယ်။

ထို့နောက် သုခကိုခေါ်၍ ငါပြောတာ မယုံလျှင် သုခကို မေးကြည့်ဟု ဦးကိုကိုကြီးက ပြောပါသည်။ နောက် သုခနှင့် ကျွန်တော့်အား ည ၁၂ နာရီလောက်မှာ အတူတူ ထားပါသည်။

(မောင်စိန်အား ထပ်မံ လျှောက်ထားစရာ ရှိ၊ မရှိ မေးရာ မရှိဟု ဖြေကြား၏။ ရန်ကြီးအောင်ကလည်း အထူး လျှောက်ထားခြင်း မလုပ်ပေ။ သုခ၊ ခင်မောင်ရင်၊ မှုန်ကြီးတို့ကလည်း လျှောက်ထားစရာ မရှိဟု လျှောက်၏။)

## တရားခံဘက်မှ တင်ပြသော သက်သေစာရင်း

၁။ သခင်ထွန်းအုပ်၊ ၂။ လှမြတ်စိုး၊ ၃။ ဦးဟန်၊ ၄။ သခင်ခ၊ ၅။ ဗန္ဓုလဦးစိန်၊ ၆။ မောင်လှထွန်း၊ ၇။ မောင်တင်ရွှေ၊ ၈။ မောင်မြအုန်း၊ ၉။ ဦးထွန်းကြိုင်၊ ၁၀။ ဦးဘလင်း(သူရိယ)၊ ၁၁။ ဦးဘိုးခေါင်း (သူရိယ)၊ ၁၂။ ဦးအုန်းခင်၊ ၁၃။ ဦးအုန်းမြင့်(ဗမာ့ခေတ်)၊ ၁၄။ ဦးထွန်းဖေ(ဟံသာဝတီ)၊ ၁၅။ မစိန်မီ၊ ၁၆။ ဦးထွန်း၊ ၁၇။ မောင်ဘိုး ကျန်။ ၁၈။ မောင်ထွန်းခင်၊ ၁၉။ မောင်သန်းမောင်၊ ၂၀။ မောင်ကျင်စိန်၊ ၂၁။ မောင်လှပု၊ ၂၂။ မောင်လှဝင်း၊ ၂၃။ မသန်း သန်း၊ ၂၄။ မောင်ချော၊ ၂၅။ ရန်ကြီးနိုင်၊ ၂၆။ မောင်စိန်မောင်၊ ၂၇။ ကိုဘတင်၊ ၂၈။ မတင့်၊ ၂၉။ မိုလ်မုတ်ဆိတ်၊ ၃၀။ ဦးကြာရန်၊ ၃၁။ စိန်လှအောင်၊ ၃၂။ မောင်ထွန်းရွှေ။

စုစုပေါင်း ၃၂ ယောက် ဖြစ်၏။ ၎င်းအပြင် ဒေါက်တာ ဗမော်နှင့် သခင်ဗစိန်တို့ကိုလည်း ဦးစော၏ သက်သေအဖြစ် တင်ပြမည်ဟု တစ်တရားခံ ဦးစော၏ရှေ့နေ မစ္စတာ ဗာတားနစ်က ပြောကြား၏။

ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဦးစော၏ရှေ့နေ မစ္စတာ ဗာတားနစ်က သက်သေစာရင်း ထပ်မံ တင်ပြ၏။

၁။ ဒေါက်တာဗမော်၊ ၂။ သခင်ဗစိန်၊ ၃။ ဦးဝမ်းမောင်၊ ၄။ ပဲခူးရာဇဝတ်ဝန် ဦးဘ၊ ၅။ ပင်စင်ရာဇဝတ်ဝန် ဦးဘ၊ ၆။ ပြည့်လမ်း၊ အမှတ် ၄၅၊ ဦးလူကလေး၊ ဦးဘ၊ ၇။ ဦးတင်အုန်း၊ ၈။ ဦးစံဖိုး၊ ၉။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးသိန်း၊ ၁၀။ ဦးဘမောင်(ပြည်ရာဇဝတ်ဝန်)၊ ၁၁။ ဆာဦး သွင်၊ ၁၂။ ဦးဘချစ်မောင်၊ ၁၃။ ဦးဘဆင် တို့ ဖြစ်ကြောင်း တင်ပြ၏။

**ဥက္ကဋ္ဌ။** ။မစ္စတာ ဗာတားနစ် ခင်ဗျားရဲ့ သက်သေများ နေရပ်လိပ်စာ အပြည့်အစုံ တင်ပြီးပလား။

**ဗာတားနစ်။** ။သခင်ဗစိန်နှင့် ဒေါက်တာ ဗမော်တို့အား ဘယ်ထောင်မှာ ရှိမှန်း မသိဘူး။

**ဥက္ကဋ္ဌ။** ။ဒေါက်တာဗမော် သာယာဝတီ ထောင်ထဲမှာ ရှိတယ်လို့ သတင်းစာဆရာတွေ ရေးတာပဲ။ လာမည့် ဗုဒ္ဓဟူးနေ့ သမ္မန် စာထုတ်ပြီး ခေါ်ပေးမယ်။

**ရန်ကြီးအောင်အား ဆက်လက် စစ်ဆေးရာ…**

**ရန်ကြီးအောင်။** ။အုတ်ဖိုမြို့နေ အဘ ဦးမောင်ထွန်း၏သား အသက် ၁၆နှစ်ဖြစ်ကြောင်း ဖြေဆို၏။

ရန်ကြီးအောင်အား မောင်စိုး၊ သက်နှင်းတို့အား မေးမြန်းသည့် မေးခွန်းအတိုင်း မေးမြန်းရာ မသိဘူး။ မဟုတ်ပါဘူးဟု ဖြေဆိုလေသည်။

**ရန်ကြီးအောင်။** ။ဦးထင်ပေါ် ကျွန်တော့်အား သည်လို စွပ်စွဲခြင်းဟာ ခေါ်မပြခင် ဦးလှဖေက ကျွန်တော့်ကို အိမ်ခေါ်သွားတုန်း မြင်လို့ စွပ်စွဲတာပါ။ ဦးလှဖေ၊ ဦးထင်ပေါ်၊ ဦးသန်းတို့ အတူတူ ရှိကြပါတယ်။ ကျွန်တော့်ကို မတရား စွပ်စွဲတာပါ။

**ဥက္ကဋ္ဌ။** ။ကားနံပါတ်ပြားကို ရန်ကြီးအောင်ပြ၍ တွေ့ရတယ် မဟုတ်လား။

**ရန်ကြီးအောင်။** ။ဒါက ပြရမယ်ဆိုပြီး ပုလိပ်က ပြောလို့ ပြရတာပဲ။ သံပြားတစ်ချပ်တော့ တွေ့တယ်။ ဘာသံပြားလည်း မသိဘူး။

**ဦးအောင်သာကျော်။** ။အမှုနှင့် ပတ်သက်၍ ပြောစရာ ရှိသေးသလား။

**ရန်ကြီးအောင်။** ။ဖြောင့်ချက်မပေးမီ ပထမနေ့က သက်သေ ဦးကိုကိုကြီး သည် ကျွန်တော့်ကို လာခေါ်၍ လက်ဖက်ရည်နှင့် မုန့် ကျွေးပြီးလျှင် ပုလိပ်မင်းကြီးရုံးသို့ ခေါ်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီး အခန်းတစ်ခန်းတွင် လက်နက်ကိုင်ပုလိပ် လေး-ငါးယောက် အတူထားပြီး ဦးကိုကိုကြီးက ကျွန်တော့်ကို ဖြောင့်ချက် ပေးရန် သင်ပေးပါသည်။ သူ သင်ပေးသလို ကျွန်တော်က ကောင်းစွာ မပြောနိုင်ပါ။ အကုန်မပြောတတ်လို့ နက်ဖြန် တရားသူကြီးရှေ့ ခေါ်မည်ဆိုပြီး အချုပ်ထောင်ကို ပြန်ပို့ပါသည်။ နက်ဖြန်စောစော မျက်နှာသစ်ထားပါ။ လာခေါ်မည်ဟု ဦးကိုကိုကြီးက ပြောသွားပါတယ်။

နောက်တစ်နေ့ နံနက် ၆ နာရီလောက်မှာ ဦးကိုကိုကြီး ရောက်လာပါတယ်။

ထိုအခန်းမှ အပြင်ခန်းသို့ ကျွန်တော့်အား ခေါ်သွားပါတယ်။ အပြင်ခန်းရောက်တော့ မုန့်နဲ့လက်ဖက်ရည် ကျွေးပါတယ်။ စီးကရက် မီးခြစ်လည်း ပေးပါတယ်။ နောက် သူရေးထားတဲ့ စာရွက်ကို ဖတ်ပြပါတယ်။ သည်နေ့တော့ လွယ်ပါပြီ။ မင်းအတွက် စာရေးယူလာတယ်လို့ ဦးကိုကိုကြီးက ပြောပါတယ်။

အဲသည်ထဲက တရားသူကြီး မေးသမျှကို ဟုတ်တယ်လို့သာ လိုက်လို့ ကျွန်တော့်ကို မှာတယ်။ ၄င်းနောက် ပုလိပ်မင်းကြီးရုံးသို့ ခေါ်သွားပါတယ်။ တရားသူကြီးရှေ့မှာ ဦးကိုကိုကြီးက သူရေးယူထားတဲ့ စာရွက်နဲ့ တကွ ကျွန်တော့်ကို ထားခဲ့ပါတယ်။

နေ့လယ် ၁၁ နာရီ၊ ၁၂ နာရီလောက်မှာ တရုတ်ထမင်း ဝယ်ပေးပါတယ်။ တရားသူကြီးက ကျွန်တော့်အား ထမင်းဆာပြီလားလို့ မေးလို့ ဆာတယ်ပြောတာနဲ့ တစ်ခဏနားပြီး ထမင်းစားရပါတယ်။ စစ်ပြီးတဲ့အခါ ဦးကိုကိုကြီးကို ခေါ်ပြီး တရားသူကြီးက ကျွန်တော့်အား (အော်ရိုက်)လို့ ဆိုပြီး ထည့်လိုက်ပါတယ်။ ဦးကိုကိုကြီးက လက်ဖက်ရည်တိုက်ပြီး အချုပ်ခန်းသို့ ပြန်ခေါ်သွားပါတယ်။

အချုပ်ခန်းရောက်တော့ ဦးကိုကိုကြီးက မင်း သွားလိုရာ အခန်းမှာ သွားနိုင်တယ်ဆိုလို့ အခြား အခန်းများကို သွားပါတယ်။

နောက် ဦးကိုကိုကြီးက ကျွန်တော့်ကို ငွေ ၁၀/ ပေးခဲ့ပါတယ်။ ပုလိပ် ကိုမြကိုခေါ်ပြီး သူစားချင်တာ ဝယ်ပေးလိုက်ပါလို့ ဦးကိုကိုကြီးက

www.burmeseclassic.com

www.burmeseclassic.com



မှာသွားပါသေးတယ်။

နှစ်ရက်လောက်ကြာတော့ ဦးလေး ကိုသက်နှင်းနှင့် ကိုမှန်ကြီးကို ဦးကိုကိုကြီးက ခေါ်သွားတယ်။ ခေါ်သွားတုန်းက ကောင်းကောင်း မွန်မွန်ပဲ မြင်လိုက်ရပါတယ်။ ပြန်ပို့တဲ့အခါမှာ နှစ်ယောက်စလုံး အင်္ကျီမရှိ။ သွေးတွေနဲ့ ကောင်းကောင်း မသွားနိုင်ကြပါ။ အဲသည် အကြောင်းကို ဦးလေး ကိုသုခကို ပြောပြပါတယ်။ နောက်တစ်နေ့ ကျတော့ ဦးကိုကိုကြီးက ကျွန်တော့်ကို ပုလိပ်မျက်နှာ အိုးမည်းသုတ်တဲ့ အကောင်တွေ သေတော့မယ်ဟု ပြောသွားပါသည်။

တစ်ကောင်လည်း လက်ပုပ်၍ ကျနေပြီဟု ပြောပါတယ်။ တစ်ကောင်လည်း သေမှာပဲဟု ပြောပါသည်။ မင်းတို့လည်း သတိ ထားလို့ ပြောပါတယ်။ ကျွန်တော့်ကို ဦးကိုကိုကြီးက ငွေကုန်ပြီလား ဟု မေးလို့ နှစ်ကျပ်ကျန်သေးတယ်လို့ ပြောပါတယ်။ ဦးနွတ်ထံမှ ငွေငါးကျပ်တောင်းပြီး ထပ်ပေးခဲ့ပါတယ်။

နောက် လူစီတန်းပြရန် ကျွန်တော်တို့ကို ခေါ်သွားတော့ ဦးလေး ကိုသုခနဲ့ ကျွန်တော် အတူ အလျှင်ရောက်နှင့်ပါသည်။

နောက် ကိုစိန် ရောက်လာတော့ အံ့အားသင့်သွားပါတယ်။ ပုလိပ်များက ကိုစိန်ကို သူတို့ရိုက်လို့ သေပြီလို့ ပြောထားခြင်းကြောင့် ဖြစ်ပါတယ်။

နောက် အန်ကယ်စိုး ရောက်လာပါတယ်။ အဲသည်တုန်းက အယ်ကယ်စိုးမှာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေ ရှည်နေလို့ ခေါ်တော ကုလား ထင်ပါတယ်။ ပြုံးတော့မှ သိရပါတယ်။ နောက် ဦးလေး ကိုသက်နှင်းကို ပုလိပ်နှစ်ယောက်တွဲပြီး ခေါ်လာပါတယ်။ အဲသည် တုန်းက ခေါင်းမှာ ပတ်တီးပတ်ထားတာ တွေ့ရပါတယ်။ မျက်နှာ လည်း ညိုနေတယ်။ နှစ်ရက်လောက်ကြာတဲ့အခါ ကိုစိန်က လမ်း လျှောက်ရင်း ကျွန်တော်တို့ အခန်းလာပြီးပြောပါတယ်။ ပုလိပ်ရိုက်လို့ ပြောရကြောင်းနဲ့ လူကြီးများထံ တိုင်ကြားထားကြောင်း ပြောပါတယ်။

ကျွန်တော်တို့ကို တိုင်ဖို့လည်း ပြောပါတယ်။ ကျွန်တော်က စာရွက်နဲ့ ခဲတံ တောင်းပါတယ်။ ကျွန်တော့်ကို ဦးကိုကိုကြီးက သည်အမှု

www.burmeseclassic.com

www.burmeseclassic.com



ပျက်လောက်အောင် ရုံးတွင်ထွက်ရင် တစ်မျိုးလုံး သတ်ပစ် မယ်လို့ ပြောထားပါတယ်။

ကျွန်တော့် ဖြောင့်ချက်မပေးမီ ကျွန်တော့်အဖေကို တွေ့လိုကြောင်း ဦးကိုကိုကြီးကို ပြောတော့ ဖြောင့်ချက်ပေးရင် တွေ့ရမယ်လို့ ပြောပါတယ်။ မင်းမြင်တဲ့အတိုင်း ခင်မောင်ရင်၊ ဘိုနီတို့ဟာ သူတို့ မယားနဲ့တွေ့ရင် မင်းလည်း တွေ့ရမှာပေါ့။

ကျွန်တော့်ကို မြို့မ အချုပ်ထောင်မှာ ဦးကိုကိုကြီးနှင့် ဦးနွတ် တို့က ရိုက်ပါတယ်။ ဘုန်းကြီးလမ်းဂါတ်ခေါ်သွားပြီး လမ်းမှာ စောရန် နောင်အလောင်းကို ရိုက်ထားတဲ့ ဓာတ်ပုံပြပါတယ်။ တို့ ဗီတိုအာဏာ ရပြီ။ မင်းတို့ကို သတ်ပစ်နိုင်တယ်လို့ ဦးကိုကိုကြီးက ပြောပါတယ်။ သည်အမှုကို မေးပါတယ်။

ကျွန်တော်က မသိဘူးပြောတော့ ဝါးရင်းတုတ် ယူလာပြီး ရိုက်ပါ တယ်။ ရိုက်နေတုန်းမှာပဲ ကျွန်တော် ဘာမှမသိဘူးလို့ ပြောပါတယ်၊ နောက် စီးကရက်မီးနဲ့ တို့ပါတယ်။ ခြောက်လုံးပြူးပြောင်းကို ပါးစပ်ထဲ ထည့်ပါတယ်။

မင်းတို့ ဦးစောလူတွေ သတ်ပစ်မယ်လို့ ပြောပါတယ်။ နောက် တယ်လီဖုန်း သွားပြောပါတယ်။ နောက် မင်းတို့ကို အမိန့်ချပြီလို့ ပြောပါ တယ်။

သူတို့ ရိုက်လွန်းလို့ အသက်ဘေးမှ လွတ်မြောက်စေရန် ကျွန်တော် က သူပြောတဲ့အတိုင်း ဝန်ခံရပါတယ်။ နောက် သူနဲ့ ကျွန်တော် တည့် သွားပါတယ်။ သည်တော့ သူက မင်းလွတ်ရမယ်။ အစိုးရသက်သေ ဖြစ်စေရမည်လို့ ပြောပါတယ်။ သူ တာဝန်ခံမယ်လို့ ပြောပါတယ်။

မင်းတို့ကို လုပ်ချင်တာမဟုတ်၊ ဦးစောကို လုပ်ချင်တာဟု ဦးကိုကိုကြီးက ပြောပါတယ်။ ဦးစောကို ကြောက်လို့ လုပ်ရပါတယ်လို့ ထင်ပါတယ်။ သည်လိုမှ မပြောရင် မင်းတို့ သည်ဇာပြည်ထဲက ခြေးလို့ လွတ်မှာ မဟုတ်ဘူး။ ကျွန်တော့်ကို အသက်ဘေးမှ ချမ်းသာစေရအောင် ဦးကိုကိုကြီး ပြောတဲ့အတိုင်း ပြောရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်ချက်ဟာ ကျွန်တော့်သဘောအတိုင်း မဟုတ်ပါဘူး။ ပုလိပ် သင်ပေးတဲ့အတိုင်း ထွက်ဆိုရခြင်းဖြစ်လို့ သည်အမှုနှင့် ပတ်သက်ပြီး ဘာမှ မသိပါ။ ဘာမှ ပြောစရာမရှိပါ။

**ဥက္ကဋ္ဌ။** ။ရန်ကြီးအောင် အစစ်ခံချက်ကို ဖတ်ပြသည်။

**ရန်ကြီးအောင်။** ။ကျွန်တော် စကားတစ်ခွန်း ကျန်ပါသေးတယ်။ ပြောပါ ရစေဦး။

**ဥက္ကဋ္ဌ။** ။ကဲ…ပြောပြော။

**ရန်ကြီးအောင်။** ။ကျွန်တော့်ကို ရိုက်ထားတာ ဘယ်ဘက်နား ထိုင်းနေ ပါပြီ။ ဦးဘိုးစိန် ဆိုတဲ့လူက ကျွန်တော့်လည်ပင်း တက်နင်းပါသေးတယ်။ အခြား ပြောစရာမရှိပါ။

❖

## သူ၏ ပြုသမျှ

## ထုတ်ဖော်၍ မှင့်ဟာဝန်ခံပြန်ပြီ

ဒီဇင်ဘာလ ၈ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ဗိုလ်ချုပ် အောင်ဆန်း နှင့်တကွ ဝန်ကြီးများအား လုပ်ကြံမှုကြီးကို ဆက်လက် စစ်ဆေးလေသည်။ တစ်-တရားခံ ဦးစော၏ ရှေ့နေ မစ္စတာကားတစ်ဘင်နက်မှာ စနေနေ့က ရန်ကုန်သို့ ရောက်ရှိလာပြီး တနင်္ဂနွေနေ့ နေ့လယ်အချိန်တွင် ဦးစောအား စစ်ဆေးသော ခုံရုံးတော်သို့ လာရောက်ကြည့်ရှုလေသည်။

ထို့နောက် ထောင်ထဲမှ ဦးစောနှင့် နှစ်နာရီခန့် တွေ့ဆုံ ဆွေးနွေး ကြသည်။

တရားဝန်ကြီးများ ရုံးတက်သည်နှင့် တစ်ပြိုင်နက် အစိုးရရှေ့နေကြီး မစ္စတာချွန်ဖောင်းက လျှောက်ထားသည်မှာ သက်သေများ သမ္မန်စာပို့ပြီး ဖြစ်ပါသည်။ သို့သော်လည်း ဦးစမ်းမောင်မှာ ရွှေဘိုတွင်ရှိနေ၍ ၄င်းကို ယူဆောင်ရန်မှာလည်း အစောင့်အရှောက်များစွာ အသုံးပြုရမည့်အကြောင်း၊ ရာဇဝတ်ဝန်က ပြောပါသည်။ ဒါကြောင့် အခက်အခဲ ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဥက္ကဋ္ဌ။** ။ဒေါက်တာဗမော်ကို ဘာဖြစ်လို့ သက်သေခေါ်ချင်ရတာလဲ။

**ဗာတားနစ်။** ။ဂျပန် လက်ထက်ကစပြီး အင်္ဂလိပ် ဝင်တဲ့အထိ အဖြစ်အပျက် သိချင်လို့ပါ။

**ဥက္ကဋ္ဌ။** ။ဒါ့ထက် ပိုကောင်းပြီး ပိုသိတဲ့ ဟသ်ာတ ဦးမြကို သက်သေခေါ်ရင် မကောင်းဘူးလား။

**ဗာတားနစ်။** ။ဦးမြတော့ မခေါ်ချင်ပါဘူး။

(ဗာတားနစ်က မစ္စတာ ကားတစ်ဘင်နက်နှင့် ခုံရုံးအဖွဲ့ဝင်များကို မိတ်ဆက်ပေးသည်။)

**ဥက္ကဋ္ဌ။** ။မစ္စတာ ဘင်နက်ဟာ ဟိုက်ကုတ် တရားဝန်ကြီး လုပ်ဖူးတယ်လို့ သိရတယ်။ ရှေ့နေလိုက်တာတော့ မတွေ့ဖူးသေးဘူး။

**မစ္စတာဘင်နက်။** ။မှန်ပါတယ်။

**ဥက္ကဋ္ဌ။** ။ခင်ဗျားတို့ စကားပြန်တစ်ယောက် လိုလိမ့်မယ် ထင်တယ်။

**ဗာတားနစ်။** ။တိုင်ပင်ပြီး စီစဉ်ပါ့မယ်။

## သုခ၏ ထွက်ဆိုချက်

ဥက္ကဋ္ဌက စတင် မေးမြန်းသဖြင့် သုခက ကျိုက်လပ်မြို့နေ အဘကုန်သည် ဦးမော်ဖြစ်ကြောင်း ဖြေကြား၏။

ထိုနောက် ခုံအဖွဲ့ဝင် ဦးအောင်သာကျော်က ဆက်လက်၍ မေးမြန်းစစ်ဆေးလေသည်။

**ဦးအောင်သာကျော်။** ။၁၉၄၇ ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီခွဲ အချိန်လောက်တွင် အတွင်းဝန်ရုံး ဗိုလ်ချုပ် ရုံးခန်းထဲ၌ ဝန်ကြီး အစည်းအဝေးလုပ်နေစဉ် စစ်ဝတ်စစ်စားဝတ် လူလေးယောက်က စက်သေနတ်နှင့်ပစ်၍ သေဆုံးသွားကြောင်း သက်သေ ထွက်ချက် ရှိတယ်။ ဘာပြောလိုသလဲ။

www.burmeseclassic.com

www.burmeseclassic.com



**သုခ။** ။စစ်ဝတ်စစ်စားနဲ့ လူလေးယောက်ကို ကျွန်တော် ကားမောင်းပြီး သည်အချိန်ပို့တာ မှန်ပါတယ်။ ဝန်ကြီးများ သေနတ်ပစ်ခံရလို့ သေတာကို သိပါတယ်။

**ဦးအောင်သာကျော်။** ။လူသတ်သမားများ ပစ်ပြီး ထွက်လာပြီးနောက် အပါး တော်မြဲ မောင်ထွေးကိုလည်း လူသတ်သမားတစ်ဦးက သေနတ်နဲ့ပစ်၍ သေဆုံးသွားကြောင်း သက်သေရှိတယ်။ ဘာပြောလိုသလဲ။

**သုခ။** ။သူများပြောလို့ သိရပါတယ်။

**ဦးအောင်သာကျော်။** ။လူသတ်သမားလေးဦးဟာ အသင့်စောင့်နေသော ဂျစ်ကားပေါ်တက်ပြီး စပါတ်လမ်းဘက်က ထွက် ပြေးကြောင်း သက်သေထွက်ချက် ရှိတယ်။ ဘာပြောမလဲ။

**သုခ။** ။မှန်ပါတယ်။

**ဦးအောင်သာကျော်။** ။သည် လူသတ်သမားရဲ့ ဂျစ်ကား နံပါတ်ဟာ အာရ်စီ-၁၈၁၄ တပ်ထားတယ်လို့ သက်သေ ထွက်ချက် ရှိတယ်။ ဘာပြောလိုသလဲ။

**သုခ။** ။ကျွန်တော်မောင်းတဲ့ ဂျစ်ကားမှာ သည်နံပါတ်တပ် ထားတာမှန်ပါတယ်။

**ဦးအောင်သာကျော်။** ။ထိုအာရ်စီ-၁၈၁၄ ဂျစ်ကားဟာ သည်နေ့ နံနက် ၁၀ နာရီ ၅ မိနစ်အချိန်လောက်မှာ ဦးစောအိမ်က ထွက်သွားပြီး ၁၁ နာရီလောက်မှာ အပြင်းမောင်းကာ ပြန်ရောက်လာတယ် လို့ သက်သေရှိတယ်။ ဘာပြောမလဲ။

**သုခ။** ။သည်အတိုင်း မှန်ပါတယ်။

**ဦးအောင်သာကျော်။** ။ထိုနေ့ညနေမှာ ပုလိပ် အရာရှိများနှင့် ပုလိပ်အဖွဲ့က သင်နှင့် အခြားလူများကို လာရောက် ဖမ်းဆီးပြီး အင်းစိန်ထောင်ကို ပို့ရတယ်လို့ သက်သေထွက်ချက် ရှိတယ်။ ဘာပြော မလဲ။

**သုခ။** ။မှန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဦးအောင်သာကျော်။** ။ဩဂုတ်လ ၂ ရက်နေ့က သက်သေ တရားသူကြီး ရှေ့တွင် သက်သေခံပစ္စည်းအတွက် ဖြောင့်ချက် ပေးတယ်လို့ သက်သေထွက်ချက်ရှိတယ်။ ဘာပြောမလဲ။

**သုခ။** ။မှန်ပါတယ်။

(တရားခံ သုခကို မေးမြန်းနေစဉ်အတွင်း မစ္စတာ ဗာတား နစ်က ကားတစ်ဘင်နက်သို့ အစီရင်ခံကြောင်း တွေ့ရ၏။)

**ဦးအောင်သာကျော်။** ။တွဲဖက် တရားခံများဖြစ်သော မောင်နီနှင့် တရားခံ လေးဦးက သင်က ဂျစ်ကားမောင်းပြီး အတွင်းဝန်ရုံး ပို့ရကြောင်း ဖြောင့်ချက်ရှိတယ်။ ဘာပြောမလဲ။

**သုခ။** ။မှန်ပါတယ်။

**ဦးအောင်သာကျော်။** ။သက်သေ မောင်အုန်းမောင်နှင့် မောင်ထွေးတို့က အတွင်း ဝန်ရုံး အလယ်ဘူးဝမှာ စက်နှိုးထားတဲ့ ဂျစ်ကားမှာ သင်စောင့်နေရတယ်လို့ ထွက်ချက်ရှိတယ်။ ဘာပြောမလဲ။

**သုခ။** ။မှန်ပါတယ်။

**ဦးအောင်သာကျော်။** ။၁၉၄၇ ဩဂုတ်လ ၄ ရက်နေ့က လူစီတန်းပြစဉ် သုတို့ မင်းကို ကားမောင်းသူ ဖြစ်ကြောင်း ခွပ်ရွဲထားတယ်။ ဘာပြောမလဲ။

**သုခ။** ။မှန်ပါတယ်။

**ဦးအောင်သာကျော်။** ။သက်သေ ဘညွန့်က တရားခံ ဦးစော အိမ်အတွင်း မှ သင်နှင့်တကွ၊ တရားခံများသည် လုပ်ကြံရန် စီစဉ် ကြောင်း သက်သေထွက်ချက် ရှိတယ်။ ဘာပြောလိုသလဲ။

**သုခ။** ။စီစဉ်တာ မဟုတ်ပါ။ ကျွန်တော် ရှိပါတယ်။ကျွန်တော်က ဦးစောအမိန့် နာခံရတာပါ။

**ဦးအောင်သာကျော်။** ။သင် မောင်းသော ဂျစ်ကား နံပါတ် အာရ်စီ- ၁၈၁၄ တပ်ထားတယ်လို့ သက်သေထွက်ချက်ရှိ တယ်။ ဘာပြောမလဲ။

**သုခ။** ။မှန်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဦးအောင်သာကျော်။** ။ငှင်း လူသတ်သမား လေးယောက်တို့က လုပ်ကြံစဉ်က တော်မီဂန်းသုံးလက်၊ စတင်းတစ်လက်ကို အသုံးပြု သတ်ဖြတ်တယ်လို့ ဆိုတယ်။ ဘာပြောမလဲ။

**သုခ။** ။မှန်ပါတယ်။

**ဦးအောင်သာကျော်။** ။ဇူလိုင်လ ၂၀ ရက်နေ့က ဦးစောအိမ် ဘုရားစင်အနီး ရေထဲမှာ ငုပ်ရှာစဉ် တော်မီဂန်းလေးလက်နှင့် စတင်း သေနတ်တစ်လက်ကို ရေထဲမှ တွေ့တယ်လို့ သက်သေ ထွက်ချက်ရှိတယ်။ ဘာပြောမလဲ။

**သုခ။** ။လုပ်ကြံစဉ်က တော်မီဂန်း၊ စတင်းဂန်းများ ပါပါသည်။ ရေထဲက တွေ့၊ မတွေ့ မသိပါ။

**ဦးအောင်သာကျော်။** ။ဒီသေနတ်များဟာ ဝန်ကြီးများ ပစ်တဲ့ သေနတ်ကျည်ဆန်ခွံနှင့် ရေထဲမှ တွေ့ရသော သေနတ်များမှ ကျည်ဆန်များနှင့် ထပ်တူဖြစ်ကြောင်း သက်သေ ရှိတယ်။ ဘာပြောမလဲ။

**သုခ။** ။ကျွန်တော် ဒီလုပ်ကြံမှုကြီး မဖြစ်မီ ၁၀-လလောက်က ကျိုက်လပ်မြို့ မျိုးချစ်အဖွဲ့ထဲ ဝင်ခဲ့ဖူးပါတယ်။ အမှုမဖြစ်မီ ဦးစောနဲ့ (၃)ကြိမ်တွေ့ဖူးပါတယ်။ လွန်ခဲ့တဲ့ တစ်လလောက်က ဦးစောက စာနဲ့ရေးပြီး သက်နှင်းနှင့် ကျွန်တော့်ကို ခေါ်ပါတယ်။ ရန်ကုန်ရောက်တော့ ဦးစောက ကျွန်တော့်ကို မျိုးချစ်အဖွဲ့အတွက် လက်နက်နှင့် ရန်ပုံငွေများ ရအောင်လုပ်ဖို့ လိုတယ်လို့ ပြောပါသည်။ သစ္စာရေတိုက်ပါသည်။ သေတမ်းစာ ရေးခိုင်းပါသည်။ ဘရင်းဂန်း ၁၅ လက်ကို ကျိုက်လပ်ကို ပို့ခိုင်းလို့ ကျွန်တော်နဲ့ ကိုသက်နှင်း သွားပို့ရတယ်။ အမြန်ပြန်လာပါပြောလို့ အမြန်ပြန်ခဲ့ရတယ်။ရောက်တဲ့အခါ ရန်ပုံငွေရအောင် တစ်နည်းနည်း လုပ်ရမယ် ပြောပါတယ်။ နောက် ၁၃ရက်လောက်ကြာပြီး ဇူလိုင်လ ၁၈ရက်နေ့ည ကျွန်တော့်ကို ခေါ်ပါတယ်။

ဇူလိုင်လ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်နှင့် ဝန်ကြီးများ လုပ်ကြံဖို့ အမိန့်ပေးပါတယ်။ ကျွန်တော့်ကို ကားမောင်းဖို့ရန် လမ်းညွှန်များကို အမိန့် ပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင် ၁၉ ရက်နေ့ ဗိုလ်ချုပ်တို့ လုပ်ကြံပြီး ပြန်မောင်းလာတဲ့အခါ ထိတ်လန့်ပြီး ကားကို ကောင်းကောင်းမမောင်းနိုင်လို့ ကိုစိုးက ကိုစိန်ကိုလဲပြီး မောင်းခိုင်းပါတယ်။ ကိုစိန်နဲ့ ကျွန်တော်ဟာ ဒီအကြံအစည် ပျက်စီးအောင် ၁၉ ရက်နေ့က အမျိုးမျိုး ကြိုးစားကြပါသေးတယ်။

ကျွန်တော်က ကားကို မှောက်အောင်လုပ်ပါတယ်။ ကိုစိန်က ပြန်ကွေ့မောင်းရန် ပြောပါတယ်။ တစ်ခုမှ မအောင်မြင်ပါ။ ၁၉ ရက်နေ့ လုပ်ကြံမည့်အကြောင်း ၄၊ ၅ ရက်လောက် ကြိုတင်သိရင် ထွက်ပြေးမှာ အမှန်ပါပဲ။

## ခင်မောင်ရင် ဖွင့်ဟဝန်ခံချက်

ခင်မောင်ရင်အား စစ်ဆေးရာ ရန်ကုန်နေ ကျောင်းသားဖြစ်ပြီး အဘ ဦးမြရင်၏သားဖြစ်၍ အသက်(၂၀)ရှိပါကြောင်း ထွက်ဆို၏။

**ဥက္ကဋ္ဌ။** ။၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ရက်နေ့ နံနက် ၁၀နာရီခွဲက အတွင်းဝန် ရုံးခန်းထဲတွင် ဝန်ကြီးများ အစည်းအဝေး လုပ်နေစဉ် စစ်ဝတ်စစ်စားနှင့် လူလေးယောက်က စက်သေနတ်နှင့် ဝင်ရောက် ပစ်ခတ်တဲ့ ဒဏ်ရာတွေကြောင့် သေဆုံးသွားကြောင်းကို သက်သေ ထွက်ချက်ရှိတယ်၊ ဘာပြောလိုသလဲ။

**ခင်မောင်ရင်။** ။ကြားသိရပါတယ်။

**ဥက္ကဋ္ဌ။** ။ထို လူသတ်သမားတို့ဟာ ဗိုလ်ချုပ် အခန်းထဲမှ ပစ်ပြီး ထွက်လာ၍ မောင်ထွေးကိုတွေ့ရာ လူသတ်သမား တစ်ဦးက စက်သေနတ်နဲ့ပစ်လို့ သေဆုံးကြောင်း သက်သေရှိတယ်။ ဘာပြောမလဲ။

**ခင်မောင်ရင်။** ။ကြားရပါတယ်။

**ဥက္ကဋ္ဌ။** ။ထိုလူသတ်သမားတို့ဟာ နံပါတ်လိမ် အာရ်စီ-၁၈၁၄ ဂျစ်ကားနဲ့ စီးလာပြီး လုပ်ကြံပြီးနောက် ထိုဂျစ်ကားနဲ့ပဲ ထွက်သွားတယ်ပြောတာ။ ဘာပြောလိုသလဲ။

**ခင်မောင်ရင်။** ။မှန်ပါတယ်။ ဘာမှ မပြောလိုပါ။

www.burmeseclassic.com

www.burmeseclassic.com



**ဥက္ကဋ္ဌ။** ။သင်နှင့် မှန်ကြီးတို့ဟာ အတွင်းဝန်ရုံးထဲ ဝင်ပြီးနောက် ဦးစောကို တယ်လီဖုန်းဆက်တယ်လို့ သက်သေထွက်ချက် ရှိတယ်။ ဘာပြောမလဲ။

**ခင်မောင်ရင်။** ။မှန်ပါတယ်။ ဦးစောက ဝန်ကြီး အစည်းအဝေးရှိရင် တယ်လီဖုန်း ဆက်လိုက်ဟု မှာကြားလိုက်လို့ အစည်းအဝေးရှိကြောင်း သိရတဲ့အခါ ဦးစောထံသို့ တယ်လီဖုန်း ဆက်လိုက်ပါတယ်။

**ဥက္ကဋ္ဌ။** ။၄င်းနေ့ သင်မောင်းသော ဖို့ဆင်ထရပ်ကားကို ၁၁ နာရီလောက် သင် မောင်းသွား၍ ဦးစောအိမ်ဝင်းအတွင်း ဝင်သွား ပြီးနောက် ပြန်ထွက်မလာကြောင်း၊ ညနေအချိန်တွင် ပုလိပ်များ လာရောက်ဖမ်းဆီးကြောင်း သက်သေထွက်ချက် ရှိတယ်။ ဘာပြောလိုသလဲ။

**ခင်မောင်ရင်။** ။ပြန်ရောက်လာတာနဲ့ ပုလိပ်ဖမ်းတာ မှန်ပါတယ်။အချိန် တော့ မသိပါ။

**ဥက္ကဋ္ဌ။** ။ဩဂုတ်လ ၆ ရက်နေ့တွင် တရားသူကြီး ဦးလှကျော် ရှေ့တွင် သက်သေခံ ပစ္စည်းတွေပြပြီး ဖြောင့်ချက်ပေး ကြောင်း သက်သေထွက်ချက်ရှိတယ်။ ဘာပြောလိုသလဲ။

**ခင်မောင်ရင်။** ။မှန်ပါတယ်။

**ဥက္ကဋ္ဌ။** ။တွဲဖက် တရားခံများ ဖြောင့်ချက်ပေးတဲ့ အထဲမှာ သင်က ဖို့ဆင်ထရပ်ကားကို မောင်းပြီး ကူညီတယ်လို့ ဖြောင့်ချက်ပေးထားတယ်။ ဘာပြောလိုသလဲ။

**ခင်မောင်ရင်။** ။ကူညီတယ်ဆိုတာ မဟုတ်ပါ။ ဦးစော အမိန့်ပေးတာ ကို နာခံရတာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။လူသတ်သမားတို့ဟာ လုပ်ကြံစဉ်က တော်မီဂန်သုံး လက်နှင့် စတင်းဂန်းတစ်လက်ကို အသုံးပြုပြီးနောက် ဦးစောအိမ်အနီး ရေကန်ထဲက ဒီသေနတ်များကို ပုလိပ်က မိတယ်လို့ ဆိုတယ်။ ဘာပြောမလဲ။

www.burmeseclassic.com

www.burmeseclassic.com



**ခင်မောင်ရင်။** ။ထိုသေနတ်များကို အသုံးပြုတာတော့ သိပါတယ်။ သေနတ်များ ရေထဲကမိတယ်ဆိုတာတော့ မသိပါ။

**ဥက္ကဋ္ဌ။** ။သက်သေ ဦးလှဘော်က ထိုသေနတ်များဟာ အတွင်းဝန် ရုံးထဲမှာ ပစ်ခတ်ခဲ့တဲ့ သေနတ်များဖြစ်ကြောင်း ထွက်ဆို ထားတယ်။ ဘာပြောလိုသလဲ။

**ခင်မောင်ရင်။** ။မပြောတတ်ပါဘူး။

**ဥက္ကဋ္ဌ။** ။ဇူလိုင် ၁၉ရက်နေ့ နံနက်က လူသတ်သမားများ အသုံး ပြုတဲ့ ဂျစ်ကား အာရ်စီ-၁၈၁၄ နှင့် ဖို့ဆင်ထရပ်ကား အာရ်အေ-၃၁၂၃ တို့ဟာ ဦးစောပိုင်ဖြစ်၍ နံပါတ်လိမ်များ ဖြစ်တယ် ဆိုတာ ဘာပြောလိုသလဲ။

**ခင်မောင်ရင်။** ။မှန်ပါတယ်။

**ဥက္ကဋ္ဌ။** ။အဲဒီနေ့က လုပ်ကြံပြီး၍ အိမ်ပြန်ရောက်ပြီးနောက် သင့် အား မော်တော်ကားနံပါတ် ရေးခိုင်းတယ်လို့ သက်သေ ထွက်ချက်ရှိတယ်။ ဘာပြောမလဲ။

**ခင်မောင်ရင်။** ။လုပ်ကြံမှုကြီး မဖြစ်ခင် ထိုဂျစ်ကားတွင် ဆေးအဝါနှင့် နံပါတ်မှန်ဖြစ်သော အာရ်ဘီ-၉၈၃၁ကို ရှေ့တွင် လည်းကောင်း၊ နောက်တွင်လည်းကောင်း ရေးထားပါသည်။ ဇူလိုင် ၁၉ ရက်နေ့တွင် နောက်၌ ရေးထားသော နံပါတ်ကို ဘီးအပိုနှင့် ဖုံးကွယ် ထားပါသည်။ ရှေ့၌ရှိသော နံပါတ်ပြားကို ဖြုတ်ပြီးလျှင် အာရ်စီ-၁၈၁၄ ရေးသားထားသော သံပြားအသစ်တစ်ချပ် တပ်လိုက်ပါသည်။

ကျွန်တော် အိမ်သို့ပြန်ရောက်တဲ့အခါ နောက်တွင် ဖုံးထားကြောင်း သိရှိပါသည်။ ဦးစောက ကျွန်တော့်အား နောက်တွင် တပ်ထားသော ဘီးကိုဖြုတ်၍ ဆေးဝါနှင့်ရေးသော နံပါတ်ပေါ်တွင် ဆေးအဖြူနှင့် ထပ်၍ ရေးရန် အမိန့်ပေး၍ ရေးရပါတယ်။

ဦးစောက ပြောသည်မှာ လုပ်ကြံမှု ကျူးလွန်စဉ်က ဆေးဝါဖြင့် နံပါတ်ရေးထား၍ ၄င်းဆေးဝါကိုမကြိုက်၊ အဖြူနှင့်ရေးရန် ပြောပါသည်။ ရှေ့၌ တပ်ထားသော အာရ်စီ-၁၈၁၄နှင့်အတူ ဆေးဝါနှင့် အာရ်ဘီ-၉၈၃၁

www.burmeseclassic.com

www.burmeseclassic.com



သံပြားပါ လွှင့်ပစ်ရန် အိမ်က လူငယ်တစ်ဦးကို ဦးစောက စေခိုင်းပြီးနောက် သံပြားအသစ်တစ်ချပ်ပေါ်တွင် ဆေးအဖြူနှင့် အာရ်ဘီ-၉၈၃၁ ရေးရန် ဦးစောက စေခိုင်းသဖြင့် ရေးရပါသည်။

ဥက္ကဋ္ဌ။ ။သက်သေခံ ဆေးဘူးနှင့် စုတ်တံကို ဦးစောအိမ်အတွင်း ဗီရိုထဲမှ ထုတ်ပေးကြောင်း သက်သေခံရှိတယ်။ ဘာပြော လိုသလဲ။

ခင်မောင်ရင်။ ။မှန်ပါတယ်။

ဥက္ကဋ္ဌ။ ။သင်၏ ဖြောင့်ချက်ထဲတွင် တွဲဖက် တရားခံမှုန်ကြီး အတွင်း ဝန်ရုံး အစောင့်ထားခဲ့တယ်ဆိုတာ ဘာပြောမလဲ။

ခင်မောင်ရင်။ ။ဦးစောက မှုန်ကြီးကို ခိုင်းလိုက်သည်မှာ အစည်းအဝေး ခန်းဝတွင် စောင့်စေ၍ နောက် လာမည့်သူများကို ညွှန်ပြ စေရန် စေခိုင်းလိုက်ပါသည်။ မှုန်ကြီးက အခန်းမသိ၍ ကျွန်တော်သည် အစည်းအဝေး ရှိမရှိသွားကြည့်သောအခါ ကျွန်တော်နှင့် လိုက်လာပြီး ဦးစော စေခိုင်းလိုက်သည့်အတိုင်း ထိုအခမ်းနားတွင် စောင့်နေခြင်း ဖြစ်ပါသည်။

ဥက္ကဋ္ဌ။ ။အထူး လျှောက်ထားစရာ ရှိပါသေးသလား။

ခင်မောင်ရင်။ ။လျှောက်ထားရန် ရှိပါသည်။ ဂျပန်ခေတ်အတွင်းကစပြီး ဦးစောကို နိုင်ငံခြားပို့ထားစဉ်က ကျွန်တော်သည် ဦးစော ဇနီး၏တူ ဖြစ်သဖြင့် ဒေါ်သန်းခင်က ယောကျ်ားအဖော် မရှိဘူးဆို၍ ကျွန်တော့်ကို ခေါ်ထားခြင်းဖြစ်ပါသည်။ နောက် အင်္ဂလိပ်ပြန်ဝင်ပြီး မကြာမီ ဦးစော ပြန်ရောက်လာပါတယ်။ နောက် ဦးစော သေနတ်ပစ်ခံရပါတယ်။ နောက် ငါးရက်လောက်ကြာတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းတို့ကို သတ်ဖြတ်ရန် ပထမဦးဆုံးအကြိမ် ခိုင်းပါတယ်။

## ပထမအကြိမ် လုပ်ကြံရန်အမိန့်

ထိုအခါက ဗိုလ်ထွန်းလှ သက်သေခံချက်နှင့် ကျွန်တော်၏ ဖြောင့်ချက်တွင် ပါရှိသည့်အတိုင်း ဦးစော ခိုင်းသည့်အတိုင်း ဆောင်ရွက်ဘဲ ထိုနေ့က ဗိုလ်ချုပ်မလာဘူးဟူ၍ ပြောခဲ့ပါတယ်။ နောက် သစ္စာဆိုပြီး သေတမ်းစာရေး၍ ဦးစောလက်ထဲ အပ်ရပါတယ်။ နောက် လုပ်ကြံမှုကို

www.burmeseclassic.com

www.burmeseclassic.com



စေခိုင်းပါတယ်။ ပထမစေခိုင်းစဉ်က ဦးစောအား လှည့်ဖြားနိုင်ပေမယ့် ယခုကိစ္စကို လှည့်ဖြား၍ မဖြစ်နိုင်ပါ။

ကျွန်တော်နဲ့အတူ ရုံးပေါ်ကို မှုန်ကြီးနဲ့ အညွန့်လည်း လိုက်လာပါတယ်။ သူတို့နှစ်ယောက်က ဝန်ကြီး အစည်းအဝေးရှိကြောင်း သိကြပါတယ်။ အစည်းအဝေး မရှိဘူးလို့ ကျွန်တော် လိမ်ပြောမိလို့ မှုန်ကြီးက ပြောသည်ဖြစ်စေ၊ အခြား တစ်စုံတစ်ဦးအား ဦးစောက တယ်လီဖုန်းဆက်၍ အစည်းအဝေးရှိကြောင်း သိသည်ဖြစ်စေ၊ ကျွန်တော့် အတွက်မှာ ကြောက်စရာကောင်းပါလိမ့်မည်။ သေတမ်းစာကလည်း ရေးသားပြီး ဖြစ်နေပါတယ်။

## သေတမ်းစာ ဆိုသည်မှာ

**ဥက္ကဋ္ဌ။** ။သေတမ်းစာဆိုတာက ဘာလဲ။

**ခင်မောင်ရင်။** ။သေတမ်းစာဆိုသည်မှာ ဂျွန် တပ်ဖွဲ့ဝင်များကို သစ္စာဖောက်မိသဖြင့် မိမိကိုယ်တိုင် မိမိ သက်သေပါတယ်လို့ ရေးသားထားသော စာတမ်း ဖြစ်ပါတယ်။ ထိုစာကို နေ့ခွဲမထည့်ဘဲ ဦးစောထံကို ပေးထားရပါတယ်။ လက်မှတ်ထိုးထားရပါတယ်။

ဦးစောက အိမ်မှာရှိသော လူများကိုလည်း သစ္စာဖောက်မယ် မကြံကြနဲ့ သေနတ်တစ်လက်သာ ကုန်မယ်လို့ မကြာခဏ ကြိမ်းပါတယ်။ ဦးစောဇနီးလည်း ဦးစောကို ကြောက်ရပါတယ်။ ဦးစောကို မှီခိုနေတဲ့ ကျွန်တော်တို့အဖို့မှာတော့ ပြောစရာ မရှိပါ။ သူစိမ်းလိုပဲ ကျွန်တော်တို့ကို ထားပါတယ်။

ဗိုလ်ချုပ်ကို သေစေလိုတဲ့ဆန္ဒ မရှိပါ။ ကျွန်တော်ရဲ့ ဦးလေးဖြစ်သူ ဂျွန်စစ်သူကြီးထံတွင် သေတမ်းစာ ရေးသားထားရသူ၏ အလိုအတိုင်း ဖြစ်စေရန် ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ ကျွန်တော်ဟာ နိုင်ငံရေးသမားတစ်ယောက် မဟုတ်ပါ။ ဦးစောကို ကြောက်လို့ ဒီလို လိုက်လုပ်ရခြင်း ဖြစ်ပါတယ်။ သူ့ကို ကြောက်ရတဲ့အကြောင်း အိမ်မှာရှိတဲ့လူများ သိကြပါတယ်။

## တရားခံမှုန်ကြီး ထွက်ချက်

မှုန်ကြီးကို စစ်ဆေးရာ အိုးသည်ကုန်တွင် နေထိုင်၍ ဆိုဘာ ဦးအိမ်ဖြစ်ပြီး အသက်၃၀ရှိပါသည်ဟု ဖြေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယမန်နေ့က တရားခံများမေးသည့် မေးခွန်းအတိုင်းမေးရာ ကျွန်တော် မသိရကြောင်း ပြောဆိုပြီး ဥက္ကဋ္ဌက ဦးစောအိမ် ပုလိပ် ဖမ်းဆီးသည့်အကြောင်း မေးရာ မှုန်ကြီးက အောက်ပါအတိုင်း ဖြေဆို လေသည်။

ကျွန်တော့်ကို အဲဒီအချိန်က သေနတ်နဲ့ ပစ်ထားလို့ သတိရ တစ်ချက် မရတစ်ချက် ဖြစ်နေတယ်။ ဘာမှ မသိရပါ။ ဆက်လက် စစ်ဆေးခြင်းလည်း မမှန်ပါ။ မဟုတ်ပါ။ ဖြောင့်ချက်ပေးသော တရားခံများကို ပုလိပ်က ရိုက်နှက် ပြီး ကျွန်တော့်ကို မတရား ထွက်ခိုင်းတာပါဟု ပြောသည်။

ထို့နောက် ရှေ့နေချုပ်ကြီးနှင့် ဦးမြသိန်းတို့က မောင်မှုန်အား ဂဠုန် တပ်ကြပ် ဟုတ်မဟုတ် မေးရာ…

**မှုန်ကြီး။** ။စစ်မဖြစ်မီကပါ။ အခု မဟုတ်ပါ။

**မေး။** ။ဦးစော ဝင်းထဲမှာ ပတ်တရောင် စောင့်ရတယ် ပြောတယ်။

**မှုန်ကြီး။** ။ညအခါ ဦးစောအိမ် ဝင်းထဲမှာ စောင့်ရပါတယ်။

**မေး။** ။ဦးစော၏ ဘုရားကျောင်းဆောင်တွင် သစ္စာ ဆိုရတယ် ပြောတယ်။

**မှုန်ကြီး။** ။မဆိုရပါ။

**မေး။** ။သေတမ်းစာ ပေးရတယ်လို့ ဆိုတယ်။

**မှုန်ကြီး။** ။သေတမ်းစာ မပေးရပါ။

**မေး။** ။ဘာလျှောက်ထားချင်သေးသလဲ။

**မှုန်ကြီး။** ။ရှိပါတယ်။ ယခု လုပ်ကြံမှုကြီးနှင့် ပတ်သက်ပြီး ကျွန်တော် ဘာမှ မသိရပါ။ ဇူလိုင် ၁၉ ရက်နေ့ညနေ ၃ နာရီခွဲလောက် မှာ သေနတ်ပစ်ခံရပြီး ညနေ ၅ နာရီလောက်မှာ ဆေးရုံရောက်သွားပါတယ်။ မနက်မိုးလင်းမှာ တရားသူကြီး သေတမ်းစာစစ်ချက် လာယူပါတယ်။ မှန်တဲ့ ဒဏ်ရာက ဆီးစပ်၊ လက်၊ ခါး၊ ပေါင်ထိပ်မှာရှိလို့ တရားသူကြီး ဘာတွေ ပြောမှန်းမသိပါ။

နေ့ခင်း ၁၁ နာရီလောက်မှာ သတင်းစာတစ်စောင်ကို အစိုးရ အရာရှိတစ်ယောက် ကိုင်လာပြီး ဆုငွေတစ်သောင်းအကြောင်း လာပြပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်တော်က ဘာမှ မသိရကြောင်း ငွေကို မလိုချင်ပါဟု ပြောလိုက်ပါသည်။

မင်း ဘယ်လို ဖြစ်တာလဲလို့ မေးတော့ ကျွန်တော်က အိပ်နေတုန်း သေနတ်နဲ့ ပစ်တာပဲလို့ ပြောလိုက်ပါတယ်။ နောက်တစ်နေ့ ဆေးရုံအပေါ်ထပ်မှ အောက်ထပ်ကိုယူသွားပြီး စစ်သားတွေ ဝိုင်းထားတော့မှ ကျွန်တော့်ကို ဖမ်းထားကြောင်း သိရပါတယ်။ အင်းစိန်ဆေးရုံမှာ ငါးရက်ထားပြီး ရန်ကုန်ဆေးရုံမှာ ကျည်ဆန်ကို ဓာတ်မှန်ရိုက်မယ်ဆိုပြီး ပုလိပ်များက ကျွန်တော့်အား ခေါ်သွားပြီး အချုပ်ထဲသွင်းထားပါတယ်။ သုံးရက်ကြာတော့ ဦးကိုကိုကြီးက တစ်နာရီလောက် ဝါးရင်းတုတ်နဲ့ ကျောကုန်းကို ရိုက်နေပါတယ်။

ဦးသိန်းကျော်က သေတော့မယ်။ ဒဏ်ရာနဲ့ သေတယ်လို့ ဖြစ်နေလိမ့်မယ်။ တို့ပြောတဲ့အတိုင်း ပြောပါဆိုတာနဲ့ ကျွန်တော်က ခင်ဗျားတို့ ရေးချင်တာရေးလို့ ပြောပါတယ်။ ညနေ ၃ နာရီလောက်မှာ အချုပ်ခန်း ပြန်ပို့ပါတယ်။ အချုပ်ခန်းထဲမှာ တွဲဖက်တရားခံ မောင်နီတို့ကို တွေ့ရပါတယ်။ ကိုမောင်နီမှာလည်း ဝိုင်ယာ ကြိုးနဲ့ ရိုက်ထားတဲ့ ဒဏ်ရာတစ်ခု တွေ့ပါတယ်။ ကျွန်တော်ကလည်း ကျွန်တော့်ကို ရိုက်ကြောင်း ပြောပြပါတယ်။

သုံးရက်ကြာတော့ ကိုသက်နှင်းနဲ့အတူ ကျောက်တံတားဌာနကို ပို့ပါတယ်။ အဲသည်မှာ ခင်မောင်ရင်တို့နဲ့ တွေ့တယ်။ ဒီကောင်တွေနဲ့ အတူထားလို့ မဖြစ်ဘူးဆိုပြီး ဘုန်းကြီးလမ်းဌာနကို ကျွန်တော်နဲ့ ဦးသက်နှင်း ခေါ်သွားပြီး ကျွန်တော့်ကို အချုပ်ခန်းထဲ ထားခဲ့ပါတယ်။ ဦးကိုကိုကြီးဟာ အချုပ်ခန်းဘေး ဗီရိုထဲက ဝါးတုတ်တစ်ချောင်းယူပြီး ကိုသက်နှင်းရှိရာကို ပြန်သွားပါတယ်။ ရိုက်တယ် မရိုက်တယ် မသိပါ။ နာရီဝက်လောက်မှာ ဦးသက်နှင်း ပြန်လာပါတယ်။

နောက် ဦးကိုကိုကြီးတို့ ထွက်သွားတယ်။ အနာကို ဆေးမထည့်ဘဲ သုံးရက်ထားတယ်။

ဝန်ထောက်တစ်ယောက် ရောက်လာပြီး သည်အကြောင်းများကို ကျွန်တော်က ပြောပြလို့ ထမင်းဝယ်ကျွေးပြီး တယ်လီဖုန်းနဲ့ဆက်ကာ ဘယ်လို လုပ်ကြတာလဲ။ မင်းတို့ ဘယ်လိုလူတွေလဲလို့ပြောပြီး ဦးမောင်မောင်တို့

www.burmeseclassic.com



ရောက်လာ၍ ကျွန်တော့်အနာများ ဆေးထည့်ရပါတယ်။ ဘားလမ်းမှာ တစ်ည ပြန်အိပ်ပြီး ဖြောင့်ချက်ပေးရမည်ဆိုကာ ပုလိပ်မင်းကြီးရုံးသို့ ခေါ်သွားပါသည်။ ၉ နာရီလောက်မှာ တရားသူကြီး စစ်ဆေးသဖြင့် ရေးသားထားသည့်အတိုင်း ကျွန်တော် ထွက်ဆိုခဲ့ပါတယ်။ ဦးကိုကိုကြီးလက်ကို ကျွန်တော့်အား ပြန်အပ်ပါတယ်။

ဦးကိုကိုကြီးက ကျွန်တော့်ကို အထက်ထပ် ခေါ်သွားစဉ် လမ်းတစ်လျှောက်လုံး လှေကားပေါ်မှာ ရိုက်သွားပါတယ်။ အထက်ထပ် အခန်းတစ်ခန်းမှာ တစ်နာရီလောက် ရိုက်ပါတယ်။ နောက်ပြီး အရှေ့ဘက် အခန်းတစ်ခန်းမှာ လက်ဆန့်၍ လက်ထိတ်ခတ်ပြီး ရိုက်ပါတယ်။ သေနတ်ဒဏ်ရာရှိတဲ့လက်ကို ရိုက်မိလို့ သွေးတွေအများကြီး ကျလာပါတယ်။ နောက်နှစ်နာရီလောက်မှာ ဦးသက်နှင်း ရောက်လာပါတယ်။ ဦးသက်နှင်းကိုလည်း မှန်ကြီးကို သင်ပေးထားတယ်ဆိုပြီး ရိုက်ပြီးတဲ့နောက် ဘားလမ်းအချုပ်ခန်းကို ပြန်ပို့ပါတယ်။ ဦးကိုကိုကြီးက ဘားလမ်းအချုပ်ခန်းထဲမှာ ကျွန်တော့်ကို ဖိနပ်နဲ့ကန်လို့ မောင်နွတ်က လူတွေရှိတယ်ပြောတာနဲ့ လက်ထိတ်ဖြုတ်လိုက်တယ်။ နောက် ကျွန်တော်တို့ကို (ခ)တန်းနှင့် မတန်ဘူးဆိုပြီး အဝတ်အစားတွေ ချွတ်ယူသွားတော့ စွယ်ကျယ်စုတ်နဲ့ပဲ ထားပါတယ်။ အချုပ်ခန်းထဲမှာရှိတဲ့ လူကြီးလူကောင်းတွေကိုလည်း ကျွန်တော် တိုင်ပါတယ်။ ကိုဘဉ္ဇန့်က ညီလေးရယ်၊ ဘာလုပ် အနာခံရသလဲ။ ဦးစောအပေါ် ပုံချလိုက်ပါလို့ ပြောပါတယ်။ ကျွန်တော်က အမှုမမှန်ဘဲ မပြောနိုင်ဘူးလို့ ပြောပါတယ်။ နောက်ပြောစရာ မရှိပါ။

❖

## ခင်မောင်ရင်က မောင်နီကို မေးခွန်းထုတ်ခြင်း

နိုင်ငံတော် လုပ်ကြံမှုကို ၁၁-၁၂-၄၇ နေ့တွင် ဆက်လက် စစ်ဆေးရန် တရားခံ မောင်နီကို တရားခံရှေ့နေ ဦးစံဝင်းက အပြန်အလှန် မေးခွန်းထုတ်လေသည်။

**ဦးစံဝင်း။** ။ဖြောင့်ချက်ထဲမှာ ဦးစောရဲ့ ဂျစ်ကားသည် [illegible]ဝင်းဝန်းရုံးထဲ ဝင်သွားပြီး ၁၀ မိနစ်လောက်ကြာတော့ [illegible]က်သေနတ်သံတွေ

www.burmeseclassic.com

www.burmeseclassic.com



ကြားရတယ်ဆိုတာ ဟုတ်သလား။

**မောင်နီ။** ။မမှန်ပါဘူး။ ဂျစ်ကားဝင်သွားတာကို မြင်တောင် မမြင်ရပါ။ ကျွန်တော်ပေးတဲ့ ဖြောင့်ချက်ကို ကျွန်တော့်အား ဖတ်ပြပါတယ်။ အဲသည်တုန်းကတော့ ဖြောင့်ချက်ဟာ မှန်တယ်လို့ ပုလိပ် တွေကို ပြောမိပါတယ်။ ပုလိပ်ထံ ထွက်ဆိုချက်တွေကို ယခု သုံး-လေးလ ရှိပြီ ဖြစ်သည့်အတွက် မမှတ်မိတော့ပါ။

(တရားခံ ခင်မောင်ရင်က မေးခွန်းထုတ်လေရာ…)

**ခင်မောင်ရင်။** ။ကားတစ်စီးဟာ အေဒီလမ်း ဦးစောအိမ်က အတွင်းဝန် ရုံးကြီးသွားတာ နာရီဝက်လောက် မကြာဘူးလား။

**မောင်နီ။** ။ကြာပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ဦးစောကို သိတာ ဘယ်လောက်ကြာပြီလဲ။

**မောင်နီ။** ။ငယ်စဉ်က သိပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ဦးစောအိမ်ကို ဘယ်လို ရောက်သွားသလဲ။

**မောင်နီ။** ။ဦးစောဟာ ကျွန်တော်တို့ ရွာကဖြစ်၍ နန်းရင်းဝန်ဟောင်း လည်းဖြစ်လို့ အလုပ်အကိုင်များ တောင်းရန် မဖမ်းမီ တစ်လလောက်က ဦးစောအိမ်သို့ ရောက်သွားပါတယ်။ ဦးစောက အစ်ကိုကြီး နဲ့အတူ လာနေပါ။ ကောင်းမွန်စွာ ကြည့်ရှုထားပါမယ်လို့ ပြောပါတယ်။ ဒါနဲ့ သူနဲ့အတူနေပါတယ်။ ဦးစောအိမ်ဝင်းအတွင်းက တိုက်ကလေးမှာ နေပါတယ်။ ထိုတိုက်ကလေးမှာ ခင်မောင်ရင်တို့ လင်မယားနဲ့အတူ နေပါ တယ်။ ကျွန်တော်၏ အခန်းထဲမှာ အခြားသူများ မနေကြပါ။

**ရှေ့နေချုပ်ကြီး။** ။ဦးစောက ဘာအလုပ်ကို လုပ်ခိုင်းသလဲ။

**မောင်နီ။** ။ဘာရယ်လို့တော့ မဟုတ်ပါဘူး။ ဒေါ်သန်းခင် ဈေးသွား တဲ့အခါ ကျွန်တော် လိုက်သွားရပါတယ်။ ခင်မောင်ရင်နဲ့ လည်း လိုက်သွားရပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ဖြောင့်ချက်ထဲမှာ မင်း သစ္စာဆိုရတယ်ဆိုတာ မှန် သလား။

www.burmeseclassic.com

www.burmeseclassic.com



**မောင်နီ။** ။ဦးစောအိမ်ရောက်လို့ ခြောက်ရက်၊ ခုနစ် ရက်လောက်ကြာတော့ ဘုရားဆောင်မှာ သစ္စာဆိုရပါတယ်။ ကျွန်တော်နဲ့အတူ မှုန်ကြီး၊ ဝမ်းတင်ဆိုတာလည်း ပါပါတယ်။ ဖြောင့်ချက်ထဲမှာ သစ္စာဖောက်လို့ ကျွန်တော့်ကိုယ် ကျွန်တော် သတ်သေပါတယ်လို့ စာရေးလက်မှတ်ထိုးပြီး ဦးစောအား ပေးအပ်ရတယ်ဆိုတာ မှန်ပါတယ်။

**ဦးစံဝင်း။** ။ဘယ်သူက စာရေးခိုင်းလို့လဲ။

**မောင်နီ။** ။အစ်ကိုကြီးက ခိုင်းလို့ပါ။ (ဦးစောကို ဆိုလိုသည်။)

**ဦးစံဝင်း။** ။မင်း ဦးစောအိမ်မှာနေတော့ ဒီလူတွေ ရှိပလား။

**မောင်နီ။** ။အခြား တရားခံ အားလုံး ရောက်ရှိနေကြပါပြီ။

**ဦးစံဝင်း။** ။ဦးစောရဲ့အိမ် မရောက်ခင် ဒီတရားခံတွေထဲက ဘယ်သူ့ကို သိသလဲ။

**မောင်နီ။** ။ဘယ်သူ့ကိုမှ မသိပါဘူး။ ဦးစောကိုသာ သိပါတယ်။

**ဦးစံဝင်း။** ။မနေ့က ထွက်ဆိုချက်ထဲမှာ ဂျစ်ကားဟာ အတွင်းဝန်ရုံးကြီးထဲက ထွက်လာတော့ တက်မယ်လို့ ဆိုတယ်။ ဒီဂျစ်ကားကို မှတ်မိသလား။

**မောင်နီ။** ။ဂျစ်ကားကိုတော့ မမှတ်မိပါ။ လူတွေကိုသာ မှတ်မိပါတယ်။

**ဦးစံဝင်း။** ။ဘညွန့်က ဦးစောအိမ်မှာ ဘယ်လို နေထိုင်သလဲ။

**မောင်နီ။** ။ဘယ်လို အတန်းအစားလည်း မသိပါ။ ကိုစိုးနဲ့တော့ တစ်တန်းစားတည်း ထားပါတယ်။

**ဦးစံဝင်း။** ။ဦးစောအိမ်ရောက်တော့ ဦးစောဟာ ဂဠုန်စစ်သူကြီးဘွဲ့ခံထားတာ သိပလား။

**မောင်နီ။** ။သိပါတယ်။ မောင်စိုးဟာ ဦးစောအနားမှာ လူယုံတစ်ယောက်ဖြစ်ပြီး မောင်စိုးဟာ ဂဠုန်စစ်ဗိုလ်ဆိုတာ သိရပါတယ်။သက်နှင်းကလည်း ဒီလိုပါပဲ။ တစ်တန်းစားတည်းပါပဲ။ မှုန်ကြီးကတော့ သူတို့လို မဟုတ်ဘူး။ ဦးစောက ရင်းရင်းနှီးနှီး ယုံယုံကြည်ကြည် ရှိဟန် မတွေ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစံဝင်း။** ။ဒီအမှုမဖြစ်ခင် ဦးစောအပေါ် မကျေနပ်စရာ၊ စိတ်ဆိုးစရာ ရှိပါသလား။

**မောင်နီ။** ။မရှိခဲ့ပါ။

**ဥက္ကဋ္ဌ။** ။ယောက်ဖတော်တယ်ဆိုတာ ဘယ်လို တော်သလဲ။

**မောင်နီ။** ။ကိုဘညွန့်မိန်းမ မရီဟာ ကျွန်တော့်နှမဝမ်းကွဲ တော်ပါတယ်။ သူတို့ ညားကြတာ ၁၀ နှစ်လောက် ရှိပါပြီ။

**ရှေ့နေချုပ်ကြီး။** ။နိုင်ငံရေး ဝါသနာပါသလား။

**မောင်နီ။** ။စိတ်မဝင်စားပါဘူး။ ဦးစောအိမ်သို့ မရောက်မီက

ဘယ် နိုင်ငံရေး အဖွဲ့ထဲမှ မပါဝင်ခဲ့ပါဘူး။

**ဦးစီဘူး။** ။ဦးစောအိမ်မှာနေတော့ လခပေးသလား။

**မောင်နီ။** ။ဦးစောအိမ် ရောက်တဲ့နေ့က အဖမ်းခံရတဲ့ နေ့အထိ ငွေ ၆၀/ လောက်သာ ပေးပါတယ်။ ငါ ကြီးပွားရင် မင်းတို့ ကြည့်ရှုမယ်လို့ ပြောပါတယ်။ ဦးစောအိမ်သို့ လာတော့ ကျွန်တော့် မိန်းမလည်း ပါလာပါတယ်။ အခန်းထဲမှာပဲ အတူနေကြပါတယ်။ ဒေါ်သန်းခင်ကို ကူညီရတယ်။

**ဦးအောင်သာကျော်။** ။တင်ရွှေတို့အပြင် ဘယ်သူတွေ နေသေးသလဲ။

**မောင်နီ။** ။လှထွန်း၊ ထွန်းရှိန်၊ ကိုရှိန်ကလေး (သက်သေ)ကို ရှိန်ကြီး၊ရန်ကြီးနိုင်၊ စိန်မောင်၊ ကိုဘချော၊ မောင်မြအုန်း တို့လည်း ရှိနေကြပါတယ်။

**ဦးအောင်သာကျော်။** ။သစ္စာယူတဲ့လူ ဘယ်နှယောက် ရှိသလဲ။

**မောင်နီ။** ။ခြောက်ယောက်၊ ခုနစ်ယောက်တစ်ကြိမ်ပဲ သစ္စာယူရပါတယ်။ ကိုဘညွန့်လည်း ပါတယ်။ ကိုသုခက တိုင်ပေးပါတယ်။

**ဦးစီဘူး။** ။သစ္စာဆိုတယ်ဆိုတာက ဘယ်လို ရည်ရွယ်ချက်နဲ့လဲ။

**မောင်နီ။** ။သစ္စာဆိုတယ်ဆိုတာက ဘရင်းဂန်းတွေ ရလာပြီး နောက် လေး-ငါးရက်လောက်ကြာတော့ သစ္စာဆိုရ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒီတော့ ဘရင်းဂန်းတွေရဲ့အကြောင်း ပေါက်ကြားမှာစိုးလို့ ထင်ပါတယ်။ အခြားဘာလုပ်ရမယ်လို့တော့ ကျွန်တော် မသိပါ။

**ဦးစိဘူး။** ။သက်သေခံ တင်ပြထားတဲ့ ဦးထုပ်တွေကို သူတို့ဆောင်းတာ ဘယ်တုန်းက မြင်ဖူးသလဲ။

**မောင်နီ။** ။အတွင်းဝန်ရုံးက ထွက်လာတဲ့ အခါကျမှ သူတို့ဆောင်းတာ မြင်ရတယ်။ ယခင်ကတော့ မမြင်ဖူးပါဘူး။

**ဥက္ကဋ္ဌ။** ။သေနတ်ပစ် လေ့ကျင့်တာတော့ မြင်ဖူးသလား။

**မောင်နီ။** ။မြင်ဖူးပါတယ်။ ဦးစောရဲ့ အိမ်ဝင်းထဲမှာနေတဲ့ ယောက်ျားလေးတိုင်းလိုလို ခြောက်လုံးပြူးတို့၊ စက်သေနတ်တို့ အပစ်သင်နေကြရပါတယ်။ ကျွန်တော့်ကို ဦးစောခိုင်းလို့ ခြောက်လုံးပြူး တစ်ခါပစ်ပြရပါတယ်။

**ဘင်နက်။** ။သေနတ်ပစ် သင်ရတယ်ဆိုတာ လုံးဝ မဟုတ်ဘူးလို့ ဆိုချင်သတဲ့။

**မောင်နီ။** ။ကိုယ်တိုင်ပါလို့ သိရပါတယ်။ မှန်ပါတယ်၊ သေနတ်ပစ်ကျင့်တုန်းက ခြောက်လုံးပြူးနဲ့ ဓာတ်ဆီပုံးလွတ်ကို ဆွဲထားပြီး ပစ်ကြတယ်။ စက်သေနတ်တွေနဲ့တော့ ရေကန်ထဲကို ပစ်ကြရတယ်။

(မောင်နီက ကျမ်းကိုင်၍ ကိုယ်တိုင် သက်သေခံ၏။)

ဦးအောင်သာကျော် မေး၍ ထွက်ဆိုသည်မှာ…

**မောင်နီ။** ။ဇူလိုင်လ ၁၉ ရက်နေ့က ဦးစောအိမ်တွင် အခြားတရားခံများနှင့်အတူ အဖမ်းခံရပါသည်။ ဩဂုတ်လ ၅ ရက်နေ့က တရားသူကြီး တစ်ဦးရှေ့မှာ ဖြောင့်ချက်ပေးရန် ခေါ်သွားပါသည်။ ကျွန်တော်၏ ဖြောင့်ချက်ကိုလည်း ကြားရပါသည်။

**ဦးအောင်သာကျော်။** ။ဇူလိုင် ၁၉ ရက်နေ့က ဘာဖြစ်သလဲ။

**မောင်နီ။** ။ဇူလိုင် ၁၉ ရက်နေ့ နံနက် စနာရီခွဲအချိန်တွင်

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ရင်က ကျွန်တော့်အား လှမ်းခေါ်သံကြား၍ ဦးစောအိမ်ဘက် ခင်မောင်ရင်ရှိရာသို့ သွားပါတယ်။ ဆင်ဝင်အရှေ့မှာရှိတဲ့ ဖို့ဆင်ထရပ် ကားနားမှာ လူတွေရပ်နေတာ တွေ့ရပါတယ်။ ကိုဘညွန့်၊ ခင်မောင်ရင်၊ မှုန်ကြီးတို့ကိုသာ မှတ်မိတယ်။ လူခြောက်ယောက်၊ ခုနစ်ယောက် ရှိပါသည်။

ဦးစောက အိမ်ပေါက်ဝမှာ ရပ်နေတာ မြင်ရပါတယ်။ သူနှင့် ခင်မောင်ရင်ကပါ မြို့ထဲသွားမယ်လို့ အဝတ်လဲဦးလို့ ဆိုကြပါတယ်။ ကျွန်တော်က တိုက်ကလေးမှာ နေပါတယ်။ အဝတ်လဲပြီး ပြန်လာတော့ ဦးစောက ခင်မောင်ရင်၊ ဘညွန့်တို့နှင့်အတူ ကားပေါ်မှာ လိုက်သွားပြီး ကားစောင့်ဖို့ ပြောပါသည်။ ကိုစိုးကလည်း ထိုအခါမှာ ရှိပါတယ်။

ဦးစောက ကိုစိုးကို စကားပြောတာ မြင်ရပါတယ်။ ဘာပြောတယ် မသိရပါ။ ကိုစိုးက စကားပြောပြီး ကျွန်တော့်အား ခြောက်လုံးပြူးတစ်လက် ပေးပါတယ်။ ကျွန်တော်က ဘာလုပ်ဖို့လဲမေးတော့ လိုလိုမယ်မယ် ဆောင်သွားတာပေါ့လို့ ကိုစိုးက ပြောပါတယ်။ ခြောက်လုံးပြူးကိုယူပြီး ထရပ်ကားကို ခင်မောင်ရင်မောင်းပြီး ထွက်ခဲ့ကြပါတယ်။ မှုန်ကြီးလည်း ကားထဲမှာ ပါလာပါတယ်။

ဒါလဟိုဇီလမ်းနှင့် ၄၁လမ်းထောင့်ထိပ် လမ်းကြားမှာ သွားရပ်ပါတယ်။ အတွင်းဝန်ရုံးဘက်သို့ မျက်နှာတည့်တည့် လှည့်ထားပါသည်။ ဘညွန့်၊ ခင်မောင်ရင်၊ မှုန်ကြီးတို့ ဆင်းသွား၍ ကျွန်တော်က ကားစောင့်ပြီး ကျန်ရစ်ပါတယ်။ ဘယ်သွားကြတယ် မသိပါ။

၁၀ မိနစ်လောက်ကြာတော့ ခင်မောင်ရင် တစ်ယောက်တည်း ပြန်လာပါတယ်။ ဘညွန့်နဲ့ မှုန်ကြီး ဘယ်မှာလဲမေးတော့ မသိဘူးဆို၍ ကျွန်တော်လည်း သူတို့နောက် လိုက်ဆင်းသွားတယ်။

ကျွန်တော်က သူရိယတိုက် ဘေးရှိ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည် ဝင်သောက်ပါတယ်။ လက်ဖက်ရည်သောက်နေခိုက် ၁၀ မိနစ်လောက် ကြာတော့ အတွင်းဝန်ရုံးကြီးဘက်ဆီမှ တိုက်ပြိုကျတဲ့ အသံတွေ ကြားရပါတယ်။ လူတွေလည်း ထွက်ပြီးကြည့်နေတယ်။ ဒါနဲ့ ကျွန်တော်လည်း

www.burmeseclassic.com

www.burmeseclassic.com



သောက်ရာမှထပြီး ကားဆီသို့ ခပ်သုတ်သုတ် ထွက်လာခဲ့ပါတယ်။ အတွင်းဝန်ရုံး စပါတ်လမ်းဘက် ပေါက်ဝမှာ မှူးကြီး ထွက်လာတာကို တွေ့ရပါတယ်။ ထွက်ပြေးကြတဲ့လူတွေနဲ့ သူ ပါလာပါတယ်။ မှူးကြီးကို မေးမလို့ လုပ်နေတုန်း ဂျစ်ကားတစ်စီးဟာ အပေါက်ဝသို့ ထွက်လာတာ တွေ့ရပါတယ်။

ငှင်းဂျစ်ကားကို ကျွန်တော်နဲ့ စပါတ်လမ်းဘက် ထွက်ပေါက်ဝမှာ ဦးတိုက်ပြီးဆုံပါတယ်။ ဂျစ်ကားထဲမှာ အိမ်ကလူတွေ ပါလာတာ မြင်ရတယ်။ သုခ ဂျစ်ကားကိုမောင်း၍ ကိုစိန်က သုခနံဘေးမှာ ထိုင်နေတယ်။ နောက်က လက်ယာဘက်တွင် ကိုစိုး၊ အလယ်မှာ ရန်ကြီးအောင်၊ လက်ဝဲဘက်က သက်နှင်းတို့ ထိုင်လျက်မြင်ရပါတယ်။

သူတို့ရဲ့ အဝတ်အစားက (၁၂)နံပါတ် တပ်မတော်ရဲ့ ခြသေ့်တံဆိပ်တပ်ပြီး ယူနီဖောင်းနဲ့ ဦးထုပ်ရှေ့ ခပ်စိုက်စိုက် ဆောင်းထားလို့ မမှတ်မိသေးဘူး။ အနားကျမှ သူတို့ကို မှတ်မိတယ်။ ကိုစိုးလက်ထဲမှာ တော်မီဂန်းတစ်လက်ကို ပေါင်ပေါ်မှာ မြင်လိုက်ရတယ်။ သည်အခါမှာ ကျွန်တော်က ခင်ဗျားတို့ ဘာဖြစ်လာကြတာလဲ မေးတယ်။ ဘာမှ မပြောကြပါ။

ကျွန်တော် လိုက်ပါရစေလို့ ကားတန်းကိုကိုင်ပြီး ပြေးလိုက်ရင်း သုံးကြိမ်လောက်ပြောပါတယ်။ သူတို့က ခင်ဗျား ဘာမှမဆိုင်ဘူးလို့ ပြောပါတယ်။ သူတို့ကားနဲ့ ထွက်သွားတော့ ကိုမှူးကြီး ဘယ်မလဲမေးလို့ လှည့်လာတော့ ကိုမှူးကြီးလည်း မရှိပါ။ ထရပ်ကား ဘက်သို့လာတော့ ဘညွန့်နှင့် ခင်မောင်ရင်ကို တွေ့ရပါတယ်။

သူတို့အား ရုံးကြီးပေါ်မှာ အသံတွေကြားရတယ်။ အိမ်က ကားကလေးလည်း ထွက်သွားတယ်။ ဘာဖြစ်တာလဲလို့ မေးတယ်။ သူတို့က ကျွန်တော်လည်း ကြားပါတယ်။ ဘာဖြစ်တယ် မပြောတတ်ဘူး။ ကားပေါ်တက်လို့ ပြောပါတယ်။ ကားပေါ် ပြန်တက်ပြီး ခင်မောင်ရင်ပဲ မောင်းသွားပါတယ်။

**ဦးအောင်သာကျော်။** ။ဂျစ်ကားနံပါတ်ကို သတိထားမိသလား။

**မောင်နီ။** ။သတိမထားမိပါ။ အိမ်မှာရှိတဲ့ ဂျစ်ကားနံပါတ်တွေကို

www.burmeseclassic.com

www.burmeseclassic.com



သတိမထားမိပါ။ ဦးစောအိမ်ကို နံနက် ၁၁ နာရီလောက်မှာ ပြန်ရောက်ပါတယ်။

**ဦးအောင်သာကျော်။** ။ဟိုရောက်တော့ ဘာဖြစ်သလဲ။

**မောင်နီ။** ။ကားလည်းရောက်ရော အိမ်ရှေ့မှာစုနေတဲ့ လူတွေက အောင်ပြီ…အောင်ပြီလို့ အော်ကြတယ်။ ဂျစ်ကားထဲမှာ ပါတဲ့လူ တစ်စုက ဦးစောကို တိုင်နေကြတယ်။ သက်နှင်း၊ ကိုစိုးတို့က သည် လူဟာ (မောင်နီ)လူရှော်၊ သူတို့ ဝင်ရှုပ်တယ်လို့ တိုင်ကြသေးတယ်။ ဂျစ်ကားထဲမှာမြင်ရတဲ့ လူငါးယောက်စလုံးကို တွေ့ရပါတယ်။ ဦးစောလည်း ရှိတယ်။ ကျွန်တော်က ခင်ဗျားတို့ ဘာလုပ်တာလဲမှ မသိဘဲ သိရလို့ရှိရင် ဘယ်မှာ တားမလဲလို့ပြောတော့ ဦးစောက ရှိပါစေ။ သူမှမသိဘဲ မှားတာ မှားပါစေလို့ ပြောတယ်။

ဦးစော ကျွန်တော့်ထံက ခြောက်လုံးပြူးတောင်းတော့ ကျွန် တော်က လက်ဖက်ရည်ဆိုင် မယူသွားရဲတော့ ထရပ်ကားထဲမှာ မိုးကာ နဲ့ပတ်ပြီး ထားခဲ့တဲ့ သေနတ်ကို သွားယူပြီး ဦးစောကို ပေးပါတယ်။ ကျွန်တော် တို့ အိမ်ရောက်တော့ ဂျစ်ကားမှာပါတဲ့လူတွေ အရပ်ဝတ် အရပ်စားနဲ့ ဖြစ်နေပါပြီ။

သူတို့ရောက်တော့ ဝရန်တာမှာ ကုလားထိုင်တွေမှာ ထိုင်ပြီး သူတို့က ဗိုလ်ချုပ်အောင်ဆန်းကို သတ်လာတဲ့အကြောင်း ပြောနေကြတယ်။ သူတို့ ပြောတဲ့ စကားထဲမှာ သခင်မြပါတဲ့အတွက် ကျွန်တော် စိတ်မကောင်းပါ။ တခြားပုဂ္ဂိုလ်တွေကိုတော့ မသိပါ။ သခင်မြရဲ့ ဇနီး ဒေါ်ခင်ညွန့်ရဲ့အစ်မ ဒေါ်ရီဟာ ကျွန်တော့်အား မွေးမထုတ်ပေမယ့် မိဘသဖွယ် ဖြစ်ပါတယ်။ မြို့ကိုပြန်ရင် ရွာကလူတွေကို ဘယ်လို မျက်နှာပြရမလဲ မသိပါ။ စိတ်ညစ်လို့ တိုက်ကလေးသွားပြီး အိပ်နေပါတယ်။

ညနေ ၂ ချက်၊ ၃ ချက်လောက်မှာ အစိုးရဘက်လူတွေ လာဝိုင်းပြီး ဖမ်းကြပါတယ်။ ၄ နာရီခွဲ၊ ၅ နာရီလောက်မှာ ယခု ရုံးထိုင်သော အခန်းမှာပင် ကျွန်တော်တို့ကို ချုပ်ထားပါတယ်။ ဦးစောကို ကျွန်တော်နဲ့ တစ်ရက်လောက် အတူထားပြီးနောက် တခြား ခွဲထုတ်သွားပါတယ်။

နောက် ဘားလမ်း အချုပ်ခန်းသို့ခေါ်ပြီး သွားပါတယ်။ ဦးကိုကို

www.burmeseclassic.com

www.burmeseclassic.com



ကြီးနဲ့ မောင်နွတ်တို့က ဘုန်းကြီးလမ်းဌာနသို့ ကျွန်တော့်အား ခေါ်သွားပြီး ခင်မောင်ရင်၊ ကိုစိန်၊ ဘညွန့်သုံးယောက်က ထွက်ဆိုသွားပြီလို့ ကျွန်တော် လည်း အမှုမှန်တဲ့အတိုင်း ပြောလိုက်ပါတယ်။ နောက် ကိုစိန်နဲ့ ကျွန်တော် လည်း ၅ရာဘက် တရားသူကြီးရှေ့မှာ ဖြောင့်ချက်ပေးကြပါတယ်။

**ဥက္ကဋ္ဌ။** ။အတွင်းဝန်ရုံးကြီးမှာ လုပ်ကြံဖို့အကြောင်း မသိဘဲနဲ့ ကား စောင့်ဖို့၊ လိုက်သွား ဆိုလို့ လိုက်သွားရတယ် ဆိုချင်သလား။

**မောင်နီ။** ။မှန်ပါတယ်။ လုပ်ကြံမှုကို ကျွန်တော် ဘာမှ မသိပါဘူး။ သည်လို လုပ်ကြံမှုအကြောင်း ဘာမှ မသိလို့ သည်ပြစ်မှု ထဲမှာ ပါဝင်ဖို့လည်း ကြံရွယ်ချက် မရှိပါ။ ထို့ကြောင့် အပြစ်မရှိပါ။

**ဥက္ကဋ္ဌ။** ။မောင်နီရဲ့ ဖြောင့်ချက်ထဲမှာ ခင်မောင်ရင်က မောင်နီအား အတွင်းဝန်ရုံး ထွက်ပေါက်မှာ စောင့်နေ ဂျစ်ကားကလေး ထွက်လာလိမ့်မည်။ တစ်ယောက်က တံခါးပိတ်လိုက်ရင် ခြောက်လုံးပြူးနဲ့ ချိန်ပြီး ဖွင့်ပေးရမယ်လို့ ခင်မောင်ရင်က ခိုင်းတယ်ဆိုတာပါတယ်။ ဟုတ် သလား။

**မောင်နီ။** ။ထိုစကားဟာ မဟုတ်ပါ။ ဒါကြောင့် ယခု ကျမ်းကိုင်ပြီး ထွက်ဆိုပါတယ်။ ဦးစောအိမ်ရောက်တော့ အခြားလူများနဲ့ အတူတူ အရက်ဝင်သောက်တယ်ဆိုတာ မမှန်ပါဘူး။

**ဘင်နက်။** ။ဇူလိုင် ၁၉ ရက်နေ့နံနက်က ဂျစ်ကားတွေဟာ ဘယ်မှာလဲ။

**မောင်နီ။** ။ဂျစ်ကားတွေဟာ ဆင်ဝင်အောက်မှာရှိ၍ ထရပ်ကားက ဂိတ်ပေါက်ဝသို့ လှည့်ထားပါတယ်။

**ဘင်နက်။** ။ဖြောင့်ချက်ကို မှတ်မိသလား။

**မောင်နီ။** ။မှတ်မိပါတယ်။ ထိုအခါက ဆရာကို ညှာတဲ့သဘောနဲ့ ညှာညှာတာတာ ထွက်ဆိုခဲ့တာပါ။ ဒါကြောင့် ဖြောင့်ချက် ဟာ အရေးကြီးတဲ့ အချက်တွေက မှန်ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။မင်း ဖြောင့်ချက်ထဲမှာ ဦးစော မပါဘူး။ ဟုတ်သလား၊ မဟုတ်ဘူးလား။

**မောင်နီ။** ။ဖြောင့်ချက်ထဲမှာ ဒီအချက်မပါဘူး။ ကားစောင့်ဖို့ ဦးစောက

www.burmeseclassic.com

www.burmeseclassic.com



မပြောဘူးဆိုတာကို ဖြောင့်ချက်ထဲမှာ မပါဘူးဆိုတာလည်း မှန်ပါတယ်။ မောင်စိုးနဲ့ ဦးစောစကားပြောနေတယ်ဆိုတဲ့ အကြောင်းလည်း ဖြောင့်ချက်ထဲမှာ မပါတာ မှန်တယ်။

**ရှေ့နေချုပ်ကြီး။** ။ဒါဖြင့် ဖြောင့်ချက်အတိုင်းဆိုရင် မင်း ဦးစောကို အိမ်ရောက်သည့်တိုင်အောင် မတွေ့ဘူးဆိုတာ မှန် သလား။

**မောင်နီ။** ။မှန်ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ဖြောင့်ချက်ပေးတုန်းက ဦးစောကို ကာကွယ်ချင်တယ်လို့ ဆိုလိုပါလား။

**မောင်နီ။** ။ဆိုလိုပါတယ်။ ကျွန်တော်က ဖြောင့်ချက်ထဲမှာ လုံးလုံး ကွယ်တော့မယ်လို့တောင် အောက်မေ့မိတယ်။

## ကျေးဇူးရှင်မို့ ကာကွယ်လိုသောဆန္ဒ

**ရှေ့နေချုပ်ကြီး။** ။မင်းက ဒီအမှုမှာ ထိန်ချန်တော့မယ်လို့ ဆိုလိုသလား။

**မောင်နီ။** ။ဦးစောဟာ ကျွန်တော်ရဲ့ ကျေးဇူးရှင်မို့ ကာကွယ်ဖို့ ဆန္ဒရှိပါတယ်။ အမှုကတော့ မှန်ပါတယ်။ သခင်မြ သေတယ်ဆိုတော့ ကျွန်တော် စိတ်မကောင်းခြင်း ဖြစ်သွားပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ဦးစောကို ကာကွယ်ချင်ရင် ဘာကြောင့် ဦးစောကို ထည့်ပြောသလဲ။

**မောင်နီ။** ။ကျွန်တော်တို့ ပြန်လာတော့ ဦးစောရှိတဲ့ အကြောင်းကို ပြောလိုက်ခြင်းအားဖြင့် သူ့ကို ထိခိုက်မယ် မထင်လို့ ပြောပါတယ်။ ဦးစောက သတ်ခိုင်းလိုက်တာလားလို့ ကျွန်တော် မသိပါ။

**ရှေ့နေချုပ်ကြီး။** ။မောင်စိုးတို့က ဝန်ကြီးတွေကို လုပ်ကြံလာတဲ့အကြောင်း ပြောတော့ ဦးစောရှိတယ်လို့ ဖြောင့်ချက် ပေးတဲ့အထဲမှာ ရှိပါတယ်။ ဦးစောကို မထိခိုက်ဘူးလား။

**မောင်နီ။** ။ဦးစော ရှိပါတယ်။ ကျွန်တော်က ဥပဒေမသိလို့ ဦးစောမှာ အပြစ်ရှိမယ် မထင်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေချုပ်ကြီး။ ။ဦးစောကို ကာကွယ်ချင်တဲ့အတွက် ဖြောင့်ချက်ပေးတုန်းက ပေါ့ပေါ့ထွက်ခဲ့တယ်လို့ ယခု ဆိုလိုပါသေးသလား။

မောင်နီ။ ။ဆိုလိုပါသေးတယ်။ ဦးစော၏ အိမ်ထဲမှာ တစ်လကျော် နေခဲ့ဖူးပါတယ်။

ရှေ့နေချုပ်ကြီး။ ။ဇူလိုင် ၁၆ ရက်နေ့လောက်ကမှ ဘညွန့်နှင့်အတူ ဦးစော အိမ်ကို ရောက်လာတယ်ဆိုတာ မဟုတ်ဘူးလား။

မောင်နီ။ ။မဟုတ်ပါဘူး။

ရှေ့နေချုပ်ကြီး။ ။ထရပ်ကား ဂိတ်ပေါက် ထွက်သွားတော့ ရပ်သေးသလား။

မောင်နီ။ ။ဂိတ်စောင့် တင်ရွှေက ဖွင့်ပေး၍ ကားရပ်နေတုန်း နေဦးဟေ့ ဆိုပြီး ပြောတာနဲ့ ခဏရပ်ထားပါတယ်။ ကျွန်တော်က ဦးစောကို ရိုသေသမှုနဲ့ ကားပေါ်မှဆင်းတော့ ဦးစောက ငွေ ၁၀/- ထုတ်ပေးပါတယ်။

ရှေ့နေချုပ်ကြီး။ ။မင်း အခု ဦးစောကို ကာကွယ်ချင်တဲ့စိတ် မရှိတော့ဘူးလို့ ထင်တယ်။

မောင်နီ။ ။ယခုတိုင် ကာကွယ်ချင်ပါသေးတယ်။ ဒါပေမယ့် ကျွန်တော့်ကို တရားခံဘက်က ရှေ့နေကမေးလို့ ထွက်ဆိုနေရပါတယ်။

ရှေ့နေချုပ်ကြီး။ ။သူများအပေါ်လွှဲပြီး ကိုယ့်ကိုယ်ကိုယ် လွတ်အောင် လုပ်နေတာ မဟုတ်ဘူးလား။

မောင်နီ။ ။မဟုတ်ပါဘူး။

ရှေ့နေချုပ်ကြီး။ ။တရားသူကြီးထံ ဖြောင့်ချက်ပေးတယ်ဆိုရင် အရေးကြီးတာ မသိဘူးလား။

မောင်နီ။ ။ကျွန်တော် တောသားပါ။ မသိလို့ပါ။

ရှေ့နေချုပ်ကြီး။ ။ဖြောင့်ချက် ပေးချင်လို့ ပေးတာလား။

www.burmeseclassic.com

www.burmeseclassic.com



မောင်နီ။ ။ကျွန်တော်ကတော့ ဖြောင့်ချက်ပေးချင်တယ်လို့ မပြောပါ။ ပုလိပ်အရာရှိကြီးတွေက အခြား တရားခံတွေလည်း ဖြောင့်ချက်ပေးကုန်ပြီ။ ပြောလို့ ကျွန်တော်လည်း မှန်တာကို ပြောမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

ရှေ့နေချုပ်ကြီး။ ။တရားခံတွေက ဘယ်လိုထွက်ချက် ပေးကုန်ပြီလို့ ပြောသေးသလဲ။

မောင်နီ။ ။ဗိုလ်ချုပ်ကို လုပ်ကြံတဲ့အကြောင်းတွေကို ဖွင့်ပြောကုန်ပြီလို့သာ ပါးစပ်နဲ့ ပြောပါတယ်။ အသေးစိတ်ပြီး ပုလိပ်အရာရှိတွေက မပြောပါ။

ဘင်နက်။ ။တရားခံဟာ အစိုးရရှေ့နေချုပ်ကြီးဘက် ငုံ့ပြီး ကြည့်ကြည့် ပြောနေပါတယ်။

ဦးချွန်မောင်း။ ။သည်လို ပြောပုံကို ကျွန်တော်တို့ ကန့်ကွက်ပါတယ်။

ဘင်နက်။ ။ခင်ဗျားတို့ကို စွပ်စွဲတာ မဟုတ်ဘူး။

ရှေ့နေချုပ်ကြီး။ ။ထိုနေ့က မင်းထရပ်ကားနဲ့ သွားခြင်းဟာ တရားသဖြင့် သွားတာပဲလို့ အောက်မေ့ပါသလား။

မောင်နီ။ ။သွားရိုးသွားစဉ်ပဲလို့ ယူဆမိတယ်။

ရှေ့နေချုပ်ကြီး။ ။ခြောက်လုံးပြူး ယူသွားတာ ဘာသဘောလဲ။

မောင်နီ။ ။ဦးစောနဲ့ လိုက်ကြတဲ့အခါ သည်လိုပဲ ခြောက်လုံးပြူး သေနတ်ကိုင်သွားလေ့ ရှိပါတယ်။

ရှေ့နေချုပ်ကြီး။ ။ထိုနေ့က ဦးစောမင်းတို့နဲ့ မပါဘူး။ မဟုတ်လား။

မောင်နီ။ ။မပါပါဘူး။

ရှေ့နေချုပ်ကြီး။ ။မောင်စိုးက မင်းတို့ လိုလိုမယ်မယ် ခြောက်လုံးပြူး ယူသွားဆိုတာ ဘာလဲ။

မောင်နီ။ ။ဦးစောဟာ နန်းရင်းဝန်ဖြစ်တော့ သူရဲ့ တပည့်တွေလည်း သေနတ်ကိုင်ခွင့်ရတယ်လို့ ယူဆပါတယ်။

ရှေ့နေချုပ်ကြီး။ ။မင်း ဖြောင့်ချက်ထဲမှာ အောင်ပြီ…အောင်ပြီ ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



စကားမပါဘူး။

**မောင်နီ။** ။မပါတာ မှန်ပါတယ်။ သည်စကားကို ထည့်မပြောရခြင်းဟာလည်း ဦးစောကို ကာကွယ်ဖို့ရယ် မဟုတ်ပါဘူး။ မေ့နေ လို့ မထည့်မိတာပါ။ ပြီးတော့လည်း လူသတ်လာတဲ့ အကြောင်းတွေ ပြောနေကြတော့ အောင်ပြီဆိုတဲ့ စကားဟာ ပိုပြီး အရေးကြီးတယ်လို့ ယူဆပါတယ်။

**ရှေ့နေချုပ်ကြီး။** ။အောင်ပြီ...အောင်ပြီဆိုတဲ့ စကားဟာ အရေးမကြီးဘူးလား။

**မောင်နီ။** ။အရေးကြီးတယ်လို့ ကျွန်တော် မယူဆပါ။

**ရှေ့နေချုပ်ကြီး။** ။ဘညွှန့်နဲ့ ယောက်ဖ တော်တယ်ဆိုတယ်။ သည်အမှု အကြောင်း ပြောသလား။

**မောင်နီ။** ။သည်အမှုအကြောင်း ဘာမျှ မပြောပါဘူး။

**ရှေ့နေချုပ်ကြီး။** ။သည်တစ်သက်မှာ အင်မတန် အရေးကြီးတဲ့ ကိစ္စ အကြောင်းကို မပြောဘူးဆိုတာ မှန်သလား။

**မောင်နီ။** ။ကျွန်တော် အခြားအကြောင်းတွေကိုသာ ရယ်စရာ ပြောပါတယ်။ သည်အမှုအကြောင်းကိုတော့ မပြောပါဘူး။ ကျွန်တော့်ကို စပေးမယ့်လူမရှိဘဲ ဘယ်တော့မှ မပြောပါဘူး။ သမီး၊ ယောက်ဖလည်း သည်အမှုနဲ့ ပတ်သက်လို့ ဘာမှ မတိုင်ပင်ပါဘူး။

**ရှေ့နေချုပ်ကြီး။** ။ဘားလမ်း အချုပ်ခန်းမှာ ခင်မောင်ရင်နှင့်အတူ နေကြ တုန်းက ဦးစောအပေါ်ကို ပုံချမယ်လို့ တိုင်ပင်ကြသလား။

**မောင်နီ။** ။မတိုင်ပင်ပါဘူး။

**ရှေ့နေချုပ်ကြီး။** ။ဘယ်တော့ ဟုတ်မှန်တဲ့ အတိုင်း ထွက်ဆိုမယ်လို့ ဆုံးဖြတ်မလဲ။

**မောင်နီ။** ။ရုံးသို့ အမှုတင်ပြီး စစ်နေတုန်း မှန်တာထွက်ဆိုတော့မယ်လို့ ဆုံးဖြတ်တာ တစ်ပတ်လောက် ရှိပါပြီ။

**ရှေ့နေချုပ်ကြီး။** ။အခြားအမှုနှင့် ပတ်သက်၍ ရုံးရောက်ဖူးသလား။

www.burmeseclassic.com

www.burmeseclassic.com



မောင်နီ။ ။မရောက်ဖူးပါ။ ဂျပန်ခေတ်တုန်းကလည်း မရောက်ဖူးပါ။ ဘယ်တုန်းကမှ မရောက်ဖူးပါ။

ဦးစံဝင်း။ ။ဘာညွှန့်နှင့် စကားလှမ်းပြောသေးသလား။

မောင်နီ။ ။မပြောရပါဘူး။ ကိုစိန်နှင့် ကျွန်တော်က တစ်နေ့တည်းမှာပဲ ဖြောင့်ချက်ပေးကြတယ်။ ခင်မောင်ရင်က နောက်မှ ဖြောင့်ချက်ပေးပါတယ်။ တရားသူကြီးထံမှာ ဖြောင့်ချက်မပေးမီ ပုလိပ်အရာရှိတွေက ဘုန်းကြီးလမ်းမှာ ရေးယူကြပါတယ်။

ရှေ့နေချုပ်ကြီး။ ။ကြောက်လို့ ဖြောင့်ချက်ပေးရတာလား။

မောင်နီ။ ။မဟုတ်ပါဘူး။ ခင်မောင်ရင်တို့က ဖော်ကုန်ကြလို့ ဖော်ပြောရတာပါ။ သူတို့က မဖော်ရင် ကျွန်တော်လည်း ဖော်မယ် မဟုတ်ပါ။ ပုလိပ်နှိပ်စက်မှာလည်း မကြောက်ပါဘူး။ ပုလိပ်က လည်း မရိုက်ပါဘူး။

ရှေ့နေချုပ်ကြီး။ ။ခင်ဗျားနှင့် အခြားသူများရောပြီး ဗမာ့ခေတ် ဦးအုန်းခင်အား စာနဲ့ရေးပြီး တိုင်ဖူးသလား။

မောင်နီ။ ။ကျွန်တော့် လက်ရေးပါရင် သတ်ပစ်လိုက်ပါ။

နိုင်ငံတော် လုပ်ကြံမှုကြီးကို ဒီဇင်ဘာလ ၉ ရက်နေ့တွင် ဆက်လက် စစ်ဆေးရာ ယခင်စစ်ဆေးပြီးသော တရားလိုပြသက်သေ လေးဦးအား ထပ်မံ၍စစ်ဆေးလိုကြောင်း၊ ဘိလပ်ရှေ့နေ မစ္စတာ ကားတစ်ဘင်နက်က လျှောက်ထား တောင်းဆိုလေသည်။

ရှေ့နေချုပ်ကြီး။ ။ဦးစိန်မောင်ကိုလည်း မစ္စတာဗာတားနစ်က ကျေနပ်လောက်အောင် မေးမြန်းပြီးပါပြီ။ မလိုတော့ဘူးလို့ ယူဆပါတယ်။

ဦးစိဘူး။ ။ဟုတ်တယ်။ သည်လိုဆိုရင် အချိန် သိပ်ကြာနေမယ်။

ထို့နောက်မှ ခုံသမာဓိအဖွဲ့က ညှိနှိုင်းခွင့်ပြုသဖြင့် ခေါ်ယူစစ်ဆေးလေသည်။

ထို့နောက် သမာဓိ သတင်းစာတိုက် စာရင်းကိုင် ကိုစိန်မောင်ကို စတင် စစ်ဆေးလေသည်။ သက်သေများ စစ်ဆေးရာတွင် ဗမာဘာသာဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထွက်ဆိုချက်ကို ဘီလပ်ဝတ်လုံ နားလည်စေရန်အတွက် စကားပြန်တစ်ဦး စီစဉ်ပေးထားပါသည်။

**ကားတစ်ဘင်နက်။** ။ဇူလိုင် ၁၉ ရက်နေ့က နံပါတ် ရေးယူထားတဲ့ အကြောင်းကို ပုလိပ်လည်း တိုင်ပင်တယ်လို့ ထွက်ဆိုထားတယ်။

**ဦးစိန်မောင်။** ။ဟုတ်ပါတယ်။

**ကားတစ်ဘင်နက်။** ။ပုလိပ်နှင့် မတွေ့ခင် လက်ဖက်ရည်ဆိုင်ထဲမှာ တွေ့တဲ့ လူတွေကို ပြောနိုင်သလား။

**ဦးစိန်မောင်။** ။ကျွန်တော် လူလည်း မမှတ်မိပါ။ နာမည်လည်း မသိပါ။

**ကားတစ်ဘင်နက်။** ။ဆုငွေထုတ်ထားတဲ့ သတင်းကိုကြားလို့ ပုလိပ်ထံ သွားဖို့ဟာ သတိရှိသလား။

**ဦးစိန်မောင်။** ။ကြားမိပါတယ်။ ဆုငွေကိုတော့ ရည်ရွယ်ချက် မရှိဘဲ ပုလိပ်ထံသွားခြင်း ဖြစ်ပါတယ်။ ကျွန်တော်ဟာ အလုပ်များနေလို့ သွားချင်တဲ့စိတ် မရှိဘူး။ ရုတ်တရက်တွေ့ခြင်းသာ ဖြစ်ပါတယ်။

**ကားတစ်ဘင်နက်။** ။အဖြစ်အပျက် အကျိုးအကြောင်းကြားတော့ ခင်ဗျား မှတ်ထားတဲ့ ဂျစ်ကားနံပါတ်ဟာ လုပ်ကြံမှုကြီးမှာ အသုံးပြုတဲ့ ဂျစ်ကားလို့ ထင်ပါသလား။

**ဦးစိန်မောင်။** ။တစ်ထစ်ချ မထင်ပေမယ့် အဖြစ်အပျက်နဲ့ တိုက်ဆိုင်နေတယ်လို့ တွေးမိပါတယ်။

**ကားတစ်ဘင်နက်။** ။သည်လိုဆို ပုလိပ်ထံ ဘာကြောင့် ချက်ချင်းမသွားသလဲ။

**ဦးစိန်မောင်။** ။ကျွန်တော် စိတ်ဝင်စားခြင်း မရှိ။ ကြုံကြိုက်လို့သာ မှတ်ထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ပုလိပ်ထံကို သွားချင်တဲ့ အချိန် သွားခြင်းဖြစ်ပါသည်။

**ကားတစ်ဘင်နက်။** ။သည်လိုဆို နံပါတ် ဘာပြုလို့ ယူ်သလဲ။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစိန်မောင်။** ။ကျွန်တော်လာတဲ့ အချိန်မှာ သေနတ်သံလည်း ကြားရပြီး သည်ကားဟာလည်း ကူနွေ့ပျက်လာလို့ မှတ်ထား ခြင်းဖြစ်ပါတယ်။

**ကားတစ်ဘင်နက်။** ။ဦးစောကို ခင်ဗျား သိသလား။

**ဦးစိန်မောင်။** ။သိပါတယ်။

**ကားတစ်ဘင်နက်။** ။သူ့ရိယမှာ လုပ်ဖူးသလား။

**ဦးစိန်မောင်။** ။လုပ်ဖူးပါတယ်။

**ကားတစ်ဘင်နက်။** ။သည်တုန်းက ဦးစောဟာ ခေါင်းဆောင် လူကြီးလား။

**ဦးစိန်မောင်။** ။ကျွန်တော် လုပ်စဉ်က ဂျပန်ခေတ်မှာပါ။ ဦးစော မရှိသေးပါ။

**ကားတစ်ဘင်နက်။** ။ဦးစော ပြန်လာတော့ကော။

**ဦးစိန်မောင်။** ။ကျွန်တော် ဆက်လုပ်ပါတယ်။

**ကားတစ်ဘင်နက်။** ။မရှိးသားလို့ ဦးစောက ထုတ်ပစ်ဖူးသလား။

**ဦးစိန်မောင်။** ။မဟုတ်ပါဘူး။ ကျွန်တော့်ဟာ ကျွန်တော် ထွက်တာပါ။

**ကားတစ်ဘင်နက်။** ။ဦးဘကလေး မရိုးသားဘူးဆိုပြီး ထုတ်ပစ်တဲ့အထဲမှာ တွဲပြီး အပါအဝင် ခံရဖူးသလား။

**ဦးစိန်မောင်။** ။မဟုတ်ပါ။ ကျွန်တော်ထွက်လာတုန်းက ဦးစော သူ့ရိယမှာ မရှိတော့ဘူး။

**ကားတစ်ဘင်နက်။** ။ဦးစောက အလုပ်ထုတ်ပစ်တယ်လို့ ဆိုတယ်။

**ဦးစိန်မောင်။** ။လုံးလုံး မဟုတ်ပါဘူး။

**ကားတစ်ဘင်နက်။** ။ဘယ်နေ့လောက် ထွက်သလဲ။

**ဦးစိန်မောင်။** ။၁၉၄၇ ဇန်နဝါရီလလောက်ကပဲ။

**ကားတစ်ဘင်နက်။** ။ဘာကြောင့် ထွက်သလဲ။

**ဦးစိန်မောင်။** ။အလုပ်ပင်ပန်းပြီး နေမကောင်းလို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကားတစ်ဘင်နက်။ ။ချက်ချင်းပဲ ဦးဘကလေး အလုပ်ပေးသလား။

ဦးစိန်မောင်။ ။၁၅ ရက်လောက်ကြာမှ ခန့်ပါတယ်။

ကားတစ်ဘင်နက်။ ။အဲသည်တုန်းက ခင်ဗျား ကျွန်းမာပြီလို့ ဆိုနိုင်သလား။

ဦးစိန်မောင်။ ။ဦးဘကလေးဆီမှာ အလုပ်သက်သာတယ်။

ကားတစ်ဘင်နက်။ ။သူရိယမှာ မကျွန်းမာလို့ အလုပ်မလုပ်ရဘူး။ ဦးဘကလေးဆီကျတော့ ကျွန်းမာသလား။

ဦးစိန်မောင်။ ။သူရိယတိုက်မှာ တစ်နေ့လုံး ထိုင်ရတယ်။ ယခု သမာဓိမှာ အနားယူပြီး လုပ်ရလို့ ကျန်းမာရေး သက်သာခွင့် ရပါတယ်။

ကားတစ်ဘင်နက်။ ။သူရိယထွက်စဉ်က စာနဲ့ ရေးထွက်သလား။

ဦးစိန်မောင်။ ။သတိမရဘူး။

ကားတစ်ဘင်နက်။ ။ဦးစောက တင်ခိုင်းသလား။

ဦးစိန်မောင်။ ။ဦးစော သူရိယမှာမရှိဘဲနဲ့ဘယ့်နှယ်လုပ်ပြီး ဦးစော သိရမှာလဲ။

ကားတစ်ဘင်နက်။ ။သူရိယမှာ ဦးစော အစုစပ်တစ်ဝက်ကျော် ပိုင်တယ် ဆိုတာ သိပါသလား။

ဦးစိန်မောင်။ ။စာရင်းအရ သိပါတယ်။

ကားတစ်ဘင်နက်။ ။အခြား ဒါရိုက်တာ လူကြီးတစ်ဦးစီက ထွက်ခိုင်းလို့ ထွက်တာလား။

ဦးစိန်မောင်။ ။မဟုတ်ပါဘူး။

ကားတစ်ဘင်နက်။ ။ဦးဘကလေးနှင့် ဆွေမျိုးတော်သလား။

ဦးစိန်မောင်။ ။မတော်ပါဘူး။

ကားတစ်ဘင်နက်။ ။ဦးဘကလေးနှင့် ဦးစော မတည့်တာ သိသလား။

ဦးစိန်မောင်။ ။မသိပါဘူး။

ကားတစ်ဘင်နက်။ ။ဦးဘကလေးဟာ ဂျပန်ခေတ်မှာ ဒါရိုက်တာဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သလား။

ဦးစိန်မောင်။ ။ဟုတ်ပါတယ်။

ကားတစ်ဘင်နက်။ ။ဦးစော ပြန်လာတဲ့အခါမှာ ဦးဘကလေး ထွက်သွားရတာ။ ဦးစောကြောင့် ထွက်ရကြောင်း သိသလား။

ဦးစိန်မောင်။ ။ဦးစောကြောင့်ဆိုတာ မသိပါ။

ကားတစ်ဘင်နက်။ ။ဦးစော မြန်မာပြည် ပြန်ရောက်တော့ ဦးဘကလေး ထွက်သွားရတာ သိသလား။

ဦးစိန်မောင်။ ။ထွက်သွားရတာ ဟုတ်ပါတယ်။ ဦးစောကြောင့် မဟုတ်ပါ။

ကားတစ်ဘင်နက်။ ။ဦးစောက ဦးဘကလေးကို ငွေတွေကို လိမ်တယ်လို့ စွပ်စွဲဖူးသလား။

ဦးစိန်မောင်။ ။မသိပါဘူး။

ကားတစ်ဘင်နက်။ ။ဦးဘကလေးကို အလုပ်နဲ့ ပတ်သက်ပြီး လျှို့ဝှက်တဲ့သတင်း ပေးဖူးသလား။

ဦးစိန်မောင်။ ။မပေးဖူးပါဘူး။

ကားတစ်ဘင်နက်။ ။ဦးဘကလေးနဲ့ ခင်ဗျား ဘယ်သူ အလျှင်ထွက်သလဲ။

ဦးစိန်မောင်။ ။ဦးဘကလေး အလျှင်ထွက်တယ်။

ကားတစ်ဘင်နက်။ ။သူရိယသတင်းစာ အတွင်းရေးကို ပေးဖူးသလား။

ဦးစိန်မောင်။ ။ကျွန်တော်က ဘာမှ အရာရောက်တာ မဟုတ်လို့ ဘာသတင်းမှလည်း မရဘူး။ သတင်းလည်း မပေးဘူး။

ကားတစ်ဘင်နက်။ ။ဦးစောကကော သည်လို သတင်းပေးတယ်လို့ စွပ်စွဲဖူးသလား။

ဦးစိန်မောင်။ ။မစွပ်စွဲပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကားတစ်ဘင်နက်။ ။ဦးဘကလေး သူ့ရိုယက ထွက်သွားပြီးတဲ့နောက် လုပ်တဲ့အလုပ်က ဘာအလုပ်လဲ။

ဦးစိန်မောင်။ ။သတင်းစာ အလုပ်ပါပဲ။

ကားတစ်ဘင်နက်။ ။သူ့ရိုယနဲ့ အလုပ်တူပဲလား။

ဦးစိန်မောင်။ ။ဟုတ်ပါတယ်။

ကားတစ်ဘင်နက်။ ။ဦးဘကလေးကို သူ့ရိုယအတွင်းရေး သိသလောက် သတင်းမပေးတာ သေချာသလား။

ဦးစိန်မောင်။ ။သေချာပါတယ်။

ကားတစ်ဘင်နက်။ ။အသက် ဘယ်လောက်ရှိပြီလဲ။

ဦးစိန်မောင်။ ။၄၃နှစ် ရှိပါပြီ။

ကားတစ်ဘင်နက်။ ။ဦးဘကလေးကကော။

ဦးစိန်မောင်။ ။၆၀နှစ်လောက် ရှိပါပြီ။

ကားတစ်ဘင်နက်။ ။အခုနေတာဟာ ရင်းရင်းနှီးနှီးပဲလား။

ဦးစိန်မောင်။ ။အလုပ်သမားနဲ့ အလုပ်ရှင်လိုပဲ နေတယ်။

ကားတစ်ဘင်နက်။ ။ခင်ဗျားနဲ့ ဦးဘကလေးက သူ့ရိုယတိုက်က ငွေတွေကို အတူလိမ်တယ်ဆိုရင် ငြင်းမလား။

ဦးစိန်မောင်။ ။ငြင်းမှာပေါ့။ ဟုတ်မှမဟုတ်တာဘဲ။

ကားတစ်ဘင်နက်။ ။၁၉ ရက်နေ့က နံပါတ်ကို မရေးဘဲ နောက်မှ ရေးတာ မဟုတ်လား။

ဦးစိန်မောင်။ ။မဟုတ်ပါ။ ၁၉ ရက်နေ့က ရေးတာပါ။

ကားတစ်ဘင်နက်။ ။ခင်ဗျားကို ထုတ်ပစ်တဲ့ ဦးစောကို ကလဲ့စားချေဖို့ လုပ်တာ မဟုတ်လား။

ဦးစိန်မောင်။ ။မဟုတ်ပါဘူး။ ကျွန်တော်နဲ့ ဦးစော ဘာမှမဖြစ်ပါဘူး။

ကားတစ်ဘင်နက်။ ။၁၉ ရက်နေ့က လူတွေ အများကြီးလား။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစိန်မောင်။** ။ကျွန်တော် မှတ်စဉ်က ပြေးထွက်လာတာ လေး-ငါး-ခြောက်ယောက်နဲ့ သွားနေသူ လေး-ငါး-ခြောက်ယောက် ရှိပါတယ်။

**ကားတစ်ဘင်နက်။** ။အတွင်းဝန်ရုံးနဲ့ မျက်နှာချင်းဆိုင်မှာ ဆိုင်ရှိသလား။

**ဦးစိန်မောင်။** ။ဒါလပဟိုစီဘက်မှာ ရှိတယ်။

**ကားတစ်ဘင်နက်။** ။စပါတ်လမ်းထဲမှာ အိမ်နှင့်ဆိုင် ရှိသလား။

**ဦးစိန်မောင်။** ။ရှိပါတယ်။

**ကားတစ်ဘင်နက်။** ။အဲသည်အခါ အခြားလူ ရှိသလား။

**ဦးစိန်မောင်။** ။ရှိပါတယ်။ ပြေးလွှားနေကြတယ်။

**ရှေ့နေချုပ်ကြီး။** ။ဇူလိုင်လ ၂၃ ရက်နေ့၊ ၂၄ ရက်နေ့က သတင်းပေးတဲ့ လူတွေကို ပုလိပ်အကြောင်းကြားရန် ပြောတဲ့အခါမှာ ဝန်ကြီးတွေကို သတ်တဲ့လူတွေကို သိမလား။

**ဦးစိန်မောင်။** ။မသိပါဘူး။

## ဦးဘကလေး၏ ထွက်ဆိုချက်

**ကားတစ်ဘင်နက်။** ။လုပ်ကြံမှုမှာ သတင်းထောက်များ သတင်းပေးတာ မှတ်မိသလား။

**ဦးဘကလေး။** ။မှတ်မိပါတယ်။

**ကားတစ်ဘင်နက်။** ။သူ့ရိုယမှာတုန်းက ဘာလုပ်သလဲ။

**ဦးဘကလေး။** ။မန်နေဂျင်း ဒါရိုက်တာ။

**ကားတစ်ဘင်နက်။** ။သည်တုန်းက ဦးစောဟာ အစုတစ်ဝက်ပိုင် အုပ်ချုပ်တယ်ဆိုတာ မှန်သလား။

**ဦးဘကလေး။** ။မဟုတ်ပါဘူး။

**ကားတစ်ဘင်နက်။** ။ဘယ်တုန်းက ထွက်သလဲ။

**ဦးဘကလေး။** ။၁၉၄၆ ခု ဇွန်လ ၃၀ ရက်နေ့က ထွက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကားတစ်ဘင်နက်။ ။ငွေလိမ်လို့လား။

ဦးဘကလေး။ ။မဟုတ်ပါဘူး။

ကားတစ်ဘင်နက်။ ။ဦးစောနဲ့ မသင့်ဘူးလား။

ဦးဘကလေး။ ။အလွန် ခင်ပါတယ်။

ကားတစ်ဘင်နက်။ ။ဦးစောက ငွေအကြောင်း စွပ်စွဲဖူးသလား။

ဦးဘကလေး။ ။မစွပ်စွဲဖူးပါ။

ကားတစ်ဘင်နက်။ ။ဦးစော အဖေကကော။

ဦးဘကလေး။ ။မစွပ်စွဲဖူးပါ။

ကားတစ်ဘင်နက်။ ။ဦးဘိုးကျူးက ဦးစောအဖေ မဟုတ်လား။

ဦးဘကလေး။ ။ဟုတ်ပါတယ်။ သေပြီ။

ကားတစ်ဘင်နက်။ ။ခင်ဗျားတူ ဦးဘတင်ကော အလုပ်လုပ်ဖူးသလား။

ဦးဘကလေး။ ။လုပ်ဖူးပါတယ်။

ကားတစ်ဘင်နက်။ ။ဘယ်တုန်းကလဲ။

ဦးဘကလေး။ ။၁၉၂၄ ခုနှစ်ကပါ။

ကားတစ်ဘင်နက်။ ။ဦးစောအဖေက ခင်ဗျားကို လူလိမ်လို့ စွပ်စွဲတာ မှန်သလား။

ဦးဘကလေး။ ။မမှန်ပါ။ မစွပ်စွဲဖူးပါ။

ကားတစ်ဘင်နက်။ ။ဦးစောအဖေကို တောင်းပန်ရဖူးသလား။

ဦးဘကလေး။ ။မဟုတ်ပါ။

❖

www.burmeseclassic.com

www.burmeseclassic.com



## လုပ်ကြံရန်မှာ ဦးစောအကြံဟုဆိုပုံ

### မောင်ဘညွန့်ထံမှာ စ,ပေါ်

သမာဓိ သတင်းစာတိုက်ပိုင်ရှင် ဦးဘကလေးအား စစ်ဆေးပြီးနောက် ရာဇဝတ်ဝန်ကလေး သက်သေ ဦးသိန်းအုန်းအား ဆက်လက်စစ်ဆေးလေသည်။ ၄င်းက ထွက်ဆိုသည်မှာ- စုံထောက်အရာရှိ မောင်ကျော်စိန်ကို ၄င်းစစ်ဆေးခဲ့ပါသည်။ သက်သေ မစ္စတာခန်းကို ဇူလိုင်လ ၂၅ ရက်နေ့က စစ်ဆေးခဲ့ပါသည်ဟု ထွက်ဆို၏။

ထို့နောက် သက်သေ မောင်ဘညွန့်ကို ဆက်လက်စစ်ဆေး မေးမြန်း၏။

**ကားတစ်ဘင်နက်။** ။ ပထမဦးဆုံး ဦးစောကို ဘယ်လောက်မှာ စသိခဲ့သလဲ။

**ဘညွန့်။** ။ ဖေဖော်ဝါရီ လလောက်မှာ သိပါတယ်။

**ကားတစ်ဘင်နက်။** ။ အလျင်ကကောသိသလား။

**ဘညွန့်။** ။ သိပါတယ်။

**ကားတစ်ဘင်နက်။** ။ စစ်မဖြစ်ခင် ကတည်းက ဘညွန့်ကို သိသလား။

**ဘညွန့်။** ။ ကျွန်တော် အသက် ၂၀ လောက်က မြင်ဖူးပါတယ်။ ကျွန်တော့်ကို ဦးစောသိတာ ဖေဖော်ဝါရီလလောက်က သိပါတယ်။ ဦးစောအတွက်တော့ အဖေက ရွေးကောက်ပွဲမှာ ဆောင်ရွက်ပေးဖူးပါတယ်။

**ကားတစ်ဘင်နက်။** ။ နိုင်ငံရေးကို စိတ်ဝင်စားပါသလား။

**ဘညွန့်။** ။ စိတ်ဝင်စားပါတယ်။

**ကားတစ်ဘင်နက်။** ။ အလျှင် အစစ်ခံတုန်းက ဦးစောနေရာမှာ မျိုးချစ်ပါတီက လူငယ်တစ်ယောက်ဆိုရင် ကောင်းမယ်လို့ ပြောဖူးပါသလား။ မောင်ဘညွန့် တင်ဖို့ကော စိတ်ကူးသလား။ တစ်ယောက် ယောက်တင်ဖို့ စိတ်ကူးသလား။

www.burmeseclassic.com

www.burmeseclassic.com



**ဘညွန့်။** ။ မကူးပါဘူး။

**ကားတစ်ဘင်နက်။** ။ မျိုးချစ်ခေါင်းဆောင်ကို အကြံပေးစဉ်က မောင်ဘညွန့်ဟာ မျိုးချစ်အဖွဲ့ ဝင်စရှိသေးတယ် မဟုတ်လား။

**ဘညွန့်။** ။ မှန်ပါတယ်။

**ကားတစ်ဘင်နက်။** ။ ဦးစော သေနတ်ပစ်ခံရတာ သိသလား။

**ဘညွန့်။** ။ သိပါတယ်။

**ကားတစ်ဘင်နက်။** ။ ဦးစောကို သေနတ်နဲ့ပစ်တာဟာ ဦးအောင်ဆန်းရဲ့ လူများ ဖြစ်တယ်ဆိုတာ ထင်သလား။

**ဘညွန့်။** ။ ယူဆပါတယ်။

**ကားတစ်ဘင်နက်။** ။ ဦးစော နိုင်ငံရေးဆောင်ရွက်တာဟာ အေးအေး ဆေးဆေး လုပ်တယ်ဆိုတာ သိသလား။

**ဘညွန့်။** ။ ဒါကို ဘယ်နည်းနဲ့မှာ မသိနိုင်ပါ။

**ကားတစ်ဘင်နက်။** ။ ဦးစောက လက်နက်စုဆောင်းခိုင်းတာဟာ သူများကို ရန်ရှာဖို့မဟုတ်၊ သူ့အဖွဲ့ကို ရှိသေအောင် စုဆောင်းခိုင်းတာ မဟုတ်လား။

**ဘညွန့်။** ။ သူ၏ နောက်ဆုံးရည်ရွယ်ချက်ကို မသိပါ။

**ကားတစ်ဘင်နက်။** ။ လက်နက်စုဆောင်းတာက လူကို သေအောင် လုပ်တာလို့ မပြောနိုင်ဘူးလား။

**ဘညွန့်။** ။ မပြောတတ်ဘူး။

**ဘင်နက်။** ။ သူ့အိမ်မှာသူ့ကိုထောက်ခံတဲ့ လူများလာရင် လက်ခံတယ်မဟုတ်လား။

**ဘညွန့်။** ။ လက်ခံပါတယ်။

**ဘင်နက်။** ။ လွန်ခဲ့တဲ့ ဖေဖော်ဝါရီလလောက်က ဦးအောင်ဆန်း ကို သုတ်သင်ဖို့ ဦးစောကို အကြံဉာဏ်ပေးဖူး သလား။

www.burmeseclassic.com

www.burmeseclassic.com



ဘညွန့်။ ။ မပေးဖူးပါဘူး။

ဘင်နက်။ ။ သည်လိုအကြံပေးတာကို ဦးစောကသည်လို မလုပ်နဲ့၊ အဖွဲ့ပျက်လိမ့်မယ်လို့ မပြောဘူးလား။

ဘညွန့်။ ။ မပြောပါဘူး။

ဘင်နက်။ ။ ဦးစောက မျိုးချစ်ပါတီဟာ တိုးတက်နေတယ်လို့ ပြောဖူးသလား။

ဘညွန့်။ ။ ပြောဖူးပါတယ်။

ဘင်နက်။ ။ လွန်ခဲ့တဲ့ ဇွန်လက ဦးအောင်ဆန်းကို လုပ်ကြံဖို့ထပ်ပြီးအကြံပေးဖူးသလား။

ဘညွန့်။ ။ မပေးပါဘူး။

ဘင်နက်။ ။ သည်အကြံကို ဦးစောက ငြင်းပြီး ဒုက္ခရောက်လိမ့်မယ်လို့ပြောဖူးသလား။

ဘညွန့်။ ။ မပြောဘူးပါ။

ဘင်နက်။ ။ မင်းက ကျွန်တော် ဒုက္ခမရောက်နိုင်ဘူး၊ အခြားလူတွေပေါ်ရောက်အောင်လို့ ကျွန်တော် ကာကွယ်မယ်လို့ ပြောဖူးသလား။

ဘညွန့်။ ။ မပြောခဲ့ဘူးပါ။

ဘင်နက်။ ။ စောရန်နောင်ကို သိသလား။

ဘညွန့်။ ။ မသိပါ။

ဘင်နက်။ ။ ဦးအောင်ဆန်းကိုသတ်ဖို့ စောရန်နောင်နဲ့ တိုင်ပင်ဖူးသလား။

ဘညွန့်။ ။ မတိုင်ပင်ဘူးပါ။

ဘင်နက်။ ။ လှမြတ်စိုးကို သိသလား။

ဘညွန့်။ ။ သိပါတယ်။

ဘင်နက်။ ။ ဦးအောင်ဆန်းကို သတ်ဖို့ လှမြတ်စိုးကို ပြောဖူးသလား။

www.burmeseclassic.com

www.burmeseclassic.com



**ဘညွန့်။** ။ မပြောဘူးပါ။

**ဘင်နက်။** ။ မင်းလှက မောင်ကျော်စိန်ကို သိသလား။

**ဘညွန့်။** ။ သိပါတယ်။

**ဘင်နက်။** ။ ဦးအောင်ဆန်းကို သတ်ဖို့ ကျော်စိန်နှင့် တိုင်ပင်ဖူးသလား။

**ဘညွန့်။** ။ မတိုင်ပင်ဘူးပါ။

**ဘင်နက်။** ။ သည်လိုပြောတော့ ကျော်စိန်က ဦးစောကို တိုင်ပင်ပါဦးလို့ ပြောတယ် မဟုတ်လား။

**ဘညွန့်။** ။ မပြောပါ။

**ဘင်နက်။** ။ ဦးအောင်ဆန်းတို့ကို သတ်ဖို့ အကြံအစည်ဟာ မောင်ဘညွန့်ကစပြီး ပေါ်ထွက်လာတာပါ၊ ဦးစောမသိဘူး ပြောတယ်။

**ဘညွန့်။** ။ မဟုတ်ပါ။

**ဘင်နက်။** ။ အခြားသူများကကော အကြံအစည်ရှိသလား။

**ဘညွန့်။** ။ မရှိပါဘူး။ ဦးစောဝင်းထဲမှာပဲ အဖမ်းခံရပါတယ်။

**ဘင်နက်။** ။ ညှဉ်းပန်းနှိပ်စက်ခြင်း ခံရသေးသလား။ တစ်စုံတစ်ယောက်က မေးတာဟာ နှိပ်စက်ညှဉ်းပန်းခြင်း မဟုတ်ဘူးလား။

**ဘညွန့်။** ။ မဟုတ်ပါဘူး။

**ဘင်နက်။** ။ ဇူလိုင် ၃၀ ရက်နေ့မှာ ပုလိပ်သုံးယောက် လာမေးသလား။

**ဘညွန့်။** ။ တစ်ယောက်တည်းပါ။ နောက်မှ သုံးယောက် ရောက်လာပါတယ်။ သုံးယောက်ပြိုင်တော့ မမေးပါ၊ စိတ်လဲမဆိုးပါ၊ ဖြေတတ်တဲ့ မေးခွန်းတွေ မေးလို့ပါ။

**ဘနက်။** ။ ဘာကို နှိပ်စက်တယ်လို့ထင်သလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘညွန့်။ ။ မထင်ပါ၊ စိတ်တော့ ရှုပ်တာပဲ၊ ဘယ်သူကမှလဲ မတိုက်တွန်းပါ၊ ဘယ်သူကမှ ဦးစောကို ပုံချရန် မပြောပါ၊ အခြားသူကို ပုံချရင် သက်သာမယ်လို့ မထင်ပါ၊ ဖြောင့်ချက်ပေးမယ့် အပြစ်ရှိရင် သေဒဏ်ခံရမယ်ဆိုတာ သိပါတယ်။ ယခု အစိုးရသက်သေဖြစ်နေတော့ ဝမ်းသာပါတယ်။

ဘနက်။ ။ သည်လိုပဲ ထွက်ချက်ပေးပြီး သက်သေဖြစ်တော့မယ်ဆိုတာ ဘယ်တုန်းက ပြောသလဲ။

ဘညွန့်။ ။ စက်တင်ဘာ ၂၃ရက်နေ့လောက်က စာရေးပိုင်က ပြောပါတယ်။ အိုးသည်ကုန်းကို ၁၆ ရက်နေ့က ပြန်သွားပြီး ဦးစောအိမ်ကို ၁၈ ရက်နေ့ရောက်ပါတယ်။ အိုးသည်ကုန်းကို ဦးစောခိုင်းလို့ ယမ်းတောင့်တွေ၊ ကျည်ဆန်အိတ်တွေကို အုတ်ဖိုနဲ့ ကြို့ပင်ကောက် ခွဲပေးရန်နှင့် ကြို့ပင်ကောက်က ဘရင်းဂန်း ကျည်အိတ်တွေကို အိုးသည်ကုန်းနှင့် အုတ်ဖိုမျှပေးဖို့ အစီအစဉ်အတွက် သွားရတာပါ။

ဘနက်။ ။ ဦးစော မှာလိုက်တာ ရက်အကန့်အသတ် မရှိဘူးလို့ ပြောတယ်။

ဘညွန့်။ ။ ဦးစောက ၁၈ရက်နေ့ ပြန်လာရမယ်လို့ မှာလိုက်တယ်၊ ၁၈ရက်နေ့ပြန်လာလို့ ကားပေါ်က ဆင်းတာနဲ့ တစ်ပြိုင်နက် ဦးစောနဲ့တွေ့ပါတယ်။ အဲသည်နေ့က ဦးစောမာမာချာချာပဲ၊ ၁၉ရက်နေ့မှာလဲ ကျန်းမာပါတယ်။ မမာဘူးဆိုတာ မဟုတ်ပါဂျစ်နှစ်စီးဟာ အမြဲရပ်ထားလေ့ရှိပါတယ်။

ဘင်နက်။ ။ ၁၉ ရက်နေ့ နံနက် ထရပ်ကားပေါ် တက်တုန်းက လမ်းပေါ်မှာ ရပ်သေးသလား။

ဘညွန့်။ ။ဝင်းဝမှာ ရပ်ရပါတယ်။ ရပ်တော့ ရပ်တာပဲ။ ဘာကြောင့်ဆိုတာ သတိမထားမိဘူး။ ဦးစောက ဆင်ဝင်နားမှာ စကားပြောဖူးပါတယ်။ ကျွန်တော်က အခြားဝန်ကြီးတွေကို ပစ်ခတ်သံကြားရင် သခင်နုကို ပစ်ဖို့အစီအစဉ် ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဘင်နက်။** ။ စဉ်းစားကြည့်တော့ မောင်ဘညွန့် ဆောင်ရွက်ရမှာက အတော်ပဲ မိုက်တဲ့လူ ဖြစ်မနေဘူးလား။

**ဘညွန့်။** ။ မဟုတ်ပါဘူး။ ဂျစ်ကားက သည်အချိန်မှာ ကျွန်တော့်အနားမှာရှိနေပါတယ်။ မိုက်တာ မဟုတ်ဘူး။ ကျွန်တော်က ဂျစ်ကားပေါ် အလျင်တက်ရမယ်။ ပြီးတော့မှ အပေါ်ကလူတွေကို စောင့်တင် ရမယ်။ မီးခိုးထွက်နေတဲ့ သေနတ်ကိုကိုင်ပြီး စောင့်ရမှာပဲ။

**ဘင်နက်။** ။ သည်လို ပြန်စဉ်းစားကြည့်တော့ လိမ္မာတဲ့အကြံ အစည်လား။

**ဘညွန့်။** ။ ကျွန်တော်က ကားပေါ်အလျင်ရောက်မှာပဲ။

**ဘင်နက်။** ။ ပစ်ဖို့ ခတ်ဖို့ လုပ်ကြံဖို့ဟာ ဘယ်သူ့အကြံ အစည်လဲ။

**ဘညွန့်။** ။ ဦးစောအကြံအစည်ပါ။ ဦးစောထံမှာရှိပြီး သတ်ဖို့ သွားတဲ့ နေရာမှာ ခေါင်းဆောင်မရှိပါ။ အတွင်းဝန်ရုံမဝင်မီ သခင်နုရုံးခန်းသို့ သွားပါတယ်။

ဇူလိုင် ၁၈ ရက်နေ့ မတိုင်မီက သတင်းရပါတယ်။ တစ်လခွဲလောက်ကစပြီး သခင်နုရုံးခန်းနေရာကို သတင်းစာထဲပါလို့ သိပါတယ်။ သွားမကြည့်ဘူးပါ။ (၁) သခင်နုကို မတွေ့လို့၊ (၂) ယခင်ကျေးဇူးရှိလို့ မပစ်ဘူး။

**ဘင်နက်။** ။ နှစ်ခုစလုံး မမှန်နိုင်ဘူး။

**ဘညွန့်။** ။ နှစ်ခုစလုံးမှန်တယ်၊ မူလဖြောင့်ချက်အတိုင်းပဲ၊ နောက်ဟာက ပိုပြီး မှန်တယ်။

**ဘညွန့်။** ။ လုပ်ကြံမှုကြီးမှာ ဦးစော သက်ဆိုင်တယ်၊ ဦးစော ခိုင်းတယ်လို့ ပြောတာတွေက မုသားပြောတာလို့ မဆိုနိုင်ဘူးလား။

**ဘညွန့်။** ။ မဖြစ်နိုင်ဘူး။

**ဦးစံဝင်း။** ။ ဦးစောကလွဲလို့ ကျန်တရားခံတွေဟာ ဘားလမ်း အချုပ်ထောင်မှာ ရှိသလား။

www.burmeseclassic.com

www.burmeseclassic.com



**ဘညွန့်။** ။ ဟုတ်တယ်၊ ဘယ်သူနဲ့ဘယ်သူ တွဲထားတယ် မသိပါဘူး၊ ပုလိပ်ရိုက်တဲ့အကြောင်း စာနဲ့ ရေးတိုင်တယ်ဆိုတာ မသိပါဘူး၊ ရုံးစားရေးလုပ်စဉ်က ဖြောင့်ချက်ပေးတဲ့ တရားခံတွေ လွတ်တယ်ဆိုတာ ကြားဖူးပါတယ်၊ အစိုးရသက်သေဖြစ်ရင် လွတ်တယ်ဆိုတာ သိပါတယ်၊ ဖြောင့်ချက်မပေးမီက သည်အမှုပေါ်တော့ မယ်ဆိုတာ မတွေးမိပါ။

**ရှေ့နေချုပ်ကြီး။** ။ နိုင်ငံရေးမှာ စိတ်ဝင်စားတယ်ဆိုတာ ဘယ်တုန်း ကစိတ်ဝင်စားတာလဲ။

**ဘညွန့်။** ။ ၁၇-နှစ်၊ ၁၈-နှစ်လောက်ကပဲ။

**ဘင်နက်။** ။ ဦးစောပါတီထဲ မဝင်မီ အခြားပါတီထဲ ဝင်ဖူးသလား။

**ဘညွန့်။** ။ မဝင်ဘူးပါ၊ ဦးအောင်ဆန်းကိုယ်တိုင် မသိပါ၊ အခြားဝန်ကြီးတွေလည်း မသိပါ၊ မောင်ထွေးနှင့် ဦးအုန်းမောင်လည်း မသိပါ။

**ဘင်နက်။** ။ ပြည်သူ့ရဲဘော်အဖွဲ့ကို အာဃာတထားသလား။

**ဘညွန့်။** ။ မထားပါ။ ကိုစိုးကို ၁၂ နှစ်၊ ၁၃နှစ်သား လောက်သိပါတယ်၊ မှုန်ကြီးကို ၇ နှစ်သား လောက်က သိပါတယ်၊ အခြားလူတွေကို ဦးစောအိမ်ရောက်မှ သိပါတယ်။

**ဘင်နက်။** ။ ဦးစောက သူ့ကို ထောက်ခံတဲ့လူတွေလာရင် စားဖို့ နေဖို့အသင့်ရှိတယ်ဆိုတာ မှန်သလား။

**ဘညွန့်။** ။ မှန်ပါတယ်၊ အိမ်ဝင်းထဲကို သွားချင်တိုင်းသွားလို့ မရပါ၊ အပြင်က လူလာတဲ့အခါ တံခါးဝက မေးပြီး ဦးစောခွင့်ပြုမှ ဝင်ရပါတယ်။

**ဘင်နက်။** ။ ဂျစ်ကား အာရ်ဘီ-၉၈၃၁ ကို ဆင်ဝင်အောက် က လွှဲလို့အခြားနေရာ ထားသေးသလား။

www.burmeseclassic.com

www.burmeseclassic.com



ဘညွန့်။ ။ အများအားဖြင့် ဆင်ဝင်အောက်မှာပဲ ထားပါတယ်၊ မော်တော်ကားရုံထဲ ဘယ်တော့မှ သွင်းထားတာ မမြင်ပါ၊ ဇူလိုင် ၁၈ ရက်နေ့ ကားပေါ်က ဆင်းတာနဲ့ တစ်ပြိုင်နက်တည်း ဆင်ဝင်အောက်မှာ ဦးစောနဲ့တွေ့ပါတယ်၊ စကားလည်း ပြောရပါတယ်။

ဘင်နက်။ ။ မောင်ဘညွန့် လက်ထဲမှာ ရှိတဲ့ ယမ်းတောင့် အကြောင်းဘာပြောလိုသလဲ။

ဘညွန့်။ ။ အိုးသည်ကုန်းမှာ ရောက်နှင့်ပြီး ပစ္စည်းတွေပါ၊ သည်လက်နက်တွေဟာ ၁၇ မိုင်က ယူလာတဲ့ လက်နက်တွေ ဖြစ်ပါတယ်၊ သခင်နု အခန်းကိုလဲ ဂျပန်လက်ထက်က ဒေါက်တာဗဟန်နှင့်သား ကိုညွန့်မောင် ရုံးလုပ်တဲ့ နေရာဖြစ်တယ်ဆိုလို့ ကျွန်တော်သိပါတယ်။

ဘင်နက်။ ။ မျိုးချစ်ပါတီထဲ ဘယ်လိုရာထူးနဲ့ ဝင်ရသလဲ။

ဘညွန့်။ ။ ဘယ်လိုရာထူးမှ မရှိပါ၊ လူမြတ်စိုးဟာ မျိုးချစ်အဖွဲ့မှာအတွင်းရေးမှူးပါ၊ လုပ်ကြံမှုအတိုင်မီ ၁၀ ရက်လောက်ကစပြီး သိပါတယ်၊ မင်းလှက ကိုကျော်စိန်ဟာ အဖွဲ့ဝင်ဖြစ်တယ်လို့ ထင်တာပဲ၊ ကိုကျော်စိန်ကို ငါးနှစ်လောက်ကစပြီး သိပါတယ်၊ နောက်ဆုံး မတ်လလောက်မှာ တွေ့ပါတယ်၊ ဖြောင့်ချက်ပေးတဲ့နေ့အထိ ဦးစောနဲ့ မသင့်မတင့် မဖြစ်ဖူးပါ၊ ပစ်ပြီး ပြန်လာတော့ ဦးစော ထမင်းကိုပဲ စားကြပါတယ်။

ဘင်နက်။ ။ ၁၉ ရက်နေ့က ဆင်ဝင်အောက်မှာ ဂျစ်ကားဟာ မိုးတွင်းဖြစ်လို့ ထားတယ်ဆိုတာ မှန်ပါသလား။

ဘညွန့်။ ။ ဂိုထောင်ထဲမှာ ကားအပျက်ချည်းပဲ၊ ဂျစ်ကားကို ခဏ ခဏအသုံးပြုလို့ ဆင်ဝင်အောက်မှာ ထားတယ်။

ဘင်နက်။ ။ ဂိုထောင်ထဲမှာ တစ်ခါတလေမှ မမြင်ဖူးဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



**ဘညွန့်။** ။ထားတာ မမြင်ဖူးပါ၊ မျက်နှာချင်းဆိုင် အဆောက်အအုံမှာ ဖို့ဆင်ထရပ်ကား ရပ်ထားပြီး ဆင်ဝင်အောက်မှာ ဂျစ်ကား နှစ်စီးကို ကျွန်တော် ရောက်ကတည်းက အမြဲထားတာ တွေ့ရပါတယ်၊ မော်တော်ကားရုံနဲ့ အိမ်ကြားမှာ သစ်ပင်ပေါင်းပင်များ ရှိပါတယ်။ ဇူလိုင်လ ၁၉ ရက်နေ့ အတွင်းဝန်ရုံမသွားမီ ဂျစ်ကားနှစ်စီးဟာ ဆင်ဝင် အောက်မှာ ရှိတယ်။

**ဦးစံဝင်း။** ။ဘညွန့် မိန်းမဟာ မောင်နီ့ နှမလား။

**ဘညွန့်။** ။မောင်နီရဲ့ နှမဝမ်းကွဲပါ၊ ပုလိပ်က ကာကွယ်ပေးထားပါတယ်။ ကျွန်တော့်မိန်းမကို ဘာမှမပေးပါ၊ ကျွန်တော့် မိန်းမ ဘယ်မှာနေတယ်ဆိုတာ မပြောတာက ကြောက်လို့ ပုန်းနေတာကို မဖော်ချင်လို့ပါ။

❖

## ဦးစောက ဘာမှမသိဟု အစစ်ခံပုံ

## တရားခံဦးစော ရှေ့နေမစ္စတာ

## ကားတစ်ဘင်နက် လျှောက်ချက်

ပထမ တရားခံ ဦးစော၏ ရှေ့နေ ဘိလပ်ဝတ်လုံ မစ္စတာကားတစ်ဘင်နက်က သူ၏ တရားခံအား သက်သေခန်းသို့ ခေါ်ယူစစ်ဆေးခြင်း မပြုမီ အနည်းငယ် လျှောက်ထားလိုကြောင်း ခွင့်တောင်း၍ ခုံတရားသူကြီးများက ခွင့်ပြု၏။

မစ္စတာဘင်နက်ကပြောသည်မှာ မြန်မာပြည်ကြီးသည် လွတ်လပ်ရေးကို ရတော့မည့် အချိန်မှာ မိမိသည် မိုင်ပေါင်း ၈၅၀၀၀ ဝေးသော နေရာမှ ဤနေရာဒေသသို့ ရောက်လာရ၍ လွတ်လပ်ရေးကြီးနဲ့ ကြုံကြိုက်တဲ့အတွက် ကံကောင်းသည်ဟု ပြောပါရစေ။ မိမိကိုယ်တိုင်လည်း အလွန်ဝမ်းသာမိပါသည်။ နိုင်ငံရေးကိစ္စများ ပါဝင်သည့် အမှုတစ်ခုကို ဂျူတီသမားမဲ့ တရားသူကြီးများပါသော စစ်ဆေးမှုကြီး ပြုလုပ်ခဲ့လျှင် အမျိုးမျိုး ဖြစ်နိုင်ပါကြောင်း၊ ဤခုံ တရားရုံးတော်မှာရှိသော ပုဂ္ဂိုလ်ကြီး သုံးဦးကလည်း

www.burmeseclassic.com



ဝတ်လုံတော်ရကြီးများဖြစ်သော တရားသူကြီးများ ဖြစ်ကြလို့ တရားမှန်ကို ရနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ယခု အမှုကြီးသည် ဖြစ်တတ်သော အမှုကြီးဖြစ်၍ ခြုံပြီး မစဉ်းစားဘဲ တစ်ယောက်စီ တစ်ယောက်စီပေါ်မှာ အပြစ်ရှိမရှိ အထူးစဉ်းစား စေလိုပါသည်။ မိမိအဖို့မှာဆိုလျှင် သူတကာကို ချောက်မတွန်းလိုပါ။ သူများ၏ ကိစ္စကိုလည်း ဝင်ပြီး မစွက်ဖက်လိုပါ။ ယခု အမှုကြီးမှာ ဦးစောအတွက်သာလျှင် ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

အခုရုံးတော်ကြီးက စဉ်းစားစရာရှိသော ကိစ္စများမှာ ထိုလုပ်ကြံမှု ကြီးကို ဦးစောပဲ လုပ်သလား၊ ဦးစော၏ အိမ်ကလူတွေကပဲ လုပ်သလား ဆိုတာ စဉ်းစားစရာ ရှိပါသည်။ ၎င်းအပြင် သည်လူတွေကို ဆက်လက် ဖမ်းဆီးပြီး ချောက်ချထားတာ ဖြစ်မလားလို့ စဉ်းစားစရာလည်း ရှိပါသည်။

## ကမ္ဘာက စောင့်စားကြည့်ရှုမယ်

ဘယ်နိုင်ငံ ဘယ်တိုင်းပြည်မှာမှ ယခုလိုအမှုမျိုး မဖြစ်ခဲ့ပါဘူး။ ယခု ဤရုံးတော်က စီရင်ချက်ကိုလည်း ကမ္ဘာကစောင့်၍ ကြည့်ရှုကြ မည် ဖြစ်ပါသည်။ သို့အတွက် ကမ္ဘာက စောင့်ကြည့်မည့် စီရင်ချက်ဖြစ်လို့ မှန်ကန် တရားသော ဆုံးဖြတ်ချက်ကို ရလိမ့်မည်ဟု ယူဆပါသည်။

အင်္ဂလိပ်ရာဇဝင်ကို ကိုးကား၍ ပြောရမည်ဆိုလျှင် ဒုတိယမြောက် ဟင်နရီ ဘုရင်က အင်္ဂလိပ် သာသနာပိုင်တစ်ပါး ရှိပါသည်။ ၎င်းဂိုဏ်းချုပ် သည် အမြဲတမ်း ဘုရင်အား ဒုက္ခပေးတတ်ပါသည်။ သို့အတွက် ဘုရင်ကြီး လည်း ညည်းညူမိသတဲ့၊ သာသနာပိုင် ဂိုဏ်းချုပ်ကြီးသည် မိမိအား အမြဲတမ်း ဆန့်ကျင်ဘက် လုပ်နေတယ်ဟု ပြောလိုက်မိတော့ ဘုရင့်ရဲ့ လက်ပါးစေများက ဘုရင်မင်းမြတ်ကို အသိမပေးဘဲ ဂိုဏ်းချုပ်ကြီးကို ဓားနဲ့ ခုတ်သတ်ခဲ့ပါတယ်၊ ယခု အမှုကြီးမှာလည်း ဘုရင်မင်းမြတ်နှင့် သာသနာပိုင်လို ဖြစ်နေပါသည်။

## စဉ်းစားစရာ အချက်ကြီး သုံးချက်

ဦးစောနှင့်ပတ်သက်၍ အချက်ကြီး သုံးချက် တင်ပြလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ ဖြောင့်ချက်ပေးသူ ဘညွန့်နှင့် ဖြောင့်ချက်ကို မရုပ်သိမ်းသော တရားခံ လေးယောက်တို့သည် သူတို့၏ ဖြောင့်ချက်ကို ထောက်ထားခြင်းအားဖြင့် ယုံကြည်လောက်ဖွယ်ရာ မရှိပါကြောင်း။

၂။ ကပ္ပတိန်ခန်းနှင့် ၄င်း၏ဝင်းထဲမှ စောင့်သူများ၏ စောင့်ကြည့်ပုံ၊ မြင်ရပုံတို့သည် မဖြစ်နိုင်ပါ၊ ထိုနေရာမှာ သေချာစွာ ကြည့်မည်ဆိုလျှင် တွေ့ရပါလိမ့်မည်။

၃။ ဦးစော ကိုယ်တိုင် မသိဘဲနှင့် အခြားသူများ လုပ်ကြံသည့်အမှုလည်း ဖြစ်နိုင်သည့်အတွက်ကြောင့် ထိုအမှုကို ကျွန်တော်က ဖွင့်ရပါကြောင်း၊ ထို့ကြောင့် ဦးစောသည် ယခုအမှုနှင့် ပတ်သက်ပြီး ဘာမျှမသိရပါ၊ အကြံအစည် ပြုရာလည်း မသိကြောင်းများကို ဖော်ထုတ် ပြောဆိုရပါလိမ့်မည်ဟု လျှောက်တင်၏။

## ပထမတရားခံ ဦးစော၏ ကျမ်းကိုင် ထွက်ဆိုချက်

ပထမတရားခံ ဦးစောအား သက်သေခံရုံးခန်းသို့ ခေါ်ပြီး ကျမ်းကိုင် စစ်ဆေးရာ အသက် ၄၈ နှစ်ရှိပြီဖြစ်သော ဦးစောက အင်္ဂလိပ်ဘာသာဖြင့် ထွက်ဆိုသွား၏။

**ဘင်နက်။** ။ နိုင်ငံရေး လိုက်စားတာ ဘယ်လောက်ကြာပြီလဲ။

**ဦးစော။** ။ အနှစ် ၃၀ နီးပါးရှိပါပြီ။ မျိုးချစ်ပါတီမှာ ခေါင်းဆောင်ဖြစ်ပါတယ်၊ မကြာမီက (၁၉၄၇- ဇန်နဝါရီလ) က ဘိလပ်သို့ အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦးအဖြစ် ဘိလပ်အစိုးရနှင့် သဘောတူညီချက်တစ်ခုအတွက် ဆွေးနွေးရန် လာပါသည်။

မြန်မာပြည်သို့ ဇန်နဝါရီလ ကုန်လောက်တွင်ပြန်လာပြီး မျိုးချစ်ပါတီကို ပြန်လည် စည်းရုံးရေးအတွက် အားထုတ်ပါသည်။ ဘိလပ်သွားအစိုးရအဖွဲ့တွင် ဗိုလ်အောင်ဆန်းဟာ ခေါင်းဆောင်ဖြစ်ပါတယ်။ နိုင်ငံရေးတွင် အကြမ်းဖက်လုပ်လျှင် အောင်မြင်မည်ဟု မယုံကြည့်ပါ၊ ၁၉၄၆ စက်တင်ဘာ ၂၁ ရက်နေ့တွင် ကားနှင့်သွားတုန်း ကျွန်တော့်အား သေနတ်နှင့် အပစ်ခံရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ဘင်နက်။** ။ဇူလိုင် ၁၉ ရက်နေ့မှာ အမှုဆောင်ဝန်ကြီးများကို အတွင်းဝန်ရုံးကြီး၌ လုပ်ကြံလိမ့်မည်ဟု သိနှင့်ပါသလား။

**ဦးစော။** ။မသိရပါ၊ သိရလို့ရှိရင်လဲ ကျွန်တော်ပါမည် မဟုတ်ပါ။

**ဘင်နက်။** ။ခင်ဗျားရဲ့ ကားကို သည်လုပ်ကြံမှုအတွက် အသုံးပြုခွင့် ပေးမလား။

**ဦးစော။** ။ပေးမည် မဟုတ်ပါ၊ ကျွန်တော့်အား ထောက်ခံသူများအား လည်း အသုံးပြုစေမည် မဟုတ်ပါ။

**ဘင်နက်။** ။ဇူလိုင် ၁၈ ရက်နေ့မှာ ခင်ဗျား ဘယ်မှာလဲ။

**ဦးစော။** ။ထိုနေ့ ညနေကစပြီး ကျွန်တော် အိပ်ရာထဲမှာ လဲနေပါတယ်။ ၁၉ ရက်နေ့ မနက်ကျတော့လဲ အိပ်ရာထဲမှာပဲ ရှိပါတယ်။ မထနိုင်ပါ၊ နို့ပေမယ့် ရေချိုးခန်းထဲသို့ သွားနိုင်ပါတယ်။ အိပ်ခန်းနှင့် ကပ်လျက်ရှိသော ဧည့်ခန်းသို့ တစ်ခေါက်လောက် ဧည့်သည်ရှိလို့ ခဏမျှ သွားဖူးပါတယ်။ အိမ်အပြင်ဘက်သို့ မသွားခဲ့ပါ။ သွားလဲ မသွားနိုင်ပါ။

**ဘင်နက်။** ။ဘယ်လိုမသွားနိုင်တာလဲ။

**ဦးစော။** ။ကျွန်တော့်မှာ ၁၈ ရက်နေ့ကစပြီး ဝမ်းထဲက ခဏခဏ နာနေလို့ လမ်းမသွားနိုင်ပါ၊ အိမ်ပေါက်ကိုလဲ မသွားခဲ့ပါ။ ကျွန်တော့်အိမ်ကို ကျွန်တော့်ရဲ့ ပါတီအသင်းသားများ ဝင်နိုင် ထွက်နိုင်အောင် ဖွင့်ထားပါသည်။ ကျွန်တော့်မှာ ဂျစ်ကားနှစ်စီး၊ မော်တော်စက်ဘီးတစ် စီး၊ ထရပ်ကားတစ်စီး ရှိပါသည်။ ၄င်းကားတွေကို ဂိုထောင်ထဲမှာ ထားပါသည်။ အပြင်က ဝင်လာတဲ့ ကားများလာနိုင်အောင်လဲ ကားတွေကို အထဲမှာ အမြဲထားနိုင်ပါသည်။ အပြင်မှာထားလို့ရှိရင် မိုးရေဝင်ပြီး စက်ပျက်တတ်ပါသေးတယ်။

**ဘင်နက်။** ။ခင်ဗျား အိမ်ထဲမှာ နေကြတဲ့ သူများအား ကားတွေကို စီးချင်သလို စီးဖို့ ခွင့်ပြုပါသလား။

**ဦးစော။** ။ကျွန်တော့်ရဲ့ ဗွီအိတ်ဆလွန်းကားကို ကျွန်တော့်ရဲ့ သားမယားများအတွက် သီးသန့်ထားပြီး အခြားကားများကိုတော့

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ဝင်တပည့်အများ သုံးစွဲနိုင်ပါတယ်။ ကျွန်တော်ရဲ့ အခွင့်ကို တောင်းနေစရာ မလိုပါ။ သူတို့လဲ သဘောရှိသလို စီးနင်းသွားကြပါတယ်။

ကျွန်တော့်အလုပ်နဲ့ဖြစ်စေ၊ သူတို့ ကိစ္စနှင့်ဖြစ်စေ၊ သူတို့ဘာသာသူတို့ စီးကြပါတယ်။ ဂျစ်ကားကို ဂိတ်ဝနားက ကားရုံမှာထားရင် ထိုကားတွေ သွားတာလာတာ ကျွန်တော် အသံကြားရမယ် မဟုတ်ပါ။ တစ်ခါတလေ လူငယ်တွေ ဂျစ်ကားစီးပြီးသွားနေလိုက်ကြတာ သုံး၊ လေးရက်လောက် ကြာပါတယ်။ ပြန်လာကြတော့မှပဲ သိရပါတော့တယ်။ သူတို့ကိုပင်ရက်များစွာ မမြင်ရပါ။

ဘင်နက်။ ။ဆင်ဝင်အောက်က ဂျစ်ကားထွက်သွားတဲ့ အသံကြားရင် ခင်ဗျား သိရှင်သိမှာပေါ့။

ဦးစော။ ။ကျွန်တော် ကြည့်မိမှာပါ။ ဇူလိုင် ၁၉ ရက်နေ့ နံနက်က ကားတွေထွက်သွားတဲ့ အသံမကြားပါ။

ဘင်နက်။ ။ဇူလိုင် ၁၉ ရက်နေ့ နံနက်က ခင်ဗျားအိမ်ထဲမှာ လူတစ်စု ဂျစ်ကားနဲ့ပြန်လာပြီး အောင်ပွဲဆင်တယ်ဆိုတာ ဟုတ်သလား။

ဦးစော။ ။မဟုတ်ရပါဘူး။ ငှင်းနောက် သတ်လာတဲ့ အကြောင်း မပြောရပါ။ တရားခံတွေထဲက ဘယ်သူမှလဲ ထိုနေ့နံ နက်မှာ ကျွန်တော့်အား ဘာမျှမပြောကြပါဘူး။ ဘညွန့်လဲ ထိုနေ့နံနက်က ကျွန်တော့် အိမ်လာပြီး မပြောပါ။

ဘင်နက်။ ။ဝန်ကြီးတွေ သတ်သွားတယ်ဆိုတဲ့အကြောင်း ဘယ်တော့ သိသလဲ။

ဦးစော။ ။သူရိယတိုက်က လူတစ်ယောက်က ထိုနေ့ ၁၂ နာရီအချိန်လောက်မှာ တယ်လီဖုန်းနှင့် ပြောပြလို့ ကျွန်တော် ပထမကြားရခြင်း ဖြစ်ပါသည်။

ဘင်နက်။ ။တော်မီဂန်းလေးလက်နှင့် စတင်းဂန်းတစ်လက် ခင်ဗျားအိမ်ထဲက ရေထဲမှ ရသည်ဆိုတာ ကြားသလား။

www.burmeseclassic.com

www.burmeseclassic.com



ဦးစော။ ။ကျွန်တော် ထောင်ထဲ ရောက်နေတုန်း ကြားရပါတယ်။ ထိုသေနတ်တွေဟာ ကျွန်တော့်အိမ်မှာ ဘယ်တုန်းကမှ မရှိပါဘူး။ ကျွန်တော့်အိမ်မှာရှိတဲ့ သေနတ်တွေဟာ လိုင်စင်နဲ့ ဖြစ်ပါသည်။

ဘင်နက်။ ။သည်သေနတ်တွေနဲ့ သူများသတ်ဖို့ထားတာလား။

ဦးစော။ ။ကျွန်တော့်ကိုယ်ကို ကာကွယ်ခုခံဖို့ ထားပါတယ်။

ဘင်နက်။ ။ခင်ဗျားရဲ့ ဝင်းထဲမှာ နေကြတဲ့ လူတွေဟာ ဝင်လိုက် ထွက်လိုက် မဟုတ်လား။

ဦးစော။ ။မှန်ပါတယ်၊ သူတို့လာပြီးနေလိုက်ကြ၊ ပြန်သွားလိုက်ကြနဲ့၊ လူတိုင်းကိုလဲ ကျွန်တော်မသိပါ၊ နိုင်ငံရေး အလုပ်သမားထဲက လူတစ်ယောက် လာတာကိုတော့ အချိန်မသိပါ။ ညွှန်သည်ထဲက လာမယ်ဆိုရင် ဘယ်အချိန်လာ၍ ဘယ်အချိန်ပြန်တယ်ဆိုတာ သိပါတယ်။

ဘင်နက်။ ။ဇူလိုင် ၁၉ ရက်နေ့ မတိုင်မီ ဘညွန့်ဟာ ခင်ဗျားအိမ်မှာ ဘယ်နှစ်ရက် နေသွားသလဲ။

ဦးစော။ ။ဘညွန့်ဟာ ဇူလိုင် ၁၆ ရက်၊ ၁၇ ရက်နေ့လောက်မှာ သာယာဝတီ၌ အလုပ်တစ်ခု လုပ်စရာရှိတယ်ဆိုပြီး ပြန်သွားပါတယ်။ ဘညွန့်က ကျွန်တော့်ကို ပြောတာက မောင်စိန်နှင့်အတူ သာယာဝတီဘက်သို့ သွားမည်ဟု ပြောပါသည်။ တကယ်သွား မသွား ကျွန်တော် မသိပါ။

ဘင်နက်။ ။သူတို့ ဘယ်တော့ပြန်လာမယ်လို့ ပြောသေးသလဲ။

ဦးစော။ ။ဘညွန့် တနင်္ဂနွေနေ့ဖြစ်ဖြစ်၊ တနင်္လာနေ့ဖြစ်ဖြစ် ပြန်လာမယ်လို့တော့ ကျွန်တော့်အား ပြောပါတယ်။ ကျွန်တော်က ဘယ်တော့မှ ပြန်လာရမယ် မပြောပါ။

ဘင်နက်။ ။သူတို့ ဇူလိုင် ၁၈ ရက်နေ့ ညမှာ ပြန်ရောက်တယ်လို့ ဆိုတယ်၊ တွေ့သလား။

ဦးစော။ ။မတွေ့ရပါ။ ဇူလိုင် ၁၉ ရက်နေ့ နံနက်ကျတော့ ဘညွန့် ပြန်လာတာကို ကျွန်တော်မသိရပါ။ ဇူလိုင် ၁၈ ရက်နေ့ညက ဘညွန့်ကို

www.burmeseclassic.com

www.burmeseclassic.com



ဦးစော ခိုင်တယ်လို့ ထွက်ဆိုသွားတယ်။ ဒါပေမယ့် ကျွန်တော်က သူ့ကို လုံးလုံး မမြင်ရပါ။ ဘညွှန့်ဟာ မောင်နီနဲ့အတူ လာကြပါတယ်။ မောင်နီကို ကျွန်တော် လုံးလုံးကြီး မသိပါဘူး။

**ဘင်နက်။** ။မောင်နီက ခင်ဗျားကို ကာကွယ်ချင်တဲ့ အကြောင်း ဘာများ ရှိလို့လဲ။

**ဦးစော။** ။ဘာမျှမရှိပါ။ သူ့ကိုလဲ ဘာကျေးဇူးမှ မပြုဖူးပါ။ ၆၀/၇၀ ကျပ်ပေးမိတာလဲ အခြားလူငယ်တွေမှာ ခြင်ထောင်တို့၊ ဖျာတို့ မရှိလို့ သွား၍ အဝယ်ခိုင်းခြင်း ဖြစ်ပါသည်။

**ဘင်နက်။** ။သစ္စာ ဆိုရတယ် ဆိုတာဟုတ်သလား။

**ဦးစော။** ။ဟုတ်ပါတယ်။ မျိုးချစ်အဖွဲ့ဝင်လူကြီးအချို့က အဖွဲ့ဝင်တွေ ထဲမှာ အခြားအဖွဲ့သို့ သတင်းပေးမည်စိုးရ၍ သစ္စာပြုဖို့ အကြံပေးကြပါတယ်။ ဘယ်သူမှလက်မှတ် မထိုးရပါ။ သစ္စာရှိဖို့ သစ္စာ စောင့်ဖို့ပါပဲ။

**ဘင်နက်။** ။ခင်ဗျားရဲ့ ပါတီဝင်တွေ အချင်းချင်း အကြမ်းဖက်ကြဖို့ ကြံစည်ပြောဆိုတာ ကြားပါသလား။

**ဦးစော။** ။ဖေဖော်ဝါရီလ (သို့မဟုတ်) မတ်လလောက်မှာ စောရန်နောင်နှင့် ဘညွှန့်တို့သည် ညပိုင်းလောက် ကန်ဘေးမှာ ကျွန်တော်ထိုင်နေတုန်း လာကြပြီးလျှင် စောရန်နောင်က ဦးစွာပြောပါတယ်။ သူက ဦးအောင်ဆန်းဘက်မှ ထွက်ခွာလာပြီး ဦးအောင်ဆန်း အကြောင်းတွေ ကိုလည်း အများကြီး ပြောပါသေးတယ်။

စောရန်နောင်က နိုင်ငံရေးနယ်ထဲမှာ နေချင်ရင် ၁၉၄၇ နိုင်ငံရေး ကို လုပ်ရမယ်လို့ ကျွန်တော့်အား ပြောပါတယ်။ ဘညွှန့်ကထောက်ခံပါ တယ်။ သူတို့နှစ်ယောက်ကပဲ ဝန်ကြီးအဖွဲ့ဝင်များနှင့် ဖဆပလ ခေါင်းဆောင် များကို သုတ်သင်ပစ်ရင် ကောင်းမယ်လို့ ပြောကြပါတယ်။

**ဘင်နက်။** ။ခင်ဗျားက ဘာပြန်ပြောသလဲ။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစော။** ။ကျွန်တော်က ငါဟာ နိုင်ငံရေးကို အနှစ် ၃၀ လောက် လုပ်ခဲ့တယ်၊ သည်နိုင်ငံရေး ရန်သူကို သတ်ပစ်ရင်ကောင်း တယ်လို့ ဘယ်တော့မှ မယုံကြည်ခဲ့ဘူး၊ ငါဟာ နိုင်ငံရေး၌ ရန်သူတွေ ရှိဖူးတယ်၊ သူတို့ကို သတ်ပစ်ဖို့ အိပ်မက်တောင် မမက်ပါ၊ ရှေးအခါက နိုင်ငံရေးသမား အချို့ဟာ ရန်သူကို သတ်ခဲ့ကြတယ်။

နို့ပေမယ့် သူတို့သာ ပျက်စီးတယ်လို့ ပြန်ပြောပါတယ်။ နိုင်ငံရေး ရန်သူကို သတ်ပစ်ဖို့ မဆိုထားနဲ့ သတ်မယ်လို့လူထုက သံသယရှိတာနဲ့ပဲ ထိုလူဟာ သေတာပဲ။ ဘညွန့်က အစ်ကိုကြီး ဘာမှမပူပါနဲ့၊ စောရန်နောင် မှာ ဦးအောင်ဆန်းထံမှ လက်နက်ကောင်းတွေကို အမွေခံလာတယ်။ စောရန် နောင်က ယူလာ မယ်လို့ ပြောပါတယ်။

**ဘင်နက်။** ။ခင်ဗျားက ဘယ်လိုသဘောထားသလဲ။

**ဦးစော။** ။ကျွန်တော်က ဒါကို သဘောမတူဘူးလို့ ပြောလိုက်တယ်၊ သည်တော့လည်း သူတို့ပါးစပ် ပိတ်သွားမယ်လို့ ယူဆပါ တယ်၊ အမှန်ကို အစစ်ခံရမယ်ဆိုရင် သူတို့ဟာ သည်ကိစ္စကို လုပ်လိမ့်မယ် လို့ မထင်မိပါ၊ ခွန်လကုန်လောက်မှာထင်တယ်၊ ဘညွန့်က ဤအကြောင်း ထပ်မံ၍ ပြောပါသေးသည်။

ဘညွန့်က ပြောသည်မှာ သူသည် အဖွဲ့တစ်ဖွဲ့ကိုဝင်ပြီးပြီ၊ ထိုပါတီ ရဲ့ အဖွဲ့ခေါင်းဆောင်ငယ် အဖြစ်နဲ့ ထိုအဖွဲ့ကြီးပွားတာကို ကြည့်ရှုရမယ်၊ ဒါကြောင့် ယခင်က အကြံပေးတဲ့အတိုင်း လုပ်ရတော့မယ်လို့ ပြောပြန် ပါတယ်။ လုပ်ကြံဖို့ကိစ္စကို ဘညွန့်ဆိုလိုပါတယ်။ ဘညွန့်က ပြောသေး သည်မှာ ယခုအဖွဲ့သို့ ဝင်ရခြင်းမှာ လာပြီးအိပ်နေဖို့ မဟုတ်ဘူးဟု ပြောပါ သည်။

**ဘင်နက်။** ။ခင်ဗျားဘယ်လို သဘောရသလဲ။

**ဦးစော။** ။ဘညွန့်ပြောတုန်းက သည်အလုပ်ကို တကယ်လုပ်မယ် လို့ မထင်ဘူး။ ခုမှ မင်းတို့ အတည်လုပ်တော့မယ် လက္ခဏာ တွေ့ရတယ်၊ မင်းသည်အကြံအစည်ကို မစွန့်ဘူးဆိုရင် မင်းကို အပြစ် ဆိုရလိမ့်မယ်။ သို့မဟုတ် ပါတီထဲက ထုတ်ပစ်ရလိမ့်မယ်လို့ ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ အကြံအစည်ဟာ ပါတီအားပေးရာမရောက်ဘဲ ဖျက်စီးရာ ဖျက်စီးကြောင်း ဖြစ်နေပြီဟု ကျွန်တော်က ပြောပါသည်။ သည်တော့ ဘညွန့်က မဟုတ်ဘူးလေ၊ သည်လိုလည်း အတည်မပြုနဲ့ဦးဟု ရယ်မောကာ ပြောပြန်ပါသည်။

ဘင်နက်။ ။ဘညွန့်နဲ့ ပြောနေတုန်း ဘယ်သူတွေ ရှိသေးသလဲ။

ဘင်နက်။ ။ကျွန်တော် မမှတ်မိပါ၊ ဘညွန့်က ပြောပါသေးသည်၊ သည်ကိစ္စနှင့်ပတ်သက်၍ လှမြတ်စိုးကို တိုင်ပင်ကြည့်တယ်၊ ကျော်စိန်ကိုလည်း တိုင်ပင်ကြည့်တယ်၊ သူတို့ကလည်း လူငယ်ဖြစ်ရက်နဲ့ သဘောမတူကြဘူး၊ သည်လူငယ်နှစ်ယောက်နဲ့ လူကြီးတွေဟာ ခေတ်မမီဘူးလို့ ပြောပါသည်။

ဘင်နက်။ ။သည်လိုပြောတဲ့ အလိုထောက်တော့ ဘညွန့်ဟာ သူ့အကြံအစည်ကို စွန့်လွှတ်လိုက်တဲ့ သဘောပြသလား။

ဦးစော။ ။ပြပါတယ်၊ သူ့ထံမှ ထိုကိစ္စအကြောင်း မကြားရတော့ပါ။

ဘင်နက်။ ။ကားနံပါတ်လိမ်တပ်ဖို့ သံပြားဖောက်ရတဲ့သက်သေ ကိုစိန်အေးအား ခိုင်းဖူးသလား။

ဦးစော။ ။သည်အလုပ်ကို မခိုင်းဖူးပါ၊ ယခင်ကသာ ဂျစ်ကားသံဘော်ဒီတစ်ပိုင်းကို ဖောက်ပေးဖူးပါတယ်။

ဘင်နက်။ ။ဘညွန့်နှင့် မောင်နီတို့ကို ဘယ်တော့ တွေ့သေးသလဲ။

ဦးစော။ ။သူတို့နှစ်ယောက် ဇူလိုင် ၁၆ ရက်နေ့က ထွက်သွားပြီး ၁၉ရက်နေ့ ၁၂ နာရီနဲ့ ၁ နာရီအကြားမှာ ကျွန်တော့်ရဲ့ အိမ်ရာထဲမှာ ဂျစ်ကားသံ ကြားရပါတယ်၊ ကျော်စိန်က ကျွန်တော့် အနားမှာရှိ၍ သွားကြည့်ခိုင်းရာ ဘညွန့်နှင့် အခြားလူတွေလို့ ပြောပါတယ်။

ဘင်နက်။ ။ထိုအခါမှာ ဘညွန့်နှင့် စကားပြောဖို့ လုပ်သေးသလား။

ဦးစော။ ။မလုပ်ပါ။

ဘင်နက်။ ။သစ်သား အခင်းနှင့် သံခုတင်အကြောင်း ပြောပြမ်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ဦးစော။ ။ကျွန်တော် ယူဂန္ဒာမှ ပြန်လာတုန်းက သည်သံခုတင်နှင့် သစ်သားအခင်းကို မိန်းမအစေခံရဲ့ အခန်းထဲမှာ တွေ့ရပါတယ်၊ သည်ခုတင်ကို ဂျပန်တွေထားရစ်ခဲ့တယ်လို့ ကျွန်တော့် မိန်းမက ပြောတယ်ထင်တယ်၊ ဂျပန်ရဲ့ ပစ္စည်းလို့တော့ ပြောပါတယ်၊ ကျွန်တော် မြင်ရတုန်းက သည်အတိုင်းပဲ မြင်ရပါတယ်။

ဘင်နက်။ ။သက်သေ စိန်မောင်ကို သိသလား။

ဦးစော။ ။သိပါတယ်၊ သူ့ကို သူရိယတိုက်ထဲမှာ အလုပ်လုပ်နေတာ တွေ့ရပါတယ်၊ သူရိယတိုက်မှာ အုပ်ချုပ်နိုင်အောင် အစုရှယ်ယာ ရှိပါတယ်။ ဂျပန်ခေတ်က သူရိယတိုက်မှာ အုပ်ချုပ်မှု ညံ့ဖျင်းပြီး သတင်းစာ စက္ကူတွေ ၂၀၀၀ဝိ/ ဖိုးလောက် ယခုပေါက်ဈေးနဲ့ ဆိုရင် ၈၀၀၀ဝိ/ ဖိုးလောက် ပျောက်ဆုံးနေတာ တွေ့ရတယ်။

ဦးဘကလေးရဲ့ အုပ်ချုပ်ပုံကို မကျေနပ်၍ သူ့အား နုတ်ထွက်ရန် ပါးစပ်နဲ့ ပြောပါတယ်။ ဦးဘကလေးဘာသာ နုတ်ထွက်သွားတယ်ဆိုတာ မဟုတ်ပါဘူး။ ယခင်က ဦးဘကလေးနှင့် အလုပ်နှင့် ပတ်သက်၍ ကိစ္စများဖူးပါတယ်။ အငြွေးတွေကိုလဲ မဆပ်ဘဲ နေပါတယ်။

ဘင်နက်။ ။ခင်ဗျား ဦးဘကလေးရဲ့ မိတ်ဆွေလား။

ဦးစော။ ။ဒါတွေကြောင့် ဦးဘကလေးရဲ့ မိတ်ဆွေ မဟုတ်တော့ဘူး။

ဘင်နက်။ ။စိန်မောင် (သမာဓိ)က သူရိယမှ ဘာကြောင့်ထွက်သလဲ။

ဦးစော။ ။သူက သူရိယတိုက်မှာ နေခဲ့ပြီး သတင်းတွေကို ဦးဘကလေးပေးလို့ပါ။ ဒါကြောင့် သူ့ကို အထွက်ခိုင်းလို့ သူလဲထွက်သွားပါတယ်။

ဘင်နက်။ ။ခင်ဗျားကို ဘယ်မှာ ဖမ်းသလဲ။

ဦးစော။ ။ကျွန်တော့် အိမ်မှာ ဖမ်းပါတယ်။ ဒါတော့ အံ့အားသင့်သွားတယ်။ ကျွန်တော့်ကို ရုံးတော်က စွဲချက်တင်တဲ့အခါ ကျွန်တော် ငြင်းဆိုပါတယ်။

ဘင်နက်။ ။သည်စွပ်စွဲချက်တွေဟာ မှန်သလား။

ဦးစော။ ။မမှန်ပါဘူး၊ ဘယ် စွပ်စွဲချက်မှ မမှန်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစံဝင်း။** ။မောင်စိုးဟာ ဦးစော အိမ်မှာ ဇူလိုင် ၁၈ ရက်နေ့က ရှိသလား။

**ဦးစော။** ။ဇူလိုင် ၁၈ ရက်နေ့မှာ မရှိဘူး၊ ၁၉ ရက်နေ့မှာ ဖမ်းတော့မှ သူအိမ်ပြန်ရောက်နေမှန်း သိတယ်၊ သက်နှင်း ပြန်သွားတာကြာပါပြီ။ ရန်ကြီးအောင်ကတော့ ၁၉ ရက်နေ့ နံနက်က သူ့ အဖေနဲ့ သွားမယ်လို့တော့ ကျွန်တော့်ကို ပြောပါတယ်၊ သွား မသွားမသိပါ။

(အခြား တရားခံ ခင်မောင်ရင်၊ သုခ မောင်နီ၊ မောင်စိန်တို့က မမေးကြပါ။)

## ရှေ့နေချုပ်ကြီးက မေးခွန်းထုတ်ခြင်း

**ရှေ့နေချုပ်ကြီး။** ။ဦးစောကျောင်းမှာ ဘယ်နှစ်တန်း အောင်ခဲ့သလဲ။

**ဦးစော။** ။ပဌမတန်း စာမေးပွဲအောင်ပါတယ်၊ နောက် တတိယတန်း ရှေ့နေစာမေးပွဲကို ၁၉၂၇ ခုနှစ်လောက်မှာ အောင်ပါတယ်၊ ဒါဟာ နောက်ဆုံးနှစ်ပဲ။

**ဘင်နက်။** ။သည် မေးခွန်းကို ကျွန်တော် ကန့်ကွက်ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။နိုင်ငံရေးထဲဝင်တော့ ဘယ်ပါတီမှာ ဝင်သလဲ။

**ဦးစော။** ။ဂျီစီဘီအေမှာ ဝင်ပါတယ်၊ နောက် ဂျီစီဘီအေကွဲတော့ ၂၁ ဦး ဂျီစီဘီအေကို ဝင်ပါတယ်၊ ထို့နောက် ၁၉၃၈ ခုနှစ်မှာ မျိုးချစ်ပါတီ တည်ထောင်ပါတယ်၊ ကျွန်တော်က ထိုအဖွဲ့မှာ ပထမ ခေါင်းဆောင် ဖြစ်ပါတယ်၊ မျိုးချစ်ပါတီသည် ငါးပွင့်ဆိုင် အဖွဲ့နဲ့ တခြားစီ ဖြစ်ပါတယ်။

၁၉၂၇ ခုနှစ်မှာ ပထမဦးစွာ သာယာဝတီတောင်ပိုင်းမှ အမတ်အရွေးခံပါတယ်၊ နိုင်ငံရေးစတင်တော့ ဦးဘဖေဟာ ကျွန်တော့်ဆရာပါပဲ။ ၁၉၄၁ ခုနှစ်က ဦးဘဖေကို ကာကွယ်ရေးပုဒ်မနဲ့ ဖမ်းစဉ်က ကျွန်တော် အင်္ဂလန်ပြည်မှာ မိတ်ဆက်ရေးအတွက် သွားနေပါတယ်။

မှန်ကြီးဟာ ဘာလုပ်တယ်ဆိုတာ မပြောပါ။ သူ့ကို ကျွန်တော့် အိမ်မှာ လာနေလို့လည်း မပြောပါဘူး။ အိုးသည်ကုန်းက ကျွန်တော့်ကို တွေ့ရအောင်လာတဲ့ လူထဲမှာ သူလည်းပါပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင် ၁၉ ရက်နေ့မတိုင်မီ ၄/၅ ရက်က သူ့ဘာသာ လာနေတယ်။

## ဒီဇင်ဘာလ ၅–ရက်နေ့ နံနက် ၁၀–နာရီတွင်

## ပထမတရားခံ ဦးစောအား ရှေ့နေချုပ်ကြီးက ဆက်လက်၍ အပြန်အလှန်မေးခွန်း ထုတ်၏။

ရှေ့နေချုပ်ကြီး။ ။ မှုန်ကြီးကို ဇူလိုင် ၁၉ ရက်နေ့က သေနတ်နဲ့ အပစ်ခံရတာ သိသလား။

ဦးစော။ ။ အင်းစိန်ထောင်သို့ ကျွန်တော့်အား ခေါ်မသွားမီ မှုန်ကြီး သေနတ်ပစ်ခံရကြောင်း သိပါသည်။

ရှေ့နေချုပ်ကြီး။ ။ အင်းစိန်ထောင်သို့ ခေါ်မသွားမီ တရားခံတွေနဲ့ အတူ ထားပါသလား။

ဦးစော။ ။ အတူတူ မရှိကြဘူး။

ရှေ့နေချုပ်ကြီး။ ။ မှုန်ကြီးအိမ်သို့ ရောက်လာတဲ့အချိန်နဲ့ မှုန်ကြီး သေနတ်မှန်တဲ့ အချိန်အတွင်း မှုန်ကြီးနဲ့ စကား ပြောဖူးသေးသလား။

ဦးစော။ ။ စကားပြောမိကောင်း ပြောမိပါလိမ့်မယ်။

ရှေ့နေချုပ်ကြီး။ ။ မှုန်ကြီးဘယ်မှာ အိပ်တယ်ဆိုတာ သိသလား။

ဦးစော။ ။ သေသေချာချာတော့ မသိပါ။

ရှေ့နေချုပ်ကြီး။ ။ မှုန်ကြီးအိမ်မှာ ဘာလုပ်တယ်ဆိုတာ သိသလား။

ဦးစော။ ။ ဘည္သန့်က သူ့ကို ဘာအလုပ် ပေးထားတယ် မသိပါ၊ ကျွန်တော် ကိုယ်တိုင်ကတော့ မှုန်ကြီး ကို ဘာလုပ်ရမယ် မပြောပါ။

www.burmeseclassic.com

www.burmeseclassic.com



ဦးစိဘူး။ ။ ဘညွန့်က သည်လူတွေ အပေါ်မှာ အုပ်ချုပ်စီမံတဲ့ လူလား။

ဦးစော။ ။ မှန်ပါတယ်။

ရှေ့နေချုပ်ကြီး။ ။ ဘညွန့်ကို ခင်ဗျားရဲ့အိမ်မှာ စီမံအုပ်ချုပ်ဖို့ ခင်ဗျား ထားသလား။

ဦးစော။ ။ ကျွန်တော်ကတော့ ဘညွန့်ဟာ ပညာတတ်တစ်ယောက်ဖြစ်လေတော့ သူက စီမံအုပ်ချုပ်နေတယ်လို့ အသိအမှတ်ပြုတာပါပဲ။

ရှေ့နေချုပ်ကြီး။ ။ ဗိုလ်ချုပ်တို့ မလုပ်ကြံမီ ဘညွန့်ကို ဘယ်ရက်လောက်က သည်လိုအသိအမှတ်ပြုတာလဲ။

ဦးစော။ ။ ဇွန်လလောက်ကစပြီး ဘညွန့်ဟာ သည်လိုစီမံအုပ်ချုပ် တာပါပဲ။

ရှေ့နေချုပ်ကြီး။ ။ ဘညွန့်မရှိတုန်းကဘယ်သူက စီမံအုပ်ချုပ်နေသလဲ။

ဦးစော။ ။ ဘယ်သူမှ မရှိပါ။

ရှေ့နေချုပ်ကြီး။ ။ ဇူလိုင် ၁၉ ရက် မတိုင်မီ မှန်ကြီးကို ညစောင့်ချထားပါ သလား။

ဦးစော။ ။ ကျွန်တော် မသိပါ။

ရှေ့နေချုပ်ကြီး။ ။ မှန်ကြီးကတော့ သူ့ကို ညစောင့်ချထားတယ်လို့ ပြောတယ်၊ ဘာပြောချင်သလဲ။

ဦးစော။ ။ ကျွန်တော် ဘာမှပြောစရာမရှိပါ။

ရှေ့နေချုပ်ကြီး။ ။ ခင်ဗျားအိမ်မှာ ညစောင့်ကင်းများ ရှိသလား။

ဦးစော။ ။ ဘညွန့်ကပြောလို့ ညစောင့်ထားပါတယ်၊ ကျွန်တော့်မှာ သေနတ်ပစ်ခံရပြီးနောက် မြင်ကရန်သူတွေဟာ ဓားပြလိုလိုလာပြီး ကျွန်တော့်ကို သတ်သူမှာ စိုးရ

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ဘညွန့်ကပြောလို့ ညကင်းထားရတယ်၊ ဖွန်လလောက်စပြီး ညကင်း ထားပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ ဖွန်လမတိုင်မီ ညကင်းမရှိဘူးပေါ့။

**ဦးစော။** ။ မရှိပါဘူး။

**ရှေ့နေချုပ်ကြီး။** ။ အဲသည်တုန်းက ညမှာ ဘယ်သူ စောင့်သလဲ။

**ဦးစော။** ။ ဘယ်သူရယ်လို့တော့ ကျွန်တော်မသိပါ။ ဘညွန့်ကိုသာ ညကင်းထားဖို့ စီမံပေးမယ်ဆိုရင် စီမံပေးဖို့ ကျွန်တော်က ပြောပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ ညစောင့်တွေရဲ့ အမည်ကို သိသလား။

**ဦးစော။** ။ ညစောင့်ရှိတာသာ သိတယ်၊ဘယ်သူ ညစောင့် ဆိုတာမသိပါ၊ သူတို့တစ် တွေကလည်း ညအခါ မှန်မှန် စောင့်မစောင့် မသိပါ။

**ရှေ့နေချုပ်ကြီး။** ။ ညစောင့်ကျတဲ့ လူတွေရဲ့အမည်ကို ပြောပါ။

**ဦးစော။** ။ လူ ၂၅ ယောက်၊ ၃၀ ယောက် ရှိကြပါတယ်၊ အချို့က ညစောင့်ကျတယ်ဆိုတာ သိပါတယ်၊ ဘယ်သူ ဘယ်ဝါတွေ စောင့်တယ်ဆိုတာကိုတော့ ကျွန်တော် မသိပါ။

**ရှေ့နေချုပ်ကြီး။** ။ ညစောင့်ထားတဲ့လူတွေဟာ စိတ်ချ ရတယ် ဆိုတာ နားလည်တယ် မဟုတ်လား။

**ဦးစော။** ။ ကျွန်တော့်ဝင်းထဲမှာ နေတဲ့ လူတွေဟာ စိတ်ချ ရတယ်လို့ကျွန်တော်သဘော ပေါက်ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ ဘညွန့်ကလည်း ဘယ်သူတွေ ညစောင့်ထား တယ်လို့ ပြောသေးသလား။

**ဦးစော။** ။ မပြောပါ၊ ညတိုင်း အစောင့်ရှိတယ်လို့ မထင် ပါဘူး။

**ရှေ့နေချုပ်ကြီး။** ။ မှုန်ကြီးကို သေနတ်နဲ့ အပစ်ခံရတယ် ဆိုတုန်းက သူ့အနားမှာ သေနတ်တစ်လက် တွေ့တယ် ဆို တာ သိသလား။

www.burmeseclassic.com

www.burmeseclassic.com



ဦးစော။ ။ မသိပါ၊ မစ္စတာဂျပ်က ကျွန်တော့်အား သည်လို သေနတ်ပစ်ခံရတဲ့အတွက် ဝမ်းနည်း ပါတယ် လို့ပင် ပြောပါသေးတယ်။

ရှေ့နေချုပ်ကြီး။ ။ မှုန်ကြီးကို သေနတ်ပေးထားသလား။

ဦးစော။ ။ သူ့ကိုတော့ ပေးထားတဲ့စာရင်းမှာ မပါဘူး။

ရှေ့နေချုပ်ကြီး။ ။ သေနတ်ကိုင်တဲ့ စာရင်းထဲမှာပါတဲ့ လူတွေက ဘယ်သူတွေလဲ။

ဦးစော။ ။ သေနတ်ကိုင်တဲ့လူ ခြောက်ယောက်ကို ပုလိပ်မင်းကြီးက ခွင့်ပြုပါတယ်၊ ဘယ်သူတွေဆိုတာ မသိပါ၊ လူတွေက လည်း ပြောင်းလဲနေပါတယ်၊ လိုင်စင်ထဲမှာပါတဲ့ လူတွေအမည်တွေက သေနတ်ကိုင်ရမယ့် လူတွေဖြစ်မှာပဲ။

ရှေ့နေချုပ်ကြီး။ ။ ဂိတ်စောင့်ကော ထားသေးသလား။

ဦးစော။ ။ ဂိတ်စောင့် တစ်ယောက်တော့ ထားတယ်လို့ ကျွန်တော်နားလည်ပါတယ်။

ရှေ့နေချုပ်ကြီး။ ။ ဂိတ်စောင့်ကို ခင်ဗျားရဲ့ အမိန့်အတိုင်း ထားတာ လား။

ဦးစော။ ။ ဟုတ်ပါတယ်၊သူ့ဝတ္တရားက သေနတ်လက် နက်နဲ့ လူတွေလာတဲ့ ကားများ အိမ်ထဲဝင်လာခြင်း ကို ကြည့်ရှုဖို့ ဖြစ်ပါတယ်၊ အရာရှိဖြစ်စေ၊ အရာရှိမဟုတ်သူဖြစ်စေ၊ လက်နက်ပါမပါ၊ ကြည့်ရှုဖို့ တာဝန်ချထားပါတယ်။

ရှေ့နေချုပ်ကြီး။ ။ အိမ်ထဲဝင်လာတဲ့လူရဲ့နာမည် ခင်ဗျားထံ ပေးပို့ ရသေးတယ် မဟုတ်လား။

ဦးစော။ ။ သူစိမ်းတစ်ရံစာလာရင် နာမည် ပေးရပါတယ်၊ ဂိတ်စောင့်နဲ့မတွေ့မြင်ဖူးတဲ့ သူစိမ်းကို ဆိုလိုပါတယ်။

ရှေ့နေချုပ်ကြီး။ ။ ဘယ်သူ ဘယ်ဝါတွေကို ဝင်စေ၊ ထွက်စေလို့ စာရင်းပေးဖူးသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဦးစော။ ။ မပေးဖူးပါ။

ရှေ့နေချုပ်ကြီး။ ။ ဂိတ်စောင့်ကို ဘယ်လလောက် စထားသလဲ။

ဦးစော။ ။ ကျွန်တော့်ရဲ့ အိမ်မှာ လက်နက်ကိုင် အစောင့်ကို ဧပြီလ ရွေးကောက်ပွဲ ပြီးသည့်တိုင်အောင် ထားပါတယ်၊ ၄င်းအစောင့် တွေကို ရုပ်သိမ်းတော့ ဂိတ်စောင့်တွေ ထားပါတယ်၊ လူလေးယောက် ငါးယောက်အား ဂိတ်စောင့် ခိုင်းပါတယ်၊ ပြည်က ကိုချော၊ ကိုတင်ရွှေ၊ လှ ထွန်းတို့ကို အလှည့်ကျ ဂိတ်ပေါက်မှာ စောင့်နေကြတာ တွေ့ရပါတယ်။

ရှေ့နေချုပ်ကြီး။ ။ ဂိတ်စောင့်တွေကို ကြည့်ရှု စောင့်ကြပ်ဖို့ လူကော ထားသေးသလား။

ဦးစော။ ။ မထားပါဘူး။

ရှေ့နေချုပ်ကြီး။ ။ မောင်ချောဟာ မျိုးချစ်ပါတီ ဝင်လား။

ဦးစော။ ။ ဟုတ်တယ်လို့ ထင်ပါတယ်၊ တင်ရွှေနဲ့ လှထွန်းတို့က ဂျွန်တပ်သားတစ်ယောက် ဖြစ်တယ်လို့ ထင်ပါတယ်။

ရှေ့နေချုပ်ကြီး။ ။ ယခု အမှုထဲက တရားခံတွေထဲမှာ မျိုးချစ်ပါတီ ဝင်တွေ ပါသလား။

ဦးစော။ ။ သက်နှင်းနှင့် သုခတို့ဟာ ကျိုက်လတ်က မျိုးချစ်အဖွဲ့ဝင်၊ ကျန်သော တရားခံတွေက မဟုတ်ကြပါဘူး၊ နို့ပေမယ့် သူတို့ဟာ မျိုးချစ်ပါတီကို **ထောက်ခံတဲ့လူတွေ** ဖြစ်ကြပါတယ်။

ရှေ့နေချုပ်ကြီး။ ။ ဘညွန့်ဟာ **မျိုးချစ်ပါတီဝင်လား။**

ဦးစော။ ။ ဟုတ်ပါတယ်။

ရှေ့နေချုပ်ကြီး။ ။ မောင်စိုး၊ မောင်စိန်၊ ရှုကြီးအောင်၊ ခင်မောင်ရင်၊ ဘိုနီတို့ဟာ ဂျွန်တပ်သားတွေလား။

ဦးစော။ ။ သူတို့ကို ဂျွန်တပ်သားရယ်လို့ ကျွန်တော် သဘောထားပတယ်၊ မှတ်ပုံမတင်ကြရသေးပါ။

www.burmeseclassic.com



ရှေ့နေချုပ်ကြီး။ ။ ရန်ကြီးနိုင်၊ စိန်မောင်၊ တင်ရွှေ၊ မြအုန်း၊ ထွန်းရှိန်၊ လှထွန်း၊ ရှိန်ကလေး၊ ရှိန်ကြီး၊ စံတင်၊ သိန်းဖေ တို့ဟာ မျိုးချစ် အဖွဲ့ဝင်တွေလား။

ဦးစော။ ။ မဟုတ်ပါဘူး၊ ရှိန်ကလေးက လက်ပံတန်းက အဖွဲ့ဝင်လား၊မဝင်လား သေသေချာချာ မသိပါ။

ရှေ့နေချုပ်ကြီး။ ။ သူတို့တစ်တွေဟာ ဂျွန်တပ်သားတွေလား။

ဦးစော။ ။ ကျွန်တော်သိသမျှတော့ တပ်သားလားမသိပါဘူး၊ သူတို့ရဲ့မြို့မှာ တပ်ဖွဲ့ထဲဝင်ချင်ဝင်မှာ ပါပဲ။

ရှေ့နေချုပ်ကြီး။ ။ မောင်စိုးဟာ ခင်ဗျားအိမ်မှာ ဘယ်တုန်းက စနေသလဲ။

ဦးစော။ ။ ၁၉၄၇ ခုနှစ်၊ မေလလောက်ကစပြီး မောင်စိုးဟာ ဝင်ထွက် နေပါတယ်။

ရှေ့နေချုပ်ကြီး။ ။ သက်နှင်းနှင့် သုခကော အတူတူ လာသလား။

ဦးစော။ ။ ထိုလလောက်မှာပဲ ဝင်ထွက်နေတယ်၊ မမှတ်မိပါ။

ရှေ့နေချုပ်ကြီး။ ။ မောင်စိန်ကော ဘယ်တုန်းက ရောက်သလဲ။

ဦးစော။ ။ ၁၉၄၇ ခုနှစ် မေလလောက်က ရောက်ပါတယ်၊ ရန်ကြီးအောင်လဲ သည်လောက်မှာပဲ၊ သုခ ရောက်လာတော့ သက်နှင့် ရောက်လာတာလား မမှတ်မိပါ၊ သုခလဲ မေလ လောက်က ရောက်ချင် ရောက်မှာပါပဲ။

ရှေ့နေချုပ်ကြီး။ ။ ဘိုနီကော။

ဦးစော။ ။ မောင်နီက ဇူလိုင်လ ၁၉ ရက်နေ့ မတိုင်မီလေး၊ ငါးရက် လောက်က ရောက်ပါတယ်။

ရှေ့နေချုပ်ကြီး။ ။ ခင်မောင်ရင်ကော။

ဦးစော။ ။ သူက ၁၉၄၆ခုနှစ် ဇန်နဝါရီလမှာ ယူကေမှ ပြန်လာကတည်းက ရောက်နေတယ်၊ ရန်ကြီးနိုင်

www.burmeseclassic.com

www.burmeseclassic.com



က ရန်ကြီးအောင် ရောက်လာ ပြီးနောက်မှ ရောက်လာပါတယ်၊ မောင်စိန်လဲ မေလ လောက်မှာ ရောက်ပါ တယ်၊ တင်ရွှေက စောစော ရောက်ပါတယ်၊ မြအုန်းက မောင်စိန်နှင့်အတူတူ ရောက်လာကြပါတယ်၊ သူတို့နှစ်ယောက် ဆွေမျိုး တော်တယ်လို့ ထင်ပါတယ်၊ ကျွန်တော်နဲ့ မြအုန်း သုံးဝမ်းကွဲညီတော်ပါတယ်၊ ထွန်းရှိန်က ဇူလိုင် ၁၉ ရက်နေ့ မတိုင်မီ ၇ ရက်လောက်က ရောက်ပါတယ်၊ လှထွန်းနှင့် ထွန်းရှိန်အတူတူ ရောက်တာပါပဲ၊ ရှိန်ကလေး၊ ရှိန်ကြီး၊ စိန်ဖေ၊ စံတင်တို့လဲ သည်ရက်လောက်မှာ ရောက်ပါတယ်။

❖

## ဦးစောကို ဗိုင်းဝန်းမေးကြ

## မောင်စိန်၊ သုခ၊ ခင်မောင်ရင်တို့က မေးခွန်းထုတ်ပုံ

## နိုင်ငံတော်လုပ်ကြံမှုကြီးကို ဒီဇင်ဘာလ ၁၆ ရက်နေ့ နံနက်က

## ဆက်လက်စစ်ဆေးသည်

**ရှေ့နေချုပ်ကြီး။** ။ စောရန်နောင် လက်မှတ်ရေးထိုးထားသည့် စာရွက်ကို ဘယ်တော့မှ ယူလာသလဲ။

**ဦးစော။** ။ ၁၉၄၇ ခုနှစ ဖွန်လမှာ ယူလာပါတယ်၊ ဘညွန့်၊ စောရန်နောင်တို့ လက်မှတ်နဲ့ စာတမ်းတစ်ခုကိုလဲ ၄င်းဖွန်လမှာပင် ယူလာပါတယ်၊ ၄င်းစာတမ်း နှစ်ခုစလုံးကို သူတို့ အတူတူ ယူလာပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ ၄င်း စာတမ်းများသည် ခင်ဗျားကို ဖမ်းသည့် အချိန်ထိ ရှိနေသလား။

**ဦးစော။** ။ ရှိနေပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ သည်စာရွက်တွေကို ရတော့ ဗိုလ်ချုပ်ကို တိုင်ကြားဖို့ ခင်ဗျား စိတ်ထဲမှာ စိတ်ကူးမရှိ ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစော။** ။ ဘညွှန့်တို့နဲ့ စကားပြောရတော့ ဘညွှန့်က သူတို့ရဲ့ အကြံအစည်ကို စွန့်လွှတ်လိုက်ပုံရတဲ့အတွက် ပုလိပ်အား တိုင်ကြားခြင်း မပြုပါ။

**ရှေ့နေချုပ်ကြီး။** ။ (ဦးစောက ပုလိပ်ထံအစစ်ခံထားသော စာရွက်ကို ပြ၍) ဘညွှန့်အကြောင်း ထွက်ဆိုတုန်းက ဘညွှန့်၊ စောရန်နောင်တို့ အတူတူ ခင်ဗျားထံ လာတဲ့အကြောင်း မပါပါလား။

**ဦးစော။** ။ ဘညွှန့်ရဲ့ အကြောင်းကိုသာ မေးတဲ့အတွက် ဘညွှန့်ဟာကျွန်တော့်ဝင်းထဲ ရောက်နေပုံ အကြောင်းကိုသာ ထွက်ဆို ခဲ့ပါတယ်။**ရှေ့နေချုပ်ကြီး။** ။ ဘညွှန့်ရဲ့ အကြောင်းကို အစစ်ခံချက်ထဲမှာ ဘာလို့မပါသလဲ။

**ဦးစော။** ။ ဘညွှန့်ကို ထည့်မမေးလို့ မပြောပါ၊ ဘညွှန့်နှင့် စောရန်နောင်တို့ နှစ်ဦးစလုံးကိုမေးရင် ကျွန်တော်က ထည့်ပြီး ပြောမိမှာပါပဲ။

**ရှေ့နေချုပ်ကြီး။** ။ ဇူလိုင် ၁၉ ရက်နေ့ နံနက်က ခင်မောင်ရင် ခင်ဗျား အိမ်ဝင်းထဲက ထွက်သွားသလား၊ မောင်စိန်၊ သုခ၊ မှုန်ကြီးကော။

**ဦးစော။** ။ ကျွန်တော်မသိပါ။

**ရှေ့နေချုပ်ကြီး။** ။ တရားခံအား ပုလိပ်စစ်ချက်ကိုပြ၍ ခင်ဗျား ဇူလိုင်၁၉ ရက်နေ့ နံနက် ၁၀ နာရီသာသာလောက် အိမ်ရှေ့ နာစာဘက်က သူတို့ စကားပြောနေရာသို့ ထသွားပါသေးတယ်၊ ဖင့်စတန်း ရင်း ဈေးအကြောင်းကို ပြောပါတယ်၊ သူတို့ ထွက်သွားကြပါတယ်၊ သူတို့ ကားနဲ့သွားကြတာ မသိပါလို့ ပုလိပ်ထံ အစစ်ခံတယ်၊ ပြောသလား၊ မပြောဘူးလား။

**ဦးစော။** ။ ပြောမိပါတယ်၊ သို့သော် မှန်ကန်စွာ မှတ်မိမှု မသွားကြပါ၊ ကျွန်တော် မှတ်မိတာကတော့

www.burmeseclassic.com

www.burmeseclassic.com



လူငယ်တစ်ယောက် ကျွန်တော့် အိပ်ခန်းထဲ ဝင်လာပြီး ခင်မောင်ရင်က ၆ နာရီခွဲမှာ ပင်စတန်းရင်း ဝယ်ရန် ထွက်သွားတယ်လို့ ၁၀ နာရီမှာ လာပြောတယ်၊ သည်သူငယ် လေးဟာလဲ ကျွန်တော့်ထံလာပြီး အပြောခိုင်းလို့ ပြောတယ်လို့ နားလည်ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ သည်လူငယ် နာမည်သိသလား။

**ဦးစော။** ။ မမှတ်မိပါ။

**ရှေ့နေချုပ်ကြီး။** ။ ခင်မောင်ရင် ဘယ်အချိန်ပြန်ရောက်သလဲ၊ သိသလား။

**ဦးစော။** ။ မသိပါ၊ ထိုနေ့က ခင်မောင်ရင်ကို မတွေ့ရတော့ပါ၊ ဝင်းထဲ မှာတော့ ရှိတယ်လို့ တစ်ယောက်ယောက်က ကျွန်တော့်ကို ပြောပါတယ်၊ ခင်မောင်ရင်ရဲ့ အကြောင်းကို ပြောတဲ့သူငယ်ရဲ့ နာမည်ကိုလဲ မမှတ်မိပါဘူး၊ ကျွန်တော့်အခန်းထဲမှာ လှမြတ်စိုးနှင့်အတူတူ ပါလာတဲ့ သူငယ်တစ်ယောက် ရှိပါတယ်၊ ကိုရှိန် ကလေးကိုလဲ ဝရန်တာ အပြင်ဘက်မှာ မြင်ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ မေဂျာယန်းကို သိသလား။ အဖမ်းခံရတဲ့ လူ။

**ဦးစော။** ။ မေဂျာယန်းကို သိပါတယ်၊ အဖမ်းခံရသလား ကျွန်တော် မသိပါ။

**ရှေ့နေချုပ်ကြီး။** ။ မေဂျာယန်းထံမှ တော်မီဂန်းနှစ် လက်ရပါသလား။

**ဘင်နက်။** ။ သည် အမေးဟာ မဆိုင်လို့ ကျွန်တော် ကန့်ကွက်ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ ဘုရားစင်အောက်က ရေထဲမှာ တော်မီဂန်း နှစ်လက် တွေ့ရှိတယ်ဆိုလို့ မေးရခြင်း ဖြစ်ပါသယ်။ သက်ဆိုင်လို့မေးခြင်းဖြစ်ပါတယ်။

(ကားတစ်ဘင်နက်က ကန့်ကွက်ချက်ကို ပြန်လည်ရုပ်သိမ်းသည်။)

**ဦးစော။** ။ မေဂျာယန်းထံမှ တော်မီဂန်း နှစ်လက် မရပါ။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေချုပ်ကြီး။ ။ သခင်ထွန်းအုပ်ကို သိသလား၊ အိမ်ကို လာဖူးသလား။

ဦးစော။ ။ သိပါတယ်၊ လာလည်ဖူးပါတယ်။

ရှေ့နေချုပ်ကြီး။ ။ ဗိုလ်ရန်နိုင်ကို သိသလား။

ဦးစော။ ။ သိပါတယ်၊ ရင်းရင်းနှီးနှီးတော့ မဟုတ်ပါဘူး၊ အိမ်သို့ လာဖူးပါတယ်။

ရှေ့နေချုပ်ကြီး။ ။ ဗိုလ်မိုးညိုကို သိသလား။

ဦးစော။ ။ မသိပါ၊ မမြင်ဖူးပါ။

ရှေ့နေချုပ်ကြီး။ ။ ဝမ်းမောင်ကို သိသလား။ လာဖူး သလား။

ဦးစော။ ။ သိပါတယ်၊ အိမ်သို့လာဖူးသလား မမှတ်မိပါ။

ရှေ့နေချုပ်ကြီး။ ။ လိုင်စင်နဲ့ အမေရိကန်စက်ကလေးတစ်ခု ထားရှိတယ်ဆိုတာ ဟုတ်သလား၊ ဘယ်ကဝယ်ယူသလဲ။

ဦးစော။ ။ ရှိပါတယ်၊ စစ်ဗိုလ်တစ်ဦးထံမှ သည်သေနတ်သာမကအခြားစတင်းဂန်းနှင့် အခြားသေနတ် များ ဝယ်ယူပါတယ်၊ အမေရိကန်စစ်သုံး ရိုင်ဖယ်လား၊ သို့မဟုတ် ဘယ်လိုသေနတ်မျိုးလဲ မသိပါ၊ သည်သေနတ်တွေကို မိတ်ဆွေအချို့ထံမှ လက်ဆောင်ရပါတယ်၊ အချို့ကို စစ်ဘက်အရာရှိ တချို့ထံမှ ဝယ်ယူရပါတယ်။

ရှေ့နေချုပ်ကြီး။ ။ အမေရိကန် စက်သေနတ်ရောင်းတဲ့ စစ်ဗိုလ် အမည်ပြောစမ်းပါ။

ဦးစော။ ။ သူ့အမည်ကို မပြောနိုင်ပါ၊ မသိပါ၊ မမှတ်မိပါ၊ မေဂျာယန်းလဲ မဟုတ်ပါ၊ မစ္စတာဘောဘီယံဆိုသူလဲ မဟုတ်ပါ၊ သည် သေနတ်ကို ဘီလပ်ပြန်မယ့် စစ်ဗိုလ်ကြီး တစ်ယောက်က ရောင်းချင်လို့ ဝယ်ပါတယ်၊ ဘယ်လက ဝယ်သည် မမှတ်မိပါ၊ အမှုဆောင်ဝန်ကြီးရာထူးမှ ထွက်ပြီးမှ ဝယ်သလား မမှတ်မိပါ၊ လိုင်စင်ပေါ်မှာ နေ့စွဲရှိလိမ့်မယ်။

ရှေ့နေချုပ်ကြီး။ ။ စတင်းဂန်းကို စစ်ဗိုလ်ထံမှ ဝယ်သလား။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစော။** ။ အခြား စစ်ဗိုလ်တစ်ဦးထံမှ ဝယ်တာပါ၊ အမည်ကိုလဲမမှတ်မိပါ၊ အမေရိကန် ရိုင်ဖယ်သေနတ်ကို စစ်ဗိုလ်တစ်ဦးထံမှ ဝယ်ယူပါတယ်၊ ဘယ်စစ်ဗိုလ်ဆိုတာ မမှတ်မိပါ၊ စတင်းဂန်းကို ဝန်ကြီးရာထူးက ထွက်သွားပြီးတော့ လိုင်စင်နဲ့ ဝယ်ယူပါတယ်၊ ၃၀၃ [ ' ]သျှရိုင်ဖယ်သေနတ်ကို ဘယ်ကဝယ်တယ် မမှတ်မိပါ၊ အမေရိကန် ပစ္စတိုကိုလဲ ဘယ်ကဝယ်တယ် မမှတ်မိပါ။

**ရှေ့နေချုပ်ကြီး။** ။ မောင်စိုးဟာ သေနတ်ကိုင်ရတဲ့ လူတစ်ယောက်ဖြစ်တော့ ဘယ်သေနတ်ကို သူ့အား ကိုင်ခိုင်းသလဲ။

**ဦးစော။** ။ အမေရိကန် ကာဘိုင်သေနတ်ကို ကိုင်ပါတယ်၊ စတင်းဂန်းနှင့် အမေရိကန် စက်ကလေးကို ကျွန်တော်ပဲ သိမ်းပါသည်၊ ၃၀၃ ရိုင်ဖယ်သေနတ်ကို ဘယ်သူကိုင်တယ် မမှတ်မိပါ၊ စိန်မောင် ၃၀၃ ရိုင်ဖယ်သေနတ် ကိုင်ပါသည်။

(သဘော်ဆေးဘူးကို ဦးစောအားပြသည်)

**ရှေ့နေချုပ်ကြီး။** ။ ၄င်းဆေးဘူး ခင်ဗျား အိမ်မှာ ရှိသလား။

**ဦးစော။** ။ ကျွန်တော် ဘယ်တုန်းကမှ မမြင်ဖူးပါ။

**ရှေ့နေချုပ်ကြီး။** ။ဦးစော ဇူလိုင် ၂၀ ရက်နေ့ နံနက် ထောင်မှူးကြီး ဦးစံတင်ထံမှာ ဒံပေါက်ထမင်း တောင်းတယ်ဆို၊ ဒံပေါက်ထမင်း တစ်ပန်းကန် စားတယ်ဆိုတာ ဟုတ်သလား။

**ဦးစော။** ။ ကျွန်တော် မတောင်းရပါ၊ ကျွန်တော့်ထံ ဒံပေါက်ထမင်းပန်းကန်ကို ထောင်ပိုင်ကြီးက ပို့လိုက်တယ်လို့ ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်မစားပါ၊ သို့သော် ဖွန်းနဲ့ မြည်းကြည့်ပါတယ်၊ ဘညွန့်တို့နဲ့ အခြားသူများဟာ ထောင်ထမင်းကို မစားကြလို့ ကျွန်တော်လဲ ဒံပေါက်ကို မစားဘဲ နေပါတယ်၊ ဒံပေါက် သူတို့အားပေးတော့ ဝေငှစားကြ ပါတယ်။

## တရားခံ မောင်စိန်က မေးခြင်း

**မောင်စိန်။** ။ ဇူလိုင် ၁၈ ရက်နေ့ ညက ဦးစော ကျွန်တော်တို့ကို ဗိုလ်ချုပ်ကို လုပ်ကြံဖို့ အမိန့်ပေးတယ် မဟုတ်လား။

**ဦးစော။** ။ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



သုခ။ ။အိမ်မှာရှိတဲ့ကားတွေကို အစ်ကိုကြီးဦးစော ခွင့်မပြုဘဲ ဘယ်သူမှ မသုံးနိုင်ဘူး မဟုတ်လား။

ဦးစော။ ။မဟုတ်ပါဘူး၊ သုခ ကိုယ်တိုင် နှစ်ရက် သုံးရက် ယူသွားလေ့ရှိပါတယ်၊ ကျွန်တော် မသိရဘူး။

ခင်မောင်ရင်။ ။ကျွန်တော်ဟာ ဆွေမျိုးပေမယ့် ဦးစောကို ကြောက်နေရတယ်ဆိုတာ သိသလား။

ဦးစော။ ။ချစ်၊ ကြောက်၊ ရှိသေသလိုနေပါတယ်၊ ခင်မောင်ရင်က သိပ်ပြီး ကြောက်နေရတယ်ဆိုတာ မဟုတ်ပါဘူး၊ ခင်မောင်ရင်က သူ့အိမ်ထောင်နဲ့သူ နေတယ်။

ခင်မောင်ရင်။ ။သည်လောက် ကြီးကျယ်တဲ့ ကိစ္စကြီးကို ကျွန်တော်တို့ ကြံမယ်ဆိုတာ ဟုတ်နိုင်ပါ့မလား။

ဥက္ကဋ္ဌ။ ။ခုံရုံးတော်က ဒါကိုထည့်ပြီး စဉ်းစားရမှာပဲ။

မောင်နီ။ ။၁၉ ရက်နေ့ နံနက်က အစ်ကိုကြီး ကျွန်တော့်ကို ဂိတ်စောင့်ဖို့ ခိုင်းသလား။

ဦးစော။ ။မခိုင်းပါဘူး။ ငွေတစ်ဆယ်လဲ မပေးပါဘူး။

ဦးစီဘူး။ ။မျက်စိထိလို့ ဘယ်လောက်ကြာကြာ ခံရသလဲ။

ဦးစော။ ။၁၉၄၇ ခု ဇန်နဝါရီလ အင်္ဂလန် ရောက်တော့ ဆရာဝန်ကြီးနဲ့ ကုပြီးနောက် မနာတော့ပါ။

ဦးစီဘူး။ ။ခင်ဗျားကို သေနတ်နဲ့ ပစ်တဲ့လူဟာ ဗိုလ်ချုပ်တို့လို့ မထင်ဘူးပြောတယ်၊ ဘယ်သူ့များ မသင်္ကာပါသလဲ။

ဦးစော။ ။မသင်္ကာ မရှိပါဘူး။

ဦးစီဘူး။ ။သည်လုပ်ကြံမှုကြီးဟာ ဆင်ပြီး လုပ်ထားတယ်လို့ပြောတယ်၊ ဘယ်သူက ဖန်တီးတယ်လို့ထင်သ

www.burmeseclassic.com

www.burmeseclassic.com



လဲ၊ ဘယ်သူ ဆင်တယ်လို့ ထင်သလဲ။

**ဦးစော။** ။ ပုလိပ်က အစိုးရဖြစ်နေတဲ့ပါတီကို မျက်နှာလို မျက်နှာရ ဆင်ပေးတယ်လို့ ထင်ပါတယ်။

**ဦးစိဘူး။** ။ အစိုးရဖြစ်တဲ့ ပါတီနဲ့ မသင့်လို့လား။

**ဦးစော။** ။ ကျွန်တော်ဟာ အစိုးရအဖွဲ့နဲ့ ဆန့်ကျင် နေပါတယ်။

**ဦးစိဘူး။** ။ ခင်ဗျားဝင်းထဲကလူငယ်တွေဟာ ခင်ဗျားကို စောင့်ရှောက်ဖို့ လာကြတယ် မဟုတ်လား။

**ဦးစော။** ။ သည်လူတွေဟာ လခမရဘဲ ပါတီကို ခင်လို့လာပြီး နေကြတာပါ။

**ဦးစိဘူး။** ။ ခင်မောင်ရင်ဟာ ခင်ဗျားမိန်းမတူ မဟုတ်လား၊ ယခု သူတို့ ဘာကြောင့် ခင်ဗျားအပေါ် လွှဲချကြသလဲ။

**ဦးစော။** ။ ဟုတ်ပါတယ်၊ သူတို့က ကျွန်တော့်အပေါ် ပုံချရင် သူတို့ဟာ သည်အမှုလွတ်ကြမယ်လို့ ထင်ကြတယ်၊ အခြား သူများက ကျွန်တော့်အပေါ် ပုံချပစ်ဖို့ခိုင်းလို့ ပုံချကြတယ် ထင်ပါတယ်၊ သူတို့ကိုယ်တိုင် သည်အမှုကြီးထဲ ပါချင် ပါပါလိမ့်မယ်၊ ပါသည့်တိုင်အောင် ကျွန်တော့်အပေါ်လွှဲချရင် သူတို့အပြစ်မှ လွတ်မယ်လို့ ဝန်ခံချက်ရလို့ ဖြစ်ပါ လိမ့်မယ်။

**ဦးစိဘူး။** ။ စက်သေနတ်တွေကို သူတို့အား ပစ်ဖို့ သင်ပေးသလား။

**ဦးစော။** ။ အပစ်သင်ကြပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com



# ဦးစောပြောသော ပြည်သိမ်းစီမံကိန်း

## ခေါင်းဆောင်များ လုပ်ကြံ၍

## အာဏာယူကာ တိုင်းပြည်သိမ်းရန်ကြံ

ရှေ့နေချုပ်ကြီးက မေး၍ ဆက်လက်ထွက်ဆိုသည်မှာ-

**ရှေ့နေချုပ်ကြီး။** ။သည်လူတွေကို ဘာအလုပ် ပေးထားသလဲ။

**ဦးစော။** ။စိန်မောင်က စားပွဲထိုး၊ မြအုန်းက ပစ္စည်းခန်းကို ကြည့်ရတယ်၊ ရှိန်ကလေး၊ ရှိန်ကြီးတို့က အိမ်ကို အလည်လာတဲ့ လူများ ဖြစ်ပါတယ်၊ အခြားသူတွေလဲ အလည်လာကြ သူတွေပါ။

**ရှေ့နေချုပ်ကြီး။** ။သည်လူတွေ ခင်ဗျားရဲ့ အိမ်ဝင်းထဲမှာ နေတာ သိပါ သလား။

**ဦးစော။** ။မသိပါ၊ အသင်းသားကြီးတွေဖြစ်တဲ့ ဘညွန့်၊ မောင်စိုး၊ မောင်စိန်၊ စိုးမောင်၊ သုခ၊ သက်နှင်းတို့က သံဖြူရုံမှာ နေကြပါတယ်။ သူတို့က ပါတီအလုပ်သမားတွေထဲမှာ အရေးကြီး တဲ့ လူကြီးတွေလို့ ဆိုပါတယ်။

**ရှေ့နေချုပ်ကြီး။** ။သည်လူတွေဟာ ခင်ဗျားခေါ်လို့ လာကြတာလား။

**ဦးစော။** ။သူတို့ဘာသာ သူတို့လာကြခြင်းပါ၊ ကျွန်တော် ဖိတ်ခေါ်လို့ လာတာမဟုတ်ပါ။

**ရှေ့နေချုပ်ကြီး။** ။ပါတီငွေစာရင်း၊ ဂျွန်တပ် ငွေစာရင်းထားပါ သလား။

**ဦးစော။** ။မထားပါ။

**ရှေ့နေချုပ်ကြီး။** ။သည်လူတွေကို ထမင်းကျွေးရသလား။

**ဦးစော။** ။သည်လူတွေနဲ့ ကျွန်တော် ဘယ်တော့မှ ထမင်း အတူတူ မစားပါဘူး၊ သူတို့ ဘာသာ သူတို့ ပါတီ ရန်ပုံငွေနဲ့ ကျွေးပါတယ်၊ တစ်ခါတစ်ရံ ကျွန်တော့်ရဲ့ ငွေနဲ့ ကျွေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ရှေ့နေချုပ်ကြီး။** ။ သည်လူတွေကို ပါတီငွေနဲ့ ကျွေးတဲ့ စာရင်း ထားပါသလား။

**ဦးစော။** ။ ထားပါတယ်၊ ၄င်းစာရင်းကို ပါတီစက္ကရီတေရီက သိမ်းထားပါတယ်၊ တစ်ခါတလေ ကျွန်တော်က အိတ်ထဲမှ ငွေကို ထုတ်ပြီး ပေးပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ သည်ဧည့်သည်တွေကိုကျွေးဖို့ လူထားပါသလား။

**ဦးစော။** ။ ကျွန်တော့်အိမ်မှာ ထမင်းချက် နှစ်ယောက် ထားပါသည်၊ တစ်ယောက်က ကျွန်တော်တို့ကို ချက်ကျွေးဖို့နဲ့ အခြားတစ်ယောက်က ဧည့်သည်တွေကို ချက်ကျွေးဖို့ ဖြစ်ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ ချက်ဖို့ ပြုတ်ဖို့ ဘယ်သူ စီမံသလဲ။

**ဦးစော။** ။ ကျွန်တော့်မိန်းမရှိရင် သူကစီမံပါတယ်၊ သူအိမ်မှာ မရှိတဲ့အခါ ခင်မောင်ရင်ရဲ့မိန်းမ မခင်အေးက စီမံပါတယ်။ သူတို့ စာရင်းထား၊ မထားတော့ ကျွန်တော် မသိပါ။

**ရှေ့နေချုပ်ကြီး။** ။ သည် တရားခံတွေရဲ့သားငယ်တွေမှအပ အခြားသူများ ခင်ဗျားအိမ်လာပြီး အိပ်ကြသေးသလား၊ ဇွန်လနှင့် ဇူလိုင်လ ၁၉ ရက်နေ့အတွင်းမှာ တစ်ညအိပ်သွားတဲ့ လူအမည်ကို ပေးပါ။

**ဦးစော။** ။ လူအများပဲ လာကြပါတယ်၊ မောင်ထွန်း၊ မောင်ကျော်စိန်တို့ကိုသာသတိထားမိပါတယ်၊ ၄င်းတို့ နှစ်ယောက် စလုံး ၁၈ ရက်နေ့မှာ လာကြပါတယ်၊ စောရန်နောင်ဆိုတဲ့ လူလဲ ကိုဘညွန့်နဲ့လာပြီး အိပ်သွားတယ်ဆိုတာ ကျွန်တော် အတော်ကြာမှ သိပါတယ်၊ ကျော်စိန်က ကျွန်တော့်အိမ်ပေါ်မှာအိပ်၍ ကိုထွန်းက ဘုရားကျောင်းဆောင်မှာ အိပ်ပါတယ်။

ကိုထွန်းနဲ့ ဘယ်သူအိပ်သလဲ ကျွန်တော်မသိပါ၊ ကိုထွန်းဟာ ဇူလိုင် ၁၉ ရက်နေ့ တစ်နာရီအချိန်မှာ ကိုတင်အုန်းဆိုသော ဧည့်သည် တစ်ယော[က်နဲ့]အတူ ထွက်သွားပါတယ်၊ ကိုတင်အုန်းက ဇူလိုင် ၁၉ ရက်နေ့ နံနက် ၈ နာရီ ၈ နာရီခွဲလောက်မှာ ရောက်လာပါတယ်၊ ကျွန်တော့်ရဲ့ [အ]ခန်းထဲသို့ သူ တစ်ယောက်တည်း လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေချုပ်ကြီး။ ။ကိုတင်အုန်း ဘာ ကိစ္စနဲ့ လာသလဲ။

ဦးစော။ ။ကျွန်တော့်ရဲ့ လယ်တွေကိုရောင်းချင်တယ်ဆိုလို့ ကိုတင်အုန်း စုံစမ်းရန်လာပါတယ်၊ သူက ၆ ကော၊ ၇ ကောလောက် ဝယ်ချင်တယ်လို့ ပြောပါတယ်၊ ကိုတင်အုန်းဟာ မျိုးချစ်ပါတီဝင် မဟုတ်ပါ၊ ပါတီကို ထောက်ခံသူလဲ မဟုတ်ပါ။

ရှေ့နေချုပ်ကြီး။ ။ရေခြားနေတဲ့ တဲကလေးကို ဘယ်တုန်းက ဆောက်တာလဲ။

ဦးစော။ ။၁၉၄၇ ခုနှစ် ဖွန်လထဲမှာ ဆောက်ပါတယ်၊ သည်တဲရုံထဲမှ လူသွားလူလာကို စောင့်ကြည့်ဖို့ ဆောက်ပါတယ်၊ ဘညွန့်က အကြံဉာဏ်ပေးလို့ပါ၊ သည်တဲရုံထဲမှာ အစောင့်ကျတဲ့ စာရင်းကို ကျွန်တော်မသိပါ၊ သည်တဲထဲမှာ ဘယ်နှစ်ယောက် စောင့်ကြတယ် မသိပါ။

ရှေ့နေချုပ်ကြီး။ ။သည်တရားခံတွေ အိမ်မှာ နေတုန်းက ငွေများ ပေးဖူးသလား။

ဦးစော။ ။လူကြီးတွေကိုတော့ ခရီးစရိတ်လာတောင်းရင် ပေးပါတယ်၊ အခြားလူငယ်တွေကိုတော့ ဆေးလိပ်ဝယ်ပေး ထားပါတယ်၊ သုံးစွဲဖို့တော့ မပေးပါ၊ ပွဲတော်ရက်များ၌ ရေးသုံးပေးပါတယ်၊ လခ သဘောမျိုး မပေးပါဘူး။

ရှေ့နေချုပ်ကြီး။ ။တရားခံတွေဟာ ဘယ်လိုအခြေအနေ ရှိကြသလဲ။

ဦးစော။ ။မောင်စိုး၊ သက်နှင်း၊ သုခတို့ဟာ လယ်မြေတွေ ရှိကြပါတယ်၊ စားနိုင် သောက်နိုင်ကြပါတယ်၊ ရန်ကြီးအောင်တို့ မောင်စိန်တို့ကတော့ သူတို့မိဘက ထောက်ပံ့နိုင်ကြပါတယ်၊ မှုန်ကြီးက သူ့ဘာသာ လယ်လုပ်စားနိုင်တဲ့သူဖြစ်ပါတယ်၊ မောင်နီကိုတော့ ကျွန်တော် ဘာမှမသိရပါ။

ရှေ့နေချုပ်ကြီး။ ။ဇူလိုင် ၁၉ ရက်နေ့တွင် မောင်စိုးကို အင်းစိန် ထောင်သို့ ယူမသွားမီ တွေ့သေးသလား။

ဦးစော။ ။နံနက် ၁၀ နာရီမှာ တွေ့ရပါတယ်၊ ထိုနေ့ ပထမ တွေ့ခြင်း ဖြစ်ပါတယ်၊ သူပြောတာက ပြီးသွားပြီလို့

www.burmeseclassic.com

www.burmeseclassic.com



ပြောပါတယ်၊ မောင်စိုးမှာ ညှိသည်လှမြတ်စိုးနှင့် ကောလိပ်က လူနှစ်ယောက်လဲ ရှိကြပါတယ်၊ မောင်စိုးနဲ့ ကျွန်တော့် ညှိခန်းမှာ လှမြတ်စိုးတို့ရှေ့မှာ တွေ့ပါတယ်။

အတူး ဘာမှမပြောပါ၊ သက်နှင်းကိုလဲ ဇူလိုင် ၁၉ ရက်နေ့ နေ့လယ် ၁ နာရီလောက်မှာ ပထမဆုံးတွေ့ပါတယ်၊ သူက ကျွန်တော့်နားမှာ ရှိတဲ့ အိမ်ကို ငှားဖို့ကိစ္စနှင့်ပတ်သက်၍ ကျွန်တော့်ကို လာပြောပါတယ်၊ ၎င်းအိမ်ကို ပါတီပြန်လည်ဖွဲ့စည်းရေးဌာန လုပ်ရန်နှင့် ညှိသည်များ တည်းခိုရန်အတွက် ငှားမည်လုပ်ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ ရန်ကြီးအောင်ကို သူ့အဖေနဲ့ ဇူလိုင် ၁၉ ရက်နေ့ နံနက်မှာ ထွက်သွားတာကို သိရတယ်လို့ ခင်ဗျား ထွက်ဆို သွားတယ်၊ ရန်ကြီးအောင်ကို ပုလိပ်မဖမ်းခင် တွေ့သေးသလား။

**ဦးစော။** ။ မတွေ့ရပါ။

**ရှေ့နေချုပ်ကြီး။** ။ ရန်ကြီးအောင်ရဲ့ အဖေကိုကော နောက်ထပ်တွေ့သေးသလား။

**ဦးစော။** ။ မတွေ့ရပါ၊ အုတ်ဖိုက ထွန်းရင်ဟာ တစ်ညလာအိပ်ပါတယ်၊ ဇူလိုင်လနှင့် ဇွန်လ အစလောက်မှာ အိပ်ပါတယ်၊ ထွန်းရင်နှင့် ဘညွန့် အတူတူလာတယ်ဆိုတာ ကျွန်တော် မသိပါ၊ ထွန်းရင်ဟာ သံဖြူအိမ်မှာ အိပ်တယ်လို့ သိရပါတယ်၊ သူက မြို့သူကြီးတစ်ယောက် ဖြစ်ပါတယ်၊ ပါတီဝင် မဟုတ်ပါ။

**ရှေ့နေချုပ်ကြီး။** ။ လှမြတ်စိုးဟာ မျိုးချစ်ပါတီရဲ့ အတွင်းရေးမှူးလား။

**ဦးစော။** ။ ၁၉၄၇ ခု ဇန်နဝါရီလ မတိုင်မီက ဟုတ်ပါတယ်၊ ဇူလိုင်လ၁၉ ရက်နေ့ သူလာတုန်းက ကားသံ မကြားရ၍ ကားပါသလား မသိပါ၊ လှမြတ်စိုးအား ပါတီမှ နုတ်ထွက် တယ်လို့ ကျွန်တော်မသိပါ၊ ဦးလေးမောင်(ဦးလာဘ)က သူ့နေရာကို ဆက်ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ စောရန်နောင်ဟာ ဘညွန့်နဲ့အတူတူ လာတာကို အခြား ပါတီ လူကြီးများအား ပြောပြသေးသလား။

www.burmeseclassic.com

www.burmeseclassic.com



ဦးစော။ ။စာတစ်စောင်နဲ့ ပတ်သက်လို့ အချို့လူကြီးများအား ပြောပြမိပါတယ်၊ ၄င်းစာကို ဘညွန့်က ရေးသားပြီး အချို့ကို စောရန်နောင်က ပြင်ဆင်ပါတယ်။

ဦးစိဘူး။ ။သည်စာအကြောင်းကို ယခင်က ဘညွန့်သက်သေခံတုန်းက မေးဖို့ကောင်းတယ်။

ဦးစော။ ။သည်စာကို ကျွန်တော့်အား ဖမ်းတုန်းက အိမ်မှာ ကျန်ရစ်ခဲ့၍ မတင်ပြနိုင်ပါ၊ ပုလိပ်ထက်ထဲမှာ ရှိပါလိမ့်မယ်၊ သည်စာဟာ ကျွန်တော်ရဲလက်ရေး၊ ဘညွန့်လက်ရေး၊ စောရန်နောင်လက်ရေးတို့ ပါပါတယ်၊ သည်စာထဲမှာ ပြည်သိမ်းရေးစီမံကိန်းဆိုတဲ့ ခေါင်းစဉ်နဲ့ ငါးရွက်မျှရှည်သော စီမံကိန်းကို ရေးသားထားပါတယ်၊ စောရန်နောင်နဲ့ ဘညွန့်တို့ လက်မှတ်ပါတယ်။

၄င်းစာအရ ဘညွန့်နှင့် စောရန်နောင်တို့က ပါတီ ခေါင်းဆောင်များအား အစည်းအဝေးခေါ်နိုင်းပါတယ်၊ ဂျွန်တပ် ဗိုလ်တို့နဲ့ သူတို့တွေ့ခဲ့တဲ့ ရဲဘော်ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဖို့ ဖိတ်ခေါ်နိုင်းပါတယ်၊ စီမံကိန်းဟာ ခေါင်းဆောင်တွေကို လုပ်ကြံပြီး အာဏာကို လုယူဖို့၊ တိုင်းပြည်ကိုသိမ်းဖို့ ဖြစ်ပါတယ်၊ အဲသည်စာကို ကျွန်တော်က အောက်က မှတ်ချက်ရေးထားပါတယ်။

သည်စီမံကိန်းဟာ ရက်စက်သော နည်းလမ်းသစ်များဖြစ်လို့ ကျွန်တော် အစည်းအဝေးခေါ်ပေးဖို့ ငြင်းဆိုခဲ့ပါတယ်။

၄င်းအကြောင်းကို ရန်ကုန်မှာရှိတဲ့ မျိုးချစ်ပါတီ အမှုဆောင်လူကြီးအချို့အား ကျွန်တော်ပြောပြဖူးပါတယ်၊ ဦးဘအုန်း (ပုသိမ်)၊ ဦးလေးမောင် (ဦးလာဘ)တို့ နှစ်ယောက်သာ ရန်ကုန်မှာ ရှိကြ၍ သူတို့ကို ပြောပြတယ်လို့ ထင်ပါတယ်။

လှမြတ်စိုးကိုလဲ ကျွန်တော် ပြောပြတယ်၊ အခြားအရေးကြီးတဲ့ ပါတီလူကြီးအချို့ကိုလဲ ပြောမိပါတယ်၊ ဘယ်သူတွေလဲ ဆိုတာတော့ ကျွန်တော် မမှတ်မိပါ။

ဦးစိဘူး။ ။ခင်ဗျား အိမ်ကို စောရန်နောင် ပထမအကြိမ် လာလည့်တာ ဘယ်တုန်းကလဲ။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစော။** ။ဘုရင်ခံ အမှုဆောင်အဖွဲ့မှ နုတ်ထွက်တဲ့ ဖေဖော်ဝါရီလ ထဲမှာ စောရန်နောင် လာပြီး လည်ပါတယ်၊ စောရန်နောင် ကျွန်တော့်အိမ်ကို လာရင် ရဲဘောယောင်း တစ်ယောက်နှစ်ယောက် အမြဲပါ ပါတယ်၊ သူတို့နာမည်ကိုတော့ ကျွန်တော် မသိပါ။

ဘညွန့်နှင့် စောရန်နောင်တို့က ပြည်သိမ်းစီမံကိန်းကို ဖတ်ပြတော့ သူတို့ဟာ ကြောက်စရာကောင်းတဲ့ လူတွေရယ်လို့ ထင်တာနဲ့ သူတို့ကို ပြောပြလိုက်တဲ့အတွက် နောက်ထပ် မတွေ့ရတော့ပါ။

စောရန်နောင်ကို စစ်မဖြစ်မီက မသိပါဘူး။ ဘညွန့်နှင့် စောရန်နောင် တို့က ဦးအောင်ဆန်းကို ပြောတုန်းက သူတို့ တကယ်လုပ်လိမ့်မယ်လို့ ကျွန်တော် မယူဆခဲ့ပါဘူး။

**ဦးစိဘူး။** ။ ဘညွန့်က ဗိုလ်ချုပ်ကို လုပ်ကြံဖို့ပြောတုန်းက ပုလိပ် ကို တိုင်ရင် အဖိုးတန်သော အသက်တွေဟာ မသေ ဘူး မဟုတ်လား။

**ဦးစော။** ။ တကယ်ထင်ရင် တိုင်မှာပေါ့။ မတိုင်ရင်လဲ ကျွန်တော် ဟာ နိုင်ငံခြားကို လေယာဉ်ပျံနှင့် ပြန်ပြေးမှာပေါ့၊ ကျွန်တော်သာ ဉာဏ်ကြီးရှင်ဖြစ်ရင် ယခုထက်ပိုပြီး သိပ်သိပ်သည်းသည်း လုပ်မှာပေါ့၊ နို့မဟုတ်ရင်လဲ သတ်လာတဲ့တွေကို မိုင် ၂၀-၃၀လောက်ရောက် အောင် ပို့ထားလိုက်မှာပေါ့။

**ရှေ့နေချုပ်ကြီး။** ။ သည်လိုစကားကိုတော့ တရားခံဟာ ပြောနေကျပဲ၊ ဖွန်လ အတိုင်မီက ဘညွန့်ကို ဘာပြောသေးသလဲ။

**ဦးစော။** ။ဘညွန့်ရဲ့ အကြံကတော့ မျိုးချစ်ပါတီမှာ ခေါင်းဆောင် လုပ်လိုတယ်။ စောရန်နောင်က ရဲဘော် ၃၇၀၀၀ နဲ့ ဂဠုန် တပ်ကို အုပ်ချုပ်စေချင်တယ်၊ စောရန်နောင်ဟာ ကျွန်တော့်ထံ ပထမ လာပြီး သည်လိုကိစ္စကိုပြောတော့ ကျွန်တော်က သူ့ကိုဦးအောင်ဆန်းလူလို့ ထင်မိပါတယ်။

သည်သူငယ်ဟာ ကျွန်တော့်ကို ရိုသေအောင်လာလုပ်တာပဲလို့ ယူဆပြီး သူ့ကို ဘယ်တော့မှ အယုံအကြည်မရှိခဲ့ပါ၊ သူ့ကိုလဲ အယုံမသွင်းခဲ့ပါ၊ စောရန်နောင်နဲ့ ကျွန်တော် အခြားစကားပြောနေတုန်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အနား မှာ အခြားသူ ရှိကောင်းရှိပါလိမ့်မည်၊ ကျွန်တော့်အိမ်ထဲမှာ လူအချို့နဲ့ စောရန်နောင် သိကြလိမ့်မယ်ထင်တယ်၊ လူကြီးတွေနဲ့တော့ စောရန်နောင် သိချင်မှသိမှာပေါ့။ မောင်စိုး၊ သက်နှင်း၊ မောင်စိန်၊ သုခတို့ကို သိမှာပဲ။

**ရှေ့နေချုပ်ကြီး။** ။ ခင်ဗျားကို ဘယ်တုန်းက သေနတ်နဲ့ ပစ်ခံရသလဲ။

**ဦးစော။** ။ ၁၉၄၆ ခု၊ စက်တင်ဘာလ သေနတ်နဲ့ ပစ်ပါတယ်၊ ဘညွန့်က ဦးအောင်ဆန်းနဲ့ တပည့်တွေက လုပ်တယ်လို့ မသင်္ကာဘူးလို့ ပြောပါတယ်၊ ကျွန်တော်က သင်္ကာမကင်း မရှိခဲ့ပါ၊ ဦးအောင်ဆန်းနဲ့ သခင်နုတို့ပင် ကျွန်တော့်ထံလာပြီး မေးကြသေးတယ်၊

ဖဆပလက လူတွေကိုလဲ သင်္ကာမကင်းမဖြစ်ခဲ့ပါဘူး၊ ကျွန်တော့်ကို ပစ်ခဲ့တဲ့အကြောင်းရင်းကို ကျွန်တော် မတွေးတတ်လောက်အောင် ဖြစ်မိတယ်၊ သူ့ရိုယတိုက် ကိစ္စနှင့် ပတ်သက်သလားလို့လဲ မထင်တတ်ဘူး၊ ပုလိပ်ကို တိုင်ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ ခင်ဗျားကို သေနတ်နဲ့ ပစ်တဲ့အခါမှာ ဝန်ကြီး လုပ်ဖို့ ကြိုးစားနေတယ် မဟုတ်လား။

**ဦးစော။** ။ မဟုတ်ပါဘူး၊ ကျွန်တော့်ကို သေနတ်နဲ့ ပစ်တဲ့နေ့မှာ အပစ်မခံရခင် ဘုရင်ခံက ဖိတ်ခေါ်၍ ဘုရင်ခံနှင့် တွေ့ပါသေးတယ်၊ ကျွန်တော့်ကို သေနတ်နှင့်ပစ်တော့ ကိုယ်ပိုင် စစ်တပ်ကလေး တစ်ခု လိုမယ်မထင်ပါ။

**ရှေ့နေချုပ်ကြီး။** ။ ဦးစော သေနတ်လိုင်စင်အရ လက်နက်ကိုင်ခိုင်းသူများ စာရင်းမှ ဖတ်ပြသည်။ စာရင်းတွင်ပါသူများမှာ-

၁။ မောင်ထွန်းဖေ

၂။ မောင်စိုး

၃။ မောင်ရင်မောင်

၄။ မောင်ရင်ဖေ

၅။ မောင်ထွန်းတင်

၆။ မောင်စိန်မောင်

တို့ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစော။ ။ပုလိပ်မင်းကြီးက မည်သည့် လူ ခြောက်ယောက်မဆို သေနတ်များကို ကိုင်ဆောင်ထားနိုင်သည်ဟု ကျွန်တော့်အားပြော၍ နားလည်ပါသည်။ ရင်မောင်၊ ရင်ဖေ၊ ထွန်းတင်၊ ထွန်းဖေတို့ ထွက်သွားတာကြာပါပြီ၊ ပုလိပ်မင်းကြီးဝင်း (မ) ထံမှ နှုတ်မိန့်အရ ဖြစ်တယ်၊ လူသစ်ခြောက်ဦး စာရင်းကို တင်ပို့လို့ဝင်း (မ) က ပြော၍ တင်လိုက်ပါသည်။ ပုလိပ်မင်းကြီးရုံးမှာ ရှိပါလိမ့်မည်။

ရှေ့နေချုပ်ကြီး။ ။တပည့်များအား သစ္စာပြုရမယ်ဆိုတဲ့ အကြံဘယ်ကရသလဲ။

ဦးစော။ ။လူအများကပဲ အကြံပေးပါတယ်၊ ဘညွန့်လဲ တစ်ဦးပါတယ်၊သစ္စာပြုရမယ့် လူတွေလဲ အချင်းချင်း တိုင်ပင်ပြီး သဘောတူကြပါတယ်။

ရှေ့နေချုပ်ကြီး။ ။အင်းစိန်ထောင်သို့ ခင်ဗျားနှင့်အတူ ဖမ်းသွားတဲ့ လူတွေအားလုံး သစ္စာဆိုရသလား။

ဦးစော။ ။အားလုံးမဆိုရပါဘူး၊ ဘယ်သူတွေ ဆိုရတယ်၊ ဘယ်သူတွေ မဆိုရဘူးဆိုတာတွေ ကျွန်တော်မသိပါ၊ ကျွန်တော့်ကို ပြောပြတဲ့အခါမှ ကျွန်တော်သိပါတယ်၊ သစ္စာဆိုတဲ့ အကြောင်းကို လူကြီးထဲက ကျွန်တော့်လာပြီး ပြောပါတယ်။

သစ္စာဆိုပေးဖို့ လူရယ်လို့ မထားပါ၊ ဘယ်သူ ဘယ်ဝါတွေကို သစ္စာပြုရမယ်လို့ ကျွန်တော်က သီးခြားအမိန့် မပေးခဲ့ပါ၊ ထုံးစံလို လုပ်နေကြတဲ့ကိစ္စ ဖြစ်ပါတယ်၊ နယ်က အရေးကြီးတဲ့ လူတစ်ယောက် ရောက်လာခဲ့တဲ့အခါမှာ သည်လူဟာ သစ္စာဆိုစေကြပါတယ်။

ရှေ့နေချုပ်ကြီး။ ။သစ္စာဆိုရတဲ့ လူတွေဟာ ကိုယ်တိုင် စာတစ်စောင်ကို လက်မှတ်ရေးထိုးရတယ်ဆိုတာ သိသလား။

ဦးစော။ ။မသိပါ၊ ဘယ်သူ့ကိုမှလဲ သည်လိုသေတမ်းစာ ရေးပေးဖို့ အကြံမပေးခဲ့ဘူး။

ရှေ့နေချုပ်ကြီး။ ။ရာဇဝတ်ဝန်ထောက် ဦးစိုးရင်၊ မစ္စတာဗြ၊ မစ္စတာဆန် ဆိမ်၊ အလ်ဟူစိန်၊ ဦးဘွန်နိုင်၊ ဦးထွန်းလှအောင်တို့ကို သိသလား။

www.burmeseclassic.com

www.burmeseclassic.com



ဦးစော။ ။ ဦးထွန်းလှအောင်ကို သိပါတယ်၊ အခြားလူများကို ကျွန်တော် အဖမ်းမခံရခင်က မသိပါ၊ ဦးထွန်းလှအောင်အား ဇူလိုင်လ ၁၉ ရက်နေ့ ထောင်ကိုမသွားခင် မတွေ့ရပါ၊ မစ္စတာဂျပ်နှင့် ဦးစိုးရင် အခြားပုလိပ်အရာရှိတို့ကို မြင်ရပါသည်၊ မစ္စတာဂျပ်နှင့် စကားပြောပါသေးသည်၊ အခြားလူများနှင့် စကားမပြောရ ပြောရ မမှတ်မိပါ။

ရှေ့နေချုပ်ကြီး။ ။ ခင်ဗျားကို ဘယ်ပုဒ်မနဲ့ ဖမ်းသွားသလဲ သိသလား။

ဦးစော။ ။ ကျွန်တော်မသိပါ၊ မစ္စတာဂျပ်က ရှာရအောင်လာတယ်လို့ဆိုပါတယ်၊ ကျွန်တော်တို့ကို အင်းစိန်ထောင်မှူးကြီး၏ အခန်းခေါ်သွားပါတယ်၊ ထောင်ပိုင်ကြီး ဦးတင်မောင်ကိုတွေ့၊ မတွေ့ မမှတ်မိပါ။

ရှေ့နေချုပ်ကြီး။ ။ ဂျွန်တပ်သားတွေဟာဝါးရင်းတုတ် တွေကိုင်သလား။

ဦးစော။ ။ အချို့အရပ်ဒေသတွေမှာ ဝါးရင်းတုတ် ကိုင်ကြပါတယ်၊ ဂျွန်တွေဟာ ဝါးရင်းတုတ်ကိုင်ရမယ်လို့ မဆိုလိုပါဘူး၊ ကိုင်ချင်တဲ့ နေရာမှာ ကိုင်ကြတယ်၊ မကိုင်တဲ့နေရာမှာ မကိုင်ကြပါဘူး၊ ဝါးရင်းတုတ် တွေကို ကျွန်တော့် သဘောတူချက်အရ ကိုင်တာ မဟုတ်ပါဘူး။

ရှေ့နေချုပ်ကြီး။ ။ ပဲခူးမှာ ဂျွန်တပ်ရှိသလား၊ ပျော်ဘွယ်မှာ ရှိသလား။

ဦးစော။ ။ ပဲခူးမှာ မရှိပါ၊ ပျော်ဘွယ်မှာ မျိုးချစ်ပါတီ ရှိပါတယ်၊ သူတို့က ဝါးရင်းတုတ်ကိုင်တယ်ဆိုတာ ကျွန်တော် မသိပါ၊ ပဲခူးမှာရှိတဲ့ မျိုးချစ်ပါတီ တပည့်တွေဟာ ဝါးရင်းတုတ်ကိုင်တာ မသိပါ၊ ပဲခူးမှာ မျိုးချစ်ပါတီမရှိပါ။

ရှေ့နေချုပ်ကြီး။ ။ ခင်ဗျား အိမ်ဘေးက ရေကန်ထဲမှာ ဘရင်းဂန်းတွေ တွေ့တယ်ဆိုတာ သိသလား။

ထားးတစ်ဘင်နက်။ ။ ကျွန်တော် လိုက်ရတဲ့အမှုက တော်မီဂန်း သုံးလက်နှင့် စတင်းဂန်း တစ်လက်ပါတဲ့ အမှုဖြစ်ပါတယ်၊ အခြားအမှုကို မလိုက်လိုပါ၊ သို့အတွက် သည်မေးခွန်းကို ကန့်ကွက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ရှေ့နေချုပ်ကြီး။** ။ဇူလိုင် ၁၉ ရက်နေ့ ဦးစောကို ဖမ်းစဉ် ဦးစော ဇနီး ရှိပါသလား။

**ဦးစော။** ။မရှိပါ၊ ဘုန်းကြီးကျောင်းသွားပြီး ဥပုသ်စောင့်နေပါတယ်။

ဒေါ်သန်းခင်အိမ်က ထွက်သွားတာ ခုနစ်ရက်၊ ၁၀ရက်လောက်ရှိပါသည်၊ အင်းစိန်မြို့ရှိ တောရကျောင်းမှာ ဥပုသ်စောင့်နေပါသည်။

ဒေါ်သန်းခင်ကို တခြားသို့ သွားနေဖို့ပြောတယ်ဆိုတာ မဟုတ်ပါဘူး။ သည်လိုပဲ ယခင်ကလဲ တောရကျောင်းသို့ ရက်ရှည်သွားပြီး ဥပုသ်စောင့်ဖူးပါတယ်။

အိမ်မှာ ဧည့်သည်တွေများလာရင် ဥပုသ် ထွက်စောင့်လေ့ရှိပါတယ်။ ဥပုသ်စောင့်ချင်တဲ့အခါ ဘုန်းကြီးကျောင်းသွားပြီး ဥပုသ်စောင့်တာ ဆိုလိုပါတယ်။ ယူဂန္ဓာမှ ပြန်ရောက်လာကတည်းက ဥပုသ်စောင့်ထွက်တာ နှစ်ကြိမ် သုံးကြိမ် ရှိပါပြီ။

**ဥက္ကဋ္ဌ။** ။ဘာကို ရည်ရွယ်ပြီး မေးသလဲ။

**ရှေ့နေချုပ်ကြီး။** ။လုပ်ကြံမှုအတွက် ကြံစည်ကြလို့ ဒေါ်သန်းခင်ကို ရှောင် ပေးနေစေချင်တယ်လို့ ဆိုလိုပါတယ်။

**ဦးစော။** ။ကျွန်တော် ကြံစည်မယ်ဆိုရင် ဒေါ်သန်းခင်ကို သာမက အခြားလူများကိုပါ ရှောင်နေရမှာပေါ့။

**ရှေ့နေချုပ်ကြီး။** ။သက်သေခံတင်ပြထားတဲ့ နံပါတ် သံပြားကို မြင်ဖူးသလား။

**ဦးစော။** ။မမြင်ဖူးပါ၊ ယခင်ကလဲ မမြင်ဖူးပါ၊ အာရ်အေ ၉၈၃၁ နံပါတ်ဟာ ကျွန်တော့် ဂျစ်ကား တစ်စီးရဲ့ နံပါတ်ဖြစ်ပါတယ်၊ သည်နံပါတ်ပြားကို ကျွန်တော်ရဲ့ ဂျစ်ကားမှာ တပ်ဖူးတယ်လို့ ကျွန်တော်မထင်ပါ၊ နံပါတ် အာရ်ဘီ ၉၈၃၁ နဲ့ ဂျစ်ကားကို ကျွန်တော် ထောင်ထဲမှာ မြင်မိပါတယ်၊ ရှေ့ကဘန်ကာပေါ်မှာ သည်နံပါတ် ရေးထားတာရှိပါလျက်နဲ့ နံပါတ်ပြားကိုတပ်ဖို့ မလိုပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ရှေ့နေချုပ်ကြီး။** ။ဦးထွန်းလှအောင်က ဂျစ်ကား ရှေ့ဘန်ကာပေါ်မှာ အာရ်ဘီ ၉၈၃၁ ရှိတဲ့ နံပါတ်ပြားကို တပ်ထားတယ်လို့ ထွက်ဆိုသွားတယ်၊ ဘာပြောမလဲ။

**ဦးစော။** ။သည်လိုထွက်ဆိုသွားတယ်ဆိုရင် တစ်ဦးဦးက တပ်ထားလို့ဖြစ်မှာပေါ့၊ လီဆယ်ထားတယ်လို့ ကျွန်တော်ဆိုရမှာပဲ။

**ရှေ့နေချုပ်ကြီး။** ။ဂျစ်ကားရှေ့က ဘန်ကာမှာ နံပါတ်အာရ်ဘီ ၉၈၃၁ ရှိတယ်လို့ဆိုလိုသလား၊ အကယ်၍ သည်နံပါတ်ဟာ ဘန်ကာပေါ်မှာ ရေးမထားဘူးဆိုရင် ခင်ဗျား အံ့သြသွားမလား။

**ဦးစော။** ။ကျွန်တော်သည်အထိ ဂရုမစိုက်ပါ၍ မအံ့သြပါဘူး၊ မရှိရင်လဲ အံ့သြခြင်း မဖြစ်ပါဘူး။

**ရှေ့နေချုပ်ကြီး။** ။ကားတွေကို ဘယ်သူက ကြည့်ရသလဲ။

**ဦးစော။** ။ခင်မောင်ရင်က ကားတွေကို ကြည့်ရှုရပါတယ်၊ ကားသမားရယ်လို့ မရှိပါ၊ လူငယ် လေး၊ ငါးယောက်ဟာ ကား မောင်းတတ်ပါတယ်။

ကျွန်တော့် ဘာသာလဲ ကျွန်တော်မောင်းပါသည်။ သေနတ်ပစ်ခံရပြီးနောက် အထွက်နည်းခဲ့ပါတယ်။ အခြားလူငယ် တစ်ယောက်ယောက် မောင်းပါလိမ့်မယ်။ မောင်စိန်၊ ခင်မောင်ရင်၊ သုခ၊ မောင်အေး၊ မောင်အေးချိုတို့ မောင်းနိုင် ကြပါတယ်။

မောင်အေးနှင့် မောင်အေးချိုဟာ ဇူလိုင်လ ၁၉ ရက်နေ့မှာ အိမ်ဝင်းထဲ မရှိပါ။ သံခုတင်ကို အစေခံမ နှစ်ယောက် အိပ်ကြတယ်ထင်တယ်။ ဇူလိုင်လ ၁၈ ရက်နေ့ညက အစေခံမ လှရွှေခေါ် မြရွှေ တစ်ယောက်တည်းသာ အိမ်မှာရှိပါတယ်။ အခြား မိန်းကလေးတွေက ဒေါ်သန်းခင်နှင့် ဘုန်းကြီးကျောင်း လိုက်သွားပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ဇူလိုင် ၁၈ ရက်နေ့က ဝမ်းနာနေတယ်ဆိုတာ ဆရာဝန် ခေါ်သေးသလား။

**ဦးစော။** ။ထိုနေ့ ၂ နာရီလောက်ကမှ နာနေ၍ မခေါ်ခဲ့ပါ၊ ခေါ်လေ့မရှိပါ၊ ဝမ်းနာရောဂါဟာ ယူဂန္ဓာမှာ နေက

www.burmeseclassic.com

www.burmeseclassic.com



တည်းက ရခဲ့ပါတယ်။ ညတိုင်း ဝမ်းနုတ်ဆေးစားရပါတယ်၊ ထောင်ထဲ ရောက်မှ နှစ်ခါ သုံးခါ ဝမ်းနာဖြစ်ခဲ့ပါပြီ။ ဇူလိုင် ၁၉ ရက်နေ့မှာပဲ နာလျက် ရှိနေ၍ အစာလုံးလုံး မစားနိုင်ခဲ့ပါ၊ ဇူလိုင် ၂၀ ရက်နေ့မှာ သက်သာပါတယ်၊ ၂၄ ရက်နေ့ကျတော့ ပျောက်သွားပါတယ်။

**ဦးစိဘူး။** ။ ၁၈ ရက်နဲ့ ၁၉ ရက် နှစ်ရက်မှာ အိပ်ရာပေါ်မှာ နေရ တယ်ဆိုတယ်။

**ဦးစော။** ။ ညှိသည်တွေလာရင်ထပြီး စကားပြောနိုင်ပါတယ်။

**ဦးအောင်သာကျော်။** ။ ထောင်မှူးကြီး အိမ်သို့ ရောက်တော့ စားသေး သလား။

**ဦးစော။** ။ ခေါက်ဆွဲတွေ ပေးသော်လည်း မဆာ၍ မစားပါ။ သည်မှာတော် ထောင်ပိုင်ကြီးက ဒံပေါက်ထမင်း လာပို့သော် လည်းကောင်းလျက်နှင့် မစားရပါ၊ ၂၀ ရက်နေ့ ထောင်မင်းကြီး ကာနယ်ဘ ထော်လာပြီး ကြည့်တော့လဲ ကျွန်တော် မစားနိုင်ပါ။

**ရှေ့နေချုပ်ကြီး။** ။ ထောင်မှူးကြီးကခေါက်ဆွဲကြော် နှစ်ခွက်စား တယ်ဆို၊

**ဦးစော။** ။ မဟုတ်တဲ့ စကားပါ၊ ဇူလိုင် ၁၉ရက်နေ့မှာ ခေါက်ဆွဲ ကြော်ကို မစားပါဘူး၊ ခက်ရင်းနဲ့ထိုးယူပြီး အခြား သူများကို ပြလျက် သည်လိုအစားမျိုး နောက်စားရမှာမဟုတ်ဘူး၊ စားလိုက် ကြလို့တောင် နောက်ပြောင်ပါသေးတယ်။

**ရှေ့နေချုပ်ကြီး။** ။ ခြင်ထောင်တို့ခေါင်းအုံးတို့ကို ဒေါ်သန်းခင်ဝယ်တယ် မဟုတ်လား။

**ဦးစော။** ။ ကျွန်တော့် မိန်းမဟာသည်လိုပစ္စည်း အနုပ်အစုတ် တွေကို ဝယ်ဖို့ ဈေးသွားခဲ့ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ ပုလိပ်က ဩဂုတ်လတုန်းက စစ်သေးတယ် မဟုတ် လား။

**ဦးစော။** ။ စစ်ဆေးပါတယ်၊ ဦးသိန်းအုန်းက စစ်ပြီး ကျွန်တော့်ရဲ့ ထွက်ဆိုချက်ကို ရေးယူသွားပါတယ်၊ ကျွန်တော့်ကို ဖတ်ပြသေးတယ် ထင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေချုပ်ကြီး။ ။ မောင်စိုးကို ကျွန်တော့်အသက်နဲ့ စည်းစိမ်ကို စောင့်ရှောက်ရန် ခေါ်ထားပါတယ်လို့ ဦးသိန်းအုန်းထံ အစစ်ခံသလား။

ဦးစော။ ။ အစစ်ခံပါတယ်၊ ဝန်ကြီးရာထူးက နုတ်ထွက်လို့ ပုလိပ်အစောင့်အရှောက်တွေကို ပြေလမှာ ရုပ်သိမ်းသွားပါတယ်။

ရှေ့နေချုပ်ကြီး။ ။ သက်နှင်းကိုတော့ ကိုစိုးကဲ့သို့ပင်ခေါ်ထားပါတယ်လို့ အစစ်ခံတယ်မဟုတ်လား။

ဦးစော။ ။ ထွက်ဆိုခဲ့ပါတယ်။

ရှေ့နေချုပ်ကြီး။ ။ သုခကိုလည်း ကိုစိုးကဲ့သို့ ခေါ်ထားတယ် ဆိုတယ် မဟုတ်လား။

ဦးစော။ ။ ဟုတ်ပါတယ်၊ မောင်စိန်လဲ စောင့်ရှောက်ရန် လာနေပါတယ်လို့ အစစ်ခံခဲ့ပါတယ်၊ သည်လူတွေဟာ ကျွန်တော်နဲ့ အတူတူနေတတ်ပြီး သူတို့ကို စောင့်ရှောက်ဖို့လာနေပါလို့ ခေါ်ထားခြင်းဖြစ်ပါသည်။ သူတို့ကလဲ နေလိုက် ပြန်သွားလိုက် လုပ်နေကြပါတယ်၊ ဘညွန့်ကိုတော့ စောင့်ရှောက်ဖို့ အထူးမခေါ်ပါဘူး။

ရှေ့နေချုပ်ကြီး။ ။ ဘိုနီကိုလဲ စောင့်ရှောက်ရင်း လာနေပါလို့ ထွက်ဆိုသလား။

ဦးစော။ ။ ထွက်ဆိုပါတယ်၊ ထွန်းရှိန်ကိုလဲ အိမ်မှာ စောင့်ရှောက်ဖို့၊ ခိုင်းစေဖို့ ခေါ်လာတယ်လို့ ထွက်ဆိုပါတယ်

ရှေ့နေချုပ်ကြီး။ ။ ရန်ကြီးအောင်ကိုလဲ အိမ်မှာ ကူညီလုပ်ကိုင်ရန် ခေါ်ထားတယ်လို့ ထွက်ဆိုပါသလား။

ဦးစော။ ။ ထွက်ဆိုပါတယ်။

ရှေ့နေချုပ်ကြီး။ ။ ဦးသိန်းအုန်းဟာ အချို့ထွက်ချက်များကို ပြင်ဆင်ဖို့ ပြောသေးသလား။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစော။** ။ ကျွန်တော်က ပြင်ဆင်ချက်ပြုတဲ့ အခါမှာ ဦးသိန်းအုန်းက ပြင်ဆင်ပေးပါတယ်၊ စောရန်နောင်အကြောင်း ပြောမိတယ်ဆိုတာ သတိမထားမိပါ။

**ရှေ့နေချုပ်ကြီး။** ။ ခင်ဗျားရဲ့ ထွက်ချက်ထဲမှာ စောရန်နောင်ဟာ ဗိုလ်ချုပ်ကို လုပ်ကြံမည့်အကြောင်း ပါသလား။

**ဦးစော။** ။ အကုန်ပါပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ စောရန်နောင် ကြေညာစာရွက် ယူလာတာ ပထမ အကြိမ်လား။

**ဦးစော။** ။ မဟုတ်ပါဘူး၊ ပြည်သိမ်းစီမံကိန်းဆိုသော စာကို စောရန်နောင်နဲ့ဘညွန့်တို့ လက်မှတ်ရေးထိုး ထားပါသည်။ ယခု ကြေညာစာတမ်းကို စောရန်နောင် တစ်ဦးတည်း လက်မှတ်ထိုး ထားပါတယ်။ သည်နှစ်ခုစလုံးကို ကျွန်တော် မနှစ်သက်ခဲ့ပါ။

ပြည်သိမ်းစီမံကိန်းနှင့် ဦးအောင်ဆန်းတို့ကို သတ်ရုံသာမက အာဏာသိမ်းပြီး တိုင်းပြည်ကို သိမ်းဖို့အချက်များလည်း ပါပါသည်။ ထိုစီမံကိန်းအောက်၌ 'ဦးအောင်ဆန်းတို့အား သတ်ရုံဖြင့် အာဏာမရနိုင်။'

တိုင်းပြည်ပြု လွှတ်တော်အမတ်တွေရှိထားပြီဖြစ်၍ ခေါင်းဆောင်တွေကို သတ်လျှင် အခြားသူများက တက်ပါလိမ့်မည်ဟု ရေးသားထားပါတယ်။ ထိုစာကိုရအောင် လုပ်စေချင်ပါသည်။

(ဦးစော၏ ထွက်ချက်များကို ရုံးတော်က အသုံးပြုနိုင်ရန် ပြင်ဆင်ထားသော သက်သေခံ ဥပဒေအရ ခွင့်ပြုသည်။)

**ဦးစီဘူး။** ။ ပစ်စတင်းရင်းများကို ခင်မောင်ရင် ဝယ်သလား။

**ဦးစော။** ။ ခင်မောင်ရင် ပစ်စတင်းရင်း ဝယ်၊ မဝယ် မသိပါ၊ ယခုတိုင်ခင်မောင်ရင် ပစ်စတင်းရင်းများ ဝယ်ပြီး မပြီး မသိရပါ၊ သူငယ် တစ်ယောက်က ခင်မောင်ရင်က ပစ်စတင်းရင်းဝယ်ဖို့ သွားတယ်ဆိုတာသာ သိရပါတယ်။

**ဦးအောင်သာကျော်။** ။ ရင်ဖေနှင့် ရင်မောင်တို့ ခင်ဗျားအိမ်က ဘယ်တော့ ထွက်သွားကြသလဲ။

www.burmeseclassic.com

www.burmeseclassic.com



ဦးစော။ ။ မတ်လလောက်ထွက်သွားကြပါတယ်၊ ရန်ကြီးနိုင်က ရန်ကြီးအောင်လာပြီး တစ်လလောက်မှ ရောက်ပါတယ်။

ဦးအောင်သာကျော်။ ။ သူတို့ နှစ်ယောက်ဟာ အခြားသူများနဲ့ နေကြသလား။

ဦးစော။ ။ သူတို့ဟာ ထမင်းချက်နဲ့ အတူတူနေကြတယ်၊ ဂိတ်ဝမှာပဲ အိပ်ကြတယ်လို့ ကြားပါတယ်။

ရှေ့နေချုပ်ကြီး။ ။ မေဂျာယန်းအပြင် အခြားစစ်ဘက်က လူတွေနဲ့ မိတ်ဆွေဖြစ်ကြတယ် မဟုတ်လား။

ဦးစော။ ။ မိတ်ဆွေတွေ ဖြစ်ကြပါတယ်။

ရှေ့နေချုပ်ကြီး။ ။ မေဂျာယန်းအေလ်ကိုကော သိသလား။

ဦးစော။ ။ ၄င်းကို မေးထူး ခေါ်ပြောလောက် သိပါတယ်။

ရှေ့နေချုပ်ကြီး။ ။ တရားခံ မောင်စိန်ရဲ့အဖေ ဦးမောင်ကြီးဟာ နိုင်ငံရေးကြောင့် အသတ်ခံရတယ် မဟုတ်လား။

ဦးစော။ ။ အသတ်ခံရတာသိပါတယ်၊ နိုင်ငံရေးကြောင့်လား၊ ကျွန်တော်မသိပါ။

ရှေ့နေချုပ်ကြီး။ ။ ဒေသ့သည်တွေကို ဒေသ့ခံဖို့ အရက်ဗီရိုရှိသလား။

ဦးစော။ ။ အရက်အမျိုးမျိုးထားတဲ့ ဗီရိုရှိပါတယ်။

ဘင်နက်။ ။ ပုလိပ်ထံ အစစ်ခံတုန်းက သူကမေးလို့ ဖြေတာလား။

ဦးစော။ ။ ဟုတ်ပါတယ်။

ဘင်နက်။ ။သူကမေးတဲ့ မေးခွန်းအားလုံးကို ဖြေသလား။

ဦးစော။ ။ ဖြေပါတယ်၊ ဟုတ်မှန်သလောက် ဖြေခဲ့ပါတယ်၊ ကျွန်တော့်အား မမေးတဲ့အကြောင်းကို ကျွန်တော် မပြောခဲ့ပါဘူး။

ဘင်နက်။ ။ ဘညွန့်နှင့် ရန်ကြီးအောင်တို့ လက်မှတ်နှင့် စာတမ်းများကို မေးတုန်းက ခင်ဗျား ဘယ်မှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစော။** ။ ကျွန်တော့်ကို ဦးသိန်းအုန်းက အင်းစိန်ထောင်ထဲမှာ စစ်ပါတယ်၊ ကျွန်တော့်ကို ဖမ်းတုန်းက စာတမ်းများကို ကျွန်တော့်ရဲ့ စာကြည့်ခန်းထဲက ဗိုင်တွဲထဲမှာ ရှိပါတယ်၊ ကျွန်တော့်ကို စစ်ဆေးတော့ သည်စာရွက်နှစ်ရွက်ဟာ ပုလိပ်လက်ထဲ ရောက်နေပါပြီလို့ ယူဆပါတယ်၊ နို့မဟုတ်ရင်လဲ ယခုတိုင် ကျွန်တော်ရဲ့အိမ်မှာ ရှိနေချင်နေပါလိမ့်ဦးမယ်။

**ဘင်နက်။** ။ သည်စာရွက်တွေကို ရှာရရင် တရားသဖြင့် ဖြစ်လာလိမ့်မယ်။

**ရှေ့နေချုပ်ကြီး။** ။ ယနေ့ စုံထောက်ဘက်အား ရှာခိုင်းထားပါသည်၊ ကျွန်တော်တို့တွေ့ရင် ရုံးတော်မှာတင်ပြပါ့မယ်၊ စုံထောက်ဘက် အရာရှိကြီးကို ရှာခိုင်းစေပါပြီ။

**ဘင်နက်။** ။ ဇူလိုင် ၁၉ ရက်နေ့ လုပ်ကြံမှုကြီးကို သည်တရားခံများကလုပ်ကြံခဲ့ကြပါပြီလို့ ဆိုတော့ သည်လူတွေဟာ ပြည်သိမ်း စီမံကိန်းအရ ခင်ဗျား မသိဘဲနဲ့ နောက်ကွယ်မှာ လုပ်ခဲ့ကြတယ်လို့ မထင်မိ ဘူးလား။

**ဦးစော။** ။ ဘညွန့်နှင့်အခြားတရားခံများ ဖြောင့်ချက်ပေးကြတယ်လို့ကြားရတော့မှ ဘညွန့်၊ စောရန်နောင်တို့ အကြံအတိုင်း လုပ်ကြံကြပြီလို့ ယူဆမိပါတော့တယ်၊ အမိုးမရှိတဲ့ ဂျစ်ကားအတွက် "ပင်စတင်းရင်း"များလိုတယ်လို့ ကြားသိရပါသည်။

**ဘင်နက်။** ။ ဗိုလ်ချုပ်တို့ လုပ်ကြံမှုနှင့် ပတ်သက်၍ ခင်ဗျား ပြစ်တင်ရှုတ်ချသေးသလား။

**ဦးစော။** ။ ကျွန်တော် သခင်နုထံ စာတစ်စောင်၊ အတွင်းဝန်ကြီးထံ စာတစ်စောင် ဝန်ကြီးများ အသတ်ခံရတဲ့ ကိစ္စနဲ့ပတ်သက်လို့ ပစ်တင်ရှုတ်ချတဲ့ စာနှစ်စောင်ကို ထောင်ထဲကနေပြီး ရေးဖူးပါတယ်၊ သည်မှာ လက်ခံရှိပါသေးတယ်၊ ဇူလိုင်လ ၁၉ ရက်နေ့က အရက်ဗီရိုထဲမှာ အရက်မျိုးစုံ ရှိသေးသလား၊ မရှိဘူးလား ကျွန်တော် အသေအချာမပြောနိုင်ပါ။

❖

www.burmeseclassic.com

www.burmeseclassic.com



## ဝါးရင်းတုတ်ပြသသနာ

### ဒေါက်တာဗမော်အား စစ်ဆေး၍ ထွက်ဆိုခြင်း

ဒီဇင်ဘာလ ၁၇ ရက်နေ့ နံနက်တွင် နိုင်ငံတော် လုပ်ကြံမှုကြီးကို ဆက်လက်စစ်ဆေးရာ တရားခံပြ သက်သေများဖြစ်သော အဓိပတိဟောင်း ဒေါက်တာဗမော်သည် ထောင်သို့ရောက်လာသည်။ တရားခံ၏ရှေ့နေ မစ္စတာ ဗာတားနစ်က မစ္စတာ ကားတစ်ဘင်နက်နှင့် မိတ်ဆက်ပေး၍ လက်ဆွဲ နှုတ်ဆက်ကြသည်။ ဗန္ဓုလ ဦးစိန်လည်း တွေ့ရ၏။ ဒေါက်တာဗမော် ကြည့်ရသည်မှာ လေငန်း ရောဂါဖြစ်သည်ဆိုသော သတင်းအတိုင်းမဟုတ်၊ ကျန်းမာပုံရ၏။

### တရားခံပြသက်သေ ဒေါ်သန်းခင် ထွက်ချက်

ရှေ့ဦးစွာ ဦးစော၏ဇနီး ဒေါ်သန်းခင်အား ကားတစ်ဘင်နက်က စစ်ဆေးသည်။ ဒေါ်သန်းခင်က တရားသူကြီး ဦးကျော်မြင့်ကို ပြုံးလျက် အရိုအသေ ပြုပြီး အစစ်ခံသည်။ အသက် ၅၄ နှစ်ရှိပြီဖြစ်သော ဒေါ်သန်းခင်က အစစ် ခံသည်မှာ-

**ကားတစ်ဘင်နက်။** ။ဇူလိုင် ၁၉ ရက်နေ့ ဘယ်မှာရှိသလဲ။

**ဒေါ်သန်းခင်။** ။အင်းစိန်မှာ ဥပုသ်စောင့်နေပါတယ်၊ အိမ်မှာမရှိပါ၊ လွန်ခဲ့တဲ့ ခုနစ်ရက်လောက်ကတည်းက သွားနေပါတယ်၊ သည်လို ဥပုသ်စောင့် သွားလေ့သွားထရှိပါတယ်၊ ဇူလိုင် ၁၉ ရက်နေ့ မတိုင်မီက ဥပုသ်စောင့် ထွက်သွားတာ ဘာမှမထူးလှပါ။

**ဘင်နက်။** ။သံခုတင်ကို သိသလား။

**ဒေါ်သန်းခင်။** ။သိပါတယ်၊ သည်သံခုတင်ကို ဂျပန်တွေ ထားသွားပါတယ်၊ သစ်သားခင်းတစ်ခုကို ထားခဲ့ပါတယ်၊ သည်ခုတင်ပေါ်မှာ သံပြားတင်ထားတာ မမြင်ပါဘူး၊ သက်သေခံ တင်ထားသော သံပြားများကိုလဲ မမြင်ဖူးပါဘူး။

**ဘင်နက်။** ။ဥပုသ်စောင့်သွားတာဟာ အကြောင်းထူးများ ရှိသလား။

www.burmeseclassic.com

www.burmeseclassic.com



**ဒေါ်သန်းခင်။** ။ မရှိပါဘူး၊ ဥပုသ်စောင့်ထွက်သွားတဲ့ နေ့ကိုလဲ မမှတ်မိပါဘူး၊ ဥပုသ်နေ့လဲ မဟုတ်ပါ၊ လဆုတ်ရက်ထဲမှာ ဖြစ်ပါတယ်၊ တောရကျောင်းမှာ ဥပုသ်သွားစောင့်တော့ အဖော်များ မရှိပါ။

ဥပုသ်ယူဖို့သွားတော့ သူငယ်မလေးတစ်ယောက် ပါပါတယ်၊ သီလယူပြီးတော့ အငြိမ်းစားရာဇဝတ်ဝန်ထောက် ဦးဘ၏အိမ်ကို ပြန်ခဲ့ပါတယ်၊ ဘုန်း ကြီးကျောင်းမှာ တစ်ခါတလေ တစ်နေ့လုံး နေပါတယ်၊ သီလယူတုန်း ရသေ့မတွေတော့ တွေ့ပါတယ်၊ ဘယ်သူတွေလဲတော့ မမှတ်မိပါ၊ ဝါတွင်းဆိုရင် ဥပုသ်စောင့်သွားတတ်ပါတယ်၊ သည်တောရကျောင်းမှာပဲ ဥပုသ်စောင့် သွားပါတယ်။

**ဘင်နက်။** ။ သီလယူပြီး အိမ်သို့ မပြန်ဘဲ ဦးဘအိမ်မှာ အိပ်တာ အကြောင်း တစ်စုံတစ်ရာ ရှိသလား။

**ဒေါ်သန်းခင်။** ။ မရှိပါဘူး၊ ကျွန်မဘာသာ ခဏခဏ သွားအိပ်ဖူးပါတယ်၊ ခင်မင်တဲ့ မိတ်ဆွေတွေလည်း ဖြစ်ပါတယ်၊ အလျှင်ယောကျ်ားနှင့် ဦးဘဟာ အစ်ကိုဝမ်းကွဲတော်ပါတယ်။

**ဘင်နက်။** ။ သည်သံခုတင်ပေါ်မှာ ဘယ်သူအိပ်သလဲ။

**ဒေါ်သန်းခင်။** ။ အစေခံမလေးတစ်ယောက် အိပ်ပါတယ်၊ နာမည်တော့ မမှတ်မိပါ၊ မမြရွှေလည်း အိပ်ပါတယ်။

**ဘင်နက်။** ။ ခုတင်မှာ ခင်းထားတဲ့ သစ်သားအခင်းကို အဖြိုင်ကလုပ်တယ် မဟုတ်လား။

**ဒေါ်သန်းခင်။** ။ မဟုတ်ပါဘူး၊ ကန်ထရိုက်တာ အဖြိုင်ကို သိပါတယ်၊ ဦးစောရဲ့ ဂျစ်ကားသံဘော်ဒီကို အဖြိုင်အား အလုပ်ခိုင်းသလား မမှတ်မိပါ၊ သံဘော်ဒီ လုပ်တတ်တာကိုသာ သိပါတယ်၊ အာရ်ဒီ ၉၈၃၁ နံပါတ်ဟာ ဦးစောရဲ့ ဂျစ်ကားနံပါတ်လား ကျွန်မ မသိပါဘူး။

**ဘင်နက်။** ။ ဦးစောက ဒေါ်သန်းခင်ကို ဇူလိုင်လ ၁၉ ရက်နေ့မတိုင်မီ အကြောင်းတစ်ခုခုနှင့် လွှတ်ထားတယ်ဆိုတာ ဟုတ်သလား။

**ဒေါ်သန်းခင်။** ။ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဗမော် ထွက်ဆိုချက်

**ဘင်နက်။** ။ ခင်ဇျားရဲ့ နိုင်ငံရေးအဖွဲ့မှာ ဘာလဲ။

**ဒေါက်တာဗမော်။** ။ ကျွန်တော်သည် ဆင်းရဲသား ဝံသာနုအဖွဲ့မှာ ခေါင်းဆောင် ဖြစ်ပါသည်။

**ဘင်နက်။** ။ ခင်ဗျားကို ဩဂုတ်လ ၁ ရက်နေ့က ဖမ်းတယ် မဟုတ်လား။

**ဒေါက်တာဗမော်။** ။ ဟုတ်ပါတယ်၊ ကျွန်တော့်အိမ်မှာ အဖမ်းခံရပါတယ်။

**ဘင်နက်။** ။ ဘာကြောင့် အဖမ်းခံရသလဲ။

**ဒေါက်တာဗမော်။** ။ မသိပါ၊ ဖမ်းကတည်းက ယနေ့တိုင်ဖြစ်ပါသည်။

ဦးစောကို သိပါသည်။ နှစ်ပေါင်းကြာပါပြီ၊ ကျွန်တော်ဟာ ၁၉၃၂ ခုနှစ်လောက်ကစပြီး နိုင်ငံရေး လိုက်စားပါတယ်။ သည်နှစ် ဟုတ်၊ မဟုတ် ခုံတရားသူကြီးဥက္ကဋ္ဌက စစ်ဆေးကြည့်နိုင်ပါတယ်ဟု ပြုံးလျက်ပြော၏။

ကျွန်တော်၏အိမ်ကို နိုင်ငံရေးခေါင်းဆောင်ဖြစ်တဲ့အတိုင်း ဝင်နိုင်ထွက်နိုင်အောင် ဖွင့်ထားပါတယ်၊ ဦးစောလည်း သည်လိုပဲ ဖွင့်ထား လိမ့်မယ်လို့ နားလည်ပါတယ်၊ ကိုယ်တိုင်တော့ မသိပါ။

**ဘင်နက်။** ။ ဦးစောပါတီနှင့် ခင်ဗျားပါတီဟာ အတူတူပဲလား။

**ဒေါက်တာဗမော်။** ။ ဦးစောနဲ့တော့ မဆွေးနွေးမိပါ၊ နို့ပေမယ့် စစ်အတွင်းကတော့ နိုင်ငံရေးအဖွဲ့ အားလုံးဟာ အတူတူ ပေါင်းစည်းထားပါတယ်။

**ဘင်နက်။** ။ ဦးစောရဲ့ ပါတီကို သိသလား။

**ဒေါက်တာဗမော်။** ။ ဦးစောရဲ့ ကြေညာချက်အရ သိရပါတယ်။

**ဘင်နက်။** ။ ဦးစောရဲ့ဝါဒဟာ အကြမ်းဖက်ဝါဒလို့ သိသလား၊ ဦးစော ပါတီရဲ့ ဝါဒဟာ နိုင်ငံရေး ရန်သူတွေကို ပစ်သတ်ဖို့ ဝါဒဆိုတာ သိသလား။

**ဒေါက်တာဗမော်။** ။ မသိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ရှေ့နေချုပ်ကြီး။** ။ ဒေါက်တာ၊ ခင်ဗျားကို ပုဒ်မ ၅ အရ ဖမ်းထားတာ သိတယ် မဟုတ်လား။

**ဒေါက်တာဗမော်။** ။ ဘယ်ပုဒ်မနှင့်ဖမ်းတယ်ဆိုတာ သိတယ်၊ ဘာကြောင့် ဖမ်းတယ်ဆိုတာ မသိဘူး။

**ရှေ့နေချုပ်ကြီး။** ။ ခင်ဗျားရဲ့အစ်ကို ဒေါက်တာဗဟန်အား ဟိုက်ကုတ်သို့ ခင်ဗျားအမှုကို တင်ဖို့ခိုင်းသေးတယ် မဟုတ်လား။

**ဘင်နက်။** ။ အမှုနဲ့ဘာဆိုင်လို့လဲ။

**ဒေါက်တာဗမော်။** ။ ကျွန်တော် ဖြေကြားပါ့မယ်၊ ကျွန်တော့်ကို ဖမ်းပြီးတဲ့နောက် ဘယ်သူနဲ့မှမတွေ့ရလို့ သုံးလကြာမျှ အကျဉ်းခံရတဲ့အကြောင်းကို တိုင်ကြားခဲ့ပါတယ်၊ အပြင်ဘက်က ဘာလုပ်လို့ ဘယ်လို ဖြစ်နေတယ်ဆိုတာ ကျွန်တော် မသိရလို့ပါ၊ တစ်ယောက်တည်း ထားပါ တယ်။

**ဘင်နက်။** ။ ဂျပန်တို့ သိမ်းပိုက်စဉ်က မျိုးချစ်ပါတီဝင်တို့ ဝန်ကြီးဖြစ်သေးသလား။

**ဒေါက်တာဗမော်။** ။ ဂျပန် သိမ်းပိုက်တာက ခဏလေးပါ၊ ၁၉၄၂ ခုနှစ် ဇူလိုင်လမှ ၁၉၄၅ အထိ မျိုးချစ်ပါတီထဲက ဦးအေးအား ဝန်ကြီးအဖြစ် ခန့်အပ်ပါတယ်။

**ဘင်နက်။** ။ ထိုအခါကမျိုးချစ်ပါတီမှာ ဘယ်သူခေါင်းဆောင်လဲ။

**ဒေါက်တာဗမော်။** ။ ဟသ်ာတ ဦးမြက ခေါင်းဆောင်အစစ်ဖြစ်တယ်လို့ ထင်ပါတယ်၊ ဟသ်ာတ ဦးမြဟာ စစ်မဖြစ်ခင်က မျိုးချစ်ပါ တီမှာ ထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပါတယ်၊ ဝန်ကြီးတော့ မဟုတ်ပါ။

**ဘင်နက်။** ။ဦးစောရဲ့ ပါတီဟာ အကြမ်းဖက်တဲ့ ပါတီမဟုတ်ဘူးဆိုတာ ဘာကိုထောက်ထားပြီး ပြောနိုင်သလဲ။

**ဒေါက်တာဗမော်။** ။ ဦးစောရဲ့ပါတီက ထုတ်တဲ့ စာတမ်းများကို ဖတ်ရလို့လည်းကောင်း၊ သူတို့ရဲ့လုပ်ငန်းများကို ကြည့်ခြင်းအားဖြင့်လည်းကောင်း၊ သိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဘင်နက်။** ။ ဂျွန်တပ်သားတွေဟာ ဝါးရင်းတုတ်ကိုင်ကြတယ် မဟုတ်လား၊ မျိုးချစ်ပါတီမှာ ဂျွန်တပ်ရှိတယ် ဆိုတာ သိသလား။

**ဒေါက်တာဗမော်။** ။ သိပါတယ်၊ အခြားပါတီတွေမှာလဲ တပ်အဖွဲ့အစည်း တွေ ရှိကြပါတယ်၊ ယခုတိုင် ရှိကြပါသေးတယ်၊ ဂျွန်တပ်သားတွေ ဝါးရင်းတုတ်ကိုင်တာ မမြင်ဖူးပါ၊ သို့သော် သတင်းစာ ထဲမှာတော့ ကာကွယ်ဖို့ ကိုင်ကြတယ်ဆိုတာ ဖတ်ရပါတယ်။

**ဘင်နက်။** ။ ခင်ဗျားရဲ့ပါတီဝင်များ အိမ်ကိုလာတဲ့အခါ ခင်ဗျားသိ မှာပေါ့။

**ဒေါက်တာဗမော်။** ။ သိတာ များပါတယ်။

**ဘင်နက်။** ။ စော၊ စိန်၊ မော် ပါတီကို ဖွဲ့ဖြစ်သေးသလား။

**ဒေါက်တာဗမော်။** ။ မဖွဲ့ဖြစ်ပါ၊ ဘယ်တုန်းကမှ မဖွဲ့စည်းခဲ့ပါ၊ (ဗန္ဓုလ ဦးစိန်ကိုမူကား တရားခံဘက်မှ မစစ်တော့ပါ၊)

## တရားခံပြသက်သေ ဦးတင်အုန်း (ပွဲစား)

မစ္စတာ ကားတစ်ဘင်နက်က စစ်မေး၍ ထွက်ဆိုသည်မှာ-

**ဦးတင်အုန်း။** ။ လပေါင်းများစွာတုန်းက သမီးကိုခေါ်ရန် လာရာမော် တင်လမ်းမှာ နေပါတယ်၊ ဦးစောအိမ်ကိုသွားပြီး ရှာပါတယ်၊ ကျော်စိန်ဆိုတဲ့ လူကို တွေ့တယ်၊ အိမ်ခန်းထဲဝင်သွားတော့ ဦးစောကို ခုတင်ပေါ်မှာတွေ့ပါတယ်၊ နံနက် ၈ နာရီလောက်မှာ ဖြစ်ပါတယ်။

လယ်ကွက်တစ်ကွက်ကို ဦးစောက ရောင်းမယ်ဆိုလို့ လာပြီး စုံစမ်းမေးမြန်းပါတယ်၊ ကျွန်တော် ရောက်လို့မကြာမီ အခြားလူတစ်ယောက် လည်း ရောက်လာပါတယ်၊ သူ့ကို မမှတ်မိပါ၊ သူဝင်လာတော့ ကျွန်တော်လဲ ထွက်လာပါတယ်၊ နေရပ်သို့ ပြန်လာပါတယ်၊ အိမ်ရောက်ပြီး နှစ်ရက် လောက်မှာ လူကြီးတွေ အသတ်ခံရတဲ့အကြောင်း ကြားရပါတယ်။

ရှေ့နေချုပ်ကြီးက မေးခွန်းထုတ်၍ ထွက်ဆိုသည်မှာ-

**ဦးတင်အုန်း။** ။ ကျွန်တော့်ရဲ့မိန်းမနှင့် ဦးစော ဘာမှမတော်ပါဘူး၊ ဦးစောကို သိတာ ၂၅ နှစ်လောက် ကြာပါပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဦးစောပါတီက မဟုတ်ပါဘူး၊ ဆိုရှယ်လစ်ပါတီဝင်ပါ၊ ဖဆပလနှင့် ကွဲတဲ့ ဆိုရှယ်လစ်ပါတီဝင်ဖြစ်ပါတယ်၊ ဦးစောအိမ်မှာ မတည်းပါဘူး၊ ဦးစောအိမ် ဝင်းထဲဝင်တော့ ဂိတ်စောင့်တစ်ယောက် တွေ့ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ တရားခံတွေထဲမှာ ဂိတ်စောင့်တဲ့လူ ပါသလား၊ ကြည့်စမ်းပါ။

**ဦးတင်အုန်း။** ။ မတွေ့ပါ၊ ဦးစောအိမ်မှာ မွန်းလွဲ ၁ နာရီ လောက်မှ ပြန်ပါတယ်၊ ဦးစော၏မိန်းမ ဒေါ်သန်းခင်ကို မသိပါ၊ ယခု အမှုမှာ သက်သေလိုက်ရန် ရန်ကုန်ရောက်နေသည်မှာ ခြောက်ရက်လောက် ရှိပါပြီ၊ မော်တင်မှာ တည်းပါတယ်၊ သမ္မန်စာကို လူတစ်ယောက်လာပေးပါတယ်၊ ဦးစောယောက္ခမ ဦးလူကလေးရဲ့လူ လာပေးသလားမသိပါ၊ ဦးလူကလေးကို ရန်ကုန်ရောက်မှ သိပါတယ်၊ သမ္မန်ဟာစာမှာ လက်မှတ်ထိုးရပါတယ်၊ ဦးစောအိမ် ရောက်စဉ်က ဆင်ဝင်အောက်မှာ ဂျစ်ကားနှစ်စီး တွေ့ကြောင်း ထွက်ဆို၏။

(တရားခံရှေ့နေ မစ္စတာ ကားတစ်ဘင်နက်က သက်သေဦး ဝမ်းမောင်အား မစစ်လိုသဖြင့် ပယ်လိုက်သည်။)

## တရားခံပြသက်သေ ပဲခူးရာဇဝတ်ဝန်ကြီး ဦးဘို

**မစ္စတာဘင်နက်။** ။ စောရန်နောင်ကို ဖမ်းတုန်းက ပဲခူးမှာရှိသလား။

**ဦးဘို။** ။ ထိုအခါက ပဲခူး ရာဇဝတ်ဝန်ကြီး မဟုတ်ပါဘူး၊ စောရန်နောင် သေဆုံးမှု အမှုတွဲ ရှိပါသည်၊ စောရန်နောင် သေဆုံးမှုကို ပဲခူးမြို့ တတိယရာဘက် တရားသူကြီးက စစ်ဆေးရပါသည်။

စောရန်နောင်ကို ဗိုလ်ချုပ်လုပ်ကြံမှုနှင့်ပတ်သက်၍ ဇူလိုင် ၂၃ ရက်နေ့က လက်နက်ကိုင်ပြည်သူ့ရဲဘော်တွေက ဒိုက်ဦးမှာ ဖမ်းဆီးပြီး ပဲခူးမှ ရန်ကုန်သို့ ခေါ်လာတယ်ဟု အမှုတွဲတွင်ပါရှိသည်၊ စောရန်နောင်ကို ဂျစ်ကားနဲ့ ခေါ်ပြီး ၁၀ မိုင်သို့ရောက်တော့ ကားပေါ်မှ ထွက်ပြေးမည် လုပ်တော့ သူ့ကို ပစ်ခတ်ကြောင်း ပါရှိပါသည်။

**မစ္စတာဘင်နက်။** ။သူ့ကို ဘာမှုနဲ့ဖမ်းသလဲ။

www.burmeseclassic.com

www.burmeseclassic.com



**ဦးဘို။** ။အမှုတွဲမှာ ဒီအကြောင်း ဘာမှမပါဘူး၊ ၄င်းအမှုတွဲကို ရုံးတော်သို့ ပေးလိုက်သဖြင့် သက်သေခံအဖြစ် လက်ခံသည်။

**ဦးစံဝင်း။** ။ပြည်သူ့ရဲဘော်ဟာ ဖ-ဆ-ပ-လ ရဲ့ အဖွဲ့ တစ်ဖွဲ့ မဟုတ်လား။

**ဦးဘို။** ။သိရသလောက်တော့ ဟုတ်ပါတယ်။

## တရားခံပြသက်သေ လှမြတ်စိုး

မျိုးချစ်ပါတီအတွင်းရေးမှူးဟောင်း အသက် ၂၈ နှစ်ရှိ လှမြတ်စိုးကို စစ်ဆေးရာ ကားတစ်ဘင်နက်က မွေးခွန်းထုတ်၍ ဖြေဆိုသည်မှာ-

**လှမြတ်စိုး။** ။မကွေးသားဖြစ်ပြီး ပြည်လမ်းမှာ နေပါသည်၊ ယခု အချုပ်နှင့် နေရပါသည်၊ ဇူလိုင် ၂၀ ရက်နေ့ နံနက်မှာ အဖမ်းခံရပါသည်။

မျိုးချစ်ပါတီ အတွင်းရေးမှူး လုပ်ဖူးပါသည်။ ၁၉၄၇ ခု မေလတွင် နုတ်ထွက်ပါသည်၊ ထွက်စဉ်က နှုတ်ဖြင့် ပြောထွက်ပါသည်၊ စာဖြင့် ရေးမတင်ပါ၊ ကျွန်တော့်ကို ဖမ်းတော့ အတွင်းရေးမှူး မဟုတ်တော့ပါ။

ဦးလေးမောင် (ဦးလာဘ) က ကျွန်တော့်နေရာမှာ လုပ်နေပါပြီ၊ ဘီအေ စာမေးပွဲဝင်ဖို့ စာကျက်နေပါသည်၊ ဗိုလ်ချုပ်တို့ကို သတ်တယ်ဆိုတဲ့ သတင်း ဇူလိုင် ၁၉ ရက်နေ့ ၁၂ နာရီလောက်မှာ ဦးစောအိမ်မှ ကြားရပါတယ်၊ သူ့အိမ်ကို ၄င်းနေ့နံနက် ၈ နာရီကျော်မှာ ရောက်သွားပါသည်၊ ဦးစောကို အခန်းထဲမှာပင် တွေ့ရပါတယ်၊ ဦးစော၏ အိမ်ဝမှာ မောင်တင်ရွှေကို တွေ့ရပါတယ်၊ အဝင်ဂိတ်ပေါက်ကြီး လူဝင်ပေါက်ကလေးမှ ကျွန်တော် ဝင်သွားပါတယ်။

ဦးစောနဲ့ ခဏစကားပြောပြီး ဦးစောက အပြင်ဘက် ထွက်လိုက်လာပါတယ်။ ဧည့်ခန်းမှာဆက်ပြီး စကားပြောကြပါတယ်၊ ဧည့်ခန်းမှာ ဧည့်သည်တွေ ရှိပါတယ်၊ ဘယ်သူတွေမှန်း မသိပါဘူး၊ သုံး-လေးယောက်ကို တွေ့ရပါတယ်၊ နောက် ၁၂ နာရီကျော်လောက်မှာ ဦးစောအိမ်က ပြန်သွားပါတယ်၊ ကျွန်တော်နဲ့ ကျော်သန်းလဲ စက်ဘီးနဲ့ လာပါတယ်။

**မစ္စတာဘင်နက်။** ။ဘာညွှန့်ကို သိသလား။

www.burmeseclassic.com

www.burmeseclassic.com



**လှမြတ်စိုး။** ။သိပါတယ်၊ ဘညွန့်က ဇွန်လလောက်က ကျွန်တော့်အိမ်မှာ အကြံအစည်တစ်ခုကို ပြောပါတယ်၊ ဦးအောင်ဆန်းတို့ကို သတ်ပစ်လို့ရှိရင် ကောင်းမယ်လို့ ပြောပါတယ်။

ဘညွန့်က ကျွန်တော်တို့ပါတီဂိုဏ်းနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ လူတွေကို သတ်ဖို့ပြောပါတယ်၊ ကျွန်တော်က မျိုးချစ်ပါတီက လူကြီးတွေအားလုံး ဟာ မနှစ်သက်ဘူး၊ ကျွန်တော်တို့ကို နိုင်ငံရေး သင်ပေးတဲ့ ဦးစောကပဲ သူကိုယ်တိုင် မနှစ်သက်ဘူးလို့ ပြောလိုက်ပါတယ်။

## ဦးစံဝင်းက မေး၍ ထွက်ဆိုသည်မှာ-

**လှမြတ်စိုး။** ။ဦးစောအိမ် ရောက်တုန်းက ကိုစိုး (တရားခံ) ကို တွေ့ပါ တယ်။ ဇူလိုင် ၁၉ ရက်နေ့က ကျွန်တော်ရောက်ပြီး နောက် အတန်ကြာမှ တွေ့ပါတယ်၊ ကိုစိုးကို ကျွန်တော်က နှုတ်ဆက်တော့ ကားနဲ့ ပြန်လာတယ်လို့ ပြောတယ်။

**ရှေ့နေချုပ်ကြီး။** ။မျိုးချစ်ပါတီထဲပါတာ ဘယ်လောက်ရှိပြီလဲ။

**လှမြတ်စိုး။** ။စစ်ပြီးမှ တကယ်လုပ်တဲ့ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါ တယ်၊ တက္ကသိုလ်ဂျူနီအဖွဲ့ကို ၁၉၃၉ ခုနှစ်က စတင်တည်ထောင်ခဲ့ပါတယ်၊ အမည်စာရင်းပေးကြပါတယ်။

ဦးစောနဲ့ ကျွန်တော် ၁၉၃၄/၃၅ ခုနှစ်လောက်က သိပါတယ်၊ မြန်အောင်သို့ ဦးစော ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရန်လာရင်း ကျွန်တော့် အဖေနဲ့ ပတ်သက်ပြီး ဦးစောကို သိပါတယ်။

**ရှေ့နေချုပ်ကြီး။** ။မောင်စိုးကို ဦးစောအိမ်မှာ ပထမတွေ့ထားတာ ဘယ် တုန်းကလဲ။

**လှမြတ်စိုး။** ။ဇူလိုင်လ ၁၉ ရက်နေ့ မတိုင်မီ သုံးလလောက်က ပထမတွေ့ပါတယ်၊ မောင်စိုးက ပါတီထဲမှာ ဘာရာထူး ဆောင်ရွက် ရမယ်လို့ သတ်မှတ်ထားလဲ မသိရပါ၊ ပါတီဝင်တစ်ယောက် ဖြစ်မယ်လို့ ကျွန်တော် ထင်မိပါတယ်၊ မောင်စိုးဟာ ဦးစောရဲ့ ယုံလား၊ ဘာလားတော့ ကျွန်တော် မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင် ၁၉ ရက်နေ့ မောင်စိုးနဲ့ ဦးစောအိမ်မှာ တွေ့တုန်းက ဘယ်သူနဲ့ လာသလဲလို့ မမေးမိပါ၊ ဦးစောနဲ့ စကားပြောသလား အမှတ် မထားမိပါ၊ မောင်စိုးဟာ ထမင်းစားခန်းထဲမှာ ထိုင်တယ်လို့ ထင်ပါတယ်၊ ထမင်းစားခန်း ထဲမှာ ဧည့်သည်တစ်ယောက် နှစ်ယောက်ရှိမယ် မမှတ်မိပါ။

**ရှေ့နေချုပ်ကြီး။** ။မောင်စိုးက ဘယ်လိုကားနဲ့ လာသလဲ။

**လှမြတ်စိုး။** ။သူပြောတော့ နယ်ကကားနဲ့ လာတယ်ဆိုတာ ပြောတယ်လို့ နားလည်ပါတယ်၊ ဦးစောထံသို့ ကားနဲ့လာတာ ဆိုလိုတယ် မထင်ပါ။

**ရှေ့နေချုပ်ကြီး။** ။ဦးစောအိမ်ကို ၁၉ ရက်နေ့က သွားတာ ဘာကိစ္စ ရှိလို့လဲ။

**လှမြတ်စိုး။** ။ကိစ္စထူးမရှိပါ၊ မရောက်တာကြာသွားလို့ပါ၊ ကျော်သန်း ဟာ ရဲဘော်ဟောင်း တစ်ယောက်ပါ။

**ရှေ့နေချုပ်ကြီး။** ။ကျော်သန်းနှင့်သိတာ ဘယ်လောက်ကြာပြီလဲ။

**လှမြတ်စိုး။** ။ဂျပန်ခေတ်တည်းက သိကြတယ်လို့ အမှတ်တရ ဖြစ်ပါ တယ်။ ကျော်သန်းက မျိုးချစ်ပါတီ လုပ်ငန်းကိုဝင်ပြီး မကူညီပါဘူး၊ ကျော်သန်းနှင့် လမ်းမှာတွေ့လို့ ဦးစောအိမ်လိုက်မလားဆိုပြီး ခေါ်လာတာပါ၊ ကျော်သန်းနှင့် ဦးစော မသိပါ။

**ရှေ့နေချုပ်ကြီး။** ။ဦးစောအိမ်မှာ သက်နှင်းကို တွေ့သေးသလား။

**လှမြတ်စိုး။** ။မတွေ့ပါ၊ သူရိယတိုက်မှာ ဦးစော ၁၉၄၄ ခုနှစ်က မန်နေဂျင်း ဒါရိုက်တာလုပ်တုန်းက သက်နှင်းကို ပထမ ဦးဆုံး တွေ့ရပါတယ်၊ ဦးစောအိမ်ထဲက လူတစ်ယောက် ဖြစ်တယ် ဆိုတာ မသိပါ။

**ဥက္ကဋ္ဌ။** ။သည်တရားခံတွေထဲက ဦးစောအိမ်မှာ ဇူလိုင်လ ၁၉ ရက်နေ့ က တွေ့ခဲ့တဲ့လူ ရှိသလား။

www.burmeseclassic.com

www.burmeseclassic.com



**လှမြတ်စိုး။** ။တွေ့ခဲ့သလိုလို၊ မတွေ့ခဲ့သလိုလိုနဲ့ မသေချာပါ၊ သည်တရားခံတွေထဲက ရန်ကြီးအောင်၊ မှူးကြီး၊ မောင်စိန်၊ ခင်မောင် ရင်တို့ကို သိပါတယ်၊ သုခနဲ့ မောင်နီကို ကောင်းကောင်း မမှတ်မိပါ။

**ရှေ့နေချုပ်ကြီး။** ။ဇူလိုင်လ ၁၉ ရက်နေ့က ဦးစောအိမ်မှာ သူတို့ကိုတွေ့ သေးသလား။

**လှမြတ်စိုး။** ။လူတွေတော့ တွေ့ပါသည်၊ တရားခံကိုတော့ သေ သေချာချာ မပြောနိုင်ပါ၊ ဂိတ်နားကတဲထဲမှာတော့ တစ်ယောက် နှစ်ယောက် ရှိလိမ့်မည်၊ မမှတ်မိပါ။

**ရှေ့နေချုပ်ကြီး။** ။ဒေါ်သန်းခင်ကို တွေ့သေးသလား။

**လှမြတ်စိုး။** ။မတွေ့ခဲ့ပါဘူး၊ မခင်လေးတော့ ရှိပါလိမ့်မယ်။

**ရှေ့နေချုပ်ကြီး။** ။ကိုကျော်စိန်ဆိုတာ ဘယ်သူလဲ၊ သူက မျိုးချစ်ပါတီ ထဲမှာ ပါသလား။

**လှမြတ်စိုး။** ။မင်းလှက ဖြစ်ပါတယ်၊ ပါတီထဲပါတယ် ထင်ရတာ ပဲ၊ ကျော်စိန်ဟာ ကျွန်တော် ပြန်သွားတော့ ကျန်ရစ်ခဲ့ သလား မသိပါ၊ ကျော်စိန်နှင့် မောင်စိုးစကားပြောကြလိမ့်မယ်လို့ ထင်ပါတယ်၊ ဦးစောအိပ်ရာထဲမှာရှိတုန်းက ဘယ်ခြေသည်မှ ဝင်လာတယ်လို့ အမှတ်မထားမိဘူး။

**ရှေ့နေချုပ်ကြီး။** ။ဇွန်လ ဘညွှန့်လာတုန်းက အဖော်ပါသေးသလား။

**လှမြတ်စိုး။** ။ဘညွှန့် ကျွန်တော့်အိမ်လာတုန်းက အဖော်ပါလာ ပါ တယ်၊ဘယ်သူလဲတော့ မမှတ်မိပါ။

**ရှေ့နေချုပ်ကြီး။** ။ဘညွှန့်ဟာ ဆန့်ကျင်ဘက်ဂိုဏ်းသားတွေကို သတ်ရင် ကောင်းမယ်လို့ပြောတော့ ခင်ဖျားဟာ ဦးစောကို တိုင်သေး သလား။

**လှမြတ်စိုး။** ။ကျွန်တော် မတိုင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ရှေ့နေချုပ်ကြီး။** ။လုပ်ကြံဖို့အကြံဟာ ပက်စက်တယ်ဆိုတာ ခင်ဗျား သိတယ် မဟုတ်လား။

**လှမြတ်စိုး။** ။မကောင်းဘူးဆိုတာ သိပါတယ်၊ သည်အကြံအစည်ဟာ အရေးကြီးတယ်လို့ သဘောမထားပါဘူး၊ သည်အကြောင်းကို အခြားမျိုးချစ်အဖွဲ့ဝင်တွေလည်း မပြောမိပါ။

**ရှေ့နေချုပ်ကြီး။** ။ခင်ဗျားကို ပုဒ်မ ၅ နဲ့ဖမ်းထားသလား။

**လှမြတ်စိုး။** ။ဘာနဲ့ ဖမ်းတယ်မသိပါ၊ ပုဒ်မ ၅ လို့ နားလည်ပါတယ်၊ ကျွန်တော့်ကိုလာပြီး ဖမ်းတုန်းက ပုလိပ်မင်းကြီးက တွေ့ချင်တယ်လို့ ဆိုပြီး ခေါ်သွားတာပဲ၊ နောက်ပြန်မလွှတ်တော့ဘူး၊ ပုလိပ်တွေက အိမ်ကို ရှာချင်ပါတယ်ဆိုပြီး ရှာပါတယ်၊ ကျွန်တော့်ကို ချုပ်ထားတော့ မေးမြန်းချင်ပေမယ့် ပုဂ္ဂိုလ်ကြီးကြီးနဲ့ မတွေ့လို့ မမေးရဘူး။

**ဦးစိဘူး။** ။ဗိုလ်ချုပ်တို့ကို သတ်တဲ့အကြောင်း ဘယ်လိုလုပ်သိသလဲ။

**လှမြတ်စိုး။** ။ဦးစောအိမ်မှာ ရှိနေတုန်း တယ်လီဖုန်း သတင်းရတယ်လို့ ဦးစောက ပြောလို့ သိရပါတယ်။

**ဦးအောင်သာကျော်။** ။ဦးစောအိမ်မှာ ထိုနေ့က ဘယ်လောက်ကြာကြာနေသလဲ။

**လှမြတ်စိုး။** ။နှစ်နာရီခွဲလောက် ကြာပါတယ်၊ ထိုအတောအတွင်း စကားပြောလိုက်၊ အပြင်ထွက်လိုက်နဲ့ သွားလာနေတာပါပဲ။

**ဦးအောင်သာကျော်။** ။စကားပြောတဲ့လူတွေကို မှတ်မိသလား။

**လှမြတ်စိုး။** ။မောင်စိုး၊ လှထွန်းနဲ့ အခြားညှိသည်အချို့နှင့် စကားပြောမိပါတယ်၊ ဦးစောနဲ့ ညှိခန်းထဲမှာ စကားပြောတာ ငါးမိနစ် ၁၀မိနစ်လောက် ကြာပါတယ်။

ဦးစော အိမ်ခန်းထဲမှာ ငါးမိနစ်လောက်ဝင်ပြီး စကားပြောပါတယ်၊ စုစုပေါင်း ဦးစောနဲ့ အကြိမ်ပေါင်းများစွာ တစ်နာရီကျော်ကျော် စကားပြောခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## တရားခံပြသက်သေ မောင်ကျော်သန်း

ထို့နောက် သက်သေ မောင်ကျော်သန်း (ရဲဘော်ဟောင်းအား) စစ်ဆေးလေသည်။

**မောင်ကျော်သန်း။** ။ကုန်သည်ဖြစ်ပါသည်၊ အိုးဖိုဌာန ၆-၈-၄၇ နေ့တွင် လာရောက်ဖမ်းပါသည်၊ ဗိုလ်ချုပ် အသတ်ခံရသည့် အကြောင်း ထိုနေ့ ၁၂ နာရီလောက်မှာ ဦးစောအိမ်မှ ကြားရပါသည်။ ဦးစော အိမ်သို့ နံနက် ၉ နာရီလောက် ရောက်တယ်ထင်ပါတယ်။

ဦးစောကို အိမ်ထဲမှာ မြင်ပါတယ်၊ ကျွန်တော်က ဧည့်ခန်းမှာ ထိုင်နေပါတယ်၊ သတင်းစာထဲမှာ ဓာတ်ပုံတွေကို မြင်ဖူးလို့ သိပါတယ်၊ ကျွန်တော်ဟာ ရဲဘော်ဟောင်း ဖြစ်ပါတယ်။ အဖမ်းမခံရခင် နှစ်လလောက်က ဖျာပုံခရိုင်မှာ စည်းရုံးရေးမှူး ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ရဲဘော်ဟောင်းဆိုတာ ဘယ်တုန်းက လုပ်ဖူးလို့လဲ။

**မောင်ကျော်သန်း။** ။ဂျပန်ခေတ်က တိုင်းမှူး ဗိုလ်မှူးအောင် လက်အောက်မှာ တိုင်း (၇) တွင် တပ်ကြပ် လုပ်ဖူးပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ဦးစောအိမ်ကို ယခင်က ရောက်ဖူးသေးသလား။

**မောင်ကျော်သန်း။** ။မရောက်ဖူးပါ၊ ကိုလှမြတ်စိုးနဲ့ တွေ့တော့ သူက အိမ်လိုက်ဦးမလားလို့ မေးတော့ ကျွန်တော်က လိုက်သွားပါတယ်၊ ရောက်သွားတော့မှ ဦးစောအိမ်မှန်း သိပါတယ်၊ ဦးစော အိမ်ထဲမှာ ဘယ်မိန်းမမှ မမြင်ခဲ့ဖူးပါ။ တရားခံ ရှစ်ယောက်ကိုလဲ ထိုနေ့ ရောက်တုန်းက မတွေ့ရဘူး၊ ကျွန်တော်ဧည့်ခန်းမှာရှိတုန်း အခြားမည်သူမှ မရှိကြပါ၊ လှမြတ်စိုးနှင့် ဦးစော ဧည့်ခန်းမျက်နှာချင်းဆိုင်က အခန်းတစ်ခန်းမှာ စကားပြောကြပါတယ်။

**ရှေ့နေချုပ်ကြီး။** ။အင်္ဂလိပ်အဝင်တပ်မတော်ထဲမှာ မဟုတ်လား။

**မောင်ကျော်သန်း။** ။တပ်ထဲမှာပဲ အမှုထမ်းနေပါတယ်၊ ၁၉၄၅ ဗိုလ်မှူးအောင်က တိုင်းမှူးဖြစ်ပါတယ်၊ ဗြိတိသျှတို့ ပြန်၍ တပ်ကို ဖွဲ့စည်းတော့ ဆေးဘက်က ပယ်၍ တပ်ထဲက ထွက်ရပါတယ်၊ အင်္ဂလိပ်ပြန်ဝင်တော့ အိုးအိမ်မဲ့ကိစ္စနဲ့ အဖမ်းခံရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစံဝင်းက ရန်ကြီးအောင်ကိုပြ၍ အချုပ်ထောင်ထဲမှာ ဘာအများ ရန်ကြီးအောင်က တိုင်သေးသလဲမေးရာ-

**မောင်ကျော်သန်း။** ။ပုလိပ်ကရိုက်လို့ ဒဏ်ရာများရတယ်လို့ အခြားသူများ ရှေ့မှာ ပြောပါတယ်။

**ဦးအောင်သာကျော်။** ။ဦးစောနဲ့ လှမြတ်စိုးအခန်းထဲမှာ စကားပြောတာ ဘယ်လောက်ကြာသလဲ။

**မောင်ကျော်သန်း။** ။ကျွန်တော်တို့ ရောက်ကတည်းက ပြောတာ တစ်နာရီကျော်ကျော်လောက် ကြာတယ်။

## ဆာဦးသွင် ထွက်ဆိုချက်

ဆက်လက်၍ တရားခံပြသက်သေ ဆာဦးသွင်ကို စစ်ဆေးလေသည်။

**ဗာတာနစ်။** ။သူရိယမှာ ဘာလဲ။

**ဆာဦးသွင်။** ။သူရိယ ဒါရိုက်တာ အဖွဲ့မှာ ချယ်ယာမင် ဖြစ်ပါတယ်၊ သူရိယတိုက်မှာ ဒါရိုက်တာအစည်းအဝေးနှင့် အစုရှင်အစည်းအဝေး တခြားစီဖြစ်ပါတယ်၊ မှတ်တမ်းများလဲ တခြားစီ ရေးပါတယ်။

**ဗာတာနစ်။** ။ဂျပန်ခေတ်က ဦးဘကလေးဟာ မန်နေဂျင်း ဒါရိုက်တာ မဟုတ်လား။

**ဆာဦးသွင်။** ။ဟုတ်ပါတယ်၊ ကျွန်တော်က ချယ်ယာမင် မဟုတ်တော့ပါ။

**ဗာတာနစ်။** ။ဦးဘကလေး ပေါ်မှာ အစုရှင်များက မကျေနပ်တာ ရှိသလား။

**ဆာဦးသွင်။** ။ကျွန်တော်ရှိစဉ်က မကြားရပါ၊ အစည်းအဝေး၌ ဦးဘကလေးအပေါ် စွပ်စွဲတဲ့အခါမှာ ကျွန်တော် မရှိဘူး၊ ကျွန်တော့်ကို ချယ်ယာမင်ရွေးကောက်တင်မြှောက်တဲ့ အစည်းအဝေးမှာ ဦးဘကလေးကြောင့် စက္ကူပျောက်ခဲ့တဲ့အကြောင်း ဦးစောက ပြောပါတယ်။

သည်တော့မှ ဦးဘကလေး နုတ်ထွက်သွားပါတယ်။ ဦးဘကလေးက ဘောနပ်ဆုငွေကို ပေးဖို့တောင်းရာ ဦးဘကလေးအပေါ်တွင် ရစရာငွေများ

www.burmeseclassic.com

www.burmeseclassic.com



မရှင်းသေး၍ ဆိုင်းထားပါတယ်၊ ဦးဘိုးသောင်းအား ဦးဘကလေးက သူရိယ အစုငွေတွေရောင်းရသည့် ကိစ္စကိုလဲ ငွေရှင်းစရာ ကျန်သေး၍ ဆိုင်းထားပါသည်။

**ရှေ့နေချုပ်ကြီး။** ။ဦးဘကလေးအပေါ် ဦးစောက မကျေနပ်စရာရှိသလား။

**ဆာဦးသွင်။** ။မရှိပါဘူး။

**ဦးစိဘူး။** ။အစည်းအဝေးမှာ ဦးစောက စက္ကူပျောက်တယ်လို့ ပြောသလား။

**ဆာဦးသွင်။** ။ပျောက်တယ်လို့ ပြောပါတယ်၊ ကျွန်တော်က အကြံပေးတယ်၊ ဦးဘကလေးအပေါ် အပြစ်ရှိရင် အရေးယူဖို့ ပြောတယ်၊ ဦးဘကလေးကိစ္စကို မန်နေဂျင်းဒါရိုက်တာအား လွှဲလိုက်ပါတယ်၊ ဦးစောက မန်နေဂျင်း ဒါရိုက်တာဖြစ်၍ လွှဲလိုက်ပါသည်၊ ဦးဘကလေးနှင့် ကျွန်တော်နှင့်လဲ မတွေ့ကြတော့ပါ၊ ဦးစောနဲ့ ဦးဘကလေးဟာ ထိထိရောက်ရောက် စကားများကြတာကို မသိရပါ၊ ဦးဘကလေးနှင့် ဦးစောတို့ အလုပ်လွှဲတုန်းက စကားများတာ မတွေ့ရပါ။

## (ဦးစောက မေးခွန်း ထုတ်သည်)

**ဦးစော။** ။ဦးဘကလေး အလုပ်ထွက်သွားတာ ကျွန်တော့် ပယောဂကြောင့်လား။

**ဆာဦးသွင်။** ။ဘာကြောင့် ထွက်တယ် ကျွန်တော် မသိပါဘူး၊ ချယ်ယာမင် မလုပ်ခင်က ဦးဘကလေး ထွက်သွားခြင်း ဖြစ်ပါတယ်။

## တရားခံပြ သက်သေ သခင်ဗစိန်

သခင်ဗစိန်သည် တက်လာပြီး၊ ရုံးနဲ့ တွေ့ရပြန်ပြီဟု ပြုံးလျက် ပြော၏။ ထို့နောက် ကားတစ်ဘင်နက်က မေး၍ အင်္ဂလိပ်လိုထွက်ဆိုသည်မှာ-

**သခင်ဗစိန်။** ။မိမိအား ဇူလိုင်လကတည်းက အဖမ်းခံရကြောင်း၊ ဘာကြောင့် ဖမ်းသည်ကိုလဲ မသိပါ၊ နိုင်ငံရေးလိုက်စားခဲ့သည်မှာ ၁၉၂၉ ခုနှစ်က စပါသည်။ ဒို့ဗမာအစည်းအရုံးမှာ ခေါင်းဆောင်ဖြစ်ပါသည်။ ခေါင်းဆောင်အဖြစ်ဖြင့် မိမိအိမ်ကို လွတ်လွတ်လပ်လပ် ထားခဲ့ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဦးစောကို နှစ်ပေါင်းများစွာကပင် သိကြောင်း၊ ဦးစောလဲ မျိုးချစ်ပါတီ ခေါင်းဆောင်ဖြစ်ကြောင်း သိပါသည်။

ဦးစော၏ မျိုးချစ်ပါတီသည် ပါလီမန်ထုံးတမ်းအရ ဖွဲ့စည်းထားသော အဖွဲ့ဖြစ်၍ တရားဥပဒေနှင့်ညီပြီး အလယ်အလတ်ပါတီ ဖြစ်ပါသည်။ လူထုအစည်းအရုံးမဟုတ်ပါ၊ မျိုးချစ်တို့က အတိုက်အခံသမားတို့အား သတ်ဖြတ်မည်ဟု မယုံကြည်ပါ။

**ဘင်နက်။** ။ဦးစောကလဲ ခေါင်းဆောင်ဖြစ်လို့ သူ့အိမ်ကို လူတိုင်း ဝင်ထွက်နိုင်အောင် ထားတယ်မဟုတ်လား။

**သခင်ဗစိန်။** ။ဟုတ်ပါတယ်။

**ဘင်နက်။** ။သူ၏ အသက်ကို လုပ်ကြံတဲ့ နောက်မှ သူ့အိမ်ဝမှာ လူ တစ်ယောက်ကို စောင့်ထားစေတယ်မဟုတ်လား။

**သခင်ဗစိန်။** ။သူ၏ အိမ်ဝင်းထဲမှာ လူအများကိုတွေ့ရပါသည်။ အစောင့် ထားပေမယ့် လူတွေ ဝင်နိုင်ပါသည်။

**ဘင်နက်။** ။လန်ဒန်သို့ ဦးအောင်ဆန်းသွားရတဲ့ ကိုယ်စားလှယ်အဖွဲ့မှာ ခင်ဗျားပါသလား။

**သခင်ဗစိန်။** ။ပါပါတယ်၊ ဦးစောနဲ့ ကျွန်တော် အောင်ဆန်းအက်တလီ စာချုပ်ကို သဘောမတူ၍ မှတ်ချက်ရေးထားပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ခင်ဗျားနဲ့ မျိုးချစ်ပါတီနဲ့ မဆက်ဖူး မဟုတ်လား။

**သခင်ဗစိန်။** ။မျိုးချစ်ပါတီနဲ့တောင် ဆန့်ကျင်ဘက် ဖြစ်တာတွေ အများ ရှိပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ဦးစော အိမ်ကို အမှုဆောင်ဝန်ကြီးဖြစ်တုန်းက ရောက် ဖူးသလား။

**သခင်ဗစိန်။** ။၃/၄ ခေါက်လောက် ရောက်ဖူးပါတယ်။ ကျွန်တော် ကိုယ်တိုင် နုတ်ထွက်တော့လဲ ၃/၄ ခေါက်လောက် ဦးစော အိမ်ကို ရောက်ပါသေးတယ်၊ ဦးစောက အလျင် ရာထူးမှ နုတ်ထွက်ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ခင်ဗျား ဝန်ကြီးဖြစ်ပြီးနောက် ဦးစော အိမ်သို့ ရောက် သွားတော့ ဘယ်သူတွေ တွေ့သလဲ။

www.burmeseclassic.com

www.burmeseclassic.com



**သခင်ဗစိန်။** ။ဦးလေးမောင်နှင့် ဦးဘအုန်း (ပုသိမ်) တို့ကိုတွေ့ပါတယ်၊ အခြားလူတွေတော့ မမှတ်မိပါ။

**ရှေ့နေချုပ်ကြီး။** ။ဦးစောအိမ်ကို နောက်ဆုံး ဘယ်နေ့လောက် ရောက်သွားသလဲ။

**သခင်ဗစိန်။** ။ဇူလိုင် ၁၉ ရက်နေ့ မတိုင်မီ ၇ ရက်လောက်က နောက်ဆုံး ရောက်သွားပါတယ်၊ သည်တုန်းက သူ့အိမ်မှာ လူတွေ အများကြီး တွေ့ပါတယ်၊ ကျွန်တော်သိတဲ့လူတွေ မတွေ့ပါ၊ အချို့ကတော့ အိမ်သားတွေနဲ့ တူပါတယ်၊ အချို့ကတော့လဲ နယ်ကလူတွေလို့ အကဲခတ်မိပါတယ်။

**ရှေ့နေချုပ်ကြီး။** ။သည်တရားခံတွေထဲက လူတွေကို တွေ့မြင်ဖူးသလား။

**သခင်ဗစိန်။** ။မောင်စိုး၊ သုခတို့ကို တွေ့ဖူးပါတယ်၊ ခင်မောင်ရင်ကတော့ ဦးစောတူမို့ သိပါတယ်။ ဦးစောအိမ်မှာ သုခတို့နှင့် စကားမပြောပါဘူး၊ သူတို့တစ်တွေဟာ ပါတီကိစ္စနဲ့ ပတ်သက်လို့ ဦးစော အိမ်မှာ လာနေတယ်ထင်တယ်။

**ရှေ့နေချုပ်ကြီး။** ။စစ်မဖြစ်မီက တို့ဗမာအစည်းအရုံးလူတွေနဲ့ မျိုးချစ်ပါတီက လူတွေ အရိုက်အနှက်ရှိသလား။

**သခင်ဗစိန်။** ။ကျွန်တော့်ရဲ့အစည်းအရုံးနဲ့ မဖြစ်ဘူး။ သခင်ကိုယ်တော်မှိုင်း တို့ဗမာအစည်းအရုံး လူတွေနဲ့တော့၊ မျိုးချစ်ပါတီက လူတွေဟာ ရိုက်နှက်ကြတယ်၊ ကျွန်တော်မေးလို့ မဖြစ်ဘူး၊ ပထမက သခင်ကိုယ်တော်မှိုင်းနဲ့ တစ်ဖွဲ့တည်းပါ၊ ၁၉၃၈ ခုနှစ်ကျတော့ နှစ်ခြမ်းကွဲသွားပါတယ်။

**ရှေ့နေချုပ်ကြီး။** ။အမှုဆောင်ဝန်ကြီးရာထူးမှ နုတ်ထွက်ပြီးတော့ စော၊ စိန်၊ မော် အဖွဲ့ကိုဖွဲ့ဖို့ ကြံစည်သလား။

**သခင်ဗစိန်။** ။ကျွန်တော် နုတ်ထွက်ပြီးတော့ အဖွဲ့အများပါသော "ဗမာ့လက်ငင်း လွတ်လပ်ရေး အဖွဲ့ချုပ်" ဖွဲ့ဖို့ အားထုတ်ပါတယ်၊ သည်အဖွဲ့ထဲမှာ ကရင်ပါတီ၊ တို့ဗမာ အစည်းအရုံး၊ မျိုးချစ်ပါတီ၊ မဟာဗမာအစည်းအရုံး၊ သက်ပန်ဂျီစီဘီအေတို့ပါဖို့ ကြိုးစားတယ်၊ ခုချိန်ထိ မဖြစ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ရှေ့နေချုပ်ကြီး။** ။ဦးစော အိမ်သို့သွားရခြင်းသည် ဒါအတွက်လား။

**သခင်ဗစိန်။** ။ဟုတ်ပါတယ်၊ ဖ-ဆ-ပ-လ အဖွဲ့နဲ့ ဆန့်ကျင်တာပေါ့၊ ကျွန်တော်တို့ အဖွဲ့ထဲက အင်ဒီပင်းဒင့် လွတ်လပ်ရေးကို ပထမရဖို့ အတွက်ပါပဲ။

## သူရိယ သတင်းစာ တိုက်အုပ် ဦးဘိုးမြိုင် ထွက်ချက်

ဗာတားနစ်က မေး၍ ဦးဘိုးမြိုင် ထွက်ဆိုသည်မှာ-

၁၉၄၇ ခု ဇွန်လ ၁ ရက်နေ့ကစပြီး သူရိယတိုက်အုပ် ဖြစ်ပါသည်။ အစည်းအဝေးမှတ်တမ်းစာအုပ် နှစ်စုံကို သိမ်းဆည်းထားပါသည်။ ငွေစာရင်းစာအုပ် နှစ်အုပ်ရှိရာ စက္ကူ စာရင်းစာအုပ်ကို ဦးဘလင်းက ကိုင်ပါသည်။

## တရားခံပြသက်သေ ဦးဘလင်း (သူရိယ)

**ဦးဘလင်း(သူရိယ)။** ။ကျွန်တော်ဟာ ၁၉၂၆ ခုနှစ်ကစပြီး သူရိယတိုက်မှာ အလုပ်လုပ်ခဲ့ပါတယ်၊ ယခု ကျွန်တော်ဟာ ကိုယ်စားလှယ်စာရင်းကိုင်၍ ပုံနှိပ်ထုတ်ဝေသူလဲ ဖြစ်ပါတယ်၊ ဂျပန်ခေတ်တုန်းက သူရိယတိုက် အရှုံး အမြတ်စာရင်းတွင် ဘကလေး၊ ဘတင်၊ ဘရားသားက ကြွေးစာရင်းကို မတွေ့ရပါ။

သည်စာရင်းဟာ ယခုရှိသေးသလား မသိတော့ပါ၊ ဂျပန်ခေတ် မတိုင်မီ က ၄င်းအကြွေးစာရင်းကို အရှုံးအမြတ်စာရင်းတွင် ရှိပါသည်။ ကြွေးစာရင်း မပါလို့ စာရင်းစစ်ဖို့ ခွင့်တောင်းတော့ ချယ်ယာမင် ဆာဦးသွင်က ၁၉၄၆ ခု နှစ် အစည်းအဝေးတစ်ခုမှာ ခွင့်ပြုပါတယ်။

ဘကလေး၊ ဘတင်၊ ဘရားသားရှိ ကြွေးကိုလျှော်ပစ်ထားတာ ဦးဘကလေး၏သား ညီညီကာတွန်းရုပ်စုံထုတ်၍ ကြွေးတွေလျှော်ပစ်ထားတာတွေကို စာရင်းစစ်လို့တွေ့ရပါတယ်၊ ဒါရိုက်တာအဖွဲ့က လျှော်ပစ်ပါတယ်၊ မန်နေဂျင်းဒါရိုက်တာ ဦးဘကလေး ဖြစ်ပါတယ်။

၁၉၄၆ ခုနှစ် အစုရှင်များ အစည်းအဝေးက ဒါရိုက်တာ အဖွဲ့ တစ်ဖွဲ့လုံး အပေါ်တွင် အယုံအကြည်မရှိကြောင်း အဆိုတစ်ခုကို တင်ကြပါတယ်၊ သည်တော့ ဦးစောက ဦးဘကလေးထံလာပြီး ခင်ဗျားပွက်ပေး၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားကို အယ်ဒီတာချုပ် အလုပ်တစ်ခုပေးမယ်လို့ ဦးစောပြောသံကို ကြားရပါတယ်၊ ဦးစောက ဒါရိုက်တာအဖွဲ့ကို ထွက်စာတင်တယ်လို့ ကြားရပါတယ်။

ရှေ့နေချုပ်ကြီးက မေး၍ ထွက်ဆို အစစ်ခံသည်မှာ-

**ဦးဘလင်း။** ။ဂျပန်မဝင်ခင်နှင့် ဂျပန်ဝင်ပြီးတဲ့အထိ မမာလို့ တစ်နှစ်ကြာ သူရိယတိုက်မှာ မလုပ်ဘဲနေပါတယ်၊ မာလာတော့ ဦးဘကလေးက သူရိယသတင်းစာ တစ်ရွက်တည်း ထုတ်နေရသေးလို့ ခင်ဗျားကို မလိုသေးဘူးဆိုလို့ ၇ လ ၈ လလောက် စောင့်နေရပါတယ်၊ ၁၉၄၆ ခုကျမှ သူရိယကို ပြန်ဝင်ရပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ခင်ဗျား ဦးဘကလေးအပေါ် စိတ်ဆိုးသလား။

**ဦးဘလင်း။** ။မဆိုးပါဘူး။ ဦးဘကလေးကလဲ ခင်ဗျားကို အလိုမရှိတော့ဘူးလို့ မပြောလိုက်ပါဘူး၊ ကျွန်တော့်အတွက် ဒါရိုက်တာ ဦးညွန့်နှင့် ဦးချစ်မောင်က ဒေါ်သန်းခင်ထံ လာပြောပြီး ဦးဘညွန့် ကလေးထံ စာရေးပေးလိုက်လို့ အလုပ်ပြန်ရပါတယ်၊ ကျွန်တော် သူရိယတိုက်မှာ လုပ်ပါတယ်။

ဦးဘလင်းက ဆက်လက် ထွက်ဆိုသည်မှာ-

စက္ကူစာရင်း မစ္စတာ တာကီးကိုင်ကြောင်း၊ မစ္စတာ တာကီး ထွက်သွားသောအခါမှ မိမိကိုင်ပါသည်။ ခဲတံအနီနှင့် လက်ရေးကို မသိပါ။ ဂိုထောင် စက္ကူထုတ်စာအုပ် စာရင်းစာအုပ် ရှိပါသည်။

၄င်းစာအုပ်ကို ကိုအောင်သန်းကိုင်ပါသည်။ မင်နှင့် ရေးထားသည်မှာ ထွန်းတင်အမည်တို ဖြစ်ပါသည်။ ခဲတံအနီနှင့် ရေးထားသူမှာ ဦးဘကလေး မဟုတ်ပါ၊ စာရင်းစစ် ဦးသိန်းဝှက်ထင်ပါသည်။ ခဲတံအစိမ်းနှင့် လက်မှတ်သည် ဦးဘကလေး လက်မှတ်ဟု မပြောနိုင်ပါ။

## တရားခံပြသက်သေ မောင်ကျော်စိန်

ထို့နောက် မင်းလှကုန်သည် ဆီစက်ပိုင်ရှင် မောင်ကျော်စိန်ကို တရားခံဘက်မှ ခေါ်ယူစစ်ဆေးသည်။

**ဦးစံဝင်း။** ။မျိုးချစ်အဖွဲ့ထဲပါသလား။

www.burmeseclassic.com

www.burmeseclassic.com



**မောင်ကျော်စိန်။** ။ပါပါတယ်၊ ကိုစိုး၊ ကိုစိန်၊ ခင်မောင်ရင်၊ ရန်ကြီးအောင်နှင့် ခေါင်းဆောင်ကြီး ဦးစောကို သိပါသည်၊ တရားခံ ကိုစိုးကို မင်းလှမှာ ဇူလိုင် ၁၇ ရက်နေ့က တွေ့ပါတယ်၊ သူက ကျွန်တော့်ကို ဦးစောက မျှော်နေတယ်ဆိုလို့ ဇူလိုင် ၁၈ ရက်နေ့မှာ လိုက်လာပါတယ်၊ မင်းလှမှ ဘတ်(စ်)ကားနဲ့လာရာ ဦးစော အိမ်သို့ ၁ ချက်တွင် ရောက်ပါသည်၊ ဦးစောဟာ ကျန်းကျန်းမာမာ ရှိပါသေးတယ်၊ နောက် ဦးစောဟာ ဗိုက်နာလာတယ်ဆိုလို့ နှိပ်ပေးခဲ့ရတယ်၊ ည ၆ နာရီအထိ ဦးစောအခန်းမှာ ရှိပါတယ်၊ ည ၈ နာရီလောက်မှာ ဦးစော ခဏ အိပ်ပျော်သွားပါတယ်။

ကျွန်တော်ဟာ ည ၁၀ နာရီလောက်မှ ဧည့်ခန်းဘေးက ရေဒီယို ထားတဲ့ အခန်းထဲမှာ အိပ်ပါတယ်၊ မအိပ်မီအတွင်း ဦးစောရဲ့ထံ ဘယ်သူမှ မလာပါ၊ နောက်တစ်နေ့ ဇူလိုင် ၁၉ ရက်နေ့ ၆ နာရီထိုးလို့ နိုးလို့ ဦးစော အခန်းထဲဝင်သွားပြီး ဒေါ်သန်းခင်က ခေါ်ပေးရမလားလို့ မေးပါတယ်၊ သူက ကိစ္စမရှိဘူးလို့ ပြောပါတယ်၊ နောက်တစ်နာရီလောက် ကြာတော့ ရန်ကြီးအောင် ရဲ့အဖေ ကိုထွန်းဟာ အိမ်အပေါက်ဝသို့ လာပါတယ်။

ရန်ကြီးအောင်ကို မြို့ထဲ ခေါ်သွားချင်လို့ ဦးစောကိုပြောတော့ ဦးစောက ခေါ်သွားပါလို့ ပြောပါတယ်၊ နောက် တစ်နာရီလောက်ကြာတော့ ကြို့ပင်ကောက်မှ ဦးတင်အုန်းလာပါတယ်၊ သူက လက်ဝယ်ချင်တယ်လို့ ပြောပါသည်။ နောက် ကိုလှမြတ်စိုးနဲ့ အဖော်တစ်ယောက်က တစ်နာရီ လောက်ကြာတော့ လာပါတယ်၊ နောက် တရားခံထဲက ကိုစိုးလာပါတယ်၊ ကိုစိုးကို တွေ့လို့မေး တော့ ခုမနက်ဘဲ မော်တော်ကားနဲ့ မင်းလှမှလာတယ်လို့ ပြောပါတယ်။

နံနက် ၁၁ နာရီ ၁၂ နာရီလောက်မှာ သူရိယတိုက်က ဖုန်းလာ ပါတယ်၊ ဘယ်သူလဲ ဆိုတော့ အစ်ကိုကြီးကိုခေါ်တယ်၊ အသံကတော့ ကိုတင်ဟန် အသံလို့ထင်တယ်၊ သူက ဗိုလ်ချုပ်တို့ကို သတ်သွားတယ်လို့ ပြောပါတယ်။ ကျွန်တော်က သည်သတင်းကို ဦးစောကို ပြောပြတော့၊ ဦးစောက လှမြတ်စိုးကို ခေါ်လိုက်ပါဦးလို့ ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လှမြတ်စိုးကိုခေါ်၍ ရောက်တော့ ဦးစောက ဗိုလ်ချုပ်တို့ အသတ်ခံရတဲ့ သတင်းကိုပြောပါတယ်၊ သည်လိုခေါင်းဆောင်ချင်း အပစ်သတ်ခံရမယ်တိုရင် နိုင်ငံရေး ဆက်လုပ်ဖို့ မကောင်းတော့ဘူး၊ တို့လဲခေါင်းဆောင် ဆိုတော့ သတိနဲ့ နေရမယ်ကွယ့်လို့ ပြောပါသည်။

နောက် ကိုလှမြတ်စိုး ပြန်သွားပါသည်။ နောက် ၁၅ မိနစ်လောက်ကြာတော့ ရန်ကြီးအောင်ရဲ့အဖေ ဦးထွန်းရောက်လာပါတယ်။ ဦးစောကို နှုတ်ဆက်တယ်။ ကိုထွန်းနဲ့ ရှေ့ဆင့်နောက်ဆင့် ဦးတင်အုန်းလဲ ပြန်သွားပါတယ်။

သည်သတင်းကြားရော ကျွန်တော့်အမေ စိတ်ပူမှာစိုးလို့ ပြန်ပါရစေလို့ ပြောတော့ ဦးစောက နေပါဦးလား ပြောနေခိုက် ဂျစ်ကားဝင်လာသံကြားလို့ ကြည့်လိုက်တော့ ကိုဘညွန့်နှင့် အခြားသူများ ဝင်လာတာ တွေ့ရတယ်။ အချိန်က ၁၂ နာရီ တစ်ချက်ထက်တော့ မစောပါဘူး။ နောက်ကျွန်တော်လဲ ပြန်ပါတယ်။

**ဘင်နက်။** ။ဇူလိုင် ၁၉ ရက်နေ့ နံနက်က ဦးစောရဲ့ ဖို့ဆင်ထရပ်ကားဟာ ဘယ်မှာရှိသလဲ။

**မောင်ကျော်စိန်။** ။မရှိပါဘူး။ ဘညွန့်စီးတဲ့ကားဟာ အမိုးနဲ့ဖြစ်ပါတယ်။ ၄င်းဂျစ်ကားကို မနက်က မမြင်မိပါ။

**ရှေ့နေချုပ်ကြီး။** ။ဦးစောအိမ်မှ ဘယ်အချိန်ပြန်သလဲ။

**မောင်ကျော်စိန်။** ။နေ့လယ် ၁နာရီခွဲလောက် ရှိမယ်ထင်တယ်။ ဦးစောအိမ်ကလွဲလို့ ဘယ်မှမသွားပါဘူး။ ဦးစောအိမ်သို့ လာရခြင်းကား မျိုးချစ်အဖွဲ့စည်းရုံးရေးမှူးဖြစ်၍ နယ်အခြေအနေကို အစီအရင်ခံရအောင် လာတာပါ။

မင်းလှမှာ ဆရာသင်က မျိုးချစ်ပါတီခေါင်းဆောင် ဖြစ်ပါတယ်၊ အတွင်းရေးမှူးက ဦးရွှေဝင်းဖြစ်ပါတယ်၊ ကျွန်တော့်ဘာသာ ကျွန်တော် ရန်ကုန်သို့ လာပါတယ်၊ ခေါင်းဆောင်လူကြီးတွေကို မလာခင်က တိုင်ပါ၊ မင်းလှပြန် ရောက်တော့လဲ လူကြီးတွေကို ပြေမပြပါ၊ ကိုစိုး(တရားခံ)ကို သိတာ သုံးနှစ်လောက်ရှိပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



**ရှေ့နေချုပ်ကြီး။** ။မျိုးချစ်ပါတီ စည်းရုံးရေးမှူးအဖြစ် ဘယ်သူခန့်သလဲ။

**မောင်ကျော်စိန်။** ။ဦးစောက ခန့်ပါတယ်၊ ဦးစောအိမ်မှာ ထိုနေ့က ဒေါ်သန်းခင်ကို မတွေ့ခဲ့ပါ၊ မခင်အေးကို တွေ့ပါတယ်။ ဇူလိုင် ၁၈ ရက် ၁၉ ရက်နေ့က တရားခံတွေထဲက ဘယ်သူ့ကိုမှ မတွေ့ပါ။

**ရှေ့နေချုပ်ကြီး။** ။ဘညွန့် ဂျစ်ကားထဲမှာ မြင်တော့ အခြားဘယ်သူတွေ ပါသလဲ။

**မောင်ကျော်စိန်။** ။ဘညွန့်တစ်ယောက်ကိုသာ သိတယ်၊အခြား လူတွေ မသိပါ၊ နောက်ထပ်လဲ ဘညွန့်ကို မတွေ့တော့ပါ၊ ဘညွန့် ဘယ်ထွက်သွားတယ် မမြင်လိုက်ရဘူး၊ ဘညွန့်က ဂျစ်ကားကို ဆင်ဝင်အောက်မှာ ရပ်ထားတာတွေ့ရပါတယ်၊ ဘညွန့်နှင့် အဖော်တစ်စု အိမ်ထဲသို့ မဝင်ကြပါဘူး။

**ရှေ့နေချုပ်ကြီး။** ။ဘညွန့်အကြောင်း ဦးစောအား ပြောတော့ ဦးစောက ဘာပြောသလဲ။

**မောင်ကျော်စိန်။** ။ဘာမှ မပြောပါဘူး။

**ရှေ့နေချုပ်ကြီး။** ။ယခု သက်သေခံလာတော့ ဘယ်မှာ တည်းသလဲ။

**မောင်ကျော်စိန်။** ။၆ မိုင်ခွဲက ဒေါ်သန်းခင်အိမ်မှာ တည်းပါတယ်၊ သမ္မန်စာကို မင်းလှမှ လာပေးပါတယ်၊ ကျွန်တော်လက်မှတ် မထိုးရပါ။

ငှင်းသမ္မန်စာကို ဦးစော ယောက္ခမ ဦးလူကလေးက မောင်ကျော်စိန်အစား လက်မှတ်ထိုးထားသည်ကို ရုံးတော်သို့ ရှေ့နေချုပ်ကြီးက ပြသသည်။

**ရှေ့နေချုပ်ကြီး။** ။မောင်ဂိုမာရီလမ်းက ဗေဒင်ဆရာ ဦးဘစောထံသွားရသေးသလား၊ ဒေါ်သန်းခင် ခိုင်းသလား။

**မောင်ကျော်စိန်။** ။မခိုင်းပါဘူး၊ မသွားရပါ။

## တရားခံပြ သက်သေ ကိုဘိုးကျွန်

တရားခံရှေ့နေ ဦးစံဝင်းက မေး၍ ထွက်ဆိုသည်မှာ-

**ကိုဘိုးကျွန်။** ။တရားခံများထဲမှ မောင်စိုးကို သိပါသည်။ ဇူလိုင် ၁၉ ရက်နေ့က မင်းလှမှ ရန်ကုန်သို့ လော်လီကားနှင့် လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းကားပေါ်မှာ ခရီးသည် ကျပ်၄/%၅ ယောက်ပါ၍ အသိ ကိုစိုး တစ်ယောက် ပါပါသည်။ ကိုစိုး ထိုနေ့နံနက် ဆွမ်းခံ ဝင်လောက်မှ အင်းလျားကန်နားတွင် ဆင်းပါသည်။ မိမိက ရန်ကုန်သို့ ဆက်သွားပါသည်။ ဈေးထဲရောက်၍ အတန်ငယ်ကြာသောအခါ ဝန်ကြီးတွေကို သေနတ်နဲ့ ပစ်သတ်၍ လူတွေ ရုတ်ရုတ်ရက်ရက် ဖြစ်သည်ကို တွေ့ရပါသည်။ ပုဆိုးတစ်ထည်ဝယ်ပြီး ကြောက်တာနဲ့ ကားကြုံရှာပြီး မင်းလှကို ပြန်သွားရာ ညအချိန် ရောက်ပါသည်။ နောက်တစ်နေ့မှာ ပြည်လမ်းကားဆုံမှာ ဦးစော အိမ်ကို ဝိုင်းသည်ဟု ကြားရပါသည်။

ရှေ့နေချုပ်ကြီးက မေး၍ ထွက်ဆိုသည်မှာ-

**ကိုဘိုးကျန်။** ။ကိုစိုးကို သိသည်မှာ ၈ နှစ်လောက် ရှိပါပြီ။ သူ့မိန်းမနှင့် မိမိ နှမနှစ်ဝမ်းကွဲ တော်ပါသည်။ မျိုးချစ်ပါတီဝင် မဟုတ်ပါ၊ မောင်စိုးက သူတည်းသည့်အိမ်သို့ မခေါ်ပါ၊ မောင်စိုးသည် ဦးစော အိမ်တွင် တည်းခိုမည့်အကြောင်း မသိပါ။

**ဦးစံဝင်း။** ။ခင်ဗျား ဘယ်အဖွဲ့မှာ ပါသလဲ။

**ကိုဘိုးကျန်။** ။ဖဆပလ တောင်သူ လယ်သမားအဖွဲ့မှာ ပါပါတယ်။

## တရားခံ သက်သေ ဦးသန်းမောင်

မင်းလှ သရက်တစ်ပင်၌ လက်ဖက်ရည်ဆိုင်ထွက်သူ ဦးသန်းမောင်ကို စစ်ဆေး၍ ထွက်ဆိုသည်မှာ မောင်စိုးက ဇူလိုင် ၁၈ ရက်နေ့ညမှာ ဆိုင်မှာ လက်ဖက်ရည်သောက်ပြီး ဘတ်စ်ကား မေးကြောင်း၊ နောက်နေ့နံနက် ၄ နာရီ ကျော်ကျော်လောက်မှာ ကားကြုံနှင့် ရန်ကုန်သို့ လိုက်သွားကြောင်း၊ မောင်ကျန်ကို မိမိတို့နှစ်ယောက် သွားနှိုးပြီး၊ မောင်ကျန်လည်း လော်လီကားနှင့် မောင်စိုးနှင့်အတူ လိုက်သွားကြောင်း၊ ထိုည ၇ နာရီခွဲ အချိန်လောက်တွင် မောင်ကျန် ပြန်ရောက်လာပြီး ဝန်ကြီးတွေ အသတ်ခံရကြောင်းကို ပြောပြပါသည်။ မိမိဆိုင်လည်း ကားဆိပ်တွင် ရှိပါသည်။ သရက်တစ်ပင်သည် မိုင် ၁၀၀ လောက် ဝေးပါသည်။

## ရှေ့နေချုပ်ကြီးက မေး၍ ထွက်ဆိုသည်မှာ

မောင်ကျန်နှင့် မိမိ ညီအစ်ကိုတော်ပါသည်။ မောင်စိုးသည် ရန်ကုန်သို့ သွားလည်လေ့ရှိသည်ကို မသိပါ။ မောင်ကျန်ရန်ကုန်မှ ပြန်လာသောအခါ မပါပါ။ မောင်စိုးကို ဘာကြောင့် ဖမ်းသည်ကို မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



## ဟံသာဝတီ အယ်ဒီတာ ဦးအုန်းဖေ

မြန်မာ ကျမ်းစာကို အင်္ဂလိပ်လို တိုင်ပေးသဖြင့် လိုက်ဆို၏။

ဦးစံဝင်းက မေး၍ ထွက်ဆိုသည်မှာ-

ဩဂုတ်လ ၆ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် သက်နှင်း၊ သုခတို့ ဓာတ်ပုံများ ထည့်ပါသည်။ ဘယ်သူ့ထံမှ ဘယ်ဓာတ်ပုံကို ဘယ်နေ့ ဘယ်ရက်က ရသည် မမှတ်မိပါ။

## တရားခံပြသက်သေ ဦးကြာရန်

ဦးစံဝင်းက မေး၍ ထွက်ဆိုသည်မှာ-

သက်နှင်း၏ ယောက္ခမ ဖြစ်ပါသည်။ သက်နှင်းသည် ကျိုက်လတ်မှ ဝါခေါင်လဆန်း ၂ ရက်နေ့ နံနက်မှ ထွက်လာပါသည်။ ၄င်းညကျတော့ ရေဒီယိုမှ ဗိုလ်ချုပ်တို့ကို သေနတ်နှင့်ပစ်သွားသည်ကို ကြားရပါသည်။ သတင်းစာတွင် ဗိုလ်ချုပ်တို့ကို ပစ်သည့်အတွက် သက်နှင်းကို ဖမ်းသွားကြောင်း တွေ့ရပါသည်။ ပုလိပ်က မိမိတို့၏အိမ်မှာ လာရှာပြီး သက်နှင်း၏ လိုင်စင်ရ ခြောက်လုံးပြူးတစ်လက်ကို ယူသွားကြောင်း စာရွက်တွေနဲ့ သက်နှင့် ဓာတ်ပုံ ၂ ပုံယူသွားပါသည်။

ရှေ့နေချုပ်ကြီးက မေး၍ ထွက်ဆိုသည်မှာ-

သက်နှင်းသည် မျိုးချစ်ပါတီဝင်ဖြစ်ကြောင်း၊ အိမ်မှာလည်း မျိုချစ်ပါတီ ဆိုင်းဘုတ်ချိတ်ထားပါသည်။ ကျိုက်လပ်မှ မျိုးချစ်ပါတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ဘယ်သူတွေလဲ မသိပါဘူး။ သက်နှင်း ရန်ကုန်တွင် ဘယ်မှာ တည်းသည် မသိပါ။ ပထမတရားခံ ဦးစောနှင့် အထက်ကျော်ကာရီက အဆက်အသွယ်ရှိကြောင်း သိပါသည်။

နောက်တော့ မသိပါ။ သက်နှင်း ရန်ကုန်သို့ ဘာကိစ္စနှင့် သွားသည် မသိပါ။ ပုလိပ်က သက်နှင်း ဓာတ်ပုံဘာကိစ္စနှင့် သိမ်းသွားသည်မသိပါ။

## ဦးစောအိမ်မှတွေ့သော စာတမ်း နှစ်ရွက်

ဂဠုန်နှင့် ရဲဘော်ဟောင်းပေါင်း၍ စောရန်နောင်က ဗိုလ်ချုပ်လုပ်ရန် အကြံ လုပ်ကြံမှုကြီးကို ဆက်လက်စစ်ဆေးပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## တရားခံပြုသက်သေ မနှစ်

ကျိုက်လပ်နေ မနှစ်ကို ဦးစံဝင်းက မေး၍ ထွက်ဆိုသည်မှာ-

တရားခံ သက်နှင်းကိုသိပါသည်။ ရန်ကုန်သို့လာစဉ် သက်နှင်းနှင့် သင်္ဘော တစ်စီးတည်းလာကြပါသည်။ ရန်ကုန်သို့ မွန်းတည့်ရောက်တော့ ဗိုလ်ချုပ်တို့ အသတ်ခံရကြောင်း သိရပါသည်။

ရှေ့နေချုပ်ကြီးက မေးခွန်းထုတ်၍ ထွက်ဆိုသည်မှာ-

သက်နှင်းနှင့် သိသည်မှာ ငယ်စဉ်ကပင် ဖြစ်ပါသည်။ သက်နှင်း တူ သိန်းမောင်သည် မိမိအိမ်မှာ နေပါသည်။

## တရားခံပြုသက်သေ ဒေါ်တင်

ကျိုက်လမ်နေ ဒေါ်တင်ကို စစ်ဆေး၍ ထွက်ဆိုသည်မှာ-

တရားခံသက်နှင်းကို မနှစ်နှင့်အတူ ရန်ကုန်မြို့ ကမ်းနားလမ်းဈေးမှာ ဝါခေါင်လလောက်က တွေ့ပါသည်။ ထိုနေ့မှာ ဈေးသွားတော့ ဗိုလ်ချုပ်တို့ အသတ်ခံရလို့ ဆိုင်များပိတ်သည်ကို တွေ့ပါသည်။

## တရားခံပြုသက်သေ ရန်ကြီးအောင်၏ ဖခင် ဦးထွန်း

သက်သေ အုတ်ဖို ဦးထွန်းကို ဦးစံဝင်းက မေး၍ ထွက်ဆို သည်မှာ-

ရန်ကြီးအောင်သည် မိမိသား ဖြစ်ပါသည်။ ဝါခေါင်လဆန်း ၂ ရက်နေ့မှာ ရန်ကုန်သို့လာပြီး ဦးစောအိမ်ဝင်းအတွင်းရှိ ဘုရားကျောင်း ဆောင်ထဲမှာ အိပ်ပါသည်။ နောက်တစ်နေ့မှာ ရန်ကြီးအောင်၊ မှုန်ကြီးတို့နှင့် အတူ ဘုရားသို့ သွားပါသည်။ မှုန်ကြီးက သိမ်ကြီးဈေးတွင် ကျန်ရစ်ပါ သည်။ ဘုရားမှ ပြန်တော့ သိမ်ကြီးဈေးထဲ ဝင်ကြပါသည်။

မွန်းတည့်လောက်တွင် ဆိုင်များ သိမ်းကြသည်ကို တွေ့ရ၍ မေးကြည့်သောအခါ ဝန်ကြီးများအသတ်ခံရလို့ဟု သိရ၍ ပြည်သို့ ထွက်သော ကားကို ရှာပြီး သွားကြပါသည်။ မွန်းတိမ်းသာသာလောက် ၈ မိုင်သို့ ရောက်တော့ ဦးစော အိမ်ထဲဝင်ပြီး အထုပ်ကိုယူကြောင်း၊ ၄င်းကား နှင့်ဆက်ပြီး အိမ်သို့ ည ၉ နာ ရီလောက်မှာ ရောက်ပါသည်။ ရန်ကြီးအောင်၏

www.burmeseclassic.com

www.burmeseclassic.com



အသက်မှာ ၁၆ နှစ်ရှိကြောင်း ပြောပြီး ဇာတာကိုထုတ်ပြ၍ ဥက္ကဋ္ဌ တရားသူကြီးက အနံ့ခံကြည့်ပါသည်။

**ဦးစိဘူး။** ။သည်အချိန်က ရန်ကြီးအောင် အသက်ကို ဖော်ပြရခြင်းဟာ ဘာဆိုင်သလဲ။

**ဦးထွန်း။** ။အကယ်၍ အပြစ်ရလျှင် အသက်ငယ်ခြင်းကို ထည့်သွင်းစဉ်းစားရန် ဖြစ်ပါသည်။

ရှေ့နေချုပ်ကြီးကမေး၍ ထွက်ဆိုသည်မှာ-

အထုပ်ကိုယူ၍ ဦးစောကိုဝင်ပြီး နှုတ်ဆက်တော့ မွန်းတိမ်းလောက်ရှိပါပြီ။ ထိုအခါ မောင်ကျော်စိန်ကိုမြင်၍ သူက ကျွန်တော့်ကို နှုတ်ဆက်ပါတယ်။ ရန်ကုန်သို့လာတော့ သူကြီးကိုမဆိုင်မိပါ။ ဦးစောအိမ်မှာ ဦးစော၊ ရန်ကြီးအောင်၊ မှုန်ကြီးတို့ သုံးယောက်ကိုသာ တွေ့ပါသည်။

ဇူလိုင် ၁၉ ရက်နေ့မှာလည်း ၄င်းတို့ သုံးယောက်ကိုသာ တွေ့ပါသည်။ အခြား တရားခံများကို မတွေ့ပါ။ ဒေါ်သန်းခင်ကိုလည်း မတွေ့ပါ။

**ဦးစိဘူး။** ။သည်ဇာတာဟာ အသင့်လုပ်လာသလား။

**ဦးထွန်း။** ။မဟုတ်ပါဘူး၊ ကျွန်တော့်သဘောနဲ့ ယူလာတာပါ။

## ကြို့ပင်ကောက် မောင်လှဝင်း

ဗိုလ်ချုပ်တို့ သတ်တုန်းက ကျွန်တော် ရန်ကုန်တွင် ရှိပါသည်။ ကိုထွန်း (သက်သေ) နဲ့ ဇူလိုင် ၁၉ ရက်နေ့ ဘုရားမှာတွေ့ပါတယ်။ ကိုထွန်းနဲ့အတူ ရန်ကြီးအောင်လည်းပါတယ်။ နောက်တစ်ရက်၊ နှစ်ရက်ကြာတော့ ကြို့ပင်ကောက်ပြန်သွားပါသည်။ ရန်ကြီးအောင်တို့ သားအဖတွေ့သည်ကို မည်သူ့မျှ မပြောမိပါ။

## ပင်စင်ရ ရာဇဝတ်ဝန် ဦးဘ

အချုပ်နှင့်နေရသူ ရာဇဝတ်ဝန်ကို မစ္စတာကားတစ်ဘင်နက်က စစ်ဆေးရာ အင်္ဂလိပ်လို ထွက်ဆို၏။

**ကားတစ်ဘင်နက်။** ။အခု ဘယ်မှာနေသလဲ။

www.burmeseclassic.com

www.burmeseclassic.com



**ဦးဘ။** ။ဟသ်ာတ ထောင်ထဲမှာ နေပါတယ်၊ ဇူလိုင်လ ၂၁ရက်နေ့မှာ အဖမ်းခံရတယ်၊ ဘာကြောင့် ဖမ်းတယ် မသိပါ။

ဒေါ်သန်းခင်ကို သိပါသည်။ ဇူလိုင် ၁၉ ရက်နေ့က ဒေါ်သန်းခင်ဟာ ကျွန်တော့်အိမ်မှာ နေပါတယ်။ ၁၄ ရက်ကျော်လောက် တစ်ခါ တစ်ခါ လာနေတယ်။ ဥပုသ်စောင့်ရန် လာပါတယ်၊ ယခင်က ကျွန်တော့်အိမ်ကို ဥပုသ် စောင့်ဖို့လာစမြဲ ဖြစ်ပါတယ်။

**ရှေ့နေချုပ်ကြီး။** ။ဒေါ်သန်းခင်လာတဲ့ အကြောင်းထူးရှိသလား။

**ဦးဘ။** ။ကျွန်တော်မသိပါ၊ ဝါခဝင်ခင် လာပါတယ်။ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်ဖို့ ကျွန်တော်နဲ့အတူ လိုက်တတ်ပါတယ်။

## ဦးစောအိမ်မှာ တွေ့သော စာတမ်း

စုံထောက်ဌာန ရာဇဝတ်ဘက် ရာဇဝတ်ဝန်ကြီးဦးလှဘောက တရားခံ ဦးစောအိမ်မှ တွေ့ရသော စာတမ်း နှစ်ရွက်ကို ရုံးသို့တင်ပြလေသည်။ ၄င်း စာထဲတွင် စောရန်နောင်က ဗိုလ်ချုပ်သည် အင်္ဂလိပ်နှင့် ပေါင်းလိုက်သည့်အတွက် ရဲဘော်တပ်မှ ထွက်ခြင်းဖြစ်သည်။ ယခု သူ့ဘာသာ ရဲဘော်ဟောင်းများနှင့် ဂျူနိတပ်သားများ ပူးပေါင်းပြီး စောရန်နောင်က ဗိုလ်ချုပ်လုပ်မည့် အကြောင်းကို သတင်းစာဌ်ထည့်ရန်ဖြစ်သည်။

## သခင်ထွန်းအုပ် အစစ်ခံချက်

ဦးစံဝင်းက မေးမြန်း၍ ထွက်ဆိုသည်မှာ-

မိမိသည် နိုင်ငံရေး ခေါင်းဆောင် တစ်ဦးဖြစ်ပါသည်။ မိမိအား ဩဂုတ်လ ၂ ရက်နေ့တွင် အဖမ်းခံရပါသည်။ ယခုတိုင် အချုပ်နှင့် နေရပါသည်။ ပုဒ်မ ၅ နှင့် ဖမ်းတယ်၊ ဘာကြောင့်ဖမ်းတယ်မပြောပါ၊ ဖမ်းကာစက ဘားလမ်းအချုပ်မှာ ကျွန်တော့်ကို ထားပါသည်။ ၉ ရက်ထားပါသည်၊ အချုပ်ခန်းမှာ တရားခံတွေထဲက မောင်စိုး၊ သက်နှင်း၊ မှုန်ကြီးတို့ သုံးဦးကို တွေ့ရပါ သည်။ မောင်စိုးက သူ့ကို ပုလိပ်ရိုက်လို့ မေ့မြောတဲ့အကြောင်း၊ ကျွန်တော့်ကို တိုင်လို့ ကြားရပါတယ်၊ မောင်စိုးရဲ့ မုတ်ဆိတ်နဲ့ နှုတ်ခမ်းမွေးတွေဟာ မရိတ်ဘဲထားလို့ အတော်ကလေး ရှည်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်နှင်းက ခေါင်းမှာ ပတ်တီးစည်းထားတာ မြင်ရပါတယ်၊ လမ်းသွားတော့လဲ ကွတတဖြစ်နေတာ မြင်ရတယ်၊ ဩဂုတ်လ ၈ ရက်နေ့မှာ ပတ်တီး စည်းထားတဲ့ လူတစ်ယောက် (နောက်မှ သက်နှင့်လို့ သိရတယ်)၊ ပုလိပ်ကတွဲပြီး ခေါ်သွားတာ တွေ့ရပါတယ်၊ မှုန်ကြီးရဲ့လက်က အနာ သွေးထွက်နေတယ်၊ ဆေးလဲထည့်မပေးဘူးလို့ လူတွေအချင်းချင်း ပြောနေသံ ကြားရတယ်၊ ကိုယ် တိုင်တော့ မမြင်ပါ၊ ဆရာဝန်ကို ကျွန်တော်က ခင်ဗျားတို့ ဘာ့ကြောင့် လူ နာတွေ ဆေးထည့်မပေးသလဲ မေးတော့ ဆရာဝန်လဲ ခပ်မြန်မြန် ထွက်သွား ပါတယ်။

## ရွှေနေချုပ်ကြီးက မေး၍ ထွက်ဆိုသည်မှာ-

မောင်စိုးနဲ့ ထိုတစ်ခေါက်သာ တွေ့ပါသည်။ သက်နှင်း ခေါင်းပေါ် မှာ ပတ်တီးစည်းထားလို့ အနာကိုတော့ မတွေ့ရပါဘူး၊ မျက်နှာမှာ ဖူးရောင်နေတာ တွေ့ရတယ်၊ ဆရာဝန်ဟာ တစ်ခါ တစ်ခါ နေ့စဉ်လိုလို လာပါတယ်၊ တစ်ခါတလေလဲ နေ့စဉ်မလာဘူး၊ ပုလိပ်မင်းကြီး ဦးအောင်ချိန် အား ရောက်ခါစက တွေ့ရတယ်၊ နောက် မတွေ့ရတော့ပါ၊ ကျွန်တော်တို့ အခန်းသို့ မျက်နှာပူလို့ မလာဘူးဆိုတာ ပြောသံကြားရပါတယ်၊ အချုပ် ခန်းမှူး ဦးမောင်မောင်ကလဲ ကျွန်တော်တို့ရှိလို့ မျက်နှာပူလို့ တစ်ခေါက် လောက်လာပြီးနောက် မလာတော့ဘူး၊ ဦးမောင်မောင်အား ကျွန်တော်က တိုင်တော့ ဟာဗျာ စိတ်ရှုပ်တယ်ဗျာဆိုပြီး သူလဲထွက်သွားပါတယ်၊ ဆရာဝန် ရော၊ ဦးမောင်မောင်ရော သည်လိုပဲ ထွက်ပြေးကြတာဟာ ဝတ္တရားပျက် တယ်လို့ ထင်ပါတယ်၊ အင်းစိန် ထောင်ကျတော့ အကျဉ်းခံနေရတဲ့ လူတွေ ဟာ အညှဉ်းခံရလို့ ဒဏ်ရာတွေနဲ့ ရှိတဲ့အကြောင်း အားလုံးစာနဲ့ရေးပြီး တိုင်ပါတယ်၊ ဩဂုတ်လ ၂၅ ရက်နေ့ လောက်မှာ စာရေးပြီး နှစ်ခါတိတိ တိုင်ပါတယ်။

အင်းစိန်ထောင်ကြီး ဩဂုတ်လ ၁၆ ရက်နေ့လောက်မှာ ပြောင်းလာ ရတယ်။ တင်လိုက်တဲ့စာထဲမှာ အရိုက်ခံရတဲ့ လူတွေအမည် မပါဘူး။ အညှဉ်းခံရတဲ့ လူတွေက တစ်ယောက်စီတင်တဲ့ စာထဲမှာတော့ အမည် ပါပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တရားခံရှေ့နေ ဦးစံဝင်းက မေး၍ ဆက်လက်ထွက်ဆိုသည်မှာ-

တိုင်စာကို ဘုရင်ခံထံသို့ စာတစ်စောင်၊ ပြည်ထဲရေးဝန်ကြီးထံသို့ စာတစ်စောင် တင်ပို့ပါတယ်၊ တရားဌာနအတွင်းဝန်လာတော့ ကျွန်တော်က တိုင်လိုက်ပါသေးတယ်၊ သူက တိုင်စာကို ဝန်ကြီးထံ တင်ထားပြီးပါပြီဟု ပြောပါသည်။ အတွင်းဝန်က အပြင်စကားတစ်ခုပြောသွားသေးသည်မှာ ခင်ဗျားတို့ကို ၇ ရက်လောက်ကြာရင် လွှတ်မှာပဲဟု စက်တင်ဘာလလောက်က ပြောသွားပါသည်။

## သခင်ခ၏ အစစ်ခံချက်

တရားခံရှေ့နေ ဦးစံဝင်းက မေး၍ သခင်ခ ထွက်ဆိုသည်မှာ-

မိမိသည် နိုင်ငံရေးသမား ဖြစ်ကြောင်း၊ မိမိအား ဩဂုတ်လ ၉ ရက်နေ့ တွင်ဖမ်းပြီး မြို့မအချုပ်ခန်းတွင်ထားရာ ဩဂုတ်လ ၂၄ ရက်နေ့ အင်းစိန် ထောင်သို့ ပြောင်းရပါသည်။ ဘာကြောင့်ဖမ်းသည်မသိပါ၊ တရားခံထဲက မောင်စိုး၊ သက်နှင်းတို့ နှစ်ယောက်ကို မှတ်မိပါသည်။ မောင်စိုးက ပုလိပ် အရိုက်ခံရလို့ တစ်နာရီလောက် မေ့နေတယ်ပြောပါတယ်၊ သက်နှင်းကို တော့ ခေါင်းမှာ ပတ်တီးနဲ့ မြင်ရတယ်၊ ကျွန်တော် မေးကြည့်တော့ ပုလိပ် ရိုက်လို့ဟု ပြောပါသည်။ တစ်နာရီလောက် မေ့နေတယ်လို့လဲ ပြောပါသည်။ ဒဏ်ရာတော့ မမြင်ပါ၊ မျက်နှာချင်းဆိုင်နေရတော့ အခန်းထဲမှ လှမ်းပြော ပါတယ်၊ ကျွန်တော် မေးကြည့်တော့ ပုလိပ်ရိုက်လို့ ပြောပါသည်။

ရှေ့နေချုပ်ကြီးက မေး၍ ထွက်ဆိုသည်မှာ-

ဗန္ဓုလဦးစိန်ကို သိပါသည်။ အချုပ်ခန်းထဲမှာ တွေ့ပါသည်။ ကျွန်တော် ရောက်တော့ သူရှိပါသည်။ မောင်စိုး အရိုက်ခံရတဲ့အကြောင်းကို ဗမာ့ခေတ် ဦးအုန်းခင်တို့နဲ့ ဆွေးနွေးတော့ အခြားသူများလဲ ကြားချင် ကြားနိုင်မယ်။ လှမြတ်စိုးရောက်လာတော့ ကျွန်တော်တို့ရဲ့ အခန်းမှာ နေပါ တယ်။ နောက်သူ့ ကို မျက်နှာချင်းဆိုင်အခန်းထဲ ခေါ်သွားပါတယ်၊ အချုပ် ခန်းမှာနေတုန်းက ပုလိပ်ကိုဝင်းမောင်ကို မတွေ့ပါ။ ဆရာနိုက ၂ ရက် ၃ ရက်မှ တစ်ခါလာပြီး သူ့လက်ထောက်က နေ့တိုင်းလာပါတယ်၊ အခန်း

www.burmeseclassic.com

www.burmeseclassic.com



တိုင်းကို ဆရာဝန် နေ့တိုင်းမလာဘူး။ ၁၄ ရက်ကြာနေခဲ့ရာ ၂ ခေါက် ၃ ခေါက်သာ လာပါသည်။ ကျွန်တော်မြင်တဲ့အကြောင်းကို ဆရာဝန်ရော၊ လက်ထောက်ဆရာရော၊ ဦးမောင်မောင်ရော မပြောပါဘူး၊ ပုလိပ်မင်းကြီး ဦးအောင်ချိန်ကို ရောက်တဲ့ နံနက်ကသာ တွေ့ပါတယ်။

## ဗိုလ်မှတ်ဆိတ် ထွက်ချက်

လက်ရုံးမော်တော်ယာဉ်မှာ လိုင်းမှူးဖြစ်ပါသည်၊ ဝါခေါင်လထဲတွင် အဖမ်းခံရပါသည်၊ ဘားလမ်းအချုပ်ခန်းသို့ ပို့ပါတယ်၊ တရားခံတွေထဲက သက်နှင်းမျက်နှာမှာ ဒဏ်ရာတွေနဲ့ ရေချိုးရင်း မြင်လိုက်ရပါသည်၊ ကျောမှာတော့ အရိုးတွေရှိပါတယ်၊ မောင်ရှိန်မှာလည်း ဒဏ်ရာတွေ ရှိပါတယ်။

ရှေ့နေချုပ်ကြီးကမေး၍ ထွက်ဆိုသည်မှာ-

သခင်ထွန်းအုပ်က အချုပ်ခန်းသို့ ကျွန်တော့်အလျင် ရောက်ပါတယ်၊ အချုပ်ခန်းထဲကျမှ လူချင်းသိပါသည်၊ ကျွန်တော်နဲ့ သခင်ထွန်းအုပ်တို့က အခန်းကြားမှာ နေကြပါတယ်၊ သခင်ဗစိန်ကို မတွေ့ပါ၊ ၁၄ ရက်လောက် ကြာတော့ အင်းစိန်ထောင်သို့ ပို့ပါတယ်။

သက်နှင်းရဲ့မျက်နှာ မျက်စိတစ်ပိုင်း ညိုမည်းနေတဲ့ အကွင်းကို မြင်ရတယ်၊ ၄င်းအညိုကွက်ကြီးကို အင်းစိန်ထောင်သို့ ပြောင်းသွားသည်တိုင် မြင်နေရတယ်။

မောင်ရှိန်ရဲ့ ဒဏ်ရာဟာ ခုနစ်ရက်လောက်ကြာတော့ ပျောက်သွားတယ်၊ မောင်ရှိန်ဟာ ကျွန်တော့်အခန်း နံပါတ် ၄ မှာပါ၊ ရေချိုးတော့ ဗန္ဓုလ ဦးစိန်နှင့် သခင် ထွန်းအုပ်တို့ကို တွေ့ပါတယ်၊ သူတို့ကို ဒဏ်ရာရတဲ့ လူနှစ်ယောက်အကြောင်း ပြောမိသလား မမှတ်မိဘူး၊ မောင်ရှိန်ကျောက ဒဏ်ရာဟာ ကြိမ်လုံးဒဏ်ရာဖြစ်၍ ခြောက်လက်မလောက် ရှိပါလိမ့်မည်။

**ရှေ့နေချုပ်ကြီး**။ ။ ခင်ဗျားဂျပန်ခေတ်တုန်းက ဗိုလ်ရန်နိုင်ရဲ့ လက်အောက်မှာ လုပ်ခဲ့ဖူးသလား။

**ဗိုလ်မှတ်ဆိတ်**။ ။ အဓိပတိ ဒေါက်တာ ဗမော်၏ တပ်မှာ ဗိုလ်ရန်နိုင်က ဗိုလ်ချုပ်လုပ်တုန်း ကျွန်တော် သူ့လက်အောက်မှာ စစ်ဗိုလ် လုပ်ခဲ့ဖူးပါတယ်၊ အင်္ဂလိပ်ပြန်ဝင်လာတော့ ရဲဘော်ဟောင်းအဖွဲ့ထဲမှာ မဝင်ပါ။ ဒေါင်းနီတပ်ကို ဖွဲ့မယ်လို့ သတင်းစာထဲမှာ နေပါတယ်၊ မဟာဗမာ

www.burmeseclassic.com



အဖွဲ့ထဲမှာ ကြေညာရုံသာ ရှိပါသေးတယ်၊ ဘာမှမဖွဲ့ရသေးဘူး။ ဒေါက်တာ ဗမော်အိမ်မှာ စောင့်ရှောက်ဖို့ ဗိုလ်ရန်နိုင်ကခေါ်လို့ သွားနေပါတယ်။

## စိန်လှအောင် အစစ်ခံချက်

သက်သေကျိုက်လတ်မှ စိန်လှအောင်ကို ဦးစံဝင်းက မေး၍ထွက်ဆို သည်မှာ-

ဘားလမ်းအချုပ်ခန်းမှာ ရန်ကြီးအောင်ကို မြင်ဖူးပါတယ်၊ တစ်လနှင့် ခြောက်ရက်ကြာခဲ့ပါတယ်၊ ကိုစိုး၊ သုခ၊ ခင်မောင်ရင်တို့ကို တွေ့ပါသေးတယ်။

သက်နှင်း၊ ကိုစိုး၏ ဒဏ်ရာကို မြင်ရပါတယ်၊ အခြားလူတွေက အရိုက်ခံရကြောင်း ပြောပါတယ်၊ ဒဏ်ရာကို မမြင်ရပါ။

ရှေ့နေချုပ်ကြီးကမေး၍ ထွက်ဆိုသည်မှာ-

ဗိုလ်မှတ်ဆိတ်နှင့်အတူ အခန်း ၄ မှာ နေရပါတယ်၊ ရေချိုးတဲ့အခါ သခင်ထွန်းအုပ်နှင့် ဗန္ဓုလဦးစိန်တို့ကို တွေ့ပါတယ်၊ သူတို့ကိုတော့ မတိုင်မိပါ၊ ဗန္ဓုဦးစိန်ကို မပြောပါ၊ သခင်ထွန်းအုပ်ကိုတော့ ပြောပါတယ်၊ သက်နှင်းနှင့် ကျွန်တော် တူဝရီးတော်ပါတယ်။

## ဘညွန့်နှင့် စောရန်နောင် လက်မှတ်ထိုးသော စာတမ်း

အင်းစိန်စုံထောက်ဘက်ဌာန ရာဇဝတ်ဝန်ကြီး ဦးလှတောအား ရုံးတော်က ခေါ်ယူစစ်ဆေးရာ ကားတစ်ဘင်နက်က မေး၍ထွက်ဆိုသည်မှာ-

စောရန်နောင် လက်မှတ်နှင့် စာတမ်းကို စုံထောက်မင်းကြီးရုံးမှာ ရခဲ့ကြောင်း၊ ဦးစောအိမ်မှာ ပစ္စည်းကိုရှာစဉ် တွေ့ရှိသော စာတမ်း၊ စာအုပ်များစွာမှ အဆိုပါစာတမ်းပါရှိကြောင်း၊ မိမိရှာဖွေခြင်း မဟုတ်ပါ၊ ဦးစောအိမ်မှ ရရှိသည်ဆိုသော စာတမ်းများအနက် ယခုစာတမ်းကို တင်သွင်းပါသည်။

**ဘင်နက်။** ။ ဘညွန့်နှင့် စောရန်နောင် လက်မှတ်ထိုးတဲ့ စာရွက် နှစ်ရွက်ကိုကော တွေ့သေးသလား။

**ဦးလှတော။** ။မတွေ့ရပါဘူး။

**ရှေ့နေချုပ်ကြီး။** ။ ခင်ဗျားရာထူးက ဘာလဲ။

**ဦးလှတော။** ။ စုံထောက်မင်းကြီး၏ ရာဇဝတ်မှုဆိုင်ရာ ဝန်ကြီးဖြစ်ပါတယ်၊ စာရွက်စာတမ်းများကို စုံထောက်ဌာနက

www.burmeseclassic.com

www.burmeseclassic.com



သိမ်း ဆည်းရမိတဲ့အခါမှာ ၎င်းတို့ကို စာရင်းပြုလုပ်ပြီး စုံထောက်မင်းကြီးရုံးရှိ ရာဇဝတ်ဝန်ကြီးထံ တင်ပြရပါတယ်။ ဒါကြောင့် ဦးစောအိမ်မှာ ဖမ်းဆီးရမိတဲ့ စာရွက်စာတမ်းများဟာ ကျွန်တော်ထံသို့ ရောက်ရှိ လာခြင်း ဖြစ်ပါသည်။ သိမ်းဆည်းရမိသော ပစ္စည်းကို စာရင်းနှင့် ပြုလုပ်ရပါတယ်၊ ရုံးတော်သို့ တင်ပြ ပါသည်။

**ရှေ့နေချုပ်ကြီး။** ။ ဦးစောအိမ်သို့ ဘယ်နေ့က သွားပြီးရှာသေးသလဲ။

**ဦးလှတော။** ။ ဦးစောသက်သေခံတုန်းက ပြောခဲ့တဲ့ စာတမ်းများကို ရှာဖွေရန် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် သွားရှာပါ သေးတယ်။ မတွေ့ပါ။ ယခင်ကလည်း ဦးစောအိမ်သို့ ခဏခဏ သွားရပါ သေးတယ်။ ဦးစောက ခိုင်းလို့ သွားရှာပါသေးတယ်။ ပြည်သိမ်း စီမံကိန်း စာတမ်း အလိုရှိတယ်လို့ ဦးစောက ယခင်က ကျွန်တော့်ကို မပြောဖူးပါ။

**ဘင်နက်။** ။ ဦးစောအိမ်မှာ ရှာတုန်းက ရှာဖွေစာရင်း ရှိသလား။

**ဦးလှတော။** ။ ရှိပါတယ်၊ ဘယ်နှယ်ခု ရှိတယ်မသိပါ၊ နက်ဖြန် ၁၉-၁၂-၄၇ နေ့ နံနက် သိစေရပါမည်ဟု ထွက်ဆို၏။

## ဂျူရီလိပ်ချုပ်ရာထူး

နိုင်ငံတော် လုပ်ကြံမှုကြီးကို ဒီဇင်ဘာလ ၁၉ ရက်နေ့ နံနက်က ဆက်လက်စစ်ဆေးရာ ရှေ့ဦးစွာ စုံထောက်ဌာန ရာဇဝတ်ဝန်ကြီး ဦးလှတော အား မပြီးမပြတ်သေးသဖြင့် ဆက်လက်စစ်ဆေးသည်။ ၎င်းပြင် ဦးစောအား စစ်ဆေးသော ရာဇဝတ်ဝန်ထောက် ဦးသိန်းအုန်းအား ဦးသော အစစ်ခံချက် နှင့်မေးရာ-

**ဦးသိန်းအုန်း။** ။ ဩဂုတ်လ ၂၀ ရက်နေ့မှာ တရားပိုခံဦးစောအား စစ်ဆေးပါသည်။ ၎င်း၏ ထွက်ဆိုချက်များကို ရေးယူ ရပါသည်။ ၎င်း၏ထွက်ချက်များကို ဦးစောအား ဖတ်ပြသောအခါ ထောင်ပိုင်ကြီး ရှိပါသည်။ မှန် တယ်လို့ ဦးစောက ပြောပါသည်။

**ဘင်နက်။** ။ ယခုစစ်ချက်မှာ ဦးစောက မေးသလောက်သာ ဖြေတယ် မဟုတ်လား။

**ဦးသိန်းအုန်း။** ။ မေးတာလဲ ဖြေတယ်၊ မမေးစကားများလည်း ဦးစော ပို၍ ဖြေသည့်စကားများ ရှိပါသည်။ စောနှံနောင်ကို

www.burmeseclassic.com

www.burmeseclassic.com



သိပါသလား၊ ကိုဘညွန့်ကို သိပါသလားဟု သည့် မေးပေါက်သော မေးမှုယ်။ သူက အလိုအလျောက် စကားလုံးပိုများ ထည့်ပြောပါသည်။ ဦးစောရဲ့အိမ်မှာ ရှာဖွေသည့်စာရင်းကို နောက်ထပ်မရရှိပါ။

ဦးစောအိမ်ကို အရာရှိ များစွာပင် အချို့ တခြားစီ ခွဲ၍ရှာဖွေရပါသည်၊ စုံထောက်ဘက်က စာရွက်စာတမ်းပေါင်း ၂၈၈ ခုကို စစ်ဆေးကြည့်ရှုရပါသည်။ ၄င်း ၂၈၈ခုထဲမှာ တစ်နေ့ကရုံးတော်သို့ တင်ပြသော စာရွက်စာတမ်း နှစ်ခုလည်း ပါပါသည်။

ဖမ်းဆီးရမိသော စာရွက်စာတမ်းများတွင် ပါသော အကြောင်းအရာ အကျဉ်းချုပ်များကို စာရင်း ၌ ရေးသားဖော်ပြထားပါသည်။ စောရန်နောင်နှင့် ဘညွန့်တို့ လက်မှတ်နှင့် စာတမ်းဖြစ်သော ပြည်သိမ်း စီမံကိန်းဆိုသော စာတမ်းဖြစ်စေ၊ ထိုစာရင်း မပါပါ။

**ရှေ့နေချုပ်ကြီး။** ။ စာရွက်စာတမ်း ၂၈၈ ခုစလုံးကို ဖတ်မကြည့်ပါ၊ အကျဉ်းချုပ်ရေးသားထားသော စာရင်းကိုသာ စစ်ဆေးကြည့်ရှုပါသည်။

**ဦးစံဝင်း။** ။ ကျော်စိန်ကို စည်းရုံးရေးမှူးခန့်သည့် စာရွက်ပါသလား။

**ဦးသိန်းအုန်း။** ။ မသိပါ။ (ပထမ တရားခံဦးစောအား ကျမ်းကိုင်၍ ဘင်နက်က ထွက်ဆိုစေသည်)

**ကားတစ်ဘင်နက်။** ။ မနေ့က တင်ပြတဲ့ စာရွက် ၂ ခုကို မြင်တယ် မဟုတ်လား။

**ဦးစော။** ။ မြင်ပြီးပါပြီ။

**ကားတစ်ဘင်နက်။** ။ စာရွက်ပါနဲ့ စာတမ်းဟာ ဘာလဲ။

**ဦးစော။** ။ ၄င်းစာတမ်းဟာ စောရန်နောင်က ကျွန်တော့်အိမ်မှာ ဧပြီလ ၁၃ ရက်နေ့တွင် အကြမ်းစီကုံးရေးသားပြီး အချောပြန်ရေးကာ မိုလ်မှူးအောင်ထံ ပို့ပါသည်။

**ဘင်နက်။** ။ ၄င်းစာသည် စောရန်နောင်ရဲ့လက်ရေး မဟုတ်လား။

**ဦးစော။** ။ ဟုတ်ပါတယ်၊ ၄င်းစာသည် မြန်မာပြည်ပိုင်ဆိုင်ရာ ပြည်သူ့ရဲဘော် အသေခံတပ် တပ်ဗိုလ်ဖြစ်မှ နုတ်ထွက်သည့်အကြောင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘင်နက်။ ။ အခြားတစ်ခုက ဘာလဲ။

ဦးစော။ ။ အခြားတစ်ခုက လက်နှိပ်စက်နှင့် ရိုက်ပြီး ကျွန်တော်ထံသို့ ယူလာပါသည်။ ၄င်းစာကို စောရန်နောင်၏ လက်နှင့်လက်မှတ် ရေးထားထားပါသည်။

ဘင်နက်။ ။ ၄င်းစာတမ်းကို သတင်းစာထဲထည့်ဖို့ သူကြံရွယ်သလား။

ဦးစော။ ။ သူရိယသတင်းစာ အယ်ဒီတာထံဆိုပြီး စာအိတ်ပေါ်မှာ လိပ်ရေးပြီး ယူလာပါတယ်၊ ဘာကြောင့် မထည့်သွင်း ရသည့် အကြောင်းမှာ ၄င်စာတမ်း၌ ကန့်ကွက်စရာ အချက်တစ်ခုပါ၍ဖြစ်ပါသည်။

ဘင်နက်။ ။ ယခင်က ထွက်ဆိုတဲ့ ဘညွန့်၊ စောရန်နောင် စာတမ်း ရှိပါသလား။

ဦးစော။ ။ ရှိပါသည်။ ကျွန်တော့်ကို ဩဂုတ်လ ၂၀ ရက်နေ့က စစ်တုန်းက ၄င်းစာသည် ပုလိပ်လက်ထဲမှာသာ ရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ပုလိပ်ထံ အစစ်ခံထား သည်မှာ ပုလိပ်များက ထိုစာရွက်အကြောင်းကို သိပါ စေဆိုတဲ့ သဘောနဲ့ ပြောခြင်းဖြစ်ပါသည်။ ဩဂုတ် လဆန်းလောက် ဦးထွန်းလှအောင် ကျွန်တော်ထံလာပြီး ကြည့်တုန်းက သူကပြောတယ်၊ ခင်ဗျားရဲ့ တပည့်တွေ မခင်လေး၊ မမြရွှေ၊ စံမြင့်တို့ဟာ အားလုံးဖြောင့်ချက် ပေးကုန်ကြပြီ၊ စောရန်နောင်နဲ့ ဘညွန့် လက်မှတ်ထိုးတဲ့ စာတမ်းကိုလည်း ဦးထွန်းလှအောင်က တွေ့သည့် အကြောင်း ထည့်ပြီးပြောပါသေးတယ်၊ သူတို့က ဘာကိုဖြောင့်ချက်ပေးတဲ့ အကြောင်း ဦးထွန်းလှ အောင်က ဖော်မပြပါ။

ဘင်နက်။ ။ ၄င်းစာတမ်းများနှင့် ဘာပြောသေးသလဲ။

ဦးစော။ ။ ကျွန်တော်က ၄င်းစာတမ်းကို သိမ်းဆည်းထားပါ၊ ၄င်းစာတမ်းများဟာ ကျွန်တော့်ကို ထိခိုက်စေသည် ဖြစ်စေ၊ မထိခိုက်စေသည်ဖြစ်စေ သိမ်းထားပါလို့ ပြောပါသေးတယ်။

ဦးစောအား သူရိယပစ္စည်းစာရင်း စာအုပ်များ ကို ပြသောအခါ ၄င်းစာအုပ်ထဲ၌ စာရင်းများကို ဦးဘကလေး ပြင်ဆင်ရေးသား ထားကြောင်း ဦးစောက ထွက်ဆိုသည့်ပြင် ဘာကြောင့်ပြင်သလဲ မေးသော်၊ ဦးဘကလေးက မပြင်ခိုင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေချုပ်ကြီးကမေး၍ ဦးစောက ထွက်ဆို သည်မှာ-

**ဦးစော။** ။ စာရွက်ဝါနှင့် စာရွက်ပေါ်တွင် စောရန်နောင် လက်မှတ်ထိုးပြီးပြုသည်။ ထိုအခါတုန်းက စောရန်နောင်က ဂဠုန်တပ်သား မဟုတ်သေးပါ။ သူ၏ လက်မှတ် အောက်က ဂဠုန်တပ် ဗိုလ်ချုပ်ကြီးဆိုတဲ့ ရာထူးက သူလုပ်ချင်လို့ သူ့ဘာသာရေးတာပါ။

**ရှေ့နေချုပ်ကြီး။** ။ သည်လို လက်မှတ်အောက်က ရေးထားတဲ့ ရာထူးကို ခင်ဗျားက ကန့်ကွက်တယ် မဟုတ်လား။

**ဦးစော။** ။ သည်ရာထူးကို မယူနိုင်ဘူး။ သူများကပေးမှ ဖြစ်တဲ့ ရာထူးလို့ ပြောပါတယ်။ သည်တော့ စောရန်နောင်က ထိုရာထူးအမည်ကို ဖျက်ပစ်ရန် သဘောတူပါသည်။

**ရှေ့နေချုပ်ကြီး။** ။ ဦးထွန်းလှအောင် လာပြီးပြောတုန်းက ထိုစာတမ်းဟာ အရေးကြီးတယ်ဆိုတာ သိသလား။

**ဦးစော။** ။ သိလို့သာ သိမ်းထားဖို့ ပြောလိုက်ပါသေးတယ်။

**ရှေ့နေချုပ်ကြီး။** ။ ၄င်းစာတမ်းများကို ဟိုတစ်ခါတုန်းက ရုံးတော်သို့ တင်ဖို့ ဘာကြောင့် မလုပ်သလဲ။

**ဦးစော။** ။ မလုပ်ခဲ့ပါဘူး။ လွယ်လွယ်နဲ့ရလိမ့်မယ်ထင်လို့ မတောင်းခဲ့ပါ။

**ရှေ့နေချုပ်ကြီး။** ။ စောရန်နောင် သတင်းစာထဲမှာထည့်ဖို့ ရိုက်ထားတဲ့ စာရွက်ထဲမှာ ဘယ်အပိုဒ်ကို ကန့်ကွက်သလဲ။

**ဦးစော။** ။ ယခုမှု ငါနဲ့တွဲဖက် အသက်စွန့်ဆောင်ရွက်ခဲ့ကြသူတို့သည် အင်္ဂလိပ်ထောင်ချောက်ထဲသို့ ရောက်ခဲ့လေပြီ။ သို့အတွက် ငါတို့သည် အလိုတော်ရိကြီးတွေနှင့် အင်္ဂလိပ်နယ်ချဲ့ကို ပြင်းပြင်းထန်ထန် တိုက်ဖျက်ရမည်။ သို့အတွက် ငါသည် မားမားမတ်မတ် ဂဠုန်တပ်ဦး သို့ ဝင်ပြီးတိုက်ဖျက်တော့မည်' ဆိုသော စာပိုဒ်ဖြစ်ပါ သည်။

**ဦးစိုးဘူး။** ။ ဘာကြောင့် သည်စာပိုဒ်ကို ကန့်ကွက်ရသလဲ။

**ဦးစော။** ။ အကြမ်းဖက်ရန် တိုက်တွန်းထားတဲ့ စာပိုဒ်ဖြစ်လို့ ကန့်ကွက်ခြင်းဖြစ်ပါသည်။

**ဦးစိုးဘူး။** ။ စောရန်နောင် ထွက်စာရေးတုန်းက ခင်ဗျားကို တိုင်ပင်သေးသလား။

www.burmeseclassic.com

www.burmeseclassic.com



**ဦးစော။** ။ မတိုင်ပင်ပါ၊ ကျွန်တော့်ကိုတော့ အကြောင်းကြားပါတယ်။

မစ္စတာ ကားတစ်ဘင်နက်က တရားခံပြ သက်သေများ စစ်ဆေးခြင်းကို ပိတ်လိုက်ပြီး ဦးစော၌အပြစ် မရှိကြောင်း လျှောက်တွဲချက်ပေးတော့သည်။

လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ ဦးစောအပေါ်တွင် သံသယရှိသည်ဟု ဆိုလျှင် သံသယ၏ အကျိုးခံစားခွင့်ပေးပါရန်ဟူသော စကားလုံးများသုံးလျက်လျှောက်လဲချက်များကို ဦးစော၏ဘိလပ်ရှေ့နေ မစ္စတာကားတစ်ဘင်နက်သည် ဒီဇင်ဘာလ ၁၉ ရက်နေ့ နံနက် ၁၁ နာရီ မိနစ် ၄၀ အချိန်တွင် အစိုးရသက်သေ ဘညွှန့်နှင့် အပေါင်ပါတို့သာလဆင် လုပ်ကြံမှုကြီးကျူးလွန်ကြောင်းနှင့် လျှောက်လဲချက်ကို အဆုံးသတ်တော့၏။

## အမှုပိတ်လိုက်ပါပြီ

ဦးစော၏ရှေ့နေ ကားတစ်ဘင်နက်က ယနေ့ ဤအချိန်တွင် ကျွန်တော်၏ အမှုသည်အတွက် သက်သေ ၂ ဦး စစ်ဆေးစရာရှိသော်လည်း အမှုပိတ်ကာ ရုံးတော်သို့ လျှောက်ထားလိုပါသည်။

အမှုပိတ်လိုက်သော်လည်း သက်သေရုံးတော်သို့ တက်ရောက်လာပါက ကျင့်ထုံး ၅၄၀ အရ စစ်ဆေးခွင့် ပြုစေရန်ဖြစ်ပါသည်။

**ဦးကျော်မြင့်။** ။ စစ်ဆေးနိုင်ခွင့်ရှိပါသည်။ လျှောက်လဲချက်ပေးလိုပါသလား။

**ကားတစ်ဘင်နက်။** ။ လျှောက်လဲချက် ပေးလိုပါသည်၊ လျှောက်လဲချက်မပေးခင် ခုံသမာဓိရုံးတော်အား ဦးစော၏အိမ်နှင့် တကွ ဝင်းခြံ၊ ဦးစောအိမ်သို့ စောင့်ကြည့်ကြသူများ၏ နေရာ များသို့ လိုက်လံကြည့်ရှုရန် လျှောက်ထားခဲ့ပါသည်။

**ဦးကျော်မြင့်။** ။ လိုက်ပြီးကြည့်လျှင်လဲ အပိုပင်ဖြစ်ပါလိမ့်မည်၊ အကျိုးရှိမည် မထင်ပါ။

**ကားတစ်ဘင်နက်။** ။ ယခုလိုဆိုလျှင် ကျွန်တော်၏အမှုအတွက် လျှောက်လဲပါရစေ။

www.burmeseclassic.com

www.burmeseclassic.com



## ဦးစော ဘာအကျိုးရှိမလဲ

ယခုလုပ်ကြံမှုကြီးနှင့် ပတ်သက်၍ မြန်မာပြည်အစိုးရအဖွဲ့ဝင် လူကြီးများအား သတ်ဖြတ်လိုက်ခြင်းအားဖြင့် ဦးစောအတွက် ဘယ်လိုအကျိုးမှ ခံစားရမည် မဟုတ်ပါ။ အကယ်၍သာ ဦးစောက လုပ်ကြံပါလျှင် အမှုနှင့် ပတ်သက်သော အရာဝတ္ထုများကို တစ်ခဏချင်းပင် ရွှေ့ပြောင်းပစ်မည် ဖြစ်ပါသည်။

ဦးစောသည် မြန်မာနိုင်ငံ ဇာတ်ခုံနှစ်ပရိစ္ဆေဒ အတော်ကြာအောင် ဆောင်ရွက်ခဲ့သူ ဖြစ်ပါသည်။ ဦးစော၏ နိုင်ငံရေးစစ်ဆေးအတွက် ဂုဏ်သရေရှိပုဂ္ဂိုလ် ၂ ဦးကိုလည်း သက်သေအဖြစ် တင်ပြခဲ့ပါသည်။ ထိုပုဂ္ဂိုလ်များကလည်း ဦးစော နိုင်ငံရေးဝါဒများကို ရှင်းလင်း၍ ပြောသွားကြပါပြီ။

## အချက်ကြီးသုံးချက်

ဤအမှုနှင့်ပတ်သက်၍ ရုံးတော်ကို အချက်သုံးချက် တင်ပြလိုပါသည်။

၁။ ပထမအချက်တွင် ယခုအမှုသည် တရားခံအားလုံးကို ငြိစွန်းအောင် လည်ဆည်၍ တင်ခြင်းလော၊ သို့တည်းမဟုတ် အချို့တရားခံများအား ငြိစွမ်းအောင် လုပ်ကြံ၍ တင်ခြင်းလော။

၂။ ဒုတိယပုလိပ်က နှိပ်စက်ညှဉ်းပန်း၍ ဖြောင့်ချက်ပေးကြသလော၊ ဖြောင့်ချက်ပေးသူများနှင့် ဘညွှန့် ပူးပေါင်းကြံစည်သလော။

၃။ တတိယအချက်မှာ အကယ်၍ တရားခံတစ်ယောက်အပြစ်ရှိသည်ဟုဆိုလျှင် ဦးစောပါ အပြစ်ရှိနိုင်သလော ဆိုသည့်အချက်သုံးချက်ကို အထူးစဉ်းစားစရာလိုသည်။

## လူ ၁၃၀၀ ဖမ်းခဲ့

လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ လူပေါင်း ၁၃၀၀ လောက် ဖမ်းဆီးကာ ပုလိပ်တို့က ရိုက်နှိပ်ခဲ့ပါပြီ။ အချို့မှာ အတော်ပင် ဒဏ်ရာရရှိ၍ ရိုက်နှက်ကြသဖြင့် အချို့က ဖြောင့်ချက်ပေး၍ အချို့က ဖြောင့်ချက်မပေးကြသည်ကို စဉ်းစားကြည့်ရန် ဖြစ်ပါသည်။ ဖြောင့်ချက် မပေးဘဲနေကြသည့် လူလေးယောက်သည် ယခုတရားခံများထားရာ ဝင်္ကြံထဲတွင် ရှိပါ

www.burmeseclassic.com

www.burmeseclassic.com



သည်ဟု ပြောဆိုကာ (တရားခံ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်နှင့် မှုန်ကြီးတို့ကို ညွှန်ပြသည်)။

## ဦးစောအပေါ် ပုံချခဲ့ပြီ

ဖြောင့်ချက်ပေးသူများသည် ဦးစောအပေါ်၌သာ ပုံချကြသည်။ သူတို့၏ နောက်ပိုင်းတွင် ဦးစောရှိသည်ဆိုပြီး ဦးစောပါ တစ်ပါတည်း ထည့်သွင်းလိုက်ခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ အမှုဖွင့်စကားချီးတွင် တရားခံရှစ်ယောက်စလုံး အပြစ်ရှိတယ်လို့ မယူဆဘဲ တစ်ဦးစီ စဉ်းစားစရာရှိသည့်အခါ ဦးစောအတွက် ဘယ်လိုလဲဆိုသည့် ပြဿနာပေါ်လာပါလိမ့်မည်။ ဦးစောအဖို့မှာဆိုလျှင် ဥပဒေလည်း တတ်ကျွမ်းသူဖြစ်ပါသည်။ ယခုအကြံအစည်မျိုးကို ဘယ်တော့မှ လုပ်လိမ့်မည် မဟုတ်ပါ။

## အစိုးရရှေ့နေချုပ်ကြီးက

ကျွန်တော်၏အမှုသည်အား အစိုးရရှေ့နေချုပ်ကြီးက ၆ နာရီ မိနစ် ၅၀ မျှ စစ်ဆေးခဲ့ပါသည်။ ကျွန်တော်က မေးမြန်းသည့်အခါ ကျွန်တော့်မိတ်ဆွေ ရှေ့နေချုပ်ကြီးက၊ ကျွန်တော်မေးခွန်းထုတ်သည့်အခါ ဦးစောပြောစကားတွေ ပေါ်လာလိမ့်မည်ဆိုပြီး စောင့်သာကြည့်ပါဆိုသဖြင့် ဘာတွေများ ပေါ်လာလိမ့်မလဲဆိုပြီး စောင့်ကြည့်ခဲ့ပါသည်။

နောက်ဆုံးတွင် ပြန်၍မေးခွန်း ထုတ်ကာမဟုတ်ဘဲ ကျန်နေသည့် အဖိုးတန်သော စာချုပ်စာတမ်းများ ပေါ်ထွက်လာသည်ကို တွေ့ရပါသည်။ အစိုးရရှေ့နေချုပ်ကြီး စစ်ဆေးသည့်အခါတွင် ဦးစောထွက်ဆိုချက်များ မဖျက်ပါ။

'ခင်ဗျား ၅ တန်းအောင်တယ် မဟုတ်လား'၊ 'ခင်ဗျား တတိယတန်း ရှေ့နေ မဟုတ်လား' ဟု မေးခွန်းများသာ ပေါ်ပေါက်လာပါသည်။ မည်သို့ပင် အစိုးရရှေ့နေချုပ်ကြီးက မေးသော်လည်း ကျွန်တော့်အမှုသည် သည် ၆ နာရီ မိနစ် ၅၀ မျှ စိတ်မဆိုးဘဲ သည်းခံပြီး မှန်တာချည်း ထွက်ဆိုခဲ့ပါသည်။ ဦးစောထွက်ဆိုချက်များမှာလည်း အမှန်ချည်း ယူဆပါသည်။

ရှင်းပြစမ်းပါ။

ဦးစောသည် ထိုလုပ်ကြံမှုကြီးကို ကြံစည်သည်ဟု ဆိုသည်ကို အစိုးရရှေ့နေချုပ်ကြီးက သက်သေပြပါ ရှင်းပြပါဟုဆိုကာ (ရှေ့နေချုပ်ကြီးအား

www.burmeseclassic.com

www.burmeseclassic.com



လက်ညှိုးထိုးပြတော့သည်) အစိုးရရှေ့နေချုပ်ကြီး မေးမြန်းသည့်အခါတွင် ဦးစောက စောရန်နောင်နှင့် ဘညွန့်တို့ လက်မှတ်ရေးထိုးသည့် စာရွက်များပင် ပေါ်ထွက်လာပါသည်။

ထိုစာတမ်းများရှိကြောင်းကို ပုလိပ်ကို အစစ်ခံစဉ်အခါက ပြောခဲ့ပါသည်။ ပြောဆိုချက် ညီညွတ်သဖြင့် အမှန်တွေသာ ဖြစ်တန်ရဲ့ဟု ယူဆစေလိုပါသည်။ ပြည်သိမ်းစီမံကိန်းမှာ ပျောက်ဆုံး၍နေခဲ့လေပြီ။ ထိုသို့ ပျောက်ဆုံးသော်လည်း ကျွန်တော်က မည်သို့မျှ မစွပ်စွဲလိုပါ။

## ခေတ်လူငယ်တွေ

ယခုခေတ် လူငယ်များသည် ဖွတ်တရွတ်လုပ်တတ်ကြပါသည်။ ကျွန်တော့် အမှုသည်မှာ အသက် ၄၈ နှစ်မျှ ရှိသည့်အပြင် နိုင်ငံရေးဘက်တွင်လည်း ဆည်းပူးရသဖြင့် မြန်မာပြည် နန်းရင်းဝန်အထိ ဖြစ်ခဲ့ပါသည်။ ဆင်ခြင်တုံတရားများ သူ့၌ရှိပါသည်။ ဘညွန့်တို့လို လူငယ်တစ်စုကသာလျှင် အကြံအစည်တင်ပြသည့်အတိုင်း လုပ်ကိုင်ကြပါလိမ့်မည်ဟု ယူဆကြပါသည်။

## ယုံကြည်စရာမရှိ

ဦးစောသည် တရားလိုသက်သေ ဦးဘကလေးနှင့်အတူ သူရိယတွင် လုပ်ကြံသူများ ဖြစ်ပါသည်။ ဦးဘကလေးအား ဦးစောက အလုပ်ကထွက်ခိုင်းသဖြင့် ဦးစောအပေါ်တွင် တစ်ဖက်သက် ထွက်ဆိုခြင်းသာ ဖြစ်ပါသည်။

ဦးဘကလေးနှင့် အပေါင်းပါ စိန်မောင်လည်း ဦးစောထုတ်ပစ်လိုက်သူ ဖြစ်သည့်အားလျော်စွာ ဦးဘကလေးနှင့် တိုင်ပင်ပြီး ကားနံပါတ်မှတ်မိကြောင်းကို ပြောပြခြင်းသာ ဖြစ်ပါသည်။

သို့ဖြစ်၍ ၄င်းတို့၏ ထွက်ဆိုချက်များကို ယုံကြည်စရာ မရှိတော့ပါ။

## ဦးစောအိမ်အနီးမှ ရသတဲ့

ဦးစော၏ဂျစ်ကား အာရ်ဘီ ၉၈၃၁ သည် ဆေးဖြူနှင့် ရေးထား၍ ယခုအခါ ပျက်နေပြန်ပါသည်။

ထိုနံပါတ်မျိုးပင် ဦးစောအိမ်အနီး ရေကန်ထဲမှ ရကြပြန်သည်ဟု သက်သေ ထွက်ဆိုထားသည်မှာ ယုတ္တိမရှိလှပါ၊ ယုတ္တိရှိ မရှိ သိရှိနိုင်ရန်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဦးစောအိမ်ကို သွားရောက်ကြည့်ရှုစေရန် လျှောက်ထားခဲ့ဖူးပါသည်။

သက်သေခံဆိုသူကလည်း ပြည်လမ်းဘက် ကိုက် ၃၀ အကွာလောက်ဘက်မှနေ၍ ကြည့်လိုက်သည့်အခါ ဦးစော၏အိမ်ရှေ့တွင် ဘောင်းဘီအနက်၊ အင်္ကျီအဖြူ ဝတ်ဆင်ထားသူ တစ်ယောက်ကို တွေ့ရသည်ဟု ဆိုထားသည်။

ထိုကိစ္စမှာ ဘယ်လိုနည်းနှင့်မျှ ဖြစ်နိုင်စရာအကြောင်း မရှိပါ။

## ဥပဒေအရဖြစ်တယ်လို့ဆိုပြီ

ဦးစော၏ မျိုးချစ်ပါတီသည် အကြမ်းဘက်ပါတီ မဟုတ်သည်ကို ရှင်းရန် ဒေါက်တာဘမော်နှင့် သခင်ဗစိန်တို့အား သက်သေပြုရာတွင် ၎င်းတို့က မျိုးချစ်ပါတီသည် ဥပဒေအရ ဖွဲ့စည်းထားကြောင်း၊ အလယ်အလတ်စား ရှိကြောင်း၊ ငြိမ်ဝပ်ပိပြားအောင် လုပ်ကြောင်းသာ ထွက်ဆိုထားသဖြင့် ဦးစော၏ အကြမ်းသမား မဟုတ်နိုင်တော့ပါ။

ထိုပုဂ္ဂိုလ်များသည် လူကုံထံများ ဖြစ်သည့်ပြင် လိမ်လည်ပြောဆိုကြမည်လည်း မဟုတ်ပါ။ သူတို့၏ အမှုအရာမှာ ရွှင်ပြုံးစွာနှင့်ပင် ထွက်ဆိုကြပါသည်။

## ဦးစောအပြင်ကို မထွက်

ကျွန်တော်သည် ထိုနေ့ထိုရက်က ဦးစောအပြင်မထွက်ကြောင်းကို သက်သေပြထားပါတယ်၊ သက်သေများ ထွက်ချင်တွင် တစ်ဦးနှင့် တစ်ဦး အတူတူပင် ဖြစ်ပါသည်။

အစိုးရသက်သေက ဦးစော ဝင်းထံခါးဝဘက်သို့ လျှောက်ထားပြီး ကားဘေးကနေ၍ အထုပ်တစ်ထုပ်ကို ပေးလိုက်တယ်။ ကားနောက်ကနေ၍ ပေးလိုက်သည်ကို တွေ့ရပါတယ်။

အချို့က စာပေးလိုက်တယ် စသည်ဖြင့် အမျိုးမျိုး ကွဲလွဲနေသည်ကို ထောက်ချင့်ခြင်းအားဖြင့် ယုံကြည်စရာ မရှိတော့ပါ။

## သက်သေပါပြီး ဦးစောပဲတဲ့

ဦးစော၏အိမ်ကို ရှာဖွေစဉ်အခါက ရှာဖွေစာရင်းတွင် လက်မှတ်ရေးထိုးသူများသည် ယခုခုံသမာဓိရုံးတော်သို့ တက်လာကြပြီးလျှင် သက်သေ

www.burmeseclassic.com

www.burmeseclassic.com



ခန်းမှနေ၍ ဦးစောပင်လျှင် ဝင်းတံခါးဝကို လာကြောင်းကို သက်သေထွက်ဆိုကြပါသည်။ ထိုအချက်ကို စဉ်းစားစရာပင် ဖြစ်ပါသည်။

ဦးစောသည် အကြမ်းသမား မဟုတ်နိုင်ကြောင်းကိုလည်း စောရန်နောင် ရေးသည့် သက်သေခံပစ္စည်း ၁၄/၁၅ တို့က ဖော်ပြထားပါသည်။

ဦးစောအတွက် အလွန်အဖိုးတန်သည့် ပြည်သိမ်းစီမံကိန်း ပျောက်နေသည်မှာ ထင်ယောင်ထင်မှား ဖြစ်စရာပင်။

## ဒေါ်သန်းခင် ရှောင်ပေးလို၍မဟုတ်

ဒေါ်သန်းခင်သည် ထိုနေ့ထိုရက်များတွင် အိမ်၌မရှိဘဲ ဥပုသ်စောင့်သွားနေခြင်းသာ ဖြစ်သည်။

ဒေါ်သန်းခင်၏ ထွက်ဆိုချက်ကို ရာဇဝတ်ဝန်ဦးဘက ထောက်ခံထားပြီး ဖြစ်သဖြင့် ဒေါ်သန်းခင်အိမ်၌ မရှိကြောင်းမှာ လုပ်ကြံမှုကြီးဖြစ်မြောက်အောင် ရှောင်ရှားနေရန် မဟုတ်ပါ၊ အိမ်ကို စောင့်ကြည့်ကြသည့် သက်သေအများ ထွက်ဆိုချက်မှာလည်း ယုံကြည်စရာမရှိပါ။

## ပျော့တဲ့လူကပေးတဲ့ ဖြောင့်ချက်

တရားခံများကို ပုလိပ်တို့က နှိပ်စက်ညှဉ်းပန်းလွန်းသဖြင့် စိတ်မာသော လူလေးယောက်က ဖြောင့်ချက်မပေးကြပါ၊ စိတ်ပျော့ပြီး သက်သာရာသက်သာကြောင်းရလိုတဲ့ တရားခံလေးဦးကသာ ဖြောင့်ချက်ပေးကြပါသည်။ ဖြောင့်ချက်ပေးတိုင်းမှာလည်း အမှုမှန်ရမည်ဟု ဆိုနိုင်ပါသလား၊ မဆိုနိုင်ပါ။ ရိုက်နှက်လွန်းလို့သာ ပုလိပ်အကြိုက်လိုက်ပြီး ပြောရခြင်းသာ ဖြစ်ပါလိမ့်မည်။

အကယ်၍ အမှုနှင့်ပတ်သက်ပြီး ဦးစောသည် အကယ်ပင် ကြံစည်ပါသလား၊ အားပေးပါသလားဆိုသည့် ယုံမှားသံသယဖြစ်ခဲ့သော် ဦးစောအား သံသယ၏အကျိုးကို ပေးစေလိုပါသည်။ အမှုမလိုက်မီ မိမိထံသို့ ထိုအမှုနှင့် ပတ်သက်ပြီး မလိုက်ရန်စာများ ရောက်ရှိပါသည်။ ထိုစာများကို မိမိက ဆုတ်ပစ်ပြီးလျှင် တောင်းထဲထည့်ပစ်ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ဆန္ဒမှာ မြန်မာပြည်တွင် ဗြိတိသျှ၏ မှန်ကန်သော တရားရှိသည်ဆိုပြီး အမှုကို လက်ခံလိုက်ခြင်း ဖြစ်သဖြင့် ဂုဏ်ယူမိပါသည်။

## ဘညွန့်တို့ လူစုပဲ ဖြစ်သလော

နိဂုံးချုပ်လျှောက်ထားရမည်ဆိုလျှင် တရားခံများသည် ဦးစော၏ ခြံဝင်းထဲ၌ နေသော်လည်း တစ်အိမ်တည်း မနေကြပါ၊ တခြားစီ ခွဲနေကြပါသည်။

ဘညွန့်နှင့် စောရန်နောင်တို့မှာ လွန်ခဲ့သော ဖေဖော်ဝါရီလလောက်က တည်းက အကြံအစည်ရှိကာ ဘညွန့်နှင့်အပေါင်းပါသာ ဖြစ်ရော့သလားဟု သံသယရှိစရာ ဖြစ်ပါတော့သည် စသည်ဖြင့် လျှောက်လဲတော့သည်။

## တရားခံ၏ရှေ့နေ ဦးစံဝင်းက အမှုကြီးကို စစ်ဆေးသော ခုံ တရားသူကြီးများအား ယုံကြည်မှု

နိုင်ငံတော်လုပ်ကြံမှုကြီးကို အင်းစိန်ထောင်ကြီးအတွင်း ခုံတရားသူကြီးများ ရုံးတွင် စစ်ဆေးခဲ့သည်မှာ ယခုပြီးစီးလုပြီဖြစ်၏။

မထမတရားခံ ဦးစောအတွက် ဘိလပ်ပတ်လုံ မစ္စတာ ကားတစ် ဘင်နက်သည် သောကြာနေ့တွင် အကျယ်တဝင့် လျှောက်လဲသွားခဲ့ပြီးနောက် အစိုးရရှေ့နေချုပ်ကြီး၏ ပြန်လှန်ချေပချက်ကိုပင် စောင့်ဆိုင်းကြားနာခြင်း မပြုတော့ဘဲ ဒီဇင်ဘာလ ၂၁ ရက်နေ့က ဘိလပ်သို့ပြန်သွားပြီ ဖြစ်၏။

ဒီဇင်ဘာ ၂၂ ရက် တနင်္လာနေ့ နံနက်တွင် ခုံတရားသူကြီးများ ရုံးတက်ကြသောအခါ ဒုတိယတရားခံများ ဖြစ်သော မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်နှင့် မှုန်ကြီးတို့၏ ရှေ့နေဦးဝံဝင်းနှင့် ဦးသိန်းကျော်တို့သာ ရှိ၍ ဧည့်သည်များကား မရှိသလောက် နည်းပါးလေသည်။

## စာရွက်များကို ဖတ်မကြည့်ပါ

ပထမဦးစွာ ဗမာခေတ်အယ်ဒီတာ ဦးအုန်းမြင့်အား တရားခံရှေ့နေ ဦးစံဝင်းက ခေါ်ပြီးစစ်ဆေးရာ၊ ကျမ်းမကိုင်ဘဲ လက်မြှောက်ကာ မှန်ကန်စွာ ထွက်ဆိုပါမည်ဟု သစ္စာပြု၏။

**ဦးစံဝင်း။** ။ အဖမ်းခံရသေးသလား။

www.burmeseclassic.com

www.burmeseclassic.com



**ဦးအုန်းမြင့်။** ။ ဩဂုတ်လလောက်က ကျွန်တော်က အဖမ်းခံရပါ သေးတယ်၊ နေ့စွဲတော့ မမှတ်မိတော့ပါ၊ အကျဉ်းထဲ၌ သုံးပတ်လောက် နေခဲ့ရပါတယ်။ တရားခံတွေနဲ့ တွေ့ ဖူးပါတယ်၊ ခင်မောင်ရင်၊ မောင်စိန်၊ မှုန်ကြီး၊ ရန်ကြီး အောင်၊ သက်နှင်း၊ မောင်စိုးတို့ကို မှတ်မိပါတယ်။ ကျွန်တော့်ထံသို့ မျက်နှာချင်းဆိုင်အခန်းမှ အဆိုပါ တရားခံ များ စာပေးတယ်၊ မဖတ်ဖြစ်ပါ။

သူတို့ တိုင်ကြားပုံက အကျဉ်းခံနေရတာကြာပြီ၊ ဆင်းရဲစွာနေ ရကြောင်း၊ သူတို့စာတွေကို ရှာမှာစိုးလို့ မီးရှို့ပစ်ရကြောင်း။ စိတ်ရှုပ်နေ၍ ဘာမှအရေးမထားမိပါ။

**ဦးအုန်းမြင့်။** ။ ဆက်လက်၍ ထွက်ဆိုသည်မှာ ပုဒ်မ (၅) နှင့် အဖမ်းခံ ရ၍ တစ်လလောက်ကြာခဲ့ပါသည်။ တရားခံ တွေထဲမှာ အကုန်လိုပင် တွေ့ဖူးကြောင်း၊ သူတို့က ကျွန်တော့်အား တိုက်ရိုက် ပြောတယ်လို့ မမှတ်မိပါ၊ သူတို့က အခြားလူတွေနဲ့ ပြောနေသံ ကြားရပါ တယ်၊ စာရွက်များကိုတော့ ကျွန်တော့်ကို ပေးသည်မဟုတ်ပါ၊ တစ်ခန်းနှင့် တစ်ခန်း စာရွက်များပစ်ပေးနေသည်ကို တွေ့ရပါသည်။

ထိုစာများ ကျွန်တော်ဖတ်မကြည့်ပါ၊ ပစ်ပေးသော တရားခံများထဲမှ ယခုတရားခံများပါမပါ သတိမထားမိပါ၊ ကျွန်တော်တို့က လူကြီးတွေ ဖြစ်နေ၍လာပြီး ရှာမှာစိုးလို့ စာတွေကို မီးရှို့လိုက်ပါသည်။

(သူရိယမှ ကိုဘိုးဒေါင်းကို သက်သေခေါ် ထားသော်လည်း မလာ၍ တရားခံဘက်မှ မခေါ်ဘဲ ထားလိုက်ပါသည်။) သူရိယသတင်းစာ အယ်ဒီတာချုပ်ဟောင်း ဦးထွန်းကြိုင်ကို ဦးစံဝင်းက ခေါ်၍ စစ်ဆေးလေ သည်။

## ဦးထွန်းကြိုင်က ထွက်ဆိုသည်မှာ-

ဇူလိုင်လ ၃၀ ရက်နေ့မှာ အဖမ်းခံရ၍ ပထမဘားလမ်း အချုပ်ခန်း တွင် တစ်လနီးပါးထားပါသည်။ ဘားလမ်းအချုပ်ထောင်၌ သင်္ချိုင်းနှင်းအရိုက် ခံရလို့ ခေါင်းမှာ ပတ်တီးစည်းထားသည်ကို မြင်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေချုပ်ကြီးက အပြန်အလှန် မေးခွန်းထုတ်၍ ထွက်ဆိုသည်မှာ-

**ဦးထွန်းကြိုင်။** ။ ဒီဇင်ဘာ ၁၁ ရက်နေ့မှာ ရုံးတော်သို့လာသော ထောင်ပိုင်ကြီးက ရုံးပိတ်ထားကြောင်း ပြောသဖြင့် ပြန်သွားရပါကြောင်း၊ သက်နှင်းအေး ခေါင်းမှပတ်တီးကို ဘယ်နေ့ကမြင်တယ် မမှတ်မိပါ၊ သူက အရိုက်ခံရ ကြောင်း ကျွန်တော့်အားပြောတာ နံနက်ပိုင်း ဖြစ်ပါ တယ်၊ အချိန်နံနက် ၇ နာရီလောက်မှာ ထင်ပါတယ်။ ထိုအခါ ဗန္ဓုလဦးစိန်၊ သခင်ထွန်းအုပ်၊ သခင်ခတို့ ရှိကြပါတယ်။ ဗမာ့ခေတ် ဦးအုန်းခင်၊ ဦးအုန်းမြင့်တို့ ရှိမရှိ မမှတ်မိပါ။

**ဦးအောင်သာကျော်။** ဗိုလ်ချုပ်ကို လုပ်ကြံသည့်သတင်းတွေကို ဖတ်ရပါသလား၊ လူထုသဘော ဘယ်လိုဖြစ်နေသလဲ။

**ဦးထွန်းကြိုင်။** ။ ဖတ်ရပါတယ်၊ သတ်သွားတဲ့လူတွေကို လူထုက စိတ်ဆိုးနေကြတယ်ဆိုတာ သိသလား။

**ဦးထွန်းကြိုင်။** ။ သိရပါတယ်။

အထက်ပါသက်သေများကို စစ်ဆေးပြီးလျှင် ဦးစံဝင်းက နံနက် ၁၀ နာရီခွဲအချိန်တွင် တရားခံဘက်အတွက် စစ်ဆေးခြင်းကို ပိတ်လိုက်တော့၏။ ထို့နောက် ဦးစံဝင်းက အင်္ဂလိပ်ဘာသာဖြင့် လျှောက်လဲခြင်းပြုကြောင်း ဦးစံဝင်းကဆက်လက်ရန် အလွန်အရေးကြီးသော အမှုကြီး၌မိမိတို့ထက် ထင်ရှားကျော်စောသော ရှေ့နေများလိုက်ပါသင့်ကြောင်း၊ သို့သော် ဘယ်အကြောင်းကြောင့် မသိရပါ။ လိုက်ပါကြမည့်သူများမရှိ၍ မိမိနှင့် ဦးသိန်းကျော်တို့ လိုက်ပါရခြင်း ဖြစ်ပါသည်။

## ဦးစံဝင်း၏ လျှောက်လဲချက်

ယခုအမှုကြီးကို ခုံတရားသူကြီးများက စစ်ဆေးခြင်းပြုကြ၍ မိမိတို့က တရားသူကြီးများအပေါ် ယုံကြည်မှုရှိပါသည်။ ယခုကဲ့သို့ မျှမျှတတ သမာသမတ်ရှိသော တရားသူကြီးမျိုး ရရှိခဲ့သဖြင့် မိမိတို့၏ တရားခံများအတွက် များစွာကံကောင်းသည်ဟု ယူဆမိပါသည်။

www.burmeseclassic.com



ယခုအမှုကြီးကို ဘယ်လိုအပြစ်ရှိကြမည် မသိရသော်လည်း ပထမ တရားခံ၏ ဝတ်လုံကြီးလျှောက်လဲချက်အရ မိမိတို့က ဘာမှအလိုမရှိကြပါ။ မှန်ကန်ဖြောင့်မတ်သော စီရင်ချက်ကိုသာ အလိုရှိပါကြောင်း။ ယခုအမှု၌ တရားခံများသည် အပြစ်ရှိသည်ဟု ဆုံးဖြတ်လျှင် ၎င်းတရားခံများကို ပြင်းထန်စွာ အပြစ်ပေးရုံသာ ရှိပါသည်။

လုပ်ကြံမှုကြီးတွင် အဓိကသက်သေမှာ ဘညွှန့်၏ထွက်ဆိုချက်ပင် ဖြစ်ပါသည်။ ဘညွှန့်၏ထွက်ချက်မှာ ဖြောင့်ချက်အရ ထွက်ဆိုသွားခြင်းဖြစ် ကြောင်း၊ ဘညွှန့်ကဲ့သို့ အခြားတရားခံများသည်လည်း ဖြောင့်ချက်ပေးကြ ပါကြောင်း။ သို့သော် သူတို့အလိုအလျောက် ပေးကြဟန်မဖြစ်တန်ရာ။ ပုလိပ်က ညှဉ်းပန်းနှိပ်စက်သည့်အတွက်ကြောင့် ဖြောင့်ချက်ပေးရခြင်း ဖြစ်ပါ သည်။ ဘညွှန့်၏ထွက်ဆိုချက်အပြင် သက်သေ ဦးထင်ပေါ်နှင့် ဦးတင်မောင် တို့ နှစ်ဦးသာလျှင် အမှုနှင့်မပတ်သက်သော သက်သေများဖြစ်ပါသည်။

## စီရင်ထုံးကို ဖတ်ပြခြင်း

သင်နှင်းနှင့် မှုန်ကြီးလို့ကို ပုလိပ်က ခေါ်ထုတ်သွားပြီး ပြန်လာသော အခါ ဒဏ်ရာများပါလာပုံ၊ ပုလိပ်မင်းကြီး မြင်ရပုံတို့ကို ဖော်ကြောင်း။ သို့အတွက် ညှဉ်းပန်းနှိပ်စက်လို့ ဖြောင့်ချက်ပေးခြင်းကို ရုံးတော်က လက်မခံ သင့်ကြောင်း။ စီရင်ထုံးတစ်ခုကို ဖတ်ပြသည်။ ၎င်းစီရင်ထုံး၏ အတိုချုပ်မှာ-

'တရားခံတစ်ဦးအား သွေးဆောင်ဖျားယောင်းခြင်းဖြင့်ဖြစ်စေ၊ နှိပ်စက် ညှဉ်းပန်းခြင်းဖြင့် ဖြစ်စေ၊ ဖြောင့်ချက်ပေးရသော် ၎င်းဖြောင့်ချက်ပေးခြင်း သည် လွတ်လပ်စွာ ဘာသာအလျောက် ဖြောင့်ချက်ပေးခြင်း ဖြစ်သည်ဟု မယူဆ သင့်ကြောင်း' ပါရှိပါသည်။

၎င်းပြင် တရားခံများထဲမှ ဖြောင့်ချက်ကိုယူသော တရားသူကြီးများမှာ လည်း ရုံးချိန်အတွင်းမယူဘဲ ရုံးချိန်မဟုတ်သော အချိန်များ၌ ယူခြင်းသည် ဥပဒေနှင့်ညီသည်ဟု မယူဆသင့်ပါ။ ဘညွှန့်က ထွက်ဆိုသည့်အချက်များ တွင် ဇူလိုင်လ ၁၈ ရက်နေ့က ဦးစောသည် မိမိအား သခင်နုကို သတ်ပစ် ရန် စေခိုင်းကြောင်း။ အခြားလူ ၂ ယောက်ရှေ့တွင် ပြောသည်ဟုဆိုပါသည်။

သို့သော်လည်း ၎င်း၏ထွက်ဆိုချက်ကို အခြားဖြောင့်ချက်ပေးသော သူ၊ မောင်စိန်တို့၏ ဖြောင့်ချက်က ထောက်ခံခြင်း မရှိပါကြောင်း။ သူ၏

www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်ချက်၌ ဘညွန့်သည် ဗိုလ်ချုပ်အားပစ်သတ်ရမည့်သူ ဖြစ်ကြောင်း၊ သခင်နုအား ပစ်သတ်ရန် မဟုတ်ကြောင်း တွေ့ရပါလိမ့်မည်။

သုခ၊ မောင်နီ၊ ရန်ကြီးအောင်တို့၏ ဖြောင့်ချက်အရ ဇူလိုင်လ ၁၉ ရက် နံနက်တွင် ဦးစောက စေခိုင်းခြင်းကြောင့် ပြုလုပ်ရသည်ဆိုသော စကားများ မပါကြောင်း။

## မြင်နိုင်ကြောင်း တွေ့ရပါလိမ့်မည်

မစ္စတာခန်း၏အိမ်က အစောင့်လှတင်၏ ထွက်ချက်တွင် ဦးစောအိမ်မှ ထွက်လာသော ဂျစ်ကားနံပါတ်မှာ ၁၈၁၄ သာ ပါရှိကြောင်း။ ရုံးတော်ရောက်မှ အာရ်စီ ၁၈၁၄ ထည့်ပြောခြင်း ဖြစ်ပါသည်။ ရှံဖြူရုံနီအစအကြောင်း မဖော်ပြပါ။ ၄င်းပြင် မစ္စတာခန်းက ဦးစောအိမ်ဝင်းအတွင်း ဝင်သွားသော ဂျစ်ကား၏နောက်မှ နံပါတ်ကိုမြင်လိုက်ရသည်။ ပြည်လမ်း ကိုက် ၃၀ မှ နေ၍ကြည့်လျှင် ၄င်းဂျစ်ကားကို ဦးစော၏ဆင်ဝင်အောက်တွင် မြင်ရသည်ဟု ထွက်ဆို၏။

တရားသူကြီးများသည် ဦးစော၏အိမ်ဝင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပါက မစ္စတာခန်းပြောသည့်အတိုင်း မမြင်နိုင်ကြောင်း တွေ့ရပါလိမ့်မည်။ မစ္စတာခန်းသည် စုံထောက်မင်းကြီးဦးထွန်းလှအောင်၏ ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ယောက်ဖြစ်၍ ယခုအမှုကြီး၌ ဦးထွန်းလှအောင်အား မိတ်ဆွေအဖြစ် ကူညီသောသဘောနှင့် သက်သေလိုက်ခြင်းသာ ဖြစ်ကြောင်း။ လှတင်နှင့် ကျော်စိန်ဆိုသော သက်သေနှစ်ယောက်က မစ္စတာခန်း၏ အိမ်တွင်းရှိ ရေတွင်းနားမှ ကြည့်နေရာ ဂျစ်ကားသည် ဦးစောအိမ်ထဲသို့ ဝင်သွားဟု ထွက်ဆိုသွားခြင်းမှာ မဖြစ်နိုင်ကြောင်း ထိုနေရာမှ မမြင်နိုင်ကြောင်း တွေ့ရပါလိမ့်မည်။

၄င်းအပြင် ဘညွန့်၏ ထွက်ချက်၌ ဦးစောက သူ့အား သခင်နုအကြောင်းကို မေးသည်ဆိုခြင်းကို အခြားတရားခံများက ထောက်ခံခြင်းမရှိပါ။ သုခနှင့် ရန်ကြီးအောင်တို့၏ ဖြောင့်ချက်၌လည်း 'အောင်ပြီ' 'အောင်ပြီ' ဟု ဦးစောက အော်ပြောသည်ဆိုသည့် အကြောင်းမရှိပါ။

ဂျစ်ကားနံပါတ် အာရ်စီ ၁၈၁၄ ကို မြင်လိုက်ရသော သက်သေ မောင်စိန်မောင် (သမာခံ)၏ ထွက်ချက်ကို မယုံကြည်သင့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မောင်စိန်မောင်သည် ၎င်းမက်ာ၍ မှတ်ယူထားသော ဂျစ်ကားနံပါတ်ကို သတင်းထောက်များအား ပြောပြခြင်းမပြုဘဲ ဦးဘကလေးအား ပေးခဲ့ခြင်းသည် ထူးခြားကြောင်း၊ ဦးဘလေးသည် မြို့တော်ဝန်ဟောင်းဖြစ်ရာ ပုလိပ်အား အကြောင်းကြားနိုင်သူ တစ်ယောက်ဖြစ်ကြောင်း၊ ပုလိပ်မင်းကြီး ဦးအောင်ချိန်ကလည်း ဂျစ်ကားနံပါတ်အာရ်စီ ၁၈၁၄ အစစ်ကို ချက်ချင်း ရှာဖွေခြင်းမပြုဘဲ ဩဂုတ်လ ၁၁ ရက်နေ့မှ ရှာဖွေစုံစမ်းခဲ့ပါသည်။

ဦးစံဝင်းက ဆက်လက် လျှောက်ထားသည်မှာ-

နံပါတ်သံပြားများတွေ့ရှိပုံမှာ ထူးခြားလှပါသည်။

၎င်းသံပြားများကို ဦးစောခြံဝင်းရှိ ရေကန်ထဲမှ ရရှိသည်ဆိုသော်လည်း တစ်လကြာမှ တွေ့ရသည်မှာ ထူးဆန်းလှပါသည်။

အဘယ်ကြောင့်ဆိုသော် ဦးစောခြံနှင့် ရေကန်ကို အဖယ်ဖယ်မှ ရှာဖွေနေတုန်း မတွေ့ခဲ့ကြောင်း ဖြစ်ပါသည်။

လက်နက်များ တွေ့ရှိပုံမှာလည်း ထူးဆန်းလှကြောင်း၊ ၎င်းသေနတ်များကို မိမိတရားခံများလုံးဝ မသိကြပါ။ ဘယ်ကရောက်လာသော သေနတ်များ ဖြစ်ကြသည်ကိုလည်း တရားခံများက လုံးဝမပြောတတ်နိုင်အောင် ဖြစ်ပါသည်။

တရားခံများ တန်းစီပြပုံနှင့် ပတ်သက်၍ လျှောက်လဲသည်မှာ မောင်စိုးကို ဆွဲပြနိုင်သည်မှာ သက်သေဦးထင်ပေါ် တစ်ဦးသာလျှင် ဖြစ်ကြောင်း၊ ၎င်းသည် ဖ-ဆ-ပ-လ အသင်းကွဲမှာ ဒုတိယဥက္ကဋ္ဌဖြစ်ကြောင်း၊ ဦးထင်ပေါ်သည် အတွင်းဝန်ရုံးကြီးပေါ်သို့ တက်သွားစဉ် မောင်စိုးကို မြင်လိုက်ရသည်ဆိုသော်လည်း ၎င်းသည် ဩဂုတ်လ ၃ ရက်နေ့မှ ထုတ်ဖော်ပြောသူတစ်ယောက်ကို ပုလိပ်က ဘယ်နည်းနှင့်သိရ၍ သက်သေတင်ပြသည် မသိနိုင်ပါ။

၎င်းအချက်သည်လည်း ထူးခြားလှပါကြောင်း၊ သောင်းစိန်ဆိုသော သက်သေကလည်း လူဆွဲပြစဉ်က မမှန်သော လူတစ်ယောက်ကိုလည်း ဆွဲပြခဲ့ကြောင်း၊ ထွက်ဆိုချက်အရ သိရပါသည်။

အလွန်အရေးကြီးသော အမှုကြီး၌ တရားခံကိုမှားပြီးပြသည့်သူသည် တာဝန်မဲ့ပြုလုပ်ရာ ရောက်နေပါ၍ စဉ်းစားသင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဗမာရုပ်သက်သက်ဖြစ်ပါသည်

ဦးထင်ပေါ်က မောင်စိုးကို မှတ်မိသည်ဆိုသည်မှာလည်း မောင်စိုးတို့သည် ထိုအခါက ယူနီဖောင်းဝတ်ပြီး ဦးထုပ်ဆောင်းထားကြသူများ ဖြစ်ရကား လွယ်ကူစွာ မှတ်မိသည်ဆိုသည့်စကားကို ယူဆရန် မသင့်ပါ။

ဦးထင်ပေါ်သည် မျက်စိကောင်းသူလည်း မဟုတ်ပါ။ မောင်စိုး၌ မှတ်သားမိလောက်အောင် ရုပ်ကလည်း အခြားသူများနှင့် မခြားပါ၊ ဗမာရုပ်သက်သက် ဖြစ်ပါသည်။

အစိုးရသက်သေ ဘညွန့်၏ ထွက်ဆိုချက်၌ မောင်စိုးကို ဂျစ်ကားထဲမှာ တွေ့လိုက်ရသည်ဟု မပါရှိပါ။

မောင်စိုးနှင့် ဘညွန့်တို့မှာ အလွန်ရင်းနှီးသော သူများဖြစ်၍ ဂျစ်ကားထဲ၌ ပါရှိုးမှန်လျှင် ဘညွန့်သည် မောင်စိုးကို မုချမှတ်မိရမည် ဖြစ်ပါသည်။

ငှင်းပြင် သက်သေ ဦးထင်ပေါ်နှင့် ကိုတင်မောင်တို့သည် အချင်းဖြစ်ပွားပြီးနောက် ရုံးအပြင်သို့ ထွက်သွားပြီး မြင်ရသည်ဟု ထွက်ဆိုခြင်းမရှိပါ၊ ၎င်းတို့နှင့်အတူ လူပေါင်း ၁၀၀ ခန့်လည်း အပြင်ဘက်တွင်ရှိကြောင်း ထွက်ဆိုပါလျက် မည်သူမျှ ဂျစ်ကားထွက်လာသည်ကို မြင်ရသည်ဟု မထွက်ဆိုကြပါ။ သို့ဖြစ်၍ ၎င်းတို့ထွက်ချက်သည်လည်း လျှော့နေပါသည်။

## တရားခံမောင်စိုး မပါသည်မှာ ထင်ရှားသည်ဆိုခြင်း

သက်သေသောင်းစိန်က သူ့ကိုသေနတ်နှင့် ချိန်သောသူသည် အရပ်အမြင့်ဆုံးဖြစ်၍ မှတ်မိကြောင်းထွက်ဆိုသွားပါသည်။

မောင်စိုးကလည်း သက်နှင်းထက် အရပ်မြင့်သူ ဖြစ်ပါသည်။ သောင်းစိန်ကို တွန်းပစ်သည်ဟုပါရှိ၍ သောင်းစိန်က မောင်စိုးနှင့် ပတ်သက်၍ ထွက်ဆိုသည်မှာ မယုံကြည်အပ်ပါ။ မောင်သောင်းစိန်သည် လူများပစ်ခတ်သွားပြီးသည့်တိုင်အောင် သူ၏ ဆရာဖြစ်သော ဗိုလ်ထွန်းလှကိုပင် မောင်စိုးကို မြင်ရကြောင်းပြောပြခြင်း မရှိသည်မှာလည်း ထုံးစံထက်ပိုသည်ဟု ယူဆရပါမည်။

သို့အတွက် မောင်စိုးသည် ယခုအမှု၌မပါကြောင်း ထင်ရှားပါ၍ လွှတ်ပစ်ရန် သင့်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်နှင်း၏ခေတ်ပုံကို ဟံသာဝတီသတင်းစာထဲ၌ ထည့်သွင်းထားသဖြင့် သက်နှင်းပုံကိုမြင်နှင့် နေကြဟန်ရှိပါသည်။

သို့အတွက် သက်နှင်းကို ဆွဲပြနိုင်ခြင်းမှာ ယုံကြည်ဖွယ် မဟုတ်ပါကြောင်း၊ သို့အတွက် သက်နှင်းသည် ယခုအမှု၌ မပါဝင်ပါ၍ လွှတ်ပစ်ရန်ထိုက်သည့် လူတစ်ယောက် ဖြစ်ပါသည်။

ဦးစံဝင်း ဆက်လက်၍ လျှောက်သည်မှာ-

သက်သေ မောင်သန်း (စီးပွားရေး) သည် လူစီတန်းပြသည့် နေ့တိုင်အောင် ဘယ်သူ့မှ မပြောခဲ့သူ ဖြစ်ပါသည်။

၄င်းမောင်သန်းသည်ပင် သက်တော်စောင့် ကိုထွေးကို ရန်ကြီးအောင်က စတင်းဂန်းနှင့် ပစ်သတ်ခြင်းကို မြင်ရသည်ဟု ထွက်ဆိုခဲ့ပါသည်။ သို့သော် စုံထောက်ဦးဘိုးစိန်၏ ထွက်ဆိုချက်တွင် မောင်သန်းတွေ့သော မောင်ထွေး၏ အလောင်းနေရာချင်းလဲနေပါ၍ မောင်သန်းသည် မမြင်သူလည်း ဖြစ်ရပါမည်။ သို့မဟုတ် ထိုနေရာ၌ ရောရှိနေသူလည်း မဟုတ်နိုင်ပါကြောင်း။

## လူငယ်တို့၏သဘာဝ

ရန်ကြီးအောင်သည် အသက်ငယ်ရွယ်သူသာလျှင် ဖြစ်ပါသည်။ လူငယ်တို့အတွက် မည်သူမဆို သွေးဆောင်ရာသို့ ပါတတ်မည် ဖြစ်ပါသည်။ ခြောက်လှန့်လို့ရှိလျှင် ကြောက်ရွံ့လွယ်ပါသည်။ သို့သော်လည်း ရန်ကြီးအောင်သည် ၄င်းအမှုကြီးတွင် လုံးဝငြင်းဆိုဝံ့ပါသည်။

ကာနယ်ကျော်ဝင်း၏ မင်းစေ၊ မောင်အုန်းနှင့် လမ်းစောင့်ပုလိပ်မောင်ထွေးတို့ ထွက်ဆိုချက်များသည် ရိုးရိုးမဟုတ်ပါကြောင်း။ မောင်ထွေးသည် သူ၏ အင်စပိတ်တော် မစ္စတာဘဲလ်အား အကြောင်းမကြားခဲ့သည့်ပြင် ပုလိပ်ဌာန၌ ပထမတိုင်ချက်လည်းမပေးခဲ့ပါ။ ၄င်းပြင် မောင်ထွေးသည် ယခု ပါကစ္စတန်သို့ လိုက်ပါသွားခြင်းသည်လည်း မရိုးဟု ထင်ပါသည်။ မောင်ထွေးကို ယခုပြန်စစ်ဆေးလိုသော်လည်း အခွင့်ရတော့မည် မဟုတ်ပါ။

## မည်သည်သက်သေမှ ဆွဲပြခြင်းမပြုခဲ့

မှုန်ကြီးအပေါ်၌ အပြစ်ရှိကြောင်းကို တိုက်ရိုက်သက်သေထွက်ဆိုချက်မရှိပါ။ ဘညွန့်၊ ခင်မောင်ရင်နှင့် မောင်စိန်တို့၏ ဖြောင့်ချက်မှာသာ မှုန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ပါလာပါသည်။ မှုန်ကြီးကိုလည်း မည်သည့် သက်သေကမှ ဆွဲပြခြင်း မပြခဲ့ပါ၍ မှုန်ကြီးမပါဝင်ကြောင်း ထင်ရှားပါသည်။

ယခုအမှုကြီး၌ တရားခံ ၃ ဦး၊ ၄ ဦးတို့သည် ဖြောင့်ချက်အရှည်ကြီး ပေးကြသော်လည်း အချက်ပါသော စကားက နည်းပါသည်။ အမှန်မှာစကား ကို ရှည်ရှည်ပြောတတ်မည့် သူများမဟုတ်ပါ။ ဖြစ်ပျက်သမျှကိုသာ ပြောရ မည်ဆိုလျှင် ယခုကဲ့သို့ ရှည်လျားစွာ ပြောစရာမရှိပါ၊ ဘညွန့်ဆိုသူကလည်း ဦးစောက အပစ်ခိုင်းလို့ ဖြစ်ရသည်ဟုဆိုလျှင် ထိုမျှသာ ပြောစရာရှိပါသည်။ အခြားစကားပိုများစွာကို ရှည်လျားစွာ ဖော်ထုတ်ပြောဆိုဖို့အကြောင်း မရှိ သင့်ပါ။

* * *

## တရားခံများ၏ လျှောက်လဲချက်

## တရားခံမောင်စိန်၏အပြော

တရားခံမောင်စိန်က လျှောက်ထားသည်မှာ ဦးစော၏ အိမ်ရောက်ခြင်း သည် မိဘ၏ကျေးဇူးကြောင့် ဖြစ်ပါသည်။ ဦးစောက လွတ်လပ်ရေးကို လက်နက်ဖြင့် တိုက်ယူမှရမည်ဟု ပြောပါသည်။ ကျွန်တော်က လွတ်လပ် ရေးကို လိုချင်လို့ သဘောတူပါသည်။ နောက် အတန်ကြာလာသောအခါ ဦးစောက သစ္စာရေတိုက်ပါသည်။ ဦးစောက လွတ်လပ်ရေးနီးလာပြီဟု ပြောပြီး ဘဏ်တိုက်တစ်တိုက်သို့ စီးဖို့စီမံပါသည်။ မိုးမရွာ၍ ပျက်သွားပါ သည်။ နောက်ဘရင်းဂန်းများကို ထုတ်ယူဖို့ ကိုဘညွန့်နှင့် ကျွန်တော်တို့ နှစ်ယောက်ကိုခိုင်း၍ ထုတ်ယူခဲ့ပါသည်။

ဝန်ကြီးများကို သတ်ရမည်ဟု ထို ဇူလိုင်လ ၁၈ ရက်နေ့ညနေက ဦးစောကပြောသောအခါ ကျွန်တော်က ဝန်ခံခြင်းမပြုလျှင် ဦးစော၏ ခြောက်လုံးပြူးသည် ထိုညနေက ကျွန်တော်၏ ရင်ဝမှာတေ့ပြီး ဖြုတ်ပစ် ပါလိမ့်မည်။ ထိုညက ကျွန်တော်တို့ လူတစ်စုဟာ စကားမပြောနိုင်ဘဲ ဆေဖန်ခြင်းပင် မပြုဝံ့တော့ပါ။

နောက်နေ့ဗိုလ်ချုပ်တို့ကို လုပ်ကြံခဲ့ပြီး ဦးစောထံ ပြန်လာသောအခါ ဦးစောက 'မြန်မာပြည်ကြီးသည် ငါ့လက်ထဲသို့ ရောက်ပါပြီ'ဟု ပြောပါ သည်။ ထိုအခါ ကျွန်တော်က များစွာအားတက်သွားပါသည်။ နောက်မှ

www.burmeseclassic.com

www.burmeseclassic.com



အဖမ်းခံရပြီး ထောင်ထဲ၌ ဟံသာဝတီသတင်းစာ၌ သခင်နုက အစိုးရအဖွဲ့ကို ဖွဲ့ပြီးပြီဟု ပါရှိလာသောအခါမှ ကျွန်တော်တို့ အလုပ်လွဲပြီဟု နားလည်လာပါတော့သည်။ သတင်းစာတွေ၊ စာအရေးအသားတွေ မြင်ရသောအခါ ကျွန်တော်တို့သည် လူသတ်၊ လူဆိုးဂိုဏ်းသားများနှင့် တူနေပါပကောဟု နောင်တရလာခြင်း ဖြစ်ပါသည်။

## လူထုအကျိုးကိုကြည့်

သို့အတွက်ဦးစောနှင့် ကျွန်တော်တို့လူနည်းစု တစ်စုအကျိုးရှိမည့်ကိစ္စနှင့် အများတိုင်းပြည်လူထု၏ အကျိုးကိုကြည့်ပြီး ကျွန်တော်က ဖြောင့်ချက်ပေးလိုသော ဆန္ဒရှိလာ၍ ပထမဖြောင့်ချက်ပေးသူဖြစ်ကြောင်း။

ကျွန်တော်သည် ဂုဏ်သရေရှိ မိကောင်းဖခင်၏ သားတစ်ယောက်ဖြစ်ပြီး ရာဇဝတ်မှုကို ကျူးလွန်ဖူးသူ မဟုတ်ပါ။ ယခုဖြစ်ရခြင်းမှာ ဦးစောက ခိုင်းခြင်းကြောင့် ကြောက်ရွံ့၍ လုပ်ခဲ့ရပါကြောင်း၊ ကျွန်တော်ပစ်လိုက်သည့် ယမ်းတောင့်များသည် လူကိုမထိကြောင်း ကျွန်တော်ရဲရဲပြောဝံ့ပါသည်။

သို့အတွက် ငဲ့ညှာစွာဖြင့် ကျွန်တော်အား စဉ်းစားစေလိုကြောင်း လျှောက်ထားပါသည်။

## တရားခံသုခလျှောက်ထားချက်

တရားခံသုခက လျှောက်ထားသည်မှာ ကျွန်တော်သည် ဗိုလ်ချုပ်တို့နှင့် ရန်သူမဟုတ်ပါ။ ကျွန်တော်ပါရခြင်းမှာ ဦးစော၏သေတမ်းစာကြောင့် ဖြစ်ပါသည်။

ဗိုလ်ချုပ်တို့ကို ဇူလိုင် ၁၉ ရက်နေ့ လုပ်ကြံဖို့ ၁၈ ရက်နေ့ညမှာ ကပ်ပြီး ဦးစောက အမိန့်ပေးလို့ ရှောင်ဖယ်လို့ အချိန်မရခဲ့ပါ၊ ကြိုးစားပါသေးသည်။ ယခုအမှုကြီးကိုကျူးလွန်ဖို့ စိတ်မကူးမိပါ။

ယခုနောင်တလည်း ရပါကြောင်း၊ ယခုအမှု၌ ကျွန်တော်သည် ဖော်ထုတ်၍ မပြောကမဟာအမှားကို ပြုလုပ်သလို ဖြစ်နေပါမည်။ သို့အတွက် အားလုံးဖွင့်ဟ ထုတ်ဖော်လိုက်ခြင်း ဖြစ်ပါသည်။ ယခုလည်း ကျွန်တော်တို့သည် နောင်တကြီးစွာရနေပြီဖြစ်၍ ယခုအမှု၌ ကျွန်တော်တို့အပေါ်တွင် သက်ညှာစွာ ဆင်ခြင်စေလိုပါကြောင်း လျှောက်ထားအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## တရားခံ ခင်မောင်ရင်၏ လျှောက်ထားချက်

တရားခံခင်မောင်ရင်က မိမိသည် နိုင်ငံရေးသမား မဟုတ်ကြောင်း၊ ဦးစောကို ကြောက်လို့လုပ်ခဲ့ရပါသည်။ ဦးစောဟာ ဘဏ်တိုက်ကို စီးဖို့နဲ့ လက်နက်များထုတ်ဖို့ ခိုင်းဖူးပါသည်။ ကျွန်တော်သည် ယခုအမှုကြီး၌ ပုလိပ်အား ပထမဦးစွာ အစစ်ခံယူ ဖြစ်ပါကြောင်း။ မိမိသည် ယခုကဲ့သို့ ဖြစ်ရခြင်းမှာ များစွာမှားယွင်းနေပါကြောင်း၊ နောင်တလည်း ရရှိပါသည်။ ကျွန်တော်လည်း ယခုအမှု၌ ပါဝင်ရသော်လည်း ဦးစောအား ကြောက်ရွံ့ပြီး သူ၏အမိန့်ကို မလွန်ဆန်နိုင်လို့ လုပ်ခဲ့ရခြင်း ဖြစ်ပါသည်။ တယ်လီဖုန်းနှင့် ဦးစောအားပြောခဲ့ပြီး အိမ်ကကားကလေး လာမလာမသိပါဟု ဘညွန့်အား ပြောပြခဲ့ခြင်းကိုထောက်လျှင် ကျွန်တော့်၌သာ ရည်ရွယ်ချက်မှ မရှိကြောင်း လုပ်ကြံမှု၌ စိတ်မပါကြောင်း ထင်ရှားပါသည်။

ကျွန်တော်သည် မိကောင်းဖခင်၏ သားတစ်ယောက် ဖြစ်ပါသည်။ တစ်ကြိမ်တစ်ခါမှ ရာဇဝတ်မှု လုပ်ခဲ့ဖူးခြင်း မရှိပါ။ ယခုကဲ့သို့ အမှုကြီး၌ ပါဝင်နေရသည့်အတွက် များစွာနောင်တရနေပါကြောင်း၊ အမှားကြီး မှားခဲ့သလို ဝမ်းနည်းပက်လက် ဖြစ်နေရပါသည်။ ထို့အတွက် ကျွန်တော့်အား ညှာတာစွာ ထောက်ထားပါရန် တောင်းပန်လျှောက်ထားအပ်ပါသည်။

## တရားခံမောင်နီ၏ လျှောက်ထားချက်

တရားခံမောင်နီက ဥပမာ၊ ဥပမေယျများကိုးကားပြီး လျှောက်ထားသည်မှာ-

ကျွန်တော်သည် မြေပြိုပြိုဟုပြောသော ယုန်သူငယ်၏စကားကို နားထောင်မိသောသူနှင့် တူနေပါသည်။ ကျွန်တော်သည် နိုင်ငံရေးသမား မဟုတ်ပါ၊ နိုင်ငံကြီးကိုကောင်းအောင် ခေါင်းဆောင်သူမှာ ဂေါ်ရင်ဂျီဖြစ်ပါစေ ကျွန်တော်က လိုက်နာရန် အသင့်ရှိပါကြောင်း၊ ယခု မြန်မာပြည်ကြီးမှာ တစ်ခုလပ်နှင့် တစ်လင်ကွာလိုဖြစ်နေသည်။ ဦးစောကို ကျွန်တော်အားထားမိခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် ကျွန်တော်၏ အလုပ်မှာကား ရုံစောင့်ရုံမှ တစ်ပါး အခြားအလုပ် မလုပ်ရပါ။

ကျွန်တော့်မှာ ဘာနဲ့တူသလဲဆိုရင် တက္ကသီကားတစ်စီးပေါ်တွင် လူသုံးယောက် ဓားထိုးမှုဖြစ်ပွားရာ ခရီးသည်များပါ အဖမ်းခံထားရသကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ရောနှောအဖမ်းခံမရပါသည်၊ မိဘသည် အိမ်သားကိုသာ ကောင်းအောင် လုပ်ပါသည်။ ဗိုလ်ချုပ်သည် တိုင်းသူပြည်သားအားလုံး ကောင်းအောင် လုပ်ကိုင်သူဖြစ်၍ ဘုရားနှင့်တစ်ဂိုဏ်းတည်း ထားသင့်ပါသည်။ ထိုပုဂ္ဂိုလ်များကို ပြစ်မှားရာတွင် ပါဝင်သဖြင့် အလွန်တရာ ဝမ်းနည်းကြေကွဲခြင်း ဖြစ်ပါသည်။ ယခုနောင်တလည်း ရရှိပါပြီ။ သို့အတွက် ကျွန်တော့အား ယခုအမှု၌ အပြစ်မှ ချမ်းသာခွင့်ပေးပါရန် လျှောက်ထားအပ်ပါသည်။

## အစိုးရရှေ့နေချုပ်ကြီး၏ လျှောက်ထားချက်

ယခုအမှုတွင် တရားခံဘက်မှ လိုက်သွားသော ဘိလပ်ဝတ်လုံကြီးသည် စောစောစီးစီး ပြန်သွားသည့်အတွက် သူ့အား ပြန်လည်ချေပခြင်း မပြုရ၍ ဝမ်းနည်းမိပါသည်။

စတိတ်မင် သတင်းစာက မစ္စတာကားတစ်ဘင်နက်၏ လျှောက်ထားချက်ကို ထည့်သွင်းသည့် စကားလုံး၌ 'ယခုအမှုကြီးတွင် ဘယ်လိုတရားမျှတမှု ဖြစ်စေရန် ခုံတရားသူကြီးအဖွဲ့က စီမံမည်ကို တစ်ကမ္ဘာလုံးက စောင့်ကြည့်နေပါသည်' ဟု ပါရှိပါသည်။

၎င်းစကားများကို ထည့်သွင်းလျှောက်လဲ သွားခြင်းကိုလည်း မိမိကြားနာရပါကြောင်း၊ ဘာကြောင့် ဤစကားကို ထည့်သွင်း၍ လျှောက်ထားသည်ကို မိမိနားမလည်ပါ၊ ဗမာပြည်ပြင်ပက ဤအမှုကြီး၌ ဘာကြောင့် ထိုမျှစိတ်ဝင်စားနေကြရပါသနည်း။

ယခုလုပ်ကြံမှုကြီးသည် ဗမာပြည်အတွင်းရေး သက်သက်ဖြစ်ပါသည်။ အသတ်ခံရသူများသည် ဗမာများသာ ဖြစ်ကြပါသည်။ သတ်သူများမှာလည်း ဗမာတိုင်းရင်းသားများ ဖြစ်ပါသည်။

သို့ပါလျက် တရားခံရှေ့နေကြီးက အထက်ပါ စကားများကို ဖော်ပြရာတွင် ရည်ရွယ်ချက် ဘယ်လိုရှိပါသနည်း။

၎င်းပြင် ဘိလပ်ရှေ့နေကြီးက လျှောက်လဲသွားသည့် စကားတစ်ခုမှာ 'တရားသူကြီးများသည် သတ္တိရှိကြောင်း မပြသကြပါမူ ယခုစီရင်ချက်သည် ရယ်ဖွယ်ရာသာ ဖြစ်မည်ဖြစ်ကြောင်း' ဥတ္တန္တ။ သည်လိုသူပြောမယ်မထင်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေချုပ်ကြီး။ ။ သူပြောပါတယ် ခင်ဗျား၊ ဤကဲ့သို့ ဘီလပ်ရှေ့နေကြီးက ထည့်ပြောခြင်း၌ အဓိပ္ပာယ်ရှိရာ၊ များစွာမလျော်ကန်ပါကြောင်း။

## ဟင်နရီဘုရင်နှင့် နိုင်းယုဉ်လောက်အောင်

တရားခံရှေ့နေကြီးက ဟင်နရီဘုရင်သာ၈ကို ပြောသွားရာ ယခုအမှု၌ ပထမတရားခံဖြစ်သော သူ့အဖို့လွဲချော်နေပါသည်။ ဦးစောကား ဘုရင်လည်းမဟုတ်၊ ဝန်ကြီးပင်မဟုတ်ပါ။ သူ၏ စကားကို နာခံရအောင် ဦးစော၌ တန်ခိုးအာဏာ ဩဇာတိက္ကမရှိသူလည်း မဟုတ်ပါကြောင်း။

ဦးစောသည် အောက်တန်း ရှေ့နေထက်မကြီးသော လူတစ်ယောက်ဖြစ်၍ နိုင်ငံရေးကလွဲလျှင် ရှေ့နေအလုပ်ကို လုပ်သူဖြစ်ပါသည်။ မစ္စတာကားတစ်ဘင်နက်က ပြောသည်မှာ ဦးစောလို ဝန်ကြီးချုပ်လုပ်ဖူးသူတစ်ယောက်သည် ယခုအမှုမျိုးကို လုပ်ကြံမိက လူသတ်သမားများသည် သူ၏နေအိမ်သို့ ပြန်လာစေမည် မဖြစ်တန်ရာ။

သို့သော် ဦးစော၏ပညာအရည်အချင်းကို ကြည့်လျှင် ၅ တန်းစာမေးပွဲအောင်ပြီး ရှေ့နေစာမေးပွဲတွင် အောက်ဆုံးတန်းက အောင်သူဖြစ်ပါသည်။ ဤကဲ့သို့သော အရည်အချင်းမျိုး ရှိသူတစ်ယောက်သည် အထက်ဖော်ပြပါလုပ်ကြံမှုမျိုးကို မလုပ်တန်ရာဟုဆိုရန် ခဲယဉ်းပါကြောင်း။

## ပူးပေါင်းကြံစည်မှု အဓိပ္ပာယ်

ထို့နောက် ရှေ့နေချုပ်ကြီးက ပူးပေါင်းလုပ်ကြံမှု အဓိပ္ပာယ်ကို ရာဇသတ်ကြီး ပုဒ်မ ၁၂၀ (က) တွင် ဖော်ပြထားသည့်အတိုင်း ရှင်းလင်းပြသည်။ ပုဒ်မ ၁၀၇ နှင့် ဖက်စပ်ပါဝင်မှု အဓိပ္ပာယ်ကိုလည်း ဖော်ပြသည်။ ပုဒ်မ ၁၂၀ (ခ) ကမူ 'မည်သူသည် ပူးပေါင်းကြံစည်မှု၌ ပါဝင်စေကာမူ ၄င်းပုဒ်မ ၁၀၇ အတိုင်း ဖက်စပ်ပါဝင်သူ၏ အပြစ်ဒဏ်ကို ပေးရမည်ဟု' ပါရှိပါသည်။

ပူးပေါင်းကြံစည်မှုကြီးကို ထင်ရှားအောင် ဖော်ပြရန်မှာ တိုက်ရိုက်သက်သေ ထွက်ချက်အရဖြစ်စေ၊ အကြောင်းကြောင်းကို လောက်ထား၍

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သေ ဖော်ပြရကြောင်း ရှေ့နေတိုင်း နားလည်ကြပါသည်။ ပူးပေါင်းကြံစည်မှု၌ကား တိုက်ရိုက်သက်သေကိုရရန် ခဲယဉ်းကြောင်း၊ အကြံအစည်ကို အိမ်တံခါးပိတ်ပြီး လျှို့ဝှက်စွာ ကြံစည်ကြသည်ဖြစ်၍ သက်သေရဖို့ခဲယဉ်းပါသည်။

ယခု လုပ်ကြံမှုကြီး၌မူ ကျွန်တော်တို့မှာ အစိုးရသက်သေဖြစ်သူ၏ ထွက်ချက်နှင့် အခြားတရားခံများ၏ ဖြောင့်ဆိုချက်များ ပါရှိသည့်တရားလိုဘက်မှ ၎င်းထွက်ချက်များအရ ဖော်ပြရပါမည်။ ဖော်နိုင်က တရားခံအားရုံးတော်က ယုံမှားခြင်းရှိသည်ဆိုပြီး စီရင်ချက်ချရုံသာ ရှိပါသည်။

ကျွန်တော်တို့ ရထားသော ဖြောင့်ချက်နှင့် အစိုးရသက်သေ၏ ထွက်ချက်များအရ ပူးပေါင်းကြံစည်မှုကို ဖော်ပြရပါမည်။ ယခုအမှု၌ ဖြောင့်ချက်ပေးထားသော တရားခံ ငါးဦးရှိပါသည်။ ၎င်းငါးဦးစလုံးအား ဖြောင့်ချက်ရယူသော တရားသူကြီးက စတင်မေးမြန်းသော မေးခွန်းမှာ 'မင်းကိုဘာမှုနဲ့ခေါ်လာသလဲ' ဖြစ်ပါသည်။ တရားခံများက ဖြေဆိုခဲ့သည်မှာ 'ဗမာပြည်ဝန်ကြီးများ လုပ်ကြံမှုနှင့် ပတ်သက်၍ ဖြောင့်ချက်ပေးရန် ခေါ်လာပါသည်' ဟု တွေ့ရပေသည်။ ရန်ကြီးအောင်၊ သုခ၊ မှန်ကြီး၊ မောင်နီ၊ ခင်မောင်ရင်တို့ငါးဦးစလုံး အထက်ပါအတိုင်း ဖြေဆိုခဲ့ပါသည်။

'သက်သေခံ အက်ဥပဒေပုဒ်မ ၈၀ ၌ လူတစ်ဦးထက်ပိုပြီး ပြစ်မှုတစ်မျိုးတည်းကို ကျူးလွန်မှုနှင့် စစ်ဆေးသောအခါ ဖြောင့်ချက်များကိုရုံးမင်းက ထည့်သွင်းစဉ်းစားရမည်ဟု ဆိုထားပါသည်' ဖြောင့်ချက်များဟုတ်မှန်လျှင် တရားခံအားလုံးအပေါ်၌ ထိုဖြောင့်ချက်များသည် သက်သေခံအဖြစ် အသုံးပြုနိုင်ပါကြောင်း။

အစိုးရသက်သေ ဘညွန့်၏ထွက်ချက်အရ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဝန်ကြီးများကို သတ်ရန် ပူးပေါင်းကြံစည်ခြင်းရှိကြောင်း။ ဇူလိုင် ၁၈ ရက်နေ့ကစပြီး ဘညွန့်သည် ၎င်းအကြောင်းကို သိနှင့်ပြီးဖြစ်ကြောင်း။ ဇူလိုင်လ ၁၉ ရက်နေ့ နံနက်မှာ ဦးစောက ခင်မောင်ရင်အား ဝန်ကြီးအဖွဲ့အစည်းအဝေး ရှိ မရှိ စုံစမ်းရန် စေလွှတ်ခြင်းရှိလျှင် မောင်စိုး၊ သက်နှင်း၊ မောင်စိန်၊ ရန်ကြီးအောင်တို့က ပစ်သတ်လိမ့်မည်ဟု ပြောလိုက်ခြင်း စသည်တို့သည် ပူးပေါင်းကြံစည်မှု ရောက်ပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



## ကြိုတင်စီမံထားမှုသာလျှင်

မူလကပင် ကြိုပြီးစီရင်ချက် လျာထားချက်မရှိလျှင် နောက်မှကြီးမား ဆိုးရွားလှသော ရာဇဝတ်မှုကြီးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြစေမည် မဟုတ်ပါ။ ထိုလုပ်ကြံမှုကြီးမျိုးကို ဘညွှန့်လိုလူစား၊ စောရန်နောင်လို လူစား ကထမြောက်အောင်မြင်စွာ ဘယ်လိုဆောင်ရွက်နိုင်ကြမည်နည်း။

လုပ်ကြံမှုကျူးလွန်ရမည့် အချိန်က လင်းနေသော အချိန်ဖြစ်ပြီး နေရာကလည်း အတွင်းဝန်ရုံးကြီးဖြစ်ရာ မူလကတင်ကြို စီစဉ်ထားခြင်းမရှိဘဲ ဘယ်နည်းနဲ့မျှ ထမြောက်အောင်မြင်စွာ လုပ်ကြံနိုင်မည် မဟုတ်သည့်ပြင် လူသတ်သမားများသည် ထွက်သွားနိုင်ကြမည် မဟုတ်ပါကြောင်း။

ပထမတရားခံ ဦးစော၏ရှေ့နေကြီးက လျှောက်လဲပြောဆိုသွားသည် မှာ ဗိုလ်ချုပ်အောင်ဆန်းတို့ကို သတ်ရလို့ ဦးစော၌ ဘာအကျိုးရှိမည်နည်း။ ထိုအခါက ဦးစော၏ ခေါင်းထဲ၌ ဘယ်လိုရည်ရွယ်ချက်ရှိမည်ကို မသိနိုင် ပါ။ သို့သော် ဝန်ကြီးတစ်ဖွဲ့လုံးတွင် ဝန်ကြီးသုံးယောက်မှတစ်ပါး အားလုံး ကို လက်နက်ကိုင် လူသတ်သမားလေးယောက် ပစ်သတ်သွား၍ သေဆုံး ခဲ့ကြောင်း ကျွန်တော်တို့အားလုံး သိရှိကြပြီး မည်သည့်ရည်ရွယ်ချက်နှင့် ပတ်သက်၍ သတ်မည်ဆိုသောအချက်ကို တရားလိုဘက်က ပြရန်သာ ရှိပါကြောင်း၊ ဥပဒေအကိုးအကားနှင့် လျှောက်လဲလေသည်။

ဦးစော၏ ဝတ်လုံက ဦးစောသာအမှု၌ပါလျှင် ထွက်ပြေးသွားသည်ဟု ပြောပါသည်။ သို့သော် ယခုလုပ်ကြံမှုကြီးကိုလုပ်ပြီး နာရီအနည်းငယ်အတွင်း မှာပင် ပုလိပ်များ လာရောက်ပြီး ဦးစောအိမ်ကို ဝိုင်းလိမ့်မည်ဟု မသိ၍ ဖြစ်ပါသည်။ လူသတ်သမားများ၊ ကြံရာပါတို့သည် နားနေခိုက်ပုလိပ်များ ရုတ်တရက် ဝိုင်းပြီး ဖမ်းဆီးခဲ့ကြောင်း၊ ရန်ကုန်ပုလိပ်၊ ဝိုင်ယာလက်နှင့် အသံလွှင့်ခဲ့ခြင်း၊ ပုလိပ်မင်းကြီးကလည်း နောက်ထပ်လုပ်ကြံမှုကြီးများ မဖြစ် ပွားရအောင် ကာကွယ်လိုက်ခြင်းတို့ကြောင့် နောက်ထပ် ဘာမျှမဖြစ်ရခြင်း ဖြစ်ကြောင်း။

တရားခံ မောင်စိုးတို့က ပုလိပ်ညှဉ်းပန်း နှိပ်စက်ခြင်းကို တိုင်ကြား ကြသည်မှာ သက်သေအကိုးအကားနှင့် မပြကြသဖြင့် ၄င်းတို့၏ စွပ်စွဲချက် များသည် ယုံကြည်စရာမရှိကြောင်း၊ သူတို့စစ်ဆေးသော ပုလိပ်အရာရှိများ သည် ရုံးတော်၌ သက်သေခံလာကြသော်လည်း မည်သူမျှ ပြန်အလှန်

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းထုတ်ခြင်း မရှိကြကြောင်း ယခုမှစွပ်စွဲခြင်းဖြစ်၍ အားမကိုးလောက်ကြောင်း ၄င်းတို့၏ ဖြေဆိုချက်စကားများကို လက်မခံသင့်ကြောင်း လျှောက်လဲလေသည်။

အစိုးရ ရှေ့နေချုပ်ကြီးက လုပ်ကြံမှုကြီးအတွက် ဆက်လက်လျှောက်ထားရာတွင်

(ယခု လုပ်ကြံမှုကြီးတွင် ဦးစောသည် မုချပါရမည်ဟု ယူဆပါကြောင်း လျှောက်လဲခြင်း။)

ဒီဇင်ဘာ ၂၃ ရက်နေ့ အင်္ဂါနေ့နံနက် ၁၀ နာရီတွင် လုပ်ကြံမှုကြီးကို စစ်ဆေးသော ခုံတရားသူကြီးများ ရုံးထိုင်သောအခါ အစိုးရရှေ့နေချုပ်ကြီး ဦးထွန်းဖြူက ယမန်နေ့က မပြီးပြတ်သေးသော လျှောက်လဲချက်များကို ဆက်လက်၍ လျှောက်လဲ၏။

ရှေ့နေချုပ်ကြီးက ယခုအမှု၌ တရားခံဦးစောသည် ပူးပေါင်းကြံစည်မှုနှင့် ပတ်သက်၍ ဆက်စပ်နေသည်ကို ပြသထားသော သက်သေထွက်ချက်များ ပါရှိပါကြောင်း၊ မစ္စတာခန်းနှင့် ၄င်းအိမ်မှ စောင့်ကြည့်နေသူများ၏ ထွက်ဆိုချက်များနှင့် မောင်စိန်မောင်၊ (သမာဓိ) ဦးဘကလေးတို့၏ ထွက်ဆိုချက်များမှာလည်း ရှိပါသေးကြောင်း။ ဦးစော၏ သက်သေထွက်ချက်များ ပါရှိပါသေးသည်။

## ဦးစောနှင့် ဒေါ်သန်းခင်တို့၏ ဆွေမျိုးရင်းချာများ

၄င်းပြင် လူသတ်သမားများနှင့် အပေါင်းအသင်းအားလုံးကိုလည်း ဦးစော၏ အိမ်ဝင်းထဲ၌ ဖမ်းဆီးရမိပါကြောင်း၊ လူသတ်သမားများသည် ဦးစောအိမ်ဝင်းအတွင်း နေထိုင်ကြသူများ ဖြစ်ကြပါသည်။ ၄င်းတို့သည် သစ္စာဆိုထားရသော သူများဖြစ်သည်ဟု ဦးစောကိုယ်တိုင် ထွက်ဆိုပါကြောင်း။

၄င်းတို့သည် ပါတီအလုပ်သမားများဖြစ်၍ ရန်ကြီးအောင်က ဦးစော၏တူဖြစ်ပြီး ခင်မောင်ရင်က ဒေါ်သန်းခင်၏တူ ဖြစ်ပါသည်။

## ဘာကိစ္စအတွက် ပါလာသလဲ

ဘည္ဗန်နှင့် ပတ်သက်၍ လျှောက်လဲသည်မှာ ဖြောင့်ချက်ပေးသူများသည် ကိစ္စတစ်ခုကို ထုတ်ဖော် ပြောဆိုရာ၌ ကိုယ်စီကိုယ်ငှ မြင်သော

www.burmeseclassic.com

www.burmeseclassic.com



အမြင်အတိုင်း ထွက်ဆိုကြသည်ဖြစ်ရာ တစ်ဦးနှင့် တစ်ဦး တူချင်မှတူကြပါမည်။ သို့သော် အမှုသွားမှာ တူညီပါကြောင်း၊ ဦးစံဝင်းက လျှောက်လဲသွားပါသည်။ ဘညွန့်အား သခင်နုကိုသတ်ရန် စေခိုင်းသည်ဆိုသော်လည်း အခြားသူများက ထိုအကြောင်းကို ထည့်မပြောဟုဆိုပါသည်။ သို့သော် ဘညွန့်သည် ထိုအမှုထဲ၌ ဘာကြောင့်ပါနေရသည်လဲ၊ သခင်နုကို သတ်ဖို့ မဟုတ်လျှင် ဘာကိစ္စအတွက်ပါသလဲ။

## မျိုးချစ်ပါတီဝင် မဟုတ်သေးပါ

ဘညွန့်ကို အစိုးရသက်သေ လုပ်လိုက်ရသည်မှာ သင့်မြတ်လှပါတော့သည်။ ဦးစော၏ ရှေ့နေကြီးနှင့် ဦးစံဝင်းတို့ကလည်း ဘညွန့်၏ ထွက်ဆိုချက်ကို လက်မခံထိုက်ကြောင်း လျှောက်ထားသွားခြင်း မရှိပါ။ တရားသူကြီးတစ်ဦး ရှေ့၌ဖြောင့်ချက်ပေးသော စကားများသည် ရုံးတော်၏ ရှေ့နေများ အကူအညီဖြင့် ထွက်ဆိုသော စကားလောက် ပြည့်စုံနိုင်လိမ့်မည် မဟုတ်ပါကြောင်း၊ ဘညွန့်နှင့် စောရန်နောင်သည် ယခုလုပ်ကြံမှုကြီးကို ကျူးလွန်ခဲ့သူများ ဖြစ်သည်ဟု တရားခံဘက် လျှောက်လဲသွားချက်မှာ ရယ်စရာကောင်းပါသည်။ စောရန်နောင်သည် ဗိုလ်ချုပ်အောင်ဆန်းတပ်မှ ထွက်ခဲ့သူဖြစ်သော်လည်း မျိုးချစ်ပါတီဝင် မဟုတ်သေးပါ။ ထိုကဲ့သို့ အသေတြတစ်ယောက်က ယခုအမှုကြီး၌ ပါဝင်မည်ဆိုခြင်းမှာ မဖြစ်နိုင်ပါ၊ ဘညွန့်မှာမူ မျိုးချစ်ပါတီ၌ အရေးပါသော လူတစ်ယောက် ဖြစ်ပါသည်။ ၎င်း၏ အမိန့်ကို နာခံဆောင်ရွက်ရအောင်ဟာ ဘညွန့်၏ ကျောထောက်နောက်ခံ၌ ဗုဂ္ဂိုလ်ကြီးတစ်ဦးဦးရှိမှ ဖြစ်နိုင်ပါသည်။

## ယုံကြည်ဖွယ်ရာမရှိပါ

မောင်စိုးသည် ဦးစော၏ သက်တော်စောင့်တစ်ဦး ဖြစ်ပါသည်။ ခင်မောင်ရင်သည် ဦးစောမိန်းမ၏ တူဖြစ်ပါသည်။ ထိုသူတို့က ဘညွန့်လို လူတစ်ယောက်၏ စကားကို နားထောင်ရမည်ဆိုခြင်းမှာ ယုံကြည်ဖွယ်မရှိပါ။ မစ္စတာကားတစ်ဘင်နက်သည် ဘညွန့်ကို သုံးကြိမ်တိုင် စစ်ဆေးခဲ့သော်လည်း ဘညွန့်နှင့် စောရန်နောင်တို့သည် ယခုလုပ်ကြံမှု၌ တာဝန်ခံဖြစ်သည် ဆိုသော အချက်ကို ပေါ်အောင် မေးမြန်းခြင်း မပြုနိုင်ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘညွှန့်နှင့် စောရန်နောင်တို့ လက်မှတ်နှင့် စာတမ်း ၂ ခု အကြောင်းနှင့် ပတ်သက်၍ ဦးစောသည် သူ့အား စစ်ဆေးသောအခါမှသာ ထုတ်ဖော်ပြောဆိုခဲ့ကြောင်း။ ထိုစာတမ်း ၂ စောင်သည် အရေးကြီးသည်ဆိုပါက ထိုစာတမ်းများကို ယခင်က ဘာကြောင့်ထုတ်ဖော် ပြောဆိုခြင်း မပြုခဲ့ပါသနည်း။ အမှန်မှာ ထိုစာတမ်း ၂ စောင်သည် မူလကပင် မရှိခဲ့ကြောင်း။ မရှိသည့် စာတမ်းကို တောင်းဆိုခြင်းသည် ရေနစ်နေသူတစ်ဦးက ရေမနစ်ရအောင် ကောက်ရိုးမျှင်ကို ဆွဲကိုင်နေခြင်းနှင့် တူနေပါသည်။

ဖြောင့်ဆိုချက်များသည် ထူးခြားပါသည်။ အလွန်အရေးကြီးသောအမှုတွင် ဖြောင့်ချက်ပေးသူ ငါးဦးအနက် တစ်ဦးသည် တရားခံဦးစော၏ တူဖြစ်နေသည်မှာ ထူးခြားလှပါကြောင်း။ ဦးစော၏ ဆွေမျိုးတစ်ယောက်က ဦးစောအပြစ်ကို ဖော်ခြင်းသည် မှတ်သားလောက်ပါသည်။

## ဖြောင့်ချက်ပေးထားပါသည်

မစ္စတာခန်းနှင့် စောင့်ကြည့်သူများ၏ ထွက်ဆိုချက်များ၌ အာရ်စီ ၁၈၁၄ ပါသော ဂျစ်ကားသည် ဦးစောအိမ်ထဲမှ နံနက် ၁၀ နာရီလောက်ထွက်သွားခြင်းကို မြင်ရကြောင်း။ ၎င်းကားထဲ၌လည်း လူတစ်စုပါသွားကြောင်းလည်း မြင်သည်ဟု ဆိုထားပါသည်။ ခင်မောင်ရင်ကလည်း ဖို့ဆင်ထရပ်ကားပေါ်မှနေ၍ ဂျစ်ကားကိုမြင်လိုက်ရသည်ဆိုကြောင်း။ နံပါတ်ကိုတော့ မမြင်ရသော်လည်း အိမ်ကကားမှန်း မှတ်မိကြောင်း ဖြောင့်ချက်ပေးထားပါသည်။

နောက် နံနက် ၁၁ နာရီမှာ ၎င်းဂျစ်ကားပင်လျှင် ဦးစောအိမ်ထဲဝင်သွားကြောင်း အစောင့်များက ထွက်ဆိုထားရာ အထက်ပါအချက် နှစ်ချက်ကို ဆက်စပ်ကြည့်က ဂျစ်ကားတစ်ကားတည်းနှင့်ပင် ယခုလုပ်ကြံမှုကို ကျူးလွန်ခဲ့ကြောင်း တွေ့ရပါသည်။

## ဆက်ဆက်စပ်နေသည်မှာ အထင်အရှား

မစ္စတာခန်းကိုယ်တိုင် ၎င်းဂျစ်ကားသည် ဦးစောအိမ်ဝင်းထဲဝင်သွားပြီး ဆင်ဝင်ဘက်ရောက်အောင် ဝင်သွားသည်ကို မြင်ရသည်ဟု ထွက်ဆိုသွားပါသည်။ ကားကို စတင်သည့်နေရာမှ ဆင်ဝင်အထိ မျက်ခြည်မပြတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်သမတ်တည်း မြင်ရသည်ဟု မထွက်ဆိုကြပါ။ မစ္စတာခန်းသည် စစ်သား လုပ်ခဲ့သူ ဖြစ်ပါသည်။

ပြည်လမ်းဘက်သို့ပင် လှည့်သွားပြီး ဦးစောအိမ်ဘက်သို့ ကြည့်မိပါသေးသည်။ ခန်းကမြင်ရပုံမှာ ကားဘေးမှလူတွေသည် ဦးစောကိုဝိုင်း၍ နေကြသည်ကို မြင်ရကြောင်း ထွက်ဆိုခဲ့ပါသည်။ အမှန်မှာ လုပ်ကြံမှုကြီး ဖြစ်ပွားသည့်နေ့ နံနက်က ဦးစောသည် အိမ်ထဲမှာရှိကြောင်း၊ အပြင်သို့ပင် တစ်ကြိမ်ထွက်ခဲ့ကြောင်း ထွက်ဆိုချက်ရှိပါသည်။ သို့အတွက် ယခုအမှုနှင့် ဦးစောသည် ဆက်စပ်လျက်ရှိနေသည်မှာ ထင်ရှားနေပါကြောင်း။

## မှချပါရမည်ဟု ယူဆပါသည်

တရားခံများသည် ဝန်ကြီးချုပ် လုပ်ခဲ့သော ဦးစော၏ သစ္စာရေကို သောက်ထားသူများဖြစ်ကြောင်း။ ၎င်းလူသတ်သမားများသည် ဂျစ်ကားနှင့် ဦးစောအိမ်ထဲသို့ ဝင်လာကြကြောင်း၊ ဦးစောလည်း ထိုအချိန်မှာ ရှိနေသည် ဖြစ်ရာ ယခုလုပ်ကြံမှုကြီး၌ ဦးစောသည် မှချပါရမည်ဟု ယူဆပါသည်။

မစ္စတာခန်းကို စုံထောက်မင်းကြီးက တစ်စုံတစ်ရာ ပြောထားလို့သာ မစ္စတာခန်းသည် လုပ်ကိုင်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။ စုံထောက်မင်းကြီးက ဘာမှမခိုင်းဘူးဆိုက မစ္စတာခန်းသည် ယခုကဲ့သို့ အမှုတွင် ဂရုစိုက် လုပ်မည့်သူ မဟုတ်ပါ။

စိန်မောင် (သမာဓိ)၏ ထွက်ဆိုချက်ကို ဆင်ခြင်သောအခါ စိန်မောင်၏ ထွက်ချက်သည် တသီးတခြား ဖြစ်နေပါသည်။ ၎င်းအတွင်းဝန်ရုံးကြီးပေါ်မှ သေနတ်သံများ ကြားရပြီးထွက်လာသော ဂျစ်ကားနံပါတ်မှာ အာရ်စီ ၁၈၁၄ ဖြစ်ကြောင်း ထွက်ဆိုသွားပါသည်။ ၎င်းနံပါတ်နှင့် ဂျစ်ကားသည် ဦးစောအိမ်မှ ထွက်သွားသော သက်သေထွက်ချက်နှင့် ကိုက်ညီနေပါတော့သည်။

ဦးစော၏ ဘုရားကျောင်းဆောက်အောက် ရေထဲမှရရှိသော တော်မီဂန်း ၃ လက်နှင့် စတင်းဂန်း ၁ လက်ကို ဦးလှဘော်က စစ်ဆေးကြည့်ရာ ၎င်းသေနတ်များနှင့်ပင် အတွင်းဝန်ရုံး၌ ဗိုလ်ချုပ်တို့ကို ပစ်သတ်ရာ၌ အသုံးပြုခဲ့ကြောင်း ထွက်ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူသတ်သမားတို့သည် ဘာကြောင့် ဦးစော၏ အိမ်ဝင်းထဲသို့ ဝင်လာကြသနည်းဆိုလျှင် ဦးစောသာ ယခုအမှု၌ပါ၍ လုံခြုံပြီဟုထင်ပြီး ဝင်လာခြင်းဖြစ်ကြောင်း။ လူသတ်သမားများ စီးလာသော ဂျစ်ကားသည် ပုလိပ်များလာ၍ ဝိုင်းစဉ် ဆင်ဝင်အောက်မှာပင် တွေ့ရှိရသေးကြောင်း။

၄င်းဂျစ်ကား၌ အာရ်ဘီ ၉၈၃၁ ဆိုသော နံပါတ်ပြား ကပ်ထားသည်ကို ပုလိပ်ကတွေ့သောအခါ ဂဏန်းများသည် ဆေးမခြောက်သေးသည်ကို စုံထောက်မင်းကြီးက တွေ့ရပါသေးသည်။

အစိုးရရှေ့နေချုပ်ကြီးက ဆက်လက်၍ လျှောက်လဲချက်ပေးသည်မှာ ဂျစ်ကားအာရ်တီ ၉၈၃၁ ဆေးစိုလျက်ပင် ရှိသေးသည်မှာ ထိုနေ့ကပင် နံပါတ်လဲခြင်းဖြစ်ကြောင်း။ ထိုသို့ နံပါတ်ပြောင်းလဲသောအခါ ဦးစော၏ မျက်မှောက်မှာသာ ဖြစ်ပါသည်။

ဦးစော၏ ထွက်ဆိုချက်၌ သူမရှိတုန်း နံပါတ်လဲထားကောင်း လဲထားပါမည်ဟု ပါရှိပါသည်။ နံပါတ်မှန် အာရ်စီ ၁၈၁၄ နှင့် ဂျစ်ကားကို ထိုနေ့က အသုံးမပြုနိုင်ကြောင်း သက်သေထွက်ချက်ရှိပါသည်။

ယခုအမှုကြီး၌ ဦးစော၏ အိမ်ဝင်းအပြင်၌ ရှိသောသူများ ပါဝင်သည်ဆိုသော လျှောက်လဲချက်သည် အခြေအမြစ်မရှိနိုင်ပါ။ စောရန်နောင်ဆွဲထည့်ထားခြင်းမှာလည်း မဖြစ်နိုင်သော အချက်တစ်ရပ် ဖြစ်ပါသည်။

အထက်ပါ ထွက်ချက်များနှင့် အကြောင်းခြင်းရာများကို ထောက်ထားလျှင် ဦးစောသည် ယခုပူးပေါင်းကြံစည်မှုကြီး၌ ပါဝင်ကြောင်း ထင်ရှားပါသည်။

## မဟုတ် မမှန်သော အချက်များ

ဦးစော၏ အဝတ်လုံကြီးက လျှောက်လဲသွားသည်မှာ ဦးစောကို စစ်ဆေးစဉ်က စိတ်ရှည်လက်ရှည်နှင့် အေးအေးလူလူ ဖြေဆိုသွားကြောင်း။ ဦးစော၏ ထွက်ဆိုချက်များသည် ဘွင်းဘွင်းရှင်းရှင်း ဖြစ်သည်ကိုသာ တွေ့ရသည်ဟု ဆိုထား၏။

သို့ရာတွင် ကျွန်တော်၏ အပြန်အလှန်မေး၍ ဦးသော၏ ထွက်ချက်များကို ကြည့်လျှင် ဦးစောသည် ရိုးဖြောင့်ပွင့်လင်းစွာ ထွက်ဆိုမှုများ မပြုခဲ့ကြောင်း။ မဟုတ်မမှန်သော် အချက်များကို တစ်ခုပြီးတစ်ခု ထွက်ဆိုသွားကြောင်း တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစော၏ ထွက်ဆိုချက်မှ ကောက်နုတ်၍ ဖော်ပြရလျှင် 'မှုန်ကြီးကို ဦးစောအိမ်မှာ လာနေရန် မခေါ်ရကြောင်း၊ ၎င်းသည်အိမ်မှာ ဘာကိစ္စနှင့် လာနေသည်ကို မသိရကြောင်း' စသည်ဖြင့် ထွက်ဆိုခြင်းသည် မဟုတ်မမှန် သော စကားသာလျှင် ဖြစ်၏။ မှုန်ကြီး၏ ဖြောင့်ချက်ထဲမှာ မှုန်ကြီးက ဦးစောအိမ်တွင် ညကင်းအဖြစ်နှင့် စောင့်ရကြောင်း ပါရှိသည်။

ဤအချက် နှစ်ချက်သည် တစ်ခုနှင့်တစ်ခု ဖီလာဆန့်ကျင်နေကြောင်း တွေ့ရှိရပါသည်။

## ဦးစောနှင့် ခင်မောင်ရင်ထွက်ဆိုချက်ကွဲလွဲ

တင်ရွှေနှင့် ပတ်သက်၍လည်း ဦးစောကတစ်မျိုးပြောပြီး၊ ခင်မောင် ရင်က တစ်မျိုထွက်ဆိုပါသည်။ သက်နှင်းကို ဦးစောက ထိုနေ့တွင် ပထမ အကြိမ် တွေ့သည်ဟုဆို၏။ နောက် သက်နှင်းကို ပါတီဌာနချုပ်လုပ်ဖို့ အိမ်ငှားရန် ကိစ္စနှင့် ခိုင်းထားသည်ဟု ဦးစောက ထွက်ဆိုပြန်သည်။

ဂျစ်ကားနံပါတ်နှင့် ပတ်သက်၍ ဦးစောထွက်ဆိုသည်မှာ ရှေ့က ဘန်ကာပေါ်၌ နံပါတ်ရှိလျက်နှင့် နံပါတ်ပြားတပ်ဖို့ မလိုဟုထွက်ဆိုပါသည်။ နောက်ဂျစ်ကား ဘန်ကာ၌ နံပါတ်မရှိဟု ဦးစောအား ပြောပြသောအခါ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကားနံပါတ်တပ်ခြင်းသည် သူ၏အလုပ် မဟုတ်ဟု ထွက်ဆိုပြန်ပါသည်။

ဤကဲ့သို့ စကားကမောက်ကမ ထွက်ဆိုသွားသော သူ၏ စကားများ သည် ရိုးသားပွင့်လင်းစွာ ပြောဆိုသည်ဟု မယူဆနိုင်ပါ။ သို့အတွက် ဦးစောအပေါ်၌ ပြစ်မှုသည် ထင်ရှားနေပါတော့သည်။

## အခြားပါတီဝင်များ

ဦးစောသည် သူ၏အိမ်ကို ပါတီသမားများအတွက် ဖွင့်ထားကြောင်း ထွက်ဆိုသွားရာတွင် ၎င်း၏ထွက်ဆိုချက်ကို ထောက်ခံသည့်သဘောနှင့် ဒေါက်တာဗမောင်နှင့် သခင်ဗစိန်တို့ကို သက်သေခေါ်ခဲ့ပါသည်။ ၎င်းတို့ ၏ ထွက်ဆိုချက်များမှာလည်း မရေမရာဖြစ်ပါသည်။ အကယ်၍ ဦးစော သည် သူ၏ ပါတီဝင်ထဲက လူကြီးများကို သက်သေခေါ်မည်ဆိုက ဦးစော အတွက် ပိုပြီး အင်အားရှိပါလိမ့်မည်။ အခြားပါတီများအား ခေါ်ယူပြီး ၎င်းခံ၏ပါတီအကြောင်းကို ထွက်ဆိုခြင်းမှာ မလေးနက်ပါ။

www.burmeseclassic.com

www.burmeseclassic.com


## မသင်္ကာစရာ အချက်

ဦးစော၏ ဇနီး ဥပုသ်စောင့် သွားသည်နှင့်ပတ်သက်၍ လျှောက်လဲသည်မှာ-

မိမိအိမ်မှ ၆ မိုင်မျှဝေးသော နေရာသို့ အကြောင်းမရှိဘဲ ဥပုသ်စောင့်ထွက်ခြင်း၊ တစ်ညသာမက ညပေါင်းများစွာ သူများအိမ်၌သွားပြီး အိပ်နေခြင်း၊ အိပ်သောအိမ်မှာလည်း ဒေါ်သန်းခင် ပထမလင်၏အိမ်ကိုရဲ့ အိမ်ဖြစ်နေခြင်း၊ လင်ဖြစ်သူဦးစောကိုကား အိမ်မှာမိန်းမအစေခံမလေး တစ်ယောက်နှင့် ပြစ်ထားခဲ့ခြင်း စသည်တို့သည် ဗမာလူမျိုး အိမ်ထောင်သည်တို့၏ ပြုမူနေကျသဘောနှင့် ဆန့်ကျင်ပြီး၊ ထူးဆန်းအံ့သြဖွယ်ကောင်းသည့်ပြင် မသင်္ကာစရာလည်း ကောင်းလှပါကြောင်း။

## ထွက်ဆိုချက်ကို လက်ခံသင့်သည်

၄င်းနောက် ဦးစောက ဇူလိုင်လ ၁၈ ရက်နေ့၊ ၁၉ ရက်နေ့များတွင် နေမကောင်း၍ အိပ်ရာထဲတွင် လဲနေကြောင်း ထွက်ဆိုသွားပါသည်။ ရာဇဝတ်ဝန်ကြီး မစ္စတာဂျပ် လာသောအခါ နေမကောင်းကြောင်း တစ်စုံတစ်ရာ ပြောမပြခဲ့ဖူးပါ၊ မစ္စတာဂျပ် သက်သေခံတုန်းကလည်း တစ်စုံတစ်ရာ မေးမြန်းခြင်း မပြုခဲ့ပါ။ နေမကောင်းဘူးဆိုသော်လည်း လူသတ်သမားများ ပြန်လာသောအခါ အိမ်အပြင်သို့ထွက်ပြီး စကားပြောနိုင်ပါသေးကြောင်း။

## တရားခံမောင်စိုးနှင့် ပတ်သက်၍ လျှောက်လဲသည်မှာ

လူသတ်သမားများထဲမှ မောင်စိုးသည် ခေါင်းဆောင်ဖြစ်သည်ကို ဖြောင့်ချက်များအရ သိပါသည်။ မောင်စိုးသည် ဦးစော၏သေနတ်ကိုင်ဖြစ်ကြောင်း လှမြတ်စိုး၏ထွက်ချက်အရ မောင်စိုးသည် ဦးစော၏ သေနတ်ကိုင်ဖြစ်ကြောင်း လှမြတ်စိုး၏ ထွက်ချက်အရ မောင်စိုးသည် ဦးစောအိမ်၌ လွန်ခဲ့သော သုံးကာလကစ၍ တွေ့ခဲ့ဖူးကြောင်း၊ ပါတီရုံးများလည်း မြင်ဖူးကြောင်း တွေ့ရပါလိမ့်မည်။ တရားလိုပြ သက်သေ ဦးထင်ပေါ်သည် ဖဆပလ ဒုတိယဥက္ကဋ္ဌဖြစ်သော်လည်း ကျောင်းကော်မတီလူကြီး၊ အမေပါယာ အသင်းလူကြီး၊ ဘာသာရေးအသင်းလူကြီး စသည်တို့လည်း ဖြစ်ပါသေး၍ ၄င်း၏ထွက်ဆိုချက်ကို လက်ခံသင့်ကြောင်း။ ဦးထင်ပေါ်သည်

www.burmeseclassic.com



အရပ်အမောင်းကောင်းသော တရားခံမောင်စိုးကို ယူနီဖောင်းနှင့် လူလေးယောက်ထဲမှ အကဲခက်မိကြောင်း ထွက်ဆိုသူဖြစ်ပါသည်။

ဦးစော၏ထွက်ချက်၌ မောင်စိုးသည် အမေရိကန် ကာဘိုင်သေနတ်ကို ကိုင်ရသူ ဖြစ်သည်ဟု ပါရှိပါသည်။ ဦးစောက မောင်စိုးကို အရေးပေးခြင်းမှာ ထင်းရှားနေပါသည်။ ယခုလုပ်ကြံမှုကြီး၌ မောင်စိုးမပါဘူးဟု မဆိုနိုင်ပါ၊ ဦးထင်ပေါ်က မောင်စိုးကို တစ်ဦးစီပြစဉ်က ဆွဲပြခဲ့ကြောင်း။

## သက်နှင်း၊ မောင်စိန်

တရားခံ သက်နှင်းအကြောင်းကို ဦးစော၏ထွက်ချက်နှင့် လှမြတ်စိုး၏ ထွက်ချက်များတွင် ပါရှိပါကြောင်း။ သက်နှင်းကို သူရိယတိုက်၌ ဦးစော မန်နေဂျင်းဒါရိုက်တာ လုပ်တုန်းက မြင်ဖူးကြောင်း၊ လှမြတ်စိုးက ထွက်ဆိုပါသည်။ ဦးစောကမူ သက်နှင်းကို ဇူလိုင်လ ၁၉ ရက်နေ့ နေ့လယ်လောက်မှ ပထမအကြိမ် တွေ့ရသည်ဟု ထွက်ဆိုသည်။

မင်းစေ မောင်သောင်းစိန်ကလည်း ဗိုလ်ချုပ်အခန်းဝ၌ သက်နှင်းက ၄င်းအား သေနတ်နှင့် ချိန်သည်ဟု ထွက်ဆိုသွားရာ တရားခံမောင်စိန်က ဟုတ်မှန်ကြောင်း ဖြောင့်ချက်ထဲ၌ ထောက်ခံထားပါသည်။ သက်နှင်းဓာတ်ပုံ သတင်းစာထဲမှာ ပါသော်လည်း သောင်းစိန်က မမြင်ရကြောင်း ထွက်ဆိုထားပါသည်။

သောင်းစိန်သည် မရိုးမဖြောင့်ဟု ဆိုလျှင် တရားခံ တစ်ယောက်သာ မက တစ်ယောက်ထက်ပိုပြီးမှတ်မိသည်ဟု ထွက်ဆိုနိုင်သည်။ သို့ကြောင့် မောင်သောင်းစိန်၏ ထွက်ချက်ကိုလည်း လက်ခံသင့်ပါကြောင်း၊ တရားခံ မောင်စိန်အတွက်ကိုကား ကျွန်တော် ဆက်လက်ပြောစရာ မလိုတော့ပါ။

## ရန်ကြီးအောင်၊ သုခ၊ ခင်မောင်ရင်၊ မောင်နီ

တရားခံ ရန်ကြီးအောင်သည် ယခုအမှု၌ မပါသည့်အကြောင်း၊ တရားခံပြဘက်သေ ထွက်ဆိုချက်မတွေ့ရပါ။ သူက ဖြောင့်ချက်ကိုပေးပြီး လျှင် နောက်ပြန်ရုပ်သိမ်းသွားခြင်းမှာ ထူးဆန်းလှပါသည်။ ရန်ကြီးအောင်ကိုလည်း သက်သေ နှစ်ဦးက ဆွဲပြခဲ့သည်။

ရန်ကြီးအောင်၏ ဒဏ်ရာအတွက် သူနှင့်အတူ အချုပ်ခံရသူထဲမှ တစ်ယောက်ယောက်ကို သက်သေပြဖို့ ကောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်သေ မောင်သန်း (စီးပွားရေး) ကလည်း အခြားသူများနှင့်အတူ ရန့်ကြီးအောင်အား စတင်းဂန်းကိုင်လာသည်ကို ရုံးပေါ်၌ မြင်ရကြောင်း ထွက်ဆိုသွားပါသည်။

သက်တော်စောင့် မောင်ထွေးကို သူကပစ်သတ်သွားသည်အတွက် မောင်သန်းကပို၍ မှတ်မိခြင်း ဖြစ်ပါသည်။

သို့အတွက် သက်သေဦးထင်ပေါ်နှင့် မောင်သန်းတို့က ရန့်ကြီးအောင်အား ဆွဲပြခြင်းကို လက်ခံသင့်ပါသည်။

သုခ၊ ခင်မောင်ရင်၊ မောင်နီတို့အကြောင်း ဆက်လက်ပြောစရာ မရှိပါ။

ဦးစောအိမ်ကို ခိုင်းစန်က

**မှုန်ကြီး**

မှုန်ကြီးအတွက် လျှောက်လဲရမည်ဆိုလျှင်-

မှုန်ကြီးသည် ဦးစော၏ညကင်းသမား ဖြစ်ကြောင်း၊ သို့အတွက် ဦးစော၏ လူယုံဖြစ်ကြောင်း ယူဆရပါမည်။

ဦးစောအိမ်ကို ဝိုင်းစဉ်က မှုန်ကြီးကသေနတ်ကိုကိုင်ပြီး ရဲဘော်တစ်ယောက်ကို ပစ်ရန်ကြံစည်ခဲ့ဖူးသူဖြစ်ကြောင်း၊ သို့ရာတွင် လူသတ်မှုထဲ၌ မှုန်ကြီးကိုယ်တိုင် ပါဝင်သည်ဟု ထွက်ချက်မရှိပါ။

မှုန်ကြီးကို ပူးပေါင်းကြံစည်သူများ၏ အသိုက်ထဲမှာ သေနတ်တစ်လက်နှင့်တွေ့ရာ ဖမ်းဆီးရမိကြောင်း၊ မှုန်ကြီးသည် ထိုအခါမှာ ဂိတ်ပေါက်ဝ၌ သေနတ်ကိုဆွဲကိုင်ပြီး ရှေးဦးစွာ ခုခံသူဖြစ်ရာ မှုန်ကြီးသည် ယခုလုပ်ကြံမှု၌ မပါဘူးဆိုလျှင် လက်ကသေနတ်နှင့် ဘာကြောင့် အနားကလူကို ရုတ်တရက် ပစ်လိုက်ရပါသလဲ။ သို့ကြောင့် မှုန်ကြီးသည် လုပ်ကြံမှုကြီး၌ ပါဝင်ကြောင်း ထင်ရှားပါသည်။

## ပုဒ်မပြောင်းစရာပင်မလို

အစိုးရ ရှေ့နေချုပ်ကြီးက နောက်ဆုံးလျှောက်လဲသည်မှာ-

အထက်ဖော်ပြပါ အချက်များကို ထောက်ထားလျက် ပထမတရားခံ ဦးစောနှင့် အဖော်တစ်စုဖြစ်သော တရားခံ ရှစ်ယောက်တို့အပေါ်၌ မူလက တင်ထားသော စွဲချက်ပုဒ်မအတိုင်း ပြစ်မှုထင်ရှားပေါ်၍ ပုဒ်မပြောင်းလဲစရာ မလိုပါ။

www.burmeseclassic.com

www.burmeseclassic.com



အခြားတရားခံ မောင်စိုး၊ သက်နှင်း၊ မောင်စိန်၊ ရန်ကြီးအောင်၊ သုခတို့အပေါ်၌လည်း မူလကတင်ထားသော စွဲချက်ပုဒ်မများအတိုင်း ပြစ်မှုထင်ရှားနေပါ၍ ပုဒ်မပြောင်းစရာ မလိုပါ။

မူလစွဲချက်အတိုင်း စီရင်ချက် ချမှတ်ပေးပါရန် အပြီးသတ် လျှောက်ထားလေတော့သည်။

## ဒီဇင်ဘာ ၃၀ အမိန့်ချမည်

ခုံတရားသူကြီး အဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်က ယခုလုပ်ကြံမှုကြီး၌ စီရင်ချက်ကို ဒီဇင်ဘာ ၃၀ ရက် အင်္ဂါနေ့ နံနက် ၁၀ နာရီအချိန်တွင် အင်းစိန်ထောင်ကြီးအတွင်းရှိ ခုံတရားသူကြီးရုံး၌ အမိန့်ချမည်ဟု မိန့်ကြား၏။

### ရှေ့နေချုပ်ကြီးက
### တရားခံများအား စွဲချက်အတိုင်း အပြစ်ပေးရန်ပြောခြင်း
### ရန်ကြီးအောင်အား အသက်စစ်ဆေးရန်
### ဆရာဝန်အသင့်ခေါ်ထားရမည်ဆိုခြင်း

မြန်မာပြည် အစိုးရအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများအား လုပ်ကြံသည့်အမှုကြီးကို အောက်တိုဘာလ ၁၈ ရက်နေ့က စ၍ စစ်ဆေးရာ ဒီဇင်ဘာ ၂၃ ရက်နေ့ကျမှ တရားလို၊ တရားခံရှေ့နေများ လျှောက်လဲချက်ပြီးသဖြင့် အမှုကို ပိတ်ရလေပြီ။

ခုံသမာဓိရုံးတော်၏ စီရင်ချက်ကိုကား ဒီဇင်ဘာ ၃၀ ရက်နေ့တွင်ကျမှ ချမှတ်တော့မည်ဖြစ်ကြောင်း၊ အစိုးရရှေ့နေချုပ်ကြီးသည် တရားခံများအပေါ်တွင် အပြစ်ရှိကြောင်း လျှောက်လဲချက် ပေးသည်မှာ ၅ နာရီနှင့် မိနစ် ၂၀ ကြာကြောင်း။

အစိုးရရှေ့နေချုပ်ကြီးက မောင်စိုးနှင့် ပတ်သက်၍ လျှောက်လဲချက်ပေးသည်မှာ–

ဦးစောကလည်း မောင်စိုးအား အမေရိကန်ကာဘိုင်သေနတ် ကိုင်နိုင်ကြောင်းကို ထွက်ဆိုထားသဖြင့် မောင်စိုးသည် ဦးစော၏အယုံအကြည်ကို ခံရသူဖြစ်ပါသည်။

ဦးစောကပင် ပါတီအရေးပါ လူကြီးများမှာ မောင်စိုး၊ သက်နှင်း၊ ဘညွန့်၊ စိန်ကြီးတို့ဖြစ်သည်ဟု ထွက်ဆိုထားပါသည်။ လုပ်ကြံမှုတွင် မောင်စိုး

www.burmeseclassic.com

www.burmeseclassic.com



မပါဘဲ မဖြစ်နိုင်ပါ။ မောင်စိုးကို မှတ်မိသူ ဦးထင်ပေါ်သည် လူကြီး လူကောင်းတစ်ယောက် ဖြစ်ပါသည်။

တရားခံ သက်နှင်းသည် ထိုနေ့ကမှ အေဒီလမ်းရှိ အိမ်တစ်အိမ်ကို ပါတီဌာနချုပ်အဖြစ် ငှားရန် ဦးစောအိမ်သို့လာသည်ဟု ဦးစောကပင် ထွက်ဆိုး ထားပါသည်။

လှမြတ်စိုးအား သူရိယတွင် ဦးစောမန်နေဂျင်း ဒါရိုက်တာ ဖြစ်စဉ် ကတည်းက သိပါသည်ဟု ဆိုသည်။

ထိုထွက်ဆိုချက် နှစ်ခုသည် အတော်ပင် မတရားခဲ့ပါ။

သက်နှင်းသည် အဖမ်းခံရသည့်နေ့တွင် ရောက်လာသည်ဟုဆိုသည် မှာ ယုံကြည်ဖွယ်မရှိ။

တရားခံမောင်စိန်ကပင်လျှင် သက်နှင်းကြောင့် အတွင်းဝန်ရုံးပွင် အတော်ပင် ဇဝေဇဝါ ဖြစ်ခဲ့ပါသည်။

သူ၏ခေတ်ပုံကိုလည်း သက်သေမောင်ခသောင်းစိန်က သတင်းစာများ တွင် မတွေ့ရပါဟု ထွက်ဆိုသွားပါသည်။

ဖြောင့်ချက်များတွင် သက်နှင်းပါဝင်ကြောင်း အများကပင် ထွက်ဆို ထားပါသည်။

မောင်ထွေးသတ်သောရန်ကြီးအောင်

တရားခံ မောင်စိန်အတွက် မပြောလိုပါ။ ရန်ကြီးအောင် ကိစ္စမှာဆို လျှင် တရားခံဘက်မှထွက်ဆိုသော သက်သေထွက်ချက်မှာ လုံးဝယုံကြည် ဖွယ် မရှိပါ။ တရားခံ ရန်ကြီးအောင်သည် ဖြောင့်ချက်ပေးပြီးမှ ပြန်လည် ရုပ်သိမ်းပါသည်။ ရန်ကြီးအောင်အား ဦးထင်ပေါ်နှင့် မောင်သန်းတို့ကပင် လျှင် လူတန်းစီပြရာတွင် ဆွဲထုတ်ပြသလိုက်ပါသည်။

မောင်သန်း၏ထွက်ဆိုချက်တွင် ရန်ကြီးအောင်ပင်လျှင် မောင်ထွေး အား ပစ်သတ်ကြောင်း ထွက်ဆိုထားပါသည်။

## ကင်းစောင့်မှုန်ကြီး

မှုန်ကြီးအား ဘယ်သူကမှ ဆွဲထုတ်မပြသနိုင်သော်လည်း ဖြောင့်ချက် များ ပေးရာတွင် မှုန်ကြီးပါဝင်နေကြောင်း မှုန်ကြီးသည် ဦးစော၏ အိမ်ကို ညအချိန်စောင့်ရသူ ဖြစ်ပါသည်။ မှုန်ကြီးကိုလည်း ယုံကြည်သဖြင့် ဦးစောက

www.burmeseclassic.com

www.burmeseclassic.com



အစောင့်ခိုင်းခြင်းသာ ဖြစ်ပါသည်။ ပုလိပ်များ လာရောက် ဝိုင်းသည့်အခါ မှုန်ကြီး၏ လက်ထဲတွင် သေနတ်ရှိပါသည်။ ဝိုင်းသူများကိုပင်လျှင် ခုခံရန် ကြံစည်ပါသေးသည်။ အကယ်၍ မှုန်ကြီးသည် လူသတ်မှုတွင် မပါဝင်ဘူး ဆိုလျှင် ပုလိပ်ဝိုင်းစဉ်အခါကသာဖြစ်၍ ဒသေနတ်ကိုင်ရသလဲ၊ သူသာလျှင် လူသတ်မှုအကြောင်း မသိခဲ့လျှင် သေနတ်ကိုင်လိမ့်မည် မဟုတ်ပေ။ သို့ဖြစ်၍ မှုန်ကြီးလည်း လူသတ်မှု ကျူးလွန်ရာတွင် ပါဝင်ပါသည်။

## စွဲချက်အတိုင်း အပြစ်ပေးပါ

အစိုးရရှေ့နေချုပ်ကြီးသည် တရားခံဦးစောအပေါ်တွင် တင်နာရီကျော်မျှ ရှင်းလင်းပြောဆို၍ အခြားတရားခံများကိုကား အချိန်အနည်းငယ်မျှ ယူပြီး လျှောက်လဲတော့သည်။

နောက်စကားအနေဖြင့် လျှောက်လဲသည်မှာ လုပ်ကြံမှုကြီးကို ကြံစည်သူ ဦးစောအား စွဲချက်တင်ထားသည့်အတိုင်း အပြစ်ပေးတော်မူပါ။ စွဲချက်များကိုပင် လွှဲပြောင်းရန်မလိုပါ။ ဦးစောသာလျှင် လုပ်ကြံမှုကြီးကို စတင်ကြံစည်သောသူ ဖြစ်ပါသည်။

တရားခံမောင်စိုး၊ သက်နှင်း၊ မောင်စိန်နှင့် ရန်ကြီးအောင်တို့အား လူသတ်မှုနှင့် အပြစ်ပေးစေလိုပါသည်။

ကျန်တရားခံများကိုလည်း စွဲချက်တင်ထားသည့်အတိုင်း အပြစ်ပေးစေလိုပါသည်ဟု နာရီပေါင်း ၅ နာရီ မိနစ် ၂၀ လျှောက်လဲသည်။

## ဒီဇင်ဘာလ ၃၀ ရက်နေ့ အမိန့်ချမည်

ဦးကျော်မြင့်က နှစ်ဦးနှစ်ဖက် လျှောက်လဲချက်ပြီးပြီ ဖြစ်သဖြင့် စီရင်ချက်ကို ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ချမှတ်ပါမည်။

ယခုရုံးဆင်းပြီး ဦးစောအိမ်သွားကြည့်ရပေဦးမည်။

**ဦးစိုးဘူး။** ။ ဦးစံဝင်း ခင်ဗျား ရန်ကြီးအောင်အတွက် အသက်စစ်ဆေးရန် သက်သေခေါ်ထားပါပြီး၊ ဆရာဝန်ဆိုလျှင် အလွန်ကောင်းပါမည်။

စီရင်ချမည့်နေ့မှာ အပြစ်ရှိမည်၊ မရှိမည်ကို မပြောနိုင်သေးသော်လည်း လိုလိုမယ်မယ်စစ်ဆေးရန် ခေါ်ထားသင့်သည်ဆိုကာ ဦးစောအိမ် ခြံနှင့် သက်သေများစောင့်သည့်နေရာများကို သွားရောက်ကြည့်ရှုသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခုံသမာဓိ တရားသူကြီးများသည် သက်သေမစ္စတာခန်း၏ အိမ်ဝင်းအတွင်းရှိ ရေတွင်းဘက်မှ ဦးစောအိမ်ဘက်ကို မြင်နိုင်မမြင်နိုင်၊ ၎င်းမစ္စတာခန်း ကားစီး၍ အိမ်ထဲမှထွက်လာပြီး အေဒီလမ်းမရောက်မီ ဦးစောအိမ်ဝင်းသို့ ဝင်ရောက်လာသော ဂျစ်ကားကို မြင်နိုင်၊ မမြင်နိုင်၊ ကိုယ်တိုင်သွားရောက် ကြည့်ရှုကြသည်။

ဦးစောအိမ်ဝင်းအတွင်းရှိ ဂိတ်စောင့်နေရာ ကာထားရုံ၊ ခင်မောင်ရင်တို့ နေသော တိုက် ဘုရားကျောင်းဆောင်၊ ဦးစော၏ဆင်ဝင်ဧည့်ခန်း၊ စာကြည့်ခန်း၊ မီးဖိုဆောင်စသည်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထိုအခါ တရားခံ ခင်မောင်ရင်၊ မောင်စိန်၊ သုခ၊ မောင်နီတို့လည်း အစောင့်အရှောက်များနှင့် လိုက်ပါလာကြ၏။

ထို့နောက် တရားသူကြီးများလည်း ပုလိပ်စုံထောက်တစ်ဦး ငါးမျှားချင်ယောင်ဆောင်ပြီး ဦးစောအိမ်ကို အကဲခတ် ကြည့်ရှုသည်ဆိုသောနေရာ၊ မစ္စတာခန်းသည် ပြည်လမ်းပေါ်မှာ ကားရပ်ပြီး၊ ဦးစောအိမ် ဆင်ဝင်အပြင်ဘက်တွင် ဦးစောတို့ကို ကြည့်ရှုသည်ဆိုသော နေရာတို့ကို မြင်နိုင်၊ မမြင်နိုင် ကိုယ်တိုင် သွားရောက်ကြည့်ရှုကြ၏။

၎င်းတို့နှင့်အတူ အစိုးရရှေ့နေချုပ်ကြီး ဦးထွန်းဖြူ၊ အစိုးရရှေ့နေချုပ်ကြီး မစ္စတာချွန်ဖောင်း၊ အထူးဝတ်လုံ ဦးမြသိန်း၊ တရားခံဘက် ရှေ့နေမစ္စတာဗာတားနစ်နှင့် ဦးစံဝင်းတို့လည်း လိုက်ပါကြည့်ရှုကြသည်။

## စီရင်ချက်ချပြီ

နိုင်ငံတော်လုပ်ကြံမှုကြီးကို စစ်ဆေးရန် ခုံတရားသူကြီး အဖွဲ့သည် ၃၇ ကြိမ်မျှ ရုံးထိုင်ပြီးနောက်၊ ၁၉၄၇ ခု၊ ဒီဇင်ဘာလ ၃၀ ရက်၊ အင်္ဂါနေ့တွင် စီရင်ချက်ချသည်။

တရားခံစိန်ကြီး၊ သက်နှင်း၊ ရန်ကြီးအောင်၊ မှုန်ကြီးတို့လေဦးသား ဝက်ခြံအတွင်း ရောက်နှင့်နေကြသည်။

သက်နှင်း၏ မျက်စိနှလုံးစလုံးမှာ နီသလိုလို တွေ့မြင်ရ၏။

ပထမတရားခံဦးစောသည် မကြာမီဝင်ရောက်လာပြီး ပြုံးရွှင်စွာ အရင်ရောက်နေသော တရားခံလေးဦးကို နှုတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအမှုအတွက် တရားလိုပြသက်သေ ၇၇ ယောက်နှင့် တရားခံပြသက်သေ ၃၀ ယောက်တို့ကို စစ်ဆေးခဲ့သည်။

အောက်တိုဘာ ၈ ရက်နေ့ကစပြီး စစ်ဆေးလာခဲ့သော ခုံတရားသူကြီး ဦးကျော်မြင့် (ဥက္ကဋ္ဌ)၊ ဦးအောင်သာကျော်နှင့် ဦးစီးဘူးတို့သည် အဆက်မပြတ် နေ့ရက်မပျက် ရုံးထိုင်နိုင်ခဲ့ကြပေသည်။

တရားလို အစိုးရဘက်မှ ရှေ့နေချုပ်ကြီး ဦးထွန်းဖြူ၊ အစိုးရရှေ့နေချုပ်ကြီး မစ္စတာချွန်ဖောင်း၊ အထူးဝတ္တရားနှင့် ကူညီရသော ဝတ်လုံဦးမြသိန်းတို့လည်း ရက်ပျက်ခြင်းမရှိဘဲ ရုံးတက်ကြသည်။

## အစိုးရသက်သေ ဘညွန့်

တောင်တန်းဒေသဆိုင်ရာ ဥပဒေ အတိုင်ပင်ခံ ဦးမြင့်ထူးသည် ဦးမြင့်သိန်း၏ ကိုယ်စားရုံးတော်သို့ တက်ရောက်လာသည်။ အစိုးရသက်သေဖြစ်သူ ဘညွန့်ကိုလည်း ညှဲ့သည်များနေရာ၌ တွေ့ရ၏။

တရားခံ သုခ၊ ခင်မောင်ရင်၊ မောင်စိန်တို့မှာ မျက်နှာညှိုးငယ်ပုံ ရလေသည်။ မောင်နီမှာ မျက်နှာမပျက်ချေ။ နံနက် ၁၀ နာရီ ၂ မိနစ်တွင် တရားသူကြီးများ ရုံးတက်လာ၍ တရားခံဘက်က ဦးသိန်းကျော်က ခေါင်းပေါင်းမပါ၍ ရုံးတော်အား ခွင့်တောင်းရာ ရုံးတော်က ခွင့်ပြု၏။ ရန်ကြီးအောင် အသက်ကို ဖော်ပြရန် သက်သေပြဖို့ တရားသူကြီးတို့က တောင်းဆိုသည်။

## ဆရာဝန်ဦးထွန်းဝင်း

အင်းစိန်ထောင်ဆရာဝန်ဦးထွန်းဝင်းက ရန်ကြီးအောင်၏ အသက်ကို ငါးမိနစ် မျှ စစ်ဆေးပြီး-

မိမိသည် ရန်ကြီးအောင်အသက်ကို ကြည့်ရှုစစ်ဆေးရာ ရန်ကြီးအောင်၏ အသက်သည် ၁၇ နှစ်နှင့် ၁၀ နှစ်ကြားတွင် ရှိလိမ့်မည်ဟု ထင်ပါကြောင်း၊ ရန်ကြီးအောင်၏ အသက် ၁၈ နှစ် ဆိုလျှင် ပို၍ ခိုင်လုံပါသည်။ ဦးအောင်သာကျော်။ ။ ဘာကို အထောက်အထားပြု၍ ထင်မြင်ချက်ပေးသလဲ။

www.burmeseclassic.com

www.burmeseclassic.com



**ဆရာဝန်ဦးထွန်းဝင်း။** ။ ရန်ကြီးအောင်၏ အပေါ် အံသွားပေါက်နေပါသည်။ ကိုယ်တွင်းချိုင်းမွေးများ တွေ့ပါသည်၊ အမွေးအမျှင် စုံပါပြီ၊ ရန်ကြီးအောင်၏ ပုံဏ္ဍာန်ကို ကြည့်ရှုသော အခါ ၁၈ နှစ်လောက် ရှိမည်ဖြစ်ပါသည်။ မိမိသည် အမ်ဘီစီအက်စ် စာမေးပွဲအောင်ပါသည်။

## စီရင်ချက်ဖတ်

နံနက် ၁၀ နာရီ မိနစ် ၄၀ အချိန်တွင် စီရင်ချက်ရှည်ကြီးကို ဥက္ကဋ္ဌ ဦးကျော်မြင့်က ဖတ်ကြားသည်။

ဝန်ကြီးချုပ်ဟောင်း ဦးစောနှင့်တကွသော မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်၊ မှုန်ကြီး၊ မောင်စိန်၊ သုခ၊ ခင်မောင်ရင်၊ မောင်နီနှင့် ဘညွန့် တို့သည် ဗိုလ်ချုပ်နှင့်တကွ ဝန်ကြီးများကို လွန်ခဲ့သော ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီခွဲ ကျော်ကျော်တွင် သေနတ်နှင့် ပစ်သတ်ရာ၌ သဘောတူ ကူညီပါဝင် ကျူးလွန်မှုနှင့် တရားစွဲဆိုခဲ့ကြောင်း၊ ထိုလုပ်ကြံမှု၌ ကိုယ်ထိလက်ရောက်ပါသော သူများမှာ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်၊ မောင်စိန်၊ သုခတို့ဖြစ်ကြောင်း။

ဘညွန့်မှာ အစိုးရသက်သေ ဖြစ်သွား၍ ၄င်းအားပြစ်ဒဏ်မှချမ်းသာ ခွင့်ပေးခဲ့ကြောင်း၊ မှုန်ကြီး၊ ခင်မောင်ရင်၊ မောင်နီ၊ ဘညွန့်တို့ကို ပထမ တရားခံဦးစောနှင့်အတူ လုပ်ကြံမှု၌ ပါဝင်ကူညီ စက်စပ်သူများအဖြစ်ဖြင့် တရားစွဲဆိုခဲ့ကြောင်း။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းတို့ ဇူလိုင် ၁၉ ရက်နေ့ နံနက်တွင် အသတ်ခံရပုံကို အကျယ်တဝင့် ဖော်ပြထားလေသည်။ ထို့ပြင် သက်သေခံ ချက်များအရ လုပ်ကြံမှုကို စုံစမ်းထောက်လှမ်း၍ သက်သေခံ ပစ္စည်းများကို သက်သေများ၊ တရားခံများ၏ ဖြောင့်ချက်၊ သတင်းပေးချက်အရ တွေ့ရှိပြီး တရားခံအချို့ကို သက်သေများက တန်းစီပြသရာ၌ ဆွဲပြကြပုံကို ဖော်ပြထား သည်။

တရားလိုဘက်က ယခုအမှုနှင့် ဖော်ပြသွားသည်မှာ တရားခံဦးစော ပိုင်သော ဂျစ်ကားနှင့် မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်၊ သုခနှင့် မောင်စိန်တို့သည် ဗိုလ်ချုပ်တို့ကို ပစ်သတ်သွားခဲ့ကြောင်း၊ ခင်မောင်ရင်၊ ဘညွန့်၊ မှုန်ကြီးနှင့် မောင်နီတို့က ကူညီကြပုံကို တင်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ် ဦးဘချို၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန် စော်ဘွားကြီး၊ မစ္စတာရာဇတ်၊ အတွင်းဝန် ဦးအုန်းမောင်၊ သက်တော်စောင့် မောင်ထွေးတို့ကို ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီအချိန် အမှုဆောင် အစည်းအဝေးလုပ်နေစဉ် မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်၊ မောင်စိန်တို့ ဝင်ရောက်လာပြီး သေနတ်ဖြင့် ပစ်သတ်သည်။ လုပ်ကြံမှုတွင် တရားသူကြီးများက အောက်ပါအတိုင်း စီရင်ချက်ချလေသည်။

စီရင်ချက်မှာ အင်္ဂလိပ်ဘာသာဖြင့် လက်နှိပ်စက်နှင့် စာမျက်နှာ ၈၄ မျက်နှာမျှရှိ၍ ဦးကျော်မြင့် ဥက္ကဋ္ဌက နံနက် ၁၀ နာရီ ၄၀ မိနစ်တွင် ဖတ်ကြားရာ ၁၂ နာရီ ၅၅ မိနစ်မှ ပြီးစီးလေသည်။

ဥက္ကဋ္ဌက အယူခံ ဝင်ရောက်လိုက ၇ ရက်အတွင်း အယူခံ ဝင်ရမည်ဟု မိန့်ကြားလိုက်လေသည်။

## စီရင်ချက် အကျဉ်းချုပ် ဖော်ပြရလျှင်

ဘညွှန့်၏ ဖြောင့်ချက်သည် ပုလိပ်ညှဉ်းပန်း၍ ထွက်ဆိုရခြင်း မတွေ့ရချေ။

၄င်း၏ ထွက်ဆိုချက်များသည် ပုလိပ်ထံထွက်ဆိုချက်များနှင့်လည်း အကြီးအကျယ် ကွဲလွဲချက် မတွေ့ရချေ။

၄င်းပြင် လုပ်ကြံမှု၌ပါဝင်သော တရားခံများနှင့် ပထမတရားခံ ဦးစောတို့သည် ထိုပြစ်မှုကြံစည်ခဲ့ပုံတို့ကို သက်သေခံချက် အသီးသီးအရလည်းကောင်း၊ ဦးစောကိုယ်တိုင် ကျမ်းကိုင်ပြီး ထွက်ဆိုသွားသော အချက်များအရ လည်းကောင်း၊ ဦးစောသည် ဘညွှန့်တို့နှင့် လုပ်ကြံမှုပြုလုပ်ရန် တိုင်ပင်ကြံစည်ခဲ့ကြောင်း ဆက်စပ်လို့ရပါသည်။ စုံထောက်များက တရားခံ ဦးစော၏အိမ် အဝင်အထွက်ကို စောင့်ကြည့်နေကြပြီး ဇူလိုင် ၁၉ ရက်က ထွက်ကြဝင်ကြသော ကားနံပါတ်များကို မှတ်ယူထားကြောင်း၊ ၄င်းနံပါတ်များတွင် အတွင်းဝန်ရုံးကြီးမှ သေနတ်သံကြားရပြီး ထွက်လာသော ဂျစ်ကားအာရ်စီ ၁၉၁၄ နံပါတ်လည်း ပါရှိကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် သက်သေ မောင်စိန်မောင်က မှတ်ယူလိုက်သည့် နံပါတ်သည် ယုံကြည်ဖွယ်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာခန်းကလည်း ဦးစော၏အိမ်အတွင်းသို့ အဝင်အထွက်များကို ဂရုစိုက်၍ကြည့်မိသည့်ပြင် ဇူလိုင်လ ၁၉ ရက်နေ့ နံနက်က မသက်ာစရာ ကောင်းသော ဂျစ်ကားတစ်စီး အရေးတကြီးဝင်လာပုံနှင့် ပြည်လမ်းဘက်မှ ဦးစောအိမ်ဘက်သို့ ကြည့်ရှုမိပုံ၊ ဘောင်းဘီတို့အနက်၊ ရှပ်လက်တိုနှင့် ဦးစောကို အခြားတရားခံများနှင့် တွေ့မြင်ရပုံတို့ကို မသင်္ကာဖြစ်လာပြီး ဦးထွန်းလှအောင်ထံ သတင်းပေးပို့လို့သာ ဦးစောအိမ်ကို လုပ်ကြံမှုကြီး ဖြစ်ပွားပြီး နာရီအနည်းငယ်အတွင်း ဝိုင်း၍ရှာဖွေ ဖမ်းဆီးနိုင်ခဲ့သည်။ လုပ်ကြံမှု၌ အသုံးပြုသော တော်မီဂန်း ၄ လက်၊ စတင်း ၁ လက်ကိုလည်း ဦးစော၏ ဘုရားကျောင်းဆောင်အောက် ရေထဲကရရှိခဲ့ကြောင်း၊ သို့ဖြစ်၍ အစိုးရသက်သေ ဘညွန့်၏ ထွက်ဆိုချက်မှာ မယုံကြည်စရာ၊ အားမထားစရာ အကြောင်းမရှိပေ။

## စတင်ကြံစည်ပုံ

ရန်ကြီးအောင်၊ သခု၊ မောင်နီတို့၏ ဖြောင့်ဆိုချက်များတွင် လုပ်ကြံမှုကြီးကို စတင်ကြံစည်ပုံမှာ ဉာဏ်ကြီးရှင် ဦးစောဖြစ်ကြောင်း အစရှိသည် တို့ကို ပုလိပ်က မညှဉ်းဆဲဘဲနှင့် သူ့အလိုအလျောက်ပေးခဲ့ကြသည်ဟု ယုံကြည်သည်။

ရန်ကြီးအောင်က ဝန်ကြီးများ ပစ်ခတ်ပြီးနောက် ခြောက်လုံးပြူးနှင့် လူတစ်ယောက်ကိုပင် အပြင်ဘက်တွင် ပစ်သတ်ခဲ့ပါသေးသည်။

ခင်မောင်ရင်က ဦးစော၏အမိန့်နှင့် ဆောင်ရွက်ပုံများ၊ မေဂျာယန်း ဆိုသူထံမှ သေနတ်များ ဝယ်ယူရပုံတို့ကို ဖြောင့်ချက်ပေးထားသည်။ မေဂျာ လန်း(စ်)ဒေလား ဆိုသူထံမှလည်း လက်နက်များရရှိပုံ၊ ဦးစောက သူ့အား 'စတင်ရှင်ဂွန်း' ကားတစ်စီးကို အခိုးခိုင်းပုံတို့ကိုလည်း ထည့်သွင်းဖော်ပြ သည်။ ခင်မောင်ရင်က ဟုတ်မှန်သည့်အတိုင်း အားလုံးထွက်ဆိုခဲ့ပါသည်။

အထက်ပါ ဖြောင့်ချက်များကို ထောက်ထားပြီးလျှင် တရားခံများ အပေါ်၌ အပြစ်ရှိ မရှိ ဆင်ခြင်ရပေမည်။

(၁) တရားခံမောင်စိုးသည် ဇူလိုင်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီနှင့် ၁၁ နာရီကြားမှာ ပထမတရားခံ ဦးစောအိမ်၌ရှိနေကြောင်း သက်သေ ထွက်ချက်ရှိသည်။ ၄င်းမောင်စိုးသည်ပင် ပစ်သတ်ရန် ရုံးတော်သို့တက်လာ

www.burmeseclassic.com

www.burmeseclassic.com



စဉ် ဦးထင်ပေါ်က သူ့မျက်နှာကို ထူးထူးခြားခြား မှတ်မိခဲ့ကြောင်း၊ မောင်စိုးသည် လုပ်ကြံမှုကြီး ပြီးစီး၍ ပြန်လာသောအခါ ဦးစောနှင့်အတူ အိမ်ထဲ၌ အောင်ပွဲပြုလုပ်ခဲ့လေသည်။

ဗိုလ်ချုပ်အခန်းအတွင်းသို့ မောင်စိုးအတင်းဝင်ခဲ့ကြောင်း မင်းစေမောင်သောင်းစိန်က ထွက်ဆိုခဲ့၏။

မောင်စိုးက ရုံးတော်သို့ လျှောက်ထားသည်မှာ-

ဖြောင့်ချက်ပေးသော တရားခံများသည် ပုလိပ်က ညှဉ်းပန်းလို့ ပေးခဲ့ရသည်။ မိမိအားလည်း ညှဉ်းပန်းကြောင်း၊ သို့သော် သည်းခံခဲ့ကြောင်း၊ ၎င်းတို့၏ ထွက်ဆိုချက်များသည် ပုလိပ်က ထွက်ခိုင်းသည့်အတိုင်း ဖြစ်သည်ဟု ဆို၏။

သို့သော် ပုလိပ်ကညှဉ်းပန်းသည်ဆိုသော တိုင်ချက်ကို လျှောက်လွှာနှင့် တိုင်ကြားခြင်းမရှိကြောင်း၊ ထို့ကြောင့် မောင်စိုးသည် သူ့အပေါ်၌ စွဲချက်တင်ထားသည့် ပြစ်မှုကို ကျူးလွန်သည်မှာ ထင်ရှားသည်။

(၂) သက်နှင်းသည်လည်း အထက်ပါအကြောင်းများကို ထောက်ထားလျက် ၎င်းအပေါ် စွဲချက်တင်ထားသော ပြစ်မှုကျူးလွန်ခဲ့သည်မှာ ထင်ရှားလေသည်။

(၃) မောင်စိန်ခေါ်စိန်ကြီးက ယခုပြစ်မှုကို မကျူးလွန်ကြောင်း ငြင်းဆိုသည်။ ရှေ့နေလည်း မခေါ်ခဲ့ကြောင်း၊ ၎င်းက အားလုံးကို ဖြောင့်ချက်ပေးရာ အသက်ကြီးပြီး လူ့အကြောင်း နားလည်သူဖြစ်ရာ တာဝန်မဲ့ခြင်း မဖြစ်တန်ရာ၊ တရာခံစိန်ကြီးသည်လည်း ၎င်းအပေါ်၌ စွဲဆိုထားသော စွဲချက်အတိုင်း ပြစ်မှုထင်ရှားသည်။

(၄) ရန်ကြီးအောင်ကို မောင်စိုး၊ သက်နှင်း၊ သုခ၊ မောင်စိန်တို့နှင့်အတူ ဂျစ်ကားနှင့် အတွင်းဝန်ရုံးကြီး၌ မြင်ရသည်ဟု တရားခံမောင်စိန် ဖြောင့်ချက်ပေးထားသည်။

ဘညွန့်ကလည်း ရန်ကြီးအောင်ကို ထိုနေ့နက်နက်က ဦးစောအိမ်၌ "အောင်ပြီ အောင်ပြီ" လို့ အော်နေသူများနှင့် အတူတူတွေ့ရကြောင်း ထွက်ဆိုသည်။ သတင်းထောက်မောင်သန့်က ရန်ကြီးအောင်က မောင်ဗွေးကို ပစ်လိုက်သည်ကို မြင်လိုက်ကြောင်း၊ ဦးထင်ပေါ်ကလည်း ရန်ကြီးအောင်ကို

www.burmeseclassic.com

www.burmeseclassic.com



အတွင်းဝန်ရုံးပေါ်၌ အခြားသေနတ်ကိုင် လူသုံးယောက်နှင့် အတူသွားပုံကို မြင်ရကြောင်း ထွက်ဆိုသွားသည်။

၄င်းတို့၏ ထွက်ချက်ကို မယုံကြည်စရာ မရှိပေ။ တရားခံ ရန်ကြီးအောင်က ပြစ်မှု မကျူးလွန်ကြောင်းနှင့် ထုချေသည်။ သို့သော် သူက ဖြောင့်ချက်ပေးခဲ့လေသည်။

နောက်မှ ဖြောင့်ချက်ကို ရုပ်သိမ်းကြောင်း၊ ၄င်း၏ ဖြောင့်ချက်အရ ဦးစောအိမ်ထဲမှ သက်သေခံ ပစ္စည်းများ ရရှိခဲ့ကြောင်း၊ သို့ဖြစ်၍ တရားခံသည် စွဲဆိုထားသည့်အတိုင်း ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသည်။

(၅) ဦးစောကား ဇူလိုင်လ ၁၇ ရက်နေ့တွင် ခင်မောင်ရင်ကို အတွင်းဝန်ရုံး၌ အမှုဆောင် အစည်းအဝေး ရှိ မရှိ စုံစမ်းစေခဲ့သူဖြစ်သည်။ ဇူလိုင်လ ၁၈ ရက်နေ့တွင် ဦးစောသည် တရားခံများအား ဗိုလ်ချုပ်ကို သတ်ရန် စေခိုင်းခဲ့သူ ဖြစ်သည်။

ဦးစောသည် ဘညွန့်အားလည်း သခင်နုကို သတ်ပစ်ရန် စေခိုင်းသူ ဖြစ်သည်။

ဦးစောသည် ယခုအမှုကြီးနှင့် အဘယ်မျှ ပတ်သက်ပါဝင်သည်ကို ဆန်းစစ်ရသော် ၄င်း၏အိမ်၌ လူအများနေထိုင်ကြပုံကို လည်းကောင်း၊ ခင်မောင်ရင်၏ မိန်းမ မခင်လေး၊ မောင်စိုး၊ သက်နှင်း၊ မောင်စိန်၊ သုခ၊ ရန်ကြီးအောင်၊ မောင်နီ၊ မှုန်ကြီး၊ ဘညွန့်၊ မောင်ရိန်ကလေး၊ မောင်ရိန်ကြီး၊ တင်ရွှေစသည်တို့ နေကြသည်။

၄င်း၏အိမ်၌ ထိုမျှများပြားသော လူစုကို ပုလိပ်တို့ ဝိုင်းစဉ်က ဖမ်းဆီးရမိခဲ့ခြင်းမှာလည်း မစ္စတာခန်း၏ သတင်းပေးချက်က မြန်ဆန်၍ပင် ဖြစ်၏။

## ရေကန်ထဲမှ သေနတ်

ဦးစောအိမ် ရေကန်ထဲမှ သေနတ်များ၊ ယမ်းတောင့်များစွာ ရှာဖွေရရှိခဲ့သည်။

ဂျစ်ကားနှင့် ဖို့ဆင်ထရပ်ကားတို့ကို ၄င်းတို့အိမ်မှာပင် တွေ့ရသည်။ နံပါတ်လိပ်တပ်ထားသော ကားနံပါတ်ပြားများကိုလည်း ၄င်း၏ အိမ်မနီးမဝေးရှိ ရေကန်ထဲမှ ရှာဖွေတွေ့ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ငွင်းနံပါတ်ပြားများကို ခင်မောင်ရင်က ဆေးနှင့်ရေးခဲ့ကြောင်း၊ ငွင်းသံပြားကိုလည်း စိန်အေးအား ဦးစောက ဖောက်ခိုင်းကြောင်း ထွက်ဆို သွားသည်။

ဦးစောကလည်း စိန်အေးသည် သူ၏အိမ်သို့လာပြီး ဂျစ်ကားဘော်ဒီ အဖောက်ခိုင်းကြောင်း ဖြောင့်ဆိုသည်။

တရားခံမောင်စိန်ကလည်း ၁၂ နံပါတ်တပ် စစ်တံဆိပ်များကို မီးရှို့ခဲ့ ရကြောင်း၊ ငွင်းတံဆိပ်များကိုလည်း မိမိဝယ်ယူခဲ့ကြောင်း ထွက်ဆို၏။

ခင်မောင်ရင်၏ ဖြောင့်ချက်၌ တော်မီဂန်း၊ စတင်းဂန်းတို့ကို မေဂျာယန်း ထံမှ ဦးစောဝယ်ယူရရှိသည်ဆို၏။ ထိုစကားမှန်သည်ဆိုလျှင် ဦးစောသည် အဆိုပါ စစ်ဗိုလ်ထံမှ စုဆောင်းရရှိခဲ့သည်ဟု ယူဆရမည်။

စုံထောက်ကျော်စိန်က ဦးစောသည် ဖို့ဆင်ထရပ်ကားသို့လာပြီး လူတစ်ယောက်အား စာပေးသည်ဆိုသော ထွက်ချက်အရ ဦးစောသည် ဤအမှုကြီး၌ တိုက်ရိုက်ပတ်သက် ဆက်သွယ်နေသည်မှာ ထင်ရှားကြောင်း၊ ဗိုလ်ချုပ်တို့ကို သတ်သွားသူ လေးဦးသည် ဦးစောအိမ်မှာ နေသွားသူများ ဖြစ်၍ အသုံးပြုသော ဖို့ဆင်ထရပ်ကားနှင့် ဂျစ်ကားတို့သည်လည်း ဦးစော ကားများဖြစ်သည်။ လုပ်ကြံမှု၌ အသုံးပြုသော သေနတ်ငါးလက်ကိုလည်း ဦးစော၏ ဘုရားကျောင်းဆောင်အနီး ရေထဲမှ ရရှိကြောင်း၊ ၁၂ နံပါတ် တပ်မတော်တံဆိပ် အစတစ်စကိုလည်း ဦးစော၏ မီးဖိုထဲမှ ရရှိခဲ့ပြန်သည်။

ဦးစောက ထိုနေ့တုန်းက မကျန်းမာဘူးဆိုသော ဆင်ခြေမှာလည်း မထနိုင်လောက်အောင် မမာသည်မဟုတ်ကြောင်း၊ ဘညွန့်နှင့် ရန်ကြီးအောင် တို့က ပြည်သိမ်းစီမံကိန်း စာတမ်းနှစ်စောင်အကြောင်းကို ဦးစောက ထွက်ဆို သွားကြောင်း၊ သို့သော် စုံထောက်ဘက်က ဖမ်းဆီးသောစာရင်းတွင် အဆိုပါ စာတမ်းများ မတွေ့ရကြောင်း၊ ရန်ကြီးနောင်၏ လက်မှတ်နှင့် စာနှစ်စောင် ကိုသာ တွေ့ရှိရပါသည်။ ဘညွန့်ကို သုံးကြိမ်တိုင်တိုင် သက်သေခန်း၌ အစစ်ခံသွားသော်လည်း ဦးစောသည် အဆိုပါ ပြည်သိမ်းစီမံကိန်းနှင့် ပတ်သက်၍ တစ်လုံးမျှ မေးမြန်းခြင်း မပြုခဲ့ပါ။

သို့ဖြစ်၍ တရားခံဦးစောသည် ယခုအမှုကြီး၌ ကူညီပေးခဲ့ကြောင်း ထင်ရှားနေပြီဖြစ်၍ ၃၀၂-၁၀၉ အတိုင်း အပြစ်ပေးနိုင်သော ကူညီအားပေး မှု အပြစ်ကျူး လွန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ကူညီအားပေးသူများ

(၆) သုခ၊ (၇) ခင်မောင်ရင်၊ (၈) မောင်နီတို့သည် လုပ်ကြံမှု၌ ကူညီအားပေးသူများဖြစ်၍ ဦးစောကဲ့သို့ပင် ပြစ်မှုကျူးလွန်ခဲ့ကြလေသည်။ (၉) မှုန်ကြီးသည် လုပ်ကြံမှု၌ ကူညီအားပေးသည်သာမက ပုလိပ်များ ဦးစောအိမ်ကို ဝိုင်းစဉ်က သေနတ်ပစ်ဖောက် ခုခံသေးကြောင်း၊ မှုန်ကြီးကို တရားခံဦးစောက ယုံကြည်ခြင်းမှာ ညစောင့်အဖြစ်ထားခြင်းသည် ထင်ရှားသည်။ သို့အတွက် မှုန်ကြီးသည်လည်း ယခုအမှုကြီး၌ အားပေးကူညီနေသည်မှာ ထင်ရှားသည်။

## ပြစ်မှုနှစ်ခု

သို့ဖြစ်၍ တရားခံ ကိုးဦးအား အောက်ပါအတိုင်း အပြစ်ဒဏ်အသီးသီး ပေးလိုက်သည်။

၁။ မောင်စိုးအား ဗိုလ်ချုပ်အောင်ဆန်းနှင့် မန်းဘခိုင်တို့ကို သတ်သည့်အတွက် ပုဒ်မ ၃၀၂ (၁) (ခ) ၃၄ အရ ပြစ်မှု နှစ်ခု ကျူးလွန်သူ ဖြစ်၍ လည်ပင်းကြိုးကွင်းတင်၍ အသေသတ်စေ။

၂။ သက်နှင်းအားလည်း အထက်ပါအတိုင်း ပြစ်မှု နှစ်ခုကျူးလွန်၍ လည်ပင်းကြိုးကွင်းတင်၍ အသေသတ်စေ။

၃။ မောင်စိန်အား ဝန်ကြီးမန်းဘခိုင်ကို သေအောင် သတ်ခဲ့သူဖြစ်၍ လူသတ်မှု ပုဒ်မ ၃၀၂ (၁) (ခ) ၃၄ အရ လည်ပင်းကြိုးကွင်းတင်၍ အသေသတ်စေ။

၄။ ရန်ကြီးအောင်မှာ အသက် ၁၆ နှစ်ရှိသည်ဟု သူ့အဖေက ဓာတာကို အသစ်ဖွဲ့ပြီး တင်ပြသည်။ ဆရာဝန်က ၎င်းကို စစ်ဆေးသောအခါ ၁၇ နှစ်နှင့် ၁၉ နှစ်အကြား ရှိလိမ့်မည်။ ၁၈ နှစ်လောက်ရှိမည်ထင်ရကြောင်း ထင်မြင်ချက်ပေးသည်။ သို့သော် ရန်ကြီးအောင်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် သက်တော်စောင့် ကိုထွေးနှစ်ယောက်ကို သတ်ဖြတ်မှုနှင့် ပုဒ်မ ၃၀၂ (၁) (ခ) ၃၄ အရ လည်ပင်းကြိုးကွင်းတင်၍ အသေသတ်စေ။

၅။ ပါဝင်ကူညီသူများဖြစ်သည့်-

(၅) ပထမ တရားခံ ဦးစောနှင့် (၆) သုခတို့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် မန်းဘခိုင်တို့ကိုသတ်ရန် ပါဝင်ကူညီသူများဖြစ်၍ လူသတ်မှု

www.burmeseclassic.com

www.burmeseclassic.com



ပုဒ်မ ၃၀၂ (၁) (ခ) ၁၀၉အရ၊ ပြစ်မှုကျူးလွန်သူများ အားပေးသော ပြစ်ဒဏ်အတိုင်း လည်ပင်းကြိုးကွင်းတင်၍ အသေသတ်စေ။

(၇) ခင်မောင်ရင်၊ (၈) မောင်နီ၊ (၉) မှုန်ကြီးတို့အား ပုဒ်မ ၃၀၂(၁) (ခ)၁၀၉ အရ၊ ပြစ်မှု၌ ကူညီအားပေးမှုဖြင့် လည်ပင်းကြိုးတင်၍ အသေသတ်စေဟု အင်္ဂလိပ်ဘာသာဖြင့် ဖတ်ပြ၍ စီရင်ချက်ချ၏။

ခုံအဖွဲ့ဝင် တရားသူကြီး ဦးအောင်သာကျော်က တရားခံများအား တစ်ဦးစီပေးအပ်သည့် ပြစ်ဒဏ်ကို ဗမာလိုပြောပြ၏။

ဘည္ဆုန့်သည် အပြစ်မရှိသဖြင့် တရားရှင်လွှတ်လိုက်၏။

**အယူခံမှုတွင် ဆောင်ရွက်သော ပုဂ္ဂိုလ်များ**

၁။ ဦးစံမောင် (တရားဝန်ကြီး)
၂။ ဦးဗိုလ်ကြီး (တရားဝန်ကြီး)
၃။ ဦးအုန်းဖေ (တရားဝန်ကြီး)
၄။ ဦးချန်ထွန်း (အစိုးရရှေ့နေချုပ်ကြီး)

တရားခံဘက်မှ လိုက်ပါဆောင်ရွက်သော ဝတ်လုံများ

၁။ မစ္စတာဟက်ဗောက် (ဆရာစံအမှုတွင် ဆရာစံအား အပြစ်ရအောင် ဆောင်ရွက်သောဝတ်လုံ ယခု အမှုတွင် ဦးစောအား အပြစ်လွတ်အောင် ဆောင်ရွက်ရသော ဝတ်လုံ)

၂။ မစ္စတာဒန်နီယာယ်
၃။ ဦးကြာခိုင်
၄။ ဦးစောလှဖြူ

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဦးစောနှင့်ကြံရာပါများ ကြိုးဒဏ် ခံယူကြပြီ

(၇) ရက်အတွင်း အယူခံလိုပါက အယူခံကြပါဟု အမိန့်ချမှတ်ခြင်း

ဥပမာအရ မှန်ကန်ရလေအောင် ကြိုးဒဏ်ပေးသည်ဟု စီရင်ချက်တွင် ရေးသားဖော်ပြခြင်း။

## ကြိုးဒဏ် ခံယူကြစေ

ခုံသမာဓိ ရုံးတော်ဥက္ကဋ္ဌ ဦးကျော်မြင့်သည် စာမျက်နှာ ၈၄ မျက်နှာရှိသော စီရင်ချက်ကို ၁၀ နာရီ မိနစ် ၄၀ မှာ ၁၂ နာရီ ၅၅ မိနစ်အထိ ၂ နာရီ ၁၅ မိနစ်ကြာအောင် တမောကြီး ဖတ်ပြီးလျှင် အောက်ပါအတိုင်း တရားခံများအား မသေမချင်း ကြိုးပေးသတ်ရန် စီရင်ချက်ချမှတ်တော့ကြောင်း။

၁။ **ဦးစော**။ ။ ရာဇသတ်ပုဒ်မ ၃၀၂ (၁) ခ-၁၀၉ အရ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီး မန်းဘခိုင်အား တရားခံ မောင်စိုး၊ တရားခံသက်နှင်း၊ တရားခံစိန်ကြီး (ခ) မောင်စိန်နှင့် တရားခံ ရန်ကြီးအောင် တို့က သွားရောက်သတ်ဖြတ်ရာတွင် ကူညီအားပေးခြင်း၊ သတ်ဖြတ်ရန် ကြံစည်ခြင်းတို့ကြောင့် စွဲချက်တင်ထားသော ပုဒ်မအတိုင်း မသေမချင်း ကြိုးဒဏ်ခံစေရမည်။

၂။ **တရားခံသုခ**။ ။ ရာဇသတ်ပုဒ်မ ၃၀၂ (၁) ခ-၁-၉ အရ ဦးစောကဲ့သို့ မသေမချင်း ကြိုးဒဏ်ခံ ယူရမည်။

၃။ **တရားခံခင်မောင်ရင်**။ ။ရာဇသတ်ပုဒ်မ ၃၀၂(၂၁) ခ-၁၀၉ အရ ကြိုးဒဏ်ခံစေရမည်။

၄။ **တရားခံမောင်နီ**။ ။ ရာဇသတ်ပုဒ်မ ၃၀၂(၁) ခ-၁၀၉ အရ ကြိုးဒဏ်ခံစေရမည်။

၅။ **တရားခံမှန်ကြီး**။ ။ ရာဇသတ်ပုဒ်မ ၃၀၂ (၁) ခ-၁၀၉ အရ ကြိုးဒဏ်ခံစေရမည်။

၆။ **တရားခံမောင်စိုး**။ ။ ရာဇသတ်ပုဒ်မ ၃၀၂ (၁)၃၄ အရ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီးမန်းဘခိုင်အား

www.burmeseclassic.com

www.burmeseclassic.com



ကာယကံမြောက် သတ်ဖြတ်သူများ ဖြစ်သဖြင့် စွဲချက် ၂ ခုနှင့် မသေမချင်း ကြိုးဒဏ်ခံရမည်။

၇။ **တရားခံသက်နှင်း။** ။ ရာဇသတ်ပုဒ်မ ၃၀၂ (၁) ၃၄ အရ မောင်စိုး၏ ပြစ်ဒဏ်အတိုင်း မသေမချင်း ကြိုးဒဏ် ခံရမည်။

၈။ **တရားခံ မောင်စိန်။** ။ ရာဇသတ်ပုဒ်မ ၃၀၂ (၁)ခ-

**(ခ) စိန်ကြီး။** ။ ၃၄အရ မသေမချင်း ကြိုးဒဏ်ခံရမည်။

၉။ **တရားခံ ရန်ကြီးအောင်။** ။ရာဇသတ်ပုဒ်မ ၃၀၂ (၁) ခ-၃၄ အရ ပြစ်ဒဏ်ရှိသည်။ သူ့အသက် ငယ်သည်ဟု သူ၏ ဖခင်လုပ်သူက ဓာတာ တင်ပြခဲ့သည်။

၄င်းဓာတာမှာ ယခုအမှုအတွက် လုပ်လာ ကြောင်း ထင်ရှား နေသည်။ ၄င်းတို့အဆိုမှာ ၁၆နှစ်မပြည့်ဟု ပြကြ သော်လည်း ဆရာဝန်၏ ထွက်ဆိုချက်မှာ ၁၈ နှစ်ရှိပြီ ဖြစ်သည်။ ရုံးတော်က လက်ခံသဖြင့် တရားခံ ရန်ကြီးအောင်သည် မသေမချင်း ကြိုးဒဏ်ခံယူရ မည်ဟု ချမှတ်သည်။

## ရှားပါရေစေ ခင်ဗျား

ထိုနေ့အဖို့ အစောင့်များသည် ထောင်အဝင်ဝနှင့် ခုံသမာဓိ ရုံးတော် ရှိရာ ထောင်တွင်း၌လည်း 'ရှာပါရစေခင်ဗျာ' ဟု ပြောဆိုကာ တစ်ကိုယ် လုံး အနှံ့အပြားပင်။ တရားခံ မောင်စိုး၊ တရားခံ သက်နှင်း၊ တရားခံ ရန်ကြီးအောင်နှင့် တရားခံ မှုကြီးတို့သည် စောစောစီးစီးပင် ရောက်နှင့်နေ ကြသည်။

## လူများပါ့မယ် မောင်တို့

တရားခံမောင်စိုးတို့ လူစုထားရာ ဝက်ခြံထဲမှာ အသံတစ်သံ ထွက် ပေါ်လာခဲ့သည်။ ထိုအသံကား သက်နှင်း၏အသံပင် ဖြစ်၏။ သက်နှင်းက သည်ကနေ့တော့ စီရင်ချက်ချတော့မည်။ လွတ်တဲ့လူတွေအထဲမှာ ကျွန်တော် တို့ နာမည်တွေများပါကုန်ပါ့မယ် ဆရာတို့ဟု သတင်းစာ ဆရာများအား ပြောသော်လည်း ၄င်းတို့၏ မျက်နှာမှာ ရွှင်ရွှင်ပျပျ မရှိလှပေ။ ခုံသမာဓိ ရုံးတော်တွင် ဆူဆူညံညံ စကားပြောသည်ကို မတွေ့ရပေ။ အပေါ်လေး ဘိတ်ဆိတ်သည့်အခြေကို ဆောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မည်မျှစစ်ခဲ့သနည်း

ခုံသမာဓိ ရုံးတော်သည် ယနေ့အထိ ၃၇ ကြိမ်တိတိ ထိုင်ခဲ့ရသည်။ အစိုးရ သက်သေပေါင်း ၇၇ ယောက်စပ်၍ တရားခံပြ သက်သေ ၃၀ ကို စစ်ဆေးရသည်။ နောက်ဆုံး စီရင်ချက်ချမည့်နေ့တွင် ရုံးတော်က ရန်ကြီးအောင်အား အသက်စစ်ဆေးရန် ဆရာဝန်တစ်ဦးကိုခေါ်၍ စစ်ဆေးရသေးသည်။ စီရင်ချက်သည် စာမျက်နှာ နံပါတ်ပေါင်း ၈၄ မျက်နှာရှိသည် အလွန်ရှည်လျားသည်။

## ဦးစောရောက်လာမှု

ပထမ တရားခံ ဦးစောသည် ၉ နာရီ ၅၀ မိနစ်အချိန် ရုံးတော်သို့ ရောက်ရှိလာသည်။ ဦးစောသည် ဖတ်ဖူးရောင် ဘန်ကောင် လုံချည်နှင့် မီးခိုးရောင် သင်္ကလတ်အင်္ကျီ ဝတ်ဆင်ထားသည်။ သူလာတိုင်း လက်ထဲတွင် သတင်းစာတစ်စောင် ကိုင်ဆောင်လာလေ့ရှိသည်။ ဦးစောရောက်လာပြီး တရားခံ မောင်စိုး၊ သက်နှင်းတို့နှင့် စကားပြောသည်ကို တွေ့ရ၏။ မောင်စိုး၊ သက်နှင်းတို့မှာ အတော်ပင် အားတက်ဟန်ပြုံးကြသေးသည်။

## ဗာတားနစ်နှင့် ဦးစံဝင်းတို့ကော

ဦးစောသည် တရားခံများထားရာ ဝက်ခြံနောက်တွင်ရှိသော ရှေ့နေ ဦးသိန်းကျော်အား ဦးစံဝင်းနှင့် ဗာတားနစ်တို့ကောဗျဟု မေးသည်။ အသံကား မကျယ်လှချေ။ ဦးသိန်းကျော်က သူတို့နောက်မှ လာကြလိမ့်မည်ဟု ပြန်ပြောလိုက်ရာ 'သူတို့လာချင်မှ လာကြမှာပါဗျာ'ဟု ညည်းလိုက်သေးသည်။

တရားဌာနအတွင်းဝန် မင်္ဂလာဦးသည် ထောင်တွင်းထောင်ပြင် ပြင်ဆင်မှုများကို ကိုယ်တိုင်ကြီးကြပ် ပြင်ဆင်သည်။

သူသည် ၉ နာရီ မထိုးမီကပင် ရောက်ရှိလျက် ရှိသည်။

ပြည်သူ့ဆက်ဆံရေး ဌာနမှ ဓာတ်ပုံဆရာများလည်း ဓာတ်ပုံတပြင်ပြင်နှင့် ရှိကြသည်။ ထိုအချိန်တွင်-

www.burmeseclassic.com

www.burmeseclassic.com



## အော်ဒါဟူသော အသံ

အော်ဒါဟူသော အသံထွက်ပေါ်လာသဖြင့် တရားဝန်ကြီးများ စုံညီကြတော့သည်။

အချိန်ကား ၁၀ နာရီ ၂၅ မိနစ်ရှိလေပြီ။ ဦးကျော်မြင့်က ဦးသိန်းကျော်ဘယ်မှာလဲဟု မေးသည်။ အစိုးရရှေ့နေကြီး ဦးမြသိန်းက ခေါင်းပေါင်းမပါလို့ ရှေ့မှာ လာမထိုင်တာပါဟု ပြောသည်။ ဦးကျော်မြင့်က ကိစ္စမရှိပါဘူး ခေါ်လိုက်ပါဟု အမိန့်ပေးသည်။

**ဦးကျော်မြင့်။** ။ ရန်ကြီးအောင်အသက် စစ်ဆေးရန် သက်သေရှိပါသလား။

**ဦးသိန်းကျော်။** ။ ရှိပါသည်ပြော၍ သွားရှာတော့သည်။

**ဦးကျော်မြင့်။** ။ ခေါ်လိုက်ပါဟု ပြောသည်။ သက်သေ ဆရာဝန် ဦးထွန်းဝင်းသည် ရန်ကြီးအောင်အား အခန်းတစ်ခုထဲတွင် အသက်စစ်ဆေးတော့သည်။

၄င်းနောက် သက်သေဆရာဝန်ကြီး ဦးထွန်းဝင်းက သက်သေခန်းသို့ဝင်လာပြီး ရန်ကြီးအောင်သည် အသက် ၁၇ နှစ်နှင့် ၁၉ နှစ်ကြားတွင်ရှိသည်ဟု ယူဆသည်။ သို့သော် ၁၈ နှစ်ရှိလိမ့်မည်ဟု ထင်ပါသည်။ ညာဘက်အံဆုံးပေါက်နေပြီး အင်္ဂါစပ်အစိတ်အပိုင်းများ ကြီးထွားနေပါပြီဟု ထွက်ဆိုသည်။

**ဦးအောင်ကျော်။** ။ ဦးသိန်းကျော် မေးစရာရှိလား။

**ဦးသိန်းကျော်။** ။ မေးစရာ မရှိပါဘူး။

ထိုအချိန်တွင် ၁၀ နာရီ မိနစ် ၄၀ ရှိပြီး ထောင်တစ်ခုလုံးမှာ အထူးပင်ငြိမ်သက်လျက်ရှိ၏။

ဦးသိန်းကျော် ခေါ်ထားသော သက်သေလည်း ပေါ်မလာတော့ချေ။ ဆရာဝန်၏ ထွက်ချက်အတိုင်းသာ လက်ခံလိုက်လေသည်။

## အမိန့်ချတော့မည်

ဥက္ကဋ္ဌဦးကျော်မြင့်က ကိုင်း အမိန့်ချမှတ်မည်။ နားထောင်ကြဟုဆိုကာ ဇူလိုင် ၁၉ ရက်နေ့ နံနက် ၉ နာရီခွဲ အချိန်ကစ၍ ဗိုလ်ချုပ်တို့အားလုပ်ကြံသည့် အမှုကြီးကို သက်သေထွက်ဆိုချက် အထောက်အထားများကို

www.burmeseclassic.com

www.burmeseclassic.com



ပါ ဖတ်ရကြားသည်။ ဦးစောနှင့် ပတ်သက်၍ လုပ်ကြံမှုတွင် ဦးစောသာ လျှင် ပထမကြိုးကိုင်သူ၊ အကြံကိုစတင်ကြံသူ၊ လူသတ်မှုဖြစ်အောင် အားပေး သူဖြစ်သဖြင့် အပြစ်ရှိသည်ဟု စီရင်ချက်ချသည်။

## ဦးစောအပြစ်ရှိပြီ တခြားလူတွေကကော

ပထမတရားခံ ဦးစောအပြစ်ရှိသည်ဟု စီရင်ချက်ကို ဖတ်ကြားလိုက် ပြီးနောက် တရားခံမောင်စိုး၊ တရားခံသက်နှင်း၊ တရားခံစိန်ကြီး၊ တရားခံ ရန်ကြီးအောင်၊ တရားခံသုခ၊ တရားခံမောင်မောင်ရင်၊ တရားခံမောင်နီ (ခ) ဂနီနှင့် တရားခံမှူးကြီးတို့အကြောင်းနှင့် ပတ်သက်၍ တစ်ဦးစီတစ်ဦး စီတို့၏ အပေါ်တွင် အပြစ်ရှိကြသည်။ ၄င်းတို့အား ဦးစောက ကိုယ့်တာဝန် ကိုယ်ကျေရန် အမိန့်ပေးထားသည်မှာ သက်သေထွက်ချက်များအရ ထင်ရှား နေသည်။ ၄င်းတို့အပြစ်မရှိကြောင်း ပြောကြသော်လည်း ကိုယ်လွတ်ရုန်းခြင်း မျှသာ ဖြစ်သည်။

## ဦးစောက ပြုံးလျက်ပင်

ဥက္ကဋ္ဌတရားသူကြီး ဦးကျော်မြင့်က တရားခံတစ်ဦးစီ တစ်ဦးစီအပေါ် တွင် အပြစ်ရှိသည်ဟု ဖတ်ပြနေစဉ် ဦးစောမှာ ပြုံးလျက်ပင် ရှိသေးသည်။

ဦးကျော်မြင့်က အပြစ်ပေးမည်ဆိုလျှင် တရားခံများအား ဥပဒေအရ တရားမှန်ဖြစ်စေရန် ဦးစောနှင့်တကွ တရားခံ ၈ ယောက်အား မသေမချင်း ကြိုးဒဏ် ခံစေရမည်။

တရားခံများက အယူခံဝင်လိုလျှင် ၇ ရက်အတွင်း အယူခံဝင်နိုင်ကြ သည်ဟု အမိန့်ချမှတ်လိုက်ရာ နားထောင်သူ အချို့က 'ကျွတ်ကျွတ်'ဟု စုပ်သပ်လိုက်ကြသေးသည်။

ဦးကျော်မြင့်သည် အင်္ဂလိပ်ဘာသာနှင့် စီရင်ချက်ချတော့သည်။

## အပြစ်ရှိတာ သိရဲ့လား

**ဦးအောင်သာကျော်။** ။ ဦးစော ခင်ဗျားအပေါ်မှာ စီရင်ချက်ချတော်တာ သိရဲ့လား။

**ဦးစော။** ။ ကျွန်တော် သိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငှင်းနောက် ဦးအောင်သာကျော်က ကျွန်ုပ်တရားခံများအား ကြိုးဒဏ်ခံရမည့်အကြောင်းများကို ရှင်းလင်းပြလိုက်သည့်အခါ တရားခံမောင်နီမှာ ချွေးလုံးကြီးများ ကျလာတော့သည်။

ခင်မောင်ရင်မှာကား ခေါင်းငိုက်စိုက်ကျသွားတော့သည်။ သူခကား ခက်တော့တာပဲဟု မြည်တမ်းတော့သည်။

## ဟိုအကောင် လေးကောင် လွတ်ပြီ

သက်နှင်းကား ခင်မောင်ရင်တို့ အပေါ်တွင် အထူးပင် မကျေနပ်ဖြစ်နေသည့်အလျောက် ကြိုးဒဏ်ခံနေရသည်ကိုပင် ပဓာနမထားဘဲ ဟော့ ဟိုဘက်က အကောင်လေးကောင် လွတ်ကုန်ပါပကောဟု ခနဲ့လိုက်သေး၏။

ခင်မောင်ရင်တို့ လူစုကား မကြားနိုင်တော့ပေ။

## လျှောက်ထားပါရစေ

ဦးစောကား မတ်တတ်ရပ်ကာ ရုံးတော်သို့ လျှောက်ထားပါရစေ။ စီရင်ချက်တွင် ကျွန်တော့် အစစ်ခံချက်သည် တစ်ခုနှင့်တစ်ခု မညီညွတ်လို့ ပါရှိပါသည်။ ကိုစိုးနှင့် ကိုသက်နှင်းတို့၏ တွက်ချက်များသာ တစ်ခုနှင့် တစ်ခု မညီပညွတ် ဖြစ်နေပါသည်။ ယခုကိစ္စကို ဟု စကားဆက်မည် အပြုတွင် ဦးကျော်မြင့်က စီရင်ချက်ချပြီးမှ တရားဝန်ကြီးများက ဘာမှမပြော နိုင်ကြပါ။ စီရင်ချက်အတိုင်းသာ ခံယူကြရမည်ဟု ဆို၍ ထွက်ခွာသွားတော့ သည်။

## အတင်းလက်ထိပ်ခတ်ပြီ

တရားဝန်ကြီးများ ထွက်ခွာသွားသည်နှင့် တစ်ပြိုင်နက် အနီးရှိပုလိပ် များက ဦးစောအား အတင်းလက်ထိတ် ခတ်ကြတော့သည်။

ဦးစောမှာ ပြုံးကြောင်ကြောင်ဖြစ်ကော အစိုးရရှေ့နေချုပ်ကြီး ကျွန်တော့်ကို လက်ထိပ်ခတ်တော့မလား' ဟု အော်ပြောတော့သည်။ ပုလိပ် များမှလည်း ဦးစောအား အတင်းဆွဲနေတော့သည်။

ထိုအချိန်တွင် ထောင်မှူးကြီး ရောက်လာပြီး ကျွန်တော်ကဝန်ခံ၍ ခေါ်ယူသွားပါမည်ဟု ပြော၍ လက်ထိပ်မခတ်ဘဲ ခေါ်သွားသည်။ တရား

www.burmeseclassic.com



အားလုံး ပုလိပ်နောက်သို့ လေးလံသော ခြေလှမ်းများဖြင့် လိုက်သွားကြတော့သည်။

**ကြိုးခန်းတွင်း မဝင်လို၍ ရုန်းကန်နေသော ဦးစော ဝိုင်သံပါကာဝင်သွားသည်ဆိုခြင်း၊**

ဦးစောအား လက်ထိတ်မခတ်ဘဲ ခေါ်သွားကြပြီးလျှင် ကြိုးဒဏ်ခံရသူများထားရာ ကြိုးခန်းထဲသို့ သွင်းမည်အပြုတွင် ဦးစောက ကျုပ်ကို ဘယ့်နှယ်ကြောင့် သည်အခန်းထဲ သွင်းရမှာလဲ၊ ကျုပ် မဝင်နိုင်ဘူးဟု ထောင်အာဏာပိုင်တို့ လက်တွင်းမှ ရုန်းသေးသည်။

သည်အခန်းထဲမှာ မထားကြပါနဲ့ ဆိုကာအော်ဟစ်ငြင်းဆန်သေးသည်ဆို၏။

## အတင်းအကျပ် သွင်းရမလား

လက်ထိပ်မခတ်ဘဲ ခေါ်လာသူ ထောင်မှူးချုပ်ကြီးက 'ခင်ဗျားဟာ သာမန်အကျဉ်းသား မဟုတ်ဘူး၊ ကြိုးဒဏ်ခံရတဲ့ အကျဉ်းသားဖြစ်နေပြီ၊ ခင်ဗျာ မဝင်လို့ မဖြစ်တော့ဘူး၊ ခင်ဗျား ငြင်းနေမယ်ဆိုရင် ကျုပ်တို့အတင်းအကျပ် သွင်းရလိမ့်မည်'ဟု ပြောသောအခါ ဦးစောမှာ 'ဒါဖြင့်ရင်လဲ ခင်ဗျားတို့ သဘောအတိုင်းပေါ့ဗျာ'ဟု ဝိုင်သံပါကြီးနှင့် ပြောတော့သည်ဆို၏။

## အယူခံရဦးမယ်တဲ့

ကျန်ရစ်သူ ဒေါ်သန်းခင်ကား ရင်ထုမနာဖြစ်ကာ လင်အတွက် ဆောင်ကြဉ်းရပေဦးမည်။ မည်သို့မည်ပုံ အယူခံဝင်ရန် ရှေ့နေရှေ့ရပ်များနှင့် တိုင်ပင်လျက်ရှိသည်ဆို၏။ လွှတ်လပ်ရေးအတွက် အာဏာပိုင်တွေမှာလည်း အလုပ်များနေသဖြင့် မည်သို့ဖြစ်ကြဦးမည် မသိရသေးပေ။ ခုံသမာဓိရုံးတော်မှ ချမှတ်လိုက်သော စီရင်ချက်ကို ကူးယူပြီးမှသာလျှင် အယူခံလွှာတွဲနှင့် ဟိုက်ကုတ်လွှတ်တော်သို့ ပို့ရမည်ဖြစ်၏။

## ဟိုက်ကုတ်မှ အတည်ပြုပြီးမှ

ဦးစောနှင့်အပေါင်းပါ ရှစ်ဦးတို့အား သတ်စေဆိုသော ခုံသမာဓိရုံးတော်၏ အမိန့်ကို ဇန်နဝါရီလဆန်း ၂ ရက်နေ့လောက်မှသာ ဟိုက်ကုတ်

www.burmeseclassic.com

www.burmeseclassic.com



လွှတ်တော်သို့ အတည်ပြုရန် တင်ပို့ရမည် ဖြစ်၏။ ဟိုက်ကုတ်မှ ထိုစီရင်ချက်ကို အတည်ပြုပြီးသည့်အခါတွင် ကြိုးဒဏ်တည်၍ တရားခံများအား ကြိုးပေးရမည် ဖြစ်၏။ စီရင်ချက်ကို အတည်မပြုရသေးသမျှ ကြိုမပေးနိုင်သေးပေ။

## အသက်တစ်ရာနှင့်လဲရမည်

စီရင်ချက်မချမီ သတင်းထောက်များသည် တရားခံ မောင်စိုး၊ တရားခံ သက်နှင်း၊ တရားခံ ရန်ကြီးအောင်၊ တရားခံ မှုန်ကြီးတို့နှင့် နေ့ခင်းအချိန်များတွင် စကားပြောလေ့ရှိ၏။

သက်နှင်းက ခေါင်းဆောင်တစ်ယောက် အသက်ကို နောက်လိုက် အသက်တစ်ရာနှင့် လဲယူရမည်။ ကျွန်တော်တို့မှာ လဲဖို့ရာအသက် မလုံလောက်သေးဘူး။ ကျွန်တော်တို့ ခေါင်းဆောင်အတွက် အသေခံမည်ဟု ပြောခဲ့သည်။

သူတို့တစ်တွေသည် ဦးစောအား ကြည်ညိုစွဲရှိသည်။ ၄င်းတို့ ခေါင်းဆောင် အသက်ချမ်းသာစေလိုလျှင် ဦးစော မပါဝင်ကြောင်း လုပ်ကြံမှုကို သူတို့ကိုယ်တိုင် ဆင်းပြီးလုပ်ကြံကြောင်း သက္ကိရှိရှိနှင့် ဖြောင့်ဆိုရန် သင့်ပေ၏ သက်နှင်းကား အာဂသက်နှင်း ပေတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဦးစောတို့၏ အယူခံမှုကြီး စစ်ပြီ ခုံအဖွဲ့တရားမဝင်ပုံ ဦးစောရှေ့နေက လျှောက်လဲမည် သုခတို့၏ရှေ့နေက၊ ဦးစောအယူခံကို ပထမဆုံးစစ်ဆေးရန် လျှောက်လဲခြင်း

တစ်တိုင်းပြည်လုံးက မျှော်လင့်နားစွင့်နေကြသော ဦးစောနှင့် အပေါင်းပါ တရားခံရှစ်ဦးတို့၏ အယူခံမှုကြီးကို ရန်ကုန်မြို့တရားလွှတ်တော် (ဟိုက်ကုတ်) (၂) နံပါတ် ရုံးတော်တွင် ဖေဖော်ဝါရီလ ၉ ရက် တနင်္လာနေ့ နံနက်အချိန် တရားဝန်ကြီးများ ဖြစ်ကြသော ဦးအုန်းဖေ၊ ဦးစံမောင်နှင့် ဦးဘိုကြီးတို့၏ ရှေ့၌ စတင်စစ်ဆေးနေပြီ ဖြစ်ပါသည်။

### သုခတို့အတွက် ရှေ့နေ

ဦးစောနှင့် အပေါင်းပါ တရားခံ ဦးတို့အနက် တရားခံများ ဖြစ်ကြသော သုခ၊ ခင်မောင်ရင်၊ ဂနီခေါ် မောင်နီတို့ဘက်မှ မစ္စတာ ဒန်နီယာက ရှေ့နေလိုက်၏။

### စိန်ကြီးတို့အတွက် ရှေ့နေ

တရားခံ စိန်ကြီးအတွက် ဦးစောလှဖြူက ရှေ့နေလိုက်၏။ အစိုးရဘက်မှ ရှေ့နေချုပ်ကြီး ဦးချန်ထွန်းက လိုက်ပါဆောင်ရွက်၍ ၎င်းအား အစိုးရရှေ့နေကြီး မစ္စတာချွန်ဖောင်းနှင့် ဦးမြသိန်းတို့က ကူညီကြသည်။

### ဦးစောအယူခံ ပထမစစ်ရန်

၎င်း အယူခံမှုများအနက် တရားခံ သုခ၊ ခင်မောင်ရင်နှင့် မောင်နီတို့၏ အမှုများမှာ ရုံးတော်သို့ အလျင်ဆုံးရောက်လေသည်။ သို့ရာတွင် ခင်မောင်ရင် တို့၏ ရှေ့နေ မစ္စတာဒန်နီယာက ယခုလုပ်ကြံမှုကြီးတွင် ပထမတရားခံ ဦးစောဖြစ်၍ မိမိ၏အမှုသည်များမှာ လုပ်ကြံမှုတွင် အသေးအဖွဲ့ ကူညီကြသူများ ဖြစ်ပါသည်။ တစ်တရားခံ ဦးစော၏ရှေ့နေ မစ္စတာ ဟက်ဖောက်

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လဲပြီးသည့် နောက်မှသာ ကြားနာ စေလိုပါကြောင်းနှင့် လျှောက်လဲသည်။

## ခုံသမာဓိအဖွဲ့ကို တရားမဝင်တဲ့ ဦးစော၏ရှေ့နေက

ဘုရင်ခံက ခုံသမာဓိအဖွဲ့ကို ဖွဲ့နိုင်သလောဟု ဦးစောရှေ့နေ မစ္စတာဟက်ဗောက်က လျှောက်ထားသည်။

ကြိုးဒဏ်ခံရသည့် ဦးစောနှင့် အပေါင်းပါတို့၏ အယူခံမှုကို ဟိုက်ကုတ်လွှတ်တော်တွင် စစ်ဆေးနေသည့်အခါ ဝတ်လုံတော်ရများနှင့် လွှတ်တော် ရှေ့နေကြီးများကလည်း အထူးအရေးယူကာ လာရောက်နားထောင်ကြသည်။

ဦးစော၏ဇနီး ဒေါ်သန်းခင်သည် မစ္စတာ ဟက်ဗောက်၏ ဇနီးနှင့်အတူ လာရောက်နားထောင်သည်ကို တွေ့ရ၏။ လွှတ်တော်ရှေ့နေကြီး ဦးဖေယျာသည်လည်း လွှတ်တော်ရုံးတွင် သွားလာနေသည်ကို တွေ့မြင်ရလေသည်။

## ဦးစောအမှုပြီးမှ

အမှုကို စတင်စစ်ဆေးလိုင်သည်နှင့် တစ်ပြိုင်နက် ရှေ့ပတ်စာရေးမလေးက 'သုခ၊ ခင်မောင်ရင်၊ ကိုနီတို့နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ' ဟု ကြေညာလိုက်သည်။ ၄င်းတို့၏ ရှေ့နေ မစ္စတာဒန်နီယာက တရားဝန်ကြီးများအား သုခ၊ ခင်မောင်ရင်၊ ကိုနီတို့၏အယူခံမှုတွင် ကျွန်တော် လိုက်ပါဆောင်ရွက်ပါသည်။ ကျွန်တော်၏ အမှုသည်များသည် လုပ်ကြံမှုကြီးနှင့်ပတ်သက်၍ အသေးအဖွဲ့များကိုသာ ဆောင်ရွက်ရသူများဟု ဆိုထားပါသည်။

## မကြုံဖူးသော အမှုကြီးနှစ်ခု

တရားဝန်ကြီးများက မစ္စတာဟက်ဗောက်အား ဘာပြောလိုပါသလဲဟု မေးမြန်းသည့်အခါ မစ္စတာဟက်ဗောက်က ကျွန်တော်၏ အယူခံမှုတွင်ဟု စလိုက်ရာ…တရားဝန်ကြီးများက အမှုကို ခေါ်ပြီးပြီလားဟု မေးမြန်းသည်။ ရှေ့ပတ်စာရေးမလေးက 'အယူခံသူဦးစောနှင့် ပြည်ထောင်စု မြန်မာနိုင်ငံ' ဟု အမှုကို ခေါ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှုခေါ်ပြီးသည့်အခါ ဦးစော၏ရှေ့နေ မစ္စတာဟက်ဗောက်က မြန်မာပြည်တွင် အမှုကြီးနှစ်ခု ပေါ်ခဲ့ပါသည်။ ပထမအမှုက သူပုန်ဆရာစံ အမှုဖြစ်၍ ဒုတိယအမှုမှာ ဗိုလ်ချုပ်အောင်ဆန်းတို့အား လုပ်ကြံသည့်အမှု ကြီးပင် ဖြစ်ပါသည်။ သူပုန်ဆရာစံအမှုတွင် ကျွန်တော်ကိုယ်တိုင် အစိုးရ ဘက်မှ လိုက်ပါဆောင်ရွက်ခဲ့ပါသည်။

ယခုဦးစောအမှုမှာလည်း ကျွန်တော်ဆောင်ရွက်ရပြန်ပါသည်။

ဦးစောအတွက် လိုက်ပါရခြင်းမှာ ရှေ့နေရှေ့ရပ်တို့၏ ဝတ္တရားအတိုင်း ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

## အလေးပြုပါသည်

ကျဆုံးသူ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများအား အလေး ပြုပါသည်။

သို့ရာတွင် ရှေ့နေရှေ့ရပ်တို့၏ ဝတ္တရားအတိုင်း ဆောင်ရွက်ရာတွင် ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိပါ။

ကျွန်တော်၏အမှုမှာ ဦးစောသည် ယုံမှားသံသယ၏အကျိုးကို ခံစား ထိုက်ပါသည်။ လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ မြန်မာပြည်ရှိ သတင်းစာများ သည် ဦးစောအမှုကြီးကို တစ်ဖက်သတ် အဿားယူကာ ရေးသားကြပါ သည်။ ရေးသားချက်များမှာ တရားရုံးတော်က စီရင်ချက်မချမီ သတင်း စာများက ဆုံးဖြတ်သလို ဖြစ်နေပါသည်။

ကျွန်တော်၏အမှုသည်က ကြိမ်ဖန်များစွာ ကျွန်တော့်အား ပြောကြား သဖြင့် အမှုမပြီးခင် မရေးသားရန် ရုံးတော်သို့ လျှောက်ထားရခြင်း ဖြစ်ပါသည်။

**တရားဝန်ကြီး ဦးစံမောင်။** ။ သတင်းစာတွေက ရေးသားချက်ကို ခင်ဗျား တို့က ပြန်ပြီး မငြင်းဆိုဘူးလား။

**မစ္စတာဟက်ဗောက်။** ။ ငြင်းဆိုချက် ၃/၄ ချက် ရှိပါသည်။ အထူးခုံသမာဓိအဖွဲ့တွင် စစ်ဆေးချက် များမှာလည်း တစ်ဖက်သတ်လို ဖြစ်နေပါသည်။ တရားခံများကို လိုအပ် သည့် အရာဝတ္ထုများ ပေးခြင်းမရှိခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြရမည်ဆိုလျှင် ရက်ချိန်း ကိုပင် လုံလောက်အောင် ပေးခြင်းမရှိပါ။

## ရက်ချိန်းများပေးခဲ့

**ရွှေနေချုပ်ကြီး။** ။ ဘိလပ်က ရွှေနေချုပ်ကြီး လာမည်ဆို၍ နိုဝင်ဘာ ၄ ရက်နေ့ကစပြီး ရက်သတ္တပတ် နှစ်ပတ်။ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် တစ်ဖန် ရက်ချိန်းပေးပြန်ပါသည်။ ၂၀ ရက် နေ့မှာလည်း ရက်ချိန်းပေးပါသေးသည်။ ထို ရက်ချိန်းများကို 'ဒိုင်ယာရီ' မှ ဖတ်ပြပြန် ပါသည်။

**မစ္စတာ ချွန်ဖောင်း။** ။ ကျွန်တော် မှတ်မိသလောက်မှာ ရက်ချိန်း တွေ့ပေးပါသည်။ မစ္စတာ ဟက်ဗောက်က ဆက်လက်၍ လျှောက်ထားပြန်သည်မှာ ကျွန်တော့် အမှုသည်မှာ သူ အလိုရှိသည့် ရှေ့နေများ မရနိုင်ပါ။ ဘိလပ်မှ မစ္စတာ ကားတစ်ဘင်နက် လာသည့်အခါမှာလည်း တစ်ပိုင်းတစ်စနှင့် လိုက်ပါ ဆောင်ရွက်ရပါ သည်။

**ဦးချမ်းထွန်း။** ။ ကားတစ်ဘင်နက် လာနိုင်ရန် ငွေတင် နောက်ကျနေသည်ကို ထောက်ချင့်ပြီး ရုံးတော်မှ ရက်ချိန်းပေးခဲ့ပါသည်။

**မစ္စတာ ဟက်ဗောက်။** ။ မစ္စတာ ကားတစ်ဘင်နက်က အမှုဖွင့်သည့် အခါတွင် အမှုကို ကြားဖြတ်ပြီး လိုက်ရ သည့် အကြောင်းပြောခဲ့ပါသေးသည်။

## ဘုရင်ခံမှာ အာဏာမရှိ

မစ္စတာ ဟက်ဗောက်က ဆက်လက် လျှောက်ထားသည်မှာ-

လုပ်ကြံမှုကြီးကို ၁၉၄၇ ခု စက်တင်ဘာလ ၁၉ ရက်နေ့အထိ ရှိနေသော တရားဥပဒေနှင့် စီရင်ခွင့် ရှိနေပါလျက် ဘုရင်ခံလုပ်သော ခုံသမာဓိ အဖွဲ့က စစ်ဆေးရန် မရှိပါဟု ပြောဆိုပြီး ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ အုပ်ချုပ်ရေး တရားဥပဒေကို ဖတ်ပြသည်။

ထိုဥပဒေတွင် ဥပဒေတစ်ခု ပြုလုပ်ရာ၌ ဘုရင်မင်းမြတ်၏ ဟာဆိပ် တော် ရိုက်နှိပ်ပြီးမှသာလျှင် ပြုလုပ်နိုင်ခွင့် ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်ဘုရင်ခံနှင့် တရားဥပဒေ ပြုလုပ်နိုင်ခွင့် မရှိပါ။

**တရားဝန်ကြီး ဦးစံမောင်။** ။ ဘုရင်ခံမှာ ဥပဒေ ထုတ်ပြန်ခွင့်အာဏာ မရှိဘူးလို့ ခင်ဗျား ဆိုလိုသလား။

**မစ္စတာ ဟက်ဗောက်။** ။ တရားဝန်ကြီးအား ကျွန်တော် ပြန်၍မေးခွန်း ထုတ်လိုပါသည်။ ၁၉၃၅ ခုနှစ် အက် ဥပဒေအရသာ လျှောက်ထားခြင်း ဖြစ်ပါသည်။

ဦးစော၏ အမှုကို ခုံသမာဓိအဖွဲ့ဖြင့် စစ်ဆေးရန် မသင့်ပါ။ မြန်မာပြည် ဘုရင်ခံသည် ဟိုက်ကုတ်လွှတ်တော်၏ အာဏာများကို ဖီဆန်ပြီး ခုံသမာဓိဖွဲ့ခြင်းသာ ဖြစ်ပါသည်။

အမှန်စင်စစ်မှာ ဟိုက်ကုတ် လွှတ် တော်ကသာ စစ်ဆေးသင့်ပါ သည်။

မီလီယံချစ်တီးယားကို သတ်သည့် အမှုတွင်ပင် ဟိုက်ကုတ်လွှတ် တော်က စစ်ဆေးခဲ့ပါသည်။ ချာတန်ဘရန်ချစ်တီး၏ အယူခံမှုတွင် ကြည့်လျှင် သိနိုင်ပါသည်။

**တရားဝန်ကြီး ဦးစံမောင်။** ။ ချာတန်ဘရန်ချစ်တီး၏ အယူခံတွင် ဘုရင် ခံသည် ဥပဒေ လုပ်နိုင်ကြောင်း ပါဝင်နေ ပါသည်။

ချာတန်ဘရန်အမှု ပရီဗီကောင်စီက ဆုံးဖြတ်ချက်များ ချထားပါသည်။ ထိုစီရင် ထုံးကို ပြန်ကြည့်စေလိုပါသည်။ မစ္စတာ ဟက်ဗောက်အား ပရီဗီကောင်စီ ဆုံးဖြတ် ချက်ကို သုံးသပ်ရန် အချိန်ပေးပြီး နေ့လယ် နားရန် ရုံးခေတ္တနားပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဦးစောထွက်ချက်ကို ယုံကြည်ထိုက်သတဲ့ ဖြောင့်ချက်ပေးသူများသို့ အခြေခံထားပြီး အပြစ်ပေးတာ မှားသည်ဆိုခြင်း

ယုံမှားသံသယ၏ အကျိုးကို ခံစားထိုက်ပါသည်ဟု ဦးစောရှေ့နေ လျှောက်လဲခြင်း။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများ လုပ်ကြံသည့် အမှုနှင့် ပတ်သက်၍ တရားခံ ဦးစောနှင့်တကွ အပေါင်းပါတို့အား အထူး ခုံသမာဓိအဖွဲ့က မသေမချင်း လည်ပင်း ကြိုးကွင်းတပ်၍ သတ်စေရန် အမိန့် ချမှတ်ခဲ့သည်ကို ဦးစောနှင့် အပေါင်းပါတို့ နိုင်ငံတော် တရားလွှတ်တော် သို့ အယူခံ တက်ရောက်ရာ နိုင်ငံတော် တရားလွှတ်တော် ဝန်ကြီးများဖြစ် ကြသော ဦးစံမောင်၊ ဦးအုန်းဖေ၊ ဦးဘိုကြီးတို့က ဖေဖော်ဝါရီလ ၁၀ ရက် နေ့တွင် လွှတ်တော် နံပါတ် (၂) ရုံးခန်း၌ ဆက်လက် စစ်ဆေးလေသည်။

### စီရင်ချက် ဖတ်ပြတုန်းပင်

အမှု စခေါ်သည်နှင့် တစ်ပြိုင်နက် တရားခံ စိန်ကြီး၏ ရှေ့နေ ဦးစော လှဖြူက ယမန်နေ့က ဖတ်၍ မပြီးသေးသော အထူးခုံ သမာဓိအဖွဲ့က ချ မှတ်သော စီရင်ချက်ကို ဆက်လက် ဖတ်ရသေးသည်။ နေ့လယ် ၁၂ နာရီ ထိုးမှ ဖတ်၍ ပြီးတော့သည်။

### ဥပဒေပြုအဖွဲ့က ဝင်မစွက်နိုင်

ဦးစောလှဖြူ ဖတ်ပြသောအခါ ဦးစော၏ရှေ့နေ မစ္စတာ ဟက်ဗောက် က တရားဝန်ကြီးများအား ဆက်လက်၍ လျှောက်ထားလိုပါသည်။ မြန်မာ ပြည် ဘုရင်ခံသည် ဦးစော၏ အမှုကို စစ်ဆေးရန် ခုံသမာဓိအဖွဲ့ မဖွဲ့စည်း နိုင်ပါဟု ပြောဆို၍ ဘုရင်ခံအား ဗြိတိသျှအစိုးရက ပေးထားသော ညွှန် ကြားလွှာများကို ဖတ်ပြပြန်သည်။

မစ္စတာ ဟက်ဗောက်က ဆက်လက်၍ ဥပဒေပြုအဖွဲ့သည် ပါလီမန် တတ်မှ လွှတ်တော်၏ အာဏာစက် ကျရောက်သော ကိစ္စအရပ်ရပ်တွင် ဝင်ရောက်စွက်ဖက်ရန် မဟုတ်ပါ။ ယခု ဖွဲ့စည်းလိုက်သော အထူးခုံသမာဓိ

www.burmeseclassic.com



အဖွဲ့သည် ဟိုက်ကုတ်လွှတ်တော် စစ်ဆေးရမည့်အမှုကို ဝင်ရောက် စွက်ဖက်ခြင်းသာ ဖြစ်ပါသည်။ ဟိုက်ကုတ်လွှတ်တော်ကို ကျူးကျော်စော်ကားခြင်းသာ ဖြစ်ပါသည်။

မြန်မာပြည် ဘုရင်ခံသည် ညွှန်ကြားလွှာများ ရရှိမှသာလျှင် ခုံသမာဓိအဖွဲ့ကို ဖွဲ့စည်းနိုင်ပါသည်ဟု ပြောဆို၍ ခုံသမာဓိ ဖွဲ့စည်းပုံကို ဥပဒေကို ဖတ်ပြပြန်သည်။

**ဦးစံမောင် (တရားဝန်ကြီး)**။ ။ တရားဥပဒေကို ဟိုက်ကုတ်လွှတ်တော်က ဆုံးဖြတ်ပိုင်ခွင့် ရှိပါသည်။ မြန်မာပြည် ဘုရင်ခံသည် ခုံသမာဓိအဖွဲ့ကို ဖွဲ့စည်းနိုင်ပါသည်။

**မစ္စတာ ဟက်ဗောက်**။ ။ ကျွန်တော်၏ အယူခံ တရားခံအား ဟိုက်ကုတ် လွှတ်တော်မှ ဂျူရီလူကြီးများနှင့်သာ စစ်ဆေးရန် ဖြစ်ပါသည်။

## ဘာအကြောင်းပြမလဲ

**ဦးအုန်းဖေ (တရားဝန်ကြီး)**။ ။ မစ္စတာ ဟက်ဗောက်၊ ခင်ဗျား လျှောက်ထားချက်များကို ဟိုတစ်မျိုး၊ သည်တစ်မျိုး မလုပ်ပါနဲ့၊ အယူခံမှုတွင် ဘာများ အကြောင်း ပြလိုပါသလဲ။

**မစ္စတာ ဟက်ဗောက်**။ ။ ကျွန်တော်၏ အမှုသည် အယူခံရာတွင် ယခု အကြောင်းပြချက်များကို ပြပါမည်။

၁။ ခုံသမာဓိအဖွဲ့ဝင်များဖြစ်သော တရားဝန်ကြီးများသည် ယုံကြည်ဖွယ်ရာ မရှိသော ဖြောင့်ချက်ပေးသူများ၏ ထွက် ဆိုချက်ကို အခြေခံထားပြီး တရားခံအား အပြစ်ပေးသည်မှာ မှားယွင်းပါသည်။

၂။ ဖော်ကောင် ဘညွန့် ( )နှင့် တရားခံ အချို့ ဖြောင့်ချက်များသည် တစ်ခုနှင့် တစ်ခု မညီညွတ်ဘဲ အမှားမှားအယွင်း ယွင်း ဖြစ်နေသည့်အပြင် နှောင့်နှေး ကြန့်ကြာနေသည့် ဖြောင့်ချက်များကို လက်ခံခြင်းသည် ခုံသမာဓိ အဖွဲ့ဝင် တရားသူကြီးများ၏ အမှားပင် ဖြစ်ပါသည်။

၃။ စုပေါင်း လုပ်ကြံရာတွင် ဖြောင့်ဆိုကြသည့် ထွက်ချက်များ သည် တစ်ယောက် တစ်ပေါက်စီ ဖြစ်နေသည်ကို တရားဝန်ကြီးများက စဉ်းစားခြင်း မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဖြောင့်ချက်ပေးရာတွင်လည်း ယုံကြည် လောက်သော သက်သေသာဓကများ မရှိသည်ကိုလည်း စဉ်းစားခြင်း မရှိ။

၅။ တရားခံ ဦးစောသည် ကျမ်းကျိန်၍ ထွက်ဆိုသည်ကို ယုံကြည်ရန်သင့် သည့်အပြင် တရားခံပြ သက်သေများ ထွက်ချက်ကိုလည်း ခုံသမာဓိတရား သူကြီးများက စဉ်းစားခြင်း မရှိပါ။

၆။ တရားလိုပြ သက်သေများသည် ဦးစောအား အပြစ်ပေးနိုင်လောက်သော သက်သေထွက်ချက်များ မရှိပါ။

၇။ သို့ဖြစ်၍ တရားခံအား ယုံမှားသံသယ အကျိုးကို ခံစားထိုက်ပါသည်ဟု အကြောင်းပြသည်။

## ရိုက်နှက်လို့သာ

မစ္စတာ ဟက်ဗောက်က ဆက်လက်၍ ယခုအမှုကြီးသည် အလွန်အရေးကြီးပါသည်။

ခုံသမာဓိအဖွဲ့သည် ဖြောင့်ချက်ပေးသူများ၏ ထွက်ဆိုချက်များအပေါ်တွင် မှီပြီး စစ်ဆေးခဲ့ပါသည်။

ဖြောင့်ဆိုချက်များ ပေးသူများသည် သူတို့အလိုအလျောက် ဖြောင့်ချက်ပေးရသည် မဟုတ်ပါ။ ပုလိပ်က ခိုင်းလို့သော် လည်းကောင်း၊ သွေးဆောင်လို့သော် လည်းကောင်း ဖြောင့်ချက်ပေးရခြင်း ဖြစ်ပါသည်။

ဖြောင့်ချက်ပေးသူများသည် ဇူလိုင်လ ၁၉ ရက်နေ့တွင် အဖမ်းခံရပြီး ၁၃ ရက်ကြာမှ ဖြောင့်ချက်ပေးကြပါသည်။

ဖြောင့်ချက်များမှာလည်း လက်ခံစရာ မရှိပါဟု ပြောဆို၍ ဘုံဘိုင်စီရင်ထုံး ၂၅၊ အလဟာဘက်စီရင်ထုံး ၉၊ ကလကတ္တား စီရင်ထုံး ၂၁ တို့ကို အကိုးအကားပြပြန်သည်။

## အချိန်ကလေးများ ပေးပါ

အမှုနှင့် ပတ်သက်၍ ဖြောင့်ချက်ပေးကြသော တရားခံများ၏ ဖြောင့်ချက်၊ ဖော်ကောင်ဘည့်နှ ဖြောင့်ချက် အစိုးရ သက်သေများ၏ ထွက်ဆိုချက်များကို လေ့လာရပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်စာတမ်းများ လိုလျှင်လည်း လွယ်လွယ်ကူကူ မရနိုင်ပါ။ ကြိုးစားပြီး ရှာရပါမည်။

သို့ဖြစ်၍ ရုံးဆင်းချိန်များကို စောစောဆင်းပေးရန် သင့်ပါသည်ဟု ပြောဆို၍ သက်သေထွက်ချက်များကို ကိုးကား၍ လျှောက်လဲချက်ပေးသည်။

* * *

## အာခြောက်သွားတဲ့ ဦးစောရှေ့နေ ရှေ့နေတစ်ယောက်လဲ၍ ဖြောင့်ချက်များကို ပတ်ရခြင်း

ကြိုးဒဏ်ခံရသည့် ဦးစောနှင့် အပေါင်းပါ ရှစ်ဦးတို့၏ အယူခံမှုကို နိုင်ငံတော် တရားလွှတ်တော် တရားဝန်ကြီး ဦးအုန်းဖေ၊ တရားဝန်ကြီး ဦးစံမောင်၊ တရားဝန်ကြီး ဦးဘိုကြီးတို့သည် ဖေဖော်ဝါရီ ၁၁ ရက်နေ့က လွှတ်တော်ရုံးခန်း အမှတ် (၂) တွင် ဆက်လက် စစ်ဆေးကြပါသည်။

### အလိုအလျောက်

ဦးစော၏ ရှေ့နေ မစ္စတာ လဲလန့်ဘာရီဟက်ဗောက်က ဖြောင့်ချက်ပေးသူများ၏ ဖြောင့်ဆိုချက်နှင့် ပတ်သက်၍ ဆက်လက် လျှောက်ထားသည်မှာ-

ဖြောင့်ချက်ယူသော တရားသူကြီးသည် တရားခံများထံမှ ဖြောင့်ဆိုချက် ယူသည့်အခါတွင် တရားခံများက သူတို့အလိုအလျောက် ဖြောင့်ချက်ပေးလိုသည်၊ မပေးလိုသည်ကို မေးမြန်းခြင်း မရှိကြောင်း၊ ဖြောင့်ချက်ယူသည့်အခါတွင် ဥပဒေအကျိုးအကြောင်း မေးမြန်းရမည် ဆိုထားပါသည်။

### ရိုက်လို့သာ ဖြစ်ပါသည်

တရားခံများသည် ဖြောင့်ဆိုချက်ပေးရာ၌ သူတို့အလိုအလျောက်ပေးခြင်း မရှိကြပါ။

သက်နှင်း၏ အစစ်ခံချက်တွင် ပုလိပ်တို့က အလွန်အလွန် ရိုက်နှက်ကြောင်း ထုတ်ဖော်ပြောဆိုထားပါသည်ဟု လျှောက်ထား၍ ဥပဒေ အကိုးအကားများကို ဖတ်ပြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အာတွေလည်း ခြောက်ကုန်ပါပြီ

မစ္စတာ ဟက်ဖောက်သည် နှစ်နာရီမျှ လျှောက်လဲလိုက်၊ ဥပဒေ အကိုးအကားပြုလိုက်နှင့် လုပ်တော့၏။

တရားဝန်ကြီး ဦးစံမောင်ကလည်း မစ္စတာ ဟက်ဖောက် လျှောက်ထားချက်များကို အကိုးအကားပြု၍ ပြန်ပြော၏။

သူတို့နှစ်ဦး ပြောဆိုချက်များသည် အလွန်ပင် မှတ်သားဖွယ်ကောင်းတော့၏။

နေ့လယ် ၁၂ နာရီထိုးပြီးသည်နှင့် တစ်ပြိုင်နက် မစ္စတာဟက်ဖောက်က လျှောက်လဲရတာများမှာ အလွန်ပင်ပန်းနေသည့်အပြင် အာတွေလည်း ခြောက်ကုန်ပါပြီ၊ ဖြောင့်ဆိုချက်များမှာလည်း အလွန်ပင် ရှည်လျားသဖြင့် နားခွင့်ပေးရန် လျှောက်ထားတော့၏။

## တစ်ယောက်ငှားပြီး ဖတ်ခိုင်းပါ

တရားဝန်ကြီး ဦးအုန်းဖေမှ အာတွေခြောက်ကုန်လျှင်လည်း တစ်ယောက် ငှားပြီး အဖတ်ခိုင်းပါဟု ပြောဆို၍ နေ့လယ် ၁၂ နာရီ ၁၀ မိနစ် အချိန်ခန့်တွင် ရုံးဆင်းလိုက်တော့၏။

နေ့လယ် ၁ နာရီ မိနစ် ၄၀ အချိန် ရုံးပြန်တက်သောအခါ မစ္စတာ ဟက်ဖောက်အစား စိန်ကြီး၏ ရှေ့နေ ဦးစောလှဖြူက တရားခံ သက်နှင်းနှင့် ဘညွန့်တို့၏ ထွက်ဆိုချက်များကို ဖတ်ပြရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အပိုးတန် ခေါင်းဆောင်ကြီးများ

## ကျဆုံးရလေခြင်းဟု ဖြေမဆည်နိုင် မျက်ရည်ပြိုင်ပြိုင်ကျကာ ငိုကြွေးခြင်း

အထင်မလွဲပါနဲ့ ရှေ့နေတို့ ဝတ္တရားဖြစ်၍ တရားခံဘက်က လိုက်ရပါတယ်တဲ့

လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ တရားခံများဘက်မှ ရှေ့နေလိုက်ရသည်မှာ ဝတ္တရားအတိုင်း ဖြစ်သည့်အတွက် လိုက်ရခြင်း ဖြစ်ပါသည်။ ကျဆုံးသည့် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ သခင်မြ၊ ဒီးဒုတ် ဦးဘချိုတို့ဟာ ကျွန်တော်နှင့် အလွန် ရင်းနှီးကြပါသည်။ အတွင်းဝန် ဦးအုန်းမောင်မှာ ဘုရား တရား အလွန် ကိုင်းရှိုင်းသူကလေး ဖြစ်ပါသည်ဟု လျှောက်လဲနေရာမှ ဝတ်လုံတော်ရ ဦးကြာခိုင်သည် အသံများတုန်လာပြီးနောက် ချုံးပွဲချ၍ ငိုကြွေးတော့သည်။ ပါလာသော လက်ကိုင်ပဝါ နှစ်ထည်စလုံးမှာ ရွှဲရွှဲစိုတော့သည်။

### မှားရင်လဲ သည်းခံကြပါ

ဦးကြာခိုင်က အသက်လည်း ကြီးပါပြီ၊ စကားမှားသွားပါကလည်း သည်းခံကြပါဟု စတင်လျှောက်လဲချက်ပေးသည်။ ကျွန်တော်သည် တရားခံ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်နှင့် မှုန်ကြီးတို့အတွက် အစိုးရ လိုက်နိုင်းသဖြင့် လိုက်ပါ ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

ယခုအမှုတွင် ဦးစောအတွက် လိုက်ပါ ဆောင်ရွက်သော ဝတ်လုံတော်ရ မစ္စတာ ဟက်ဖောက်ပြီးမှ လျှောက်လဲလျှင် သင့်တော်မည် ဖြစ်သည့်အတွက် တနင်္လာနေ့မှ လျှောက်လဲချက်ပေးရန် အချိန်ပေးပါမည့်အကြောင်း တရားဝန်ကြီး ဦးအုန်းဖေ၊ တရားဝန်ကြီး ဦးစံမောင်၊ တရားဝန်ကြီး ဦးဘိုကြီးတို့အား လျှောက်ထားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ရက်ချိန်းမပေးနိုင်

**တရားဝန်ကြီး။** ။ တနင်္လာနေ့တွင် ဦးစော၏ ဝတ်လုံ မစ္စတာဟာက်ဆောက်က လျှောက်လဲချက်ပေးနိုင်မည် မပေးနိုင်မည်ကို မသိရသေးပါ။ အခက်အခဲ မရှိလျှင်လည်း ဦးကြာခိုင် လျှောက်လဲချက် ပေးရန် သင့်ပါသည်။

**ဦးကြာခိုင်။** ။ မြန်မာလို လျှောက်လဲချက်ကို ပေး၍ သတင်းစာဆရာများကို တောင်းပန်ပါရစေဟု လျှောက်ထားသောအခါ တရားဝန်ကြီးများက အခွင့်ပြုလိုက်တော့၏။

## သတင်းစာသည် အဓိကပင်

ဝတ်လုံတော်ရ ဦးကြာခိုင်က ပထမဦးစွာ သတင်းစာ ဆရာများကို တောင်းပန်လိုပါသည်။ သတင်းစာသည် တိုင်းပြည်ကြီးတစ်ခုကို ကောင်းအောင် ဖန်တီးနိုင်သည့်အပြင် မကောင်းသည့်အကြောင်း ရေးလျှင် မကောင်းအောင် ဖြစ်စေနိုင်ပါသည်။

တိုင်းသူပြည်သားများအား မှားယွင်းနေသည်ကိုလည်း သတင်းစာများကပင် ပြန်လည် ပြုပြင်နိုင်သဖြင့် သတင်းစာများသည် အလွန် အရေးကြီးသည့် အဓိက အချက်ပင် ဖြစ်ပါသည်။ နားမလည်သူများ နားလည်နိုင်အောင် တစ်ကြောင်း ရေးသားပေးရန် လိုပါသည်။ ရေးသားကြသည့်အခါ ပုဂ္ဂလဓိဋ္ဌာန် မဖြစ်စေဘဲ ဓမ္မဓိဋ္ဌာန် ဖြစ်စေရန် အလွန်အရေးကြီးပါသည်။

ယခုကဲ့သို့ သတင်းစာဆရာများအား ရှင်းလင်းပြောရသည်မှာ အဆင်ခြင် နည်းပါးသူများက ကျွန်တော့်အပေါ် အထင်မှား အမြင်မှား မဖြစ်စေရန် ဖြစ်ပါသည်။

## အလွန် အရေးကြီးသည့်အမှု

ဦးကြာခိုင်က ဆက်လက်၍ ယခုအမှုကြီးသည် အလွန်အရေးကြီးသည့် အမှုကြီး ဖြစ်ပါသည်။ အလွန်အရေးကြီးသည့် အမှုကြီးကို လိုက်ပါဆောင်ရွက်ခြင်း ပြုရပါသည်။ နောက်တစ်ချက်ကို ထုတ်ဖော်ပြောဆိုရလျှင် ယခု တရားလွှတ်တော်ရုံးကြီးသို့ အစိုးရက နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ဥပဒေအရ တည်ထောင်ထားခြင်း ဖြစ်ပါသည်။ တရားဝန်ကြီးများကိုလည်း တရားဥပဒေအရ ခန့်အပ်ခြင်း ဖြစ်ပါသည်။ တရားလွှတ်တော်ကြီးနှင့်တကွ တရားသူကြီးများမှာ တရားဥပဒေအရ ဖြစ်ပါသည်။

## ဘားကောင်စီနှင့် တစ်ဆက်တည်း

ယခု တရားလွှတ်တော်ကြီးမှာလည်း ဥပဒေအရ ဖွဲ့စည်းထားသည့် 'ဘားကောင်စီ' ဝတ်လုံတော်ရ ရှေ့နေများအသင်းကြီးနှင့် ဆက်စပ်လျက် ရှိရာ တရားသဖြင့်သာ လိုက်ပါ ဆောင်ရွက်ခြင်း ဖြစ်သည်။

ယခု အမှုကြီးကိုလည်း ကမ္ဘာက စောင့်ကြည့်နေသည့် အမှုကြီး ဖြစ်သည့်အားလျော်စွာ တရားခံများဘက်မှ လိုက်၍ ဆောင်ရွက်ရသဖြင့် အထင်မှား အမြင်မှား ဖြစ်ကြမည်ကို အလွန်ပင် စိုးရိမ်ရပါသည်။ ကျွန်တော့် အဖို့မှာ ရှေ့နေရှေ့ရပ်တို့၏ ဝတ္တရားအတိုင်း ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ဘယ်သူသာစေ၊ ဘယ်သူနာစေဟူသော ဆန္ဒမရှိပါ။

## အဖိုးတန် ခေါင်းဆောင်တွေ

ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ် ဦးဘချို စတဲ့ ခေါင်းဆောင်များဟာ အလွန်ပင် ရှေ့ရေး၊ နောက်ရေး မြင်သည့်ပုဂ္ဂိုလ်များ ဖြစ်ပါသည်။

ယခုလို အဖိုးတန်သော ခေါင်းဆောင်များ ကျဆုံးရလေခြင်းဟု ပြောဆိုနေစဉ် ဦးကြာခိုင်သည် ဖြေမဆည်နိုင် မျက်ရည်ဖြိုင်ဖြိုင် ကျဆင်းပြီး ငိုကြွေးတော့သည်။ ဤသို့ ဦးကြာခိုင် ငိုကြွေးခြင်းမှာ စိတ်ကို အလွန်ပင် ထိခိုက်လွန်း၍ ဖြစ်သည်။ လက်ဟောင်း နိုင်ငံရေးသမားကြီးဖြစ်သည့်အားလျော်စွာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှိပေလိမ့်မည်။ မအောင့်အည်းနိုင်လွန်း၍ ပရိသတ်အလယ်တွင် ငိုကြွေးခြင်း ဖြစ်တော့သည်။ ဦးကြာခိုင်ကား အသံများတုန်လျက် မျက်ရည်စက်လက်နှင့် လျှောက်လဲလျက်ဝင်း ဆက်လက်၍ မောင်အုန်းမောင်ဆိုသော အတွင်းဝန်ကြီးမှာလည်း အလွန်ပင် ဘာသာတရားကိုင်းရှိုင်းသူ ဖြစ်ပါသည်။

## အခြေခံ အကြောင်းရင်းများ

ဦးကြာခိုင်က မိမိသည် အယူခံများအတွက် အောက်ပါ အခြေခံ အကြောင်းရင်းများကြောင့် အယူခံ ဝင်ရောက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ ဖော်ကောင်ဘညွှန့်၏ ထွက်ချက်များသည့် အခြားဖြောင့်ဆိုသူများ၏ ထွက်ချက်နှင့် မညီညွတ်သော်လည်း ၎င်း၏ ထွက်ချက်များကို အခြေခံထားပြီး တရားခံများအား အပြစ်ပေးသည်မှာ ခုံသမာဓိအဖွဲ့၏ အမှားပင် ဖြစ်ပါသည်။

၂။ အောက်ပါအချက်များကို စဉ်းစားရန် သင့်ပါသည်။

(က) ဘညွှန့်သည် အခြားဖြောင့်ဆိုသူများ၏ တွက်ချက်နှင့် ကွဲလွဲမှုကို စဉ်းစားရန် သင့်ပါသည်။

(ခ) ဖြောင့်ချက်ရေးသည့်အခါတွင် ရက်ရှည်စွာ နှောင့်နှေးနေပြီးမှ ဖြောင့်ချက်ကို ရေးမှတ်ခြင်း။

(ဂ) ဖြောင့်ချက်များကို တရားသူကြီးတစ်ဦးတည်းက ယူခြင်းမဟုတ်ဘဲ ရုံးပြင်ပ၌ အချိန်မဲ့ယူခြင်းမှာ တရားရုံးလက်စွဲ ဥပဒေကို ချိုးဖောက်နေခြင်း။

(ဃ) ဖြောင့်ဆိုချက်ပေးသူများက ဖော်ပြသော သူများအား ရုံးတော်သို့ သက်သေအဖြစ် မတင်ပြခြင်း။

(င) တရားခံများ၌ ရရှိသော ဒဏ်ရာများကို ဘာကြောင့် ရရှိသည်ကို ရေးသား ဖော်ပြခြင်းမရှိ။

(စ) ဖြောင့်ချက်ပေးသူများအား အင်းစိန်ထောင်ကြီးနှင့် ဘားလမ်း အချုပ်ထောင်တို့တွင် အတူထားခြင်း။

၃။ ဘညွှန့်နှင့် ဖြောင့်ချက်ပေးသော တရားခံများ ထွက်ချက်ကြောင့် မိမိ၏ အယူခံတရားခံများအား အပြစ်ပေးရန် လုံလောက်ခြင်းမရှိ။

၄။ သက်သေ ဦးထင်ပေါ်၏ထွက်ချက်မှာ ယုံကြည်ဖွယ်ရာမရှိခြင်း။

၅။ သက်သေ ဦးစိန်မောင်နှင့် ဦးဘကလေးတို့၏ ထွက်ဆိုချက်များကို ပယ်ပစ်ရန်သင့်ခြင်း။

၆။ အထက်ပါအကြောင်းများကြောင့် အောက်ရုံးက စီရင်ချက်ကို ပယ်ချရန် ဖြစ်ပါသည်ဟု လျှောက်ထားတော့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဦးစောကို ကြောက်လွန်းလို့ပါ

အမိန့်မနာခံလျှင် သေရမှာက ချက်ချင်းပင် ဖြစ်သည်။

တရားဝန်ကြီးများ ဖြစ်ကြသော ဦးအုန်းဖေ၊ ဦးစံမောင်၊ ဦးဘိုကြီးတို့အား တရားခံသုခ၊ ခင်မောင်ရင်၊ မောင်နီတို့၏ရှေ့နေ မစ္စတာဒင်နီယယ်က လျှောက်ထားသည်မှာ-

မိမိ၏ အမှုသည်များသည် ဦးစော၏ လက်တွင်း ရောက်ပြီး ဦးစောစေခိုင်းသမျှ လုပ်ရသည့် အခြေအနေသို့ ရောက်နေပါပြီဟု စတင်လျှောက်ထားကာ ခင်မောင်ရင်၏ ထွက်ချက်၊ သုခ၏ ထွက်ချက်နှင့် မောင်နီ၏ ထွက်ချက်များကို ဖတ်ပြတော့၏။

## သစ္စာဆိုကြရသည်

မစ္စတာ ဒင်နီယယ်က ဆက်လက် လျှောက်ထားသည်မှာ-

မိမိ၏ အယူခံ တရားခံများသည် ဦးစော၏ အိမ်သို့ ရောက်ရှိကြသည့်အခါ သစ္စာမဖောက်မည့်အကြောင်း ကျမ်းသစ္စာ ကျိန်ဆိုရပါသည်။

အကယ်၍ သစ္စာဖောက်ခဲ့သည်ရှိသော် မိမိကိုယ်တိုင် လက်မှတ်ရေးထိုး၍ မိမိကိုယ်ကို မိမိ သတ်သေကြောင်းပင် စာရေး၍ ဦးစောထံ အပ်နှံရပါသည်။

**တရားဝန်ကြီးများ။** ။ သစ္စာကျိန်ဆိုရပုံ ခွဲခြားပြပါ။

**ဒင်နီယယ်။** ။ မိမိအမှုသည်များသည် ဦးစော၏ အကြံအစည်ကို မိမိ၏ တရားခံများမှာ ဦးစောအား သစ္စာမဖောက်ရန် ဖြစ်ပါသည်။

## လူသတ်ကြရမည် မသိကြ

မစ္စတာ ဒင်နီယယ်က ဆက်လက် လျှောက်ထားသည်မှာ ဦးစော၏ လျှို့ဝှက်သည့်ကိစ္စများကို ဆောင်ရွက်ရန် သစ္စာဆိုခိုင်း ဖြစ်ပါသည်။ မိမိ၏ တရားခံများမှာ လျှို့ဝှက်သည့် ကိစ္စများကို ဆောင်ရွက်ရန်လည်း မသိ။

ဦးစောအား ကြောက်လန့်၍သာ လက်မှတ်ထိုး၍ သစ္စာဆိုရခြင်း ဖြစ်သည်။ ဤသို့ လျှို့ဝှက်ကိစ္စများ ဆောင်ရွက်ရန် ဖြစ်သော်လည်း လူသတ်

www.burmeseclassic.com

www.burmeseclassic.com



ရမည်ကို မသိရပါ။ လူသတ်ရမည်ကို ရှေးမဆွက သိရပါလျှင် ထွက်ပြေးကြမည် ဖြစ်ပါသည်ဟု ပြောဆို၍ သုခ၏ ထွက်ချက်ကို ဖတ်ပြပြန်သည်။

## အံ့အားသင့်သွားကြသည်

သုခ၊ စိန်ကြီး၏ ထွက်ဆိုချက်ကို ကြည့်လျှင် ရှင်းလင်းစွာ ဖော်ပြထားပါသည်။ ဦးစော အိမ်ကို ရောက်၍ လျှို့ဝှက်သည့်ကိစ္စများ ဆောင်ရွက်ရမည်သာ သိရပါသည်။ ဘညွန့်ကိုယ်တိုင်ပင် နိုင်ငံရေးအတွက် ပါတီကြီးပွားရန် ဦးစော ခိုင်းစေသည့်အတိုင်း လက်နက်များကို အရထုတ်ယူပြီးဖြစ်ပါသည်။ ဇူလိုင် ၁၈ ရက်နေ့ကျသောအခါမှ ဦးအောင်ဆန်းတို့အား သတ်ရမည်ဟု ဦးစောက ထုတ်ဖော်ပြောဆိုသည့်အခါ အံ့အားသင့်သွားကြပါသည်။ မိမိ၏ တရားခံများသည် ဗိုလ်ချုပ်အောင်ဆန်းတို့အား လုပ်ကြံရမည်ကို လုံးဝ မမျှော်လင့်ခဲ့ပါ။ ယခုလို ဦးစောက ထုတ်ဖော်ပြောဆိုလိုက်သဖြင့် အလွန်ပင် အံ့အားသင့်သွားခြင်း ဖြစ်ပါသည်။

## သေမှာက လက်ငင်း

အကယ်၍သာ အချိန်ရှိခဲ့လျှင် မိမိ၏ တရားခံများသည် ထွက်ပြေးကြမည် အမှန်ဖြစ်ပါသည်။ ယခုမှာမူကား ထွက်ပြေးရန် မရနိုင်သည့် အခြေအနေပေါ်တွင် တည်နေပါသည်။ နောက်တစ်ကြောင်းမှာ ဦးစော ခိုင်းစေချက်အတိုင်း မဆောင်ရွက်ခဲ့လျှင် သေရမှာ လက်ငင်း ဖြစ်နေပါသည်။

ဦးစောကို မည်မျှ ကြောက်ရပုံများကို သက်သေ ထွက်ချက်ရှိပါသည်။

## ခြောက်လုံးပြူးတစ်လက် ဆုံးရုံပဲ

မိမိ၏ တရားခံများသည် ဦးစော၏ လက်တွင်းသို့ ကျရောက်သလိုဖြစ်နေပါသည်။ မိမိကိုယ်ကို သတ်သေလိုက်ပါပြီဆိုသော စာရွက်စာတမ်းများမှာလည်း ဦးစော၏ လက်တွင်း၌သာ ရှိနေပါသည်။

ဦးစောက သစ္စာဖောက်တဲ့လူကို သတ်ဖို့ မခဲယဉ်းပါ။ ခြောက်လုံးပြူး တစ်လက် ဆုံးရုံလောက်ပင် ဖြစ်ပါသည်ဟု ဖော်ကောင် ဘညွန့်က ထွက်ဆိုထားပါသည်ဟု လျှောက်လဲသည်။ ဘညွန့်၏ ထွက်ဆိုချက်များကို

www.burmeseclassic.com

www.burmeseclassic.com



ဖတ်ပြပြန်သည်။ နောက်ဆုံး၌ မစ္စတာဒင်နီယယ်က ၄င်း၏ အမှုသည်များသည် ဦးစောအား ကြောက်ရလွန်းသဖြင့်သာ ဆောင်ရွက်ရ၍ ကြီးလေးသော အပြစ် မပေးရန် လျှောက်လဲတော့သည်။

## ရက်ချိန်းမပေးနိုင်

မစ္စတာ ဒင်နီယယ် ပြီးသောအခါ စိန်ကြီး၏ ရှေ့နေ ဦးစောလှဖြူ က ယခုအချိန်တွင် ရုံးတော်ကို ရပ်ဆိုင်း၍ တနင်္လာနေ့မှ ဆက်လက် လျှောက်လဲချက်ပေးရန် လျှောက်ထားရာ တရားဝန်ကြီးများက မစ္စတာ ဟက်ဖောက်လည်း တနင်္လာနေ့မှ လျှောက်လဲချက်ပေးနိုင်မည်မှာ မသေချာ သဖြင့် စိန်ကြီးအတွက် လျှောက်လဲချက်ပေးရန်သင့်ကြောင်း၊ ယနေ့ပင် လျှောက်လဲချက်ပေးပါဟု ပြောဆိုသည်။

ဦးစောလှဖြူက တရားခံ စိန်ကြီးအတွက် မစ္စတာ ဒင်နီယယ်ကဲ့သို့ လျှောက်လဲချက်ပေးသည်။

## တရားခံ စိန်ကြီးအတွက် လျှောက်လဲချက်

တရားခံ စိန်ကြီးအတွက် လိုက်ပါ ဆောင်ရွက်ရသော ဦးစောလှဖြူ က အယူခံရသည့်အကြောင်းပြချက်များမှာ–

၁။ တရားခံ စိန်ကြီးသည် အသက် ၂၀ မျှ ရှိသေး၍ ဦးစော သွေးဆောင်သမျှ လိုက်ပါ ဆောင်ရွက်ရကြောင်း။

၂။ ဦးစော၏ အာဏာ လွှမ်းမိုးနေသည်မှာ ထင်ရှားကြောင်း။

၃။ ဦးစော၏ အမိန့်ကို မနာခံလျှင် လက်ငင်း အသတ်ခံရမည်။

၄။ အတွင်းဝန်ကြီးများ၏ ရုံးသို့ ရောက်သည့်အခါတွင် တရားခံ စိန်ကြီးက ပြန်ကြစို့ဟု ပြောသော်လည်း ၄င်းပြောဆိုချက် မအောင်မြင် ကြောင်း။

၅။ လုပ်ကြံမှုကြီးကို အစမှ အဆုံးတိုင် ဖော်ပြောသေးသည့်အပြင် အမှုနှင့် ပတ်သက်၍ အောက်ရုံး၌ ရှေ့နေမခေါ်ဘဲ နေခြင်း။ ယခုလည်း အစိုးရက ခေါ်သဖြင့်သာ ရှေ့နေလိုက်ရပါကြောင်း။

၆။ မြန်မာပြည် အုပ်ချုပ်ရေး အက်ဥပဒေ ၁၃၉ အရ မြန်မာပြည် ဘုရင်ခံမှာ အာဏာအလဲသုံးစား ပြုလုပ်ပြီး ခုံသမာဓိအဖွဲ့ကို ဖွဲ့စည်းခဲ့

www.burmeseclassic.com



ကြောင်း၊ အမှန်မှာ ဟိုက်ကုတ်လွှတ်တော် ဂျူရီလူကြီးများနှင့်သာ စစ်ဆေး ရမည် ဖြစ်ပါသည်။

သို့ပါ၍ ခုံသမာဓိအဖွဲ့က စစ်ဆေးစဉ်အခါတွင် ဂျူရီလူကြီးများ မပါသဖြင့် တရားခံများ ရသင့်သော အခွင့်အရေးများမရဘဲ ဖြစ်နေပါသည်။ အပြစ်ဒဏ်မှ သက်သာခွင့်ပေးရန်လမ်းရှိပါက သက်သာခွင့်ပေးရန် ဦးကြာခိုင် လျှောက်လဲချက်မပေးခင် ရုံးတော်သို့ လျှောက်လဲချက် ပေးသည်။

* * *

## အယူခံမှုအတွက် တရားလိုရှေ့နေ ချေပလျှောက်လဲချက် ခုံရုံးက ဦးစောလိုလားသရွေ့ ပေးခဲ့ခြင်း

### သတင်းစာတွေကလည်း ဦးစော၏ အမှုကို မျှတစွာ ရေးသည်ဆိုခြင်း

ဘုရင်ခံတွင် အထူးခုံ သမာဓိဖွဲ့ရန် အာဏာတွေရှိသည်ဟု ရှေ့နေ ချုပ်က လျှောက်လဲခြင်း။

ဦးစောနှင့် ကြံရာပါ ရှစ်ဦးတို့၏ အမှုကို ဖေဖော်ဝါရီလ ၂၄ ရက် နေ့က တရားဝန်ကြီး ဦးစံမောင်၊ တရားဝန်ကြီး ဦးအုန်းဖေ၊ တရားဝန်ကြီး ဦးဘိုကြီးတို့၏ ရုံးတွင် ဆက်လက် စစ်ဆေးသည်။ တရားခံဘက်မှ ရှေ့နေ များ လျှောက်လဲချက် အသီးသီး ပေးပြီးကြသဖြင့် ရှေ့နေချုပ်ကြီး ဦးချန် ထွန်းက ဥပဒေအကိုးအကားများပြကာ အောက်ပါ ခံရာခံဆစ်တို့ကို ရှင်း လင်း လျှောက်ထားတော့သည်။

အယူခံချက်နှင့် ပတ်သက်သည့် အကြောင်းအရာများကို လျှောက်လဲ ချက် မပေးမီ ဦးစော၏ ဝတ်လုံ မစ္စတာဟက်ဖောက် ( ) ၏ ပဏာမ ဥပဒေအကြောင်း လျှောက်လဲချက်များကို စိစစ်လိုက်သည့်အခါ အောက်ပါ အချက်များ ထွက်ပေါ်လာပါသည်။

၁။ အထူးခုံရုံးက ဦးစောအား မိမိ ကြိုက်နှစ်သက်သော ရှေ့နေများ ငှားရမ်းနိုင်စေရန် လုံလောက်သောအချိန်နှင့် အခွင့်အရေးများ မပေးဟု ဆိုခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၂။ သတင်းစာ ဆရာများကို ဦးစောအမှုပေါ်တွင် အမှုနှင့် ပတ်သက်၍ တစ်ဖက်သတ် ဝေဖန်ချက်များကို ထုတ်ဖော်ရေးသားကြသဖြင့် ဦးစောမှာ ဤအမှုတွင် တရားမျှတသော စစ်ဆေးမှုကို မရခဲ့ဟု ဆိုခြင်း။

၃။ ၁၉၄၇ ခုနှစ် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂-(၁) (ခ) အရ ဦးစောအပေါ်တွင် အပြစ်ရှိသည်ဟု ခုံရုံးက အမိန့်ချမှတ်ခြင်းသည် မှားယွင်းသည်ဟု ဆိုခြင်း။

အကြောင်းပြချက်မှာ ထိုပြင်ဆင်ချက် ဥပဒေသည် ၁၉၄၇ ခု ဩဂုတ်လ ၁ ရက်နေ့မှသာစ၍ အာဏာအတည် ဖြစ်ခဲ့၍ ဤဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီးများကို လုပ်ကြံသည့်အမှုမှာ ထိုနေ့ရက် မတိုင်မီက ပေါ်ပေါက်ခဲ့ကြောင်း။

၄။ အထူးခုံရုံးမှာ ဤအမှုကို ကြားနာ စစ်ဆေးနိုင်သော ဤအာဏာ မရှိဟုဆိုခြင်း။ အကြောင်းပြချက်မှာ-

(က) ၁၉၃၅ ခု မြန်မာနိုင်ငံ အုပ်ချုပ်ရေး အက်ဥပဒေပုဒ်မ (၁၃၉) အရ ဘုရင်ခံသည် မြန်မာနိုင်ငံ ဥပဒေပြုအဖွဲ့၏ အခွင့်အာဏာ အားလုံးကို ကျင့်သုံးနိုင်ရန် မိမိလက်သို့ ထိုအခွင့်အာဏာအားလုံးကို ကျင့်သုံးနိုင်ရန် မိမိ လက်သို့ ထိုအခွင့်အရေးများကို ပေးအပ်သည့် အရေးတကြီး ကြေညာချက် တစ်ရပ်ကို ထုတ်ပြန်ခြင်း မရှိဟု ဆိုခြင်း။

(ခ) အထူးခုံရုံး အက်ဥပဒေတွင် ဥပဒေနိဒါန်း မရှိပါဟု ဆိုခြင်း။

(ဂ) ၁၉၃၅ ခု မြန်မာနိုင်ငံ အုပ်ချုပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃၉ (ခ) ၏ ခြွင်းချက်က အဆိုပါ အထူးခုံ အက်ဥပဒေမျိုး မပြုလုပ်နိုင်ရန် တားမြစ်ထားသည်ဆိုခြင်း။

(ဃ) ၁၉၃၅ ခု မြန်မာနိုင်ငံ အုပ်ချုပ်ရေး အက်ဥပဒေ ပုဒ်မ ၉ အရ ဘုရင်ခံမင်းမြတ်က မြန်မာပြည်ဘုရင်ခံသို့ ပေးအပ်လိုက်သော ညွှန်ကြားချက် အမိန့်စာချွန်တော် အပိုဒ် (၁၉) ခ-အရ အထူးခုံ အက်ဥပဒေမျိုးကို ဘုရင်မင်းမြတ်၏ သဘောတူညီချက် မရရှိဘဲ မြန်မာပြည်ဘုရင်ခံက သဘောတူကြောင်း လက်မှတ်ရေးထိုးခွင့် မရှိခြင်း။

www.burmeseclassic.com

www.burmeseclassic.com



## အခွင့်အရေးမပေးဆိုသည့်ကိစ္စ

အထူးခုံရုံးက ဦးစောအား မိမိ ကြိုက်နှစ်သက်သော ရှေ့နေများကို ငှားရမ်းနိုင်စေရန် လုံလောက်သော အချိန်နှင့် အခွင့်အရေးမပေးခဲ့ဟု ဦးစော၏ ဝတ်လုံ မစ္စတာ ဟက်ဖောက်က ဆို၏။

မစ္စတာ ဟက်ဖောက်သည် ဦးစောအတွက်သော် လည်းကောင်း၊ အခြားတစ်စုံတစ်ယောက်သော တရားခံအတွက်သော် လည်းကောင်း အထူးခုံရုံးတွင် လိုက်ပါဆောင်ရွက်ခြင်း မပြုလုပ်ခဲ့ပါ။

၎င်းအပြင် မစ္စတာ ဟက်ဖောက်သည် ဤကိစ္စနှင့် ပတ်သက်၍ အမှုတွဲများကို သေချာစွာ ဖတ်ကြားလေ့လာခြင်း မပြုခဲ့သည်မှာ အလွန်ထင်ရှားပါသည်။

မစ္စတာ ဟက်ဖောက်က ယခုကဲ့သို့ စွပ်စွဲပြစ်တင်ရခြင်းမှာ ၎င်း၏ အမှုသည် ဦးစော၏ ညွှန်ကြားချက်အရ ဖြစ်ပါသည်ဟု ဝန်ခံထားခဲ့၏။

ဤကဲ့သို့ မဟုတ်မမှန်သော အကြောင်းအရာများနှင့် စွပ်စွဲချက်များသည် အထူးခုံရုံးတွင် ဖြစ်ပျက်ခဲ့သော ကိစ္စများကို မသိသာ သူများ၏ စိတ်တွင် ဦးစောမှာ ခုံရုံး၏ တရားမျှတစွာ ဆောင်ရွက်မှုကို မရရှိခဲ့ဟု မှားသော ထင်မြင်ချက် ယူဆချက်များ ပေါ်ပေါက်စရာ ရှိနေပါသည်။

ခုံရုံး၏ ဂုဏ်နှင့် တော်တည့် ဖြောင့်မတ်သော သဘောများကို ထောက်၍ ပြောဆိုရလျှင် ဦးစောအား မိမိ သဘောကျ ရှေ့နေများကို ငှားရမ်းရရှိနိုင်စေရန် လုံလောက်သော အချိန်နှင့် အခွင့်အရေးများကို ခုံရုံးက ထိထိရောက်ရောက် ပေးအပ်ခဲ့သည်မှာ အောက်ပါအကြောင်းအချက်တို့ကို ထောက်ထား၍ ထင်ရှားစွာ သိမြင်နိုင်ပါသည်။

## အခွင့်အရေးများ ပေးခဲ့ခြင်း

ဦးစောသည် မိမိ ကြိုက်နှစ်သက်၍ ရွေးချယ် ငှားရမ်းသော ရှေ့နေ တစ်ဦးဖြင့် အမှုကို အစမှ အဆုံးတိုင်အောင် ကာကွယ်ခွင့် ရရှိခဲ့သည်။

၎င်းအပြင် ရှေ့နေမလိုဟု ငြင်းပယ်ခဲ့သော တရားခံများမှတစ်ပါး အားလုံးသော တရားခံများမှာလည်း အစိုးရက စားစရိတ်ခံ၍ ငှားရမ်းသော ရှေ့နေများ ရရှိခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်ဆိုလျှင် ဦးစောသည် မိမိ ကြိုက်နှစ်သက်သော ရှေ့နေ ရှေ့ရပ်များကို ကမ္ဘာပေါ်ရှိ မည်သည့် နိုင်ငံဒေသမဆို ငှားရမ်းခေါ်ယူနိုင်ရန် အခွင့်အရေးနှင့် အချိန်များ လုံလောက်အောင် ရရှိပါသည်။

ဇူလိုင်လ ၁၉ ရက်နေ့တွင် ဦးစော အဖမ်းခံရ၏။ ၂၀ ရက်နေ့တွင် အမှုနှင့် ပတ်သက်၍ ၎င်းအား ပုလိပ်က စစ်ဆေးသောအခါ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများအား လုပ်ကြံသော အမှုနှင့် ပတ်သက်၍ ဖမ်းဆီးထားကြောင်းကို ဦးစောက သေချာတိကျစွာ သိရှိခဲ့လေသည်။

## အင်္ဂလန်က ရှေ့နေ

အောက်တိုဘာလ ၈ ရက်နေ့တွင် ဦးစောနှင့် တရားခံများကို အထူးခုံရုံးသို့ ပထမဦးဆုံးအချိန် တင်သွင်းရောက်ရှိကြလေသည်။

ထိုအခါ ဦးစောက မိမိသည် အင်္ဂလန်မှ ရှေ့နေတစ်ဦးကို ငှားရမ်းရန် စီစဉ်ထားရှိပြီး ဖြစ်သဖြင့် အမှုကို တနင်္ဂနွေတစ်ပတ် ရွှေ့ဆိုင်းပေးရန်။

လျှောက်ထားသည့်အတိုင်း ၎င်း၏ ရှေ့နေ လာရောက်နိုင်ရန် ရုံးတော်က တနင်္ဂနွေတစ်ပတ် အချိန်ပေးခဲ့သည်။

ဖော်ပြသော အင်္ဂလန်က ရှေ့နေ ဆိုသည်မှာ မစ္စတာ ဗာတားနစ်ကိုပင် ရည်ရွယ်ဆိုလိုကြောင်း ထင်ရှား၏။

မစ္စတာ ဗာတားနစ်သည် အင်္ဂလန်မှ မြန်မာပြည်သို့ ဦးစော၏ အမှုတွင် လိုက်ပါဆောင်ရွက်ရန်အတွက် လာရောက်ရာ ထိုနေ့ ၈-၁၀-၄၇ တွင် လမ်းခရီးတွင် ရောက်ရှိနေပြီ ဖြစ်သည့်အပြင် ရန်ကုန်မြို့သို့ ၁၁-၁၀-၄၇ နေ့တွင် ရုံး၌ ဖြစ်ပျက်နေသည့် အကြောင်းများကို ထောက်ချင့် ကြည့်ရှုသောအခါတွင် ၎င်းအဓိပ္ပာယ်မှာက ပို၍ ပေါ်လွင်ထင်ရှားလာ၏။

ထိုရက်ချိန်းရွှေ့ဆိုင်းလိုက်သောနေ့ ၁၅-၁၀-၄၇ အတွက် ရုံးတော်၏ မှတ်တမ်းတွင် ရှိသည်မှာ-

ဦးစောအတွက် လိုက်ပါရန် မစ္စတာ ဗာတားနစ်အား ငှားပြုလိုက်သည့်အတိုင်း မစ္စတာ ဗားတာနစ်က ဦးစောအတွက် လိုက်ပါဆောင်ရွက်သည်

www.burmeseclassic.com



## သိလျက်နှင့်

ဦးစောကို ပုလိပ်က စတင် စစ်ဆေးသဖြင့် ဤအမှုအတွက် ၄င်းအား ဖမ်းဆီးထားကြောင်းကို ဦးစော စတင်သိသောနေ့ ၂၀-၈-၄၇ မှ ခုံရုံး၌ စစ်ဆေးသောနေ့ ၁၅-၁၀-၄၇ များတွင် အချိန်မှာ နှစ်လမျှ ကြာရှိသဖြင့် ဦးစောသည် မိမိ အလိုရှိသော ရှေ့နေရှေ့ရပ်များကို မည်သည့် ဒေသကမဆို ငှားရမ်းခေါ်ယူနိုင်ရန် အချိန်လုံလောက်စွာ ရရှိကြောင်းမှာ ထင်ရှား၏။

ဦးစောမှာ မိမိ ပြုလုပ်ထားသော အစီအစဉ်များနှင့် ၄င်း၏ ရှေ့နေ မစ္စတာ ဗားတာနစ် လိုက်ပါ ဆောင်ရွက်ခြင်းများကို ကျေနပ်ခဲ့ကြောင်းမှာ အလွန် ထင်ရှား၏။

အကြောင်းကို ဆိုသော် ခုံရုံးတွင် အစိုးရ (တရားလို) ၏ အရေးကြီးသော သက်သေအားလုံးကို စစ်ဆေးခြင်း ပြီးဆုံး၍ ဦးစောနှင့်တကွ တခြားတရားခံများအပေါ်တွင် စွဲချက်တင်သည့်တိုင်အောင် အမှုစစ်ဆေးခြင်းမှာ တစ်နေ့ပြီးတစ်နေ့ ဆက်လက်၍ ပြုလုပ်သွား၏။

ထိုမျှသော ကာလပတ်လုံးတွင် မစ္စတာဗားတာနစ်မှာ ဦးစောအတွက် အမှုတွင် နာမကျန်းရှိ၍ မလာနိုင်သဖြင့် အခြားတရားခံများ၏ ရှေ့နေ ဦးစံဝင်းကို ၄င်းအတွက် လိုက်ပါဆောင်ရွက်နိုင်ရန် စီစဉ်ရသော တစ်နေ့မှအပ ကျန်-ကျန်သမျှသော နေ့တွင် လိုက်ပါ ဆောင်ရွက်ခဲ့၏။

သို့သော် မိမိအပေါ်တွင် ခုံရုံးက စွဲချက်တင်လိုက်သောအခါတွင်မှ ဦးစောသည် မစ္စတာ ဗာတားနစ်နှင့် ပူးတွဲလိုက်ပါရန် နောက်ထပ်၍ ရှေ့နေကြီး တစ်ဦး ရရှိရန် ဆန္ဒပေါ်လာကြောင်းကို ပထမဆုံးအကြိမ် ပြခဲ့၏။

ထို့ကြောင့် ၄-၁၁-၄၇ နေ့တွင် ဦးစောနှင့် အခြား တရားခံများအပေါ်တွင် စွဲချက်တင်ရန် ခုံရုံးတော်က အမိန့်ချမှတ်လိုက်သောအခါတွင် မစ္စတာ ဗာတားနစ်က ဦးစောအတွက် ရုံးတော်သို့ လျှောက်ထားသည်မှာ-

'အင်္ဂလန်မှ ဦးစောအတွက် ၄င်းနှင့်အတူ တွဲဖက်လိုက်ပါရန် ရှေ့နေတစ်ဦး ရရှိရေးအတွက် ရုံးတော်က အမှုဆက်လက် စစ်ဆေးခြင်းကို ဆိုင်းငံ့နေ့စဉ်ပတ်မျှ ရွှေ့ဆိုင်းပေးရန်'

www.burmeseclassic.com

www.burmeseclassic.com



## ရှေ့နေခ မပေးသေးလို့

ရုံးတော်ကလည်း တောင်းဆိုထားသည့်အတိုင်း ၁၇-၁၁-၄၇ နေ့ အထိ စစ်ဆေးခြင်းကို ရွှေ့ဆိုင်းလိုက်၏။

၁၇-၁၁-၄၇ နေ့တွင် မစ္စတာ ဗာတားနစ်အမှုကို ထပ်မံ ရွှေ့ဆိုင်းရန် လျှောက်ထားပြန်သည်။

သို့သော် ရှေ့နေချုပ်ကြီးက ဘိလပ်တွင်ရှိသော ဦးစော၏ညီ မစ္စတာ ဂျိုးထံမှ ရရှိသော အောက်ပါ ကြေးနန်းစာကို တင်ပြပြီးလျှင် ကန့်ကွက်၏။

'ရှေ့နေခကို အချိန်မီရောက်အောင် ဦးစောထံမှ ငွေတင်ပို့ခြင်း မရှိသဖြင့် မစ္စတာ ကားတစ်ဘင်နက်မှာ လေယာဉ်ပျံနှင့် အချိန်မီ လိုက်ပါရန် ရရှိထားသော လက်မှတ်နှင့် အခွင့်အရေးများ ဆုံးပါးသွားပြီဖြစ်ကြောင်း'

## တိုက်ရိုက်ဆက်သွယ်မှုသာ

သို့သော်လည်း မစ္စတာ ဗာတားနစ်က မိမိသည် မစ္စတာ ဘင်နက်ထံသို့ တိုက်ရိုက် သံကြိုးဖြင့် ပြန်သည့်နေ့တွင် မြန်မာပြည်သို့ မစ္စတာဘင်နက် ရောက်ရှိနိုင်မည်ကို စုံစမ်း၍ ရုံးတော်သို့ ၁၉-၁၁-၄၇ နေ့တွင် အကြောင်းပြန်ကြားပါမည်ဟု ဝန်ခံချက်ပေးရာ ရုံးတော်က နှစ်ဦးနှစ်ဖက် သဘောတူ ၂၀-၁၁-၄၇ နေ့တွင် ဟိုက်ကုတ်တရားလွှတ်တော်ရှိ ခုံရုံးဥက္ကဋ္ဌ၏ အခန်းတွင် တရားခံမပါဘဲ ရှေ့နေများသာ လာရောက်ကြရန် ချိန်းဆိုလိုက်၏။

၂၁-၁၁-၄၇ နေ့တွင် ဥက္ကဋ္ဌ အခန်း၌ မစ္စတာဗာတားနစ်က မစ္စတာ ဂျိုးထံမှ အောက်ပါ ကြေးနန်းစာကို တင်ပြ၏။

'လန်ဒန်မြို့ရှိ ရှေ့နေက မစ္စတာဗာတားနစ်ထံသို့ တိုက်ရိုက်သံကြိုး ရိုက်ကြားပါလိမ့်မည်'

## လေယာဉ်ပျံ စောင့်နေပြီ

နှစ်ဦးနှစ်ဖက် သဘောတူ အမှုသည်များမပါဘဲ ရှေ့နေများသာလျှင် ဥက္ကဋ္ဌ၏ ရုံးတွင် လာရောက်အကြောင်းကြားရန် ၂၁-၁၁-၄၇ ရက်နေ့သို့ ရွှေ့ဆိုင်းလိုက်ပြန်၏။

၂၁-၁၁-၄၇ ရက်နေ့တွင် မစ္စတာ ကားတစ်ဘင်နက်ထံမှ ရရှိသော အောက်ပါသံကြိုးစာကို တင်ပြ၏။

www.burmeseclassic.com

www.burmeseclassic.com



'ပထမတရားခံ ဦးစောအတွက် လိုက်ပါ ဆောင်ရွက်ရန် မိမိအား ငှားရမ်းထားကြောင်း၊ လေယာဉ်ပျံ လက်မှတ်ရရန် စောင့်ဆိုင်းနေကြောင်းနှင့် ရန်ကုန်သို့ရောက်မည့် နေ့ရက်ကို သေချာစွာ သိရသောအခါတွင် အကြောင်းကြားမည်ဖြစ်ကြောင်း'

## ရက်ချိန်းပေးလျက်နှင့်

အထက်ပါ သံကြိုးစာအရ မစ္စတာဘင်နက် ရောက်ရှိမည့် နေ့ရက်မှာ မသေချာသဖြင့် ရုံးတော်က ရက်အကန့်အသတ်မရှိ မျှော်လင့် စောင့်စားနေရန် မဖြစ်နိုင်ကြောင်း ဆုံးဖြတ်၍ အမှုကို ၂၄-၁၁-၄၇ ရက်နေ့တွင် ဆက်လက် စစ်ဆေးရန် အမိန့်ချမှတ်လေသည်။

အထက်ပါ ရက်ချိန်းကို ကြည့်ခြင်းအားဖြင့် ထင်ရှားသည်မှာ ဦးစောက လန်ဒန်မြို့မှ ရှေ့နေတစ်ဦး ငှားရမ်းနိုင်ရန် အချိန်တောင်းဆိုသော ၄-၁၁-၄၇ ရက်နေ့မှစ၍ ရုံးတော်က အကြိမ်ကြိမ် ရက်ချိန်းပေး၍ ရွှေ့ဆိုင်းခဲ့ခြင်းနှင့် ဦးစောမှ ရက်ပေါင်း ၂၂ ရက် ရရှိသည်မှာ ထင်ရှား၏။

## ရှေ့နေ စလိုက်ပြီ

ထိုနောက် ၈-၁၂-၄၇ နေ့တွင် လန်ဒန်မှ ရှေ့နေကြီး မစ္စတာဘင်နက်သည် ရောက်ရှိလာပြီးလျှင် မစ္စတာ ဗာတားနစ်နှင့်အတူ စတင်၍ ဦးစောအတွက် လိုက်ပါဆောင်ရွက်သည်။ ထိုအချိန်အထိ ဦးစောနှင့်တကွ အခြားသော တရားခံများအတွက် ချေပသော တရားအမှု မစတင်ရသေးချေ။

ဦးစောအတွက် ချေပသောအမှု မစတင်မီနှင့် တရားခံ သက်သေတစ်စုံတစ်ယောက်မျှ စစ်ဆေးခြင်းမပြုမီ ရုံးတော်က ဦးစောနှင့် ဦးစော၏ ရှေ့နေများ ၄င်းတို့ စစ်ဆေးလိုသော တရားလို သက်သေအားလုံးကို ခေါ်ယူ၍ ပြန်လည် စစ်ဆေးရန် အခွင့်အရေးပေးခဲ့၏။

ထိုအခွင့်အရေးကို ဦးစောနှင့် ၄င်း၏ ရှေ့နေများသည် မိမိတို့သဘောရှိ ထိရောက်စွာ အသုံးပြုခဲ့၏။

ဦးစော၏ ချေပသောအမှု ပြီးဆုံး၍ ဦးစောအတွက် လျှောက်လဲချက်ကို ပေးပြီးသည့် ၁၉-၁၂-၄၇ နေ့အထိ အမှုစစ်သော နေ့တိုင်း နေ့တိုင်း ဘင်နက် ဗာတားနစ်တို့မှာ ဦးစောအတွက် လိုက်ပါ ဆောင်ရွက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဦးစော ကျေနပ်ခဲ့သည်

အထက်ပါ အဖြစ်အပျက် အကြောင်းမှန်တို့ကို သုံးသပ်သောအခါ တွင် အလွန် ထင်ရှားပေါ်လွင်သော အချက်မှာ ရုံးတော်မှ ဦးစောအား မိမိသဘောကျ ကြိုက်နှစ်သက်သော ရှေ့နေများကို ငှားရမ်းခေါ်ယူနိုင်ရန် လုံလောက်သောအချိန်နှင့် အခွင့်အရေးများကို ရရှိခဲ့ခြင်း၊ ၎င်းအပြင် ဦးစော က ဤကိစ္စနှင့် ပတ်သက်၍ တစ်စုံတစ်ရာ မကျေနပ်စရာ ရှိပါသည်ဟု လုံးဝ လုံးဝမှ မလျှောက်ဟခဲ့ခြင်းတို့ ဖြစ်၏။

၎င်းအပေါ်၌ စွဲချက်တင်ပြီးသောအခါမှသာပင် ဦးစောသည် အင်္ဂလန် မှ ရှေ့နေကြီးတစ်ဦးကို ထပ်မံ ငှားရမ်းခေါ်ယူရန် စတင်၍ အကြံရှိလာ၏။

အကယ်၍သာ အင်္ဂလန်မှ ရှေ့နေတစ်ဦးကိုလည်း မိမိအတွက် အမှု စသည့် အချိန်မှစ၍ လိုက်ပါ ဆောင်ရွက်ရန် ဆန္ဒရှိခဲ့ပါမူ ဦးစောသည် မစ္စတာ ဘင်နက်ကို ဖြစ်စေ၊ အခြားရှေ့နေတစ်ဦးဦးကို ဖြစ်စေ၊ မစ္စတာ ဗာတားနစ်နှင့် တစ်ချိန်တည်း တစ်ပါးတည်း ငှားရမ်းခေါ်ယူနိုင်သည်မှာ ထင်ရှား၏။

မစ္စတာ ဗာတားနစ်မှာလည်း ၎င်းအမှုအတွက် လိုက်ပါ ဆောင်ရွက် ရန် စီစဉ်၍ ဘိလပ်မှ ခေါ်ယူရသော ရှေ့နေဖြစ်၏။

## ဟက်ဗောက် လွန်တယ် (ရှေ့နေ ငှား၍မရ)

မြန်မာပြည်ရှိ ရှေ့နေရှေ့ရပ် တစ်စုံတစ်ယောက်ကိုမျှ ဦးစောအတွက် လိုက်ပါ ဆောင်ရွက်ရန် ငှားရမ်း၍မရခဲ့ပါဟု မစ္စတာဟက်ဗောက်က စွပ်စွဲ သောအချက်မှာ အနည်းငယ် တရားလွန်၍ မြန်မာပြည်ရှိ ရှေ့နေများ၏ ဂုဏ်သိက္ခာကို ထောက်ထား၍ ပြောရမည်ဆိုသော် ဤစွပ်စွဲချက်မှာ လုံးဝ အခြေအမြစ်မရှိပါ။

မည်သည့်ရှေ့နေရှေ့ရပ် တစ်စုံတစ်ယောက်ကိုမျှ ဤကိစ္စနှင့်ပတ်သက် ၍ ဝတ်လုံကောင်စီသို့ တိုင်တန်းခြင်း မရှိသေးသည့်အပြင် ဤတရားရုံးတော် သို့လည်း တိုင်တန်းခြင်း ရှိသည်ဟု မထင်ပါ။

ဦးစော ငှားရမ်းသော်လည်း အကြောင်းတစ်စုံတစ်ရာကြောင့် မလိုက် လိုကြောင်း ငြင်းပယ်ခဲ့သော ရှေ့နေရှေ့ရပ်တစ်ဦးဦး ရှိချင်ရှိပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမှုလောက်သောအကြောင်းကို ထောက်၍ ရှေ့နေရှေ့ရပ်တို့ အားလုံး အပေါ်တွင် သိမ်းရုံး၍ မစ္စတာ ဟက်ဗောက်က စွပ်စွဲလိုက်ခြင်းမှာ မတရားပါ။

အထက်ပါအကြောင်းများကို ထောက်ထား၍ ဦးစောအား ရုံးတော်က မိမိ ကြိုက်နှစ်သက်သော ရှေ့နေရှေ့ရပ်များကို ငှားရမ်းနိုင်ရန် လုံလောက်သော အချိန်နှင့် အခွင့်အရေး မပေးခဲ့ပါဟု စွပ်စွဲခြင်းသည် လုံး၀ အခြေအမြစ် မရှိပါ။

သတင်းစာများက ဦးစောအပေါ်တွင် ဤအမှုနှင့် ပတ်သက်၍ တစ်ဖက်သတ် ဝေဖန်ကြသဖြင့် အမှုမစစ်မီကပင် ဦးစောအပေါ်တွင် အပြစ်ရှိသည်ဟု ထင်မြင်ယူဆစေရန် အကြောင်းများ ပေါ်ပေါက်ခဲ့ပါသည်။

ထို့ကြောင့် ဦးစောမှာ ဤအမှုတွင် တရားမျှတသော စစ်ဆေးကြားနာမှု မရရှိခဲ့ပါဟု ဦးစော၏ဝတ်လုံ မစ္စတာ ဟက်ဗောက်က ဆို၏။

## သတင်းစာသည် မျှတသည်

လုပ်ကြံမှု ဖြစ်သည့်အချိန်နှင့် အထူးခုံရုံးက စတင် စစ်ဆေးသော အချိန်မတိုင်မီ ကြားကာလတွင် အချို့သတင်းစာများ၌ ရဲအဖွဲ့အရာရှိများ စစ်ဆေးတွေ့ရှိသည့် အဖြစ်အပျက် အကြောင်းအရာများကို ထည့်သွင်း ဖော်ပြကြသည်မှာ မှန်ပါ၏။

သို့သော် အမှုကို အထူးခုံရုံးက စတင် စစ်ဆေးသည် အချိန်မှစ၍ နောက်ကာလတွင် သတင်းစာများက မိမိတို့၏ ထင်မြင်ချက်များကို မပေးကြတော့ဘဲ ရုံးတွင်းစစ်ဆေးကြသည့် သတင်းများကိုသာလျှင် ထည့်သွင်းကြခြင်း ဖြစ်ပါသည်။

ထို့ကြောင့်သာလျှင် သတင်းစာ ဆရာများအပေါ်တွင် ရုံးတော်သို့လည်းကောင်း၊ အာဏာပိုင်များသို့ လည်းကောင်း၊ မည်သူတစ်စုံတစ်ယောက်ကမျှ တိုင်တန်းခြင်း မရှိခဲ့ပါ။

တရားရုံးတော်က စစ်ဆေးရမည့်အမှုကိစ္စ တစ်စုံတစ်ခုနှင့် ပတ်သက်၍ သတင်းစာများက တစ်နည်းတစ်လမ်းအားဖြင့် ဝေဖန်ရေးသားကြခြင်းမှာ မလိုအပ်ဟု ဆိုရမည်ဖြစ်သော်လည်း တရားစစ်ဆေးခြင်းတွင် ဥပဒေနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကိုက်ညီသည် မကိုက်ညီသည်၊ တရားနည်းလမ်းကျသည် မကျသည်ဆို သည့် ပြဿနာနှင့် မသက်ဆိုင်ပါ။

တရားရုံးက သက်ဆိုင်ရာ သတင်းစာအပေါ်တွင် ရုံးကို မလေးစား မှုနှင့် အရေးယူရန်သာ ရှိပါသည်။

## စီရင်ချက်က သည့်လိုပါ

ဤသို့ စွပ်စွဲချက်မှာ မှန်သည် ဖြစ်စေကာမူ ယခုအမှုတွင် ဆင်ခြင် စဉ်းစားရန် လုံလောက်သော အကြောင်းအချက် မဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော် ယခုအမှု၌ ဂျူရီလူကြီးများနှင့် စစ်ဆေးခြင်း မပြုဘဲ ဥပဒေနှင့် တရားစစ်ဆေးခြင်းတို့တွင် အလွန် အထက်တန်းကျ၍ ဗဟုသုတ ပြည့်စုံသော တရားသူကြီးများနှင့်သာ စစ်ဆေးခဲ့သောကြောင့် တည်း။

မစ္စတာဟက်ဗောက်က တင်ပြသော (၆-ရန်ကုန်-၃၉) စီရင်ထုံးမှာ ယခုအမှုနှင့် မည်သို့မျှ သက်ဆိုင်ခြင်း မရှိပါ။

ထိုအမှု၏ စီရင်ချက်က ဆိုသည်မှာ-

'ရုံးတော်တွင် စစ်ဆေးခဲ့သော အမှုတစ်စုံတစ်ခုနှင့် ပတ်သက်၍ ထင်မြင်ချက်များကို တစ်စုံတစ်ခုသော သတင်းစာတွင် ဖော်ပြပြောအံ့၊ ထို ထင်မြင်ချက်များသည် တရားစီရင်မှုတွင် တရားမျှတစွာ မဖြစ်ဘဲ တစ်ဖက် သတ် သဘောသို့ ကျရောက်စေသည်လည်း ဖြစ်အံ့။

ထိုသို့သော ဝေဖန်ချက်ကို ဖော်ပြသည့် သတင်းစာသည် ရုံးတော် အား မလေးစားမှုကို ကျူးလွန်ရာ ရောက်သည်။

ထိုအမှုတွင် တရားမျှတခြင်း ရှိမရှိ၊ ဥပဒေနှင့် မကိုက်ညီ၍ ပျက် ပြယ်သည်၊ မပျက်ပြယ်သည် စသော ပြဿနာများ မပေါ်ပေါက်ခဲ့ချေ။ ပေါ်လည်း မပေါ်ပေါက်နိုင်။

## ဥပဒေ ပျက်သတဲ့

ဗိုလ်ချုပ် ဦးအောင်ဆန်းနှင့်တကွ အခြားဝန်ကြီးများကို လုပ်ကြံ သော အမှုမှာ ၁၉-၇-၄၇ နေ့က ပေါ်ပေါက်ခဲ့၍ ၁၉၄၇ အထူးဥပဒေပုဒ်မ ၃၃ မှာ ၁-၈-၄၇ နေ့က စ၍သာလျှင် အာဏာအတည် ဖြစ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အထူးခုံရုံးကသာလျှင် ထိုပြင်ဆင်ထားသော ဥပဒေပုဒ်မအရသာလျှင် တရားခံများကို အပြစ်ပေးခဲ့ကြောင်းမှာ ထင်ရှား၏။

သို့သော် ဤအမှုတွင် တရားခံများမှာ မည်သည့်နည်းနှင့်မျှ နစ်နာခြင်း မရှိခဲ့ပါ။

ထိုပြင်ဆင်ချက် ဥပဒေပုဒ်မမှာလည်း လူသတ်မှုနှင့် အပြစ်ပေးခံရသော တရားခံများအပေါ်တွင် သက်သာသော အကျိုးသက်ရောက်မှု ရစေရန်သာ ရည်ရွယ်၍ စီမံထားသော ဥပဒေဖြစ်သည်။

အကြောင်းကိုဆိုသော် ယခင်ရှိရင်းစွဲ ဥပဒေမှာ လူသတ်မှု ကျူးလွန်ကြောင်း ထင်ရှားသည့် တရားခံများကိုသာ ကြိုးမိန့်ပေးနိုင်၍ အခြား ထိုကဲ့သို့သော တရားခံများကိုမူ ကျွန်းဒဏ်သာလျှင် ပေးနိုင်လေသည်။

မြန်မာပြည် လွတ်လပ်ရေးရသော ၄-၁-၄၈ နေ့မတိုင်မီက မည်သို့ပင် ဥပဒေအယူအဆ ထင်ရှားရှိစေကာမူ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်း အုပ်ချုပ်ပုံ ဥပဒေအာဏာတည်သည့် ၄-၁-၄၈ နေ့၏ နောက်ကာလတွင်မူကား ထိုအခြေခံ ဥပဒေ၏ပုဒ်မ ၂၄ တွင် မူလအခွင့်အရေးအဖြစ် တိကျစွာ ပြဋ္ဌာန်းထားသည့်အတိုင်းသာလျှင် ဖြစ်ရမည်။

ထိုပုဒ်မက ဆိုသည်မှာ-

'ပြစ်မှုတစ်ခုကို ပြုလုပ်သည့်အခါက အတည်ဖြစ်နေသော ဥပဒေကို ကျူးလွန်သည့်အတွက်မှတစ်ပါး မည်သူ့ကိုမျှ ပြစ်မှုထင်ရှားသည်ဟု မစီရင်ရ'

ဤချွတ်ယွင်းချက်မှာ ရာဇဝင်ကျင့်ထုံးကိုစ ဥပဒေပုဒ်မ ၅၃၇ အရ ပြင်ဆင်ဆေးကုနိုင်သော ချွတ်ယွင်းချက်ကလေးများ ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် တရားခံများမှာ တစ်စုံတစ်ရာမျှ နစ်နာခြင်း မရှိခဲ့ရချေ။

ဤရုံးတော်က လုပ်ဆောင်ရမည်မှာ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂ (ခ) အစား ပုဒ်မ ၃၀၂ သို့သာ ပြောင်း၍ အမိန့်ချလိုက်ရန် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အာဏာတွေ ရှိနေသည်

ဦးစော၏ ဝတ်လုံ မစ္စတာ ဟက်ဗောက်က ၁၉၃၅ မြန်မာနိုင်ငံ အုပ်ချုပ်ရေး အက်ဥပဒေပုဒ်မ ၁၃၉ အရ အရေးတကြီး ကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်း မရှိသဖြင့် မြန်မာပြည် ဘုရင်ခံတွင် အထူးခုံရုံး အက်ဥပဒေကို ပြုလုပ်ရန် အာဏာမရှိချေ။

မစ္စတာ ဟက်ဗောက်က ဤသို့ ယောင်ယမ်း၍ ထွက်ဆိုလိုက်ခြင်းမှာ အံ့သြဖွယ်ရာပင် ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် မြန်မာပြည်ကို ဂျပန်များ ဝင်ရောက် သိမ်းပိုက်သည့်အခါတွင် ထိုပုဒ်မ ၁၃၉ အရ မြန်မာပြည် ဥပဒေပြုအဖွဲ့၏ အာဏာအားလုံးကို ဘုရင်ခံက သိမ်းယူလိုက်ကြောင်း၊ အရေးတကြီး ကြေညာချက် ထုတ်ပြန်သည်ကို လူတိုင်းအသိ ဖြစ်သည့်အပြင် အနည်းငယ် စုံစမ်းလျှင်လည်း သိရှိနိုင်ပေသည်။

ထိုပုဒ်မက ဆိုသည်မှာ-

'မြန်မာနိုင်ငံ အုပ်ချုပ်ရေး အက်ဥပဒေပုဒ်မ-၁၃၉ ၏ ခြွင်းချက်တွင် မည်သို့ပင်ရှိစေကာမူ ထိုပုဒ်မ-၁၃၉ အရ ထုတ်ပြန်ထားသော အရေးတကြီး ကြေညာချက်သည် ၄င်းခြွင်းချက်က လိုအပ်သည်ဟု ဖော်ပြထားသော် ဗြိတိသျှအထက် အောက်ပါလီမန် နှစ်ရပ်၏ အတည်ပြု ပြဋ္ဌာန်းချက်ကို ရရှိခဲ့လျှင် ၁၀-၁၂-၄၈ နေ့ထိ အာဏာအတည်ဖြစ်စေရမည်။

## ဘုရင်ခံ ပြန်မသွားသေးသမျှ

ဗြိတိသျှ အထက်အောက် ပါလီမန်နှစ်ရပ်စလုံးက ထိုအရေးတကြီး ကြေညာချက်ကို အာဏာ ဆက်လက် တည်စေရန် ပြဋ္ဌာန်းချက်များကို အကြိမ်ကြိမ် အခါအားလျော်စွာ ပြဋ္ဌာန်းခဲ့လေသည်။

ထိုအရေးတကြီး ကြေညာချက်ကို ၁၆-၄-၄၇ နေ့မှစ၍ နောက်တစ်နှစ် ကာလပတ်လုံး အာဏာဆက်လက် အတည်ဖြစ်စေရန် ၂-၄-၄၇ နေ့တွင် ဗြိတိသျှ အောက်ပါလီမန်က ပြဋ္ဌာန်းချက်ချ၍ အထက်ပါလီမန်က ၁၅-၄-၄၇ နေ့ နောက်ဆုံး ပြဋ္ဌာန်းခဲ့လေသည်။ ထို့ကြောင့် ၄င်းအရေးတကြီး ကြေညာချက်သည် အထူးခုံရုံး အက်ဥပဒေကို မြန်မာပြည် ဘုရင်ခံအ

www.burmeseclassic.com



ထုတ်ပြန်သောနေ့တွင် အာဏာတည်လျက်ရှိသည့်အပြင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် သမ္မတ မြန်မာနိုင်ငံကြီး တည်ထောင်ခဲ့၍ ဘုရင်ခံ သည် မြန်မာပြည်မှ ထွက်ခွာသွားခြင်း မရှိခဲ့လျှင် ထိုအရေးတကြီး ကြေညာ ချက်သည် ၁၅-၄-၄၇ နေ့အထိ အတည်ဖြစ်နေမည်ဖြစ်ကြောင်း။

ထို့အပြင် နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ အုပ်ချုပ်ရေးတွင် ဗဟုသုတရှိသော ဗြိတိသျှ ပါလီမန်နှင့် ဗြိတိသျှအစိုးရသည် ဤမျှလောကင် သေးသိမ်သော ကိစ္စကလေးကို မေ့လျော့နေမည် မဟုတ်သည်မှာ အနည်းငယ် စဉ်းစားလျက် နှင့်ပင် ထင်ရှားထိုက်ပေသည်။

## ဥပဒေနိဒါန်းမပါလို့

အထူးခုံရုံး အက်ဥပဒေနိဒါန်း မပါရှိသဖြင့် ထိုဥပဒေမှာ မတည်ဟု ဦးစော၏ ဝတ်လုံ မစ္စတာ ဟက်ဗောက်က ဆိုပြန်၏။ မစ္စတာ ဟက်ဗောက် ကဲ့သို့သော ဝတ်လုံကြီးတစ်ဦးက ဤကဲ့သို့သော ဆင်ခြေမျိုးကို ပေးလျှောက် သည်မှာ အထူးအံ့သြဖွယ်ရာ ဖြစ်ပေသည်။

ဥပဒေနိဒါန်းသည် အာဏာမရှိဘဲ ဥပဒေ၏ အရာရောက်သော အစိတ်အပိုင်းပင် မဟုတ်ကြောင်းမှာ ဥပဒေအဓိပ္ပာယ် ပြန်ရေးတွင် မူလတန်း ပညာလောက်သာ ဖြစ်သည်။ အမှန်မှာ ဗြိတိသျှပါလီမန်နှင့် အခြားနိုင်ငံ ကြီးများ၏ ပါလီမန်များ ပြုလုပ်သော ယခုခေတ် အက်ဥပဒေများတွင် ယေဘုယျအားဖြင့် ဥပဒေနိဒါန်းများ မပါရှိကြချေ။

ဥပဒေနိဒါန်းများသည် ဥပဒေတစ်ရပ်ကို ပြုလုပ်ရာတွင် မည်သူက မည်သည့်အကြောင်းပြ၍ ပြုလုပ်ကြောင်း ဖော်ပြရန် ဓဝံမေသုတံ သဘော ဖြင့်သာ ထည့်သွင်းခြင်း ဖြစ်သည်။ ဥပဒေအာဏာ လုံးဝ မရှိချေ။

ထို့ကြောင့် မစ္စတာ ဟက်ဗောက်၏ ဆင်ခြေမှာ လုံးဝ အခြေအမြစ် မရှိပါ။

## ယခုလိုခုံမျိုး မဖွဲ့နိုင်

၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ အုပ်ချုပ်ရေး ဥပဒေပုဒ်မ ၁၃၉ (၁) ၏ ခြွင်းချက်က မြန်မာပြည်ဘုရင်ခံအား ဤအထူးခုံရုံး အက်ဥပဒေမျိုးကို ထုတ်ပြန်ရဟု တားမြစ်ထားရာရောက်သဖြင့် ဘုရင်က ထုတ်ပြန်လိုက်သော

www.burmeseclassic.com

www.burmeseclassic.com



ထိုအက်ဥပဒေသည် အာဏာအတည်မဖြစ်ဟု ဦးစော၏ ဝတ်လုံ မစ္စတာ ဟက်ဗောက်က ဆင်ခြေပေးပြန်၏။

၁၉၃၂ ခုနှစ် မြန်မာနိုင်ငံ အုပ်ချုပ်ရေး အက်ဥပဒေ ၁၄၉ (၁) ၏ ခြွင်းချက်က ဆိုသည်မှာ ဟိုက်ကုတ် လွှတ်တော်က ကျင့်သုံးသော အာဏာများကို မိမိကိုယ်သို့ အပ်နှင်းရန်သော် လည်းကောင်း၊ သို့တည်းမဟုတ် ဤအက်ဥပဒေတွင် တရားလွှတ်တော်နှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသော မည်သည့် ပြဋ္ဌာန်းချက်ကိုမျှ အားလုံးကိုသော် လည်းကောင်း၊ အစိတ်အပိုင်း တစ်ခုခုကိုသော် လည်းကောင်း၊ ဖျက်သိမ်းရန်သော် လည်းကောင်း စသည် တို့ကို ပြုလုပ်နိုင်ရန် ဤပုဒ်မခွဲက ဘုရင်ခံအား အာဏာအပ်နှင်းသည်ဟု မယူဆရ။

## ပရီဗီကောင်စီ စီရင်ချက်ကြည့်

ချစ်တန်ဘရန်၏အမှု (ဘလယန်း ချစ်တီးယား သတ်မှု) တွင် ပရီဗီကောင်စီက ချမှတ်လိုက်သော စီရင်ထုံးသည် မစ္စတာ ဟက်ဗောက်၏ လျှောက်လဲချက်အတွက် ချေပလိုက်သော လုံးဝအဖြေ ဖြစ်ပေသည်။

ထိုချစ်တန်ဘရန်၏ အမှုတွင် လျှောက်လဲသည်မှာ ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံ အုပ်ချုပ်ရေး အက်ဥပဒေပုဒ်မ ၁၃၉ (၁) တွင် ခြွင်းချက်နှင့် ငြိစွန်းသဖြင့် မြန်မာပြည်ဘုရင်ခံက ထုတ်ပြန်သော အထူးတရားသူကြီးရုံး အက်ဥပဒေသည် အာဏာအတည်မဖြစ်၊ ပျက်ပြယ်သည့်အပြင် ထိုတရားသူကြီးရုံးများက ဟိုက်ကုတ်တရားလွှတ်တော်သာလျှင် စစ်ဆေးရမည့်အမှုများကို စစ်ဆေးရန် ဖြစ်သဖြင့် ဥပဒေအာဏာ မတည်ဟုဆို၏။

## ဘုရင်ခံအာဏာ

မြန်မာနိုင်ငံ အုပ်ချုပ်ရေးဥပဒေ၏ သက်ဆိုင်ရာ ပြဋ္ဌာန်းချက်ကို စစ်ဆေးဖော်ပြပြီးလျှင် ပရီဗီကောင်စီက စီရင်ချက်ချမှတ်သည်မှာ မြန်မာ နိုင်ငံ ဥပဒေပြုအဖွဲ့၏ အာဏာများကို တရားနည်းလမ်းကျနစွာ သိမ်းပိုက် ထားပြီးဖြစ်သဖြင့် မြန်မာပြည်ဘုရင်ခံသည် ရန်ကုန်မြို့၌ လည်းကောင်း၊ အခြားနေရာများ၌သော် လည်းကောင်း၊ တရားရုံးတော် အသစ်၊ သို့မဟုတ် အခြားတရားရုံးတစ်ခုခုကို တည်ထောင်ရန် ဥပဒေတစ်ရပ် သတ်မှတ်ပြုလုပ်

www.burmeseclassic.com

ရန် အခွင့်အာဏာရှိသည့်အပြင် ဟိုက်ကုတ်တရားလွှတ်တော်၏ အာဏာစက်ကို ထိပါးပြောင်းလဲစေသည်ဟုလည်း မဆိုနိုင်ကြောင်း၊ ထို့ကြောင့် အထူးတရားသူကြီးများ အက်ဥပဒေသည် တရားဥပဒေနှင့် အလွန်ပင် ကိုက်ညီကြောင်းကို ပရီဗီကောင်စီက အမိန့်ချမှတ်ခဲ့လေသည်။

## ဘုရင်ခံ အခရာပင်

ဟိုက်ကုတ်တရားလွှတ်တော်၏ စီရင်ပိုင်ခွင့်အာဏာနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက် အရပ်ရပ်တို့သည် မြန်မာပြည် ဥပဒေပြုအဖွဲ့က ပြင်ဆင်နိုင်သော အာဏာအောက်တွင် တည်ရှိရမည်ဟု မြန်မာနိုင်ငံအုပ်ချုပ်ရေး အက်ဥပဒေ ပုဒ်မ-၈၄ နှင့် စာချွန်တော် အပိုဒ် ၄၇ တို့တွင် အထင်အရှား ဖော်ပြထားရှိလေသည်။

ထို့ကြောင့် ဟိုက်ကုတ်တရားလွှတ်တော်၏ အာဏာများကို မိမိကိုယ်သို့ အပ်နှင်းခြင်းမှတစ်ပါး ဘုရင်ခံသည် မြန်မာနိုင်ငံ ဥပဒေပြုအဖွဲ့၏ အာဏာများကို ကျင့်သုံး၍ ဟိုက်ကုတ်တရားလွှတ်တော်၏ စီရင်ပိုင်ခွင့်အာဏာနှင့် ပတ်သက်သည့်၊ သို့တည်းမဟုတ် အာဏာကို ထိခိုက်စေသည့် မည်သည့်တရားဥပဒေကိုမဆို ပြုလုပ်ပြဋ္ဌာန်းနိုင်ခွင့်ရှိသည်။

အထူးခုံရုံးသည် ဟိုက်ကုတ်တရားလွှတ်တော်၏ အာဏာကို သိမ်းယူသည်။

သို့တည်းမဟုတ် ထိပါးစေသည်ဟု ဦးစော၏ ဝတ်လုံ မစ္စတာ ဟက်ဖောက်က ဆို၏။

အထူးခုံရုံးက တရားလွှတ်တော်၏ စီရင်ပိုင်ခွင့်အာဏာကို လုယူသည့်အပြင် တရားလွှတ်တော်သည် ၎င်း၏ စီရင်ပိုင်ခွင့်အာဏာကို အထူးကြပ်မတ် လေးစားစွာ စောင့်ရှောက်သင့်ကြောင်းနှင့် မစ္စတာ ဟက်ဖောက်က ထပ်တလဲလဲ လျှောက်ထားခဲ့၏။

ထိုသို့ လျှောက်ထားချက်သည် တရားလွှတ်တော်၏ စီရင်ပိုင်ခွင့် အာဏာနှင့် ပတ်သက်၍ လွဲမှားသော ယူဆချက်ကြောင့်သာလျှင် ဖြစ်လေသည်။

ရာဇဝတ်ကျင့်ထုံးကို ဥပဒေပုဒ်မ ၁၉၄ (၁) စာချွန်တော်အပိုဒ် ... တို့က တရားလွှတ်တော်သို့ မူလရာဇဝတ် တရားစီရင်ရေး အာဏာ

www.burmeseclassic.com



ပေးအပ်သည်မှာ ထိုတရားလွှတ်တော်သို့ နောက်ဆုံး စစ်ဆေးကြားနာရန် တင်ပြသော အမှုမျိုးကိုသာလျှင် စစ်ဆေးရန် ဖြစ်သည်။

တရားရုံးများက အက်ဥပဒေပုဒ်မ ၄ (၁) က ပြဋ္ဌာန်းထားသည်မှာ–

'ရာဇဝတ်ကျင့်ထုံး ကိုဋ္ဌပဒေတွင် မည်သို့ပါရှိစေကာမူ ရန်ကုန်မြို့နယ်နိမိတ်အတွင်းတွင် တရားစီရင်ခွင့်ရှိသော ရာဇဝတ်တရားသူကြီးရုံးများမှ ပဏာမ စစ်ကြော၍ နောက်ဆုံး စစ်ဆေးကြားနာရန် လွှဲအပ်လိုက်သော တရားခံများကို ဟိုက်ကုတ်တရားလွှတ်တော်သို့လာလျှင် တင်ပြစစ်စေရမည်'

## အမျိုးမျိုးအခွင့်အရေးရှိသည်

အဆိုပါ ဥပဒေများကို ကြည့်ခြင်းအားဖြင့် ရန်ကုန်မြို့ တရားသူကြီးရုံးများက ပဏာမ စစ်ကြောပြီးလျှင် တင်ပြလိုသော တရားခံများကိုသာလျှင် ဟိုက်ကုတ်တရားလွှတ်တော်က စစ်ဆေးစီရင်ခွင့်ရှိကြောင်းများ ထင်ရှား၏။

ယခုအမှုတွင် ဦးစောသည်သော် လည်းကောင်း၊ အခြားတရားခံတစ်ဦးဦးသည်သော် လည်းကောင်း ရန်ကုန်မြို့ရှိ ရာဇဝတ်တရားသူကြီးရုံးတစ်ရုံးက ပဏာမ စစ်ကြော၍ တင်ပြလိုက်သော တရားခံများ မဟုတ်ကြချေ။

အမှန်မှာ ရန်ကုန်မြို့တွင်ဖြစ်သော၊ သို့တည်းမဟုတ် မည်သည့်ဒေသတစ်ခုခံတွင်ဖြစ်စေ ပေါ်ပေါက်သော ရာဇဝတ်မှု၊ သို့မဟုတ် လူသတ်မှုများကို ဟိုက်ကုတ် တရားလွှတ်တော်ကသာလျှင် စစ်ဆေးစီရင်ရမည်။

သို့တည်းမဟုတ် စစ်ဆေးစီရင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသော ဥပဒေတစ်စုံတစ်ရာ မရှိချေ။

## ခုံကို ဘုရင်က ဖွဲ့နိုင်သည်

ထို့ကြောင့် ဘုရင်ခံသည် ဥပဒေပြုအဖွဲ့၏ အာဏာများကို မည်သူမျှ ငြင်းဆိုခြင်း မပြုနိုင်သော တရားနည်းလမ်းအရ သိမ်းပိုက်ပြီးလျှင် အာဏာများကို ကျင့်သုံးလျက် အထူးခုံရုံး အက်ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ အုပ်ချုပ်ရေး ဥပဒေပုဒ်မ ၁၃၉ အရ အရေးတကြီး ကြေညာချက်တစ်ရပ် ထုတ်ပြန်ခြင်းဖြင့် ဘုရင်ခံသည် မြန်မာနိုင်ငံ ဥပဒေအဖွဲ့၏ အာဏာအားလုံးကို သိမ်းပိုက်ရခဲ့လေသည်။

ထို့ကြောင့် ဘုရင်ခံက ဥပဒေပြုအဖွဲ့၏ အာဏာများကို ကျင့်သုံးလျက် ပြဋ္ဌာန်းလိုက်သော အဆိုပါ အထူးခုံရုံး အက်ဥပဒေသည် တရားဥပဒေနှင့် အခိုင်အမာ ကိုက်ညီလှပါကြောင်း။

မြန်မာနိုင်ငံ အုပ်ချုပ်ရေး အက်ဥပဒေပုဒ်မ ၉ အရ ဘုရင်မင်းမြတ်က ဘုရင်ခံသို့ ပေးအပ်လိုက်သော ညွှန်ကြားချက်စာချွန်တော် (....) အပိုဒ် (၁၉) ၁ နှင့် ငြိစွန်းသဖြင့် အထူးခုံရုံးအက်ဥပဒေမှာ အာဏာမတည် ပျက်ပြယ်သည်ဟု မစ္စတာ ဟက်ဗောက်က လျှောက်ထား၏။

ထိုအပိုဒ်၏ သက်ဆိုင်ရာ အစိတ်အပိုင်းက ဆိုသည်မှာ-

'ယေဘုယျအားဖြင့် ဥပဒေကြမ်းများကို သဘောတူညီကြောင်း လက်မှတ်မထိုးဘဲ ထားနိုင်ခွင့်ရှိသော အာဏာများကို မထိခိုက်စေဘဲ ဥပဒေအတည်ပြုလျှင် ဤအက်ဥပဒေက ရည်ရွယ်ထားသော ဟိုက်ကုတ်တရားလွှတ်တော်၏ အခြေအနေကို ယုတ်လျော့စေနိုင်သော ဥပဒေ ကြမ်းမျိုးအား ကျွန်ုပ်တို့၏ ဘုရင်ခံသည် ကျွန်ုပ်တို့၏ သဘောတူညီချက်ကို မပေးဘဲ ကျွန်ုပ်တို့၏ ဆန္ဒကို ရယူစေရမည်'

## ချေပလိုက်ပြီ

အထူးခုံရုံး အက်ဥပဒေမှာ တရားလွှတ်တော်၏ အခြေအနေကို မည်သို့မျှ ထိခိုက်စေခြင်းမရှိဘဲ ဘုရင်ခံကိုယ်တိုင် ပြုလုပ်ပြဋ္ဌာန်းသော ဥပဒေဖြစ်၍ ထိုအပိုဒ်နှင့် မည်သို့မျှ တရားသက်ဝင်ခြင်း မရှိပါ။

မည်သို့ပင်ဖြစ်စေကာမူ မြန်မာနိုင်ငံအုပ်ချုပ်ရေး ဥပဒေအပိုဒ် ၉ (၂) ရှိ ပြဋ္ဌာန်းချက်များသည် မစ္စတာဟက်ဗောက်၏ ဤလျှောက်လဲချက်ကို အရင်းအမြစ်မှစ၍ လုံးဝ ချေမှုန်းလိုက်၏။

ထိုပုဒ်မ ၉ (၂) က ဆိုသည်မှာ-

'ဘုရင်ခံက ပြုလုပ်လိုက်သည့် မည်သို့သော ကိစ္စကိုမျှ ညွှန်ကြားချက်၊ စာချွန်တော်နှင့် မကိုက်ညီ၍ ပျက်ပြယ်သည်ဟု မည်သူ တစ်စုံတစ်ယောက်မျှ မစွပ်စွဲ မငြင်းဆိုရ'

www.burmeseclassic.com

www.burmeseclassic.com



ဦးချန်ထွန်းသည် တရားခံတစ်ဦးစီ၊ တစ်ဦးစီတို့၏အပေါ်တွင် လျှောက်လဲချက်ပေးလျက်ပင် ရှိသေး၏။

## သိလျက်နှင့် လုပ်ကြံကြတဲ့သူများ ပေးထားသောအမိန့်အတိုင်း တည်မြဲစေရန်ဖြစ်သည်

ရှေ့နေချုပ်ကြီး ၈ နာရီကြာ လျှောက်လဲသော်လည်း မပြီးသေး။

ဗိုလ်ချုပ်တို့အား လုပ်ကြံသည့်အတွက် ကြိုးဒဏ်ခံနေရသော ဦးစောနှင့် အပေါင်းပါ ရှစ်ဦးတို့၏ အယူခံနှင့် ပတ်သက်၍ ရှေ့နေချုပ်ကြီး ဦးချန်ထွန်းသည် ဖေဖော်ဝါရီလ ၂၅ ရက်နေ့ နံနက် ၁၀ နာရီခွဲအချိန် တရားဝန်ကြီး ဦးအုန်းဖေ၊ တရားဝန်ကြီး ဦးစံမောင်၊ တရားဝန်ကြီး ဦးဘိုကြီးတို့၏ ရှေ့တွင် ဆက်လက်၍ လျှောက်လဲချက်ပေးပြန်ကြောင်း။

အမှုခေါ်သည့်အခါ တရားဝန်ကြီးများသည် သက်သေခံပစ္စည်းများဖြစ်သည့် သေနတ်များ၊ ယမ်းတောင့်ခွံများ၊ ဗိုလ်ချုပ်တို့ကို လုပ်ကြံသည့် အခန်းပုံများ၊ ယမ်းတောင့်ခတ်ပုံများ၊ သံခုတင်နံပါတ်ပြားများ၊ မီးလောင်ထားသော အဝတ်စများကို သေချာစွာ ကြည့်ရှု စစ်ဆေးကြောင်း။

## သိနှင့်ပြီး ဖြစ်သည်

ရှေ့နေချုပ်ကြီး ဦးချန်ထွန်းက ဆက်လက် လျှောက်ထားသည်မှာ-

တရားခံသုခ၊ ခင်မောင်ရင်နှင့် မောင်စိန်တို့သည် လုပ်ကြံမှုကြီး ဖြစ်ပွားမည်ကို ရှေးမဆွက ကြိုတင် သိထားသူများသာ ဖြစ်ကြောင်း။ တရားခံ ခင်မောင်ရင်နှင့်တကွ သူတို့၏ ထွက်ဆိုချက်များ၊ ဖြောင့်ဆိုချက်များသည် တစ်ခုနှင့်တစ်ခု အထောက်အထားများဖြစ်အောင် ထွက်ဆိုထားကြောင်း။

## သူသာ လိမ္မာလျှင်

တရားခံ ခင်မောင်ရင်သည် ဗိုလ်ချုပ်အား လုပ်ကြံသည့် အစီအစဉ်များကို သိသူဖြစ်ကြောင်း။

သူ၏ ထွက်ဆိုချက်တွင် မြန်မာပြည် စစ်ဗိုလ်ချုပ်ကြီး၏ အိမ်ညှိခံပွဲသို့ ဗိုလ်ချုပ်အောင်ဆန်းအလာတွင် ဦးစောက သတ်ရန် ကြံစည်ထားသည်ကို ထွက်ဆိုကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ခင်မောင်ရင်က ဦးစောအား လိမ်ပြောသဖြင့် ဗိုလ်ချုပ်အား မသတ်ရဘဲ နေကြောင်း။

ယခုအခါမှာမူ ဝန်ကြီးတွေ အစည်းအဝေး မရှိဘူး၊ သို့မဟုတ် တံခါး ပိတ်ထားသဖြင့် အစည်းအဝေးရှိမှန်းမသိဟု ပြောလိုက်ခဲ့သော် ယခုကဲ့သို့ ဗိုလ်ချုပ်တို့ အသတ်ခံရမည် မဟုတ်ကြောင်း။

## အားလုံး တာဝန်နှင့်ပင်

ဖို့ဆင်ကားနှင့် သွားကြသူ ခင်မောင်ရင်၊ ဖော်ကောင် ဘညွန့်၊ မှုန်ကြီး နှင့် မောင်နီတို့သည် သူတို့တာဝန်ကို ကျေအောင် ဆောင်ရွက်ရသူများ ဖြစ်ကြောင်း။

ဦးစော အိမ်မှ ကားမထွက်မီ မောင်နီအား တရားခံ မောင်စိုးက ခြောက်လုံးပြူး ယူသွား ခင်မောင်ရင်ပြောတဲ့ နေရာမှာနေပြီး တံခါးမပိတ်နိုင် အောင် ခြောက်လုံးပြူးနဲ့ လုပ်ရမည်ဟု ပြောသေးကြောင်း၊ တရားခံ မှုန်ကြီး အဖို့မှာ ခင်မောင်ရင်နှင့် ဗိုလ်ချုပ်တို့ အစည်းအဝေးခန်းသို့ ရောက်အောင် လိုက်သွားရပြီး အခန်းနားမှ နေခဲ့ရကြောင်း။

ဖော်ကောင် ဘညွန့်မှာ သခင်နုအား သတ်ရမည့်သူဖြစ်ကြောင်း။

လူသတ်သမားများလာသည့်အခါ ဦးခေါင်းညိတ်ပြရသေးကြောင်း။

ထိုနေ့က သခင်နု မရှိ၍သာ သူ့တာဝန်ကို ဆောင်ရွက်ရခြင်း မရှိ ကြောင်း။

အခြားသူများမှာ သူ့တာဝန်အသီးသီးနှင့်ပင်ဖြစ်ကြောင်း။ ထိုသူများမှာ သိလျက်နှင့်ပင် လုပ်ကြံမှုကြီး ထမြောက်အောင် ကူညီသဖြင့် အပြစ်ရှိ ကြောင်း။

## ရန်ကြီးအောင်လဲ

ရန်ကြီးအောင်သည် အသက်ငယ်ရွယ်သူဖြစ်သော်လည်း သူ့တာဝန် ကို သူ ကျေပွန်အောင် ဆောင်ရွက်ရကြောင်း၊ ရန်ကြီးအောင်သည် ဦးစော ၏ တူတော်သူဖြစ်ကြောင်း။

ရန်ကြီးအောင် ထွက်ချက်တွင် ထွန်းရင် မလာသဖြင့် ထွန်းရင်အစား ဝင်ရောက်ဆောင်ရွက်ရကြောင်း။

www.burmeseclassic.com



ရန်ကြီးအောင်သည် စတင်းဂန်း ကိုင်ထားရသည့်အပြင် စစ်ဝတ်စစ်စားများကို ဝတ်ဆင်ရကြောင်း။

စတင်းဂန်းကို ဘုရားကျောင်းဆောင်မှ သွားယူရကြောင်း။ ယမ်းတောင့် မဂ္ဂဇင်းကို ဦးစော၏ အခန်းတွင်းမှ ယူရကြောင်း စသည်ဖြင့် လျှောက်လဲသည်။

* * *

## ဘာပြောပြော ဦးစော လုပ်ကြံသတဲ့ ဝန်ကြီးတွေကို သတ်၍ အစိုးရအဖွဲ့ဖွဲ့ရန် ကြံသည်ဆိုခြင်း

(ဦးစောသာ လူသတ်မှု ကျူးလွန်ရန်ဆန္ဒ ပြင်းထန်သည်ဟု လျှောက်ထားခြင်း။)

ဦးစောအကြောင်း လျှောက်ထားမည်ဆိုလျှင် ဖော်ကောင် ဘညွန့်၊ ဖြောင့်ချက်ပေးသူ သုခ၊ ခင်မောင်ရင်၊ မောင်စိန်၊ မောင်နီနှင့် ဖြောင့်ချက်ပြန်လည် ရုတ်သိမ်းသူ တရားခံ ရန်ကြီးအောင်တို့၏ ထွက်ချက်များအပေါ် မှီပြီး ရှင်းလင်း လျှောက်ထားရတော့မှာပဲဟု ရှေ့နေချုပ်ကြီး ဦးချန်ထွန်းက တရားဝန်ကြီးများ ဖြစ်ကြသော ဦးအုန်းဖေ၊ ဦးစံမောင်၊ ဦးဘိုကြီးတို့၏ ရှေ့တွင် ဖေဖော်ဝါရီလ ၂၇ ရက်နေ့က လျှောက်လဲချက်ပေးသည်။

ဦးတင် (မြန်အောင်) နှင့် ဦးကျော်မြင့်ကလေးတို့လည်း တက်ရောက်နားထောင်ကြ၏။

### လက်နက် စုဆောင်းခဲ့

ဦးချန်ထွန်းက ဆက်လက်၍ လုပ်ကြံမှုကြီး မဖြစ်ခင် ဦးစော ဘာတွေ လုပ်ခဲ့သလဲကို ပထမ ရှင်းလင်းရပါမည်။ ယခုလို မရှင်းလင်းမီ အရေးကြီးသော အချက်များကို ထုတ်ဖော်၍ လျှောက်ထားပါရစေ။

၁။ ဦးစောသည် နိုင်ငံရေး အာဏာကို ရည်ရွယ်ပြီး မည်သို့မည်ပုံ လက်နက်များ စုဆောင်းခဲ့သလဲ၊ မည်သို့ လက်နက် စုဆောင်းရန် ကြံစည်သနည်း။

www.burmeseclassic.com

www.burmeseclassic.com



၂။ လက်နက် စုဆောင်းရာတွင် ဖြောင့်ချက်ပေးသော တရားခံများနှင့် ဖြောင့်ချက်မပေးသော တရားခံများ ပါဝင်ပုံ။

၃။ ဦးစော၏ အိမ်ဝင်းတွင်းတွင် လက်နက်များ စုဆောင်းခဲ့သည်ကို သက်သေ အထောက်အထားများပြရန်။

## သေတမ်းစာနှင့် သစ္စာရေ

၄။ ဦးစော စေခိုင်းသော လူများသည် ဦးစော၏ အလိုအတိုင်း သစ္စာရေသောက်၍ သေတမ်းစာများ ရေးသားပြီး ပေးကြရပုံ။

၅။ လုပ်ကြံသည့်နေ့ နံနက်ခင်းတွင် ဦးစောသည် အိမ်ထဲမှ ထွက်လာ၍ ဝင်းတံခါးပေါက်သို့ ရောက်လာသည်ကို သက်သေများက တွေ့မြင်ရပုံ။

၆။ ဦးစော တစ်ဖန် ဝင်းတံခါးစောင့်အား အမိန့်များပေးပုံ။

၇။ လုပ်ကြံပြီးသည့်အချိန် ဦးစောအား ၄င်း၏ အိမ်ရှေ့တွင် ဘက်တော်သားများနှင့်တကွ စကားပြောနေသည်ကို သက်သေက တွေ့မြင်ရပုံ။

၈။ လုပ်ကြံရာတွင် ပါဝင်သော လူသတ်သမားများသည် ဦးစော၏ လက်နက်များကို ကိုင်ဆောင်ခွင့်ရရှိပုံ။

၉။ ဦးစော၏ ခြံအတွင်းမှ လက်နက်များနှင့်တကွ ခဲယမ်း မီးကျောက်များရရှိပုံ။

၁၀။ ဦးစော၏ ဂျစ်ကားနှင့် ဖို့ဆင်ထရပ်ကားကို လူသတ်သမားများနှင့် အားပေးကူညီသူများ အသုံးပြု-မပြု။

၁၁။ ဂျစ်ကား နံပါတ်ကို ပြန်လည် ရေးသားရာတွင် ဆေးမခြောက်ဘဲ တွေ့ရပုံ။

၁၂။ ခင်မောင်ရင်က စုတ်တံနှင့်တကွ ဆေးဘူးများ ထုတ်ပေးခဲ့။

၁၃။ ရေထဲမှ မမှန်နံပါတ်များ တွေ့ရပုံ၊ ရေထဲမှ ဦးထုပ်များ၊ စက်သေနတ်များ တွေ့ရပုံ။

၁၄။ ရေထဲမှ လက်နက် အမြောက်အမြားနှင့် ခဲယမ်းမီးကျောက်များ အမြောက်အမြား တွေ့ရပုံ၊ မီးတစ်ဝက် လောင်သွားသော တံဆိပ်တွေ့ရပုံ၊

၁၅။ ဦးစော အိမ်တွင် အောင်ပွဲကျင်းပနေပုံ။

www.burmeseclassic.com

www.burmeseclassic.com



## ဒေါ်သန်းခင် ဘာကြောင့် မရှိတာလဲ

၁၆။ ထိုကဲ့သို့ ကြံစည်နေသည့်အခါ ဒေါ်သန်းခင်အိမ်၌ ဘာကြောင့် မရှိပုံ။

အထက်ဖော်ပြပါ အကြောင်းအရာများကြောင့် ဦးစောသည် လုပ်ကြံမှုကြီးတွင် ဦးစီးဦးကိုင်တစ်ယောက်ဖြစ်ပြီး လူသတ်မှု ကျူးလွန်ကြောင်းမှာ ထင်ရှားနေပါသည်။

ထိုကဲ့သို့ လုပ်ကြံမှုကြီး ကျူးလွန်စေရန်အကြောင်းရပ်များလည်း ပါသေးသည်။

ထိုအချက်များမှာ-

၁။ ဦးစောသည် အာဏာရှင်စနစ်ကို သုံးသပ်လာသည်။ ဖ-ဆ-ပ-လ နှင့် တစ်ဖက်တစ်လမ်း လုပ်ခဲ့သည်။

၂။ အောင်ဆန်း အက်တလီစာချုပ်ကို ဦးစော သဘောမတူ၊ နိုင်ငံရေး အယူအဆ သဘောကွဲလွဲသဖြင့် ဦးစောသည် အစိုးရအဖွဲ့မှ ထွက်ခဲ့ရသည်။

၃။ ဦးစောသည် ရာထူးမရမီ သေနတ်ပစ်ခံရပြီးနောက် ဖ-ဆ-ပ-လကို မသင်္ကာဘဲ ဖြစ်နေပုံ။

၄။ အစိုးရအဖွဲ့မှ ထွက်လာ၍ ဦးစောသည် ၎င်း၏ မျိုးချစ်ပါတီ ပြန်လည်ဖွဲ့စည်းခဲ့ပုံ။ ဖ-ဆ-ပ-လ ကျလျှင် တက်ရမည်။

၅။ ဦးစောသည် ဖ-ဆ-ပ-လ ကို ကျအောင်လုပ်၍ ဖ-ဆ-ပ-လ ကျလျှင် အစိုးရအဖွဲ့ ဖွဲ့နိုင်မည် ထင်ခဲ့ပုံ။

၆။ ဦးစောသာလျှင် နိုင်ငံရေးအာဏာလက်ရသိမ်းရန် ဆန္ဒပြင်းလာပြီး ဝန်ကြီးအဖွဲ့အား လုပ်ကြံခြင်းသာဖြစ်သဖြင့် ဘာပဲပြောပြော ဦးစောသာ လျှင် လုပ်ကြံမှုကြီးကို ကျူးလွန်ကြောင်း ထင်ရှားနေပါသည်။

## သာလာယံအိမ်လို

ဦးစော၏ ရှေ့နေ ကားတစ်ဘင်နက်က ဦးစော၏ အိမ်သည် သာလာယံ အိမ်ကြီးကဲ့သို့ ဖြစ်သည်။

မည်သူမဆို ဝင်နိုင်ထွက်နိုင်သည်ဟု ဆိုထား၏။

ဦးစော အစစ်ခံချက်ကို ကြည့်လျှင် ၁၉၄၆ စက်တင်ဘာလလောက်

www.burmeseclassic.com

www.burmeseclassic.com



က စပြီး ခြံဝင်းတံခါးကို ပိတ်ထားသည်။ တွေ့လိုသူများသည် လက်မှတ်ရေးထိုးပြီးနောက် ဦးစောအမိန့်ရမှ ဝင်နိုင်သည် ဆိုထားပါသည်။ သခင်ဗစိန်ကလည်း ထောက်ခံသေးသည်။

(ဆက်လက် လျှောက်လဲတုန်းပင် ဦးချန်ထွန်း လျှောက်လဲနေသည်မှာ ပထမနေ့မှစ၍ ယနေ့ထိ ၁၇ နာရီကြာပြီ ဖြစ်သည်။)

* * *

## ဦးစော တရားဝန်ကြီးများထံ စာပေးပုံ

### (၁၃၀၉ ခု၊ တပေါင်းလပြည့်ကျော် ၆ ရက် (၂၇-၂-၄၇) ဟံသာဝတီ သတင်းစာ)

ဦးစော၏ အယူခံမှုကို ဖေဖော်ဝါရီ ၂၈ ရက်နေ့က တရားဝန်ကြီးများဖြစ်ကြသော ဦးအုန်းဖေ၊ ဦးစံမောင်၊ ဦးဘိုကြီးတို့က ဆက်လက်ကြားနာသည်။

အစိုးရ ရှေ့နေချုပ်ကြီး ဦးချန်ထွန်းသည် ၁ နာရီခွဲမှ ဆက်လက်လျှောက်လဲထားသဖြင့် နာရီ ၁၈ နာရီခွဲ လျှောက်လဲချက်ပေးရသည်။

ဦးချန်ထွန်းက ဆက်လက် လျှောက်လဲချက်ပေးသည်မှာ-

ဖြောင့်ချက်ပေးသော တရားခံများသည် ၄င်းတို့၏ ထင်ကြေးနှင့်မကိုက်သဖြင့် ဖြောင့်ချက်ပေးကြကြောင်း၊ ထိုကဲ့သို့ ဖြောင့်ချက်ပေးသည့်အကြောင်းထဲမှလည်း တိုင်းပြည်တစ်ပြည်လုံးမှာ ဗိုလ်ချုပ်တို့ ကျဆုံးသဖြင့်ဝမ်းနည်းကြောင်း အထိမ်းအမှတ်ပြုသည့်အချက်လည်း ပါဝင်ကြောင်း။

သတင်းစာများကလည်း လူသတ်သမားများသည် လူယုတ်မာများဖြစ်သဖြင့် တိုင်းပြည်က ရှုတ်ချရမည် စသည်ဖြင့် အပြင်းအထန် ရေးသားကြကြောင်း။

လူထုကလည်း လူသတ်သမားကို ဖော်ထုတ်ပေးရမည်ဟု တောင်းဆိုကြရာ တိုင်းပြည်တစ်ပြည်လုံး၌ ခုတ်ခုတ်ကျက်ကျက် ဖြစ်နေတော့ကြောင်း၊ သို့ဖြစ်၍ ဖြောင့်ချက်ပေးကြသောသူများမှာ ၄င်းတို့၏ အမှားများကိုသိလာ၍ ပေးကြရကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



ဦးစောကို စစ်ဆေးသော ခုံသမာဓိအဖွဲ့ဝင်များသည် ဥပဒေအရာတွင် ကျွမ်းကျင်သောသူများ ဖြစ်သဖြင့် အမှုသွား အမှုလာကို သိရှိကြကြောင်း။

ယခု အမှုမှာလည်း တရားခံများသည် ပြစ်မှု ကျူးလွန်ကြောင်း ထင်ရှားနေသဖြင့် အောက်ရုံးအမိန့်အတိုင်း တည်စေရန် လျှောက်ထားပါသည်ဟု လျှောက်လဲတော့ကြောင်း။

ဦးစော၏ ဝတ်လုံက ပြန်လည်ချေပရန် ဖြစ်သည့်အားလျော်စွာ ထလိုက်ပြီး ကျွန်တော်၏အမှုသည်သည် တရားဝန်ကြီး ဦးအုန်းဖေ၊ ဦးစံမောင်၊ ဦးဘိုကြီးတို့ထံ စာများပေးထားပါသည်။ ရပါသလားဟု မေးသည်။

**ဦးချန်ထွန်း။** ။ သည်ကိစ္စပေါ်လာသဖြင့် ဦးစော ပေးသော စာများသည် တရားဌာနအတွင်းဝန်ထံ ရောက်နေပါသည်။

ထိုစာများကို ဦးစော ရှေ့နေထံအပ်ပြီး ဟိုက်ကုတ်လွှတ်တော်သို့ ပေးရန်သင့်ပါသည်။ စာအကြောင်းနှင့် ယခုလို လျှောက်လဲရာတွင် ထည့်သွင်းပြောစရာ လိုမည် မထင်ပါ။

၄င်းနောက် မစ္စတာ ဟက်ဖောက်က ဦးစောအား ခုံသမာဓိရုံးတော်က လုံလောက်သောအချိန်များ မပေးပုံ၊ အမှုနှင့် ပတ်သက်ပြီး ဦးစောအား ကူညီမည့်လူမရှိဘဲ ဦးစောသာလျှင် ထောင်ထဲမှာနေ၍ အမှုအတွက် လုံးပန်းရပုံ၊ စာပေးစာယူ ကိစ္စများမှာ ဦးစော ပေးသည့် စာများသည် ထောင်မှူးကြီးထံ၊ ထောင်ပိုင်ကြီးထံ၊ ပုလိပ်မင်းကြီးထံ၊ တရားဘက်ဌာနအတွင်းဝန်စသည်တို့ထံ ရောက်ရပါသည်။

ဦးစောသည် လွတ်လပ်စွာ ခုခံကာကွယ်နိုင်သည့် အရေးမရှိပါစသည်ဖြင့် လျှောက်လဲသည်။

ညနေ ၄ နာရီအချိန်တွင် အယူခံမှုပြီးသဖြင့် တရားဝန်ကြီးများက အမိန့်ချမှတ်ရန် ဆိုင်းငံ့ထားလိုက်ပြီဖြစ်ကြောင်း၊ မည်သည့်နေ့ရက်တွင် အမိန့်ချမည်ကို မသိရသေးချေ။

(အယူခံမှုအတွက် အစိုးရရှေ့နေ ပြန်လည်လျှောက်လဲချက်ပြီး၏)

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဦးစော အယူခံ

တနင်္လာနေ့တွင် စီရင်ချက်ချမည်

ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများအား လုပ်ကြံမှုနှင့် ကြိုးဒဏ်ကျခံနေသော ဦးစောနှင့် အပေါင်းပါ ရှစ်ဦးတို့၏ အယူခံမှုကို ဟိုက်ကုတ်တရားလွှတ်တော် တရားဝန်ကြီး ဦးအုန်းဖေ၊ တရားဝန်ကြီး ဦးစံမောင်၊ တရားဝန်ကြီး ဦးဘိုကြီးတို့က လာမည့် တနင်္လာနေ့ မတ်လ ၈ ရက်နေ့တွင် စီရင်ချက်ချမည် ဖြစ်သည်။

ဦးစောကြိုးဒဏ်

အောက်ရုံးအမိန့်တည်စေ

(၁၃၀၉ ခု၊ တပေါင်းလပြည့်ကျော် ၁၅ ရက် (၉-၃-၄၈) ဟံသာဝတီ သတင်းစာ)

## ကြောက်လို့ လုပ်ရပါသည် ဆိုသော်လည်း ချမ်းသာခွင့် မပေးနိုင်ဆိုခြင်း

လုပ်ကြံမှုတွင် တရားခံများသည် ကိုယ့်တာဝန်ကိုယ် ကျေပွန်အောင် ထမ်းဆောင်သူများဖြစ်သည့်အတွက် တရားခံများ၏ အယူခံကို ပယ်ချလိုက်သည်။

"ဟယ်-သွားပြီ" ဆိုသော အသံများသည် အလွန် တိတ်ဆိတ်နေသော ဟိုက်ကုတ်လွှတ်တော် တရားဝန်ကြီး ဦးအုန်းဖေ၊ တရားဝန်ကြီး ဦးစံမောင်၊ တရားဝန်ကြီး ဦးဘိုကြီးတို့၏ ရုံးခန်းမှ ထွက်ပေါ်လာတော့သည်။

ဤသည်ကား အခြားလူတွေမဟုတ်။ ဦးစောနှင့် ကြံရာပါ ရှစ်ဦးတို့၏ အယူခံလွှာများကို ပယ်ချလိုက်သောကြောင့် ဖြစ်ပေသည်။

## ဦးမြရင်ကို တွေ့လိုက်တယ်

လွှတ်တော်အနီးတွင် ခင်မောင်ရင်၏ ဖခင် ဦးမြရင်နှင့် ခင်မောင်ရင်၏ အဒေါ်၊ ဦးစော၏ဇနီး ဒေါ်သန်းခင်တို့အား တွေ့ရသည်။

ဦးမြရင်ကား ခပ်ပြုံးပြုံးပင် စီရင်ချက်ချနေသော ရုံးသို့ လာရောက်နေသည်ကို တွေ့ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တရားခံ ရန်ကြီးအောင်၏ ဖခင်သည် အဖော်လူဝကြီး တစ်ယောက်နှင့် လာရောက် နားထောင်သည်ကို တွေ့ရ၏။ ရုံးခန်းထဲသို့ ဝင်သူတိုင်း ရဲဗမာများက အတော်ပင် ဂရုစိုက်ပြီး ရှာကြတော့သည် သူတို့၏ ဝတ္ထုရား အတိုင်းပင် ဖြစ်သည်။

## အော်ဒါပဲဟူသော အသံ

နေ့လယ် ၂ နာရီထိုးခါနီးအချိန် အစိုးရရှေ့နေကြီး ဦးချန်ထွန်း၊ ရှေ့နေကြီး ဦးချန်ဖောင်းနှင့် ဦးမြသိန်း၊ တရားခံ ဦးစောရှေ့နေ မစ္စတာ ဟက်ဗောက်၊ တရားခံ မောင်စိုး၊ သက်နှင်း၊ မှုန်ကြီးနှင့် ရန်ကြီးအောင်တို့၏ ရှေ့နေ ဦးကြာခိုင်၊ တရားခံ စိန်ကြီး၏ ရှေ့နေ မစ္စတာ ဒင်နီယယ်နှင့် တကွ ဥပဒေလိုက်စားသူတိုင်း တရားခွင်သို့ ရောက်နှင့်နေကြ၏။

သတင်းထောက်များကိုလည်း လွှတ်တော်ရုံးအုပ်ကြီး ဦးအောင်နိုင်က နေရာများ ပေးထား၏။

၂ နာရီထိုးသည်နှင့် တစ်ပြိုင်နက် တရားဝန်ကြီးများ ရောက်ရှိလာသောအခါ အဆောင်ကိုင်ဖြစ်သူက အော်ဒါပဲ အော်လိုက်တော့သည်။

* * *

# စီရင်ချက်ချပြီ

တရားဝန်ကြီး ဦးအုန်းဖေသည် တရားခွင်သို့ ရောက်လျှင်ရောက်ချင်း စီရင်ချက်ကို ဖတ်တော့သည်။

နောက်ဆုံးတွင် တရားခံများ၏ အယူခံကို ပယ်ချလိုက်ပြီဟု စီရင်ချက် ဖတ်လိုက်သည့်အခါ ပရိသတ်က 'ဟယ်… သွားကုန်ပြီဟ' ဟု အသံများ ထွက်ပေါ်လာတော့သည်။

## ကြောက်လို့လုပ်ရပါသည် ဆိုသော်လည်း

စီရင်ချက်တွင် အရေးကြီးသော အချက်များမှာ ဖြောင့်ချက်ပေးသော တရားခံများသည် အထူးခုံသမာဓိအဖွဲ့က စစ်ဆေးသည့်အခါ ဦးစောအား ကြောက်လွန်း၍ သူပြောသည့်အတိုင်း ဆောင်ရွက်ရပါသည်ဟု ထွက်ဆိုကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ထွက်ဆိုသော်လည်း ၄င်းတို့အား အမှုနှင့် ပတ်သက်၍ ချမ်းသာခွင့် မပေးနိုင်ချေ။ ကျင့်ထုံးပုဒ်မ ၉၄ အရ ဖြစ်လင့်ကစား ယခုအမှုနှင့် ဆက်စပ်၍ မရပေ။

## ခုံသမာဓိအဖွဲ့ ဖွဲ့နိုင်သည်

တရားခံ ဦးစော၏ ရှေ့နေက မြန်မာပြည်ဘုရင်ခံသည် အထူးခုံသမာဓိအဖွဲ့ကို မဖွဲ့စည်းနိုင်။ ဖွဲ့စည်းရန်လည်း အာဏာမရှိဟု ဆိုထား၏။ တရားဝန်ကြီးများ၏ အမြင်မှာ ဘုရင်ခံတွင် ခုံသမာဓိဖွဲ့စည်းရန် အာဏာရှိနေသည်ကို တွေ့ရ၏။

သို့ဖြစ်၍ အထူးခုံသမာဓိအဖွဲ့သည် တရားဝင် ခုံသမာဓိအဖွဲ့ပင် ဖြစ်ပေသည်။

တရားဝန်ကြီးများသည် တရားခံတစ်ဦးစီ တစ်ဦးစီ ဝေဖန်ချက်ပေးသွားပြီး ဦးစော အလှည့်သို့ ရောက်သောအခါ ဦးစောအပေါ်တွင် စိစစ်ကြည့်လိုက်သည့်အခါ လုပ်ကြံမှုကြီးတွင် ကြံစည်သူ ဦးစော၊ စေခိုင်းသူ ဦးစော ဖြစ်နေသည်ကို တွေ့ရပေသည်။

ဖော်ကောင်ဘညွန့်နှင့် မောင်နီတို့၏ ဖြောင့်ချက်များသည် သုခ၊ ခင်မောင်ရင်၊ မောင်စိန်၊ ရန်ကြီးအောင်တို့၏ ထွက်ချက်များနှင့် တိုက်ဆိုင်နေသည်ကို တွေ့ရပေသည်။

ဦးစောအပေါ်တွင် အရေးကြီးသော အချက်များကို တွေ့နေရ၏။ အချက် (၁၃) ချက်

ထိုအချက်များမှာ-

၁။ လုပ်ကြံမှုတွင် ပါဝင်သော တရားခံများသည် ဦးစောနှင့်ပင် အတူနေထိုင်လျက် ရှိကြသည်။

၂။ တရားခံ မောင်စိုး၊ စိန်ကြီးနှင့် သက်နှင်းတို့သည် ဦးစော၏နောက်လိုက်များအနက် အရေးပါ အရာရောက်သောသူများ ဖြစ်ကြသည်။

၃။ ဇူလိုင် ၁၉ ရက်နေ့က လုပ်ကြံမှုတွင် အသုံးပြုသော ဂျစ်ကားသည် ဦးစော ဂျစ်ကား ဖြစ်သည်။

၄။ လုပ်ကြံမှုတွင် လုပ်ဖော်ကိုင်ဘက်များအဖြစ် ပါဝင်ကြသော ဖော်ကောင် ဘညွန့်၊ တရားခံ သုခ၊ ခင်မောင်ရင်၊ မောင်နီနှင့် ရန်ကြီးတို့သည်

www.burmeseclassic.com



ဖို့ဆင်မော်တော်ကားကို အသုံးပြုကြသည်။ ထိုကားသည်လည်း ဦးစောပိုင်သာ ဖြစ်သည်။

၅။ လုပ်ကြံရာတွင် အသုံးပြုသည့် စက်သေနတ်များသည် ဦးစော၏ ဘုရားစင်အနီး ရေကန်ထဲမှ တွေ့ရသည်။

၆။ လုပ်ကြံမှုကြီး ဖြစ်ပွားပြီး ၄ နာရီ အကြာတွင် တရားခံများနှင့်တကွ ဦးစောအား ဦးစော၏ အိမ်ဝင်းအတွင်းမှ ဖမ်းဆီးရမိသည်။

၇။ လုပ်ကြံရာတွင် ကိုယ်တိုင် ပါဝင်သူ စိန်ကြီးနှင့် ရန်ကြီးအောင်တို့သည် မထောက်မညှာ လုပ်ကြံကြောင်းကို ထုတ်ဖော်ပြောဆိုသည့်အပြင် ကြံရာပါဖြစ်သူ သုခ၊ ခင်မောင်ရင်၊ မောင်နီ၊ ဘညွန့်တို့ကိုလည်း ထုတ်ဖော်ပြောဆိုကြ၏။

၈။ ထိုကဲ့သို့ ဖြောင့်ချက်ပေးသူများအနက် ဘညွန့်တစ်ယောက်သာ ဖော်ကောင် လုပ်ထားသည့်အပြင် သက်သေထွက်ချက်ရှိသည်။

၉။ တူဖြစ်သူ ခင်မောင်ရင်သည် ဦးစော လုပ်ကြံကြောင်းကို ထွက်ဆိုထားသည်။

၁၀။ ပေးထားသော ဖြောင့်ချက်များသည် ပုလိပ်က ဆင်သော ဖြောင့်ချက် မဟုတ်။ ၄င်းတို့ အလိုအလျောက် ထုတ်ဖော်ပြောဆိုခြင်းသာ ဖြစ်သည့်အပြင် အမှန်ချည်းပင် ဖြစ်သည်။

၁၁။ လုပ်ကြံသည့်နေ့က ဦးစောအား ဝင်းတံခါးတွင် သက်သေမောင်ကျော်စိန်က မြင်လိုက်တွေ့လိုက်ရ၏။

၁၂။ လုပ်ကြံရာတွင် ပါဝင်ကြသော တရားခံများသည် ဦးစော ပေးသော အမိန့်အတိုင်း လိုက်နာမည်ဟု သစ္စာရေ သောက်ကာ သေတမ်းစာများ ရေးထားရသူများ ဖြစ်သည်။

၁၃။ တရားလို သက်သေများ ထွက်ချက်သည် တစ်ခုနှင့်တစ်ခု တိုက်ဆိုင်နေသည် ဟူသော အချက် ၁၃ ချက်ပင် ဖြစ်သည်။

## ပုလိပ်က ဆင်တာမဟုတ်

ဦးစော၏ ရှေ့နေက လုပ်ကြံရာတွင် ပါဝင်ပါသည်ဆိုသော လက်နက်များကို ပုလိပ်က ဆင်ထားသည်ဟု စွပ်စွဲသည်မှာ အခြေအမြစ် မခိုင်ပါ။ ပုလိပ်က ယခုလို ဆင်နိုင်မည် မဟုတ်ပါ။ လုပ်ကြံရာတွင် ပစ်ခတ်ထား

www.burmeseclassic.com

www.burmeseclassic.com



သော ယမ်းတောင့်ခွံများသည် ရေထဲမှ ရရှိသော တော်မီဂန်း လေးလက်နှင့် စတင်းဂန်း တစ်လက်၊ အစမ်းပစ်ကြည့်သော ယမ်းတောင့်ခွံများနှင့် တူနေသည်ကို တွေ့ရကြောင်း။ ပုလိပ်တို့က ဆင်သည်ဆိုသည့်အချက်မှာ ယုံကြည်ဖွယ်ရာမရှိချေ။ ထိုလက်နက်များအနက် ရန်ကြီးအောင် ကိုင်သော စတင်းဂန်းသေနတ်မှာ လုပ်ကြံမှုကြီးတွင် အထူးပင် အရေးပါသော စက်သေနတ်ပင် ဖြစ်၏။

## ဦးစောကို အခွင့်အရေး ပေးခဲ့သည်

ဦးစော၏ ရှေ့နေက ဦးစောအား ရာဇဝတ်ကျင့်ထုံးအရ လိုအပ်သည့် အခွင့်အရေးများ မပေးခဲ့ဟု စွပ်စွဲထားပြန်သည်။

တရားဝန်ကြီးများက အထူးခုံရုံးအဖွဲ့၏ နေ့စဉ်မှတ်တမ်းတွင် ပြန်လည် စိစစ်ကြည့်သောအခါ မစ္စတာဟာက်ဗောက် ပြောသည့်အတိုင်း မဟုတ်ပါ။ ခုံသမာဓိအဖွဲ့က ဦးစောအား လိုအပ်သည့် အခွင့်အရေးများ ပေးထားကြောင်း တွေ့ရှိရသည်။

## ခုံသမာဓိ အမိန့်အတိုင်း တည်စေ

ခုံသမာဓိအဖွဲ့ဝင်များသည် လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ စေ့စေ့စပ်စပ် စစ်ဆေးကြောင့် ထင်ရှားနေပေပြီ။ တရားခံ ဦးစော၏ ဘုရင်ခံဝတ်လုံတော်ကြီးအားလည်း သက်သေများကို ပြန်စစ်ဆေးရန် အခွင့်အရေးများ ပေးခဲ့ကြောင်း ထင်ရှားနေ၏။

တရားခံများအား ကြိုးဒဏ်ခံယူစေရမည်ဟူသော အမိန့်မှာလည်း တရားအတိုင်း ဖြစ်သည့်အတွက် ထိုအမိန့်အတိုင်း တည်စေရမည်။

## အယူခံလွှာ ပယ်လိုက်ပြီ

ယခု တရားလွှတ်တော်သို့ အယူခံ တက်ရောက်ကြသော တရားခံ ဦးစော၊ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်၊ မှုန်ကြီး၊ သုခ၊ ခင်မောင်ရင်နှင့် မောင်နီတို့၏ အယူခံကိုလည်း တရားဝန်ကြီးများက ပယ်ချလိုက်သည်ဟု ညနေ ၄ နာရီတိတိအချိန်တွင် အမိန့်ချမှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



## စာဒက တက်ဦးမည်

တရားဝန်ကြီးများ ထွက်ခွာမသွားမီ ဦးစော၏ ရှေ့နေ မစ္စတာ ဟက်ဖောက်က ဦးစောအတွက် တရားလွှတ်တော်ချုပ် ရုံးတော်သို့ စာဒက တက်ဦးမည်ဟု လျှောက်ထားသော်လည်း တရားဝန်ကြီးများက ပြန်လည် ပြောဆိုခြင်း မရှိဘဲ ထွက်ခွာသွားတော့၏။

* * *

## ဦးစောတို့ အယူခံလွှာ တင်လိုက်ပြီ ကြိုးမိန့်ပေးရန်ရက်ကို ဆိုင်းငံ့ထားရပြန်ခြင်း

(၆-၄-၄၈ ဟံသာဝတီ သတင်းစာ)

ဗိုလ်ချုပ်အမှုးရှိသော ဝန်ကြီးများအား လုပ်ကြံသတ်ဖြတ်မှုကြီးနှင့် သေဒဏ်အမိန့် ချမှတ်ထားပြီးသော တရားခံ ကိုးဦးအနက် ဦးစော၊ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်၊ မှုန်ကြီးတို့သည် ရန်ကုန်မြို့ တရားလွှတ်တော်ချုပ် သို့ ဧပြီလ ၅ ရက်နေ့တွင် အယူခံလွှာတင်သွင်းလိုက်ပြီ ဖြစ်သည်။

### ၂၃ ရက်နေ့ ရက်ချိန်း

အယူခံလွှာများကို လက်ခံထိုက်-မထိုက် နှစ်ဦးနှစ်ဖက် ဝတ်လုံများ လျှောက်လဲချက်ပေးရန် ဧပြီ ၂၃ ရက်နေ့သို့ ချိန်းဆိုလိုက်သည်။

တရားခံ စိန်ကြီးခေါ် မောင်စိန်မှာ သမ္မတကြီးထံသို့ ထောင်တွင်းမှ နေ၍ ကိုယ်တိုင် သနားခံလွှာ တင်သည်။

ထိုသို့ အယူခံလွှာများကို လက်ခံလိုက်သဖြင့် လုပ်ကြံမှုကြီး တရားခံ အားလုံး ယခင် ကြိုးစင်တင်ရန် အမိန့်ကို ခေတ္တရပ်ဆိုင်းရန် ဆိုင်ရာက အမိန့်ထုတ်လိုက်ပြီဖြစ်ရာ ဦးစောတို့အား ဧပြီလ ၉ ရက်နေ့တွင် ကြိုးပေး လိမ့်မည် မဟုတ်ကြောင်း။

## ဦးစောတို့အား အယူခံဝင်ပိုင်ခွင့် ရှိ-မရှိ ရှေ့လာမည့် ရက်သတ္တပတ်တွင် ဆုံးဖြတ်ချက်ချမည် ဤအမှုကြီးတွင် ခုံအဖွဲ့က အထူးအခွင့်အရေးများ ပေးခဲ့သည်ဆိုခြင်း

(၂၄-၄-၄၈ ဟံသာဝတီ သတင်းစာ)

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံမှုကြီး၏ (၁) တရားခံ ဦးစောနှင့်တကွ တရားခံ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်၊ မှုန်ကြီးတို့၏ အယူခံလွှာတင်ခွင့်ရလိုမှုကို တရားလွှတ်တော်ချုပ် တရားဝန်ကြီးချုပ် ဆာဘဦး၊ တရားဝန်ကြီး ဦးအေးမောင်၊ တရားလွှတ်တော်ဝန်ကြီးချုပ် ဦးသိန်းမောင်တို့သည် ဧပြီလ ၂၃ ရက်နေ့က ကြားနာစစ်ဆေးလေသည်။

ဦးစောဘက်မှ မစ္စတာဟက်ဖောက်က လိုက်ပါဆောင်ရွက်၍ တရားခံ မှုန်ကြီး၊ ရန်ကြီးအောင်၊ မောင်စိုး၊ သက်နှင်းတို့အတွက် ဝတ်လုံတော်ရ ဦးကြာခိုင်က လိုက်ပါ ဆောင်ရွက်သည်။

**ဦးစောကို ချမ်းသာပေးရန် လမ်းမရှိ**

**လူထု ချမ်းသာအောင်လုပ်လျှင် ချမ်းသာခွင့်ပေးနိုင်မည်**

**မြန်မာပြည်တွင် ဖြစ်ခဲ့သောအမှုမျိုး ဘယ်နိုင်ငံမှာ ဖြစ်ဖူးသလဲ**

မေလ ၅ ရက်နေ့က ရွှေတိဂုံကုန်းတော် စေတီယင်္ဂဏအသင်းတိုက်တွင် ဦးစော၏ဇနီး ဒေါ်သန်းခင်က ဦးစော၏ ကုသိုလ်ကောင်းမှုအတွက် ဆွမ်းကပ်လှူရာမှ ဦးစော အသက်ချမ်းသာပေးရေး သံဃာတော်များ၏ အလှူခံသည့်ကိစ္စကို နိုင်ငံတော် သမ္မတထံနှင့် နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ ပေးပို့ အလှူခံကြောင်း သိရသည်။

## ဆင်းရဲသား အကျိုး

ထိုကဲ့သို့ တရားခံများကို စီရင်ချက်ချပြီးမှ မေတ္တာရပ်ခံခြင်းမှာ မဖြစ်နိုင်သော ကိစ္စဖြစ်ကြောင်း၊ ဦးစောသည် သာယာဝတီ ဆရာစံ သူပုန်ထသကဲ့သို့ ဆင်းရဲသား လူထုကောင်းစားရေးကို ရှေးရှု၍ ပြုလုပ်ခြင်းဖြစ်လျှင် ထိုသို့ အသက်မှ ချမ်းသာပေးရန် မေတ္တာရပ်ခံနိုင်ကြောင်း။

## ဘာကြောင့် အလှူခံသလဲ

ယခုမူ ဦးစောသည် ၄င်း၏ တပည့်တပန်းများက အထွတ်အထိပ်ရောက်ရေးအတွက် ကိုယ်ရေးကိုယ်တာကိုကြည့်ကာ နိုင်ငံတော် ခေါင်းဆောင်ကြီးများကို လုပ်ကြံခဲ့ခြင်းဖြစ်ရာ ထိုသို့သော သူများ၏ အသက်ကို အလှူခံသည့်ကိစ္စမှာ မသင့်လျော်သည်သာမက လူထုဆန္ဒနှင့်လည်း ဆန့်ကျင်လျက်ရှိကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



## ချမ်းသာခွင့် မပေးနိုင်

ဦးစော၏အမှုကို စစ်ဆေးစဉ်က ဒီမိုကရေစီနှင့် မဆန့်ကျင်စေဘဲ တရားသဖြင့် မျှမျှတတ စစ်ဆေးကာ စီရင်စေခဲ့ကြောင်း။ ဤကဲ့သို့သော မှုခင်းမျိုးကို မြန်မာပြည်တွင်သာမက အခြား ဒီမိုကရေစီ လွှမ်းမိုးသော နိုင်ငံတိုင်းပင် လျှော့ပေးရန် နည်းမရှိသဖြင့် ဦးစော၏ အသက်ချမ်းသာခွင့် ရရှိရေးအတွက်ကိုမူ မည်သည့်နည်းနှင့်မျှ စဉ်းစားလိမ့်မည် မဟုတ်ကြောင်း သိရှိရလေသည်။

## သမ္မတကြီးက သုခနှင့် မောင်နီ နိုင်ငံတော်၏ ဓိဝိတဒါနအဖြစ် ကယ်လိုက်ပြီ

လုပ်ကြံမှုကြီးတွင် ခေါင်းဆောင် ပါဝင်ခြင်းမဟုတ် နောက်လိုက်မျှသာ မေလ ၆ ရက်နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတကြီးက နိုင်ငံတော် လုပ်ကြံမှုကြီးတွင် သေဒဏ်အတည်ပြုပြီးဖြစ်သော တရားခံ ရှစ်ယောက်အနက်မှ သတ်ဖြတ်ရာတွင် ကိုယ်ထိလက်ရောက် မပါဝင်ခြင်း၊ ခေါင်းဆောင် မဟုတ်ဘဲ နောက်လိုက်ယံသားဖြစ်လျက် အမှန်တရား နောင်တ တရားများကို ရရှိနေသော တရားခံနှစ်ဦးအား ပြည်ထောင်စုသမ္မတ နိုင်ငံတော်၏ ဓိဝိတဒါနအဖြစ် သေဒဏ်မှ ချမ်းသာပေးလိုက်သည်။

၎င်းတို့နှစ်ဦးမှာ သုခနှင့် မောင်နီခေါ် ဘိုနီတို့ဖြစ်ပြီး နိုင်ငံတော် ဓိဝိတဒါနအဖြစ် သေဒဏ်မှ တစ်သက်တစ်ကျွန်းဒဏ်သို့ ပြောင်းလွဲချမှတ်လိုက်သည်။

## ဦးစောတို့ အယူခံမတက်နိုင်

ခုံသမာဓိအဖွဲ့နှင့် ဟိုက်ကုတ်လွှတ်တော် ဆုံးဖြတ်ပုံ မှန်ကန်သည့် တရားသဘော အယူအဆ မှန်သည့်အတွက် ဝင်ရောက် စွက်ဖက်ရန် အကြောင်းမရှိဟု-

## တရားဝန်ကြီးချုပ်အဖွဲ့ ဆုံးဖြတ်ကြခြင်း

နိုင်ငံတော် လုပ်ကြံမှုကြီးတွင် တရားခံ ဦးစောနှင့် အခြားတရားခံများ က အယူခံနိုင်ရန် အထူးအခွင့်တောင်းသော လျှောက်လွှာချက်များအပေါ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော် တရားလွှတ်တော်ချုပ်ကြီး၏ ကိုယ်စား လွှတ်တော် တရားသူကြီး ဦးအေးမောင်က ယနေ့ အမိန့်ချမှတ်လိုက်သည်မှာ–

## ဦးကျော်မြင့် မပါနိုင်

နိုင်ငံတော် တရားလွှတ်တော်ချုပ်၏ ယင်းအမှု ကြားနာရာရုံးအဖွဲ့တွင် နိုင်ငံတော်တရားဝန်ကြီးချုပ် ဆာဘဦး၊ နိုင်ငံတော် လွှတ်တော်ချုပ် တရားသူကြီး ဦးအေးမောင်နှင့် ဟိုက်ကုတ်လွှတ်တော် တရားဝန်ကြီးချုပ် ဦးသိန်းမောင်တို့ ပါဝင်ကြောင်း။

နိုင်ငံတော် လွှတ်တော်ချုပ်ကြီးတွင် ယခုအခါ သုံးဦးသာ ရှိနေသော်လည်း တရားဝန်ကြီး ဦးကျော်မြင့်မှာ ဦးစောနှင့် အခြားတရားခံများကို စစ်ဆေးခဲ့သည့် အထူးခုံရုံးအဖွဲ့တွင် ဥက္ကဋ္ဌဖြစ်လာခဲ့သဖြင့် ယခု တရားလွှတ်တော်ချုပ်က အယူခံ ထိုက်မထိုက် စစ်ဆေးရာတွင် မပါဝင်နိုင်ကြောင်း တွေ့ရှိရပေသည်။

## ပရီဗီကောင်စီနှင့်မတူ

၄င်းအမှု စီရင်ချက်ချရာတွင် တရားဝန်ကြီးများက စီရင်ချက် ရေးသားထားသည်မှာ ဗြိတိသျှ ပရီဗီကောင်စီ၏ တရားဥပဒေဆိုင်ရာ ကော်မတီအဖွဲ့သည် အယူခံရုံးတစ်ရုံး မဟုတ်၊ စီရင်ဆုံးဖြတ်ချက်များ ချရာတွင် တစ်ကြိမ်ထက် ပို၍ လေးလေးနက်နက် စဉ်းစား ဆုံးဖြတ်လေသည်။ သို့ဖြစ်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် တရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုထုံးတမ်းစဉ်လာ ဥပဒေနှင့် တရားဥပဒေ အက်ဥပဒေများအရ ဖွဲ့စည်းထားသော အယူခံရုံးတစ်ရုံးစီပင် ဖြစ်သည့်အားလျော်စွာ ပရီဗီကောင်နှင့် မတူချေ။

သို့ရာတွင် ပရီဗီကောင်စီ သတ်မှတ်ထားသော မျှတသည့် ဥပဒေများကို ဗဟုသုတအလို့ငှာ တရားလွှတ်တော်ချုပ်က လိုက်နာမိစေရန် တရားဝန်ကြီးများက လိုက်လျောလေသည်။

## အခွင့်အရေးများ ပေးခဲ့သည်

အမှုစစ်ဆေးနေသည့်နေ့ တစ်လျှောက်လုံးတွင် အထူးခုံရုံးနှင့် ဦးစော အကြိုက် ရှေ့နေဖြင့် အစစ်မခံရ၍ ဦးစောမှာ နစ်နာကြောင်းဖြင့် ဦးစော

www.burmeseclassic.com

www.burmeseclassic.com



အတွက် လျှောက်လဲချက် ပေးသည်ကို တရားဝန်ကြီးက ပယ်ချရင်း ညွှန်ပြသွားသည်မှာ–

ဦးစောအတွက် ရှေ့နေလိုက်ရန် မစ္စတာ ကားတစ်ဘင်နက် (ကေစီ) အား ခွင့်ပြုခဲ့ပြီး။ လိုအပ်သည့် အခွင့်အရေးအားလုံးကို ဦးစောအတွက် ပေးခဲ့သည်။

## လျှောက်လဲပေမယ့်

အထူးခုံရုံး ဖွဲ့စည်းရေး အက်ဥပဒေသည် မြန်မာပြည်ဘုရင်ခံ မင်းကြီးက မြန်မာပြည်အစိုးရ အက်ဥပဒေပုဒ်မ ၁၃၉ အရ မိမိတွင် ရှိနေသော အာဏာများဖြင့်သာ ပြဋ္ဌာန်းအတည်ပြုလိုက်သော အက်ဥပဒေအဖြစ် ၎င်းဥပဒေပြဋ္ဌာန်း အတည်ပြုသည့်အချိန်တွင် ဘုရင်ခံမင်းကြီးတွင် အမှန်အားဖြင့် ဤကဲ့သို့သော အာဏာများ မရှိပါသောကြောင့် ၎င်းအက်ဥပဒေသည် မတည်မြဲနိုင်ပါကြောင်းနှင့် လျှောက်လဲသေးသည်။

## အာဏာကို ဘုရင်ခံ သုံးနိုင်တယ်

ဤလျှောက်လဲချက်နှင့် ပတ်သက်၍ တရားဝန်ကြီးများက မြန်မာပြည် အစိုးရ၏ ၁၉၄၅ ခုနှစ် ယာယီဥပဒေကို မိရင် အထူးရာဇဝတ်ခုံရုံး ဖွဲ့စည်းရေး အက်ဥပဒေကို တည်မြဲသည်ဟု ယူဆကြောင်း (ဗြိတိသျှ ပါလီမန်) ၏ အက်ဥပဒေတစ်ရပ်ဖြစ်သော ၁၉၄၅ ခု ယာယီ အက်ဥပဒေ သည် ဘုရင်ခံမင်းကြီး၏ အာဏာများကို အက်ဥပဒေ ပြဋ္ဌာန်းပြီးသည့်နောက် သုံးနှစ်ကာလမျှ အချိန်တိုးပေးထားကြောင်း။

## ဥပဒေအသစ် မကြေညာသမျှ

ပြည်ထောင်စု မြန်မာနိုင်ငံ ၁၉၄၈ ဇန်နဝါရီလ ၄ ရက်နေ့မှစ၍ ပေါ်ပေါက်လာရခြင်းကလည်း အထူးခုံရုံးအား ၎င်းအမှုစစ်ဆေးသည့် အာဏာကင်းစေခဲ့သည်ဆိုသော နောက်ထပ် လျှောက်လဲချက်ကိုလည်း တရားဝန်ကြီးများက ပယ်ချ၍ ညွှန်ပြပြန်သည်မှာ–

၎င်းအမှုသည် ၁၉၄၇ ခု ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ပြီးပြတ်သည်ဟု ချေပပြီး ပြည်ထောင်စု ဥပဒေပုဒ်မ ၂၈၈ ကို ညွှန်ကြားလိုက်ကြောင်း၊ ၎င်းဥပဒေက ဆိုထားသည်မှာ–

www.burmeseclassic.com



ပြည်ထောင်စု မြန်မာနိုင်ငံအဖွဲ့အစည်း အတည်ဖြစ်လာသည့် နေ့ရက်တွင် ရှိနေသည့် ရုံးအားလုံးသည် ပြည်ထောင်စု အက်ဥပဒေအရ ရုံးသစ်များ မဖွင့်လှစ်ရသေးမီ မိမိတို့၏ အာဏာပိုင်များအရ လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း၊ ၎င်းအပြင် ရုံးများရှိ မပြီးပြတ်သေးသော အမှုအခင်းများအားလုံးကို ပြည်ထောင်စု မြန်မာနိုင်ငံတော် မဖြစ်မြောက်သေးသကဲ့သို့ပင် စီရင်ဆုံးဖြတ်သွားရမည် ဖြစ်ကြောင်း။

## ဆုံးဖြတ်ချက်များ မှန်သည်

နောက်ဆုံး၌ တရားဝန်ကြီးများက ရေးသားထားသည်မှာ-

၎င်းအမှုကို ပထမ စတင်စစ်ဆေးသည့် ခုံရုံးတော်နှင့်တကွ အယူခံဝင်ရာ ဟိုက်ကုတ်လွှတ်တော်ရုံးတို့သည် ၎င်းတို့၏ ရှေ့မှောက်သို့ရောက်လာသော အချက်အလက်များဖြင့် အကြောင်းမှန် ဆုံးဖြတ်ချက်များ ချကြသည်ဖြစ်သောကြောင့် အထူးသီးခြား အကြောင်းအရာများ မပေါ်ပေါက်ဘဲနှင့် ဤကဲ့သို့သော ဆုံးဖြတ်ချက်မျိုးတို့ကို ဝင်ရောက် နှောင့်ယှက်ရန် တရားလွှတ်တော်ချုပ်၏ အလုပ် မဟုတ်ပါကြောင်း။

ထို့ကြောင့် တရားဝန်ကြီးများက လျှောက်ထားချက်များကို ပယ်ချလိုက်ကြောင်း။

ဦးစောအတွက် ဝတ်လုံတော်ရ မစ္စတာ ဟက်ဗောက်က ရှေ့နေလိုက်၍ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်နှင့် မှုန်ကြီးတို့အတွက် ဝတ်လုံတော်ရ ဦးကြာနိုင်က ရှေ့နေလိုက်ကြောင်း၊ အထူးခုံရုံး စီရင်ချက်ကို ဟိုက်ကုတ်ရုံးတော်တွင် အယူခံ ဝင်ကြသော ကျန်တရားခံ လေးဦးတို့သည် အထူးအယူခံခွင့် မလျှောက်ထားကြချေ။ ၎င်းတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သမ္မတကြီးထံသို့ အသနားခံလွှာများ တင်ထားကြသည်ဟု သိရကြောင်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဦးစောအလောင်းပြန်ပေးရန်တောင်း

မြန်မာနိုင်ငံ အစိုးရက ဦးစောအား မေလ ၈ ရက်နေ့တွင် သတ်ရမယ်တဲ့။

မသေမီကလေးတွင် ဆရာတော်ကြီးများနှင့် သရဏဂုံတင်ခွင့်ပြုရန် ဒေါ်သန်းခင် တောင်းဆိုခြင်း။

[၁၃၁၀ ခု၊ ကဆုန်လဆုတ် (၇) ရက်၊ ကြာသပတေးနေ့၊ (၂၉၊ ၄၊ ၄၈) ဟံသာဝတီ]

ဦးစော အယူခံတက်ပိုင်ခွင့် ရှိ-မရှိ လျှောက်ထားသော လျှောက်လွှာကား နိုင်ငံတော် တရားရုံးချုပ်က ပယ်ချခဲ့လေပြီ။

ဦးစော၏ ဇာတ်လမ်း နိဂုံးချုပ်ကား အောက်ပါအတိုင်းပင် ဖြစ်တော့သည်ဟု သိရှိရပါသည်။

### အခွင့်အရေးကုန်ပြီ

ဧပြီလ ၂၇ ရက်နေ့က နိုင်ငံတော်တရားလွှတ်တော်ချုပ်မှ ဦးစောနှင့် အပေါင်းပါ တပည့်များ၏ အယူခံ တက်ရောက်နိုင်ခွင့် ပယ်လိုက်ပြီဖြစ်ရာ ဦးစော၏ကိစ္စနှင့် ပတ်သက်သော တရားရုံးတော်များတွင် ဆောင်ရွက်ရန် အာဏာကုန်သွားပြီး ဖြစ်သည်။

### နောက်ဆုံးလမ်း

နောက်ဆုံး ပြုလုပ်နိုင်သည့် အချက်မှာ နိုင်ငံတော် သမ္မတကြီးထံ အသနားခံစာ တင်သွင်းရန်ရှိသေးသော်လည်း ထိုကိစ္စကို ဦးစောအတွက် မည်သူ တစ်ဦးတစ်ယောက်မျှ နိုင်ငံတော်သမ္မတထံသို့ အသနားခံစာ တစ်စုံတစ်ရာ မသွင်းဘဲ ထားရှိကြသည်ဟု သိရလေသည်။ ဦးစော ကိုယ်တိုင်လည်း သနားခံစာ တင်သွင်းနိုင်မည် မဟုတ်ဟု သိရှိရကြောင်း။

ဧပြီလ ၂၈ ရက်နေ့ နံနက်က ဦးစော၏ ဇနီး ဒေါ်သန်းခင်၏ ကိုယ်စား တရားခံတစ်ဦးဖြစ်သော ခင်မောင်ရင်၏ ဖခင် ဦးမြရင်က နိုင်ငံတော် တရားလွှတ်တော်ချုပ်သို့ လာရောက်၍ လျှောက်ထားသည်ဟု သိရှိရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## ဒေါ်သန်းခင်၏ စာမှာ

(မြန်မာပြည် အစိုးရမင်းများနှင့် ဝန်ကြီးများသို့ ဦးစော၏ ဇနီး ဒေါ်သန်းခင်က ပေးပို့သော စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။)

၂၇၊ ၄၊ ၄၈ နေ့က ကျွန်မ၏ခင်ပွန်း ဦးစောကို တရားဝန်ကြီးများက အယူခံလွှာ ပယ်ချလိုက်သဖြင့် အမှုမှာ ပြီးဆုံးနေပါ၍ ကျွန်မအိမ်ကို ပြန်ပေးရန် တောင်းပန်ပါသည်။ ကျွန်မ၏ ခင်ပွန်းကို မြန်မာပြည် အစိုးရက သတ်၍ သေပြီးသောအခါမှာ ကျွန်မခင်ပွန်းသည်၏ ရုပ်ကလာပ်ကို ကျွန်မ နေအိမ်၌ ယူလိုပါ၍ အမြန်ဆုံး အမိန့်ချပေးစေလိုပါသည်ရှင်။

(ပုံ) မသန်းခင်

၂၈၊ ၄၊ ၄၈

## သရဏဂုံ တင်ခွင့်ပေးရန်

ဦးမြရင်၏ လျှောက်လွှာတွင် ဦးစောအား အလောင်းကို နေအိမ်သို့ ပြန်ယူခွင့်ပြုရန် မသတ်မီ ဆရာတော်ကြီးတစ်ပါးနှင့် အခြား လျှောက်ထားသည်ဟု သိရှိရကြောင်း။ ထိုကိစ္စ သံဃာတော်များပါ ထောင်သွင်းသို့ ဝင်ခွင့်ပြုကို တရားဌာနမှ စဉ်းစားနေသည်ဟု ကြားသိရနှင့် ဦးစောအား သတ်ပြီးသည့်နောက်တွင်

* * *

## သတ်မည့်နေ့

ဦးစောအား လာမည့် မေလ ၈ ရက် နံနက်တွင် သတ်ရန် ဆိုင်ရာတို့အား အမိန့်ထုတ်ပေးလိုက်ပြီဖြစ်ကြောင်း ကြားသိရလေသည်။

## ဦးစော၏အလောင်းကို ပြန်ထောင်း၍ ရပါမလား

(၁၃၁၀ ခု၊ ကဆုန်လဆုတ် (၈) ရက်၊ သောကြာနေ့ ၃၀၊ ၄၊ ၄၈ ဟံသာဝတီ)

ထောင်သင်္ချိုင်းမှလွဲ၍ အခြားသင်္ချိုင်းတွင်း မြှုပ်နှံခွင့်မရှိဟု ဆိုသည်။ သရဏဂုံတင်ခွင့်ကိုကား အစိုးရ ခွင့်ပြုကောင်း ခွင့်ပြုမည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ယမန်နေ့က ကျွန်ုပ်တို့ သတင်းစာတွင် ဦးစော၏ဇနီး ဒေါ်သန်းခင်က ဦးစောအား အစိုးရက သတ်ပြီးသည့်အခါ အလောင်းကို အိမ်သို့ ပြန်ယူခွင့် ရရှိနိုင်ရန် တောင်းသည့်ကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်တို့ လိုက်လံစုံစမ်းကြည့်ရာ အစိုးရက သတ်ပြီးသော အလောင်းကို မြို့တွင်းမှ ယူဆောင်ကာ နေအိမ်တွင် ထားရှိခြင်းကို မည်သည့်အခါကမျှ ခွင့်မပေးခဲ့ဟု ဆိုသည်။

## ထုံးစံမရှိဘူးတဲ့

အစိုးရက သေဒဏ်ပေး၍သတ်ပြီးသော အလောင်းကို ထောင်သချိုင်းမှတစ်ပါး အခြားသချိုင်းများတွင် မြှုပ်နှံခွင့် မရှိဘဲ ထားရှိခဲ့သည်မှာ ထုံးစံဖြစ်သည်။

## ကျွန်တော့်အလောင်းကို အိမ်မယူပါနဲ့ မာမိခင် သေပြီးသော အပုပ်ကောင်ကြီးဆိုပြီး တရားနှင့်ဖြေပါ

(၁၃၁၀ ခု၊ ကဆုန်လဆုန် ၉ ရက်၊ ၁၉၄၈ ခု၊ မေလ ၁ ရက်နေ့ ဟံသာဝတီ သတင်းစာ)

ကြိုးဒဏ်ခံရသော ဦးစောက ဇနီးဖြစ်သူ ဒေါ်သန်းခင်ထံသို့ ပေးလိုက်သော စာ-

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အပေါင်းပါ ဝန်ကြီးများအား လုပ်ကြံသတ်ဖြတ်သည့် အမှုနှင့် ပတ်သက်၍ ကြိုးမိန့်ပေးထားခြင်းခံရသော ဦးစော၊ မောင်စိုး၊ သက်နင်း၊ မှုန်ကြီး၊ ရန်ကြီးအောင်တို့၏ ကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်သမ္မတကြီးထံ အသနားခံလွှာ တင်သွင်းရန် ရန်ကြီးအောင်တစ်ဦးသာ နိုင်ငံတော် သမ္မတထံ အသနားခံလွှာကို အပူတပြင်း ရေးသားစီစဉ်နေသည်ဟု သိရှိရလေသည်။

## ဒေါ်သန်းခင် မစိုးပါနှင့်

ထောင်တွင်း၌ ရောက်ရှိနေသော ဦးစောက ဇနီး ဒေါ်သန်းခင်အား ပရိဒေဝမီး မတောက်စေရန် အောက်ပါ စာတစ်စောင်ကို ဧပြီလ ၃၀ ရက်နေ့က ပေးပို့လိုက်သည်ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ထောင်တွင်းမှ ဦးစောက
ငှင်း၏ဇနီး ဒေါ်သန်းခင်ထံပေးစာ
အိမ်မယူပါနှင့်

မာမီခင် ...

ကျွန်တော့်အလောင်းကို အိမ်သို့ မယူပါနှင့်။ ဘယ်လိုမှလည်း မယူပါနှင့်။ သေပြီးသော အပုပ်ကောင်ကြီးဟူ၍ တရားနှင့်ဖြေပါ။ သတိသံဝေဂ ဖြစ်ပါ။ အနိစ္စ တရားနှင့် အနတ္တ တရားများကို ပွားများပါ။ သေပြီးဖြစ်၍ မထူးပါ။ ထိုကြောင့် မာမီတို့ ဒုက္ခမရှာပါနှင့်တော့။ သေသူကို ရည်ရွယ်၍ ပွဲခင်းခံခြင်း၊ ရှင်ပြုခြင်း၊ ဆွမ်းကျွေးခြင်း စသော ကုသိုလ်ကောင်းမှုများကို ပြုလုပ်ပါက မာမီတို့မှာ ကုသိုလ်ရနိုင်ပါသည်။ အမျှအတန်း ဝေပါက ကုသိုလ်ရနိုင်ပါသည်။ ဤသို့သော ကုသိုလ်ရေးများကိုသာ ဂရုစိုက်ပါ။

(ပုံ) မောင်စော

ဦးစောက ပစ္စည်းများ ဝေငှလှူဒါန်းပြီး
မိတ်ဆွေများကို ကျွန်တော့်ကိုယ်စား နှုတ်ဆက်လိုက်ပါ မာမီခင်

(၁၃၁၀ ခု၊ ကဆုန်လဆုတ် ၁၂ ရက်၊ ၄-၅-၄၈ ဟံသာဝတီ သတင်းစာ)

ဦးစောအား သေဒဏ်ပေးလိုက်သည့်ကိစ္စနှင့် ပတ်သက်၍ မြန်မာပြည် ဘုရင်ခံဟောင်း ဆာဒေါ်မန်စမစ်က မြန်မာနိုင်ငံတော် သမ္မတကြီးထံသို့ ဦးစောအား သေဒဏ်ပေးထားသည့် ကိစ္စကို သက်ညှာနိုင်သမျှ သက်ညှာစွာ စဉ်းစား၍ ပယ်ဖျက်ပါရန် သံကြိုးစာတစ်စောင် ပေးပို့လိုက်သည်ဟု သိရသည်။

ထိုကဲ့သို့ ဦးစော၏ အသက်ချမ်းသာရာ ရရေးအတွက် ဘိလပ်ရှိ ဗုဒ္ဓဘာသာ အသင်းကြီးနှစ်သင်းမှလည်း နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုထံသို့ အကြောင်းပြချက် သုံးရပ်ဖြင့် မေတ္တာရပ်ခံသော ကြေးနန်းစာနှစ်စောင် ရောက်ရှိလာသည်ဟု သိရသည်။

## မြင့်မြတ်ကြောင်း တည်ပါစေ

အကြောင်းပြချက် သုံးခုတွင် ဖော်ပြထားသည်မှာ ဦးစောလို ယခင်က မြန်မာ့လွတ်လပ်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သော မြန်မာ့ခေါင်းဆောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးအား အသက်ချမ်းသာမှု ပေးနိုင်ခဲ့လျှင် မြန်မာ့လွတ်လပ်ရေး ရာဇဝင်တွင် ဝန်ကြီးချုပ် သခင်နု၏ မြင့်မြတ်သော စေတနာမှာ ရာဇဝင်တွင်ရစ်လိမ့်မည်ဖြစ်ကြောင်း။

## ချစ်ကြည်ရေး ပျက်ဦးမလို

အင်္ဂလိပ်ပြည်တွင် ထိုသေဒဏ်စီရင်ခြင်းကို ပယ်ဖျက်ရန် ရှိနေရာ အင်္ဂလိပ်-မြန်မာ ချစ်ကြည်ရေးကို လုံးပန်းလျက်ရှိနေသော ဗုဒ္ဓဘာသာ အသင်းကြီး၏ မေတ္တာရပ်ခံချက်ကို လက်ခံမည်ဆိုပါက ချစ်ကြည်ရေး ဖြောင့်ဖြူးရန် လမ်းရှိပါသည်။ ထိုကဲ့သို့ မဖြစ်မြောက်ပါက အင်္ဂလိပ်-မြန်မာ ချစ်ကြည်ရေးမှာ ပျက်ပြားဖွယ် ရှိပါကြောင်း။

## ဘာသာနှင့် ဆန့်ကျင်သတဲ့

တတိယ အကြောင်းပြချက်မှာ သေဒဏ်ပေးသည့်ကိစ္စမှာ ဗုဒ္ဓဘာသာ တရားတော်နှင့် ဆန့်ကျင်သည်ဖြစ်ကြောင်း စသည်ဖြင့် မေတ္တာရပ်ခံချက်တွင် ပါဝင်သည်ဆိုကြောင်း။ ထိုကိစ္စနှင့် ပတ်သက်၍ ဦးစောနှင့် အပေါင်းပါတို့၏ အမှုကို ဆိုင်ရာ တရားဝန်ကြီး၏ ထင်မြင်ချက်များနှင့် နိုင်ငံတော် သမ္မတထံသို့ တင်ပြထားသည်ဟု စုံစမ်းသိရှိရသည်။ နိုင်ငံတော် သမ္မတကြီးကလည်း နိုင်ငံတော် ဝန်ကြီးအဖွဲ့နှင့် တိုင်ပင်ဆွေးနွေး၍ အဆုံးအဖြတ်ပေးလိမ့်မည်ဟု ကြားသိရလေသည်။

နိုင်ငံတော် သမ္မတထံသို့ နောက်ထပ် အသနားခံလွှာ တင်သွင်းသူများမှာ ရန်ကြီးအောင်ပါ ငါးဦးရှိရာ ဦးစော၊ သက်နှင်း၊ မောင်စိုး၊ မှုန်ကြီးတို့မှာ တစ်ပါတည်း သေဒဏ်ကျခံရန် အခြေအနေအရ ဖြစ်နေကြောင်း။

## တစ်ပြိုင်နက် ကြိုးပေးမည်

သေဒဏ်အတည်ပြုပြီးသည့် တရားခံများမှာ ဦးစောနှင့် အပေါင်းပါ ရှစ်ဦးတို့ ပါဝင်နေရာ ကြိုးဒဏ်ခံပေးသည့်အခါ တစ်ပြိုင်နက်ပေးရန် ဆိုင်ရာ ထောင်အရာရှိများက စီစဉ်ထားသည်ဟု ကြားသိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အလောင်းကို ပြန်ပေးလိမ့်မည်မဟုတ်

ဦးစော၏ အလောင်းကို မည်သည့်နည်းနှင့်မျှ အစိုးရတို့က ပြန်ပေးလိမ့်မည် မဟုတ်ကြောင်း သိရလေသည်။

## ဒေါ်သန်းခင်ထံသို့ ပေးစာ

ဇနီးဖြစ်သူ ဒေါ်သန်းခင်သို့ ထောင်တွင်းမှနေ၍ ဦးစောက ပေးပို့လိုက်သော စာတစ်စောင်၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

မာမီခင် ဟူသော စာသားကို ခေါင်းစဉ်တပ်လျက် ဦးစောက ဒေါ်သန်းခင်နှင့် ဘေဘီစောတို့ထံ ပေးပို့လိုက်သောစာတွင် ပါဝင်သည့်စကားရပ်များမှာ ၄င်း၏ အဝတ်အထည်နှင့် ပုဆိုးတောင်ရှည်၊ ပိုးအင်္ကျီ၊ သက္ကလတ်အင်္ကျီ၊ ဖောင်တိန်၊ ရွှေလက်ပတ်နာရီတို့ကို မိုးညှင်းဆရာတော် အစရှိသော ဦးစော ကိုးကွယ်ခဲ့သည့် ဆရာတော်ဘုရားကြီးများအား ထိုင်ခုံများ၊ မှီအုံးများ ချုပ်လုပ်ပြီး လှူဒါန်း၍ အမျှပေးဝေရန်။ အင်္ကလိပ် အဝတ်အစားနှင့် ရှူးဖိနပ်တို့ကို ဘိလပ်ရှိ ညီ မောင်ကျိုး၊ ဦးမြရင်၊ မောင်လှမြတ်စိုးတို့ကို ဝေငှပေးလှူရန်၊ ဇနီး ဒေါ်သန်းခင်နှင့် သမီး ဘေဘီစောတို့ ပိုင်ဆိုင်ထိုက်သော အိမ်၊ စိန်၊ ရွှေ၊ ငွေများကို ထုခွဲသင့်သလောက် ထုခွဲ၍ လှူဒါန်းကြရန်နှင့် မိမိ ကြည်ညိုရင်းစွဲရှိသော ဆရာတော်များအား ကန်တော့ခြင်း၊ မိတ်ဆွေသင်္ဂဟများအား နှုတ်ဆက်ခြင်းဖြင့် ဒုတိယအကြိမ် မှာကြားကြောင်း ပါရှိသည်ဆို၏။

## ခင်မောင်ရင် ကြိုးဒဏ်က လွတ်သွားပြီ

## (၁၃၁၀ ခု၊ ကဆုတ်လဆုတ် (၁၃) ရက် ဗုဒ္ဓဟူးနေ့ ၅-၅-၄၈ ဟံသာဝတီ)

(ဒက်ဒီတို့ အမျိုးသည် စိတ်ထက်ကြသဖြင့် လက်စားမချေရလျှင် မနေနိုင်။)

နိုင်ငံတော် လုပ်ကြံမှုကြီးနှင့် ပတ်သက်၍ ဦးစောနှင့် တရားခံရှစ်ဦးတို့အား မေလ ၈ ရက်နေ့တွင် ဆိုင်ရာ တရားလွှတ်တော်ချုပ်က ချမှတ်ခဲ့သော အမိန့်အတိုင်း ဦးစော၏ တပည့်အချို့ဖြစ်သော ခင်မောင်ရင်၊ စိန်ကြီး၊ ရန်ကြီးအောင်၊ မောင်နီနှင့် သုခတို့ကို သေဒဏ်မှ ချမ်းသာပေးရန်

www.burmeseclassic.com



နိုင်ငံတော် သမ္မတထံ အသနားခံစာ တင်သွင်းခြင်းကိစ္စ၊ ဘိလပ်ရှိ ဆာဒေါ်မန်စမစ်နှင့် ဗုဒ္ဓဘာသာ အသင်းကြီး နှစ်သင်းတို့က ဦးစောအား အသက်ဘေးမှ ချမ်းသာပေးရန် မေတ္တာရပ်ခံသည့်ကိစ္စတို့ကို မေလ ၄ ရက်နေ့ နံနက် ၉ နာရီအချိန် ဝန်ကြီးချုပ် သခင်နု၏ နေအိမ်တွင် ဝန်ကြီးများ၏ အစည်းအဝေး၌ တင်သွင်း ဆွေးနွေးကြသည်။

ဦးစောနှင့် ကျန်လူများဖြစ်သော မှုန်ကြီး၊ သက်နှင်း၊ မောင်စိုးတို့က အသနားခံလွှာ မတင်သွင်းသော်လည်း မြန်မာနိုင်ငံ အစိုးရဝန်ကြီးအဖွဲ့ကမူ ဦးစောနှင့်တကွ ကျန်အပေါင်းပါ တရားခံများ အားလုံးတို့၏ အမှုတွဲများကို ပါ ကြည့်ရှုစစ်ဆေးလျက် ဆွေးနွေးကြသည်။

## ခင်မောင်ရင် သေဒဏ်မှ လွတ်စေ

အစည်းအဝေးကို ဝန်ကြီးချုပ် သခင်နု နေအိမ်တွင် အထူးလျှို့ဝှက်စွာ ဆွေးနွေးကြပြီးနောက် ဝန်ကြီးအဖွဲ့က ညနေ ၃ နာရီကျော်လောက်တွင် ခင်မောင်ရင်အား သေဒဏ်မှ တစ်သက်တစ်ကျွန်းသို့ လွှဲပြောင်းပေးရန် အမိန့်ချမှတ်လိုက်ကြောင်း။ စိန်ကြီးခေါ် မောင်စိန်၊ မောင်နီ၊ သုခနှင့် ရန်ကြီးအောင်တို့အားမူ ၎င်းတို့၏ အသနားခံလွှာကို ပယ်ချလိုက်၍ ကြိုးဒဏ်ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

## ဦးစောက သမီးဘေဘီစောထံသို့ ပေးပို့သည့်စာ

သမီး ဘေဘီစော…

မည်သူမဆို တစ်သက်တာတွင် မိမိ၏ခန္ဓာကိုယ် အတ္တဘောကြီးကို စွန့်ရမြဲဖြစ်ကြောင်း၊ မိမိ၏ ခန္ဓာဟု ဆိုရငြားသော်လည်း စိုးပိုင်ခြင်း မဖြစ်နိုင်၊ ခန္ဓာငါးပါး ရုပ်နာမ်တရားများဖြစ်ကြောင်း။

ငါ၏ လင်၊ ငါ၏ ခင်ပွန်း၊ ငါ၏ ဖခင်တို့နှင့် တကွဲတပြား ဖြစ်သွားရခြင်းအတွက် ပူပင်သောက မဖြစ်စေလိုပါ။ မည်သည့်လင်နှင့်မယား၊ အဖနှင့် သမီးတို့ တစ်ပြိုင်တည် မသေနိုင်။ သေလည်း မသေကြ။ တစ်ချိန်တည်းတွင် သေရန် စာချုပ်ချုပ်ဆို၍ ရနိုင်သော အကြောင်းလည်း မရှိပါ။ မေတ္တာ တရားအတိုင်း သေချိန်ကျလျှင် သေရပါသည်။ ဤလမ်းသည် မလွှဲသောလမ်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဦးပုညလို

မိမိအဖို့တွင်လည်း ဤကဲ့သို့ ရှောင်လွှဲ၍ မရသော ကံကြမ္မာပင် ဖန်တီးလာသည်ဟု ထင်မိပါသည်။ စလေဆရာကြီး ဦးပုညသည် မြင်ကွန်း မြင်ခုံတိုင်တို့၏ အရေးတော်ပုံတွင် အရှင်လတ်လတ် အသတ်ခံရဖူးပါသည်။ 'ဟုတ်ပလေ၊ နှုတ်ခြေဟာရမှာဖြင့် ပုဗ္ဗေစထင်ရဲ့လေ' ဟူသော စာပိုဒ်ကို ကြည့်ခြင်းအားဖြင့် သိသာနိုင်ပါသည်။

## ကောသလမင်းကြီးထုံး

ကောသလမင်းကြီးကဲ့သို့ ရွှေနန်းစံ ဘုရင်မင်းတရားပင် ရေးကံနှိပ်စက်သောအခါ ဇရပ်တစ်ဆောင်တွင် သေခဲ့ရဖူးသော ထုံးလည်း ရှိပါသည်။ ဒါကြောင့်မို့ မာမီနှင့် သမီးတို့ တရားနှလုံးသွင်း၍ ဖြေကြစေလိုပါသည်။ သမီးအား ဗုဒ္ဓဘာသာစာပေကို များများတတ်အောင် မာမီက ကြိုးစားသင်ပေးပါ။

သတ္တဝါအားလုံးအပေါ် မေတ္တာထားနိုင်သည့် စိတ်ဓာတ်ရှိမှ နတ်လူ သာစုခေါ်ပါသည်။

## သစ္စာရှိစေလိုပါသည်

ထို့ကြောင့် သမီးသည် သစ္စာရှိရမည်။ သီလရှိရမည်။ အကျင့်စာရိတ္တ ကောင်းရမည်။ 'လူမိုက်တစ်သောင်းကဲ့ရဲ့ရှောင်းလည်း လူလိမ္မာတစ်ယောက် ချီးမွမ်းလျှင် မြောက်သည်' ဟူသော စကားကို သတိပြုပါ။ အရေးကြီးဆုံး အဖိုးတန် အမွေတစ်ခုကို ပေးလိုပါသည်။ ထိုအမွေမှာ 'ရတနာသုံးပါးကို ဦးထိပ်ထား၍ ဆည်းကပ် ကိုးကွယ်ပါ' ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများကို ဆည်းကပ်ကိုးကွယ်ပါ။

## ခွင့်လွှတ်ပါတယ်

မာမီ ကျွန်တော့်အပေါ် မကျေနပ်တာရှိလျှင် သည်းခံပါ။ မာမီအပေါ်တွင် မကျေနပ်တာရှိလျှင် ခွင့်လွှတ်ပါသည်။ သမီး တစ်သက်ပုံးတွင် 'သူတစ်ပါးအသက် သတ်ခြင်း ရှောင်ကြဉ်ပါ'

www.burmeseclassic.com

www.burmeseclassic.com



## လက်စားမချေရလျှင်

ဒက်ဒီတို့အမျိုးသည် အဖေ့ဘက်က အမျိုး၊ အမေဘက်က အမျိုး ဟူ၍ နှစ်ဖက်ရှိကြပါသည်။ ထိုအမျိုးများသည် အလွန် စိတ်ထက်ကြသည်။ စိတ်ကောင်း ရှိကြသည်။ စော်ကားလျှင် မခံချင်သောစိတ်ဓာတ် အလွန် အားကြီးကြသည်။ စိတ်ပြင်းလွန်းကြသဖြင့် သူများက တစ်ချက်ရိုက်လျှင် ကိုယ်က အချက် ၂၀ ပြန်ရိုက်ချင်သည်။ သူတစ်ပါး တစ်ချက်ထုလျှင် ကိုယ်က အချက် ၅၀ လောက် ပြန်ထုရမှ ကျေနပ်ကြသည်။ လက်စားပြန် မချေရလျှင် တစ်သက်လုံး မမေ့နိုင်ဆိုသလို ရှိခဲ့ကြသည်။

'သူများကို သွားမစော်ကားနဲ့၊ စော်ကားလာလျှင် တစ်ဆင့်တစ်ဆင့် ပြန်ချရမည်ဟု အစဉ်အဆက် ဒက်ဒီတို့က တစ်မျိုးလုံးကို အမွေပေးခဲ့ကြသည်။ ဒါကြောင့် သည်လို စော်ကားလိမ့်မည်ထင်တဲ့လူကို အပေါင်းအဖော် မလုပ် ပါနဲ့၊ ရန်သူလာလျှင် သည်းခံပါ။ သမီး လှူဒါန်းနိုင်သမျှ သံဃာတော် အရှင်မြတ်များအတွက် လှူဒါန်းပါ။ ဤကား ငါ၏ချစ်သမီးကို ပေးနိုင်သော အမွေများ ဖြစ်သတည်း'။

(ပုံ) မောင်စော

## ဦးစောကို မသတ်ရန် ယိုးဒယားအစိုးရက မေတ္တာရပ်ခံခြင်း

(ဘန်ကောက်မြို့ မေ ၄ ရက်နေ့ နေ့စွဲ ရိုက်တာကြေးနန်း)

လွန်ခဲ့သည့် ဇူလိုင်လက ဗိုလ်ချုပ်အမှူးရှိသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား လုပ်ကြံသတ်ဖြတ်မှုဖြင့် သေဒဏ်အပြစ်ပေးခံထားရသူ နန်းရင်းဝန် ဦးစော၏ အသက်ကို ချမ်းသာပေးပါရန် မြန်မာပြည် အစိုးရ အား ယိုးဒယားပါလီမန်လူကြီး ၇ ဦးတို့က ယနေ့ မေတ္တာရပ်ခံလိုက် ကြောင်း။

မြန်မာအစိုးရသို့ ပို့လိုက်သော စာထဲတွင် နိုင်ငံရေးသမားများအား ပိုမို ဂုဏ်ရှိသည့် ထွက်ပေါက် ဖွင့်ပေးထားသင့်သည်ဟု ၎င်းတို့က ဆိုထား ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



## ဦးစောအသက်ကို ဆရာတော်ကြီးများ အလျှူခံမည် ဒေါ်သန်းခင်က သံဃာတော်များ ဆွမ်းကျွေး၍ အလှူစာရင်း ရေစက်ချခြင်း

(၁၃၁၀ ခု၊ ကဆုန်လပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့ ၆-၅-၄၈ ဟံသာဝတီ)

မြန်မာပြည်ဘုရင်ခံဟောင်း ဆာဒေါ်မန်စမစ်သည် ဦးစောအား အသက်ချမ်းသာခွင့်ပေးပါရန် မြန်မာနိုင်ငံ သမ္မတကြီးထံသို့ မေတ္တာရပ်ခံခဲ့သည်။

လန်ဒန်မြို့ရှိ ဗုဒ္ဓဘာသာအသင်းကြီးကလည်း မေတ္တာရပ်ခံခဲ့လေသည်။

ယိုးဒယားပြည်မှလည်း ထိုနည်းအတိုင်းပင်။ ရန်ကုန်မြို့ရှိ ဆရာတော်ကြီးများကလည်း ဦးစောအား အသက်ချမ်းသာခွင့်ပေးရန် မြန်မာပြည် အစိုးရအား မေတ္တာရပ်ခံကြဦးမည်။ ဦးစော၏ ကံကြမ္မာကား မည်သို့ ဖန်တီးမည်နည်း။

ဧပြီလ ၅ ရက်နေ့ နံနက် ၇ နာရီအချိန် ရန်ကုန်မြို့ ရွှေတိဂုံစေတီ ယင်္ကာအသင်းတိုက်တည်ရာတွင် ဦးစော၏ဇနီး ဒေါ်သန်းခင်၊ ဦးမြရင် အစရှိသော ဦးစော၏ ဆွေမျိုးတစ်စုတို့က သံဃာတော် အပါး ၅၀ အား ဆွမ်းဘောဇဉ် ဆက်ကပ်လှူဒါန်း၍ သာဓု အနုမောဒနာပြုကြသည်။

### ရေစက်သွန်းချ

ရေစက်သွန်းချ အမျှဝေခါနီးတွင် ထောင်တွင်း ဦးစောထံမှ နန်းရင်းဝန် ဖြစ်စဉ်က လှူဒါန်းခဲ့သော စာမျက်နှာ ၂၀ ကျော်ခန့်ရှိ အလှူစာရင်းကို ဦးစော၏ တူဖြစ်သူ မောင်ခင်မောင်လတ်က ဖတ်ကြား၍ ရေစက်သွန်းချ အမျှပေးဝေသည်။

### အစည်းအဝေးလုပ်၍

ထို့နောက် ရှင်အာဒိစ္စဝံသကျောင်းမှ ဦးဣဿရိယက နာယကအဖြစ် ဆောင်ရွက်၍ မင်္ဂလာသုခကျောင်းတိုက်မှ ဦးကေသရတို့က အစည်းအဝေး တစ်ရပ် ပြုလုပ်၍ ကျင်းပကာ အောက်ပါအဆိုတစ်ရပ်ကို တင်သွင်းကြသည် ဆို၏။

www.burmeseclassic.com

www.burmeseclassic.com



ရှေးဘုရင်များထုံး

အစည်းအဝေးတွင် အတွင်းရေးမှူး ဦးကေသရက ရှေးဗမာမင်းများ လက်ထက်တွင် ရာဇဝတ်သားများအား သံဃာတော်များ၊ ဆရာတော်ကြီးများက အသက်ချမ်းသာခွင့်ရရန် အလျှုခံခဲ့သည့်အခါတွင် ရှေးမင်းများက ခွင့်ပြုခဲ့ဖူးကြောင်း ဗြိတိသျှအစိုးရ လက်ထက်ကလည်း အလယ်တောရ ဆရာတော်ဘုရားကြီး ကြီးမှူးသော ဆရာတော်တစ်စုက ရာဇဝတ်ကောင်များ၏ သေဒဏ်ကို အလျှုခံခဲ့ရာ ရရှိခဲ့ဖူးကြောင်း။

အသက်ချမ်းသာပေးရန်

ထို့အတူ ဦးစော၏ အသက်ကိုလည်း နိုင်ငံခြား ဗုဒ္ဓဘာသာအသင်းများက အလျှုခံစာများ ပေးပို့ခဲ့ကြောင်း၊ သို့အတွက် ယခု အစည်းအဝေးကလည်း ဦးစောအတွက် ဗမာနိုင်ငံ နန်းရင်းဝန်ကြီးနှင့် နိုင်ငံတော် သမ္မတကြီးထံ အလျှုခံရန် အဆိုကို တင်သွင်းသည်။

BURMESE CLASSIC

လျှုဒါန်းနိုင်ပါစေ

ထိုအခါ ဗားဂရာတိုက် ဦးတိလောက ဉာဏက ထပ်မံ ဖြည့်စွက်၍ ဦးစောအား အသက်အလျှုခံ၍ မရလျှင် ဦးစောအား သတ်ရန် အမိန့်ကို ၁ လ၊ ၂ လ၊ ၃ လအထိ ရွှေ့ဆိုင်းပေးစေပြီး ဦးစော သဘောကျ အလျှုအတန်း ပေးခွင့်ပြုရန်တို့ကို တင်ပြ ပြောဆိုပြီး ဆုံးဖြတ်ကာ ထိုကိစ္စကို ဆောင်ရွက်ရန် အောက်ပါဆရာတော်များအား တာဝန်လွှဲပေးလိုက်သည့်ဆိုကြောင်း။

ပါဝင်သော ဆရာတော်များ

၁။ ကြည့်မြင်တိုင် ဝေဠုဝန် ဆရာတော်
၂။ စလင်းဆရာတော်
၃။ ဥယျာဉ်တိုက် ဆရာတော်
၄။ ဇေယျဝတီ ဆရာတော်
၅။ မင်္ဂလာသုခ ဆရာတော်
၆။ ကျောင်းရာတော် ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



၇။ ဇားဂရာ ဆရာတော်

၈။ ရှင်အာဒိစ္စ ဆရာတော်

၉။ အလယ်တောရ ဆရာတော်

၁၀။ ကြို့ကုန်း ဆရာတော်

၁၁။ ဘုရားကြီးကျောင်းတိုက် ဆရာတော်

၁၂။ ဆားလင်းကျောင်းတိုက် ဆရာတော်

၁၃။ မင်းကွန်းအင်းစိန် ဆရာတော်တို့ ပါဝင်သောအဖွဲ့မှ ဝန်ကြီးချုပ်နှင့် နိုင်ငံတော် သမ္မတထံသို့ သွားရောက် မေတ္တာရပ်ခံကြမည်ဟု ကြားသိရပါသည်။

BURMESE CLASSIC

## သရဏဂုံ တင်ခွင့်ပေးမည်

နိုင်ငံတော် လုပ်ကြံမှုကြီးကို ကျူးလွန်သဖြင့် ဆိုင်ရာ အစိုးရတို့က သေဒဏ်ပြခဲ့သော ဦးစောနှင့် အပေါင်းပါ ၃ ဦးတို့အား မသတ်မီ သရဏဂုံ တင်ခွင့်ရရန် တောင်းဆိုချက်ကို ဆိုင်ရာ အစိုးရ၏ ခွင့်ပြုချက်ဖြင့် ထောင်ပိုင်၊ ထောင်မှူးများက မေလ ၅ ရက်နေ့မှစ၍ ၆ ရက် ၇ ရက်နေ့များတွင် မိမိ ကြိုက်နှစ်သက်ရာ သံဃာတော်များကို ပင့်ဖိတ်၍ သရဏဂုံ တင်ခွင့်ပြုလိုက်သည်။

## အလောင်းကို ပြန်ပေးမည်မဟုတ်

ဦးစောနှင့်တကွ ကျန်တရားခံများသည် ကြိုးပေးပြီးသောအခါ အလောင်းကို ဆိုင်ရာ ကာယကံရှင်တို့၏ တောင်းဆိုချက်အရ မည်သည့်နည်းနှင့်မျှ ခွင့်မပြုနိုင်ကြောင်း ဆုံးဖြတ်လိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# ဦးစောနှင့် ကြံရာပါ ၅ ဦးတို့အား ကြိုးပေးသတ်လိုက်ပြီ မသေမီက သေရတော့မည်ဟု သိနေခြင်းကား သေရသည်ထက် ဆိုးရွားလှဘိ၏

(၁၉၄၈ ခု၊ မေလ ၉ ရက်နေ့၊ ဟံသာဝတီသတင်းစာ)

ညိုမှိုင်းသော အင်းစိန်ထောင်ကြီးဘက်မှ ခေါက်လိုက်သော ၁၂ နာရီ အချက်ပေးသံချောင်းသည် ဦးစောနှင့် ကြံရာပါ ငါးဦးတို့အား ကြိုးပေးမည့် မေလ ၈ ရက်သို့ ဝင်လာပြီဟု ပတ်ဝန်းကျင်တစ်ခွင်လုံး လှမ်း၍ သတိပေးလိုက်သကဲ့ ဖြစ်တော့၏။

နာရီ၏စက်သည် တစ်ချက်ချက်နှင့် မရပ်နား သွားနေသည့် နည်းတူ ကောင်းကင်၌ မိုးသားကလေးများကား လွင့်စဉ်လိုက် ဖုံးပိတ်လိုက်နှင့် ဖြစ်နေရာ လောကဓာတ် တစ်ခုလုံးကို မှောင်လိုက်၊ လင်းလိုက်နှင့် ဖြစ်နေတော့၏။

အရုဏ်ကျင်း၍ အလင်းရောင်ပြန်သည့်အခါ၊ အချက်ပေးသံချောင်းသည် ၅ နာရီခေါက်လိုက်သည်နှင့် တစ်ပြိုင်နက် ပေါ်လွင် ထင်ရှားသည့် အသံများ ဖြစ်ပေါ်၍ မလာသေးသော်လည်း သွားလာစပြုနေသည့် အသံများကား ကြားရစပြုလာတော့၏။

## အာရုံစူးစိုက်သောနေရာ

နိုင်ငံတော်လူထု၏ အာရုံစူးစိုက်သည့်နေရာမှာ အင်းစိန်ထောင်ကြီး အတွင်း ဗိုလ်ချုပ်အောင်ဆန်းတို့အား လုပ်ကြံသဖြင့် ကြိုးဒဏ်ခံယူရမည့် ဦးစောနှင့် ကြံရာပါ ငါးဦးတို့အား သတ်မည့်အချက်ပင် ဖြစ်တော့၏။

အင်းစိန်ထောင်ကြီး ဘူးဝတွင်ကား လက်နက်ကိုင်စစ်တပ် နှင့်တပ်ချ ထားကာ စောင့်ရှောက်လျက်ရှိ၏။

၅ နာရီထိုးသည့်အချိန်တွင် ထောင်ဘူးတံခါးကြီးသည် တဂျိန်းဂျိန်း နှင့် စတင်၍ ဖွင့်တော့သည်။

www.burmeseclassic.com



ထောင်ပိုင်ကြီး ဦးတင်မောင်၊ ထောင်မှူးကြီး ဦးစံတင်၊ တရားသူကြီး ဦးဘကြိုင်နှင့် ထောင်ဆရာဝန်များသည် ဘူးဝမှ ကြိုးဒဏ်ခံရမည့် တရားခံများအား ကြိုးပေးမည့် ကြိုးစင်သို့ ရှေးရှုလာတော့သည်။

ထောင်ကြီး၏ ပတ်ဝန်းကျင်တွင်မူကား မည်သူမျှ သွားခြင်းမပြုရတော့။

## လာကြသည့် ဝန်ကြီးများ

အရဏ်ကျင်း၍ အလင်းသို့ ရောက်သောအချိန်တွင် ဝန်ကြီး စောစ်ဘိုးသင်၊ ဝန်ကြီး မန်းဝင်းမောင်တို့သည်လည်း ကြိုးစင်အနီးသို့ လာရောက်ကြည့်ရှုကြသည်။

ဘူးဝမှ ကြိုးဒဏ်ခံရမည့် တရားခံများထားရာ အခန်းများကား အလွှန်နိုင်ခံ့သော သော့၊ သံတိုင်ကြီးများနှင့် ပြုလုပ်ထားတော့သည်။

တရားခံ တစ်ဦးနှင့်တစ်ဦး မမြင်နိုင်ပေ။

ကြိုးဒဏ်ခံရမည့် ဦးစော၊ မောင်စိုး၊ သက်နှင်း၊ မှုန်ကြီးတို့ကား အိပ်ပျော်ကြဟန်လက္ခဏာ မရှိပေ။

တတွတ်တွတ်နှင့် မြည်တမ်းနေသောအသံကို ဖြည်းညင်းစွာ ကြားရတော့၏။

သေရတော့မည့် ဘေးကြီးကား မိနစ်ပိုင်းအတွင်းလောက်သာ ရှိတော့သည်။

ရန်ကြီးအောင်နှင့် စိန်ကြီးတို့လည်း ရန်ကုန်ထောင်ကြီးအတွင်း၌ ဤနည်းအတိုင်းပင် ရှိပေလိမ့်မည်။

* * *

## လေပြည်လာ၍ မအေးနိုင်တော့

ကြိုးခန်းထဲတွင် နေကြရသူ ဦးစော၊ သက်နှင်း၊ မောင်စိုး၊ မှုန်ကြီးတို့ လေဦးကား သေရတော့မည်ကို သိပြီးဖြစ်သဖြင့် ဘုရားရှိခိုးခြင်း၊ ပုတီးစိပ်ခြင်း၊ ဘုရားဂုဏ်တော် ရွတ်ဖတ်ခြင်းဖြင့် လာရောက်ခေါ်ဆောင်မည့် ထောင်မှူးကြီးအလာကို စောင့်ဆိုင်းနေကြလေပြီ။

www.burmeseclassic.com



နံနက် ၅ နာရီထိုးပြီး မိနစ်အနည်းငယ်တွင်ပင် ထောင်မှူးကြီးနှင့် အဖွဲ့ ရောက်ရှိလာတော့မည်။

ဖိနပ်သံများကို ကြားရတော့သည်။

ဦးစောကား တုန်လှုပ်ခြင်းမရှိ၊ ပုတီးစိပ်မြဲသာ စိပ်လျက်ရှိတော့၏။

## အသင့်ရှိရတော့မည်

ထောင်မှူးကြီးက ဦးစော အသင့်ရှိပြီလားဟု ပြောပြောဆိုဆို တံခါးကို ဖွင့်တော့သည်။

ထောင်မှူးကလေးသည် အသင့်ပါလာသော အဝတ်ဖြူကြီးနှင့် ဦးစော ခေါင်းကို စွပ်ရန် ပြင်လိုက်သည်။ ဦးစောက လေအေးနှင့်ပင် 'ကျွန်တော့်ကို စွပ်ဖို့ မလိုပါဘူးဗျာ၊ ကျွန်တော့်ကို ကြိုးစင်ပေါ်ကျမှ အဝတ်အုပ်လိုက အုပ်ပါ' ဟု ခပ်ပြုံးပြုံးပင် ပြောတော့၏။

## ထုတ်သွားလေပြီ

ထောင်မှူးကြီးကား ဦးစောကို ထုတ်သွားတော့သည်။

ထိုအချိန်တွင် ဦးစောသည် ရှမ်းပိုးဘောင်းဘီအပြာ၊ စပို့ရှပ်အပြာ ကွက်ကလေးကို ဝတ်ဆင်၍ မော်လမြိုင်ရွှေတိုဖိနပ်ကို တဖျပ်ဖျပ်စီးကာ ကြိုးစင်ရှိရာသို့ လှမ်းလာတော့သည်။

သူ၏ မျက်နှာကား တည်ကြည်လှ၏။

သူ့ရှေ့တွင်ရှိ ကြိုးစင်ပေါ်၌ကား တစ်လက်မလုံးခန့်ရှိ ကြိုးသည် လက်ယပ်ခေါ်ငင်နေသကဲ့သို့ ရှိနေတော့၏။

ကြိုးစင်တွင် နှစ်ယောက် တစ်ပြိုင်တည်းသတ်ရန် စီစဉ်ထားသော်လည်း ဦးစော၏ တောင်းပန်ချက်ကြောင့် ဦးစော တစ်ယောက်တည်း ပထမ စတင်ကြိုးပေးရန် စီစဉ်ထားတော့၏။

## ကြိုးစင်ခန်းတွင်းဝယ်

ကြိုးပေးရန် စင်မြင့်ကား ၁၀ ပေ၊ ၁၂ ပေခန့် မြင့်ပေလိမ့်မည်။ ကြိုးစင် ပတ်ဝန်းကျင်တွင် ဒန့်သလွန်ပင်ကလေးတစ်ပင်နှင့် မာလကာ

www.burmeseclassic.com



ကြိုးစင်အထက် လှေကားအနီးရှိ ဘုရားစင်ရှေ့သို့ ရောက်သောအခါ ...းကြီးက ဦးစောအား ဘုရားဝတ်ပြုပါဦးဟု သတိပေးတော့၏။ ...ဦးစောသည် မော်လမြိုင်ရွှေတိုးဖိနပ်ကလေးချွတ်ကာ မြတ်စွာဘုရားအား ဝတ်ပြု၍ ဆုမွန်ကောင်းများ တောင်းတော့၏။

## ငွတ်ဘိုင်-ထောင်ပိုင်ကြီး

၅ နာရီခွဲသည့်အခါ ဦးစောသည် ထောင်ပိုင်ကြီး အချက်ပေးလိုက်သည်နှင့် ထောင်ပိုင်ကြီး ဦးတင်မောင်၊ ထောင်မှူးကြီး ဦးစံတင့်တို့နှင့်တကွ မိမိအား သေဒဏ်ချမှတ်သော အထူးခုံရုံး တရားဝန်ကြီးများအား ငှင်းအငြိုးအာဃာတ မထားပါကြောင်း၊ အားလုံးအားလုံး 'ငွတ်ဘိုင်' ဟု နှုတ်ဆက်ပြီး လေးလံသော ခြေလှမ်းဖြင့် ကြိုးစင်သို့ တက်သွားတော့သည်။ ကြိုးစင်ပေါ် ခြေစုံရပ်မိသည်နှင့် ထောင်မှူးကြီး ဦးစံတင့်သည် လက်ပြန်ကြိုးနှစ်...င်တုပ်ပြီး ဦးစော၏ လည်ပင်းကို ကြိုးကွင်းစွပ်လိုက်သည်။ သေချာ...စွပ် ထောင်မှူးကြီး ဦးစံတင့်က စစ်ဆေးပြီးသည်နှင့် တစ်ပြိုင်နက် ...နာရီ ၃၂ မိနစ်အချိန်တွင် 'ဒေါင်' ဟု မြည်ဟိန်းကာ ဒေါက်ပြုတ်သွားတော့သည်။

## ကြိုးလှုပ်ခြင်းမရှိ

ဦးစောသည် ကြိုးစင်ပေါ်၌ မရှိတော့ပေ။ ကြိုးစင်အောက် တွဲလောင်းဖြစ်နေ...ည်။ ကြိုးသည် လှုပ်ခြင်းမရှိ၊ စက္ကန့် အနည်းငယ်အတွင်း သေဆုံးသွားတော့၏။ အနီးတွင် အသင့်ရှိသော ထောင်ဆရာဝန်သည် ဦးစောအား စစ်ဆေးခြင်း မရှိသေးပေ။ နာရီဝက်မျှ တွဲလောင်းထားတော့သည်။ အချိန်စေ့၍ ကြိုးမှ ဦးစောအား ဖြုတ်ယူလိုက်သည့်အခါ တစ်ကိုယ်လုံး မည်းနေတော့သည်။ လျှာကား အနည်းငယ် ထွက်လျက်ရှိသည်။

## မှန်ကြီးအလှည့်

ဦးစောအား ဒေါက်ဖြုတ်ပြီးနောက် မှန်ကြီးအလှည့်သို့ ရောက်လာတော့သည်။ မှန်ကြီးသည် ခပ်ပြုံးပြုံးပင် ထောင်မှူးကြီးနှင့် ထောင်မှူးကြီးတို့အား 'ငွတ်မောနင်းဆာ' ဟု နှုတ်ဆက်ကာ ကြိုးစင်ပေါ်သို့ တက်သွား

www.burmeseclassic.com

www.burmeseclassic.com



တော့ သည်။ သူ့ကိုလည်း လက်ပြန်ကြိုးနှစ်ဆင့်တုပ်၍ အဝတ်အုပ်ကာ ကြိုး ကွင်းစွပ်တော့မည်အပြုတွင် တိုင်းပြည်အတွက် လုပ်ကြတယ်။ ခေါ[illegible] ကြီးအ[illegible]က် ပြောရှုံမဆုံးမီ အဝတ်အုပ်၊ ကြိုးကွင်းစွပ်၍ ခေါ[illegible] ခေါက်ဖြုတ်လိုက်တော့၏။ မှုန်ကြီးကား နှယ်နှယ်ရရ မဟုတ်၊ ကြိုး အမတ်ဘ ကလေး ယမ်းနေသေးသည်။ သူ့ကိုလည်း နာရီဝက်ခန့်ကြာမှ ကြိုးတန်းလန်း ထားပြီး ကြိုးကွင်းဖြုတ်ယူတော့သည်။

## မောင်စိုးနှင့် သက်နှင်း

မောင်စိုးနှင့် သက်နှင်းတို့အလှည့် ရောက်လာလေပြီ။ သူတို့၏ အဝတ်အစားများသည် ခုံသမာဓိအဖွဲ့တွင် စစ်ဆေးစဉ်အခါကကဲ့သို့ပင် ဝတ် ဆင်ထားသည်။ မောင်စိုး မျက်နှာက တည်လှသည်။ သက်နှင်းမှာ ထုံးစံ အတိုင်း တတွတ်တွတ်နှင့် ရွတ်ဖတ်သရဇ္ဈာယ်လျက် ရှိသည်။ သူတို့တစ်တွေ လည်း စကားမပြောနိုင်။ ရှေးနည်းအတိုင်း ကြိုးကွင်းနှစ်ယောက်ပြိုင်စွပ်၍ ခေါက်ဖြုတ်လိုက်တော့၏။ သက်နှင်း၏ လက်ထဲ၌ ရှိသော ပုတီး[illegible] သည် တင်းကျပ်စွာ ဆုပ်ကိုင်ထားခြင်း ခံရရှာသဖြင့် လွင့်စဉ်သွားခြင်း မရှိပေ။ မောင်စိုး၏အလောင်းသည် မူလအတိုင်းပင် ရှိသော်လည်း သက်နှင်း ကား အနည်းငယ် လျှာထွက်လျက် ရှိ၏။

## အလောင်းများ စုံသည့်အခါ

ကြိုးများတွင် မည်သူ့အတွက် ကြိုးဟူသော ကတ်ပြ[illegible]လေးများ ဆွဲထားသည်။ ကြိုးမှ မဖြုတ်မီ ဆရာဝန်သည် သူတို့၏ မေးများကို စမ်း သပ်ကြည့်သည်။ သွေးတိုးခြင်း မရှိတော့မှ ဖြုတ်ချတော့သည်။ အလောင်း များ စုံလင်သည့်အခါ အသင့်ရှိသော ခေါင်းများထဲသို့ တစ်လောင်းစီ တစ်လောင်းစီ ထည့်သွင်းတော့၏။ အလောင်းများကို ကြိုးခန်းထဲ၌ သံမှို နှက်ပိတ်ထားခြင်း မပြုသေးဘဲ ထား၏။

## အစီအရီ ယူသွားသည့်အခါ

အလောင်းသွင်းပြီးသော ခေါင်းများကို ထောင်သားများက အသီးသီး ထမ်းဆောင်လျက် ဘူးဝသို့ ယူဆောင်သွားကြလေသည်။ အတွင်းတံခါး

www.burmeseclassic.com

www.burmeseclassic.com



အပြင်တံခါး စောင့်ရှောက်သူများက စေ့စပ်သေချာစွာ စစ်ဆေးပြီးမှ အပြင်သို့ ထုတ်ခွင့်ပြုလေသည်။ ထောင်ပြင်တွင် အလောင်းတင် သယ်ယူရန် ကားကြီးများလည်း အသင့်ရှိ၏။

## မောင် ဦးမြရင်

ဒေါ်သန်းခင်၏မောင် ဦးမြရင်သည် ယောက်ဖတော်သူ ဦးစော၏ အလောင်းကို လာရောက် စောင့်နေတော့၏။ သူလည်း ဦးစောအလောင်းကို ကြည့်ရုံသာ ကြည့်ရသည်။ ဦးမြရင်သည် ဦးစော၏ အလောင်းမြှုပ်ရာ ထောင်သင်္ချိုင်းသို့ သွားရောက်သင်္ဂြိုဟ်ခြင်းပြုသကဲ့သို့ သက်နှင်း၊ မှန်ကြီး၊ မောင်စိုးတို့သည်လည်း ဦးစောကဲ့သို့ တူးထားသော ကျင်းများထဲတွင် မြှုပ်နှံလိုက်တော့သည်။

ဦးစော မြှုပ်နှံရာ သင်္ချိုင်းတွင် လက်နက်ကိုင်တပ်သားများသည် အထူးသဖြင့် စောင့်ရှောက်လျက်ရှိသည်။ စုံစမ်းသိရသည်မှာ လေးလတိတိ စောင့်နေရမည်ဟု ကြားသိရလေသည်။

## ရန်ကုန်ထောင်ကြီးတွင်

ရန်ကုန်ထောင်ကြီးမှာ တိတ်ဆိတ်လျက်ရှိတော့၏။ အစောင့်အရှောက်များလည်း ကျပ်တည်းစွာပင် ထားရှိသည်။ နံနက် အရုဏ် ၄ နာရီခန့်မှ စ၍ ရောက်ရှိလာသော တရားသူကြီး ဦးထွန်းညို၊ လက်ထောက်ပုလိပ်မင်းကြီး ဦးဘအေးတို့သည် အသင့်ရောက်ရှိလာပြီး ထောင်ပိုင်ကြီးနှင့် တွေ့ဆုံ ဆွေးနွေးကြလေသည်။ ၄ နာရီ အုံးမောင်း၊ ၅ နာရီထိုးရန် ၁၅ မိနစ်ကာလိတွင် ကြိုးပေးမည့် တရားခံများထားရှိရာ ကြိုးတိုက်ကြီးဆီသို့ ...ရားခံ စိန်ကြီးနှင့် ရန်ကြီးအောင်တို့အား ခေါ်ကြောင်း။

## ...ကြာက်သလား ရဲဘော်

...းအောင်တို့အား ထုံးစံအတိုင်း နောက်ပြန်လက်ထိပ် ...းက ပြုလုပ်ကြရာ စိန်ကြီးနှင့် ရန်ကြီးအောင်တို့က ...၊ လက်ထိပ်ခတ်မနေကြပါနဲ့ မပြေးပါဘူး ဟု

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစင်ရှေ့သို့ ခေါ်သွားပြီး ကုန်းမြင့်ပေါ် တင်သည့်အခါ တရားခံ ရန်ကြီးအောင်က 'ကျွန်တော်တို့ တိုင်းပြည်အတွက် အသက်သေခံရတာပါ' ဟု ပြောသေးကြောင်း' စိန်ကြီးကမူ 'အသက်ရေ … နောက်ဘဝကျမှပဲ ပေါင်းကြစို့'ဟု ပြောကာ ကြိုးပေးခံသွားရသည်ကို တွေ့ရကြောင်း၊ ကြိုးပေးတော့မည့်အချိန်တွင် စိန်ကြီးက ရန်ကြီးအောင်အား 'ကြောက်သလား ရဲဘော်'ဟု ပြောစဉ်မှာပင် ဒေါက်ဖြုတ်လိုက်တော့၏။

* * *

BURMESE CLASSIC

ရဲဘော်ကျော်ဆန်း

www.burmeseclassic.com